ဓမ္မပဒဋ္ဌကထာပါဠိတော်

တရားငါးတန်

သဲကုန်းဆရာတော် အရှင်ဉာဏိသရ

(သပိတ်ဘုံ၄)



သံကုန်း ဆရာတော် အရှင်ဉာဏိသရ

သဲကုန်းဆရာတော် (သပိတ်အိုင်)

အရှင်ဉာဏိသရ



ဖြန့်ချိရေးဌာန

ဓမ္မတေးဝိဇ္ဇာ
အမှတ် ၁၈၉၊ မောင်ထော်လေးလမ်း
ရန်ကုန်။

ဦးတင်ညွန့်
အောင်တော်မူနာရီဆိုင်
စဲ့ချိ-အရှေဘက်တိုက်ဘန်း
မန္တလေး။

ပထမ အကြိမ်

၁၉၇၁-ခု၊ သြဂုတ်လ

အုပ်ရေ ၃၀၀၀

ဘာသာရေး ခွင့်ပြုအမှတ် (၂၅၇)

အဖုံးခွင့်ပြုချက်အမှတ် (၂၀၂)

ဘလောက် – ရောင်နီဦး ၃၁-လမ်း။

အဖုံးရိုက် – အောင်သာပုံနှိပ်တိုက်။

ပန်းချီ – ဦးစံတိုး။

စာအုပ်ချုပ် – သန်းသန်းယဉ်။

ရောင်းစျေး ၃၀-ကျပ်

ထုတ်ဝေသူ။ ။ဦးသာတင်(၀၇၁၂) မာဃစာပေထုတ်ဝေရေး၊တိုက်-၁၀
အခန်း-၃၁၊ ဖ-ဆ-ပ-လ ရန်ကုန်။

ပုံနှိပ်သူ။ ။ဒေါ်တင်လှ (၀၂၀၃၀) နေလင်း စာပုံနှိပ်တိုက်၊ ၁၁
၁၂၅-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။

နိဒါန်း

ဤစာအုပ်ကို မန္တလေးမြို့၊ မလွန်စေ့း ဆန်လှူအသင်းကြီးက တာဝန်ယူ ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိရခြင်းအကြောင်း။

မန္တလေးမြို့၊ မလွန်စေ့း ဆန်လှူ အသင်းကြီးကို ၁၂၅၈-ခုနှစ်က စတင်၍(စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး သုံးရပ်ရှိ ရဟန်းသာမဏေ သူတော်သီလရှင် အလှူခံပုဂ္ဂိုလ်မြောက်တို့အား နှစ်စဉ်မပြတ် ဆွန်းဆန်တော် များ ပေးလှူဒါန်းရန်) ဟူသော ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ကြလေသည်။

ထိုတောင်ရိုးကြီးမှာ လွန်ခဲ့သော နှစ်ပေါင်း၉၀၀-ကျော်ကာလ မြန်မာ သက္ကရာဇ် ၃၇၉-ခုနှစ်တွင် ပုဂံပြည်၌ မင်းအဖြစ်သို့ ရောက်တော်မူသော **အနော်ရထာ** ဘုရင်မင်းမြတ်နှင့် ထိုမင်း၏ဆရာ ရှင်အရဟံ-ရဟန္တာမထေရ်မြတ် တို့သည် ဆရာတကာ အညောညနီးသိတာ ညီညွတ်စွာဖြင့် ပဌမ မြန်မာနိုင်ငံ တော်အတွင်း ဗုဒ္ဓမြတ်စွာ သာသနာတော်ကို သန့်ရှင်းစေမှု ပြုစုကော်မှုကြရာ တွင် ထိုတောင်ရိုးကြီးပေါ်သို့ ရှင်အရဟံမထေရ် ကိုယ်တော်တိုင် ကွန်ရောက် သီတင်းသုံးတော်မူပြီးလျှင် ၉-ဌာန၊၉-ချောင်တို့ကိုစတင်တည်ထောင်ပေးတော်မူ ပြီးကာ သာသနာ့မျိုးစေ့တို့ကို စိုက်ပျိုးတော်မူအံ့သော တောင်ရိုးကြီး ဖြစ်သည်။

ထိုစဉ်အခါကစ၍ တောင်ရိုးကြီး သုံးဌာနတို့၌ အရှင်ဝဂါသီ၊ ဘောမို့ ရှင်ပြုး သီဘင်းသုံးတော်မူကြကုန်သော ရဟန်းတော်ပေါင်းအရှင် ဘုရားစင် တို့အား အနော်ရထာ ဘုရင်ကပင်လျှင် လေးအင်ပဲစွဲ(၁) နှုတ်ဖြင့် ထောက်မ ကြသည်ဖြစ် ပေးလှူတော်မူခဲ့လေသည်။

ပုဂံပြည့်ရှင် အနော်ရထာ ဘုရင်လက်ထက်မှစ၍ (ပုဂံ-မြင်စိုင်း-စဉ်ကိုင်း-ပင်းယ-အင်းဝ-ကုန်းဘောင် ဟူသည့်နှင့်အညီ) မြန်မာဘုရင် အဆက်ဆက်

ဖေဏပိဏ္ဍာ။ ပမသုတ္တန်

တို့မှ ဆင်းသက်ပြီးကာ ပစ္စယာနုဂ္ဂဟ ထောက်မကြည်ဖြူ လှူဒါန်းတော်မူလာခဲ့ကြရာ ကုန်းဘောင်မင်းဆက် မန္တလေး-ရတနာပုံ၊ ဒုတိယနန်းစံ မာရ်အောင်ရတနာ စေတီတော် ဒါယကာ သီပေါမင်းမြတ် ပါတော်မူသည်အထိပင် မြားမြောင်နှစ်ပေါင်း ဂဝဝ-ကျော်မျှ ကြာညောင်း တည်ရှိလာခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၁၂၄၇-ခုနှစ်တွင် သာသနာ့ ဒါယကာ သီပေါဘုရင်မင်းမြတ် ပါတော်မူ၍ ရဟန်း-ရှင်-လူ ပြည်သူအလုံး ကြိမ်မီးအုံးသို့ ယူကျုံးမရ သောကာဂူမီး ဖိစီးလောင်ကျွမ်း မချမ်းမသာ ဖြစ်ကြရသောအခါ ဗုဒ္ဓမြတ်စွာ သာသနာလည်း ရောင်ဝါမလင်း မှောင်ထုတွင်းသို့ ရောက်ခြင်းမလှ ရောက်ကြလေတော့သည်။

တောင်ရိုးကြီး သုံးရပ် သူတော်စင် အရှင်မြတ်တို့မှာလည်း ပစ္စယာနုဂ္ဂဟ သာသနာ့ ဒါယကာ မိုခိုရာကွယ်ပျောက်၍ ဆွမ်းပစ္စည်း အာဟာရကို မျှတကောင်းမွန်စွာ ကြရန်အတွက် ခန္ဓာတော်နှမ်း ပြုပြင်ပင်ပန်းစွာဖြင့်ပင် မချမ်းမသာ သုံးရပ်သော သာသနာကို ထမ်းဆောင်တော်မူ၍ လာခဲ့ကြရာ ၁၁-နှစ်မျှကြာမြင့်သော် ၂၅၇၀-ခုနှစ် ရောက်သောအခါ မန္တလေးမြို့ မလွန်ရပ်ရှိ မုန်မြတ်စေတနာ သဒ္ဓါခိုင်ဖြိုး ကလျာဏကိုဏ်းဝင် သူတော်စင် ပုဂ္ဂိုလ်ကြီးတို့က စုစည်းညီညာ တိုင်ပင်ကာဖြင့် မဟာတက္ကုလဒါန နာမထင်လင်း ဤမလွန်စေ့းဆန်လှူအသင်းကြီးကို ဖွဲ့စည်း တည်ထောင်ကြလျက် သာသနာ့သမိုင်းမှ ပေးအပ်သည့် ဝန်တာကို ကျေပွန်စွာ ထမ်းဆောင်၍ လာခဲ့ကြပေသည်။

ဤသို့လျှင် သမိုင်းပေးတာဝန်ကို သဒ္ဓါမုန် ရှေဆောင်လျက် တောင်ရိုးကြီးသုံးရပ်ရှိ အလှူခံပုဂ္ဂိုလ်မြတ်တို့အား ပိဏ္ဍပါတ် ဆွမ်းအတွက် ဝိတက်ဗျာပါအရှင်းကွာ၍ ခန္ဓာတော်နှမ်း ပင်ပန်းမည့်ဘေးမှ ကင်းဝေးတော်မူနိုင်ကြစေရန် ဆွမ်းဆန်တော်များကို နှစ်စဉ်မပျက် ဆက်ကပ်လှူဒါန်း၍ လာခဲ့ကြပေသည်။

နှစ်စဉ်နှစ်တိုင်း ကျင်းပ၍လာခဲ့ကြသော ဆွမ်းဆန်တော် အလှူပွဲကြီးများ၏ ရေစက်ချ အခမ်းအနားတို့တွင် တောင်ရိုးကြီး သုံးရပ်တို့မှ မမှကထိက အရှင်မြတ်တို့ကလည်း ရေစက်ချ ဓမ္မသဘင် ဓမ္မဒါန အလှူပွဲကြီးတွင် ပါဝင်ကြွရောက် ဟောပြ ချီးမြှောက်တော်မူခဲ့ကြပေသည်။

ထို ဆရာတော်ဘုရားကြီးတို့မှာ—

၁။ စစ်ကိုင်းတောင်ရိုး ဦးပညဝန္တ ဝိဇ္ဇောဒယဆရာတော်၊ ၁၃၁၀ မှ ၁၃၂၂ ထိ။

၂။ ၎င်း ဦးပဏ္ဍိတ အနီးစခန်းဆရာတော်၊ ၁၃၁၀ မှ ၁၃၁၅ ထိ။

၃။ မင်းကွန်းတောင်ရိုး ဦးအရိန္ဒမ အရိယဓဇင်ဆရာတော်၊ ၁၃၁၁။

၄။ ၎င်း ဦးသောဘဏ ရန်ကင်းချောင်ဆရာတော်၊ ၁၃၁၂ မှ ၁၃၁၈ ထိ။

၅။ ၎င်း ဦးဝိစိတ္တသာရဘိဝံသ တိဝိဠကခရဆရာတော်၊ ၁၃၁၅ မှ ယခုတိုင်။

၆။ ၎င်း ဦးကောသိန္ဒ.အဘယာရုဏ်ချောင်ဆရာတော်၊ ၁၃၁၉ မှ ၁၃၃၈ ထိ။

၇။ စစ်ကိုင်းတောင်ရိုး ဦးဝိမလ ဝိပဿနာဂန္ဓာရုံဆရာတော်၊ ၁၃၂၀ မှ ယခုနှစ်တိုင်။

၈။ ၎င်း ဦးညာဏိသာရ သဒ္ဓမ္မသီတဂူချောင်ဆရာတော်၊ ၁၃၃၆ မှ ယခုနှစ်တိုင်။

၉။ ၎င်း ဦးသုန္ဒရ ဂန္ဓစေတီဆရာတော်၊ ၁၃၃၉။

၁၀။ ၎င်း ဦးမဒဟာသခပဏ္ဍိတ ဓမ္မာယန္တာဆရာတော်၊ ၁၃၄၀ မှ ယခုနှစ်တိုင်ဟု အစဉ်အားဖြင့် ၁၀-ပါးဖြစ်ပေသည်။

ဤဆရာတော် ဘုရားကြီးတို့မှ မလွန်စေး ဆန်လျှူအသင်းကြီး၏ ဥဝါဒါစရိယ၊ နာယက၊ ဓမ္မကထိက ဆရာတော်များဖြစ်တော်မူကြသည့်အလျောက် မလွန်စေး ဆန်လျှူအသင်းကြီးနှင့် ဆရာဒါယကာရင်းနှီးစွာသာလျှင် ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟကျရာတာဝန်ကို ကျေပွန်စွာ ပူးပေါင်း ထမ်းဆောင်ကြ၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ကောင်းစွာပြုစုစောင့်ရှောက်လာခဲ့ကြပေသည်။

ဤစာအုပ်ကို ပြုစုတော်မူသော သဒ္ဓမ္မသီတဂူဆရာတော်ဘုရားမှာ အမှတ် စဉ်(၈)၁၃၃၆-ခုနှစ်မှစ၍ မလွန် ဆန်လျှ။ ရေစက်ချ ဓမ္မကထိကအဖြစ် စတင်ဝင်ရောက် ချီးမြှောက်တော်မူခဲ့သည်မှာ ယနေ့အထိပင် ဖြစ်ပါသော ကြောင့် အစဉ်အလာအရပင်လျှင် ဆရာ ဒကာ ရင်းနှီးစွာဖြင့်ပင် ဆက်ဆံညှတ် တွဲလျောက်ထားခွင့်မျှားကို ရရှိခဲ့သည့်အလျောက် တနေ့သောအခါ ဆရာ တော်၏ ကျောင်းဒကာတိုက်၌ တွေ့ရှိ ဖူးမြင်ရသောအခါ ဆရာတော်ဘုရားနှင့် ဝမ်းမြောက် ဝမ်းသာ နှစ်သက်ဖွယ်ရာသော စကားများကို ပြောဆိုကြပြီး နောက် ကျွန်တော်ကပင် စတင်၍-

ဆရာတော်ဘုရား၊ "ဆရာတော် ဘုရားတို့သည် မလွန်ဆန်လျှသင်းထောက် များအတွက် ရေစက်ချကရား ဟောကြားတော်မူခဲ့သည်မှာ နေ့မအား-ညမအား မြန်မာပြည်တပြည်လုံးဖြစ်၍ အလွန်ပင် များပြားလှပါသည်။ ထိုတရားတော် များကို ဆရာတော်ဘုရားဟောကြားတော်မူနေစဉ်ပင်ဖူးမြော်ဝပ်တွားနာထွား ရသည်များလည်း ရှိပါသည်။ အသံဖမ်းထားသော တိတ်ခွေများမှ ထွဆင့် နာကြားရသည်များလည်း ရှိပါသည်။ ထိုသို့ မနာကြားရသေးသော တရား တိတ်ခွေများလည်း အများအပြားပင် ကျန်ရှိပါသေးသည်။

နာကြားရပြီးသမျှ တရားတော်များမှာ ယေဘုယျအားဖြင့် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ဒါနသီလကို ဦးစားပေး၍ ဟောကြားထားသော တရားတော်များကိုသာလျှင် နာကြားရ၍ ကာမာနံအာဒီနဝကထာ၊ မဂ္ဂကထာ ဝိပဿနာကို ဦးစားပေးသော တရားများကိုမူ အနည်းငယ်မျှသာ နာကြား ခဲ့ရပါသည်ဘုရား။

ထို့ကြောင့် ဆရာတော်ဘုရား ဟောကြားတော်မူသော တရားတော်တို့တွင် နှက္ခမ္မကထာ ဝိပဿနာကို ဦးစားပေးထားသော တရားတိတ်ခွေများကို ညွှန်ကြားတော်မူပါ"ဟု လျှောက်ထားရာ ဆရာတော်ဘုရားက-

"ဉက္ကဋ္ဌကြီး၊ ဆရာကော်ဟောထားတဲ့ တရားတော်တွေထဲမှာ ဝိပဿနာကို ဦးစားပေး ဟောထားတဲ့ တရားတွေ အများကြီးပါရှိပါတယ်။ ဉက္ကဋ္ဌကြီး၊ အားလုံးစုံအောင် မနာကြားရသေးလို ဖြစ်ပါလိမ့်မယ်။ နီးနီးကပ်ကပ် ညှိနှိုင်းပြ ရလိုရှိရင် ဘုန်းကြီး သထုံမြို့(၅)ရက် အလုပ်ပေးစခန်းမှာ ဟောကြားထားတဲ့ "ဖေဏပိဏ္ဍာ။ ပမသုတ္တန်" တရားတော်ရှိတယ်။တိတ်ခွေအားဖြင့်၁၈-ခွေရှိတယ်။ အဲဒီတရားကို နာကြားကြည့်ပါ" လို့ အမိန့်ရှိလိုက်ပါတယ်။

ဒီအခါ ကျွန်တော်က ထပ်ပြီးတော့ လျှောက်ထားတယ်။

"ဆရာတော်ဘုရား၊ အဲဒီ တိတ်ခွေတွေကို နာကြားကူးယူပြီးတော့ စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ချိလိုကြောင်း လျှောက်ထားရာ ဆရာတော်ဘုရားက ထိုတရားကို ဟောကြာ,စဉ်အခါကပင်လျှင် နားကြားကြရသော ယောဂီအပေါင်းတို့က ဤတရားတော်မျှားကို စာအုပ်ဖြစ်စေချင်ကြောင်း တောင်းပန်လျှောက်ထားခဲ့ဘူးပါသည်။ ဥက္ကဋ္ဌကြီးတို့ မလွန်ဆန်လျှုအသင်းက စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက ထုတ်ခဝပြီးဘော့ ဒီစာအုပ်တွေကို မမှဒါနအဖြစ် လှူလိုက လှူ။ ဒါမှ မဟုတ် အသင်းကြီးရဲ့ ရန်ပုံငွေအတွက် ထိုက်သင့်တဲ့ တန်ဖိုးနဲ့ ရောင်းလိုက ဆောင်၊ ကောင်းဘဲ့ အပြုအမူတွေဟူသမျှ ဘုန်းကြီးက အားလုံးခွင့်ပြုပါဘယ်။ ဒီစာမူနဲ့ ပတ်သက်လို့ ရှိတဲ့ အခွင့်အရေးအားလုံး ကိုလဲ မလွန်စျး ဆန်လျှုအသင်းကြီးအား လှူဒါန်းပါတယ် လို့ အမိန့်ရှိလိုက်ပါတယ်။

ဒီအခါ ကျွန်တော်က ဝမ်းမြောက်စွာနှင့်ပင် ဆရာတော် ခွင့်ပြုထားသော ထိုတိတ်ခွေမျှားကို ရယူနာကြားပြီးတဲ့ အခါ ကြည်နူးဖွယ်ရာ- အောက်ဖော်ပြပါ ဂုဏ်အင်္ဂါတို့ စုံလင်စွာ ပေါ်ထွက်လာသည်ကို တွေ့ရှိရပါတယ်-

၁။ ထိုဆရာတော်ဘုရားကြီးသည် မလွန်ဆန်လျှုအသင်းကြီး၏ အင်္ဂမမြောက် ရေစက်ချခမ္မကထိကဆရာတော်ဖြစ်၍ ၁၃၃၆-ခုနှစ်မှ စတင်ပြီးလျှင် ယနေ့ထက်ဘိုင် မြန်မာပြည် အရပ်ရပ် မလွန်ဆန်လျှုသင်းထောက်အဖဲ့မျှားရှိရာ မြို့ရွာ ဒေသတို့သို့ ကြွရောက်တော်မူပြီးကာ ရေစက်ချ တရားဓမ္မ ဟောပြတော်မူလျက်ရှိနေသော ဆရာတော်တပါးဖြစ်ခြင်း။

၂။ တရားတော်မျှားကို ဟောကြားတော်မူရာမှာလည်း ပါဠိမြန်မာနှစ်ဘာသာတို့အပြင် အဓိပ္ပာယ်ရင်းလင်းချက်မျှားနှင့်တကွ လူအများနားလည်လွယ်အောင် ဟောကြားထားခြင်း။

၃။ ဟောကြားသော ဒေသနာတော်မှာလည်းကာမ နှံ အာဒီနဝကထာ အာရုံငါးပါး ကာမဂုဏ်ဘရားတို့၏ အပြစ်ကို ပြပြီးကာ-သံဝဲညာဏ် ရင့်သန်စေရန် ဝိပဿနာအလုပ် ဟရားပြဓာသနာတော်ဖြင့်ခြင်း။

၄။ အကိုးအကား-အခဏဝက်အထား ပါဠိအဋ္ဌကထာ ဋီကာ အနု မဓု ယောဇနာ အဖြာဖြာတို့ ပြည့်စုံလုံလောက်ခြင်းဟု ဆိုအပ်သော အကြောင်းဂုဏ်ဟိုနှင့် ပြည့်စုံခြင်း။

၅။ စာအုပ်ဖြစ်မြောက်လာသောအခါ ထိုစာအုပ်ကို ဝယ်ယူဖတ်ရှုရခြင်း သည် တိတ်ခွေကို ဝယ်ယူနာကြားရခြင်းထက် ငွေကြေးအကုန် အကျ သက်သာခြင်း ရှိမည့်အပြင် လိုအပ်သော အချက်အလက် များကို မှတ်သား၍ နောက်တဖန် ပြန်လည်ကြည့်ရှုရာတွင် အလွယ် တကူ ရယူနိုင်မည်ဖြစ်ခြင်း။

၆။ ထိုစာအုပ်ပါ တရားတော်များကို မှတ်သားနာယူပြီးကာ ဝိပဿနာ တရားအလုပ်ကို အားထုတ်ကြကုန်သော ယောဂီတို့အား မိမိတို့ အပါးဝယ် ကိုးကွယ်ရာ ဆရာတပါး ပို့နေသည့်အလား အားထာ ရာ စာဘအုပ်အဖြစ် တည်နေမည်ဖြစ်ခြင်း။

၇။ ထိုစာအုပ်မှ ညွှန်ပြသည့်အတိုင်း နည်းမှန်လမ်းမှန် ကျင့်ကြံကြိုးကုတ် အားထုပ်သော ယောဂီပုဂ္ဂိုလ်တို့အား (ရသင့်-ရထိုက်သော ပုဂ္ဂိုလ် ဖြစ်ပါက) မင်္ဂလာဆိုလိုသော အဓိပ္ပာယ်ကို ရရှိကြ၍ ဒုက္ခခပ်သိမ်း ငြိမ်းချမ်းမှုနှင့် ပြည့်နိုင်ဖွယ်ရှိသို့ ဇကနဦးမှောက် ရောက်ရှိနိုင်မည် ဖြစ်ခြင်း ဟူသော အကျိုးကျေးဇူးနှင့် ပြည့်စုံခြင်း။

ဤသို့လျှင် ကြောင်းကျိုးစုံညီ ဂုဏ်အလိုလိုတို့ဖြင့် ပြည့်စုံလျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြည့်ရှုရပါသော ကြောင့် ကျွန်တော်များ မန္တလေး မြို့၊ မလွန်ကျေး ဆန်လျှုအသင်းကြီးမှ ဆရာတော်ဘုရား၏ အလိုကျ ပစ္စယာ နုဂ္ဂဟဖြင့် တာဝန်ခံ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိရခြင်း ဖြစ်ပါကြောင်း။

ဤစာအုပ်ကို ဖတ်ရှုပြီးကာ သဒ္ဓါပဉ်းများ ကြီးစားပိုင်ပိုင် အားထုတ် နိုင်ကြပြီးလျှင်—

ဤစာအုပ်ကို ဖတ်ရှုပြီးကာ သဒ္ဓါပဉ်းများ ကြီးစားပိုင်ပိုင် အားထုတ်နိုင် ကြပြီးလျှင် ဆင်းရဲလွတ်ကင်း ဘေးရန်ရှင်း၍ သခြင်းမရှိ စုတိကင်းကွာ ကိလေသာမစပ် လွတ်လပ်ထွက်မြောက် တခါရောက်က တခေါက်မပြန် ဆယ့် တစ်ဘန်း ငြိမ်းပြီးဇကန် ပြည်နိဗ္ဗာန်သို့ လျင်မြန်ထုတ်ချောက် မျက်မှောက် ပြုနိုင်ကြပါစေသောဟု ဆုတောင်းပတ္ထနာ ပြုလိုက်ရပါကြောင်း။

(ဦးလှမောင်)

ဥက္ကဋ္ဌ

မလွန်စေ့ ဆန်လှူအသင်းကြီး

မန္တလေးမြို့။

သိဓေပါသည်

ဤစာအုပ်သည် တရားအလုပ် တကယ်အားထုတ်ကြသော ယောဂီဘို့၏ တရားစခန်းမှာ ဖြစ်ပေါ်လာသော တရားစာအုပ်ဖြစ်သည်။

မြန်မာပြည် သာသနာဝင်တွင် သုဝဏ္ဏာဘုမ္မိ(ရွှေမြေ)အရပ်သည် ထေရဝါဒ သာသနာစတင် အခြေချရာပင်ဖြစ်သည်။ ယနေ့ သထုံသည် ရှေးက သုဝဏ္ဏာဘုမ္မိ ဖြစ်ခဲ့သည်။

သထုံနယ်မြေသည် တော တောင် သစ်ပင် စိမ့်စမ်း ရေတံခွန် ဥယျာဉ်တို့ဖြင့် တင့်တယ်လှပသော နယ်ဖြစ်၏။ စိမ်းနေသော တော တောင်တို့၏ အကြားဝယ် စွင့်စွင့်မြင့်နေသော စေတီပုထိုးတို့သည် ကျက်သရေရှိလှပ၏။ စိမ်းညို့ညို့ ဘောင်တန်းကြီးထက်က မြသပိတ်စေတီတော်ကို ဖူးရသည်မှာ တောရပ်ပျော်သော ဘုရားရှင်ကို သတိရစေပါသည်။

ပူပြင်းလှသော နွေရာသီတွင် တရားဟောယင်း အပန်းဖြေဖို့ နေရာရှာနေသော မိမိသည် သထုံတောင်တန်းကို လှမ်း၍ သတိရမိပါသည်။ ဟို့ကြောင့် သပိတ်အိုင် တောရသို့ အပန်းဖြေသွားမည်ဟု စိတ်ကူးပြီး မိမိအား သပိတ်အိုင် တောရသို့ ပို့ပေး၍ ပစ္စယာနုဂ္ဂဟဖြင့် ထောက်ပံ့ခဲ့ဘူးသော ရန်ကုန် မိုးကောင်း ဘုရားလမ်း သုဝဏ္ဏဂေဟာနေဥပါသကာကြီး ဦးပါကို အသိပေးခဲ့ပါသည်။ ထိုမှစပြီး သပိတ်အိုင် အနားစခန်းမှ သထုံတရားစခန်း ဖြစ်ရပါတော့သည်။ ၂ တရားစခန်းမှာ တရားနှင့်နားရတာ အပန်းပြေလှပါသည်။ ၁၃၄၁-ခုနှစ် နှစ်ဦး၏ သင်္ကြန်ရက်များမှာ သုဝဏ္ဏာဘုမ္မိနယ်မြေ မြသပိတ်တောင်ခြေ ဓမ္မရိပ်သာမှာ အနယ်နယ်မှ ယောဂီတရာကျော်နှင့် မိမိတို့တရားဖြင့် အပန်းဖြေခဲ့ကြပါသည်။

မိမိသည် ဖေဈာပိဏ္ဍာပမသုတ္တန်ကို အခြေခံ၍ ဝိပဿနာရှုနည်းကို ဟောပြခဲ့ပါသည်။ ယောဂီများစွာ သဒ္ဓါတရား သံဝေဂတရား ဖြစ်ပွားကြပါသည်။

မိမိသည် ထိုတရားစခန်းဝယ်–

၁။ သံဝေဂဉာဏ် ရင့်သန်ဖွယ်ရာ တရားများ၊
၂။ သဒ္ဓါဝိရိယ တိုးပွားဖွယ်ရာ တရားများ၊
၃။ ပညာတိုးပွားရာ တရားများ–

ကို ဦးစားပေး၍ ဟောပြခဲ့ပါသည်။ တရားစခန်းမှာ ကွမ်းသီးပင်တန်းနှင့် အုန်းပင်တို့ အောက်မှာဖြစ်၍ အေးချမ်းလှသည်။ နှစ်ဆန်းနှစ်ရက်မှာ စခန်းသိမ်းပါသည်။ ဝမ်းမြောက်ဝမ်းသာ ထွက်ခွာခဲ့ကြရပါသည်။ ရိပ်သာဒကာကြီး ဦးဘိန့်နှင့် အဖွဲ့ကလည်းကောင်း၊ ယောဂီများကလည်းကောင်း ထိုတရားများ စာအုပ် ဖြစ်စေချင်ကြပါသည်၊ တောင်းပန်ကြပါသည်။ ထို့ကြောင့် စာအုပ်ဖြစ်အောင် ဧီစဉ်ရပါသည်။ မိမိမှာ နေ့စဉ် တရားပွဲများဖြင့် မအားလပ်သောကြောင့် ယခုလို နောက်ကျမှ စာအုပ်ဖြစ်လာရပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးဌာ ဝိုင်းဝန်း
ထောက်ပံ့ကြသော ပုဂ္ဂိုလ်များကို ကျေးဇူးတင်ကြောင်း
မှတ်တမ်းထိုးလိုက်ပါသည်။

၁။ အသံဖမ်းတိတ်ခွေမှ လက်ရေးမူဖြစ်အောင် ကူးယူရာ၌ အဖက်ဖက်မှ
ကူညီကြိုးကြပ်ပေးပေသော ရန်ကုန်မြို့ အရှေ့ပိုန်းကုန်းကျောင်းတိုက်မှ
အရှင်သစ္စဝံသအားလည်းကောင်း၊

၂။ လက်ရေးမူကြမ်းမှ လက်နှိပ်စက်မူချောဖြစ်အောင် ကူညီဆောင်ရွက်
ပေးသော ရန်ကုန်မြို့ ၃၆-လမ်းမှ ဒကာကြီး ဦးမြသိန်းအားလည်း
ကောင်း၊

၃။ ဝါကျအနေအထား စကားအသုံးအနှုန်း ပါဠိုအနက်သဒ္ဒါနှင့်
အဓိပ္ပာယ်အယူအဆတို့ ကျမ်းဂန်များနှင့် ညီနိုင်းပြင်ဆင် ပြုပြင်ပေး
တော်မူသော ရွှေဘိုမြို့ ပါဠိကာရီတုလွတ်မှ အရှင်နယနသာမိ—
(ဒီဃဘာဏက-ကောဝိဒ၊သိရိပဝရမဟာစရိယ)အား လည်းကောင်း။

၄။ အထူးသဖြင့် စာအုပ်အတွက် ကုန်ကျသမျှ ပစ္စယာနုဂ္ဂဟကို တာဝန်
ယူ ရိုက်နှိပ်ပေးသည့် မန္တလေးမြို့ မလွန် ဆန်လျှုအသင်းကြီးအား
လည်းကောင်း အထူးကျေးဇူးတင်၍ မေတ္တာပြုပါသည်။

မလွန် ဆန်လျှုအသင်းကြီးက ပစ္စယာနုဂ္ဂဟ တာဝန်ယူရိုက်နှိပ်သော
ဤစာအုပ်မှ ဖြစ်ပေါ်လာမည့် ဓမ္မပူဇော ဝတ္ထုလျှာတို့ကို မလွန် ဆန်လျှုအသင်း
ကြီးက ဆောင်ရွက်နေသော ဆွမ်းဆန်တော် အလှူလုပ်ငန်းတွင် ပဒေသာပင်
စိုက်၍ စစ်ကိုင်း၊ မင်းကွန်း၊ မင်းဝံ တောင်တန်းကြီးသုံးခုရှိ ရဟန်းသာမဏေ
သူတော် သီလရှင်တို့အား ဆွမ်းပစ္စည်းအလှိုငှာ လှူဒါန်းပါမည်။

ဤသို့လျှင် မိမိရရှိသော ဓမ္မဒါန အာမိသဒါန ကောင်းမှုအစုစုတို့
ဖြင့် မိမိအပေါ် များစွာသော မေတ္တာဖြင့် ကျေးဇူးပြုခဲ့ဘူးကုန်သော
မိဘနှစ်ပါးနှင့် ဆရာသခင် ကျေးဇူးရှင်တို့၏ အနန္တကျေးဇူးဂုဏ်တို့ကို
အနန္တဂါရဝဖြင့် ပူဇော်ပါ၏။

အရှင်ဉာဏိဿရ
သဒ္ဓမ္မသီတဂူချောင်
စစ်ကိုင်းတောင်ရိုး။

၁၃၄၂-ခု သီတင်းကျွတ်လဆန်း ၇-ရက်။

ကိုးကားသော ကျမ်းစာများစာရင်း
ပါဠိတော်များ

၁။ ခန္ဓဝဂ္ဂသင်္ဂါယတနဝဂ္ဂ သံယုတ်တပါဠိတော်၊
၂။ သဂါထာဝဂ္ဂ နိဒါနဝဂ္ဂ သံယုတ်တပါဠိတော်၊
၃။ မဟာဝဂ္ဂ သံယုတ်တပါဠိတော်၊
၄။ မူလပဏ္ဏာသ ပါဠိတော်၊
၅။ ဥပရိပဏ္ဏာသ ပါဠိတော်၊
၆။ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော်၊
၇။ သီလက္ခန္ဓဝဂ္ဂ ပါဠိတော်၊
၈။ မဟာဝဂ္ဂ ပါဠိတော်၊
၉။ ပါထိကဝဂ္ဂ ပါဠိတော်၊
၁၀။ အင်္ဂုတ္တရ ပါဠိတော် (ပ)၊
၁၁။ ခုဒ္ဒကနိကာယ ဥဒါန ပါဠိတော်၊

အဋ္ဌကထာများ

၁၂။ သံယုတ္တ အဋ္ဌကထာ (ပ-ဋီ-တ)၊
၁၃။ မူလပဏ္ဏာသ အဋ္ဌကထာ၊
၁၄။ ဥပရိပဏ္ဏာသ အဋ္ဌကထာ၊
၁၅။ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ (ဋီ)၊
၁၆။ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ၊
၁၇။ မဟာဝဂ္ဂ အဋ္ဌကထာ၊
၁၈။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (ပ-ဋီ)၊
၁၉။ မဓုပဋ အဋ္ဌကထာ၊

ဋီကာများ

၂၀။ မူလပဏ္ဏာသ ဋီကာ၊
၂၁။ ဥပရိပဏ္ဏာသ ဋီကာ၊
၂၂။ မဟာဝဂ္ဂ ဋီကာ၊
၂၃။ သံယုတ္တ ဋီကာ (ဋီ)၊

ဂန္ထန္တရများ

၂၄။ ပရမတ္ထသင်္ခေပဘေဒနီ (ဋီ)၊
၂၅။ သဒ္ဒနီတိဘာသာ ဋီကာ။

ဖေဏာပိဏ္ဍုပမသုတ္တန်နှင့် ဝိပဿနာအလုပ်ပေးတရား

စာပိဒ်ခေါင်းစဉ်များ

စဉ် အကြောင်းအရာ စာမျက်နှာ

ပဏာမအပိုင်း

၁။ ကျမ်းဦးမှတ်ဖွယ် ၁
ဆင်ခြင်ရမည့် ပစ္စဝေက္ခဏာ ၃-မျိုး ၁၅
(၁) ပဋိကူလ မနသိကာရပစ္စဝေက္ခဏာ — ၁၅
(၂) မဟာပစ္စဝေက္ခဏာ ၁၇
(၃) ဓာတုမနသိကာရ ပစ္စဝေက္ခဏာ ၁၉
စိတ္တဇဝါယောဓာတ် ၂၃
၂။ သတိသမ္ပဇဉ်ကို ဉာဏ်နှင့်ယှဉ်ထား ၂၄
၃။ တဝတအိကြိုးဖြစ်အောင် မစားနဲ့ ၂၅
၄။ တရားအားမထုတ်မီ ပြုလုပ်ရမည့် ပရိကမ်များ ၂၆
(၁) စုဠသောတာပန် ၂၇
(၂) အနုရုဒ္ဓါမထေရ် ၂၀
၅။ သင်တန်းသဘောနဲ့ အခြေအနေ ၃-ရပ် ၂၉
(၁) ရာသီဥတု အခြေအနေ ၂၉
(က) အတိတ်နဲ့ ပစ္စက္ခအပူတွေ့ကြုံမှုအောင် ၃၀
(ခ) အဇ္ဈတ္တ၊ ဗဟိဒ္ဓ အပူတွေ့ကြုံမှုအောင် ၃၁
(၂) နေထိုင်ရမှုအခြေအနေ ၃၁
(က) ဇာတိပဋိသန္ဓေရဲ့ ဒုက္ခသဘော ၃၁
(ခ) တဲအိုပျက်နဲ့ ကိုယ်ခန္ဓာ ၃၃
(၃) စားရေးသောက်ရေး အခြေအနေ ၃၃
(က) ရောင့်ရဲတင်းတိမ်မှုသဘော ၃၃
၆။ တရားအားထုတ်တော့မယ်ဆိုရင် ....
ဝိဝေကပြည့်စုံ၍ တာ ၄-ချက်လုံရခြင်း ၃၅
(၁) သင်္ကိုကာရုမတာ-အပေါင်းအဖော်၌ ပျော်ပိုက်မှု ... ၃၅
(၂) ဘဿာရုမတာ-စကားပြောရာ၌ ပျော်ပိုက်မှု ၃၆

စဉ်	အကြောင်းအရာ		စာမျက်နှာ
	(၃) နိဒ္ဒါရာမဘာ- အိပ်ခြင်း၌ ပျော်ပိုက်မှု	....	၃၆
	(က) အာရုံပြု၍ အိပ်ခြင်း	....	၃၇
	(ခ) သတိနဲ့ အိပ်ခြင်း	....	၃၇
	(ဂ) အခွင့်အရေးကောင်းကို လက်မလွှတ်နဲ့	....	၃၈
	(၄) ကမ္မာရာမတာ-အသေးအမွှားကိစ္စတွေမှာ ပျော်ပိုက်မှု		၃၉
	(က) ပါသာဒိက-ကြည်ညိုဖွယ်ရာအသွင်	....	၃၉
၇။	အဋ္ဌာသယ ၆-ပါး	....	၄၁
	(၁) အလောဘဋ္ဌာသယ	....	၄၁
	(၂) အဒေါသဋ္ဌာသယ	....	၄၁
	(၃) အမောဟဋ္ဌာသယ	....	၄၁
	(၄) နေက္ခမ္မဋ္ဌာသယ	....	၄၂
	(၅) ပဝေကဋ္ဌာသယ	....	၄၃
	(က) ဝိဒေက ၃-မျိုး	....	၄၃
	(၆) နိဿရဏဋ္ဌာသယ	....	၄၄
၈။	ပဓာနိယင်္ဂတရား ၅-ပါး	....	၄၅
	(၁) သဒ္ဓါ-သဒ္ဓါတရားရှိခြင်း	....	၄၅
	(က) ဗုဒ္ဓရဲ့ဂုဏ်သတ္တိ ၂-ပါး	....	၄၆
	(ခ) တရားတော်ရဲ့ ဂုဏ်သတ္တိ ၂-ပါး	....	၄၆
	(ဂ) အပူသယ်မလေး ပဋ္ဌာစာရီ	....	၄၇
	(ဃ) ဗုဒ္ဓညွှန်ပြတဲ့ တခုတည်းသောလမ်း	....	၄၉
	(င) ဝိနယခရ-ဇောဒင်္ဂရ ပဋ္ဌာစာရီ	....	၅၀
	(စ) သံဃာတော်တို့ရဲ့ သုပ္ပဋိပန္နတာဂုဏ်ထူး	....	၅၂
	(၂) အရောဂိတာ-အနာကင်းကွာ ကျန်းမာခြင်း	....	၅၄
	(က) ကျန်းမာရေးကို ကြိုတင်ဂရုစိုက်	....	၅၄
	(ခ) ရောဂါဖြစ်လာတဲ့အခါ နှလုံးသွင်းရမယ့်အချက်		၅၄
	(၃) အသာဃေယျဥ္ဇ-ကောက်ကျစ်မှုမရှိခြင်း	....	၅၆
	(၄) အာရမ္ဘ-လုံ့လဝီရိယကောင်းခြင်း	....	၅၈
	(၅) ပညာယ-ပညာနဲ့ ပြည့်စုံခြင်း	....	၅၉

စဉ်	အကြောင်းအရာ		စာမျက်နှာ
၉။	တရားအားထုတ်ကာနီး ပြုဖွယ်ကိစ္စ ပရိကမ်များ	....	၆၀
	(၁) ဗုဒ္ဓါနုဿတိဘာဝနာ	....	၆၀
	(၂) မေတ္တာဘာဝနာ	....	၆၁
	(၃) မရဏဿတိဘာဝနာ	....	၆၃
	(၄) အနုန္တဂိုဏ်းဝင်များအား ဂါရဝပြုခြင်း	...	၆၈
	(၅) မိမိ၏ အသက်နဲ့ ခန္ဓာကိုယ်ကို ဘုရားအား လှူဒါန်းခြင်း		၆၉
၁၀။	တရားအားထုတ်တဲ့အခါမှာ	....	၇၁
	(၁) ထိုင်ရမယ့်အနေအထား	....	၇၁
	(၂) ထိရာအရပ်မှာ သတိနဲ့ အသိကို ကပ်ထား	....	၇၃
	(၃) ဝီရိယကို အစုမ်းနှစ်ဘက်မရောက်စေနဲ့	....	၇၄
	(၄) ထွက်လေဝင်လေရဲ့အပေါ် သတိနဲ့ အသိ မလွတ်စေနဲ့	....	၇၄
	(က) တရားအားထုတ်ရတာ့ခက်ခဲပင်ပန်းတဲ့ အလုပ်မဟုတ်ပါ။	....	၇၆

ပဌမပိုင်း

ရှေးကွန္နာ

၁။	အချိန်ကာလနဲ့ လူသား	....	၇၉
၂။	မှတ်သားလိုက်နာစရာ ဥပမာ ၂-ချက်	....	၈၂
၃။	သတိကို လက်လွှတ်မထားနဲ့	....	၈၄
၄။	ဖေဏပိဏ္ဍူပမသုတ္တန်တရား ဖြစ်ပွားလာရတဲ့အခြေအနေ	...	၈၇
၅။	ကြည့်ရှုနည်း ၃-မျိုး	....	၈၉
၆။	သဘော ၃-မျိုး ထင်လာတယ်	....	၉၂
၇။	ရုပ်တရားမှန်သမျှ ရေမြုပ်စိုင်နဲ့တူတယ်	....	၉၃
၈။	ရုပ်တရားကိုလဲ နည်း ၃-နည်းနဲ့ ကြည့်ရှု	....	၉၅
၉။	သုတမယဉာဏ်ဆိုတဲ့ တမျှင်းကြိုးလေးနဲ့ချ	....	၉၈
၁၀။	အနှစ်အကာ ခွဲခြားသိတဲ့ ရှုပပရိစ္ဆေဒဉာဏ်	....	၁၀၀
၁၁။	ငြီးငွေ့ခြင်းဆိုတဲ့ နိဗ္ဗိန္ဒဉာဏ်	....	၁၀၁

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁၂။	တပ်မက်မှုရာဂမှ ကင်းခြင်း ဝိရာဂဉာဏ်	....	၁၀၂
၁၃။	ရုပ်တရားကို နှစ်သက်ရင် ဒုက္ခကို နှစ်သက်တာ	....	၁၀၅
၁၄။	ကာယ ၂-မျိုး	....	၁၀၇
၁၅။	ကာယကို ထင်ရှားစေတာက သတိ	....	၁၀၈
၁၆။	ထင်ရှားလာတဲ့ကာယကို ရှုတာက ဉာဏ်	....	၁၀၉
၁၇။	ကာယမှာ ဘာတွေစုပေါင်းထား	....	၁၁၀
၁၈။	အတွေ့ထင်ရှား ရုပ်တရားလေးပါး	....	၁၁၁
၁၉။	သက္ကာယဒိဋ္ဌိပယ်စွန့်နိုင်တဲ့အချိန်	....	၁၁၆
၂၀။	အာနာပါနစတုက္က ၄-ချက်	....	၁၁၇
၂၁။	တရားအာဃာတ်ဆိုတာ ဘာလဲ	....	၁၁၈
	အာဃာတ်နည်း ၄-နည်း	—	၁၁၈
	(၁) ဖုံသနာနည်း	....	၁၁၈
	(၂) အနုပဒွံနာနည်း	....	၁၁၉
	(က) ဥပမာ ၃-ချက်	....	၁၂၁
	(၃) ဌပနာနည်း	....	၁၂၁
	(၄) ဂဏနာနည်း	....	၁၂၃
၂၂။	ဃနပြိုအောင် ဖြိုပြီးတော့ရှု	....	၁၂၅
၂၃။	သတိ-ကာယ-အနုပဿနာ	....	၁၂၆
၂၄။	အာနာပါနရဲ့ အကျိုးအာနိသင်	....	၁၂၉
၂၅။	ဓာတုမနသိကာရ	....	၁၃၁
၂၆။	သမ္မဟဃနဖုံးနေရင် အနတ္တလက္ခဏာမထင်ဘူး	....	၁၃၂
၂၇။	ဖောဋ္ဌဗ္ဗအာရုံဆိုတဲ့ ရုပ်တရား	....	၁၃၅
၂၈။	ဖောဋ္ဌဗ္ဗအာရုံ ၃-မျိုး	....	၁၃၆
၂၉။	ဒန္ဓာ ၅-ပါးနဲ့ ဥပမာ ၅-မျိုး	....	၁၃၈
၃၀။	မရဏရေလွိုင်းကြီးများ	....	၁၄၀
	(၁) သမုတိမရဏ	....	၁၄၀
	(၂) ခဏိကမရဏ	....	၁၄၁
၃၁။	သန္ဓတိဃနဖုံးနေရင် အနိစ္စလက္ခဏာမထင်ဘူး	....	၁၄၁
၃၂။	ရုပ်တရားနဲ့ဥပါဒ်စွန်းနဲ့ ဘင်္ဂစွန်းကိုမြင်လျှင်	....	၁၄၄

စဉ်	အကြောင်းအရာ		စာမျက်နှာ
၃၃။	အနီစွလက္ခဏာထင်ပုံ ဘယ်လိုမှတ်မလဲ	....	၁၄၅
၃၄။	ရုပ်တရား၌ သဘောလက္ခဏာများ	....	၁၄၇
	(၁) သဘာဝလက္ခဏာ	....	၁၄၇
	(၂) သာမညလက္ခဏာ	....	၁၄၇
၃၅။	လက္ခဏာရမ္မဏိက ဝိပဿနာဉာဏ်နဲ့ရှု	....	၁၄၉
၃၆။	မရှိကမ္မဋ္ဌာန်းဂိုဏ်း	....	၁၅၀
၃၇။	ကြာရိယာပုတ်ဖုံးနေရင် ဒုက္ခလက္ခဏာမထင်ဘူး	....	၁၅၂
၃၈။	မေမ္မဒိန္ဒ္ရာတို့လိုပါပဲ	....	၁၅၃
၃၉။	ဂေါတမီနဲ့ မင်းသမီးငါရာတို့ဇာတ်	....	၁၅၄
၄၀။	ဒုက္ခလက္ခဏာ မထင်ခြင်းရဲ့အကြောင်းရင်း ၂-ချက်	....	၁၅၄
၄၁။	ရုပ်တရား၌ ဒုက္ခလက္ခဏာကို မြင်အောင်ရှု	....	၁၅၈
၄၂။	ရုပ်တရားမှန်သမျှ ဒုက္ခချည်းသက်သက်ပါပဲ	....	၁၆၃
၄၃။	ဒေါမနဿဟာ နိုဗ္ဗိန္ဒယောင် ဆောင်တတ်တယ်	....	၁၆၅
၄၄။	နိုဗ္ဗိန္ဒဉာဏ်ရောက်မှ ရုပ်နဲ့ ရာဂ ကွာတယ်	....	၁၆၆
၄၅။	ရုပ်တရားဟာ ကိုယ်ပိုင်တဲ့ဥစ္စာမဟုတ်ဘူး	....	၁၆၉
၄၆။	ကိုယ်မပိုင်တဲ့ရုပ်ကို ပယ်စွန့်ကြ	....	၁၇၀
၄၇။	ရုပ်တရားကြီးကို ဘယ်လိုပယ်စွန့်မလဲ	....	၁၇၁
၄၈။	ဆန္ဒရာဂကို ဘယ်လိုပယ်စွန့်မလဲ	....	၁၇၄
၄၉။	လက်ဝေ့ချန်ပီယံ ပိတမလ္လ	....	၁၇၇
၅၀။	ဈာန်ဆရာတို့ရဲ့ ဆာတိုရီ	....	၁၇၉
၅၁။	တရားသံဝေဂ ရစရာ	....	၁၈၀
၅၂။	လက်ဝေ့ချန်ပီယံကြီး ကျော်တန်းဝင်ပြီ	....	၁၈၃
၅၃။	ပိတမလ္လမထေရ်ကြီးရဲ့ လက်သုံးကမ္မဋ္ဌာန်း	....	၁၈၅
၅၄။	ပိတမလ္လမထေရ်ကြီး ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်စံခြင်း	....	၁၈၆

ဒုတိယပိုင်း

ဝေဒနာကမ္မဋ္ဌာန်း

၁။	ရေပူဖောင်းဖြစ်ပေါ်လာရခြင်းရဲ့ အကြောင်း ၄-ချက်		၁၉၁
၂။	ရေပူဖောင်းကိုလဲ နည်း ၃-နည်းနဲ့ရှု	....	၁၉၃

စဉ်	အကြောင်းအရာ		စာမျက်နှာ
၃။	ပစ္စယပရိဂ္ဂဟာဉာဏ်ကို လက်ကိုင်ထား	....	၁၉၆
၄။	သမ္မာဒိဋ္ဌိဉာဏ်ရဖို့ရန် အကြောင်း ၄-ချက်	....	၁၉၉
၅။	ဝေဒနာဖြစ်ပေါ်လာရခြင်း၏ အကြောင်း ၄-ခုံက်	....	၂၀၂
၆။	ထိခိုက်မှု ၂-မျိုးကြောင့် ဝေဒနာလဲ ၂-မျိုးလာတယ်	....	၂၀၇
၇။	သုခဝေဒနာမှာ ရာဂဆိုတဲ့ အနုသယဝင်တတ်ဘယ်	....	၂၁၂
၈။	ကာယ်ရာမိုရာရှိမှ ဝေဒနာဆိုတာ ဖြစ်တာ	....	၂၁၃
၉။	နှစ်သက်မှုရှက္ခကိန္ဓာသာနိုင်ဟယ်။	....	၂၁၆
၁၀။	မေမှိစယသမ္မောဇ္ဈင်နဲ့ သုံးသပ်	....	၂၁၈
၁၁။	ဒုက္ခဝေဒနာမှာ ပဋိဃဆိုတဲ့ အနုသယဝင်တတ်တယ်	....	၂၂၂
၁၂။	သုခဝေဒနာကို ဘယ်လိုရှုမလဲ	....	၂၂၆
၁၃။	ဒုက္ခဝေဒနာကို ဘယ်လိုရှုမလဲ	....	၂၂၈
၁၄။	ဝေဒနာကို ပယ်ရမှာလား၊ ရာဂကို ပယ်ရမှာလား	....	၂၂၉
၁၅။	ဆင်းရဲနေတဲ့အခါ ချမ်းသာကို တောင့်ဘတယ်	....	၂၃၀
၁၆။	သူဆုံးပုခက် ပွဲသလို	....	၂၃၃
၁၇။	ဝေဒနာနဲ့ ဝေဒနာသမုဒယကို ပိုင်အောင်ရှု	....	၂၃၆
၁၈။	ဝေဒနာ ၃-မျိုး	....	၂၄၀
၁၉။	အနိဗ္ဗကာယကို မှီရတဲ့ဝေဒနာ နိစ္စမဖြစ်နိုင်	....	၂၄၄
၂၀။	အနိဗ္ဗ၊ ဒုက္ခ၊ ဝိပရိဏာမဖြစ်နေတဲ့ ကာယ	....	၂၄၉
၂၁။	သတ္တသညာနဲ့ အတ္တသညာမပျောက်ရင် ရှက္ခကိမမှန်သေးဘူး		၂၅၁
၂၂။	ဇဲ့ဆိုတာ ဝိရိယပါပဲ	....	၂၅၂
၂၃။	မရဏအမျိုးအစား ၂-မျိုး	....	၂၅၅
၂၄။	သုခဝေဒနာဟာ တည်ရှိနေတုန်းမှာတော့ ချမ်းသာတယ်		၂၅၈
၂၄။	စိတ္တလမထေရ်အကြောင်းနဲ့ ပတ်သက်ပြီး ကိုယ်တွေ့ဝေဒနာ ခွဲခြမ်းစိတ်ဖြာလေ့လာတရပ်	..	၂၆၂
၂၆။	ပိတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိ အဆင့်ဆင့်ရနိုင်တယ်	....	၂၆၄
၂၇။	သမုဒိရဏဝါယောနဲ့ ဝိက္ခမ္ဘနဝါယော	....	၂၆၆
၂၈။	စိတ္တလမထေရ်ကြီး၏ ရှက္ခကိ	....	၂၇၉
၂၉။	နာကျင်တဲ့ နေရာရယ်လို့ သီးခြားမရှိပါဘူး	....	၂၇၇
၃၀။	ဝါယောကာယကို မှီပြီး ဝေဒနာက ခံစားတာ	....	၂၇၀
၃၁။	စိတ္တလမထေရ်ကြီး အဓိဝါသန ဝိရိယနဲ့ သည်းခံရှုခြင်း	....	၂၈၁

စဉ်	အကြောင်းအရာ		စာမျက်နှာ
၃၂။	ဒီလောက် သည်းခံရင် တော်လောက်ပြီလား	....	၂၀၄
၃၃။	ဝီရိယနဲ့ သမာဓိ ညီညွတ်အောင်လုပ်၍ ဝိပဿနာ ပွားများခြင်း		၂၀၆
၃၄။	ဇဝိတာ မသီသီရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်စံခြင်း	....	၂၀၉
၃၅။	ကမ္မဋ္ဌာန်းကျောင်းထဲက ကူလံသမားများ	....	၂၉၁
၃၆။	အဝိဇ္ဇာက ရေသောက်မြစ်၊ တဏှာက ပင်စည်	....	၂၉၅

တတိယပိုင်း

သညာကွန္ဒာ

၁။	တံလှေပ်ရဲသဘာဝ	....	၃၀၁
၂။	တံလှေပ်ကိုရေထင် ရွှေသမင်အလိုက်မှားသလို	....	၃၀၄
၃။	သံသရာကန္တာရက ခရီးသယ်ဒဝေ့	....	၃၀၆
၄။	သညာဝိပလ္လာသ မဖြစ်ရလေအောင်	....	၃၀၉
၅။	တံလှေပ်ကိုလဲ နည်း ၃-နည်းနဲ့ စိစစ်ကြည့်ပါ	....	၃၁၂
၆။	သညာကွန္ဒာမှန်သမျှ တံလှေပ်နဲ့ တူတယ်	....	၃၁၆
၇။	ဝိပလ္လာသတရား ၁၂-ပါး	....	၃၂၁
	(က) သညာဝိပလ္လာသတရား ၄-ပါး	....	၃၂၂
၈။	သညာမှာ အဝိဇ္ဇာကပ်ရင် လမ်းခွတ်လတ် တင်နေတတ်တယ်		၃၂၄
၉။	ခန္ဓာကိုယ်မှာရှိတဲ့ အပူလှိုင်းကြီး ၄-ခု	....	၃၃၀
၁၀။	ဆံပင်ရဲ့ ရုံရှာဖွယ် ငါးမျိုး	....	၃၃၂
	(၁) ဆံပင်ရဲ့ အရောင်အဆင်း	....	၃၃၂
	(၂) ဆံပင်ရဲ့ ပုံသဏ္ဌာန်	....	၃၃၄
	(၃) ဆံပင်ရဲ့ အနံ့	....	၃၃၄
	(၄) ဆံပင်ရဲ့ တည်ရာဌာန	....	၃၃၅
	(၅) ဆံပင်ရဲ့ မှီရာ	....	၃၃၇
၁၁။	အာဇီဝတွေက အသုဘကို မစွန့်နိုင်ကြဘူး	....	၃၃၉
၁၂။	တရားပေါက်နေလိုက်ကြတာ	....	၃၄၃
၁၃။	သုညတကိုမြင်မှ ဝိပလ္လာသနဲ့ ကန္တာရက လွတ်မယ်	....	၃၄၄
၁၄။	အဓိဝါသနဝီရိယကို ကြိုးစားပြီးမှဲ့	....	၃၄၇

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁၅။	ဝိပဿနာလုပ်ငန်းရဲ့ မှတ်ကျောက်ဟာ ဉာဏ်စဉ်	...	၃၅၀
၁၆။	အာနာပါနသတိသုတ္တန်လာ ပထမ စတုက္ကလေးချက်	....	၃၅၃
၁၇။	ပီတိစွမ်းရည်	....	၃၅၅
၁၀။	သမာဟိတစိတ်စွမ်းရည်	....	၃၅၉
၁၉။	ဘာပဓိစွမ်းရည်	....	၃၆၀
	(က) ရှင်သာရိပုတ္တရာဘီလူးအရိုက်ခံရခြင်း	....	၃၆၀
	(ခ) ဘုရားရှင်ကိုယ်တော်မြတ် မိုးကြိုးပစ်တာ မသိလိုက်ရတဲ့အဖြစ်	....	၃၆၂
၂၀။	ဈာန်ကျင့်စဉ်နဲ့ ဉာဏ်ကျင့်စဉ် ကွာခြားမှု၊ (သို့မဟုတ်) ဈာန်သမာဓိနဲ့ ဉာဏ်သမာဓိ ကွာခြားချက်	....	၃၆၃
၂၁။	နိဝရဏခေါ်တဲ့ အတားအဆီးများ	....	၃၆၉
၂၂။	သမာဓိကြောင့် ပီတိနဲ့ ပဿဒ္ဓိကို ရတယ်	....	၃၇၁
၂၃။	ပီတိနဲ့ ပဿဒ္ဓိလွှမ်းလာရင် ရှုကွက်ပြောင်းပေး	....	၃၇၄
၂၄။	တွက်လေဝင်လေမရှိတဲ့ ပုဂ္ဂိုလ် ၆-မျိုး၊ (သို့မဟုတ်) ထွက်လေ ဝင်လေကို စိစစ်ယူရမယ့်အချက် ၆-ချက်	....	၃၇၇
၂၅။	ပီတိကို ခွာနိုင်အောင် ကြိုးစား	....	၃၇၈
၂၆။	သညာနဲ့ ဝေဒနာဟာ စိတ္တသခ်ါရလို့ အမည်ရတယ်	....	၃၈၁
၂၇။	ပီတိဟာ လျှပ်ပေါ်တဲ့ သဘောရှိတယ်	....	၃၈၃
၂၀။	ဝက္ကလိမထေရ်	....	၃၈၇
၂၉။	ဝက္ကလိမထေရ် အဓိမာနဖြစ်ပုံ	....	၃၈၈
၃၀။	ဗုဒ္ဓ၏ အာဃာတပေးစကား ၃-ခွန်း	....	၃၉၀
၃၁။	ဒ. ဂြစ်မှန်ကို မသိရှာတဲ့ ဝက္ကလိမထေရ်	....	၃၉၂
၃၂။	ဘုရား.ဖူးရန်အလာ ဝက္ကလိမထေရ် မကျန်းမမာဖြစ်ခြင်း		၃၉၄
၃၃။	ပကျန်းမမာဖြစ်နေတဲ့အဝါ တရားနာတဲ့ သဘင်က	....	၃၉၆
၃၄။	ဝက္ကလိမထေရ်ထံ ဘုရားရှင် ကြွရောက်ခဲ့ခြင်း	....	၃၉၇
၃၅။	ဝက္ကလိမထေရ်ကို ဗုဒ္ဓစစ်ဆေးမေးမြန်းခြင်း	....	၄၀၂
၃၆။	ကျွန်တော်မမှခင်ကားတည်းက သုသာန်ပို့ဆောင်းတဲ့ ပတ်ဝန်းကျင်ဆရာတော်	....	၄၀၄
၃၇။	ဝက္ကလိမထေရ် ကိုယ့်ကိုကိုယ် အထင်ကြီ နေလိုက်ပုံ	....	၄၀၆

၃၈။ ဝက္ကလိမထေရ် ဇီဝိတသမသီသီရဟန္တာအဖြစ်နဲ့
ပရိနိဗ္ဗာန်စံခြင်း ၄၀၉

စတုတ္ထပိုင်း

သခ်ါရကၡန္ဓာ

၁။ အမြင်သုံးမျိုး ၄၁၄
ငှက်ပျော့တုံးပမာ သခ်ါရက္ခန္ဓာ .... ၄၁၆.
၂။ ကောဋ္ဌသနည်းနဲ့ ခွဲကြည့်ပါ ၄၁၉
၃။ ဓာတုဇေဒနည်း၊ (သို့မဟုတ်) ပရမတ္ထနည်း ၄၂၆
၄။ သိတဲ့သဘောဟာ ဝိညာဉ် — ၄၂၈
၅။ အသိထင်ရှား နာမ်တရား ၆-မျိုး ၄၂၉
၆။ ဝဇီရာဘိက္ခုနီမလေး မာရ်နတ်ကြီး နှောင့်ယှက်ခြင်း ၄၃၅
၇။ မာရ်နတ်ကြီးရဲ့ မေးခွန်း ၃-ချက် ၄၃၇
၈။ ဝဇီရာဘိက္ခုနီမလေးရဲ့ အဖြေ ၄၃၈
၉။ သခ်ါရအစုအပုံကြီးကို သတ္တဝါလို့ခေါ်တယ် ၄၃၉
၁၀။ သတ္တဝါဆိုတဲ့ နာမပညတ် ပျောက်အောင် ဆန်းဖြိုရှု ၄၄၀
၁၁။ မာရ်နတ်ကြီးကို ဝဇီရာဘိက္ခုနီမလေး တရားဟောခြင်း ၄၄၅
၁၂။ သခ်ါရအစုအပုံကြီ.ဟာ ဒုက္ခအစုအပုံကြီးပါပဲ ၄၄၆
၁၃။ အာနာပါနသတိသုတ္တန်လာ ဒုတိယ စတုက္ကလေးချက် ၄၅၀
၁၄။ ခံစားရတာက ဒုက္ခဝေဒနာ ၄၅၂
စံစားရတာက သုခဝေဒနာ ၄၅၂
၁၅။ ပီတိနဲ့ သုခ ၄၅၃
၁၆။ စိတ္တာနုခ်ါရအမည်ရတဲ့ တရား ၄၅၄
၁၇။ ပီတိနဲ့ သုခ မက္ခာရင် ရာဂကပ်တတ်တယ် ၄၅၇
၁၈။ မူလကမ္မဋ္ဌာန်း ပြန်ထိုင်ဖို့ မမေ့နဲ့ ၄၅၉
၁၉။ အာနာပါနသတိသုတ္တန်လာ တတိယ စတုက္ကလေးချက် ... ၄၆၀
၂၀။ နိဝရဏနဲ့ ကိလေသာတရားတို့မှ လွတ်မြောက်နေတဲ့ စိတ် ၄၆၁
၂၁။ သုခဝေဒနာအပေါ် ရှုကွက် ၄၆၅
၂၂။ သုပ္ပဝါသာကောလိယ ဓိတာမင်းသမီးရဲ့ ဒုက္ခဝေဒနာခွာနည်း ၄၆၇

စဉ်	အကြောင်းအရာ		စာမျက်နှာ
	(၁) ဗုဒ္ဓ၏ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် (ဗုဒ္ဓါနုဿတိ)	....	၄၆၈
	(၂) သံဃာ၏ သုပ္ပဋိပန္နတာဂုဏ်တော် (သံဃာနုဿတိ)		၄၇၀
	(က) အပြာဟ္မစရိယသိက္ခာပုဒ် လုံခြုံတဲ့ အမျိုးသမီး ၇-ယောက်	....	၄၇၁
	(၃) နိဗ္ဗာန်၏ သန္တိသုခဂုဏ်တော် (ဥပသမာနုဿတိ)		၄၇၃
၂၃။	မဟာတိဿမထေရ်ကြီး	....	၄၇၅
၂၄။	ကာမစည်းစိမ်တော့်ဟာ သွေးဒဏ်ရဲနေတဲ့ အသားတစ်တွေပဲ		၄၇၆
၂၅။	မဟာတိဿမထေရ်ကြီး အာမဒံပေ ခြင်း	....	၄၇၉
၂၆။	မဟာတိဿမထေရ်ကြီး သီလဆင်ခြင်ခြင်း	....	၄၈၂
၂၇။	မဟာတိဿမထေရ်ကြီးရဲ့ ဝေဒနာခွာနည်း	....	၄၈၇
၂၈။	မဟာတိဿမထေရ်ကြီး ရဟန္တာအဖြစ်ရောက်ရှိခြင်း	....	၄၉၁
၂၉။	မဟာတိဿမထေရ်ကြီး ဥဒါန်းတွေကျူးပြီး ပရိနိဗ္ဗာန်စံခြင်း	....	၄၉၁
၃၀။	အာဇာနည်ပုဂ္ဂိုလ်ကြီးများရဲ့ လုံ့လဝီရိယကို စံနမူနာယူ	....	၄၉၄

ပဉ္စမပိုင်း

ဝိညာဏကွန်ရာ

၁။	မျက်လှည့်ပညာသဘောနဲ့ မျက်လှည့်ကိုကြည့်နည်း	....	၄၉၉
၂။	ဝိညာဏကွန်ရာဟာ မျက်လှည့်နဲ့တူတယ်	....	၅၀၃
၃။	လှတယ်မလှဘူးဆိုတာဟာ ဝိညာဉ်ရဲ့လှည့်စားမှု	....	၅၀၅
၄။	ဖွတ်ဖမ်းတဲ့ဥပမာလို	....	၅၀၇
၅။	ဖောက်ပြန်မှုကိစ္စတစ်ခုတဲ့သဘောကခုပဲ ရှိတယ်	....	၅၀၉
၆။	ဓမ္မရဲ့သဘာဝကို မိအောင်ဖမ်း	....	၅၁၂
၇။	သဘာဝနဲ့သာမညလက္ခဏာပိုင်ရင်သစ္စာသဘောဝင်လာတယ်	—	၅၁၆
၈။	သညာသိ၊ ပညာသိ၊ ဝိညာဉ်သိဆိုတဲ့ အသိ ၃-မျိုး	....	၅၁၈
၉။	သမုတိသစ္စာကို ကျော်လွားနိုင်မှ ပရမတ္ထသစ္စာရောက်မယ်	....	၅၂၁
၁၀။	လူပေါ ဘဲကျောင်းသလို မဖြစ်ကြနဲ့	....	၅၂၃
၁၁။	သဘာဝလက္ခဏာကို ပိုင်ဖို့အရေးကြီးတယ်	....	၅၂၆

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁၂။	ပဓာနအကျဆုံး သခ်ၤါရက္ခန္ဓာအစုံဝင်တရားများ	....	၅၂၆
၁၃။	ဿဘာဝလက္ခဏာဆိုက်အောင်ကြည့်မှု သစ္စာသုံးချက် သိမယ်	....	၅၃၁
၁၄။	အာနာပါနသတိသုတ္တန်လာ စတုတ္ထ-စတုက္ကလေးချက်၊ (သို့မဟုတ်) ဓမ္မာနုပဿနာနည်း ၄-နည်း	....	၅၃၅
၁၅။	သြဘာသဆိုတဲ့ အရောင်အလင်းကြောင့် ထမာဓိ ပျက်တယ်တယ်	....	၅၄၀
၁၆။	ဓမ္မာနုပဿနာ၄-ချက်ကိုသာ လက်ကိုင်ထားရှု	....	၅၄၄

နိဂမပိုင်း

၁၇။	ခန္ဓာ ၅-ပါးနဲ့ ဥပမာ ၅-မျိုး	....	၅၄၉
၁၈။	ရုပ်တရားကြီးကို စွန့်ပစ်ရခြင်းအကြောင်း ၃-မျိုး	....	၅၅၇
၁၉။	ဝိညာဉ်ဆိုတာက ရုပ်သေးဆရာ၊ ဇီဝိတဆိုတာက ရုပ်သေးကြီး	....	၅၅၉
၂၀။	အရုပ်ကြီးပြတ်ဖြစ်ရင် စင်ပေါ်ကနေ ပစ်ချခံရမယ်	....	၅၆၁
၂၁။	ဝိညာဏက္ခန္ဓာဟာ မျက်လှည့်သမား	—	၅၆၃
၂၂။	ခန္ဓာငါးပါး လူသတ်သမား	....	၅၆၅
၂၃။	သတိသမ္ပဇဉ်နဲ့ ခန္ဓာကိုရှုပါ	....	၅၆၇
၂၄။	အားကိုးစရာ ရှိကြပြီလား	....	၅၆၈
၂၅။	ဝေဒနာရဲ့အစ ဇော့်ထိမှုက	....	၅၇၂
၂၆။	နိဗ္ဗာန်ဆိုတာ ဘာလဲ	....	၅၇၄
၂၇။	ဥပက္ကိလေသနဲ့ကြုံလာရင် မူလကမ္မဋ္ဌာန်းပြန်ကိုင်ရှု	....	၅၇၈
၂၈။	ဗျည်ဘက္ခကုယတောလေး	....	၅၈၂
၂၉။	အိုးထိန်းသည်ရဲ့ အိုးဟာ ကွဲခြင်းမှာ အဆုံးသတ်သလို	....	၅၈၃
၃၀။	ကိုယ်တော်လေး အိပ်ငိုက်မိလို့ ကျားကိုက်ခံရတယ်	....	၅၈၆
၃၁။	ကိုယ်တော်လေး မူလကမ္မဋ္ဌာန်းပြန်ထိုင်ခြင်း	....	၅၉၁
၃၂။	ကိုယ်တော်လေး ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်ဝင်စံခြင်း	....	၅၉၃
၃၃။	လူ့ခန္ဓာကိုယ်ဆိုတာ သတ္တဝါတွေရဲ့ အစားအစာ	....	၅၉၆
၃၄။	ဇဲ့၊ လုံ့လ၊ ဝီရိယရှိကြပါ။	....	၅၉၇

ပန်ကြားချက်

ဤဖေဖော်ဝါရီလ ပြဿနာတွင် တရားတော်စာမူကို မူလသုတ်သင်တည်းဖြတ် အပိုင်းခဲ့ထားရာ၌ ချုတ်ယွင်းချက်များ ရှိနေခဲ့ပါသည်။

ဤချုတ်ယွင်းချက်အရ ပုံနှိပ်တိုက်မှ ရိုက်နှိပ်ရသောအခါ ရှေ့ပိုင်းတွင် အပိုင်းကလွဲ ခဲ့ထားမှုများ လွဲမှား ရိုက်နှိပ်မိကြောင်း သိရှိရပါသည်။

သို့ပါ၍ အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုတော်မူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁။ စာမျက်နှာ ၁၅-မှ ပဌမပိုင်းကို (ပဏာမပိုင်း) ဟူ၍ဖတ်ပါ။

၂။ စာမျက်နှာ ၇၉-မှ ဒုတိယပိုင်းကို (ပဌမပိုင်း) ရုပကွန္ဓာ ဟူ၍ဖတ်ပါ။

၃။ စာမျက်နှာ ၁၉၁-မှ တတိယပိုင်းကို (ဒုတိယပိုင်း) ဟူ၍ဖတ်ပါ ဖြစ်ပါသည်။

ကျမ်းဦးမှတ်ဖွယ်

သဲကုန်းဆရာတော်သည် ဤဇေဏပိဏ္ဍုပမ သုတ္တန်၊ တရားတော်ကြီးကို သထုံမြို့(၅)ရက်စခန်း ဖွင့်လှစ်၍ တရားပြသ ဆိုဆုံးမစဉ်တွင်—

၁။ ပဏာမပိုင်း၊
၂။ ပရိကမ္မပိုင်း၊
၃။ ဂျပကွန္ဓာပိုင်း၊
၄။ ဝေဒနာကွန္ဓာပိုင်း၊
၅။ သညာကွန္ဓာပိုင်း၊
၆။ သင်္ခါရကွန္ဓာပိုင်း၊
၇။ ဝိညာဏကွန္ဓာပိုင်း၊
၈။ နိဂမပိုင်း—

အားဖြင့် အပိုင်းကြီး (၈)ပိုင်းပိုင်း၍ ဟောကြားပြသ ဆိုဆုံးမခဲ့ပါသည်။

စားယင်းဂျမှတ် တရားပြတ်

ကျွန်ုပ်တို့တတွေသည် အမှတ်တမဲ့စားသောက်ကြသည်၊စကားတပြောပြော တသောသောရယ်မောရင်း စားသောက်ကြသည်။ အရသာခံ၍ စားသောက်ကြသည်က များခဲ့ကြပါသည်။ စားသောက်ယင်း တရားမာတ် ရလဒ်များကို ပိုင်ပိုင်နိုင်နိုင် မရယူနိုင်ခဲ့ကြပါ၊ စားသောက်ယင်း တရားအလုပ်ကို လုပ်မရ၊ မလုပ်နိုင်ဟုပင် ထင်မြင် ယူဆခဲ့ကြပါသည်။ သဲကုန်းဆရာတော်ကမူ ထမင်းဆိုတာက ဘာမာတ်စသည်ဖြင့် ထမင်းတလုတ် ထမင်းတလုတ်စားတိုင်း ခာတ် သဘာဝ ကဲ့ပြားသွားအောင် ဂျမှတ်ခဲ့စိတ်ဖြာ၍ စားကြရန် ပဏာမပိုင်း ခာတုမနသီကာရ ပစ္စဝေက္ခဏာ ဟောကြားခဲ့ထည့်သွင်း၍ ဟောပြထား

သည်မှာ စားသောက်ယွင်း တရားဓာတ် ရလဒ်များကို ရယူနိုင်ကြဘို့ပင်ဖြစ်ပါသည်။

စူဠဋ္ဌသောတာပန်ရည်မှန်း ကျင့်ကြစမ်း

ရည်မှန်းချက်ဖြင့် အလုပ်တခုကို ပြုလုပ်သူတိုင်းပင် အမြင့်ဆုံးဆင့်တန်း ထိပ်ဦးပန်းကို မှန်းရွယ်ထားကြသည်က များ လှ ပါသည်။ တော်သင့်ရုံ မှန်းမျှော်၍ လုပ်ကိုင်ကြသူများကို ကြံရွယ်ချက် သေးသိမ်သူ အောက်တန်းစား လူ စိတ်ထား ပျော့ညံ့သူ ညံ့ဖျင်းသူဟု အထင်သေးအမြင်သေးကြ၏။ မြင့်မြင့်ကြံမှ မြင့်မြင့်စံရသည်ဟု ပြောဆိုကြပါသည်။ သို့ရာတွင် အမြင့်ပန်းကို လက်လှမ်းသူများပင် တဝက်တပျက်နှင့် ခရီးဖျက်ကာ အရှုံးပေးကြရသဖြင့် နှလုံးမအေးနိုင်ကြတော့ပဲ အုံ့ပုန်းဆွေး ဆွေးပြီး ယူကျုံးမရ အပူလုံးကြီးကာ လူလုံးမလှ ဖြစ်ကြရသူများကို ဒုန့်ဒေး တွေ့မြင်ကြရပါမည်။

ထိုသို့ မဖြစ်ကြစေလိုသဖြင့် သဲကုန်းဆရာတော်က ပရိကမ္မခန်းတွင် စူဠဋ္ဌသောတာပန္နော နာမ နိယတဂတိကော ဟောတိ။ ဒေသနာအာဂမ သာမက်ပြ၍ စူဠဋ္ဌသောတာပန်အဆင့် မှန်းရည်လင့်၍ အကျင့်စခန်း ကြိုးပမ်းကြရန် တိုက်တွန်းချက် ပေးထားပါသည်။

ဤသို့ဆိုသဖြင့် "ဒိန္နာဟံ ဘိက္ခဝေ ဓမ္မာနံ ဥပညာသိ။" ယာစ အသန္တုဋ္ဌိတာ ကုသလေသု ဓမ္မေသု ယာ စ အပ္ပဋိဝါနိတာ ပဓာနသို့-အစရှိသော ဒေသနာများကို ကိုးကား၍ သဲကုန်းဆရာတော်အား အပြစ်တင်ကြမှာစ် ထင်ပါသည်။ ကာလအခါနှင့်ကို ချင့်ကာ မှန်းရွယ်သင့်ပုံ မလိုဘစသို့၍ ထုတ်နုတ်ဖော်ပြချက်ဖြစ်ပါသည်။ သဲကုန်းဆရာတော်၏ အဆင့်အတန်းမြင့်မြင့်ကို ရည်ရွယ်ချက်ထား၍ ဟောကြားတရားမျက်များ၊ သတိပေးထားချက်များ၊ တိုက်တွန်းထားချက်များ စာရှုသူတို့ကိုယ်တိုင် တွေ့ရှိကြရပါမည်။

ဆင်ခြင်ဖွယ်ရာ နည်းပျားစွာ

များစွာအားဖြင့် တရားဌာနသို့ ဝင်ရောက်လာကြသော ပုဂ္ဂိုလ်များသည် ရာသီဥတု နေရာထိုင်ခင်း အစားအသောက်တို့ကို ရှေ့တန်းတင်ထားတတ်ကြ၏။ ရာသီဥတုကောင်းမှ တရားအလုပ်စခန်း ဝင်ချင်ကြသည်၊ နေရာထိုင်ခင်းကောင်းမှ သဘောကျ ကျေနပ်ကြသည်။ အစားအသောက် ဖောဖော သီသီ ကောင်းကောင်းမွန်မွန် စားသောက်ကြရမှ တရားထိုင်ချင်ကြသည်။

သို့ဖြစ်၍ ရာသီဥတုအပူဒဏ်ကို ပူတာ၊ပူတယ်လို့ ညည်းတွားမနေကြပဲနှင့် အတိတ်သံသရာခရီ တလျှောက်ကငရဲကြီးရွာထပ်မှာအပူဒဏ်ခံခဲ့ရတဲ့ဘဝပေါင်း မရေတွက်နိုင်ပုံကိုငင်း၊ အပြင်ဗဟိဒ္ဓဓာတ်အပူက နာရီပိုင်း မိနစ်ပိုင်း အဇ္ဈတ္တမှာ ကိလေသာမီးတောက်တွေက တရှိန်းရှိန်း တောက်လောင်နေပုံကိုလည်းကောင်း၊ ဆင်းခြင်စဉ်းစားပြီး ဗဟိဒ္ဓအပူကို ဂရုမစိုက်ပဲ အဇ္ဈတ္တအပူကို ငြိမ်းသတ်ကြရန် ဟောပြောချက်များသည်လည်းကောင်း၊ နေရာထိုင်ခင်းနှင့် စပ်လျဉ်း၍ ကျယ်ကျယ်ဝန်းဝန်း ကိုယ့်သဘောကျ နေရမှ ကျေနပ်ကြသူ ယောဂီတို့အား ကမ္မဋ္ဌာန်းကျောင်းက ဘယ်လောက်ပင် ကျဉ်းကျပ်တယ်ပြောပြော ဇာတိဒုက္ခနှင့် မကင်းသေးသော သူတို့မှာ ပဋိသန္ဓေနေခဲ့ရလို့၊ မိခင်ဝမ်းခေါင်း ကိန်းအောင်းခဲ့ရလို့ ကျဉ်းကျဉ်းကျပ်ကျပ် ဇာတိဒုက္ခခံခဲ့ရတာတွေ ပြန်ပြောင်းပြီးတော့ ဆင်ခြင်လိုက်ပါက မည်မျှ ကျပ်သိပ်၍ မည်မျှပင် ကျဉ်းမြောင်းသော ကမ္မဋ္ဌာန်းကျောင်းဖြစ်စေကာမူ ကျယ်ဝန်းချောင်ချို့ လာကြရပါမည်။ ထို့အပြင် ပကတိနေအိမ်မကောင်းသဖြင့် ဆင်းရဲဒုက္ခြင် နေကြသူတို့အား မိမိရရှိထားသော ခန္ဓာအိမ်ကြီးရဲ့ ဆိုးရွားပုံ၊ ရုံစုကောင်းပုံ၊ မမြဲဆင်းရဲပုံ၊ အစိုးမရပုံ၊ ဟောပြချက်များသည် လည်းကောင်း၊ အစားအသောက်နှင့် စပ်၍ သံသရာခရီး တလျှောက် ကျင်လည်ခဲ့ရတဲ့ ဘဝတွေမှာ အစာငတ်ပဲ့ သေခဲ့ရတာ မရေတွက်နိုင်လောက်အောင် များပုံ၊ ပြိတ္တာဖြစ်ပြီး ငတ်ငတ်ပြတ်ပြတ် နေထိုင်ခဲ့ရတာတွေ များပုံ ဒုဿီကုန်ဆံရကပ်ကြီးနဲ့ သေခဲ့ရတဲ့ ဘဝပေါင်းကလဲ မရေတွက်နိုင်အောင် များပုံ ဆင်ခြင်ဖွယ်ရာများကို ဟောပြပြီး—

သန္တုဋ္ဌဿာယံ ဓမ္မော၊ နာယံဓမ္မော အသန္တုဋ္ဌဿဖြင့် ငရုင့်ရဲတင်းတိမ်မှုရဲ့ အနှစ်သာရဖြစ်ပုံ ဟောပြချက်များသည်လည်းကောင်း ဖတ်ရှုယင်း ဖတ်ရှုယင်း စိတ်ဓာတ်အေးမြချမ်းသာရပြီး ဒိဋ္ဌမဂ္ဂဿဝ ဝိဟာရကို ရယူနိုင်ကြပါမည်။

သတိထားစရာ တာလေးဖြာ

ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ — ကြံ့ခိုင်နှင့်တူစွာ တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်ဝင်၍ တရားအလုပ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ရမည့် ဘုရား ခဂ္ဂဝိသာဏသုတ်၌ ရှင်ဓတ်ဘုရားက အထင်အရှား ဟောပြထားတော်လည်း အဖော် တယောက်လောက်တော့ အနှည်းဆုံး ပါအုံးမှဟု အပေါင်းအဖော်နှင့်မှ တရားအားထုတ်ချင်ကြပါသည်။

ထို့အပြင် ကိုယ်တိုင် ကျင့်ကြံကြိုးကုတ် အားထုတ်မှုထက် ပိုင်ပိုင်နိုင်နိုင် ချက်ကျကျ ဟောဆိုနိုင်မှုကိုပင် တရားအသိဉာဏ်ရင့်သန်မှုဟု ယူဆကြပြီး တရားမေးခွန်းခြင်းဟူသော အမိပ္ပာယ်ဖြင့် အဓိပ္ပာယ်သမားများသာ များနေကြသည်။ တဖန်တို့ စားသောက်ပြီး၊ တရေးဘမောလောက်တော့ တရားလုက်လုတ်ကာ မှေးစက်လိုက်အုံးမှပဲဟု ကိုယ့်ဆင်ခြေနှင့်ကိုယ် ယောဂီများသည် အနားယူကြရမှ ကျော်ပြီကြပြန်ပါသည်။ ယို့အပြင် တရားအားထုတ်နေယင်း သေနာသနဝတ် စသော ကိစ္စများကို ဝေယျာဝစ္စကုသိုလ်ရေးများဟုပင် ယူဆကြကာ ပဓာန တရားအားထုတ်မှုကြီးကို လက်လွှတ်ထာ၍ ဝေယျာဝစ္စပိုင်းသို့ သဒ္ဓါတရား ထက်သန်စွာ ကူးသွားဘတ်သူများ ရှိတတ်ကြပါသည်။

ထိုကဲ့သို့ ပဓာနတရားအလုပ်ကို အားထုတ်ကြသော ယောဂီများ ယူဆမှုလွဲ ချော်သွားသဖြင့် များစွာအုံးဖျဲးနှစ်နာသွားခဲနိုင်သည့် ဟားကြီးများဖြစ်သည့်-

၁။ သင်္ကိစ္စိကာရာမတာ=အပေါင်းအသင်းလိုလားမှု၊
၂။ ဘဿာရာမတာ=စကားအပြောများမှု၊
၃။ နိဒ္ဒါရာမတာ=အအိပ်များမှု၊
၄။ ကမ္မာရာမတာ=ဝေယျာဝစ္စများမှု-

များကို ရှောင်ရှားကြရန် တာလေးချက် သတိပေးချက်များသည်လည်း ယောဂီများ လိုက်နာကျင့်သုးကြရမည့် အချက်များပင် ဖြစ်ပါသည်။

ဂျပ် ဤရပ်-ဇရမြုပ်သဟ္ဘာန်

မြစ်တုံး ချောင်းမြောင်းအတုံင်းဥ အထက်မှ ရေဝီးကြောင်းအလိုက် မျော ပါလာကြသော ရေမြုပ် ရေစိုင်ခဲကြီးများကို မြင်ဘူးကြပါမည်။ ၎င်းတို့ကို အဝေးမှကြည့်ရှုက ဒသင်္ဘတမျိုးဖြင့် ဝပ်မင်ချင်စရာ အမြင်တမျိုး ဖြစ်ရပြီး အနီးကပ်ကြည့်ပြန်တော့ ခိုင်ပာတောင့်တင်းတဲ့ ခုံမင်စရာ ပုံအာင်းဟု ယူဆမိ ကြကာ လက်နှင့်ခတ္တထိ စမ်းသပ်မေ့ဆော်ကြည့်လိုက်တော့မှ ဘာမှမဟုတ် အနှစ်မပါ ပစ်စရာဟာလာဟင်းလင်းဖြစ်ပုံ အခင်းကို တွေ့ကြရပါတော့သည်။

ထိုကဲ့သို့ ရေမြုပ်စိုင် ရေမြုပ်ခဲကြီးများကို အကြည့်သုံးမျိုးဖြင့် ကြည့်ရှုခဲ့လျှင် အမြင်အမျိုးမျိုးဖြစ်ပေါ်လာသကဲ့သို့ပင် ရေမြုပ်စိုင်ကြီးနှင့်တူသော ဤ ရုပ် ခန္ဓာကြီးကိုလဲ အကြည့်သုံးမျိုးဖြင့် ဉာဏ်စက္ခုအသုံးပြု၍ ကြည့်လိုက်သော အခါ-

၁။ တွန်းကန်လှုပ်ရှားတဲ့သဘော (ဝါယော)
၂။ ပူလောတဲ့သဘော (တေဇော)
၃။ အေးလာတဲ့သဘော (တေဇော)
၄။ တောင့်တင်းလာတဲ့သဘော (ပထဝီ)

ဟု ခွဲခြား စိတ်ဖြာ၍ ဟောကြားထားသော "အတ္တေထင်ရှား ရုပ်တရား၊ လေးပါးကွဲအောင်ရှု။" ရှုကွက်လေးချက်သည် ငါရုပ် ငါကိုယ် ငါခန္ဓာဟူစွဲ ထားတဲ့ သက္ကာယဒိဋ္ဌိကြီး ကွာထွက်သွားနိုင်ပါသည်။

ရုပ်ကိုမြင်မှု-ဖြစ်ပျက်ရှု

ရုပ်နှင့်နာမ် သုတသိမျှ ကွဲကွဲပြားပြား မသိကြပဲ ဖြစ်ပျက်ကို ရှုမှတ်နေပါတယ်ဟု အခွါသော ယောဂီများက ဇပြာဆိုတတ်ကြပါသည်။ ဘယ်လိုဖြစ်ပျက်ရှုနေသလဲဟု ထပ်ဆင့်၍ မေးခဲ့သော် ထွက်လေဖြစ်ပျက်၊ ဝင်လေဖြစ်ပျက်၊ ဖောင်းတာဖြစ်ပျက်၊ ပိန်တာဖြစ်ပျက်၊ သွားတာဖြစ်ပျက်၊ စားတာဖြစ်ပျက် အကုန်လုံးဖြစ်ပျက်ပါပဲဟု ဖြေဆိုကြပါသည်။

ထိုသို့ လုံးထွေးယှက်တင်ဖြစ်ပျက်ဆိုက ဝိပဿနာတရားပဲဟု ယူဆပြီး စုံမက်နှစ်သက်စွာ ပြောဆိုနေကြသူတို့အား-ရုပ်တရား တလုံးတလုံးမှာ လက္ခဏာတမျိုးစီက သဘာဝလက္ခဏာ၊ ကိုယ်အလိုအတိုင်း မဖြစ် မမြဲ ဆင်းရဲတူကြတာက သာမညလက္ခဏာ၊ ရုပ်မှန်းတကယ် ကွဲကွဲပြားပြား ပိုင်းခြားသိမှ ရုပ်ကို အနိစ္စသုံးသပ်ဆင်ခြင်မှု ပြုကြရန်၊ ရုပ်ကို ပပိုင်သေးပဲနဲ့ ရုပ်မှန်း ကွဲကွဲပြားပြား မသိသေးပဲနှင့် ဝမ်းဗိုက်က အနိစ္စ၊ လက်က အနိစ္စ၊ ခေါင်းက အနိစ္စစသည်ဖြင့် ရှုမှတ်နေကြက တကယ်အရှိမဟုတ်တာတွေ အတွေးမဟုတ်တာတွေ ရှုမှတ်နေကြသဖြင့် လမ်းချော်မသွားကြစေရန် တကယ်အရှိ အတွေးဖြစ်သော အတွေ့ထင်ရှား ရုပ်တရားလေးပါး ပိုင်နိုင်ကြမှ သမ္မသနာကာရအနေဖြင့် အနိစ္စ ဒုက္ခ အနတ္တ ရှုမှတ်ကြရန် ပြင်ဆင်ပေးထားသော သတိပေး ဟောကွက်များသည် ယောဂီများအတွက် တန်ဖိုးကြီးမားလှပါတော့သည်။

နိဗ္ဗိန္ဒရောင်ဆောင်လတ်-ဒုဒါမနဿ

သားရေး၊ သမီးရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ တိုင်းရေး ပြည်ရေးမှစ၍ လောကီရေးရာ အဖြာဖြာတို့ကြောင့် စိတ်နှမ်းကိုယ်ရိ မချမ်းမသာ ဖြစ်ကာ

လောကလူအများနှင့် မဆက်ဆံလိုတော့ပဲ ထွက်ခွာသွားလိုခြင်း များကို သံဝေဂဉာဏ် နိဗ္ဗိဒါသဘောဟု မှတ်ချက်ချပြီး ကိုယ့်ကိုယ်ကို အဟုတ်ထင် မှတ် နေတတ်ကြပါသည်။ ဒေါမနဿ သဘောပဲလား ဟု မဆုံးဖြတ်မိကြပါ။

နိဗ္ဗိန္ဒာဉာဏ်ဆိုသည်မှာ သားသမီး ဥစ္စာစီးပွား ဇနီးမယားစသော လောကီ ရေးရာ မှုကိစ္စတို့နှင့် မစပ်ဆိုင် မယုတ်သွယ်ပဲ ရုပ်ရဲ့ဖြစ်ပျက် ရုပ်ရဲ့နိုပ်စက် ရုပ်ရဲ့ အနတ္တအချက် တွေ့မြင်ရပြီး ဖြစ်ပေါ်လာတဲ့ဉာဏ်၊ ရုပ်ကို နှစ်သက်နေက ဒုက္ခကို နှစ်သက်နေတာပဲ၊ ဒုက္ခနှစ်သက်နေလျှင် ဒီဒုက္ခက ဘယ်တော့မှ မလွတ် မြောက်နိုင်ပါ၊ ရုပ်ရဲ့ အပြစ်ကို တွေ့အောင်ရှာရမယ်၊ ရုပ်ရဲ့ အပြစ်က အနိစ္စ ဒုက္ခ ဝိပရိဏာမ ဤသုံးချက်ပဲ၊ ဤသုံးချက်ကို ဉာဏ်အမြင်ဆိုက်ရင် ငြိုးငွေ့ မှုဆိုတဲ့ နိဗ္ဗိန္ဒာဉာဏ် ဖြစ်ပေါ်လာကောင်သည်ဟု ဒေါမနဿနှင့် နိဗ္ဗိန္ဒာဉာဏ် ခဲ့ပြီ ချက်များမှာလည်း ရှင်းလှ လင်းလှသဖြင့် နိဗ္ဗိန္ဒယောင်ဆောင်၍ ဝင်ရောက်လာ သော ဒေါမနဿကို တိုက်ထုတ်ပြီး နိဗ္ဗိန္ဒာဉာဏ်အစစ်ကို ရယူကြဘို့ ဖြစ်ပါ သည်။

ဝေဒနာစက် ရေပွက်သဏ္ဌာန်

မိုးသည်းထန်စွာ ရွာသွန်းချသောအခါများ၌ မြစ်ချောင်းအင်းအိုင် ရေကန် တို့အနီးမှ ရပ်တည်ကြည့်ရှုနေလျှင် အောက်ခံရေမျက်နှာပြင်ပေါ်သို့ ကျ ရောက်လာသော ရေပေါက်များကြောင့် ဖြစ်ပေါ်လာသော ရေပွက် ရေပူဖောင်းကလေးများကို တွေ့မြင်ကြရပါမည်။ ထိုရေပွက်ကလေးများသည် ကောက်ရှိ ယူချင်စရာ လှလှပပ တရစပ်ဖြစ်နေသော အရာဝတ္ထုကလေးများ သဖွယ် ဖြစ်ကြပါသည်။ ကြည့်ရှု လေ့လာခြင်းသုံးမျိုးဖြင့် ကြည့်ရှု လေ့လာ သောအခါကျမှ ဘာအသုံးမှ ချလို့မရသော ရေပွက်များသာဟု ကဲ့ကဲ့ပြား ပြား သိရှိနိုင်ကြသကဲ့သို့ပင် ရေပွက်ပမာ ဝေဒနာသုံးမျိုးသည်လည်း ကြည့် နည်းသုံးမျိုးဖြင့် ကြည့်ရှုလေ့လာပါက အနှစ်သာရ ရှာမတွေ့ဖြစ်ရပုံ ဟောပြ ခန်း၌ ရေပွက်ရဲ့အကြောင်းလေးပါး၊ ဝေဒနာရဲ့ အကြောင်းလေးပါး ခဲ့ခြား ပြထားပြီး အကြောင်းမရှိပဲ အလိုလိုဖြစ်တယ်လို့ သဘောကျလျှင် အဟေ တုကဒိဋ္ဌိ ဖြစ်သွားနိုင်ပုံ၊ မှန်ကန်သော အကြောင်းမဟုတ်ပါပဲ မမှန်ကန် သောအကြောင်းကို အကြောင်းလုပ်ပြီး လက်ခံခဲ့ရင် ဝိသမဟေတုကဒိဋ္ဌိ ဖြစ် သွားနိုင်ပုံ၊ ဒိဋ္ဌိအစွန်းတွေက လွတ်ထွက်သွားစေခြင်းငှာ မှန်ကန်သော အကြောင်းကို စူးစမ်းဆင်ခြင်ခြင်းဆိုတာ ရှိသင့်ကြောင်း၊ ဘာကြောင့် ဝေဒ

နာဖြစ်တယ်ဆိုတာ စူးစမ်းဆင်ခြင်သင့်ကြောင်းမျှးဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်သို့ အရောက် အလုပ်ပေး ရှုကွက်ပေး ဟောပြထားသည်မှာလည်း အကွက်ဆိုက်လှသဖြင့် ယောဂီမျှးအဖို့ အားရနှစ်သက်ကြရပါမည်။

ရှုကွက်သုံးသွယ် နည်းယူဖွယ်

၁။ ကာယပဿာဒရုပ်၊
၂။ ဖောဋ္ဌဗ္ဗာရုံ၊
၃။ ခံစားမှုဝေဒနာ–

သုံးမျိုးတို့တွင် ကာယပဿာဒက တလိုင်း၊ ဖောဋ္ဌဗ္ဗာရုံက တလိုင်း၊ခံစားမှုဝေဒနာက တလိုင်းအားဖြင့် လိုင်းအသီးသီး ခွဲခြားထားပြီး ပထမံ တေဇော ဝါယော တခုစီ ခွဲရှု၊ ဓာတုမနသိကာရ ကာယာနုပဿနာ အကုန်ပေါင်းရှုပ်အနေနှင့် ရှုတော့ ဓမ္မာနုပဿနာ၊ ခံစားမှုဝေဒနာကို ရှုမှတ်တော့ ဝေဒနာနုပဿနာဟု ရှုကွက်သုံးသွယ် ဖော်ပြထားသည်မှာလည်း ယောဂီမျှးရှုကွက်ပြောင်းကာ လဲကာ ရှုမှတ်သွားနိုင်သော နည်းလမ်းကောင်းမျှးဖြစ်၍ ဉာဏ်အဆင့် ရင့်ကျက်သွားစေနိုင်ပါသည်။

အားရစရာ ကျိုးမျှးစွာ

ဆင်းရဲသော ကာယ်ကဒုက္ခဝေဒနာနှင့် တွေ့ကြုံနေရသဖြင့် ဒေါမနဿနှလုံးမသာယာမှုတည်းဟူသော စေတသိကဒုက္ခ ဝင်လာသောအခါ ၎င်းကို ခွာထုတ်ပြီး သောမနဿဝင်လာသဖြင့် နှစ်သက်မှုပီတိ၊ ငြိမ်းအေးမှု ပဿဒ္ဓိ၊ ချမ်းသာမှုသုခ၊ တည်ကြည်မှုသမာဓိ အဆင့်ဆင့် အကျိုးဆက်မျှး ရရှိသွားကြရန် ဝေဒနာဝိဂ္ဂဟနသဘော ရှင်းလင်းပြချက်မှားမှာလည်း တိကျလှသဖြင့် ယောဂီမျှးအား ကျေးဇူးမျှးလှပါသည်။

သညာနာမ်ခတ် တံလျှပ်သဏ္ဌာန်

သောက်သုံးစရာ ရေလည်းမရှိ၊ နားခိုစရာ အရိပ်ကလည်း ဗလာ၊ နေမင်းကလည်း ပူပြင်းလှပါဘိသနှင့် နွေခေါင်ခေါင် ခရီးရှည်သွားနေသော သဲကန္တာရခရီးသည်သည်၊ ရွှေခရီးသို့ လှမ်းမျှော်၍ ကြည့်လိုက်ပါလျှင် တခါတခါ ညို့ညို့ဆိုင်း၍ အုံမှိုင်းနေသော တောအုပ်ယောင်ယောင် တွေ့မြင်လိုက်ရပြီး

၀မ်းသာလုံး ပီတိအဟုန် တဖွားဖွားပေါ်ပေါက်၍ လာခဲ့ရ၏။ သို့သော် ခရီးဆက်၍ သွားလိုက်သောအခါ ညို့မှိုင်းတောအုပ် ငုတ်တုတ်ပျောက်၍ သွားပြန်သဖြင့် အမောဆို့ရလေသည်။ တခါတခါ ရေပြင်ရေးရေးကို အငေးတမော မြင်ရပြန်၏။ ခရီးဆက်လိုက်က ရေပြင်ရေးရေးသည် သဲပြင်ဖွေးဖွေး ဖြစ်နေပြန်သဖြင့် ဟောဟိုက်ဟောဟိုက်နှင့် အမောဆိုက်ခဲ့ရပြန်လေသည်။

ထိုနည်းနှင်နှင်ငင် သံသရာခရီးသွားသည် အနိစ္စအပြည့်ဖြစ်နေတဲ့ ခန္ဓာ ငါးပါးကို နိစ္စလို့ ထင်နေခြင်း၊ ဒုက္ခအပြည့် ဖြစ်နေတဲ့ ဟုံသုံးပါးတည်းဟူသော ကန္ဓာရကို သုခလို့ ထင်နေခြင်း၊ အနတ္တ ဖြစ်နေတဲ့ ရုပ်နာမ်နှစ်ပါးကို အတ္တလို့ ထင်မှတ်နေခြင်း၊ အသုဘအပြည့်ဖြစ်နေတဲ့ခန္ဓာကိုယ်ကြီးကို သုဘလို့ထင်မှတ်နေခြင်းများဖြင့် ပျော်တပြုံးပြုံးနှင့် မော်လို့မဆုံးအောင် ရှိနေရာမှ ကြည့်ရှုခြင်းသုံးနည်းဖြင့် ကြည့်ရှုလိုက်သောအခါ ထိပ်ချမှ ဒမြမှန်း သိခဲ့ရလေပြီ။

အဝိဇ္ဇာမသိမှုနှင့် တဏှာတွယ်တာမှုကြောင့် သညာအမှတ်မှားကာ ဒမြမှန်း မသိကြသေးသော သူတို့အား သဲကုန်းဆရာတော်က သညာခန္ဓာပိုင်းတွင် ဝိပလ္လာသတရားများဖြင့် အကျယ်တဝင့် ရှင်းလင်းပြကာ ရှုကွက်ပေး၍ ထိပ်ချပြထားသည်များကို ကိုယ်တိုင်ကြည့်ရှု မှတ်သားသိရှိနိုင်ကြပါသည်။

သိသင့်သိရာ ချက်ငါးပါ

ထိုသညာကိန္ဓာပိုင်းဌိပင် ကိုင်းကေား ကြီး ရှင်းလင်းပုံ ဥပမာဖြင့် ဗျာန်ကျင့်စဉ်နှင့် ၊ ကျင့်စဉ် ကွဲခြားချက် ကရားအလုပ်ကို အားပတ်တကုတ် ကြိုးစားကုတ်သူ ဖြစ်လာပါက မယိမယာ ဝင်ရောက်နှောင့်ယှက် အမ်မာနများ ဖြစ်ပေါ်လာတတ်ပါသည်။ ထိုဒမ်မာန်များကို ဝက္ကလိမထေရ် ဝတ္ထုပြု၍ ရှင်းလင်းလားချက်များသည်လည်း ငယ်ဂိများ သိသင့်သိထိုက်သော အချက်များပင် ဖြစ်ပါသည်။

သင်္ခါရကွေ ငှက်ပျောသဏ္ဌာန်

မိမိနေထိုင်ရန် အသောက်အစုံ ဆောက်လုပ်ရေးဖြင့် တိုင်ရှာထွက်လာသော တောလည် ယောကျ်ားသည် တောနက်ကြီးကဲ့သို့ ရောက်သွားကာ ဖြောင့်စင်းချောမွေ့၍ လုံးပတ်အားဖြင့် အသင့်ဖြစ်နေသော ငှက်ပျောပင်ကြီးကို တွေ့ရှိလိုက်ပါသည်။

တောလည် ယောကျ်ားသည် ဝမ်းသာအားရ ငှက်ပျောပင်ကို ခုတ်လဲ၍ အရင်းဘက်မှလည်းကောင်း၊ အဖျားဘက်မှလည်းကောင်း တိုကိုကျကျ ဖြတ်ကာ တဖတ်စီ တဖတ်စီခွာ၍ ငှက်ပျောတုံးကြီး၏ ခိုင်မာသော အနှစ်ကို ရှာကြည့်ပါသည်။ အနှစ်ကို မတွေ့ရပဲ ဟာလာဟင်းလင်း ဗလာကျင်း၍သွားသည်ကို တွေ့လိုက်ရသဖြင့် အထင်နှင့်အမြင် ကွာခြားမှုကြောင့် သောကလိုက်ဖို ရှိုက်၍ ငိုကျွေးရပါတော့သည်။

ထိုကဲ့သို့ပင် သံသရာခရီးသွားသည် သခ်ၤါရကွန္ဒေါ ငှက်ပျောတုံးကြီးကို အနှစ်သာရ ရအံ့နိုးနိုးဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ရှုခဲ့ပါသည်။ ငှက်ပျောတုံးတွင် အနှစ်သာရ မရှိမှန်း မသိခဲ့ရှာပါ၊ အနှစ်ဆိုတာကိုလဲ တိတိကျကျ နားမလည်ရှာပါ။

ဤသို့ အနှစ်အကာ ခွဲခြား၍ နားမလည်ပဲ ငှက်ပျောတုံးတွင် အနှစ်ရှိအံ့နိုးနိုးနှင့် အနှစ်ရှာနေသော သံသရာခရီးသွားအား သဲကုန်းဆရာတော်က သခ်ၤါရကွန္ဒောပိုင်းတွင် အနှစ်-အကာခွဲခြား၍ ရှာပြထားပါသည်။

ခွာနည်းနှစ်ခု သတိပြု

အနှစ်ကို မသိကြတော့ အစိုင်အခဲဟူသမျှ အနှစ်ဟုပင် ထင်နေကြပါသည်။ ထိုအစိုင်အခဲဃနမျှားကို တထပ်စီ တထပ်စီ ငှက်ပျောတုံးကြီးကို ခွာသကဲ့သို့ ခွာထုတ်ရန်နည်း လိုလာပြန်ပါသည်။ထိုခွာနည်းကိုလည်း သဲကုန်းဆရာတော်က ၁- အရေပါး။ ၂-အရေထူ။ ၃-အမွေး။ ၄-အကြော။ ၅-အသား။ ၆-အရိုး။ ၇-ချဉ်ဆီ။ ၈-အသွေးဟူ ကောင်္ဘာသနည်းနှင့် ခွာပုံကိုလည်း ကောင်း၊ တခုစီ တခုစီမှာ ၁-အပူအအေး ပုံနှံတည်နေတာ သဘို့တခု၊ ၂-တခါတခါ မာတောင့်နေတဲ့သဘော တွေ့ရလိမ့်မယ် သဘောသတို့တခု၊ ၃-တခါတခါ ပြေးလွှားတွန်းကန်နေတဲ့ သဘောသတို့တခုဟု ပရမတ္ထနည်းနှင့် ခွာပုံကိုလည်းကောင်း ရုပ်တရား၌ ခွာပုံနှစ်နည်း ပြသထားပါသည်။

နာမ်တရား၌ "အသိထင်ရှား နာမ်တရား ခြောက်ပါးကဲ့အောင်ရှု"-ဟု ရှုကွက်ပေးပြီး ၁-စေတနာ၊ ၂-မနသိကာရ၊ ၃-ဝီရိယ၊ ၄-သတိ၊ ၅-သမာဓိ၊ ၆-ပညာ ကဲ့ပြားသွားအောင် ရှုမှတ်ကြရန် ပြသထားပါသည်။

ရှုကွက်ပြောင်းရန် နည်းလမ်းမှန်

ယောဂီများအား ဒုက္ခဝေဒနာများပေါ်လာတတ်ပါသည်။ထိုဒုက္ခဝေဒနာကို စိုက်၍ ရှုမှတ်လိုက ရှုမှတ်နိုင်ပါသည်။ နိုင်အောင်မရှုမှတ်နိုင်ခဲ့သော် မူလရှုမှတ်နေကျ ကမ္မဋ္ဌာန်းသို့ ပြောင်းရှုမှတ်ရန်လည်းကောင်း၊ သို့မဟုတ် မူလကမ္မဋ္ဌာန်းလဲလှတ်နေ ဒုက္ခဝေဒနာကြောင့် ဒေါမနဿများ ဝင်လာလျှင် သုပ္ပဝါသာကဲ့သို့ ကြည်နူးဖွယ်အာရုံသို့ ပြောင်းလဲလိုက်ရန်လည်းကောင်း၊ မဟာတိဿကဲ့သို့ ပီတိပါမောဇ္ဇ နှစ်သက်ဝမ်းမြောက်နိုင်သော သိလရှိလျှင် သီလကို ပြောင်းလဲ၍ နှလုံးသွင်းလိုက်ကြရန်လည်းကောင်း၊ သုပ္ပဝါသာဝယ္ဟု မဟာတိဿမထေရ်ဝယ္ဟုများကို သာဓကပြု၍ ရှုကွက်ပြောင်းနည်း ပေးထားသည် မှာလည်း ယောဂီများအား ကျေးဇူးဥပကာရ အထူးများလှပါသည်။

ဝိညာဉ်လက်ဖဲ့ မြက်လှည်းသဏ္ဌာန်

လူစည်ကား ပေါများလှသော ဘုရားပွဲတော် ကြီးများ၌လည်းကောင်း၊ စျေးရုံကြီးများ အနီး၌လည်းကောင်း၊ မျက်လှည့်ပွဲများကို တွေ့မြင်ရတတ်ပါသည်။ ထိုမျက်လှည့်ဆရာများ ပြသနေသော ခွက်ငယ်အတွင်း၌ ငုံဆိုလျှင် ငုံ၊ ရှဲသိုလျှင် ရှဲ၊ စားစရာဆိုပြန်က စားစရာ၊ ပတ်စရာဆိုပြန်က ဝတ်စရာ စသည်ဖြင့် လိုတရှိမျှသည် ဒဏ္ဍာရီစရာ နှစ်သက်စရာ အဝေးမြင်ကွင်း ဖြစ်ပါသည်။

အနီးကပ်၍ ကြည့်ရှုလေ့လာမှု သုံးမျိုးဖြင့် လေ့လာကြည့်ရှုသောအခါဘာမှမဟုတ် မျက်လှည့်ပညာဖြင့် လှည့်ပတ်ထားမှုသာဟု ကဲ့ကဲပြားပြား ခြားနားသိရှိကြပြီး စုံမက်သာယာမှု ကင်းသွားခဲ့ကြရပါသည်။

ထိုနည်းနှင်နှင်ပင် ဝိညာဉ်သည် လှလှပပ တသသ ဖြစ်နေအောင် လည်းကောင်း၊ ဆိုးဆိုးဝါးဝါး ရုံမုန်းသွားအောင်လည်းကောင်း ပြုလုပ်၍ ပြနေပါသည်။ တခါတခါ အထက်တန်းကျကျ မျက်နှာပန်းလှလှ ဖြစ်နေရ၍ တခါတခါ ယူကျုံးမရ လူလုံးမလှ အပူလုံးထ၍ နေရပြန်ပါသည်။ ကြည့်ရှုနည်းသုံးနည်းဖြင့် ကျကျနန ကြည့်ရှုလိုက်သောအခါကျမှ ဝိညာဉ် မျက်လှည့်ဟု ရှင်းသွားလင်းသွားရပါသည်။

သို့ပြုဆိုအပ်ခဲ့ပြီးသော ဝိညာဉ်မျက်လှည့်ကို သဲကုန်းဆရာတော်က ဝိညာဏကဒ္ဒနာပိုင်းတွင် ပမာနုပဿနာ သတိပဋ္ဌာန် ရှုကွက်သွင်း၍ ရှင်းပြလင်းပြထားသည်မှာ အချက်ပိုင်လွန်းလှပါသည်။

သစ္စာသုံးမျိုး အသိတိုး

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်၊ ငါးပါးအဖေါင်း လူ-သမုတိ သစ္စာ၊ ရုပ်တခြား ဝေဒနာတခြား ခွဲခြားစိတ်ဖြာသိက ပရမတ္ထသစ္စာ၊ ပျက်စီးတာကို ပျက်စီးတဲ့ အတိုင်းရှု၊ အရိယာများမြင်တဲ့သစ္စာ၊ အရိယသစ္စာဟူ၍ လည်းကောင်း၊ သတ္တဝါဆိုတာ သမုတိသစ္စာ၊ ရုပ်အစရှိတဲ့ ခန္ဓာကိုသိတာ ပရမတ္ထသစ္စာ၊ ဒီရုပ်အစရှိတဲ့ ခန္ဓာအားလုံး ပျက်စီးမှု ဆင်းရဲမှု ကိုယ့်အလို အတိုင်း မဖြစ်မှု တသားတည်း သိသွားတာက အရိယသစ္စာဟူ၍လည်းကောင်း ခွဲခြားပြသ ဟောကြားချက်များသည်လည်း အသိဉာဏ်ဘိုးကြရမည့် ဟောကွက်များဖြစ်ပါသည်။

ဆရာပမာ ဤသုတ္တန်ဝေဿနာ

သဲကုန်းဆရာတော်သည် ဤဖေဖေပိဏ္ဍုပမသုတ္တန် တရားတော်ကြီးကို ငါးရက်စခန်းဖွင့်၍ ယောဂီများအား အကွက်စေ့စေ့ ဟောကြားထားတော်မူပါသည်။

သို့ဖြစ်၍ အလုပ်စခန်းဝင်နေကြသော ယောဂီများအား အကျိုးကျေးဇူးများလှပါသည်။ အလုပ်စခန်း ဌာနများသို့ မသွားရောက်နိုင်ကြပဲ အားလပ်ခွင့်ရလျှင် ရသလို မိမိအိမ်၌ပင် အလုပ်စခန်းဝင်လိုကြသော ပုဂ္ဂိုလ်များသည် ဤသုတ္တန် ဟောကွက်ရှုကွက်များကို ကြည့်ရှု၍ အလုပ်စခန်းဝင်နိုင်ကြပါသည်။ ယောဂီတိုင်းတို့အား ဤသုတ္တန် တရားတော်ကြီးက အနှီးကပ်၍ စောင့်ရှောက်ညွှန်ပြပေးနေသော ဆရာတဆူကဲ့သို့ ကူညီစောင့်ရှောက်မှု ပေးပါလိမ့်မည်။

သဲကုန်းအရှင်နှင့် ပဋိပတ္တိလုပ်ငန်းခွင်

သဲကုန်းဆရာတော်သည် စစ်ကိုင်းတောင်ရိုး ဟံသာဂိရိချောင်၌ စာချဆရာတော်အဖြစ်ဖြင့် သီတင်းသုံး နေထိုင်တော်မူကာ အနှီးစခန်း ဆရာတော်ထံမှ ဝိသုဒ္ဓိမဂ္ဂ ပါဠိအဋ္ဌကထာကို မြန်မာ အဂ်လိပ် နှစ်ဘာသာဖြင့် ပြီးဆုံးသည်ထိ သင်ယူတော်မူခဲ့ပါသည်။

ထိုနောက် သပိတ်အိုင် တောရ၌ လေးနှစ်တိတိ တောရဆောက်တည်၍ အလုပ်စခန်းဖြင့် အချိန် ကုန်လွန်စေခဲ့ပါသည်။ ပရိယတ္တိ အရည်အသွေးကိုမူ ဆရာတော်ဟောကြားထားသော တရားဒေသနာတို့ဖြင့် သိရှိနိုင်ကြပါသည်။

ဤသို့လျှင် ပရိယတ္တိ ပဋိပတ္တိစွယ်စုံထင် ဘာသန္တရ ကျမ်းကျင် သဲကုန်းဆရာတော်ရှင်၏ အလုပ်ပေးတရား ဖေကပိဏ္ဍာပါတ သုတ္တန် တရားတော်ကြီးသည် ကမ္မဋ္ဌာန်းဆရာများ၊ ယောဂီများ၊ ဘာသာရေးလိုက်စား၍ ဘာသာရေးစာပေ ဗဟုသုတ ရှာမှီးသူများအား ရှင်လန်းနှစ်သိမ့် အားရကျေနပ်မှုကို ပေးစွမ်းနိုင်သော သုတ္တန်ကြီးပင် ဖြစ်ကြောင်း စာရှုသူတို့ ကိုယ်တိုင် ဝန်ခံကြရပါလိမ့်မည်။

ကြည်ညိုစရာအသွင် ဒေသကပုဂ္ဂိုလ်၏ အလုပ်ခွင်

ဤနေရာ၌ ဒေသကပုဂ္ဂိုလ် သဲကုန်းဆရာတော်၏ တန္ဒေတာ အလုပ်ခွင်ကို စာရှုသူတို့ သိရှိကြည်ညိုကြရန် အနည်းငယ်မျှ တင်ပြပါရစေ။

သဲကုန်းဆရာတော်သည် နေ့စဉ်ရက်ဆက် တရားပွဲများကိုလက်ခံ၍ ဟောကြားနေရပါသည်။ ထိုအကြောင်းကို ဝါတွင်းဝါပ မမှသဘင် ခရီးစဉ် စာအုပ်များရှိ၍ သိရှိပြီးသား ဖြစ်ကြပါမည်။ သို့ဖြစ်၍ တရားပွဲဖြင့်ပင် အချိန်ကုန်နေရသည်ဟု ထင်ကြပါမည်၊ ပဟုတ်ပါ။ သဲကုန်းဆရာတော်သည် နံနက် ၇-နာရီ အိပ်ရာမှထ၍ ဘုရား အာရုံပြုမှုပြုပါသည်။ ၆-နာရီ ယာဂုဆွမ်း လာကပ်ရုံ ဘုဉ်းပေးပါသည်။ ဘုဉ်းပေးပြီး ကျောင်းရေး ကျောင်းရာ တာဝန်များကို တပည့်များအား ညွှန်ကြားပြီး ကိုယ်တိုင်လည်း ကြည့်ရှုသင့်သော အရာများကို လှည့်လည် ကြည့်ရှုပါသည်။ ၇-နာရီမှ ဂ-နာရီထိ တပည့်သံဃာတော်များအား စာဝါ ပို့ချပေးပါသည်။ ထို့နောက် တဆက်တည်းမှာပင် ၁၀-နာရီခွဲအထိ ဘာသန္တရကို လေ့လာပါသည်။ (ဦးဝင်မောင်လတ်-ဒေါဝင်မျိုးချစ် တို့က အကူအညီ ပေးပါသည်။) ၁၁-နာရီ နေ့ဆွမ်း ဘုဉ်းပေးပါသည်။ ဆွမ်းဘုဉ်းပေးပြီး အဝေးမှ ရောက်ရှိလာကြသော ဒကာ·ဒကာမများနှင့် အာလာပသလ္လာပ စကားပြောပါသည်။

နေ့လယ် ၁၂-နာရီမှ ၁-နာရီအထိ အနားယူ ကျိန်းစက်ပြီး ပါဠိအဋ္ဌကထာ ဂန္ထန္တရစာပေများကို ကျက်မှတ်ကြည့်ရှုလေ့လာပါသည်။ ၂-နာရီမှ ၃-နာရီထိ တပည့်များအား စာဝါပို့ချပေးပြန်ပါသည်။ ၃-နာရီမှ ၅-နာရီမှထိ တခါတရံ ၄-နာရီထိ ဘာသန္တရ စာပေများကို လေ့လာပါသည်။ ၅-နာရီကျော် ကျော်တွင် တရားဟောကြွရန် လာပင့်သောကား ရောက်လာသဖြင့် သင်္ဃန်းသပ္ပာယ်၍ ကြွရောက်လိုက်ပါသွားရပါသည်။

ည ၁၁-နာရီခွဲ များသောအားဖြင့် ကျောင်းသို့ပြန်ရောက်ပြီး တပည့်များ၏ ဝတ်ပြုမှုကို ခံယူကာ ၁၂-နာရီခွဲ ၁-နာရီရောက်သွားပါသည်။

သဲကုန်းဆရာတော်၏ ဤတနေ့တာ အလုပ်ခွင်သည် စာရေးသူ ဤဖေပိဏ္ဍာ။ ပမသုတ္တန်တရားတော်ကြီးကို ကြည့်ရှုပြင်ဆင်ယင်း သဒ္ဓမ္မသီတဂူ၌ ၅-ရက်နေစဉ်က တွေ့ရှိချက်ဖြစ်ပါသည်။

ဤတနေ့တာ အလုပ်ခွင် တင်ပြုချက်မှာ နာမည်ကျော်ကြား လူသိများနေသော မွေကထိက ဆရာတော်တပါး၏ တနေ့တာအလုပ်ခွင်ကို သိမြင်ကြပြီး အတုယူကြရန် သဒ္ဓါပွားကြရန်အတွက် ဖြစ်ပါသည်။

အခြားအတုယူ ကြည်ညိုသဒ္ဓါပွားကြရန် ကြည်ညိုစရာအသွင် ဒေသကပုဂ္ဂိုလ်၏ စေတနာ ရေယာဉ်များလည်း ရှိပါသေးသည်။ ဤနေရာ၌ တင်ပြခွင့်မရနိုင်သေးသဖြင့် ချန်လှပ်ထားခဲ့ရပါတော့မည်။

အရှင်နယနသာမိ
(ဒီဃဘာဏက+ဒီဃနိကာယကောဝိဒ)
ပါဠိကာရိတုလ္ဓတ်ကျောင်းတိုက်
ရွှေဘိုမြို့။

သထုံမြို (၅)ရက်စခန်း အလုပ်ပေးဟရား

ပဌမပိုင်း

ဆင်ခြင်ရမည့် ပစ္စဝေက္ခဏာ (၃)မျိုး

(၁) ပဋိကူလ မနသိကာရပစ္စဝေက္ခဏာ

ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းကြိုးကုတ် အားထုတ်ကြသော ယောဂီများ အာဟာရကိစ္စ မှီဝဲသုံးဆောင်ကြရာ၌ ရသတဏှာ မဖြစ်စေရန် ဆင်ခြင်၍ သုံးဆောင်နိုင်စေခြင်း အကျိုးငှာ ပဋိကူလမနသိကာရပစ္စဝေက္ခဏာ၊ ဓာတုမနသိကာရပစ္စဝေက္ခဏာ၊ မဟာပစ္စဝေက္ခဏာဟု ခေါ်ဆိုရသော ပစ္စဝေက္ခဏာ သုံးပါး ဆင်ခြင်ဖွယ်ရာ တရားတို့တွင်—

ဤမမ္မရိပ်သာ၌ တရားအားထုတ်ကြကုန်သော ယောဂီများအတွက် ပဋိကူလမနသိကာရပစ္စဝေက္ခဏာ၊ အာဟာရ၌ ရှုရှာစက်ဆုပ်ဖွယ်ဟူသော အမှတ်သညာကို ရအောင်ယူ၍ ဆင်ခြင်သုံးသပ်နိုင်စေခြင်း အကျိုးငှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လာသော အာဟာရ၌ ဆင်ခြင်ဖွယ်ရာ အနက်အဓိပ္ပာယ်များကို ပြည့်စုံစွာပါဝင်စေ၍ မဟာဝိသုဒ္ဓါရုံမ ဆရာတော်ဘုရားကြီး ရေးသားအပ်သော ပဋိကူလမနသိကာရပစ္စဝေက္ခဏာ အာဟာရ၌ ဆင်ခြင်ရန် လက်ဝ-

စားမည်စိတ်ရှိ၊ လက်နှိုက်မိမှု၊ မြတ်ဘ်သူကို၊ ဖိတ်လျှုမတင့်၊ ပူရှိန်သင့်၍၊ ချွေးနှင့်စိုရွှဲ၊ လက်ဆုပ်ထဲမှ၊ ချခဲ့တတန်၊ အာသို့နှုံသော်၊ ညှိနှံတံတွေး၊ ချေးညစ်မြွေးကို၊ လုံးထွေးပေါင်းစု၊ ထောင်းထုဝါး လျှင်း၊ခွေးစားကျင်းမှာ၊ ထည့်ခွေးစာသို့၊ ရှုရာမလှ၊ မမြင်ရသို့၊ မြိန်ကျနိုင်ပါ၊ မျိုသောခါလည်း၊ ဝင်ကာဆင်းလျှောက်၊ စာအိမ်ပေါက်သို့၊ မရောက်ခင်သေး၊ ပြည်သွေးသည်းခြေ၊ သလိပ်တွေဟု၊ လေးထွေ အာသယ၊ ရောထဆင်ကဲ့၊ မွေးကတည်းက၊ အနည်းငယ်မျှ၊ မဆေးရ

ဘူး၊ လဲလူးရွံ့ဖွယ်၊ အိမ်ဝယ်တည်မော၊ အာဟာရောသည်၊ အဟော ဩဿ-စက်ဆုပ်ဖွယ်ချည်းပါတကား။

"ရာဒွန်းစက္ကား၊ တံခါးအထွက်၊ တန်စီးပွက်သို့၊ စက်ဆုပ်ဖွယ်ရာ၊ ပိုက်ခဲစ္ဆာသား၊ အစာအိမ်ထဲ၊ ဟိုလဲကျိန့်၊ စားသရွေ့ကို၊ ပေါင်းပွေ့စုလျက်၊ ဝတ်မီးချက်၍၊ ပရပွက်အူ၊ ကျိုက်ကျိုက်ခူပွ၊ အမြုပ်ထလျက်၊ အူခေါင်းသက်ရှိ၊ ချက်မြစ်ကျောက်ကုံး၊ အူအဆုံးဟု၊ ပိတုန်းပိတ်ဝယ်၊ ကျင်ငယ်ကျင်ကြီး၊ ဖြစ်ထပြီးလေ၊ ကောင်းစွာကြက၊ ကသာလောမ၊ စသည့်ရောရှ၊ အပုပ်စုကို၊ ပြီးမှစေပါ၊ မကြေခါမူ၊ နှုနာစိုရွဲ၊ ပွေးဝဲအစ၊ ရာမကသည့်၊ မလရောဂါ၊ ဖြစ်စေသောကြောင့်၊ အဟော ဩဿ-စက်ဆုပ်ဖွယ်ချည်းပါတကား။"

"စားသောအခါ၊ ခံတွင်းမှာတည့်၊ ရှုရာမသိ၊ ထွက်ပြန် ဘိလည်း၊ တန်စီးပွက်တွင်း၊ ချက်ထမင်းမှ၊ အမြုပ်ထ၍၊ တွင်း၏နှုတ်ခမ်း၊ အိုးနှုတ်ခမ်းမှာ၊ လူးလည်းပါသို့၊ ကိုးဒွါရပေါက်၊ ဆံမွေးပေါက်မှ၊ စီးလျောက်ယိုကျ၊ ခေဋ္ဌမျက်ချေး၊ နှပ်ချေးနဖာ၊ သွားမှသွားမြွေး၊ ညစ်ကြေးမစင်၊ ကျင်ငယ်ဘင်တို့၊ ဝန်းကျင်လိမ်းကပ်၊ ရေဆုံးသပ်လည်း၊ ကြပ်ကြပ်မပြယ်၊ ထို့ဖွယ်သဘော၊ အာဟာရောသည်၊ အဟောစက်ဆုပ်ဖွယ်ချည်း ပါတကား"။

ဤမသို့ကာယော၊ တွင်း ပ ဝန်းကျင် မစင်ပြည့်မှမ်း ရွံ့ဖွယ်လှမ်းထ တလံမျှ လောက်သော ဤကာယဌ္ဌ။

"ဥဒယံ၊ စားသည့်အစာ၊ သွင်လျှာရူပ၊ အူမထက်ဖျား၊ ဆံထုပ်လား၊ သို့၊ ပ ကားသန့်ရှင်း၊ တွင်းပိန့်လို၊ ရွံ့ဖွယ်ဘိခြင်း၊ တန်စီးတွင်းနှယ်၊ သုံးဆယ့်နှစ်မျိုး၊ ပိုးတို့နေကု၊ အူတုံးမှာဝယ်၊ လျှာရည်တံတွေး၊ သွားညှိအာစေး၊ ထိုထိုခြေးတို့၊ သိမ်းထွေးပေါင်းစု၊ ထောင်းတုံးခြေ၊ မျိုလေဆင်းသက်၊ တပိုးချက်၍၊ ပရပွက်အူ၊ ကျိုက်ကျိုက်ဆူပွ၊ အမြုပ်ထကာ၊ ပိုးစာလောင်မီး၊ ကျင်ကြီးကျင်ငယ်၊ တသွယ်သေးသား၊ ငါးပါးကဲ့လျှက်၊ ခွေးစာခွက်ဝယ်၊ ထွေးဟက်စွန့်လှ၊ ခွေးအန်ဖတ်ထက်ရှိ၊ အစာသစ်အိမ်ကြီးဖြင့်လဲ။"

ပူဇော်ရာ၊ ရုံဖွယ်လိလိ ငါတို့ ခန္ဓာကိုယ်ဆဲမှာ အပြည့်ပါပဲ။

ဟခုရွတ်ဆိုအပ်တဲ့လက်ဝများမှာ—ပဋိကူလမနသိကာရပစွဝေကွဲဏာအတွက် ဆင်ခြင်သုံးသပ်ရန် လက်ဝများ ဖြစ်ပါတယ်။

ပဋိကူလမနသိကာရဆိုသည်မှာ-စားသောက်ဖွယ်ရာ အာဟာရမှန်သမျှ ရသတဏှာကို ပယ်ခွာပါစေခြင်းအကျိုးငှာ စားဖွယ်ခေသောက်ဖွယ်အာဟာရဟူသမျှဠ် ပဋိကူလသညာ၊ စက်ဆုပ် ရွံရှာဖွယ်ဆိုတဲ့ အမှတ်သညာကို ပရ ရအောင် ဆင်ခြင်သုံးသပ်၍ စားသောက်သုံးဆောင်သော နည်းဖြစ်ပါတယ်။

(၂) မဟာပစ္စဝေက္ခဏာ

မဟာပစ္စဝေက္ခဏာ ဆိုတာကတော့-

"ဤသည့် စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှုပရှေဆင်း၊ ပြည့်ဖြိုးခြင်းငှါ၊ မသုံးပါဘူး၊ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရာ၊ ယာပိုထိမျလစ်၊ ခပ်သိမ်းပြစ်တို့၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။"

ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှုပရှေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး။

ဤအစာအာဟာရကို စားသောက်တဲ့ကိစ္စမှာ အသားအရေ တင့်တယ်ဖို့၊ ခန္ဓာကိုယ် ပြေပြစ်ဖို့၊ အရေအဆင်း တင့်တယ်ကောင်းမြတ်ဖို့၊ အားခွန်ဗလ ပြည့်ဖြိုးဖို့ စားသောက်သုံးဆောင်တာ မဟုတ်ပါဘူး၊ ဘာအတွက်သုံးဆောင်တာလဲဆိုရင်-

လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊

ဓာတ်ကြီးလေးပါးတို့ဖြင့် ရှင်သန်၍ နေရသော ဤခန္ဓာကိုယ်သည်

ရှည်အောင်တည်လျက်၊ အသက်မျတမ်း၊ မမောပန်းငြား၊

ဓာတ်ကြီးလေးပါးတို့ဖြင့် ရှင်သန်၍ နေရသော ဤခန္ဓာကိုယ်ကြာမြင့်စွာ တည်လျက် မမောမပန်း၊ ချမ်းချမ်းသာသာ ကြာမြင့်စွာတည်လျက်-

ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ-

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော် အကျင့်မှန်သမျှကို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ကျင့်သုံးနိုင်ပါစေခြင်း အကျိုးငှာ-

ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊

ဝေဒနာဟောင်း ဝေဒနာသစ် မဖြစ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သုံးဆောင်ပါတယ်။

ဝေဒနာဟောင်း။ ။ဝေဒနာဟောင်းဆိုတာ အစာမစားရတဲ့ အတွက်ကြောင့် အစာအိမ်ထဲက ပါစကမီးခဲတဲ့ လောင်ကျွမ်းသဖြင့် အစာအိမ်ပူတယ်၊ ရင်ပူဘယ်၊ တနည်းပြောရင်တော့ ထမင်းဆာတယ်ဆိုတာဟာ ရောဂါတမျိုး၊ဝေဒနာတမျိုး၊ ထိုဝေဒနာအဟောင်းကို ပယ်ဖျောက်ဖို့ရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဤအစားအစာကို စားရပါတယ်။

ဝေဒနာသစ်။ ။ဝေဒနာသစ်ဆိုတာက ဝေဒနာသစ်မဖြစ်အောင် စားတယ်ဆိုတာက ထမင်းစားပြီးလို့ရှိရင် ထမင်းဆီယစ်ခြင်း၊ ထိနမိဒ္ဓ-အိပ်ခြင်း၊ ငိုက်မျဉ်းခြင်း၊ ဝမ်းခေါင်းထဲ အစာအိမ်ထဲမှာ အောင့်အင်းခြင်းဆိုတာတွေဟာ အသစ်ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေပါပဲ။ ထိုဝေဒနာအသစ်တွေကို မဖြစ်စေခြင်း အကျိုးငှာ မျှတအောင် စားမယ်။

ဝေဒနာဟောင်းဆိုဟာက ဆာလောင်တဲ့ ရောဂါဝေဒနာ။ ဝေဒနာသစ်ဆိုတာက ထမင်းဆီယစ်လို့ ငိုက်မျဉ်းတဲ့ရောဂါဝေဒနာ။ ဒီရောဂါဝေဒနာအဟောင်း အသစ်နှစ်မျိုး မဖြစ်အောင် ရည်ရွယ်ချက်နဲ့ ဆင်ခြင်ပြီးတော့ စားပါတယ်။

ယာပိုထ်ျလစ်၊ ခပ်သိမ်းဖြစ်တို့၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်ဖို့ငဲ့ပါသတည်း။

ကုရိယာပထ မျှမျှကာနဲ့ တရားအားထုတ်နိုင်ဖို့ရန် ' ခပ်သိမ်းသောအပြစ် ဒေါသတွေမဖြစ်ဖို့ရန် သုံးဆောင်ဖို့ငဲ့ပါတယ်။

ဒီတော့ ဤလင်္ကာရဲ့ အတိုချုပ်က စာတ်လေးပါးတို့ဖြင့် တည်၍ စာတ်လေးပါးတို့၌ တည်၍ မှီ၍ အသက်ရှင်နေရတဲ့ ခန္ဓာကိုယ်ကြီး ကြာမြင့်စွာတည်သဖြင့် ဘုရားသာသနာရဲ့ အကျင့်ကို ကျင့်သုံးနိုင်ဖို့ရန် ဆာလောင်ခြင်းဆိုတဲ့ ဝေဒနာအဟောင်း ထမင်းဆီယစ်ခြင်း ဆိုတဲ့ ဝေဒနာအသစ် မဖြစ်ဖို့ရန် အာဟာရကို တပည့်တော်များ မှီဝဲ သုံးဆောင်ပါသည်လို့ ဆင်ခြင်ခြင်းသည် မဟာပဋ္ဌဝေကွဏာခေါ်ပါတယ်။

(၃) ဓာတုမနသိကာရ ပစ္စဝေက္ခဏာ

ဓာတ်အနေဖြင့် ဆင်ခြင်သုံးသပ်ပြီးတော့ စားသောက် သုံးဆောင်တဲ့ နည်းတနည်းရှိပါတယ်။ ဓာတုပစ္စဝေက္ခဏာ=ဓာတ်ပေါက်အောင် ဆင်ခြင်ရမယ်ဆို တာက မိမိတို့စားသောက်သုံးဆောင်နေတဲ့ အာဟာရအပေါ်မှာ ပထဝီ၊ အာပေါ၊တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ရသ၊သြဇာဆိုတဲ့ အဋ္ဌကလာပ်ရုပ် ရှစ်ပါး၊ ထိုအဋ္ဌကလာပ်ရုပ်ရှစ်ပါးကို မဆင်ခြင်နိုင်လျှိုရှိရင် ဓာတ်လေးပါး၊ ဓာတ်လေး ပါး အဋ္ဌကလာပ်ရုပ်ရှစ်ပါးတို့ကို ဆင်ခြင်၍ စားသောက်သုံးဆောင်ခြင်း ကတော့ ဓာတုမနသိကာရ ပစ္စဝေက္ခဏာဆိုတဲ့ ဝိပဿနာကမ္မဋ္ဌာန်းထဲ တိုက်ရိုက် ရောက်သွားပါတယ်။

ဥပမာဆိုကြပါစို့၊ ဘုန်ကြီးယောဂီများ စားသောက် သုံးဆောင်နေတဲ့ ထမင်းလုတ်ကံလေးများကို မြောက်လိုက်တိုင်း မြောက်လိုက်တိုင်း လက်ထဲက ထမင်းလုံးလေးတွေကို ကြည့်လိုက်၊ ငါတို့ ဘာစားနေသလဲ၊ ထမင်းစားနေတယ် လို့ ဖြေလိမ့်မယ်။

ထမင်းဆိုတာ ဘာတဲ့လဲ ကြည့်ကြရအောင်—ထမင်းလုံးကလေး တလုံးခဲ့ငင်း တလုံးချင်းကို ကြည့်လိုက်ရင် ဖြူတယ်ဘိုတဲ့ အဆင်း ဝဏ္ဏတွေ့ရလိမ့်မယ်။ ထမင်း လုတ်ကလေးကို နမ်းကြည့်၊ မွှေးတယ်ဆိုတဲ့ ရနံ့ဂန္ဓ တွေ့ရလိမ့်မယ်။ ထမင်း လုံးကလေးများရဲ့ အတွင်းမှာ တည်ရှိနေတဲ့ အရသာဓာတ်ဆိုတာလဲ လျာပေါ် တင်လိုက်တာနဲ့ တပြိုင်နက်တည်း ရသ=အရသာဆိုတာ တွေ့ရလိမ့်မယ်။

အဆင်းကို မျက်စိနဲ့ကြည့်တယ်၊ အနံ့ကို နှာခေါင်းနဲ့ရှုတယ်၊ အရသာကို လျာနဲ့ မံစားတယ်။ ကြည့်လိုက်စမ်း။ထမင်းလုံး တလုံးတလုံးမှာ မံစားချက်ဟာ ဘယ်နှစ်မျိုးတွေ့လဲ။

ဖြူဖွေးတဲ့ အဆင်းကိုကြည့်၊ ချက်ထားတဲ့ ပြင်ဆင်ထားတဲ့ စားပွဲပေါ်က ထမင်းပွဲကြီးတခုလုံးကို ကြည့်လိုက်ရင် အရောင်အဆင်းကလဲ ကောင်းဦးမှ၊ အဆင်းကို စက္ခုဂိညာဉ်နဲ့ ကြည့်ပြီးတော့ ထိုအဆင်းရဲ့ လှတယ်ဆိုတဲ့အရသာကို ဝေဒနာက ခံစားသွားတာ တမျိုး။

ထမင်းပွဲ ဟင်းပွဲအနံ့ကလဲ ကောင်းဦးမှဆိုပြန်တော့—အနံ့ကို ဃာနဝိညာဉ် စိတ်နဲ့မွှေးတယ်ဆိုတာသိပြီးတော့ ထိုရနံ့ကို ဝေဒနာကခံစားသုံးတယ်ဆိုတာက တမျိုးရှိသေးတယ်။ ထမင်းတွေ့ ဟင်းတွေ့ လျာပေါ်တင်လိုက်တဲ့အခါ အရသာ

ရှိမှန်း ဇဝဒဝိညာဉ်စိတ်နဲ့ သိပြီးတော့ ထိုအရသာကို ဝေဒနာက ခံစားသွား တယ်ဆိုတာက တမျိုးရှိသေးတယ်။

ဝဏ္ဏ၊ ဂန္ဓ၊ ရသ=အဆင်းရယ်၊ အနံ့ရယ်၊ အရသာရယ်၊ ထိုထမင်းလုံး ကလေးတိုင်း ထမင်းလုံးကလေးတိုင်း၊ဟင်းတိုင်းဟင်းတိုင်း၊ ထမင်းတုံး ထမင်း တိုင်း အသီးတိုင်း အသီးတိုင်း အစာအာဟာရ အားလုံးတို့မှာ ပါဝင်သွားတယ်။

ဟောဒီရုပ်တရားကြီးကို ရှင်သန်စေတတ်တဲ့ သြဇာဓာတ်ဆိုတာ တမျိုး ရှိသေးတယ်။ အဆီအစေးလို့ခေါ်တဲ့ သြဇာဝတ်၊ ထမင်းလုံးကလေးတလုံးကို ဓာတ်ခဲ့ကြည့်လိုက်၊ ယခုလေးမျိုးရပါပြီ၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ=အဆင်း၊ အနံ့၊ အရသာ၊ အဆီ အစေး။

နောက်တဖန် ထိုထမင်းလုံးကလေးကို လက်နဲ့ကိုင်ကြည့်၊ လက်ပူးနဲ့ လက်ပ ကြား ညှပ်ပြီးတော့ ဖျစ်ကြည့်ပါ။ လက်ထဲမှာ ဘယ်နှယ်တွေဝုံး၊ ထမင်းဟာ ပျော့တယ်၊ ကပင်းဟာ ပဘတယ်၊ ထပင်းက ပဘတာလား၊ ပထဝီဓာတ်က ပဘ တာလား၊ ဂြိုက်မှာတော်ပြီးတော့ စီစစ်ကြည့်ပါ။ ထပင်းက ပျော့တာလား၊ ပထဝီ ဓာတ်က ပျော့သွားတာလား ကြည့်ပါ။

ကကွင်္ဂလကွဏာ ပထဝီဓာတု။

ခက်ပါတဲ့သဘော၊ မာကျောတဲ့သဘောသည် ပထဝီဓာတ်။ ပထဝီဓာတ် အားနည်းသွားပြီဆိုလို့ရှိရင် နူးညံ့ပျော့ပြောင်းတဲ့ သဘောဖြစ်ပေါ်လာတယ်။ သူလဲ ပထဝီဓာတ်ပဲ၊ သုခုမ ပထဝီလို့ ခေါ်တယ်။ ဒါကြောင့် မာတာပျော့တာသည် ထမင်းမဟုတ်၊ ပထဝီဓာတ်လို့ ခေါ်တဲ့ မာတ်တမျိုး။

နောက်ထပ်ပဖန် ထိုထမင်းလုံးကို ကိုင်ကြည့်လို့ရှိရင် ဘယ်နှယ်ကုံး၊ ထမင်း က ပူတယ်၊ ထမင်းက အေးတယ်လို့ ပြောကြပြန်တယ်၊ ထမင်းက ပူသလား၊ တေဇောဓာတ်က ပူသလား စီစစ်ပါ။ ပူတာသည် တေဇောဓာတ်၊ ထိုတေဇော တွေ့ အားနည်းရင် အေးသွားပြန်တယ်။ ဒါကြောင့် ပူတာ အေးတာ တေဇောဓာတ် တမျိုးလို့ မာတ်ခဲ့ပြီးတော့ ကြည့်ပါ။

နောက်တခါကြည့်လိုက်ဦး၊ ထမင်းလုံးလေးတွေကို ဘုန်းကြီးဟို ယောဂီ များ လက်နဲ့ ဆုပ်ခုပ်၊ ဆုပ်ခုပ်ပြီးတော့ လုံးလိုက်တဲ့အခါ ထမင်းတွေကို လက်နဲ့တဆုပ်ကြီး ဆုပ်ဆုပ်ပြီးတော့ နာနာလေး လုံးကြည့်လိုက်၊ ပြီးတော့ လက်ကိုဖြန့်ပြီးကြည့်၊ စောစောက ပွနေတဲ့ထမင်းဟာ လက်နဲ့တအားညှစ်လိုက်

တဲ့အခါကျတော့ လုံးကျစ်ပြီးတော့ ဝင်သွားတယ်။ လက်ကို ဖြန့်လိုက်တာနဲ့ တပြိုင်နက်တည်း လက်ထဲက ထမင်းဆုပ်ကလေးကိုကြည့်လိုက်၊ ဖြေးဖြေးချင်း၊ ဖြေးဖြေးချင်း ပြန်ပြီးတော့ ပုလာတာကို တွေ့ရလိမ့်မယ်၊ ဘာသဘောလဲ၊ တွန်းကန်တဲ့သဘောရှိနေကြောင်း ထင်ရှားပါတယ်။

တွန်းကန်တဲ့ သဘောသည် ဝါယောဓာတ်၊ မာတဲ့ ပျော့တဲ့သဘောသည် ပထဝီဓာတ်၊ မာတာ ပျော့ကာ ထမင်းမဟုတ်ဘူး၊ ပထဝီဓာတ်။ ပူတာ အေးတာ ထမင်းမဟုတ်ဘူး၊ တေဇောဓာတ်။ တွန်းကန်နေတာ ထမင်းမဟုတ်ဘူး၊ ဝါယောဓာတ်။

နောက်တခါ ထမင်းလုံးလေးများကို ကြည့်လိုက်စမ်း။ လက်ထဲမှာ တစေ့ချင်း၊ တစေ့ချင်း ထည့်ပြီးတော့ လက်ဝါးနဲ့ လက်မညှပ်ပြီး နာနာလေး ချေကြည့်လိုက်ပါ။ လက်ညှိုးနဲ့ လက်မအကြားမှာ ဘာတွေတွေ့ရမလဲ။ သေးသေး-သေးသေး အမှုန်အမှားလေးတွေ့ လက်မှာကပ်ပြီးတော့နေတာ မြင်ရလိမ့်မယ်။ အစိပ်စိပ်အမှာမှာ ကြည်ကသွားတဲ့ အမှုန်လေးတွေ့ အမှုန်လေးတွေ့ လက်မှာကပ်နေတာ တွေ့ရလိမ့်မယ်။

အဲဒီ အမှုန်လေးတွေဟာ တမှုန်ချင်း ကဲ့ထွက် သွားသလား ဆိုလို့ရှိရင် မဟုတ်ဘူး။ စည်းနေတဲ့သဘော၊ ကပ်နေတဲ့သဘောကလေးတွေ့ တွေ့ရတယ်။ ချောက်နေတဲ့ ဆန်ကိုထောင်းလိုက်ရင်တော့ တမှုန်ချင်း တမှုန်ချင်း အစိပ်စိပ် အမှာမှာ လွင့်ထွက်သွားတယ်။ ယခုစိုနေတဲ့ ထမင်းလုံး ချေလိုက်တဲ့အခါကျတော့ တမှုန်ချင်း လွင့်ထွက်တာ မတွေ့ရဘူး၊ ဘာသဘောလဲ။

အာပဒ္ဓနလက္ခဏာ အာပေါဓာတု။

အာပဒ္ဓနလက္ခဏာ၊ တမှုန်ချင်း၊ တမှုန်ချင်း ဖြစ်နေတာတွေကို ဖွဲ့စည်းထားပါတယ်ဆိုတဲ့ သဘောသည်။ အာပေါဓာတု၊ အာပေါဓာတ်ပါပဲ။

ဖွဲ့စည်းထားတဲ့သဘော၊ အစိပ်စိပ် အမှာမှာ အမှုန်မှုန့် အညက်ညက်ဖြစ်နေတဲ့ ဆန်မှုန့်လေးများကို ဖွဲ့စည်းတဲ့ သဘောသည် အာပေါဓာတ်။ မာတာ ပျော့တာ ပထဝီဓာတ်။ ပူတာ အေးတာ တေဇောဓာတ်။ တွန်းကန်နေတာ ဝါယောဓာတ်။ ဖွဲ့စည်းထားတာ အာပေါဓာတ်။

ဒ၅၇၀၂

ဖေဏ-၃

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်

ထမင်းစေ့လေး တစေ့ရဲ့ အတွင်းမှာ ဓာတ်လေးပါးရယ်၊ အဆင်းဆိုတာရယ်၊ အနှံ့ဆိုတာရယ်၊ အရသာဆိုတာရယ်၊ အဆီသြဇာရယ် ဆိုပြီးတော့ ရုပ်ရွှစ်မျိုး တွေ့ရလိမ့်မယ်။ထိုရုပ်ရွှစ်မျိုးပေါင်းစုထားတဲ့အခါကျတော့မှ ထမင်းဆိုတဲ့ သဏ္ဌာန်တရပ် အစိုင်အခဲလေးတွေ အလုံးလေးတွေ ဖြစ်လာတယ်။

ဒီကနေ့ ဘုန်းကြီးတို့ ယောဂီများ ထမင်းစားနေကြတယ်။ ထမင်းစားနေကြတယ်ဆိုတာဟာ ထမင်းကို စားတာလား၊ ဘာကို စားနေကြတာလဲဆိုတာ သေချာကြည့်၊ နောက်တဆင့်တက်ပြီးတော့ ထမင်းကို ဘယ်သူက စားသလဲဆိုတာကြည့်၊ ယခု ခဲခြမ်း စိတ်ဖြာပြီးတော့ ပြောပြထားခဲ့တဲ့အတိုင်း ခဲကြည့်လိုက်တဲ့အခါကျတော့ တမင်းဆိုတာ မရှိတော့ဘူး။

မာတာ ပျော့တာ တွေ့တယ်၊ ထမင်းမမာဘူးနော်၊ ပထဝီဝတ်က မာတယ်။ ထမင်းက မပျော့ဘူးနော်၊ ပထဝီဓာတ်အားနည်းပို့ ပျော့တယ်။ ပူတာ အေးတာ တွေ့တယ်။ ထမင်းက မပူဘူးနော်။ ပူတာက တေဇောဓာတ်။ ထမင်းက မအေးဘူး။ အေးတာက တေဇောဓာတ်။ တွန်းကန် နေတယ်။ ထမင်းလုံးတွေက တွန်းကန်နေတာ မဟုတ်ဘူး။ တွန်းကန်နေတာက ဝါယောဓာတ်။ အစိပ်စိပ် အမွှာမွှာ အမှုန့်မှုန့် အညက်ညက် ဖြစ်နေတဲ့ ဆန့်မှုန့်ကဲ့လေးများကို ဖွဲ့စည်းထားတယ်ဆိုတာက အာပေါဓာတ်၊ ဓာတ်လေးပါး။

ထမင်းကို ဖြိုဖွေးနေတာပဲလို့ ပြောတယ်။ တမင်းဖြူတာ ပဟုဝ်းပါဘူး၊ ဝတ္ထာဆိုတဲ့ အဆင်းက ဖြူတာ။ ထမင်းမွေးတာမဟုတ်ဘူး၊ ဂန္ဓဆိုတဲ့ ရနံ့က မွေးတာ။ ထမင်းအရသာရှိတယ်လို့ မပြောနဲ့။ ရသာရုံ ရသဓာတ်က အရသာရှိတာ။ အဆီအစေးဖြစ်တဲ့ သြဇာဆိုပြီးတော့ ရုပ်ရွှစ်မျိုး စုပေါင်းထားတယ်။ ဘုန်းကြီးတို့ စာပေက ဒါကို—

အဋ္ဌကလာပ = ရုပ်ရွှစ်မျိုးတို့ရဲ့အပေါင်း။

ဒီလိုပေါ်ပါတယ်။ ဒါဖြင့် ထမင်းစားတယ်ဆိုတဲ့ နေရာမှာ ထမင်းကို စားတာလား အရသာကို စားတာလား စီစစ်ပါ။ စားဆိုတဲ့ နေရာမှာ ရှေ့နားက ဝံဆိုတဲ့စာလုံးလေး တလုံးထည့်ပါ။ ခံစားဆိုတဲ့ အဓိပ္ပာယ် တွက်လာတယ်။

ဒါဖြင့်ရင် ဘယ်သူက ဘယ်သူ့ကို ခံစားတာလဲ၊ ထမင်းလို့ ခေါ်ဆိုထားတဲ့ အဋ္ဌကလာပ် ရုပ်ရွှစ်ခုတဲ့မှာ ပါဝင်နေတဲ့ အရသာဓာတ်ကို ဝေဒနာဓာတ်က ခံစားတဲ့ သဘောလို့ ဉာဏ်မှာ မြင်အောင်ကြည့်။

ထမင်းကို မစားဘူး၊ အရသာကို ဝေဒနာက ခံစားတယ်။ အရသာကို ဝိညာဉ်က သိတယ်။ သိမှုသဘောသည် ပိညာဉ်ရဲ့ ကိစ္စ၊ ခံစားမှုသဘောသည် ဝေဒနာရဲ့ကိစ္စ၊ အရသာဆိုတာကတော့ ရသဓာတ်သဘော၊ သူက ရုပ်တရား၊ ထိုအရသာကို သိဆိုတာက ဇိဝှာဝိညာဉ်စိတ်၊ ထိုအရသာကို ခံစားတယ်ဆိုတာက ဝေဒနာဓာတ်။

အဲဒီမှာ ရသဓာတ်ရယ်၊ ဝေဒနာဓာတ်ရယ်။ ဝိညာဏဓာတ်ရယ် ဓာတ်သုံးပါး။ ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာပေါဓာတ်ဆိုတဲ့ ဓာတ်လေးပါး။ ဤကဲ့သို့ ဓာတ်တရားများ ရုပ်တရားများရဲ့ သဘောကို ခွဲခြမ်း ဝေဖန်စိစစ်ပြီးတော့ စားသောက် သုံးဆောင်တဲ့နည်းကို ဓာတုမနသိကာရပုဗ္ဗဂဂကွဏာနည်းသို့ ခေါ်ပါကြယ်။

စိတ္တဇဝါယောဓာတ်

နောက်တခါ ထပ်မံပြီးတော့ စီစစ်ကြမယ်ဆိုလို့ရှိရင် ထမင်းလို့ခေါ်တဲ့ ရသာရုပ်တခု လျှာပေါ်တင်လိုက်တယ်။ လျှာလို့ပင် ဆိုငြားသော်လဲပဲ တကယ် စင်စစ် ပရမတ္ထသဘောနဲ့ပြောရင် ဇိဝှာပသာဒရုပ်တရား၊ အရသာသည် ဘယ်မှာသွားပြီးတော့ ပေါ်သလဲ။ ဇိဝှာပသာဒရုပ်မှာ သွားပြီးတော့ ထိခိုက်ရင်ဖယ်ဆိုကဲ့ သဘောက ဖော်ထုတ်ပေးသဖြင့် အရသာဓာတ် အဲဒီမှာ ပေါ်လာတယ်။

လျှာမှာရှိတဲ့ ဇိဝှာပသာဒရုပ်နဲ့ ထမင်း၌ ပါဝင်၍နေသော ဟင်း၌ ပါဝင်၍နေသော အရသာဓာတ်တို့ ပေါင်းဆုံမိသဖြင့် အရသာသိတယ်ဆိုဘဲ့ ဝိညာဉ်က ဟု၊ ထိုအရသာကို ခံစားတယ်ဆိုတဲ့ ဝေဒနာက တခု။

ထိုကဲ့သို့ ပေါ်ပေါက်လာပြီးတဲ့အခါ ယောဂိပုဂ္ဂိုလ်က ထမင်းလုံးကလေးများ ဟင်းများကို လျှာပေါ်ရောက်လာတိုင်း၊ ရောက်လာတိုင်း အာဇက်သွား တဆယ့်ခြောက်ခချောင်း၊ အောက်သွား တဆယ့်ခြောက်ချောင်း၊ သုံးဆယ့်နှစ်ခချောင်းသော သွားတို့နဲ့ တခဏချောင်းချောင်း ထောင်းပြီးတော့ အထက်မေးနဲ့ အောက်မေးလှုပ်ပြီး နေကြတာကလဲပဲ ဝါယောဓာတ်ကြောင့် လှုပ်တယ်။

အထက်မေး အောက်မေးတွေ ဘာကြောင့် လှုပ်သလဲ၊ အထက်သွား အောက်သွားတွေ ဘာကြောင့် လှုပ်သလဲဆိုရင် လှုပ်လိုတယ်ဆိုတဲ့ စိတ်ကြောင့် လှုပ်တာ၊ စိတ္တဇဝါယောဓာတ်။

လှုပ်လိုတယ်တဲ့စိတ်၊ ဝါးလိုတယ်တဲ့စိတ် ဖြစ်ပေါ်လာလို့ရှိရင် စိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ ဝါယောဓာတ်တွေ၊အထက်သွားနဲ့အောက်သွား၊အထက်မေးနဲ့ အောက်မေး နှစ်ခုတို့ရဲ့ ပတ်ဝန်းကျင်မှာ ပို့နှံ့လာပြီးတော့ ဝါယောဓာတ် များက တွန်းထိုးလိုက်တဲ့အခါမှာ ဒ်သွားတွေ တကျောင်းကျောင်းနဲ့ ဆောင်းရတယ်၊စိတ္တဇဝါယောဓာတ်ကြောင့် ဒီမေးနှစ်ခုလှုပ်တယ်ဆိုတာကို သဘောကျ။

သတိသမ္ပဇဉ်ကို ဉာဏ်နဲ့ယှဉ်ထား

ဒီတော့ ဘုန်းကြီးတို့ သတိပဋ္ဌာနသုတ္တန်ပါဠိတော်မှာ -

အသိတေ ပိတေ ခါယိတေ သာယိတေ သမ္မဇာနကာရီ ဟောတိ။

မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိ—၇၂။

ဖာသိတော၊ စားသုံးခဲ့ဖူးသော်၊ သမ္မဇာနကာရီ၊ သတိသမ္ပဇဉ်ကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒါယိတေ၊ ခဲသည်ရှိသော်။ သမ္မဇာနကာရီ၊ သတိသမ္ပဇဉ်ကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ သာယိတေ၊ လျက်သည်ရှိသော်။ ပိတေ၊ သောက်သည်ရှိသော်။ သမ္မဇာနကာရီ၊ သတိသမ္ပဇဉ်ကို ဆင်ခြင်၍ လျက်ခဲ့ သောက်ခဲ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ပဟာသတိပဋ္ဌာန်သုတ် ပါဠိတော်အရ သမ္ပဇဉ်ခန်းမှာ သတိနဲ့ သမ္မဇဉ် ဉာဏ်ယှဉ်ပြီးတော့ ခဲရမယ်၊ စားရမယ်၊ လျက်ရမယ်၊ မျိုရမယ်၊ သောက်ရမယ် ဆိုတဲ့ ပါဠိတော်အရ ယခု ဘုန်းကြီးတို့ ယောဂီများ သတိနဲ့ ဉာဏ်သွင်းလိုက်တဲ့ အခါကျတော့—

သတိက ယခုပြောပြခဲ့တဲ့ ဓာတ်တရားတွေကို တငင်ရှားစေတယ်၊ ဉာဏ်က ယခုပြောခဲ့တဲ့ ဓာတ်တရားတွေနဲ့ ထပင်းနဲ့တခြားစီ၊ ယခု ပြောပြခဲ့တဲ့ ဓာတ် တရားတွေနဲ့ စားနေတဲ့ ငါ့တခြားစီ၊ စားတာက ဝေဒနာ၊အရသာရှိတယ်လို့ သိတာက ဝိညာဉ်၊ ငါမစားဘူး၊ ဝေဒနာက စားတာ၊ ငါက အရသာ ရှိတယ်လို့ မသိဘူး၊ ဝိညာဉ်က သိတယ်လို့ ငါနဲ့ ဝေဒနာနဲ့ဝိညာဉ် ခဲ့ပြီးတော့ နားလည်သွားတာက ပညာ၊ ထိုဝေဒနာနဲ့ ဝိညာဉ်ဓာတ်တရားတွေကို ထင်ရှားစေတယ်ဆိုတာက သတိ။

အဲဒီလို သတိနဲ့ သမ္မဇဉ် ဉာဏ်ယှဉ်ပြီးတော့ စားရမယ်၊ သောက်ရမယ် ဆိုတဲ့ အကြောင်းကို ဘုရားရှင်ကိုယ်တော်မြတ်သည်—

အသိတေ ပိတေ ခါယိတေ သာယိတေ သမ္မဇာနကာရိဟောတိ။

အသိတေ၊ စားသည်ရှိသော်။ ခါယိတေ၊ ခဲသည်ရှိသော်။ သာယိတေ၊ လျက်သည်ရှိသော်။ ပိတေ၊ သောက်သည်ရှိသော်။ သမ္မဇာနကာဒီ၊ သတိသမ္မဇည် ဉာဏ်ယှဉ်၍ စားလေ့လျက်လေ့ ခဲလေ့ သောက်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဒီအကြောင်းအရာကိုပဲ ဘုန်းကြီးတို့ ပဋ္ဌာန်းပါဠိတော်က-

ရသာယတနံ ဇိဝှာဝိညာဏဝေဒနာတဏှာ ဒိဋ္ဌိမာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ပစ္စယနိဒ္ဒေသ- အာရမ္မဏပစ္စယော။

ရသာယတနံ၊ ရသာရုံသည်။ (ဝါ) ရသဓာတ်သည်။ ဇိဝှာဝိညာဏာဒေတု ယာ၊ ဇိဝှာဝိညာဏစေတ်လို့ဝေါဟဲ့ အရသာကိုသိတဲ့ ဇဝှာဝိညာဉ်စိတ်အား။ ကံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ၊ ထိုဇိဝှာဝိညာဉ်စိတ်နှင့် ယှဉ်ပြီးတော့ လာခဲ့ဟဲ့ အရသာကို ခံစားတယ်ဆိုတဲ့ ဝေဒနာအစရှိတဲ့ သမ္မယုတ္တဓမ္မတရားတို့အား။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယ သတ်တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကောင်းစွာမခဿ ကျေးဇူးပြု၍ နေပါပေတော့သတည်း။

တဝ တအိုကြီးဖြစ်အောင် မစားနဲ့

နိဂုံးချုပ်အနေဖြင့် ဘုန်းကြီးတို့ ကျမ်းဂန်များက—

စတ္တာရော ပဠူအာလောပေ၊ အဘုတ္ဝာ ဥဒကံ ပိဝေ။
အလံ ဖာသုဝိဟာရာယ၊ ယုတ္တယောဂဿ ဘိက္ခုနော—

ဆိုပြီးတော့ ပြဆိုထားတာ ရှိတယ်။

စတ္တာရော ပဠူအာလောပေ၊လေးလုတ်ငါးလုတ်သော ထမင်းတို့ကို။အဘုတ္ဝာ၊ မစားမူ၍။(ဝါ) ချန်ထား၍။ ဥဒကံ၊ ရေကို။ ပိဝေ၊ သောက်ရမယ်။

တရားအားထုတ်တဲ့ယောဂီ ထမင်းစားရင် လေးလုတ် ငါးလုတ်စာ ချန်ပြီးတော့ ထိုကျန်နေတဲ့နေရာမှာ ရေသောက်ပြီးကော့ ထည့်ပါ။ ဒီလိုဆိုရင် ဘာအကျိုးရှိသလဲ။

ဇစံ၊ဤသို့ လေးလုတ်ငါးလုတ်စာ ချန်ပြီးတော့ ရသောက်ခဲ့မယ်ဆိုလို့ရှိရင်။ ယုတ္တာယောဂသာ၊ ကမ္မဋ္ဌာန်းအလုပ် အားထုတ်နေသော။ ဘိက္ခုနော၊ သံသရာရေး ခန္ဓာဘေးကို ထောက်တွေးမြော်မြင် ဆင်ခြင်တတ်တဲ့ ယောဂီသူမြတ်၏။ ဖာသုဝိဟာရာယ၊ ချမ်းချမ်းသာသာနဲ့ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်နိုင်ဖို့ရန် အလို့ငှါ။(ဝါ) ဝေဒနာအသစ် ထမင်းဆီယစ်ခြင်းဆိုတာ မဖြစ်ဖို့ရန်အလို့ငှါ။ အလံ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်တဲ့ဘရားပင် ဖြစ်ပါပေတော့သတည်း။

ဒါကြောင့် ဘုန်ကြီးတို့ယောဂီများ နိဂုံးချုပ် ဆင်ခြင်ရမယ့်အချက်မှာ အစားကို စားသောက် သုံးဆောင်တဲ့နေရာမှာ သာယာတဲ့ ရသတဏှာ လုံးဝ မရှိကြပဲ အသက်အသေမခံနိုင်၊ သာသနာ့တာဝန် တမ်းလို့၍ စားသည်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စားသောက်သုံးဆောင်ကြပါလေ။

တရားအားမထုတ်မီ ပြုလုပ်ရမည့် ပရိကမ်များ

သီလခံယူတဲ့ ကိစ္စပြီးသွားတဲ့နောက်မှာ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စတွေ အခြားပြုဖွယ်ရာရှိတဲ့ အနုဗ္ဗကိုဏ်းဝင် ကျေးဇူးရှင်များအား ကန်တော့ခြင်း၊ မြတ်စွာဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်များကို ပွားများခြင်း၊ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းမယ် ကုံးပိုရှိရင် ရှေးဦးစွာ ပဟာဝိသုဒ္ဓါရုပ ဆရာတော်ဘုရားကြီးများ ဒေတိုချုပ်ပြီးတော့ မိန့်ကြားထားတာ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းမယ့် ပုဂ္ဂိုလ်များသည်—

"ဒုဂါရငါးထပ်၊သိတ်ရာကပ်၍၊အားသစ်ပွားထပ်၊ဗုဒ်၊မေတ်၊မ-ကို"

ဘရာတော်ဘုရားကြီးများ သြဝါဒပေးကြားချက်အရ အာရုံတိတ်ဆိတ်တဲ့ အရပ်ကို ချဉ်းကပ်ပြီးတော့ ရှေးဦးစွာ ဗုဒ်-မေတ်-မ-ဒီသုံးခု ပွားများထားရမယ်၊ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ မရဏာဿတိ ဒီကမ္မဋ္ဌာန်းသုံးခုကို ရှေးဦးစွာ အနှည်းငယ် စိတ်ထဲအာရုံယူပို့ရန် လိုအပ်ပါတယ်၊ ဒါပရိကမ်တဲ့ပေါ့။

ဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်များ ပွားများခြင်း၊ ဗုဒ္ဓါနုဿတိ၊ မေတ္တာတရားပွားများခြင်း၊ မရဏာဿတိအုံတာဂက မိဝိရဲ့ အသက်နဲ့ ဘဉ္စာသေရမယ့်သဘောကို ထပ်တလဲလဲ စီးဖြန်းခြင်း၊ ဒီသုံးခု ရှေးဦးစွာ ပရိကမ်ယူရမယ်။

နောက်ပြီးတော့ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းမယ့်ပုဂ္ဂိုလ်များဟာ မပြစ်မှားသင့် မပြစ်မှားထိုက်သော အနုဗ္ဗကိုဏ်းဝင် ကျေးဇူးရှင်များအပေါ် တစုံတခု

ပြစ်မှားထားတာမျှား ရှိခဲ့ရင် ထိုအပြစ်ကြီးတွေ ရွေ့ကဝံနေခဲ့ရင်လဲပဲ တရားရဖို့ရန် ခက်သောကြောင့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မျှားအား ကန်တော့ခြင်းဆိုတာ တခုပြုလုပ်ရတယ်။

နောက်ပြီး ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီးမှာ လာတဲ့အတိုင်း မိမိရဲ့အသက်နဲ့ခန္ဓာကို မြတ်စွာဘုရားအား လှူဒါန်းအပ်နှင်း စွန့်လွှတ်၍ ထားခြင်း၊ ထိုပရိကမ်တွေ့ ပြုဖွယ်ကိစ္စတွေ့ကို ပြုရမယ်၊ ပြုဖို့ရန် ဘုန်းကြီးတိုင်ပေးရင် အားလုံး လိုက်ဆိုရမယ်။ အဲဒီပရိကမ်မျှား မတိုင်သေးခင် ရှေးဦးစွာ ယောဂီမျှားကို ပြောချင်တာလေးတွေ့ ရှိပါသေးတယ်။

(၁) စူဠသောတာပန်

ဘာပြောချင်တုံးဆိုလို့ရှိရင် ယခု ငါးရက်တာမျှ ဝိပဿနာအလုပ် တရားလာပြီးတော့ နာကြားကြ၊ အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေ့ အနေနဲ့ ငါတို့တက်ယ် တရားပေါက်အောင် အားထုတ်ပယ်ဆိုဘဲ့ ရည်ရွယ်ချက်နဲ့ လာတဲ့ပုဂ္ဂိုလ်တွေ့ ရှိကောင်းရှိမယ်၊ သင်တန်းသဘောနဲ့ အစမ်းသဘောနဲ့လာတဲ့ပုဂ္ဂိုလ်မျှားလဲ ရှိကောင်းရှိမယ်။

ဘုန်းကြီးအနေနဲ့ကတော့ ဘုန်းကြီးတို့ သပိတ်အိုင်တောရ ဆရာတော်ဘုရားကြီးရေးတဲ့ ကမ္မဋ္ဌာန်း ကျမ်းစာအုပ်ထဲက နာပယ်လေးလိုပေါ့။ ဘယ့်နှယ်ရေးထားတုံးဆိုတော့ "ယောဂိနန္ဒိဝေါ် စူဠသောတာပန် ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်းကျမ်း"၊ ဘယ်ကမ္မဋ္ဌာန်းဆရာတော်တွေ့မှ မတပ်တဲ့နာမယ်၊ သပိတ်အိုင်ဆရာတော်ဘုရားကြီးက ထူးထူးခြားခြားတပ်ထားတယ်။

စူဠသောတာပန်ဆိုတာ ရုပ်တရား နာမ်တရား ဒီလောက်နားလည်တယ်ဆိုရင်ပဲ စူဠသောတာပန်ဖြစ်တယ်။ ရုပ်အကြောင်း ကောင်းကောင်းနားလည်သွားတယ်၊ ဝေဒနာအကြောင်း ကောင်းကောင်းသိသွားတယ်၊ ခန္ဓာငါးပါးရှိတဲ့အထဲမှာ ရုပ်၊ ဝေဒနာ၊ဝိညာဉ်၊ ဒီခန္ဓာသုံးခုအကြောင်း ကောင်းကောင်းသိသွားရင် ဘုန်းကြီးစိတ်ထဲဖြင့် တော်တော်ကျေနပ်ပါပြီ။

သညာ သင်္ခါရတွေ့က ဝိညာဉ်ရဲ့ နောက်ကလိုက်တယ်။ဝေဒနာက သီးခြားကမ္မဋ္ဌာန်းကြီးတခုဖြစ်တယ်။ဝိညာဉ်ကလဲပဲ သီးခြားကမ္မဋ္ဌာန်းကြီးတခုဖြစ်တယ်။ သူက စိတ္တာနုပဿနာထဲသွားတယ်၊ရုပ်ကလဲပဲ သီးခြားကမ္မဋ္ဌာန်းတခုဖြစ်တယ်၊ သူက ကာယာနုပဿနာထဲ သွားတယ်။

ရုပ်ရယ်၊ ဝေဒနာရယ်၊ ဝိညာဉ်ရယ်၊ ဒီသုံးလုံးကို ပိုင်ပိုင်နိုင်နိုင် သိသွားလို့ရှိရင် ဘုန်းကြီးစိတ်ထဲ ကျေနပ်တာဟာ သပိတ်အိုင်ဆရာတော်ဘုရားကြီး ရေးသားကော်မူတဲ့ စာအုပ်ရဲ့ နာမည်လိုပဲ စူဠဋ္ဌသောတာပန်။

ရဟန္တာဖြစ်ဖို့၊ အနာဂါမ်ဖြစ်ဖို့။ သကဒါဂါမ်ဖြစ်ဖို့ သောတာပန်ဖြစ်ဖို့ လူဝိုင်းမှာ ဒီရည်ရွယ်ချက်ရှိကြရမယ်။ သို့သော်လဲပဲ သေချာတာကတော့ အောက်ဆုံးအဆင့် ဒဲဒီ စူဠဋ္ဌသောတာပန်က သေချာတယ်။

သေချာတဲ့ဥစ္စာကို ရည်ရွယ်ချက်ထားပြီးတော့ ဒီကနေ့ ဘုန်းကြီးတို့ယောဂီများ အနေနဲ့လဲ ရည်ရွယ်ချက်ကို ဟို-အမြင့်ကြီးကို သိပ်ပြီးတော့ မမှုန်းကြပဲနဲ့ ဆရာတော်ဘုရားကြီး နာမယ်ပေးထားတဲ့ "စူဠသောတာပန်ဖြစ်ခန်း၊ မာတ်ကမ္ဘဉ်း ဆိုတာလို ရုပ်အကြောင်း ဝေဒနာအကြောင်း ဝိညာဉ်အကြောင်း ကောင်းကောင်း သိပြီး ပိုင်သွားလို့ရှိရင် အေး—ငါတို့တော့ စူဠဋ္ဌသောတာပန်။

စူဠဋ္ဌသောတာပန္နော နာမ နိယတဂတိကော ဟောတိ။

စူဠဋ္ဌသောတာပန်ဆိုတာ ဂတ်မြဲတယ်၊ပဟာဏသောတာပန်နဲ့ အလားတူတယ်၊ အဲဒီလို အနိမ့်ဆုံးက မှန်းထားဟဲ့ ပုဂ္ဂိုလ်ဟာ အမြင့်ဆုံး မရောက်တဲ့အခါ စိတ်ထဲသက်သာရာရတယ်။ သိပ်အမြင့်ကြီး မှန်းထားပြီးတော့ မှန်းတဲ့နေရာကို မရောက်ခဲ့လို့ရှိရင် ကိုယ်က ဝုဏ်မဲ့လား ရလာလို့ရှိရင် အဲဒီပုဂ္ဂိုလ်ဟာ စိတ်ထဲပင်ပန်းတယ်။

(၂) အနုရုဒ္ဓါမဂ္ဂဏ်

ဘုန်းကြီးတို့ ဟောထားတဲ့ အနုရုဒ္ဓါသုတ္တန်ကြည့်ပေါ့၊ အနုရုဒ္ဓါမဂ္ဂဏ် သူမြတ်ဟာ ဧစတိယတိုင်း ပါစိနဝံသ ဝါးတောကြီးထဲမှာ တန္ဒမ်ခဲ့လောက် အားထုတ်ရတယ်။ အရဟတ္တဖိုလ်မပေါက်လို့ ပင်ပန်းလိုက်တာ၊ အနုရုဒ္ဓါဟာ ဝိတက်တွေ အကြီးအကျယ်ဖြစ်လို့။

ဘုရားရှင်ကိုယ်တော်တိုင် ကြုံပြီးတော့ ဘုံးမ၊ရှင်သာရိပုတြ်ာမထေရ်မြတ်ကံ ချဉ်းကပ်ပြီးတော့မေး၊ ဝိတက်တွေ နှိပ်စက်လို့ ပင်ပန်းနေတဲ့ အနုရုဒ္ဓါဟာ ဘာကြောင့်လဲ။

အထ စ ပန မေ နာနုပါဒါယ စိတ္တံ အာသဝေဟိ ဝိမုစ္စိ။

အဲဒါကို ထပ်တလဲလဲ စဉ်းစားတယ်။

အထ စ ပန၊ သို့သော်လဲပဲ။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ အနုပါဒါယ၊ တစုံတခုသော ဥပါဒါန်ဖြင့် ငြိကပ်ခြင်း မရှိမူ၍။ အာသဝေဟိ၊ အာသဝေါ ဘရုးလေးပါးတို့မှ။ န ဝိမုစ္စိ၊ မလွတ်မြောက်နိုင်ပဲ ရှိရလေတော့၏။

တံ ကာရဏာ၊ ထိုအကြောင်းကား။ ကိ၊ အဘယ်ပါလေနည်း။

အေး-ငါဒါလောက်တောင် အပြင်းအထန် အားထုတ်ရက်သားနဲ့ အရဟတ္တဖိုလ် မပေါက်တာ ဘာဖြစ်လို့မျှား ပါလိမ့်မလဲ။ အနုရုဒ္ဓါ ဒါပဲ ထပ်ကာထပ်ကာ စဉ်းစားပြီး ပင်ပန်းတော့ တဖြေးဖြေးနဲ့ စိတ်ထဲအကြံအိုက်လာပြီး ကုက္ကုစ္စ ဆိုတာတွေ့ ဖြစ်သွားတယ်၊ ပူပန်မှုတွေ့။ရလို့ဇောနဲ့ အပြင်းအထန် ကြိုးပမ်း၊ မရတော့ စိတ်ထဲပူပန်ခြင်းဆိုတဲ့ ကုက္ကုစ္စဖြစ်သွားတယ်။

ဒါကြောင့် ရလို့တယ်ဆိုတဲ့ ဇောဆန္ဒတွေ့ အပြင်းအထန် ကပ်ပြီးလို့ရှိရင်လဲ ကုက္ကုစ္စတွေ့ ရောက်တတ်တယ်။ ဝိရိယတွေ့ လွန်ကဲသွားတတ်တယ်။စိရိယတွေ့က သိပ်ခေါင်းပါးပြီးတော့ နေပြန်ရင်လဲပဲ အဲဒီပုဂ္ဂိုလ်ဟာ သမာဓိမဖြစ်ပြန်ဘူး။ ဝိရိယလွန်ကဲပြန်ရင်လဲ ရတဲ့သမာဓိလေး ပျက်သွားပြန်တယ်။ ဒီလိုဖြစ်တတ်တယ်။

အေး-ဒီတော့ ဘုန်းကြီးတို့ ယောဂီမျှား စုဥဿောတာပန် ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်းကျမ်းဆိုတာလို့ ရုပ်တလုံး ကောင်းကောင်းပိုင်ရင်၊ ဝေဒနာတလုံး ကောင်းကောင်းပိုင်ရင်၊ ဝိညာဉ်တလုံး ကောင်းကောင်းပိုင်ရင်၊ အေး-ငါတော့ စုဥဿောတာပန်ဖြစ်ပြီ။ဒါဆိုလို့ရှိရင် ဘုန်းကြီးတို့ ယောဂီမျှားအတွက် အတော် အားရစရာ ဧကောင်းတယ်။

သင်တန်းသဘောနဲ့ အပြင်အဆင် (၃) ရပ်

၁။ ရာသီဥတုအပြင်အဆင်

ဒါကြောင့် (၅) ရက်တာမျှ အားထုတ်ကြတဲ့ ဘုန်းကြီးတို့ ယောဂီမျှားရဲ့ လုပ်ငန်းစဉ်ဟာ ဘာလုပ်ကြတာလဲဆိုလို့ရှိရင် ဘုန်းကြီးပြောချင်တာကတော့ သင်တန်းတက်ကြတာ။ (၅)ရက် သင်တန်းလို့ ဒီလိုအမည်ပေးတာ

ပါ။ (၅)ရက်တာမျှ မိမိတို့ရွပ်အကြောင်း၊ ဝေဒနာအကြောင်း၊ ဝိညာဉ်အကြောင်းကို အလုပ်လုပ်ဖို့ရန် အခြေခံရဖို့ရန် သင်တန်းတက်တဲ့ သဘောပဲ။

သင်တန်းတက်တဲ့ သဘောအနေနဲ့ ရုပ်၊ ဝေဒနာ၊ ဝိညာဉ်အကြောင်း သိလိုရှိရင် အေး—ဒို့အတောင်အတန် လူ့ဘဝ အဖိုးတန်ပြီးပို့ ရည်ရွယ်ချက်ကို ဒီလို ၄နိမ့်ဆုံးထား။

(က) အတိတ်နဲ့ ပစ္စက္ခ အပူတွေငြိမ်းအောင်

နောက်တခုက ရာသီဥတုအားဖြင့် ဒီကနေ့ ရာသီဥတုဟာ အလွန်တရာပူပြင်းတဲ့ရာသီ ကန်ခုံးလ၊ ပူလိုက်တာ ချွေးတလုံးလုံးနဲ့ ပူနေကြဟာ။ ပူတယ်ပူတယ်လို့ ဘုန်းကြီးတို့ ယောဂီများ ညည်းတွားမနေကြပါနဲ့ ဘာနဲ့ဖြေဖျောက်ကြရမလဲဆိုလို့ရှိရင် အတိတ်သံသရာ ဘဝဆယ်ခုကလေးတွေဟာ ငရဲကြီးရှစ်ထပ်မှာ ပံ့ခဲ့ရတဲ့ ဘဝပေါင်း မရေနိုင်ဘူးလို့ အနုမဟဂ္ဂသုတ်တော်အရ ပြုံးပြီးတော့ စဉ်းစား။

အနမတဂ္ဂါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ သံသာရော၊ ဟောဒီသံသရာကြီးသည်။ အနမတဂ္ဂေါ၊ မသိနိုင်တဲ့ အစရှိ၏။ ပုဗ္ဗကောဋိ၊ သံသရာရဲ့ ဧရှေအစွန်းဟာ။ န ပညာယတိ၊ မထင်ရှားဘူး။

အတိတ်သံသရာ ဘယ်စုံးကစခဲ့တယ်ဆိုတာ မထင်ရှားလောက်အောင်ကို အလွန်တရာ ရှည်လျားလှတယ်။ အတိတ်သံသရာ ဘဝတွေလျှောက်လုံးက ငါတို့တတွေ သိဉာဏ်၊ ကာလသုတ် အစရှိတဲ့ ငရဲကြီးရှစ်ထပ်မှာ ပံ့ခဲ့ရတဲ့ဘဝပေါင်း မရေနိုင်ဘူးလို့ ကိုယ့်ကိုယ်ကို ပြန်စဉ်းစားပြီးတော့—

ထိုငရဲတွေရောက်ခဲ့ရဟဲ့ အကြိမ်ငတ္တ၊ ဘဝတွေတုန်းက ငရဲမီးပူလို့ ငါတို့ရဲ့ ခန္ဓကိုယ်ကြီးဟာ စိစိညက်ညက် ကြေခဲ့ရပဲ့ဘဝပေါင်း၊ ပြာဖြစ်ခဲ့ရတဲ့ ဘဝပေါင်း၊ အပေါစိအိုးထဲမှာ ကြွမ်ဖန်များစွာ ခံခဲ့ရဟဲ့ဘဝပေါင်း မရေနိုင်ဘူးလို့ ပြန်ပြောင်းတွေးရင်—

ဒီကနေ့ တနံ့ဦးလ ရာသီပူတဲ့အပူဟာ ဘဝ သံသရာ ဟလျှောက်တုန်းက ငရဲအိုးထဲ ပံ့ခဲ့ရဟဲ့ ငရဲမီးလောက် မဘိုးသေးပါဘူးလို့ အပူကို အဲဒီလို တနည်းအားဖြင့် ဖြေဖျောက်ပြီး အဲဒီလို သံသရာတလျှောက်လုံးက ပူခဲ့တဲ့

အပူတွေ၊ ယခုပစ္စုပ္ပန်ဘဝမှာ ပူနေတဲ့အပူတွေကို ငြိမ်းအောင် ငါတို့ ဒီကနေ့ ကြိုးပမ်းကြရမယ်။ ဒါလဲတချက်ပေါ့၊ အပူကိုငြဖျောက်တဲ့နည်းတမျိုး—

(ခ) အင်္ဂါတ္တ ဗဟိဒ္ဓ အပူတွငြိမ်းအောင်

နောက်တခုက တန်ခူး ကဆုန် ဆေ့ဆေ့ဝုန်းအောင် ပူတယ်ဆိုတာဟာ အပြင်အပက ပူနေတဲ့ ဗဟိဒ္ဓတေဇောဓာတ်၊ ဒါဟာ နာရီပိုင်းလောက်ပဲ ပူမှာနော်၊ သိပ်မပူသေးဘူး။ ပိဖိတို့ရဲ့ အလှည်းအင်္ဂါတ္တမှာ သံသရာတလျှောက် လုံးက ပူလောင်လာတဲ့ ကိုးလသားကယ်ပါးလုံးခေါ်ဟဲ့ အပူမီးတွေ၊ ရာဂဒေါသ မောဟ အစရှိပဲ့ ကိုးလသား မီးတောက်တွေဟာဖြင့်ရင် ငါတို့ နှလုံးသားထဲမှာ တချိန်းချိန်းနဲ့ သံသရာတလျှောက်လုံး လောင်နေတယ်။

အပြင်အပ ဗဟိဒ္ဓ သြကာသလောက က ပူတဲ့အပူဟာ ဒါလောက်မဆိုးဘူး။ ဒါကြောင့် အပြင်အပ အပူဒဏ်ကို ငါတို့ ဂရုမစိုက်မူ၍ အတွင်းအင်္ဂါဘ ဝန္ဓာထဲရှိတဲ့ ကိလေသာအပူတွေကို ငါတို့ ငြိမ်းအောင် ကြိုးစားမယ်။ဒီလိုလဲ နှလုံးမူပြီးတော့ အပြင်အပကပူတဲ့ နေပူ လေပူဆိုတဲ့ အပူကို ကြံ့ကြံ့ခိုင်ခိုင် သည်းခံနိုင်ကြရမယ်။

ကိလေသာဆယ်ပါးဆိုတဲ့ အပူမီး၊ ဇာတိအစရှိတဲ့ တဆယ့်တစ်ပါးသောမီး၊ ဒီအတွင်း မီးတွေက ပိုပြီးတော့ကိုးတယ်၊ အပြင်မီးက မဆိုးသေးဘူး။ ဒီအတွင်း အပ အင်္ဂါတ္တ ဗဟိဒ္ဓ နှစ်ဌာနမှာ လောင်နေတဲ့မီးတွေကို ငြိမ်းဘို့ရန် ငါတို့ ကြိုးပမ်းခြင်းလို့ အာရုံယူပြီးတော့ ဒီကနေ့ နေအပူဒဏ်ကိုလဲ ဒီလိုသည်းခံ၊ ဒါက အပူနဲ့ပတ်သက်လို့ သည်းခံဘို့ရန် ဖြေဖျောက်ဘို့ရန် နှစ်ချက်ပေါ့။

(ဃ) နေထိုင်ရပုံ အခြေအနေ

(က) ဇာတိပဋိသန္ဓေရဲ့ ဒုက္ခသဘော

နောက်တခါ နေရာထိုင်ခင်းနဲ့ပတ်သက်လို့ နေရာထိုင်ခင်းက ကျဉ်းကျဉ်းကျပ်ကျပ် အားထုတ်ရတဲ့ မမှောရုံကလဲ ကျဉ်းမြောင်းတယ်။ အေး—နေရ ထိုင်ရတဲ့ နေရာလေးတွေကလဲ ကြမ်းခင်းပြီး ထန်းရွက်ဟဲလေးတွေနဲ့ဆိုတော့ နေရာမကောင်းဘူးဆိုတာရယ်၊ နေရာထိုင်ခင်း ကျဉ်းကျပ်တယ်ဆိုတာရယ်၊ အဲဒီနှစ်

ခုကိုလဲပဲ ဘုန်းကြီးတို့ ယောဂီများအနေနဲ့ စိတ်ထဲ ဘယ့်နှယ် နှလုံးသွင်းထား ကြမလဲဆိုရင်—

ဟောဒီဓမ္မရိပ်သာ ဘယ်လောက် ကျဉ်းကျပ်တယ်ပဲပြောပြော၊ ငါတို့နေကြ ရတဲ့ ကမ္မဋ္ဌာန်းကျောင်းလေးတွေဟာ ဘယ်လောက် ကျဉ်းကျပ်တယ်ပဲ ပြော ပြော၊ ဇာတိဒုက္ခမကင်းသေးတဲ့ ငါတို့တတွေဟာ ဂဗ္ဘသေယျက ပဋိသန္ဓေ နေခဲ့ရလို့။ မိခင်ဝမ်းခေါင်း ကိန်းအောင်းရလို့ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ ဇာတိ ဒုက္ခ ခံခဲ့ရတာဇတ္တ ပြန်ပြောင်းပြီးတော့ကြည့်၊ အနမတဂ် သံသရာစက်က—

> အနမတဂ္ဂေါ်ယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋ္ဌိ န နာယတိ၊ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝိတံ သံသရတံ။

အနမတဂ္ဂ ဒေဿနာတော်အရ အဝိဇ္ဇာ တဏှာတို့ဖြင့် ချုပ်နှောင်တုတ် ဆိုင်းပြီးတော့ သံသရာခရီးလယ်ခဲ့ရတဲ့အတွက်ကြောင့် မိခင်ဝမ်းခေါင်း ကိန်း အောင်းခဲ့ရတဲ့ ဂဗ္ဘသေယျကပဋိသန္ဓေ၊ ဥလေးတွေဆဲ ကြက်ဥ ငှက်ဥလေးတွေ ဆဲ ဝင်ပြီးတော့ ကိန်းအောင်းခဲ့ရတဲ့ အဏ္ဍဇပဋိသန္ဓေ။

အဲဒီ ပဋိသန္ဓေတွေကိုပြန်ကြည့်ရင် ဘယ်လောက်များ ကျဉ်းကျပ်ဇိုက်သလဲ ကျဉ်းကျဉ်းကျပ်ကျပ် မလှုပ်သာ မယှက်သာ၊ လက်ဘလေးမှ မလှုပ်သာ၊ ခြေ ထောက်ကလေးမှ မလှုပ်သာ၊ မျက်လုံးလေးမှ မဖွင့်နိုင်၊ သွေးပုပ်ပြည်ပုပ် မစင်ကျင်ကြီး ကျင်ငယ် သည်းခြေ သလိပ်ဆိုတဲ့ အညစ်အကြေးတွေထဲမှာ ရောထွေးပြီးတော့ ငါတို့တတွေ နေခဲ့ရတဲ့ ဇာတိဒုက္ခဟာ ဒါထက် ကျပ်ကျပ် ပါတယ်။

ယခု ကမ္မဋ္ဌာန်းကျောင်းနဲ့ ကမ္မဋ္ဌာန်းရိပ်သာ ဘယ်လောက်ကျဉ်းကျပ် တယ်ပဲပြောပြော၊ ယခုနက ပြောခဲ့တဲ့ ဇာတိဒုက္ခတွေလောက် မကျဉ်းကျပ် သေးဘူး၊ ဥဖွယ် နေခဲ့ရတဲ့ ပဋိသန္ဓေ၊ မိခင်ဝမ်းခေါင်းထဲ နေခဲ့ရတဲ့ ပဋိသန္ဓေ၊ ထိုပဋိသန္ဓေဒုက္ခတွေလောက် ယခု ငါတို့ နေကြရတာ မကျဉ်းကျပ်သေးဘူး။

ယခုလို ကျဉ်းကျဉ်း ကျပ်ကျပ်ကမ္မဋ္ဌာန်းကျောင်းလေးထဲမှာ ငါတို့ ကြိုးပမ်း ခြင်းဟာ ဒါထက်ပိုပြီးတော့ ကျဉ်းကျပ်တဲ့ ဂဗ္ဘသေယျက ပဋိသန္ဓေနဲ့ အဏ္ဍဇ ပဋိသန္ဓေဆိုတဲ့ ပဋိသန္ဓေနှစ်မျိုးရဲ့ ကျဉ်းကျပ်မှုကို ဖြေရှင်းဘို့ရန် ငါတို့ ကြိုးပမ်း ကြတာလို့ ဒီလိုလဲအာရုံပါပြီးတော့ နေရာထိုင်ခင်း ကျဉ်းကျပ်မှုကို စိတ်မှာ ဖြေဖျောက်ကြပါ။ ဒါက တခုပေါ့။

(၁) တဲအိုပျက်နဲ့ ကိုယ်ခန္ဓာ

နောက်တခုက နေရာထိုင်ခင်း မကောင်းဘူးထား၊ ထန်းရွက်တဲလေးတွေ ပေါ့။ ထန်းရွက်ဟဲလေးတွေမို့ နေရာထိုင်ခင်း ပကောင်းဘူးဆိုတဲ့ရှိရင် အေး-မိမိတို့နေကြရတဲ့ ပကတိတဲအိမ်လေးတွေဟာ မကောင်းဘူး ဘိုရင် မိဝိတ်ရှိနေတဲ့ ဟာဒီခန္ဓာအိမ်ကို ပြန်ကြည့်၊ ဘာမျှားကောင်းတာရှိ။

အရိုး(၃၀၀)တိုင်ထူပြီးတော့ အကြောပေါင်း(၉၀၀)နဲ့ချ၊ အသားတစ်တွေနဲ့ပိတ်၊ အရေထူကြီးနဲ့ ပိတ်ဆိုင်းပြီးတော့ အပေါက်တွေဖောက်ကြည့်လိုက်ရင် အတွင်းမှာ ဘာတွေလဲ၊ သွေးတို့ပြည်တို့၊ သလိပ်တို့၊ ကျင်ကြီး ကျင်ငယ်တို့၊အူသိမ် အူမတို့၊အစာသစ် အစာဟောင်းတို့၊ အဲဒီလို ဒဂုံ သကာယ အသုဘအစုအဝေးတွေ စုထည့်ထားတဲ့ ခန္ဓာအိမ်။အနိစ္စတရားတွေ၊ ဒုက္ခတရားတွေ၊ အနတ္တတရားတွေအပြည့် အသုဘတရားတွေအပြည့် စုလျှောင်ထားတဲ့ ခန္ဓာအိမ်။

ကိုယ့်ခန္ဓာအိမ် ကိုယ်ပြန်ကြည့်၊ ဘာတခုမှ အကောင်းမရှိတဲ့ ခန္ဓာအိမ်နဲ့ နေကြရကာ။ဒီတဲအိုပျက်၊ဝါးတဲ ထန်းရွက်တဲ မကောင်းဘူးလို့ ညည်းမနေကြနဲ့၊ ကိုယ့်ခန္ဓာအိမ်ကကော ဘာမျှားကောင်းတာရှိသလဲ၊ ဟာဒီဝါးလေးတွေ ထန်းရွက်လေးတွေနဲ့ ဆောက်ထားတဲ့ တဲကလေးတွေကမှ ကောင်းဦးမယ်။ ၃၂- ကောဋ္ဌာသနဲ့ စုပေါင်းတည်ဆောက်ထားတဲ့ ခန္ဓာအိမ်ကတော့ အနိစ္စ ဒုက္ခ အနတ္တ အသုဘတို့ဖြင့် ပြည့်နေတာကြောင့် ဘာမှပဓးကောင်းပါတကား။

ဤမျှမကောင်း၊ ဤမျှစက်ဆုပ်ဖွယ်ဖြစ်နေတဲ့ ခန္ဓာရဲ့ ဒုက္ခမှ လွတ်ငြိမ်းဖို့ဖို့ရန် ငါတို့သည် ဤဇာကုတ်ကလေးတွေလဲမှ ကြိုးပမ်းပြီးတော့ ဘားထုတ်ကြမယ်လို့၊ အေး- ဝါးတဲလေး၊ တန်းရွက်ကဲလေးကျွတ်လဲ ဒဲဒဲပဲ ဘာရှိဃျူ၊ ငါ့ခန္ဓာအိမ်ထက်တော့ သာသေးတာပဲလို့ စိတ်မှာ ကြေကျေနပ်ကြပါ၊ ဒါက တဲ့။

(၃) စားရေးသောက်ရေး အခြေအနေ

(က) ရောင့်ရဲတင်းတိမ်မှု သဘော

နောက်တခုက အစားအသောက် အစားအစာနဲ့ ပတ်သက်လို့လဲ ရှုစ်ပါးသီလ ဆောက်တည်ထားလို့ မနက် အရုဏ်တက်ရင် ကြွမ်၊ နေ့လည် ၁၀

နာရီ ၁၀-နာရီခွဲ တကြိမ်၊ ဒီလိုပဲ တနေ့ ၂-ကြိမ် စားပြီးကော့ အများနဲ့ တန်းတူ အများစာနဲ့ ရောချက်တဲ့ အစားအစာကို မိမိကြိုက်တာ ဖြစ်ချင် ဖြစ်မယ်၊ မကြိုက်တာ ဖြစ်ချင်ဖြစ်မယ်၊ ကောင်းချင်လဲ ကောင်းမယ်၊ မကောင်းချင်လဲ နေလိမ့်မယ်၊ အားလုံးအတွက် တညီတညီးချက်တဲ့ အစားအစာကို တညီတညီး စားကြရမှာဖြစ်လို့ အစားအစာ မကောင်းဘူးလို့လဲပဲ မညည်းတွားကြပါနဲ့။

သံသရာခရီးတလျှောက်လုံးက အတိတ်သံသရာ ပြန်ကြည့်လိုက်။

အနမတဂ္ဂေါ်ယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋ္ဌိ နနာယတိ။

ဒေသနာတော်အရ သံသရာခရီးဘလျှောက် လယ်ခဲ့ရတဲ့ဘဝတွေမှာ အစာငတ်လို့သေခဲ့ရတာလဲ မရေတွက်နိုင်ဘူး၊ ပြိတ္တာဖြစ်လို့ ငတ်ခဲ့ရတဲ့ ဘဝတွေလဲ မရေနိုင်ဘူး၊ ဗုဇ္ဈကဋ္ဌရကပ်ကြီးနဲ့ သေခဲ့ရတဲ့ ဘဝပေါင်းလဲ မရေတွက်နိုင်ဘူး။

အဲဒီလို ဒုဗ္ဘိက္ခန္တရ ဘဝနဲ့ ငတ်ပြီးတော့ သေခဲ့ရတဲ့ဘဝတွေ၊ တိုရစ္ဆာန်အဖြစ်နဲ့ မစားရတချက်၊ စားရတချက်နဲ့ သေခဲ့ရတဲ့ဘဝတွေ၊ ပြိတ္တာဖြစ်လို့ ရေကလေးတပေါက်မှ မသောက်ခဲ့ရတဲ့ဘဝတွေ ပြန်ကြည့်လို့ရှိရင် အေးအခုလို ကမ္ဘာဦး ဘဝနာတရာ ပွဲးများကြိုးကုတ် အားထုတ်နေတဲ့အချိန် စားရတဲ့ အစားအစာသည် တို့အတွက် အလွန်တရာ ကောင်းပေသေးတယ်။

သံသရာတလျှောက်လုံးက ငတ်ခဲ့ရတဲ့ဘဝ၊ ပြတ်ခဲ့ရတဲ့ဘဝ၊ မဝရေစာ စားခဲ့ရတဲ့ တိရစ္ဆာန်တို့ရဲ့ဘဝ၊ ပြိတ္တာတို့ရဲ့ ဘဝဟာ ဒါထက်ဆိုးတယ်ဟဲ့လို့ စိတ်မှာ အာရုံယူပြီးတော့ ဤကဲ့သို့ ဒုဗ္ဘိက္ခန္တရဘေးဆိုးကြီးတို့မှ လွတ်မြောက်ရအောင်-

ငတ်တလှည့် ပြတ်တလှည့် မဝရေစာ လူကျွးတဲ့ အရိုးအရင်းကလေးနဲ့ စားရသောက်ရတဲ့ တိရစ္ဆာန်တို့ရဲ့ ဘဝမျိုး၊ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး၊ ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးတို့ ပင်လယ်ထဲကရေတွေ သပိတ်နဲ့ ခပ်ပြီးတော့ ဘယ်လိုပဲ လောင်းလောင်း၊ပါးစပ်ပေါက်ကလေးက ကျဉ်းလွန်းလို့ ရေကလေး ငတာင်မှ မသောက်ရပဲနဲ့ အလွန်တရာ အစာငတ် ရေငတ်ဖြစ်တဲ့ ပြိတ္တာတို့ရဲ့ ဘဝမျိုး။

အဲဒီလို ဘဝဆိုး ဘဝမျိုးတွေမှ လွတ်မြောက်အောင် ငါတို့ဟာ ရှိသမျှ အစားအစာလေးကို ခြိုးခြိုးခြုံခြုံ ရောင့်ရောင့်ရဲရဲ တင်းတင်းတိမ်တိမ် စားသောက်ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြမယ်လို့ ဒီလိုလဲပဲ နှလုံးထားပြီးတော့ အစားအစာမှာ စိတ်ကို ကျေနပ်အောင် နှစ်သိမ့်ကြပါ။

ဘုန်းကြီးတို့ မဟာပုရိသဝိတက္ကသုတ်မှာ—

သန္တုဋ္ဌဿာယံ ဓမ္မော နာယံ ဓမ္မော အသန္တုဋ္ဌဿ။

အယံ ဓမ္မော၊ ဤလောကုတ္တရာတရား ကိုးပါးသည်။ သန္တုဋ္ဌဿ၊ ရောင့်ရဲတင်းတိမ်နိုင်ဘဲ့ ပုဂ္ဂိုလ်အား၊ ယာလျှင်။ ဟောတိ၊ ဖြစ်၏။ အသန္တုဋ္ဌဿ၊ မရောင့်ရဲ မတင်းတိမ်နိုင်တဲ့ပုဂ္ဂိုလ်အား။ နော ဟောတိ၊ မဖြစ်နိုင်။

အရှင်အနုရုဒ္ဓါ ကြံစည်တဲ့ မဟာပုရိသဝိတက်ထဲက တပါး။ ရောင့်ရဲ တင်းတိမ်တဲ့ ပုဂ္ဂိုလ်မှ တရားနဲ့မနီး၊ တယ်၊ အစားအဝတ်အနေနဲ့ ပဘ်သက်လို့ မရောင့်ရဲ မတင်းတိမ်တဲ့ ပုဂ္ဂိုလ်တွေ့ တရားနဲ့ ဝေးတယ်လို့ အနုရုဒ္ဓါ မထေရ်ကြီး မိမိကိုယ် မိမိ ကြံစည်ပြီးတော့ တရားစစ်သလို ဒီကနေ့ သထုံ မမှရိပ်သာအတွင်း လာရောက်ကြတဲ့ ဒယာဂီအပေါင်းတို့ဟာလဲပဲ ထပ်တလဲလဲ စိစစ်စဉ်းစားကြပါ။

ငါတို့ဟာ ရောင့်ရဲပြီးတော့ လာကြတာလား၊ မရောင့်ရဲပဲနဲ့ လာကြတာလား။ မရောင့်ရဲပဲနဲ့ လာရင် ငါတို့ဘရားနဲ့ ဝေးလိမ့်မယ်၊ ရောင့်ရဲတင်းတိမ်မှု ငါတို့ဟာ တရားနဲ့ နီးမယ်။ ဒါကြောင့် နေရာမကောင်းလဲပဲ ရောင့်ရောင့်ရဲရဲ နေကြမယ်၊ အစာမကောင်းလဲပဲ ငါတို့သည် ရောင့်ရောင့်ရဲရဲ နေကြမယ်၊ ရေမရှိ ဘူးဆိုလဲ ရောင့်ရောင့်ရဲရဲ တင်းတင်းတိမ်တိမ် နေကြမယ်။

တရားဘာဝနာ အားထုတ်တော့မယ်ဆိုရင် ဝိဝေကပြည့်စုံပြီး တာ ၄-ချက် လုံရခြင်း

အဲဒီလို အဖက်ဖက်က ရောင့်ရဲမှုကို ရအောင်ယူ။ မိမိတို့ရဲ့ မရောင့်ရဲဘဲ့ စိတ်တွေ့ကို ဒီနည်းတွေနဲ့ ဖြေဖျောက်ပြီးတော့ ဘုန်းကြီးတို့ ယောဂီများ တရားဘာဝနာ ကြိုးပမ်းကြရမယ်။ အဲဒါကတော့ ဘုန်းကြီးတို့ ယောဂီများ ကမ္မဋ္ဌာန်းရိပ်သာတခု တခု ဝင်မယ်ကြံရင် ဘယ်ရိပ်သာကိုပဲ ဝင်လိုက် ဝင်လိုက် နှလုံးသားထဲကို ရောက်ပြီးသား ဖြစ်ကြရမှာ။ တယောက်တဲ့ ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်ရင်လဲပဲ ဒီလို နှလုံးသွင်းပြီးတော့ အားထုတ်ကြရမှာ—

(၁) သင်္ကိတကာရာမတာ = အပေါင်းအဖော်၌ ပျော်ပိုက်မှု

ပဝိဝိတ္တဿာယံ ဓမ္မော၊ နာယံ ဓမ္မော သင်္ကိတ်ကာရာမဿ။

အယံ ဓမ္မော၊ ဤလောကုတ္တရာတရား ကိုးပါးသည်။ ဝိဝေကာရာမဿ၊ ဝိဝေကတရား၌ ပျော်ပိုက်တဲ့ ပုဂ္ဂိုလ်အား။ ဟောတိ၊ ဖြစ်၏။

သင်္ကာကာရာမဲ့သ၊ အပေါင်းအဖော်တွေ၌ ပျော်ပိုက်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေအား။ နဟောတိ၊ မဖြစ်နိုင်ပါ။

ကြည့်လိုက်ဦး။ ဒီလောကုတ္တရာတရား ကိုးပါးဆိုတာဟာ ဝိဝေကာရာမ၊ ဝိဝေကကို နှစ်သက်တဲ့ ပုဂ္ဂိုလ်များမှာ ဖြစ်တယ်။ သင်္ကာကာရာမသ၊ အပေါင်းအသင်းမှာ ခင်တွယ်နေတဲ့ ပုဂ္ဂိုလ်တွေ ဝေးတယ်။ ဒီတော့ တရားနှလုံးသွင်းကြ။

ဒီကနေတော့ ဓမ္မရိပ်သာထဲ လူတော်တော်များများ စုမိတော့ အပေါင်းနဲ့အသင်းနဲ့ လာနေသလိုဖြစ်နေတယ်။ သို့သော်လဲ လူအများကြီး စုနေပေမယ့် နောက်နားမှာ တယောက်တည်းနေသလို နေဘို့ရန် ဘဲ့ာတော့ပြောထားတုံးဆိုရင် ဘဿာရာမတာကို ရှောင်ရမယ်။

(၂) ဘဿာရာမတာ = စကားပြောရာ၌ ပျော်ပိုက်မှု

ဘဿာရာမတာ=စကားပြောရာ၌ ပျော်ပိုက်တဲ့ အဖြစ်။အဲဒါကြောင်းအောင် တရားနှလုံးသွင်းမယ်ဆိုတဲ့ ယောဂီပုဂ္ဂိုလ်တို့သည်။ မိမိတို့ရတဲ့ ရက်ကလေးအတွင်း တနာရီလောက်ထိုင်ပြီးတော့ အားတဲ့ အချိန်စုပြီး စကားပြောနေကြမယ်ဆိုရင် မိမိတို့ ရပြီးသား ကမ္မဋ္ဌာန်းလေးတွေ ပျောက်ပျက်သွားနိုင်တယ်။ ဒါကြောင့် ဘဿာရာမတာ စကားပြောတဲ့အဖြစ်မှ ဘုန်းကြီးတို့ ယောဂီများကင်းကြရမယ်။

တရားဆွေးနွေးတယ်တို့၊ ဘာတို့ဆိုတာတွေကို ဘုန်းကြီးတို့ အနေနဲ့ မရှိစေချင်ဘူး၊ ရက်က အလှူတိုတောင်းတာမို့ ထိုင်ပြီးတော့ တရားဆွေးနွေးနေတယ်ဆိုတာကို မရှိစေချင်ဘူး၊ ဒီက အချိန်စေ့လို့ အနားပေးလိုက်တာနဲ့ ဘုန်းကြီးတို့ ယောဂီများ စကြံလျှောက်ပြီး အညောင်းဖြေနိုင်တယ်။

စကြံမလျှောက်ချင်ဘူး၊ ဒီနေရာမှာပဲ တဆက်တည်းဆက်ပြီးတော့ ၂-နာရီ ၃-နာရီထိုင်လို့က ထိုင်နိုင်ခွင့်ရှိပါတယ်။စကားပြောကာ တသောသောသဘောတော့ ဘုန်းကြီးတို့ ယောဂီများ ကင်းကြပါစေ၊မိမိတို့ကျရာနေရာမှာသွားပြီးတော့ တိတ်တိတ်ဆိတ်ဆိတ် နှလုံးသွင်းပြီးတော့ နေနိုင်တယ်။

(၃) နိဒ္ဒါရာမတာ = အိပ်ခြင်းမှာ ပျော်ပိုက်မှု

နောက်ပြီးတော့ နိဒ္ဒါရာမတာ=အိပ်ခြင်းမှာ ပျော်ပိုက်တဲ့သဘော၊ အိပ်နေရတာမှ စိတ်ဆဲပျော်တယ်၊ တနေ့လုံးထိုင်ရလို့ ညောင်းလိုက်တာဆိုပြီး

ဒီက ကမ္မဋ္ဌာန်းစခန်း ဖြုတ်လိုက်တာနဲ့ တပြိုင်နက်တည်း ခြေပစ်လက်ပစ် စိတ်လွတ်ကိုယ်လွတ် ကမ္မဋ္ဌာန်းလွတ်ပြီးတော့ ပစ်အိပ်လိုက်တာမျိုး ဒီလိုမဖြစ်ရဘူး။

(က) အာရုံပြုပြီး အိပ်ခြင်း

အိပ်တော့ အိပ်တာပေါ့။ ဒါပေမယ့် စိတ်လွတ်လက်လွတ် လွတ်လွတ်လပ်လပ်ကြီး တခါတဲ့ စိတ်ချလက်ချ အိပ်လိုက်တာမျိုး ပဖြစ်စေနဲ့။ အိပ်ပြီဆိုရင်လဲပဲ ဘုန်းကြီးတို့ ယောဂီများ အာရုံလေးနဲ့ အိပ်တာအကောင်းဆုံးပဲ။ အာရုံလေးနဲ့ အိပ်တယ်ဆိုတော့ ဘုန်းကြီးတို့ယောဂီများ အိပ်ရာခန်းထဲပက်လက်ကလေးစင်းပြီးတော့ မိမိတို့ရဲ့ ဗိုက်ပေါ်လက်ကလေး နှစ်ဖက်တင်ပြီး ဝမ်းဗိုက်ထဲမှာ တွန်းကန်နေတဲ့ ဝါယောဓာတ်ကို အာရုံပြုလို့ပဲ ဖြစ်ဖြစ်၊ ဘုန်းကြီးတို့ပေးထားတဲ့ နှာသီးဝက ဝါယောဓာတ်ရဲ့ တွန်းကန်မှုကို အာရုံပြုလို့ပဲဖြစ်ဖြစ်- ဒါဟာ တမျိုးတည်းပါပဲ။ ဝါယောဓာတ်ချည်းပါပဲ။ အဲဒီလို ဝါယောဓာတ် ၂-ခု၊ ဝါယောဓာတ်ရဲ့ဖြစ်ပုံ၊ ၂-နေရာတို့တွင် မိမိတို့ကြိုက်ရာ တခုခုကို ဒါပေမယ့် ကြိုက်ရာဆိုတဲ့နေရာမှာ ဘုန်းကြီးတို့ယောဂီများကို နည်းနည်းလျှော့ပြီး ပေးတာ။ ဘုန်းကြီးတို့ သဘောကျတာကို တိုက်ရိုက် ရည်ညွှန်းရရင်တော့ နှာသီးဝက ဘယ်မှ မရွှေ့စေချင်ပါဘူး။

အိပ်ရာထဲ ပက်လက်စင်းပြီး လက်နှစ်ဖက်ကို ဗိုက်ပေါ်၊ သို့မဟုတ် ရင်ဘတ်ပေါ်တင်၊ နှာသီးဝမှာ သွားနေတဲ့ထွက်လေ ဝင်လေကို ရှုယင်းရှုယင်း သတိကပ်ပြီးတော့ မှတ်၊ မှတ်ယင်းမှတ်ယင်းနဲ့ အိပ်သွားလိုက်လို့ရှိရင် အဲဒီပုဂ္ဂိုလ်ဟာ အိပ်နေယင်း သတိနဲ့ အိပ်တာခေါ်တယ်။

"ဘာနဲ့အိပ်တာခေါ်သလဲ"

"သတိနဲ့အိပ်တာလို့ ခေါ်ပါတယ်ဘုရား"

သတိနဲ့အိပ်ခြင်းနော်၊ အဲဒါက အိပ်တာကို ဒီလူပျော်တာ ပဟုတ်ဘူး၊ သတိနဲ့နေတာကို ပျော်တာ၊ အဲဒီလိုသတိပထားပဲနဲ့ ပစ်ပြီးတော့ အိပ်လိုက်တဲ့လူဟာ အိပ်တာမှာ ပျော်ပိုက်တဲ့သဘော။

သတိနဲ့အိပ်တာကို ပျော်မှ နိုးလာတဲ့အခါမှာလဲ သတိနဲ့နိုးတယ်။ တရေးနိုးလာလို့ စိတ်တွေ ကြည်နေတယ်ဆိုလို့ရှိရင် ဝိတက်တွေတခြား မစဉ်းစားပါပဲနဲ့

ဝိတက္ကော ရှုပသမေ ရတော-

ဆိုတဲ့အတိုင်း ဝိတက်ငြိမ်းတဲ့လုပ်ငန်းမှာ ပျော်ရမယ်။ ဝိတက်ဝိမ်းတာက ဘာလဲ ဆိုတော့ ဓီအာနာပါနသတိဟာ ဝိတက်ငြိမ်းတဲ့တရား၊ တရေးနှိုးလာလို့ရှိရင်လဲပဲ အဲဒါငါငါတော့ အခွင့်ကောင်းပဲဟာ၊ တမြို့လုံး တနယ်လုံး တနိုင်ငံလုံး အိပ်မောကျနေမဲ့အချိန်၊ ငါကယောက်တဲ့ နှိုးလာတာ အခွင့်ကောင်းပဲဟာ။

(၈) အခွင့်အရေးကောင်းကို လက်မလွှတ်နဲ့

နတ်ဘဝ သုပိတုံ ဟောတိ၊ ရတ္တိနက္ခတ္တမာလိနီ။
ပဋိဇဂ္ဂိသာ မေဝတံ၊ သော ကေတိ ဝိဇာနတာ။

တရေးနှိုးလာတော့ ကောင်းကင်ကြီးကို ကြည့်လိုက်စမ်း၊ လတွေ့ကြယ်တွေ နက္ခတ်တာရာတွေ လင်းပြီးတော့ အသက်မဲ့ဖြစ်တဲ့သူတို့တွေဟာ ညကြီးသန်းခေါင်မှာ အမှောင်ကြီးကို ဖောက်ထွင်းပြီးတော့ အလုပ်လုပ်နေကြတယ်၊ သွားလာနေကြတယ်။

အသက်ဝိညာဉ်ရှိတဲ့ ငါတို့တွေဟာ ဒီလိုပကတိ အမှောင်ထုကြီး ကျနေတဲ့ လောက၊ အဝိဇ္ဇာဆိုတဲ့ ကိလေသာ အမှောင်ထုကျနေတဲ့လောကမှာ အသက်မဲ့တဲ့ ကြယ်လေးတွေတာရာတွေလို တလှုပ်လှုပ်နဲ့ သတိနဲ့ အလုပ်လုပ်နေရရင် ဘယ်လောက်မျှားကောင်းလိုက်မလဲ။ ငါတို့အကုန် တရေးနှိုးတဲ့အချိန်ဟာအခွင့်ကောင်းပဲဟဲ့လို့ နှိုးလာတဲ့အချိန်မှာလဲ သတိလေးနဲ့ဆိုရင် အဖိုးတန်တယ်။

အသိတေ ပိတေ ခါယိတေ သာယိတေ သမ္မဇာနကာရီ ဟောတိ။

သမ္မဇညအပိုင်း ဟောတော်မူတဲ့အတိုင်းပေါ့။

သုတ္တော၊ အိပ်ပျော်သည်ရှိသော်။ ဇာဂရိတေ၊ နိုးသည်ရှိသော်။ သမ္မဇာနကာရီ၊ သတိသမ္ပဇဉ် ဉာဏ်ယှဉ်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အိပ်လဲ ခုနကပြောတဲ့အတိုင်း သတိလေးနဲ့အိပ်၊ တရေးနှိုးလာတဲ့အခါမှာလဲပဲ မိမိယူထားတဲ့ကမ္မဋ္ဌာန်းလေး သတိပြန်ကပ်ထား၊ မနက်အိပ်ရာကထလို့က် ပြန်ရင်လဲပဲ သတိလေးနဲ့ထ၊ အဲဒီလိုဆိုရင် နိဒ္ဒါရာမတာ- အိပ်တာကို ပျော်တဲ့သဘော မဟုတ်တော့ဘူး၊ သတိနဲ့နေတာကို ပျော်လာတဲ့လူ၊ ဒီလူအတွက် အဖိုးတန်တယ်နော်။

(၄) ကမ္မာရာမတာ=အသေးအမွှား ကိစ္စတွေမှာ ပျော်ပိုက်မှု

နောက်ပြီးတော့ ကမ္မာရာမတာ=ကိစ္စအသေးအမွှားလေးတွေကို ပျော်မနေရဘူး။ ဒီကနေ့ ဘုန်းကြီးတို့ယောဂီများ ဒီဓမ္မရိပ်သာအတွင်း ရောက်လာကြတဲ့ ပဓာနကိစ္စဟာ ဘာတဲ့တုံးဆိုရင် ကမ္မဋ္ဌာန်းအလုပ် အားထုတ်ဖို့သာ ပဓာန။

ပဓဲ့ာနကိစ္စကို အသာကလေး ဖယ်ထားပြီးတော့ အားတာနဲ့တပြိုင်နက်တဲ့ စာအုပ်ကလေး ဖတ်လိုက်ဦးမယ်၊ ကက်ဆက်ကလေး နာထောင်လိုက်ဦးမယ်၊ အပြင်ထွက်ပြီးတော့ ဘာလုပ်လိုက်ဦးမယ်၊ အားအားရှိတာနဲ့ အင်္ကျီလေး ပြန်တာ ချုပ်လိုက်ဦးမယ်၊ ကြယ်သီးကလေး တပ်လိုက်ဦးမယ်။ အဲဒီလို အသေးအမွှားကိစ္စလေးတွေကို ပဓာနကိစ္စထဲ လာထည့်လိုက်ပြီဆိုတာနဲ့ တပြိုင်နက် ပဓာနလုပ်ငန်းကြီးတွေဟာ လစ်ဟင်းကုန်တယ်။

ကံမ္မာရာမတာဆိုတာ ပဓာနကိစ္စလောက် အရေးမကြီးတဲ့ အသေးအမွှားကိစ္စလေးတွေကို အကြီးအကျယ် ခဲ့ပြောနေကြတာကို ခေါ်တယ်။ ဒီတော့ တာ (၄) ချက်-

(၁) သင်္ကိကာရာမတာ=အပေါင်းအဖော်၌ မပျော်ပိုက်ရဘူး။
(၂) ဘဿာရာမတာ=စကားပြောရာကို မနှစ်သက်ရဘူး။
(၃) ကမ္မာရာမတာ=ကိစ္စအသေးအမွှားလေးတွေကို မပျော်ရဘူး။
(၄) နိဒ္ဒါရာမတာ=အအိပ်မကြီးရဘူး။

(က) ပါသာဒိက-ကြည်ညိုဖွယ်ရာအသွင်

မနက်အိပ်ရာထဖို့ အချက်ပေးသံ ခေါက်လိုက်တာနဲ့ တပြိုင်နက် သွက်သွက်လက်လက်၊ လျင်လျင်မြန်မြန် နိုးပါစေ၊ ဘုန်းကြီးတို့ ပါဠိတော်ကတော့-

အာဟ ပဏမ-အာဟ ပဏမ။

ကမ္မဋ္ဌာန်းပေးမယ့် နေရာဌာနကို ငါအရင်ဟေ့၊ ငါအရင်ဟေ့ဆိုတာမျိုး ဒီလိုဖြစ်ရမယ်၊ဟိုတယောက်စောင့်ရ၊ ဒီတယောက်စောင့်ရနဲ့ အချိန်တွေနှောင်းနေရင် ဘုန်းကြီးတို့ ယောဂီများ လုပ်ငန်းတွေ လစ်ဟင်းကုန်တတ်တယ်နော်။

ဒေါင်ကနဲဆိုတာနဲ့ တပြိုင်နက် အိပ်ရာက နိုးပြီးတော့ ကမ္မဋ္ဌာန်းပေးတဲ့ နေရာကို ယခုသတ်မှတ်ထားတဲ့ အစီအစဉ်အတိုင်း ကြိုးတဲ့ပုဂ္ဂိုလ်တွေက ရွှေ

မှာ ငနရာယူကြပြီး ငယ်တဲ့ပုဂ္ဂိုလ်တွေက နောက်မှာ သူ့နေရာလေးတွေနဲ့ သူ မှန်မှန်ယူ၊ ကြီးစဉ်ငယ်လိုက် စီတန်းပြီးတော့ နေရာယူကြ။

ကမ္မဋ္ဌာန်းပြလိုပဲဖြစ်စေ၊ ကမ္မဋ္ဌာန်းထိုင်လိုပဲဖြစ်စေ ပြီးလို့သွားကြဟော့ ဆိုရင် အကုန်လုံး ဦးကနဲ့ မထကြပဲနဲ့ နောက်ဆုံးအတန်း တံခါးပေါက်နဲ့ အနီးဆုံး ပုဂ္ဂိုလ်ကနေ အစဉ်လိုက် တယောက်ချင်း သွားကြမယ်ဆိုရင် တရား အားထုတ်တဲ့ ယောဂီများရဲ့ အသွင်သဏ္ဌာန်ကြည့်ရတာ ပါသာဒိက ကြည်ညိုဖွယ်ရာ ဖြစ်ကြမယ်။

နောက်ဆုံးတန်းကနေ မျှောဆုံးတန်းအထိ အတန်းလိုက် တယောက်စီ တယောက်စီ ဧတန်းပြီးတော့ သွားကြရမယ်၊ ကမ္မဋ္ဌာန်း ဖြုတ်လို့ လွှဲလိုက် တာနဲ့တပြိုင်နက် ဗုဒ္ဓဩဘာင်းတော့ ပြေပဟဲ့ဆိုပြီး ဝမ်းဝမြောက် ဝမ်းသာကြီး ရွှင်မြူးခုန်ပေါက်ပြီးတော့ သွားတာမျိုးဆိုရင် ကြည့်မကောင်းဘူး။

ထသွားကတည်းကိုက ခြေလှမ်းကလေးတွေပဲ့ သတိနဲ့ ဒိလိုဆင်းသွားရမယ်နော်။ ဒါက ကမ္မဋ္ဌာန်းအားထုတ်တဲ့ ယောဂီများမှာ လိုအပ်ပဲ့ အသေးအချက်ကလေးတွေ၊ ကြည့်ပုံဖွယ်ရာ ဖြစ်နေကြရမယ်။

ဒီတော့ တို့ယောဂီများ တာ (၄) ချက်လုံပါစေ။ စိတ်ကိုဖြေဖျောက်ပဲ့ နည်းတွေ၊ သန္တုဋ္ဌိသဘော သည်းခံပဲ့နည်းတွေနဲ့လဲ ပြည့်စုံကြပါစေ၊ ဂရုျိုး တဲ့နေရာမှာလဲ ဆူဆူညံညံ ဝုန်းဝုန်းဒိုင်းဒိုင်း မဖြစ်စေပဲနဲ့၊ စားပဲ့သောက်ပဲ့ နေရာမှာလဲပဲ စကားမပြောကြပဲနဲ့ အာဂုံနဲ့စားကြရမယ်။

စားပဲ့နေရာတော့ ဘုန်းကြီးတို့က ဘာအာဂုံ ပေးချင်ပေး၊ ဆို ပို့ရှိရင် ပစ္စဝေက္ခဏာပဲ့ ပေးပါပယ်။ ပစ္စဝေက္ခဏာဆိုတာက ပဋိက္ကလာစ္စဝေက္ခဏာကို ပေးမယ်။ စားဖွယ်သောက်ရာ အာဟာရကို ရှုရှာဖွယ်ဆိုပဲ့ အမှတ်သညာ ရအောင်ယူပြီးတော့ နှလုံးသွင်းရင် ရသတဏှာ ဧဝါင်းပါးတယ်။

အဲဒါကို ရည်ညွှန်းပြီး ပစ္စဝေက္ခဏာများကို ဘုန်းကြီးဟို့ အသံဖမ်းပဲ့ဝဋ္ဌ ထဲသွင်းပြီးတော့ စားပဲ့ဝိုင်းနားမှာ ဖြေးဖြေးညင်းညင်း ဗုဒ္ဓံပေးထားမယ်၊ အဲဒါကို အာဂုံယူပြီး စကားမပြောကြပဲနဲ့ စားကြရပယ်။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ရသတဏှာနဲ့ ပတ်သက်လို့မှ ကိလေသာ မဝေါင်းပါးနိုင်ရင် တရား ရဖို့ရာ ခက်ပါတယ်။

ဒါကြောင့် အစားအသောက် အနေအထိုင် ရာသီဥတု အခြေအနေတို့ အပေါ်မှာ သန္တုဋ္ဌိသဘောနဲ့ ရောင့်ရဲတင်းတိမ်မှု၊ သည်းခံမှုတို့နဲ့ စိတ်ကိုဆုံးမ၊

ဆုံးမသွားလို့ရှိရင် တဖြေးဖြေးနဲ့ နူးညံ့တဲ့ သူတော်စင်တွေ ဖြစ်လာနိုင်ပါတယ်။ ကမ္မဋ္ဌာန်းအာဃာတုတ်မယ့် ယောဂီများ စိတ်ကိုဖြေဖျောက်ဖယ်ရာ သည်းခံဖယ်ရာ အချက်အလက်များ ပြောလို့ အတော်အတန် ပြည့်စုံသွားပြီ။

လိုတဲ့အချက်အလက်လေးကွေကို နောက်ရက် နောက်ရက် ဆက်ပြီးတော့ ပြောပါမယ်။ ဗီကနေ့ ညတော့ရင် ခုနကပြောခဲ့တဲ့ ပရိကမ်တွေကိုပြုဖို့ရန် လိုအပ်ပါတယ်။ လိုအပ်တော့ ပထမဦးစွာ ပရိကမ်များ မပြုသေးမီ ဘုရားအလောင်းကြီးများရဲ့ နှလုံးသွင်းတခု ဘုန်းကြီးပြောမယ်။ အဲဒါပြောပြီးတော့ ပရိကမ် ဆိုရမယ်။ သက်သက်သာသာ ထိုင်ပါဦး၊ ထိုင်နိုင်ပါသေးတယ်။

အဋ္ဌာသယ ၆-ပါး

ဘုရားအလောင်း သူတော်ကောင်းကြီးများ၊ ပစ္စေကဗုဒ္ဓါ အလောင်းတော်များ၊ ရဟန္တာ မထေရ်သူမြတ်အလောင်းများရဲ့ နှလုံးသွင်းခြင်းဖြစ်တဲ့ ဆအဋ္ဌာသယလို့ခေါ်တဲ့ အဋ္ဌာသယခြောက်ပါး၊ ဘာတွေ နှလုံးသွင်းထားတုံးဆိုတော့—

ပေါမိသတ္တာ အလောဘဋ္ဌာသယာ အဒေါသဋ္ဌာသယာ အမောဟဋ္ဌာသယာ နေက္ခမ္မဋ္ဌာသယာ ဝိဝေကဋ္ဌာသယာ နိဿရဏဋ္ဌာသယာ။

ပေါမိသတ္တာ၊ ဘုရားအလောင်းတို့သည်။ ပစ္စေကဗုဒ္ဓာ၊ ပစ္စေကဗုဒ္ဓာအရှင်သခင် သူမြတ်တို့သည်။ သောတာပန္နာ၊ သောတာပန်ပုဂ္ဂိုလ်တို့သည်။ သကဒါဂါမိနော၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့သည်။ အနာဂါမိနော၊ အနာဂါမ် ပုဂ္ဂိုလ်တို့သည်။ အရဟန္တော၊ ရဟန္တာပုဂ္ဂိုလ်တို့သည်—

(၁) အလောဘဋ္ဌာသယ၊
(၂) အဒေါသဋ္ဌာသယ၊
(၃) အမောဟဋ္ဌာသယ၊

အလောဘဋ္ဌာသယာ၊ အလောဘအတွက် လိုလားတဲ့အဋ္ဌာသယ ဆန္ဒရှိတော်မူကြကုန်၏။

ဘုရား ပစ္စေကဗုဒ္ဓါအစရှိတဲ့ သူတော်ကောင်းများဟာ အလောဘဇ္ဈာသယနဲ့ တရားအားထုတ်ကြတာ၊ အလောဘဇ္ဈာသယဆိုတာက အလောဘကို လိုလားတဲ့ ဆန္ဒ။ အလောဘကို လိုလားတဲ့ဆန္ဒဆိုတာဟာ ဘာကြောင့်ဖြစ်တုံး ဆိုလို့ရှိရင် လောဘကို အပြစ်မြင်တဲ့ သဘောကြောင့် ဖြစ်တာ။ လောဘကို အပြစ်မြင် အလောဘကို လိုလားတဲ့ဆန္ဒနဲ့ တရားအားထုတ်ကြတယ်။

ဘုန်းကြီးတို့ ယောဂီများလဲပဲ ဒီအတိုင်း နှလုံးသွင်းထားတဲ့ စိတ်ရှိကြရမယ်။ ငါတို့ ဘာ့ကြောင့် တရားအားထုတ်ကြတာလဲ။ လောဘကို အပြစ်အနေနဲ့ရှု၊ အလောဘကို လိုလားတဲ့အတွက်ကြောင့် အားထုတ်ကြတာ။ လောဘတရားဆိုတာ ဘယ်နှယ်တုံး။

လောဘ၊ လောဘတရား၌။ အာဒီနဝဒဿာဝိနော၊ မီးပုံအသွင် တံကျင်မခြား နှောင်အိမ်အလားကဲ့သို့။

လောဘတရား ကိုယ့်သန္တာန်ဖြစ်လာရင် ကိုယ့်နှလုံးသားထဲ လောဘဝင်ရောက်လာသို့ရှိရင် မီးပုံကြီးအသွင် သဘောထားရမယ်။ အေး-ငါသန္တာန်တော့ လောဘဖြစ်ပြီ။ မီးပုံကြီးထဲ ငါရောက်နေတာနဲ့တူနေပြီ။ လောဘနဲ့နေရတာ မီးပုံကြီးထဲ ရောက်နေသလိုပဲလို့ လောဘရဲ့ အပြစ်ကိုရှု။

လောဘနဲ့ နေကြရလို့ရှိရင် မီးပုံကြီးထဲ ငနေရသလို၊ ရင်ဝမှာ လုံကံကျင်ကြီး စူးဝင်နေသလို၊ ကျဉ်းကျပ်လှစွာသော ထောင်အိမ်၊ နှောင်အိမ်ကြီးထဲ ကျနေသလို။

"လောဘနဲ့ နေကြရရင် နှလုံးသွင်းရမှာ သုံးချက်နော်"

"မှန်ပါဘုရား"

အေး-အလွန်ကြောက်စရာကောင်းတာကြောင့် လောဘရဲ့အပြစ်ကို ဒီဥပမာသုံးခုနဲ့ တင်စားပြီးတော့ ရှု။ လောဘကင်းတာ ကောင်းတယ်။ လောဘကင်းဖို့ ငါတို့အားထုတ်ကြရပယ်ဆိုတဲ့ ရည်ရွယ်ချက်ထားပါ။

အဒေါသဇ္ဈာသယလဲ ဒီသဘောအတိုင်း ပါပဲ။ အမောဟဇ္ဈာသယလဲ ဒီအတိုင်းသွား။ ဒေါသအပြစ်၊ မောဟအဖြစ် ကြပ်ကြပ်ရှုပြီး ဒေါသ မောဟမှကင်းအောင် ငါတို့ အားထုတ်မယ်။

(၄) ဇနကွမ္မဇဇ္ဈာသယ

နောက်ပြီးတော့ ဇနကွမ္မဇဇ္ဈာသယ၊ ဇနကွမ္မဆိုတာ ဃရာဝါသ . အိမ်ရာတည်ဆောင် လူ့ဘောင်က ထွက်ခွာခြင်းဆိုတဲ့သဘော၊ သာဝက အလောင်း

ပစ္စေကဗုဒ္ဓါအလောင်း ဘုရားအလောင်းအလျာတွေဟာ အားထုတ်ယင်း အားထုတ်ယင်းနဲ့ ဃာဝါသ ဒုက္ခကနေ ဖြေးဖြေး ဖြေးဖြေးနဲ့ ထွက်ခွာသွားကြတာ။

ဃရာဝါသ ဒုက္ခကို သူတို့ ဘယ်နှယ် အပြစ်မြင်တုံးဆိုရင် ဃရာဝါသ အိမ်ရာတည်ထောင် လူ့ဘောင် နေရတာဟာ မီးပုံကြီးထဲ နေရသလိုပဲတဲ့။ အိမ်ထောင်နဲ့နေရတာ မီးပုံကြီးနဲ့တူသတဲ့။ တို့ဒကာကြီးများ ဒကာမကြီးများ ကဒေါ့ ပိုသိတာပေါ့။ နောက်ပြီးတော့ ရင်ဝ လုံတံကျင်ကြီး စူးနေတာနဲ့ တူတယ်။ ထောင်အိမ်လောင်အိမ်ကြီးထဲ အကျဉ်းအကျပ် လောင်ပိတ်ထားခြင်း ခံရတာနဲ့ဘူတယ်။

ဒါကြောင့် ဃရာဝါသဒုက္ခမှ ထွက်မယ်ဆိုတဲ့ ရည်ရွယ်ချက် နေကွမ္မဇ္ဈာသယနဲ့ အလောင်းတော်များ အားထုတ်သလို ငါတို့လဲပဲ အဲဒီနေကွမ္မဇ္ဈာသယကို ရည်ရွယ်ပြီးတော့ အားထုတ်ပါတယ်။ ရည်ရွယ်ချက်ကလေးတွေ မပျောက်စေနဲ့၊ အလုပ်တခုခုလုပ်ရင် ရည်ရွယ်ချက်ထားရှိရမယ်။

(၅) ဝိဝေကဇ္ဈာသယ

(က) ဝိဝေက ၃-မျိုး

နောက်တခါ ဝိဝေကဇ္ဈာသယ၊ ဝိဝေကဆိုတာက ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပရိဝိဝေကဆိုပြီး သုံးမျိုးရှိပြန်တယ်။ ကာယဝိဝေကဆိုတာ တယောက်တဲ့နေရမှု ချမ်းသာတဲ့သဘော။ စိတ္တဝိဝေကကတော့ နိဝရဏ တရားကင်းပြီးတော့ တစိတ်ဘဲနေရတဲ့သဘော၊ စိတ်ကလဲ တစိတ်တဲ့နေရမှု ချမ်းသာတယ်၊ စိတ်တွေသိပ်မျှငြိနေရင် ပင်ပန်းတယ်။

လူကလဲ တယောက်တဲ့နေရမှု ချမ်းသာတယ်၊ ကာယဝိဝေက။ စိတ်ကလဲ တခုတည်းသောအာရုံမှာ ငြိမ်နေမှုချမ်းသာတယ်၊ စိတ္တဝိဝေက။ ကာယဝိဝေက၊ စိတ္တဝိဝေကကို အခြေပံတက်လိုက်တဲ့ဒေါ်ကျတော့ ဥပရိဝိဝေက၊ ဟောဒီသစ်ရဒုက္ခတွေ ကင်းသွားတာကို ဥပရိဝိဝေကလို့ ခေါ်တယ်။

ဝိဝေကဇ္ဈာသယနဲ့ အားထုတ်မယ်၊ တယောက်တဲ့နေချင်လို့ ငါတို့အားထုတ်တယ်၊ အပေါင်းအဖော်တွေအများကြီးနဲ့ နေချင်လို့ အားထုတ်တာမဟုတ်ဘူး။ စိတ်ကလဲ အာရုံတွေတိတ်ဆိတ်ပြီးတော့ ငြိမ်နေတဲ့သဘောကို လိုလား

လို့ အားဆုတ်တယ်၊ ကိလေသာအာရုံတွေနဲ့ စိတ်နဲ့ ရောယှက်နေချင်လို့ အားထုတ်တာမဟုတ်ဘူး။ ကိလေသာအာရုံနဲ့ စိတ်နဲ့ ကင်းကွာချင်လို့ အားထုတ်တယ်။

အဲဒီလို ဝိဝေကကို မျှော်မှန်းပြီးတော့ အားထုတ်ကြရမယ်။ ဒီလို ဝိဝေကမမျှော်မှန်းပဲနဲ့ လူရောစိတ်ပါအပေါင်းအဖော်နဲ့ နေမယ်ဆိုရင် မီးပုံကြီးထဲကျနေသလို နှောင်အိမ်ကြီးထဲ ရောက်နေသလို ရင်ဝသုံတံကျင်ကြီး စူးဝင်နေသလို သိပ်ဘူးဟယ်ဒေါ့၊ ဝိဝေကမဖြစ်တော့ဘူး။

အေး-ဒါကြောင့် ရှေးရှေး သူတော်ကောင်းကြီးများ ဝိဝေကလိုလားပြီးတော့ ဝိဝေကဇ္ဈာသယနဲ့ အားထုတ်ကြသလို ငါတို့လဲပဲ အဲဒီဝိဝေကကို မျှော်မှန်းပြီးတော့ အားထုတ်ပါတယ်လို့ မျှော်မှန်းချက်လဲ ထားကြရမယ်။

နောက်တခါ နိဿရဏဇ္ဈာသယ၊ နိဿရဏာဆိုတာက ဒရိုးဆုံး ရှေးတာ၊ ဘုံသုံးပါးမှ ထွက်မြောက်ပြီးတော့ သွားတာကို နိဿရဏလို့ ခေါ်တယ်။ ရှေးရှေးက ဘုရားပစ္စေကဗုဒ္ဓါသာဝကလောင်းလျာတွေဟာ နိဿရဏာ သံသရာဝဋ်မှ လွှတ်ဖို့ဆိုပြီးတော့ ရည်ရွယ်ချက်နဲ့ အားထုတ်သွားကြတာ၊ အပျင်းပြေအပျော်သဘောမျိုးနဲ့ အားထုတ်သွားကြကာ ပဟုတ်ပါဘူး။

ငါတို့တော့ ဘယ်နေရာစခန်း ဘယ်နှစ်ရက် ဝင်ခဲ့ဘယ်၊ ဘယ်ဆရာတော်ထံ နည်းခံခဲ့တယ်ဆိုပြီးတော့ ကြွားဖို့၊ ဝါဖို့ ဂုဏ်ယူဖို့ အားတုတ်ကြတာမဟုတ်ဘူး။ ရှေးရှေး သူတော်ကောင်းတွေ တကယ့် သံသရာဝဋ်မှ လွှတ်ဖို့ ရည်ရွယ်ချက် နိဿရဏနဲ့ အားထုတ်ကြသလို ငါတို့လဲပဲ အပျင်းပြေသဘော၊ မရောက်ဘူးတဲ့ အရပ်ဒေသ ရောက်ဘူးအောင် အလည်လာတဲ့သဘော၊ ခုနကပြောခဲ့တဲ့ ဂုဏ်ယူ ဝဲကြွားလိုတဲ့ သဘောမျိုးနဲ့ အားထုတ်ကြတာ မဟုတ်ဘူး။

ရှေးသူတော်ကောင်းကြီးလို နိဿရဏ မျှော်ပြီးတော့ အားတုတ်တယ်ဟဲ့ဂျို့ မိမိတို့ချစိတ်ထဲမှာ နိဿရဏမဂတ်ကို တင်ပြီးတော့ ထားကြပါ။ အဲဒီလို ရည်ရွယ်ချက်တွေနဲ့ ထားမှ ဘုန်းကြီးတို့ ယောဂီများရဲ့ လုပ်ငန်းဟာ အထက်တန်းကျမယ်။ ဒါမှမဟုတ်ရင်တော့ အဇ္ဈာသယတွေ ပျောက်ပြီး ဒရိုးမပေါက်ပဲ ရှိနေကြမယ်။ အဲဒီတော့-

(၁) အလောဘဇ္ဈာသယ-လောဘကင်းလို့၍ အားထုတ်ခြင်း၊
(၂) အဒေါသဇ္ဈာသယ-ဒေါသကင်းလို့၍ အားထုတ်ခြင်း၊

(၃) အမောဟဇ္ဈာသယ-မောဟကင်းလို၍ အားထုတ်ခြင်း၊
(၄) နေက္ခမ္မဇ္ဈာသယ-ဃရာဝါသလူမှုဒုက္ခတွေမှ လွတ်မြောက်လိုခြင်း၊
(၅) ဝိဝေကဇ္ဈာသယ-ဝိဝေကသုံးပါးနဲ့ ပြည့်စုံလိုခြင်း၊
(၆) နိဿရဏဇ္ဈာသယ-သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်လိုခြင်း။

အဲဒီလို အဇ္ဈာသယ ခြောက်ပါး အခြေခံထားပြီးတော့ အားထုတ်ကြရမယ်။ ဒါက ရည်ရွယ်ချက်ကို ပေးလိုက်တာ၊ ရည်ရွယ်ချက်လဲ ပေးခဲ့ပြီးပြီ။ စိတ်ဇတ္တကို ကြွပြင်ဖို့လဲ ပေးခဲ့ပြီးပြီ။ ဒီဇတော့ ဘာလိုသေးသလဲ၊ ပဓာနိယင်္ဂ တရားကို ပြောမယ်။

ပဓာနိယင်္ဂတရား ၅-ပါး

တရားအားထုတ်မယ့် ပုဂ္ဂိုလ်မျှားမှာ ရှိရမယ့်အင်္ဂါ—

ပဋ္ဌပဓာနိယင်္ဂါနိ သမ္ဓါစေဝ အာရောဂိဘာဝါ။ အသာဇဲယျဉ္စ အာရမ္ဘော၊ ပညာ စ ဥဒယတ္ထဂါ။

ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းကြိုးကုတ် အားထုတ်မယ်ဆိုတဲ့ ပုဂ္ဂိုလ်သည်-
ဣမာနိ ပဉ္စ ပဓာနိယင်္ဂါနိ၊ ဤငါးပါးသော ပဓာနိယင်္ဂတရားတို့သည်။ အတ္ထိ သန္တိ၊ ရှိကြလေကုန်၏။
ဝိပဿနာ အားထုတ်တဲ့ ပုဂ္ဂိုလ်မျှားအတွက် ပဓာနအင်္ဂါငါးချက်ရှိတယ်။ အဲဒီငါးချက်က—

(၁) သဒ္ဓါ-သဒ္ဓါတရားရှိခြင်း

"သဒ္ဓါ-သဒ္ဓါတရား-ဘာပါလိမ့်မလဲ"
"သဒ္ဓါတရား ပါဘုရား"
"သဒ္ဓါတရားဆိုတာဟာ ယုံကြည်ချက်၊ သဒ္ဓါဆိုတာ"
"ယုံကြည်ချက်ပါဘုရား"
"ယုံကြည်ချက်ကို ဒီနေရာမှာ အခြေခံအားဖြင့် ဘုန်းကြီးနှစ်မျိုးပြောထားတယ်။ ရတနတ္တယသဒ္ဓါနဲ့ ကမ္မသကတသဒ္ဓါ၊ ဘယ်နှစ်မျိုးလဲ။
"နှစ်မျိုးပါဘုရား"
"ဗုဒ္ဓ၊ ဓမ္မ၊ သံဃရတနာသုံးတန်တို့ရဲ့ ဂုဏ်သတ္တိကို ယုံဘယ်ဆိုတဲ့ သဒ္ဓါယောဂီများ မွေးထားရမယ်"

"မှန်ပါဘုရား"

ဒါအတွက်ကတော့ ဒီကမ္ဘာန်းရိပ်သာ ရောက်လာကြတဲ့ ဘုန်းကြီးတို့ ယောဂီမျာ်းကို အထူးသင်ပေးစရာမလိုဘူး၊ ပြည့်စုံပြီးသားပါ။ ဗုဒ္ဓကို ယုံလို့ ဗုဒ္ဓအလုပ်လုပ်ကြတာ၊ ဓမ္မရဲ့အစ္စမ်းသတ္တိတွေကို ယုံလို့ ဓမ္မအလုပ်တွေလုပ်ကြတာ၊ သံဃာ့ဂုဏ်သတ္တိတွေကို ယုံလို့ သံဃာတော်တွေရဲ့ အနဆုံးအထိ ဩဝါဒ ခံယူကြတာ။

(က) ဗုဒ္ဓဂုဏ်သတ္တိ ၂-ပါး

ဗုဒ္ဓရဲ့ ဂုဏ်သတ္တိသည်-

ဟိတေ ပဝတ္တနေန အဟိတာ စ နိဝတ္တနေန သတ္တာနံ ဘယံ ဟိ သတိတိ ဗုဒ္ဓေါ။ဗုဒ္ဓေါ၊ဗုဒ္ဓဆိုတဲ့ ကျေးဇူးရှင် ဘုရားသခင်ကိုယ်တော်မြတ်သည်။ဟိတေ၊ အကျိုးစီးပွားရှိသည်၌။ပဝတ္တနေနစ၊ ဖြစ်စေခြင်းဖြင့်လည်းကောင်း။အဟိတာ၊ အကျိုးစီးပွားမဲ့မှု။ နိဝတ္တနေန စ၊ တားမြစ်ခြင်းဖြင့်လည်းကောင်း။ သတ္တာနံ၊ သတ္တဝါတို့ရဲ့။ ဘယံ၊ ဘေးအပေါင်းကို။ ဟိ သတိ၊ ပယ်ဖျောက်တော်မူတတ် ပါပေ၏။

ဗုဒ္ဓဟာ သုံးလောက ရှိနေတဲ့သတ္တဝါတွေကို-

(၁) ကောင်းမျိုးဖြစ်အောင် ညွှန်ကြားတတ်တယ်။
(၂) ဒီမကောင်းကျိုးဖြစ်မှာကို တားဆီးတတ်တယ်။

"သတ္တိဘယ်နှစ်ပါးရှိပါသလဲ"
"နှစ်ပါးရှိပါတယ်ဘုရား"

မကောင်းကျိုးဖြစ်မှာမြင်ရင် တားတယ်၊ ကောင်းကျိုးဖြစ်မှာမြင်ရင် ညွှန်ကြားတယ်။ အဲဒီလို ကျေးဇူးဂုဏ်တော့နဲ့ ပြည့်စုံတဲ့ ဗုဒ္ဓဟာ ငါတို့ရဲ့ကျေးဇူးရှင်ဆရာပဲ၊ ဗုဒ္ဓအပေါ်မှာ ယုံကြည်ချက်သဒ္ဓါ တရားတော်ကြည့်လိုက်ဦး။

(ခ) တရားတော်ရဲ့ ဂုဏ်သတ္တိ ၂-ပါး

ဘဝကန္တာရာ ဥတ္တာရဏေန အဿာသဒါနေန ဓမ္မော။

ဘဝကန္တာရာ ဥတ္တာရဏေန၊ဘဝအာဂက်အခဲမှ ကယ်တင်တတ်သောကြောင့်လည်းကောင်း။ အဿာသဒါနေန စ၊ ပင်ပန်းနေတဲ့သတ္တဝါတွေအတွက်

သက်သာရာပေးတတ်တယ်ဆိုတဲ့ အကြောင်းကြောင့်လည်းကောင်း။ ဓမ္မပဒ၊ တရားတော်သည်။ သရဏံ၊ အားကိုရာစင်စစ်ဖြစ်ပါပေ၏။

တရားတော်မှာ သတ္တိနှစ်ပါးရှိတယ်။

၁။ ဘဝကန္တာရာ ဥတ္တာရဏတော - ဘဝကန္တာရကနေပြီးတော့ ကယ်တင်ပေးတယ်။ နိဗ္ဗာနကန္တာရ-ရေမရှိတဲ့ သဲကန္တာရကြီးထဲ ရောက်နေတဲ့ ပုဂ္ဂိုလ်တွေကို တစုံတယောက်သောအစုမ်းနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်က ထိုဓရိုးအခက်အခဲကနေပြီးအလွန်တရာစိမ်းလန်းစိုပြေ၊ ရေနဲ့ပြည့်စုံပြီးတော့ အေးချမ်းသာယာတဲ့အရပ်ကို ကယ်သွားသလို ဘဝကန္တာရဆိုတဲ့ ကိလေသာအပူတွေမိနေတဲ့ သံသရာခရီးခဲ ကျရောက်နေကြတဲ့ သတ္တဝါတွေကို တရားတော်က ကယ်သွားတယ်။

"ဒီတရားကို ညွှန်ကြားတာက ဗုဒ္ဓ၊ ဗုဒ္ဓက ကယ်သွားတာလား၊ တရားက ကယ်သွားတာလား"

"တရားက ကယ်သွားတာပါဘုရား"

ဒီဘရားက ချစ်သားချစ်သမီးတို့ကို ကယ်သွားလိုမ့်မယ်လို့ ညွှန်ကြားသူက ဗုဒ္ဓ၊ ဗုဒ္ဓရဲ့ညွှန်ကြားချက်ကို လိုက်ကြတဲ့ဘုန်းကြီးတို့ ယောဂီများက နှလုံးသားထဲ တရားရောက်တာနဲ့တပြိုင်နက် ဘဝကန္တာရက လွတ်မြောက်ပြီဆိုတာ ယုံကြည်ထား။

ကိုယ့်နှလုံးသားထဲမှာ တရားနည်းနည်းရောက်ရင် နည်းနည်းလွတ်မြောက်တယ်၊ များများကြီးရောက်ရင် များများကြီးလွတ်မြောက်တယ်၊ အပြည့်အစုံရောက်ရင် အပြည့်အစုံပဲ ဘဝကန္တာရက လွတ်မြောက်တယ်။ အဲဒါ ယုံကြည်ရင် ဓမ္မအပေါ်မှာ သက်ရောက်တဲ့ သဒ္ဓါဓါတယ်။

၂။ အဿာသဒါနေန-ကိုယ်ရောစိတ်ပါ သိပ်ပြီးတော့ ဆင်းရဲပင်ပန်းလို့ မျက်ရည်ပေါက်ကြီးငယ် ကျနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ နှလုံးသားထဲ အေးသွားအောင် လပ်တာလဲ ဒီတရားပဲ။

(၈) အပူသယ်မလေး ပဋ္ဌာစာရီ

တဆွေလုံး တမျိုးလုံး အကုန်သေလို့ အရူးမကြီးဖြစ်သွားရတဲ့ ပဋ္ဌာစာရီရဲ့ အပူတွေပြေမ်းပုံကို ဘုန်းကြီးတို့ ယောဂီများ သိပြီးကြပါပြီ။

ခင်ပွန်းသယ်က မြေကိုက်လို့သေတယ်၊ သားလေးနှစ်ယောက်လဲပဲ သေကြတယ်၊ သားတယောက်က ရေမျော၊ သားတယောက်က စွန်ခြိ၊ လေမုန်တိုင်းကျ၊

တိုက်ပြိုပြီးတော့ မီးပုံကြီးတခုတဲ့မှာ မိဘနှစ်ပါးနဲ့မောင်လေးတို့ကလဲ သေကြ၊ ကြည်လိုက်စမ်း၊ လောကကြီးတခုလုံး သူ့လောက်ပူတဲ့လူဟာ ရှာလို့တွေ့မယ် မထင်ဘူး။

အရှယ်ကောင်းတုန်း၊ ပဋ္ဌာစာရီလို့ခေါ်တဲ့ အမျိုးသမီးရဲ့ အဲဒီလိုအပူမီး တွေဟာ လောကကြီးတခွင်လုံး လှည့်ပြီးတော့ကြည့်လိုက်စမ်း၊ စောစောတုန်း ကတော့ ဂုဏ်ကျက်သရေရှိပါတယ်ဆိုတဲ့ မိန်းကလေး၊ အခုတော့ ခါးမှာ အဝတ်တောင်မှ မရှိတော့ဘူး၊ ဘယ်သူကမှ ပရိသတ်အလယ်မှာ လက်မခံချင်တဲ့ အခြေအနေ ရောက်နေတယ်။

သာဝတ္ထိမြို့တရားပွဲမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် တရားဟောတော်မူနေတဲ့အချိန် သောကဗျာပါဒ အပူမီးတွေ အကြီးအကျယ်လောင်နေတဲ့ ထိုဒုက္ခိတအမျိုးသမီးလေး ပဋ္ဌာစာရီဟာ တရားပွဲနား ချဉ်းကပ်လာတဲ့အခါ တရားနာပရိသတ်က လက်မခံကြဘူး၊ အနားမလာနဲ့ဆိုပြီး ခဲနဲ့ပစ်တဲ့လူကပစ်၊ ကြိမ်းမောင်းနှင်ထုတ်တဲ့လူက နှင်ထုတ်။

အနာထ-ကိုးကွယ်ရာမဲ့နေတဲ့ အဲဒီအချိန်မှာ လောကသုံးပါး သတ္တဝါတို့ရဲ့ ကိုးကွယ်ရာပြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်က ဓမ္မာသန-တရားပလ္လင်ထက်ကနေ ပရိသတ်ကို တားပြီးတော့ အားကိုးရာမဲ့နေတဲ့ ပဋ္ဌာစာရီကို ဘာပြောလိုက်သလဲ။

သတိ ပဋ္ဌိလဘ ဘဂိနိ တိ။

ခုဒ္ဒကနိကာယ်-ထေရဂါထာ အဋ္ဌကထာ ၁၁၄။

ဘဂိနိ၊ အို-ချစ်နှမ ပဋ္ဌာစာရီ။သတိ ပဋ္ဌိလဘ၊ သတိထားပါလေ။ သတိကို ဘုရား ဦးတည်ပြောတယ်။

"ဘာဦးတည်ပြောသလဲ"

"သတိဦးတည်ပြောပါတယ်ဘုရား"

"ဒီကနေ့ ဘုန်းကြီးတို့ ယောဂီများ အလုပ်လုပ်ကြရာမှာ သတိကို ဦးတည်လုပ်ကြရမှာ ပဟုတ်လား"

"မှန်ပါတယ်ဘုရား"

"သတိပဋ္ဌာန်တရား၊ ဘာတရားပါလိမ့်"

"သတိပဋ္ဌာန်တရားပဲ့ါဘုရား"

ကံဘယပေါ်မှာထားတဲ့သတိ၊ ဝေဒနာပေါ်မှာထားတဲ့သတိ၊ စိတ်ပေါ်မှာထားတဲ့ သတိ၊ ဓမ္မပေါ်မှာ ထားတဲ့သတိ၊ တလုံးတဲ့ဖြစ်တဲ့သဘိဟာ ထားရာက လေးမျိုးရှိလို့ လေးမျိုးကွဲနေတာ၊ တရားကိုယ်အားဖြင့်တော့ သတိဘိုတာ တခုတဲ့ရယ်၊ သတိနဲ့တဲ့ညွှန်ကြားတဲ့အတွက်ကြောင့်မို့လို့ သတိပဋ္ဌာန် လေးမျိုးဖြစ်နေတာ၊ ပရမတ္ထတရားနဲ့ပြောရင် တခုတဲ့ရယ်။

ဒါကြောင့် ဘုရားဟောတယ်မဟုတ်လား။

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ။

မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိ-၇၀။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ အယံ မဂ္ဂေါ၊ ဟောဒီ သဘိပဋ္ဌာန်ဆိုတဲ့ လမ်းစဉ်သည်။ ကောယနော၊ သောကတွေ ငြိမ်းဖို့ရန် တခုတည်းသော လမ်းပဲ။

သောကဆိုတဲ့ မီးတွေငြိမ်းဖို့ရန်လမ်းဟာ သတိတခုတဲ့ ရှိတယ်။ ဒါကြောင့် သတိ ပဋ္ဌိလဘ ဘဂိနီ။

အို-ချစ်နှမ ပဋ္ဌာစာရီ၊ သတိထားပါ။ အရှုးမကြီးဖြစ်လာတာ ဘယ်သတိမှ မရှိတော့ဘူး။ သတိထား၊ ချစ်နှမပဋ္ဌာစာရီ၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမပြုနဲ့။ မြတ်စွာဘုရားက မေတ္တာ၊ ကရုဏာ နှစ်ပါးကို ပဋ္ဌာစာရီရဲ့ နှလုံးသားရောက် အောင်လှတ်ပြီး သတိဆိုတဲ့ စကားလုံးပြောကာ တရားကောက်ဟောတယ်။

စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အာသုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိံ ကာရုဏာ အမ္မ ကုဝံ ပမဇ္ဇသိ တိ။

ခုဒ္ဒကနိကာယ်—ထေရိဂါထာ အဋ္ဌကထာ-၁ ၁၄။

ချစ်နှမ ပဋ္ဌာစာရီ၊ သမုဒ္ဒရာကြီးလေးစင်းမှာရှိတဲ့ ရေတွေဟာ အလွန်တရာနဲ့ပါသေးတယ်။ သံသရာခရီးတလျှောက် ချစ်နှမ ပဋ္ဌာစာရီ ငိုခဲ့ရတဲ့ မျက်ရည်တွေဟာ ဟောဒီသမုဒ္ဒရာရေလောက် မကာဘူးလို့ မှတ်လေ။

သားသေလို့ ငိုခဲ့ရတဲ့ မျက်ရည်၊ သမီးသေလို့ ငိုခဲ့ရတဲ့ မျက်ရည်၊ မိဘမောင်ဖားများသေလို့ ငိုခဲ့ရတဲ့ မျက်ရည်၊ ခင်ပွန်းသယ်ယောကျ်ားနဲ့ ခဲ့ရလို့

ငိုခဲ့ရတဲ့ မျက်ရည်၊ စီးပွားပျက်လို့ ငိုခဲ့ရတဲ့ မျက်ရည်၊သံသရာခရီးအရှည်ကြီးမှာ ဘဝတွေ့မရေမတွက်နိုင်အောင်ငိုခဲ့ရတဲ့ မျက်ရည်တွေဟာ ဒီသမုဒ္ဒရာရေလောက် ပကာဘူး ချစ်ဒုမ။

ဒီအချိန်ဟာ မျက်ရည်တိတ်ရမယ့်အချိန်လို့ သတိပဋ္ဌာန်ကောက်ဟောတော့ ချက်ချင်း မျက်ရည်တိတ်ပြီး နှလုံးသားထဲမှာ သတိကပ်သွားတယ်။

"သင်္ဘဝင်္လာတာနဲ့တပြိုင်နက်တဲ့ ပဋ္ဌာစာရိအရှုးပျောက်တယ်နော်"

"မှန်ပါတယ်ဘုရား"

ဘုရားဘရားတော်ဟာ အဲဒီလို အငိုတိတ်တဲ့တရား၊ အရှုးချောဂါပျောက်တဲ့တရား၊ အပူအဆွေးတွေ ချုပ်ငြိမ်းတဲ့တရား၊ သောကပရိဒေဝတွေ ချုပ်ငြိမ်းတဲ့တရား။

"တလောကလုံး အပူမီးတွေ ဟုန်းဟုန်းတောက်နေတာ-ဘုရားက သတိပဋ္ဌာန်ဆိုတဲ့ ရေနဲ့ဖျန်းတော့ မငြိမ်းဘူးလား၌"

"ငြိမ်းပါတယ်ဘုရား"

ဒါကြောင့်—

ဘဝကန္တာရာ ဥတ္တာရဏေန အဿာသဒါနေန မမွေ။

ဘဝကန္တာရာ၊ ဘဝအခက်အခဲ ကျရောက်နေကဲ့ ပုဂ္ဂိုလ်ကွက်ကို။ ဥတ္တာရဏေနစ၊ ကုတ်ဆောင် ကယ်တင်တတ်ပါတယ်ဆိုတဲ့ အကြောင်းကြောင့်လည်းကောင်း။ အဿာသဒါနေနစ၊ သက်သာမှုကို ပေးတတ်ပါတယ်ဆိုတဲ့ အကြောင်းကြောင့်လည်းကောင်း။

"ပဋ္ဌာစာရီ သက်သာသွားပြီလား"

"သက်သာသွားပါပြီ ဘုရား"

"မြတ်စွာဘုရား၏ သတိပဋ္ဌာန်တရားကို နာရလို့ သိပ်ပြီးတော့ သက်သာသွားတယ်နော်"

"မှန်ပါတယ်ဘုရား"

(c) ဝိနယဓရ-ဇတဒ့ဂ်ရ ပဋ္ဌာစာရီ

အရှုးရောဂါလဲ ပျောက်တယ်၊ အပူမီးတွေလဲ ငြိမ်းတယ်၊ အဲဒီတရားပဲမှာ ပဋ္ဌာစာရီ ဆက်ပြီးတရားနာတော့ သောတာပန် ဖြစ်သွားတယ်၊ သောတာပန်

ဘဝကနေ ဘုရားထံ တပည့်တော်မရဲ့ အပူမီးတွေငြိမ်းဖို့ရန် ဘုရားသည်သာလျှင် အားကိုးရာပါ၊ တရားသည်သာလျှင် အားကိုးရာပါလို့ လျှောက်ထားတယ်။

အဘိုကွန်ရဲ့ ဘန္တေ၊အဘိုကွန်ရဲ့ ဘန္တေ၊သေယျထာပိ ဘန္တေ၊နိက္ကုဋ္ဌိတံ ဝါ ဥက္ကုဋ္ဌေယျ။ ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ၊ အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ၊ စက္ခုမန္တော ရူပါနိ ဒက္ခိန္တိ။

ဘန္တေ၊ဘုန်းကော်ကြီးတော်မူသော မြတ်စွာဘုရား။တော၊ ရှင်တော်ဘုရား၏။ ဘာသိတံ၊ မိန့်တော်မူလိုက်တဲ့ ဟောဒီ သတိပဋ္ဌာန်စကားတွေဟာဖြင့်ရင်။ မေ၊ တပည့်တော်မလို့ ဒုက္ခသည်ကြီးအတွက်။ အဘ်ကွန်၊ နှစ်သက်ဖွယ်ရာ ကောင်းလှပါတော့သည်ဘုရား။ အဘ်ကွန်၊ နှစ်သက်ဖွယ်ရာ ကောင်းလှပါတော့သည် ဘုရား။ နိက္ကုဋ္ဌိတံ၊ မှောက်ထားတဲ့အိုးကြီးကို။ နိက္ကုဋ္ဌေယျ သေယျထာဝိယ၊ ထက်စအောက် ပြောင်းပြန် လှန်ပြသလို။ ပဋိစ္ဆန္နံ၊ ဖုံးကွယ်ထားတဲ့ အရာဝတ္ထုကို။ ဝိဝရေယျ သေယျထာပိ၊ ဖွင့်လှစ်ပြီးတော့ ပြလိုက်ဘိသလို။ အန္ဓကာရေ၊ အမှောင်ကြီးထဲမှာ။တေလပဇ္ဇောတံ၊ ဆီမီးတိုင်ကြီးကို။ဓာရေယျ သေယျထာပိ၊ ညှိထွန်းပြီးတော့ ထောင်ပြလိုက်သလို။ မူဠှဿ၊ တောကြီးမျက်မဲ လမ်းမှားနေတဲ့ ပုဂ္ဂိုလ်အား။ မဂ္ဂံ၊ လမ်းမှန်ကို။ အာစိက္ခေယျ သေယျထာပိဝါ၊ လက်ကိုကိုင်စွဲ ဒီလမ်းပဲလို့ သေချာစွာ ညွှန်ကြားလိုက်သလို။

ဥပမာတွေနဲ့ လျှောက်ထားတယ်၊ တပည့်တော်မ လမ်းမှန်ရောက်ပါပြီ။ ဒါကြောင့်—

ဘန္တေ၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား။ အဟံ၊ တပည့် ကော်မသည်။ ဘဂဝတော၊ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်အဖြစ်ကို။ ဥပသမ္ပဒံ၊ ရဟန်းမလေးရဲ့ အဖြစ်ကို။လဘေယျံ၊ ရချင်ပါတော့သည်ဘုရား။

"ပဋ္ဌာစာရိ ဘာတောင်းသလဲ"
"ရဟန်းဘဝ တောင်းပါတယ်ဘုရား"
"အာဇာနည် အမျိုးသမီးနော်"
"မှန်ပါဘုရား"

မီးခဲပြာဖုံးသလို ဖြစ်နေတာ၊ ဘုရားရှင် ကိုယ်တော့်မြတ်နဲ့တွေ့တော့ အပူတွေ့လဲ ငြိမ်းတယ်၊ အရူးရောဂါလဲ ပျောက်ပြီ။ သောတာပတ္တိမဂ်ဉာဏ်လဲ ရောက်ခဲ့တယ်။ ဒီဌိဝိစိကိစ္ဆာ အမြတ်ပြုတ်ပြီး ရဟန္တာဘဝရောက်တော့ စီးဖြန်းကြိုးကုတ် အားထုတ်ကာ အာသဝေါကင်းကွာတဲ့ ရဟန္တာမကြီး ဖြစ်သွားတယ်။ ဝိနည်း ပါဠိတော်ကြီးငါးကျမ်း အာဂုံဆောင်တဲ့ ဝိနည်းဆောင် ဇော ဒဂ်ရ ရဟန္တာမကြီး ဖြစ်သွားတာကြည့်စမ်း။

"တရားတော်ရဲ့ ဂုဏ်သတ္တိနော်"
"မှန်ပါဘုရား"

တရားတော်ရဲ့ ဂုဏ်သတ္တိနှစ်ပါး

၁။ ဘဝကန္တာရာ ဥတ္တာရဏော၊ ဘဝကန္တာရက ကယ်တင်တယ်ဆိုတာ ဟောဒီ သတိပဋ္ဌာန်တရား။
၂။ အဿာသဒါနော၊ သိပ်ပြီးတော့ တခါတဲ့ ရှုးတဲ့အထိ ပင်ပန်းဆင်းရဲလာတဲ့ အပူမီးတွေကို သက်သာအောင် ငြိမ်းပေးတယ်။
သက်သာမှုကို ပေးတယ်ဆိုတာဟာ ဟောဒီ သတိပဋ္ဌာန်တရား။

"တရားတော်ရဲ့ ဂုဏ်သတ္တိနှစ်ပါး ရပြီမဟုတ်လား"
"ရပါပြီဘုရား"

အဲဒီသတ္တိနှစ်ပါးကို ယုံကြည်ခြင်းဟာ သဒ္ဓါ။ တရားအားထုတ်မယ်ပဂ္ဂိုလ်ဟာ ဗုဒ္ဓရဲ့ ဂုဏ်သတ္တိကို ယုံထားတယ်။ ဓမ္မရဲ့ ဂုဏ်သတ္တိတွေကိုလည်း ဟာခုပြောခဲ့တဲ့အတိုင်း ယုံကြည်ချက် မွေးထား၊ သဒ္ဓါယုံကြည်ချက် ရှိထားရမယ်။

သံဃာတော်တို့ရဲ့ သုပ္ပဋိန္နတာဂုဏ်ထူး

သံဃာတော်တို့ရဲ့ ဂုဏ်သတ္တိ၊ သုပ္ပဋိပန္နဂုဏ်တခု ကြည့်စမ်းပါ။

သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝကသံဃော ယော ကုမဿ ဇေဝရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။

တဿ ဘဂဝတော၊ ထိုဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ ယော သာဝကသံဃော၊ အကြင်တပည့်ဖြစ်တဲ့ သံဃာတော်အပေါင်း

သည်။ ဧဝရူပဿ၊ ယခု ငါခံစားနေရတဲ့ ဒုက္ခဝေဒနာမျိုးတွေနဲ့ မခြားတမူ အလားတူလှစွာသော။

အိမ်နေတဲ့ တို့ဒကာ ဒကာမတွေရဲ့ လူမှုဒုက္ခတွကို ကြည့်လိုက်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဒုက္ခတွေကတော့ ရဟန်းရော၊ လူရော တသားတဲမို့လို့ ထားပါတော့၊ ဃရာဝါသ အိမ်ထောင်မှာနေတဲ့ ဒကာ ဒကာမတွေရဲ့ ဒုက္ခနဲ့၊ အိမ်ထောင်မရှိဘဲ့ ရဟန်းတော်တွေရဲ့ ဒုက္ခနဲ့ ယှဉ်ကြည့်လိုက်စမ်း။

"အိမ်ထောင်မရှိဘဲ့ ပုဂ္ဂိုလ်နဲ့ အိမ်ထောင် ရှိတဲ့ပုဂ္ဂိုလ်၊ ဘယ်သူက ပိုပြီး တော့ ဒုက္ခဖြစ်သလဲ"

"ဒကာ ဒကာမတွေက ပိုဖြစ်ပါကယ်ဘုရား"

"အေး-အိမ်ထောင်နဲ့ နေရတဲ့ ဃရာဝါသဒုက္ခ"

ဧဝရူပဿ၊ ယခုငါတို့ ခံစားနေရတဲ့ ဒုက္ခဝေဒနာမျိုးတွေမှ။

ဧဝရူပဿ၊ ယခု ငါတို့ခံစားနေတဲ့ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏအစ ရှိတဲ့ ဒုက္ခမျိုးတွေမှ။ ပမောက္ခာ ယ၊ လွတ်မြောက်ဖို့ရန် အလို့ငှါ။ ပဋိပဇ္ဇနော၊ ကျင့်တော်မူကြပါ၏။

တဿမာ၊ တို့ကြောင့်။ တဿ ဘဂဝတော၊ ထိုဘုရားရှင် ကိုယ်တော်မြတ်ရဲ့။ သော သာဝကသံဃော၊ ထိုတပည့် ဖြစ်တော်မူတဲ့ သံဃာတော်အပေါင်းသည်။ သုပ္ပဋိပန္နော ဝတ၊ သုပ္ပဋိပန္နဆိုတဲ့ ဂုဏ်ဆူးကြီးနဲ့ ပြည့်စုံတော်မူပါပေ၏။

သုပ္ပဋိပန္န-ကောင်းကောင်း ကျင့်ဆိုတာ အဲဒီဒုက္ခတွေမှ လွတ်အောင် ကျင့်ကြတာ၊ သံဃာတော်ရဲ့ ဂုဏ်တပါးရှိတယ်။

"ဗုဒ္ဓဂုဏ်သတ္တိ၊ ဓမ္မဂုဏ်သတ္တိ၊ သံဃဂုဏ်သတ္တိတွေကို ယုံကြည်တဲ့သဒ္ဓါ သည် ရတနတ္တယသဒ္ဓါ၊ ယောဂီများ ရှေးဦးစွာ ထားရှိရမယ်"

"မှန်ပါဘုရား"

"ဗုဒ္ဓ၊ ဓမ္မ၊ သံဃာအပေါ်မှာ သံသယလေးတွေ တိုးလိုတန်းလန်းနဲ့ဆိုရင် တရားမတက်ဘူးနော်"

"မှန်ပါဘုရား"

"အဲဒါကို စေဒတာခိလလို့ ခေါ်တယ်၊ ဘာပါလိမ့်"

"စေတောခိလပါဘုရား"

ဘုရား၊ တရား၊ သံဃာအပေါ်မှာ သံသယခံနေရင် စိတ်ထဲ အဲဒါ ငြောင့်စူးတာ ခေါ်တယ်။ ဒီစေတောခိလမပယ်သေးပဲနဲ့ တရားအားထုတ်ရင် တရားရဖို့ မလွယ်ဘူးနော်။ ဒါကြောင့် စေတောခိလတွေကိုပယ်။ ယုံကြည်ချက်သဒ္ဓါကို ခိုင်ခိုင်မြဲး။

(၂) အရောဂိတာ-အနာဂင်းကွာ ကျန်းမာခြင်း

(က) ကျန်းမာရေးကို ကြိုတင်ဂရုစိုက်

အနာဂင်းကွာ ကျန်းမာခြင်းဆိုတာက ကမ္မဋ္ဌာန်းကျောင်းထဲ ရောက်နေမှတော့ ဘုန်းကြီးတို့ယောဂီများ အနာဂင်းရမယ်။ အနာဂင်းရင် ပြန်ထွက်ပြီးတော့ ဆေးကုရဦးမလို ဖြစ်နေတယ်။ အဲဒီလိုတော့လဲ မဟုတ်ဘူး။

ကမ္မဋ္ဌာန်း အားထုတ်တော့မယ်ဆိုကတည်းကိုက မိမိခန္ဓာကိုယ်ရဲ့ ဓာတ်များတည်ဆောက်ပုံအနေအထား ကြံတင်စဉ်းစားပြီးတော့ ဘယ်အာဟာရ၊ ဘယ်ဓာတ် မဟာဓာတ်ဟာ ငါ့ခန္ဓာကိုယ်မှာ လွန်ကဲနေတယ်၊ ဘယ်အာဟာရ၊ ဘယ်ဓာတ်တွေ လျော့နေတယ်။

ဒီအခြေခံအားဖြင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဓာတ်လေးပါး ခန္ဓာကိုယ်မှာ ရှိနေတဲ့ ဓာတ်သဘော တွေကို စဉ်းစား ဆင်ခြင်ပြီးတော့ အစ္စတ္တာနုတုနဲ့ ဗဟိဒ္ဓာနုတုရယ်၊ အာဟာရရယ်၊ အဲဒါတွေကို အဖက်ဖက်က ဆင်ခြင်ပြီး ခန္ဓာကိုယ်ကျန်းမာရေးကိုလဲ ပြုပြင်ပြီးတော့ လာခဲ့ဆိုတာက ကမ္မဋ္ဌာန်းကျောင်းမဝင်ခင်တဲ့က ကြိုတင်ပြင်ဆင်ရမယ့်အချက်ပါ။ ရောက်နေတဲ့အချိန်ကျပြန်တော့လဲ အဲဒါဆင်ခြင်။

ရောဂါနှိပ်စက်ပြီဆိုရင် ဘုန်းကြီးတို့ယောဂီများ ဘာမှမတတ်နိုင်ဘူးနော်။ နောက်ဆုံး ဘယ်လိုမှ မတတ်နိုင်လို့ အားထုတ်ယင်းနဲ့ ရောဂါဖြစ်ဘယ်ဆိုရင်တော့ ဘုန်းကြီးတို့ယောဂီများက ဒီရောဂါကိုပဲ ကမ္မဋ္ဌာန်းအနေနဲ့ နှလုံးသွင်းရလိမ့်မယ်။ ဘယ့်နှယ်လုပ် နှလုံးသွင်းမလဲ။ ရှုးဦးစွာ နှလုံးသွင်းရမယ့်အချက်-

(ခ) ရောဂါဖြစ်လာတဲ့အခါ နှလုံးသွင်းရမယ့်အချက်

နာဟံ ဒါသော ဘဋ္ဌော တုယ္ဟံ၊ နာဟံ ပေါသေမိ ဒါနိ တံ။
တုမေဝ ပေါသေန္တော ဒုက္ခံ၊ ပတ္တော ဝဋ္ဋေ အနပ္ပကံ။

အနာရောဂါ နှိပ်စက်လာတယ်ဆိုလို့ရှိရင် ဘုန်းကြီးတို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဆရာတော်ကြီး အမိန့်ချတဲ့ နာဟံ ဒါသော ဘဋ္ဌော တုယ္ဟံကို စဉ်းစားလိုက်။

ရောဂါ၊ ဟဲ့ အနာရောဂါ။ ဒါနို့ ကွာဒါနို့၊ ယခုအခါ၌။ အဟံ၊ ငါသည်။ တုယ္ဟံ၊ သင်၌။ ဘဋ္ဌော၊ ခစားနေရတဲ့ပုဂ္ဂိုလ်သည်။ နဟောမိ၊ မဟုတ်ပါလေ။

အားထုတ်နေယင်းနဲ့ ရောဂါဖြစ်လာရင် ငါ ရောဂါဖြစ်နေတာပဲ၊ ကျန်းမာရေးမကောင်းလို့ ကမ္မဋ္ဌာန်းရိပ်သာက ထွက်တော့မယ်ဆိုတဲ့စိတ်မျိုး မဖြစ်စေပဲနဲ့ ရောဂါကို ကြိမ်းဝါးယူရမယ်။ တစုံတခုသော အကြောင်းကြောင့် မိမိမှာ အနာရောဂါ နှိပ်စက်လာရင် စိတ်ကို တင်းပေးရမယ့်အချက်—

ရောဂါဖြစ်လို့ ပျောက်အောင် ဆေးကုပြီးတော့ ရောဂါပျောက်အောင် ကင်းအောင် ဆေးဝါးမန္တရား အစားအစာတွေနဲ့ ခန္ဓာကိုယ်ကို ပြုပြင်မယ်ဆိုရင် စဉ်းစားလိုက်ကြစမ်း၊ အနာရောဂါက အရှင်သခင် ဖြစ်သွားတယ်၊ အနာရောဂါကို ပြုစုလုပ်ကျွေးရတာက ကျေးကျွန်ဖြစ်သွားတယ်။

အဲဒီအချိန်မှာ အနာရောဂါကို အနိုင်ယူ။ ဟဲ့-အနာရောဂါ၊ ငါဟာ နင်ရဲ့ကျေးကျွန်မဟုတ်ဘူး။နင့်ကို ငါမလုပ်ကျွေးနိုင်တော့ဘူးလို့ ကိုယ့်စိတ်ကို ကိုယ် တင်းပေးလိုက်။

နာဟံ ဒါသော ဘဋ္ဌော တုယ္ဟံ။

ရောဂါ၊ ဟဲ့-အနာရောဂါ။ ဒါနို့ ကွာဒါနို့၊ ယခုအခါ၌။ အဟံ၊ ငါသည်။ တုယ္ဟံ၊ သင်၌။ ဒါသော၊ ကျေးကျွန်သည်။ နဟောမိ၊ မဟုတ်ပါလေ။

နာဟံ ပေါသေမိ ဒါနို့ တံ။

ဒါနို့ ကွာဒါနို့၊ ယခုအခါ၌။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ နဟ ပေါသေမိ၊ မလုပ်ကျွေးနိုင်တော့ပါ။

အနာရောဂါ၊ ငါဟာ နင့်ကျေးကျွန် မဟုတ်တော့ဘူး။ နင့်ကို ယခုအခါ ငါမလုပ်ကျွေးနိုင်တော့ဘူး။ ဘယ်တုံးကစပြီး လုပ်ကျွေးလာခဲ့ရသလဲ ပြန်ကြည့်။

တုမေဝ ပေါသေန္တော ဒုက္ခံ၊ ပတ္တော ဝဋ္ဋေ အနပ္ပကံ။

ရောဂါ၊ ဟဲ့-အနာရောဂါ။ တုမေဝ၊ သင့်ကိုသာလျှင်။ ပေါသေန္တော၊ လုပ်ကျွေးလျက်။(ဝါ) လုပ်ကျွေး၍ လာခဲ့ရသော။ အဟံ၊ ငါသည်။ ဝဋ္ဋေ၊

အနုမတင် သံသရာစက်၌။ အနပ္ပကံ၊ မရေမတ္တက် မျဉ်းပြားလှစ္စာသော။ ဒုက္ခံ၊ ဝဋ်ဆင်းရဲသို့။ ပတ္တောဒ၊ ရောက်ခဲ့ရဘူးလေပြီ။

ဟို-အတိတ်သံသရာ တလျှောက်လုံး အနာရောဂါကို လုပ်ကျွေးလာခဲ့ရတာပဲ၊ ပြန်ကြည့်လိုက်။ သံသရာတလျှောက်လုံးက ရောဂါနှိပ်စက်လို့ ရောဂါကုခဲ့ရတဲ့ ဘဝပေါင်း မရေတွက်နိုင်ဘူး။ ရောဂါက အရှင်သခင်အဖြစ်နဲ့ ကိုယ့်ကိုနှိပ်စက်၊ အရှင်သခင်ဖြစ်တဲ့ ရောဂါကို ကိုယ်က ကျန်အနေနဲ့ လုပ်ကျွေးခစားခဲ့ရတဲ့ ဘဝပေါင်း မရေတွက်နိုင်ဘူး။

ဘယ်လိုပဲ လုပ်ကျွေး လုပ်ကျွေး၊ ဒီအနာရောဂါတော့ဟာ ကိုယ့်ကို မကျေနပ်လို နှိပ်စက်သတ်ဖြတ်ခဲ့တဲ့ ဘဝပေါင်းလဲ မရေနိုင်တော့ဘူး။ ဒီအချိန် ဒီအခါမှာတော့ ဒီရောဂါကို ငါမလုပ်ကျွေးတော့ဘူး။ ငါလုပ်ကျွေးခဲ့ရလို့ ငါဒုက္ခတွေ့ ဖြစ်ခဲ့ပေါင်း များပြီဆိုပြီးတော့ မိမိစိတ်ကို မိမိတင်းပြီးတော့ ပေးရယ်။

ဒီတော့ ဒီစကားရပ်မှာ အချက် ၂—ချက် မှတ်သားထားရမယ်။

(၁) ခန္ဓာကိုယ်ကို ရောဂါမဖြစ်အောင် ကြိုတင်ပြီးတော့ တတ်နိုင်သမျှ စောင့်ရှောက်ပါ။

(၂) တကယ်လို့ အားထုတ်ယင်းနဲ့ ရောဂါဖြစ်လာရင်လဲပဲ ဒီနည်းတွေနဲ့ ကိုယ့်စိတ်ကို တင်းပေးပါ။

(၃) အသာဂဏယျဥ္ဇ--ကောက်ကျစ်မှုမရှိခြင်း

တရားအားထုတ်မယ့် ယောဂီဆိုတာဟာ ရိုးရိုးဖြောင့်ဖြောင့် ရှိရမယ်။ မကောက်ကျစ်ရဘူးတဲ့၊ မဟုတ်တာကို မဟုတ်တဲ့အတိုင်း ပြောတတ်ရမယ်။ ဟုတ်တာ မှန်တာကို မှန်တဲ့အတိုင်း ပြောတတ်ရမယ်။ တရားစစ်တဲ့အခါတွေ့ ကျတော့ ဒီလိုလာတယ်နော။

သာဌေယျ-ကောက်ကျစ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ အဟုတ်ကို အဟုတ်အတိုင်း ၎ပြောကြဘူး။ မိမိရထားတာ နည်းနည်းလေးရယ်၊ အများကြီးပြောရင် သာဌေယျ။ မိမိသိတဲ့ အသိဉာဏ်က နည်းနည်းလေးရယ်၊ အများကြီး မှန်းပြီးတော့ ပြောနေရင်လဲ သာဌေယျပဲ။

“အဲဒီလိုဆိုရင် ဒီလူ တရားတက်ပါဦးမလား”
“မတက်ပါဘုရား”
“တရားမရပဲနဲ့ ရသယောင် ဟန်ဆောင်ရင် သာဏယျနော်”
“မှန်ပါဘုရား”

အဲဒီလို မာယာသာဏယျ-ကောက်ကျစ် စဉ်းလဲတဲ့ သဘောတွေ ကင်းရမယ်တဲ့။ ယောဂီအချင်းချင်းလဲပဲ ကောက်ကျစ်မှုတွေ ကင်းရမယ်။ စိတ်ကောက်တာတို့၊ စိတ်ဆိုးတာတို့၊ စိတ်ညစ်တာတို့၊ မကျေနပ်တာတို့ ကင်းကြရမယ်။

တယောက် တရားထိုင်နေတယ်။ တယောက်က ဆေးလိပ်သောက်တယ်။ ဆေးလိပ်အခိုး မခံနိုင်လို့ စိတ်ဆိုးလိုတ်တာ။တယောက်က တရားထိုင်နေယင်း အခြားတယောက်က ချောင်းဆိုးတာ မကျေနပ်တာတို့၊ အဲဒါမျိုးတွေလဲ ကင်းကြရမယ်။ ဒါတွေ မကင်းရင် ယောဂီများစိတ်ထဲ ငြောင့်တမျိုး စူးတာလို့ ခေါ်သတဲ့။ ယောဂီအချင်းချင်း ငြောင့်စူးတာ ရှိသေးတယ်။ ဘာတဲ့တုံးဆိုရင်—

သဇြဟ္မစာရီသု ကုပိတော ဟောတိ၊ အနတ္တမနော အဟတစိတ္တော ခိလဇာတော။

သဇြဟ္မစာရီသုး ယောဂီ အချင်းချင်းတို့ရဲ့အပေါ်၌။ ကုပိတော၊ အမျက်ထွက်၍ နေသည်။ ဟောတိ၊ ဖြစ်၏။ အနတ္တမနော၊ စိတ်နှလုံး မသာမယာပဲ ရှိ၍နေသည်။ ဟောတိ၊ ဖြစ်၏။ အဟတစိတ္တော၊ ထိခိုက်၍နေကြတဲ့ စိတ်တွေ ရှိ၍ နေသည်။ ဟောတိ၊ ဖြစ်၏။ ခိလဇာတော၊ ခုလုခုလုဖြစ်၍ နေသည်။ ဟောတိ၊ ဖြစ်၏။

အယံ၊ ဤသည်ကား။ ပဋ္ဌမံ၊ ငါးခုမြောက်ဖြစ်သော။ စေတောခိလော၊ စိတ်တဲ့ စူးဝင်နေတဲ့ ငြောင့်တွေပါပဲ။

ယောဂီအချင်းချင်း စိတ်ထဲမှာ စူးတဲ့ငြောင့် အနတ္တမနော-တယောက်နဲ့ တယောက် ဝမ်းမသာကြဘူး။ အဟတစိတ္တော-စိတ်တွေ ထိခိုက်နေကြတယ်။

ကုပိတော-တယောက်နဲ့တယောက် အမျက်ထွက်နေကြတယ်၊ တယောက်နဲ့တယောက် စိတ်ကောက်နေကြတယ်ဆိုရင် အဲဒါ ငြောင့်စူးတာ။

“ကမ္မဋ္ဌာန်းကျောင်းထဲ ရောက်လာရင် အဒေါသဇ္ဈာသယ-ဒေါသကင်း အောင်ဆိုပြီးတော့ အားထုတ်ရအောင် လာကြတာမဟုတ်လား”

"မှန်ပါဘုရား"

"ဒေါသကင်းအောင် အားထုတ်မလို့ လာကြတဲ့ယောဂီတွေ၊ ကမ္မဋ္ဌာန်းကျောင်းထဲကျမှ တယောက်နဲ့တယောက် စိတ်ဆိုးနေရင် ဒီလူတွေ တရားရကြပါဦးမလား"

"မရနိုင်ကြပါဘုရား"

အေး-စိတ်ထဲငြောင့်စူးတာ ခေါ်တယ်။ ဒါကြောင့် ကောက်ကျစ်စဉ်းလဲခြင်း၊ လှည့်ဖြားခြင်း မာယာသာထေယျ ဒေါသတရား ကင်းကြရမယ်။ ကောက်ကျစ်စဉ်းလဲမှု ကင်းခြင်း၊ ဖြောင့်ဖြောင့်စင်းစင်း ရိုးရိုးသားသား ဝန်ခံခြင်းဆိုတာရှိရမယ်တဲ့။ အဲဒါကဘာ ပဓာနိယင်္ဂတရားရဲ့ တတိယအင်္ဂါတခုက်၊ နောက်တခုက်က—

(၄) အာရမ္ဘ-လုံ့လဝိရိယကောင်းခြင်း

"အာရမ္ဘ-လုံ့လဝိရိယ ကောင်းရမယ်၊ ဘာပါလိမ့်"

"လုံ့လဝိရိယကောင်းရမှာပါဘုရား"

ငါးရက်ထဲ အားထုတ်ကြရမှာ ဝိရိယကောင်းရမယ်။ စိတ်တွေကိုလျှော့ပြီးတော့ ပျင်းနေကြမယ်ဆိုလို့ရှိရင် ဝိရိယ အားနည်းတာ။

အေးလို့ကဲ့ာ အိပ်လို့ကဲ့ိုးမယ်။ အေးလွန်းလို့လဲပဲ အားမထုတ်ဖြစ်ဘူး။ ပူလို့ကဲ့ာ ခဏနားလို့ကဲ့ိုးမယ်။ ပူလွန်းပြန်ရင်လဲပဲ အားမထုတ်ဖြစ်ပဲ နားနေပြန်တယ်။ ထမင်းမစားရသေးဘူး၊ ထမင်းဆာလို့ကဲ့ာ ထိုင်နေလို့ကဲ့ိုးမယ်။ ထမင်းဆာလွန်းလို့ဆိုပြီးတော့ နားနေပြန်တယ်။ ထမင်းစားပြီးလို့ ထမင်းဆီယစ်ပြန်ပြီကဲ့ာ အိပ်လို့ကဲ့ိုးမယ်။

အဲဒါတွေဟာ ပျင်းတဲ့ပရိယာယ်တွေ၊ အဲဒီလိုချည်း အကြောင်းအမျိုးမျိုးရှာပြီးတော့ အပျင်းရဲ့ ဆင်ခြေတွေ အမျိုးမျိုးကန်နေကြရင် စောပါသေးတယ်။ နောက်ကျသွားပြီဆိုတော့ ဘုန်းကြီးတို့ ယောဂီများ အလုပ်မလုပ်ဲ့နေကြရင် အဲဒါတွေဟာ ဝိရိယကင်း ပျင်းတဲ့သဘောတွေလို့ ခေါ်တယ်။

အဲဒီအပျင်းရဲ့ သဘောတွေကင်းပြီးတော့ လုံ့လဝိရိယသန်ရမယ်၊ ငါးရက်တာမှု ငါတို့အားထုတ်ကြရတာ၊ အရိုးပဲကြေကြေ၊ အရေပဲခန်းခန်း၊ ပင်ပန်းဆင်းရဲမှုကို ဂရုမစိုက်ပဲနဲ့ ကြိုးပမ်းကြရမယ်လို့ ဝိရိယသန်ပါစေ။

"ဘယ်နှစ်ချက်ရပြီလဲ"
"လေးချက်ရပါပြီဘုရား"
ပဓာနိယင်္ဂတရုးငါးပါးတို့တွင် လေးချက်ပြီးသွားပြန်တယ်နော်၊ နောက်တခါ—

(၅) ပညာယ-ပညာနှင့် ပြည့်စုံခြင်း

ဥဒယတ္ထတာ၊ အဖြစ်နှင့်အပျက်ကို အမှီလိုက်နိုင်သော။ပညာယ စ၊ ပညာနှင့်လဲပဲ။ သမ္မန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

ဥဒယတ္ထဂါမိနိယာ ပညာယ စ သမ္မန္နာဂတော။

ဥဒယတ္ထဂါမိနိယာ၊ ရုပ်နာမ်တို့ရဲ့ အဖြစ်နှင့်အပျက်ကို အမှီလိုက်နိုင်သော။
အဲဒါက ဝိသုဒ္ဓါရုံဆရာတော်ကြီးပေးတဲ့ အနက်။ အလွန်ကောင်းတယ်။ အဖြစ်နဲ့အပျက်ကို သိမြင်နိုင်သောဆိုတာက စကားအဓိပ္ပာယ်နည်းနည်းငုပ်တယ်။ ဆရာတော်ကြီးပေးလိုက်ပုံက—

ဥဒယတ္ထဂါမိနိယာ၊ဖြစ်နေတဲ့ ရုပ် ဝေဒနာ ဝိညာဉ်တို့ရဲ့နောက်ကို အစဉ်လိုက်နိုင်သော။ ဥဒယတ္ထဂါမိနိယာ၊ ပျက်စီးနေတဲ့ ရုပ် ဝေဒနာ ဝိညာဉ်တွေ့ရဲ့နောက်ကို အစဉ်လိုက်နိုင်သော။ ပညာယ၊ ပညာနှင့်။ သမ္မန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

ရုပ်တလုံး ဖြစ်ဖြစ်လာရင် အဲဒီရုပ်ရဲ့နောက်ကို မှီအောင်လိုက်နိုင်တဲ့ ဉာဏ်ကို ကြိုးစားမွေးရမယ်၊ ဒီတော့—

သဒ္ဓါ-ရတနာသုံးပါးကို ယုံကြည်တဲ့ သဒ္ဓါတရုးရှိခြင်း၊
အရောဂိတာ—အနာရောဂါကင်းရှင်းကျန်းမာခြင်း၊
အသာထေယျ-မလှည့်ဖြား မကောက်ကျစ်ရခြင်း၊
အာရမ္ဘ-လုံ့လဝီရိယကောင်းခြင်း၊
ပညာယ-ပညာနဲ့ပြည့်စုံခြင်း၊
"ဘယ်နှစ်ချက်ရပြီလဲ"
"ငါးချက်ရပါပြီဘုရား"
ပဓာနိယင်္ဂတရုးငါးပါး၊ အဲဒီတရုးငါးပါးမျိုးကိုလဲပဲ ကမ္မဋ္ဌာန်းအားထုတ်မယ့် ယောဂီများရအောင်ကြိုးစားယူကြပါ။ပဓာနိယင်္ဂတရုးလဲ ပြည့်စုံ

သွားပြီ။ အဇ္ဈာသယခြောက်ပါးလဲပဲ ပြည့်စုံသွားပြီ။ ကမ္မဋ္ဌာန်းကျောင်းထဲမှာ သန္တုဋ္ဌသဘောနဲ့ ကိုယ့်စိတ်ကို ကိုယ် ဖြေဖျောက်ရမယ့်အချက်တွေလဲပဲ ပြည့်စုံသွားပြီ။

တရားအားထုတ်ကာနီး ပြုဖွယ်ကိစ္စပရိကမ်များ

(၁) ဗုဒ္ဓါနုဿတိဘာဝနာ

ပြည့်စုံသွားပြီဆိုတော့မှ ခုနက ဗုဒ်၊ မေတ်၊ မ ကို ဆိုကြရအောင်၊ ဗုဒ္ဓါနုဿတိရယ်၊ မေတ္တာရယ်၊ မနုဿတိရယ်၊ နောက်ရက်နောက်ရက်တွေကျ ဒါလောက် အသေးစိတ်ပြောနိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ဒီကနေ့ ကော် တော်လေးစုံအောင် ပြောသွားရတယ်နော်။

ဗုဒ္ဓါနုဿတိ-ဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်များကို အောက်မေ့ဖို့ရန် ဆိုတော့ ဘုရားရဲ့ ဂုဏ်ကျေးဇူးတော်များ အောက်မေ့တာရော၊ ဘုရားရှင်အား ရှိခိုးတာရော တခါတည်း တချက်ခုတ် နှစ်ချက်ကိစ္စပြီးသွားအောင် အားလုံး လိုက်ဆိုကြပေါ့။

လိုတိုင်းရနေပြီသား၊ နမောတဿကို တိုင်ပေးမှာပါ။ လက်အုပ်ချီ၊ ဘုရားရှင်ကိုယ်တော်မြတ်ထံကို အာရုံရောက်အောင်ယူ၊ အာရုံရောက်အောင်ယူတော့ ဘုန်းကြီးဆိုပေးတဲ့ တိုင်ပေးတဲ့ စကားလုံးလေးတွေရဲ့နောက်ကနေ ဘုရားရှင်ထံ ရောက်ရောက်သွားပစေ။ ကိုင်း— ဆိုကြရအောင်။

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"
(ယောဂီများ လိုက်ဆိုရန် ၃-)

"အရဟတော၊ တထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူတတ်ပါပေထသော။ အရဟတော၊ တထောင့်ငါးရာ ကိလေသာမာရ် သူပုန်ရန်တို့ကို တွန်းလှန်ဖြိုခွဲ အောင်ခတ်ဆဲ့၍ အောင်ပွဲဘီသိက် ဆင်တော်မူပြီးထသော အောင်ပွဲသဘင် ဆင်တော်မူပြီးထသော။

အရဟတော၊ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်ကို ချိုးဖြတ်ခုတ်ထွင် သုတ်သင်တော်မူတတ်ပါပေထသော။ အရဟတော၊ ဆိတ်ကွယ်ရာ၌မကောင်းမှုမှန်သမျှကို ပြုကျင့်တော်မူတတ်ပါပေထသော။ အရဟတော၊ ဗြဟ္မာနတ်လူ ခပ်သိမ်းသူတို့၏ ပူဇော်အထူးကို ခံယူခြင်းငှာ ထိုက်တော်မူတတ်ပါပေထသော။

သမ္မာသမ္မုဒ္ဓဿ၊ သိစရာရှိသမျှ ကရားဥဿုံ အလုံးစုံကို အကုန်အစင် ကိုယ်တော်တိုင် မဖေဖော်မပြုန် မှုန်ကုန်စွာ ကိုးကွယ်၍ ဘိုးဖြင့်ကော်မူတတ်ပါပေထသော။

ဘဂဝတော၊ ဘုန်းတော်ခြောက်စုံဂုဏ်တော်အနန္တနှင့်. ပြည့်စုံကောင်မွတ်ပါပေထသော။ ဘဂဝတော၊ မာရ်ငါးပါးတို့ကို အောင်မြင်ကော်မူတတ်ပါပေထသော။

တဏှာ ကာဒိသဿ၊ လေးကောင်ဖွစ်ပါးတို့ကို ကြံကြံဖန်ဖန် ပယ်ဖျက်ရည်ရှိတော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်ဗုဒ္ဓဘုရားအာ။ ပေအမှာဂဲ၊ ဘုရားတပည့်တော်တို့၏။ နပေဝ၊ ကာယဝစီမနောချိလျက် အဉ္ဇလိဿ ညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးရခြင်းသည်။ အဝဇ္ဇ၊ ဘဝတု၊ ဖြစ်ပါစေသတည်း။

(ယောဂိများ လိုက်ဆိုရန်)

"ဥးချလိုက်ကြ"

ဗုဒ္ဓဝန္ဒုဿတိ၊ ဘုရားဂုဏ်တော်ကို အောက်မေ့ခြင်းနှင့် ဗုဒ္ဓပကာဝ [illegible] ပြီးသွားပါပြီ။ ပြီးပြည့်စုံလုံနောက်မှာ မိမိတို့ ယောဂီအချင်းချင်း ဒေါသအာဃာတများရှိခဲ့ရင် ပြေပျောက်ဖို့၊ မိမိတို့ ကမ္မဋ္ဌာန်းရိပ်သာရဲ့ ပတ်ဝန်းကျင်မှာ ရှိနေကြတဲ့ ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးအစရှိတဲ့နတ်များ ကိုယ်စိတ်နှလုံး ချမ်းသာစေခြင်းအကျိုးငှာ အားလုံး ပေတွာကမ္မဋ္ဌာ၊ စီးဖြန်းပို့ရန် လိုက်ပြီးတော့ဆို။

(၂) မေတ္တာဘာဝနာ

"ဘုရားတပည့်တော်တို့သည် ဤမြတ်ရိပ်သာအကွင်း၌ တရားအားထုတ်ရာ၊ စုဝေးညီညာ ရောက်ရှိလာကြကုန်သော ယောဂီသူတော်စင်အပေါင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဆင်းရဲခပ်သိမ်း ကင်းကြပါစေ၊ ကြာ.ကြခပ်သိမ်း ကင်းကြပါစေ၊ စိုးရိမ်ခပ်သိမ်း ကင်းကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းကြပါစေ၊ နှလုံးဝိတ်ဝမ်း အေးချမ်းကြပါစေ၊ သူတော်နှလုံး ကျင့်သုံးနိုင်ကြပါစေ"

(ယောဂိများ လိုက်ဆိုရန်)

အေး-ယောဂီအချင်းချင်း မေတ္တာဘာဝနာပွားပြီးနောက်-

"ဘုရားတပည့်တော်တို့၏ ဤမမြရိပ်သာ၌ စောင့်ကြပ်၍ နေကြကုန်သော အာကာသစိုး၊ဘုမ္မစိုး၊ ရက္ခစိုး အစရှိကုန်သော နတ်အပေါင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ သူတော်နှလုံး ကျင့်သုံးနိုင်ကြပါဇ၀"

(ယောဂီများလိုက်ဆိုရန်)

အေး-မိမိတို့နဲ့ အနီးဆုံး နတ်များအတွက် မေတ္တာပို့လို ပြီးပါပြီ။နောက်တခါ-

"ဤမြို့အတွင်း၌ နေထိုင်ကြကုန်သော အလုံးစုံကုန်သော လူနတ်ဗြဟ္မာသတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊တရားနှလုံး ကျင့်သုံးနိုင်ကြပါစေ"

(ယောဂီများ လိုက်ဆိုရန်)

မိမိတို့နဲ့ အနီးစပ်ဆုံး မြို့သူမြို့သားများနဲ့ နတ်ဗြဟ္မာများအတွက် ပွားများလို ပြီးသွားပါပြီ။ပြီးတော့မှ အရွှေ၊ အနောက်၊ တောင် မြောက် အရပ်ရှစ်မျက်နှာ အထက်နဲ့အောက်ဆိုရင်တော့ အရပ်ဆယ်မျက်နှာ ထောင့်တဲ့ပါအားလုံး အာရုံပြုပြီးတော့ ဘုန်းကြီးတို့ယောဂီများ မေတ္တာပွားကြရအောင်၊ အကြင်းအကျန်မရှိ သတ္တဝါအားလုံး သိမ်းကျုံးပြီးတော့ ပွားကြရအောင် လိုက်ဆို။

"ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါ ဘယာဝေးရှ အေးပါစေ၊ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါ ကြောင့်ကြခပ်သိမ်း ငြိမ်းပါစေ။

ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်မျှားစွာ သတ္တဝါ ဆင်းရဲခပ်သိမ်း ကြုံပါစေ၊ ဘုံသုံးဆယ့်ဘစ် ဖြစ်ဖြစ်မျှားစွာ သတ္တဝါ စိုးရိမ်ခပ်သိမ်း ကြုံပါစေ၊ ဘုံ ၁ ဆယ့်တစ်ဖြစ်ဖြစ်မျှားစွာ သတ္တဝါ တရားနှလုံး ကျိုသုံးနိုင်ကြပါစေ”

(ယောဂီများ လိုက်ဆိုရန်)

ဧကား– ဒါကတော့ အတိုချုပ်၊ ဘုံဘုံးကယ်တစ်အရင်လေးမျက်နှာ အကုန်လုံး သိမ်းကျုံးပြီး ပေတ္တာဘာဝနာပွားပြီးကတော့ မိမိတို့ရဲ့ နှလုံးသားယဲက ဒေါသ မောဟ အာသဝတရဲ့ အဝိုက်အာန်ကြိမ်းသွားကြပဲ ပေတ္တာသုဘဉ်မှာ လာတဲ့အတိုင်း–

တောထဲ ဘောင်ထဲမှာ ရဟန်းတရား ပွားများဖို့ သွားကြတဲ့ ရဟန်းတော်တွေ၊ တောထဲက ရုက္ခစိုးတွေ နှောင့်ယှက်တယ်ဆိုတာလို့ ဘုန်းကြီ ဟိုဝေယာဒိများမှာလဲပဲ ဂျိုက်ဲ့သို့ မေတ္တာကမ္မဋ္ဌာန်း မစိုးဖြန်းခဲ့ရင် အနောင့်အယှက်ဖြစ်မှာ စိုးရလေသောကြောင့် နှလုံးသားထဲက ဒေါသမာတ်တွေလဲ ကြမ်းစေ၊ နတ်အားလုံးတို့ရဲ့ အကူအညီ အစောင့်အရှောက်လဲ ရစေ၊ အကျိုးနှစ်ချက် ပြီးတဲ့ မေတ္တာဘာဝနာပြီးသွားပါပြီ။

(၃) မရဏဿတိ ဘာဝနာ

ဗုဒ္ဓါနုဿတိ ပြီးသွားတယ်။ မေတ္တာဘာဝနာလဲ ပြီးသွားတဲ့အခါမှာ မရဏဿတိ ကမ္မဋ္ဌာန်း–သေခြင်းတရားကို နှလုံးသွင်းတဲ့အခါမှာတော့ ဒီဘဝသက်နဲ့ ဒီဝန္ဓာ သေရမှာပဲလို့ သဘောကျတော့မှ မဇ္ဈတ္တလေး ခံစားမဲ့ အနှံ့ရှုနေအောင် ထုတ်ယူမယ်လို့ စိတ်ထဲ ဒီလိုလေး ဆောက်လာတယ်နော်။

အနိစ္စာဒိသဘာဝဝေဟိ အဘိဏှပဋိပီဠနဋ္ဌာ နိဿာရဏဿ ဂ္ဂဟဏဿ ကာယဿ ဘာဝနံ နာဓ သာဓေဟု။

အနိစ္စာဒိသဘာဝဝေဟိ၊ အနိစ္စ အစရှိတဲ့ အချက်တို့ဖြင့်။ အဘိဏှပဋိပီဠနဋ္ဌာ၊ အမြဲမပြတ် နှိပ်စက်၍ နေကြလေသောကြောင့်။ နိဿာရဏဿ၊ အနှစ်သာရ ရှာမရသော။ ဂ္ဂဟဏဿ ကာယဿ၊ ဤဝန္ဓာကိုယ်ကြီး၌။ သာဓော နာဓ၊ အနှစ်သာရဟူသည်ကား။ ဘာဝနံ၊ ဘာဝနာဟုဆိုးပါ၊ပေတည်း။

နှလုံးသွင်းလိုက်တော့ အနိစ္စ အစရှိသော အချက်တို့ဖြင့် နှိပ်စက်၊ မကြာခင် ပစ်ရတော့မယ့် ဝန္ဓာကိုယ်ကြီး၊ နိစ္စ- ခိုင်မြဲတဲ့ အနှစ်ဆိုတာလဲ ဒီဝန္ဓာကိုယ်ထဲ

ရှာလို့မရ၊ ဒုက္ခတွေ အပြည့် နှိပ်စက်နေတဲ့ ခန္ဓာ၊ သုခ-ချမ်းသာတယ်ဆိုတဲ့ အနှစ် ရှာလို့မရ။

အနတ္တအချက်နဲ့ နှိပ်စက်တဲ့ ခန္ဓာ၊ အတ္တ-ကိုယ့်အလိုအတိုင်း ဖြစ်တယ်ဆိုတဲ့ အနှစ်သာရ ရှာမရ၊ အသုဘတွေ အပြည့်ဖြစ်နေတဲ့ ခန္ဓာ၊သုဘ-တင့်တယ်ခြင်းဆိုတဲ့ အနှစ်သာရ ရှာမရ၊ အနှစ်မရှိတဲ့ ခန္ဓာကိုယ်ကြီး မကြာခင် ပျက်စီးတော့မှာမို့ ပဒသခင် ခန္ဓာကိုယ်ကြီး မပျက်သေးခင် ငါဟာ အနှစ်သာရကိုရအောင် ယူမယ်။ ဒီလို ရည်ရွယ်ချက်ထားပြီးတော့ ကိုင်း—ဆိုပ !။

"အဒ္ဓုံ မေ ဇီဝိတံ၊ မုဟုံ မေ မရဏံ"
"အဒ္ဓုံ မေ ဇီဝိတံ၊ မုဟုံ မေ မရဏံ"

"မေ၊ ငါ၏။ ဇီဝိတံ၊ ဩသက်ရှင်ရသော ဘဝသည်။ အမှုံ၊ မမြဲလေစွတကား။ မေ၊ ငါ၏၊ ဇီဝိတံ၊ အသက်သည်။ အဒ္ဓုံ၊ မမြဲလစွတကား။ မေ၊ ငါ၏။ မရဏပေဝ၊ သေခြင်းဘေးကသာလျှင်။ မုဟုံ၊ မြဲချေ၏တကား"

(ယောဂီများ လိုက်ဆိုရန်)

အသက်နဲ့ ခန္ဓာကိုယ်က မမြဲဘူး၊ သေခြင်းဘေးကသာလျှင် ကိန်းသေမြဲတယ်လို့ နှလုံးသွင်းထားလိုက်။

"အနိယတံ မေ ဇီဝိတံ၊ နိယတံ မေ မရဏံ"
"အနိယတံ မေ ဇီဝိတံ၊ နိယတံ မေ မရဏံ"

မေ၊ ငါ၏။ ဇီဝိတံ၊ အသက်ရှင်ရသော ဘဝတခုသည်။ အနိယတံ၊ သတ်မှတ်ချက် မရှိလေစွတကား။ မေ၊ ငါ၏။ မရဏမေဝ၊ သေခြင်းတရားကသာလျှင်။ နိယတံ၊ သတ်မှတ်ပြီးဖြစ်ခြင်း"

(ယောဂီများ လိုက်ဆိုရန်)

အသက်နဲ့ခန္ဓာ ဘာမှ သတ်မှတ်ချက်မရှိဘူး။ သေခြင်း တရား ကတော့ အကုန်လုံး တည်ငြိတဲ့ သတ်မှတ်ပြီးသား။

ဘယ်သက်တမ်း သေရမယ်၊
ဘယ်ရောဂါနဲ့ သေရမယ်၊
ဘယ်အချိန်၊ ဘယ်နာရီမှာ သေရမယ်၊
ဘယ်အရပ်၊ ဘယ်ဒေသမှာ သေမယ်၊

သေပြီး ဘယ်ဘဝ သွားမယ်၊

သတ်မှတ်ချက် မရှိတာ ငါးမျိုး၊ သေခြင်းတရားကတော့ အကုန်လုံး တညီတဝမ်မှာ သတ်မှတ်ထားတယ်။

ဒဟရာ စ မဟန္တာ စ၊ ယေ ဗာလာ ယေ စ ပဏ္ဍိတာ။
သဗ္ဗေ မစ္စုဝသံ ယန္တိ၊ သဗ္ဗေ မစ္စုပရာယနာ။

ငယ်ငယ်လေးတွေလဲ သေတာပဲ၊ ငယ်သေးလို့ မသေဘူး မမှတ်နဲ့နော်။ အမေဝမ်း ကလလရေကြည်က သေသွားတဲ့ သတ္တဝါတွေ အများကြီး၊ သွေးခဲလေးဖြစ်ပြီးမှ သေသွားတဲ့ သတ္တဝါတွေ အများကြီး၊ အသားတစ်ကလေးဘဝရောက်မှ သေသွားတဲ့ သတ္တဝါတွေလဲ မရေနိုင်ဘူးနော်။ ခက်မငါးဖြာစုံမှ သေသွားတဲ့ သတ္တဝါတွေလဲ မရေနိုင်ဘူး၊ မိခင်ဝမ်း တလ၊ နှစ်လ၊ သုံးလေးလရမှ သေကြတာလဲ အနန္တပဲ။ ဖွားပြီး အပြင်ဘက်ရောက်မှ သေကြရတာလဲ မနဲဘူး။

ဒါကြောင့် ငါတို့ သံသရာတလျှောက်လုံးက အဲဒီလိုနည်းမျိုးစုံနဲ့ သေခဲ့ရတဲ့ အသေပေါင်း မနဲတော့ဘူး။ မသေမီ ယခုဘဝမှာလဲပဲ ငါတို့ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းကြိုးကုတ် အားထုတ်မှ သေဘိုကတော့ ငါတို့အတွက် ကိန်းသေဖြစ်နေပြီ။ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန် ဘယ်ဒေသ ဘယ်ရောဂါနဲ့ သေရမယ်ဆိုတာသာ သတ်မှတ်ချက်မရှိတာ။ သေဘိုကတော့ သတ်မှတ်ထားတယ်။

အဲဒါကို အနိယတံ မေ ဇီဝိတံ၊ အသက်နဲ့ခန္ဓာ သတ်မှတ်ချက်မရှိဘူး၊ သေခြင်းတရားက ကိန်းသေသတ်မှတ်ထားတယ်နော်၊ထိုနောက်တခါ-

“မရဏပရိယောသာနံ မေ ဇီဝိတံ”

“မရဏပရိယောသာနံ မေ ဇီဝိတံ”

“မေ၊ ငါ၏။ ဇီဝိတံ၊ အသက်ရှည်ရသည်ဆိုသော ဘဝတခုသည်။”
မရဏပရိယောသာနံ၊ သေခြင်းတရားသာလျှင် အဆုံးရှိခြေ၏။

(ယောဂီများလိုက်ဆိုရန်)

အသက်တွေ သိန်းသန်းကုဋေ ရှည်ချင်တိုင်းရှည်၊အဆုံးသတ်တာကသေခြင်းတရား၊ ဘဝတခုမှာ သေခြင်းတရားနဲ့ နခမ်းသတ်ဖို့ အကုန်လုံး လူတိုင်းဟာ

ကိန်းသေနော်၊အသက်ဘယ်လောက်ပဲရှည်နေနေ၊ အသခ်ျိုယျရောက်ချင်တိုင်း ရောက်၊ သခ်ိတတရားမှာ အကုန်လုံး ပျက်စီးဖို့ ကိန်းသေ။

"ဟုတ်တယ်မဟုတ်လား"

"မှန်ပါတယ်ဘုရား"

"ဘဝတခုရဲ့ အဆုံးဟရားဟာ သေခြင်းတရား၊ ငါ့ဘဝဘယ်တော့ဆုံးမယ် ဆိုဘာ ကြိုတင်မ သိဘူးနော်"

"မှန်ပါ့ဘုရား"

နောက်တပိုဒ် ဆိုလိုက်ရအောင်-

"အဝဿံ မယာ မရိတဗ္ဗမေဝ"

"အဝဿံ မယာ မရိတဗ္ဗမေဝ"

"မယာ၊ ငါသည်။ အဝဿံ၊ မခ့ျတ်မယ့ငင်း။ မရိတဗ္ဗမေဝ၊ သေရမည် သာလျှင်တည်း။"

"မယာ၊ ငါသည်။ အဝဿံ၊ မခ့ျတ်မယ့ငင်း။ မရိတဗ္ဗမေဝ၊ သေရမည် သာလျှင်တည်း။"

ငါဟာ မခ့ျတ်မယ့ငင်း သေရမှာ ကေန်မုခ့ျပါပဲ။ ထပ်တလဲလဲ ကိုယ့်ကိုယ် ကို နှလုံးသွင်း၊ အခုလောလောဆယ်ဆယ်ပဲ အသက်နဲ့ခန္ဓာကြ့ာ၊ သေရတော့ မလို သဘောကျလာရင် အဲဒီလူဟာ သံဝေဂာဏ်တွေ့ ထက်သန်ပြီးတော့ တရားအားထုတ်တဲ့ နေရာမှာ ဝီရိယကောင်းတယ်၊ သခြင်းတရား မေ့နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဝီရိယ ခေါင်းပါးတယ်။

ဒါကြောင့် မမ္မပဒမှာ--

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။
ခုဒ္ဒကနိကာယ်-ဓမ္မပဒပဋ္ဌကထာ-၁- ၁၄၅။

အပ္ပမာဒေါ၊ မမေ့မလျော့ မပေါ့မတန် ထက်သန်တဲ့ သတိနဲ့နေကြရခြင်း သည်။အမတံ၊ သခြင်းကင်းရာဆိုသော နိဗ္ဗာန်ရ့ဲ။ ပဒံ၊ အကြောင်းတရားပါ ပေတည်း။

အပ္ပမာဒ:မမေ့ပဲနဲ့ သတိနဲ့နေကြတဲ့ ပုဂ္ဂိုလ်တွေ့ မသေရာနိဗ္ဗာန် အကြောင်း သတိနဲ့နေတဲ့ ပုဂ္ဂိုလ်တွေ့ နိဗ္ဗာန်နဲ့နီးတယ်။ ဒီလိုမှာထား။ သတိက ကာယ

ဂတာသတိ ကာယဒ္ဓ ရှိနေတဲ့သတိ၊ ဝေဒနာဒ္ဓ ရှိနေတဲ့သတိ၊ စိတ်ဒ္ဓ ရှိနေကဲ့သတိ၊ ဓမ္မဒ္ဓ ရှိနေတဲ့သတိ၊ ဒီလို ကာယ ဝေဒနာ စိတ္တ ဂုဏ်မှာ သတိနဲ့နေကဲ့ ပဂ္ဂိုလ်ဟာ အမတဆိုတဲ့ ပဇဿနိဗ္ဗာန်နဲ့ နီးကပ်။

ပမာဒေါ မစ္စုနော ပဒံ။

ပမာဒေါပေါ့ပေ့လျော့လျော့ ပေါ့ပေါ့ဆဆ သတိကင်းကြိုးတော့ ဒုက္ခ ခြင်းသည်။ မစ္စုနော၊ သေခြင်းရဲ့။ ပဒံ၊ အကြောင်းဟု ဆိုပါပဟည်း။

သတိကင်းတဲ့ ပုဂ္ဂိုလ်တွေ သေခြင်းရဲ့အကြောင်း။

"သတိကင်းဘဲ့ ပုဂ္ဂိုလ်တွေ ဘာအဝကြောင်းလဲ"

"သေခြင်းရဲ့ အကြောင်းပါဘုရား"

သတိကင်းရင်မှတ်ထား၊ အဲဒီလူသန္တာန်မှာ ဒုက္ခတွေ သေသွေးတယ်၊ သိလမ္ဘတွေလဲ သေနေတယ်၊ ဘဝနာလုပ်ငန်းတွေလဲ သေဆုံးနေတယ်။

"လူက အသက်ရှင်နေတယ်ဘုရဲ့ ဘယ်လိုပဲ ပြောပြော၊ သတိမရှိတဲ့အတွက် ကြောင့်ဒီလူ့သန္တာန်မှာ ဒုက္ခသိလ ဘာဝနာကုသိုလ်တွေ မသေဘူးလား"

"သေနေပါတယ်ဘုရား"

"ကုသိုလ်တရားတွေ သေနေတဲ့ ပုဂ္ဂိုလ်ဟာ သံသရာမှာ ထပ်တလဲလဲ သေတတ်တယ်"

"မှန်ပါဘုရား"

သတိနဲ့နေတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ ကုသိုလ်တရားတွေ အမြဲတမ်း ရှင်သန်နေတယ်။

သတိနဲ့နေရင် ဘာတွေ ရှင်သန်နေတယ်

"ကုသိုလ်တရားတွေ ရှင်သန်နေပါတယ်ဘုရား"

သတိနဲ့နေရင် ကုသိုလ်တရားတွေ ရှင်သန်၍ နေသောကြောင့် ကုသိုလ်တရားတွေ တဖြေးဖြေး အားကောင်းလာတဲ့ ပုဂ္ဂိုလ်ဟာ သံသရာမှာ သေဘေးက ဖြေးဖြေး၊ ဖြေးဖြေး လွတ်သွားတယ်နော်၊ အဲဒါကို-

အပ္ပမတ္တာ န မိယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

အပ်ပမတ္တာ၊ မမေ့မလျော့ မပေါ့မတန် ထက်သန်တဲ့သတိနဲ့ နေကြတဲ့ ယောဂီသူတော်စင်တို့သည်။ နမိယန္တိ၊ ဘယ်တော့မှ မသေနိုင်ကြလေကုန်။

"သတိ-မသေဆေးဗျ၊ ဟုတ်လား"

"မှန်ပါတယ်ဘုရား"

မသေဖို့ရန် ဆေးဆိုတာ တခြားသွားမရှာနဲ့။ သတိပဋ္ဌာန်ဆေးကိုသောက်၊ ဒါမသေဆေးပဲ။

ယေ ပမတ္တာ ယထာ မတာ။

ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ ပမတ္တာ၊ သတိကင်းလွတ်ပြီးတော့ နေကြလေကုန်၏။ တေ၊ ထိုသတိကင်းလွတ်ပြီးတော့ မေ့လျော့နေကြတဲ့ ပုဂ္ဂိုလ်တို့သည်။ ယထာမတာ၊ အသက်ရှင်ပင် ရှင်ငြားသော်လဲပဲ လူသေနဲ့ တူကြလေကုန်သတည်း။

သာဓု-သာဓု-သာဓု။

ဗုဒ်.မေတ်.မ။ ဗုဒ္ဓါနုဿတိရယ်၊မေတ္တာဘာဝနာရယ်၊မရဏဿတိရယ်၊ သုံးခု စုံသွားပြီနော်။ အဲဒါကို နိဂုံးချုပ်အနေနဲ့ ဘုန်းကြီးတိုင်ပေးမယ့် သံပေါက်ကလေး သုံးခု ဆိုလိုက်ပါ။

"ကိုယ့်ထက်ကြီးသူ၊ ကိုယ့်အောက်လူ၊ ရွယ်တူသေတာ များလှပြီ"

"ကိုယ့်ထက်ကြီးသူ ကိုယ့်အောက်လူ၊ ရွယ်တူသေတာ များလှပြီ"

"ခဏမစဲ၊ အိုရမြဲ၊ကိုယ်လဲ သေဘက်နီးခဲ့ပြီ"

"ခဏမစဲ၊ အိုရမြဲ၊ကိုယ်လဲ သေဘက်နီးခဲ့ပြီ"

"မသေရမီ၊ ပါရမီ၊ ငါသည် ဖြည့်မှ သင့်တော်မည်"

"မသေရမီ၊ ပါရမီ၊ ငါသည် ဖြည့်မှ သင့်တော်မည်"

(၄) အနန္တကိုဏ်းဝင်များအား ဂါရဝပြုခြင်း

အေး– မသေခင်ကလေး ကြိုးစားပြီ.တော့ ပါရမီဖြည့်။ အနန္တကိုဏ်းဝင် ကျေးဇူးရှင်များကို ကန်တော့ဖို့ချန် ကျန်ပါသေးတယ်။ လိုက်ဆို–

"အရှင်ဘုရား၊ ဘုရားတပည့်တော်တို့သည် မပြစ်မှားသင့် မပြစ်မှား ထို့ကဲ့သော အနန္တကိုဏ်းဝင် ဘုရား၊ တရား၊ သံဃာ၊ မိဘဆရာသမား၊

သက်ကြီးသူ၊ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ကြောင့် ကြီးမြတ်သူတို့အား တစုံတရာ ပြစ်မှားမိထားသော ကာယကံ ဝစီကံ၊ မနောဒုစရိုက်များ ရှိခဲ့လျှင် ထိုအပြစ်များကို ပြေပျောက်စေရန် တပည့်တော်များက ရှိခိုးသစ္စာ တောင်းပန် ဝန်ချ ကန်ကော့ပါကုန်၏ အာရုံဘုရား"

(ယောဂီများ လိုက်ဆိုရန်)

ဦးချတောင်းပန် ဝန်ချ ကန့်တော့လို ပြီးတဲ့နောက်—

(၅) မိမိအသက်နဲ့ခန္ဓာကို ဘုရားအား လှူဒါန်းခြင်း

အသက်ခန္ဓာကို ဘုရားအား အပ်နှင်းဖို့ရန် လိုတယ်။ တရားအားကုတ်မှာ ပဂ္ဂိုလ်တွေ အသက်နဲ့ ခန္ဓာ မငဲ့ကွက်ပဲ အားထုတ်ဖို့ရန် ငါးရက်အတွင်း မိဒိတို့ရဲ့ ခန္ဓာကို မြတ်စွာဘုရားအား တခါတဲ့အပြီး လှူထားရမယ်။

အသွေးကောင်း အသားကောင်းနဲ့ လှုပ်ရှူးညံ့ဖဲ့ အထည်စကလေးတခုကို ဟာဒီတရားနာတဲ့ တရားအားထုတ်တဲ့ ယောဂီတွေဆဲမှ တယောက်ယောက်က ဘုန်းကြီးကို လာလှူတယ် ဆိုကြပါစို့။

လက်ထဲ ရောက်လာလို့ ဘုန်းကြီးက အေး-ဒီပိတ်စလေးဟာ တော်တော်လောက်ရှိနေတယ်။ ဒါလေးကို ငါဟာ တမိုက်စီ တမိုက်စီ ပိုင်းမယ်ဆိုပြီးတော့ အလှူရှင်ရဲ့ရှေ့မှာ ဓားလေးနဲ့ အစိတ်စိတ် အမှုန့်မှာ တပိုက်မိ တဝိုက်စီ အပိုင်းလေးကွေ့ ပိုင်းပိုင်း ပိုင်းပိုင်းပစ်လိုက်ရင် အလှူရှင် ယောဂီရဲ့ စိတ်ထဲမှာ ထိခိုက်မှုဆိုဘာ မရှိစေရဘူး။

"ဘယ်လောက်ပဲလှလှ အလှူခံပဂ္ဂိုလ်ရဲ့ လက်ထဲကို အပြာက်လွတ်လွတ်စွန့်ပြီးတော့ လှူထားပြီးပြီ မဟုတ်လား"

"လှူပြီးပါပြီဘုရား"

"လှူပြီးပြီဆိုဟာနဲ့ တပြိုက်နက်တဲ့ ဒီပစ္စည်းဟာ ငါ့ပစ္စည်းလား၊ အလှူခံပစ္စည်းလား"

"အလှူခံရဲ့ ပစ္စည်းပါဘုရား"

"အလှူခံရဲ့ပစ္စည်း၊ အလှူခံ ပဂ္ဂိုလ်လက်ထဲရောက်ရင် ဘယ်လိုပဲလုပ်လုပ် ဓားနဲ့ပဲပိုင်းပိုင်း၊ မီးနဲ့ပဲရှို့ရှို့၊ လက်ပဲသုတ်သုတ် လုပ်နိုင်တယ် မဟုတ်လား"

“မှန်ပါဘုရား”
“အေး-ငါ့ပစ္စည်းဆိုလို့ရှိရင် ဒီလိုအလုပ်မခံဘူး”
“မှန်ပါဘုရား”

တရားအားထုတ်ကြမယ်ကြံရင်. ဒီခန္ဓာကြီးကို ဘုရားအား လှူဒါန်းထား လိုက်တော့ အရိုးပဲကြေကြေ အာရေပဲခန်းခန်း။ ဘုန်းကနဲပဲ လဲလဲ၊ မကြာခင် ပစ်ရမယ့် ခန္ဓာ မသေခင်ကတဲ့က ဘုရားလှူထားပြီးဆိုတော့ အလှူခံပုဂ္ဂိုလ် များက ပိတ်စလေး ဓားနဲ့ပိုင်းသလို ဒီခန္ဓာကြီး ဘုရားအား လှူထားတဲ့ အခါမှာ ဘယ်လိုပဲဖြစ်ဖြစ် ဘုန်းကြီးတို့ ယောဂီများ စိတ်မထိခိုက်ဘူးပေါ့ဗျာ။

ဒီလိုလှူမထားလို့ ငါ့ခန္ဓာဆိုနေလို့ရှိရင် ညောင်းတာလဲ မခံနိုင်ဘူး။ နာတာလဲ မခံနိုင်ဘူး။ ပင်ပန်းတာလဲ မခံနိုင်ဘူး၊ ဒီလိုဖြစ်လာလိမ့်မယ်နော်။ အဲဒီလို ဖြစ်ကြရလေအောင် ငါးရက်တာအတွင်း အသက်နဲ့ခန္ဓာ ဘုရားကို လှူ။ ဆိုပါ။

“အရှင်ဘုရား၊ ဘုရားတပည့်တော်တို့သည် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိ ဒုက္ခ၊ မရဏဒုက္ခ။ ဒုက္ခ ပေါင်းစုံတို့ဖြင့် အမြဲမပြတ် နှိပ်စက် နာကျင်၍ နေသော ဤခန္ဓာကိုယ်ကြီးကို တရားအားထုတ်သော ငါးရက်တာ ကာလအတွင်း၌ တရားပိုင်ရှင် ဘုရားရှင်အား လှူဒါန်း အပ်နှင်း၍ ထားပါကုန်၏”

“ဤငါးရက်တာအတွင်း၌ ဤခန္ဓာကြီးသည် တပည့်တော်တို့၏ ခန္ဓာ ကိုယ် မဟုတ်တော့ပါဘုရား။ တရားပိုင်ရှင် သံသရာခရီးခဲမှ သံသရာဝဋ်ဒုက္ခ မှ ကယ်တင် စောင့်ရှောက်တော်မူသော ဘုရားရှင်၏ ခန္ဓာကိုယ် ဖြစ်ပါ သည်ဘုရား”

“ထို့ကြောင့် ဘုရားတပည့်တော်တို့သည် ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမ နဿ ဥပါယာသ ဝဋ်ဒုက္ခအပေါင်းတို့မှ လွတ်မြောက်အောင် နေကွမ္မစ္ဆာ သယ နိဿရဏစ္ဆာသယ ပြင်းထန်စွာဖြင့် မငဲ့မကွက် ရက်ရက်စက်စက် ပြင်းပြင်းထန်ထန် စီးဖြန်းကြွေးကုတ် အားထုတ်ကြပါမည်ဟု မြတ်စွာဘုရား အထံ၌ ဝန်ခံ ကတိပြုပါကုန်၏ အရှင်ဘုရား။

(ယောဂီများလိုက်ဆိုရန်)

အေး-လုံလောက်ပါပြီ။ ဦးချ။ ကတိဝတ်ခံထားတဲ့အတိုင်း မိဝိုက် ဂျူဒါနိုး အပ်နှင်းထားသည့်အတိုင်း အာဇာသယခြောက်ပါးကို ရည်ရွယ်ချက်ထားသည့် အတိုင်း အနှစ်မရှိလို့ မကြာခင် ပယ်လိုက်ရပါပဲ့ ဘုရား။

"မသေရမိ ပါရမိ ဂါဘက် ဖြည့်မှ သင့်တော့မည်" ဟိုက်ခဲ့ ရည်ရွယ်ချက်နဲ့ လျော်ညီစွာ မသေခင်လေး ဒီခန္ဓာကဲ့ကာ အနှစ်ကုတ်ကြရအောင်-

"ကာလုပ်ကြရမှာလဲ"

"အနှစ်ထုတ်ကြရမှာပါဘုရား"

"အနှစ်ကုတ်ကြရမယ်။ ခန္ဓာကိုယ်ကြီးဟာ အနှစ်လားအကာလား"

"အကာပါဘုရား"

ဒီခန္ဓာကိုယ်ကြီးဟာ အကာပဲ့ပါတယ်။ အနှစ်ဆိုတာက အနိုဠာရုံဖြစ်နေတာ၊ ဖြစ်မှန်းသိအောင်ကြည့်။ အနိုဠာနုပဿနာဉာဏ်ရရင် အနှစ်။ ဒုက္ခကိုအပြည့် ဖြစ်နေတာ ဖြစ်မှန်းသိအောင်ကြည့်။ ဒုက္ခာနုပဿနာဉာဏ်ရရင် အနှစ်။ အနတ္တာနုပဿနာဉာဏ်ရရင် အနှစ်။ အဲဒီအနှစ်ကို မသေခင်ကလေးရအောင် ယူကြဖို့နော်။

တရားအားထုတ်တဲ့အခါမှာ

(၁) ထိုင်ရမယ့်အင်္ဂနအထား

ပလ္လင်ံ အာဘုဳတ္ဒာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပ ဋ္ဌပေတ္ဝာ။

မင်္ဂလမုခကာယ်-မူလပဏ္ဏာသပါဠို-ကာယာနုပဿနာ အာနာပါန၀ဂ္ဂ-၇၀။

ပလ္လင်ံ အာဘုဳတ္ဒာ၊ ခါးရဲ့အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ခွေလိုက်ကြ၍။

ထိုင်ဟဲ့အခါမှာ ခါးရဲ့အောက်ပိုင်းကိုခွေပြီးဘေ့ထိုင်။ ဘုန်းကြီးတို့ယောဂီများ ဒီကနေ့တေ့ အစဆိုတေ့ လိုတာလေးတွေ ဘာရှိကုန်းဆိုရင် အောက်က

ခုထိုင်စရာ အဝတ်ကလေးတွေ့ မပါလာဘူး။မနက်ဖန်ကျ ကိုယ့်ပုဆိုးလေးတွေ့ ကိုယ့်အင်္ကျီလေးတွေ့ အိပ်ရာခင်းလေးတွေ့ကို ထိုင်ဖို့ယူလာခဲ့ကြ။

ခြေမျက်စိနဲ့ အောက်ကကြမ်းပြင် တအားဖိထားရင် ကြာတော့ အဲဒီနေရာက မာတဲ့ သဘောနှစ်ခု၊ကျပ်ကျပ်ကြိတ်ရင် ဝါးလုံးချင်း ဝါးလုံးချင်း ကြိတ်တော့ အဲဒီနေရာက မီးပွင့်တယ်။ ဒီအပူတွေ့ နှိပ်စက်ရင် ပင်ပန်းတယ်။ ပီဋ္ဌန ဒုက္ခဆိုတာ ဒီကဖြစ်တယ်။ ထိုကဲ့သို့ မဖြစ်ကြရလေအောင် ထိုင်တဲ့အခါမှာ သက်သောင့်သက်သာ အနေအထား-

ခါးရဲ့အောက်ပိုင်းကိုခွေ၊ခါးနဲ့အောက်ပိုင်းကိုခွေ၊ ခန္ဓာကိုယ်ကို တည့်တည့်ထား။ ခန္ဓာကိုယ်ကို တည့်တည့်ထား။

"အေး-ဒကာ ကိုပါလေး၊ ပြင်ပေး-ပြင်ပေး"

ဆန့်ဆန့်ကလေးတွေ့၊တန်းတန်းလေးတွေ့ ဖြောင့်ပြီးနေအောင် တယောက်နဲ့တယောက် သိပ်မဝေးအောင် မနက်ဖန်ကျလဲ အဲဒီနေရာလေးကွေ့ မှန်ပစေ။

ခါးဖြောင့်ဖြောင့်လေးတွေ့ထား။ အောက်ပိုင်းက ခြေထောက်နဲ့ကြမ်းနဲ့ တအားကြိုးဖိကြိတ်မနေကြစေနဲ့။ ခေါင်းလဲ သိပ်စိုက်မထောင်နဲ့။ သိပ်စိုက်ထားရင် တော်တော်ကြာတော့ ဇက်ကနေ ဝေဒနာဆိုတာ ပေါ်လာတတ်တယ်။

ခါးစောင်းထားလို့ရှိရင်လဲ အဲဒီကနေပြီးတော့ ပင်ပန်းလာတတ်တယ်။ သိပ်ပြီးတော့ တင်းပြီးတော့ တခါတဲ့ အားယူပြီးတော့ ဒီလိုချည်းလဲ လုပ်မထားနဲ့။ သက်သောင့် သက်သာ အနေအထားလေးပေါ့။အလိုက်သင့်ကလေး ဒီလိုမှ ကောင်းတယ်။

အလိုက်သင့် အနေအထားလေး၊ နောက်စေ့နဲ့ကျောနဲ့ တသားတဲ့ အနေအထားမျိုးဖြစ်အောင်မှန်းပြီးတော့ထိုင်။ ဘယ်ဘက်လက်ဖဝါးပေါ်မှာ ညာဘက်လက်တင်၊ လက်မထိပ်နှစ်ခုကို တအားဖိပြီးတော့ တွန်းမထားနဲ့။ အနေတော်လေး သက်တောင်သက်သာလေး ထားပါ။

တအား ဖိတွန်းထားရင် အဲဒီတွန်းတဲ့နေရာနှစ်ခုက တွန်းပါ များတော့ ဒိတ်ဒိတ်-ဒိတ်ဒိတ်နဲ့ ဖြစ်လာတယ်။ စိတ်ဟာ နှာခေါင်း ရောက်တော့မလား၊ လက် ရောက်ရတော့မလား၊ ဒီလို ဖြစ်သွားတတ်တယ်။ အဲဒီလို မဖြစ်ရလေအောင် အနေတော်လေး ထားလိုက်။

(၂) ထိရာအရပ်မှာ သတိနဲ့ အသိကို ကပ်ထား

ပလ္လင်္ကော် အာဘုဇီတ္ဝာ၊ တင်ပျဉ်ခွေပြီးတော့ ထိုင်လိုက်၍။ ဥဇုံ ကာယံ ပဏိဓာယ၊ ခါးရဲ့ အထက်ပိုင်း ဖြောင့်ဖြောင့်စင်းစင်းလေး ထားလိုက်၍။ သတိံ၊ သတိကိုလဲပဲ။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံရှိရာ ရှေ့ရှု။ ဥပဋ္ဌပေတ္ဝာ၊ ဖြစ်စေ၍။ နိသီဒိတ္ဝာ၊ ထိုင်ပါ။

ကာယ ဝေဒနာ စိတ္တ ဓမ္မ ဒို့ခေါ်တဲ့ သတိပဋ္ဌာန် လေးပါး ရှိတဲ့ အထဲက ဒီကနေ့တော့ ကာယာနုပဿနာကစပြီး ထိုကာယာနုပဿနာထဲမှာပဲ သတိပဋ္ဌာန် လေးမျိုးစလုံး ရသွားအောင်၊ ကာယာနုပဿနာကို အခြေခံပြီးတော့ သတိပဋ္ဌာန်လေးမျိုးစလုံး ရသွားအောင် ဘုန်းကြီးတို့ ယောဂီများ စီးဖြန်းကြရမှာ။

သတိကို ကမ္မဋ္ဌာန်းအာရုံရှိရာ ပို့ ဆိုတော့ ဘယ်နေရာတုံး ဆိုလို့ရှိရင်—

ဖုဋ္ဌဖုဋ္ဌောကာသေယေဝ သတိ ဥပဋ္ဌပေတ္ဝာ။

ထိရာ ထိရာအရပ်နဲ့ သတိကို ကပ်ထားတဲ့။ ဘာနဲ့ ဘာထိတာတဲ့လဲလို့ဆိုရင် ဘုန်းကြီးတို့က အာနာပါနဆိုတဲ့ ကမ္မဋ္ဌာန်းအခြေခံပြီးတော့ တွက်လေဝင်လေနဲ့ နှာခေါင်းနဲ့ ထိဆိုတဲ့ နေရာလေးကို သတိကပ်ပြီးတော့ထားလို့ ကျမ်းဂန်ကဒီအတိုင်း တိုက်ရိုက်ပြောတယ်။

ဒါပေမဲ့ မဟာသတိပဋ္ဌာန်သုတ္တန် ပါဠိတော်မှာ—

သတော၀ အာဿသတိ၊ သတော၀ ပဿသတိ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသပါဠိ-ကာယာနုပဿနာ အာနာပါနပဗ္ဗ-၇၀။

ဘုန်းကြီးတို့ ယောဂီများအတွက် ကမ္မဋ္ဌာန်း ပေးနေပါပြီ။ ငယ်သူ ကြီးသူ အားလုံး သတိထားလိုက်။

သတော၀၊ သဟိတာဝးသည်ဖြစ်၍သာလျှင်။ အာဿသတိ၊ ထွက်လေကို ဖြစ်စေ၏။ သတော၀၊ သတိထားသည်ဖြစ်၍သာလျှင်။ ပဿဿတိ၊ ဝင်တဲ့လေကို ဖြစ်စေ၏။

ထွက်လေဖြစ်တိုင်း သြော်— ထွက်သွားပြီ၊ သတိလိုက်ခဲ့။ ဝင်တဲ့လေ ဖြစ်လာရင် သြော်— ဝင်လေကတ္ဝ ပေါ်လာပြန်ပြီ၊ သတိလိုက်ခဲ့။ ထွက်လေ ထွက်

မှန်းသိ။ ဝင်ခဲလေ ဝင်မှန်းသိ။ သတိနဲ့ အသိဟာ ထွက်လေဝင်လေနဲ့ ကပ်ပြီး တော့ ပါသွားပါစေ။

ဖုဋ္ဌဗ္ဗာနမှာ မရသေးခင် ခုပြောတဲ့မှုနဲ့ စရတယ်။ ထိရာအရပ် ရှာမရသေးခင် ထွက်လေ ထွက်မှန်းသိ။ ဝင်သွားတဲ့လေ ဝင်သွားမှန်းသိ။ သတိနဲ့ အသိကလေး ဟာ ထွက်လေ ဝင်လေနဲ့ ကပ်ပြီးတော့ ပါသွားပါစေ။ ထွက်သွားခိုက် ဝင် လာခိုက် သတိနဲ့ အသိဟာ ကပ်ပြီးတော့ ထွက်လေ ဝင်လေရဲ့ နောက်မှာ ပါသွားပါစေ။

(၃) ဝိရိယကို အစွန်းနှစ်ဘက် မရောက်စေနဲ့

အေး— ဘုန်းကြီးတို့ ပါဠိတော်မှုကတော့-

အတိပဂ္ဂဟိတံ စိတ္တံ ဥဒ္ဓစ္စနုပတိတံ သမာဓိဿ ပရိပန္ထော။

အတိပဂ္ဂဟိတံ၊ အလွန်တရာ ပြင်းပြင်းထန်ထန် ချီးမြှောက်၍ အားထုတ် အပ်သော။ စိတ္တံ၊ စိတ်သည်။ သမာဓိဿ၊ သမာဓိရဲ့။ ပရိပန္ထော၊ ဆန့်ကျင် ဘက်တည်း။

တခါတဲ့ အလွန်ကြီး ဝီရိယတင်းရင် ပင်ပန်းတတ်တယ်။ ဝီရိယ သိပ်လျော့ နေရင်လဲ ထွက်လေ ဝင်လေ မထင်ရှားပဲ ဖြစ်တတ်တယ်။

ပထမဦးစွာ မူလအရှိအတိုင်း သတိနဲ့ အသိနဲ့ရှာကြည့်ပါ။ ထွက်လေဝင် လေ မူလအရှိအတိုင်းကလေးကို သတိနဲ့ အသိစိုက်ပြီးတော့ ရှာပါ။ ထွက် သွားမှန်း၊ဝင်သွားမှန်း၊ ထွက်တဲ့နောက် ဝင်တဲ့နောက် သတိနဲ့ အသိလိုက်ပါ။

အရှိအတိုင်း လေသွားနေတဲ့ ထွက်လေဝင်လေကို ထွက်မှန်း၊ ဝင်မှန်း မသိတော့ ထွက်လေဝင်လေဟာ အလွန်ပါးတယ်။ ထွက်လေ ဝင်လေဟာ အလွန်သိမ်မွေ့တယ်ဆိုတဲ့ ယောဂီအချို့အတွက် ဝီရိယနဲ့နဲတင်ပေးဖို့လိုပါတယ်။ ထွက်လေဝင်လေထင်ရှားပြီဆိုရင် ဝီရိယမတင်နဲ့တော့၊ထင်ရှားနေတဲ့ အတိုင်း လေး သတိနဲ့အသိ လိုက်ပြီးတော့သွား။

(၄) ထွက်လေဝင်လေရဲ့အပေါ် သတိနဲ့ အသိမလွတ်စေနဲ့

(၁) ဒီဃံ ဝါ အဿသန္တော "ဒီဃံ အဿသာမိ" တိ ပဇာနာတိ။

ဒီဃံဝါ ပဿသန္တော "ဒီဃံ ပဿသာမိ" တိ ပဇာနာတိ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသပါဠိတော်-ကာယာနုပဿနာ အာနာပါနပဗ္ဗ-၇၀။

ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ အဿသဆဋ္ဌော၊ ထွက်လေကို ဖြစ်စေသည် ရှိသော်။ ပဿသဆဋ္ဌော၊ ဝင်တဲ့လေကို ဖြစ်စေသည်ရှိ၏သော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမိကိ ပဿသာမိတိ၊ ထွက်လေဝင်လေကို ဖြစ်စေတယ်လို့။ ပဇာနာတိ၊ သိပါလေ။

ထွက်လေဝင်လေ ကြာကြာဖြစ်ရင် ကြာကြာကြီးပဲ သတိနဲ့ အသိရှိရမယ်။ ထွက်လေဝင်လေက ခပ်ကြာကြာဖြစ်ကပ်။ ကိုယ်ကခဏလေး သိလိုက်တယ်။ ဒီလိုမလုပ်နဲ့၊ ဒီလိုမဖြစ်စေနဲ့ဆိုပြုပါတို့။ ထွက်လေရော ဝင်လေရော ပုံစံကိုနဲ့ လောက်ကြာတယ်။ ကိုယ်သိတာက တစ်စုံတွဲနဲ့လောက်သိလိုက်တာ။ နှစ်စုံကိုနဲ့ လောက်ကို လုတ်သွားတယ်။ အဲဒီလိုမဖြစ်အောင် ထွက်လေဝင်လေ့။ကာလ ကြာရင် ကြာသလောက် သိနေရမယ်။

(၂) ရဿံ ဝါ အဿသန္တော ''ရဿံ အဿသာမိ'' ကိ ပဇာနာတိ။
ရဿံ ဝါ ပဿသန္တော ''ရဿံ ပဿသာမိ'' တိ ပဇာနာတိ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသပါဠိတော်-ကာယာနုပဿနာ အာနာပါနပဗ္ဗ ၇၀။

ထွက်လေ ဝင်လေမြန်ရင် သတိနဲ့အသိကလဲ မြဲမြံပဲလိုက်။ သို့သော် မြန်ရင် မေ့တတ်တယ် ယောဂီများ။ မှန်မှန်လေးလုပ်ရမယ်။ အကယ်၍ သူသ ဘောအတိုင်း မြန်နေတာကိုတော့ ဘုန်းကြီးတို့ ယောဂီများက တမင်နှေး အောင် မလုပ်နဲ့။ နှေးနေတာကိုလဲ တမင်မြန်အောင် မလုပ်နဲ့။

ရဿံ ဝါ၊ တိုတောင်းစွာမူလည်း။ အဿသန္တော ပဿသန္တော၊ ထွက်လေ ဝင်လေကို ဖြစ်စေသည်ရှိသော်။ အဿသာမိတိ ပဿသာမိဘိ၊ ထွက်လေ ဝင်လေကို ဖြစ်စေတယ်လို့။ ပဇာနာတိ၊ သိအောင် ကြိုးစားကြပါ။

ထွက်လေ ဝင်လေမြန်ရင် မြန်မြန်၊ ထွက်လေဝင်လေကြာရင် ကြာကြာ၊ သတိနဲ့ အသိလိုက်ပါ။ သတိနဲ့အသိကို ထွက်လေဝင်လေ ဖြစ်သမျှကာလ တလျှောက်လုံးမလွတ်ပါစေနဲ့။စပေါ်လာကတဲ့ကိုက ထွက်မှုံးဝင်မှုံးသိပစေ။ ထွက်လေဝင်လေ ကုန်သွားတဲ့ အချိန်မှာ ကုန်မှန်းသိပစေ။ ထွက်လေဝင်လေ စတယ်။ မကုန်သေးဘူး။ အလယ်ပိုင်းမှာ တရဲရဲနဲ့ဝင်ထွက်နေတယ်။။ အဲဒီ အလယ်ပိုင်းကိုလဲ သိပစေ။

(၃) "သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမိ" တိ သိက္ခတိ။
"သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမိ" တိ သိက္ခတိ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသပါဠိတော်-ကာယာနုပဿနာ အာနာပါနပဗ္ဗ ၇၀။

သဗ္ဗကာယပဋိသံဝေဒီ၊ ထုက်လေ ဝင်လေရဲအစ အလယ် အဆုံး သုံးချက် လုံးကို ကောင်းစွာ ထင်ရှားစေလျက်။ အဿသိဿာမိ ပဿသိဿာမိ၊ ထုက်လေဝင်လေကို ဖြစ်စေအံ့။ ဟူတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

ပြောခဲ့ပြီးတဲ့ စကားများ သုံးချက်ဖြစ်ပါတယ်။

(၁) သတိနဲ့ အသိရှိ၍ ထုက်လေဝင်လေကို ရှုရှုက်ပါ၊ ထုက်လေဝင်လေ ကြာရင် ကြာသလောက် သတိနဲ့အသိ ကပ်ထားပါ။
(၂) ထုက်လေဝင်လေမြန်ရင် မြန်သလောက်ပဲ သတိနဲ့အသိက မြန်မြန် လိုက်ပါ။
(၃) ထုက်လေ ဝင်လေကို စကတဲ့ကသိပစေ။ဆုံးသွားရင်လဲသိပစေ။ အစ အလယ် အဆုံး မလွတ်စေပဲနဲ့ မှန်မှန်လေး ကြိုးစားပြီးတော့ရှုပါ။

(က) တရားအားထုတ်ရတာ ခက်ခဲပင်ပန်းတဲ့ အလုပ်မဟုတ်ပါ

ဩော်-သံသရာတလျှောက်လုံးက ငါတို့ရှာဖွေလို့ မတွေ့ဘူးခဲ့တဲ့ အစွတ် တရားအားထုတ်တယ်ဆိုတာ ထိုင်ပြီးတော့ ထုက်လေဝင်လေကို စောင့်ကြည့်တာ၊ စားဖွယ်ဝတ်ဖို၊ နေဖို့ရှာတာက နေပူမိုးရွာမရွှေင် ပြေးဟယ် လွှားဟယ်နဲ့ အလွန်ပင်ပန်းတာ။ တရားအားထုတ်ရတာက တိတ်ဆိတ်တဲ့ နေရာလေးမှာ ထိုင်ပြီးတော့ သူ့ဟာသူ ဝင်ထုက်နေတဲ့ လေကို စောင့်ကြည့်ရုံကလေးပဲ။ဘာမှ ပင်ပန်းတဲ့ အလုပ်မဟုတ်ပါဘူး။

ဆေးလိပ်သောက်ရင်လဲပဲ အမျှားနဲ့စုနေတဲ့ နေရာမှာ မသောက်ကြပဲနဲ့ တယောက်တဲ့ အမျှားကို အနှောင့်အယှက် မဖြစ်အောင် ဆေးလိပ်သောက်ဖို့လို အပ်ဘယ်။ အမျှားစုနေတဲ့နေရာ ဆေးလိပ်သောက်ရင် မသောက်တတ်တဲ့ လူ အတွက် အနှောင့်အယှက်ဖြစ်တတ်တယ်။

စကားပြောခြင်း၊ အိပ်ငိုက်ခြင်း၊ အမှုအသေးအမွှားလေးတွေကို ပယ်ပိုက်ခြင်း၊ အစုအဝေးနဲ့ နေရတာမှ ကျေနပ်ခြင်း၊ အဲဒီ တာလေးချက်ကင်းပစေ။

မိမိတို့နေရာ ပြန်ရောက်တဲ့အခါမှာ အိပ်ပြီးဘိုရင် စောစောက ပြောခဲ့သလို သတိနဲ့ ပတ်လက်ကလေး အသာစင်းပြီးတော့ ခန္ဓာကိုယ်ကို ဘေးကြာတွေ လျှောထားပြီးတော့ နှာသီးဝက ထွက်လေဝင်လေကိုစိုက်ပြီးတော့ ကြည်ယင်း ကြည်ယင်းနဲ့ အိပ်ပျော်သွားပစေ။

နှီးလာရင်လဲ နှီးလာတာနဲ့ တပြိုင်နက်တဲ့ အဲဒီအာနာပါနသတိနဲ့ ပြန်နှီး အောင် ကြိုးစားရမယ်။ ဆိုလိုတာက နှီးလာရင် နှာခေါင်းကို သတိချက်ချင်း ရောက်ပစေ။

ကိုင်း- ဒီနေ့တော့ ဒါလောက်ဆို တော်ပါပြီ၊ နောက်ဆုံး အာဘုံးကနေ ဖြေးဖြေးချင်း ဆင်းနိုင်ပြီ။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း

၁၃၄၀-ခုနှစ်၊ နွေဘုန်းတန်ခိုး လပြည့်ကျော် (၁)ရက်နေ့၊ နံနက်(၇) နာရီအချိန် ၁၃၄၁—ခုနှစ်သို့အဝင် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့အကူး။

အချိန်ကာလနဲ့ လူသား

ကာလော ဃံသတိ ဘူတာနိ၊ သဗ္ဗာနေ၀သဟတ္တနာ။
ယော စ ကာလဃံသော ဘူတော၊ သ ဘူတပစနိ• ပစိ''တိ။

မင်္ဂလိမနိကာယ် မူလပဏ္ဏာသအဋ္ဌကထာ-၅၉၃။

မူလပဏ္ဏာသအဋ္ဌကထာအရ—

ကာလော၊ အခါကာလကြီးသည်။ သဗ္ဗာနေ၀၊ အလုံးစုံသောလျှင် ဖြစ်ကုန်သော။ ဘူတာနိ၊ သတ္တ၀ါတို့ကို။ သဟတ္တနာ—သဟ အတ္တနာ၊ မိမိနှင့် အတူကကုန်။ ဃသတိ၊ အမြဲတမ်း ခဲ၍ စား၍ မျိုသောက်၍ နေပါ၀ေဖန်။

အချိန် ကာလကြီးဟာ အချိန်က အချိန်ကို စားပြီးတော့ သွားတယ်။ သတ္တ၀ါတွေကိုလဲ အမြဲတမ်း ၀ါးမျိုစားသောက်နေတယ်။ အချိန်က အချိန်ကို ပြန်စားလို့ အချိန်ကုန်တာက တမျိုး၊ သတ္တ၀ါတွေက အချိန်ကို နှိုင်းအောင် မစားနိုင်တဲ့အတွက်ကြောင့် အချိန်ကာလက သတ္တ၀ါတွေကို ပြန်စားသွားလို့ အချိန်ကုန်တာက တမျိုး။

ဒီတော့ အချိန်ကာလဟာ သူ့ကိုယ်သူ ပြန်စားခြင်းဖြင့်လဲ အချည်းနှီး ကုန်စေတယ်။ သတ္တ၀ါတွေက အပူမာဒနဲ့ မနေကြတဲ့ အတွက်ကြောင့်လဲ၊ သတ္တ၀ါများကို ကာလရဲ့ ၀ါးမျိုစားသောက်ခြင်း ခံကြရတယ်။

ယော စ ကာလဃံသော ဘူတော၊ သ ဘူတပစနိ• ပစိ။

ယော စ၊ အကြင်ပုဂ္ဂိုလ် သည်ကား။ ကာလဃသော၊ အခါန်ကာလကို စားသည်။ ဘူတော၊ ဖြစ်၏။ သ—သော ပုဂ္ဂလော၊ ထိုအခါန်ကာလကို ပြန်ပြီးတော့ ဝါးမျိုစားသောက်နိုင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်သည်။ သဘူတပစနံ၊ သတ္တဝါတွေကို ကျိုးချက်စားသောက်နေတဲ့ ဒီအခါန်အခါကာလကို။ ပစီ၊ ပြန်လည်၍ ဝါးမျိုစားသောက်သည် မည်၏။

အခါန်ကို ကိုယ်ကနိုင်အောင်စားမှ။ ဒီလိုမှမဟုတ်ရင် အခါန်က ကိုယ့်ကို နိုင်အောင် စားသွားလိမ့်မယ်။ အခုဆိုရင် ၁၃၄၀ ခုနှစ် ကုန်တော့မယ်။ ရက်ပိုင်းပဲလိုတော့တယ်။ ၁၃၄၁—ခုနှစ်ထဲကို ရောက်တော့မယ်။

မိမိတို့ လူ့ဘဝ ရောက်လာခဲ့တာ ဘယ်လောကြာပြီလဲ။ ကိုယ့်ကာလကို ကိုယ်ပြန်မေးကြည့်ရင် ကိုယ့်အသက်နဲ့ အမျှဟာ ကိုယ်လူဖြစ်လာတဲ့ ကာလပဲ။ နှစ်(၅၀) ရှိပါပြီဆိုတဲ့ ယောဂီ ဒကာကြီးများ၊ ဒကာမကြီးများ မိမိတို့ ကာလကို မိမိတို့ ပြန်မေးကြည့်လိုက်။

နှစ်ပေါင်း (၅၀) ကြာခဲ့ပြီဖြစ်တဲ့ ဒီလူ့ဘဝ၊ လူကာလ၊ ကာလက ငါ့ကို နိုင်သွားသလား။ ငါကပဲ ကာလကို နိုင်သွားသလား။ ကြည့်လိုက်။ ကာလကို ကိုယ်က အရှုံးပေးပြီးတော့ ကာလရဲ့ ဝါးမျိုစားသောက်ခြင်းကို ကိုယ်ခံခဲ့ရတာက များလိမ့်မယ်။ ကာလကို ကိုယ်နိုင်အောင် စားရ ဝါးရ မျိုရတာက နဲလိမ့်မယ်။

ယခု (၅) ရက်တာမျှ ဝိပဿနာသင်တန်းယူကြတဲ့နေရာမှာပင်လျှင် ကြည့်လိုက်ဦး။ (၅) ရက်တာမျှ ယူကြရတဲ့ ဝိပဿနာသင်တန်းရက်ပိုင်းလေးရဲ့ အတွင်းမှာ အချည်းနှီးကုန်ရတဲ့ကာလနဲ့ အလုပ်လုပ်ယင်း ကုန်ရတဲ့ကာလကို ကြည့်ရင် ၂၄-နာရီအတွင်း တရက်လုံး သတ်မှတ်ထားတဲ့ ကာလမှာ လုပ်ငန်းနဲ့ အခါန်ကုန်တဲ့ ကာလရယ်၊ လုပ်ငန်းမပါပဲနဲ့ အခါန်ကုန်တဲ့ကာလကို ကြည့်လိုက်ရင် ဘုန်းကြီးတို့ ယောဂီများ ဘယ်ဟာ များတယ်ဆိုတာ အဖြေတော့ ထွက်တယ်။

ကာလက ကိုယ့်ကို နိုင်နေတယ်။ကိုယ်က ကာလကို မနိုင်ဘူး။ ဒါကြောင့် တနာရီလုံး သတ်မှတ်ထားတဲ့အခါန်ဟာ တလွန်တိုတောင်းပါတယ်။အလွန်နဲပါတယ်။ ဘုန်းကြီးက ဘာမှမပြောပဲနဲ့ နှစ်နာရီလုံးလုံး တောက်လျှောက်ထိုင်လိုက်ရမှ ပိုကောင်းမှာ။

ဒါပေမယ့်လဲပဲ ဘုန်းကြီးတို့ ယောဂီများ ဒီလိုကိုင်ကြတို့ အိုးကြန်ကောင်လဲပဲ အလှန်ဝန်လေးတဲ့ ခန္ဓာဝန်ကုင်ကြီး တမ်းထားရကာပဲလို့ ဒီလောက်လဲပဲ စွမ်းချင်မှ စွမ်းနိုင်မယ်။ စွမ်းနိုင်တဲ့ပုဂ္ဂိုလ်ဖတ်လဲ ရှိကောင်းရှိမယ်။ ကောင်းဖြစ်ကြစ်ဆိုလိုတဲ့ အဓိပ္ပာယ်က ကာလကို ကျိုယ်ကနိုင်အောင် စားပါ။ ကာလက ကိုယ့်ကို မနိုင်ပါစေနဲ့။ ဒါကို ကြိုးလိုပါတယ်။

ဒီကနေတော့ဖြင့် ပမ္မာနုပဿနာသတိပဋ္ဌာန်အလုပ်ဝပ္ပကုလို့ သက်မှတ်လာခဲ့ဘဲ့ သရုပ်ကို ရှုပ်စုရပ် ပမ္မာရိပ်သာအကြောင်း လာဂရာက်ကြီးတော့ ကားရိပ် ပိုလုံကြပဲ့ ယောဂီသူတော်စင်ကိုဒေတွက် ကာလကို ကျိုယ်ကနိုင်အောင် ဝါးမျိုစားသောက်ဖို့ရန်အတွက်-

ဂိုဟသနာအလုပ်ဂေးတရားနဲ့ ဆက်စပ်ပြီးတော့ ဒဿဂုဏ်ပုက်ပါ့ကြောင်မှာ လာတဲ့ ဖေဖေပိတ္ထူပမသုတ္တံ၊ သုတ္တံကဒုကို မူတာပြီ ကိုဒုတ္တံမှာ အလုပ်ပေးတရားနဲ့ နှိုးဆွပါတဲ့ အခြား အခြား သုတ္တံတွေကလည်း ပြီးတော့ နာကြဟောကြရအောင်-

သုပ္ပတ်ရဲ့အမည်က ဖေဏပိဏ္ဍူပမသုတ္တန်။

"ဘုန်းကြီးတို့ ယောဂီများ ဘာသုတ္တံ့ပါလိမ့်"
"ဖေဏပိဏ္ဍူပမ သုတ္တံပါဘုရား"

ဖေဏဆိုတာက ရေမြှုပ်၊ ပိဏ္ဍဆိုတာက အစိုင်အခဲ၊ ဥပမာဒိုင် ယှဉ်စရာရုပ်တရားကို ရေမြှုပ်စိုင်နဲ့ နှိုင်းယှဉ်ပြီးတော့ ပြကဲ့သုတ္တံ့သည် ဖေဏပိဏ္ဍူပမသုတ္တန်။

ညတုန်းက အာနာပါနရဲ့ ပထမစတုတ္ထလေးချက်ပေးခဲ့ကယ်။ ယခုမနက်ပိုင်းမှာ ဖုဋ္ဌဂ္ဂဒုန- ထိရာအရပ်မှာ သတိကပ်ပြီးကော့ ကာယာနုပဿနာနည်းကို တိုးတက်ပြီးတော့ အနဲငယ်ပေးပါတယ်။ ဒဲဒါတွေဟာ ရုပ်တရားတွေချည်းပါပဲ။

ထိုရုပ်တရားများနဲ့ ပတ်သက်လို့ ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတဲ့ သုတ္တန်တွေထဲမှာ ဖေဏပိဏ္ဍူပမသုတ္တန်ဆိုတာဟာ ဥပမာလေးတွေနဲ့ ကပ်မှတ်ရလို့ အလွန်တရာမှတ်လို့လဲကောင်း၊ သာယာနာပျော်ဖွယ်လဲရှိ၊ သဒ္ဓါတရားလဲ

ဖြစ်ဖွယ်ရာ၊ ငယ်ရွယ်သူမျှားလဲ မှတ်လို့ကောင်းတဲ့အတွက်ကြောင့် ဖေဏပိဏ္ဍာ။ ပမသုတ္တန်ကို ဟော့ပါကွယ်လို့—

မှတ်သင့်လိုက်နာစရာ ဥပမာ ၂-ချက်

ဒီတော့ ဒီဖေဏပိဏ္ဍာ။ ပမသုတ္တန်တရား ဟောတော့မယ်ဆိုလို့ရှိရင် ပဿမဉီးစွာ ဘုန်းကြီးတို့ သဂါဆာဝဂ္ဂသံယုတ်ပါဠိတော် (နှာ ၁၂၂၊သတ္တသုတ်) မှာ လာတဲ့ ဂါဂရာတပုဒ် နာကြည့်ရအောင်—

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒုယ္ဘမာနော၀ မတ္ထကေ။
သက္ကာယဒိဋ္ဌိပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

ဘိက္ခ၀ေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ သတ္တိယာ၊ လှုံ့မဖြင့်။ မတ္ထကေ၊ ဦးထိပ်၌။ ဩမဋ္ဌော၊ အထိုးခံရတဲ့ပုဂ္ဂိုလ်သည်။ တံ၊ ထိုလှုံ့မကို။ ပဟာတုံ၊ ပယ်ဖျောက်ခြင်းငှာ။ အာရဗ္ဘတိက္ခ၀ေ၊ အားထုတ်လေဘိသကဲ့သို့။ ဧ၀မေ၀—ဧ၀ံတထာ၊ ပမာထားယူ ထို့အတူ။ သက္ကာယဒိဋ္ဌိ၊သက္ကာယဒိဋ္ဌိဆိုတဲ့ တရားကြီးကို။ ပဟာနာယ၊ ပယ်ဖျောက်ဖို့ရန်။ သတော၊ သတိထားလျက်။ ဘိက္ခု၊ သံသရာဘေး ခန္ဓာရေးကို ထောက်တွေးမြော်မြင် ဆင်ခြင်ပါတယ်ဆိုတဲ့ ယောဂိပုဂ္ဂိုလ်သည်။ ပရိဗ္ဗဇေ၊ အပြင်းအထန် အားထုတ်ရာ၏။

ခေါင်းမှာ လှုံစူးနေတဲ့ ပုဂ္ဂိုလ်၊ရင်ဝမှာ လှုံစူးနေတဲ့ ပုဂ္ဂိုလ် ခေါင်းကနေပြီးတော့ လှုံကြီးတစင်း ထိုးချလိုက်၊ အောက်ပေါက်သွားအောင်။ ရင်ဝကနေတဲ့ လှုံကြီးတစင်း ထိုးလိုက်၊ နောက်ကျောပေါက်သွားအောင်။ နံဘေးကနေ လှုံကြီးတစင်းထိုးလိုက်၊ ဟိုဘက်နံပါးပေါက်သွားအောင်။ အဲဒီလိုလှုံကြီးနဲ့ လေးဘက်လေးတန် အထိုးခံရတဲ့ပုဂ္ဂိုလ်သည် မိမိမှာ စူးနေတဲ့ လှုံကြီးတွေကို ပယ်နုတ်ဖို့ရန် အပြင်းတထန် ကြိုးပမ်းသလို—

သက္ကာယဒိဋ္ဌိပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

သတိရှိတယ်ဆိုတဲ့ ယောဂိပုဂ္ဂိုလ်ဟာ မိမိရဲ့ခေါင်းကနေပြီးတော့ အောက်ရင်ဝကနေ နောက်ကျော၊နောက်ကျောကနေ ရင်ဝ၊ဒီဘက်နံပါးကနေ ဟိုဘက်နံပါး၊ တောက်လျှောက် လှုံကြီးစူးသလို စူးဝင်နေတဲ့ သက္ကာယဒိဋ္ဌိကို ပယ်ဖို့ရန်

အပြင်းအထန် ကြိုးပမ်းရမယ်လို့ သဂါထာ ဝဂ္ဂသံယုတ်ပါဠိတော်မှာ ဒီအတိုင်း မိန့်ကြားတယ်။

. ခေါင်းမှာ လှံစူးနေလို့ရှိရင် လှံစူးခံရတဲ့ပုဂ္ဂိုလ်ဟာ ထိုလှံကို ပယ်နုတ်ဖို့ ရန် အပြင်းအထန် ကြိုးပမ်းသလို၊ ရင်ဝမှာ လှံစူးနေရင် စူးနေတဲ့လှံကြီးကို ပယ်နုတ်ဖို့ရန် အပြင်းအထန် ကြိုးပမ်းသလို ပဓိဂါရင်ဝမှာ ဖြစ်ပေါ် ဉီးဇင်မှာ သံသရာတလျောက်က စုဆုံက်လာခဲ့တဲ့ သဉ္ဇာဃဒိဋ္ဌိဆိုတဲ့ လှံပကြီး ပယ်နုတ်ဖို့ ရန် ဒီကနေ့ အပြင်းအထန် ကြိုးပမ်းရမဲ့အကြိုက် ဘာနဲ့ကြိုးပမ်းရမှာလဲဆိုတော့--

သတော ဘိက္ခု ပဂိဗ္ဗဇေ။

သတိနဲ့ ကြိုးပမ်းကြရမယ်။ လှံစူးရင် တဘဝတခါပဲ သေမယ်။ ရင်ဇလှံစူး တဘဝတခါပဲ သေမယ်။ ခေါင်းကနေ လှံကြီးနဲ့ထိုးချ၊ တဘဝဘကြိမ်ပဲ သေမယ်။ သက္ကာယ ဒိဋ္ဌိဆိုလဲ လှံကြီးစူးနေလို့ရှိရင် သံသရာတလျောက်လုံး သေတတ်တယ်။

ဘုန်းကြီဘို့ ယောဂီများ သက္ကာယဒိဋ္ဌိဆိုတဲ့ လှံကြီးနဲ့ ပကတိသံနဲ့ ပြုလုပ် ထားတဲ့ လှံကြီးနှစ်ခု၊ယောဂီများရဲ့ရင်ဝစူးတဲ့အခါမှာ ဘယ်လှံကို အရင်နုတ် ရမလဲ။

"သက္ကာယဒိဋ္ဌိလှံကြီးကို အရင်နုတ်ရမှာလား၊ သို့မဟုတ် ပကတိသံနဲ့ ပြု ထားတဲ့ လှံကြီးကို အရင်နုတ်ရမှာလား"
"သက္ကာယဒိဋ္ဌိလှံကြီးကို အရင်နုတ်ရမှာပါဘုရား"

သက္ကာယဒိဋ္ဌိဆိုတဲ့ လှံမကြီးကို အရင်နုတ်ရမယ်။ပကဝိလှံစူးတာက တဘဝ တခါပဲ သေနိုင်တယ်။ သက္ကာယဒိဋ္ဌိဆိုပဲ့ လှံကြီးစူးရင် သံသရာတလျောက် လုံး သေနိုင်တယ်။ ဒါကြောင့် သက္ကာယဒိဋ္ဌိလှံကြီးကို ဘရေးတကြီး နုတ်ကြ ရမယ်။ နောက်တခါ—

ဥယျမာနော၀ မတ္ထကေ။

မတ္ထကေ၊ ဉီးထိပ်၌။ ဥယျမာနော၊ မီးလောင်ခံရပါဘယ်ဆိုးဲ့ ပုဂ္ဂိုလ်သည်။ တံ၊ ထိုဉီးထိပ်မှာ လောင်နေတဲ့ မီးကို။ နိဗ္ဗာပေတုံ၊ ငြိမ်းဖို့ရန်။ အာရမ္ဘတိ ကွ၀၊ အားထုတ်လေဘိသကဲ့သို့။

ခေါင်းကဆံပင် မီးစွဲနေတဲ့ ပုဂ္ဂိုလ်ဟာ ခေါင်းမှာစွဲနေတဲ့မီးကို ငြိမ်းသတ်ဖို့ရန် အရေးတကြီး အားထုတ်သလိုပဲ။

ဧဝမေ၀-ဧ၀ံတထာ၊ ပမာထားယူ ထိုအတူ။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဆိုတဲ့ မီးတောက်ကြီးကို။ နိဗ္ဗာပေတုံ၊ ငြိမ်းဖို့ရန်အတွက်။ အာရမ္ဘေယျ၊ အားထုတ်ရာ၏။

သတော၊ သတိတရားကို လက်ကိုင်ထားသော။ဘိက္ခု၊ သံသရာဘေး ခန္ဓာရေးကို ထောက်တွေးမြော်မြင် ဆင်ခြင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်သည်။ ပရိဗ္ဗဇေ၊ အပြင်းအထန် ကျင့်ကြံရာ၏။

ဥပမာ ၂-မျိုး ပြတယ်။ နောက်ဥပမာက ခေါင်းကဆံပင် မီးလောင်လို့ရှိရင် ဒုံယောဂီဟာ ငါ့ခေါင်းက မီးလောင်တယ်ဟဲ့ဆိုပြီး ဒီမီးကို အရေးတကြီး ငြိမ်းသလို မိမိခဲ့ခန္ဓာအိမ်မှာ လောင်နေတဲ့ ဒိဋ္ဌိအစဉ်ကိုတဲ့ မီးတွေကို ငြိမ်းသတ်ဖို့ရန် သတိနဲ့ အပြင်းအထန် ကြိုးပမ်းရမယ်တဲ့၊

ခေါင်းမီးလောင်ဟာက တဘဝတဲ့ ပုတယ်။ တဘဝပဲသေပယ်။ သက္ကာယဒိဋ္ဌိအစဉ်ကိုတဲ့မီး ၁၁-ပါးလောင်ရင် သံသရာတလျှောက်လုံး ဒုက္ခများတတ်တယ်။ ဒါကြောင့် ပကတိမီးလောင်ရင် တဘဝတဲ့ သေရမှာမို့လို့ သူ့အတွက် တယ်အရေးမကြီးလှဘူး။ ခေါင်းပဲစွဲစွဲ၊ ခြေပဲစွဲစွဲ၊ ကိုယ်ပဲစွဲစွဲ ပကတိမီးစွဲချင်တဲ့ နေရာစွဲ၊ တဘဝတဲ့ပုမယ်။ တခါပဲ ပင်ပန်းမယ်။ တကြိမ်ပဲ သေရမယ်။

သက္ကာယဒိဋ္ဌိအစဉ်ကိုတဲ့မီး ၁၁-ပါးစွဲရင်တော့ တသံသရာလုံးပွဲလို့ မဆုံးနိုင်အောင် ရှိကြတော့မှာ ရာဂအစဉ်ကိုတဲ့မီးတွေ စွဲမယ်။ ဒေါသမီးတွေ စွဲမယ်။ မောဟမီးတွေစွဲမယ်။ တဏှာမီးတွေစွဲမယ်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောကပရိဒေဝဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ဒေါသ၊မောဟ ဒီမီး၁၁-ပါးစွဲနေတဲ့ ခန္ဓာအိမ်ကို မြန်မြန်ငြိမ်းဖို့ လိုအပ်တယ်။

သတိကို လက်လွတ် မထားနဲ့

ဒီတော့-ဒီစကား ၂-ရပ်မှာ ရင်ဝလှုံစူးတဲ့ ပုဂ္ဂိုလ်ဟာ လုံကို ပယ်နုတ်ဖို့ရန် အပြင်းအထန် ကြိုးပမ်းသလို၊ သံသရာတလျှောက်လုံး သေစေနိုင်တဲ့ သက္ကာယဒိဋ္ဌိလုံကြီး စူးနေဘာကို ပယ်နုတ်ဖို့ရန် ကြိုးပမ်းပါ။

“ဘာနဲ့ ကြိုးပမ်းမလဲဆိုရင် သတိနဲ့၊ ဘာနဲ့ ကြိုးပမ်းကြမလဲ”
“သတိနဲ့ ကြိုးပမ်းရမှာပါဘုရား”

ခေါင်းကို မီးလောင်ခံရတဲ့ ပုဂိုလ်ဟာ အဲဒီမီးတွေကို ငြိမ်းဖို့ရန် အပြင်းအထန် ကြိုးပမ်းသလို ခန္ဓာအိမ်မှာ လောင်နေတဲ့မီး ဘဝ–ပါ ငြိမ်းဖို့ရန် အပြင်းအထန် ကြိုးပမ်းပါ။ ခန္ဓာအိမ်လောင်နေတဲ့ မီးဇာတ်ကို ဘယ်လို ငြိမ်းငေ့ချော်လုပ်ရမလဲဆိုရင် သတိနဲ့ ပြုံးပမ်းကြရမှာပါ။ ပြိမ်းသတ်ကြရမှာပါ။

"ဘာနဲ့ ပါလိမ့်"

"သတိနဲ့ ပါဘုရား"

သိသလောက်ကတော့ ဒေနဏရာမှာလဲ သာဝိပါတယ်။ သူ့ဝိဇာတာက ပြီး ပမ်းတဲ့ဝေနဏရာမှာလဲပဲ သတိပါတာပဲ။ ပညာအာဇာတ် ပြီးပမ်းတဲ့ ဒေနဏရာမှာလဲ သာဝိပါတယ်။ သတိမပါရင် သီလ၊ သမာဓိ၊ ပညာ ဘယ်ဟိုဖူမှ မပြီ ပါဘူး။

သီလဆောက်တည်တဲ့နေရာ သဂါအရင်းပဲဆောက်တည်၊ ဒီ ဝါလဟပျက်ဘူး။ သမာဓိကို ဒေါ်တဲ့စိတ် တည်ကြည်ကာစက် ကြိုးပမ်းတဲ့ ဒေနဏာ၊ သဒိုးကို ရှောနှုံးတင်ပြီ တော့ ကြိုးပမ်းရင် သမာဓိနောက်က အလိုလိုလိုက်လာတယ်။ သတိဟာ သမာဓိရဲ့ အခြံအရံပဲ။

ဝိသနာဉာဏ်ရဖို့ရန် အတွက်လဲပဲ အဲဒီဉာဏ်ဟာ သတိ့ကြီးမှုပဲ ရတယ်။ သီလ ဆိုတာက ဘာတဲ့ဟုံး ဆိုလို့ရှိရင် ကိုယ်နဲ့ နှုတ်ကို ထိန်းတဲ့ဝိရတိ၊ ကိုယ်နှုတ် နှစ်ပါးကို ထိန်းတဲ့ ဝိရတိက သီလ။ ကိုယ်နှုတ်နှစ်ပါးကို [illegible] ခေါ်တဲ့ ဒီဇရောင်ကြဉ်မှုလေးဟာ သဘိမပါရင် ဝိရတိမမြဲဘူး။ သတိသံဝရ သတိနဲ့ စောင့်ရှောက်ပြီးတော့ ထိန်းမှ သီလမြဲပါတယ်။

သတိ-သူလဲပြဋ္ဌာန်းပါတယ်။ သမာဓိဆိုပြီးတော့ အာဃုတ်နေတဲ့ ယောဂီ ပုဂိုလ်များ၊ ပရမတ်အာရုံမှာပဲ ဖြစ်ဖြစ်၊ ပညတ်အာရုံမှာပဲ ဖြစ်ဖြစ်၊ ယောဂီ များရဲ့ စိတ်ကို ငြိမ်နေအောင် ထားမယ်ဆိုတဲ့ ဥပ္ပာဟာ သတိဆိုတဲ့ ကြိုးနဲ့ မထားရင် ဒီစိတ်ဆိုတဲ့ ဆင်ရိုင်းကြီးဟာ မငြိမ်ဘူး။ သတိဆိုတဲ့ ကြိုးနဲ့ ခိုင်ခိုင်မြဲမြဲချည်ထားမှ စိတ်ဆင်ရိုင်းဟာ ငြိမ်တယ်။ ငြိမ်လာတော့မှ သမာဓိ ဆိုတာ ဖြစ်တယ်။ ဒါကြောင့် သတိသည် သမာဓိပရိက္ခာရ-သမာဓိရဲ့အခြံအရံ ပါပဲ။

နောက်တခါ ရုပ်ဟာရားကိုပဲကြည့်ကြည့်၊ ဝေဒနာကိုပဲပဲကြည့်ကြည့်၊ ဝိညာဉ် ကိုပဲကြည့်ကြည့် ထိုပရမတ္ထတရားတို့ရဲ့ လက္ခဏာများကို ကြည့်တဲ့နေရာမှာလဲ ရုပ်၊ ဝေဒနာ၊ ဝိညာဉ် ပရမတ္ထတရားတွေကို ယောဂီများရဲ့ စိတ်ထဲ ထင်ရှား

လာအောင် သတိက ပထမဦးစွာ အလုပ်လုပ်ပေးတယ်။ထင်ရှားလာတဲ့ ရုပ်တို့ရဲ့ သဘော လက္ခဏာတွေကို စိစစ်ပြီးတော့ သွားတဲ့ သဘောက ပညာ။ ဒါကြောင့် ပညာရဲ့ အခြံအရံသတိ။

သတိမပါရင် ပညာလဲ မရဘူး။ သတိမပါရင် သမာဓိလဲ မရဘူး။သတိမပါရင် သီလလဲ မပြည့်စုံနိုင်ဘူး။သတိဟာ နေရာတကာမှာ အရေးကြီးတယ်။ဒါကို မြတ်စွာဘုရားက-

သတော ဘိက္ခု ပရိဇ္ဇဧ။

သက္ကာယဒိဋ္ဌလုံကြီး ရင်ဝမှာ စူးနေရင် သတိနဲ့ပဲနုတ်။ ခေါင်းမှာ လောင်နေတဲ့မီး၊ ခန္ဓာအိမ်တခုလုံးမှာ လောင်နေတဲ့မီး ၁၁-ပါးကို ငြိမ်းလိုတဲ့ ယောဂီပုဂ္ဂိုလ်သည် သိတိနဲ့ ငြိမ်း။ ဒီလိုပြောပါတယ်။

သတိရှေက သွားနေသောကြောင့် ဒီအလုပ်သည် သတိပြဋ္ဌာန်းတဲ့ အလုပ်၊ သတိပဋ္ဌာန်အလုပ်။

"ဘာအလုပ်ခေါ်မယ်"

"သတိပဋ္ဌာန်အလုပ်ပါ ဘုရား"

သီလကိစ္စမှာလဲ သတိဦးစီးရမယ်။ သမာဓိကိစ္စမှာလဲ သတိဦးစီးရမယ်။ ပညာကိစ္စမှာလဲ သတိဦးစီးရမယ်။ သတိပဋ္ဌာန်—နေရာတိုင်း သတိရှေက သွား။ ဥပဋ္ဌာနံ သတိ။

ယောဂီတို့ရဲ့ ဉာဏ်ထဲမှာ ထင်ရှားနေတယ်။ ဘာတွေ ထင်ရှားနေသလဲ။ ကိုယ် ကျင့်သုံးတဲ့ သီလတွေ ကိုယ့်စိတ်ထဲ ထင်ရှားလာတယ်။ ကိုယ်ဆောက်တည်နေတဲ့ သီလတွေ ကိုယ့်စိတ်ထဲ ထင်ရှားလာတယ်။ ကိုယ် ပွားများနေတဲ့ သမာဓိ ကိုယ့်သန္တာန် ထင်ရှားနေတယ်။ ကိုယ်ပွားများနေတဲ့ ပညာအလုပ် ကိုယ့်သန္တာန် ထင်ရှားနေတယ်။ ကိုယ် အာရုံယူနေတဲ့ ပရမတ္ထ တရားတွေ ကိုယ့်သန္တာန် ထင်ရှားနေတယ်။

ထိုကဲ့သို့ ထင်ရှားအောင် ဖော်ပြခြင်းသည် ဥပဋ္ဌာနံ သတိ ဆိုသော စကားအရ ထင်ရှားတာ သတိ။ ဒီလို သဘော ကျထား။ အဲဒီ သတိအား ကောင်းတဲ့ ပုဂ္ဂိုလ်သည် ပရိဇ္ဇဧတဲ့။ စူးဝင်နေတဲ့ လုံကြီးတွေကိုလဲ နုတ်နိုင်တယ်။ လောင်နေတဲ့ မီးတွေကိုလဲ ငြိမ်းနိုင်တယ်။

ဒါကြောင့် ခုနကပြောပြကားခဲ့ဝဲအတိုင်း ဖေဖော်ပိတ်ကျူးပမသုတ္တုန်ပါဦးကော်
ကို ကြည့်ရအောင်—

ဖေဖော်ပိတ်ကျူးပမသုတ္တုန်တရား ဖြစ်ပွားလာရတဲ့ အကြောင်းခံ

ဧကံသမယံ ဘဂဝါ အယုဇ္ဈာယံ ဝိဟရတိ ဂင်္ဂါယ နဒိယာ တီရေ။
သံယုတ္တနိကာယ်- ခန္ဓဝဂ္ဂသံယုတ် ပါ ကော်-၁၁၇။

ဧကံ သမယံ၊ အဝါကာပါဒ်။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်
ဘုရားရှင်ကိုယ်တော်မြတ် ဆိုက်ရောက်သွားဘယ်။ အယုဇ္ဈာယံ၊ အယုဇ္ဈာမြို့ခံ အဂို်ဒ်။ ဂင်္ဂါယ
နဒိယာ၊ ဂင်္ဂါမြစ်ရဲ့။ တီရေ၊ ကမ်းပါဒ်။ ဝိဟရတိ၊ နေတော်မူ၏။

ဖေဖော်ပိတ်ကျူးပသတ္တုန် ဟောပဲ့ အာဒါ၊ ဘုရားရှင် ကိုယ်တော်မြတ်သည်
အယုဇ္ဈာမြို့အနီး ဂင်္ဂါမြစ်ကမ်းပါးမှာ ဟောတာဟဲ့။ ဒါဟု ဘဒန္တဒဗ္ဗသာဝုတ္တာ၊ တုန်း
ကတော့ ကောသမ္ဗီမြို့အနီး ဂင်္ဂါမြစ်ကမ်းပါးမှာ ဟောတယ်။ မြန်မာပါဠိ
ကြည့်လိုက်လို့ရှိရင်တော့ အတူတူပဲ ဂင်္ဂါမြစ်ကမ်း။

ခရီးဒေသစာရီ လှည့်ယင်၊ လှည့်ယင်နဲ့ အယုဇ္ဈာမြို့အနီး ဂင်္ဂါမြစ်ကမ်းပါးကို
ဘုရားရှင်ကိုယ်တော်မြတ် ဆိုက်ရောက်သွားဘယ်။ သဗ္ဗပင်ဂိုင်မှာ မြင်စဉ်ဘုရား
အနားပဲ့၊ သံဃာတော်တွေက ဝန်းရံ၊ အယုဇ္ဈာမြို့က ဒကာ၊ ဒကာမတွေလဲ
ဘုရားရှိရာ စုဝေးညီညာရောက်ပြီး လာကြတော့—

မြစ်ကမ်းပါးမှာ ဘုရားရယ်၊ သံဃာတော်တွေရယ်၊ အယုဇ္ဈာမြို့ သူမြို့သား
ဒကာ၊ ဒကာမ ပရိသတ်တွေရယ်လို့ ဝိုင်းပြီးတော့ နေလိုက်ကြပုံကို အာဝုံယူ
ကြည့်လိုက်။ အဲဒီအခါ၊ မြတ်စဉ်ဘုရား ဂင်္ဂါမြစ်ဘက် မျက်နှာမူပြီ ကြည့်လိုက်တဲ့
အခါန်၊ ဘာတွေ့လဲဆိုတော့—

အဒ္ဒသာ ခေါ ဘဂဝါ မဟန္တံ ဖေဖော်ပိတ်ကုံ ဂင်္ဂါယ နဒိယာ သော
တေန ဝုယ္ဘမာနံ။

တေန ခေါ ပန သမယေန၊ ထိုအခါဒ်။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး
သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဂင်္ဂါယ နဒိယာ၊ ဂင်္ဂါမြစ်ရဲ့။ သော
တေန၊ ရေအလျှင်ဒ်။ ဝုယ္ဘမာနံ၊ မျောပါ၍လာသော။ မဟန္တံ၊ ကြီးကျယ်
လှစွာသော။ ဖေဖော်ကုံ၊ ရေမြုပ်စိုင်ကြီးကို။ အဒ္ဒသာ ခေါ- အဒ္ဒသာ ဧဝ၊
မျက်ဝါးထင်ထင် တွေ့မြင်တော်မူခဲ့သည်သာလျှင်တည်း။

ဂင်္ဂါမြစ်ထဲ မျောပြီးတော့လာတဲ့ ရေမြုပ်စိုင်ကြီးတခု ဘုရားရှင် မြင်တယ်။ ရေမြုပ်စိုင်က အကြီးကြီး၊ တချို့တချို့ ရေမြုပ်စိုင်လေးတွေက လက်သီးဆုပ်လောက်၊ တချို့တချို့ ရေမြုပ်စိုင်တွေက ပြည်တောင်းလောက်၊ တချို့တချို့ ရေမြုပ်စိုင်တွေက တင်းတောင်းလောက်၊အချို့အချို့ ရေမြုပ်စိုင်များက အိမ်လုံးပမာဏ၊ တောင်လုံးပမာဏ ရေထဲမှာ မျောပြီးတော့ တလိမ့်လိမ့်နဲ့ ဆင်းလာတာ။

မိုးဦးကျဆိုတော့ တောတွေ တောင်တွေက တရဟော စီးဆင်းတဲ့ ရေအဟုန်မှာ ရေမြုပ်စိုင်ကြီးတွေဟာ ရေအလျဉ်နဲ့ တိုက်ပြီးတော့ အမြုပ်တွေထပြီး ပါလာတယ်။ ထိုရေမြုပ်စိုင်ကြီးတွေကို ဘုရားရှင် မြင်ရာက စိတ်ထဲအကြံပေါက်လာတယ်။

ယံနူနာဟံ ဓမ္မံ ဒေသေယျံ၊ ကုဒံ ဖေဏပိဏ္ဍံ ဥပမံ ကတ္တာ။

ဟောဒီ ရေမြုပ်စိုင်ကြီးတွေကို ဥပမာပြုပြီးတော့ ဒီသံဃာတော်တွေနဲ့ ဒီဒကာ၊ ဒကာမတွေကို ငါဘုရား တရားဟောရရင် ကောင်းမယ်။ ဒီလို စိတ်ထဲအကြံပေါက်၊ ဂင်္ဂါမြစ်ထဲ မျောလာတဲ့ ရေမြုပ်စိုင်ကြီးကို လက်ညှိုး ညွှန်လိုက်ပြီးတော့မှ သံဃာတော်များကို မြတ်စွာဘုရားက—

ဓမ္မံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ၊ တံ သုဏာထ သာဓုကံ မနသိကရောထ။

ချစ်သား ရဟန်းတို့၊ ဓမ္မံ ဝေါဒေသေဿာမိ၊ ချစ်သားတို့အား ငါဘုရား တရားဟောမယ်။ တံ သုဏာထ၊ ငါဘုရား ဟောမယ့်တရား နားထောင်ကြ။ မနသိကရောထ၊ နှလုံးသွင်းကြ။ ဘာသိဿာမိ၊ ဟောပေတော့အံ့။

ဟောဟိုဂင်္ဂါမြစ်ထဲ မျောပါလာတဲ့ ရေမြုပ်စိုင်ကြီးကို ချစ်သားတို့ ကြည့်လိုက်ကြစမ်း။

ပဿထ နော ဘိက္ခဝေ အမုံ မဟန္တံ ဖေဏပိဏ္ဍံ။

ချစ်သားတို့၊ ဂင်္ဂါမြစ်ထဲက ရေမြုပ်စိုင်ကြီး မြင်ကြရဲ့လား။
ဧဝံ ဘန္တေ-တပည့်တော်များ မြင်ကြကြောင်းပါ ဘုရား။
သံဃာတော်တွေရော တရားနာပရိသတ်တွေရော၊ အားလုံးတို့ရဲ့ မျက်လုံးအစုံတို့ဟာ ဘုရားရှင် လက်ညှိုးညွှန်ပြရာ ဂင်္ဂါမြစ်ထဲက ရေမြုပ်စိုင်ကြီးကို

ဝိုင်းပြီး ကြည့်ကြတယ်။ ပရိသတ်အားလုံးရဲ့ မျက်လုံးအစုံ ရေမြုပ်စိုင်ကြီးကို ရောက်သွားတဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်က—

သေယျထာပိ ဘိက္ခဝေ အယံ ဂင်္ဂါ နဒီ မဟန္တံ ဖေကပိဏ္ဍံ အာဝေ ဟေယျ။

သံယုတ္တနိကာယ် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ၁၁၄။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အယံဂင်္ဂါ၊ ဤဂင်္ဂါမြစ်၌။ မဟန္တံ ဖေကပိဏ္ဍံ၊ ကြီးကျယ်လှစွာသော ရေမြုပ်စိုင်ကြီးကို။ အာဝေဟေယျ၊ မျောရှု လာခဲ့လေရာ၏။ (ဝါ) မဟန္တံ ဖေကပိဏ္ဍံ၊ ကြီးကျယ်လှစွာသော ရေမြုပ်စိုင်ကြီးသည်။ အာဝေဟေယျ၊ မျောပါ၍ လာခဲ့လေရာ၏။

ချစ်သားတို့၊ ငါဘုရား ဥပမာပြောမယ်။ ဟောဟို-ဂင်္ဂါမြစ်ထဲ မျောပါလာတဲ့ ရေမြုပ်စိုင်ကြီး ရှိတယ်။

ကြည့်ရှုနည်း ၃-ပျိုး

တမေနံ စက္ခုမာ ပုရိသော ပဿေယျ နိဗ္ဗာယေယျ ယောနိသော ဥပပရိက္ခေယျ။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ၁၁၄။

ဘိက္ခဝေ၊ ရဟန်းတော်များ အို—ချစ်သားတို့။ တမေနံ ဖေကပိဏ္ဍံ၊ ထိုရေမြုပ်စိုင်ကြီးကို။ စက္ခုမာ၊မျက်စိအမြင်ရှိသော။ ပုရိသော။ ယောကျ်း တယောက်သည်။ ပဿေယျ၊ ရှုလေရာ၏။ ဥပနိဗ္ဗာယေယျ၊ အနိ-အစပ် ချဉ်းကပ်ပြီးတော့ ရှုလေရာ၏။ ယောနိသော၊ သင့်တင့်လျောက်ပတ် ကောင်း မြတ်သောအားဖြင့်၊ ဥပပရိက္ခေယျ၊ စုံစမ်းဆင်ခြင်၍ ရှုလေရာ၏။

အဲ့ဒီ ဂင်္ဂါမြစ်ထဲ မျောပါလာတဲ့ ရေမြုပ်စိုင်ကြီးကို မျက်စိအမြင်ရှိတဲ့ ယောကျ်း မျက်စိကန်းနေရင် မမြင်ရဘူး။ မျက်စိနှစ်ဘက် ဒါလင်းရဝဲ့ ယောကျ်း တယောက်သည်—

ပဿေယျ၊ ရှုရာ မြင်ရာ၏။

ဒီထဲမျောပါလာတဲ့ ရေမြုပ်စိုင်ကြီးပဲ။ ဒါလောက် သာမန်ကြည့်ရုံနဲ့ မဟုတ်ဘူး။

ဥပနိဇ္ဈာယေယျ၊ စိုက်စိုက်စူးစူးကပ်ပြီးတော့ သေသေချာချာ ရှုရမယ်။ ပဿေယျ ဆိုတာက မြင်တယ်-မြင်တယ်၊ မြင်ရုံကလေးမြင်တာ။ ဥပနိဇ္ဈာယေယျက သေသေချာချာကပ်ပြီးတော့ စိုက်စိုက်စူးစူးရှုတာ။

မြင်တယ်ရှုတယ်။ ကပ်ပြီးတော့ စိုက်စိုက်စူးစူး ရှုတယ်။ နောက်တခါ တက်လာတဲ့ အပိုဒ်က ဥပပရိက္ခေယျ—

ဥပပရိက္ခေယျ၊ သေသေချာချာ စုံစမ်းဆင်ခြင်ပြီးတော့ ရှုတယ်။

"ဘုန်းကြီးတို့ယောဂီများ-ရှုတဲ့အချက် ဘယ်နှစ်ချက်လဲ"
"သုံးချက်ပါဘုရား"

သုံးချက်ပြောထားတယ်။ ရေမြုပ်ခဲပဲလို့ သာမန်ကြည့်ရုံကြည့်လိုက်တာက ပဿေယျ၊ အနီးကပ်ပြီးတော့ ရေမြုပ်ခဲရဲ့ တည်ပုံမှိုပုံ၊ ပုံပန်းသဏ္ဌာန်အနေအထားကို အသေးစိတ်စိုက်ကြည့်တာက ဥပနိဇ္ဈာယေယျ၊ ကပ်ကြည့်ရုံနဲ့ အားမရတော့ နောက်တဆင့်တက်ပြီး ဒီရေမြုပ်စိုင်ထဲမှာ ဘာတွေများရှိနေသလဲ။ ဘာတွေ ဘာတွေပေါင်းစပ်လို့ ရေမြုပ်စိုင်ကြီးဖြစ်လာသလဲလို့ ခွဲခြမ်းစိတ်ဖြာပြီးတော့ စီစစ်ကြည့်တာက ဥပပရိက္ခေယျ။

"ကြည့်နည်း-ဘယ်နှစ်နည်းလဲ"
"သုံးနည်းပါဘုရား"

ယောဂီများ-ခန္ဓာထဲ ကြည့်တဲ့နေရာမှာလဲ ဒီလိုကြည့်ရမှာပဲ။ ဘုန်းကြီးတို့ ယောဂီများ ပထမကြည့်ခါစတော့ ထွက်လေ-ဝင်လေက ထွက်တယ် ဝင်တယ်၊ ဒါပဲ။ အဲဒါပဿေယျ။ နောက်တခါထွက်တဲ့လေ ဝင်တဲ့လေက ဘယ်လိုလုပ်ပြီးတော့ ထွက်သွားတာလဲ၊ ဘယ်လိုလုပ်ပြီးတော့ ဝင်သွားတာလဲ၊ ဘယ်နေရာတိုက်သွားသလဲ၊ ဘယ်နေရာတွန်းသွားသလဲ၊ ကပ်ပြီးတော့ အသေအချာ ရှုတာက ဥပနိဇ္ဈာယေယျ။

ဘယ်နေရာမှာ တွန်းတိုက်သွားတယ်လို့ မိပြီဆိုတဲ့ အချိန်ကျတော့မှ ထိုကဲ့သို့ တွန်းတိုက်သွားတဲ့သဘောထဲမှာ ဘာတွေပါသလဲလို့ အသေးစိတ် စီစစ်ပြီးတော့ ရှုသွားတာက ဥပပရိက္ခေယျ။

"အဆင့်ဆင့် ဒီလိုတက်ရတယ်မဟုတ်လား"
"မှန်ပါတယ်ဘုရား"

ရက်က အလွန်တိုတောင်းတာမို့ ဘုန်းကြီးကိုယ်တိုင်ဟောခဲ့ရှိသော လိုချင်တဲ့နေရာအထိ ဒီလိုပဲ တင်ပေးရမှာ။

"ဒါဟာ သင်တန်းပဲနော်"

"မှန်ပါ'တယ်ဘုရား"

ဒီသင်တန်းကိုယူပြီး မိမိတို့နေရာ မိမိတို့ ရောက်တဲ့အခါကျတော့ ခြောက်-ဒီလို သွားရတာကိုး။ ပဿယျ၊ ထွက်မှုံးဝင်မှုံးဘိဇောင် ရှုကာ၌။ ဥပနိဋ္ဌာဇဝါယျ၊ ထွက်လေ ဝင်လေ ဘယ်နေရာ ကွန်းတိုက်သွားတယ်ဆိုတဲ့ တိရာအရပ်ကို ဒီတိုက်ပြီးကော ရှုတယ်။ ဥပပရိက္ခေယျ၊ တွန်းတိုက်သွားတဲ့ ဒီတွေထိမှ သဘောထဲမှာ ဘာတွေ ပါသွားတယ်ဆိုတာကို စိစစ်ပြီးတော့ ရှုတယ်။ တိုသုံးနည်းရှုရမှာပါတကား ဆိုတာ သဘောကျသား။ ဒါကြောင့်—

တမေနံ စ ဒွါမာ ပုဂ္ဂလာ ပဿေယျ နိဋ္ဌာယေယျ ယောနိသော ဥပပရိက္ခေယျ။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။တမေနံ ဖေဏပိဏ္ဍံ၊ ထိုရေမြုပ်စိုင်ကြီးကို။ စက္ခုမာ၊ မျက်စိနှစ်ကွင်း အလင်းရပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်သည်။ ပဿေယျ၊ ရှုလေရာ မြင်လေရာ၏၊

မျက်စိမြင်တဲ့လူမှ ရေမြုပ်စိုင်ကြီးကို တွေ့ရတာ။

"မျက်စိကန်းနေတဲ့လူ ရေမြုပ်စိုင်ကြီးကို တွေ့ပါ့မလား"

"မတွေ့ပါဘုရား"

ဧဝ မေဝ- ထိုအတိုင်းပါပဲ။

ခန္ဓာထဲရှိနေတဲ့၊ ဒီရေမြုပ်စိုင်ကြီးနဲ့တူတဲ့၊ ဒီရုပ်ကြီး ကြည့်နေတဲ့ ပုဂ္ဂိုလ်များ ဟာလဲ ဉာဏ်မျက်စိမြင်မှ ရေမြုပ်စိုင်နဲ့တူတဲ့ ရုပ်တရား တွေ့တာ။

"ဉာဏ်မျက်စိ မရှိရင် တွေ့ပါ့မလား"

"မတွေ့ပါဘုရား"

ဒီကနေ့ ဘုန်းကြီးတို့ ယောဂီများ ဉာဏ်မျက်စိ ရှိနေကြတယ်၊ ဉာဏ်မျက်စိကို ပေးထားတယ်။ ဟောဒီ ဘုရားပါဠိတော်ကတော့ ဖေးပြီးသား။ ဒါကြောင့် ဉာဏ်မျက်စိရှိကြတဲ့ ယောဂီတိုင်း—

(၁) ပဿေယျ- ရေမြုပ်ပဲလို့ သာမန်သိအောင် ရှုတာတမျိုး၊
(၂) ဥပနိဇ္ဈာယေယျ-ဒီရေမြုပ် ဘယ်လိုသဘောရှိသလဲလို့ ကပ်ပြီးတော့ ရှုတာတမျိုး၊
(၃) ဥပပရိက္ခေယျ- ရေမြုပ်စိုင်ထဲမှာ ဘာတွေ ပါလာတယ်ဆိုတာကို အသေးစိတ် ရှုတာတမျိုးလို့—

သုံးနည်း သုံးမျိုးတို့ဖြင့် ရှုကြရမယ်။ ရှုလိုက်တော့ ထိုရေမြုပ်စိုင်ကြီးကို ရှုနေတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ထဲ ဘာတွေတွေ့သလဲ ဆိုလို့ရှိရင်—

သဘော ၃-မျိုး ထင်လာတယ်

တဿ တံ ပဿတော နိဇ္ဈာယတော ယောနိသော ဥပပရိက္ခတော ရိတ္တာကညော ခါယေယျ၊ တုစ္ဆာကညော ခါယေယျ၊ အသာရကညော ခါယေယျ၊ ကိ ဟိ သိယာ ဘိက္ခဝေ ဖေဏပိဏ္ဍော သာရော့။

သံယုတ္တနိကာယ်- ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၁၁၄။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ တံ ဖေဏပိဏ္ဍံ၊ ထိုရေမြုပ်စိုင်ကြီးကို။ ပဿတော၊ ရှုမှတ်ရှိနေသော။ (ဝါ) ကြည့်ရှုနေသော။ ဥပနိဇ္ဈာယတော၊ စိုက်စိုက်စူးစူး နှိုက်နှိုက်ချွတ်ချွတ် ရှုရှုနေသော။ ယောနိသော၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်သောအားဖြင့်။ ဥပပရိက္ခတော၊ စုံစမ်းဆင်ခြင်ရှိနေသော။ တဿ၊ ထိုရေမြုပ်စိုင်ကို ရှုနေသော ပုဂ္ဂိုလ်အား။ (ဝါ) ပုဂ္ဂိုလ်၏။ ဧဝံ၊ ဤသို့။ ခါယေယျ၊ ထင်ရှားရှု လာရာ၏။

ရှုနည်းသုံးနည်းတို့ဖြင့် ရှုနေတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ထင်ရှားလာတယ်။ ဘာတွေ ထင်ရှားလာသလဲဆိုရင် ပထမ ထင်ရှားလာတာက ရေမြုပ်စိုင်၊ နောက်တဆင့်တက် အသေးစိတ် ရှုလိုက်တဲ့အခါကျတော့ ရေမြုပ်စိုင်ထဲမှာရှိတဲ့ သဘောတွေ နားလယ်သွားတယ်။ ထိုကနေ ကပ်ပြီးတော့ ရှုလိုက်တဲ့ အခါကျတော့—

ယောနိသော၊ အသင့်အတင့်ကပ်ပြီးတော့ အသေးစိတ် ရှုလိုက်တဲ့ အခါကျတော့—

(၁) ရိတ္တာကညော ခါယေယျ- အချည်းနှီးပဲ။ ဘာမှ မရှိဘူး ဆိုတဲ့ သဘောတွေ ထင်ရှားလာတယ်။

(၂) တုစ္ဆက ညေဝ ခါငယယျ-ဆိတ်သုဉ်းနေတဲ့ သဘောတွေ ထင်ရှားလာတယ်။

(၃) အသာရက ညေဝ ခါယေယျ- အနှစ်မရှိဘူးဆိုတဲ့ သဘောတွေ ထင်ရှားလာတယ်။

ရိတ္တကညေဝ ခါယေယျ၊ တုစ္ဆကညေဝ ခါယေယျ၊ အသာရကညေဝ ခါယေယျ၊ အမြားအခြားသော ပါဠိတော်များမှာတော့ သုညကညေဝ ခါယေယျတပိုဒ်လာတယ်။ ဒီပါဠိတော်ထဲတော့ သုညကညေဝ ခါယေယျ မပါဘူး။ သုညကညေဝ ခါယေယျဆိုတာ တုစ္ဆကညေဝ ခါယေယျနဲ့သူက ထပ်သွားတယ်။

ရိဘ္ဘာ၊ တုစ္ဆ၊ အသာရက သဘောတွေ ထင်လာတယ်။ ရိတ္တ– အချည်းနှီး၊ သက်သက် နှိပ်စက်နေတဲ့သဘောတွေပဲ။ တုစ္ဆ– အနှစ်သာရ ဆိတ်သုဉ်းနေတဲ့ သဘောတွေပဲ။ အသာရက– အနှစ်သာရ ရစရာ ယူစရာ ဘာမှမရှိတဲ့သဘောတွေပဲ။ ရေမြုပ်စိုင်မှာ ထင်လာတယ်တဲ့။

ရေမြုပ်စိုင်ကို အဝေးက ရှုတာ၊ကပ်ပြီးတော့ ရှုတာ၊ အသေးစိတ် ရှုတာ။

"ဘယ်နှစ်နည်း ရှုသလဲ"

"သုံးနည်း ရှုပါတယ်ဘုရား"

"အဲဒီသုံးနည်းကို မြင်ရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ရဲ့ သန္ဓာန်မှာ ရိတ္တာ၊ တုစ္ဆ၊ အသာရက သဘောတွေ ထင်လာတယ်။ အချည်းနှီး ဘာမှမရှိဘူး၊ သူည သဘောတွေပဲပို့ သူ့သန္ဓာန် ထင်ရှားလာတယ်"

"မှန်ပါတယ်ဘုရား"

ရုပ်တရားမှန်သမျှ ရေမြုပ်စိုင်နဲ့တူတယ်

ဓေမေဝ ဓေါ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓံဝါ သြဠာရိကံ ဝါသုခုမံ ဝါဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်-၁၁၄။

ဧဝမေဝ-ဧစံတတာ၊ ထိုရေမြုပ်စိုင်ကြီးနဲ့ ပမာထားယူ အလားတူသာလျှင်။ အတိတ်နာဂတ ပစ္စုပ္ပန်၊ အတိတ် အနာဂတ် ပစ္စုပ်ပန်၌ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ဖြစ်၍နေသော။ ယံကိဉ္စိရူပံ။ အလုံးစုံသော ရုပ်တရားသည်။

အတိတ်ကဖြစ်ခဲ့တဲ့ ရုပ်တရားအားလုံး၊ ယခုလောလောဆယ်ဆယ် ဖြစ်နေတဲ့ ရုပ်တရားအားလုံး၊ အနာဂတ်မှာ ဇာတိ မမြုံသေးရင် ဖြစ်နေအုံးမယ့် ရုပ်တရားအားလုံးဟာ—

အဇ္ဈတ္တံ ဝါ-မိမိရဲ့ အဇ္ဈတ္တသန္တာန်မှာ ဖြစ်နေတဲ့ ရုပ်ဘရားအားလုံး။
ဗဟိဒ္ဓံ ဝါ-အပြင်အပ ရှိနေတဲ့ ရုပ်အားလုံး။

မိမိရဲ့ အတွင်းခန္ဓာထဲက ရုပ်၊ အပြင်အ၇ တခြားပုဂ္ဂိုလ်တွေ့ရဲ့ ခန္ဓာမှာရှိနေတဲ့ ရုပ်၊ ဘယ်ရုပ်ပဲဖြစ်ဖြစ် ရုပ်ဘရားအားလုံး။

သြဠာရိကံ ဝါ သုခုမံ ဝါ၊ သြဠာရိက—အလွန်ကြမ်းတဲ့ရုပ်။

အလွန်ကြမ်းတဲ့ လူတွေ့ရဲ့ရုပ်၊ အလွန်ကြမ်းတဲ့ တိရစ္ဆာန်တွေ့ရဲ့ရုပ်၊ အလွန်ကြမ်းတဲ့ အပါယ်ဘုံသားတွေ့ရဲ့ ရုပ်။

သုခုမ အလွန်နူးညံ့ သိမ်မွေ့တဲ့ရုပ်။

အလွန်နူးညံ့ သိမ်မွေ့တဲ့ စကြာမင်းကြီးများရဲ့ ရုပ်၊ အလွန်နူးညံ့သိမ်မွေ့တဲ့ နတ်တွေ့ရဲ့ရုပ်၊ အလွန်နူးညံ့သိမ်မွေ့ဘဲ့ ဗြဟ္မာတွေ့ရဲ့ ရုပ်၊ သြဠာရိက၊ သုခုမကြမ်းတမ်းတဲ့ရုပ် နုတဲ့ရုပ် ဘယ်ရုပ်ပဲ ဖြစ်ဖြစ်—

ဟီနံ ဝါ ပဏီတံ ဝါ။

ဟီန-ယုတ်ညံ့တဲ့ရုပ်၊
ပဏီတ-မြင့်မြတ်တဲ့ရုပ်၊

ယံ ဒူရေ သန္တိကေ ဝါ—မိမိအာရုံအနေနဲ့ နီးစ့ာယူလို့ရတဲ့ရုပ်။ အဝေးကြီးဝို့လို့ မိမိအာရုံ ယူလို့မရတဲ့ရုပ်။

ဘယ်ရုပ်ပဲဖြစ်ဖြစ် မိမိမျက်စိအနေနဲ့ မြင်နေရတဲ့ရုပ်ဟာ အနီးကပ်ရုပ်ပဲ။ မျက်စိနဲ့ မမြင်နိုင်တဲ့ ဟို-နတ်ပြည်ဗြဟ္မာပြည်က ရုပ်တွေကျတော့ အဝေးရုပ်ပေါ့။ နီးတဲ့ရုပ် ဝေးတဲ့ရုပ် ဘယ်ရုပ်ပဲဖြစ်ဖြစ် ရုပ်တရားမှန်သမျှ—

ယံ ကိဉ္စိ ရူပံ၊ ရုပ်တရားအားလုံးသည်။ အဂယျူပဂံ ဖေဏပိဏ္ဍူပမံ၊ အဲဒီရေမြုပ်စိုင်ကြီးနဲ့ တူတယ်။

အပယ္ဖုပင်္ဂံ၊ရစရာ ဘာမှမရှိဘူးရယ်လို့။ ပသေယျ၊ ရှုလေရာ၏။ ဥပနိဈာယေယျ၊ ကပ်ပြီးတော့ ရှုလေရာ၏။ ယောနိသော ဥပပရိက္ခေယျ၊ သူ့တော် လျောက်ပတ် ကောင်းမြတ်သော အကြောင်းအားဖြင့် စုံစမ်းအပ်ခြင်းပြီးတော့ ရှုမှတ်လေရာ၏။

တံ၊ ထိုရုပ်ကို။ ပဿတော၊ ရှုသော။ ကဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ (ဝါ) ယောဂီပုဂ္ဂိုလ်၏။ ဧဝံ၊ ကျိသို့။ ခါယေယျ၊ ညွှန်ကဲ့မှာ တင်ရှားခြင်း လာခဲ့ရာ၏။

ဘယ်နှယ်ထင်တုံးဆိုတော့—

တံရူပံ၊ ထိုရုပ်တရားသည်။ ရိတ္တကညော၊ အချည်းနှီးသာလျှင်တည်း။ တုစ္ဆကညော၊ ဆိတ်သုဉ်းနေတော့ သည်သာလျှင်တည်း။ အသာရကညော၊ အနှစ်သာရမရှိတော့သည်သာလျှင်တည်း။

ဣတိ၊ ကျိသို့။ ခါယေယျ၊ ထင်ရှားခြင်း လာခဲ့လေရာ၏။ (ဝါ) ထင်ရှားအောင် ရှုပါလေ။

ပထမ ဥပမာတရပ်က ရိတ္တာ။ဒုတိယဥပမာတရပ်က တုစ္ဆာ။တတိယဥပမာတရပ်က အသာရကာ။ ရေမြုပ်စိုင်ကြီးထဲမှာ အချည်းနှီး ဘာမှ အနှစ်သာရမရှိသလို၊ နိစ္စ၊ ဓုဝ၊ သုခ၊ သုဘသဘောတွေ့ ဆိတ်သုဉ်းနေသလို ယောဂီများရဲ့ ရုပ်ထဲမှာ ရှာလိုက်လို့ရှိရင်လဲပဲ ရေမြုပ်စိုင်ကြီးနဲ့ ပမာဘူကြောင်း၊ ရိတ္တာ၊ တုစ္ဆာ၊ အသာရက သဘောတွေ့ ပေါ်လာအောင် ဒီလိုရှုပါလို့ ဘုရားရှင်ကိုယ်တော်မြတ် ဥပမာတင်ပြထားတယ်။

ဒါဖြင့်ရင် ယခုရှုတ်ဆိုခဲ့တဲ့ ပါဠိတော်တွေကို ချုံးလိုက်ဘဲအခါ ဘာရတုံးဆိုတော့ ယောဂီများရဲ့ ရုပ်တရားသည် ရေမြုပ်စိုင်နဲ့ တူတယ်ဆိုတဲ့ စကားရတယ်။

"ဘာရပါလိမ့်"

"ရေမြုပ်စိုင်ကြီးနဲ့ တူတယ်ဆိုတဲ့စကား ရပါတယ်ဘုရား"

ရုပ်တရားကိုလဲ နည်း ၃-နည်းနဲ့ ကြည့်ရှု

ရုပ်တရားဟာ ရေမြုပ်စိုင်ကြီးနဲ့ တူတယ်။ ရေမြုပ်စိုင်ကြီးထဲမှာ ရိတ္တာ၊ တုစ္ဆာ၊ သုည၊ အသာရဖြစ်နေသလို ယောဂီတို့ရဲ့ ရုပ်တရားထဲ ရှာလိုက်ရင်လဲပဲ ရိတ္တာ၊ တုစ္ဆာ၊ သုည၊ အသာရသဘောတွေပဲ ရှိတယ်။

ရိတ်တာ၊ တုစ္ဆာ၊ အသာရ၊ သုည။ သုညဆိုတာ နိစ္စသဘောမှ ဆိတ်သုဉ်းနေတာ၊ သုခသဘောမှ ဆိတ်သုဉ်းနေတာ၊ အတ္တာသဘောမှ ဆိတ်သုဉ်းနေတာဟာ သုည။ နိစ္စ၊ သုခ၊ အတ္တာမှ ဆိတ်သုဉ်းနေတာကို သုညခေါ်တယ်။ နောက်က တဝမ်းပူလေး တခုထည့်လိုက်ရင် သုညတခေါ်တယ်။

"ဘာတဲ့တုံး"

"သုညတခေါ်ပါတယ်ဘုရား"

နိစ္စသဘောမှ ဆိတ်သုဉ်း၍ နေသောကြောင့် သုညတ၊ သုခသဘောမှလဲပဲ ဆိတ်သုဉ်း၍ နေသောကြောင့် သုညတ။အတ္တာသဘောမှ ဆိတ်သုဉ်း၍နေသောကြောင့် သုညတ။

ရေမြုပ်စိုင်ကြီးကိုကိုင်ကြည့်လိုက်လို့ရှိရင် ဘာမှယူလို့မရသလို ရုပ်တရားကြီးကိုလဲပဲ ဉာဏ်ဆိုတဲ့ လက်နဲ့ ကိုင်ကြည့်လိုက်ရင် ကိုင်လိုက်တိုင်း၊ ကိုင်လိုက်တိုင်း အကုန်ကြေမွသွားတာ တွေ့ရမယ်။ ရေထဲမျောပါလာတဲ့ ရေမြုပ်စိုင်ကြီးလှလိုက်တာ၊ ဘုန်းကြီးတို့ ယောဂီများ မြစ်ထဲဆင်း၊ လက်နဲ့ ဆုပ်ကြည့်လိုက်စမ်း။

"လက်နဲ့ ထိလိုက်တာနဲ့တပြိုင်နက်တဲ့ စိစိညက်ညက်ကြေမသွားဘူးလား"

"ကြေသွားပါဘုရား"

ဂယှူပဂ-ရယူစရာဘာမှမရှိ။ ရေမြုပ်စိုင်ကြီးလက်နဲ့ကိုင်၊ စိစိညက်ညက်ကြေသွားသလို ဟောဒီ ရုပ်တရားကြီးကိုလဲ ဉာဏ်ဆိုတဲ့ လက်နဲ့ ကိုင်လိုက်တာနဲ့ တပြိုင်နက်တဲ့ စိစိညက်ညက်ကြေသွားတာတွေ့ အကုန်တွေ့ရမယ်နော်။

အေး-တို့ယောဂီများကို သင်တန်းသဘောနဲ့ ဒီလိုပဲစိစဉ်သွားရမယ်။တကယ် အချိန်ယူပြီးတော့ ရှုကွက်ဖော်ပြပြီဆိုတဲ့ အခါကျတော့ ဒီအစီစဉ်ဟာ တွေ့ကို တွေ့မှာနော်။

"အဲဒါကို ယုံရဲ့လား"

"ယုံပါတယ် ဘုရား"

"ဘုန်းကြီးတို့ယောဂီများ-ဓမ္မသဘောကို ယုံရမယ်"

"မှန်ပါဘုရား"

နိယျာနိက ဓမ္မရဲ့ ဒိဿဘောကို ယုံကြည်ထားခြင်းဟာ ပြောခဲ့ပြီးဖြစ်တဲ့ အတိုင်း—

သဒ္ဓါ စ ဟောတိ။

ယုံကြည်ချက်ရှိတဲ့ ယောဂိရဲ့ အင်္ဂါတပါး။
ရေမြုပ်စိုင်ကို နောက်တဆင့်တက်ပြီးတော့ ကြည့်ပုံပဲ။ အနိုးကပ်ပြီးတော့ စိုက်စိုက်စူးစူးကြည့်လိုက်အုံး။ ကုတ်ကလေးတချောင်းနဲ့ ခွဲချပြီးတော့ ကြည့်လိုက်အုံး။

အဲဒါမှာ ဘာကွေပါကုံးဆိုရင် အညစ်အကြေးတွေကျင်ကြွေးတွေကျင်ငယ်ငတွေ၊ လူမစင်၊ ဝဲငုံးပစင်၊ နွားမစင် အစရှိတဲ့ ပစင်အညစ်အကြေးတွေဟာ ဒီရေပေါ်ပေါ်လာတဲ့ ရေမြုပ်စိုင်ထဲမှာ ပါလာတတ်တယ်။

နောက်တခါ ထိုရေမြုပ်စိုင်ထဲမှာ ရေပိုးရေမွှားဘိုးတွဲ ပိုးမွှားတွေလဲဟဲ့ အမျှားကြီး ပါလာတတ်တယ်။ ရေထဲမှာ မျောပါလာတဲ့ ရေမြုပ်စိုင်ကြွေးကို အနားကပ်ပြီးတော့ အစိပ်စိပ်အမွှာမွှာကြည့်ရင်—

(၁) ပိုးမွှားကွေပါလာတယ်။
(၂) အညစ်အကြေးတွေ ပါလာတယ်။

"နံပါတ်(၁)ကဘာတွေ ပါလာတယ်"
"ပိုးမွှားတွေ ပါလာပါတယ်ဘုရား"
"နံပါတ်(၂)ကကော"
"အညစ်ကြေးတွေ ပါပါတယ်ဘုရား"
"ပိုးမွှားတွေနဲ့ အညစ်အကြေးတွေ ပါလာတာကို ဟို-အဝေးကြီး ကဲ့မ်း ပေါ်က လှမ်းကြည့်လိုက်ရင် မြင်ရပါ့မလား"
"မမြင်ရပါဘုရား"
"အနီးအစပ် ချဉ်းကပ်ပြီးတော့ သေသေချာချာ တုတ်နဲ့ဖွနှောက်ခဲ့စိတ် ကြည့်မှ သိရတယ်နော်"
"မှန်ပါတယ်ဘုရား"

ပဿေယျ-အဝေးက ကြည့်နေရုံနဲ့တော့ ရေမြုပ်စိုင်မှာ သိရုံပဲရှိတယ်။ ဥပနိဇ္ဈာယေယျ-ကပ်ကြည့်တဲ့အခါကျတော့မှ အညစ်အကြေးနဲ့ ပိုးမွှားပါတယ်ဆိုတာ သိရတယ်။ ယောနိသော ဥပပရိက္ခေယျ-အသေးစိတ် ဝဲကြည့်တဲ့အခါကျတော့ ပိုးမွှားကွေက ဘယ်လို၊ အညစ်အကြေးတွေက ဘယ့်နှယ် အသေးစိတ် သိရတယ်။

ဒါကြောင့် ယောဂိမျှားရဲ့ ဟောဒိရုပ်တရားကြီးကို ကြည့်တဲ့အခါမှာ လဲပဲ အဝေးက ကြည့်နေရင် ဟောဒိရုပ်ဆိုတာ သာမန်လောက်ပဲ သိရမယ်။

အနီးအစပ်ချဉ်းကပ်ပြီး စိုက်စိုက် စူးစူးနှိုက်ပြီးတော့ကြည့်လိုက်တဲ့အခါကျတော့ ရုပ်ဘယ်နှစ်မျိုးဆိုတာ သိရမယ်။ အသေးစိတ်စူးစိုက်ပြီး ခွဲခြမ်းကြည့်လိုက်တဲ့ အခါကျတော့-ရုပ်နဲ့ လက္ခဏာတွေပါ သိရမယ်။

"သိပုံက ဒီလိုမလာဘူးလား"
"လာပါတယ်ဘုရား"

ရုပ်မှန်းသိတယ်။ရုပ်တို့ရဲ့သဘောကိုလဲသိတယ်။ ထိုရုပ်ကိုယ် သဘောကလဲပဲ သာမညနဲ့ သဘာဝဆိုပြီးတော့ နှစ်မျိုးသိရတယ်။

"အသေးစိတ်မဟုတ်လား"
"မှန်ပါဘုရား"

ဒါကြောင့် ရေမြုပ်စိုင်ကြီးကို ကြည့်ပုံ ကြည့်နည်း သုံးနည်းပြသလို ဟော ဒီရုပ်တရားကြီးကို ကြည့်တဲ့အခါမှာလဲပဲ။

(၁) အပေါ်ယံ သာမန်အနေနဲ့ ထင်လေဝင်လေမှန်း သိအောင်ကြည့်တာတာတမျိုး၊
(၂) ထင်လေဝင်လေနဲ့ နှာခေါင်းနဲ့ ထိရာအရုပ်မှာ သတိကပ်ပြီးတော့ ဝဲဒါယော ရုပ်မှန်းသိအောင် ကြည့်တာက တမျိုး၊

ဝဲဒါယောရုပ်လို့ ခေါ်တဲ့ ရေမြုပ်စိုင်ကြီးတော့ နှာခေါင်းနဲ့ထိရာ အရုပ်မှာ သတိကပ်လို့ တွေ့ရပြီဆိုတဲ့ အချိန်မှာ နောက်တဆင့်လိုက်ပီးတော့—

(၃) ရေမြုပ်စိုင်ကြီးထဲမှာ ပိုးမွှားတိရစ္ဆာန် အညစ်အကြေးတွေ ပါလာတာ တွေ့အောင်ကြည့်သလို ဒီဝဲဒါယောရုပ်ထဲမှာလဲ ပိုးမွှားတိရစ္ဆာန် အညစ်အကြေးတွေနဲ့ ပမာဘူတဲ့ အခြားရုပ်တရားတွေ ပါကြောင်း တွေ့အောင်ကြည့်ရမှာက တမျိုး။

အဲဒီလို အသေးစိတ် ကြည့်နိုင်မှတဲ့။ ဘာဖြစ်မတုံးဆိုရင်—

သုတမယဉာဏ်ဆိုတဲ့ တမျဉ်းကြိုးလေးနဲ့ချ

ဧဝံ ပသဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ။ ဝေဒနာယပိ။ သညာယပိ။သင်္ခရေသုပိ။ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဈတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ "ဝိမုတ္တ" မိတိ ဉာဏံ ဟောတိ။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၁၁၆။

ဘိက္ခဝေ၊ ပရိသတ်လေးပါးချစ်သား ချစ်သမီးတို့။ ဧဝံ၊ ဤသို့။ပသံ-ပဿန္တော၊ရှုမှတ်တယ်ဆိုတဲ့ ယောဂိပုဂ္ဂိုလ်သည်။ ဂျပဉ္စိ်၊ရုပ်တရား၌။ နိပ္ပီဠေတိ၊ ငြိုးငွေ့လေတော့၏။

ဒီလို အသေးစိတ်ရှုလို့ရှိရင် ဒီယောဂိပုဂ္ဂိုလ်ဟာ ရုပ်တရားကို ဖြေးဖြေး-ဖြေးဖြေးနဲ့ စက်ဆုပ်သွားတယ်။ ငြိုးငွေ့သွားတယ်။

ရေမြုပ်စိုင်ကို အဝေးက လှမ်းကြည့်လိုက်တော့ ကစားစရာကောင်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့အမြင်နဲ့က တမျိုး။အနားကပ်ကြည့်လိုက်တဲ့အခါကျတော့ ပိုးမွှားအညစ်အကြေးတွေပါလာတာ တွေ့ရပြီး ကစားချင်စိတ် ကုန်သွားပြီဆိုတာက တမျိုး။

အသေးစိတ် မေ့နှောက်ကြည့်လိုက်တဲ့အခါကျတော့ ပိုးတွေက ဘယ်နှစ်မျိုး၊ မြေတွေက ဘယ်နှစ်ကောင်၊ ရှုံစရာမစင်အညစ်အကြေးတွေက ဘယ်လို ပါလာတယ်ဆိုတာကို သိရပြန်တော့ မကြည့်ချင်တော့ဘူးဆိုပြီး အပြီးတိုင် မုန်းတီးသွားတယ်ဆိုတာက တမျိုး။

အဲဒီလိုပဲ ဒီရုပ်တရား ဖိုက်ကြည့်လိုက်တဲ့အခါကျတော့ ငြိုးငွေ့လာတယ်။

၉၀ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဧဝံ၊ ဤသို့။ပဿံ-ပဿန္တော၊ ရှုမှတ်၍ နေသော။ သုတ ဝါ၊ ယခုလို ဟောကြားထားတဲ့ တရားစကားတွေကို ကြားဘူးနားဝ ရှိသော။ အရိယသာဝကော၊ အရိယာ၏ သာဝကသည်။ (ဝါ) အရိယာဖြစ်ဖို့ရန် အားထုတ်နေတဲ့ ပုဂ္ဂိုလ်သည်။

"သုတဝါ-သုတ ရှိကိုရှိရမယ်နော်"
"မှန်ပါဘုရား"
"သုတမယဉာဏ် မလိုဘူးလား-လိုသလား"
"လိုပါတယ်ဘုရား"

တရားနာခြင်း၊ တရားအာဃာထုတ်ခြင်းဆိုတဲ့ သုတမယဉာဏ်ဟာ တရားအာဃာထုတ်ကြတဲ့ ဘုန်းကြီးတို့ ယောဂီများအတွက်-ပေတံနဲ့တူတယ်။ တမျဉ်းကြိုးနဲ့လဲ တူတယ်။

ပေတံရှိတဲ့အခါကျတော့ ရောဘယ်လောက်နက်တယ်။ ဘယ်လောက်တိမ်တယ်။ တိုင်းကြည့်သိတယ်။ တမျဉ်းကြိုးလို့ခေါ်တဲ့ ကြိုးကလေးတချောင်းရှိ

ထားတဲ့ သစ်ခွဲသမားဟာ သစ်တုံးကြီးတခုရဲ့ ဟိုဘက်ထိပ်ကတယောက် ဒီဘက်ထိပ်ကတယောက်· တဖက်တဟောက် ကြိုးကလေးကို တင်းနေအောင်ဆွဲ။ မဲနက်တဲ့ ဆိုးဆေးရည်တွေကြိုးမှာ လိမ်းကျံစိုစွတ်စေပြီးတော့ အလယ်ခေါင်က လူတယောက်က ကြိုးကို ဆွဲမပြီး လွှတ်လိုက်တဲ့အခါမှာ ဖြန်းကနဲဆို သစ်တုံးကို ကြိုးကလေးရိုက်လိုက်တော့ မဲနေတဲ့ မျဉ်းကြောင်းဖြောင့်ဖြောင့်ကလေး ထင်သားတယ်။

အဲဒီ မျဉ်းကြောင်းကလေးအတိုင်း လှန့် တိုက်ခဲ့လိုက်တဲ့အခါကျတော့ ဒီဥစ္စာက အကာ။ ဒီဥစ္စာက အနှစ်။ အကာနှင့်အနှစ် နားလယ်သွားတယ်။ အကာကိုဖယ်ပြီးတော့ အနှစ်ကို ရသွားတယ်။ ဒီအတိုင်းပါပဲ ပါဠိတော်ကြီးတွေ၊ သုတ္တန်ကြီးတွေ နာကြရတယ်ဆိုတာ ယောဂီများအတွက် သစ်ခွဲဖို့ရန် တမျဉ်းကြိုးလေး ပေးတာ။

"ဘာပေးတာလဲ"

"တမျဉ်းကြိုးလေး ပေးတာပဲဘုရား"

အနှစ်နဲ့အကာ ခွဲခြားသိတဲ့ ရူပပရိစ္ဆေဒဉာဏ်

ဒီခန္ဓာကိုယ် တည်းဟူသော သစ်တုံးကြီးကို ဉာဏ်တည်းဟူသော လှန့် ခွဲလိုက်တော့မယ်ကြံရင် တရားနာခြင်း- သုတမယဉာဏ်ဆိုတဲ့ တမျဉ်းကြိုးကလေးနဲ့ ပထမဦးစွာ မျဉ်းချ။ မျဉ်းချပြီးတော့မှ ဉာဏ်ဆိုတဲ့လှန့် တင်ခဲ့လိုက်တော့ အကာတခြား၊ အနှစ်တခြား ထွက်လာတယ်။ အကာဆိုတာက ရုပ်တရား။

"အကာဆိုတာက"

"ရုပ်တရားပါဘုရား"

အနှစ်ဆိုတာက ရုပ်မှန်းသိတဲ့ ဉာဏ်။

"အနှစ်ဆိုတာက"

"ရုပ်မှန်းသိတဲ့ ဉာဏ်ပါဘုရား"

စာလိုပြောတော့ ရူပပရိစ္ဆေဒဉာဏ်။

"ဘာပါလိမ့်"

"ရူပပရိစ္ဆေဒဉာဏ်ပါဘုရား"

ရူပပရိစ္ဆေဒဉာဏ်ဆိုတဲ့ အနှစ်ကိုရအောင်၊ ရုပ်တရားဆိုတဲ့ အကာကြီးကို ဖယ်နိုင်အောင် တရားနာခြင်းဆိုတဲ့ သုတမယဉာဏ် မျဉ်းကြိုးလေး ပထမ

ချထားရတယ်။ အဲဒီမျှင်းကြောင်းအတိုင်း ယောဂီများ ထိုင်ကြိုးတော့ လိုက်သွားရတာက လွှကို ဆွဲနေတယ်ဆိုတဲ့ လွှသမားလို ယောဂီများ အလုပ်လုပ်နေတာ။

"ယောဂီများက လွှသမား၊ ဘုန်းကြီးတို့ဟောတဲ့ သုတ္တန်ပါ၊ တော်များက တမျှင်းကြိုးလေးနော်"
"မှန်ပါတယ်ဘုရား"
"ယောဂီများရဲ့ ညာဏ်ဘုံတာက လွှကြိုးနဲ့တူတယ်။ ဟုတ်ပြီနော်"
"မှန်ပါဘုရား"

ငြိုးငွေ့ခြင်းဆိုတဲ့ နိဗ္ဗိန္ဒာဉာဏ်

ဇဝံ မယာ သုတံ ဧကံ သမယံ ဘဂဝါ အဂိုယသာဝတ္ထိယံ ဝိဟရတိ နိဂ္ဂဏ္ဌတိ။

ဘိက္ခဝေ၊ ပရိသာတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဇဝံ၊ ဤသို့။ ပသုံ-ပသဒ္ဓေ၊ ရှုမှတ်၍ နေလေ့ရှိတဲ့ ယောဂီပုဂ္ဂိုလ်များသည်။ သုတဝါ၊ ရုပ်တရားအကြောင်း ကောင်းကောင်းကြီး မှတ်သား နာကြားထားတဲ့အသိဉာဏ် ရှိနေ၍ နေပေသော်။ (ဝါ) သုတမယဉာဏ်ရှိ၍ နေပေသော်။အဂိုယသာဝတ္ထိကော၊ အရိယာပုဂ္ဂိုလ်တို့ရဲ့တပည့်သည်။(ဝါ)အဂိုယာဖြစ်အောင်အားထုတ်နေပါတယ်ဆိုတဲ့ ယောဂိသူတော်စင်သည်။ ရူပဿိ၊ ရုပ်တရား၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့လေတော့၏။

ရုပ်တရားဟာ ရေမြုပ်စိုင်ကြီးလိုပဲ ရစရာ ယူစရာ ဘာမှ မရှိဘူးလို့ သိတဲ့သဘောလေး၊ ရူပပရိစ္ဆေဒဉာဏ် ပိုင်လဲ့ပိုင်ရော အဲဒီ ရုပ်တရား အပေါ်မှာ ငြီးငွေ့တယ်ဆိုတဲ့ နိဗ္ဗိန္ဒဉာဏ် ရောက်လာတယ်။

ရုပ်တရားကို ပိုင်းပိုင်းခြားခြား သိတယ်ဆိုတဲ့ ရူပပရိစ္ဆေဒဉာဏ်။
ရုပ်တရားအပေါ်မှာ ငြီးငွေ့တယ်ဆိုတဲ့ နိဗ္ဗိန္ဒဉာဏ်။
"ဘယ်နှစ်ပါးလဲ"
"နှစ်ပါးပါဘုရား"

"ဉာဏ်စဉ်ဆယ်မျိုး အသာထား။ ဒီနှစ်ခုကို အလေးအနက် မှတ်ထားလိုက်နော်"

"မှန်ပါဘုရား"

ဉာဏ်စဉ်ဆယ်မျိုး အသေးစိတ်ကတော့ ဘုန်းကြီးတို့ ဟောထားတဲ့ အာနာပါနသတိ သုံ့ကွန်မှာလဲ ရှိပါတယ်။ ဒီနေရာမှာတော့ ဉာဏ်စဉ်သုံးမျိုးပဲ ပြောမယ်။

(၁) ရေမြုပ်စိုင်နဲ့ ပမာထား။ ရုပ်ကို ကောင်းကောင်းသိတဲ့ဉာဏ်က ရူပပရိစ္ဆေဒဉာဏ်၊

(၂) ရုပ်ရဲ့သဘော ကောင်းကောင်းပိုင်လို့ရှိရင် ရုပ်အပေါ်မှာ ငြိုးငွေ့တယ်ဆိုတဲ့ နိဗ္ဗိန္ဒဉာဏ်၊

(၃) ရူပသို့ နိဗ္ဗိန္ဒတိ- ရုပ်တရားတွေအပေါ် ငြိုးငွေ့လာရင် ငြိုးငွေ့တဲ့ ရုပ်တရားအပေါ်မှာ တဖြေးဖြေးနဲ့ ကပ်နေတဲ့ သဘောလေးတွေ ကွာကွာ-ကွာကွာသွားတဲ့ ဝိရာဂဉာဏ်၊

"ဘယ်နှစ်မျိုးလဲ"

"သုံးမျိုးပါဘုရား"

တပ်မက်မှုရာဂမှ ကင်းခြင်း ဝိရာဂဉာဏ်

ရထဲမှာ နေရောင်ကလဲ ထိုးထား၊ အောက်က ရေလို့ငိုးကလဲ ရှိတော့ တလိမ့်လိမ့်နဲ့မျောလာတဲ့ ရေမြုပ်စိုင်ဟာ အဝေးကကြည့်လိုက်တော့ သိပ်ကို လှနေတာပဲ။ နေရောင်လေးကလဲ ထိုးထားတော့ ဖြူဖွေးလို့ လက်နေလယ်။ ရေလို့ငိုးက တွန်းတင်ပေးထားတဲ့အတွက်ကြောင့် လိမ့်လိမ့်လိမ့်လိမ့်နဲ့ တခါတဲ့ ကြည်နူးစရာ ကောင်းနေတယ်။

"ရေမြုပ်စိုင်ကြီးဟာ သိပ်လှတယ်နော်"

"မှန်ပါ၊ လှပါတယ်ဘုရား"

ရေမြုပ်စိုင်ကြီး လှတယ်။ရစရာယူစရာရှိတယ်လို့ တင်ထားတဲ့အချိန် ယောဂီရဲ့ စိတ်ထဲဘယ်နှယ်မြင်လာသလဲ။ ငါရချင်လိုက်တာ၊ ယူချင်လိုက်တာ၊ကစားစရာအနေနဲ့ သုံးရကောင်းမလား၊ အိမ်မှာ တစုံတခု အသုံးအဆောင်များပြုရကောင်းမလား၊ စိတ်ထဲ လိုချင်မှု ဖြစ်ပေါ်လာတယ်။

သေသေချာချာ အနားကပ်လဲ ကြည့်လိုက်ရော ပိုးမွှားတွေနဲ့ အညစ်အကြေး တွေချည်းပဲလို့ သိလိုက်တော့ ရေမြုပ်စိုင်ကြီးအပေါ်မှာ ငြိုးငွေ့သွားတယ်။ မစင်အညစ်အကြေးတွေ၊ ပိုးမွှားတွေ ပါမှန်းလဲသိရော စက်ဆုပ်သွားတယ်။

ဒါပေမယ့်-မစင်အညစ်ကြေး၊ ပိုးမွှားတွေ ဘယ်နယ်ပါလာတယ်ဆိုတာ အသေးစိတ် မသိရသေးတော့ တုတ်ကလေးတချောင်းနဲ့ ပွေ့ပြီးတော့ ခဲစိတ် ကြည့်လိုက်တဲ့အခါမှာ မစင်တွေရော၊ အညစ်အကြေးကောရော၊ ပိုးမွှားတွေပါ အကုန်လုံး ဖုံးလွှမ်းသွားတယ်။ ရေမြုပ်တောင် ပျောက်သွားတယ်။

အဲဒီအချိန်ကျတော့မှ လိုချင်တယ်ဆိုတဲ့ စိတ်ဟာ လုံးလုံးကုန်ခန်းသွား တော့တယ်။ အနားကပ်ကြည့်ချင်တဲ့ စိတ်ဒဏ်မရှိတော့ဘူးဖြစ်။ ဒဲဒီဒေါ ပါဠိတော်ဘဆင့်တက်လိုက်-

ရူပသ္မိမွိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။

ရူပသ္မိ၊ ရုပ်တရား၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့လေတော့၏။ နိဗ္ဗိန္ဒံ—နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့ပါတယ်ဆိုတဲ့ ယောဂီပုဂ္ဂိုလ်သည်။ ဝိရဇ္ဇတိ၊ ရုပ်တရား၌ အပေါ်မှာ စွဲမက်ခြင်းဆိုတဲ့ ရာဂတရား ကင်းကွာ၍ သွားလေတော့၏။

"ဝိရာဂ ဘာပါလိမ့်"
"ဝိရာဂပါဘုရား"
"ရူပပရိစ္ဆေဒဉာဏ်ရယ်၊ နိဗ္ဗိန္ဒဉာဏ်ရယ်၊ ဝိရာဂဉာဏ်ရယ်၊ဘယ်နှစ်မျိုးလဲ"
"သုံးမျိုးပါဘုရား"
ဉာဏ်စဉ် ၁၀-မျိုးဆိုရင် ဘုန်းကြီးတို့ ယောဂီများ မှတ်ရသိပ်ခက်နေလိမ့် မယ်။ ဒီသုံးခု မှတ်သားရင် ဆယ်မျိုးလုံး ဒီအထဲအကုန်ဝင်ပါတယ်။

(၁) ရုပ်မှန်းသိအောင် ကြည့်ရမှာက ဟဲကိစ္စ။
(၂) ရုပ်တရား၏ သဘောကို ပိုးမွှားအညစ်အကြေးတွေ ဝင်နေမှန်း သိတဲ့အခါ ငြီးငွေ့သလို ငြီးငွေ့အောင်ကြည့်ရမှာက တဲကိစ္စ။
(၃) ငြီးငွေ့လာတဲ့အချိန်ကျတော့ မလိုချင်တော့ဘူးဖို့တဲ့ ဒေါပြစ်ကို ရောက်အောင် ရှုမှတ်ရမှာက တကိစ္စ။

"ဘယ်နှစ်ကိစ္စပေးထားလဲ"
"သုံးကိစ္စပါဘုရား"

အေး—တို့ယောဂီများ၊ရုပ်တရား၌ငြိုးငွေ့အောင် လုပ်ကြရမှာပါ။ ရေမြုပ်စိုင်ကြီး စက်ဆုပ်သလို စက်ဆုပ်အောင် လုပ်ကြရမှာ။

ဝိရဇ္ဈတိ၊ တပ်မက်ခြင်း ကင်းလေတော့သည်။

တပ်မက်ခြင်းကင်းတယ်။ ရုပ်တရားအပေါ်တပ်မက်ခြင်းကင်းရင်—

ဝိဘာဂါ ဝိမုစ္စတိ။

ဝိရာဂါ၊ တပ်မက်ခြင်းကင်းကြပြီဆိုလျှင်။ ဝိမုစ္စတိ၊ ရုပ်တရားအပေါ် ငြိကပ်တွယ်တာ နေရာမှ လွတ်မြောက်၍ သွားလေတော့၏။

"တပ်မက်ခြင်း ကင်းရင် ဘာဖြစ်လဲ"

"လွတ်မြောက်သွားပါတယ် ဘုရား"

"တပ်မက်နေတာကို ရာဂလို့ခေါ်တယ်။ တပ်မက်နေတာဟာ"

"ရာဂလို့ ခေါ်ပါတယ် ဘုရား"

"ရုပ်တရား တပ်မက်နေတော့ ရူပရာဂ ဟုတ်လား"

"မှန်ပါ ဘုရား"

"ရုပ်တရား တပ်မက်နေလို့ ရူပရာဂကပ်နေရင် ရုပ်အပေါ်က ဒီယောဂီလွတ်ပါ့မလား"

"မလွတ်နိုင်ပါ ဘုရား"

"ဘာနဲ့ ချည်ထားလို့လဲဆိုရင် ရာဂနဲ့ ချည်ထားလို့။ ဘာနဲ့ ချည်ထားလဲ"

"ရာဂနဲ့ ချည်ထားလို့ပါ ဘုရား"

"ရာဂနဲ့ ချည်ထားလို့ ရုပ်ပေါ်က မလွတ်ရင် ဘုန်းကြီးတို့ ယောဂီများ ဒုက္ခမှ လွတ်ပါ့မလား"

"မလွတ်ပါ ဘုရား"

"ဘာ့ကြောင့် ဒုက္ခမှ မလွတ်သလဲလို့ မေးရင် အကြောင်းရင်းပြန်ရှာ။ ရုပ်ကို တပ်မက်နေလို့။ ဘာပါလိမ့်"

"ရုပ်ကို တပ်မက်နေလို့ပါ ဘုရား"

ရုပ်တရားကို နှစ်သက်ရင် ဒုက္ခကို နှစ်သက်တာ

ဘုန်းကြီးတို့ ခန္ဓဝဂ္ဂသံယုတ်ပါဠိကော် ကပို့ဒ်-

ယော ဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊ ဒုက္ခံ သော ဘ နန္ဒတိ။

သံယုတ္တနိကာယ် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် အဘိနန္ဒသုတ်- ၂၆။

ဘိက္ခဝေ၊ ပဂိသတ်လေးပါး ချစ်လား ချစ်သလိုလို။ ယောဟ ဘုရား ပုဂိုလ်သည်။ ရှေ့၊ ရုပ်ဘုရားကို။ အဘိနန္ဒတိ၊ နှစ်သက်၍ ဖူးမြော်တာပေါ့။ သောပဂ္ဂလော၊ ထိုကဲ့သို့ ရုပ်တရား နှစ်သက်၍ ဖူးတယ်ဆိုတဲ့ ပုဂ္ဂိုလ် သည်။ ဒုက္ခံ၊ ဒုက္ခ တရားကို။ အဘိနန္ဒတိ၊ နှစ်သက်သည် မည်၏။

ရုပ်တရားကို နှစ်သက်ဘယ်ဆိုရင် ဒုက္ခကို နှစ်သက်တာနဲ့ အဘူတူပဲ။

"ရုပ်တရား နှစ်သက်ရင်"

"ဒုက္ခကို နှစ်သက်တာပါဘုရား"

"ဒါဖြင့်-ဒုက္ခနဲ့ ရုပ်နဲ့ ခဲလို့ရသေးသလား"

"မရပါဘုရား"

"ဒုက္ခသည်ပင်လျှင် ရုပ်တရား၊ ရုပ်တရားသည်ပင်လျှင် ဒုက္ခ။ အတူတူပဲနော်"

"မှန်ပါဘုရား"

"ရုပ်တရားတွေရင် ဘုန်းကြီးတို့၊ ယောဂီများ ဘာတွေရ"

"ဒုက္ခကို တွေ့ရပါတယ်ဘုရား"

"ဒုက္ခကို တွေ့ရမယ်၊ ဒုက္ခမတွေ့သေးရင် ရုပ်ကိုနှစ်သက်နေသိမ့်မယ်"

"မှန်ပါဘုရား"

"ဒုက္ခကို မတွေ့သေးလို့ ရုပ်နှစ်သက်နေရင် ဘုန်းကြီးတို့ ယောဂီများ ဒီရုပ်အပေါ်က လွတ်ပါ့မလား"

"မလွတ်ပါဘုရား"

ရာဂနဲ့စွဲနေရင် ဒုက္ခမှ မလွတ်သေးဘူးဆိုတာ မှတ်လိုက်။ ရုပ်ဟူသမျှ ဒုက္ခမှန်း မသိလို့ နှစ်သက်နေတဲ့ ပုဂ္ဂိုလ်ဟာ ရုပ်ကို ရာဂနဲ့ စွဲနေတာကြောင့် ဒုက္ခမှ မလွတ်ဘူး။ ဒါကြောင့် ရုပ်တရားကို ဒုက္ခအနေနဲ့ မြင်အောင်ရှု။ မြင်ရင် ရုပ်တရားအပေါ် စွဲမက်နေတဲ့ရာဂ လွတ်သွားပြီ။

“ဒုက္ခဆိုရင် စွဲအုံးမှာလား”
“မစွဲတော့ပါဘုရား”

“သုခထင်လို့စွဲတာ၊ ဒုက္ခထင်ရင် မစွဲဘူးနော်”
“မှန်ပါဘုရား”

“ဒါဖြင့်ရင်၊ ဘုန်းကြီးတို့ ယောဂီများ ဟောဒီ ရုပ်တရားကြီးကို ဒုက္ခထင်အောင် ကြည့်ရမှာလား၊ သုခထင်အောင် ကြည့်ရမှာလား”

“ဒုက္ခထင်အောင် ကြည့်ရမှာပါဘုရား”

ရုပ်တရားကို ဒုက္ခ ထင်အောင်ကြည့်။ ရုပ်တရားထဲ ရှိနေတဲ့ ဒုက္ခကို တွေ့အောင်ကြည့်။ ဘုန်းကြီးတို့ ယောဂီများရဲ့ အလုပ်ဟာ ဒါပဲ။ ရုပ်နဲ့ဒုက္ခနဲ့ တခြားစီမဟုတ်ဘူးနော်။ စကားတော့ ကဲအောင် မှတ်ထားလိုက်ပါ။

“ဒုက္ခဖြစ်အောင်တော့ မလုပ်ရဘူး။ ဘာဖြစ်အောင် မလုပ်ရ”
“ဒုက္ခဖြစ်အောင် မလုပ်ရပါဘုရား”

သူအလိုလိုဖြစ်နေပြီးသားဖြစ်တဲ့ ဟောဒီရုပ်ဆိုတဲ့ ဒုက္ခကြီးမြင်အောင် ကြည့်ရမှာက တို့အလုပ်၊ ဒုက္ခဖြစ်အောင်တော့ ကြံပြီးတော့လုပ်မနေနဲ့။အတ္တကိလမထနယ်ထဲဝင်သွားနိုင်တယ်။ ဖြစ်နေတဲ့ ဒုက္ခကိုတော့ သည်းခံပြီး စိုက်ကြည့်။

ရေမြုပ်စိုင်ကြီးကို ကြည့်ယင်း ကြည့်ယင်းနဲ့ စက်ဆုပ်လာသလို ရုပ်တရားကြီးရဲ့ ဒုက္ခအစုအပုံကြီးကို ကြည့်ယင်း ကြည့်ယင်းနဲ့ နိုဗ္ဗိန္ဒဖြစ်လာရင်၊ မုန်းတီးလာရင် တဖြေးတဖြေးနဲ့ တပ်မက်ခြင်းတွေကင်းလို့ ဝိရာဂ ဖြစ်သွားလိမ့်မယ်။

ဝိရာဂ—တပ်မက်ခြင်းကင်းရင်—

ဝိမုဉ္စိ—အဲဒီပုဂ္ဂိုလ်သည် ရုပ်တရားအပေါ်မှာ ငြိနေတဲ့ ရာဂမှ လွတ်သွားပြီ။ အဒလုမှတလုက။

“လွတ်သွားတဲ့အချိန် ဘုန်းကြီးတို့ ယောဂီများ ချမ်းသာတယ်နော်”
“ချမ်းသာပါဘုရား”

“ရာဂမှ မလွတ်သေးသမျှ၊ ဘုန်းကြီးတို့ ယောဂီများ မချမ်းသာဘူး၊
“ဟုတ်လား”
“မှန်ပါဘုရား”

ကာယ ၂-ပျိုး

ဒီတော့-ဒီကနေ ရှမ့တ်နေကြတာဟာ ထွက်လေ ဝင်လေနဲ့ ထိုးပို့ပဲ နေရာလေးကို ဘုန်းကြီးတို့စာပေက ဖုဋ္ဌ-ဖုဋ္ဌရှာနဲ့ ခေါ်တာပဲ။ ဘာနဲ့ ဘာ ထိသတဲ့လို့မေးရင် အတိုဆုံးအဖြေက ရုပ်-ရုပ်ချင်းထိတာ။

"ဘာနဲ့ ဘာထိ"

"ရုပ် ရုပ်ချင်းထိတာပါဘုရား"

နှာခေါင်းဆိုတာ သမ့ုတိသစ္စာ ပညတ်ဘရား။ ပရမတ္ထတရား အနေနဲ့ပြောရင် သူလဲပဲ ရုပ်တွေစုထားတာ။

"ရုပ်အစုအပုံကြီးနော်"

"မှန်ပါဘုရား"

အဲဒီရုပ်ဝုံး ရုပ်ခဲကြီးတခုကို နှာခေါင်းထဲက ထွက်ဝင်နေတဲ့ ဝါယောဓာတ်လို့ခေါ်တဲ့ ထွက်လေဝင်လေ ရုပ်တရားက လာလာပြီးဘဲ့ တိုက်နေနေကြတာ။ ရေမြုပ်စိုင် ရေမြုပ်စိုင်ချင်း တိုက်တဲ့သဘောပဲ။

အဲဒါ နှစ်ဖက်စလုံးမှာ ဘာအနှစ်မှ ရယုစရာမရှိတဲ့ ရုပ်-ရုပ်ချင်းတိုက်နေတာလို့ ဉာဏ်မှာပေါ်အောင် ဒီလိုရှုရမယ်။ ဒါကြော့ ဘုန်းကြီးတို့ ပါဠိတော်က-

ကာယာနုပဿနာ

ကာယာနုပဿနာဆိုရာမှာ ကာယကို အဖန်တလဲလဲ ရှုနေတဲ့သဘောသည် ကာယာနုပဿနာ။ ကာယက ဘာကာယတွေရှိတုံးဆိုရင်-

(၁) ရူပကာယရှိတယ်။
(၂) နာမကာယရှိတယ်။

"ကာယဘယ်နှစ်မျိုးလဲ"

"နှစ်မျိုးပါဘုရား"

နာမကာယပိုင်းကို ထားပါအုံး။ ယခု ရူပကာယ-ရုပ်တို့ရဲ့ အစုအပေါင်းကို ကြည့်လိုက်စမ်း။ ရုပ်တို့ရဲ့ အစုအပေါင်းကို ကြည့်လိုက်တော့-

အသာသ ပဿာသော ကာယော။

အဿဒသပဿာသော၊ ထုက်လေ ဝင်လေဟာလဲပဲ။ ကာယော၊ ကာယတခု။

"အဿာသ ပဿာသက ဘာလဲ"

"ကာယပါဘုရား"

ကာယကတခု၊ နောက်တခါ—

ကာယောတိ သမ္ဗုဟော။

ကာယဆိုတာဟာ ပေါင်းစုထားတဲ့သဘော။ ပေါင်းစုထားတာကို ကာယ ခေါ်တယ်။ ဘုန်းကြီးတို့ယောဂီများ ထင်မှတ်နေကြတာကတော့ ဟောဒီခန္ဓာကိုယ်ကြီးဟာ ကာယ။ကာယဆိုတာ ကိုယ်။ ဒီလိုပဲ ထင်နေကြတာ၊ ပြောနေကြတာ။ ပရမတ္ထသဘောနဲ့ သေသေချာချာကြည့်နော်။ ပေါင်းစုထားတဲ့သဘောမှာ ရုပ်တွေပဲ ပေါင်းပေါင်း၊ နာမ်တွေပဲ ပေါင်းပေါင်း ကာယလို့သဘောကျပါ။

"ရုပ်တွေပဲ ပေါင်းပေါင်း၊ နာမ်တွေပဲ ပေါင်းပေါင်း ဘာတဲ့တုံး"

"ကာယပါဘုရား"

ကာယတခုလို့ သဘောထား။ နောက်တခါ—

ကာယကို ထင်ရှားစေတာက သတိ

ဥပဋ္ဌာနံ သတိ။

ဥပဋ္ဌာနံ၊ အဲဒီကာယကို ထင်ရှားစေတယ်ဆိုတာ။ သတိ၊ သတိပါပဲ။

"ကာယကို ထင်ရှားစေတာ"

"သတိပါဘုရား"

"သတိနဲ့ ကာယနဲ့ ကပ်မနေဘူးလား"

"ကပ်နေပါတယ်ဘုရား"

"သတိဟာ ကာယအပေါ်မှာ ရောက်နေရမယ်နော်"

"မှန်ပါဘုရား"

ဥပဋ္ဌာနံ သတိ၊ နော ကာယော။

သတိ၊ သတိဆိုတဲ့တရားသည်။ဥပဋ္ဌာနံ၊ ဥပဋ္ဌာနလို့ ခေါ်တဲ့ကိုစ္စကို ပြုပါတယ်။ နော ကာယော၊ ဒီနေရာမှာ ကာယ မလုပ်ပါနဲ့။

သတိဆိုတာက နာမ်တရား ဓမ္မတာတ်။ သူက စေတသိတ်ဘဒ္ဒ၊ ထုက်လေ ဝင်လေက ကာယ။ ထင်ရှားလာတာက ဘယ်သူဘယ်ဝါ ထင်ရှားလာသလဲ ဆိုရင်-

ဥပဋ္ဌာနံ သတိ။

ဥပဋ္ဌာနံ၊ ထင်ရှားလာတဲ့ သဘောသည်။ သတိ၊ သတိပါပဲ။

ဥပဋ္ဌာနံ၊ ထင်ရှားလာတဲ့။ သတိ၊ သတိသည်။ ဥပဋ္ဌာန နာမေဝ၊ ထင်ရှားသည်သာလျှင် မည်၏။ နော ကာယော၊ ကာယမဟုတ်။

"သတိဟာ ကာယမဟုတ်ဘူး။ထင်ရှားတဲ့ကိစ္စကိုသာ လုပ်တာနော်"

"မှန်ပါဘုရား"

"ထုက်လေ ဝင်လေကတော့ သတိကြောင့် ထင်ရှားတာမို့လို့ သူက ဘာတဲ့တုံး"

"ကာယပါဘုရား"

"အဲဒီကာယကို ဖော်ပြတဲ့ သတိဆိုတာက ဥပဋ္ဌာန—ဒီလိုမ ဟုတ်လား"

"မှန်ပါတယ်ဘုရား"

ကိုင်း-ဒါဖြင့်ရင် ဒီစကားတွေကိုလုံးလိုက်စမ်းပါ။ ကာယဆိုတာ အဿာသ ပဿာသ-ထုက်လေဝင်လေ။ ကာယကို ထင်ရှားစေတယ် ဆိုတာက သတိ။ သတိ ရှိလို့ရှိရင် ကာယထင်ရှားတယ်။ ထင်ရှားလာတဲ့ ကာယကို—

ထင်ရှားလာတဲ့ ကာယကို ရှုတာကဉာဏ်

ကာယေ အနုပဿနာ ဉာဏံ။

ကာယေ၊ ကာယအပေါ်၌။ အနုပဿနာ၊ ရှုနေတာက။ ဉာဏံ၊ ဉာဏ်။

"ကာယကို ရှုနေတာက"

"ဉာဏ်ပါဘုရား"

သတိကကာယကို ထင်ရှားအောင်လုပ်ပေးလိမ့်မယ်။ထင်ရှားလာတဲ့ ကာယကို ရေမြုပ်စိုင်ကြီး တုတ်နဲ့ခဲမွှေပြီးတော့ ကြည့်သလို ကြည့်နေတာက ဉာဏ်။

"ကာယရယ်၊ သတိရယ်၊ ဉာဏ်ရယ်၊ တရားဘယ်နှစ်လုံး ဖြစ်သွားလဲ"

"သုံးလုံးပါဘုရား"

ကာယေ အနုပဿနာ ဉာဏံ ကာယာနုပဿနာ။

ထိုကာယကို အဖန်ဖန် အထပ်ထပ် ရှုမှတ်နေတဲ့ဉာဏ်ကို ကာယာနုပဿနာ ဒီလိုခေါ်ပါတယ်။

"ဒါဖြင့် ဒီကနေ့ ဘုန်းကြီးတို့ ယောဂီများ ရှုတာဟာ ဘာအနုပဿနာ ပါလိမ့်"

"ကာယာနုပဿနာပါဘုရား"

"ဘယ်ကာယ ရှုတုံးဆိုရင် အဿာသပဿာသကာယာ၊ ဟုတ်သား"

"မှန်ပါဘုရား"

အဿာသ ပဿာသကာယ၊ အဿာသ ပဿာသလို့ ခေါ်တဲ့ ထွက်လေ ဝင်လေ ကာယဟာ ဘုန်းကြီးတို့ ယောဂီများရဲ့ သန္တာန်ထင်ရှားတယ်။ ဘယ့်သူ့ကြောင့်လဲဆိုရင်—

သတော ဘိက္ခု ပရိဗ္ဗဇေ။

သတိကောင်းမှနော်။ သတိနဲ့လဲပဲ ဟိုအဝေးကမ်းပါးက လှမ်းကြည့်ရင် ရေမြုပ်မှန်း သာမန်သိရုံလောက်ပဲရှိမယ်။ ရေထဲ ဆင်းကြည့်လိုက်တဲ့အခါကျ တော့မှ အညစ်အကြေးတွေ ပါလာတယ်လို့ သိရတယ်။ တုတ်နဲ့မွှေကြည့်လိုက် ပြန်တော့ အညစ်အကြေးတွေရော၊ ပိုးမွှားတွေရော အသေးစိတ်သိရပြန်တယ်။

ဒါကြောင့် သတိ ဉာဏ် ဒီနှစ်ပါးနဲ့ ကာယကို ရှုနေတဲ့ ယောဂီများဟာ ထွက်လေ-ဝင်လေကို ထွက်မှန်း ပင်မှန်းသိအောင် ကြည့်တာက ရေမြုပ်စိုင်ကြီး အဝေးက လှမ်းကြည့်သလိုကြည့်တာ။ ထွက်လေ ဝင်လေတွေနဲ့ နှာခေါင်းနဲ့ ထိဆိုဘဲ့ နေရာကိုကပ်ပြီးတော့ ကြည့်တာက ရေထဲဆင်းပြီးတော့ အနီးကပ် ကြည့်သလို ကြည့်တာ။

"ရေထဲဆင်း၊ ရေမြုပ်စိုင်ကို တုတ်နဲ့ခဲမွှေပြီးတော့ ချေကြည့်လိုက်သလို ဘုန်းကြီးတို့ ယောဂီများ ချေကြည့်ဖို့ မလိုဘူးလား"

"လိုပါတယ်ဘုရား"

ကာယမှာ ဘာတွေစူပေါင်းထား

ကိုင်း-လိုတော့ ချေကြည့်လိုက်စမ်းပါ။ ကာယမှာ ဘာတွေပေါင်းထား တယ်ဆိုတာကို တွေ့အောင် ချေကြည့်လိုက်စမ်းပါ။ ဘာတွေ ပေါင်းစုထား သလဲဆိုတာ ကြည့်ကြရအောင်၊ ကြည့်လိုက်တော့ရင်—

ထွက်လေ ဝင်လေဆိုတဲ့ ကာယတခုနဲ့ နှာခေါင်းလို့ခေါ်တဲ့ ကာယတခု ထိဆိုတဲ့ နေရာလေးကို သတိနဲ့ အသိကို ငြိမ်အောင်ထား။ ဟာဂြပြာနေတာ ဟာ တရားဟောတာလဲ ဖြစ်တယ်။ ထိုဘရားဆိုတဲ့ တပျုံးပျုံးကိုပဲကြိုးတာ အလုပ်လုပ်ဖို့လဲ ဖြစ်တယ်နော်။

အလုပ်သဘောနဲ့ တိုက်ဆိုင်တဲ့ တရားကို ဘုန်းကြီးတို့ ပေးတဲ့ကျောင်းအား တိုက်ရိုက်ပေးခြင်းဖြင့် ဒါဟာ အလုပ်ပေးတရား ဖြစ်သွားပါတယ်။ ပြစ် အဆင့်ဆင့် တက်သွားမယဲ့ ပေးဝေမျှအတွက် ဒီလိုတက်ဖို့ ပြောပါတယ်။

ထွက်လေ ဝင်လေဆိုတဲ့ ကာယနဲ့ နှာခေါင်းဆိုတဲ့ ကာယ၊ အဲဒီအပေါင်း အစုနှစ်ခု တိုက်ဆိုင်တဲ့ နေရာလေးမှာ သတိနဲ့ အသိကို ကပ်ထားလိုက်။ ဘုန်းကြီးတို့ ပြောနေကြ လွှဲချဲ့တဲ့ ဥပမာ မှတ်မိကြပါပြီ။

လွှစ်ယ်နဲ့ သစ်သားနဲ့ စားသွားတဲ့နေရာ လွှသမားကြည့်ရမယ်။ သစ်သား ကိုချည်း တဖက်သတ် မကြည့်နဲ့။ ဟိုဘက် ဒီဘက်ပြေးနေတဲ့ လူနောက်ကို ` လျှောက်ပြီးတော့ မလိုက်နဲ့။

''လွှစ်ယ်နဲ့ သစ်တုံး တိုက်စားသွားကဲ့ အမှုအရာကို ကြည့်လိုက်ခြင်းဖြင့် ဖွားကန်၊ ဖွားကန် လွှစာလေးတွေ ထွက်လာတာ မတွေ့ချဘူးလား''

''တွေ့ရပါတယ်ဘုရား''

ထွက်လေ ဝင်လေဆိုတဲ့ ကာယတခု၊ နှာခေါင်းဆိုတဲ့ ကာယတခု၊ ဒီကာယ နှစ်ခု ထိဆိုတဲ့ နေရာလေးကို စိုက်ပြီးတော့ ကြည့်နေတဲ့ ပေးဝေဟာ သစ် သားနဲ့ လွှစ်ယ်ကလေးများ ထိဆိုတဲ့ နေရာမှာ လွှစာကလေးများ ထွက်လာ တာတွေ့ရသလို ကာယဆိုတဲ့ အပေါင်းအစုတွေဟာ အစိုင်အိုတ်ဖြစ်ပြီးတော့ ထွက်လာတာ တွေ့ရလိမ့်မယ်။

''ပေါင်းထားတဲ့ သဘောတွေ အစိုင်အိုတ်ဖြစ်လာတာကို တွေ့အောင် ကြည့်ရမယ် မဟုတ်လား''

''မှန်ပါတယ်ဘုရား''

ကိုင်း—အစိုင်အိုတ်အမှုမှာ လွှစာကြဲသလို ဘယ်လိုကြဲကွက်လာသလဲဆိုရင်-

ရုပ်တရား ၄-ပါး

(၁) တွန်းကန် လှုပ်ရှားတဲ့သဘော-တခု၊
(၂) ပူလောတဲ့သဘော-တခု၊

(၃) အေးလာတဲ့သဘော--တခု၊
(၄) တောင့်တင်းလာတဲ့သဘော-တခု။

"ဘယ်နှစ်ခုပါလိမ့်"
"လေးခုပါဘုရား"
"ထိရာအရပ် သတိကပ်လိုက်တော့ ဉာဏ်မှာ လေးမျိုး ကဲ့မလာဘူးလား"
"လာပါတယ်ဘုရား"

ကဲ့လာတယ်၊ နဂိုတုန်းက ကြည့်နေတာကတော့ ထုတ်လေဝင်လေ။ အဲဒါ အဝေးကနေကြည့်တာ။ နောက်တဆင့် တက်ကြည့်တာက ထုတ်လေဝင်လေနဲ့ နှာခေါင်းနဲ့ ထိဆိုတဲ့နေရာက ရုပ်တရား။

"ထုတ်လေဝင်လေနဲ့ ထိဆိုတဲ့နေရာက"
"ရုပ်တရားပါဘုရား"

နောက်တဆင့် အသေးစိတ်၊ ဉာဏ်တည်းဟူသော တုတ်ချောင်းနဲ့ ထိုးမွှေလိုက်တော့ ရေမြုပ်စိုင်ကြီးကဲ့သလို ကဲ့လာတဲ့အခါ ရုပ်တရား ဘယ်နှစ်မျိုး ကဲ့လာတာတွေ့ရသလဲဆိုရင် လေးမျိုး။

ပိုးမွှားတွေ အညစ်အကြေးတွေ အကုန်ပါလာတာ တွေ့ပြီဆိုတော့မှ နိုဗ္ဗိန္ဒ အလွန်တရာ စက်ဆုပ်စရာကောင်းတဲ့ ရေမြုပ်စိုင်ကြီးလို ဖြေးဖြေးချင်း ဖြေးဖြေးချင်း ယောဂီများရဲ့ဉာဏ်ဟာ တက်တက်သွားရမှာ။ အလုပ်စခန်းသဘောက ဒီလို။

"ဒီတော့ ဝင်တဲ့လေနဲ့ နှာခေါင်းနဲ့ ထိတိုင်းထိတိုင်း ရုပ်တရား ဘယ်နှစ်မျိုး ကဲ့သလဲ"
"လေးမျိုးကဲ့ပါတယ်ဘုရား"
"အဲဒီလေးမျိုးဆိုရာမှာ ဘုန်းကြီးတို့ယောဂီများ ပြန်ပြီးတော့ မှတ်စမ်းပါ။ ပူတာအေးတာ ရုပ်တမျိုးတဲ့နော်"
"မှန်ပါဘုရား"
"ပူတာ အေးတာ"
"ရုပ်တမျိုးတဲ့ပါ ဘုရား"
"ဘာရုပ်တုံးဆိုရင်"
"ဓာတ္တော ရုပ်ပါဘုရား"

တေဇောရုပ်၊ အပူဓာတ်လျှံသွားတယ်။ အအေးတွေ ခရောက်လာတာ်။ အအေးတွေ လျှံသွားတယ်။ အပူတွေ ရောက်လာတယ်။အပူနဲ့အအေး ပထဝီရှားပြန်ဘူး။ တွန်းကန်တဲ့ သဘော ပေါ်ပေါက်လာတယ်။ ဝါယောရုပ်။

“တွန်းကန်မှု ထင်ရှားလာရင်”

“ဝါယော ရုပ်ပါဘုရား”

တွန်းကန်တဲ့ သဘောလဲ မတွေ့ပြန်ဘူး။ ပူဝေဓာအေးတာ မတွေ့ပြန်ဘူး။ နှာခေါင်းထဲက လေထုသ်လို့ မရှုဒေါင် တင်းပြီးတော့ နေပြန်ပြီဆိုတော့ ပထဝီသဘော၊ ကကွဉ်ဒလက္ကဏာ။

“ဘာပါလိမ့်”

“ကကွဉ်ဒလက္ခဏာပါဘုရား”

“ပထဝီရုပ်နော်၊ ရုပ်ဘယ်နှစ်မျိုးရလဲ”

“သုံးမျိုးရပါတယ် ဘုရား”

“ပထဝီရုပ်ချယ်၊ တေဇောရုပ်ရယ်၊ ဝါယောရုပ်ရယ်၊ သုံးမျိုးရပြီနော်”

“မှန်ပါဘုရား”

အာပေါရုပ်ကို ဘုန်းကြီးချန်ထားခဲ့မယ်။ ဖွဲ့စည်းတဲ့သဘော အာပေါရုပ်ဆိုတာဟာ ဒီနေရာမှာ ရှာလို့မရဘူး။ ပထဝီရုပ်၊ တေဇောရုပ်၊ ဝါယောရုပ်၊ ဒီရုပ်သုံးမျိုးနဲ့ နှာခေါင်းလို့ ခေါ်တဲ့ ကာယပသာဒရုပ်နဲ့ တိုက်နေတာ။

အောက်က သစ်ဘုံးကြီ·ခံထားပြီးတော့ လွန်တိုက်သလို သစ်တုံးကြီးဆိုတာက အခံဓာတ်တခု၊ လွန်တိုက်သိုက်တော့ ဟိုဘက်ဒီဘက် ပြေးနေတာ တွန်းကန်နေတာ ဝါယောခေါတ်၊ သစ်သားကြားကနေ ဟိုဘက်ဒီဘက်ပြေးနေတဲ့ လူကြီးတိုက်ပါမျှားတော့ အဲဒီလူသွားကို ကိုင်ကြည့်။

“ပူမနေဘူးလား”

“ပူနေပါတယ် ဘုရား”

“လူသွားကြီးဟာ မာတဲ့သဘောမရှိဘူးလား”

“ရှိပါတယ် ဘုရား”

မာတဲ့သဘောရယ်၊

ပူနေတဲ့ သဘောရယ်၊

ဟိုဘက် ဒီဘက်တွန်းကန်ပြေးလွှားနေတဲ့ သဘောရယ်။

“သဘောလက္ခဏာ”
“သုံးမျိုးပါ ဘုရား”
“အဲဒီသုံးမျိုးနဲ့ အောက်က သစ်တုံးနဲ့ တိုက်နေတာ။ သစ်တုံးကလဲ ရုပ်တမျိုး မဟုတ်လား”
“ဟုတ်ပါတယ် ဘုရား”

ဒီအတိုင်းပဲပေါ့။ ဘုန်းကြီးတို့ ယောဂီများရဲ့ နှာခေါင်းဆိုတဲ့ ကာယပသာဒရုပ်၊ အဲဒီမှာ တိုက်နေတဲ့ ပူဘဲ့ အေးတဲ့ရုပ်၊ တွန်းကန်တဲ့ရုပ်၊တောင့်တင်းတဲ့ရုပ်။

“ရုပ်တရား ဘယ်နှစ်ပါးလဲ”
“သုံးပါးပါဘုရား”

(၁) ပူတဲ့ အေးတဲ့ရုပ်၊
(၂) တွန်းကန်ဘဲ့ရုပ်၊
(၃) တောင့်တင်းတဲ့ရုပ်၊
(၄) နှာခေါင်းဆိုတဲ့ ကာယပသာဒရုပ်၊

“ရုပ်ဘယ်နှစ်ပါးလဲ”
“လေးပါးပါ ဘုရား”
“ဝင်လေ ထင်ရှားရင် ဒီလေးပါး၊ ထွက်လေထင်ရှားရင်လဲ ဒီလေးပါး၊ တွေ့ထိမှုတခု တခုမှာ ရုပ်တရား ဘယ်နှစ်ပါးလဲ”
“လေးပါးပါ ဘုရား”
“အတွေ့ထင်ရှား ဘာတရားလဲ”
“ရုပ်တရားပါဘုရား”
“ဘယ်နှစ်ပါးလဲ”
“လေးပါးပါ ဘုရား”
“အေး-ရေမြုပ်စိုင်ကြီး ကြေသွားပလား”
“ကြေသွားပြီ ဘုရား”
“ရယူစရာ ရှိသေးရဲ့လား”
“မရှိတော့ပါ ဘုရား”

ရေထဲမှာ အစိတ်စိတ်အမှာမှာ ကြေပြီးတော့ မျောသွား၊ ဘာမှရယူစရာကို မရှိတော့ဘူး။ ရေမြုပ်စိုင်ကြီး ကြသွားတော့ ဘာတွေ ကျန်ရစ်ခဲ့ဟုံး။ အညစ်အကြေးတွေပဲ ပေါ်ကျန်ရစ်တယ်။

"ရေမျက်နှာပြင်ပေါ်မှာ ဘာတွေ ပေါ်ကျန်ရစ်လဲ"
"အညစ်အကြေးတွေ ပေါ်ကျန်ရစ်ပါတယ် ဘုရား"

ရေမြုပ်ကဲ့ ရောပါလာတဲ့ အညစ်အကြေးတွေ ပေါလော-ပေါလောနဲ့ ကျ.ရစ်တယ်။ ရေမြုပ်စိုင်ကြီး ကြပွသွားတော့ ရေမြုပ်ကဲ့ ပါလာတဲ့ ပိုးမွှား မြေပွေး မြွေဟောက်တွေ ရေမြုပ်တွဲ့ ပေါ်ကျန်ရစ်တယ်။

"ပေါ်ပြီးတော့ မကျန်ရစ်ဘူးလား"
"ကျန်ရစ်ခဲ့ပါတယ် ဘုရား"

အေး-ရုပ်တရားကြီးဆိုတဲ့ ရေမြုပ်စိုင်ကြီး ကြပွသွားအောင် ရှုနိုင်ခဲ့တော့ မြေပွေး၊မြွေဟောက်နဲ့ ပမာဟူတဲ့ အနိစ္စသဘောတွေ ဒုက္ခသဘောတွေ အကုန်လုံး ပေါ်လောကြီး ပေါ်ကျန်ရစ်ခဲ့မယ်နော်။

ရေမြုပ်စိုင်ကြီးဟာ မရှိတော့ဘူး။ ကျန်ရစ်ခဲ့ဘာက နှိက်စက်တဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ ပင်ပန်းတဲ့သဘော၊ ကိုယ့်အလိုအတိုင်း ဘာမှ ပြုပြင်လို့ မရတဲ့သဘော၊သူ့အလိုအတိုင်း သူ့ဟာသူ နှိပ်စက်နေတဲ့သဘော။

"အဲဒါတွေ ပေါ်လော:ပေါ် ကျန်ရစ်ခဲ့တယ် မဟုတ်လား"
"မှန်ပါဘုရား"

အေး-အဲဒါဟာ မြေပွေး၊ မြွေဟောက်နဲ့ အညစ်အကြေးတွေ ရေမြုပ်ထဲက ထွက်လာသလို ထွက်လာတာ။ ရေမြုပ်စိုင်ကြီး ကြသွားသလို ရုပ်တရားကြီး ယခုလို လေးမျိုး ကြသွားရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဒီသဘောတွေဟာ ပေါ်လောကြီး ပေါ်လာရမယ်နော်။

ဒါကြောင့် ဘယ်ရုပ်ကိုပဲ ရှုလိုက်ရှုလိုက်၊ ရေမြုပ်စိုင်ထဲမှာ အညစ်အကြေးနဲ့ မြေပွေး၊မြွေဟောက်တွေချည်းပဲလို့ သဘောကျသလို ရုပ်တရားတလုံးချင်းတလုံးချင်းရဲ့ အပေါ်မှာလဲပဲ နှိပ်စက်တဲ့သဘော၊ဆင်းရဲတဲ့သဘော၊ ဘယ်လိုမှ အောင့်အည်းသည်းခံလို့မရအောင် ပင်ပန်းတဲ့သဘောတွေဟာ တသားတည်းလို့ သဘောကျ။

“ရုပ်တိုင်းမှာ မရှိဘူးလား”
“ရှိပါတယ် ဘုရား”

ရေမြုပ်စိုင်၊ ရေမြုပ်ခဲမှန်သမျှ ဘယ်ရေမြုပ်စိုင်၊ ရေမြုပ်ခဲပဲ ဖြစ်ဖြစ် အညစ်အကြေးတွေချည်းပဲဆိုတာ တညီတဖြစ်သလို ရုပ်တရားမှန်သမျှ ဘယ် ရုပ်ဘရားပဲဖြစ်ဖြစ် ဆင်းရဲတာနဲ့ နှိပ်စက်တာ အားလုံးတညီတွဲရှိတယ်။ အဲဒီ အချိန်ကျမှ နိဗ္ဗိန္ဒလာတာ။

“အဲဒီအချိန် ဘာလာသလဲ”
“နိဗ္ဗိန္ဒလာပါတယ် ဘုရား”

ရုပ်တရားလေးမျိုးကွဲနေတဲ့ အချိန်ကို ရူပ ပရိစ္ဆေဒဉာဏ်ခေါ်တယ်။

“ရုပ်တရား လေးမျိုးကွဲတဲ့ အချိန်”
“ရူပ ပရိစ္ဆာဒဉာဏ်ပါဘုရား”

သက္ကာယဒိဋ္ဌိပယ်စွန့်နိုင်တဲ့အချိန်

ရူပပရိစ္ဆေဒဉာဏေန သက္ကာယဒိဋ္ဌိ ပဇဟတိ။

ရူပပရိစ္ဆေဒဉာဏေန၊ ရုပ်တရားကို အဲဒီလို ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိပါတယ်ဆိုတဲ့ ရူပပရိစ္ဆေဒဉာဏ်ဖြင့်။ သက္ကာယဒိဋ္ဌိ၊စောစောက ရုပ်လို့မထင်ငါဆိုတဲ့သဘော်ဝါလို့ထင်နေတဲ့ သက္ကာယဒိဋ္ဌိကြီးကို။ ပဇဟတိ၊ ကောင်းစွာ မသွေ ပယ်သတ်နိုင်ကြပါလေတော့သတည်း။

“သာဓု- သာဓု—သာဓုဘုရား”

“ကိုင်း—လိုက်ဆိုကြ။ ဖြေးဖြေးသုံးခေါက်ဆို”

“အတွေ့ထင်ရှား၊ ရုပ်တရား၊ လေးပါးကွဲခအာင်ရှု”

(ယောဂီများ လိုက်ဆိုရန် ၃-)

အေး—အတွေ့ထင်ရှား ရုပ်တရား လေးပါးကွဲတဲ့အခါ ယောဂီများမှာ ဘာအကျိုးရသလဲဆိုရင် သက္ကာယဒိဋ္ဌိကို ပယ်ခြင်းဆိုတဲ့ အကျိုးရတယ်။ ရုပ်တရားကို ရုပ်တရားမှန်း မသိခင်တုန်းကတော့ သဘော်ဝါလို့ မှတ်ထားတယ်။

“ဘာလို့မှတ်ထား”

"သတ္တဝါလို့ မှတ်ထားပါတယ်ဘုရား"
သတ္တသည္ဟ–သတ္တဝါဆိုကဲ့အမှတ်၊
အတ္တသည္ဟ–ငါရှိတယ်ဆိုကဲ့ အမှတ်။

အဲဒီလို မှတ်သားမှုတွေဟာ ရုပ်ပုနှံး ပသိဒ်ပုံးက ကြစ်နေကာ။ ရုပ်ကာလေးပါးကို အစိတ်စိတ်အမှဲမှာ သိလိုက်ဘဲ့အခါ၊ သက္ကဝါဆိုကဲ့ အမှတ်သည်လဲ ကုန်သွားရမယ်။ ငါရှိကယ်ဆိုတဲ့ အမှတ်သည်လဲ ကုန်သွားရမယ်။

ဒီဒီအခါမှာ ရင်ပစ္စုံးနေတဲ့ လှုကြီး ပယ်နုတ်လိုက်သလို သက္ကာယဒိဋ္ဌိဆိုတဲ့ လှုကြီးကို ဟောဒိ ရူပပါ၊စွဲဆဲဒုက္ခ်ာဘစ္ဆမ်းနဲ့ ပယ်နုတ်လိုက်ပြီ။ သက္ကာယဒိဋ္ဌိ လှုကြီးထွက်သွားတဲ့အခါ၊ ဘုန်းကြီးတို့ ယောဂီများဟာ သင်္ခသာရအများကြီးရတယ်။ ဘယ်တရားက သင်္ခသာရ ပေးသလဲဆိုရင် သတိပဋ္ဌာန်တရား။

"ဘာတရားပါလိမ့်"
"သတိပဋ္ဌာန်တရားပါဘုရား"

ဘဝကန္တာရ၊ ဘဝအခက်အခဲတွေမှ။ ဥတ္တာရဏောန၊ ထုတ်ဆောင် ကယ်တင်တတ်ပါတယ်ဘုံဘဲ့အကြောင်းကြောင့်လည်းကောင်။ အဿာသဒါနေနန၊ သံသရာတလျောက်လုံ က ရင်ဝမှာစူးဝင်နေတဲ့ သက္ကာယဒိဋ္ဌိဆိုတဲ့ လှုကြီးကို ပယ်နုတ်ပစ်ပါတယ်ဆိုတဲ့ အကြောင်းကြောင့်လည်းကောင်း၊ ဇမ္မာ၊ ငါတို့ အားထုတ်နေတဲ့ ဟောဒိကာယာနုပဿနာဆိုတဲ့ တရားသည်။ သရဏံ၊ သရဏ ခေါ်တဲ့ အားကိုးရာစင်စစ် ကောင်းစွာမသွေ ဖြစ်ပါပေတော့သတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

အာနာပါနစတုဏ္ဍ ၄-ချက်

ဘုန်းကြီးတို့ ယောဂီများကို အာနာပါနံ၊ ပထမ စတုက္ကအခြေခံပြီးတော့ ပေးခဲ့တယ်။ အာနာပါန ပထမစတုက္ကမှာ–

(၁) ဒီဃံ ဝါ၊
(၂) ရဿံ ဝါ၊
(၃) သဗ္ဗကာယပဋိသံဝေဒီ၊
(၄) ပဿမ္ဘယံ ကာယသင်္ခါရံ၊

လေးချက်။အာနာပါနနဲ့ ပတ်သက်လို့ လေးခု။လေးခု လေးလီ ဟောတော်မူတဲ့ ပါဠိတော် ပထမ လေးခုတတ်ဲက ကာယာနုပဿနာ။ဒုတိယလေးခုတတ်ဲက ဝေဒနာနုပဿနာ။ တတိယလေးခုတတ်ဲက စိတ္တာနုပဿနာ။ စတုတ္ထလေးခုတတ်ဲက မမ္မာနုပဿနာ။

အာနာပါန တလုံးတဲ့ကိုပဲ အခြေတည်ပြီးတော့ သတိပဋ္ဌာန်လေးမျိုးစလုံးဟောတဲ့ သုတ္တန်ကြီးဟာ အာနာပါနသာတိသုတ္တန်လို့ ဥပရိပဏ္ဏာသပါဠိတော်မှာ သင်္ဂါယနာ တင်ထားတယ်။

အဲဒီ အာနာပါန သတိသုတ္တန်ကြီးက ဝိဘင်္ဂသနာ ရှုကွက်ကိုမူထားပြီးတော့ သုတ္တန်ကြီးတခုလုံးကို ငါးရက်အတွင်း အားထုတ်ကြတဲ့ ဘုန်းကြီးတို့ ယောဂီများအား သတိပဋ္ဌာန် လေးမျိုးစလုံး ခိုင်ပြီးတော့ ဒီကနေ့ ဘုန်းကြီးဓမ္မဒေသနာ တဲ့သင်တန်းပါ။

ဒီတော့ ညတုန်းကပေးလိုက်တဲ့ ပထမ စတုက္ကအတွက် ညတုန်းက ကောင်းကောင်းကြီး မှတ်သားမိလို့ မှတ်သားမိသည့် အားလျော်စွာ အလုပ်လုပ်လို့ဖြစ်တဲ့ ယောဂီများလဲ ရှိမယ်။ အေး—မှတ်မိပင် မှတ်မိငြားသော်လဲပဲ အလုပ်လုပ်တဲ့အခါကျတော့ ရာသီဥတု အခြေအနေအရ၊ ပရိသတ် ကျပ်တည်းတဲ့အခြေအနေအရ၊ နေရာထိုင်ခင်း ဒေသခြေအနေအရ၊ အားထုတ်ရတဲ့အချိန်ကာလ တိုတောင်းတဲ့ သဘောအရ မှန်းတဲ့အတိုင်း ပေါက်ချင်မှလဲ ပေါက်မယ်။

မပေါက်လို့ ဒါကိုပဲ ထပ်တလဲလဲ ပြနေရင် သင်တန်း ဆုံးမှာမဟုတ်တော့ဘူး။ အဲဒီတော့ ဆုံးအောင်တော့ ပြောရမယ်။ ဒီကနေ့မှ အသစ်ထပ်မံရောက်လာကြတဲ့ ယောဂီများအတွက် ညတုန်းက ပေးလိုက်တဲ့ အာနာပါန ပထမစတုက္ကကို ယခုပြန်ပြီးတော့ ပြောပါ့မယ်။

တရားအားထုတ်တယ်ဆိုတာ ဘာလဲ

အားထုတ်နည်း ၄-နည်း

(၁) ဖုသနာနည်း

သတော၀ အာဿသတိ၊ သတော၀ ပဿသတိ။
မဇ္ဈိမနိကာယ်-မူလပဏ္ဏာသပါဠိ-ကာယာနုပဿနာ အာနာပါနပဗ္ဗ-၇၀။

တရား အားထုတ်တယ်ဆိုတာ သတိထားပြီးတော့ ထွက်လေ ဝင်လေကို ရှုရှိုက်တာလို့ အတိုချုပ်မှတ်။ တရား အားထုတ်တာမျိုး သိပ်ခက်တယ်လို့ မအောင်မွေ့နဲ့။ သတိထားပြီးတော့ ထွက်လေ ဝင်လေကို ရှုရှိုက်တာဟာ တရားအားတုက်ကာ။ သတိမထားပဲနဲ့ ဒီအတိုင်း အချည်းနှီး ရှုပမ်နေတဲ့ ထွက်လေ ဝင်လေမျိုးဟာ ဘာကုသိုလ်မှ ပရဖဲနဲ့ အလုပ်ပဲ ဖြစ်ကောင်းတယ်။

သူ့ဘာသာသူသွားနေတဲ့ ထွက်လေဝင်လေကို ထိရာအရပ်မှာ ကိုယ်က သတိပညာနဲ့ ကပ်ပြီးတော့ စောင့်ကြည့်လိုက်ရုံနဲ့ပဲ အတိုင်းမသိ တန်ဖိုးရှိဖဲ့ ကုသိုလ်တရားတွေ ရလာတာ။ တနေရာတဲမှာ ကြိမ်ငြိမ်ကလေး ထိုင်နေလိုက်ရုံနဲ့ အတိုင်းမသိတဲ့ ကုသိုလ်တရားတွေ၊ သံသရာတလျှောက်လုံးက ပတ္တဘူးသေးတဲ့ အတွေ့။ မရဘူးသေးတဲ့ အရ။ မသိဘူးသေးတဲ့ အသိ။ အဲဒါတွေကို ရမိသိရှိပြီးတော့ လာကြတာဟာ ဘုန်းကြီးတို့ အမျိုးသား အမျိုးသမီးများအတွက် အလွန်တရာ အတိုင်းမသိ အဖိုးထိုက်တန်တဲ့ ကုသိုလ်များပါ။

သတော၀၊ သတိထားသည်ဖြစ်ရှိသာလျှင်။ အဿသတိ၊ ထွက်လေကို ဖြစ်စေ၏။ ပဿသတိ၊ ဝင်တဲ့ လေကိုဖြစ်စေ၏။

ဖုသနာနည်းဆိုတာ သတိနဲ့ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့သဘော။သတိနဲ့ ဘယ်နှယ်ရှုမှတ်ရမလဲ။ ဒီဃံ ၀ါ၊ရဿံ၀ါ၊ အဿသန္တော၊ ပဿသန္တော၊ ပါဠိတော်က လေးပိုဒ်ကို ဘုန်းကြီးတို့ တပိုဒ်တဲနဲ့ ခွဲပီးတော့ ရှုတ်တယ်။

(၂) အနုဗန္ဓနာနည်း

ဒီဃံ ၀ါ ရဿံ ၀ါ အဿသန္တော ပဿသန္တံ၀ ဒီဃံရဿံ အဿသာမီတိ ပဿသာမိတိ ပဇာနာတိ။

ထွက်လေ ဝင်လေ ကြာကြာဖြစ်ရင် ဖြစ်သမျှ ကာလတလျှောက်လုံး သတိနဲ့ အသိမလွတ်စေနဲ့။ထွက်လေ ဝင်လေ မြန်နေလို့ရှိရင်လဲ သတိနဲ့ အသိက ထွက်လေ ဝင်လေရဲ့ နောက်ကို မြန်မြန်ပဲ လိုက်ပါတဲ့။

နောက်တချက်က—

သဗ္ဗကာယ ပဋိသံ၀ေဒီ အဿသိဿာမီတိသိက္ခတိ၊ သဗ္ဗကာယ ပဋိသံ၀ေဒီ ပဿသိဿာမိတိ သိက္ခတိ။

သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော ထုက်လေ ဝင်လေရဲ့ အစ အလယ် အဆုံး သုံးချက်လုံးကို ထင်ရှားစေလျက်။ အဿသိဿာမိ၊ ပဿသိဿာမိ၊ ထုက်လေဝင်လေကို ဖြစ်စေအံ့။ ကွတိ၊ ကျိသို့။ သိက္ခတိ၊ အားထုတ်ပါလေ။

အဲဒါက တတိယအပိုဒ်။ပဲထမအပိုဒ်က ဒီဃ၊ ဒုတိယအပိုဒ်က ရဿ၊ အဲဒီတော့—

(၁) ထုက်လေဝင်လေ ကြာရင်ကြာသလောက် သတိနဲ့ အသိကလိုက်။
(၂) ထုက်လေဝင်လေ မြန်ရင်မြန်သလောက် သတိနဲ့ အသိကလိုက်။
(၃) ထိုကြာကြာဖြစ်တဲ့ ထုက်လေဝင်လေ၊ မြန်မြန်ဖြစ်တဲ့ ထုက်လေဝင်လေကို အရှိန်ကောင်းလာတဲ့အခါကျရင် အစ အလယ် အဆုံး သုံးချက်လုံး မိစေအောင်ဖမ်း။

အဲဒါကို အနုပဿနာ ခေါ်တယ်။

ထုက်လေဝင်လေရဲ့ အစ အလယ် အဆုံး သုံးချက်လုံးကို အစဉ်မပြတ်ရှု။ မလွတ်တမ်းသတိနဲ့ ရှုမှတ်နေခြင်းကို အနုပဿနာနည်း။ အစရော အလယ်ရော အဆုံးပါ အစဉ်တစိုက်လိုက်ပြီးတော့ ရှုမှတ်တဲ့နည်းကို အနုပဿနာနည်းလို့ ခေါ်တယ်။

အနုပဿနာ—အစဉ်လိုက်ပြီးတော့ ရှုမှတ်တဲ့နည်း၊ အစဉ်လိုက်ပြီး ရှုမှတ်တော့ ဘယ်နေရာအစဉ်လိုက်ရမှာလဲ။ နှာသီးဖျားကနေ ဝင်သွားတဲ့လေ။ ဟို—ချက်တိုင်အရောက်။ချက်တိုင်ကနေ ပြန်ထုက်လာဘဲ့လေ နှာသီးဖျားအရောက်။ ထုက်လေ ဝင်လေရဲ့ လမ်းတလျှောက်အကုန်လုံး လိုက်ရမှာလားဆိုတော့ ဒီလို မဟုတ်ဘူးတဲ့။

(က) ဥပမာ ၃-ချက်

ဒေါဂါရီကူပမာ၊
ပဂုံဇောပမာ၊
ကကစူပမာ၊
ဥပမာသုံးမျိုးနဲ့ အဋ္ဌကထာကြီးများက ပြတယ်။
ဒေါဂါရီကူပမာ - တံခါးဂိတ်စောင့်တဲ့ ဥပမာ။

မြို့တံခါးဂိတ်စောင့်တဲ့ ပုဂ္ဂိုလ်တွေ့ ဒီမြို့ထဲ လူဆိုး သူခိုးတွေ့ ဝင်သလား ထုက်သလားလို့ စောင့်ကြပ်စစ်ဆေးတဲ့အခါကျတော့ မြို့ထိပ်မှာ ဂိတ်တခု ချ

ထားပြီး ထိုဂိတ်ကနေ သေနတ်ကိုင်ပြီး လာသမျှလူကို မုတ်ပုံတင်ပါကြည့်ပြီး အသေးစိတ် စစ်ဆေးပြီးတော့ လူဆိုးလူကောင်းဲ့။

မြို့ပြင်ဘက်ရှိတဲ့ လူတွေကို တောရောတောင်ရော ရွာကော ကွင်းပါပါကျန် အနှံ့ လျှောက်လိုက်နေလို့ရှိရင် လုံခြုံရေးလဲ တကယ်ပရဘူး။ ဒဲ့ဒီလို ဂိုက်လံ ရွာဖွဲ့နေရတဲ့အတွက်ကြောင့် လူလဲ ပေါရဲပဲရှိပယ်။ ပြီးတဲ့ဒါကဲ့လူတွေကို လျှောက် စင်ဆေးနေရင်လဲပဲ ပေါရုံပဲ ရှိမယ်။

ဒါ့ကြောင့် ဂိတ်အဝင်ကနေ ထိုင်စေခဲ့။ လာတဲ့လူ မုတ်ပုံကတ်ကပ်ကြည့် ကြည့်ပြီးတော့ ဒီလူဟာ လူဆိုး၊ လူကောင်း ဘုံးကြည့်ရတယ်။ ဒဲ့ဒါကို ဒေါ်ဝါရီကူပမာ-တံခါးစောင့်တဲ့ ဥပမာ။

(၃) ဌပနာနည်း

မြို့တံခါးစောင့်တဲ့ မြို့စောင့်တပ်သားကဲ့သို့ ဘုံးကြီးတို့ ယောဂီများ ရဲ့ကာယဒွါရ ဟောဗိန္ဒာသိုးဖျားမှာရှိနေတဲ့ တံခါးပေါက်ကာယဒွါရ ကာယ ပဿာဒတံခါးပေါက်ကနေပြီးတော့ ထွက်သွားတဲ့ လေကို ဖုဋ္ဌဗ္ဗာန္ ခေါ် တဲ့ ဂိတ်ကလေးကနေ စောင့်ပါ။ ဖုဋ္ဌဗ္ဗာနဟာ ဂိတ်ပါပဲ။

ထွက်လေဝင်လေဆိုတဲ့ ဝါယောဓာတ်နဲ့ နှာခေါင်းဆိုတဲ့ ကာယရုပ်တို့ရဲ့ ထိရာ နေရာ ဖုဋ္ဌဗ္ဗာနဟာ ဂိတ်ပေါက်ပဲ။ ထိုနေရာက စောင့်နေတဲ့ သတိဆိုတာက တံခါးစောင့်။သတိဆိုတဲ့ တံခါးစောင့်ကို ကောင်းကောင်းချထား။

ဒီဂိတ်ကနေ ဝင်တိုင်း ထွက်တိုင်းသောလေကို မှတ်ပုံတင်စစ်တဲ့ မြို့စောင့် တပ်သားကဲ့သို့ သူရဲ့အမှတ်အသားလေးကို စစ်ပါ။ အမှတ်အသားဆိုတာက လက္ခဏာ။

"ဘုန်းကြီးတို့ ယောဂီများ၊အမှတ်အသားဆိုတာ ဘာပါလိမ့်"
"လက္ခဏာပါဘုရား"

မှတ်ပုံတင်ကိုကြည့်ပြီးတော့ လူဆိုးလူကောင်း ခွဲနိုင်သလို ဒီဂိတ်ပေါက်ဝက နေ ဝင်ထွက်သွားလာနေတဲ့ ဝါယောဓာတ်၊ ပထဝီဓာတ်၊ တေဇောဓာတ် ဆိုတဲ့ရုပ်တို့ရဲ့ လက္ခဏာကို တခုစီတခုစီ ဖမ်းပြီးတော့ ကြည့်လိုက်တာနဲ့ ဒီဟာက ဝါယောဓာတ်၊ ဒီဟာက တေဇောဓာတ်၊ ဒီဟာက ပထဝီဓာတ်လို့ ခွဲခြားစိစစ်နိုင်လိမ့်မယ်တဲ့။ လက္ခဏာကို မိအောင်ရှာရတယ်။

"ဘာကို ရှာရမယ်"
"လက္ခဏာကို မိအောင် ရှာရမှာပါဘုရား"

မှတ်ပုံတင်ကပ်ပြားလေးနဲ့ တူတဲ့ လက္ခဏာလေး မိအောင်ရှာ။ မှတ်ပုံတင်ကပ်ပြားလေးနဲ့ တူတဲ့လက္ခဏာမှာ ပူတယ်ဆိုတဲ့ လက္ခဏာတခု၊ အေးတယ်ဆိုတဲ့ လက္ခဏာတခု၊ပူတာအေးတာတွေ့ရင် သြော်-ဒါဟာ တေဇောဓာတ်ဆိုတဲ့ လူဆိုးကြီးတယောက်၊ မြေဆိုးကြီးတကောင် တွေ့မယ်။

ပူတာ အေးတာက အဂ္ဂိမုခလို့ ခေါ်တဲ့ မြေဆိုးကြီးတကောင်။တနည်းပြောရရင် လူဆိုးကြီးတယောက်။တောင့်တင်းတဲ့ နှူးညံ့ပြောင့်ပြောင်းတဲ့ လက္ခဏာတွေ့ရင် အေး—ဒါဟာ ပထဝီဓာတ် ကဋ္ဌမုခလို့ခေါ်တဲ့ မြေဆိုးကြီးတကောင် လူဆိုးကြီးတယောက်၊ နောက်တခါ တွန်းကန်လှုပ်ရှားတဲ့ အမှတ် လက္ခဏာလေး တွေ့ပြီဆိုလို့ရှိရင် အေး— ဒီဥစ္စာက ဝါယောဓာတ်ပဲ၊သတ္ထမုခလို့ခေါ်တဲ့ မြေဆိုးကြီးတကောင်၊ တနည်းပြောရရင် လူဆိုးကြီးတယောက်ပဲ။

"ဘယ်နှစ်ယောက် တွေ့ပြီလဲ"
"သုံးယောက် တွေ့ပါပြီဘုရား"

အဲဒီလို လက္ခဏာလေးတွေ့ မိထားလို့ရှိရင် ဒီလူဆိုးကြီးတွေ့ (၀၂) မြေဆိုးကြီးတွေ့ဟာ ဘယ်မှုမမပြေးနိုင်တော့ဘူး။ မိတာနဲ့တပြိုင်နက်တဲ့ မြဲမြဲကိုဆုပ်ထား။ ဆုပ်ထားပြီးတော့ မိတဲ့နေရာမှာ ဒုဘုန်းကြီးတို့ ယောဂီမျှားရဲ့စိတ်ကို ထားလိုက်။ စာပေက အဲဒါကို ဌပနာနည်းလို့ ခေါ်တယ်။

"ဘာနည်းပါလိမ့်"
"ဌပနာနည်းပါဘုရား"

(၁) ထိရာအရပ် သတိကပ်ပြီး ရှုမှတ်တဲ့နည်းက ဖုံသနာနည်း။

(၂) ထိတိုင်းထိဘိုင်းသော ထုက်လေဝင်လေကို အစ အလယ် အဆုံး သုံးချက်လုံး၊ အစဉ်လိုက်တဲ့နည်းက အနုဗန္ဓနာနည်း။

(၃) အစဉ်လိုက်လို့ လက္ခဏာကိုမိပြီ၊ မိတဲ့လက္ခဏာပေါ်မှာ ဒီစိတ်ကို ထားလိုက်ပြီဆိုရင် အဲဒါက ဌပနာနည်း။

"ဘယ်နှစ်နည်းပါလိမ့်"
"သုံးနည်းပါဘုရား"

ဖုသနာ၊ အာနုဗန္ဓနာ၊ ဌပနာနည်း သုံးနည်းရတယ်။ ဂဏနာနည်းကို ဘုန်းကြီးတို့ ကျောင်ထားပစ်ခဲ့တယ်။ ဂဏနာနည်း ကျောင်တားပစ်ခဲ့ ကာကာ ဂဏနာနည်းမှာ ဉာဏ်နဲ့စိစစ်တဲ့သဘော ဘာမှပါတဲ့အတွက်ကြောင့် ထားခဲ့တယ်။ ဂဏနာနည်း လုပ်ချင်တယ်ဟိုလဲ ရပါတယ်။ ဂဏနာနည်းက ဒီရတွက်တာ။

(၄) ဂဏနာနည်း

ထွက်တဲ့လေနဲ့ ဝင်တဲ့လေ နှစ်ခု အတွဲလိုက်တစုံ။ ထွက်လေ ဝင်လေ နှစ်ခု ကစုံကို (၁) လို့မှတ်။

နောက်တခါ ထွက်လေဝင်လေ အတွဲလိုက် တစုံ ဖြစ်ပေါ်လာရင် (၂)ဘို့ မှတ်။

နောက်တကြိမ် ထွက်လေဝင်လေ နှစ်ခုတစုံ အတွဲလိုက် ဖြစ်ပေါ်လာရင် (၃) လို့ မှတ်။

နောက်တခါ ထွက်လေဝင်လေတစုံ (၄)။
နောက်ဘခါ ထွက်လေဝင်လေတစုံ (၅)။

(၅)ဆိုရင် ဘုန်းကြီးတို့ ယောဂီများ အဲဒါအနည်းဆုံးဂဏန်း။ အဲဒီကနေ တိုးတက် မှတ်ချင်ရင် တဆယ်ထိအောင်မှတ်။တဆယ်ထက် ပိုမမှတ်နဲ့။ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီး ညွှန်ကြားချက်အရ အနည်းဆုံးဂဏန်းဟာ (၅)၊ အများဆုံး ဂဏန်း(၁၀)၊ ထွက်လေဝင်လေနှစ်ခုအစုံလိုက်ကို (၁)၊(၂) ဒီလို မှတ်မှတ် သွား။

(၁၀)ရောက်သို့ရှိရင် တော်ပြီ။ (၂)ကနေပြန်စ၊ (၁၁)ရောက်အောင်၊ (၂၀)ရောက်ရင် လွှတ်လိုက်။ (၁)ကနေပြန်စ၊ ထွက်တိုင်း ဝင်တိုင်းကို အစုံလိုက် အစုံလိုက် (၁)၊(၂)၊(၃)၊(၄)၊(၅)လို့ မလွှတ်တန်း ဒီလို ရေတွက်သွားတဲ့နည်းကို ဂဏနာနည်းလို့ ခေါ်တယ်။ အဲဒီအထဲမှာ ဉာဏ်မပါဘူးနော်။

ဉာဏ်မပါတဲ့နည်း မသုံးကောင်းဘူးလားလို့ ဆိုတော့ အလွန့်အလွန်ကို စိတ်ဓာတ် ပျံ့လွင့်တဲ့ ဝိတက်အားကြီးတဲ့ ပုဂ္ဂိုလ်များ အာဒီကမ္မိက အစဆုံး လုပ်ရင် အဲဒီဂဏနာနည်းဟာ လုပ်ဆိုက်ဘယ်၊ လုပ်ထိုက်ပါဘယ်။ လုပ်ထိုက်ပို့ လဲပဲ ဘုန်းကြီးတို့ အဋ္ဌကထာကြီးများက ပြတာပေါ့။

ဝိပဿနာစခန်း မြန်မြန်တက်မယ်ဆိုတဲ့ ပုဂ္ဂိုလ်များကျတော့ ဘုန်းကြီးတို့က အဲဒါကို ကျော်ထားခဲ့တယ်။ဖု ယနာနည်းက စလိုက်လို့ရှိရင် အကုန်လုံး အကျုံး ဝင်သွားတယ်။

"ဘယ်နည်းက စမယ်"

"ဖုသနာနည်းက စရမှာပါဘုရား"

ဒီတော့— ဒီကနေ့ ဘုန်းကြီးတို့ ယောဂီများထဲမှာ အကယ်၍များ သိပ် အခက်အခဲ တွေ့နေတယ်ဆိုတဲ့ ငယ်ရွယ်တဲ့ အမျိုးသားလေးတွေ၊ အလွန် နုနယ် ငယ်ရွယ်တဲ့ အမျိုးသမီးလေးတွေဟာ ဂဏနာနည်းကို အားပြုမယ် ဆိုရင်လဲ အခြိန်မရှေး ကိုယ့်အိမ်မှာ ကိုယ်လုပ်လို့ရဘာယ်။

ညချမ်းအခါ တမြို့လုံး တရွာလုံး တိတ်ဆိတ်ပြီး အိပ်မောကျနေတဲ့အချိန်။ သတိ၊ ပညာ၊ ဝီရိယတွေ ဘာမှ စဉ်းစားနေဖို့ မလိုဘူး။ လွယ်လိုက်တာမှ သိပ်ကို လွယ်တာ။ ဘုရား ကျကျနနရှိခိုး၊ မေတ္တာပွားပြီးတော့ ဆရာသမား များကို ကန်တော့။ ပြီးတော့မှ တင်ပျဉ်ခွေ ထိုင်လိုက်ပြီး ထွက်လေဝင်လေ အစုံလိုက် ရှုဆိုပြီးတော့(၁)၊ ထွက်လေဝင်လေအစုံလိုက် (၂)၊ ဒီလိုမှတ်သား။ (၁၀)ရောက်ရင် တော်ပြီ။ နောက် (၁)က ပြန်စ။

ဟို— သုံးလေးတန်းကစပြီး ကလေးလေးတွေ၊ ကျောင်းသူ ကျောင်းသား လေးတွေများ အဲဒီဂဏနာနည်း ပေးရင် အလွန်ကောင်း။ အဲဒီလို ကလေး အရွယ် ပုဂ္ဂိုလ်များ လူကြီးပင် ဖြစ်လင့်ကစား ဝိတက်အလွန်များတဲ့ ပုဂ္ဂိုလ် များဟာ ဂဏနာနည်းနဲ့ အလွန် သင့်လျော်ဘယ်၊ အလွန် ကောင်းပါတယ်။

ဒါကြောင့်-ဘုန်းကြီးတို့ ဗမာပြည်ကအလွန်တရာထင်ရှားတဲ့ ကန့်ဆရာတော် ဘုရားကြီးကတော့ ဘယ်ယောဂီပဲ လာလာ ဂဏနာနည်းက စပေးတယ်။ ဆရာတော်ဘုရားကြီးက ဂဏနာနည်းကို အလွန်ကျေနပ်တာ။

သတ္တဝါတယောက်နဲ့ တယောက်ဟာ စရိုက်ချင်း မတူကြဘူး။ ဝါသနာ ချင်းလဲ မတူကြဘူး။ အလိုဆန္ဒချင်းလဲ မတူကြဘူး။ မတူကြတဲ့ အတွက်ကြောင့် ငါလုပ်တဲ့ နည်းသာလျှင် မှန်တယ်။ဘယ်သူလုပ်တဲ့ နည်းက မမှန်ဘူးလို့ ဒီလို ပြောလို့မရဘူး။ ကိုယ်ကြိုက်တဲ့ ကိုယ့်ဝါသနာလေးနဲ့ ကိုယ့်စရိုက်လေးနဲ့ လိုက်သွားရင် ကမ္မဋ္ဌာန်းဟာ ကောင်းသွားတာပါပဲ။

ဒါကြောင့်-ကန့်ဆရာတော် ဘုရားကြီးကတော့ ဂဏနာနည်းနဲ့သွားတယ်။ ဘုန်းကြီးတို့ သပိတ်အိုင် ဆရာတော်ကြီးကတော့ ဖုသနာနည်းနဲ့ သွားတယ်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးကလဲပဲဖုသနာနည်းကသာ ကိုင်လိုက်လို့ရှိရင် အနုဗန္ဓနာ ဖုသနာ၊ ဋ္ဌပနာ အကုန်ရပါတယ်တဲ့။

ဒါကြောင့်-ယခုရောက်လာကြတဲ့ အသစ်ယောဂီများ မှတ်သားဖို့ရာက ဂဏနာနည်း ဒီလိုရှိတယ်ဆိုတာကိုလဲ နားလည်ထားပါ။ကိုယ့်အိပ် ကိုယ့်နေရာ ကိုယ့်ရှာပြန်ရောက်တဲ့အခါ အသုံးချနိုင်တယ်။ ဝမ္ပရိပ်သာဝင်ရာ ပဲလာတဲ့ယခု အချိန်မှာတော့ ဖုသနာနည်းကိုသာလျှင် အသုံးပြုကြပါ။ သူကမြန်တယ်။ ဝိပဿနာကူးတဲ့ နေရာ သူကမြန်တယ်။

ဖုသနာနည်းဆိုတာ ထွက်လေဝင်လေနဲ့ နှာခေါင်းပေါ် ကိုယ်ရဲ့နေရာမှာ သတိနဲ့ အသိကို ချည်ကပ်လိုက် အရေးကြီးတာပါ။ ချုပ်ငြိမ်းမြဲကြောင်းကို ထွက်လေဝင်လေ ကြာကြာဖြစ်ရင် ဖြစ်ပုံသည်၊ မြန်မြန်ပြစ်ရင်လဲ ဖြစ်မှန်းသိ၊ ထွက်လေဝင်လေနဲ့အစအလယ်အဆုံးသုံးချက်လုံးစဖြစ်တာ၊ ဖြစ်နေတဲ့ထွက်လေဝင်လေ မကုန်သေးတာ၊ နောက်ဆုံး ရပ်သွားတာ၊ ဒီသုံးချက်လုံး မိအောင်လိုက်ပါ။

ဃနပြိုအောင် ကြိုးပြီးဘဝရှု

အဲဒီလိုလိုက်ရင် အနုပဿနာ-အစ အလယ် အဆုံး သုံးချက်လုံး အစဉ်လိုက်တာ၊အစဉ်လိုက်လို့ ဘုန်းကြီးတို့ ဂယောဂိများ အစအလယ်အဆုံး သုံးချက်လုံး အကုန်လုံး မိကြပြီဟဲ့ဆိုရင် အဲဒီမိနေတဲ့ နေရာမှာ လက္ခဏာလေးတွေကို ရှာလိုက်၊ မှတ်ပုံတင်ကပ်ပြားနဲ့ လူဆိုးလူကောင်း ခွဲရှာသလို လက္ခဏာလေး တွေ့ရှာလိုက်တော့ လက္ခဏာဟာ သုံးမျိုး ကွဲထွက်လာတယ်။

ပူတဲ့ အေးတဲ့လက္ခဏာက တေဇောရဲ့ သဘော၊
တောင့်တင်း ပျော့ပျောင်းတဲ့ လက္ခဏာက ပထဝီရဲ့ သဘော၊
တွန်းကန် လှုပ်ရှားတဲ့ လက္ခဏာက ဝါယောရဲ့ သဘော၊

ထိုသဘော လက္ခဏာသုံးချက် ဘယ်မှာ ပေါ်နေသလဲဆိုလို့ရှိရင် ကာယမှာ ပေါ်နေတယ်။ ကာယဆိုတဲ့ ရုပ်တခု၊ ပေါ်လာတဲ့ လက္ခဏာသုံးခုတို့နဲ့ သက်မှတ်ထားတဲ့ ဓာတ်ဘည်းဟူသော ရုပ်သုံးခု၊ ပထဝီ၊ တေဇော၊ ဝါယော။ သူတို့က ဓာတ်တရားတွေ့ သိမ်းကျုံးပြီးတော့ ရုပ်အနေနဲ့ဆိုလို့ရှိရင်လဲပဲ ဖြစ်တာပါပဲ။ သို့သော်လဲပဲ အစိတ်စိတ် အမှဘမှာ ခွဲရမှာကိုး။

နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ
အနတ္တသညာ န သဏ္ဌာတိ။

နာနာဓာတုဝိနိမ္မောဂဿ၊ အထူးထူးသော ဓာတ်တို့ရဲ့ ခွဲခြား ဝေဘန် ချက်ကို။ အမနသိကာရာ၊ နှလုံးမသွင်းနိုင်ကြပါဘူးဆိုတဲ့ အကြောင်း ကြောင့်။ ဃနေန ပဋိစ္ဆန္နတ္တာ၊ ဃနဆိုတဲ့ အစိုင်အခဲကြီးသည် ဖုံးလွှမ်းအပ် သည်ဖြစ်၍။ အနတ္တာသညာ၊ အနတ္တာဆိုတဲ့ သညာသည်။ နှ သဏ္ဌာတိ၊ တည်၍ မလာနိုင်။

ဒီစကားအရ ဃနမပြိုရင် အနတ္တမထင်နိုင်ဘူး။ ဒီမှတ်ချက်ယူထား။

"ဃနမပြိုရင်"

"အနတ္တမထင်နိုင်ပါ ဘုရား"

ဃနဆိုတာ ရုပ်တွေပေါင်းစုနေတဲ့ အပေါင်းအခဲ၊ နာမ်တရားတွေ ပေါင်း စုနေတဲ့ အပေါင်းအခဲ၊ ပေါင်းစုနေတဲ့ ဥစ္စာကို အပေါင်းအခဲကြီးအတိုင်း ဒီအတိုင်း ကြည့်နေရင် ဃနမပြိုဘူး။ အနတ္တမထင်ဘူးမှတ်။ အဃာသပဃာ သခေါတဲ့ ဒီထွက်လေ ဝင်လေဟာ ပေါင်းထားတဲ့သဘော။ ယခုဘုန်းကြီး ပြောတာ သုံးမျိုးနော်။

သတ်-ကာယ-အနုပဿနာ

အဃာသ ပဃာသာစုဏ္ဏာ ဝိစုဏ္ဏာပိ သမူဟနတ္ထေန ကာယော။

အဃာသပဃာသာ၊ ထွက်လေဝင်လေသည်။ဖုံဏ္ဏာ ဝိစုဏ္ဏာပိ၊ အစိတ်စိတ် အမှုန်မှာ ဖြစ်နေပါသော်လဲပဲ။ (ဝါ) အစိတ်စိတ်အမှုန်မှာ ဖြစ်၍နေသော။ အဃာသပဃာသာ၊ ထွက်လေဝင်လေသည်။သမူဟနတ္ထေန၊ ပေါင်းစု၍ထား အပ်သော အနက်သဘောကြောင့်။ ကာယော၊ ကာယမည်၏။

ဘုန်းကြီးတို့ ငဒိုသမ္မိဒါမင်္ဂလာက ထွက်လေဝင်လေဟာ အစိတ်စိတ်အမှုန်မှာ ဖြစ်နေတဲ့ ရုပ်ကလေးတွေစုပေါင်းထားလို့ အဲဒါကို ကာယ ခေါ်တယ်။

"ထွက်လေဝင်လေက ဘာခေါ်ရတယ်"

"ကာယခေါ်ပါတယ် ဘုရား"

ကာယ၊ ယောဂီရဲ့ ဉာဏ်ထဲမှာ ဒီကာယ ထင်လာတာက-

ကာယော ဥပဋ္ဌာနံ။

ကာယဆိုတဲ့ ဒီရုပ်တွေ ယောဂိသန္တာန်မှာ ထင်လာတယ်။ ဘာကြောင့် ထင်လာတာလဲဆိုတော့—

ဥပဒ္ဒဝနံ သတိ။

ဒီကာယဆိုတဲ့ ရုပ်အစုပေါင်းကို ထင်လာအောင် သာဓိက ဖော်ပြပေး တယ်။

"ဘာက ဖော်ပြပေးတယ်"

"သတိက ဖော်ပြပေးပါတယ် ဘုရား"

ဒီတော့ သတိလဲပဲ တင်ရှားနေတယ်။ သတိကတင်ရှားတဲ့အတွက်ကြောင့် ဒီကာယကြီးလဲပဲ ထင်ရှားနေတယ်။

"ယောဂီသန္တာန် ထင်လာတာ ဘယ်နှစ်ခုလဲ"

"
.....
"

"သတိရယ်၊ ကာယရယ်၊ ဘယ်နှစ်ခုထင်လဲ"

"နှစ်ခုထင်ပါတယ်ဘုရား"

ကာယာ ဥပဒ္ဒဝနံ။

ဒီကာယ ထင်လာတယ်။ ဘယ်သူ့ကြောင့် ထင်လာကာလဲ။

ဥပဒ္ဒဿနာ သတိ။

သတိကြောင့် ထင်လာတာ။ သတိက သူကိုယ်တိုင်လဲပဲ ယောဂီရဲ့ စိတ်ထဲမှာ ထင်နေတယ်။ကာယကိုလဲပဲ ထင်အောင် ဖော်ပြပေးတယ်။ ဒါ့ကြောင့်—

သတိ၊ သတိဆိုတဲ့ ဓမ္မဓာတ်သည်။ သတိစေ၀၊ သတိလဲ မည်တယ်။ ဥပဒ္ဒဝနံ စ၊ ဥပဒ္ဒဝနလဲ မည်တယ်။

သတိက သတိဆိုတဲ့ အမည်ကိုလဲ ရတယ်။ ဥပဒ္ဒဝနံဆိုတဲ့ အမည်ကိုလဲ ရတယ်။ကာယကတော့ ကာယအမည်နဲ့ ဥပဒ္ဒဝန အမည်ရတယ်။

ကာယရယ်၊ ဥပဒ္ဒဝနလို့ခေါ်တဲ့ သတိရယ်၊ အနုပဿနာ ဉာဏ်ခေါ်တဲ့ ဉာဏ်ရယ်၊ စကားသုံးလုံး။

"ကာယ၊ သတိ၊ အနုပဿနာ၊ ဘယ်နှစ်လုံးပါလိမ့်"

"သုံးလုံးပါဘုရား"

"ကာယဆိုတာ ထွက်လေ၀င်လေ။ ကာယဆိုတာ"

"ထွက်လေ၀င်လေပါဘုရား"

ဘာ့ကြောင့် ကာယလို့ ခေါ်သလဲဆိုရင် ရုပ်တွေ ပေါင်းထား လို့။ ဘယ် နှစ်မျိုး ပေါင်းထားလဲဆိုရင် သုံးမျိုးပေါင်းထားတယ်။

"ပထဝီ၊ တေဇော၊ ဝါယော ဘယ်နှစ်မျိုးပေါင်းထား လဲ"
"သုံးမျိုးပေါင်းထားပါတယ်ဘုရား"
ပေါင်းထားတဲ့အတွက်ကြောင့် သူ့ကို ကာယလို့ ခေါ်ပါ။ ဒီကာယကို ထင်ရှားအောင် လုပ်ပေးကာ သတိလို့ ခေါ်ပါ။

အနုပဿနာ ဉာဏ်။

အနုပဿနာ၊ သတိကပ်ပြီးတော့ ဒီကာယကို ရှုနေတဲ့။ ဉာဏ်၊ ဉာဏ်။ အစဉ်ရှုမှတ်နေတဲ သဘောသည် ဉာဏ်။
"သတိနဲ့ဉာဏ် တဲ့မသွားဘူးလား"
"တဲ့သွားပါကွယ်ဘုရား"

သဇော သမ္မာဇာနော ဟောတိ။

သတိပဋ္ဌာနသုတ္တန်နဲ့ ညီသွားပြီ။
သတော၊ သတိလို့ခေါ်တဲ့ ဥပဋ္ဌာနတရား လက်ကိုင်ထားလျက်။ သမ္မဇာနော၊ ထင်ရှားလာတဲ့ ဒီကာယကို ခဲခြမ်းစိတ်ဖြာ စိစစ်နေတဲ့ သမ္မဇဉ်လို့ ခေါ်တဲ့ ဉာဏ်တရားကို လက်ကိုင်ထားလျက်။ ဝိဟရတိ၊ နေရမှာပါ။
ငါတို့ နေရမှာ ဒါပဲ။ကာယကို ထင်ရှားအောင် သတိနဲ့ကပ်ထား။ ထင်ရှားလာတဲ့ ဒီကာယကို စိစစ်ဝေဖန်တဲ့ သမ္မဇဉ်လို့ခေါ်တဲ့ ဉာဏ်နဲ့ ကပ်ထား။ သတိရယ်၊သမ္မဇဉ်ရယ်၊ အသိရယ်၊ ဒီသုံးလုံး တဲ့ပြီးတော့ အလုပ်လုပ်နေတာ။

ကာယေ ကာယာနုပဿီ ဟောတိ။

ထွက်လေ ဝင်လေတည်းဟူသော အဿာသ ပဿာသကာယကို အစိတ်စိတ် အမှာမှာ ရှုမှတ်နေတဲ့ သဘောဟာ ကာယာနုပဿနာသတိပဋ္ဌာန်။ အဲဒီလို အစိတ်စိတ်အမှာမှာဖြစ်အောင် ခဲနိုင်ကြမှ ဘာဖြစ်မှာလဲဆိုတော့ အနတ္တ လက္ခဏာ ရောက်နိုင်တယ်။
ဖုသနာ၊ဌပနာ၊ အနုဗန္ဓနာ။ ဘုန်းကြီးပေးတာ နည်းသုံးမျိုး။ ယောဂီ အသစ်များ ဂရုစိုက်ပြီးတော့ မှတ်ဖို့ပါ။ ယောဂီအဟောင်းတွေအတွက်တော့ ပိုပြီးတော့ မှတ်မိသွားတယ်။
"ဖုသနာ၊ဌပနာ၊ အနုဗန္ဓနာ။ ဘယ်နှစ်မျိုးလဲ"
"သုံးမျိုးပါဘုရား"

ဖုံသနာ ထိရာအရပ် သတိနဲ့အသိ ကပ်။

အနုဗန္ဓနာ ထိလာတဲ့ ထိုထွက်လေ ဝင်လေကို အစ အလယ် အဆုံး အကုန်လုံး သုံးချက်လိုက်။

ဌပနာ အဲဒီလိုလိုက်လို့ ထင်ရှားလာတဲ့ထွက်လေ ဝင်လေတွေ့တဲ့ ကာယဖေါ်မှာ ယောဂီမျဉ်းရဲ့ စိတ်ကို ငြိမ်နေအောင် တင်ထားလိုက်။

တင်ထားလိုက်လို့ သတိနဲ့အသိ ဒီအပေါ် ငြိမ်ကျလာပြီဆိုတဲ့အချိန်မှာ စိစစ်တဲ့ဉာဏ်ကို ထည့်လိုက်တော့ ရုပ်တရားထိခိုက်တဲ့သဘောက သုံးမျိုး၊ အထိခံကာယလို့ခေါ်တဲ့ ရုပ်က တမျိုး၊ရုပ်လေးမျိုး ကဲ့လာတယ်။

"ဒါကြောင့် အတွေ့ထင်ရှားရင် ရုပ်တရား ဘယ်နှစ်ပါး ကဲ့လာတယ်"
"လေးပါးကဲ့လာပါတယ်ဘုရား"

ကာယပသာဒ-အောက်က အထိခံရုပ်၊ သစ်တုံးကြီးနဲ့ တူတယ်။ သူ့ကိုလာပြီးတော့ ထိခိုက်သွားနေတဲ့ ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ ရုပ်တရားက သုံးပါး။ သူက လှည်းကြီးနဲ့ တူတယ်။အဲဒီနှစ်ခု တိုက်ရာမှာ ပွဲကနဲ့ ပွဲကနဲ့ထွက်ကျလာတဲ့လှစာကလေးမျှးလို ယောဂီရဲ့ ဉာဏ်ထဲမှာ ကာယတွေကို စုလွှတ်စုကွာ အစိတ်စိတ်အမှာမှာ ကဲ့သွားအောင် ရှုပါ။

အာနာပါနရဲ့ အကျိုးအာနိသင်

တာယ သတိယာ တေန ဉာဏေန တသ္မိံ ကာယေ အနုပဿနာ ဉာဏံ ကာယာနုပဿနာ နာမံ။

တာယ သတိယာ၊ ထို့သတိဖြင့်။ တေန ဉာဏေန၊ ထိုဉာဏ်ဖြင့်။ ကာယေ၊ ဟောဒီ ၊ထစိကာယ အာပေါကာယ တေဇောကာယ ဝါယောကာယဆိုတဲ့ ကာယတရား၌။

အခုပြောခဲ့တဲ့ ဖောဋ္ဌဗ္ဗအနေနဲ့ဆိုရင်ဒေတာ့-

ကာယေ၊ ဟောဒီ ပထဝီကာယ တေဇောကာယ ဝါယောကာယလို့ခေါ်တဲ့ ကာယတရား သုံးပါးအပေါ်၌။

ပသာဒကာယလဲ ထည့်။

ကာယတရား လေးပါးအပေါ်၌။ အနုပဿနာ၊ ရှုမှတ်နေတဲ့ သဘောသည်။ ကာယာနုပဿနာ၊ ကာယာနုပဿနာ သတိပဋ္ဌာန် မည်၏။

"ဟုတ်ပြီနော်"
"မှန်ပါဘုရား"

အေး-ယောဂီအဟောင်းများအတွက် နာဘူးထပ်မံ၊ အသစ်များအတွက် မိမိတို့ယူရမယ့် ပဓာနအလုပ်ဟာ ဒါပဲ။ မူလကမ္မဋ္ဌာန်းဟာ ဒါပဲလို့ သိပြီးတော့ ထားလိုက်။

ဘယ်နည်းနဲ့ ပြဿဒ္ဓိပါသလဲဆိုရင် မှတ်မိကြပြီနော်။ ဖုဿနာနည်းကို စတင် အခြေခံတယ်။ အနုဗန္ဓနာနည်းနဲ့ ဌပနာနည်း ဖြည့်စွက်ပြီးတော့ သဒ္ဓါပါတယ်လို့ ပြောတတ်ပါစေ။ ကိုယ့်နေရာကိုယ် ပြန်ရောက်ရင်လဲပဲ ဘယ်အခါဖြစ်ဖြစ် ဒီနည်းကို လုပ်တတ်ပါစေ။

ဘုရားအဆူဆူဟာ ဒီအာနာပါနနဲ့ သဗ္ဗညုတဉာဏ် ရသွားတာ။ ဒါကြောင့် အာနာပါနကမ္မဋ္ဌာန်းဟာ အလွန်အဖိုးတန်တယ်။ အာနာပါနဆိုတာ ပါဠိတော်က-

(၁) အာနာပါနသတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။

(၂) အာနာပါနသတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။

ဒီ ၂-ချက် ဘုရားရှင် ချီးကျူးပြတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ အာနာပါနသတိ၊ အာနာပါနဆိုတဲ့ သတိပဋ္ဌာန်ဘာဝနာကို။ ဘာဝိတာ၊ ပွားများကြမယ်ဆိုရင်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာကြမယ်ဆိုရင်။ မဟပ္ဖလာ၊ ကြီးကျယ်တဲ့ အကျိုးရှိသည်။ မဟာနိသံသာ၊ ကြီးမြတ်တဲ့ အာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်၏။

အာနာပါနကို စနစ်တကျပွား။ ယခုလို အဋ္ဌကထာကြီးများမိန့်ကြားတဲ့နည်း စနစ်ကျအောင်ပွားရင် မဟပ္ဖလာ၊ မဟာနိသံသာ-ချစ်သားတို့မှာ သိပ်အကျိုးကြီးတယ်။ ဘုရားရှင်ကိုယ်တော်မြတ် ပုဗ္ဗာရုံမှာ ဟောခဲ့တဲ့ပါဠိတော်။ ဘာတွေ အကျိုးကြီးပါသလဲဆိုတော့ နောက်တပိုဒ်-

အာနပါနသတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အာနာပါနဿတိ၊ အာနာပါနဆိုတဲ့ သတိပဋ္ဌာန်ဘာဝနာကို။ ဘာဝိတာ၊ ပွားများကြမယ်ဟိုရှင်။ ဟူလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာကြမယ်ဟိုရှင်။ စတ္တာဇရာ သတိပဋ္ဌာန်၊ သတိပဋ္ဌာန်တရား လေးပါးစလုံးတို့ကို။ ပရိပူရေန္တိ၊ ပြည့်စုံကြလေကုန်၏။

အာနာပါနတလုံးတဲ့က သတိပဋ္ဌာန် လေးမျိုးစလုံး ရတာပဲ။ အာနာပါန တခုကို စနစ်ဘကျပွားရင် သတိပဋ္ဌာန် လေးမျိုးလုံး ပြည့်မှီတယ်။ ဒါကြောင့် အကျိုးများတယ်လို့ ပြောတာ။ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ။ သတိပဋ္ဌာန် လေးမျိုးလုံးကို ဟော ဒီအာနာပါနကနေ ပိုင်သွားရင် ဘယ်သတိပဋ္ဌာန်ပဲ ဇာတ်သွားသွား အကုန်ရတယ်။

ယခုအာနာပါနကို အခြေခံပြီး ကာယာနုပဿနာကို ဘုန်းကြီးပြောနေတယ်နော်။ မနက်ဖန်ကျရင် ဝေဒနာနုပဿနာပိုင်းကို ကူးပြီးတော့ ပြောပါ့မယ်။ နောက်စိတ္တာနုပဿနာ၊ အဲဒီနောက် ဓမ္မာနုပဿနာ၊ ငါးရက်စစ်ရဲ့ ဓာတ်ရော သတိပဋ္ဌာန် လေးပါးလုံးလဲ ပြည့်ပြီးတော့ အားလုံးပြီးသွားရော။ ဘုန်းကြီးတို့ ယောဂီများ သင်တန်းတရပ်တော့ ပိုင်ပိုင်ရသွားရော။ မှတ်တမ်းကလေးများ ပြုပြီးတော့ထား။ ကိုယ့်နေရာကို ပြန်ရောက်တော့ အဲဒါ အလုပ်လုပ်လို့ဖြစ်သွားရောနော်။

ဓာတုမနသိကာရ

ကိုင်း-ဒီတော့ ဖုဿနာနည်းကို အခြေတာယ်၊ ထိရာအရပ် သတိကပ်လိုက်တော့ရင်—

"မနက်က ပြောခဲ့တာ ဝင်လေ ထင်ရှား ဘာတရားပါလိမ့်"
"ရုပ်တရားပါဘုရား"
"ဘယ်နှစ်ပါးပါလိမ့်"
"လေးပါးပါဘုရား"
"ဟော-ရုပ်တလုံးတော့ ဘုန်းကြီးတို့ ယောဂီများ ပိုင်သွားပြီ။ တွက်လေ ထင်ရှားတော့ ဘာတရားပါလိမ့်"
"ရုပ်တရားပါဘုရား"

"ပူတာ အေးတာဟာ ဘာပါလိမ့်"
"ရွှေပ်တရားပါဘုရား"
"ဘာရွှေပ်လဲဆိုရင်"
"တေဇောရွှေပ်ပါဘုရား"

ရွှေပ်ဆိုတဲ့ စကားလုံးနဲ့ သုံးတော့ တေဇောရွှေပ် ဖြစ်တယ်နော်။ ဓာတ်ဆိုတဲ့ ဓာတုမနသီကာရ ကမ္မဋ္ဌာန်းအနေနဲ့ အားထုပ်ချင်ပါတယ်ဆိုရင် ဒီဥစ္စာ နာမယ်လေး ပြင်ပေးလိုက်လို့ရှိရင် သူက အလိုလို သဘောကျသွားတယ်။သဘော လက္ခဏာတခုတဲ့ကို အမည်အမျိုးမျိုး တပ်နေတာ။

ပူတာ အေးတာကို ရွှေပ်လို့ တမျိုးတပ်တယ်။ ပူတာ အေးတာ တေဇော ဓာတ်လို့ ခေါ်တယ်။ တေဇောဓာတ်လို့ ခေါ်တဲ့အခါမှာ ဓာတုမနသီကာရ ဆိုတဲ့ ကာယာနုပဿနာထဲကို တိုက်ရိုက်ဝင်တယ်။ ပူတာ အေးတာ တေဇော လို့ ခေါ်လို့ရှိရင် ဟို–ဓမ္မာနုပဿနာပိုင်း ခန္ဓပဗ္ဗမှာ ဟော်တဲ့အထဲ ဝင်သွားတယ်။ ပူတာ ဧးတာကို ရွှေပ်လို့ မသုံးသပ်တော့ပဲနဲ့–

ကွတိရွှေပံ၊ သြော်–ဒါရွှေပ်တရားပဲ။

အဲဒီလို သုံးသပ်လိုက်ရင် ဓမ္မာနုပဿနာထဲ အလိုလို ဝင်သွားတယ်။ ကာယာနုပဿနာ အနေနဲ့ ဘုန်းကြီးတို့က အာတိအကျပြောလိုက်ရင် ဒါဟာ ဓာတုမနသီကာရ ခေါ်တယ်။အဲဒီတော့–ဘုန်းကြီးတို့ ယောဂီများ ဒါလောက် ဆိုရင် ရိပ်မိပြီ။

"အာနာပါနကို အခြေခံ–ယခု ဓဝတုမနသီကာရကို ပြောနေတာ မဟုတ်လား"
"မှန်ပါတယ်ဘုရား"
"ဓာတ်ခွဲနေတာ ဟုတ်လား"
"မှန်ပါဘုရား"

သမ္မဟဃန ဖုံးနေရင် အနတ္တလက္ခဏာ မထင်ဘူး

နာနာဓာတုဝိနိဗ္ဘောဂဿ၊ အထူးထူးသော ဓာတ်တို့ရဲ့ ခွဲခြမ်းဝေဖန်ချက်ကို။ အမနသီကာရ၊ တို့ယောဂီများ နှလုံး မသွင်းနိုင်ကြဘူးဆိုရင်။ ဃနေန ပဋိစ္ဆန္နတ္တာ၊ အပေါင်းအခဲကြီး ဖုံးထားတဲ့အတွက်ကြောင့်။ အနတ္တသညာ၊ အနတ္တလက္ခဏာသည်။ နဿတိ၊ တည်ဖြိမ်လွယ်ဘူး။

ဓာတ်တော်ကို ခဲ့ပြီးတော့ မရှရင် ဃနဖုံးနေလို့ အနုတ္တာ မတင်နိုင်ဘူးဟဲ့။ ဒီတော့—အတိုချုပ်မှတ်ရမှာက ဃနဖုံးနေရင် အနုတ္တာမထင်ဘူး။

"ဃနဖုံးရင် ဘာဖြစ်တယ်"
"အနတ္တာမထင်နိုင်ပါဘုရား"
"ဃနဆိုတာ အပေါင်းအခဲ။ ဃနဆိုတာ"
"အပေါင်းအခဲပါဘုရား"
အပေါင်းအခဲ ဖြိုရှုတာကို ဃနဖြိုရှုနည်းလို့ခေါ်တယ်။
"ယခုဖြိုလိုက်တော့ ဝင်လေထင်ရှား ဘယ်နှစ်ပါး ကွဲသွားသလဲ"
"လေးပါးကွဲသွားပါတယ်ဘုရား"
"ဃနဖြိုသွားတာဟာ ထွက်လေထင်ရှားကော့လဲပဲ"
"လေးပါးပါဘုရား"
"ဃနဆိုတဲ့ အပေါင်းအခဲကြီး ပြိုသွားတယ်နော်"
"မှန်ပါဘုရား"

အေး-အပေါင်းအခဲ ပြိုသွားတာနဲ့ တပြိုင်နက်တဲ့ အတွင်ရဲ့ဆန့်ကျင်ဘက် ဒီရုပ်လေးမျိုးကို ငါမပိုင်ဘူးလို့ ရှယင်းရှယင်းနဲ့ ယောဂီဟာ အလိုလိုသဘောကျလာရင် အနတ္တလက္ခဏာ တခါတဲ့ ဝင်လာတယ်။

ဒီရုပ်လေးမျိုးဟာ ငါမပိုင်တဲ့ ရုပ်တွေပဲ။ ပူတာ အေးတာလဲ ထိန်းထားလို့ မရဘူး။ အေးတာလေးလဲ ထိန်းထားလို့မရဘူး။ တုန့်ကန်တာ လှုပ်ရှားတာ တောင့်တင်းတာ ဒီသဘောတွေကို ကိုယ်ကိုက်သဘို ဘယ်လိုမှ စောင့်ရှောက်ပြုပြင်လို့မရ။ သူ့သဘောနဲ့ သူ့ဟာသူဖြစ်နေတာမို့လို့ ဓာတ်ခေါ်တယ်။

"အဲဒီဓာတ်တွေဟာ အတွင်မဟုတ်ဘူးလို့ ဉာဏ်မှာ သဘောကျခဲ့ရင် အနတ္တလက္ခဏာ မဝင်ပေဘူးလား"
"ဝင်ပါတယ်ဘုရား"

အတွေနော သဘာဝံ ဓာရေတီ တိ ဓာတု။

ဓာတ်ဆိုတဲ့ဥစ္စာဟာ သူ့သဘောကို သူဆောင်သွားတာ။
"သူ့သဘောကို တို့ယောဂီများ ဆောင်လို့ရရဲ့လား"
"မရပါဘုရား"

ပူတဲ့သဘောကို တဇောဓာတ်က ဆောင်သွားတာ။ ပူတဲ့ သဘောကို ယောဂီတွေက ဆောင်ကြည့် မရဘူး။ အေးတဲ့သဘောကိုလဲ ဆောင်လို့မရ။ တောင့်တင်းတဲ့ သဘောလဲ ဆောင်ရွက်လို့မရ။ သူ့သဘော သူ ဆောင်သွားတာကို ကိုယ်က လိုက်ပြီးတော့ ရှုနေရတာ။ ကိုယ့်အလိုမကျလို့ ဒါဟာ ငါလုပ်လို့မရတာ၊ အနတ္တပါတကားလို့ သဘောကျပါစေ။

အဲဒီလို ဓာတ်တွေကို ခွဲခြမ်းဝေဘန်ပြီးတဲ့အခါမှာ တဆင့်တက်လိုက်တော့ ဒီဓာတ်တွေဟာ ကိုယ့်အလိုအတိုင်း လုပ်လို့မရဘူး။ သူတို့သဘောနဲ့ သူတို့ အလိုလိုသွားပြီးတော့ နေကြတာ။ သူ့သဘောကို သူ့ဟာသူဆောင်၊ သူ့သဘောကို ငါက ဘယ်လိုမှ ဆောင်ရွက်လို့မရ။

အဝသဝတ္တနဋ္ဌေန အနတ္တာ။

အဝသဝတ္တနဋ္ဌေန၊ ငါ့သဘောအတိုင်း ဘယ်လိုမှ မလိုက်ဘူးဆိုတဲ့အနက် သဘောကြောင့်။ အနတ္တာ၊ အဲဒီဓာတ်တရားတွေဟာ အနတ္တတရားတွေ။

"အတ္တတရားလား၊ အနတ္တတရားလား"

"အနတ္တတရားပါဘုရား"

"ခဏပြီး အစိတ်စိတ်အမှာမှာ ရှုလိုက်တော့ အစိုင်အခဲကြီး ဖြိုသွားပြီး အနတ္တသညာ တခုတဲ့ ဝင်လာသလို အတ္တသညာ ပျောက်မသွားဘူးလား"

"ပျောက်သွားပါတယ်ဘုရား"

"အတ္တသညာပျောက်၊ အနတ္တလက္ခဏာ တခါတဲ့ ရောက်တယ်။ ဖြိုရှုတာနော်"

"မှန်ပါဘုရား"

ကိုင်း— ဖြိုရှုတော့ ပူတာ၊ အေးတာ၊ တွန်းကန်တာ၊ လှုပ်ရှားတာ၊ တောင့်တင်းတာ၊ ကာယပဿာဒကိုယ်အကြည်ရွပ်ရယ် အဲဒါတွေဟာ ခုနက ဘုန်းကြီးတို့ သတိပဋ္ဌာန်လေးပါးမှာ နောက်ဆုံး သတိပဋ္ဌာန် ဓမ္မာနုပဿနာ အနေနဲ့ဆိုရင် အဲဒါတွေ အကုန်လုံး သိမ်းပြီးတော့ ရွပ်အနေနဲ့ တခုတဲ့ တမယ်တဲ့ သတ်မှတ်တယ်။

ဓမ္မာနုပဿနာကတော့ ပူတာ အေးတာလဲ ရွပ်၊ တွန်းကန်လှုပ်ရှားတာလဲ ရွပ်၊ တောင့်တင်းတာ ပျော့ပျောင်းတာလဲ ရွပ်၊ အကုန်လုံး ရွပ်အနေနဲ့ သိမ်း

ပြီးတော့ သတ်မှတ်တယ်။ ဓာတုမနသိကာရကတော့ အစိတ်အိတ်အပွားကော့ ရှုတယ်။ ဒါပဲကွာတယ်နော်၊ အမည်ပဲ ကွဲတယ်။ သဘောပုံ အတူတူပဲ၊ ဒီလိုနော်။

ဒီတော့— ဒီရုပ်တရားနဲ့ပတ်သက်လို့ ဖေဏပိဏ္ဍာ်ုပမ သုတ္တန်ဟာ ရုပ်တရား ဘာနဲ့တူတယ်လို့ ဥပမာပေးခဲ့သလဲဆိုရင် ဂရုမြုပ်စိုင်နဲ့ကွတယ်။ ပန်းက ငြောခဲ့တယ်။ ရုပ်တရားနဲ့ ပတ်သက်တဲ့ ပါဠိတော်တပိုဒ် ကြိုးတွေးတယ်။ ဝေဒနာသညာ သင်္ခါရဝိညာဉ်နဲ့ ပတ်သက်တဲ့ ပါဠိတော်ငါးပိုဒ် ကျန်ပါဝေးတယ်။

ပေဘဋ္ဌဗ္ဘအာရုံဆိုတဲ့ ရုပ်တရား

ဖေဏပိဏ္ဍာ်ုပမ သုတ္တန်ရဲ့ နိဂုံးမှာ သုတ္တန်တခုလုံးကို ခြုံပြီးတော့ ဂါထာ ရေးထားတယ်။

ဖေဏပိဏ္ဍာ်ုပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗာဠုပမာ။
မရီစိက္ခန္ဓူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။

သံယုတ္တနိကာယ်- ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်-၁၁၆။

ဘိက္ခဝေ၊ ပရိသတ်လေးပါး၊ ချစ်သား ချစ်သမီးတို့။ ရှုပံ၊ ချစ်ယား ချစ်သမီးတို့ ရှုမှတ်နေတဲ့ဟာဒီ အဿာသ ပဿာသ ကာယ၊ ထိုက ယင်း ပါဠိုး ပြီးတော့ ပါလာတဲ့ ပထဝီ တေဇော ဝါယောဆိုတဲ့ ရုပ်ဘာရုးတို့သည်။ ရှုပံ၊ ဖုဋ္ဌဌာန ထိရုအရုပ်တိုင်းမှာ တွေ့၍ တွေ့၍နေတဲ့ ဖေဘဋ္ဌဗ္ဘအာရုံလို့ ခေါ်ဆိုရတဲ့ ရုပ်တာရားတို့သည်။

ဖေဘဋ္ဌဗ္ဘအာရုံလို့ ခေါ်ဆိုရတဲ့ ရုပ်တရားတို့သည်လို့ သီးခြား အနက်ပေးရတာဟာ ဘာကြောင့်ပေးရသလဲဆိုရင် ဖုဿနာနည်း။ထိရုအရုပ် သတိကပ်ရှုတဲ့ ယောဂီများအတွက် တွေ့ထိတိုင်း၊ တွေ့ထိတိုင်း ဖြစ်နေတဲ့ ရုပ်တို့သည်- ဆိုမှ ပိုပြီးတော့ အံကျကလေး ဖြစ်တယ်။

အာရုံခြောက်ပါး ရှိပါတယ်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ၊အာရုံခြောက်ပါး။ ထိုခြောက်မျိုးသော အာရုံတို့တွင် ဘုန်းကြီး

တို့ ယောဂီများ ယခု ရှုနေတဲ့ အာရုံဟာ ဘယ်အာရုံလဲဆိုရင် ပြောတတ်ရမယ်၊ ဖောဋ္ဌဗ္ဗအာရုံ။

"ဘာအာရုံပါလိမ့်"
"ဖောဋ္ဌဗ္ဗအာရုံပါဘုရား"

တွေ့ထိမှု သဘောတည်းဟူသော အာရုံကို ရှုနေတာနော်။ နှာခေါင်းမှာ တွေ့တယ်ဆိုတာကို အခြေတယ်။ တကိုယ်လုံး ဘယ်နေရာတွေ့တွေ့ ဒီနည်းအတိုင်း သွားတယ်နော်။ ဝမ်းဗိုက်စိတ်သန်တဲ့ ပုဂ္ဂိုလ်များကလဲ ဝမ်းဗိုက်ရှုရင် ဒီဖောဋ္ဌဗ္ဗဟာ ဒီလိုပဲ ရုပ်လေးမျိုးကွဲရမှာပဲ။ အတွေ့ထင်ရှား ရုပ်တရား လေးပါး ကွဲအောင်ရှုကြိုး။

ဗိုက်မှာတွေ့နေတယ်။ ဘာတွေ့နေသလဲဆိုရင် အဲဒါ စိစစ်လိုက်ရင် ဒီရုပ်လေးမျိုး ထွက်လာတာပဲ။ ရင်ဘတ်ရှုနေတဲ့ ပုဂ္ဂိုလ်တွေကလဲ ရင်ဘတ်ရှုယင်း ရှုယင်းနဲ့ ဟောဒီရုပ်လေးမျိုးပဲ။ခေါင်းရှုလဲ ဒီအတိုင်းပဲ။ထိပ်ရှုလဲ ဒီအတိုင်းပဲ။

ပေါင်ခါးရင်ဝမ်း၊ခါးနာလှုချိရဲ့ဆိုတဲ့ အပိုင်း မနက်ဖြန်ကျ ပြောမယ်။ ပေါင်တွေကိုက်လှုချိရဲ့ဆိုတဲ့ အပိုင်း၊ ဝေဒနာနဲ့ ရုပ်နဲ့ အဲဒီမှာ ခဲ့ပြီးတော့ ကာယာနုပဿနာ သွားလိုတဲ့ ပုဂ္ဂိုလ်များ၊ ဝေဒနာနုပဿနာ သွားလိုတဲ့ ပုဂ္ဂိုလ်များ၊ မနက်ဖန်ခါ အဲဒီမှာ ပြောမယ်။

ဘုန်းကြီးတို့ ယောဂီများ၊တကိုယ်လုံး အတွေ့အထိမှန်ရင် ဖောဋ္ဌဗ္ဗအာရုံ ခေါ်တယ်။

"ဘာအာရုံလဲ"
"ဖောဋ္ဌဗ္ဗအာရုံပါဘုရား"

ဖောဋ္ဌဗ္ဗအာရုံ ၃-မျိုး

ယောဂီများ အာရုံယူလိုရတဲ့ ဖောဋ္ဌဗ္ဗဆိုတဲ့ အတွေ့အထိဟာ သုံးမျိုးတဲ့ ရှိတယ်။

(၁) ပထဝီ၊
(၂) တေဇော၊
(၃) ဝါယော။

"ဘယ်နှစ်မျိုးလဲ"
"သုံးမျိုးပါဘုရား"

အတွေ့အထိကို အာရုံယူမယ်ကိုယ့်ရှိရင် ဒီသုံးမျိုးပဲ ယူပုံရတယ်။ အာရုံယူလိုက်။ တောင့်တင်းတာရယ်။ ခါးထဲကြည့်မလား ရတယ်။ ခါးမို့မဲ့သဘောပညတ်ကိုတော့ ကိုယ်က ကျောင်နိုင်မှ ကောင်းတာပဲ။ ပူဘာ ချမလား၊ ပေါင်ကို ရင်တွေ့ခါးတွေ့ ဝမ်းပိုက်ကွေ့ထဲ တကိုယ်လုံး အပူကျချာနေရတာ ရှိဘာပဲ။

"ပေါ့အတွေ့ တကိုယ်လုံး မရှိဘူးလား"
"ရှိပါတယ် ဘုရား"

နှာခေါင်းမှ မဟုတ်ဘူး။ တကိုယ်လုံး ရှုချင်ရင် နေရာရှု၊ အပူခဲတာကိုရင် တေဇောရုပ် အကုန်ရှိတယ်။ တကိုယ်လုံး ကာယပသာဒရှိဟဲ့ နေရာတိုင်းမှာ ဟောင်တင်းမှု အကုန် တွေ့တယ်။ လှုပ်ရှားတဲ့ သဘောပဲ့ ကာယတခုလုံး၊ တကိုယ်လုံး အကုန်ရှိတာပါပဲ။

ဒီတော့-တကိုယ်လုံးမှာ တွေ့နေဲ့ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံဟာ ပထဝီတေဇော၊ ဝါယောလို့ သုံးမျိုးတဲ့ရှိတယ်။ အဲဒီသုံးမျိုးကို ဘယ်မှာ တွေ့သလဲ ဆိုလို့ရှိရင် ကာယပသာဒ-ကိုယ်ထဲမှာ တွေ့တယ်လို့ဒီလိုမှတ်လိုက်။ ဒါကြောင့်-

အာပေါခေါတုဝိဝဇ္ဇိတံ ဘူတဘ္ဘယသန်ခါတံ ဖောဋ္ဌဗ္ဗံ ဂေါစရရူပံနာမ။

အဘိမမ္မတ္ထသင်္ဂဟ-ရုပ်ပိုင်း-ဂေါစရရုပ်။

အာပေါခေါတု ဝိဝဇ္ဇိတံ၊ အာပေါခေါတ်သည် ကြည်အပ်သော၊ ဘူဘတ္တယသန်ခါတံ၊ ပထဝီ တေဇော ဝါယောလို့ ခေါ်ဆိုရသော။ ဖောဋ္ဌဗ္ဗံ၊ဖောဋ္ဌဗ္ဗ အာရုံသည်။ ဂေါစရရူပံနာမ၊ ယောဂီတွေ့ အာရုံယူလို့ရဲ့ ရုပ်ပါ။

ဖောဋ္ဌဗ္ဗ-အတွေ့အထိကို အာရုံယူရင် တို့ယောဂီများ ဘယ်နှစ်မျိုးရသလဲ ဆိုရင် မှတ်သွားလိုက်ပါ။ သုံးမျိုးရတယ်။ - အတွေ့အထိကို အာရုံယူရင် သုံးမျိုး။

(၁) တောင့်တင်းတဲ့ သဘော၊
(၂) ပူတဲ့ အေးတဲ့ သဘော၊
(၃) တွန်းကန် လှုပ်ရှားတဲ့ သဘော၊

အဲဒီ အတွေ့အထိ ဖောဋ္ဌဗ္ဗ အာရုံသုံးမျိုးကို တကိုယ်လုံးမှာ ရနိုင်ပါတယ်လို့ စိတ်ချလက်ချ ယုံကြည်ထားပါ။ တကိုယ်လုံးမှာ ရုပ်ကို ရှုချင်ရင် ဒီသုံးမျိုးသာ ရှာလိုက် အကောင်းဆုံး၊ အလွယ်ဆုံး၊ အထင်ရှားဆုံး၊ အပေါ်လွင်ဆုံးပဲ။ ခပ်မြန်မြန်ရှာလို့ ရတာဟာ ဒီသုံးမျိုးပဲ။

ဒီပြင်ရုပ်တွေကို မရှုဘူးလားဆိုတော့ ဒီပြင် ရုပ်တွေကိုလဲ ရှုရတာပါပဲ။ သို့သော်လဲပဲ ဒီပြင် ရုပ်တွေက လောလောဆယ်ဆယ် မပေါ်ဘူး။ ဒီသုံးမျိုးက လွယ်လွယ်ကူကူနဲ့ပေါ်တယ်။ခါးနာတဲ့ပုဂ္ဂိုလ် ခါးစိုက်ရှု၊ ဒီသုံးမျိုး လွယ်လွယ်လေးနဲ့ တွေ့ဘယ်။ အရိုန်ရလာတဲ့အခါ တွေ့တယ်။

ခန္ဓာ ၅-ပါးနဲ့ ဥပမာ ၅-မျိုး

အဲဒီ ရုပ်တရားကြီး သုံးမျိုးဟာ ဖေဏပိဏ္ဍူပမာသုတ္တန်အရ ရေမြုပ်စိုင်ကြီးနဲ့ တူတယ်။

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။

ရူပံ၊ ရုပ်တရားသည်။ ဖေဏပိဏ္ဍူပမံ၊ ရေမြုပ်စိုင်နဲ့ တူ၏။ ဝေဒနာ၊ ခံစားတယ်ဆိုတဲ့ ဝေဒနာဟာ။ ပုဗ္ဗုဠူပမာ၊ ရေပူဖောင်းနဲ့ တူတဲ့ ဥပမာရှိ၏။

ဖောဋ္ဌဗ္ဗဆိုတဲ့ အတွေ့အထိ၊ အတွေ့အထိရဲ့ နောက်နားက အတွေ့အထိကို သိတဲ့ အသိ၊အသိနဲ့အတူလိုက်ခံစားမှုဆိုတာတွေက ခဲ့လို့မရဘူး။ တပေါင်းတဲလာတယ်။ အဲဒီမှာ စိတ္တက္ခဏိ၊ ဝေဒနာကို တခါတဲ့ သွားတယ်။ ဒါကြောင့် မှတ်သားထားပါ။ ခံစားမှုဆိုတဲ့ ဝေဒနာဟာ ရေပူဖောင်းလေးမျှားနဲ့ တူတယ်။ မနက်ဖန်ကျမှ ဒါကို ထပ်ပြောမယ်။ မာတိကာလေးတော့ စဉ်ထားလိုက်ကြစို့။

ရုပ်တရား-ရေမြုပ်စိုင်နဲ့ တူတယ်။
ခံစားမှု ဝေဒနာနဲ့ ရေပူဖောင်းနဲ့ တူတယ်။

မရိစိကူပမာ သညာ။

သညာ၊ မှတ်သားတယ်ဆိုတဲ့ သညာသည်။ မရိစိကူပမာ၊ တံလှပ်နဲ့ တူတယ်။

သညာက တံလှပ်နဲ့ တူတယ်။
သခ်ါရာ ကဒလူပမာ။

သခ်ါရာ၊ ဝေဒနာ သညာက ကြုံးတဲ့ စေတသိက်ငါးဆယ် သခ်ါရ ကွန်ရာ တရားတို့သည်။ ကဒလူပမာ၊ အနှစ်ပဂျီ အကာချည်းသက်သက် ဖုံးထားတဲ့ ငှက်ပျောတုံးကြီးနဲ့ တူတယ်။

ငှက်ပျောတုံးကို တဖတ်ချင်း တဖတ်ချင်းခွာ၊ အနှစ်မကွက်ဘူး။ အကာချည်းပဲ ထွက်တယ်။ သခ်ါရတရားကို တခုချင်း၊ တခုချင်းလှာလိုက်ရင် အကုန်လုံး အကာချည်းပဲ။ အထဲမှာ ဘာအနှစ်မှ ရှာမရဘူး။

သခ်ါရက ငှက်ပျောတုံးနဲ့ တူတယ်။

မာယူပမာ ဝိညာဏံ၊

ဝိညာဏံ၊ သိတတ်ပါတယ်ဆိုတဲ့ ဝိညာဉ်သည်။ မာယူပမံ၊ မျက်လှည့်နှင့် တူသော ဥပမာရှိ၏။

ဝိညာဉ်သိဆိုတာလေးကလဲပဲ တခါတခါမျက်လှည့်လိုလုပ်ပြီးတော့သိပာယ်။ ဒီတော့ ခန္ဓာငါးပါးမှာ-

(၁) ရူပက္ခန္ဓာသည်-ရေမြုပ်စိုင်နဲ့ တူတယ်။
(၂) ဝေဒနာက္ခန္ဓာသည်-ရေပူဖောင်းနဲ့ တူတယ်။
(၃) သညာက္ခန္ဓာသည်-တံလှပ်နဲ့တူတယ်။
(၄) သခ်ါရက္ခန္ဓာသည်-ငှက်ပျောတုံးနဲ့ တူတယ်။
(၅) ဝိညာဏက္ခန္ဓာသည်—မျက်လှည့်ဘရာနဲ့ တူတယ်။

အဲဒီလို ဥပမာငါးခု စီစဉ်ပြီးတော့ မှတ်သားထား။ အခု ရုပ်အကြောင်း ပြောနေတယ်နော်။

"အတွေ့ထင်ရှား ရုပ်တရား ဘယ်နှစ်ပါးလဲ"
"လေးပါးပါဘုရား"

ဖောင်ဆွဲရုပ်က သုံးပါး။ အတွေ့အထိတို့ရဲ့ တွေ့ထိမှု၊ တွေ့ထိရာ ကာယပသာဒရုပ်က တပါး။ ရုပ်လေးပါး ဥာဏ်ထဲမှာ ထင်လာရင် အဲဒီရုပ်လေးမျိုး

ဟာ ဘုရားပါဦးတော် ဖေဖေပိုက္ကဏ္ဍုပမသုတ္တန်အရ ရေမြုပ်စိုင်ကြီးနဲ့ တူကြောင်း ဉာဏ်မှာ သဘောကျအောင် ရှုလိုက်။

မရဏရေလှိုင်းကြီးများး

(၁) သမုတိမရဏ

ရေမြုပ်စိုင်များဟာ သေးသေးကလေး လက်သည်းဖျားလောက်၊ လက်မဖျားလောက်၊ ခြေမလောက်၊ တဖြေးဖြေး လက်သီးဆုပ်လောက် အဲဒီကနေ ပြည်တောင်းလောက်၊တင်းတောင်းလောက်၊ တောင်လုံးလောက်၊အိမ်လောက် တဖြေးဖြေး ကြီးသွားတယ်။

ရှေ့အဟုန်မှာ စီးပြီးတော့ လိမ့်လိမ့်--လိမ့်လိမ့်နဲ့ ဂင်္ဂါမြစ်ထဲ မျောပါသွားလိုက်တာ ဟို-ပင်လယ်ကြီးထဲလဲ ရောက်ရော၊ ပင်လယ်ရေလှိုင်းကြီးတခုက ဝုန်းကနဲ ရိုက်တာနဲ့ တပြိုင်နက်တဲ့—

“ရေမြုပ်တွေဟာ ကျန်သေးသလား”
“မကျန်တော့ပါဘုရား”

ပင်လယ်ရေလှိုင်းကြီးက ဝုန်းကနဲ ရိုက်လိုက်တာနဲ့ တပြိုင်နက်တဲ့ ရေမြုပ်စိုင်ကြီးဟာ အစိတ်စိတ်အမှုန့်မှုန့် ကြွမ္ဘသွားသလို ကလလရေကြည်လို့ ဆိုတဲ့ ရှုပ်တရားလေးက စပြီးတော့ ရေမြုပ်။ ရေမြုပ်(၀၇)အမြုပ်ကနေ သွေးခဲ၊သွေးခဲကနေ အသားတစ်၊အသားတစ်ကနေ ခက်မငါးဖြာ၊ ခက်မငါးဖြာကနေ တဖြေးတဖြေး ကြီးထွားလာတဲ့ ဟာဒီရုပ်အစိုင်အခဲကြီးဟာ ပင်လယ်ရေလှိုင်းကြီးနဲ့ပမာတူတဲ့ သေခြင်းတရားနဲ့ ဖြုန်းကနဲ ရိုက်လိုက်ပြီဆိုတဲ့ တနေ့ကျ စိစိညက်ညက် ကြေရော။

“ဘာမှ မကျန်ဘူးနော်”
“မှန်ပါတယ်ဘုရား”

အဲဒါက ဘဝတခုရဲ့ အဆုံးရောက်မှ ဖြစ်တဲ့ မရဏကို ပြောတာ။ ဘဝတခုရဲ့ အဆုံးရောက်တဲ့ မရဏဆိုတဲ့ ရေလှိုင်းကြီး ချလိုက်ရင် ရေမြုပ်စိုင်ကြီး စိစိ

ညက်ညက်ကြေထွက်သွားသလို ငါတို့ ရထားတဲ့ ဟောဒိဂုပ်တရားကြီးဟာလဲ စိစိညက်ညတ်ကြေတော့မယ်လို့ နှလုံးသွင်း။ ဝေဒနာ၊ ဘဉာ၊ သင်္ခါရ၊ ဝိညာဉ်တွေလဲပဲ စိစိညက်ညက်ကြမယ်။ အဲဒါက ဘဝတဝှေ့ရဲ့ နိဂုံးအနေနဲ့ ပြောတာ။

(၂) ခဏိကမရဏ

ခဏိကမရဏ-ခဏတိုင်း၊ ခဏတိုင်း သေနေတာကြည့်ဦး၊ ကြက်ကနဲပေါ်လာတဲ့ ပဋမသဘောလေးဟာ ကြာကြာကြီး ဟည်မနေပဲနဲ့။

ဟုတ္တာ အဘာဝဝဋ္ဌေန အနိစ္စာ။

စကားအရ ဖြတ်ကနဲပေါ်လာတဲ့ ပဋမသဘော ကြုံတိုးတာနဲ့ တပြိုင်နက်တဲ့ ချက်ချင်း ကုန်ပျောက်သွားတာဟာ ခဏတိုင်း ခဏတိုင်း ဟုန်းကြုံးတိုးရဲ့ ခန္ဓာကိုယ် တကိုယ်လုံးမှာ ဒိဂုပ်တရားတွေ အနိစ္စရောက်နေတာ။ ကြုံတိုးတိုင်း ဖြစ်ပြီးတိုင်း တရစပ်ကုန်ပျောက်မှုဆိုတဲ့ အနိစ္စသဘောတွေဟာ အမြဲတမ်းရှိနေတယ်။

ကုန်ပျောက်သွားပြီးတဲ့ ထိုနေရာမှာ အသစ်အသစ် အစားပြန်ဖြစ်နေတာတွေက အဝိန်ကောင်းလွန်းတော့ ကုန်သွားတာသဲ့မသိလိုက်၊ အသစ်ဖြစ်ပေါ်လာတာလဲ မသိလိုက်။ အဲဒီလို ဖြစ်နေတယ်နော်။ အဲဒါ ဘာဖုံးနေတာလဲဆိုလို့ရှိရင် သန္ဋတိဃနဖုံးနေတာ ခုနက သမ္မဟဃနကို ပြောပြီးပြီ။ ဟာခု သန္ဋတိဃနဆိုတာ

"ဘာဃနလဲ"

"သန္ဋတိဃနပါဘုရား"

သန္ဋတိဃနဖုံးနေရင် အနိစ္စလက္ခဏာ မထင်ဘူး

စဉ်တန်းပြီးတော့နေတဲ့ အစဉ်အတန်းကြီးတခုကို ကြားထဲမှာ အပိုင်းပိုင်း ပြတ်နေတဲ့သဘော ရှိပင်ရှိငြာ သေင်္ခလဲပဲ မမြင်တာကို သန္ဋတိဃနလို့ ခေါ်တယ်။

မီးရထားလမ်းပေါ်သွားနေတဲ့ ရထားတစီးကို ခပ်လှမ်းလှမ်း လေးငါးမိုင်လောက်ကနေ လှမ်းပြီးတော့ ကြည့်လိုက်ရင် ရထားကြီးဟာ တဆက်တဲ့

သွားနေတယ်လို့ ထင်ရတယ်။ တဲ့တခုနဲ့ တခုအကြားမှာ နှစ်တောင်လောက် ခြားနေတာကို—

"ဘုန်းကြီးတို့ ယောဂီများ မြင်ရသေးလား"

"မမြင်ရပါဘုရား"

"ခပ်ဝေးဝေးက ကြည့်တော့ ကြားခြားနေတာ မမြင်ရဘူးနော်"

"မှန်ပါတယ်ဘုရား"

မီးရထားကြီးအတန်းလိုက် သွားနေတာကို အဝေးကနေ ကြည့်ယင်း ကြည့်ယင်းနဲ့ ကြည့်ရတာ အားမရဘူး။ အနားကပ် ကြည့်အုံးမယ် ဆိုပြီးတော့ နီးနီးကပ်ကပ် တဖြေးဖြေး ကပ်ကပ်ပြီးတော့ ကြည့်လိုက်တာ ရထားတဲ့နား ရောက်ပြီလဲဆိုရော တဲ့ဝေ့ဟာ တခုစီ တခုစီ တခြားစီ တခြားစီ တပိုင်းစီ တပိုင်းစီပဲ။ ကြားထဲမှာ အဆက်တွေ့ အဆက်တွေနဲ့ အပိုင်းလိုက် အပိုင်းလိုက် ပြတ်နေတာကို ကြားမလပ်အောင် စပ်ထားလို့ ငါတို့တဆက်ထဲ ထင်တာ။

"အသေအချာကြည့်တော့-တခုစီ တခုစီ ဉာဏ်ထဲမှာ မတွေ့ရဘူးလား"

"တွေ့ပါတယ်ဘုရား"

အဝေးကကြည့်တော့ တဆက်တဲ့လို့ ထင်ရတယ်။ အနားကပ်ကြည့်လိုက်တဲ့ အခါကျတော့ တခြားစီ တတဲ့စီ တတဲ့စီ ဖြစ်နေတယ်။ ကြားထဲမှာ ချိတ်ကလေးတွေနဲ့ ချိတ်ဆက်ထားတာ သူတို့မှာ အကြားရှိတယ်။ ဒီအကြားကို မမြင်သမျှ ကာလပတ်လုံး တဆက်တဲ့ချည်း မြင်နေတယ်။

ဒီဥပမာအတိုင်းပါပဲ။ ရုပ်ကလေး တလုံးတလုံး ဖြစ်လာတယ်။ ပထမဖြစ်တဲ့ တလုံး ကုန်သွားပြီးရင် ဒီနေရာ အရှိန်ကောင်းကောင်းနဲ့ နောက်ထပ်အစား တလုံးရောက်လာတယ်။

ရှေ့က စက်ခေါင်းတွဲကြီးသွားတဲ့အခါနောက်ကတဲ့တွေဟာ အရှိန်နဲ့ အတင်း ပြေးလိုက်ကြတော့ ကြားထဲမှာ ဟာမနေသလို ရှေ့ကရုပ်တလုံး ကုန်သွားပြီးရင် နောက်က ဖြစ်ပေါ်လာတဲ့ရုပ်ဘလုံးက အရှိန်နဲ့တွန်းပြီးလိုက်ဘော့ ရှေ့ကရုပ်နဲ့ ဆက်ထားသလို ဖြစ်နေတယ်။ တကယ်တော့ ရှေ့ကကုန်သွားတဲ့ ရုပ်တလုံးနဲ့ နောက်ကပေါ်လာတဲ့ ရုပ်တလုံးဟာ တခြားစီ။

ဘုန်းကြီးတို့ယောဂီများအဲဒီလို တခြားစီနေတဲ့အကြားကို မမြင်တဲ့အတွက် ကြောင့် မွေးလာတုန်းကလဲ ဒီရုပ်ပဲ၊ ယခုလဲ ဒီရုပ်ပဲ။ နောက် နှစ်လေးငါးဆယ် ကြာတော့လဲ ဒီရုပ်ပဲ၊ တော်တော်လေး အသက်ကြီးလာတော့လဲ ဒီရုပ်ပဲ။ ဒီလို ထင်တာ။

"တကယ်တော့-အထင်နဲ့အမြင် ကွာတယ်နော်"
"ကွာပါတယ်ဘုရား"

သညာဝိပ္ပလ္လာသသဲ့ ဒီအတဲဝင်တာပဲ၊ တံလှပ်ရေထင်တယ်ဆိုတာ လိုနော်။ ဝိပ္ပလ္လာသဘောတွေကိုတော့ နောက်ရက်မျာ ကျမှ ပြောရမယ်။ ဒီတော့-မီးရထားတဲ့ကြီးလို ဒေါသက ကြည့်၊တဆက်တဲတင်ရသလို ရုပ်တရား၊နာမ်တရား တွေကိုလဲပဲ ဉာဏ်နဲ့ စူးစူးစိုက်စိုက်ကပ်ပြီးတော့ မကြည့်ရင် မနက်ကျတ်ခဲ့ဘဲ ပါဠိတော်မှာ—

တမေနံ စက္ခုမာ ပုရိသော ပဿေယျ နိဇ္ဈာယေယျ ယောနိသော ဥပပရိက္ခေယျ။

တဒမေနံ- တံနဲ့ ရှုပံ၊ ထိုရုပ်ဘားကြီးကို။ ပသေယျ၊ ရှုလေရာ၏။
ပသေယျ-ရှုရာ၏ဆိုတာက မီးရထားတဲ့ တော်တော်ဝေးဝေးက ကြည့်နေတာ ဒီသဘောမျိုး။ ရုပ်ကို ရုပ်အတိုင်း သာမန်အနေနဲ့ ရှုနေကြတာကို ပသေယျ။

ဥပနိဇ္ဈာယေယျကတော့ အဲဒီလို သာမန်ရုပ်အနေနဲ့ ရှုသွားတာမဟုတ်ဘူး။ အနားကပ်ပြီးတော့ ဉာဏ်နဲ့ လက္ခဏာသဲ့ပြီး ရှုသွားတာ လက္ခဏာတခုစီ တခုစီ မိအောင် ကပ်ပြီးတော့ ရှုသွားတာ ဥပနိဇ္ဈာယေယျ။ မီးရထားတဲ့ကြီး နားကပ်ပြီးတော့ ကြည့်သလို ဒီနေရာ ဒီနေရာ အဆက်ရှိတယ်။ ဒီဘဲနဲ့ဒီဘဲ ကြားထဲမှာ အဆက်ရှိတယ်။ အဲဒီလိုရှုတာဟာ ဥပနိဇ္ဈာယေယျ။

ကပ်ပြီးတော့ ကြည့်ရာဘာ ဒါလောက်နဲ့ အားပရဘူး။ သေချာအောင် ကြည့်မယဲ့ဆိုတဲ့ လူဘယောက်ကျတော့ တဲ့နှစ်ခုကြားဘဲ ဝင်ပြီး သံချောင်း ကလေး ဆဲ့လှည့်ကြည့်လိုက်တော့။

"အဆက်ကြီး ပြုတ်မသွားဘူးလား"
"ပြုတ်သွားပါဘယ် ဘုရား"

သံချောင်းကလေး ဖြေးဖြေးချင်း-ဖြေးဖြေးချင်းလှည့်လိုက်တော့ ဟိုတဲ့ တခုနဲ့ တခု ဆက်ထားတဲ့ အဆက်တွေ ပြုတ်သွားတယ်။

ယောနိသော ဥပပရိက္ခေယျ။

ယောနိသော၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်သော အကြောင်း ဆိုတဲ့ ဉာဏ်အားဖြင့်။ဥပပရိက္ခေယျ၊ အသေးစိတ် စုံစမ်းပြီးတော့ ရှုလေ၏။

အသေးစိတ် တခါတဲ့ စုံစမ်းပြီးတော့ ရှုတဲ့ဂို့လ်ကျတော့ မီးရထားတဲ့ကို ဖြုတ်ပြီးတော့ ကြည့်သလို ဖြစ်တယ်ဆိုတဲ့ ရုပ်တရားတခု၊ ပျက်တယ်ဆိုတဲ့ ရုပ်တရားဘခု၊ အဲဒီအဖြစ်နဲ့ အပျက်ကို ဘုန်းကြီးတို့ယောဂီများ-ဖြစ်တာက တခု၊ ပျက်စီးသွားတာက တခုဆိုကြပါစို့။

ရုပ်တရားနဲ့ ဥပါဒ်စွန်းနဲ့ ဘင်စွန်းမြင်လျှင်

ရှေးနားက ဖြစ်သွားတဲ့ရုပ်တခု၊ အဲဒီဖြစ်သွားတဲ့ ရုပ်ရဲ့ ဟို-ဒီရှေးနားလှမ်း ကြည့်လိုက်ရင် ပျက်သွားတဲ့ရုပ်ဟာ ရှိနေခဲ့ဘယ်။ ပျက်သွားတဲ့ ရုပ်ရဲ့နောက်နားမှာ ဖြစ်တဲ့ ရုပ်၊ ဖြစ်ဘဲ့ ရုပ်ရဲ့ ရှေ့နားမှာ ပျက်တဲ့ရုပ် ဘုန်းကြီးတို့ယောဂီများ-ဖြစ်တာရယ်၊ ပျက်တာရယ် ခြောင်းပြန်လှန်လိုက်။ ပျက်ဘာရယ်၊ ဖြစ်တာ့ရယ်—

"တခုစီ မဒေနဘူးလား"
"တခုစီပါဘုရား"

ရှောကတာ့ ပျက်သွားပြီးရင် နောက်နားက အသစ်တခု ဖြစ်လာတယ်။ ဒီဟော့- ဘုန်းကြီးတို့ ယောဂီများ ဒီအစွန်းလေးတွေကို မြင်ရမယ်ဆိုလိုတယ်။ ရဆားတဲ့နှစ်ခုရဲ့ကြားကို ဝင်ပြီးကြည့်တဲ့အခါ ရှေ့ကဲ့ရဲ့ ထိပ်အစွန်းနဲ့ နောက်ကတဲ့ရဲ့ ထိပ်အစွန်း အစွန်းနှစ်ခုကိုမြင်တော့ ကြားထဲက အဆက်ကလေးတွေကို တွေ့ရသလိုနော်။

ရှေက ပျက်သွားတဲ့ ရုပ်တခုရဲ့ ပျက်တယ်ဆိုတဲ့အစွန်း၊ စာလိုပြောတော့ ဘင််ဆိုတဲ့ အစွန်းပေါ့။ ဘင််- ပျက်တယ်ဆိုတဲ့ အစွန်းကို ဘွဲ့ပြီးတာနဲ့တပြိုင်နက် အဲဒီအစွန်းလေးကို သေသေချာချာ စိုက်ကြည့်လိုက်။ ဘာလာမလဲဆိုလို့ရှိရင် ဖြစ်တယ်ဆိုတဲ့ အစကလေးတခု လာမယ်။ ပျက်သွားတဲ့ ရုပ်တခုရဲ့ အဆုံးနားမှာ ဖြစ်တယ်ဆိုတဲ့ရုပ်တခုရဲ့ အစကလေး ပေါ်လာတယ်။

ဒီတော့— ပျက်တဲ့အစွန်းနဲ့ ဖြစ်တဲ့အစ အဲဒီနှစ်ခုရဲ့ ကြားထဲမှာ အဆက်ပဲ။ အဆက်ဆိုတာနဲ့ တပြိုင်နက်တဲ့ ရှေကဖြစ်သွားတဲ့ရုပ်နဲ့ နောက်ထပ် ဖြစ်လာတဲ့ ရုပ်နဲ့ဟာ တခြားစီဆိုတာ သိရော။ တခြားစီဆိုတာ သိလိုက်တာနဲ့တပြိုင်နက်တဲ့ ဥပါဒ်ဆိုတဲ့အစွန်း၊ ဘင် ဆိုတဲ့အစွန်း အဲဒီအစွန်းနှစ်ခုကို တွေ့သွားတယ်။

"ဖြစ်တယ်ဆိုတဲ့ အစွန်းတခု၊ ပျက်တယ်ဆိုတဲ့ အစွန်းတခုတွေ့ရင် ကြားထဲမှာ သန္ဓတိ အပိုင်းလိုက် အပိုင်းလိုက် ပြတ်မသွားဘူးလား"
"ပြတ်သွားပါတယ်ဘုရား"

ပြတ်သွားတယ်ဆိုတာနဲ့ တပြိုင်နက်ကဲ့ သဒ္ဓါတိဘိုက္ခဲ့ အတန်းလိုက်ကြိုး မြင်နေတဲ့အမြင်ဟာ တခါတဲ့ ရှင်းသွားတယ်။ အဲဒီအချိန် သဒ္ဓါတိယန ပြုတာ ခေါ်ပါတယ်။

"ဘာပြုတာလဲ"

"သန္ဓတိယန ပြုတာပါဘုရား"

သန္ဓတိယန ပြုတာနဲ့ တပြိုင်နက်ကဲ့ ယောဂီကြက်ဝဲပျော ဘုံစု ပိုင်ဝဲလာတဲ့ တခါပဲ ထင်ကယ်။

"ဘာထင်လာတယ်"

"အနိစ္စလက္ခဏာ ထင်လာပါတယ်ဘုရား"

ဒီတော့- ဒီစကားမျိုးကို ဘုန်းကြီးတို့ ယောဂီများ မှတ်မိအောင် ပြုရထားတဲ့ကြိုး အဝေးက ကြည့်ရဲ့ အကြားမထင်သလို ဘုန်းကြီးတို့ ယောဂီများရဲ့ ရုပ်ကိုလဲပဲ ကြောင်နဲ့ စူးစိုက်စိုက် ကပ်မကြည့်ပဲနဲ့ ခပ်ဟွမ်းလှမ်းအပါ ကြည့်နေရင် သန္ဓတိဖုံးလို့ အနိစ္စလက္ခဏာ မထင်ဖြတ်တတ်တယ်နော်။

ဒါကြောင့် ပုတယ်ဆိုတဲ့ ရုပ်တလုံးတလုံး ဖြစ်ဆိုတဲ့ အစကလေးကို မြင်အောင်ကြည့်။ ဖြစ်ပြီးရင် ကုန်တယ်ဆိုတဲ့ အဆုံးကလေးကို မြင်အောင်ကြည့်။ ကုန်တယ်ဆိုတဲ့ အဆုံး ရောက်တာနဲ့တပြိုင်နက် နောက်တခု ဖြစ်ဆိုတဲ့ အစ ပြန်လာတယ်။ ရှေက ကုန် ပျောက်တယ်ဆိုတဲ့အဆုံးနဲ့ နောက်တခု ဖြစ်ဆိုတဲ့ အစ။

ဘုန်းကြီးတို့ ယောဂီများ အဲဒီ အဆုံးနဲ့အစ၊ အစနဲ့ အဆုံးရဲ့ ပြဿနာမျာ ပြတ်စဲနေတဲ့သဘော၊ ရှေနဲ့နောက်နဲ့ ပြတ်လပ်နေတဲ့သဘောလေး တွေ့လိုက်ပဲ့ ရှိရင် ယောဂီတို့ရဲ့ ဉာဏ်ထဲမှာ ရှေကရုပ်နဲ့ နောက်ကရုပ် တခြားစီ၊ ရှေကရုပ် ကုန်ပျောက်လို့ နောက်တလုံး အသစ်ပေါ်လာတာလို မြင်ခဲ့ရင် ရထားတဲ့ကြိုး ပြတ်သလို ပြတ်သွားတဲ့အတွက်ကြောင့်—

အနိစ္စလက္ခဏာထင်ပုံ ဘယလုမ္ဘတမလ

အနိစ္စသညာ သဇ္ဈာတိ။

သန္ဓတိယန ပြုပြီး အနိစ္စလက္ခဏာ ထင်လာတယ် ခေါ်တယ်။ ရှေနောက်မှာ ပြောခဲ့တာက အနတ္တလက္ခဏာ ထင်ပုံကို ပြောတယ်။ ယခု ပြောတာက အနိစ္စလက္ခဏာ ထင်ပုံ ပြောတယ်။ အနိစ္စလက္ခဏာထင်ပုံ တပည့်တော်တို့ အတိုဆုံး ဘယ်နှယ် မှတ်ရမလဲဘုရား ဆိုရင်—

ရှေက ပျက်သွားတဲ့ ရုပ်တခုရဲ့အစွန်း၊ နောက်တဖန် အသစ်ဖြစ်ပေါ်လာတဲ့ ရုပ်တခုရဲ့ အစ၊ အဲဒီ အဆုံးနဲ့အစမှာ ကြားရှိနေကြောင့်း ကျကျနနမြင်အောင် ကြည့်လိုက်နော်။ မြင်တဲ့အခါကျတော့ သြော်— တလုံးချင်းတလုံးချင်းသွားနေတာ၊ တလုံး ကုန်ပျောက်မှ နောက်တလုံး အစားရောက်လာတာလို့သဘောကျရင် ယောဂီရဲ့ ဉာဏ်ထဲမှာ သန္ဋတိဃနကြီး ပြိုပြီးတော့ အနိစ္စလက္ခဏာတခါကဲ့ ထင်လာမယ်လို့ ဒီလို ဆိုလိုပါတယ်။

ဘုန်းကြီးတို့ ယောဂီများ ရေမြုပ်စိုင်ကြီးကို တုံတ်နဲ့ အစိတ်စိတ်အမှုန့်အမှုန့် ဖြိုခဲ့ကြည့်လိုက်တော့ ဒီဟာက မြေပွေး၊ ဒီဟာက မြေဟောက်၊ ဒီဟာက မစင် ဘင်ပုပ် အညစ်အကြေးလို့ အကဲ့ကဲ့အပြားပြား တွေ့ရသလို ရေမြုပ်စိုင်ကြီးနဲ့ တူတဲ့ ရုပ်တရားကြီးကိုလဲ ရုပ် တလုံးချင်း၊ တလုံးချင်းကို စူးစူးစိုက်စိုက် ဉာဏ်နဲ့ ခွဲမြေကြည့်လိုက်တဲ့အခါကျတော့ အခုတွေ့ပြီး ဃန ဖြိုလိုက်တယ်။ သမူဟဃန အပေါင်းအခဲကို ဖြိုလိုက်တဲ့အတွက်ကြောင့် အနတ္တဆိုတဲ့ အညစ်အကြေးကြီး တပုံ ထွက်လာတယ်။ သန္ဋတိဃနကို ဖြိုလိုက်တဲ့အတွက်ကြောင့် အနိစ္စဆိုတဲ့ အညစ်အကြေးကြီး တပုံထွက်လာတယ်။

"ကိုင်း— ရစရာ ယူစရာ ဒီအထိ ဘာရှိသေးလဲ"
"ဘာမှမရှိတော့ပါဘုရား"

"အနိစ္စ- မြဲတယ်ဆိုတဲ့ အယူဟာလဲပဲ မရှိဘူးနော်"
"မှန်ပါတယ်ဘုရား"

ရေလှိုင်းကြီးနဲ့ တွေ့ရင် ဖြုန်းကနဲ ရေမြုပ်စိုင်ကြီး ကြေမွသွားသလို အနိစ္စဆိုတဲ့ ရေလှိုင်းကြီး ရိုက်ခတ်လိုက်တာနဲ့ တပြိုင်နက်တဲ့ ရေမြုပ်စိုင်နဲ့ တူတဲ့ ပူအေးဘုန်းကန် လှုပ်ရှားတောင့်တင်းဆိုတဲ့ ဒီရုပ်တရားတွေဟာ တဖြတ်ဖြတ် ကြေမွ ပျက်စီးနေတာတွေ့ကို ယောဂီများ တခါတဲ့ တွေ့တယ်။

နိစ္စ-ခိုင်မြဲတဲ့သဘော ရယူစရာမရှိဘူး။
အတ္တ-ကိုယ့်အလိုအတိုင်း ဖြစ်လာတယ်ဆိုတဲ့ သဘော ဒီအထဲ ရယူစရာမရှိဘူး။

"ဒီလို မဟုတ်လား"
"မှန်ပါ ဘုရား"

ရုပ်တရား၏ သဘော လက္ခဏာပျား

(၁) သဘာဝလက္ခဏာ

နောက် တဆင့်တက်ကြည့်လိုက်။ ဘာကြည့်ရမလဲဆိုလို့ရှိရင် ရုပ်အစုံအခဲကြီးဟာ တလုံးကုန်ပျောက် တလုံး အသစ်ရောက်၊ တလုံး ကုန်ပျောက်တလုံး အသစ်ရောက်။ ပူတာက တခု၊ ဖအားတာက တမျိုး၊ တောင့်ကြပ်းတာက တခု တွန်းကန် လှုပ်ခါးတာကတခု၊ အဝိဘ်ဝိတ်အဋ္ဌမဟာ တရဲ့ဝါးပဲ တခြားပဲ တွေ့လာတဲ့ယောဂီများ ကြည့်ယင်းကြည့်ယင်းနဲ့ ပူတဲ့ဓါတ်ပုံ၊ ဖအားတဲ့ဓါတ်ပုံ၊ တွန်းကန်တဲ့ သဘောရဲ့ ဓါတ်ပုံ၊ တောင့်တင်း ခက်မာဝဲ့သဘောတို့ရဲ့ ဓါတ်ပုံ။

စောစော တုန်းကတော့ ရုပ်ဟာ တလုံးချင်း၊ တလုံးချင်း ကွဲနေတယ်နော်။ ပူတာအားတာ၊ တွန်းကန်တာ၊ လှုပ်ရှားတာ၊ ဟော့တင်းဘာ၊ လက္ခဏာတွေ စဲနေလိုက်တာဟာ လူတယောက် မှတ်ပုံကင်တမျိုးစီ ဖြစ်သလိုပဲ။

"ရုပ်တလုံး တလုံးမှာ လက္ခဏာဟာ တမျိုးစီ တမျိုးစီ မလာဘူးလား"

"လာပါတယ် ဘုရား"

"အဲဒီ တမျိုးစီ တမျိုးစီဖြစ်နေတဲ့ လက္ခဏာဟာ သဘာဝလက္ခဏာ။ ဘာလက္ခဏာလဲ"

"သဘာဝလက္ခဏာ ပါဘုရား"

(၂) သာမညလက္ခဏာ

ယခု-သဘာဝလက္ခဏာ ပိုင်လာတဲ့ယောဂီများ တဆင့်ကက်လိုက်နဲ့ အခါကျတော့ ကိုယ့်အလိုအတိုင်း ဘာမှလုပ်မရတာဟာ အားလုံးကညီဘဲဖြစ်နေကြောင်း သဘောအလိုလိုကျတယ်။ ကိုယ့်အလိုအတိုင်း လုပ်လို့ မရတာဟာ ပူတဲ့ သဘောမှာလဲ ဒီအတိုင်းပဲ။ အေးတဲ့သဘောကျတော့လဲ ဒီအတိုင်း။ တွန်းကန်လှုပ်ရှားတာ တောင့်တင်းတာ ဘယ်ရုပ်ပဲကြည့်လိုက် ကြည့်လိုက်၊ ငါ့အလိုအတိုင်း ငါပြုပြင်လို့မရတာပဲလို့ တညီတဲ့ တသားတဲ့ တွေ့လာတယ်။

"ဖြစ်ပြီး ကုန်ပျောက်ဆိုတာမှာလဲ အားလုံးတညီတဲ့ တွေ့လာတယ်။ ဟုတ်လား"

"တွေ့လာပါတယ် ဘုရား"

ပူ၊ အေး၊ လှုပ်ရှား၊ တုန်းကန်၊ တောင့်တင်း ဘာပဲကြည့်ကြည့် ဖြစ်ပြီး ကုန်ပျောက်တာ အားလုံးတညီတဲ့ တွေ့လာတယ်။

ဟုတ္တာ အဘာဝဥ္ဇန အနိစ္စာ။

ခုဒ္ဒကနိကာယ်-ဓမ္မပဒ-အနိစ္စလက္ခဏာဝတ္ထု။

"ဖြစ်ပြီး မရှိတော့ဘူးဆိုတဲ့ သဘောဟာ တညီတဲ့ မဟုတ်လား"
"တညီတဲ့ပါဘုရား"

ဖြစ်ပြီး ကုန်ပျောက်တဲ့ ဥစ္စာကို ကိုယ်ကခံစားလို့ ကောင်းနေတဲ့ အချိန်ကျတော့ မကုန်စေချင်းဘူး။ မပျောက်စေချင်ဘူး။ ခံစားလို့ မကောင်းတဲ့ ဥစ္စာတွေကျတော့ မြန်မြန်ကုန်ပျောက်စေချင်တယ်။

"ဒီလို သဘောရှိတယ်နော်"
"မှန်ပါ ဘုရား"

မကုန်စေချင်၊ မပျောက်စေချင်လို့ ခံစားကောင်းတဲ့ ရုပ်ကျတော့ ဘယ်လိုပဲ မကုန်ပါစေနဲ့ ပြောပြော မရဘူး။ ကုန်သွားပြန်ပြီ၊ စိတ်ဆင်းရဲလှချေရဲ့ဆိုတဲ့ ဥစ္စာကြီး ကုန်စေချင်လိုက်တာ မကုန်ဘူး။

"အလိုကျရဲ့လား"
"မကျပါ ဘုရား"

သင်္ဃပိ ခန္ဓာ အဝသဝတ္တနဋ္ဌေန အနတ္တာ။

ဥဒ္ဒကနိကာယ်-ဓမ္မပဒ-အနတ္တလက္ခဏာဝတ္ထု။

ရုပ်တရားဟာ ငါလုပ်လို့ မရတဲ့ရုပ်၊ သူ့သဘောသူဆောင်တဲ့ရုပ်၊ ကိုယ့်အလို အတိုင်းမဖြစ်၊ သူ့သဘောနဲ့ သူ့ဟာသူ ဖြစ်နေတာ။ တညီတဲ့ ဉာဏ်ထဲမှာ သဘောကျ။ ဒါဟာ အနတ္တ၊ ပျက်စီးနေတာတွေ့ တညီတဲ့မိုလို့အနိစ္စ။ အနိစ္စဆိုတာ ရုပ်တရား၊ အနတ္တဆိုတာ ရုပ်တရား။

"ရုပ်တရားနဲ့ အနိစ္စ၊ အနိစ္စနဲ့ ရုပ်တရား ခွဲလို့ရရဲ့လား"
"မရပါ ဘုရား"

ရုပ်တရားတွေ့ရင် အနိစ္စကို တွေ့ရမယ်။ ရုပ်တရားတွေ့ရင် အနတ္တကို တွေ့ရမယ်။ အနိစ္စတို့ အနတ္တတို့ တခြားမှာ မရှိဘူး။ ဒီရုပ်ထဲမှာ။ ရူပံ အနိစ္စံ၊ ရူပံ

အနတ္တာလို့ ယောဂီများအနေနဲ့ သုံးသပ်မယ်ဆိုရင်လဲပဲ ဘုန်းကြီးတို့အနေနဲ့ မတားပါဘူး။ သုံးသပ်နိုင်ပါတယ်။ သုံးသပ်နိုင်ခွင့်ရှိပါတယ်။ ရုပ်ကိုတွေ့လို့ ရုပ်တရားကြီး အနိစ္စ၊ ရုပ်တရားကြီး အနိစ္စ၊ ရုပ်တရားကြီး အနိစ္စ။

လက္ခဏာရမ္မဏိက ဝိပဿနာဉာဏ်နဲ့ရှု

ရုပ်မှန်း တကယ်ပိုင်ရင် ရုပ်ကို အနိစ္စလို့ သုံးသပ်ပါ။ သုံးသပ်ကောင်းပါတယ်။ ရုပ်ကို မပိုင်သေးပဲနဲ့ အဲဒီလိုတော့ မလုပ်နဲ့ ဟုတ်လား။ ရုပ်မှန်းမသိပဲနဲ့ ဝမ်းပိုက်ကို အနိစ္စ၊ နှာခေါင်းကြီး အနိစ္စ၊ ဒီလိုတော့ မရဘူး။ ဝမ်းပိုက်တို့ နှာခေါင်းတို့ဆိုတာ တကယ် အရှိမှ မဟုတ်ပဲ။ တကယ်အရှိက အခု အတွေ့ထင်ရှား ရုပ်တရားငလေးပါ။

"ဒါပဲရှိတယ် မဟုတ်လား"
"မှန်ပါတယ်ဘုရား"

ယောဂီများ၊ အဲဒီရုပ် ပိုင်တော့မှ အနိစ္စလုပ်ရင် လုပ်နိုင်ခွင့်ရှိတယ်နော်။ ဒီရုပ်တရား ပိုင်တော့မှ ဒုက္ခလို့ဆိုရင် ဆိုနိုင်ခွင့်ရှိပါတယ်။သမ္မာနာကာရအနေနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုကောင်းပါတယ်။

အေး- ရုပ်မပိုင်သေးပဲနဲ့ ဝမ်းပိုက်ကြီးဟာ အနိစ္စ၊ နှာခေါင်းကြီးက အနိစ္စ၊ ခန္ဓာကိုယ် တပိုင်းစီ တပိုင်းစီ ပိုင်းပြီတော့ အနိစ္စ- အနိစ္စဆိုပြီးတော့ ဖျောက် ဖျက်ပစ်တာက အင်္ဂါပိုလို့တော့ ဘာခေါ်သလဲဆိုရင် ဟစ်ပနိုတိုက်ဇင်း (Hypnotising) လို့ ခေါ်တယ်။ ကိုယ့်စိတ်ကို ကိုယ်သွေးပြီးတော့ သွားတာ။

ခေါင်းကြီးကို အနိစ္စ- အနိစ္စလုပ်တော့ တော်တော်ကြာ ခေါင်းကြီး ပျောက်သွားရော။ ခေါင်းပြတ်နေတဲ့ ကိုယ်ဟောက်ပိုင်းကြီး ကျန်နေတယ်။ အောက်ပိုင်းကျန်ရင် တပိုင်းစီ တပိုင်းစီ ပိုင်းပြီးတော့ အနိစ္စ- အနိစ္စ လျောက် လုပ်နေရပဲ တော်တော်ကြာတော့ တကိုယ်လုံး ပျောက်သွားရော။ ဒါပြီးသွားရော။ အဲဒါကို ဟစ်ပနိုတိုက်ဇင် (Hypnotise) လို့ ခေါ်တယ်။ တကယ်မဟုတ်ဘူး။ တကယ်ဝင်လာတဲ့ ဉာဏ်အမြင် မဟုတ်ဘူး။

လက္ခဏာရမ္မကိက ဝိပဿနာဉာဏ်ဆိုတာကို စဲ့အောင် မှတ်ထားပါ။

"ဘာတဲ့တုန်း"
"လက္ခဏာ ရမ္မဏိက ဝိပဿနာဉာဏ်ပါဘုရား"

"လက္ခဏာသာလျှင် အာရုံရှိသော ဝိပဿနာဉာဏ်၊ ဟုတ်ကြပြီလား"
"မှန်ပါဘုရား"
"လက္ခဏာက သာမညလက္ခဏာနဲ့ သဘာဝလက္ခဏာ။ ဟုတ်ပလား"
"မှန်ပါတယ်ဘုရား"

ရုပ်တလုံးချင်း၊ တလုံးချင်းရဲ့ သဘာဝကို ခွဲပြီးတော့ ဃနဖြိုနေတာ၊ ဒါက တမျိုး။ ရုပ်အားလုံးနဲ့ တညီတဲ့ဆိုင်တဲ့ လက္ခဏာကို သိမ်းကျုံးပြီးတော့ ရှုနေတာက သာမညလက္ခဏာ၊ ဒါကတမျိုး။ အဲဒီ လက္ခဏာတရားတို့ သာလျှင် အာရုံရှိတဲ့ ဝိပဿနာဉာဏ်နဲ့ရှုလို့ ရုပ်တရားရဲ့ ပြိုပျက်ပုံကို တကယ်မြင်မှ အနိစ္စမြင်တယ်လို့ ခေါ်ပါတယ်။

ခေါင်းကြီးကို ပိုင်းပြီး ခေါင်းဟာ အနိစ္စ- အနိစ္စဆိုတော့ ခေါင်းကြီး ပျောက်သွားတာဟာ တကယ် အနိစ္စ မဟုတ်ဘူးနော်။

မရှိကမ္မဋ္ဌာန်းဂိုဏ်း

ဘုန်းကြီးတို့ အထက်ပိုင်း ဟို- လွန်ခဲ့တဲ့နှစ် တော်တော်ကြာကြာက ပေါ်ခဲ့ဘူးတယ်၊ မရှိကမ္မဋ္ဌာန်း။ မရှိနော် သူက။ ဘယ့်နှယ် မရှိ အားထုတ်ရသလဲ ဆိုလို့ရှိရင် ဟောဒီလောကကြီးမှာ သတ္တဝါမရှိဘူး၊ အဖေမရှိဘူး၊ အမေမရှိဘူး၊ ငါမရှိဘူး၊ သူတပါးမရှိဘူး၊ ဘုန်းကြီးမရှိဘူး၊ ယောကျ်ားမ၊ မိန်းမ မရှိဘူး၊ မရှိ- မရှိ- မရှိ။ သူက ဒါချည်း အားထုတ်ရတယ်။

ကိုယ့်ကိုကိုယ် ပြန်ကြည့် ထိုင်ပြီးတော့ ငါမရှိ- ငါမရှိ- ငါမရှိ၊ ဒီလို အားထုတ်ရမှာကိုး။ တကယ်တော့လဲ ပညတ်အနေနဲ့ကတော့ ဘုန်းကြီးတို့ ယောဂီများ ရှိမှ မရှိပဲ။

"ပရမတ္ထအနေနဲ့တော့ ရုပ်နဲ့ နာမ်ဆိုတာ မရှိဘူးလား"
"ရှိပါတယ်ဘုရား"

ရုပ်နဲ့ နာမ်ရောက်အောင်၊ သဘောပေါက်အောင်၊ လက္ခဏာဆိုက်အောင် နှိုက်ပြီးတော့ မရှုပဲနဲ့ ငါမရှိ၊ သူမရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ။ အဲဒီလိုချည်း ကိုယ့်စိတ်ကို ညှို့ပြီးတော့ ကြိမ်ဖန်များစွာ အလုပ်လုပ်လိုက်တာ ရှုယင်း ရှုယင်းနဲ့ သူမရှိ၊ ဘုန်းကြီး ရဟန်း မရှိ၊ ကမ္ဘာမြေပြင်မရှိ၊ အကုန်လုံး မရှိချည်း လျောက်ရှုလိုက်တာ တလောကလုံး ဘာမှမရှိဘူး။ သူတယောက်တဲ့ ရှိတယ်။

တလောကလုံး ဘာမှမရှိတော့ဘူး။ သူတယောက်တဲ့ ကျန်နေတော့မှ ငါ့မရှိ- ငါ့မရှိ လုပ်လို့ သူမရတော့ဘူး။ အဲဒီ ငါကျတော့ ခံနေကယ်။ ငါမရှိဆိုလို့ရှိရင် အဲဒီ မရှိရှုနေတာ ဘယ်သူလဲ ထပ်မေးရင် မသက်ဘူးလား။ ငါမရှိလို့ လုပ်ရင် ငါမရှိ- ငါမရှိ ဆိုပြီးတော့ အဲဒီ ငါမရှိ ပို့ ရှုနေတာဟာ ဘယ်သူလဲလို့ ထပ်မေးရင် သူ ငါလို့ လာတော့မှာပဲ။

တော်တော်လဲကြာရော လောကကြီးတခုလုံး ဘာမှမဟုတ်။ တလောကလုံး အာမေဍင်ထုကြီး ကျပြီးတော့ အားကိုးရာမရှိ ကြောက်စိုးတော့ အမလေး- ကယ်ကြပါ့ဘို့။ တလောကလုံး ကျွန်တော်တယောက်တဲ့ ကျုံးတော့တာ့ကို အော်ပြီးတော့ ငိုသတဲ့။

တကယ် ပေါ်ခဲ့ဘူးတယ် ဘုန်းကြီးတို့ ယောဂီများ။ အထက် ဗမာပြည် ရွှေဘိုနယ်၊ ရေဦးနယ်မှာ ဒီဂုဏ်းတဂုဏ်း ပေါ်ခဲ့ဘူးတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ယောဂီများ—

ဗလဝသဒ္ဓါဟိ မန္ဒပညော ဗုဓပွဿန္နော ဟောတိ။

သဒ္ဓါတရားတွေ အားကောင်း၊ ကမ္မဋ္ဌာန်းလိုက်တဲ့ ပုဂ္ဂိုလ်တွေ ဉာဏ်မရှိရင် အဲဒီ မရှိကမ္မဋ္ဌာန်းနဲ့ တွေ့ဟဲ့ ကိုယ်တယောက်ဟဲ့ ကျန်နေရင် ခက်မယ်။ လောကကြီးဟာ သိပ်ကြောက်စရာကြီး၊ သိပ်ပျင်းစရာကြီး ဖြစ်သွားရော။

ဒါကြောင့်—ဘုန်းကြီးတို့ ယခုပြောနေတာကတော့ ဘာတဲ့လဲ။ ဥန္ဒာကိုယ်ကြီးကို အနိစ္စလို့ထင်တဲ့ အခါမှာ ယောကျ်ားတွေ အနိစ္စ၊မိန်းမတွေ့ အနိစ္စ၊ ဘုန်းကြီးတွေ့ အနိစ္စ၊ကိုယ့်ကိုယ်ကိုပိုင်းမယ်။ လက်မောင်းကြီးက အနိစ္စ၊ခေါင်းကြီးက အနိစ္စ၊ဝမ်းဗိုက်က အနိစ္စ၊ ဒီလိုမဟုတ်ပါဘူး။

ရုပ်ရဲ့ သဘော ပိုင်အောင်ရှာ။ ရုပ်နဲ့လက္ခဏာမိတော့မှ-အားလုံးဖြစ်ပြီး ကုန်ပျောက်တဲ့ သဘောထဲ တည်တံ့ရှိနေတဲ့ အနိစ္စဆိုတဲ့ သဘောကိုတက်။ ဒါမှ လက္ခဏာရမှာကိုက ဝိပဿနာဉာဏ်ခေါ်တယ်နော်။

ကောင်းပြီ။အဲဒီလို ဘုန်းကြီးတို့ယောဂီများ တက်လာခဲ့တော့ ရွှေက ကုန်ပျောက်သွားတဲ့ ရုပ်ရဲ့ ဘင်ဆိုတဲ့ ပျက်စီးမှုအစွန်း၊ နောက်တဖန် အသစ်ဖြစ်လာတဲ့ ရုပ်တခုရဲ့ စဖြစ်တဲ့ ဥပ္ပါဒဆိုတဲ့ အစွန်း၊ အဲဒီအစွန်းလေးတွေကိုမြင်ရင်

သန္ဓတိပြုပြီး အနိစ္စလက္ခဏာဝင်တယ်။ အစိုင်အခဲကြီးကို လက္ခဏာတခုစီတခုစီ ခွဲရှုလို့ လက္ခဏာတွေ အစီတ်စိတ် အမှာမှာကဲ့လာခဲ့ရင် သမူဟဃဏ်နပြိုလို့ အနတ္တ လက္ခဏာဝင်တယ်။

"ဒီလိုမဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

ကိုင်း-ဒုက္ခလက္ခဏာကျတော့—

ကိုရိယာပုထ်ဖုံးနေရင် ဒုက္ခလက္ခဏာမထင်ဘူး

ခယဝယပဋိပီဠနဋ္ဌေန ဒုက္ခံ။

ခယဝယပဋိပီဠနဋ္ဌေန၊ ဖြစ်လိုက်ပျက်လိုက်နဲ့ ထပ်သလဲလဲ နှိပ်စက်နေ ကြပါတယ်ဆိုတဲ့အကြောင်းကြောင့်။ ဒုက္ခံ၊ဟောဒီရုပ်တရားတွေဟာ အားလုံး ဒုက္ခထွေပါပဲ။

ဖြစ်လာတော့လဲပဲ သက်သက်သာသာလေး မဖြစ်ဘူးနော်။သေသေချာချာ ကြည့်။ နှိပ်စက်ပြီးတော့ ဖြစ်လာတာ။ တနာရီလောက်ထိုင်မိတဲ့ ယောဂီတွေ ဘယ်လောက် နှိပ်စက်တယ်ဆိုတာ ဘုန်းကြီးက သိတယ်။ဆယ့်ငါးမိနစ်လောက် ဆို သူတို့ခါးလေးတွေက နဲနဲ-နဲနဲလိမ်လာတယ်။ခေါင်းလေးတွေက နဲနဲစောင်း သွားတယ်။ တချို့က လက်ကလေးတွေ ထောက်လာတယ်။တချို့မျှားကျတော့ လက်ပေါ်နဖူးတင်လို့ သြော်—သူတို့မှာ မြေကိုက်နေကြပြီ ဟုတ်လား၊ ဒီခန္ဓာ ကိုယ်ကြီးဟာ တောင်ပို့တဲ့။

"ဘုန်းကြီးတို့ ယောဂီမျှား၊ ဘာကြီးပါလိမ့်"

"တောင်ပို့ကြီးပါဘုရား"

"တောင်ပို့ဆိုတာ အခေါင်းတွေရှိတယ်။ အပေါက်တွေရှိတယ်နော်"

"ရှိပါတယ်ဘုရား"

"အခေါင်းအပေါက်ရှိတဲ့ တောင်ပို့ထဲမှာ ဘာတွေဝင်နေတုံး"

"မြေတွေဝင်နေပါတယ်ဘုရား"

"မြေတွေဝင်နေတယ်။ ကြွက်တွေဝင်နေတယ်။ ဒီလိုမဟုတ်လား"

"မှန်ပါဘုရား"

ကြက်တွေလဲ ကိုက်တယ်။ ငမြွတွေလဲ ကိုက်တယ်ပေါ့ဗျာ၊ ဒီကနေ့ နေ့ခင်းတော့ ၁၀၂ ဒီဂရီ-၁၀၃ ဒီဂရီ လောက်ရှိမလား မသိဘူး။ သူဖို့ ငြေတောင်တောင် ကိုက်သွားပြီ။ ဒီဒဿပေါ်မှာတောင် မထိုင်နိုင်ကြဘူး။ ကိုယ်ထန်းရွက်လဲလေးတွေထဲ ကိုယ်ထိုင်ရတယ်။ဆန်းရွက်တဲလေးတွေ ဟိုဘက်ဝိပ် ဒီဘက်ထိပ် ကိုယ် လျောက်ပြီးတော့ ကြည့်တယ်။ ဒကာမကြီးတွေကို ကိုယ် တော်တော် ကြည်ညိုသွားတယ်။ ငြောင် ပဏ္ဏာသာလာ-သစ်ရွက်တဲ့။

မွေဒိန္ဒ္ဒာတို့လိုပါပဲ

ရှေးရှေးကမဒ္ဒီ ဒေဝိအစရှိတဲ့ မိဖုရားကြီးတွေဟာ တောထဲတောင်ထဲသွားပြီးတော့ သစ်ခက်တဲလေးတွေနဲ့ သစ်ရွက်ကျောင်းလေးတွေနဲ့ ကမ္ဘာဦး အားထုတ်ကြတာ၊ ဝေဿန္တရာ ဇာတ်တော်ကြီးကြည့်။တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ဝေဿန္တရာမင်းကြီးလဲပဲ သစ်ခက်ဖဲလေးနဲ့ သစ်ရွက်မိုးတဲ့ ကျောင်းလေးနဲ့။ မဒ္ဒီမိဖုရားကြီးတို့လဲပဲ အားလုံး သစ်ရွက်မိုးတဲ့ကျောင်းလေးနဲ့။ ဒီလိုပဲ အားထုတ်သွားကြတယ်။

ဘုန်းကြီးဟောထားတဲ့ ဓမ္မဒိန္ဒ္ဒာလို့ ခေါ်တဲ့ သဋ္ဌေးကတော်လေးလဲ သစ်ခက်တဲကလေးနဲ့။ ပဏ္ဏာသာလာလို့ခေါ်တဲ့ သစ်ရွက်မိုးကျောင်းကလေးနဲ့။ဒုဇ္ဇဂြိုလ်မြို့နားက တောကြီးထဲသွားပြီး တရားအားထုတ်တာ မကြာခင် ရဟန္တာဖြစ်တယ်။

ရန်ကုန်က လာအားထုတ်ကြတဲ့၊ဟောဒီသသုံးက အားထုတ်ကြဟဲ့၊ဓမ္မဒိန္ဒ္ဒာတို့ လောင်းလျှာနဲ့ တူကြတဲ့ ဘုန်းကြီးတို့ ယောဂီတွေလဲပဲ သစ်ခက်တဲကလေး[illegible] အားထုတ်နေကြပြီ။ ဘယ်တော့မျှား ကိစ္စပြီးမလဲ[illegible] ဘုန်း[illegible] တော့ ကြည့်တယ်။ မျှော်မိပါတယ်။ တကယ်ပါ။

ဒို့ယောဂီတွေ ဘယ်လောက်မျှား တခါတဲ့ အကျတ်တရားရပြီးတော့ ဓမ္မဒိန္ဒ္ဒာတို့လို မြို့ကြီးပြပြီးကိုစွန့်၊ စီးပွားဥစ္စာတွေအကုန်စွန့်ပြီးတော့ တောကြီးထဲသွား တရားအားထုတ်တာ သစ်ရွက်တဲကလေးနဲ့၊ ဝဏ္ဏကံ [illegible] ဓမ္မဒိန္ဒ္ဒာနော်။

ယခေသော်ဓရာတို့လဲ ဒီအတိုင်းပဲ။ ဘုန်းကြီးဟောထားတဲ့ ကိသာဂေါတမီတို့လဲ ဒီအတိုင်းပါပဲ။ ရွှေနန်းစည်းစိမ် ကြင်နာအိမ်နဲ့ နေလာတဲ့ မင်းသမီး

ဂေါတမီအမှူးရှိတဲ့ မင်းသမီးငါးရာ ကြည့်စမ်း။ ကိုယ့်ခေါင်းက ဆံပင်တွေ ကိုယ့်ဟာ ကိုယ်ဖြတ်။

သမ္မဟုလာ ဟိ သာကိယာနိုဟိ သဒ္ဒိ ကေသစ္ဆေဒါပေတ္ဝာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတ္ဝာ ယေန မဟာဝနံ ကဋ္ဌာဂါရံ သာလံ တေနုပသင်္ကမိံသု၊ ဥပသင်္ကမိတ္ဝာ ဝိဟာရဒ္ဝါရမူဒေ အဋ္ဌံသု။

ဂေါတမီ၊ မဟာပဇာပတိအမည်ရတဲ့ မိထွေးတော်ကြီးသည်။ သမ္မဟုလာ ဟိ သာကိယာနီဟိ၊ မြောက်မြားလှစွာကုန်သော သာကီဝင်မင်းသမီးတို့နှင့်။ သဒ္ဒိံ၊ အဘူတက္ထ။ ကေသာ၊ ဆံပင်တို့ကို။ ဆေဒါပေတ္ဝာ၊ ဖြတ်ကြကုန်၍။

မင်းသမီးငါးရာနဲ့ တိုင်ပင်၊ ကိုယ့်ဆံပင် ကိုယ့်ဟာကိုယ် သဘောကျဖြတ်။

ကာသ ယာနိ၊ ဖန်ရည်ဆိုးကုန်သော။ ဝတ္ထာနိ၊ အဝတ်တို့ကို။ အစ္ဆာဒေတ္ဝာ၊ ဝတ်ရုံကြကုန်၍။

ဖန်ရည်ဆိုးတဲ့ အဝတ်ကိုလဲ၊ ကိုယ့်သဘောကျ ကိုယ့်ဟာကိုယ်ဝတ်ဘာ။ ဂေါတမီနဲ့ သာကီဝင်မင်းသမီးငါးရာ ခေါင်းကဆံပင် ဖြတ်ကြတာဟာ—

"ဘယ်သူတို့က်တွန်းလို့လဲ"
"ဘယ်သူမှ မတို့က်တွန်းပါဘုရား"

ဘယ်သူကမှ မဖြတ်ခိုင်းဘူး။သူတို့ဆံပင် သူတို့ဟာသူတို့ဖြတ်။ မြတ်စွာဘုရားက အမျိုးသမီးတွေ ရဟန်းပတ်ရင် သက်နှံးဒီလိုချုပ်၊ဒီလိုဝတ်လို့ ဘာမှ မသတ်မှတ်ရသေးပဲနဲ့ မင်းသမီးငါးရာ ကိုယ့်ဟာကိုယ် သက်နှံးတွေချုပ်ဆိုး။

"ကိုယ့်ဟာကိုယ် ဝတ်ကြတာပဲ မဟုတ်လား"
"မှန်ပါဘုရား"

ဂေါတမီနဲ့ မင်းသမီးငါးရာတို့ဇဲ

ထီးတွေ နန်းတွေအကုန်စွန့်၊ ခေါင်းမှာအဆောင်းမပါဘူး။ ခြေဆောက်မှာ စီးစရာဖိနပ်မပါဘူး။ ယာဉ်ဆိုတာ ဝေးရော၊ ဘာယာဉ်မှ မစီးဘူး။

ခေါင်းဆောင်းမပါ၊ ဖိနပ်မပါ ယာဉ်မပါပဲနဲ့ မြတ်စွာဘုရားရှင် သိတင်းသုံးရာ ဝေဿာလီမြို့နားက မဟာဝုန်တောကြီးရှိရာ လိုက်ကြကပ်။ ၇၅-ယူဇနာလောက် ဝေးတယ်။ နဲတာမဟုတ်ဘူး။ မိုင်ပေါင်း (၄၀၀)ကျော်ဝေးကြီး။

နန်းတော်ထဲတုန်းကတော့ နွေးနွေးညုံညုံ သိမ်သိမ်မွေ့မွေ့၊ ဖဝါးကော် နုနုရွှမ်းမပေရ။ ငွေခြေနှင်းနဲ့ နေလာကြပဲ့ မင်းသပိုးတွေ သာသနာတော် ရဟန်းဘဝလိုချင်လွန်းလို့၊ ကြည့်စမ်း။

ယေန၊ အကြင်အရပ်၌။ မဟာဝုန်၊ မဟာဝုန်တောကြီးသည်။ အဘို့၊ ရှိပါပေ၏။ ယေန၊ အကြင်အရပ်၌၊ ကုဋေဂဂါသာလာ၊ စုလစ်မှုန်းမွှန် အတူတင်သော ပြာသာဒ်ဆောင်ဓပါက်သော ကျောင်းကြီးသည်။ အဘို့၊ ရှိပါပေ၏။

တေန၊ ထိုအရပ်သို့။ ဥပသက်မိုဘသု၊ ချဉ်းကပ်ကြလေကုန်ပြီ။ ဥပသက်မိတ္တာ၊ ချဉ်းကပ်ကြကုန်ပြီး၍။ ဗဟိဒ္ဓါရကောဋ္ဌကေ၊ တံခါးမုခ်၏ အပြင်ဘက်၌။ ဌိတာ၊ရပ်တည်၍ နေကြလေကုန်၏။

ကိုယ့်ခေါင်းကဘံပင် ကိုယ့်ဟာကိုယ်ဖြတ်ပြီးတော့ ဖိနပ်မစီး ထီးမဆောင်းပဲနဲ့ ဘုရားရှိရာမိုင်(၄၀၀)ကျော်ခရီး အပြင်းချီတက်လိုက်သွားကြဝဲ့ အမျိုးသမီးတို့ရဲ့ ခြေထောက်တွေကို ကြည့်အုံး။

သူနေဟိ ပါဒေဟိ။

သူနေဟိ၊ ဖူးဖူးရောင်၍ ထကုန်သော။ ပါဒေဟိ စ၊ ခြေထောက်တို့ဖြင့်လည်းကောင်း။

ခြေထောက်တွေဟာ ဖူးဖူးရောင်နေတာပဲ။ မိုင် (၄၀၀) ကျော် ခြေလျင်လျှောက်တာ ဖိနပ်မပါဘူး။

"ဘာလုပ်ဖို့ သွားကြတာလဲ"

"ရဟန်းပြုမလို့ သွားကြတာပါဘုရား"

ရဟန်းပြုမလို့ သွားကြတာ၊ နောက်တနည်းဆိုရင်တော့ တရားအားထုတ်ချင်လို့။ ညတုန်းက ပြောခဲ့တဲ့ အဇ္ဈာသယခြောက်ပါးတို့တွင် နေကွမ္မဇ္ဈာသယ။

"ဘာပါလိမ့်"

"နေကွမ္မဇ္ဈာသယပါဘုရား"

အိမ်ရာတည်ထောင် လူ့ဘောင်က ထုတ်ခွာမယ်ဆိုတဲ့ အစ္စာသယ်တွေနဲ့ အပြင်းအထန်ကို သွားကြတာ။ ခြေထောက်တွေဟာ ပေါက်ကွဲပြီးတော့ သွေးတွေ ပြည်တွေ ယိုစီးလာကြရတဲ့ မင်းသမီးတွေ။

ဘယ်နှယ်တုံး၊ဒို့ရန်ကုန်တို့ သထုံတို့က မင်းသမီးတွေကော ခြေထောက်တွေ ပေါက်ကွဲပြီးတော့ သွေးတွေပြည်တွေ မယိုစီးကြသေးဘူးလား။ လမ်းလျှောက်ရတာ ဘယ်ယိုမလဲ။ သူတို့က ဖိနပ်နဲ့ လမ်းလျှောက်ရတာ၊ မယိုဘူး။ သူတို့ခြေထောက်ကလေးတွေ ကြည့်လိုက်လို့ရှိရင် ဖိနပ်ကလေးတွေနဲ့ ကျောက်ခဲလေးတွေ စူးမှာစိုးရိမ်ရှာတယ်။ သနားပါတယ်နော်။

ဆံပင်လေးတွေလဲ မဖြတ်ကြသေးဘူး။ ဒီရိပ်သာက ထုတ်ရင် ဖြတ်မလားတော့ မသိဘူး။ မြသပိတ်တောင်ခြေက စန္ဒာရာမတို့ ဘာတို့ သီလရင်ဆရာကြီးတွေကို စောစောစီးစီး ခေါ်ပြီးတော့ ဒီမှာ အဝတ်တွေဘာတွေ ချုပ်ထားလို့ မှာရအုံးမယ်။ စခန်းသိမ်းပဲ့ကျရင် ဒကာကြီးတွေထဲက ဘယ်နှစ်ယောက်၊ ဒကာမကြီးတွေထဲက ဘယ်နှစ်ယောက်၊ ဟုတ်လား။

သူနေဟိ ပါဒေဟိ ရဇော ကိလ္လေန ဂတ္တေန။

သူနေဟိ၊ ဖူးဖူးရောင်၍ ထကုန်သော။ ပါဒေဟိ စ၊ ခြေထောက်တို့ဖြင့် လည်းကောင်း။ ရဇော ကိလ္လေန၊ မြူမှုန်တွေ အလိမ်းလိမ်း ကပ်ပြီးတော့ နေကြကုန်သော။ ဂတ္တေန စ၊ ကိုယ်ဖြင့်လည်းကောင်း။

တကိုယ်လုံး ကြည့်လိုက်။မြူမှုန်တွေ အလိမ်းလိမ်းကပ်လာတယ်။ မြူမှုန်တွေ အလိမ်းလိမ်းကပ်ပြီး ခွေးသံတွေက တလုံးလုံး။ဘာကြောင့် ဒီစကားထုတ်လာသလဲလို့ဆိုရင် ဒီမင်းသမီးတွေ ဘုရားရှိရာ အပြင်းလိုက်ကြတော့ လမ်းခွတ်လက် အဝတ်လဲစရာ အပိုပါပုံ မပေါ်ဘူး။ ကိုယ့်သဘောနဲ့ ကိုယ့်ဟာကိုယ် သက်နှံးအရေးတကြီး ချုပ်ဝတ်လာကြတာဆိုတော့ သက်နှံးလဲစရာ အပိုမပါဘူး။ အပိုမပါတဲ့အတွက်ကြောင့် မင်းသမီးတွေဟာ လမ်းမှာ ရေမချိုးကြရဘူး။

ဘုန်းကြီးတို့ ယောဂီများ၊ရာသီဥတုကလဲ ဝါမဆိုခင် နယုန်လရဲ့ နောက်ပိုင်း ရာသီကလေး၊ နယုန်လရဲ့ နောက်ပိုင်း ရာသီကလေးဆိုတော့ အလွန်တရာပူပြင်းတဲ့ ရာသီပေါ့ဗျာနော်။ အလွန်တရာပူပြင်းတဲ့ ရာသီမှာ ရေကလဲ

မချိုးရ၊ ခရီးပြင်းကလဲ လျှောက်။ ချွေးတလုံးလုံးနဲ့ ဂုံတော့က ကပ်၊ ခြေတောက်တွေ ကွဲပြီးတော့ သွေးတွေ၊ ပြည်တွေက ပိုစီးကျ၊ တယောက်နဲ့တယောက် ဖေးမတဲ့ပြီးတော့ မင်းသမီးတွေ သွားနေကြပုံ မှန်းကြည့်လိုက်စမ်း၊ ဝမ္ဗဂိုဗ် သာထဲက ယောဂီတွေနဲ့ ခပ်ဆင်ဆင်ပဲနော်။

တို့ရိပ်သာထဲက ယောဂီတို့နဲ့တော့ ခပ်ဆင်ဆင်ပဲ။ ဒနက္ခမ္ဘဏ္ဍသယ ဘယ်လောက် ပြင်းသလဲဆိုတာ ဟိုမှာ မိုင်(၄၀၀)ကျော်ခရီး ဇရမချိုးရဲ့ အကြွင်းခဲ့ရသွားကြရတာ။ ဘုန်းကြီးတို့ ယောဂီများလဲ နောက်နှစ်ရက် ပုံးရက်လောက်ဆိုရင် ရောက်ငင်းတွေ ရောခန်းသွားရင် ဂဝိစ္ဆမရှိဘူး။ ဇရမချိုးပဲနဲ့ ကျဲ့ကြရမယ်။ သိပ်မကွာတော့ဘူး။ နဲနဲပဲ၊ တဖြေးဖြေးတော့ နီးကပ်လာပြီ၊ ခြေထောက်တွေ အဖူးဖူးထဖို့ ဒါပဲ ကျန်တော့တယ်။

ဘာကို ဆိုလိုနေတာလဲ ဆိုလို့ရှိရင် ဒနက္ခမ္ဘဏ္ဍသယ ကာဂုးရဂျင်ကယ် ဆိုတဲ့ ပဂ္ဂိုလ်ဟာ ဘယ်လောက် ဇဲ့ကောင်းရတယ်ဆိုတာ၊ ဒီဘဝမှာပဲ ခြေနေတာ။ သဒ္ဓါတရား ဘယ်လိုမွေးရတယ်၊ ဒါကို ပြောနေတာ၊ အဒေါသဏ္ဍသယ၊ အလောဘဏ္ဍသယ၊ အမောဟဏ္ဍသယ။

ရှေးရှေးအရိယာအလောင်းသူတော်ကောင်းတွေဟာ ဒီလိုအဏ္ဍသယဓာတ်တွေ ပြင်းထန်လို့ ဒီလိုတရားရတာ။ ရှေးရှေး သူတော်ကောင်းတွေရဲ့ဘုံး နှလုံးမူ။ ငါတို့လဲ ဒီလိုအဏ္ဍသယတွေမွေးမယ်ဟဲ့ ဘုန်းကြီးတို့ယောဂီများဖဲ့ဒီလိုမွေးကြ။

ဒုက္ခလက္ခဏာ မထင်ခြင်းရဲ့ အကြောင်းရင်း ၂-ချက်

ကိုင်း-ဒီတော့ ဒုက္ခလက္ခဏာ ဘယ်လောက် သည်းခံနိုင်မလဲ ကြည့်ရအောင်။

ခယဝယပဋိပီဠနဒွေန ဒုက္ခံ။

ခယဝယပဋိပီဠနဒွေန၊ ဖြစ်လိုက်ပျက်လိုက်နဲ့ ထပ်လဲလဲ နှိပ်စက်နေပါတယ် ဆိုတဲ့ အကြောင်းကြောင့်။ ဒုက္ခံ၊ ဒုက္ခတရားတွေပါ။

တို့ယောဂီများရဲ့ ခန္ဓာကိုယ်ထဲမှာ ဒုက္ခတွေ အပြည့်အနှက်ရှိနေပြီးသား၊ တမင်ဒုက္ခဖြစ်အောင် လုပ်မနေဖဲနဲ့ ဆယ့်ငါးမိနစ်လောက် ထိုင်လိုက်ရင် ဒုက္ခတွေဟာ တထွေးကြီးပေါ်လာတယ်။

"ဟူတ်တယ် မဟုတ်လား"
"ဟုတ်ပါတယ် ဘုရား"

အဲဒီ ဒုက္ခလက္ခဏာ ဘာဖုံးသလဲဆိုရင် ကွရိယာပုထ် ဖုံးတယ်။

"ဒုက္ခလက္ခဏာ ဘာဖုံးတယ်"
"ကွရိယာပုထ် ဖုံးပါတယ်ဘုရား"

ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာကို။ အဘိဏှသံပဋိပဒ္ဓနဿ၊ အမြဲမပြတ်နှိပ်စက်အပ်တဲ့ သဘောကို။ အမနသိကာရာ၊ နှလုံးမသွင်းနိုင်ကြ လေသောကြောင့်။ ကွရိယာပထဟိ၊ အမျိုးမျိုးနေပုံ ထိုင်ပုံပြောင်းတယ်ဆိုဘဲ့ ကွရိယာပုထ်တို့ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးကွယ်ထားကြလေသောကြောင့်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာ ကြီးသည်။ နသဏ္ဌာတိ၊ တို့ယောဂီတွေ့ရဲ့ သန္တာန်မှာ ထင်၍ မလာ။

ရုပ်တရားရဲ့ဒုက္ခ ဘာကြောင့် မထင်သလဲဆိုရင် အကြောင်း ၂-ချက်ပေးတယ်။

(၁) အဘိဏှသံပဋိပဒ္ဓနဿ အမနသိကာရာ—
အလွန်တရာ ဖိကပ်နှိပ်စက်နေတာတွေ့ကို နှလုံးမ သွင်း နိုင် လို့ တကြောင်း။

(၂) ကွရိယာပထေဟိ ပဋိစ္ဆန္နတ္တာ-
ကွရိယာပုထ်တွေကို အမျိုးမျိုး ပြောင်းပြီးတော့ ပေါ်လာတဲ့ ဒုက္ခကို ဖျောက်ဖျက်ပစ်လို့ တကြောင်း။

"အကြောင်း ဘယ်နှစ်ချက်လဲ"
"နှစ်ချက်ပါ ဘုရား"

အဲဒီအကြောင်း ၂-ချက်ကြောင့် တို့ယောဂီတွေ့ရဲ့ သန္တာန်မှာ ဒုက္ခလက္ခဏာ ထင်မှာမဟုတ်ဘူးတဲ့ ဒုက္ခလက္ခဏာ မထင်ခြင်းရဲ့ အကြောင်းက နှိပ်စက်တာကို နှလုံးမသွင်းလို့တကြောင်း၊ နှိပ်စက်တာကို နှလုံးမသွင်းတဲ့ အပြင် နှိပ်စက်လာတဲ့ အခါကျတော့ ကွရိယာပုထ်ကို ပြောင်းပြီးတော့ ပေါ်နေတဲ့ ဒုက္ခကို ဖုံးကွယ်ပစ်လို့တကြောင်း ဒီအကြောင်း ၂-ချက်ကြောင့် တို့ယောဂီများ ဒုက္ခလက္ခဏာ မထင်ဘူးတဲ့။

ရုပ်တရားရဲ့ ဒုက္ခလက္ခဏာကို မြင်အောင်ရှု

ဖြစ်လာတဲ့ ရုပ်ဟာ နှိပ်စက်ပြီးတော့ ဖြစ်ဟာ။
"ဖြစ်လာတဲ့ ရုပ်သည်"

“နှိပ်စက်ပြီးတော့ ဖြစ်လာတာပါဘုရား”

နှိပ်စက်ပြီးတော့ ဖြစ်လာတယ်။ ဒီတော့-သိရမယ့် အချက်ဟာလေး-ပျိုးဖြစ်သွားပြီ။

(၁) ရုပ်မှန်းလဲ သိလိုက်ရမယ်။

“ဘာသိလိုက်ရမလဲ”

“ရုပ်မှန်းသိလိုက်ရမှာပါ ဘုရား”

“သတ္တဝါလို့ သိရမှာလား၊ ရုပ်လို့သိရမှာလား”

“ရုပ်လို့သိရမှာပါဘုရား”

“ငါလို့သိရမှာလား၊ ရုပ်လို့သိရမှာလား”

“ရုပ်လို့သိရမှာပါဘုရား”

ရုပ်လို့လဲ သိလိုက်ရမယ်တချက်၊ အဲဒီရုပ်ဟာ—

(၂) ဖြစ်ဆိုတဲ့ ဥပါဒသဘော ဖြစ်ပေါ်လာတာကိုလဲ သိလိုက်ရမယ်။

“နဂိုက ဖြစ်ပေါ်လာတာ မဟုတ်ဘူး။ရှုခိုက်ရှုခိုက်မှာ တရစပ် ဖြစ်နေတဲ့သဘော ဟုတ်လား”

“မှန်ပါဘုရား”

ဖြစ်တယ်ဆိုတဲ့ သဘောကို သိရမယ် တချက်။ ဖြစ်လာတာ ရုပ်ပဲလို့ သိရမယ် တချက်။

(၃) ဖြစ်လာတဲ့ရုပ်ဟာ သက်သက်သာသာကြီးတော့ မဖြစ်ဘူး။ နှိပ်စက်ပြီးတော့ ဖြစ်လာတယ်လို့ သိရမယ်။

“ဘယ်နှစ်ချက်လဲ”

“သုံးချက်ပါဘုရား”

“ဒီယောဂိများ ရှုကွက်တက်သွားပြီနော်”

“မှန်ပါဘုရား”

ဖြစ်တဲ့သဘော သိရမယ် တချက်။ ဖြစ်လာတဲ့ဥစ္စာဟာ ရုပ်ပဲလို့ သိရမယ် တချက်။ရုပ်တွေကို ထပ်ခဲ့နေရင်တော့ စကားထပ်သွားပြီ။ ဧရှေနားက ခဲ့ခဲ့တဲ့ အတိုင်း မှတ်တော့။

:“ရွှေနားက အတွေ့ထင်ရှား ရှုပ်တရား လေးပါး ခွဲခဲ့ပြီနော်”
“မှန်ပါဘုရား”
“ဖြစ်လာရင်ရှုပ်၊ ရှုပ်ဖြစ်လာရင် နှိပ်စက်တယ်၊ ဒီလိုတက်သွားနော်”
“မှန်ပါဘုရား”
“ကိုင်း-ပူတဲ့ရှုပ်ဖြစ်ရင် နှိပ်စက်တာပဲ။ အေးတဲ့ရှုပ်ဖြစ်ရင်ကော”
“နှိပ်စက်တာပါပဲဘုရား”
“တောင့်တင်းတဲ့ရုပ်ဖြစ်ရင်ကော”
“နှိပ်စက်တာပါပဲဘုရား”
“တုန်းကန်တဲ့ ရုပ်တွေဖြစ်ရင်ကော”
“နှိပ်စက်တာပါပဲဘုရား”
“နှိပ်စက်တယ်ဆိုတဲ့ အဘိဏှ သံပဋိပီဠနသဘောဟာ ရုပ်တိုင်းမှာ တသားတဲ့ မရှိဘူးလား”
“ရှိပါတယ်ဘုရား”

ဒုက္ခအစုအပုံကြီးအဖြစ် နှိပ်စက်နေတာ တညီတဲ့ တွေ့ပစေ။ကိုင်း-ဘယ်ရုပ်ပဲကြည့်ကြည့်၊ အားလုံး နှိပ်စက်ပြီးတော့မှ ဖြစ်လာတာလို့ တသားတဲ့ တွေ့ရင် ဘုန်းကြီးတို့ ယောဂီများ ဟန်ကျသွားပြီ။

ဒီတော့— အမြဲမပြတ် ကပ်ပြီးတော့ နှိပ်စက်နေတာတွေကို နှလုံးမသွင်း နှင်ကြလေသောကြောင့် နှိပ်စက်လို့ ဆင်းရဲနေတဲ့ အဲဒီ ဒုက္ခ သဘောတွေကို ပြောင်းလဲ ပြောင်းလဲပေးတယ်ဆိုတဲ့ ဣရိယာပုထ်တို့နဲ့ မိမိကိုယ်ကိုမိမိ လှည့်စားပြီးတော့ ဖုံးကွယ်ထားကြပါတယ်ဆိုတဲ့ အကြောင်းကြောင့် တို့ ယောဂီတို့ရဲ့ သန္တာန်မှာ ဒုက္ခလက္ခဏာ ထင်မလာဘူးဆိုတာမှတ်။

ဂေါတမီတို့လို့ ဇဲ့ကောင်းရမယ်နော်။ ဂေါတမီတို့လို့ ဇဲ့ကောင်းရမယ်။ မိုင် (၄၀၀)ကျော်ခရီး ခြေထောက်တွေကဲ့၊ သွေးတွေယိုစီးတဲ့အထိ အပြင်းလိုက်ကြတယ်ဗျ၊ ဟုတ်လား။ တနှာရီလောက်အတွင်း ဘုန်းကြီးတို့ ယောဂီများ တင်ပါးက သွေးမထွက်ပါဘူးဗျာ။

“ထွက်မှာလား”
“မထွက်ပါဘုရား”

မထွက်ပါဘူး၊ ချွေးသာ ထွက်ချင်ထွက်မှာပေါ့နော်၊ ထွက်ပစေ။ ချွေးပဲ ထွက်ထွက် သွေးပဲထွက်ထွက် ဘာဖြစ်လဲ၊ ဟုတ်တယ်မဟုတ်လား။ စားဖို့နေဖို့

ဝတ်ဖို့ ကာမဂုဏ်ရှာတဲ့အခါကျတော့ သွေးတွေကျပြီးတော့လဲ ရှာကြတယ်၊ ချေးတွေကျပြီးတော့လဲ ရှာကြတယ်၊ အသက် အသေခံပြီးတော့လဲပဲ တဘဝစာ တနပ်စာ ရှာကြတယ် မဟုတ်လား။ ဘဝဇာတ်ချုပ်ပြီးပြီး ဂျပ်သိပ်းဖို့ရန်အတွက် ရှာတာကျတော့ ဘုန်းကြီးတို့ ယောဂီများ ဂေါတမဝုဒ္ဓကို ဒုံမကောင်းရင် ဘယ်ရမလဲဗျ။

"ဒုံကောင်းဖို့ မလိုဘူးလား"

"လိုပါတယ်ဘုရား"

ချေးပဲကျကျ၊ သွေးပဲကျကျ ဒုံကောင်းရမယ်၊ ငါးရက်တဲ့ရပြန်နော်။ ဟော ဒီတနေ့ဆို တည ကုန်ပြန်ပြီ။ နှမြောစရာ ကောင်းလိုက်တာ။

ကာလော ဃံသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ။

မူလပဏ္ဏာသ အဋ္ဌကထာ- မူလပရိယာယ သုတ္တ ဝဏ္ဏနာ-၅၉။

ကာလော၊ အခါန်ကာလကြီးသည်။ ဘူတာနိ၊ သတ္တဝါတို့ကို။ သဟတ္တနာ၊ အဲဒီကာလနဲ့ အတူတကွပဲ။ ဃသတိ၊ စက္ကန်တိုင်း မိနစ်တိုင်း နာရီတိုင်း တရစပ် တရစပ် ခဲစား၍ နေကြလေ၏။

တိုယောဂီတွေကို ကာလက မျိုနေတာ၊ အမျိုခံနေရတယ်။ ကိုယ်က ကာလကို ပြန်မျိုနိုင်မှ အနိုင်ရမှာ။ ကိုယ်က ကာလကို အရှုံးပေး၊ ကာလက ကိုယ့်ကို မျိုသွားရင် အရှုံးထွက်လိမ့်မယ်။ ကာလကို ကိုယ်က ပြန်မျိုရမယ် မဟုတ်လား။ ၄၀-ခုနှစ် ကုန်ဖို့ရန် နီးကပ်နေပြီနော်။ ၄၁-ခုနှစ်ဆဲ ကူးတော့မယ်။ နှစ် ဟောင်းက ကိလေသာတွေ နှစ်သစ်ကို မရောက်အောင် ဒီဘက်မှာ အကုန်လုံး ဟောဒီ ဓမ္မရိပ်သာမှာ ငါတို့ ရေနဲ့ ဆေးပစ်ခဲ့ကြ။

"မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

လွန်လေပြီးတဲ့ နှစ်ဟောင်းက ကိလေသာ အညစ်အကြေးတွေကို ဟိုး-သထုံမြို့၊ ရှမ်းစုရပ်က ဓမ္မရိပ်သာမှာ ငါတို့ ရေနဲ့ ဆေးပစ်ခဲ့မယ်။ တနေ့ ရေသုံးကြိမ်လောက် ထချိုးကြ ဟုတ်လား။ တရားရေနဲ့ဆေးဖို့ ပြောတာနော်။ အေး— ရေတွင်းသွားပြီးတော့ သိပ်လဲ လုပ်မပစ်ကြနဲ့အုံး။

နှစ်ဟောင်းကုန်လို့ နှစ်သစ်ပြောင်းတော့မယ်။ ကာလကတော့ ကိုယ့်ကို စားသွားပြီ။ ကာလကို တို့က ဘယ်လောက်မျှား စားနိုင် ဝါးနိုင်သလဲ တွက် ကြည့်ရမယ်။

ယော စ ကာလဃဲသော ဘူတော၊ သ ဘူတပစနိ် ပစိ တိ။

မူလပဏ္ဏာသ အဋ္ဌကထာ- မူလပရိယာယသုတ္တဝဏ္ဏနာ-၅၉။

ကာလကို ပြန်ပြီးတော့ ဝါးမျိုစားသောက်နိုင်မှ မိမိသန္တာန်ရှိတဲ့ ကိလေသာ အညစ်အကြေး ဖြေးဖြေးချင်းစင်၊ ဒီလူဟာ ကာလကို အနိုင်ရတဲ့လူ ခေါ် တယ်။

ဒါကြောင့်- အမြဲမပြတ် နှိပ်စက်နေတဲ့ ရုပ်တရားတို့ရဲ့ ဖြစ်ပုံကို ရှုယင်း ရှုယင်း၊ တရစပ် နှိပ်စက်နေတဲ့ ရုပ်တရားတို့ရဲ့ ဖြစ်ပုံကို ရှုယင်း-ရှုယင်း ဘုန်းကြီး တို့ ယောဂီများ ဣရိယာပုထ်တွေကို ခဏခဏပြောင်းပြောင်းပြီး ဒုက္ခလက္ခဏာကို ဖုံးမပစ်ပါနဲ့။

"ဟုတ်ပြီလား"

"မှန်ပါဘုရား"

ခန္ဓာကိုယ်မှာ ပေါ်လာတဲ့ ဒုက္ခသဘော၊ ရုပ်တရားရဲ့ ဖြစ်လိုက်ပျက်လိုက်နဲ့ နှိပ်စက်တဲ့သဘောကို ဖုဋ္ဌဌာန-တွေ့ထိတဲ့နေရာမှာ စိုက်ပြီးတော့-

(၁) ဖြစ်လာတယ်၊
(၂) ဖြစ်လာတာ ရုပ်၊
(၃) ဖြစ်လာတဲ့ရုပ်ဟာ နှိပ်စက်တယ်၊
(၄) နှိပ်စက်တဲ့ရုပ်ဟာ ကုန်သွားပြီ၊
(၅) နှိပ်စက်တဲ့ရုပ် ကုန်သွားတာ ငါ့အလိုအတိုင်း မကျဘူး။

"ဘုန်းကြီးတို့ ယောဂီများ အဲဒီလို အဆင့်ဆင့် ရှုမှတ်သွားရမယ် မဟုတ် လား"

"မှန်ပါဘုရား"

ဒီတော့- တို့ယောဂီများ လက္ခဏာတွေ စုံသွားရော။

အဘိဏှသံပဋိပဋနေ-အမြဲမပြတ် နှိပ်စက်နေတဲ့ သဘောတွေ ရှုလိုက်ရင် ပူတာမှာလဲ နှိပ်စက်တယ်။ အေးတာမှာလဲ နှိပ်စက်တယ်။ တွန်းကန်တာမှာလဲ နှိပ်စက်တယ်။ တောင့်တင်းတာမှာလဲ နှိပ်စက်တယ်။

"အားလုံးနှိပ်စက်တယ်ဆိုတဲ့ ဒုက္ခကြီးက တသားတဲ့ မနေဘူးလား"
"နေပါတယ်ဘုရား"

အနိစ္စလက္ခဏာကို သန္ဓေတိုးတယ်။ ဒုက္ခလက္ခဏာကို ဣရိယာပုထ်ကဖုံးတယ်။ အနတ္တလက္ခဏာကို ဃနဖုံးတယ်၊ အနတ္တထင်ချင်ရင် ဃနဖြိုး။ အစိတ်စိတ်အမှာမှာ ကဲ့အောင်ရှု။ နည်းပေးပြီးပြီ။ အနိစ္စလက္ခဏာထင်ချင်ရင် ရုပ်တရားကို အပိုင်းပိုင်းပြတ်အောင် အစုနှံးကလေးတွေ၊ ဖြစ်စုန်း-ပျက်စုန်း၊ ပျက်စုန်း-ဖြစ်စုန်း၊ အဲဒီအစုန်းလေးတွေကို မိအောင်ရှု။ ဒုက္ခလက္ခဏာထင်ချင်ရင် နှိပ်စက်တဲ့သဘောကို စိုက်စိုက်ဥူးစူး နှိုက်ပြီးတော့ရှု။

"ဒုက္ခလက္ခဏာ မလာဘူးလား"
"လာပါတယ်ဘုရား"
"တွေ့ထိတဲ့သဘောတိုင်း သဘောတိုင်း ဘယ်နေရာပဲတွေ့တွေ့၊ ဒီလက္ခဏာသုံးချက်ဟာ တသားတဲထွက်တယ်နော်"
"မှန်ပါဘုရား"

ရုပ်တရားမှန်သမျှ ဒုက္ခချည်းသက်သက်ပဲ

ဒါကြောင့်-ဘုန်းကြီးတို့ သံယုတ်ပါဠိဘေဒ်မှာ-

ဒုက္ခမေ၀ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဇဝတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-ဒုတိယတဲ့-ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ-၂၂။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဒုက္ခမေ၀၊ ဒုက္ခအစုအပုံကြီးသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၍ ဖြစ်၍ လာ၏။

ဖြစ်တဲ့ရုပ်မှန်သမျှ အားလုံး ဒုက္ခချည်း တသားတဲ့။

ဒုက္ခမေ၀၊ ဒုက္ခအစုအပုံကြီးသည်သာလျှင်။ တိဋ္ဌတိ၊ ထင်ရှားတည်ရှိ၍နေ၏။

ထင်ရှားနေတော့လဲပဲ ဘာတရားတွေ ထင်ရှားနေတုံးဆိုရင် ရုပ်တရားထင်ရှားတယ်။ နောက်တော့ ပထဝီ၊ တေဇော၊ ဓာတ်တွေထင်ရှားတယ်။ ခဲလိုက်တာ၊ နောက်တခါ သဘောကျလာတော့ နှိပ်စက်တဲ့ ဒုက္ခတွေချည်း ထင်ရှားနေတယ်။

"ဒီလိုတက်သွားရမယ် မဟုတ်လား"
"မှန်ပါဘုရား"
"အဲဒါ-တက်စဉ် အားထုတ်စဉ်မှာ ဒီအတိုင်း သွားရမယ်နော်"
"မှန်ပါဘုရား"

ဒုက္ခမေဝ၊ ဒုက္ခအစုအပုံကြီးသည်သာလျှင်။ တိဋ္ဌတိ၊ ထင်ရှားတည်ရှိ၍ နေလေ့တော့၏။ ဒုက္ခမေဝ၊ ဒုက္ခအစုအပုံကြီးသည်သာလျှင်။ ဝေတိ၊ ပျက်စီး၍ သွားလေတော့၏။

ပျက်ခတော့လဲပဲ ဒုက္ခအစုအပုံကြီးပဲ ပျက်သွားတာ။ ဖြစ်တုန်းကလဲ ဒုက္ခ၊ ထင်ရှားနေတော့လဲ ဒုက္ခ၊ ပျက်စီးသွားပြန်တော့လဲပဲ ဒုက္ခအစုအပုံကြီးပဲ ပျက်သွားဘာ။ သုခချမ်းလို ဘာတာကွက်မှ ရှာမတွေ့၊ သခ်ၤါရလောကကြီး တခုလုံး ဒုက္ခအနေနဲ့ တသားတဲ့ တည်ဒီဘဲ မြင်သွားချော။

"ဟန်မကျဘူးလား"
"ဟန်ကျပါဘုရား"
"အဲဒီအချိန် နိဗ္ဗိန္ဒာဘိဖြစ်လာတယ်။ ဘာပါလိမ့်"
"နိဗ္ဗိန္ဒာတိ ဖြစ်လာပါတယ်ဘုရား"

ရူပသို့ နိဗ္ဗိန္ဒတိ။

ရူပသို့၊ ဒုက္ခအစုအပုံကြီးတွေဖြစ်နေတဲ့ ဟာဒီ ရုပ်တရားတွေထဲမှာ။ နိဗ္ဗိန္ဒတိ၊ တို့ယောဂီတွေ ငြီးငွေ့တယ်လို့ ခေါ်ပါတယ်။

ရုပ်တရားထဲမှာ ငြီးငွေ့လာတယ်။ ဘာမြင်လို့လဲဆိုရင် နှိပ်စက်တာ မြင်လို့။

"ဘာမြင်လို့..."
"နှိပ်စက်တာမြင်လို့ပါ ဘုရား"
"နှိပ်စက်ရင် ဒုက္ခလား၊ သုခလား"
"ဒုက္ခပါဘုရား"

နှိပ်စက်တဲ့ ပီဋ္ဌနဒုက္ခကို ရုပ်တရားထဲမှာ တွေ့တာနဲ့တပြိုင်နက်တဲ့ ငြီးငွေ့ကြပြီဆိုတဲ့သဘော နိဗ္ဗိန္ဒဟာ နောက်က ရောက်လာတယ်။

"နိဗ္ဗိန္ဒဖြစ်ရင် တဖြေးဖြေး ဝိရာဂနား ကပ်သွားပြီနော်"
"မှန်ပါဘုရား"

ဒေါမနဿဟာ နိဗ္ဗိန္ဒယောင် ဝဆောင်တတ်ဘယ်

နိဗ္ဗိန္ဒ-ငြိုးငွေ့စရာကြီးပဲဆိုပြီးတော့ ဟောဒီဂိုပ်သံဗေါကဝန် ထမင်းပြုလိုက်နဲ့၊ ငြိုးငွေ့စရာကောင်းလှချဲ့၊ ပူကပူ အိုးတ်ကအိုက် လူကပဲ ကျပ်နဲ့ အဲဒါမျိုး ငြိုးငွေ့ရတာမဟုတ်ဘူး။ အဲဒါက ဒေါမနဿ ခေါ်တယ်နော်။ ဘုန်းကြီးတို့ယောဂီတွေက ရောရောထားတယ်။ ရောင်းလို့ မကောင်းဘူး၊ ဂျုံးရောင်းလို့မကောင်းဘူးဆိုပြီး ငြိုးငွေ့ပါတယ် ဒီလူလောကကြီး။ စျေးသယ်တွေကလဲ ပြောကြတာပဲ။ မှောင်ခိုကုန်ကူးဘဲ လူတွေကလဲ အပမ်းအဖြေးကြမျာပြီဆိုရင် ငြိုးငွေ့ပါပြီ။

"တကယ်ငြိုးငွေ့တာ မဟုတ်ဘူး။ အဲဒါ ဒေါမနဿ ဖြစ်နေတာ ဟုတ်လား"
"မှန်ပါဘုရား"
ဒေါမနဿဟာ နိဗ္ဗိန္ဒယောင် ဆောင်ပြီးတော့ လှည့်စားတတ်တယ်။
"ဒေါမနဿက ဘာယောင် ဆောင်လဲလဲ"
"နိဗ္ဗိန္ဒယောင် ဆောင်ပြီး လဲ့စားတတ်ပါတယ်ဘုရား"

နိဗ္ဗိန္ဒကို နောက်နားက ဉာဏ်ဆိုတဲ့စာလုံးလေး ထည့်အုံးမှ ကောင်းမယ်။ တော်ကြာ သဆုံကလူတွေက သူတို့သထုံတောင်ခြေက နိဗ္ဗိန္ဒကို ပြောတယ်ထင်နေအုံးမယ်။ အဲဒီ နိဗ္ဗိန္ဒပြောတာမဟုတ်ဘူး၊ နိဗ္ဗိန္ဒဉာဏ်။
"ဘာပါလိမ့်"
"နိဗ္ဗိန္ဒဉာဏ်ပါဘုရား"
ရုပ်တရားရဲ့အပေါ်မှာ နှိပ်စက်တာတွေမြင်လို့ ငြိုးငွေ့တဲ့သဘော။ ဉာဏ်နဲ့ ယှဉ်တယ်။ ဒီဉာဏ် ဘယ်အပေါ်မှာ ရှိတုံးဆိုရင် ရုပ်ပေါ်မှာ ရှိတယ်။
"ဘယ်အပေါ်မှာ ရှိတယ်"
"ရုပ်အပေါ်မှာ ရှိပါတယ်ဘုရား"
ဒေါမနဿက ရုပ်အပေါ်မှာမရှိဘူး။ဒေါမနဿက သားရေး၊ သမီးရေး၊ စီးပွားရေး၊ တိုင်းရေး၊ ပြည်ရေး အဲဒီပညတ်တွေအပေါ်မှာ ရောက်နေတယ်။
"တခြားစီနော်"
"မှန်ပါဘုရား"

နိဗ္ဗိန္ဒဉာဏ် ဆိုကတဲ့ကိုက် သားသမီး၊ စီပွားဥစ္စာ၊ ဇနီး၊ ခင်ပွန်းနဲ့ ဘာမှ မဆိုင်ဘူး။ နိဗ္ဗိန္ဒဉာဏ်ဆိုတာက ရုပ်ရဲ့ ဖြစ်ပျက်၊ ရုပ်ရဲ့ နှိပ်စက်၊ ရုပ်ရဲ့အနတ္တ၊ ဒီအပေါ်တွေမှာ ကျနေတယ်။

"ဒီလိမဟတ်လား"

"ဟုတ်ပါတယ်ဘုရား"

အေး-ဒါကြောင့်မို့လို့ ဘုန်းကြီးတို့ယောဂီများ ထိုက်သို့ ဖြစ်ပျက် နှိပ်စက် အစိုးမရ ဘယ်လိုမှ ကိုယ်ကြိုက်သလို ပြုပြင်လို့မရတဲ့ ရုပ်တရားကြီးရဲ့အပေါ်မှာ နိဗ္ဗိန္ဒဉာဏ် ရောက်လာပြီဆိုရင် နောက်နားတဆင့် တက်လိုက်တော့—

နိဗ္ဗိန္ဒဉာဏ်ရောက်မှ ရုပ်နဲ့ ရာဂကွာတယ်

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။

နိဗ္ဗိန္ဒံ-နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့ပါတယ်ဆိုတဲ့ ယောဂိပုဂ္ဂိုလ်တွေဟာ။ ဝိရဇ္ဇတိ၊ တပ်မက်ခြင်း ကင်းကွာလေတော့၏။

"ငြီးငွေ့ပြီဆိုမှ ငြီးငွေ့တဲ့ရုပ်ထဲမှာ နေချင်သေးသလား"

"မနေချင်တော့ပါဘုရား"

တဖြေးဖြေး ရုပ်တရားရဲ့ အပေါ်မှာ ဘုန်းကြီးတို့ယောဂီများရဲ့ စိတ်ဟာ ကွာကွာ—ကွာကွာပြီးတော့ လွတ်လွတ်—လွတ်ထွက်လာတာ။ အဲဒါဝိရာဂခေါ်တယ်။ဘာနဲ့ ဘာ ကွာသွားတာလဲလို့ အတိအကျပြောရင် ရုပ်နဲ့ ရာဂနဲ့ ကွာသွားတယ်။

"
ဘာနဲ့ ဘာကွာသွားတာ

"ရုပ်နဲ့ ရာဂ ကွာသွားတာပါဘုရား"

ရုပ်နဲ့ ရာဂနဲ့ ကွာသွားတာ။ ရုပ်နဲ့ ရာဂဟာ မကွာလို့ ရုပ်အပေါ်မှာ ရာဂ ကပ်နေရင် ရုပ်ကို နှစ်သက်နေတာ ခေါ်တယ်။

"ဘာကို နှစ်သက်နေတာ"

"ရုပ်ကို နှစ်သက်နေတာပါဘုရား"

"ရုပ်တရားက ဒုက္ခလား၊ သုခလား"

"ဒုက္ခပါဘုရား"

“ဒုက္ခဖြစ်တဲ့ရုပ်ကို နှစ်သက်နေရင် ဒီလူဒုက္ခက လွှတ်ပါ့မလား”
“မလွှတ်ပါဘုရား”
ကိုင်း—ဘုန်းကြီးတို့သံဃာတော်ပါဦးတော်က—

ယော ဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ၊ ယော ဒုက္ခံ အဘိနန္ဒတိ “အပရိမုတ္တော သော ဒုက္ခသ္မာ” တိ ဝဒါမိ။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် အဘိနန္ဒနသုတ်- ၂၆။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား-ချစ်သမီးတို့။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ ရူပံ၊ ရုပ်တရားကြီးကို။ အဘိနန္ဒတိ၊ နှစ်သက်လေဘော့၏။ သော ပုဂ္ဂလော၊ ထိုကဲ့သို့ ရုပ်တရား နှစ်သက်ပါတယ်ဆိုတဲ့ပုဂ္ဂိုလ်သည်။ ဒုက္ခံ၊ ဒုက္ခတရားကြီးကို။ အဘိနန္ဒတိ၊ နှစ်သက်သည်လို ခေါ်ပါတယ်။

ရုပ်ကို နှစ်သက်နေရင် ဒုက္ခကို နှစ်သက်နေတာ။

“ရုပ်တရားကို နှစ်သက်နေရင်-ဦးယေဒိတွေ ဘာဖြစ်ကြာလဲ”
“ဒုက္ခတရားကို နှစ်သက်နေကြတာပါဘုရား”
“ကိုင်းဗျာ—အခုထိုင်နေတော့ အိုက်လိုက်တာ၊ ပူလိုက်ဘာ တေဇောရုပ် မနှိပ်စက်ဘူးလား”
“နှိပ်စက်ပါတယ် ဘုရား”
“အဲဒီ အချိန်ပန်ကာလေးများ လှည့်ပေးလိုက်တော့ ဘယ်နှယ်လဲ”
“ကျေနပ်မသွားဘူးလား”
“ကျေနပ်သွားပါတယ် ဘုရား”
“အဲ-ပန်ကာလေးက ဂိမိ-ဝိဝိနဲ့ ဆိုတော့ အေးဆိုတဲ့ သဘောလေး လာတယ်မဟုတ်လား”
“လာပါတယ် ဘုရား”
“အေးတာ ရုပ်တရားလား၊ နာမ်တရားလား”
“ရုပ်တရားပါ ဘုရား”
“အေးတာ ဘာရုပ်လဲ”
“တေဇော ရုပ်ပါဘုရား”
“ပူတာလဲ”
“တေဇော ရုပ်ပါဘုရား”

ပူတဲ့ တေဇောတော့ မနှစ်သက်ဘူး။အေးတဲ့တေဇောတော့ နှစ်သက်တယ်။ ကိုင်း-ရေခဲတုံးကြီးတွေ ဖက်ထားကြဆိုတော့ ဘယ်နှယ်လုပ်မလဲ။

"နှစ်သက်သေးသလား"

"မနှစ်သက်ပါ ဘုရား"

သြော်-နှိပ်စက်တော့ သူတို့မကြိုက်ကြဘူးနော်။ မနှိပ်စက်ဘူးထင်တော့ ဘုန်းကြီးတို့ယောဂီများက တယ်ကြိုက်ကြတယ်။ ပူတာလေး ကြိုက်နေတယ်၊ ပြာသိုလကျတော့ မီးလေးနဲ့မှ နေဖြစ်တယ်။ အဲဒါ အပူလေးကြိုက်တာ၊ ယခုလို တန်ခူး၊ ကဆုန်ကျပြန်တော့ လေကလေး တဖြူးဖြူးနဲ့ ရေခဲရေလေး သောက်နေရမှ ကြိုက်တယ်။

"အအေးကြိုက်တာ မဟုတ်လား"

"မှန်ပါတယ် ဘုရား"

ဒီ အအေး အပူဆိုတဲ့ တေဇောဓာတ် အဂ္ဂိမုခ မြေကြီး တောင်ပို့ထဲမှာ ကိုက်နေတာ ဘုန်းကြီးတို့ယောဂီများက မြေကို မြေမှန်းမသိလို့ အဲဒါကျော သပ်နေတာ၊ တနေ့ ဒီမြေကိုက်ရင် သေမှာ။

"ဒါဖြင့်-ဒီမြေကြီးတွေကို နှစ်သက်နေတာဟာ ဘုန်းကြီးတို့ ယောဂီများ ဒုက္ခနှစ်သက်တာ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

ယော ဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ။

ချစ်သားတို့၊ အကြင်ပုဂ္ဂိုလ်သည် ရုပ်တရားကို နှစ်သက်၏။ ထိုပုဂ္ဂိုလ်သည် ဒုက္ခကြီးကို နှစ်သက်နေတာ။

မြေဟောက်ကြီး ငရဲဉ်ထင်ပြီး ဆဲသွားတာတဲ့။

ယော ဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။

ယော ပဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခံ၊ ဒုက္ခတရားကြီးကို။အဘိနန္ဒတိ၊ နှစ်သက်၏။ သော ပဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဒုက္ခသ္မာ၊ ဒုက္ခတရားမှ။ အပရိမုတ္တော၊ မလွတ်မြောက်နိုင်သည်။ ဟောတိ၊ ဖြစ်၏။

ချစ်သားတို့၊ ရုပ်တရားနှစ်သက်ရင် ဒုက္ခ နှစ်သက်တာမို့လို့ ဒီယောဂီ ဒုက္ခမှ လွတ်မှာ မဟုတ်ဘူးလို့ ငါဘုရား ဟောတယ်။

"ဘုန်းကြီးတို့ ယောဂီများ၊ ဒုက္ခက လွတ်ချင်သလား"
"လွတ်ချင်ပါတယ် ဘုရား"
"ဒုက္ခက လွတ်ချင်ရင် ဒီရုပ်ကို နှစ်သက်ရမှာလား၊ စွန့်လွှတ်ရမှာလား"
"စွန့်လွှတ်ရမှာပါ ဘုရား"
ဘုန်းကြီးတို့ ဟောထားတဲ့ နတုမှာကသုတ္တန်က ပေါ်လာပြန်တယ်။

ရုပ်တရားဟာ ကိုယ်ပိုင်တဲ့ဥစ္စာ မဟုတ်ဘူး

ရှုပံ ဘိက္ခဝေ နတုမှာကံ တံ ပဇဟထ၊ တံ ဝေါ ဟိတာယ သုခါယ ဘဝိဿတိ။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-နတုမှာကသုတ်-၂၀။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ခဲ့ချစ်သား ချစ်သမီးတို့။ ရှုပံ၊ အဲဒီလိုနှိပ်စက်နေတဲ့ ရုပ်တရားကြီးသည်။ တုမှာကံ၊ သင်ချစ်သား ချစ်သမီ.တို့ရဲ့။ နသန္တကံ၊ ကိုယ်ပိုင်တဲ့ ဥစ္စာမဟုတ်။

ရုပ်တရားကြီးကို ချစ်သားတို့ ကိုယ်ပိုင်ဆိုပြီးတော့ သိမ်းမထားနဲ့၊ဘာပြုသို့တုံးဆိုတော့ နှိပ်စက်မှာ မို့လို့။

"ဘာကြောင့်ပါလိမ့်"
"နှိပ်စက်မှာ မို့လို့ပါ ဘုရား"
"နှိပ်စက်မယ့် ရုပ်ကို ဘုန်းကြီးတို့ ယောဂီများက ငါ့ဥစ္စာလို့ လုပ်သင့်သလား၊ မလုပ်သင့်ဘူးလား"
"မလုပ်သင့်ပါ ဘုရား"
"ဒါဖြင့် အေားတာလေးကြိုက်တယ်ဆိုတော့ ဘာဖြစ်တာလဲ"
"
....."
"အင်း-အဲဒါ ငါ့ဥစ္စာလုပ်တာနော်"
"မှန်ပါဘုရား"
"အအေားတော့ လွှန်ကဲလာပြန်တော့ မီးလေးလှုံအုံးမှဆိုတော့ အပူလေးကို"
"ငါ့ဥစ္စာလုပ်တာပါဘုရား"
ကိုင်း-ဒီတော့—

ရှုပံ ဘိက္ခဝေ နှ တုမှာကံ။

ချစ်သားတို့၊ ရုပ်တရားကို ချစ်သားတို့ ကိုယ်ပိုင်ဥစ္စာအနေနဲ့ သိမ်းမထားနဲ့။

ဘုန်းကြီးတို့ ယောဂီများက သိမ်းထားပြီ။ဟောဒီတရား အားထုတ်ယင်းနဲ့ ပန်ကာလေး လွှဲပေးကောင်းမှာပဲဆိုတဲ့ ယောဂီတွေ ရှိလိမ့်မယ်ထင်တယ်။ ကိုင်း-အဲဒါ ရုပ်တရားလို့ချင်တာပဲ။

"ရုပ်တရားလို့ချင်နေရင် ဒုက္ခက လွတ်အုံးမှာလား"

"မလွတ်တော့ပါဘုရား"

နဲ့ သန္တကံ၊ ချစ်သားတို့ကိုယ်ပိုင် ဥစ္စာမဟုတ်ဘူး။

ဟိုဥစ္စာလေး တောင့်တ၊ ဒီဥစ္စာလေး တောင့်တ၊ ကမ္မဋ္ဌာန်းကျောင်းမှာ တောင့်တမနေကြနဲ့။

"တို့ယောဂီများ တောင့်တနေကြသေးလား"

"မတောင့်တပါဘုရား"

ဟန်ကျပြီနော်၊ ရေခန်းရင်လဲ ကိစ္စမရှိဘူး။ ဂေါတမီတို့လို ရေမချိုးပဲ သူတို့အလုပ် အားထုတ်ကြတယ်။ အေး-ဟုတ်ပြီ၊ဟုတ်ပြီ။ကိစ္စမရှိဘူး။

ကိုယ်မပိုင်တဲ့ရုပ်ကို ပယ်စွန့်ကြ

ရူပံ ဘိက္ခဝေ နာ တုမ္ဟာကံ တံ ပဇဟထ။

ဘိက္ခဝေ၊ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ရူပံ၊ ရုပ်တရားကြီးသည်။ တုမ္ဟာကံ၊ သင်ချစ်သား ချစ်သမီးတို့ရဲ့။ နာ သန္တကံ၊ ကိုယ်ပိုင်တဲ့ဥစ္စာမဟုတ်။

တံ၊ ထိုချစ်သား ချစ်သမီးတို့ မပိုင်တဲ့ဥစ္စာကြီးကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်တော့လော့။

ကိုယ်မပိုင်ဘူး။ ကိုယ့်ကိုန့်ပ်စက်မယ့်ဥစ္စာကြီး ပယ်ပစ်လိုက်။

"ကိုယ့်နှိပ်စက်မယ့်ရုပ်ကြီးကို ပယ်ရမယ်မဟုတ်လား"

"ပယ်ရမှာပါဘုရား"

ကိုင်း- ရုပ်ကြီးဘယ့်နှယ်လုပ်ပယ်မလဲ။ ရုပ်တရား ပယ်လိုက်လို့ဆိုတော့ ဘုန်းကြီးတို့ယောဂီများ ရုပ်ပယ်ပုံ ပြောကြစမ်း၊ ခုနက ရွှေဘိုနယ်က ယောဂီကြီးပယ်သလို ခေါင်းကြီး အနှိစ်။လက်မောင်းကြီး အနှိစ်။ တော်တော်ကြာ

ကျတော့ ခေါင်းအနိစ္စလို့ ခေါင်းကြီးတော့ ကုန်သွားတယ်။ကိုယ်ကြီး အနိစ္စ။ ကိုယ်မပျောက်လို့ရှိရင် အဲဒါ ခေါင်းပြတ်ကြီ ဖြစ်နေတော့ မဓာတ်ဘူးလား။ အဲဒီနည်းနဲ့ ပယ်လို့တော့လဲ မကောင်းဘူးနော်။

"ရုပ်ရဲ့ သဘာဝနဲ့ သာမညဆိုတဲ့ လက္ခဏာကို စိုက်ပြီးတော့ ကပ်ရှုပြီးတော့ ပယ်ရမယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ရေမြုပ်စိုင်ကြီး အနားကပ်ကြီး တုတ်နဲ့ဒန်မှသလို မိုးရတားဟဲ့ကြီ အနားကင်းပြီးကော့ အဆက်ကို ဖြုတ်သလို ဒီလိုရှုရမယ်မဟုတ်လား"

"မှန်ပါဘုရား"

အဲဒီလိုမှ လက္ခဏာပေါက်အောင် နီးနီးစပ်စပ် ကပ်ကပ်ချပ်ချပ် မရှုပါဘဲနဲ့ အားပါယံလုပ်နေရင် ဘုန်းကြီးတို့ ယောဂီများ မပယ်နိုင်ဘူးဗျာ။ ရုပ်ကို ပယ်ဆိုတာဟာ ရုပ်တုံးရုပ်ခဲကြီးကို ဆွဲဖယ်ပစ်ရမှာ မဟုတ်ပါဘူး။

ရူပံ ဘိက္ခဝေ နတုမှာကံ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။

တံ၊ ထိုချစ်သား ချစ်သမီးတို့ မပိုင်ကဲ့ဥစ္စာကြီးကို။ ပဇဟထ၊ပယ်စွန့်လိုက်ကြကုန်တော့ခလော့။ တံ၊ ထိုရုပ်တရားကြီးကို။ ပဟီနံ၊ပယ်စွန့်နိုင်ကြမယ်ဆိုချင်၊ ဝေါ၊ သင်ချစ်သား ချစ်သမီးတို့အတွက်။ ဟိတာယ၊စီးပွားဖြစ်ဖို့ရန် အလို့ငှာ။ သုခါယ၊ ချမ်းသာဖို့ရန် အလို့ငှာ။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။

ရုပ်တရား ပယ်နိုင်ရင် ချစ်သား၊ ချစ်သမီးတို့ သံသရာခရီးမှာ ချမ်းသာကြလိမ့်မယ်။ ရုပ်တရား ပယ်နိုင်ရင် ချမ်းသာမယ်။အကျိုးကို ပြောထားတယ်။ ပယ်ဆိုတာ ဘာတဲ့တုံးဆိုတော့-

ရုပ်တရားကြီးကို ဘယ်လိုပယ်စွန့်မလဲ

ယော ဘိက္ခဝေ ရူပသ္မိံ ဆန္ဒရာဂါ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဘဝိဿတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ရူပသ္မိံ၊ ရုပ်တရား၌။ ယော ဆန္ဒရာဂေါ၊ အကြင်ပြင်းထန်စွာ တပ်မက်နေတဲ့ ဆန္ဒရာဂတရားသည်။

အတ္တိ၊ ရှိ၏။ တံ၊ ထိုရုပ်တရား၌ တပ်မက်နေတဲ့ ဆန္ဒရာဂတရားကို။ ပဇဟာထ၊ ပယ်ကြကုန်လော့။

ရုပ်တရား ပယ်ကြဆိုတာ ဒီရုပ်ကြီးကို ခေးနဲ့ ပါးပါးလှီးပြီး ခွဲပစ်ရမှာ မဟုတ်ဘူး။ ပေါင်တွေ၊ ခြေတွေ၊ လက်တွေ ဖြတ်ပစ်ရမှာ မဟုတ်ဘူး။ ရုပ်တရား စက်ဆုပ်စရာကောင်းတယ်ဆိုပြီးတော့ အရှုပဋိဘာကြီးတွေ ကမ္မဋ္ဌာန်းရှုသလို။

ဒီ ရုပ် ဒီ ရုပ်။

ရုပ်ကြီး စက်ဆုပ်ဖွယ်၊ ရုပ်ကြီး စက်ဆုပ်ဖွယ်။

ဒီလိုလုပ်ရမှာ မဟုတ်ဘူး။ ရုပ်တရားမှာ ကပ်နေတဲ့ ဆန္ဒရာဂကို ပယ်တဲ့၊ ဒီလိုပြောတာ။ ရုပ်ကို ပယ်ဆိုတာ၊ ရုပ်ကိုစွန့်ဆိုတာ ရုပ်မှာ စွဲနေတဲ့ ဆန္ဒရာဂကို ပယ်ရမှာ။ ခုနက ပြောခဲ့တဲ့အတိုင်း ရုပ်နဲ့ ဆန္ဒရာဂ တခြားစီဖြစ်အောင် ခွဲပစ်ရမယ်၊ ဒီလိုနော်။ ဆန္ဒဆိုတာက လိုချင်တာ၊ ရာဂဆိုတာက စွဲနေတာ၊ လိုလားနှစ်သက် စွဲနေတဲ့သဘော။ ဒီရုပ်အပေါ်မှာ မရှိအောင် ခွဲပစ်။ အဲဒါ ရုပ်စွန့်တာ။ ဆန္ဒရာဂ ခွဲရင် ဆန္ဒရာဂရဲ့ အာရုံဟာ ဘယ်မှာရှိတုံးဆိုတော့ အဿာဒပေါ်မှာ ရှိတယ်။

"ဆန္ဒရာဂရဲ့အာရုံ ဘယ်အပေါ်မှာရှိတယ်"
"အဿာဒပေါ်မှာ ရှိပါတယ်ဘုရား"

အေး— ဆန္ဒရာဂရဲ့အာရုံ အဿာဒပေါ်မှာ ရှိသောကြောင့်-

ယံ ဒေါ ရူပံ၊ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ ရူပဿ အဿာဒေါ။

သံယုတ္တနိကာယ်- ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်- အဿာဒသုတ်- ၂၃။

ရူပံ၊ ရုပ်တရားကို။ ပဋိစ္စ၊ စွဲ၍။ ယံ သောမနဿံ၊ အကြင် ဝမ်းမြောက်ခြင်းသည်။ ယံ သုခံ၊ အကြင် ချမ်းသာခြင်းသည်။ ယံ အဿာဒံ၊ အကြင် သာယာခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အယံ၊ ဤသည်ကား။ ရူပဿ၊ ရုပ်တရား၌။ အဿာဒေါ၊ သာယာမှုဆိုတဲ့ အချက်ပါပဲ။

ရုပ်တရားမှာ ဆန္ဒရာဂဖြစ်တယ်။ ဆန္ဒရာဂဟာ ဘာ့ကြောင့် ဖြစ်ကုံး။ ရုပ်ရဲ့ အာသာဒကြောင့် ဖြစ်တာ။

''ဘုန်းကြီးတို့ ယောဂီများ ရှုကြမယ့် အကွက်ကလေးများ ဟုတ်လား''
''မှန်ပါဘုရား''

ရုပ်ပေါ်မှာ ဘာ့ကြောင့် ဆန္ဒရာဂဖြစ်တုံးဆိုရင် အတိုလေး မှတ်ပါ။ အာသာဒကြောင့် ဖြစ်တယ်။

''ဘာကြောင့်ဖြစ်ဘယ်''
''အာသာဒကြောင့် ဖြစ်ပါတယ်ဘုရား''
အာသာဒဆိုတာ—

ယံ ရူပံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ။

ရုပ်ကို မှီပြီးတော့ သုခရယ် သောမနဿရယ်။

''ဘယ်နှစ်ပါးလဲ''
''နှစ်ပါးပါဘုရား''

ရုပ်တရားကို အမှီပြုပြီးတော့ ချမ်းသာတယ်၊ ဝမ်းသာတယ်ဆိုရင် အေး—အဲဒါ အာသာဒ ဖြစ်လာပြီ။ ရုပ်တရားတခုခုကို စဲ့ပြီးတော့ ချမ်းသာတယ်၊ ဝမ်းသာတယ်လို့ တို့ယောဂီများထင်ရင် အာသာဒ ဖြစ်နေပြီ၊ ဟုတ်လား။ ချမ်းသာစရာကောင်းတဲ့ရုပ်၊ ဝမ်းသာစရာကောင်းတဲ့ရုပ်လို့ အာသာဒဖြစ်ဘာနဲ့ တပြိုင်နက် ချမ်းသာတဲ့၊ ဝမ်းသာတဲ့အခေါ်မှာ လိုလားတဲ့ဆန္ဒ၊ စဲ့မက်တဲ့ရာဂ ကပ်ပြီ။

''ဒီလိုမဟုတ်လား''
''မှန်ပါဘုရား''

အေး—ရုပ်တရားမှာ ဆန္ဒရာဂဖြစ်တာ အာသာဒကြောင့်။ အာသာဒဆိုတာ ရုပ်ကိုမှီပြီးတော့ ဖြစ်လာတဲ့ ချမ်းသာခြင်း၊ ဝမ်းသာခြင်း။

''ဒီလိုနော်''
''မှန်ပါဘုရား''

ချမ်းသာခြင်း၊ ဝမ်းသာခြင်းဖြစ်မှင် အဲဒီ ချမ်းသာမှု၊ ဝမ်းသာမှုတွေကို စဲ့တယ်၊ လိုလားတယ်၊ နှစ်သက်တယ်ဆိုတဲ့ ဆန္ဒရာဂ လာပြီ။ ဆန္ဒရာဂနဲ့ ရုပ်ကို

တပ်မက်နေရင် ဒီလူဟာ ဒုက္ခဘပ်မက်တာခေါ်တယ်။ ဒုက္ခကို တပ်မက်နေသမျှ ဒီလူ ဒုက္ခက မလွတ်ဘူးလို့သာ မှတ်ပါ။

ဆန္ဒရာဂကို ဘယ်လို ပယ်စွန့်ရမလဲ

ဒီတော့-ဒုက္ခမှလွတ်ချင်ရင် ရုပ်ကိုစွန့်ဆိုတော့ ရုပ်အပေါ်မှာ ကပ်နေတဲ့ ဆန္ဒရာဂကို စွန့်လိုက်။ ဆန္ဒရာဂ ဘယ်နှယ်စွန့်မလဲဆိုရင် အာဒီနဝ-အပြစ်ကို ရှာပြီးတော့ စွန့်ရမယ်။

"ဘာကို ရှာရမလဲ"
"အာဒီနဝကို ရှာရမှာပါဘုရား"
"ရုပ်မှာ အပြစ်တွေနဲ့ကယ်. ဘာတွေရှိဘယ်"
"အပြစ်တွေ ရှိပါတယ်ဘုရား"
"ဘုန်းကြီးတို့ ယောဂီများ အပြစ်တွေရင် ချက်ချင်း ခွာတယ်နော်"
"မှန်ပါ ဘုရား"

ဒီဘုန်းကြီး-ဘုန်းကြီးတို့ ယောဂီတွေ ကြည့်ညိုနေတာ အပြစ်မတွေ့သေးလို့ အပြစ်ကို စိုက်စိုက်စူးစူးရှာ။ ဒီကိုယ်တော် ဒီအပြစ်တွေပြီလဲ ဆိုရော သူ့ား မကြည်ညိုဘူး။ ဒီလိုလာဘာလောကက။ အပြစ်မရှာတဲ့ ပုဂ္ဂိုလ်တွေကြည်ညိုတယ်။ အပြစ်ရှာတဲ့ ပုဂ္ဂိုလ်ကတော့ အကြည်ညိုပျက်ဖို့ဖြစ်တယ်။

"တယောက်နဲ့တယောက် ချစ်ချစ်ခင်ခင် ပေါင်းသင်း နေကြတယ်။ အပြစ်ကို မရှုလို့မဟုတ်လား"
"မှန်ပါတယ် ဘုရား"

အပြစ်မရှုလို့ ပေါင်းသင်းနေကြတာ အပြစ်ဆိုတာ မှတ်ထားလိုက်ပါ။ အပြစ်ဆိုတာ ကိလေသာမကင်းသူတို့ရဲ့ ဓမ္မတာ။

"ဟုတ်ပြီနော်"
"မှန်ပါဘုရား"
အဲဒါ ခွင့်မလွတ်နိုင်လို့ ရှာရင် ခွာသွားဖို့ပဲရှိတယ်။ နိဗ္ဗိန္ဒမဟုတ်လား။
အပြစ်ဆိုတာ-အာဒီနဝ။
ခွာသွားကြတယ် ဆိုတာ ဝိရာဂ။
အပြစ်တွေလို့ ဒီလူနဲ့ ဒီလူခဲ့ချင်ပြီဆိုတာက နိဗ္ဗိန္ဒ။ ဘုန်းကြီးပြောတာ သုံးချက်နော်။ အပြစ်ရယ်၊ အပြစ်တွေလို့ ခွာချင်တာရယ်၊ ခွာလိုက်တာရယ်။

“ဘယ်နှစ်ချက်လဲ”
“သုံးချက်ပါ ဘုရား”
“လူတယောက် အပြစ်တွေ့ပြီ၊ အာဒီနဝ ဟုတ်လား”
“မှန်ပါဘုရား”
“အပြစ်တွေ့လို့ ဒီလူနဲ့ ခွဲမှကောင်းမယ်။ နိဗ္ဗိန္ဒ ဟုတ်လား”
“မှန်ပါတယ် ဘုရား”
“ခွဲလိုက်ပြီ၊ ဝိရာဂနော်”
“ဟုတ်ပါတယ် ဘုရား”
“ရုပ်တရားကို ခွဲချင်ရင်လဲပဲ ဒီအတိုင်း အပြစ်ရှာ။ ဒီလို မဟုတ်လား”
“မှန်ပါ ဘုရား”

ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါ။
သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ်၊ ဂါဠိတော်-အဿာဒသုတ်-၂၃။

ယံ ရူပံ၊ အကြင်ရုပ်တရားကြီးသည်။ အနိစ္စံ၊ အနိစ္စရုပ်။ ဒုက္ခံ၊ ဒုက္ခရုပ်။

“အဲဒါ ရုပ်ရဲ့ အပြစ်တွေ့ တွေ့ပြီလား”
“တွေ့ပါပြီဘုရား”
“အနိစ္စရယ်၊ ဒုက္ခရယ်၊ ဝိပရိဏာမရယ်၊ ဘယ်နှစ်ချက်လဲ”
“သုံးချက်ပါ ဘုရား”

အနိစ္စရုပ်၊ ဒုက္ခရုပ်၊ ဖောက်ပြန်နှိပ်စက်တဲ့ ရုပ်လို့ ရုပ်ရဲ့အပြစ်ကို စိုက်ပြီးတော့ တွေ့အောင်ရှာ၊ အပြစ်တွေ့ဘာနဲ့ တပြိုင်နက်တဲ့—
အာဒီနဝါနုပဿနာဉာဏ်လို့ စာပေအရခေါ်လိုက်။

“အာဒီနဝ-အပြစ်တွေ့ဘဲ့ ဉာဏ်မဟုတ်လား”
“ဟုတ်ပါတယ် ဘုရား”

အပြစ်တွေ့တာနဲ့ တပြိုင်နက်တဲ့ အပြစ်တွေ့တဲ့ ပဋိဂ္ဂါလ်ဟာ နိဗ္ဗိန္ဒတိ-ဒီရုပ်ကြီးဟာ ဒီအပြစ်ကြောင့် ငြီးငွေ့စရာကြီး။

“ခွဲချင်စိတ် ပေါက်လာပြီ မဟုတ်လား”
“မှန်ပါဘုရား”

နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒဉာဏ် ရုပ်အပေါ်မှာ အပြစ်တွေ့လို့ ငြီးငွေ့တဲ့ဉာဏ်။

နိဗ္ဗန် ဝိရဇ္ဈတိ။

နိဗ္ဗန်-နိဗ္ဗန္ဒေါ၊အပြစ်တွေပြီးလို့ ငြိုးငဲ့ပြီဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ။ဝိရဇ္ဈတိ၊ ဟောဒီရပ်တဲ့ရားတွေရဲ့ အပေါ်မှာ ဆန္ဒရာဂတွေ မရှိတော့ဘူး ဆိုပြီးတော့ စွန့်ခွာသွားကြလေတော့၏။

ရပ်ကို ဆန္ဒရာဂနဲ့ စွန့်ပစ်လိုက်ပြီ။ ဆန္ဒရာဂမှ စွန့်ပစ်လိုက်ပြီ။

"ရပ်ကို စွန့်တာလာ ရပ်အပေါ်က ဆန္ဒရာဂကို စွန့်ပစ်လိုက်တာလား"

"ရပ်အပေါ်က ဆန္ဒရာဂကို စွန့်ပစ်လိုက်တာပါဘုရား"

အဲဒါအမှန်နော်။ ဆန္ဒရာဂ ကုဋေကျန်သွားပြီလဲဆိုရော ဝိရာဂဆိုတော့ ရပ်ကို တပ်မက်ခြင်း ကင်းတဲ့ အချိန် ကိုယောဂိများ ရပ်ရဲ့ ဒုက္ခမှ လွတ်ပြီဆိုတာ သေချာတယ်နော်။ ရပ်ကို ဆန္ဒရာဂမှ ခွာလိုက်ပြီဆိုတဲ့ အချိန် ရပ်ရဲ့ ဒုက္ခတွေမှ လွတ်ပြီဆိုတာ သေချာတယ်။

"လွတ်သွားတာကို စာလိုဝိမုတ္တိလို့ ခေါ်တယ်-ဘာပါလိမ့်"

"ဝိမုတ္တိပါဘုရား"

"အာဒီနဝ-နိဗ္ဗိန္ဒ-ဝိရာဂ-ဝိမုတ္တိ-ဘယ်နှစ်ချက် ပြောလိုက်လဲ"

"လေးချက်ပါဘုရား"

ရပ်ကို အပြစ်တွေအောင်ရှာ၊ အာဒီနဝဉာဏ်။

ရပ်ကို အပြစ်တွေ့ရင် ငြိုးငဲ့ ရွံမုန်း စက်ဆုပ်ကြရမယ်-နိဗ္ဗိန္ဒဉာဏ်။

ငြိုးငဲ့တာနဲ့ တပြိုင်နက်တဲ့ သာယာလို့ စွဲနေတယ်ဆိုတဲ့ ဆန္ဒရာဂကို ခွာပစ်လိုက်ရမယ်။ ဝိရာဂဉာဏ်။

ဆန္ဒရာဂ ခွာပစ်လိုက်ရင် ဒုက္ခမှ လွတ်ပြီဆိုတာ သေချာသွားပြီ-ဝိမုတ္တိ။

"ဟန်မကျဘူးလား"

"ကျပါတယ်ဘုရား"

နတုမှာက ဒေသနာတော်နဲ့ ဖေဏပိဏ္ဍူပမာ ဒေသနာတော်နဲ့ စပ်လိုက်တော့ ဒီအကျိုးတွေ ထွက်လာတယ်နော်"

"မှန်ပါဘုရား"

လက်ဝှေ့ချန်ပီယံ ပီဘမလ္လ

အေး—ဒီတော့ ဒီနေရာမှာ ဘုန်းကြီးတို့ယောဂီများကို ဝတ္တုလေးတပုဒ် ထည့်သွင်းပြီးတော့ ဒီညတရားကို အဆုံးသတ်ရမယ်။ ဘာဝတ္တုလေး ကည့်ချင်လဲဆိုတော့ ရန်ကုန်မှာတော့ နတုမှာကသုတ္တန်ထဲမှာ ဘုန်းကြီးထည့်ဟောထားတယ်။ ပီတမလ္လမထေရ်ကြီးတဲ့။

''ဘယ်သူပါလိမ့်''

''ပီတမလ္လ မထေရ်ပါဘုရား''

လက်ဝှေ့သမားကြီး ပဏ္ဍုတိုင်း၊ ယောလတိုင်း၊ စောလတိုင်း၊ တိုင်းကြီးသုံးတိုင်း လက်ဝှေ့သတ်လာတဲ့ လက်ဝှေ့ဆရာကြီး။အသားက ဝါဝါဝင်းကလေး၊ ရွှေကလေးတော့ ဘုန်းကြီးတို့က ထည့်မခေါ်ခဲ့ပါဘူး—ဟုတ်လား၊ အသားက ဝါဝါဝင်းကလေးမို့ ပီတမလ္လ၊ လက်ဝှေ့သမားကြီး ကိုယ်ရွှေပေါ့၊ တိုင်းကြီးသုံးတိုင်းမှာ ရွှေဝါရောင်အလံကို ရလာတာ အကြောင်း ကံဆုံလိုက်ပုံ။ဒါကြောင့် သူ့ကို ပီတမလ္လ၊ လက်ဝှေ့သတ်လို ပြိုင်ဘက်ကကင်း၊ ဇမ္မူဒီပ်ကနေပြီးတော့ ထွက်၊ သီဟိုဠ်ကျွန်းကူးသွား၊ သီဟိုဠ်ရောက်တော့ လက်ဝှေ့သတ်မယ့် ပြိုင်ဖက် လိုက်ရှာတယ်။ရှာယင်း ရှာယင်းနဲ့ မြို့ထဲလှည့်လိုက်တာ မဟာဝိဟာရ ကျောင်းတိုက်ကြီးရဲ့ ရွှေကနေ ဖြတ်သွားတယ်။

ကျောင်းပေါ်မှာ ဆရာတော်ကြီးတွေက စာသင်သား ဦးပဉ္ဇင်းတွေ ကိုရင်တွေကို စာချနေတယ်။ချနေတဲ့စာကဘယ်ရောက်နေတုံးဆိုတော့ သံယုဉ္ဇာန်ကာယ် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ထဲက နတုမှာကသုတ္တန်ကို ရောက်နေတယ်။

ရူပံ ဘိက္ခဝေ နတုမှာကံ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။

အဲဒီရောက်နေတယ်။

ဘိက္ခဝေါ၊ရဟန်းတော်များ အို - ချစ်သားတို့။ ရူပံ၊ မပြတ်တရစပ် နှိပ်စက်နေတဲ့ ဒီရုပ်တရားကြီးသည်။ တုမှာကံ၊ သင်ချစ်သားတို့ရှိ။နှ သန္တကံ၊ ကိုယ်ပိုင်တဲ့ ဥစ္စာမဟုတ်ပါ။ တံ၊ ထိုချစ်သားတို့ မပိုင်တဲ့ ရုပ်တရားကြီးကို။ ပဇဟထ၊ ရုပ်တရားမှာ စွဲနေတဲ့ ဆန္ဒရာဂတွေကို ပယ်ကြ စွန့်ကြကုန်တော့လော့။

ပယ်တဲ့စွန့်တဲ့အကြောင်း ပြောပြီးပြီ။

တံ၊ ထိုပယ်လိုက်တဲ့ ရုပ်တရားကြီးသည်။ ဝေါ၊ သင်ချစ်သားတို့အတွက်၊ ဟိတာယ၊ စီးပွားဖြစ်ဖို့ရန် အလို့ငှာ။သုခါယ၊ ချမ်းသာဖို့ရန် အလို့ငှာ။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မယ်။

ဇဝဒနာ နတုမှာကံ တံ ပဇဟာထ။
သညာ နတုမှာကံ တံ ပဇဟာထ။
သင်္ခါရာ နတုမှာကံ တံ ပဇဟာဿ။
ဝိညာဏံ နတုမှာကံ တံ ပဇဟာထ။

သံယုတ္တနိကာယ်-ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော်-နတုမှာကသုတ်-၂၈။

ခန္ဓာငါးပါးစလုံး ဒီအတိုင်းချည်းဟောတယ်။ အဲဒီလိုဟောထားတဲ့ နတုမှာကသုတ္တန်ပါဠိတော်ကြီးကို ဆရာတော်ကြီးမျှားက ပို့ချ၊ စာသင်သားတွေက နောက်ကလိုက်ဆို။ လက်ဝဲ့သမားကြီး ကိုဇော ကျောင်းရှေက ဖြတ်လျှောက်၊ ကျောင်းပေါ်က စာချတဲ့အသံကြား။ ဒီ နတုမှာက ဝါကျကိုအရောက် သူကလဲ ကျောင်းရှေအရောက် ဆုံသွားတယ်။ရပ်ပြီးတော့ နားထောင်၊စိတ်ထဲ အသဲထဲက သဘောကျသွားတယ်။

ရုပ်တရားကြီးကို မပိုင်ဘူး။
မပိုင်တဲ့ ရုပ်တရားကြီးကို စွန့်ကြ။
စွန့်နိုင်မှ ချမ်းသာမယ်။

ဟာ-တယ်ကောင်းတဲ့ ဝါကျပဲ။

"ဝါကျလေး သုံးခုနော်"

"မှန်ပါဘုရား"

ရုပ်တရားကြီး မပိုင်ဘူး။ မပိုင်တဲ့ရုပ်တရားကြီး စွန့်ကြ။ စွန့်နိုင်မှ ချမ်းသာမယ်။ ကောင်းလိုက်တဲ့ ဝါကျလေးတွေ၊ ကောင်းရောပေါ့ဗျာ၊ သဗ္ဗညုတဉာဏ်နဲ့ ဟောထားတာကိုး၊ ဟုတ်လား။ ဘုရားဟောတာ ဒါလောက်တော့ ကောင်းမှာပေါ့နော်။

လက်ဝဲ့သမားကြီးဟာ အလွန်ကောင်းတဲ့ ဝါကျလေးတွေကို ရပ်ပီး နားထောင်ယင်း နားထောင်ယင်းနဲ့ ဉာဏ်ဟာ ဝင်လာတယ်။ ရုပ်တရားစွန့် ကြဆိုတာနဲ့ သူရဲ့ ခန္ဓာထဲရှိတဲ့ ရုပ်တွေကို စိတ်ဝင်စား[illegible]။ ငါ့ခန္ဓာထဲ ရုပ်တွေ ဘယ်လိုရှိသလဲ။ ဒီရုပ်တွေကို ငါဘယ်လိုလုပ် ပယ်ပိုင်ခွင့်ရ။ ငါဘယ်လို လုပ် စွန့်ရမလဲ။ စိတ်ဝင်စားသွားတယ်။

တကယ့်တရားပဲကြီးကို ဝင်ပြီး တရားနာရင် ဒီလိုတရားရချင်မှ ရမယ်။ တရားဆိုတာဟာလဲပဲ တော်တော်ခက်တယ်။ တကယ် တရားနာတော့လဲ ရချင်မှရတယ်။ တကယ်အားထုတ်တော့လဲပဲ ရချင်မှရတယ်။

တခါတလေ ‘ကယောက်ကဲ အေးအေးချမ်းချမ်း သစ်ပင်အောက်ကလေး ထိုင်နေ၊ ဖြုတ်ဆို သစ်ပင်ပေါ်က သစ်ရွက်ကလေး ကြွကျသွား။ အဲဒါတွေ ကြည့်ယင်းနဲ့ ဉာဏ်တွေဖြစ်ချင် ဖြစ်လာတာ။ ဒီလိုဗျ။

ချောင်ဆရာတို့ရဲ့ ဆာတို့ရီ

တခါတလေ စမ်းချောင်းလေးဘေးထိုင်၊ တရားအားထုတ်။ တရားက မတက်နိုင်၊ စိတ်တွေကပင်ပန်း။ ရေစပ်ကလေးသွားထိုင်။ တသွင်သွင်စီးနေတဲ့ ရေအဟုန်ကိုကြည့်ယင်း၊ ကြည့်ယင်းနဲ့ စိတ်ထဲ ဉာဏ်ဝင်လာတယ်။ ဘယ့်နှယ်လဲ ခုနက ငါ့ရှေ့မှောက် ငါငုံ့ကြည့်နေတာ ဒီရေဟာ ငါ့မျက်စိအောက်မှာ ခုပဲ ရှိသေးတယ်၊ ခုပဲ ငါ့ရှေ့ကပြောင်းသွားတယ်၊ မဋ္ဌေတေ့ဘူး။

နောက်တခါ ရောက်လာတဲ့ရေဟာ အသစ်။
‘‘မဟုတ်ဘူးလား၊ ဘုန်းကြီးတို့ ငယောဂိမျှား’’
‘‘ဟုတ်ပါတယ် ဘုရား’’
ဒါကြောင့် အိန္ဒိယစကားပုံ တခုရှိတယ်။
မြေစ်ကဲ့ နှစ်ခါဆင်းလို့ မရပါဘူးတဲ့။

မြစ်တခု နှစ်ခါဆင်း မရဘူးတဲ့ စဉ်းစား။ ပထမတကြိမ် ဆင်းကြည့်လိုက်။ ကိုယ့်ခြေထောက်နဲ့ ရေနဲ့ ထိခဲ့တယ်။ ပေခဲ့တယ်။ ပြန်တက်ခဲ့။အဲဒီရေ ဒီအနားမရှိတော့ဘူး။ သွားပြီ။ နောက်တခါပြန်ဆင်းတော့ နောက်ရောက်လာတဲ့ ရေက အသစ်ဖြစ်တယ်။

အဲဒီလိုကြားမရှိအောင် တရစပ်ပြေးနေတာတွေကို မမြင်တော့—

သန္ဓတိဖုံးတယ်ဆိုတာ အဲဒါ။ အကြားလေးတွေ ရှိနေရက်သားနဲ့ အကြားမမြင်လို့ သန္ဓတိဖုံးတယ်။ အနိစ္စမင်းတော့ဘူး။

စမ်းချောင်းလေး တသွင်သွင်နဲ့ အသံလေးအော်ပြီးတော့ စီးသွားတဲ့ ရေကလေးတွေကိုကြည့်ယင်း ကြည့်ယင်းနဲ့ ဒီရေစီးကြောင်းကလေးတွေဟာ ခုနက ရေစီးကြောင်း မဟုတ်တော့ဘူး။ ပထမရေတွေ ဒီနေရာမရှိတော့ဘူး၊ သွားပြီ။ ဖြေးဖြေး-ဖြေးဖြေးနဲ့ ပင်လယ်မျှား ရောက်မလားမသိဘူး။ နောက်ရောက်လာတဲ့ရေက အသစ်။ အဲဒီလိုစဉ်းစားယင်း။ စဉ်းစားယင်းနဲ့ ဉာဏ်ဟာ ဝင်လာတယ်နော်။

အဲ-စျာင် ဆရာတွေကတော့ သူတို့က အဲဒါဆာတိုရီလို့ ပြောတာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကလဲပဲ—

အစ္ဆတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

မင်္ဂိမနိကာယ်-မူလပဏ္ဏာသပါဠိ-မဟာသတိပဋ္ဌာနသုတ်-၇၁၊

"မဟောဘူးလား;"
"ဟောပါတယ်ဘုရား"

ကာယာနုပဿနာဟာ အစ္ဆတ္တကာယလဲ ရှုကောင်းတယ်။ ဗဟိဒ္ဓကာယလဲ ရှုကောင်းတယ်။

"မရှုကောင်းဘူးလား"
"ရှုကောင်းပါတယ်ဘုရား"

အစ္ဆတ္တကာယ-အတွင်းရှိနေတဲ့ ရုပ်အပေါင်း။
ဗဟိဒ္ဓကာယ-အပြင်ဘက်ရှိနေတဲ့ ရုပ်တို့ရဲ့အပေါင်း။

တရားသံဝေဂ ရစရာ

စမ်းချောင်းဟာ ဗဟိဒ္ဓကာယ၊ သစ်ပင်ပေါ်က သစ်ရွက်ပြုတ်ကျလာတာဟာ ဗဟိဒ္ဓကာယ၊ သစ်ရွက်နဲ့ သစ်ပင် တဲ့နေတယ်။ သြော်—အားပေါ့ဓာတ်ကြောင့် တဲ့ထားတာ၊ အာဗန္ဓနလက္ခဏာ ဖဲ့စည်းမှုကြောင့်—

နေရှိန်က တဖြေးဖြေး အပူမြိုက်တဲ့အခါကျတော့ အဖွဲအစည်းဟာ ပြယ်လာတယ်၊ တဇောနှိပ်စက်လို့ အာပေါတွေ ပြယ်ကုန်တယ်။ ဉာဏ်က ဒီလို ဝင်လာတာကိုး။ တဖြေးတဖြေးနဲ့ လေကလေးက ဖြတ်ကနဲတိုက်လိုက်တယ်၊ ဝါယောဓာတ်တွန်းလိုက်တော့ အဖွဲအစည်းဟာ တခါတဲ့ ပြုတ်ကျသွားတယ်။ ပထဝီဓာတ်ပါ ပျက်စီးပြီးတော့ သစ်ရွက်ကလေးဟာ တဖြေးဖြေးနဲ့ လွင့်ပါလာတယ်။

သြော်— ဒီသစ်ပင်နဲ့ ဒီသစ်ရွက်ဟာ တနှစ်လောက် ပေါင်းစပ်ပြီးတော့ လာခဲ့ကြတယ်။ ယခု တပေါင်းတန်ခူးကျတော့ ခွဲကြရပြီ။ ငါတို့ရဲ့ ခန္ဓာထဲမှာ ဒီရုပ်နဲ့ ဒီနာမ် တွဲလာတာ ဘယ်တော့မျှား ခွဲကြရမလဲ။ ဒီသား၊ ဒီသမီး၊ ဒီဇနီး၊ ဒီခင်ပွန်း၊ ဘယ်သောအခါမျှား ခွဲကြရမလဲ။

ဉာဏ်လေးတွေ့ မရဘူးလား''
''ရပါတယ်ဘုရား''

ဒါကြောင့်— တို့ယောဂီမျှား သစ်ပင်အောက် သွားအားထုတ်၊ တောကြီးထဲ သွားအားထုတ်၊ သိပ်ကောင်းနော်။ တိုက်ကြီးတာကြီးတွေ့ မမျှော်နဲ့။ အဲဒီလို ထန်းရွက်တဲလေးတွေသာ မျှော်ကြ၊ သိပ်ကောင်း၊ တကယ်ကောင်းလို့ ပြောတာပါ။ ထန်းရွက်တဲ ထိုးမပေးဘူးဆိုလဲ သစ်ပင်အောက် ထိုင်လိုက်၊ ဘယ်လောက်ကောင်းလဲ။ သစ်ရွက်ကလေးတွေ့ ပြုတ်ကျလာတာကြည့်။

အဘိရတ္တာနိ နိလာနိ၊ ပဏ္ဍုနိ ပဟိတာနိ စ။
ပဿန္တော တရုပဏ္ဍာနိ၊ နိစ္စသညံ ပနူဒတိ။

ဝိသုဒ္ဓိမဂ္ဂ ပ- အုပ်၊ နှာ- ၇၂။

အဘိရတ္တာနိ၊ တခေတ်ကူးသစ် ဖူးပရစ်ဖြင့် မြူးချစ်စဖွယ် တင့်တယ်နီမြန်းခိုက်လဲ ဖြစ်ကုန်ထသော။

ပုရစ်ဖူးကလေးတွေ့ထတယ်။ သစ်ရွက်နုကလေးတွေ့က နီလို့။ ကြည့်— တဖြေးဖြေးနဲ့ အနီရောင်လေးတွေ့ဟာ မကျန်တော့ပဲ အစိမ်းရောင်ဘက် ကူးကူးသွားတယ် မဟုတ်လား။

နီလာနို၊ စိမ်းတစိုစို ညိုတမှောင်မှောင် ခိုရောင်မြွေသွေး ကမ္ဘာ့ဆေးဖြင့် အလှရေးသကဲ့သို့လဲ ဖြစ်ကုန်ထသော။ ပဏ္ဍုနို၊ ပယင်းပမာ အဆင်းဖြာလျက် ဝင်းဝါဖျော့တော့ခိုက်လဲ ဖြစ်ကုန်ထသော။

ဝဏ္ဏဆိုတဲ့ အဆင်းရုပ်ဟာ တဖြေးဖြေး ဖောက်ပြန်သွားပုံ၊ နီကြင်ကြင် အရောင်လေးကနေ အနီရောင်ပြယ် အစိမ်းရောင်၊ အစိမ်းရောင်လေးကနေ အစိမ်းရင့်ရောင်၊ အစိမ်းရင့်ရောင်ကနေ တဖြေးဖြေး ပြယ်ပြီးတော့ ဝါကြန့်ကြန့်၊ တောက်တောက်ကြာ ဖြော့တော့တဲ့အရောင် ဖွဲနုရောင် ပြေးပြီးတော့-

"ဖြုတ်ကနဲဆို အကုန်ပြုတ်ကျတယ် မဟုတ်လား"
"မှန်ပါတယ်ဘုရား"

ပကိတ္တာနို စ၊ ချိန်တန်စေ့ရောက် ရေငှေ့ပျောက်သဖြင့် သွေ့ခြောက်ကြွေကျခိုက်လဲ ဖြစ်ကုန်ထသော။ တရုပဏ္ဏာနို၊ သူ့ခေတ်သူ့ခါ ပေါ်လာဖြစ်ပျက် သစ်ရွက်အပေါင်း အဟောင်းတို့ကို။ ပဿန္ဓော၊ ကမ္မဋ္ဌာန်းဂူ စမ်းအင်္ဂကာ မှန်းယူနေ့စဉ် တွေ့မြင်ရသည်ရှိသော်။

ဒီအသံကြားတော့ ဘုန်းကြီးတို့ ယောဂီများက သပိတ်အိုင်များ မနက်ဖန်ခါ ပြောကြမလားတော့ မသိဘူး။ဟုတ်လား၊ပြောရင်လဲ ကြိုက်ပါတယ်။ ကိုယ်က ဆွမ်းလိုက်ပို့မှာပါ အကုန်လုံး။

ပဿန္ဓော၊ ကမ္မဋ္ဌာန်းဂူ စမ်းအင်္ဂကာ မှန်းယူနေ့စဉ် တွေ့မြင်ရသည်ရှိသော်။ နီစွသည်၊ မကဲ့မလည် အမြဲတည်ဟု စဲမှိတင်ကာ သညာအမှား အမြင်များကို။ ပန္နဒတိ၊ တောင့်တောင်ငွေ့ ချောင်မလေ့ဖြင့် ရှောင်ဝှေ့ ဖယ်ရှားနိုင်လေတော့သတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

"ကိုင်း--လက်ဝှေ့သမားကြီး ကိုငရွှ ကျောင်းဆရာမှာပဲ ရှိသေးတယ် မဟုတ်လား"
"မှန်ပါဘုရား"
"ဘယ်ဝါကျရောက်နေပြီလဲ"
"....."

ရုပ်တရားကို ချစ်သားတို့ မပိုင်ဘူး။ မပိုင်တဲ့ရုပ်တရားကို စွန့်ကြ၊ စွန့်နိုင် ချမ်းသာမယ်။

လက်ဝှေ့ချန်ပီယံကြီး ကျတ်တန်းဝင်ပြီ

လက်ဝှေ့သမားကြီး ကိုရွှေဟာ ကျောင်းဖေါ်တက်သွားပြီး အရှင်ဘုရားတို့၊ တပည့်တော်ကို အဲဒီဝါကျ အရသင်ပေးပါဘုရား။ နတုမှာကန္ဒသုတ်ကြီး တသုတ်လုံး သင်ပေးလိုက်တယ်။ လက်ဝှေ့သမားကြီးဟာ ဒါနဲ့ အားမရဘူး။ တပည့်တော်ကို ရဟန်းပြုပေးပါအုံးဘုရား။

ပီတမလ္လမထေရ်ကြီးတဲ့။ ကိုယ်တော်ကြီး ဖြစ်သွားတယ်။ လမ်းသွားယင်း စာချနေတဲ့ အသံကိုကြား၊ တရားအဖြစ်နဲ့နာ။ ဝင်ပြီးတော့ ရဟန်းဝတ်။ နတုမှာက သုတ္တန်အရဆောင်။ ဘယ်လောက်မျှး ဟန်ကျလိုက်သလဲလို့ ပီတမလ္လတို့ ဟန်ကျတာနော်။

အေး–ဒို့ယောဂီတွေလဲ ဟန်ကျမှာပါပဲ။ ဟန်ကျမှာပဲ မဟုတ်လား့လို့။ ပီတမလ္လတို့လိုပေါ့ဟုတ်လား။ဝါကျလေး သုံးပိုဒ်နဲ့ဝင်ပြီးတော့ သက်နး်ဝတ်တာ။

အေး– ဓမ္မရိပ်သာက ဒကာ ဦးပါကြီးတို့၊ ဦးပါလေးတို့။ သက်နး်တော့၊ သပိတ်တော့၊ သီလရင်အဝတ်တွေ့ ဆောင်ထား့နော်။ သင်တန်းပြီးတဲ့နေ့ကျရင် ဘယ်နှစ်ယောက်လဲဆိုတာ ကြည့်ရအောင်။

သက်နး်ဝတ်ပြီးတော့ ပီတမလ္လ မထေရ်ဟာ သူငယ်ချင်း သီတင်းသုံးဖော် ကိုယ်တော်သုံးဆယ်ကို ခေါ်၊ တောထဲသွား တရားအားထုတ်၊ ကိုယ်တော် သုံးဆယ် ခေါ်သွား၊ တောထဲကျ သစ်တပင်မှာ တပါးစီ တပါးစီ၊ ဝါးတပင်မှာ တပါးစီတပါးစီ၊ လိုဏ်ဂူတခု တပါးစီ တပါးစီ အသီးသီး ခွဲအားထုတ်ကြတယ်။

ပီတမလ္လ မထေရ်ကတော့ စမ်းချောင်းရဲ့ နံဘေးက သောင်ပြင်မှာ အားထုတ်တယ်။ ရာသီဥတုက ယခုလို ပူသကိုး။ ပူတော့ သဲလေးပေါ် ထိုင်အားထုတ်ရတာ အေးချမ်းတယ်ဟဲ့ ဆိုပြီး သဲသောင်ပြင်ပေါ် ထိုင်ပြီးတော့ အားထုတ်တယ်။ စမ်းချောင်းကလေးက တဘက်။

အဲဒီလို အားထုတ်တော့ ထိုင်ယင်းထိုင်ယင်းနဲ့ အိပ်ချင်စိုက်မျှ လာတော့ မတ်တတ်ရပ် စင်္ကြံသွား၊ စင်္ကြံသွားလာရတာ ပင်ပန်းလာပြန်ဘော့ ထိုင်၊ ထိုင်လိုက်ပြန်တော့ အိပ်ချင်၊ ထလိုက် ထိုင်လိုက်နဲ့ ပင်ပန်း၊ စင်္ကြံလျှောက်ရတာလဲ ပန်း၊ ထိုင်ပြန်တော့လဲ ငိုက်၊ မဖြစ်ပါဘူးဆိုပြီး သဲသောင်ပြင်ပေါ်မှာ ဒူးနှစ်ဘက်ထောက် လက်နှစ်ဘက်ထောက်ပြီး လေးဘက်တွား စင်္ကြံလျှောက်ပြန်တယ်။ အဲဒီလောက်ကို ဇဉ်နဲ့ ဝိရိယနဲ့ အားထုတ်တာ။

အဲဒီအခါမှာ စမ်းချောင်းလေးရဲ့ တဖက်မှာလဲ ရေသောက် ဆင်းကြတဲ့ တောဝက်ကြော့၊ သမင်တွေကို ချောင်းနေတဲ့ မုဆိုးတယောက်ဟာ လှုံကြီး ကိုင်ပြီး စောင့်နေတယ်။ အလင်းရောင်လေးက မှုန်ဝါးဝါး လေးဘက်တွားပြီး စကြဲသွားနေဘဲ့ ပီဘမလွမ်ထေရ်ကို မြင်လိုက်တော့ တောဝက်ထင်ပြီး လှုံကြီးနဲ့ တအားပစ်ဆိုးလိုက်ဘာ လှုံကြီးဟာ ပီဘမလွမထေရ်ကြီးရဲ့ နံကြားစူးဝင်သွား တယ်။

ပီတမလွမထေရ်ကြီးဟာ မဒေခ်ာဘူး။ သီတင်းသုံးဖော်တွေ အနှောင့် အယှက် ဖြစ်မှာစိုးလို့၊ လှုံစူးတဲ့ ဒဏ်ရာ နာသလားဆိုတော့ ဆန္ဒရာဂမကင်း တဲ့ ပုဂ္ဂိုလ်တွေ နာဘာ၊ ဆန္ဒရာဂကင်းတဲ့ ပုဂ္ဂိုလ်တွေများ မနာဘူး။ဘုန်းကြီး တို့ယောဂီများ နာတာကို ခံစားတယ်ဆိုတဲ့ ဝေဒနာဟာ ဆန္ဒရာဂသမား ခံစားရတာ၊ ဆန္ဒရာဂကင်းပဲ့ ပုဂ္ဂိုလ်တွေ့ နာတာကို မခံစားရဘူး။

ဒီအခကြာင်းတွေ့ နောက်ဝေဒနာပိုင်း ဆက်ပြောမယ်။ အခုရှပ်အပိုင်း ကြည့်လိုက်စမ်း။ နံကြား လှုံစူးသွားတယ်။ လှုံဆိုတဲ့ ချုန်ထက်လှစ္စာသော အတိကာဠဉ္ဇလကဿာ-အလွန်ကြမ်းတမ်းတဲ့ လကဿာရှိဟဲ့ ပထဝီခာတ်၊ လှုံဆို တာ ပညတ်ပါ။ နံရိုဆိုတဲ့အကြား စူးပြီတော့ ဝင်သွားတယ်။

"နံရိုးဆိုတာလဲ ရုပ်တရားပဲ မဟုတ်လား"
"ဟုတ်ပါတယ် ဘုရား"

ရုပ်တခုရဲ့ အကြားမှာ ရုပ်ကလပ်တခုကြားဝင်ပြီးတော့ သွားလိုက်တာ၊ သြော်-ရုပ်ရုပ်ချင်း ဒီမှာ ထိခိုက်ပြီးတော့ ဖောဋ္ဌဗ္ဗဆိုတဲ့ အတွေ့အထိလေး ပေါ်လာတယ်။ ဉာဏ်ထဲမှာ တခါတဲ့ သဘောကျလာတယ်နော်။ တွေ့ထိမှု ဆိုတာ နှာခေါင်းဟခုတဲ့ မဟုတ်ဘူးဆိုတာ မှတ်ပါ။ ဘယ်နေရာပဲဖြစ်ဖြစ် အတွေ့အထိကေ့ အကုန်ရှိတယ်နော်။

တင်ပါးနဲ့ ကြမ်းနဲ့ ပိနေတဲ့ နေရာမှာလဲ အတွေ့အထိရှိတာပဲ။ ခြေမျက်စိ လေးနဲ့ ကြမ်းနဲ့ ဖိကြိတ်နေတဲ့နေရာမှာလဲပဲ အတွေ့အထိရှိတာပဲ။ နှိပ်စက်တဲ့ သဘောလား၊ သက်သာတဲ့ သဘောလား၊ ဒါပဲ ခွဲဖို့လိုတယ်။ အတွေ့အထိက သုခသမ္မဿ-သက်သာရင် ခံစားတဲ့ ဝေဒနာသုခ လာမယ်ပေါ့၊ မသက်သာတဲ့ ဒုက္ခသမ္မဿဆိုရင် ဒုက္ခဝေဒနာလာမယ်ပေါ့။

ပီတမလွမထေရ်ကြီးရဲ့ နံကြားစူးသွားတဲ့ လှုံကြီးဟာ ကကွဋ္ဌလကဿာ ပထဝီ ဓာတ်၊နံကြားဆိုတဲ့ ရုပ်တရားကလဲ ကကွဋ္ဌလကဿာ ပထဝီခာတ်၊ ပထဝီခာတ်

နှစ်ခု ဒီမှာ ထိခိုက်သဖြင့် ဖဿပစ္စယာ-တွေ့ထိမှုဆိုတဲ့ အကြောင်းကြောင့် ဝေဒနာ-ခံစားချက်တွေတော့ အပြင်းအထန် လာလိမ့်မယ်။

ပီတမလွမထေရ်ကြီးရဲ့ လက်သုံး ကမ္မဋ္ဌာန်း

ဒါပေမဲ့ ပီတမလွမထေရ်ကြီးဟာ နံကြားစူးနေတဲ့ လှုံကြိုး အသာလက်ကလေးနဲ့ ကိုင်၊ ကိုင်ပြီးတော့ နံကြားကလှုံကို ဖြေးဖြေးလေးဆွဲထုတ်၊ သောင်ပြင်မှာ တင်ပျင်ခွေထိုင်၊ သူ့စူးတဲ့လှုံ သူ့ဟာသူ နုတ်ရတယ်။ အနားမှာ တယောက်မှ အကူအညီမရှိဘူး။

ဒါဖြင့်-ထအော်လိုက်ပါလားလို့ ပြောစရာရှိတယ်။ သူတယောက်တဲ့ဒုက္ခဖြစ်ဘာကို အော်လိုက်ရင်- အခြားသီတင်းသုံးဖော် ကိုယ်တော်သုံးဆယ်အားထုတ်နေတဲ့ လုပ်ငန်းတွေ ပျက်သွားမှာ စိုးလို့တဲ့။ အဲဒီစေတနာကိုက သိပ်ကြည်ညိုစရာကောင်းလှတယ်။ သူ့နံကြား လှုံစူးနေတာ မအော်ဘူး။ဒီပြင် ပုဂ္ဂိုလ်တွေ အားထုတ်တာ ပျက်မှာစိုးလို့တဲ့။

ဘုန်းကြီးတို့ ယောဂီများလဲ အဲဒီလို နှလုံးသွင်းမျိုး ကြိုးစားပြီးတော့ မွေးပါနော်။ အေး--မိမိကြောင့် အခြားသူများရဲ့ လုပ်ငန်း မပျက်အောင် မိမိရဲ့ ကာယိန္ဒြေထိန်းဖို့လိုအပ်တယ်။

"ကိုယ်အမူအရာ နှုတ်အမူအရာ-ထိန်းဖို့မလိုဘူးလား"
"လိုပါတယ် ဘုရား"
"မိမိတယောက်ကြောင့် အခြားလူများ အနှောင့်အယှက် မဖြစ်ရအောင် ကြိုးစားပြီးတော့ ထိန်းဗျနော်။
"မှန်ပါဘုရား"

ပီတမလွမထေရ်ကြီး မအော်ပါဘူး။ သီတင်းသုံးဖော် ကိုယ်တော်သုံးဆယ်တောကြီးထဲမှာ တရားအားထုတ်တာ အနှောင့်အယှက်ဖြစ်မှာစိုးလို့၊ နံကြားစူးနေတဲ့ လှုံကြီးဆွဲနှာ်-နုတ်လဲပြီးရော လှုံစူးတဲ့ ဒဏ်ရာအပေါက်ကို အနားရှိတဲ့ မြက်ခြောက်ကလေးတွေကို ကောက်၊ မြက်ခြောက်ကလေးကို လိမ်ပြီးတော့ နံကြားလှုံစူးတဲ့ အပေါက်ကို မြက်ခြောက်နဲ့ ပိတ်၊ ဒီဒဏ်ရာကို မြက်ခြောက်နဲ့ ပိတ်ပြီးတော့ တင်ပျဉ်ခွေထိုင်။

ရုပ် ဘိက္ခဝေ နတုမှာကံ တံ ပဇဟထ၊ ဝေါပဟိနံ ဟိတာယ သုခါယ ဘဝိဿတိ။

ဒီဝါကျကို ဆင်ခြင်၊ ထပ်တလဲလဲ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်း ကြိုးကုတ် အားထုတ်၊ ရုပ်တရားမှန်းသိတယ်။ ရုပ်တရားရဲ့ ဖြစ်လာတာသိတယ်။ ရုပ်တရား နိုပ်စက်တာကို သိတယ်။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ရုပ်တရားရဲ့ သဘောတွေကို အဲဒီလို အသေးစိတ် ရှုပြီးတော့ သြော်— ရုပ်တရားကြီးဖြစ်ကတဲ့ကိုက ဒုက္ခအစုအပုံကြီး ဖြစ်လာတာ။ အခုမှ ဒုက္ခဖြစ်တာ မဟုတ်ဘူး။

"ရှင်းအောင် မှတ်နော်"
"မှန်ပါဘုရား"
"အခုမှ ဒုက္ခဖြစ်တာမဟုတ်ဘူး။ ရုပ်တရားဖြစ်ကတဲ့ကိုက ဘာဖြစ်ကြ ပြီလဲ"
"ဒုက္ခဖြစ်ပါတယ်ဘုရား"

ဒုက္ခမေဝ ဟိ သမ္ဘောတိ။

ဖြစ်တုံးကတဲ့က ဒုက္ခဖြစ်လာတာ။ အခု လုံစူးနေတဲ့အချိန်ကျတော့ ပိဋ္ဌန-နှိပ်စက်တဲ့ဒုက္ခ။ ဖြစ်တုံးက ဥပ္ပါဒ-ဖြစ်ဒုက္ခ။ တနည်းပြောရင် ဇာတိဒုက္ခ။

"ဘာဒုက္ခပါလို့"
"ဇာတိဒုက္ခပါဘုရား"

ဖြစ်တုံးက ဆင်းရဲတယ်၊ ဇာတိဒုက္ခနော်။ ဖြစ်ပြီးတဲ့သဘော နဂိုအတိုင်း မနေပဲနဲ့ ဖောက်ပြန်တယ်။ ဝိပရိဏာမဒုက္ခ။ ယခုတော့ နှိပ်စက်ပြီးတော့ ပျက် ငနေပြီ။ ပိဋ္ဌနဒုက္ခ။

ပီတမလ္လမထေရ် ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်စံခြင်း

ဒုက္ခတွေချည်း တရစပ် ရှုမှတ်နေတဲ့ ပီတမလ္လမထေရ်ကြီး သန်းခေါင် ကျော်တော့ တဖြေးဖြေး ရှုယင်း ရှုယင် နဲ့ မိမိရဲ့နံကြား စူးဝင်ခဲ့တဲ့ လုံဒဏ်

ရာကို တဖြေးဖြေး မျက်နှာလွှဲနိုင်ပြီးတော့ ဒုက္ခဝေဒနာတွေ ကွဲကွဲပြား-ကွဲကွဲသွားပြီး မကြာမီ မိတမလ္လမထေရ်ကြီးဟာ ပဋိသမ္ဘိဒါ ဉာဏ်လေးပါးနှင့်တကွ အာသဝေါကင်းကွာ ရဟန္တာဖြစ်တယ်။

ဘယ်လောက်များ တော်လိုက်တဲ့ ပုဂ္ဂိုလ်လဲနော်။ အာသဝေါကင်းကွာ ရဟန္တာဖြစ်တော့မှ ချောင်းသံကလေး ပေးလိုက်တယ်။

"မိတမလ္လမထေရ် ဘယ်အချိန် ချောင်းသံပေးသလဲ"

"သန်းခေါင်ကျော်မှပါဘုရား"

"သန်းခေါင်ကျော်မှလား၊ သန်းခေါင်ကျော်တော့ ဘာဖြစ်ပြီလဲ"

"ရဟန္တာဖြစ်ပါပြီဘုရား"

ရဟန္တာဖြစ်တော့မှ အဟမ်း-အဟမ်းဆို ချောင်းသံကလေး ပေးလိုက်တယ်ဗျ။ ဘာအတွက်ဘုံးဆိုတော့ အခြားကိုယ်တော်ကွေ့ လာပါစေဆိုဘဲ သဘောနဲ့ အသိပေးလိုက်တာ။ ကဘိကဝတ်က ဒါပဲဆားတယ်။ အရေးကြုံရင် ချောင်းသံပေးလိုက်ပါဘုရား၊ အဟမ်း-အဟမ်း လုပ်လိုက်ပါ။

မိဘမလ္လရဲ့ ချောင်းသံလဲ ကြားလိုက်ရော ဟော့-သောင်ပြင်က မိတမလ္ဟ အဟမ်း-အဟမ်း ချောင်းသံ နှစ်ချက်ကြားတယ်၊ ဘာများပါလိမ့်မလဲ၊ ဝိုင်းအုံလာကြတယ်။

မိတမလ္လများ ဟန်ကျတယ်ဗျ။ ရဟန္တာဖြစ်ပြီးမှ ချောင်းဆိုးတယ်။ ဘုန်းကြီးတို့ယောဂီတွေ့ ဘယ်တော့ ချောင်းဆိုးကြမလဲ။ ရဟန္တာဖြစ်ပြီးမှ ချောင်းဆိုးရင် မကောင်းဘူးလား။ ကောင်းတော့ ကောင်းပါတယ်နော်။ အေး—ပိဋ္ဌန ဒုက္ခ သူကလဲ တယ်နိပ်စက်တာကိုး။

ချောင်းသံကြားတော့ ကိုယ်တော်တွေ့ ဝိုင်းအုံလာပြီးတော့ ကြည့်လိုက်တော့ အရှင်ဘုရား နံကြား ဒဏ်ရာကြီးနဲ့။ ဘေးမှာလဲ လှဲကြီးနဲ့ပါလား။ ဘယ်နှယ်ဖြစ်တာလဲ။ အရှင်ဘုရားတို့၊ ဟိုဘက်သောင်စပ်ကနေပြီးတော့ မုဆိုးတယောက် တောဝက်လား၊ သမင်ဂ-ားဆိုပြီးတော့ ပစ်လိုက်တာ၊ တပည့်တော်တို့ကို လာစူးပါတယ်ဘုရား။ ဒရှင်ဘုရား၊ ဘယ်နှယ့်နေတုံး၊ လှံစူးတာ မနာဘူးလားဆိုတော့။ မိတမလ္လမထေရ်ကြီးက အဲဒီနေရာမှာ—

'ဘာသိတံ ဗုဒ္ဓသေဋ္ဌဿ၊ သဗ္ဗလောကဂ္ဂဝါဒိနော။
နတုမှာကမိဒံ ရူပံ၊ တံ ဇဟေယျာထ ဘိက္ခဝေါ။

မဇ္ဈိမနိကာယ-မူလပဏ္ဏာသအဋ္ဌကထာ-သတိပဋ္ဌာန သုတ္တဝဏ္ဏနာ—၂၃၉။

လျှောက်ထားလိုက်တယ်။

အာဝုသော၊ ငါ့ရှင်ဘုရား ရဟန်းများတို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဧတံ ဝစနံ၊ ဤစကားကို။ အဓေါစု၊ ဟောကြားတော်မူခဲ့ပါ၏တော့သည်ဘုရား။

သင်္ဂလောကဂ္ဂဝါဒိနော၊ အလုံးစုံသော လောက၌ အမြတ်ဆုံးဆိုတဲ့ တရားတော်ကိုသာလျှင် ဟောကြားလေ ရှိနေပေတာသော။ ဗုဒ္ဓသေဋ္ဌဿ၊ လောကဓာတ်တိုက်တခုင်မှာ ပြိုင်ယှဉ်ဖွယ် ရှာမရအောင် အမြတ်ဆုံး ဗုဒ္ဓဖြစ်၍ နေပေထဲသော မြတ်စွာဘုရားရှင်သည်။

နံ တုမှာကမိဒံ မ္ဂပံတံ ဇဟေယျာထ ဘိက္ခဝေါတိ ဤဒံဝစနံ။

ဤဒံ မ္ဂပံ၊ ဟောဒီ ရွက်တရားကြီးသည်။ တုမှာကံ၊ သင်ချစ်သားတို့ရဲ့။ နံ သန္ဓံကံ၊ ကိုယ်ပိုင်တဲ့ ဥစ္စာမဟုတ်။ကံ၊ ထိုချစ်သားတို့ မပိုင်တဲ့ ဒီရွပ်ကြီးကို။ ဇဟေယျာထ၊ ပယ်ကြကုန်တော့လော့။

ဤဒံ ဝစနံ၊ ဤစကားကို။ ဘာသိတံ၊ ဟောတော်မူအပ်ပါ၏။ တသ္မာ၊ ထို့ကြောင့်မို့လို့။ အဟံ၊ ဘုရားတပည့်တော်သည်။ တံ ဓမ္မဒေသနံ၊ ထို နတုမှာက သုတ္တန်ဆိုတဲ့ ဓမ္မဒေသနာတော်ကို။ အနုသာရေန-အနုဿရန္တော၊ အစဉ်လျှောက်သဖြင့်။

ဒီသုတ္တန်ရဲ့ဒေသနာကို အစဉ်လျှောက်ပြီးတော့—

ပစ္စက္ခန္တော၊ ကျင့်ကြံကြီးကုတ် ပွားများအားထုတ်ခဲ့ပေသော။ အဟံ၊ ဘုရားတပည့်တော်သည်။ ပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါအပြား ဉာဏ်လေးပါးတို့ဖြင့်။ အရဟာတို့၊ အရဟာတ္တာမဂ် အရဟာတ္တဖိုလ်သို့။ ပါပုဏိ၊ ကောင်းစွာမသွေ ရောက်ခဲ့ရပါပြီ အရှင်ဘုရား။

ကတိ၊ဤသို့။ကမံ ဥဒါနံ၊ ဤဥဒါန်းကို။ ဥဒါနေတ္ဝာ၊ ကျူးရင့်ပြီးတော့မှ။ သော၊ ထို ပဝတမလ္လမဏ္ဍရဂြိုးသည်။ ပရိနိဗ္ဗာယိ၊ ဇီဝိတသမသီသီဆိုတဲ့ ရဟန္တာရဲ့ အနေအားဖြင့် ခန္ဓာဇာတ် ချုပ်ငြိမ်းကာ ရုပ်သိမ်းတော် မူခဲ့ပါပေသတည်း။

“သာဓု—သာဓု—သာဓုပါဘုရား”

အေး—ပီတမလ္လမထေရ်ကြီး ဥဒါန်းတော့ ကျူးပြီးတော့ သွားတယ်။ ပီတမလ္လရဲ့ ဥဒါန်းလဲဆုံးရော သီတင်းသုံးဖော် ကိုယ်တော်သုံးဆယ်က ကျောသပ်ပြီး မြတ်စွာဘုရားသာရှိရင် အရှင်ဘုရားဒေါင်းလေးကို ပွတ်ပွတ်ပြီးတော့ ဒီအာဇာနည်ယောကျ်ားလို ကျင့်ကြပေး၊ အားထုတ်ကြပေးပို့ ဗျာရှင်ဘုရားကို သက်သေထား တပည့်တော်တို့ကို အားပေးစကား မိန့်ကြားလိမ့်မယ်။ ဟာ မြတ်စွာဘုရားမရှိတော့ တပည့်တော်တို့ကပဲ ချီးကျူးရပါတယ်ဘုရား။

သီတင်းသုံးဖော် ကိုယ်တော်သုံးဆယ် ဝိုင်းပြီးချီးကျူးတော့ ထိုပီတမလ္လမထေရ်ကြီး သောင်ပြင်မှာပဲ ပရိနိဗ္ဗာန်စံ၊ ပီတမလ္လရဲ့ အလောင်းကို သီတင်းသုံးဖော် ကိုယ်တော်သုံးဆယ်က သောင်ပြင်မှာ မီးသင်္ဂြိုလ်လို၊ အေး—စမ်းချောင်းဘေးက သဲသောင်ပြင်မှာ ပီတမလ္လရဲ့ စေတီလို ဘုန်းကြီးတို့ ယောဂီများ မှုန်းပြီးတော့ ဖူးပါနော်။

ဒီကနေ့ည ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းကြိုးကုတ် အားထုတ်ကြမယ့် ဘုန်းကြီးတို့ ယောဂီများ ပီတမလ္လမထေရ်ကြီးတို့ရဲ့ထုံး နှလုံးမူပြီးတော့ ရဟန္တာဖြစ်မှ ချောင်းဆိုးကြ-ဟုတ်လား။ ကိုင်း—ဒီကနေ့ည ဒီမှာ တရားရပ်ဗျာ။

ဒုတိယပိုင်း ပြီး၏။

တတိယပိုင်း

ဧဝဒနာကွန္ဒာ

သထုံမြို့-ရှမ်းစုရပ်-ဓမ္မရိပ်သာအတွင်း၌ တဆယ့်နှစ်ကြိမ်မြောက် ဆင်ယင်ကျင်းပသည့် ဝိပဿနာအားထုတ်သည့် စခန်း။ ဝိပဿနာလုပ်ငန်း သင်တန်းယူသည့်စခန်း၌ ၁၃၄၀-ခုနှစ်အကုန်-၁၃၄၁-နှစ်အကူး သင်္ကြန်အကျနေ့ဝယ် ဟောကြားအပ်သော ဧဝဒနာကွန္ဒာပြမ သုတ္တန်တရားတော်ရဲ့ ဒုတိယပိုင်း။

ရေပူဖောင်းဖြစ်ပေါ်ခြင်းရဲ့အကြောင်း ၄-ချက်

အယုဇ္ဈမြို့အနီး ဂင်္ဂါမြစ်ကမ်းမှာ ဘုရားရှင်ကိုယ်တော်မြတ် သီဘင်းသုံးလျက် နေစဉ် ဂင်္ဂါမြစ်ရေအဟုန်မှာ တလိမ့်လိမ့်မျောပါလာတဲ့ ရေမြုပ်စိုင်ကြီးကို ပမာထားပြီးတော့ ရှုပက္ခန္ဓာရဲ့ အကြောင်း မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် မိန့်ကြားခဲ့ပါဘယ်။

ဒီအကြောင်းအရာနဲ့ ပတ်သက်တဲ့ ဟောက္ခက်နဲ့ ရှုက္ခက်ကို မနေ့တုန်းက ဟောလို့ ပြောလို့ ဘုန်းကြီးတို့ယောဂီများအတွက် အတော်အတန် စုံသွားပါပြီ။ ဒီကနေ့ ကျန်ဘဲ့အပိုင်းကို တက်ရအောင်။ ပါဠိတော်မှာ-

သေယျထာပိ ဘိက္ခဝေ သရဒသမယေ ထုလ္လဖုသိတကေ ဒေဝေ
ဝဿန္တေ ဥဒကေ ဥဒကပုဗ္ဗုဠံ ဥပ္ပဇ္ဇတိ စေဝ နိရုဇ္ဈတိ စ။

သုံယုတ္တနိကာယ-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-ဖေဏပိဏ္ဍူပမသုတ် ၁၁၅။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သား‌တို့။ သရဒသမယေ၊ သရဒဥတု လို့ခေါ်တဲ့ သီတင်းကျွတ်သပြည့်ကျော် တရက်နေ့ကစပြီးတော့ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် ဟောရက်အတွင်း၌။

သီတင်းကျွတ်လပြည့်ကျော် တရက်ကစပြီးတော့ တန်ဆောင်မုန်း လပြည့်နေ့အထိ အဲဒါ သရဒဥတု၊ မိုးအကောင်းဆုံးပဲ။ မိုးဟာ နောက်ပိတ်ဆုံး နှုတ်ဆက်ပြီးတော့ သွန်ပြီးတော့ ရွာတဲ့ဥတုလို့ ခေါ်တယ်။

သရဒသမယေ၊ အဲဒီလို သရဒရာသီဥတုအခါ၌။ထုလ္လဖုသိတကေ၊ သည်းထန်စွာသော မိုးပေါက်ရှိသော။ ဒေဝေါ၊ မိုးကြိုးသည်။ ဝဿန္တေ၊ ရွာခဲ့မယ်ဆိုခင်။ ဥဒကေ၊ အောက်မှာရှိတဲ့ ရေမျက်နှာပြင်၌။ ဥဒကပုဗ္ဗဒ္ဒုံ၊ ရေပူဖောင်းကလေးတွေဟာ။ ဥပပဇ္ဇတိဧစဝ၊ ဖြစ်လဲ ဖြစ်ပေါ်လာ၍လာ၏။ နိရုဇ္ဈတိ စ၊ ကွယ်ပျောက်၍လဲ သွား၏။မျုပ်ပျောက်၍လဲ သွား၏။ပျက်စီး၍လဲ သွား၏။

သရဒရတု-သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်းလပြည့်အထိ။ အဲဒီသရဒဥတုအတွင်း အောက်က ရေမျက်နှာပြင်တခုကို ကြည့်လိုက်။ ဂါဆိုလောက်က စပြီးတော့ ရွာချတဲ့မိုးရေတွေဟာ ချောင်းမြောင်း အင်းအိုင်တွေထဲမှာ လေးလလောက် အောင်းနေပြီဆိုရင်ကြည့်၊ ရေမျက်နှာပြင်ပေါ်မှာ တဖြေးဖြေးနဲ့ ရေသီကလေးတွေ ရေညှိကလေးတွေ တက်နေတယ်။ လေးလလောက်ကြာတော့--

လောလောဆယ် အခုရွာတဲ့ ရေထဲ ဆိုရင်တော့ ခုချက်ချင်း သွားကြည့်။ အပေါ်မှာ ရေဆီရေညှိဆိုတာ မရှိသေးဘူး။ ရွာထားပြီးလို့ လေးလလောက် အောင်းနေတဲ့ ရေမျက်နှာပြင်ပေါ်မှာဆိုရင် ရေဆီ ရေညှိကလေးတွေ ရှိတယ်။ စာပေက အဲဒါကို ရဇောဇလ္လလို့ သုံးတယ်။

ရေအညစ်အကြေး နှစ်လသုံးလလောက် အောင်းထားတဲ့ ရေကို ဒီအတိုင်းကြည့်။ ရေမျက်နှာပြင်ပေါ်မှာ ရေအညစ်အကြေး တက်လာတယ်။ အဲဒီလို ရေအညစ်အကြေး ရေညှိတင်နေတဲ့ ရေမျက်နှာပြင်ပေါ်ကို ရေဆီလို့ဆိုမှ ပိုကောင်းမယ်။ ရေညှိဆိုကော့ အပင်တွေနဲ့ အရက်တွေနဲ့လို့ ဘုန်းကြီးတို့ ယောဂီများက ဒီလို သွားမြင်လိမ့်မယ်။

အပင်တွေ အရက်တွေနဲ့ ရေညှိမျိုးကို ပြောတာမဟုတ်ဘူး။ရေမျက်နှာပြင်ပေါ်မှာ အဆီဝေ့သလို တခါတဲ့ ရေဆီရေအညစ်အကြေးကေ့ဟာ အပြင်လိုက်ထပြီးတော့ ပိတ်နေကယ်။ နို့များ ကျိုလိုက်တော့ အပေါ်က မလိုင် တက်လာ ကာမျိုး။ အဲဒီလို ရေမျက်နှာပြင်ကို ပြောတာ။

အောက်က ရေမျက်နှာပြင်၊ ရေမျက်နှာပြင်ပေါ်က ရေအညစ်အကြေး။ နောက်တခါ အပေါ် ကောင်းကင်က ကျလာဘဲ့ ရေသီးရေပေါက်။ အဲဒီ

ရေသီးရေပေါက်နဲ့ ရောပြီးတော့ ပါလာတဲ့ လေအဟုန်။ အဲဒီလို အကြောင်းလေးမျိုး ပေါင်းဆုံလိုက်မယ်ဆိုရင်—

ဥဒကပုဗ္ဗဠဠဉ်၊ ရေမျက်နှာပြင်ထက် တက်လာတဲ့ ရေပူဖောင်းကလေးတွေဟာ။ ဥပ္ပဇ္ဇတိ စေဝ၊ ဖြစ်သဲ့ဖြစ်ပေါ်၍ လာတတ်ပါတယ်။ နိရုဇ္ဈတိ စ၊ ပျောက်ကွယ်၍လဲ သွားတတ်ပါတယ်။

ရေပူဖောင်းကိုလဲ နည်း ၃-နည်းနဲ့ ရှုပါ

တမေနံ စက္ခုမာ ပုရိသော ပဿေယျ နိဇ္ဈာယေယျ ယောနိသော ဥပပရိက္ခေယျ။

သံယုတ္တနိကာယ- ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်- ဖေဏပိဏ္ဍ။ပမသုတ်-၁၁၅။

တမေနံ- တံ နေနံ ဥဒကပုဗ္ဗဠဉ်၊ ထိုရေပူဖောင်းကလေးကို။ စက္ခုမာ၊ မျက်စိနှစ်ကွင်း ကောင်းစွာ လင်းပေသော။ ပုရိသော၊ မြော်မြင်ကြီးမားတဲ့ မင်းယောကျ်ားသည်။ ပဿေယျ၊ အဝေးကလှမ်းပြီးတော့ ရှုလေရာ၏။ ဥပနိဇ္ဈာယေယျ၊ အနီးအစပ် ကပ်ပြီးတော့ ရှုလေရာ၏။ ယောနိသော ဥပပရိက္ခေယျ၊ အကြောင်းကို စုံစမ်းဆင်ခြင်၍ စိစစ်လေရာ၏။

ရှုတဲ့နည်း သုံးနည်းပါပဲ။

(၁) ပဿေယျ၊ အဝေးက ရှုမယ်။
(၂) ဥပနိဇ္ဈာယေယျ၊ အနီးကပ်ပြီးတော့ ရှုမယ်။
(၃) ယောနိသော ဥပပရိက္ခေယျ၊ အကြောင်းနဲ့တကွ စုံစမ်း ဆင်ခြင်ပြီးတော့ ရှုမယ်။

တဿ တံ ပဿတော နိဇ္ဈာယတော ယောနိသော ဥပပရိက္ခတော ရိတ္တကညော ခါယေယျ၊ တုစ္ဆကညော ခါယေယျ၊ အရဿာကညော ခါယေယျ။

သံယုတ္တနိကာယ-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-ဖေဏပိဏ္ဍ။ပမသုတ်-၁၁၅။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ တံ ဥဒကပုဗ္ဗဠဉ်၊ ထိုရေပူဖောင်းကလေးကို။ ပဿတော၊ ရှုရှုနေသော။ ဥပနိဇ္ဈာယတော၊ အနီးအစပ်

ကင်ပြီးတော့ ရှုမှတ်၍နေသော။ ယောနိသော ဥပပရိက္ခတော၊ အကြောင်းကို ဆင်ခြင်ပြီးတော့ ရှု၍နေသော။တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ (ဝါ)ထိုပုဂ္ဂိုလ်အား။

ရိတ္တကညော၊ အချည်းအနှီးဆိုတဲ့ ရေပူဖောင်းကလေးသည်သာလျှင်။ ခါယေယျ၊ ထင်၍ လာခဲ့လေရာ၏။တုစ္ဆကညော၊ခိုင်မြဲမှု ဆိတ်သုဉ်းတဲ့ အနက်သဘောတွေသာလျှင်။ ခါယေယျ၊ ထင်ရှား၍ လာခဲ့လေရာ၏။ အသာရကညော၊ ဘာမှ အနှစ်မရှိတဲ့ သဘောတရားတွေသည်သာလျှင်။ ခါယေယျ၊ ထင်ရှား၍ လာခဲ့လေရာ၏။

ရေမျက်နှာပြင်ပေါ် တက်လာတဲ့ ရေပူဖောင်းကလေးဘွေကို အဓိကသုမ်း ကြည့်တယ်။အနီကပ်ပြီးတော့ ကြည့်တယ်။ အကြောင်းနဲ့တကွ စုံစမ်းစိစစ်ပြီးတော့ ကြည့်တယ်။ စုံစမ်းစိစစ်ပြီး ကြည့်လိုက်တဲ့အခါကျတော့ ရေပူဖောင်းကို ကြည့်နေတဲ့ ပုဂ္ဂိုလ်မှာ ဘာတွေထင်လာသတုံးဆိုးတော့ —

ရိတ္တကညော ခါယေယျ၊ တုစ္ဆကညော ခါယေယျ၊ အသာရကညော ခါယေယျ။

ရိတ္တ-တုစ္ဆ-အသာရက။ရိတ္တဆိုတာ အချည်းနှီး။ အရပ်ထဲပြောတာကတော့ အလကားဟာပဲ။ဒီလိုဟာမျိုးတွေဟာ ဘာမှဂယျ။ပဂ-ရယူစရာမရှိတဲ့ အချည်းနှီးသဘောတွေ ထင်လာတယ်။တုစ္ဆဆိုတာ ဘာမှ အကျိုးမရှိတဲ့ သုံးလို့မရတဲ့ အရာသဘောတွေ ထင်လာတယ်။ အသာရကဆိုတာ အနှစ်ရယ်လို့ ခိုင်ခိုင်မာမာမရှိတဲ့ သဘောတွေ ထင်လာလိမ့်မယ်။

ရေပူဖောင်းကြည့်။ ရေပူဖောင်း ဘာကြောင့်ဖြစ်သလဲ။ အကြောင်းလေးပါး။

(၁) ရေမျက်နှာပြင်။
(၂) ရေအညစ်အကြေး။
(၃) ရေပေါက်။
(၄) ထိုရေပေါက်ကလေးမှာ ပါလာတဲ့ လေအဟုန်။

အောက်က ရေမျက်နှာပြင်လဲ ရှိတယ်။ ထို ရေမျက်နှာပြင်ထက်မှာ ရေအညစ်အကြေး ရေညှိကလေးတွေလဲ တင်နေပစေနော်။ ကောင်းကင်ကနေ

အရှိန်ကောင်းကောင်းနဲ့ ရွာချလိုက်တဲ့ ရေသီး ရေပေါက်ကလေးတွေပဲ ရှိပါစေ။ ထို ရေသီး ရေပေါက်ကလေး ပြေးလာတယ်ဆိုလို့ရှိရင် အဟုန်နဲ့ ပြေးလာတာ။ လေတခါတဲ့ ပါလာတယ်။ ပါလာတဲ့လေဟာ ရေသီး ရေပေါက်ကလေးနဲ့ အတူတူပဲ။ အောက်က ရေမျက်နှာပြင်ဆဲကို တအားထိုးပြီးတော့ ဝင်သွားတယ်—သံဃဋ္ဌနလို့ ခေါ်တယ်။

သံဃဋ္ဌနဆိုတာက ထိခိုက်တဲ့သဘော၊ တိုက်ခိုက်တဲ့သဘော၊ အောက်က အခံဖြစ်တဲ့ ရေမျက်နှာပြင်ကို အပေါ်အဟုန်နဲ့ ရေသီး ရေပေါက်ကလေးတွေက ပြေးပြီးတော့ တိုက်လိုက်တဲ့အခါမှာ လေက တွန်းထည့်လိုက်တဲ့ အတွက် ကြောင့် ရေသီး ရေပေါက်ကလေးဟာ အောက်ကို စိုက်ပြီ တော့ ဝင်သွားတယ်။

လေအဟုန်က ဆဲပြီးတော့ စုလိုက်တာ အပေါ်က ရေအညစ်အကြေးလေးတွေဟာ စုလုံးပြီးတော့ အခဲပေါ်မှာ ဖောင်းတက်လာတယ်။အောက်ကို ဝင်သွားတဲ့ လေအဟုန်ကို အပေါ်က ရေညှိက ဆဲပိတ်ပြီးရက်သား ဖြစ်သွားတော့ တွန်းကန်တဲ့သဘောရှိတဲ့လေက အပေါ်တွန်းလိုက်တဲ့အခါ ပူဖောင်းကလေး ဖြစ်ပြီး ရေမျက်နှာပြင်မှာ ပေါလော—ပေါလောနဲ့ ပေါ်လာတယ်။

အဝေးက လှမ်းကြည့်လိုက်ရင် အလွန်လှတယ်။ ကလေးတွေမျှားဆိုရင် အလွန်ကြိုက်ပေါ့။ ကစားစရာပဲ ရယူစရာပဲလို့ လက်ကလေးမျှားနဲ့ အသာကလေး သွားပြီးတော့ မ-တောင်ကြည့်လိုက်တယ်။ ထိလိုက်တာနဲ့ တပြိုင်နက် ဖောင်းဆို ပူဖောင်းကလေးဟာ ပေါက်ကွဲသွားတယ်။

ဥပဇ္ဈတိ စေဝ၊ အကြောင်းလေးပါးဆုံတော့လဲ ဖြစ်လာတယ်။ နိရုဇ္ဈတိ စ၊ အဲဒီအကြောင်းလေးပါး တပါးပါးပျက်တော့လဲပဲ ရေပူဖောင်းလေးဟာ ပျက်စီးသွားတယ်။

အကြောင်းလေးပါး ဆုံတဲ့အခါဖြစ်တယ်။ အကြောင်းလေးပါးတို့တွင် တပါးပါးပျက်စီးတဲ့အခါကျရင် ဒီရေပူဖောင်းလေးဟာ ပေါက်ကွဲသွားတယ်။ အဲဒါကို ရေမျက်မှာပြင်ကြည့်နေတဲ့ ပုဂ္ဂိုလ်မှန်ရင် ဘယ်သူပဲဖြစ်ဖြစ် သိနိုင်တယ်တဲ့။

အဝေးက ကြည့်နိုင်တယ်။ မြင်နိုင်တယ်။ ကပ်ပြီးတော့ ကြည့်နိုင်တယ်။ အနီးအစပ် ချဉ်းကပ်ပြီးတော့ အကြောင်းနဲ့တကွ စိစစ်ကြည့်နိုင်တယ်။ အကြောင်းစိစစ်လိုက်တော့ ဒီရေပူဖောင်း ဘာကြောင့်ဖြစ်တာလဲ။

"ဘုန်းကြီးတို့ယောဂိများ -အကြောင်းစိစစ်ကြည့်တော့ ဘယ်နှစ်မျိုးတွေ့ ရသလဲ"

"လေးမျိုး တွေ့ရပါတယ်ဘုရား"

အကြောင်းနဲ့တကွ စိစစ်ပြီးတော့ ကြည့်တဲ့ပုဂ္ဂိုလ်ဟာ အကြောင်းကို တွေ့တယ်။ အကြောင်းမစိစစ်ပဲနဲ့ ဒီအတိုင်း ကြည့်နေတဲ့လူကတော့ ရေပူဖောင်းပဲ တွေ့တယ်။ ယောနိသော ဉာပနာမရှိကြဘူးလေ--အကြောင်းနဲ့တကွ စိစစ်လိုက်လို့ မှ်ရင် လေးမျိုးသော အကြောင်းကြောင့် ဒီရေပူဖောင်း ဖြစ်တယ်ဆိုတာကို သိတယ်၊ မြင်တယ်။

ပစ္စယပရိဂ္ဂဟဉာဏ်ကို လက်ကိုင်ထား

ဘုန်းကြီးတို့ ဝိပဿနာကျင့်စဉ်ကလဲပဲ အကြောင်းနဲ့တကွ သိတဲ့ ဉာဏ်မျိုးက ပစ္စယပရိဂ္ဂဟဉာဏ်ပါတယ်။ သူက အဖိုးတန်တယ်။ အကြောင်းနဲ့တကွ သိတော့ ဘာအကျိုးရှိသလဲဆိုရင် အဟေတုကဒိဋ္ဌိနဲ့ ဝိသမဟေတုကဒိဋ္ဌိများကင်းစေတယ်။

အကြောင်းကို မစဉ်းစား အကြောင်းလက်မခံရင် အဟေတုက ဒိဋ္ဌိ။ ဝိသမဟေတုက ဒိဋ္ဌိဆိုတာ အကြောင်းတော့ လက်ခံတယ်။ ဒီအကြောင်းဟာ မှန်ကန်တဲ့ အကြောင်း မဟုတ်ဘူး။ မမှန်ကန်တာကို အကြောင်းလုပ်ပြီးတော့ လက်ခံလာခဲ့ရင် ဝိသမဟေတုကဒိဋ္ဌိ။

ဒါကြောင့် ဘုန်းကြီးတို့ ယောဂိများဟာ အကြောင်းနဲ့တကွ သိဖို့လဲပဲ လိုအပ်တယ်။ အကြောင်းနဲ့တကွ မသိခဲ့ရင် ဩဿ- ဒီရုပ်တရား၊ ဒီဝေဒနာတရားဟာ ဘာကြောင့် ဖြစ်တာလဲလို့ စဉ်းစားယင်း၊စဉ်းစားယင်းနဲ့ အကြောင်းမရှိပဲနဲ့ အလိုလိုဖြစ်တယ်လို့ သဘောကျရင် အဲဒါလဲ အဟေတုက ဒိဋ္ဌိဖြစ်တာပဲ။ မှန်ကန်တဲ့အကြောင်း မဟုတ်ပါပဲနဲ့ မမှန်ကန်တဲ့အကြောင်းကို အကြောင်းလုပ်ပြီးတော့ လက်ခံခဲ့ရင် ဝိသမဟေတုကဒိဋ္ဌိဖြစ်ပါတယ်။

ဒီဒိဋ္ဌိအစုန်းတွေ့ လုတ်သွားစေခြင်းအကျိုးငှာ တနည်း—အဟေတုက ဒိဋ္ဌိနဲ့ ဝိသမဟေတုက ဒိဋ္ဌိကို ပယ်ရှားနိုင်ပါစေခြင်း အကျိုးငှာ အကြောင်းကို စူးစမ်းခြင်းဆိုတာ ရှိတစ်တယ်။ ဘာကြောင့် ဒီဝေဒနာ ဖြစ်တယ်ဆိုတာကို စူးစမ်းခြင်းဆိုတာ ဖြစ်သင့်တယ်။ ရှုသင့်တယ်၊ ရှိသင့်တယ်။ ပစ္စယပရိဂ္ဂဟဉာဏ်တဲ့။

"ဘာညာဏ်တဲ့"
"ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား"
"ရေပူဖောင်းဖြစ်ပေါ်ခြင်းတို့ရဲ့ အကြောင်း ဘယ်နှစ်မျိုးလဲ"
"လေးမျိုးပါဘုရား"

ရေမျက်နှာပြင်ရယ်၊ ရေအညစ်အကြေးရယ်၊ ကောင်းကင်က ကျလာတဲ့ ရေသီးရေပေါက်ရယ်၊ အဲဒီ ရေသီးရေပေါက်နဲ့အတူ ပါလာတဲ့ လေအဟုန်ရယ်။ အေး-ဒီလေးမျိုးပေါင်းဆုံလို့ ရေပူဖောင်းပေါ်လာတာ။ အဝေးကကြည့်ရင်တော့ ရေပူဖောင်းက လေးပဲ တွေ့တယ်။ဒီအကြောင်းတွေ နားမလည်ဘူး။ ကပ်ကြည့်တဲ့အခါကျတော့ အာကုန်တွေ့ရတယ်။ အနီးကပ်အကြောင်းနဲ့တကွ ဆင်ခြင်။ ဒီအကြောင်းတွေ သိလာတော့ သြော်-ဒီအကြောင်းလေးမျိုးတမျိုးမျိုးပျက်ရင် ရေပူဖောင်းကဲ့မှာပဲဆိုတာ နားလည်သွားပြီ။

"လေအဟုန်က တွန်းထားလို့ ရေပူဖောင်းကလေး တက်နေတာ မဟုတ်လား"
"မှန်ပါဘုရား"

တွန်းတဲ့ လေအဟုန်ဟာ အနုရောခ-မျှတညီညွတ်စွာ တွန်းပေးထားရင် ရေပူဖောင်းကလေးဟာ နေသေးတယ်။ဝိရောဓဖြစ်ပြီးတော့ တအားတွန်းလိုက်တဲ့အခါကျတော့ ရေပူဖောင်းဟာ ပေါက်ကွဲသွားတယ်။ နောက်ဘခါ-ရေမျက်နှာပြင်ပေါ်မှာရှိတဲ့ ရေအညစ်အကြေးဆိုတဲ့ ရေဆီကလေးက တဖြေးဖြေးနဲ့ ပါးသွားမယ်ဆိုလို့ရှိရင်လဲပဲ—

"ဒီရေပူဖောင်းကျန်အုံးမလား"
"မကျန်တော့ပါဘုရား"

ရေမျက်နှာပြင်ပေါ်က ရေအညစ်အကြေးတွေ ပါးသွားမယ် ဆိုကြပါစို့။ ရေအညစ်အကြေးကင်းတာနဲ့ တပြိုင်နက်တဲ့ ရေအညစ်အကြေးတပါး ချွတ်ယွင်းတာနဲ့ တပြိုင်နက်တဲ့—

"ရေပူဖောင်းလဲ မလာတော့ဘူး မဟုတ်လား"
"မလာတော့ပါဘုရား"

ရေအညစ်အကြေးကုန်သွားတာနဲ့ တပြိုင်နက်တဲ့ ရှိပြီးသား ရေပူဖောင်းလဲ ပေါက်ကွဲတယ်။ ရေပြင်လဲ ရှိပါရဲ့၊ရေအညစ်အကြေးလဲ ရှိပါရဲ့၊ လေတွေ

လဲ ဒီအာကာသထဲ ရှိနေတာပဲ။ ဒါပေမယ့် ကောင်းကင်က ရေပေါက်က လေးက အောက်က ရေမျက်နှာပြင်ကို လာပြီးတော့ မတိုက်ရင်-

"ရေပူဖောင်း ဖြစ်သေးလား"
"မဖြစ်ပါဘုရား"

အေး-ကောင်းကင်က ရေသီးရေပေါက်ဆိုတဲ့ ရေတခု၊ အောက်က ရေမျက်နှာပြင်ဆိုတဲ့ ရေတခု၊ အဲဒီရေ-ရေချင်းပြေးပြီးတော့ တိုက်တယ်ဆိုတဲ့ တိုက်ခိုက်မှုမရှိရင်လဲပဲ ရေပူဖောင်းမလာဘူး။

တိုက်တယ်ပဲထားအုံးတော့ အင်ကြောင်းရှိဂမယ်။ အကြောင်းမရှိပဲနဲ့ ဘယ်တရားမှ မဖြစ်ဘူး။ အကြောင်းနဲ့တကွ ဖြစ်တာချည်းပဲ။ နီးကပ်တဲ့အကြောင်း၊ ဝေးတဲ့အကြောင်း ဒီလိုတော့ကွာတယ်။ ဝေးတဲ့အကြောင်းဆိုတာက ရှာဖို့ရန် ခက်တယ်။ နီးတဲ့အကြောင်းကို ရှာမယ်ဆိုရင် ရှုကွက်ထဲမှာ တခါတဲ့ တွေ့တယ်။

ဒီတော့ ဝိပဿနာရှုနေတဲ့ ယောဂီများအနေနဲ့ အဝေးအကြောင်း စဉ်းစားရမယ်ဆိုလို့ရှိရင် မှန်းကြည့်ရမှာ ဖြစ်တယ်။ နီးကပ်တဲ့အကြောင်းကတော့ မှန်းကြည့်စရာမလိုဘူး။ ရှုယင်းရှုယင်း တခါတဲ့ တွေ့သွားတယ်။ ဒါ့ကြောင့် ရှုကွက်တဲ့ နီးကပ်တဲ့အကြောင်း သိဖို့ လိုအပ်သောကြောင့် ဒီနေရာမှာ ဘုန်းကြီးတို့ ယောဂီများ အကြောင်းကို မှတ်ရမယ်။

"ဝေဒနာ ဘာ့ကြောင့် ဖြစ်သလဲဆိုတဲ့ အကြောင်းကို မှတ်ဖို့မလိုဘူးလား၊ လိုသလား"
"လိုပါတယ် ဘုရား"
"အကြောင်းမသိခဲ့ရင် ဘာဒိဋ္ဌလဲ"
"အဟေတုက ဒိဋ္ဌပါဘုရား"

အေး-အကြောင်းမသိခဲ့ရင် ဆိုတဲ့စကား မလုံလောက်ဘူး။ အကြောင်းကို လက်မခံခဲ့ရင် ဒါမှ ဘုန်းကြီးပြောတဲ့ ဟေတုက ဒိဋ္ဌ အတွက် လုံလောက်မယ်။ ခန္ဓာတခုခုဖြစ်တယ်။ ဒီခန္ဓာ ဘာ့ကြောင့်ဖြစ်ဆိုတဲ့ အကြောင်းကို လက်မခံခဲ့ရင် အဟေတုကဒိဋ္ဌ။ မမှန်ကန်တဲ့ အကြောင်းကို အကြောင်းလုပ်ပြီး လက်ခံခဲ့ရင် ဝိသမဟေတုကဒိဋ္ဌ။

အဲဒီ ဒီဋ္ဌများ ကင်းကွာသွားစေခြင်း အကျိုးငှာ အကြောင်းကိုရှာ။ ပစ္စယပရိဂ္ဂဟဉာဏ်ပါ ထည့်ရမတဲ့ ။ဒီလိုပြောပါတယ်။ ဘုန်းကြီးတို့ သမ္မာဒိဋ္ဌိသုတ္တန်ကလဲပဲ-

သမ္မာဒိဋ္ဌိဉာဏ်ရဖို့ရန် အကြောင်း ၄-ချက်

ဝေဒနဉ္စ ပဇာနာတိ၊ ဝေဒနာသမုဒယဉ္စ ပဇာနာတိ၊ဝေဒနာ နိရောဓဉ္စ ပဇာနာတိ၊ ဝေဒနာနိရောဓဂါမိနိ်ပဋိပဒဉ္စ ပဇာနာတိ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသပါဠိ-သမ္မာဒိဋ္ဌိသုတ်-၉၃။

မူလပဏ္ဏာသပါဠိတော်မှာ သိရမယ့်အချက်လေးချက် ဖော်ပြတယ်။

ဝေဒနဉ္စ၊ ဝေဒနာကိုလဲ။ ပဇာနာတိ၊ သိအောင်လုပ်ပါ။ ဝေဒနာ သမုဒယဉ္စ၊ဝေဒနာရဲ့ အကြောင်းကိုလဲပဲ။ ပဇာနာတိ၊ သိအောင်လုပ်ပါ။ ဝေဒနာ နိရောဓဉ္စ၊ ဝေဒနာချုပ်ခြင်းကိုလဲပဲ။ ပဇာနာတိ၊ သိအောင်လုပ်ပါ။ ဝေဒနာ နိရောဓဂါမိနိ်ပဋိပဒဉ္စ၊ ဝေဒနာချုပ်မှုကို အစဉ်မြဲအောင် လိုက်နိုင်သော အကျင့်ကိုလဲပဲ။ ပဇာနာတိ၊ သိအောင်လုပ်ပါ။

သမ္မာဒိဋ္ဌိသုတ္တန်အရ သိရမယ့်အချက်လေးချက်ပဲ ပြောတယ်။

(၁) ဝေဒနာ၊
(၂) ဝေဒနာသမုဒယ၊
(၃) ဝေဒနာနိရောဓ၊
(၄) ဝေဒနာနိရောဓဂါမိနိပဋိပဒါ။

ဒီလေးချက်သိအောင် ကြိုးစားကြရင် ချစ်သား ချစ်သမီးတို့ရဲ့ သန္တာန်မှာ သမ္မာဒိဋ္ဌိဉာဏ်ကောင်းကောင်းရပြီတဲ့။

"ဘာရပြီလဲ"
"သမ္မာဒိဋ္ဌိဉာဏ်ပါဘုရား"

ဝေဒနာနဲ့ ဝေဒနာသမုဒယကို သိရင်ဲ ဘုန်းကြီးတို့ ယောဂီများ သမ္မာဒိဋ္ဌိဖြစ်နေပြီနော်။ ဝေဒနာကို သိတယ်။ ဝေဒနာရဲ့ သမုဒယကိုသိတယ်။

"ဘယ်နှစ်ချက်ပါလိမ့်"
"နှစ်ချက်ပါ ဘုရား"

ဒီနှစ်ချက်ကို သိလိုက်တာနဲ့ တပြိုင်နက်တဲ့ သိဆိုတဲ့ ဥစ္စာလေးဟာ ဝေဒနာ နိရောဓဂါမိနိပဋိပဒါ၊ သိလိုက်သောအခိုက်ကလေးမှာ ငြိမ်းသွားတဲ့ သဘောလေးဟာ နိရောဓ။

"ဒီလိုမဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

ဒီတော့-ဝေဒနာနဲ့ ဝေဒနာသမုဒယက ဘုန်းကြီးတို့ယောဂီများ တကယ် သိအောင် ကြိုးစားရမယ့်အချက်ပါ။ ဝေဒနာနိရောဓနဲ့ ဝေဒနာနိရောဓဂါမိနိပဋိပဒါဆိုတာကတော့ အလုပ်ထဲအလိုလိုပါသွားတယ်။ သူ့အတွက် ကိုယ်က သီးခြားရှာဖွေနေစရာမလိုတော့ဘူး။ အလုပ်လုပ်ယင်း အလိုလိုပါသွားတယ်။

ရှေးဦးစွာ အခြေခံနားလည်ထားရမှာက ဝေဒနာရယ်၊ ဝေဒနာသမုဒယရယ်၊ ဒီနှစ်ချက်မဟုတ်လား၊ ဝေဒနာဆိုတာဟာ ယောဂီများ မပိုင်ခဲ့ရင်၊ ဝေဒကပုဂ္ဂိုလ် ဒီအထဲထည့်လိုက်မိရင် အဲဒီမှာ သက္ကာယဒိဋ္ဌိ၊ ဝေဒနာကို ပယ်ပြီးတော့ ခံစားတယ်ဆိုတဲ့ ဥစ္စာကို ပုဂ္ဂိုလ်အနေနဲ့ ထည့်သွင်းခဲ့ရင် အဲဒါကို သက္ကာယဒိဋ္ဌိလို့ ခေါ်တယ်။

ဘုန်းကြီးတို့ ပါဠိတော်က—

ဝေဒနံ အတ္တာတော သမနုပဿတိ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသပါဠိ-စူဠဝေဒလ္လသုတ်-၃၇၄။

ဝေဒနံ၊ ခံစားတယ်ဆိုတဲ့ ဝေဒနာကို။ အတ္တာတော၊ အဘ္ဘာအနေအားဖြင့်။ သမနုပဿတိ၊ သုံးသပ်၏။

ဒီအကြောင်းတွေတော့ ဘုန်းကြီးတို့ စူဠဝေဒလ္လသုတ်မှာ တခါတဲ့ အကျယ်ကြီး ဟောထားတယ်။

ဝေဒနံ အတ္တာတော သမနုပဿတိ၊ ဝေဒနဝန္တံဝါ အတ္တာနံ၊ အဘ္ဘာနိဝါ ဝေဒနံ၊ ဝေဒနာယဝါ အတ္တာနံ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသပါဠိ-စူဠဝေဒလ္လသုတ်-၃၇၄။

ဝေဒနာနဲ့ ပတ်သက်လို့ အတ္တာဒိဋ္ဌိဖြစ်ပုံ လေးမျိုး ဘုန်းကြီးတို့ ဟောထားတယ်။ လေးမျိုးထဲက ဘုန်းကြီးတို့ ယောဂီများ ဒီကနေတော့ တမျိုးပဲ ပိုင်အောင်မှတ်ပါ။

ဝေဒနံ ' အတ္တံတော သမနုပဿတိ။
အတ္တာတော၊ ငါပဲလို့။ သမနုပဿတိ၊ ယူစွဲတတ်၏။

ဝေဒနံ၊ ဝေဒနာကို။

ဇေဒနာကို ငါပဲလို့ ယူစွဲရင် အဲဒါ အတ္တဒိဋ္ဌိ။ ဝေဒကပုဂ္ဂိုလ်ခံစားတဲ့ သတ္တဝါမရှိပဲနဲ့ ခံစားတဲ့ သတ္တဝါရှိတယ်ထင်ပြီးတော့ ငါ့ခံစားရလေခြင်းလို့ ဝေဒနာရဲ့ကိစ္စကို ငါအနေနဲ့ ယူစွဲသုံးသပ်ရင် ဝေဒနံ အတ္တာတော သမနုပဿတိ ဆိုတဲ့ ပါဠိတော်အရ ဝေဒနာပျောက်ပြီးတော့ ငါရောက်ရင် အတ္တာဒိဋ္ဌိဖြစ်တယ်။

"ဝေဒနာပျောက်ပြီးတော့ ငါရောက်ရင်"
"အတ္တာဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား"

ဝေဒနာကို မသိလို့ ဒီလိုဖြစ်တာ၊ ဝေဒနာကို မသိလို့ အတ္တာဒိဋ္ဌိဝင်တယ်။ ဝေဒနာသမုဒယကို မသိပြန်တော့၊ ဝေဒနာ ဘာ့ကြောင့် ဖြစ်တယ်ဆိုတာကို မသိပြန်တော့ ဝေဒနာ ငါကလုပ်သလို ငါကလုပ်လို့ဖြစ်တယ်။ သူကလုပ်လို့ ဖြစ်တယ်။ အလိုလိုဖြစ်တယ်။ ဘာအကြောင်းမှ မရှိပဲနဲ့ အလိုလိုဖြစ်တယ်။ ဒီလိုအမျိုးမျိုး တွေးတောမိရင်—

"အကြောင်းမှန်ကို ရနိုင်ပါ့မလား"
"မရနိုင်ပါဘုရား"

ငါက လုပ်လို့ဖြစ်တယ်ဆိုရင် ငါနဲ့ဝေဒနာ တစပ်တဲ ပြုခြင်းကြောင့် အဲဒါဟာ သဿတဒိဋ္ဌနား ကပ်သွားပြန်တယ်။ ဝေဒနာ ငါနဲ့မဆိုင်ဘူးဆိုရင် အဲဒါလဲ ဥစ္ဆေဒဒိဋ္ဌိနား ကပ်သွားပြန်တယ်။ ဝေဒနာ ငါလဲမလုပ်၊ သူလဲမလုပ်၊ သူ့ဟာသူ အလိုလိုဖြစ်တာပဲဆိုရင် အကြောင်းကင်းမဲ့တဲ့ဝါဒ။ အဟေတုကဒိဋ္ဌိနား ကပ်သွားပြန်တယ်။

အဲဒီလို ဒိဋ္ဌိတွေ ကင်းရှင်းသွားစေခြင်း အကျိုးငှါ ကြိုးစားအားထုတ်ကြရမယ်။ ဝေဒနာကို သိအောင်လုပ်ရင် အတ္တာဒိဋ္ဌိကင်းတယ်။ ဝေဒနာရဲ့ အကြောင်းမှန်ကို သိအောင်ကြိုးစားရင် အဟေတုကဒိဋ္ဌိနဲ့ ဝိသမဟေတုကဒိဋ္ဌိတွေ ကင်းသွားတယ်။

ဒါ့ကြောင့်-ဝေဒနာကိုလဲ သိအောင်လုပ်ပါ။ ဝေဒနာရဲ့ သမုဒယဆိုတဲ့ အကြောင်းကိုလဲပဲ သိအောင်လုပ်ပါ။ ဒီအခြေခံနှစ်ချက်သိရင် ရှုကွက်မှာလဲ လုံလောက်တယ်။ နိရောဓနဲ့ နိရောဓဂါမိနိပဋိပဒါ ဆိုတာကတော့ အလုပ်ထဲ အလိုလို ပါဝင်းတဲ့ နောက်ပိုင်းက အကျိုးတွေ့။

ဝေဒနာဖြစ်ပေါ်လာရခြင်း၏ အကြောင်းဌ-ချက်

ဒီတော့-ဝေဒနာ ဘာ့ကြောင့် ဖြစ်သလဲဆိုတာကို ရေပူဖောင်းနဲ့ ကပ်ပြီးတော့ အကြောင်းရှာရင် ဘုန်းကြီးတို့ ဒီ ဖေဏပိဏ္ဍူပမသုတ္တန်ကပဲ ပြောထားတယ်။

(၁) ဝတ္ထု၊
(၂) အာရုံ၊
(၃) ကိလေသဇလ္လ၊
(၄) သံယဉ္စနာ၊

"ဘယ်နှစ်ချက်လဲ"
"လေးချက်ပါဘုရား"

စာစကားနဲ့ပြောတော့ ဘုန်းကြီးတို့ ယောဂီများ ဒီလိုစာနဲ့ပတ်သက်တဲ့ စကားလုံးကလဲ ဘုန်းကြီးတို့ကမပြောပဲ မနေနိုင်ဘူး ခက်တာက။ဘုန်းကြီးတို့ ယောဂီများအနေနဲ့ကျပြန်တော့ ဟာ ပါဠိစကားလုံးတွေကို ဒိုနားရှုပ်တယ်။ တခွေ့ ဖြစ်ကောင်း ဖြစ်မလားမသိဘူး။ မဖြစ်နဲ့၊ဘုန်းကြီးတို့ ယောဂီများနော်။ ဒီလိုဟာတွေ့ တဖြေးဖြေး နာယင်း နာယင်းနဲ့ နားယဉ်သွားရင် သိပ်ဟန်ကျတယ်။

ဝေါဟာရဆိုတာ သူ့အရှိ ဝေါဟာရလေးတွေက မှတ်ရတာကောင်းတယ်။ ဝေါဟာရကို တမျိုးဘာသာပြန်ရင် တခါတခါမိတယ်။ တခါတခါတော့ ဘာသာပြန်ချက်ဟာ မမိရင် လိုရင်းမရောက်ဘူး။

အေး-ဒီတော့ ဝတ္ထု-အာရုံ-ကိလေသဇလ္လ-သံယဉ္စနာ၊ သိပ်ကောင်းတဲ့ စကားလုံးလေးတွေပဲ။ ဝတ္ထုဆိုတာက ဘာတဲ့တုံးဆိုတော့ ရေမျက်နှာပြင်နဲ့ တူတဲ့ တည်ရာမှီရာ။

"ဝတ္ထုဆိုတာ"
"ရေမျက်နှာပြင်နဲ့ တူတဲ့ တည်ရာမှီရာပါဘုရား"

အာရုံဆိုတာက အဲဒီ တည်ရာမှီရာ ဖြစ်နေတဲ့ ရေမျက်နှာပြင်ကြီးကို လာလာပြီးတော့ ထင်ရှားစွာ ဖော်ပြပေးနေတဲ့ ဘုန်းကြီးတို့ ယောဂီများမှာ အာရုံခြောက်ပါး ရှိတယ်နော်။ အာရုံခြောက်ပါး ရှိရာမှာ ဒီကနေ့ ဘုန်းကြီးပေးနေတဲ့ ရှုကွက်မှာ ဖောင်ဒေါ့အာရုံ တခုတဲ့ပဲ ပေးပါတယ်။

အဲဒီအာရုံခြောက်ပါးတို့ဝင်ရ်ဖောင်ဒေါ့ဆိုတဲ့အာရုံ၊ အာရုံဆိုတဲ့ သဘောအရ ဒီကနေ့ ရှုကွက်မှာ ဒီပြင်အာရုံတွေကိုတော့ ထားပါတော့နော်။ ဒီပြင်အာရုံတွေလဲ ဒီပြင်ရှုကွက်နဲ့ဆိုရင်တော့ ရတယ်။

မြင်ဘယ်ဆိုလို့ရှိရင် ရှုပါရုံ၊ ရှုပါရုံတည်းဟူသော အပေါ်က ရေပေါက်ကလေး ကျရောက်လာတဲ့အခါအောက်ကရေမျက်နှာပြင်နဲ့တူတဲ့ စက္ခုပသာဒ၊ ဒါသူ့ဟာနဲ့သူ ရှိတယ်။ အဲဒီအကွက်တွေကျ ဘုန်းကြီးတို့ ထားခဲ့အုံး။

ဒီကနေ့-မျက်စိပိတ် နားပိတ်ပြီး ဆိတ်ငြိမ်ရာ ထိုင်ပြီးတော့ ဖောင်ဒေါ့တခုတည်းကို ရှာနေတဲ့ ပုဂ္ဂိုလ်များအနေနဲ့ ရေမျက်နှာပြင်နဲ့တူတဲ့ တည်ရာမှီရာ—

"ရေမျက်နှာပြင်နဲ့တူတာ ဘာပါလိမ့်"
"တည်ရာ မှီရာပါဘုရား"

ရေပူဖောင်းဟာ ရေမျက်နှာပြင်ပေါ်မှာ ပေါ်တယ်။ ဝေဒနာဟာလဲပဲ ရေမျက်နှာပြင်နဲ့တူတဲ့ တည်ရာမှီရာမှာ ပေါ်တယ်။ တည်ရာမှီဆုံမရှိရင် ဝေဒနာမပေါ်နိုင်ဘူး။ ဘယ်အပေါ်မှာ တည်မှီနေတုံး ဆိုလို့ရှိရင် စာအတိုင်းပြောတော့ ဝတ္ထုတဲ့။

"ဘာပါလိမ့်"
"ဝတ္ထုပါဘုရား"

ဝတ္ထုဆိုတဲ့ တည်ရာ မှီရာ၊ ယောဂီများအနေနဲ့ ဒီကနေ့ ရှုကွက်မှာ ပေါ်လာတဲ့စကား တိုက်ရိုက်ပြောရရင်တော့ တည်ရာ မှီရာဆိုဘာ ကာယကို ပြောတာ။

"ဘာပါလိမ့်"
"ကာယကို ပြောတာပါဘုရား"

"အဲဒါကို အဋ္ဌကထာက ကရဇကာယ ဒီလိုပဲ သုံးပါတယ်။ ကာယကို ထပ်မံပြီးတော့ အဓိပ္ပာယ်ပြော။ ကိုယ်အကြည်ရုပ်လို့ခေါ်တဲ့ ကာယပသာဒ။ အဲဒါဟာ တည်ရာပဲ။ ဝဒနာရဲ့ တည်ရာဟာ ဘယ်သူဘုံးဟော့ဆိုရင် အောက်က ရေမျက်နှာပြင်နဲ့တူတဲ့ ကိုယ်မှာရှိနေတဲ့ ကာယပသာဒရုပ်။

"ဟတ်တယ်မဟတ်လား"

"မှန်ပါတယ်ဘုရား"

ကာယပသာဒရုပ်ဟာ ဝေဒနာရဲ့ ကည်ရာ မှီရာ၊ ရေမျက်နှာပြင်နဲ့ တူတယ်လို့ သဘောကျ။ ဘုန်းကြီးတို့ ယောဂီများ ဆံပင်မွေးလေးကို မီးနဲ့တိုက်ကြည့်တော့ ဆံပင်မွေးလေးဟာ ဘယ်နှယ်လဲ။

"ပူခဲလား"

"မပူပါဘုရား"

လက်သဲအဖျားလေးတွေကို ဓားနဲ့လှီး၊ ကပ်ကျေးနဲ့ကိုက်တော့ လက်သဲဖျားလေးတွေ ဘယ်နှယ်လဲ။

"နာခဲလား"

"မနာပါဘုရား"

မှီရာဖြစ်တဲ့ ကာယပသာဒရုပ် မရှိလို့ ပူတာလဲ မးသိဘူး၊ အေးတာလဲ မသိဘူး။ ဆံပင်မွေးညှင်းတို့၊ ခြေသဲလက်သဲဖျားတို့မှာ ကာယပသာဒ မရှိဘူး။ ကာယပသာဒ မရှိလို့ ပူတာတွေ့လဲ ပူတဲ့သဘော မပေါ်ဘူး။ အေးတာတွေ့လဲ အေးတဲ့သဘော မပေါ်ဘူး။ တွန်းကန်လှုပ်ရှားတာလဲ သူ့မှာ မပေါ်ဘူး။

"ဒီလိုမဟုတ်လား"

"မှန်ပါတယ်ဘုရား"

အေး— အရေပြားလေးပေါ်ကို မီးလေး ချလိုက်ရင် ထိတာနဲ့ တပြိုင်နက်တဲ့ ချက်ချင်း ပူတယ်ဆိုတဲ့ ဓာတ်ကလေး ပေါ်လာတယ်။

"မပေါ်ဘူးလား"

"ပေါ်ပါတယ်ဘုရား"

အဲဒီအရေပြားက ကာယပသာဒမှီရာ။ ဘုန်းကြီးတို့ ယောဂီများရဲ့ အသားတွေ့ အသွေးတွေ့ အရေတွေ့ဆိုတာက မှီရာလို့ တိုက်ရိုက်မဟုတ်ဘူး။ ဒီအသား

အသွေး အရိုးတွေထဲမှာ ပုံနှံ့တည်နေတဲ့ ကြည်နေတဲ့ သဘောဓာတ်။ စာလိုက ပသဒ္ဓဒ ခေါ်တယ်။ ရေမျက်နှာပြင်သဘောပေါ့။ ဒီပဲသဒ္ဓ ကိုယ်အကြည်ရုပ် ရှိနေတာ ဝေဒနာရဲ့ မှီရာလို့ သဘောက္ခ။ ကာယပသာဒဆိုတဲ့ ဝေဒနာရဲ့မှီရာ တခု။ အဲဒီ ကာယပသာဒဆိုတဲ့ ဝေဒနာရဲ့ မှီရာကို ဝတ္ထုလို့ စာပေက သုံးပါ တယ်။

အာရုမ္မဏံ- အာရုံဆိုတာက ဘာတဲ့တုံးဆိုတော့ ပဆပီရ,ယ်၊ ဝါယောရယ်၊ တေဇောရယ်။

"ဘယ်နှစ်ပါးလဲ"
"သုံးပါးပါဘုရား"
"ဒီသုံးပါးက အာရုံအနေနဲ့ဆိုရင် ပြောပြီးပြီနော်။ ဘာအာရုံ,ာလိမ့်"
"ဖောဋ္ဌဗ္ဗအာရုံပါဘုရား"
"ဟုတ်ပြီ၊ ဖောဋ္ဌဗ္ဗအာရုံ။ ကာယပသာဒရုပ်ဆိုတဲ့ ရေမျက်နှာပြင်၊ ဖောဋ္ဌဗ္ဗအာရုံဆိုတဲ့ ရေပေါက်၊ ရပြီနော်"
"မှန်ပါဘုရား"

ဖောဋ္ဌဗ္ဗအာရုံဆိုတဲ့ ရေပေါက်၊ ဟာဒီ ကိုယ်အကြည်ရုပ်လို့ခေါ်တဲ့ ရေမျက်နှာပြင်။ အဲဒါ အရှိန်နဲ့ ပြေးပြီးတော့ တိုက်လိုက်တယ်ဆိုတဲ့ သံဃဋ္ဋန သဘော။ ကောင်းကင်က ကျလာတဲ့ ရေပေါက်ကလေးတွေဟာ အောက်က ရေမျက်နှာပြင်ထဲကို အတင်း တိုးပြီးတော့ ဝင်သွားသလို ကာယပသာဒ ဒီကိုယ်ထဲရှိနေတဲ့ ရုပ်တွေထဲမှာ ပထဝီ၊ တေဇော၊ ဝါယောလို့ ခေါ်တဲ့ ဖောဋ္ဌဗ္ဗရုပ်တွေက အတင်းတိုးပြီးတော့ တိုက်ခိုက်လာတဲ့အခါမှာ သံဃဋ္ဋန သဘောဆိုက်လာတယ်။

အဲဒီလို သံဃဋ္ဋနသဘော အရှိန်အဟုန်နဲ့ ပြေးပြီးတော့ တိုက်လိုက်ပြီလဲ ဆိုရော ရေမျက်နှာပြင်ပေါ်မှာ တင်နေတဲ့ ရေအညစ်အကြေးများနဲ့တူတဲ့ ဘုန်း ကြီးတို့ ယောဂီများရဲ့သန္တာန်မှာ ရှိနေတဲ့ ကိလေသာ အညစ်အကြေးတွေက ဝေဒနာဆိုတာလေးကို ဆွဲပြီးတင်ပေးလိုက်တော့ အပေါ်မှာ ပူဖောင်းလေး ထွက်လာတယ်။

ရေအညစ်အကြေးမရှိရင် ရေပူဖောင်း မတင်သလို ဒို့ယောဂီများရဲ့ သန္တာန် မှာလဲပဲ ကိလေသာ အညစ်အကြေးမရှိရင် ဝေဒနာဆိုတဲ့ ရေပူဖောင်းကလေး မတင်ဘူး။ ရေအညစ်အကြေးဆိုတာက ကိလေသာနော်။

ကိုင်း—အကြောင်းလေးခု ပြန်စဉ်လိုက်ကြစို့။ ကာယပဿာဒရုပ်က တည်ရာမှီရာ ရေမျက်နှာပြင်နဲ့တူတယ်။ ဖောဋ္ဌဗ္ဗအာရုံက ကောင်းကင်က ကျလာတဲ့ ရေပေါက်ကလေးနဲ့တူတယ်။ ကိုလေသာ အညစ်အကြေးဆိုတာက ရေမျက်နှာပြင်ပေါ်မှာတင်နေတဲ့ ရေညို ရေအညစ်အကြေး။ ရေမျက်နှာပြင်နဲ့တူတဲ့ ကာယရယ်၊ ကောင်းကင်ကကျလာတဲ့ ရေပေါက်နဲ့တူတဲ့ ဖောဋ္ဌဗ္ဗအာရုံရယ်၊ ကိုလေသာ အညစ်အကြေးရယ်။ အဲဒီသုံးခု ဆုံပေးလိုက်တယ်ဆိုတဲ့ သံဃဋ္ဋနသဘော ထိခိုက်မှုလေးရယ်။

"ဘယ်နှစ်ခုဖြစ်သွားလဲ"
"လေးခုပါဘုရား"

ထိခိုက်မှုဆိုတဲ့ သံဃဋ္ဋန သဘောလေးနဲ့ ပြေးဆုံလိုက်တော့ အကြောင်းလေးပါးလဲဆုံရော ရေပူဖောင်းကလေးဟာ အပေါ်မှာပေါလောကလေးပေါ်လာသလို ခံစားမှုဆိုတဲ့ ဝေဒနာလေးဟာ တခဏဖဲ့ ဟက်လာတယ်။ ခံစားမှုဆိုတဲ့ ဝေဒနာဟာ အကြောင်းလေးမျိုးဆုံလို့ဖြစ်တာ။

(၁) ကာယ၊
(၂) ဖောဋ္ဌဗ္ဗ၊
(၃) ကိုလေသာ အညစ်အကြေး၊
(၄) ထိခိုက်မှု။

"ဘယ်နှစ်ပါးလဲ"
"လေးပါးပါဘုရား"

ဝေဒနာရဲ့ အကြောင်းတရားတို့ဟာ ကာယ၊ ဖောဋ္ဌဗ္ဗ၊ ကိုလေသာ အညစ်အကြေး၊ ထိခိုက်မှု။ အဲဒီ အကြောင်းလေးခုဆုံတဲ့အတွက်ကြောင့်—

ဝေဒနာ၊ တို့ယောဂီတွေ့ ခံစားကြရတယ်ဆိုတဲ့ ဝေဒနာလေးဟာ။ပုဗ္ဗဠဋ္ဌ။ ပမာ၊ ရေပူဖောင်းကလေးနဲ့တူစ္ဒာ။ ဥပ္ပဇ္ဇတိ စ၊ ဖြစ်ရ် ဖြစ်၍လဲ လာတတ်ပါတယ်။ နိရုဇ္ဈတိ စ၊ ပျက်စီး၍ ပျက်စီး၍လဲ သွားတတ်ပါတယ်။

ခန္ဓာထဲမှာ ဥပမာနဲ့ကပ်ပြီးတော့ ဒီလိုရှုလိုက်။ အကြောင်းလဲ ပါသွားတယ်။ ဖြစ်နေတဲ့ ဝေဒနာလဲ တခါတဲ့ ပေါ်လာတယ်နော်။ ကာယနဲ့ဖောဋ္ဌဗ္ဗထိမိုက်မှုကြောင့် ဘုန်းကြီးတို့ ယောဂီများ ဝေဒနာဖြစ်တယ်။ အဲဒီ ဝေဒနာ

မှာ ကပ်နေတဲ့ ကိလေသာ အညစ်အကြေးရှိတော့ ဘုန်းကြီးတို့ ယောဂီများ ပင်ပန်းတာ။ ကိလေသာ အညစ်အကြေးမရှိရင် မပင်ပန်းဘူး။

ကိုင်း—ဒီတော့ရင် ကာယပသာဒရုပ်လို့ခေါ်တဲ့ တည်ရာ။ ဖောဋ္ဌဗ္ဗအာရုံလို့ခေါ်တဲ့ ပထဝီ၊ တေဇော၊ ဝါယော။ အဲဒီဥစ္စာ အာရုံနဲ့ အာရမ္မဏိက၊ ကာယနဲ့ ဖောဋ္ဌဗ္ဗဆုံပေးတဲ့ သံဃဋ္ဋန ထိခိုက်တဲ့သဘော။ ပြီးတော့ သူတို့ကို မှီပြီးနေတဲ့ ဖုံးလွှမ်းပြီးတော့နေတဲ့ ကိလေသာ အညစ်အကြေး။ အဲဒါတွေကြောင့်ဖြစ်ပေါ်လာတဲ့ ဝေဒနာဟာ ဘုန်းကြီးတို့ ယောဂီများ ခံစားမှုအနေနဲ့ ဖြစ်လာတဲ့အခါကျတော့ ဘယ်နှစ်မျိုးဖြစ်လာသလဲဆိုတာကို နဲနဲလေးတိုးတက်ပြီးတော့ ခွဲရအောင်။

ထိခိုက်မှု ၂-မျိုးကြောင့် ဝေဒနာလဲ ၂-မျိုးလာတယ်

ခံစားမှုကို မခွဲသေးခင် တွေ့ထိမှုကို တခါခွဲမှ ခံစားမှုဆိုတာ ပိုပြီးရှင်းတယ်။ ထိခိုက်တဲ့သဘောဟာ တခါတခါမှာတော့—

"ခုနက ဘုန်းကြီးရွတ်သွားတဲ့ ဝေဒနာထဲမှာ သြဠာရိကံ ဝါ-သုခုမံ ဝါ ဆိုတာ ပါတယ်မဟုတ်လား"
"ပါပါတယ်ဘုရား"

သြဠာရိက-ကြမ်းကြမ်းတမ်းတမ်းဖြစ်တဲ့ ထိခိုက်မှု။
သုခုမ-သိမ့်သိမ်မွေ့မွေ့လေးဖြစ်နေတဲ့ ထိခိုက်မှု။

"ထိခိုက်မှုဘယ်နှစ်မျိုးလဲ"
"နှစ်မျိုးပါဘုရား"
"ကြမ်းကြမ်းတမ်းတမ်း ထိခိုက်ရင် ထိခိုက်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ခံစားချက်ဟာ သက်သာရဲ့လား"
"မသက်သာပါဘုရား"
"သိမ်သိမ်မွေ့မွေ့ ထိခိုက်လို့ရှိရင် ခံစားရတာ"
"သက်သာပါတယ်ဘုရား"

ထိခိုက်မှုနှစ်မျိုး အကြောင်း ကဲတဲ့အတွက်ကြောင့် ခံစားချက်လဲပဲ အကြောင်းနှစ်မျိုးကဲပြီးတော့ ထွက်လာတယ်။

“ထိခိုက်မှုနှစ်မျိုးဖြစ်ရင် ခံစားမှု ဘယ်နှစ်မျိုးလဲ”
“နှစ်မျိုးပါဘုရား”
ဘုန်းကြီးတို့ယောဂီများ ပဋိစ္စသမုပ္ပါဒ်ထဲ ရွက်တော့ ဖဿပစ္စယာ ဝေဒနာ။
“ဖဿပစ္စယာ”
“ဝေဒနာပါဘုရား”

ပဋိစ္စသမုပ္ပါဒ်က အကျဉ်းဆုံး ဟောထားတာဆိုတော့ ဖဿဆိုတဲ့ ထိခိုက်မှုကြောင့် ဝေဒနာ-ခံစားမှုဖြစ်တယ်။ ဒါလောက်ပဲ လာတယ်။ ဒီမှာထိခိုက်မှုဆိုတဲ့ သံဃဋ္ဌနသဘောဟာ နှစ်မျိုးဖြစ်တယ်။ သိမ်သိမ်မွေ့မွေ့ ထိခိုက်တာနဲ့ ပြင်းပြင်းထန်ထန် ထိခိုက်တာရယ်လို့ နှစ်မျိုးလာတဲ့ အတွက်ကြောင့် ဘုန်းကြီးတို့ ပြောနေကျပါ။ ဒုက္ခသမ္မတ္တာ၊ သုခသမ္မတ္တာ။

“ဘယ်နှစ်မျိုးလဲ”
“နှစ်မျိုးပါဘုရား”

အတွေ့အထိက တယ်ပြီးကြမ်းတမ်းတာပဲ အာရုံထဲတမျိုး၊ ကောင်းကင်က ရေပေါက်ကလေးဟာ အဟုန်ကလဲပြင်းသေး၊ ရေလုံးကလဲပဲ ကြီးတယ်ဆိုတော့ ရေမျက်နှာပြင်ထဲကို တိုးဝင်တဲ့ အရှိန်ပြင်းတယ်။ အဲဒါတမျိုး၊ ရေပေါက်ကလဲ သေးသေးလေး၊ လေကလဲ မတိုက်ပဲနဲ့ ငြိမ်နေတဲ့အချိန်မှာ ကျလာတော့ အောက်က ရေမျက်နှာပြင်ပေါ် ပြေးတိုက်တဲ့အခါ သိမ်မွေ့သကိုဗျ။

အဲဒီအခြိန် ရေပူဖောင်းကလေးတွေဟာ သေးသေးပဲလာတယ်။တခါတခါ ရေပူဖောင်းလေးတောင်မလာဘူး။ ရေထဲကို တိုက်ဝင်ပြီးတော့ ပူဖောင်းမလာပဲနဲ့ တခါတဲ့ ပျောက်ကွယ်ပျက်စီးသွားတယ်နော်။

ရေအဟုန် လေဟုန် သိပ်ထန်ပြီဆိုတဲ့ အခါကျတော့ ရေထဲကို ပြေးပြေးပြီးတော့ ကောင်းကင်က ရေသီးရေပေါက်တွေကျသွားတဲ့ ကြည့်လိုက်စမ်းပါ။ ရေမျက်နှာပြင်ဟာ တခါတဲ့ ချိုင့်ချိုင့်ပြီးတော့ ဝင်သွားတယ်။ တက်လာတဲ့ ရေပူဖောင်းကြီးတွေ ကျတော့လဲ အမြဲပ်တွေ စီပြီးထလာတယ်။ တော်တော်ကြာ ထိုင်းကနဲ ပေါက်ကွဲသွားတယ်။

ဒီမှာ သံဃဋ္ဌန-ထိခိုက်မှုဆိုတာဟာလဲပဲ တို့ယောဂီများရဲ့ကိုယ်ထဲမှာ ကြည့်လိုက်ရင် အနဲဆုံးနှစ်မျိုးတော့ တွေ့မှာပဲနော်။ ဥပေက္ခာ ဝေဒနာအတွက်တော့

ဘုန်းကြီးတို့ ဒီကနေ့ချန်ထားမယ်။ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာနဲ့ ပတ်သက်လို့ရှိရင် သံဃဋ္ဌန ထိခိုက်တဲ့ သဘောဟာ နှစ်မျိုးရှိတယ်။

ဒုက္ခသမ္ဖဿ-မသက်မသာ ထိခိုက်တာရယ်။

သုခသမ္ဖဿ-သက်သက်သာသာ သိမ်သိမ်မွေ့မွေ့ကလေး ထိခိုက်နေတာရယ်လို့။

"ထိခိုက်တဲ့ သံဃဋ္ဌန သဘောက နှစ်မျိုးရှိမယ်မဟုတ်လား"
"ရှိပါတယ် ဘုရား"

ဒုက္ခသမ္ဖဿဆိုရင် ဒုက္ခဝေဒနာလာရမယ်။ သုခသမ္ဖဿဆိုရင် သုခဝေဒနာလာလိမ့်မယ်။ သံဃဋ္ဌန-ထိခိုက်မှု နှစ်မျိုးဖြစ်ခြင်းကြောင့် ခံစားချက်လဲနှစ်မျိုးကဲ့ထွက်လာတယ်။ ရေပူဖောင်း သေးသေးကလေးနဲ့ ရေပူဖောင်းကြီးကြီးကြီးလိုပေါ့။

အေး—ဒီတော့ ထိခိုက်တဲ့နေရာမှာ ပြန်ကြည့်အုံး တခါ၊ ဘယ်နေရာမှာဘာနဲ့ ထိနေသလဲဆိုလို့ရှိရင် ဘုန်းကြီးတို့ ယောဂီများ အကြမ်းအားဖြင့်တော့ အပေါ်ယံ ဘယ့်နှယ်ပြောမလဲ။ အမလေး- ခါးထဲမှာ နာလိုက်တာ ဒီလိုပြောတယ်။ ခါးရယ် နာတာရယ် ကြည့်။ ပေါင်ထဲက နာလိုက်တာ၊ ပေါင်ရယ် နာတာရယ်ကြည့်၊ ပေါင်ကတခု၊ နာတာကတခု ဖြစ်ရမယ်။

"ဒီလိုမဟုတ်လား"
"မှန်ပါတယ်ဘုရား"

ရေမျက်နှာပြင်ကတခု၊ ကောင်းကင်က ကျလာတဲ့ ရေပေါက်ကတခု၊ ရေပေါ်မှာ ရှိနေတဲ့ အညစ်အကြေးက တခု၊ ရေပေါက်ကလေးနဲ့အတူ ရောပါလာတဲ့ လေအဟုန်က တခု၊ ပေါ်လာတဲ့ ရေပူဖောင်းလေးက တခု။

"အားလုံး တခုစီမဟုတ်လား"
"တခုစီပါဘုရား"

ရေမျက်နှာပြင်ဟာ ရေပူဖောင်း မဟုတ်ဘူး။ ရေပူဖောင်းဟာ ရေမျက်နှာပြင်မဟုတ်ဘူး။ရေပူဖောင်းဟာ ရေမျက်နှာပြင်ပေါ်မှာ တည်နေတာ၊ မှီနေတာတော့ မှန်တယ်။ ဒီရေပူဖောင်းဟာ ရေမျက်နှာပြင်ကြောင့် ဖြစ်တာတော့ မှန်တယ်။

"ရေမျက်နှာပြင်က တခု၊ ရေပူဖောင်းက တခု၊ ဒီလိုမဟုတ်လား"
"မှန်ပါ၊ဘုရား"

ခါးနာတယ်၊ပေါင်နာတယ် ဆိုတဲ့ နေရာမှာ ခါးကတခု၊ နာတာကတခု၊ ခါးဟာ နာတာမဟုတ်၊ နာတာဟာ ခါးမဟုတ်ဘူး။ ရေမျက်နှာပြင်ဟာ ရေပူဖောင်း မဟုတ်သလို ဇရေပူဖောင်းဟာ ရေမျက်နှာပြင် မဟုတ်သလို ဟုတ်လား။ ပေါင်၊ခါး၊ရင်၊ဝမ်းတို့ဆိုတာတွေက ရေမျက်နှာပြင်နဲ့ တူတယ်လို့ အကြမ်းအားဖြင့် မှတ်လိုက်။ ကာယပဿဒ ဝတ္ထု၊ သူက တည်ရာမှီရာ။ နာတယ်ဆိုတဲ့ သဘောကလေးက ပေါ်လာတဲ့ ရေပူဖောင်းလေးနဲ့ တူတယ်လို့ သဘောကျလိုက်။

"ဟုတ်ပြီလား"
"မှန်ပါ၊ဘုရား"

ဒါဖြင့်— ဒီရေပူဖောင်းကလေး ဘာ့ကြောင့် တက်သလဲလို့ဆိုတော့ ခုနက အကြောင်းတွေ ဆုံပြီးတော့ ထိခိုက်မှုကြောင့် ရေပူဖောင်းတက်တာ။

"ဒီလို မဟုတ်လား"
"ဟုတ်ပါတယ်ဘုရား"

နာတယ်ဆိုတဲ့ သဘောတွေ ဘာ့ကြောင့် လာသလဲ ဆိုလို့ရှိရင် ဖောဋ္ဌဗ္ဗကြောင့် လာတာ။

"ဘာ့ကြောင့်ပါလိမ့်"
"ဖောဋ္ဌဗ္ဗကြောင့်ပါဘုရား"

ဖောဋ္ဌဗ္ဗ တွေထိတယ်ဆိုတဲ့ဥစ္စာဟာ ဘယ်သူတွေ လာတွေ့နေတာလဲလို့ ကြည့်အုံး။ ကောင်းကင်က ရေပေါက်ကလေးတွေက အောက်ကရေမျက်နှာပြင်ကို ထိုင်းကနဲ့ ထိုင်းကနဲ့ သွားသွားပြီးတော့ ရိုက်သလို ဘုန်းကြီးတို့ ယောဂီများရဲ့ ကိုယ်ထဲမှာလဲပဲ ပထဝီဓာတ်က ကာယကို ထိုင်းကနဲ့ ရိုက်တယ်။ တေဇောဓာတ်က ဒီကာယကို ထိုင်းကနဲ့ရိုက်တယ်။ ဝါယောဓာယ်က ဒီကာယကို ထိုင်းကနဲ့ ရိုက်တယ်။

"ရိုက်ခတ်မှု ဘယ်နှစ်ခုတွေ့ရသလဲ"
"သုံးခုတွေ့ရပါတယ်ဘုရား"

တောင့်တင်းတဲ့ သဘောတွေရဲ့ ရိုက်ခတ်မှု၊ ပူပြင်းတဲ့ သဘောတွေရဲ့ ရိုက်ခတ်မှု၊ အေးတယ်ဆိုတဲ့ သဘောရဲ့ ရိုက်ခတ်မှု၊ အေးတာနဲ့ ပူတာကိုတော့ တခုတဲ့ထား။ ဒါတွေက ပြောပြီးသား တဇောနော်။ တဇောဓာတ်ရဲ့ အေးတဲ့ရိုက်ခတ်မှု၊ တွန်းကန်လှုပ်ရှားတာရဲ့ ရိုက်ခတ်မှု။

"ရိုက်ခတ်တဲ့ သံဃဉ္ဇန သဘောက ဘယ်နှစ်မျိုးကွဲလာသလဲ"
"သုံးမျိုးပါဘုရား"

ဒီသုံးမျိုး တမျိုးမျိုးရိုက်ခတ်ရင် ဒီအတွေ့အထိ သဘောသုံးမျိုး တမျိုးမျိုး ရိုက်ခတ်ရင် ရေမျက်နှာပြင်ကြီးနဲ့ တူနေတဲ့ ငါတို့ရဲ့ကာယဟာထဲမှာ ရေပူဖောင်းနဲ့တူတဲ့ ခံစားမှုလေးတွေဟာ ပေါ်ပေါက်လာလိမ့်မယ်၊ သဘောကျလိုက်။

ရေမျက်နှာပြင်နဲ့ တူနေတဲ့ ငါတို့ရဲ့ ကာယကြီးထဲမှာ ရိုက်ခတ်မှုဆိုတဲ့ ရေပေါက်ကလေးတွေ သုံးမျိုး လာလာပြီးတော့ ကျရောက်သောကြောင့် ဘာဖြစ်သလဲ။ ခံစားမှုဆိုတဲ့ ရေပူဖောင်းကလေးတွေဟာ တလုံးစီ တလုံးစီပေါ်လာတယ်။ သဘောကျနော်။သဘောကျလိုက်တော့ ဘယ်နှစ်မျိုး ပါသွားသလဲ ဆိုရင် ကာယဆိုတဲ့ တည်ရာတခု၊ လာပြီးတော့ တိုက်ခတ်နေတယ်' ဆိုတဲ့ ဖောဋ္ဌဗ္ဗရုပ်က သုံးခု၊ ဒီတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်တာတဲ့ ခံစားမှုဆိုတဲ့ ရေပူဖောင်း ဝေဒနာကတခု။

"ဘယ်နှစ်ခုရသလဲ"
"ငါးခုရပါတယ်ဘုရား"
အဲဒီရေပူဖောင်းမှာ ရေညှိကလေးတွေ မရှိဘူးလား"
"ရှိပါတယ်ဘုရား"

ရေပူဖောင်းလေးတွေမှာ ရေညှိကပ်နေသလို၊ ရေအညစ်အကြေး ကပ်နေသလို တို့ယောဂီများရဲ့ ရေပူဖောင်းနဲ့တူတဲ့ ဝေဒနာမှာလဲပဲ ကိလေသာ အညစ်အကြေးလေးတွေ ကပ်နေတယ်နော်။ ဒီကပ်နေတဲ့ ကိလေသာ အညစ်အကြေးတွေကို ဘုန်းကြီးတို့ ယောဂီများ ခွါကြရမှာ။ ဒါဖြင့်ရင် ကိလေသာ အညစ်အကြေး ဘယ်နှယ်ကပ်တုံးဆိုတော့ ဘုန်းကြီးတို့ပါဦးတော်က—

သုခဝေဒနာမှာ ရာဂဆိုတဲ့ အနုသယဝင်ဟတ်တယ်

သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ အဘိဝဒုတိ အစ္ဆောသာယ ကိဋ္ဌတိ၊ တဿ ရာဂါနုသယော အနုသေတိ။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ သုခါယ ဝေဒနာယ၊ သုခဝေဒနာဖြင့်။ ဖုဋ္ဌော သမာနော၊ တွေ့ထိခံရသည်ရှိသော်။ အဘိနန္ဒတိ၊ နှစ်သက်လေတော့၏။ အဘိဝဒုတိ၊ ချမ်းသာလိုက်တာလို့ ပြောဆိုတတ်၏။ (ဝါ) ချမ်းသာလေစ့ ချမ်းသာစ့လို့ ယူစဲ့လေတော့၏။ အစ္ဆောသာယ၊ ထိုချမ်းသာနေကြတဲ့ သဘောလေးမှာ သက်ဝင်နစ်မြုပ်၍။ တိဋ္ဌတိ၊ တည်လေတော့၏။

တဿ ပဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ သုခါယ ဝေဒနာယ၊ ချမ်းသာတယ်ဆိုတဲ့ သုခဝေဒနာဓာတ်၌။ ရာဂါနုသယော၊ ရာဂါနုသယသည်။ အနုသေတိ၊ ကိန်းလေတော့၏။

အတ္တေအထိကောင်း၊ ချမ်းသာလှချိုရဲ့ဆိုတဲ့ ယောဂီများ သုခဝေဒနာဆိုတဲ့ ရေပူဖောင်းမှာ ရာဂဆိုတဲ့ အညစ်အကြေးလေးကပ်ရော။

"မကပ်ဘူးလား"

"ကပ်ပါတယ်ဘုရား"

ဒီရာဂဆိုတဲ့ အညစ်အကြေးနဲ့ သုခဆိုတဲ့ ဝေဒနာ ရေပူဖောင်းဟာ တဲ့နေတယ်။ သဘောကျနော်။

"အညစ်အကြေးကပ်နေရင် ဘုန်းကြီးတို့ ယောဂီများ ကပ်နေတဲ့ အညစ်အကြေးကို ဆဲခွဲဖို့ မလိုဘူးလား"

"လိုပါတယ်ဘုရား"

ဆဲခွဲဖို့လိုရင် ဘုန်းကြီးတို့ ယောဂီများ ရှုရမယ်နော်။ ဝေဒနာကို ရှုရမယ်ဆိုတော့ ဝေဒနာရဲ့ အကြောင်းကိုရှာ၊ ပြောပြီးသွားပြီ။ ချမ်းသာတယ်ဆိုတဲ့ ဒီသုခဝေဒနာ ဘာကြောင့်ဖြစ်သလဲ၊ အကြောင်းရှာလိုက်တော့ ခုနကပြောခဲ့တဲ့ သံဃဋ္ဌန ထိခိုက်မှုကြောင့် ဖြစ်တာ၊ ထိခိုက်တာကလဲပဲ ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ သုံးပါး။

"အဲဒါတွေဟာ ဘာတွေလဲ၊ရုပ်တွေလား-နာမ်တွေလား"

"ရုပ်တွေပါဘုရား"

ဘုန်းကြီးတို့ ယောဂီများ စောစောကတော့ ခါးထဲပူတယ်၊ ခါးထဲက ကိုက်တယ်၊ ပေါင်တွေက တောင့်လှချိရဲ့ဆိုတာ ဝေဒနာလို့ ယူစွဲထားတာ၊ အခုတော့ တောင့်နေတယ်ဆိုတဲ့ဥစ္စာဟာ ပဿဒ္ဓိရှင်။

"ပူနေတယ်ဆိုတာ"
"တေဇောရုပ်ပါဘုရား"
"အပူတွေကျလို့ အေးပြန်ပြီ"
"တေဇောရုပ်ပါဘုရား"

"ဗိုက်ထဲမှာ တအားတိုးနေတာပဲ၊ ဗိုက်ကြီးကွဲမတတ် ဖြစ်လာပြီတဲ့"
"ဝါယောဓာတ်ပါဘုရား"

ဝေဒနာ ဘာကြောင့်ဖြစ်သလဲဆိုလို့ရှိရင် နားလည်ကြပြီ။

တည်ရာမှီရာရှိမှ ဝေဒနာဆိုတာဖြစ်တာ

ဥပ္ပန္နာ ခေါ် မျာယံ သုခါ ဝေဒနာ၊ သာ စ ခေါ် ပဋိစ္စ၊ နော အပ္ပဋိစ္စ။ ကိ ံပဋိစ္စ၊ ဣမမေဝ ကာယံ ပဋိစ္စ။

သံယုတ္တနိကာယ်-သဠာယတနဝဂ္ဂသံယုတ်-ပထဝေလညသုတ်- ၄၁၃။

မေ၊ ငါ့အား။ အယံ ဝေဒနာ၊ ဟောဒီဝေဒနာသည်။ ဥပ္ပန္နာ၊ ဖြစ်ပေါ်၍လာခဲ့လေပြီ။

ငါဝေဒနာတွေဖြစ်ပြီ။

အယံ ဝေဒနာ၊ ဟောဒီ ငါ့သန္တာန်ဖြစ်ပေါ်လာတဲ့ ဝေဒနာသည်။ပဋိစ္စ၊ စဲပြီးတော့ဖြစ်သလော။ နော အပ္ပဋိစ္စ၊ မှီရာစဲရာမရှိပဲနဲ့ ဖြစ်သလော။

စိစစ်လိုက်ပါ။

အယံ ဝေဒနာ၊ ဟောဒီ ငါ့သန္တာန်ဖြစ်ပေါ်နေတဲ့ ဝေဒနာသည်။ ဣမမေဝကာယံ၊ ဤကာယကိုပင်လျှင်။ ပဋိစ္စ၊ စဲ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်၏။

"သဘောကျရဲ့လား"
"ကျပါတယ်ဘုရား"

ဝေဒနာ ဘာကိုမှီပြီးတော့ဖြစ်သလဲ။ ကာယကိုမှီပြီးတော့ဖြစ်တာ၊ မှီရာ မရှိပဲနဲ့ ဝေဒနာမဖြစ်ဘူးနော်။ ဘုန်းကြီးတို့ယောဂီများ ထင်းတွေစုပုံပြီးတော့ မီးရှို့စမ်း။

"မီးတောက်တွေ ဟုန်းဟုန်း-ဟုန်းဟုန်းနဲ့ မတောက်ဘူးလား"
"တောက်ပါတယ်ဘုရား"
"မီး ဘာစဲ့လောင်သလဲဆိုရင်"
"ထင်းကိုစဲ့ လောင်ပါတယ်ဘုရား"

ထင်းတွေရှိလို့ မီးတောက်တာ၊ ထင်းကိုစဲ့ပြီး မီးလောင်ဘာယ်။ လောင်စာရှိရင် မီးတောက်တယ်၊ ဝေဒနာဆိုတာမီး။

"ဝေဒနာဆိုတာ"
"မီးပါဘုရား"

ဝေဒနာမီး ဘာစဲ့တောက်ဘုံးဆိုရင် လွဲယ်လွယ်မှတ်။ ရုပ်ကိုစဲ့တောက်တယ်။

"ဘာစဲ့တောက်တယ်"
"ရုပ်ကို စဲ့တောက်ပါတယ်ဘုရား"

ရုပ်တရားကိုစဲ့ပြီးတော့ ဒီဝေဒနာမီးလောင်တာ။ ဝေဒနာဟာ ရုပ်ကိုမှီနေတာ၊ သဘောကျနော်။ ရေပြင်ကို ရေပူဖောင်းမှိသလို၊ ထင်းပုံကြီးကို မီးတွေ မှိပြီးတော့စဲ့သလို ရုပ်တရားကိုစဲ့ပြီးတော့ ဝေဒနာဖြစ်တယ်။

နာတယ်ဆိုတဲ့နေရာကို ရှုလိုက်တဲ့ ယောဂီများ ဘာကြောင့် နာသလဲလို့ ဉာဏ်နဲ့ စိစစ်ကြည့်လိုက်တာနဲ့တပြိုင်နက်တဲ့ ရေပူဖောင်းလေးတလုံးအပေါ် ဘာကြောင့်လဲလို့ စိစစ်ကြည့်သလို ကြည့်လိုက်စမ်းပါ။ရေပူဖောင်း အကြောင်းငယ်လေးပါးတွေ့သလို နာတယ်ဆိုတဲ့နေရာမှာလဲပဲ အကြောင်းတွေ့ရှိတယ်။

ဝေဒနာရဲ့ မှီရာဖြစ်တဲ့ ဒီကိုယ်ကြီး၊ ကာယဆိုတဲ့ ရေမျက်နှာပြင်ကြီး တမျိုးပြောရင် သူဟာ ထင်းပုံကြီးပဲ။ ထင်းပုံကြီးကိုမှီပြီးတော့ ဖြစ်ပေါ်လာတဲ့ ဝေဒနာကို အကြောင်းရှာလိုက်လို့ရှိရင် ကာယကိုမှီပြီးတော့ ဝေဒနာဖြစ်ဘယ်လို့ဆိုတယ်။

ဘယ်သူနဲ့ဘယ်သူ ထိခိုက်လို့ ဝေဒနာဖြစ်တာလဲစစ်လိုက်တော့ ပူတာထိရင် မခံနိုင်ဘူး။ အေးတာထိရင်လဲ မခံနိုင်ဘူး။ ပူတာအေးတာတွေက မသက်မသာ ပူခြင်း၊ မသက်မသာအေးခြင်းဆိုတဲ့ သြဠာရိုက သဘော ဝိရောဓ သဘောတွေနဲ့ထိမှ မခံနိုင်တာ။

ကြမ်းတမ်းလှစွာသော ပထဝီ၊ ဆန့်ကျင်ဖက်ဖြစ်နေတဲ့ ပထဝီ၊ အလွန်တရာ ပြင်းပြင်းထန်ထန် နှိပ်စက်နေတဲ့ ပထဝီ၊ တေဇော၊ ဝါယော၊ ဟောဒီဖောဋ္ဌဗ္ဗအာရုံသုံးပါးဟာ ကြမ်းတမ်းလာရင် အထိကြမ်းတဲ့အတွက်ကြောင့် ခံစားချက်တွေဟာ မသက်သာဘူး။

ဒါကြောင့်—ကာယပသာဒဆိုတဲ့ ထင်.စ၊ ပထဝီဆိုတဲ့ ထင်းစ၊ ဝါယောရုပ်ဆိုတဲ့ ထင်းစ၊ တေဇောရုပ်ဆိုတဲ့ ထင်းစ၊ ဒီထင်းပုံကြီးတွေကို အမှီပြုပြီးတော့ ခံစားမှုဆိုတဲ့ ဝေဒနာပေါ်တာ။ အကြောင်းရင်းကတော့ ဝေဒနာရဲ့မှီရာဟာ ရုပ်ပဲ။ ဒါဖြင့်ရင်—

"ဘုန်းကြီးတို့ယောဂီများ ဝေဒနာရှုတော့မယ်ကြံရင် ရုပ်နဲ့ကင်းလို့ ရရဲ့လား"
"မရပါဘုရား"

ရုပ်နဲ့ မကင်းဘူးနော်။ အခြေခံအားဖြင့်တော့ ဒီရုပ်လေးမျိုးပဲ ပြန်ကိုင်ရတာပဲ။ ပူတာအေးတာ တောင့်တင်းတာ တွန်းကန်တာ အဲဒီသုံးခုရဲ့ ထိခိုက်တဲ့ကာယရယ်။

"ရုပ်ဘယ်နှစ်ပါးလဲ"
"လေးပါးပါဘုရား"

လေးပါးနော်။ခါးထဲမှာ တွေ့နေတဲ့ အတွေ့ အထိ တခုခုထင်ရှားနေရင်လဲပဲ ဒီရုပ်လေးပါးပဲ။ တကိုယ်လုံး ဘယ်နေရာတွေ့တွေ့။

"အတွေ့ထင်ရှား ရုပ်တရား ဘယ်နှစ်ပါးတုံးဗျာ"
"လေးပါးပါဘုရား"

ဒီလေးမျိုး နှိပ်စက်နေလို့ ဒီဝေဒနာပေါ်တယ်ဆိုတာကို သဘောကျထား။

"လေးမျိုး တမျိုးမျိုးနှိပ်စက်ရင် ဘာဖြစ်ပါလိမ့်"
"ဝေဒနာဖြစ်ပါတယ်ဘုရား"

နှစ်သက်တဲ့ရှုကွက်နဲ့ သွားနိုင်တယ်

ဝေဒနာဖြစ်တယ်။ သူက ရေမျက်နှာပြင်ကို မှီပြီးတော့ ဖြစ်ပေါ်လာတဲ့ ရေပူဖောင်းနဲ့ တူတဲ့ ခံစားချက် ထွက်လာတယ်။ဒီတော့ အောက်က အခံရုပ် ရေမျက်နှာပြင် သူကတခု။ ထိခိုက်နေတယ်ဆိုတဲ့ရုပ် ဖောဋ္ဌဗ္ဗအာရုံ ဓာတ်သုံး ပါး သူကတခု၊ပေါ်လာတဲ့ ရေပူဖောင်းက တခု။

"ရှုကွက်ဘယ်နှစ်ခု ပေါ်လာသလဲ"
"....."

(၁) ကာယပသာဒရုပ်၊
(၂) ထိခိုက်တဲ့ ဖောဋ္ဌဗ္ဗရုပ်၊
(၃) ခံစားတယ်ဆိုတဲ့ဝေဒနာ၊

"ဘယ်နှစ်ခု ပေါ်လာသလဲ"
"သုံးခုပါဘုရား"

အဲဒီအချိန်မှာ ဘုန်းကြီးတို့ ယောဂီများဟာ လိုင်းခဲ့ရမယ်။ဘယ့်နှယ်လိုင်း ခဲ့ရမလဲဆိုရင် အောက်က အထိခံဆိုတဲ့ ကာယဘက်ကို ရှုမလား တလိုင်း၊ သူ့ကို လာထိခိုက်နေတဲ့ ဖောဋ္ဌဗ္ဗဓာတ်ကို ရှုမလား တလိုင်း၊ကာယနဲ့ ဖောဋ္ဌဗ္ဗ ဆုံတဲ့ နေရာမှာ ခံစားမှုဆိုတဲ့ ဝေဒနာကို ရှုမလား တလိုင်း။လိုင်း ဒီလိုကဲ့ လာတယ်။

ကာယနဲ့ ဖောဋ္ဌဗ္ဗကို ပေါင်းပြီးတော့ ရုပ်အနေနဲ့ ရှုမလား တလိုင်း၊ ကြုံတဲ့ လိုင်းကို ဓိနေရာက သွားနိုင်ပြီ။ ပထဝီ၊ တေဇော၊ ဝါယောဆိုတာ ကို တခုစီ ခဲ့ရှုရင်တော့ အဲဒီ ယောဂီပုဂ္ဂိုလ်ဟာ ဓာတုမနသိကာရလိုင်း သွား တယ်။ ကာယာနုပဿနာ-ကာယ ပသာဒရုပ်ရယ်၊ ပထဝီ တေဇော၊ ဝါယော ရယ်၊ အဲဒါတွေ့ အကုန်လုံးပေါင်းပြီးတော့ ရုပ်အနေနဲ့ ရှုတဲ့ ပုဂ္ဂိုလ်ဟာ မမှာ နုပဿနာလိုင်းကို သွားတယ်။

ရုပ်ကိုလဲမရှုဘူး။ ဖောဋ္ဌဗ္ဗလို့ခေါ်တဲ့ ပထဝီ၊ တေဇော၊ ဝါယောကိုလဲပဲ တပည့်တော်များ မရှုလိုပါဘူး။ ခံစားမှုတွေက ပြင်းထန်နေလို့ ခံစားချက်ပဲ ရှုပါမယ်ဆိုရင်-

"သူက ဘယ်သွားလဲ"

"ဝေဒနာနုပဿနာလိုင်းကို သွားပါတယ်ဘုရား"

ဝေဒနာနုပဿနာလိုင်းသွားတယ်။ လိုင်းလေးတော့ ဒီကနေ ကွဲတယ်နော်။ ဘုန်းကြီးတို့ ယောဂီများ သတိပဋ္ဌာန်တရားဆိုတာ ဘုန်းကြီးခဏခဏ ပြောနေကျ။

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနာနိ ပရိပူရေန္တိ။

သတိဋ္ဌာန်တရားလေးမျိုးလုံးဟာ အာနပါနထဲ အကုန်ဝင်တယ်။ ဖောဋ္ဌဗ္ဗ တခု ကျကျနနမီရင် သတိပဋ္ဌာန်တရား လေးမျိုးလုံး အကုန်ဝင်ဘယ်နော်။ ဖောဋ္ဌဗ္ဗအာရုံဆိုတဲ့ ပထဝီ၊ တေဇော၊ ဝါယောလိုင်းကို သေသေချာချာစိုက်ပြီးတော့ ရှုသွားတဲ့ ပုဂ္ဂိုလ်များက ဓာတုမနသိကာရလို့ဆို ရင်လဲ ဖြစ်တယ်။ ဓာတ်ခွဲရှုတာ။

ဒါမှ မဟုတ်-ကာယာနုပဿနာလို့ဆိုရင်လဲ ဖြစ်ပါတယ်။အဲဒါတွေကိုပထဝီ၊ တေဇော၊ ဝါယောရယ်လို့ ဒီလိုအသေးစိတ် သုံးသပ်ရခက်ပါတယ်။ ရုပ်အနေနဲ့ပဲ သုံးသပ်ပါတော့မယ်ဆိုရင် သူကတော့ ဓမ္မာနုပဿနာဖြစ်သွားပြန်တယ်။ အဲဒီ ရုပ်တွေက တဖြေးဖြေးပါးသွားလို့ ခံစားမှုတွေက လွှမ်းလာရင် ခံစားချက်နောက်ကို လိုက်ရှုမယ်ဆိုရင် ဝေဒနာနုပဿနာ သွားပြန်တယ်။

"ဘုန်းတို့ ယောဂီများ ဟန်မကျဘူးလား"
"ဟန်ကျပါတယ် ဘုရား"

ပေါ်ရာပေါ်မှာ ခွဲပြီးတော့ ဘုန်းကြီးတို့ ကြိုက်တဲ့ လိုင်းက သွားကြဖို့ပဲဗျာ။ ဒီလိုင်းထဲ ဝင်သွားရမယ်လို့ ဘုရားက ဒီလိုလဲပဲ မည္သန်ကြားပါဘူးနော်။ မြို့ကြီးတမြို့ လမ်းလေးခုရှိရာမှာ ဘယ်လမ်းကပဲဝင်ခဲ့ဝင်ခဲ့ မြို့ထဲရောက်တာသာ လို့ရင်း၊ ရေလမ်းက သွားရင်လဲ ရောက်တယ်။ ကုန်းလမ်းက သွားရင်လဲ ရောက်ဟယ်။ လေလမ်းက သွားရင်လဲ ရောက်တယ်။

ရန်ကုန်မြို့ကို ဟောဒီသထုံကနေ ပြန်တော့ မော်တော်ကားနဲ့ သွားလဲရောက်တာပဲ။ မီးရထားနဲ့ သွားရင်လဲ ရောက်တာပဲ။ ပင်လယ်ထဲကနေ သဘော်နဲ့ သွားအုံးမလား၊ရောက်တာပဲ။မော်လမြိုင်သွား လေယာဉ်ပျံစီး၊ ကောင်းကင်ကနေ သွားအုံးမလား၊ ရောက်တာပဲ။ရန်ကုန်မြို့ကို ရောက်တာချင်းတော့ တူတယ်။ သွားတဲ့လမ်းပဲ ကွာတာ။

“ဒီလိုမဟုတ်လား”
“မှန်ပါဘုရား”

လမ်းကွာရင် အနှေးနဲ့အမြန်တော့ ကွာလိမ့်မယ်။ အနှေးနဲ့ အမြန်ဆို တာတော့ ဘယ်လမ်းက နှေးတယ်၊ ဘယ်လမ်းကမြန်တယ်လို့ ဘုန်းကြီးတို့ က သက်မှတ်လို့မရဘူး။ ဘုန်းကြီးတို့ ယောဂီများရဲ့ စိတ်ထဲ အကျေနပ်ဆုံး လမ်းဟာ ဘုန်းကြီးတို့ ယောဂီများအတွက် အနိုးဆုံးလမ်းပဲ။

ကာယာနုပဿနာကြိုက်တဲ့ လူဟာ ကာယာနုပဿနာလိုင်းသွား။ ဝေဒနာ နုပဿနာကြိုက်တဲ့ လူက ဝေဒနာနုပဿနာလိုင်းသွား။ စိတ္တာနုပဿနာကြိုက် ရင် စိတ္တာနုပဿနာ လိုင်းသွား။ တခုမလပ် အကုန်ရှုမယ်ဆိုရင်လဲပဲ ဖြစ်တာ ပါပဲ။

ကိုင်း-ဒီတော့ ဘုန်းကြီးတို့ ယောဂီများ ဝေဒနာအကြောင်းကို သိမ်းဆည်း ပြီး ကြည့်လိုက်တော့—

(၁) ကာယ၊
(၂) ဖောဋ္ဌဗ္ဗ၊
(၃) ကိလေသာ အညစ်အကြေး၊
(၄) ဝေဒနာ။

“ဘယ်နှစ်မျိုးလဲ”
“လေးမျိုးပါ ဘုရား”
“သိစရာအချက် ဘယ်နှစ်ချက်ရပြီလဲ”
“လေးချက်ရပါပြီ ဘုရား”

ကာယပသာဒ-ဟောဒီကိုယ်အကြည် ရုပ်ကြိုးတခု၊ရေမျက်နှာပြင်၊သို့မဟုတ် ထင်းပုံကြီး၊ သူ့ကိုလာပြီးတော့ ထိခိုက်တယ်ဆိုတဲ့ကောင်းကင်က ကျလာတဲ့ ရေပါက် ဖောဋ္ဌဗ္ဗအာရုံ။

ဓမ္မဝိစယ သမ္မောဇ္ဈင်နဲ့ သုံးသပ်

ကိုင်း-ခါးနာတယ်ဆိုရင် ခါးဆိုတာကို အသာဖယ်ထား၊ နာတယ်ဆိုတဲ့ သဘောလေးကို ကြည့်။

"ဘာကို ကြည့်ရမလဲ"
"နာတယ်ဆိုတဲ့ သဘောလေးကိုပါဘုရား"
အကြောင်းနဲ့တကွ နားလည်စေခြင်းငှာ ဘာကြောင့် နာတာလဲ စီစစ်။
"မင်စစ်ရဘူးလား"
"စီစစ်ရမှာပါဘုရား"
ဓမ္မဝိစယ သမ္မောဇ္ဈင်။
"ဘာပါလိမ့်"
"ဓမ္မဝိစယသမ္မောဇ္ဈင်ပါဘုရား"
စီစစ်တဲ့အခါကျတော့ ဩဩ– နာနေတာဟာ အကျိုးတရား။
"နာနေတာ ဘာပါလိမ့်"
"အကျိုးတရားပါဘုရား"

နာနေတာက အကျိုးတရား၊ အကြောင်းတရားဆိုတာက ရှိရမယ်။ ဘာကြောင့် နာတယ်ဆိုတာတွေ ဖြစ်ရတာတဲ့လဲလို့ နာတယ်ဆိုတာကို မနွေကပြောခဲ့တယ်၊ ပိဋ္ဌနဒုက္ခ။

"ဘာပါလိမ့်"
"ပိဋ္ဌနဒုက္ခပါဘုရား"

နှိပ်စက်မှုကြောင့်ဖြစ်တဲ့ ဆင်းရဲတွေ၊ ဘယ်သူက နှိပ်စက်နေတာတဲ့လဲလို့ အကြောင်းရှာမယ်ဆိုလို့ရှိရင် တောင့်တင်းမှုတွေက နှိပ်စက်တာ။ တခါတခါ ဖြစ်လိမ့်မယ်။

"ဘာတွေနှိပ်စက်"
"တောင့်တင်းမှုတွေပါဘုရား"

တခါတခါ ပူတဲ့သဘောတွေ၊ အေးတဲ့သဘောတွေ နှိပ်စက်တယ်လို့ ဖြစ်မယ်။ တခါတခါ တွန်းကန်လှုပ်ရှားတဲ့ သဘောတွေ ပြင်းထန်ရင်လဲပဲ နှိပ်စက်နေတယ်၊ ဖြစ်လိမ့်မယ်မဟုတ်လား။ အဲဒီသဘောသုံးမျိုး တမျိုးမျိုး နှိပ်စက်ရင် အဘိဏှသမ္ပဒို ပီဋ္ဌန- အလွန်တရာ ဖိကပ်ပြီးတော့ နှိပ်စက်နေတဲ့ သဘောကွေ ဉာဏ်ထဲမှာ သဘောကျလိုက်။

"ယောဂီများ နှိပ်စက်လာရင် သက်သာသေးသလား"
"မသက်သာပါဘုရား"

မသက်သာဘူးဆိုတော့ အဲဒီမသက်သာတာကို ခံနေရတာက—

“ယောဂီက ခံရတာလား၊ ဝေဒနာက ခံရတာလား”
“ဝေဒနာက ခံရတာပါဘုရား”

ဝေဒနာဆိုတဲ့ ခံစားရတာကတခု၊ နှိပ်စက်နေတာက ရုပ်တရား။

“နှိပ်စက်တာ ဘာတရားလဲ”
“ရုပ်တရားပါဘုရား”
“ဝေဒနာက မနှိပ်စက်ဘူး၊ ဘယ်သူက နှိပ်စက်တာလဲ”
“ရုပ်တရားက နှိပ်စက်တာပါဘုရား”
“ကဲသွားပြီနော်”
“မှန်ပါဘုရား”

နှိပ်စက်နေတယ်ဆိုတာက ပူတာ၊ နှိပ်စက်နေတယ်ဆိုတာက အေးတာ၊ နှိပ်စက်နေတယ်ဆိုတာက ထောင့်တင်းတာ၊ နှိပ်စက်နေတယ်ဆိုတာက တွန်းကန်လှုပ်ရှားတာ။

‘ရုပ်တရားတွေ့ မဟုတ်လား”
“မှန်ပါဘုရား”

ထိုရုပ်တရားတွေ့ရဲ့ ဖောက်ပြန်နှိပ်စက်နေလို့ ခံရတယ်ဆိုတဲ့ ဝေဒနာ လာတာ။ ဒါဖြင့်ရင် နှိပ်စက်တဲ့သဘောကို ရုပ်အနေနဲ့ရှု။

“နှိပ်စက်တဲ့သဘောကို”
“ရုပ်အနေနဲ့ ရှုရမှာပါဘုရား”

ရှုကွက်တခု ရပါပြီ။ နှိပ်စက်မှုကြောင့် ဖြစ်လာရတဲ့ ခံစားချက်ဝေဒနာ။ နှိပ်စက်တာကို ဆင်းရဲတယ်လို့ သိနေတာက ဝိညာဉ်။ ဟာ—စိတ္တာနုပဿနာသွားချင် ရလာပြန်ပြီ။

“ဒီလိုမဟုတ်လား”
“မှန်ပါတယ်ဘုရား”

သိတယ်ဆိုတဲ့နောက်ကို ဆက်တိုက်ရှုရင် တို့ယောဂီတွေ့ စိတ္တာနုပဿနာသွားတာ။ အသိနဲ့ခံစားမှု အတွဲလိုက်သွားတယ်။ အဲဒီနေရာမှာ အသိရယ်၊ ခံစားမှုရယ် အတွဲလိုက်သွားတော့ တခါတခါအသိက ဦးဆောင်တယ်။ တခါ

တခါကျတော့ အသိလေးက နှေးသလိုလို မှိန်သလိုလို ဖြစ်ပြီးတော့ ခံစားမှုက လွှမ်းတယ်။ ဒီလိုလဲ ဖြစ်တတ်တယ်။

ခံစားမှုတွေက ပြင်းထန်လာရင် အဲဒီဝေဒနာနုပဿနာဟာ အကောင်းဆုံးပဲ။ သိမှုတွေက သန်လာလို့ရှိရင် စိတ္တာနုပဿနာဟာ အကောင်းဆုံးပဲ။ နှိပ်စက်မှုတွေက လွန်ကဲနေတဲ့အချိန်မှာ ပထဝီ၊ တေဇော၊ ဝါယော ဆိုတဲ့ ကာယကို့ရှုတဲ့။ ကာယာနုပဿနာဟာ အကောင်းဆုံးပဲ။

"သတိပဋ္ဌာန် ဘယ်နှစ်ပါး ရပြီလဲ"
"
....."
"ကာယ–စိတ္တ–ဝေဒနာ–သုံးခု ရပြီမဟုတ်လား"
"ရပါပြီဘုရား"

အေး—ရေပူဖောင်း တလုံးတလုံးပေါ်လာရင် အကြောင်းလဲ အဲဒီလို စဉ်ကြည့်ပြီးတော့ ဒီနေရာမှာ လိုင်းလဲပဲ အမျိုးမျိုးရကြောင်း နားလည်ကြပါစေနော်။

ကျွမ်ဆူ ကာယံ၊ ဟောဒိခန္ဓာကိုယ်ကြီးကို။ ပဋိစ္စ၊ စဉ်၍။ အယံ ဝေဒနာ၊ ဟောဒီဝေဒနာသည်။ ဥပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာ၏။

ဝေဒနာ ဘာကိုမှီပြီးတော့ ဖြစ်တုံးဆိုရင် ကာယကို စဉ်ပြီးတော့ ဖြစ်တယ်။ ထင်းပုံကြီး စဉ်ပြီးတော့ မီးတွေတောက်သလို ကာယလို့ခေါ်တဲ့ ရုပ်တွေကို မှီပြီးတော့ ဝေဒနာဆိုတဲ့မီးတွေ တောက်တယ်။

"ဝေဒနာဆိုတဲ့မီး-ထင်းပုံကြီးနဲ့ တူတဲ့ရုပ် စဉ်ပြီးတော့လောင်တာ တွေ့ပြီလား"
"တွေ့ပါပြီဘုရား"
လောင်နေလိုက်တာ သုခဝေဒနာမှာ ဘာမီးတွေ လောင်နေတုံးဆိုရင် ရာဂမီးလောင်တယ်။
"သုခဝေဒနာမှာ"
"ရာဂမီး လောင်ပါတယ်ဘုရား"
ဒုက္ခဝေဒနာကျပြန်တော့—

ဒုက္ခဝေဒနာမှာ ပဋိဃဆိုတဲ့ အနုသယ ဝင်တတ်တယ်

ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ၊ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော၊ သော အနုဧသတိ။

သံယုတ္တနိကာယ-သဠာယတနဝဂ္ဂသံယုတ်ပါဠိ—သလ္လသုတ်-၄၁၀။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဒုက္ခာယ ဝေဒနာယ၊ အပြင်းအထန် နှိပ်စက်နေတယ်ဆိုတဲ့ ကာယိကဒုက္ခကို ခံစားရတယ်ဆိုတဲ့ ဒုက္ခဝေဒနာဖြင့်။ ဖုဋ္ဌော သမာနော။ တွေ့ထိ နှိပ်စက်မယ်ဆိုရင်။ သောစတိ၊ စိုးရိမ်၏။ ကိလမတိ၊ ပင်ပန်း၏။ ပရိဒေဝတိ၊ ငိုကြွေး၏။

စိုးရိမ်တယ်၊ ပူဆွေးတယ်၊ ငိုကြွေးတယ်။ တရားအားထုတ်ယင်းနဲ့ စိတ်တွေ ညစ်လိုက်တာ၊ စိတ်ဆင်းရဲလိုက်တာ။

"တရားအားထုတ်ရတာ--စိတ်ညစ်စရာလားဗျာ"

"မဟုတ်ပါဘုရား"

စိတ်ညစ်တာ ပျောက်အောင် တရားအားထုတ်ရတာ။

"တရားအားထုတ်ရင် စိတ်ညစ်ဖို့ လိုသေးလား"

"မလိုပါဘုရား"

တရားအားထုတ်ရတာ စိတ်ညစ်တယ်ဆိုရင် ညစ်တယ်ဆိုကတဲကိုက ဖြူစင်တဲ့ စိတ်ကို အညစ်အကြေးတွေ့ကပ်တာ။

"ဒီလိုမဟုတ်လား"

"မှန်ပါဘုရား"

ရေမျက်နှာပြင်ပေါ် ရေညှိတင်သလို စိတ်ဆိုတဲ့ ဟောဒီ ရေမျက်နှာပြင်တခု။

"ဘာအညစ်အကြေး တင်သွားလဲ"

"ကိလေသာအညစ်အကြေး တင်သွားပါတယ်ဘုရား"

အေး-ကိလေသဇလ္လ ကိလေသာအညစ်အကြေး ကပ်တယ်။ ဘာကြောင့် ကိလေသာအညစ်အကြေးကပ်သလဲဆိုတော့ ဒုက္ခဝေဒနာကြောင့်။

"ကပ်တာဘာကြောင့်လဲ"
"ဒုက္ခဝေဒနာကြောင့်ပါဘုရား"

ဒုက္ခဝေဒနာ နှိပ်စက်တော့ ကိလေသာ အညစ်အကြေး ကပ်လာတယ်။ ကဲ—ဘာကိလေသာအညစ်အကြေး ကပ်မလဲဆိုလို့ရှိရင်—

ဒုက္ခာယ ဝေဒနာယ ပဋိသာနုသယော အနုသေတိ။

ဒုက္ခာယ ဝေဒနာယ၊ ဒုက္ခဝေဒနာဆိုတဲ့ ရောပူဖောင်းတလုံးမှာ။ ပဋိသာနုသယော၊ စိတ်ဆဲမှာ ထိခိုက်လှုပ်ရှားဆိုတဲ့ ဒေါသဆိုတဲ့ ပဋိသတရားသည်။ အနုသေတိ၊ ကိန်းလေတော့၏။

ပဋိသာနုသယ၊ ဒေါသလေး သိမ်သိမ်မွေ့မွေ့ဝင်လာတာ သူတပါးကို သတ်ချင်တယ် ဖြတ်ချင်တယ်ဆိုတဲ့ ဒေါသမျိုးတော့ မဟုတ်ဘူးနော်။ အပါယ်လေးပါးလားမယ့်အကြောင်း မကောင်းတဲ့ ဒေါသချည်းတော့ မဟုတ်ဘူး။ တရားရဲ့ အနှောင့်အယှက် ဖြစ်နေတာတော့ မှန်တယ်။ကိလေသာအညစ်အကြေး ဝင်ကပ်တာ ဒုက္ခဝေဒနာမှာ ဒေါသမီး လောင်တယ်။ သုခဝေဒနာ ရာဂမီး လောင်ဘယ်။

"ထင်းပုံကြီး မီးစွဲတာ တွေ့ပြီနော်"
"တွေ့ပါပြီဘုရား"
"ဒါဖြင့်ရင်-တို့ယောဂီများ အဲဒီမီးတွေကို ငြိမ်းဖို့ရန် လုပ်ဖို့-မလိုအပ်ဘူးလား"
"လိုအပ်ပါတယ်ဘုရား"

မီးတွေငြိမ်းဖို့ရန် လုပ်ဖို့ လိုအပ်တဲ့အတွက်ကြောင့်၊ အညစ်အကြေးတွေကို ဆေးကြောသုတ်သင်ဖို့ရန် လိုအပ်တဲ့အတွက်ကြောင့် အညစ်အကြေးဆေးတဲ့အခါကျတော့ အဝတ်အထည် အညစ်အကြေးကပ်ရင် ဒီအဝတ်ကပ်တဲ့ အညစ်အကြေးဆေးမယ့် တို့ယောဂီတွေဟာ—

"ဒီအဝတ်ကြီးကို မကိုင်ပဲနဲ့ ရရဲ့လား"
"မရပါဘုရား"

အင်္ဂါမှာ အညစ်အကြေးတွေ ပေလို့ပုဆိုးလေးတထည်၊ ထဘီလေးတထည်မှာ မစင်အစရှိတဲ့ အညစ်အကြေးတွေ ပေကပ်နေလို့ ဒီအညစ်အကြေးတွေ

ပြန်ဆေးချင်ရင် ဒီဒါဝတ်ပဲ ပြန်ကိုင်ရတယ်။ အဝတ်မကိုင်ပဲနဲ့ ဆေးလို့မရဘူးနော်။ ဒီအဝတ်ကိုပဲ ပြန်ကိုင်ရတယ်။

ဒီအတိုင်းပဲပေါ့။ ဝေဒနာကြောင့်၊ ကပ်လာတဲ့ အညစ်အကြေးခွာချင်ရင် ဆေးကြောချင်ရင် ဒီဝေဒနာကိုပဲ ပြန်ကိုင်ရတယ်။

ဒလုမဟုတ်လား

"မှန်ပါတယ်ဘုရား"

ပြန်ကိုင်လိုက်တဲ့ အခါကျတော့—

(၁) ဝေဒနာရဲ့ အကြောင်း၊

(၂) ဖြစ်နေတဲ့ဝေဒနာ၊

"ဘယ်နှစ်ချက် ကိုင်ရမလဲ"

"နှစ်ချက်ပါဘုရား"

ဝေဒနာရဲ့ အကြောင်းဟာ ထိခိုက်မှု။

"ဝေဒနာရဲ့ အကြောင်းက"

"ထိခိုက်မှုပါဘုရား"

ထိခိုက်မှုဆိုတာကတော့ ဘုန်းကြီးတို့ ပြောရင် စကားထပ်တော့မယ်။ ပြန်စဉ်းစားလိုက်၊ ဘာထိခိုက်တယ်ဆိုတာ။

"နားလည်ပြီးပြီနော်"

"မှန်ပါဘုရား"

ဝေဒနာရဲ့ အကြောင်းဟာ ထိခိုက်မှု။ စာလိုပြောတော့ သံဃဋ္ဌန။ ဘာနဲ့ဘာ ထိခိုက်တယ်ဆိုတာကို ပြန်ရှု၊ ခါးနာတယ်ဆိုကဲ့ နေရာမှာ ခါးဖယ်ထားလိုက်တော့ ဘာနဲ့ဘာ ထိခိုက်လို့ နာတာလဲလို့ ရှုလိုက်ရင် အဲဒီမှာ ပေါ်လာလိမ့်မယ်။ ပိုက်ထဲနာလိုက်တာ၊ ဘာနဲ့ဘာ ထိခိုက်လို့ နာနေတာလဲ ရှုလိုက်ရင် ပေါ်လာလိမ့်မယ်။

"ဟုတ်ပြီနော်"

"မှန်ပါဘုရား"

ဘုန်းကြီးတို့က ဘာနဲ့ဘာ ထိခိုက်လို့ ဘယ်လိုနာတယ်ဆိုတာ ပြောပေးလိုက်ရင် အဲဒီလမ်းအတိုင်း မျှောလိုက်သွားမှာ စိုးရတယ်။ တခါတခါ ဒီလို

မျှောလိုက်တတ်တယ်။ ရွှေကနေ အကုန်းလုံးပြောထားရင် ယောဂီတွေက အဲဒီနောက် အကုန်မျှောလိုက်ပြီးတော့ တပည့်တော် ဒီအတိုင်းတွေ့ပါတယ် ဆိုတော့ အဲဒါခက်တယ်။ ဒါကြောင့်မို့လို့ ဘာနဲ့ဘာ ထိတယ်ဆိုတာ ရှာကြည့်၊ ဟုတ်လား။

အား-ဒါကြောင့်မို့လို့ ဗိုက်နာတယ်၊ ခါးနာတယ်၊ ရင်နာတယ်၊ ပေါင်နာတယ်၊ ဝမ်းနာတယ်၊ အကြမ်းအားဖြင့်ဆိုရင် ရုပ် ရုပ်ချင်းထိခိုက်တယ်။ ဒါအကြမ်းစားပဲ ဟုတ်လား။ ရုပ်တွေက ဘာရုပ်တွေပဲဆိုဘာ စိစစ်ဖို့က တို့ယောဂီများရဲ့ ဉာဏ်အလုပ်၊ ဘာရုပ်နဲ့ ဘာရုပ် ဘယ်လိုထိခိုက်တယ်ဆိုတာက ယောဂီတွေရဲ့ ဉာဏ်သွင်းရမယ့်အလုပ်။

သံဃဋ္ဋနသဘောရှာ၊အဲဒါရှုကွက်တခုနော်။ ထိခိုက်မှုဟာအကြောင်း၊ ပေါ်လာတဲ့ နှိပ်ဆက်မှုဆိုတဲ့ ဒုက္ခကအကျိုး၊ နှိပ်စက်တဲ့သဘောကြောင့် ပေါ်လာတဲ့ ပီဋ္ဌနဒုက္ခကြီးကို ကြည့်ယင်း ကြည့်ယင်းနဲ့ ဆင်းရဲတယ်၊ ဆင်းရဲတယ်၊ ဆင်းရဲတာကိုသိတယ်။ ဆင်းရဲဘာကို ခံစားရတယ်လို့ ဆက်တိုက်ရှုသွားတဲ့ ယောဂီပုဂ္ဂိုလ်များအနေနဲ့ သူကရှုကွက်တမျိုး။ ဒီတော့ သံဃဋ္ဋန ထိခိုက်ရာမှာ ရှုနေတဲ့ ယောဂီပုဂ္ဂိုလ်များက အကြောင်းကိုရှုတာ။

"ထိခိုက်ရာကို ရှုနေတဲ့ ယောဂီပုဂ္ဂိုလ်များက"
"အကြောင်းကို ရှုနေတာပါဘုရား"

ထိခိုက်မှုကြောင့် နှိပ်စက်၊ နှိပ်စက်တဲ့ဒဏ်ကို ခံရတယ်ဆိုတဲ့ ဆင်းရဲတဲ့ သဘောကို ရှုနေတာက အကျိုးရှုတာ။

"အကြောင်းရှုရင် ရုပ်၊ အကျိုးရှုတော့ဝေဒနာ၊ ဟုတ်ပြီလား"
"မှန်ပါဘုရား"

ဘာပဲရှုရှု ရတယ်နော်။ အကြောင်းလို့ခေါ်တဲ့ ရုပ်တို့ရဲ့ထိခိုက်မှု ရှုရင်လဲပဲ ဒါတလိုင်း၊ကာယာနုပဿနာမှန်တာပဲ။သူတို့ရဲ့ထိခိုက်မှုကြောင့်ပေါ်လာတဲ့ အကျိုးခံစားချက်လို့ခေါ်တဲ့ ဆင်းရဲတဲ့ ဝေဒနာကို ရှုသွားရင်လဲ ဝေဒနာနုပဿနာအနေနဲ့ မှန်တာပဲ။

အဲဒီနေရာမှာ တို့ယောဂီများအနေနဲ့ ကြိုက်တဲ့လိုင်းကို သွားနိုင်ခွင့်ရှိတယ်။ ဘယ်လိုင်းသွားလို့ ဘုန်းကြီးတို့က တိုက်ရိုက်မပြောဘူး။ အလုပ်လုပ်တဲ့အခါကျတော့ ကိုယ့်ဟာကိုယ် ပေါ်လာလိမ့်မယ်နော်။ နည်းကိုတော့ အဲဒီလိုပဲ **မှတ်သားထားလိုက်။**

ကိုင်း–ဒီတော့ အကြောင်းလဲ နားလည်ပြီ၊ အကျိုးဖြစ်တဲ့ ဝေဒနာလဲ နားလည်ပြီ။ အကြောင်းဆိုတာက ထိခိုက်မှုလို့ခေါ်တဲ့ သံဃဋ္ဌန။ ရုပ်တရား တော့အကြောင်း။ ရေမျက်နှာပြင်ရယ်၊ ရေပူဖောင်းရယ်၊ တွန်းဝင်သွားတဲ့ ထိခိုက်တယ်ဟိုတဲ့ လေအာဟုန်ချယ်၊ ဒါပဲနော်၊ အဲဒီအကြောင်းတွေဆိုတာက ရုပ်တရားတော့၊ ပေါ်လာတဲ့ ခံစားမှု ဆင်းရဲတယ် ချမ်းသာတယ်ဆိုတာက ဝေဒပူဖောင်းနဲ့တူတဲ့ ဝေဒနာ။

အဲဒီမှာ ဗာလုစ်အကြေးကို ခွဲရမယ်ဆိုတာက ယောဂီရဲ့အလုပ်။ဒုက္ခဝေဒနာ ရှုရင် ဒေါသခွာရမယ်။ သုခဝေဒနာကိုရှုရင် ရာဂကွာရမယ်။

"ဝေဒနာကို ခွဲရမှာလား၊ ကိလေသာကို ခွာရမှာလား"
"ကိလေသာကို ခွာရမှာပါဘုရား"

အဲဒါကိုလဲ မှတ်ထားအုံး။ တခါတခါကျတော့ တို့ယောဂီတွေက ဝေဒနာကို ဆွဲဆွဲခွာတယ်။ ဝေဒနာဆွဲခွာလို့ ဘယ်ရမလဲ။

"ဘယ်နယ်ဇာဝ၊ ထိခိုက်မှုတွေရှိနေသမျှ ဝေဒနာဟာ ရှိနေမှာပဲ မဟုတ်လား"
"ရှိနေမှာပါဘုရား"

ထိခိုက်မှုဆိုတာတွေက ရုပ်တရားတွေနော်။ ရုပ်တရား မကုန်မချင်း ရုပ်တို့ရဲ့ ထိခိုက်မှုကြောင့် ဝေဒနာဆိုတဲ့ ခံစားမှုဟာလဲ ဖြစ်နေမှာပဲ၊ မကုန်နိုင်ဘူး။ ဒီရုပ်နဲ့ဒီနာမ် အကြွင်းမဲ့ချုပ်မှ ဝေဒနာဆိုတာချုပ်တာ။ ရုပ်တွေ နာမ်တွေ ရှိနေသေးသမျှ ဝေဒနာလဲ ရှိနေမှာပဲ။ အဲဒါကြောင့် ဝေဒနာကို ချုပ်အောင် လုပ်ဖို့ပဓာနဘူး။ ဝေဒနာမှာကပ်နေတဲ့ အညစ်အကြေးခွာဖို့သာ တို့ယောဂီများ ရှိတာပေါ့။

"ဒီလိုမကုသ်ပါလား"
"မှန်ပါတယ်ဘုရား"

သုခဝေဒနာကို ဘယ်လိုရှုမလဲ

အေး–ဒါကြောင့် ဘုန်းကြီးတို့ ဒင်္ဍဗ္ဗသုတ္တန်မှာ–

သုဝါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။

ဘံယုဘ္ဘနိကာယ်-သင်္ခာယဘာနဝဂ္ဂသံယုတ်ပါဠိ-ဒဋ္ဌဗ္ဗသုတ်-၄၀၉။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ သုခါဝေဒနာ၊ သုခဝေဒနာကို။ ဒုက္ခတော၊ ဒုက္ခအနေအား ဖြင့်။ ဒဋ္ဌဗ္ဗာ၊ ရှုပါလေ။

သုခဝေဒနာကို ရှုရမယ့်အချက်၊ သုခဝေဒနာကို ဘယ်နှယ့်လုပ်ရှုမလဲဆို ရင် ဒုက္ခဝေဒနာ မြင်အောင်ရှုပါ။ ချမ်းသာတယ်-ချမ်းသာတယ်-ချမ်းသာတယ်၊ ချမ်းသာတာ ဘယ့်နှယ်လုပ် ဒုက္ခရှုမလဲ၊ ခက်တယ်လို့ ဖြစ်လိမ့်မယ်။ မခက်ဘူး၊ လွယ်လွယ်ကလေးရယ်။

"ဘုန်းကြီးတို့ယောဂီများ ရေပူဖောင်းကလေးကို လက်နဲ့ထိလိုက်ရင် နေသေးလား"

"မနေတော့ပါဘုရား"

ရေပူဖောင်းကလေး လက်နဲ့ထိ ချက်ချင်းပေါက်သွားတယ်။ ဘာမှ ရစရာ ယူစရာ မရှိဘူး၊ ဒီအတိုင်းပဲပေါ့။ ချမ်းသာတယ်ဆိုတာလေးကို ဉာဏ်ဆိုတဲ့ လက်နက်နဲ့ ထိလိုက်၊ ချက်ချင်းကဲ့သွားတယ်။ မရှိဘော့ဘူးမဟုတ်လား။ အဲဒီ ချမ်းသာမှုလေး တည်နေတုန်းတော့—

ဌိတိသုခါ၊ ထင်ရှားဘည်ရှိနေတုန်း ချမ်းသာတယ်လို့ ထင်လိမ့်မယ်။

ဝိပရိဏာမဒုက္ခာ၊ ရေပူဖောင်းပေါက်သလို သုခဝေဒနာတွေ ကုန်ပျောက်တဲ့အခါကျတော့ ဒုက္ခ။

ဒါ့ကြောင့်- သုခဝေဒနာဟာ ထင်ရှားတည်ရှိနေတုန်း ရေပူဖောင်းကလေး ကြည့်ကောင်းသလို ကြည့်ကောင်းနေတဲ့အတွက်ကြောင့် သုခ။ ရေပူဖောင်း ကလေး ပေါက်ကဲ့သွားရင် ရယူစရာ ဘာမှမရှိတော့သလို သုခဝေဒနာ ကုန် ပျောက်သွားရင် ဒုက္ခ။ ဒါဖြင့် သုခဝေဒနာကို ဒုက္ခ။ ဘာဒုက္ခတွေလဲဆိုရင် တော့ ဝိပရိဏာမဒုက္ခ။ ရေပူဖောင်း ပေါက်သလို ပေါက်ကဲ့သွားတတ်သော ကြောင့် ဝိပရိဏာမဒုက္ခ။

"သုခဝေဒနာအပေါ်မှာ ရှုရမယ့်အချက်၊ ဟုတ်ပြီလား"

"မှန်ပါတယ်ဘုရား"

သုခါဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။

သုခါဝေဒနာ၊ ချမ်းသာမှုလေးကို ခံစားနေရတဲ့ သုခဝေဒနာလေးကို။ ဒုက္ခတော၊ မကြာခင် ပေါက်ကဲ့ ပျက်စီးတော့မှာပဲလို့ ဝိပရိဏာမဒုက္ခအနေအား ဖြင့်။ ဒဋ္ဌဗ္ဗာ၊ ရှုကြပါလေ။

ချမ်းသာမှုဟာ ကုန်တော့မှပဲ—
"ကုန်သွားရင် ဒုက္ခပဲ မဟုတ်လား"
"မှန်ပါတယ်ဘုရား"

ဝိပရိဏာမဒုက္ခ၊ ဖောက်ပြန်ပျက်စီးတတ်သောကြောင့် ချမ်းသာတဲ့ သုခဝေဒနာဟာ ဂိပရိဏာမဒုက္ခရတယ်။ နောက်တခါ—

ဒုက္ခဝေဒနာကို ဘယ်လို ရှုမလဲ

ဒုက္ခာ ဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ။
သံယုတ္တနိကာယ- သဠာယတနဝဂ္ဂသံယုတ် ပါဠိ- ဒဋ္ဌဗ္ဗသုတ်-၄၀၉။

ဒုက္ခာဝေဒနာ၊ ဒုက္ခဝေဒနာကို။ သလ္လတော၊ မြားစူးတဲ့သဘောအားဖြင့်။ ဒဋ္ဌဗ္ဗာ၊ ရှုပါလေ။

မြားကြီးတခု ရင်ဝ တန်းကနဲ စိုက်လိုက်တော့ စစိုက်စိုက်ခြင်းလဲ နာတာပဲ၊ မြားကြီး အလယ်လောက်ရောက်သွားတော့လဲ နာတာပဲ၊ ဟို-အဆုံးအထိဝင်သွားတော့လဲနာတာပဲ၊ ပြန်နုတ်အုံး နာတာပဲ၊ မြားသာစူးလိုက်ရင်တော့ စူးဝင်စမှာရော စူးဝင်နေတုန်းမှာရော၊ ပြန်နုတ်တဲ့အခါမှာရော ဘယ်အခိုက်အခါမှ မသက်သာ။

သြော်-ဒုက္ခဝေဒနာဆိုတာဟာ မြားစူးသလိုပဲ။ ဖြစ်ဆဲလဲ ဒုက္ခ၊ ထင်ရှားတည်ရှိနေဆဲလဲဒုက္ခ၊ ကုန်ဆုံးပျက်စီးသွားပြန်တော့လဲပဲ ဒုက္ခ၊ ဝေဒနာဟာ တဆက်တဲ ဆက်စပ်နှိပ်စက်နေတာကြောင့် တကယ်ဒုက္ခအစစ် စာပေကတော့ ဒါကိုဒုက္ခနှစ်လုံးဆင့်နဲ့ ခေါ်တယ်။ ဒုက္ခ-ဒုက္ခလို့ ဒီလိုခေါ်တယ်။

အေး-ဒုက္ခ ဒုက္ခ၊ ပါဠိစကားလုံးမမှတ်မိရင် ဒုက္ခဝေဒနာဆိုတာဟာ ဖြစ်ဆဲလဲဒုက္ခ၊ ထင်ရှားတည်ရှိနေဆဲလဲဒုက္ခ၊ ဖောက်ပြန်ပျက်စီးတော့လဲပဲ ဒုက္ခ၊ သုခဝေဒနာက ဖြစ်တုန်း ချမ်းသာတယ် ဆိုရပေမယ့် ဖောက်ပြန်ပျက်စီးတော့ ဒုက္ခ။

"ဝေဒနာတွေဟာ အကုန်လုံး ဒုက္ခအနေနဲ့ တသားတဲ မသွားဘူးလား"
"သွားပါတယ် ဘုရား"

အဲဒီလို ဒုက္ခပဲဖြစ်ဖြစ်၊ သုခပဲဖြစ်ဖြစ်၊ ဒုက္ခအနေနဲ့ တသားတဲမြင်၊ ယောဂီရဲ့ သန္ဓာန်မှာစိုက်ပြီးတော့ချမ်းသာတာကိုလဲ ဖောက်ပြန်တဲ့အတွက်ကြောင့် ဆင်းရဲတဲ့သဘော။ဆင်းရဲတဲ့သဘောကိုလဲ တကယ့်ဆင်းရဲအစစ်ဖြစ်နေလို့ ဆင်းရဲတဲ့ ဒုက္ခ။

သဘော၊ ဒီလိုနော်။ ချမ်းသာမှုကတော့ ဖောက်ပြန်ပျက်စီးတတ်လို့ ဆင်းရဲတဲ့သဘော။ဆင်းရဲမှု ဆိုတာကတော့ တကယ့်ကို ဆင်းရဲအစစ်ဖြစ်နေလို့ဆင်းရဲတဲ့သဘော ဒုက္ခ၊ ဒုက္ခံ။

အဲဒီလို ရှုယင်းရှုယင်းနဲ့ ယောဂီရဲ့ဉာဏ်ထဲမှာ တဖြေးဖြေး ဒုက္ခဝေဒနာကို ရှင်းရှင်းလင်းလင်း ထင်လာတဲ့ အချိန် သုခဝေဒနာကလဲ ဒုက္ခကြီး၊ ဒုက္ခကြီးလို့ သဘောကျ ရာဂအညစ်အကြေးဟာ ဖြေးဖြေးဖြေးဖြေးနဲ့ ကွာထွက်သွားတယ်။

ဒုက္ခဝေဒနာကိုလဲ ကြည့်ယင်းကြည့်ယင်းနဲ့ ဒီရုပ်နဲ့ဒီနာမ်ဒီခန္ဓာကို ရထား၊ရင် ဒီလိုဒုက္ခချည်းပဲလို့ သဘောကျတဲ့ အတွက်ကြောင့် စိတ်ထဲမှာဖြေးဖြေးဖြေးဖြေးနဲ့ ခံသာလာပြီးတော့ ဒေါသတရားဟာ ဖြေးဖြေး-ဖြေးဖြေးနဲ့ ခေါင်းပါးသွားတယ်။

ဝေဒနာကို ပယ်ရမှာလား၊ ရာဂကို ပယ်ရမှာလား

ဒီတော့-သုခဝေဒနာမှာ ဘာပယ်လိုက်သလဲဆိုရင်-

သုခါယ ဝေဒနာယ ရာဂါနုသယော ပဟာတဗ္ဗော။

သုခါယ ဝေဒနာယ၊ သုခဝေဒနာဓာတ်၌။ ရာဂါနုသယော၊ ရာဂဆိုတဲ့ အနုသယကို။ ပဟာတဗ္ဗော၊ ပယ်ရပါတယ်။

ဒုက္ခံဝေဒနာမှာလဲပဲ—

ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော ပဟာတဗ္ဗော။

ဒုက္ခာယ ဝေဒနာယ၊ ဒုက္ခဝေဒနာဓာတ်၌။ ပဋိဃာနုသယော၊ စိတ်ထိခိုက်တယ်ဆိုတဲ့ ဒေါသတရားကို။ ပဟာတဗ္ဗော၊ ပယ်ကြရမယ်။

ဘုရားဟောပါဦးတော်၊ မှတ်ထားကြ။

သုခဝေဒနာကို မပယ်ရဘူး။ သုခဝေဒနာကို ရှုယင်း-ရှုယင်းနဲ့ ရာဂအညစ်အကြေးကို ပယ်ရမယ်။ ဒုက္ခဝေဒနာကို ချုပ်အောင် လုပ်ပစ်ရမှာ၊ ပယ်ပစ်ရမှာ မဟုတ်ဘူး။ ဒုက္ခဝေဒနာကို စိုက်ပြီးတော့ ရှုယင်း-ရှုယင်းနဲ့ ဆင်းရဲတာ-ဆင်းရဲတာလို့ ရှုယင်း-ရှုယင်းနဲ့ ဒုက္ခဝေဒနာမှာ ကပ်နေတဲ့ စိတ်ထိခိုက်တဲ့ ဒေါသတရားကို ပယ်ပစ်ရမှာ။

"အညစ်အကြေး ကွာရောမဟုတ်လား"

"ကွာသွားပါဘုရား"

အဲဒီလို ရာဂဒေါသဆိုတဲ့ အညစ်အကြေးမှ လွတ်ရင် ဘုန်းကြီးတို့ယောဂီများ ဝေဒနာက လွတ်တယ်လို့ ခေါ်ရမယ်။မခံသာတာက ဒေါသရဲ့သဘော။ ခံသာတယ်ဆိုတာက ရာဂရဲ့သဘော။ ရာဂဒေါသမှလွတ်ရင် ဘာဝေဒနာလာလာ ဒီယောဂီ နေလို့သိပ်ကောင်း။

''ဗိုက်ထဲကအူတွေ ပေါက်ထွက်သွားနေတာတောင် ဒေါသမရှိတဲ့ လူအနေနဲ့ ဆင်းရဲသေးသလား''
''မဆင်းရဲပါဘုရား''
ဘယ်ကလွတ်တာလဲလို့ဆိုရင် ရာဂဒေါသက လွတ်တာ။
''ဝေဒနာက လွတ်တာလား၊ ရာဂက လွတ်တာလား''
''ရာဂက လွတ်တာပါဘုရား''
ဝေဒနာယ နိဿရဏာဆိုတာနော်။

ယော ဝေဒနာယ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပ္ပဟာနံ။ ဣဒံ ဝေဒနာယ နိဿရဏံ။

သံယုတ္တနိကာယ-ခန္ဓဝဂ္ဂသံယုတ်ပါဠိ--ပ္ဌမ အဿာဒသုတ်—၂၄။

ဝေဒနာယ၊ ဝေဒနာမှ။ ယော ဆန္ဒရာဂဝိနယော၊ အကြင် ဆန္ဒရာဂကို ပယ်ခြင်းသည်။ ဆန္ဒရာဂပ္ပဟာနံ၊ ဆန္ဒရာဂကို ဖျောက်ခြင်းသည်။ အတ္ထိ၊ ရှိပါ၏။ ဣဒံ၊ ဤဝေဒနာမှာကပ်နေတဲ့ ဆန္ဒရာဂကို ဖျောက်ခြင်းသည်။ ဝေဒနာယ၊ ဝေဒနာက။ နိဿရဏံ၊ လွတ်တယ်လို့ ခေါ်တယ်။

''ဆန္ဒရာဂကို ဖျောက်နိုင်တဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာမှ လွတ်မြောက်တယ်ဆိုတော့ ဟန်မကျဘူးလားဗျာ''
''ဟန်ကျပါတယ်ဘုရား''
ကိုင်း ပြောတာက ဆန္ဒရာဂပယ်ရင် ဝေဒနာလွတ်တယ်ဆိုတော့—
''ဒေါသပယ်တဲ့လူကော-ဝေဒနာက မလွတ်ဘူးလား''
''လွတ်ပါတယ်ဘုရား''

ဆင်းရဲနေတဲ့အခါ ချမ်းသာကို တောင့်တတယ်

ဆင်းရဲလို့ ဒေါသတွေဖြစ် စိတ်ညစ်နေတာဟာ ဘာကြောင့်လဲဆိုရင် ချမ်းသာကိုလိုချင်လို့ဗျ၊ သေချာကြည့်ဗျ။

ဒုက္ခီ၊ သုခံ ပတ္ထိယတိ။

ဒုက္ခီ၊ ဆင်းရဲတယ်ဆိုတဲ့ ယောဂီတွေဟာ။ သုခံ၊ ချမ်းသာမှုလေးကို။ ပတ္ထိယတိ၊ မျှော်နေတတ်တယ်။

"ဆင်းရဲနေတဲ့အခါန် ဘာမျှော်လဲ"

"ချမ်းသာတာကို မျှော်ပါတယ်ဘုရား"

"ချမ်းသာတာမျှော်တာ ဘာကိုလေ့သာလဲ"

"ရာဂကိုလေ့သာပါဘုရား"

"အေး-ဆင်းရဲတဲ့လူလဲပဲ ရာဂဖြစ်တယ်နော်—ချမ်းသာတဲ့လူလဲပဲ"

"ရာဂဖြစ်ပါတယ်ဘုရား"

ဆင်းရဲတဲ့လူ ဒေါသချည်းဖြစ်ဘာမဟုတ်ဘူး။ ရာဂလဲဖြစ်သေးတယ်။ အေး-သူကမှ နာတာဗျ။ မြားနှစ်ချက်စူးတာ။ ဆင်းရဲတဲ့ ဒုက္ခဝေဒနာနဲ့ တဲ့တဲ့ကြီး ဒေါသဆိုတဲ့ မြားကြီးတချက်။ ချမ်းသာကို လှမ်းပြီးတော့ မျှော်တဲ့အတွက် ကြောင့် ရာဂဆိုတဲ့ မြားကြီးတချက်။

"ဘယ်နှစ်ချက်စူးသလဲ"

"နှစ်ချက်စူးပါတယ်ဘုရား"

သုခဝေဒနာသမားကတော့ ရာဂမြားတချက်စူးလို့ တော်သေး။

"ဒုက္ခဝေဒနာနဲ့ မခံနိုင်တဲ့လူက ဘယ်နှစ်ချက်စူးသလဲ"

"နှစ်ချက်စူးပါတယ်ဘုရား"

တောထဲက သမင် ဒီလိုနှစ်ချက်သာမှန်၊ သေတယ်။ တရားအားထုတ်ဘဲ ယောဂီတွေတော့ မသေဘူးနော်။ အေး-ဘယ်လောက်မျှး အသက်ပြင်းတယ်ဆိုတာ။ ဒါကြောင့် ပယ်ရမှာက ဘာပါလိမ့်ဆိုရင် ရာဂနဲ့ဒေါသ၊ ဒုက္ခီ သုခံ ပတ္ထိယတိ မဖြစ်စေနဲ့နော်။ ဆင်းရဲနေတဲ့အခါန် ချမ်းသာမျှော်တယ်ဆို တာ မဖြစ်စေနဲ့။

"ချမ်းသာ မျှော်တယ်ဆိုတော့ မရသေးတဲ့ ချမ်းသာ လှမ်းမျှော်တာ မဟုတ်လား"

"မှန်ပါဘုရား"

အတီတံ နန္ဒဂဂမေယျ နာမ ပတိကခေ် အနာဂတံ။

မဇ္ဈိမနိကာယ် ၃-နှာ ၂၂၆။

အတီတံ၊ အတိတ်ကိုလဲပဲ။ နန္ဒဂဂမေယျ၊ ပြန်ပြီးတော့မလိုက်ရာ။ အနာဂတံ၊ အနာဂတ်ကိုလဲပဲ။ နာမ ပတိကခေ်၊ လှမ်းပြီးတော့ မတောင့်တရာ။

တနည်း-အနာဂတံ၊ မရောက်လာသေးတဲ့ အနာဂတ်အရေး တွေကိုလဲပဲ။ နာမ ပတိကခေ်၊ လှမ်းပြီးတော့ မမျှော်မှန်းရာ။

ဘာတွေကရတ္တသုတ်မှာ ဘုရားဟောထားတယ်။

ချစ်သားတို့၊ တရား အားထုတ်တယ်ဆိုတာဟာ အတိတ်က ချမ်းသာတာ ဖလေးတွေကိုလဲ ပြန်ပြီးတော့ မတွေးပါနဲ့တဲ့။ ယခုလောလောဆယ် ထိုင်နေယင်း ဆင်းရဲတယ်ထား။ ချမ်းသာလှချည်ရဲ့ဆိုတဲ့ အနာဂတ်ကိုလဲ လှမ်းပြီးတော့ မမျှော်ကြပါနဲ့၊ အတိတ်ဆိုတာ ဘာတဲ့တုံး။

ယဒတီတံ ပဟီနံ တံ။

အတိတ်ဆိုတာ ကုန်ခဲ့ပြီ။
"အတိတ်ဆိုတာ"
"ကုန်ခဲ့ပါပြီဘုရား"
"ကုန်ပြီဆိုတော့ ထင်ရှားရှိသေးသလား"
"မရှိတော့ပါဘုရား"

မရှိတဲ့ဥစ္စာကို တွေးနေခြင်းဖြင့် အဲဒီယောဂီပုဂ္ဂိုလ်မှာ အဝိဇ္ဇာရော တဏှာရော ဒိဋ္ဌိရော ကိလေသာတွေ တပြုံကြီး လာကယ်။ မရှိတဲ့ဥစ္စာကို အခု အနေနဲ့ စဉ်းစားနေတာဟာ ယောဂီ တရားအားထုတ်ယင်းနဲ့ အဲဒါရှုနေတာ။

နပတိကခေ် အနာဂတံ-မရောက်သေးတဲ့ အနာဂတ်ချမ်းသာလှမ်းပြီးတော့ တောင့်တ မျှော်လင့်နေပြန်ရင်လဲပဲ ပစ္စုပ္ပန်ဖြစ်ဆဲ ရုပ်တွေဟာ ကိုယ့်ကျော်သွားတယ်။ ကိုယ်မလိုက်နိုင်ဘူး ဖြစ်သွားတယ်။ ဒါ့ကြောင့် ဆင်းရဲနေခိုက် မရသေးတဲ့ ချမ်းသာ လှမ်းမမျှော်နဲ့။ ကုန်ပျောက်သွားတဲ့ အတိတ်ချမ်းသာကိုလဲ လှမ်းပြီးတော့ မမျှော်မှန်း မတောင့်တလေနဲ့။ ဘာလုပ်ရမလဲဆိုရင်—

ယဒတီတံ ပဟီနံ တံ အပတ္တဉ္ဉ အနာဂတံ။

ယံ အတီတံ၊ ယင်းအတိတ်ဆိုတာတွေကလဲပဲ။ပဟီနံ၊ပယ်ခဲ့ပြီးပြီ။ကုန်ခဲ့ပြီးပြီ။ အနာဂတံ၊ အနာဂတ်ဆိုတာကလဲပဲ၊ အပတ္တံ၊ ရောက်ပြီးတော့ မလာသေးပါ။

ကုန်တာရယ်၊ မရောက်သေးတာရယ်၊ ထင်ရှားမရှိဘူး။

"ကုန်တာရယ် မရောက်သေးတာရယ်"

"ထင်ရှားမရှိပါဘုရား"

"မရှိပါဘူးနော်။ ဝိပဿနာရှုတာက ထင်ရှားမရှိတာကို ရှုသလား၊ရှိတာကို ရှုသလား"

"ရှိတာကို ရှုတာပါဘုရား"

အတိတ်နဲ့ အနာဂတ်မရှိတာတွေ ပယ်ပစ်ခဲ့။ ဒါကြောင့်—

ဒုက္ခံ၊ ဆင်းရဲနေတယ်ဆိုရင်။ သုခံ ပတ္ထိယာတိ၊ ချမ်းသာ မျှော်တယ်ဆိုတာ မလုပ်ရဘူး။

"တရားအားထုတ်ယင်းနဲ့ ချမ်းသာတာ မျှော်ရမှာလား"

"မမျှော်ရပါဘုရား"

လောလောဆယ် ရောက်ခိုက် ရောက်ခိုက် ကိုယ့်မျက်မှောက် ရောက်ရောက်လာတဲ့ ဆင်းရဲပဲဖြစ်ဖြစ်၊ ချမ်းသာပဲဖြစ်ဖြစ် ပစ္စုပ္ပန်တဲ့တဲ့ ပေါ်လာခိုက်ကို အကုန်ရှုပစ်လိုက်ရင် ဒီအလုပ်ပဲ၊ သဘောကျနော်။

သူဆွံ့ ပုခက်လဲသလို

အေး-ဘုန်းကြီးတို့ပြောတဲ့ ဥပမာတွေရှိသားပဲ။ခြေထောက်နှစ်ဖက် မသယ်နိုင်လို့ အောက်ပိုင်းသေနေတဲ့ သူဆွံ့ဆိုတဲ့ ပုဂ္ဂိုလ်တယောက်ဟာ ကလေးပုခက်လဲတော့ ဘယ်နှယ်လုပ်တုံးဆိုတာ ကြည့်လိုက်စမ်း။ ပုခက်လဲနေတဲ့ သူဆွံ့ဟာ ထလဲမသွားနိုင်တော့ တိုင်လေးတတိုင် မှီပြီးတော့ထိုင်၊ ပုခက်ကလေး လက်နဲ့ တွန်းလိုက်တဲ့အချိန် ပုခက်ဟာ အခြားတဖက်ကို လွှင့်သွားတယ်။ ပြီးတော့ အရှိန်နဲ့ပြန်လာ၊ သူ့ရှေ့ဖြတ်ပြီးတော့ အခြားတဖက်ကို ပြေးပြန်တယ်။

ကြည့်စမ်း။ တိုင်မှီပြီးထိုင်နေတဲ့ အောက်တပိုင်းသေနေဘဲ့ သူ့အနားမှာ ပုခက်လေးဟာ ရှေ့တဲ့တဲ့က ဖြတ်ဖြတ်ပြေးပြီးတော့ သူ့ကို လာဝဲတဖက် လွှန်သွားလိုက်၊ လာယာတဖက် လွှန်သွားလိုက်၊ ရှေ့တဲ့တဲ့ရောက်လာလိုက်။

"ဒီလိုမနေဘူးလား"

"နေပါတယ်ဘုရား"

ဒါဖြင့်ရင်-ငြိမသယ်နိုင် ကိုယ်မသယ်နိုင်တဲ့ သူဆုံဟာ ပုခက်လွဲတော့မယ် ကြံတော့-

"ဝဲဘက်ယာဘက် ပြေးတဲ့ပုခက်ဓနာက်ကို လျှောက်လိုက်သေးသလား"

"မလိုက်ပါဘုရား"

"သူရွေ့တဲ့တဲ့ရောက်ရောက်လာတဲ့ပုခက်ကို လက်နဲ့ဖမ်းဖမ်း-ဖမ်းဖမ်း-တွန်းလိုက်တယ်မဟုတ်လား"

"မှန်ပါဘုရား"

နွေ့တဲ့တဲ့ရောက်လာတိုင်း ရောက်လာတိုင်းသော ပုခက်ကို လက်နဲ့ ဖန်းဖန်းတွန်းလိုက်သလို တို့ယောဂီများရဲ့ ဉာဏ်ထဲမှာ ပေါ်လာတဲ့ရုပ်၊ ပေါ်လာဘဲ့ ပေဒနာ။ အဲဒီဥစ္စာကို ဉာဏ်ဆိုတဲ့လက်ကဒလေးနဲ့ တို့ယောဂီများ ဖမ်းဖမ်းပြီးတော့ နှိပ်နှိပ်ခေးပါ။

ဝေဒနာဆိုရင် ပေါက်ကဲ့ပြီးတော့ သွားလိမ့်မယ်။ ဒုက္ခဝေဒနာလဲ ပေါက်ကဲ့သွားတာပဲ။ ရေပူဖောင်းလေးတလုံး သုခဝေဒနာဆိုတာလဲ ပေါက်ကဲ့သွားတာပါ။

"ရေပူဖောင်းလေးတခုပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

ပေါက်ကဲ့ပျက်စီးမှုမှန်သမျှ အာလုံးဒုက္ခချည်းပဲလို့ တသားတဲမြင်လိုက်ရင်-

"ဆန္ဒရာဂ လာအုံးမလား"

"မလာတော့ပါဘုရား"

ဆန္ဒရာဂ ဝိနယော-ဆန္ဒရာဂ ပယ်လိုက်ပြီ။

ဆန္ဒရာဂပဟာနံ-ဆန္ဒရာဂ ပယ်ဖျောက်လိုက်ပြီ၊ ဆန္ဒရာဂပယ်နိုင်ရင်—

နိဿရဏ-ဝေဒနာက လွတ်မြောက်တယ်ခေါ်တယ်။

ကိုင်း—ဒီတော့ ယခုပြောခဲ့တဲ့စကားတွေကို ဘုန်းကြီးတို့ယောဂီများ ခွဲပြီး၊ တော့ကောက်နုတ်ချက်ချ။ ဝေဒနာဘာကြောင့် ဖြစ်ဟုံးဆိုရင် ရုပ်ကြောင့်ဖြစ်ယ်လို့ အတိုချုပ်မှာ်။ ထင်းပုံကြီးရှိရင် မီးတောက်သလို ပထဝီ၊ တေဇော၊ ဝါယောနဲ့ ကာယ ထိခိုက်နေကြသမျှ ခံစားမှုဆိုတာတွေ လာလိမ့်မယ်။

ထိခိုက်မှုကို စိုက်ရှုနေရင် ရုပ်ကိုရှုတာဖြစ်ဘယ်။ ခါးထဲနာလှချည်ရဲ့ နာတာငဲ့နဒုက္ခ။ နာတာ ဘာကြောင့်လဲ၊ထိခိုက်မှုကြောင့် နာတာ။ ဘယ်သူနဲ့ ဘယ်သူထိခိုက်သလဲ စိစစ်လိုက်ကြရင်—

“ခါးထဲမှာ ကာယာနုပဿနာ မရဘူးလား”
“ရပါတယ်ဘုရား”

ထိခိုက်မှုကြောင့် ဖြစ်လာတဲ့ ခံစားချက်တွေ၊ ဆင်းရဲတာတွေ၊ ချမ်းသာတာတွေကို လိုက်ရှုလိုက်ရင်—

“ဝေဒနာနုပဿနာ မရဘူးလား”
“ရပါတယ်ဘုရား”

ရသွားတယ်နော်။

ဝေဒနာ့ပဇာနာတိ-ဝေဒနာဆိုတဲ့ ခံစားချက်ရေပူဖောင်းကလေးတွေကိုလဲ သိတယ်။

ဝေဒနာသမုဒယဉ္စ-အဲဒီဝေဒနာတွေ ဖြစ်ပေါ်လာခြင်းရဲ့အကြောင်း ရုပ်တို့ရဲ့ ထိခိုက်မှုဆိုတာကိုလဲပဲ ခါးထဲ၊ ပေါင်ထဲ၊ ရင်ထဲ၊ ဝမ်းတဲမှာ သိတယ်။

ပေါင်ခါး ရင်ဝမ်းဆိုတာတွေကိုတော့ ဖယ်ပစ်ခဲ့။ သဏ္ဌာန်တရုပ် ပညတ်တွေကို ဖယ်ထားခဲ့။

ဝေဒနာသမုဒယဉ္စ-အဲဒီဝေဒနာရဲ့အကြောင်းလို့ခေါ်တဲ့ ကာယနဲ့ ဖောဋ္ဌဗ္ဗထိခိုက်တဲ့ သဃ်ဠန ရုပ်တို့ရဲ့သဘောကိုလဲပဲ။ ပဇာနာတိ၊သိပြီ။

ဒီကနေ့ ဘုန်းကြီးတို့ယောဂီများရဲ့ ရှုကွက်ဟာ နှစ်မျိုးဖြစ်သွားပြီနော်။ ကာယနဲ့ ဝေဒနာ တခုခုပဲ။ ကာယကို ရှုမယ်ဆိုရင် ထိခိုက်ရာမှာ ရုပ်တွေကို ခွဲရှု။ ခါးနာတယ်၊ပေါင်နာတယ်၊ ရင်နာတယ်၊ဗိုက်နာတယ်၊ခေါင်းကိုက်တယ်၊ အဲဒီနေရာမှာ ထိခိုက်တဲ့သဘော ရုပ်သုံးမျိုးခွဲပြီးတော့ ရှုနော်။ ဒီရုပ်သုံးမျိုးသွားထိခိုက်နေတဲ့ ကာယနဲ့ပေါင်းရင် ရုပ်လေးမျိုး၊ အတွေ့ထင်ရှား ရုပ်တရားလေးပါးပဲ၊ ပေါင်ကိုက်လဲ ဒီအတိုင်းပဲ။

“အဲဒီထိခိုက်ရာမှာ ပေါ်လာတဲ့ ဆင်းရဲချမ်းသာကို တို့ယောဂီများ စိုက်ရှုရင် ဝေဒနာ မနေဘူးလား”
“နေပါတယ်ဘုရား”
“အေး-ရှုကွက်ဟာ ကာယရော ဝေဒနာရော ရပြီနော်။
“ရပါပြီဘုရား”

ဝေဒနာနဲ့ ဝေဒနာရဲ့ သမုဒယကို ပိုင်အောင်ရှု

ဒါကြောင့်—

ဝေဒနာ၊ ဝေဒနာကိုလဲပါ။ ပဇာနာတိ၊ ဆင်းရဲချမ်းသာ ခံစားရတယ်ဆို တာကို သိပစေ။

ဝေဒနာသမုဒယဉ္စ၊ ဒီဝေဒနာရဲ့ အကြောင်းဖြစ်နေတဲ့ သဃ်ဠာန ထိခိုက် ကယ်ဆိုတဲ့ ရုပ်ဓာတ်းတို့ရဲ့ သဘောကိုလဲ။ ပဇာနာတိ၊ သိပါစေလေ။

"ဝေဒနာသိပြီ၊ ဝေဒနာသမုဒယသိပြီ၊ ဘယ်နှစ်ချက်သိလိုက်"
"နှစ်ချက်ပါဘုရား"

သမုဒယဆိုတာ သစ္စာပိုင်းကျရင်တော့ လွယ်သွားပြီပေါ့။
"ဒုက္ခသစ္စာ၊ သဲမုဒယသစ္စာ၊ နိရောဓသစ္စာ မဂ္ဂသစ္စာ မပြောဘူးလား"
"ပြောပါတယ်ဘုရား"

ခံစားတယ်ဆိုတဲ့ ဆင်းရဲချမ်းသာဟာ အကျိုးမိုလို့ သူက ဒုက္ခသစ္စာ။ ဒီအကျိုးဒုက္ခသစ္စာဘာကြောင့် လာသလဲ။ ထိခိုက်မှုကြောင့် လာတယ်။ ထိခိုက် မှုဆိုတဲ့ သဃ်ဠာနသဘောတွေက သမုဒယသစ္စာ။ ဝေဒနာမှန်းသိတယ်၊ ထိခိုက် တယ်ဆိုတဲ့ ရုပ်တွေကိုသိတယ်။ သိတယ်ဆိုတဲ့ ဒီဉာဏ်က မဂ္ဂသစ္စာ။ သိတာနဲ့ တပြိုင်နက်တဲ့ ဆန္ဒရာဂလွတ်ထွက်သွားတယ်ဆိုတာက နိရောဓသစ္စာ။

"သစ္စာဘယ်နှစ်မျိုးရသလဲ"
"လေးမျိုးရပါတယ်ဘုရား"

အဲဒီလိုသိရင် တို့ယောဂီများရဲ့ဉာဏ်ဟာ သမ္မာဒိဋ္ဌိခေါ်တယ်။ ဒီသမ္မာဒိဋ္ဌိ ဉာဏ်ရအောင် ဝေဒနာနဲ့ ဝေဒနာသမုဒယကို ပိုင်အောင်ရှုနော်။ နိရောဓ၊ မဂ္ဂ ဆိုတာကတော့ အလုပ်ထဲ အလိုလိုဝင်တယ်။ ဝေဒနာနဲ့ ဝေဒနာ သမုဒယ ဒီနှစ်ခု ပိုင်အောင် ရှုရမယ်။

ခါးနာတယ်၊ ကိုင်း-ရှုကြစို့၊ နာတာ ဆင်းရဲတယ်ဆိုတဲ့ အကျိုးတရား၊ ဒီနာတာ ဘာကြောင့်ဖြစ်သလဲ။ ထိခိုက်ကယ်ဆိုတဲ့ အကြောင်းတရား၊ ထိခိုက် ဟာတွေ့ ထပ်စစ်လိုက်ရင် ရုပ်တွေ့ချည်း ပေါ်လာပြီ။ ဒါကိုပြောပြီးသား။ ဆင်းရဲချမ်းသာဆိုတာတွေ့ကို ကြည့်ပြီးတော့သွားရင် တို့ယောဂီများ ဝေဒနာ ဆိုတဲ့ အကျိုးပေါ်လာပြီနော်။

အဲဒီတော့ ထိခိုက်တဲ့ရုပ်ဟာ သမုဒယသစ္စာ။ပေါ်လာတဲ့ ဆင်းရဲချမ်းသာက ဒုက္ခသစ္စာ။ ချမ်းသာတာလဲ ဒုက္ခသစ္စာဆိုတော့ နားမရှုပ်နဲ့နော်။ ချမ်းသာတဲ့ ဒုက္ခသစ္စာဟာ ဝိပရိဏာမ ဒုက္ခဆိုတဲ့အကြောင်းကို ထပ်ကာထပ်ကာ ပြောပြီးသားနော်။ဘယ်ချမ်းသာပဲဖြစ်ဖြစ် ဝေဒနာနဲ့ခံစားတဲ့ ချမ်းသာမှန်ရင် အကုန်လုံး ဝိပရိဏာမ ဒုက္ခချည်းပဲ။ ဖောက်ပြန်ပျက်စီးတဲ့တနေ့ သူတို့ ဆင်းရဲတာ၊ တသားတဲ့ သဘောကျမှ ကောင်းတယ်။

အဲဒီလိုဆိုရင် ဘုန်းကြီးတို့ ယောဂီများ၊
ဝေဒနဒုဿ ပဇာနာတိ-ဝေဒနာဆိုတဲ့ အကျိုးဒုက္ခသစ္စာကိုလဲ သိပြီ။
ဝေဒနာသမုဒယဿ၊ ဝေဒနာရဲ့အကြောင်း သမုဒယလို့ခေါ်တဲ့ ကာယနဲ့ ဖောဋ္ဌဗ္ဗ ထိခိုက်တယ်ဆိုတဲ့ ရုပ်တို့ရဲ့အကြောင်းကိုလဲပဲ။ ပဇာနာတိ၊ သိ၏။
“ဘယ်နှစ်ချက်သိရပြီလဲ”
“နှစ်ချက်သိရပါပြီဘုရား”

အယ ဝုစ္စတ ဘက္ခဝေ သမ္မာဒဋ္ဌိ။

အဲဒီအသိဉာဏ်မျိုးကို သမ္မာဒိဋ္ဌိ အသိဉာဏ်မျိုးလို့ ခေါ်တယ်။
“ဘာတဲ့တုံး”
“သမ္မာဒိဋ္ဌိအသိဉာဏ်ပါဘုရား”
အဟေတုက ဒိဋ္ဌိလဲ ကင်းသွားပြီ။
“ဘာဒိဋ္ဌိကင်း”
“အဟေတုက ဒိဋ္ဌိကင်းသွားပါတယ်ဘုရား”

ဝေဒနာဟာ အကြောင်းမရှိပဲနဲ့ ဖြစ်တယ်။ သူ့အလိုလို သူဖြစ်တယ်ဆိုတဲ့ အဟေတုကဒိဋ္ဌိလဲ ကင်းသွားတယ်။ထိခိုက်မှုကြောင့်ဖြစ်တာ၊အကြောင်းနှားလည်းတော့ အဟေတုကဒိဋ္ဌိလဲ ကင်းရော။ ဒီထိခိုက်မှုဆိုတာ မှန်ကန်တဲ့အကြောင်းကို သိတာမို့လို့ ဝိသမဟေတုကဒိဋ္ဌိလဲ ကင်းသွားတယ်။ မမှန်တဲ့အကြောင်းမဟုတ်ပဲ တကယ့်ကို အမှန်ဖြစ်နေတဲ့ အကြောင်းကို နားလည်တာ ဝိသမဟေတုကဒိဋ္ဌိ။ အကြောင်းကို တကယ်ပိုင်လို့ အဟေတုကဒိဋ္ဌိရှင်းသွားတယ်နော်။

ခံစားလိုက်ရတယ်ဆိုတာဟာ သြော်-ငါခံစားရတာမှ.မဟုတ်ပဲ။ ဝေဒနာစေတသိက်က ခံစားသွားတာ ခံစားမှုကို သိတယ်။ ဆင်းရဲမှုကို သိတယ်။ ထိခိုက်မှုကို သိတယ်။ သိတယ်ဆိုတာက ယောဂီက သိလိုက်ရတာမဟုတ်ဘူး။

ဝိညာဉ်နဲ့ ဉာဏ်တို့တွဲပြီးတော့ သိကြတယ်။အဲဒါကို စိတ္တာနုပဿနာပိုင်းရောက်မှ ရှင်းမယ်။ ခံစားကြတယ်ဆိုတာက ဝေဒနာက ခံစားတာ။ ထိခိုက်နေတယ်ဆိုတာက ရုပ်တရားတွေ။

“ရုပ်ရယ် ဝေဒနာရယ် ဝိညာဉ်ရယ် ယှဉ်မသွားဘူလား”
“ယှဉ်သွားပါတယ်ဘုရား”

ဒီတော့-ယောဂီတွေရဲ့ သန္တာန်မှာ ဘာဖြစ်သွားဘုံးဆိုရင် အတ္တဒိဋ္ဌိတခါတဲ့ ကင်းသွားတယ်နော်။ စောစောကတော့ ငါခံရတယ်၊ ငါသိတယ်၊ ငါထိတယ် ဒီလိုချည်းဖြစ်နေတာ။ သေသေချာချာဖော်လိုက်တော့ ထိတာက ရုပ်၊ခံစားရတာက ဝေဒနာ၊ သိတာက ဝိညာဉ်။ ဒဲ့ဒီလို ခွဲခြမ်းစိစစ်လိုက်တဲ့အတွက်ကြောင့်—

ဝိညာဏံ နာ အတ္တာတော သမနုပဿတိ။
ဝိညာဉ်ကိုလဲ အတ္တလို့ မလုပ်တော့ဘူး။

ဝေဒနံ နာ အတ္တာတော သမနုပဿတိ။
ဝေဒနာကိုလဲ အတ္တလို့ မလုပ်တော့ဘူး။

ရုပံ နာ အတ္တာတော သမနုပဿတိ။
ရုပ်ကိုလဲ အတ္တလို့ မလုပ်တော့ဘူး။
“အတ္တာမလုပ်တော့ရင် အနတ္တတခါတဲ့ မလာဘူးလား”
“လာပါတယ်ဘုရား”

အေး—အတ္တာဒိဋ္ဌိကိုဖယ်ပိုက်တဲ့ သမ္မာဒိဋ္ဌိဉာဏ်၊ အဟေတုကဒိဋ္ဌိကို ဖယ်လိုက်တဲ့ သမ္မာဒိဋ္ဌိဉာဏ်၊ ဒီသမ္မာဒိဋ္ဌိ ဘယ်သွားမလဲ။

“အပါယ်သွားမလား၊ နိဗ္ဗာန်သွားမလား”
“နိဗ္ဗာန်သွားမှာပါဘုရား”
ဘုန်းကြီးတို့ ဒါရုက္ခန္ဓောပမ သုတ္တန်ကြီးထဲမှာ ပါတယ်မဟုတ်လား။

နိဗ္ဗာနနိန္နာ ဘိက္ခဝေ သမ္မာဒိဋ္ဌိ နိဗ္ဗာနပေါဏာ နိဗ္ဗာနပဗ္ဘာရာတိ။
သံယုတ္တနိကာယ-သဠာယတနဝဂ္ဂသံယုတ်ပါဠိ-ဒါရုက္ခန္ဓောပမသုတ်-၃၈၇။
ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သမ္မာဒိဋ္ဌိ၊ အမှန်ကိုသိဘဲ့ သမ္မာဒိဋ္ဌိဆိုတဲ့ တရားသည်။

သတ္တဝ !မရှိ၊ရုပ်သာလျှင်ရှိတယ်။ထိခိုက်တယ်ဆိုတဲ့ ရုပ်တွေသာလျှင်ရှိတယ်။ ခါးနာတယ်ဆိုတဲ့ နေရာ သတ္တဝါမရှိဘူး၊ ရုပ်တရားတွေထိခိုက်လို့ နာနေတယ်။ အဲဒီနာတာတွေကို ခံစားရတယ်ဆိုတာက ဝေဒနာက ခံစားရတာလို့ သိတာ။ နာတာရယ်၊ခံစားရတာရယ်၊ ရုပ်တရားရယ်။ ဒီသဘောတရားတွေကို သိဆိုတာက ပညာနဲ့တွဲနေတဲ့ ဝိညာဉ်က သိတာလို့။

သမ္မာဒိဋ္ဌိ၊ အမှန်အတိုင်း မြင်လာတဲ့ ဒီအသိဉာဏ်ကလေးသည်။ နိဗ္ဗာန နိန္နာ၊ နိဗ္ဗာန်ကို ညွတ်သည်။ နိဗ္ဗာနပေါဏာ၊ နိဗ္ဗာန်ကို ကိုင်းသည်။ နိဗ္ဗာန ပဗ္ဘာရာ၊ နိဗ္ဗာန်ကိုဦးတည်၍နေသည်။ ဟောတိ၊ ဖြစ်ပါလေ၏။

ကတိ၊ ကျိသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ အဝေါစ၊ ကရဏာရှေထား မေတ္တာအားဖြင့် ဟောကြားတော်မူလိုက်ပါပေသတည်း။

"သာဓု—သာဓု—သာဓုပါဘုရား"

ကောင်းပြီ၊လုပ်ငန်းစလိုက်တဲ့အခါ နာတယ်၊ကျဉ်တယ်၊ထုံတယ်၊ကိုက်တယ် ဆိုတဲ့နေရာမှာ—

(၁) ရုပ်တရားတို့ရဲ့ သဘောများ ထိခိုက်ပုံကို ခဲ့ပြီးတော့ ရှုတဲ့နည်းတခု ရှိပါတယ်။

(၂) ထိခိုက်မှုကြောင့် ပေါ်လာတဲ့ ဆင်းရဲချမ်းသာကို ရှုတာက တခု ရှိပါတယ်။

(၃) ထိခိုက်ရာမှာ သိဆိုတဲ့ ဘုန်းကြီးတို့ယောဂီများရဲ့ စိတ်ကလေးရှိပါ တယ်။

အေး—စိတ်ဆိုတဲ့ ရှုကွက်တော့ အသာထားအုံး။ ထိခိုက်တိုင်း ထိခိုက်တိုင်း ပေါ်လာတဲ့ ခါးနာတယ်၊ပေါင်နာတယ်၊ရင်နာတယ်။ တကိုယ်လုံး ဘယ်ကပဲ နာနာ ပေါ်လာတဲ့ ကာယိကဒုက္ခတွေထဲမှာ ရုပ်တရားကွေကို ခဲ့ပြီးတော့ရှုပါ။ နှာခေါင်းတွင် မဟုတ်တော့ဘူး။ တကိုယ်လုံးရုပ်တွေဟာ တသားတဲ့ သွားနေ ပြီနော်။

နောက်တခါ ထိခိုက်တဲ့ရုပ်သဘောတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ဆင်းရဲချမ်း သာကိုလဲပဲ ဝေဒနာအနေနဲ့ ရှုနိုင်ပါတယ်။

"ဘုန်းကြီးတို့ယောဂိများ ရှုကွက်ဟာ ဒီလိုထွက်လာတယ်၊ ဟုတ်လား"
"မှန်ပါဘုရား"

အေး- ဒီကနေ့ကစပြီးတော့ ယခုပြောတဲ့ ဟောတဲ့ ဟောကွက်ကစပြီးတော့ ရှုပ်ဆိုတဲ့ ကာယရယ်၊ ပထဝီ၊ တေဇော၊ ဝါယောရယ်။ အဲဒါတွေခဲ့ပြီးတော့ နာတဲ့နေရာမှာလဲ ရှုနိုင်ကြတယ်။ နောက်တခါ နာတာကို ခံရတယ်ဆိုတဲ့ ဝေဒနာကိုလဲ ရှုနိုင်ကြတယ်။ ဘုန်းကြီးတို့ယောဂိများ ဝေဒနာနုပဿနာနဲ့ ကာယာနုပဿနာ။ အဲဒီလိုကြိုက်ရာကို ရှုနိုင်ခွင့်ရှိပြီ။

ဝေဒနာ ၃-မျိုး

တိဿော ဣမာ ဘိက္ခဝေ ဝေဒနာ၊ ကတမာ တိဿော၊ သုခါ ဝေဒနာ ဒုက္ခာဝေဒနာ အဒုက္ခမသုခါ ဝေဒနာ။

သံယုတ္တနိကာယ-သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်-ဒဋ္ဌသုတ်-၄၀၉။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ဝေဒနာ၊ ဝေဒနာတရား တို့သည်ကား။ဣမာ တိသော၊ဤသုံးမျိုးတို့ပါပေတည်း။ ကတမာ တိသော၊ အဘယ်သုံးမျိုးတို့နည်း ဟူမူကား။

သုခါဝေဒနာ၊ သုခဝေဒနာလည်းကောင်း။ဒုက္ခာဝေဒနာ၊ ဒုက္ခဝေဒနာလည်းကောင်း။ အဒုက္ခမသုခါ ဝေဒနာ၊ ဒုက္ခသုခနှစ်ပါးမှ အလွတ်ဖြစ်နေတဲ့ ဥပေက္ခာဝေဒနာလည်းကောင်း။ ဣမာ တိသော၊ ဤသုံးမျိုးတို့ပါပေတည်း။

သုခဝေဒနာ၊ ဒုက္ခဒေဒနာ၊ သုခမှလဲလှတ် ဒုက္ခမှလဲလှတ်နေတဲ့ဥပေက္ခာဝေဒနာ၊ ဒီလို ဝေဒနာတရားသုံးမျိုးရှိတယ်။ အဲဒီလို ဝေဒနာသုံးမျိုးရှိရင် ယောဂိရဲ့ သန္တာန်မှာ သုံးမျိုးသော ဝေဒနာ တခုခုဖြစ်ရင် ဖြစ်လာမှန်း သိအောင် အားထုတ်ရမယ်ဆိုတာ မဟာသတိပဋ္ဌာန်သုတ်မှာ ဟောပြီးသား ရှိတယ်။

သုခံ ဝါ ဝေဒနာ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ အဒုက္ခမသုခံ ဝါ ဝေဒနံ ဝေဒယမာနော အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

မဇ္ဈိမနိကာယ-မူလပဏ္ဏာသပါဠိတော်-မဟာသတိပဋ္ဌာနသုတ်-၃၅။

သုခံ၊ ချမ်းသာခြင်းဟု ဆိုအပ်သော။ ဝေဒနံ၊ ဝေဒနာကို။ ဝေဒယမာနော၊ခံစားရသည်ရှိသော်။သုခံ ဝေဒနံ၊ သုခဝေဒနာကို။ ဝေဒယာမီတိ၊ခံစားနေရတယ်လို့။ ပဇာနာတိ၊ သိအောင်လုပ်ပါ။

ဒုက္ခံ ဝါ ဝေဒနံ၊ ဒုက္ခဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားရသည်ရှိသော်။ ဒုက္ခံ ဝေဒနံ၊ ဒုက္ခဝေဒနာကို။ ဝေဒယာမီတိ၊ ခံစားရတယ်လို့။ ပဇာနာတိ၊ သိအောင် ရှုပါ။

အဒုက္ခမသုခံ ဝါ ဝေဒနံ၊ ဒုက္ခသုခအလွတ် ဖြစ်နေတဲ့ ဥပေက္ခာ ဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားရမယ်ဆိုရင်။ အဒုက္ခမသုခံ ဝေဒနံ၊ ဥပေက္ခာဝေဒနာကို။ ဝေဒယာမီတိ။ ခံစားရတယ်လို့။ ပဇာနာတိ၊ သိအောင်ရှုပါ။

မဟာသတိပဋ္ဌာနသုတ္တန်က သုခဖြစ်ရင် ဖြစ်မှန်းသိပစေ၊ဒုက္ခဖြစ်ရင် ဖြစ်မှန်းသိပစေ၊ သုခဒုက္ခက အလွတ်ဖြစ်နေရင်လဲပဲ သုခဒုက္ခကလွတ်နေတယ်လို့ သိပစေတဲ့။ ခံစားမှုနဲ့ ပတ်သက်လို့ သုံးချက် ပါဠိတော်က သိအောင်ပြောထားတယ်။ ရှုကွက်ကို ဖော်ပြီးတော့ ပေးထားတယ်။

ဒီကနေ့မနက်ပိုင်းက ဘုန်းကြီးတို့ ယောဂီများကို ဝေဒနာရဲ့ အကြောင်းတရားများ ဝေဒနာရဲ့ တည်ရာမှီရာများကို ပြောခဲ့တယ်။ ဝေဒနာ သိအောင် ရှုဆိုလို့ရှိရင် ဝေဒနာရဲ့ အကြောင်းနဲ့တကွ တဲ့ပြီးတော့ သိအောင်ရှုလို့ သမ္မာဒိဋ္ဌိသုတ္တန်နဲ့ ယခု မဟာသတိပဋ္ဌာနသုတ္တန်တို့ စပ်လိုက်တဲ့ အခါကျတော့၊ ပါဠိတော်နှစ်ခု စပ်လိုက်တဲ့ အခါကျတော့ အဓိပ္ပာယ်စုံသွားတယ်။

မဟာသတိပဋ္ဌာန်သုတ္တန်ထဲမှာတော့-

သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

ချမ်းသာမှုကို ခံစားရရင် ချမ်းသာတယ်လို့သိရုံပဲ။ ဒါလောက်ပဲ ပါဠိတော်အရ ဟောတယ်။ သမ္မာဒိဋ္ဌိသုတ္တန်ထဲ ကြည့်လိုက်တော့-

ဝေဒနာ ပဇာနာတိ၊ ဝေဒနာသမုဒယဉ္စ ပဇာနာတိ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသပါဠိ-သမ္မာဒိဋ္ဌိသုတ်-၉၂။

ဝေဒနာ ဖြစ်ရင် ဖြစ်မှန်းသိ။ ဒီဝေဒနာ ဘာကြောင့် ဖြစ်တယ်။ ဘာမို့ ဖြစ်တယ်ဆိုတာကို သိဖို့ရန် နှစ်ချက်အခြေခံပေးထားတယ်။ ဆင်းရဲတယ်ဆိုတဲ့ ယောဂီများ ဒီဆင်းရဲတာ ဘာမို့ဖြစ်သလဲ သိဖို့လိုအပ်တယ်။ ဒီဆင်းရဲမှု ဘာကြောင့် ဖြစ်သလဲ သိဖို့လိုအပ်တယ်။

ရေပူဖောင်းလေးတခု ပေါ်လာရင် ဒီရေပူဖောင်းလေး ဘာကြောင့် ဖြစ်သလဲ သိဖို့ရန်လိုအပ်သလို ဝေဒနာဆိုတဲ့ ရေပူဖောင်းလေးတခု၊ ရေပွက်ကလေး တခုတခုပေါ်လာရင် ရေပွက်ကလေးနဲ့ တူတဲ့ ဝေဒနာနဲ့ တည်ရာမှီရာ ဖြစ်တဲ့ ရုပ်တရားကိုလဲပဲ သိဖို့လိုတယ်။

ဥပ္ပန္နော ဒေါမျာယံ ဝေဒနာ။

ငါ့ ဝေဒနာဖြစ်ပြီ။

ပဋိစ္စ နော ပဋိစ္စ။

ဟောဒီ ဝေဒနာဟာ မှီရာရှိလို့ ဖြစ်သလား၊ မှီရာမရှိပဲနဲ့ ဖြစ်သလား၊ စစ်လိုက်။

ကာမမေ၀ ကာယံ ပဋိစ္စ ဥပ္ပဇ္ဇတိ။

ဟောဒီကာယမှီပြီးတော့ ဖြစ်တယ်။

"ဝေဒနာ ဘာမှီဖြစ်သလဲဆိုရင်"

"ကာယမှီပြီးတော့ ဖြစ်ပါတယ်ဘုရား"

အေး—ဟုတ်ပြီ၊ ကာယမှီပြီးတော့ ဖြစ်တယ်။ ကာယကို ရှုလိုက်တော့—

အယံ ခေါ် ပန ကာယော အနိစ္စော ဒုက္ခော သင်္ခတော ပဋိစ္စ သမုပ္ပန္နော ၀ပရုဏ္ဍာမဓမ္မော။

အယံ ခေါ် ပန ကာယော၊ ဟောဒီကာယကြီးဟာလဲပဲ။ အနိစ္စော၊ မြဲတဲ့ ကာယမဟုတ်။ဒုက္ခော၊ဆင်းရဲတဲ့ကာယကြီးပဲ။ သင်္ခတော၊ သင်္ခတတရားကြီးပါ။ ပဋိစ္စသမုပ္ပန္နော၊အကြောင်းကို စုံပြီးတော့ဖြစ်နေတဲ့ ကာယကြီးပါ။ ၀ိပရိဏာမဓမ္မော၊ ဖောက်ပြန်ပျက်စီးနေတဲ့ ကာယကြီးပါ။

ကာယကိုက ဘာဖြစ်နေသလဲ အနိစ္စကာယ။

"ကာယကြီးက ဘာကာယလဲ"
"အနိစ္စကာယကြီးပါဘုန်း"
ဒီကာယကြီးကိုက ဒုက္ခကာယ။
"ကာယကိုက"
"ဒုက္ခကာယပါဘုရား"

ပကတိ ဒီကာယကိုယ်ဌ်က အနိစ္စဖြစ်နေတဲ့ကာယ၊ ဒုက္ခဖြစ်နေတဲ့ကာယ၊ ဝိပရိဏာမဖြစ်နေတဲ့ ကာယ၊ ကာယဆိုတာ ရုပ်အစုအပေါင်း၊ ပြောပြီးသား နော်။

"ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ ဒီရုပ်တွေ စုပေါင်းထားတာကို ဘာ ခေါ်သလဲ"
"ကာယလို့ ခေါ်ပါတယ်ဘုရား"

ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ ဒီကာယကြီးကိုယ်တိုင်က အနိစ္စရှိတယ်။ ဒုက္ခရှိတယ်။ ဝိပရိဏာမရှိတယ်။

"မရှိဘူးလား"
"ရှိပါတယ်ဘုရား"
"ကာယကို မှီဖြစ်လာတဲ့ ဒီဝေဒနာကကော အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမက လွတ်နိုင်ပါ့မလား"
"မလွတ်နိုင်ပါဘုရား"
တို့ယောဂီများ ပူတာဟာ ဆင်းရဲသလား၊ ချမ်းသာသလား"
"ဆင်းရဲပါတယ်ဘုရား"
ပူဘာဆင်းရဲတော့ အေးတာလေး မမျှော်ဘူးလား
"မျှော်မိပါတယ်ဘုရား"
"အခုအေးလာပြီ၊ တို့ယောဂီများ ချမ်းသာသေးသလား"
"မချမ်းသာပါဘုရား"
"ရုန်းရင်းဆန်ခတ် တော်တော်ဒုက္ခများတယ် မဟုတ်လား"
"မှန်ပါတယ်ဘုရား"
"အေး-မရမျှော်နဲ့"
ဒုက္ခီ သုခံ ပတ္ထိယတိ-တဲ့။

ဆင်းရဲတယ်ဆိုပြီးတော့ ချမ်းသာမှုလေးကို တောင့်တကြတယ်။ ပူတဲ့ရူပ် ဆင်းရဲတယ်ထင်ပြီးတော့ အေးတဲ့ရူပ်ကို တောင့်တတယ်။ ပူတဲ့ရူပ် ဆင်းရဲတယ်လို့ သဘောကျ၊ အေးရူပ်ကို တောင့်တတော့—

"ပူရူပ်ကလဲပဲ မီဥနတဲ့၊ နှိပ်စက်တဲ့သဘော မရှိဘူးလား"
"ရှိပါတယ်ဘုရား"
"ပူလို့ ဆင်းရဲလို့ကတာ၊ အပူဒုက္ခတွေနဲ့ မဆင်းရဲဘူးလား"
"ဆင်းရဲပါတယ်ဘုရား"

ဆင်းရဲတယ်ဆိုတဲ့ ဒီဒုက္ခဝေဒနာဟာ ပူတဲ့ တေဇောကာယကြောင့် ဖြစ်တာ။ ပူတယ်ဆိုတဲ့ ဘေဇောကာယဟာ နှိပ်စက်လှချည်ရဲ့ ဆင်းရဲလှချည်ရဲ့ဆိုတဲ့ ဒုက္ခဝေဒနာရဲ့ တည်ရာ။

ခါးထဲက ပူ။

(၁) ပူတာက တေဇောရူပ်။
(၂) အပူနှိပ်စက်လို့ ဆင်းရဲလှချည်ရဲ့ဆိုဘာက ဝေဒနာ။
"နှစခုမဟုတ်လား"
"ဟုတ်ပါတယ်ဘုရား"

ဝေဒနာဟာ ကာယကို မှီပြီးတော့ ဖြစ်တာ။ ကာယကို စိုက်ပြီးတော့ ရှုရင်—

"ဝေဒနာဟာ အလိုလို မပြီးဘူးလား"
"ပြီးပါတယ်ဘုရား"

အနိစ္စကာယကို မှီရတဲ့ ဝေဒနာ နိစ္စမဖြစ်နိုင်

ဣမ မေဝ ကာယံ ပဋိစ္စ ဥပ္ပန္နာ(သုခါ ဒုက္ခာ အဒုက္ခ မသုခါ) ဝေဒနာ ကုတော နိစ္စာ ဘဝိဿတိ။

သံယုတ္တနိကာယ- သဠာယတနဝဂ္ဂသံယုတ္တ ပါဠိ- ပထမဓေလညသုတ်-၄၁၃။

ဣမ မေဝ ကာယံ၊ ဤကာယကို။ ပဋိစ္စ၊ စဲပြီးတော့။ ဥပ္ပန္နာ၊ ဖြစ်ပေါ်လာတဲ့။ ဝေဒနာ၊ ဆင်းရဲတယ်ဆိုတဲ့ ဝေဒနာကြီးဟာလဲ။ ကုတော နိစ္စာ ဘဝိဿတိ၊ အဘယ်မှာလျှင် နိစ္စ ဖြစ်နိုင်ပါ့မလဲ။

ကာယကြီးကိုယ်တိုင်က အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ ဖြစ်နေတဲ့အတွက်ကြောင့် ဒီကာယကြီးကို မှီပြီးတော့ ဖြစ်လာတဲ့ ဝေဒနာဟာလဲပဲ ဘယ့်နှယ်လုပ် နိစ္စ ဖြစ်နိုင်ပါ့မလဲ။

ပေ့ဒဲဆေးဝယ်ကြပါဗျို့ဆိုတဲ့ ပေ့ဒဲဆေးရောင်းတဲ့လူက တကိုယ်လုံး ပေ့ဒဲတွေ ချည်းဆိုဘာလို၊ ပန်းနာဆေးရောင်းတဲ့လူကလဲ အဟုတ်အဟုတ်နဲ့ ချောင်းဆိုးရင်ကြပ်ဖြစ်ယင်း ပန်းနာဆေး ဝယ်ကြပါဗျို့ ဆိုတာလို ငထဝီ၊ ဇတဇော၊ ဝါယောဆိုတဲ့ ဒီကာယကြီးကိုယ်တိုင်က ဝိပရိဏာမ အနိစ္စဒုက္ခကြီး ဖြစ်နေလျက်နဲ့ သူ့ကိုမှီဖြစ်နေရတဲ့ ဝေဒနာကကော ဘယ့်နှယ်လုပ် နိစ္စ၊ သုခ ဖြစ်နိုင်ပါ့မလဲ။

"ဖြစ်နိုင်ပါ့မလား"
"မဖြစ်နိုင်ပါဘုရား"

ကုတော နိစ္စာ ဘဝိဿတိ၊ ကုတော သုခါ ဘဝိဿတိ။

ဝေဒနာလဲ ဘယ်နည်းနဲ့မှ ချမ်းသာမှုဆိုတာ မဖြစ်နိုင်ဘူး။ ဒါ့ကြောင့် ရေပွက်ဟာ ရေမျက်နှာပြင်ကို မှီပြီးတော့ဖြစ်။ ရေမျက်နှာပြင်ကြီးကိုယ်တိုင်က ဖောက်ပြန်သွားတတ်တဲ့အတွက်ကြောင့် ရေမျက်နှာပြင် ဖောက်ပြန်ရင် ရေပွက်ကလေးလဲ ပေါက်ကွဲသွားတယ်။

ဒီအတိုင်းပဲပေါ့။ အောက်ပိုင်းရှိ တည်ရာ မှီရာဖြစ်တဲ့ ကာယကြီးက ဖောက်ပြန်နေရင် သူ့ကိုမှီဖြစ်တဲ့ ဝေဒနာတွေလဲ ဖောက်ပြန်တယ်။

"မဖောက်ပြန်ဘူးလား"
"ဖောက်ပြန်ပါတယ် ဘုရား"

ကာယကို စိုက်ပြီးတော့ ရှုလိုက်ရင် ဝေဒနာဟာ အလိုလို ပေါက်ကွဲတယ်ဆိုတဲ့ ဝိပရိဏာမကို တွေ့ရလိမ့်မယ်နော်။ ဒါ့ကြောင့် ဝေဒနာနုပဿနာ ရှုမယ်ကြံရင် ဝေဒနာရဲ့ မှီရာဖြစ်တဲ့ ကာယကိုလဲပဲရှုပါ။ဝေဒနာရဲ့ တည်ရာမှီရာဖြစ်တဲ့ ကာယကြီးကို စိုက်ရှုလိုက်ခြင်းဖြင့် သြော်— ဒီဝေဒနာ ဒီကာယ မှီဖြစ်တာ သဘောကျလာလိမ့်မယ်နော်။

အဲဒီအချိန်မှာ ဘုန်းကြီးတို့ယောဂီများ ကာယာနုပဿနာ ရှုမလား၊ ဝေဒနာနုပဿနာ ရှုမလဲ၊ စိတ်ထဲမှာ နှစ်ခွဖြစ်သွားရော။ ကာယာနုပဿနာ ရှုချင်ရင်

ကာယသန်နေရင် ဒီကာယကို ဆက်ပြီးတော့ ရှုသွား။ ကာယမရှုချင်ဘူး ဝေဒနာပဲ ရှုချင်တယ်ဆိုရင် ဝေဒနာကို ရှုသွား။

ဝေဒနာရဲ့မှီရာ ကာယကိုမိရင် အဲဒီမှာ အကြောင်း အကျိုး ပေါ်နေပြီ နော်။ ပူတယ်-တေဇောကာယ။ တေဇောကာယက အဘိဏှသမ္ဘင်မိဋ္ဌန-မပြတ် နှိပ်စက်နေလို့ ဆင်းရဲလှချည်ရဲ့- ဝေဒနာ။ ဒီတော့ ရှုကွက်ဟာ--

(၁) ပူတာကို သိတယ်။
(၂) ပူတာ နှိပ်စက်လို့ ဆင်းရဲတာကို သိတယ်။

"ရှုကွက် ဘယ်နှစ်ခုရပြီလဲ"
"နှစ်ခုရပါပြီဘုရား"
"ကြိုက်ရာရှုလိုက်၊ ဟုတ်ပြီလား"
"မှန်ပါဘုရား"

ဘုန်းကြီးတို့ ယောဂီများကြိုက်ရာ ရှုလိုက်ရင် ပူတဲ့ကာယ ဆက်ရှုတဲ့လူကတော့ အဲဒါ ပူတဲ့တေဇောရုပ် ကာယာနုပဿနာ သွားပြန်တာပဲ။ သူ့ကြောင့် ဆင်းရဲလှချည်ရဲ့လို့ ဆင်းရဲတာကို တရစပ်ရှုမှတ်နေတဲ့ ပုဂ္ဂိုလ်ကတော့ ဝေဒနာနုပဿနာ သွားပြန်တာပဲ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"
အေး-အဲဒီလို သွားတယ်နော်။ဒီတော့--

ဝေဒနဿ ပဇာနာတိ။

ဆင်းရဲလှချည်ရဲ့ဆိုတဲ့ ဝေဒနာကိုလဲ သိတယ်။

ဝေဒနာသမုဒယဿ္စ ပဇာနာတိ။

ဒီဆင်းရဲဆိုတဲ့ ဝေဒနာရဲ့ အကြောင်း ကာယကိုလဲ သိတယ်။

"ဘယ်နှစ်ချက်သိလိုက်"
"နှစ်ချက်သိလိုက်ပါတယ်ဘုရား"
"သမုဒယနဲ့ ဒုက္ခနှစ်ချက် သိသွားတာ၊ ဘယ်နှစ်ချက်သိသွား"
"နှစ်ချက်သိသွားပါတယ်ဘုရား"

“သစ္စာနှစ်ချက် ပါသွားပြီနော်”
“မှန်ပါဘုရား”

အဲဒီအချိန်မှာ ဘုန်းကြီးတို့ ယောဂီများ ဒီကာယပေါ်မှာ ကပ်နေဘဲ့ ဒီဝေဒနာပေါ်မှာ ကပ်နေတဲ့ ကိလေသာ အညစ်အကြေးဟဲ့ ကွာသွားတယ်။

“ကိလေသဇလွှဆိုတဲ့ အညစ်အကြေး ကွာမသွားဘူးလား”
“ကွာသွားပါတယ်ဘုရား”

ဘုန်းကြီးတို့ ယောဂီများ ရှုကွက်ကို အဲဒီလို နှစ်မျိုးဖော်ရလိမ့်မယ်။ ပူဘာပဲ ကြည့်ကြည့်၊ အေးတာပဲ ကြည့်ကြည့်၊ တောင့်တင်းတာပဲ ကြည့်ကြည့်၊ တွန်းကန် လှုပ်ရှားတာပဲ ကြည့်ကြည့်၊ ဒီသုံးမျိုး တမျိုးမျိုးက အပြန်အလှန် နှိပ်စက်လာရင် ဝေဒနာဟာ လာတော့မှာပဲ။

“ဟုတ်ပြီနော်”
“မှန်ပါဘုရား”

ဥပ္ပန္နာ ဧခါ မျာယံ သုခါ ဝေဒနာ။

သံယုတ္တနိကာယ-သဠာယတနဝဂ္ဂသံယုတ်ပါဠိ-ပထမဧလဉ္ဉသုတ် ၄၁၃။

မေ၊ ငါ့အား။ အယံ သုခါဝေဒနာ၊ ဟောဒီ သုခဝေဒနာသည်။ ဥပ္ပဇ္ဇိန္နာ၊ ဖြစ်ပေါ်လာ၏။

သုခဝေဒနာပိုင်း ကြည့်လိုက်အုံး။

သာ စ ခေါ ပဋိစ္စ၊ နော အပ္ပဋိစ္စ၊ ကိ ံ ပဋိစ္စ။

ဟောဒီ သုခဝေဒနာ မှီရာမရှိပဲနဲ့ ဖြစ်သလား၊ မှီရာရှိလို့ ဖြစ်သလား၊ ကြည့်ပါ။

ဣမမေဝ ကာယံ ပဋိစ္စ။

ဒီကာယမှီပြီးတော့ ဖြစ်တာ။

ချမ်းသာလှချည်ရဲ့ဆိုတဲ့ ပုဂ္ဂိုလ်တွေကလဲ ဒီချမ်းသာ ဘာကိုမှီပြီးတော့ ဖြစ်သလဲ ကြည့်။ကာယမှီပြီးတော့ ဖြစ်တာ။ ရုပ်တို့ရဲ့ အစုအပေါင်းသည် ကာယ၊ ပထဝီကာယ၊ တေဇောကာယ၊ ဝါယောကာယ။

"မဟုတ်ဘူးလား"
"ဟုတ်ပါတယ်ဘုရား"

တောင့်တင်းမှုလေးကမျှလို နူးနူးညံ့ညံ့ကလေး ဖြစ်သွားရင် ပူတဲ့သဘောက လေးက အအေးနဲ့ မျှပြီးတော့ သိမ်သိမ်မွေ့မွေ့လေး ဖြစ်သွားရင် တွန်းကန်တဲ့ သဘောတွေက မျှပြီးတော့ ထောက်ကန်မှုနဲ့ တွန်းကန်မှုက မျှလို သိမ်သိမ်မွေ့မွေ့ လေးဖြစ်နေရင် မိမိရဲ့ ဟောဒီကာယပသာဒနဲ့ ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ ရူပကာယဟာ မျှတနေကြပြီဆိုရင် စာပေက အဲဒါကို သမလို့ ခေါ်တယ်။

"ဘာလို့ခေါ်တယ်"
"သမလို့ ခေါ်ပါတယ်ဘုရား"

"နောက်တမျိုး—အနုရောဓလို့လဲ ခေါ်တယ်၊ ဘာတဲ့တုံး"
"အနုရောဓပါဘုရား"

အလွန်ဆီလျော်နေတဲ့ ရုပ်တရားကြီး အလွန်ကို မျှတနေတဲ့ ပထဝီ၊ တေဇော၊ ဝါယော။ အဲဒီအချိန်ကျရင် ဘုန်းကြီးတို့ယောဂီမျာ်းရဲ့ ရူပကာယနဲ့ ဟောဒီ ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ ကာယတွေဟာ ဆန့်ကျင်ဘက်ကြီး မဖြစ်တဲ့ အတွက်ကြောင့် အနုရောဓသမဖြစ်နေကြပြီဆိုရင် မျှတတဲ့သဘော လေးတွေ ထိခိုက်တော့—

"ဘုန်းကြီးတို့ယောဂီမျာ်း—ခံစားချက်ဟာ သက်သက်သာသာလေး မဖြစ် ဘူးလား"
"ဖြစ်ပါတယ်ဘုရား"

မျှတတဲ့သဘောလေးနဲ့ ယိတွေ့ရရင် ခံစားမှုဟာ သက်သာတယ်။ သက်သာ တယ်ဆိုတဲ့အချိန် ဘုန်းကြီးတို့ယောဂီမျာ်း ကျေနပ်မှုမဖြစ်စေနဲ့၊ သက်သာလှချည် ရဲ့ဆိုတဲ့အချိန်မှာ သိပ်ကျေနပ်စရာကောင်းတာပဲလို့ ဒီလိုမဖြစ်စေနဲ့။ မသက်သာ ဘူးဆိုတဲ့အချိန် မကျေနပ်ဘူးဆိုတာလဲ မဖြစ်စေနဲ့။ သက်သာလှချည်ရဲ့ဆိုပြီး တော့ ကျေနပ်ခဲ့ရင် သုခရဲ့နောက်မှာ ရာဂ အညစ်အကြေးလေး ကပ်သွားတယ်။ ဒီသုခ ဘာမှဖြစ်တာလဲ ကြည့်လိုက်တော့ ကာယမှဖြစ်တာ။

"သုခရဲ့ မှီရာဖြစ်တဲ့ ကာယကြီးဟာ နိစ္စလား၊အနိစ္စလား"
"အနိစ္စပါဘုရား"

အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ ဖြစ်နေတဲ့ကာယ

အယံ ခေါ ပန ကာယော အနိစ္စော သခ်ံတော ပဋိစ္စသမုပ္ပန္နော ဝိပရိဏာမ ဓမ္မော။

"မျတလှချည်ရဲ့ဆိုတဲ့ ဒီကာယဟာလဲပဲ အနိစ္စဖြစ်နေလို့-အနိစ္စကာယကို မှီဖြစ်လာတဲ့ သုခဆိုတဲ့ ချမ်းသာခြင်းကလေးကော"

"အနိစ္စပါဘုရား"

"အေး-မှီရာကိုက အနိစ္စဆိုရင် မှီတတ်တဲ့ ဝေဒနာလဲ့ အနိစ္စပဲ။ ဒီဝေဒနာ ကုန်ပျောက်ရင်-ဒုက္ခ မရောက်ပေဘူးလား"

"ရောက်ပါတယ်ဘုရား"

ဒါ့ကြောင့်-ချမ်းသာမှုကို ဘယ်နှယ်ရှုလိုက်တုံးဆိုတော့-ဘာဒုက္ခလဲ"

"ဝိပရိဏာမ ဒုက္ခပါဘုရား"

"ဟုတ်ပြီ-ဝိပရိဏာမ ဒုက္ခနော်"

"မှန်ပါဘုရား"

ကာယကိုယ်တိုင်က ဖောက်ပြန်တဲ့ ဝိပရိဏာမ ဖြစ်တဲ့အတွက်ကြောင့် ဒီ ပထဝီ၊ တေဇော၊ဝါယောဆိုတဲ့ကာယမှီပြီးတော့ ဖြစ်ပေါ်လာတဲ့ ချမ်းသာခြင်းဆိုတဲ့ သုခဝေဒနာဟာလဲ ဝိပရိဏာမဒုက္ခ။

သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။

သုခါ ဝေဒနာ၊ အဲဒီ ချမ်းသာလှချည်ရဲ့ဆိုတဲ့ သုခဝေဒနာကို။ ဒုက္ခတော၊ ကာယရော ဝေဒနာပါ နှစ်မျိုးစလုံး ဖောက်ပြန်ခြင်းကြောင့် ဝိပရိဏာမ ဒုက္ခကြီးပါပဲလို့။ ဒဋ္ဌဗ္ဗာ၊ ရှုပါလေ။

ကာယက ဝိပရိဏာမ ဖြစ်နေတဲ့အတွက်ကြောင့် သူ့ကို မှီဖြစ်တဲ့ ချမ်းသာမှုလေးကိုလဲပဲ ဒုက္ခလို့ရှု။ဒုက္ခဝေဒနာကိုတော့ တကယ့်ဒုက္ခ အစစ်အနေနဲ့ရှုတဲ့။

ဒုက္ခဝေဒနာဟာ ရင်ဝမြားစူးသလိုပဲ၊ အဲဒီလိုသဘောကျ။ စူးဝင်စမှာ နှိပ်စက်ပြီးတော့ စူးဝင်တယ်။ ပိဋ္ဌနဇနတော၊ နှိပ်စက်မှုကို ဖြစ်စေတယ်။ စူးပြီးတော့ ရပ်နေတဲ့အခါကျတော့လဲ ဘာဖြစ်တုံးဆိုတော့ အန္တောတုဒနတော-အထဲမှာ နှိုက်ပြီးတော့ စူးနေတယ်။ ပြီးတော့ ဒုန္နီဟရနတော၊ မြားတစင်းဆွဲနုတ်ဖို့ရန် ခက်သလို ဒီဒုက္ခဝေဒနာကြီးကို ဆွဲနုတ်ဖို့ရန် ခက်တယ်။

ဒါ့ကြောင့် စတင်စူးစမ်းကလဲ ဒုက္ခ။ ရပ်နေဆဲ ထင်ရှားနေဆဲမှာလဲ ဒုက္ခ။ ကုန်ဆုံး သွားပြန်တော့လဲပဲ ဒုက္ခ။ တလျှောက်လုံး ဒုက္ခအနေနဲ့ သူ့ကို သဘောကျ။ လူ့ရဲ့မိုရာဖြစ်တဲ့ ကာယကိုယ်တိုင်က ဒုက္ခဖြစ်နေလို့ ဝေဒနာဟာ လဲပဲ ဒုက္ခ။ ဝေဒနာရဲ့မိုရာ ကာယကြီး ကိုယ်တိုင်က အစ အလယ် အဆုံး သုံးချက်လုံး ဒုက္ခမို့လို့ ဝေဒနာဟာလဲ အစ အလယ် အဆုံး သုံးချက်လုံး ဒုက္ခလို့ မိုရာရော မိုတက်တဲ့ ဝေဒနာကိုရော နှစ်ခုစလုံး ဒုက္ခအနေနဲ့ တသားတဲ့ မြင်လို့က် ရင် —

ဒုက္ခာယ ဝေဒနာယ ပဋိသဲာနုသယော ပဟာတဗ္ဗော၊

ဒုက္ခာယ ဝေဒနာယ၊ ဒုက္ခဝေဒနာဘ္ဂ်။ပဋိသဲာနုသယော၊ ပဋိသာနုသယကို။ ပဟာတဗ္ဗော၊ ပယ်ရတယ်။

ဒုက္ခဝေဒနာကို ဒုက္ခအနေနဲ့ရှုပြီးတော့ ပဋိသာနုသယကို ပယ်တယ်။

"ဝေဒနာကို ပယ်တာလား၊ ပဋိသကို ပယ်တာလား"

"ပဋိသကို ပယ်တာပါဘုရား"

ဘုန်းကြီးတို့ ယောဂီများ၊ အဲဒါမှမှန်တယ်။ ဆင်းရဲတာရှိချင်ပါစေ။ ဆင်းရဲမှုကြောင့် ပဋိသဲဆိုတဲ့ ဒေါသမဖြစ်ရင် အဲဒါဘုန်းကြီးတို့ ယောဂီများ ခံနိုင်ရည်ရှိလာတာ။ ဒုက္ခဝေဒနာလဲ ရှိနေတယ်။ စိတ်ထိခိုက်တယ်ဆိုတဲ့ ပဋိသဲ ဒေါသတရားလဲ ရှိနေတယ်ဆိုရင် ရှုကွက်လိုသေးတယ်နော်။ ဒုက္ခဝေဒနာဘယ်လိုမဲဖြစ်နေနေ စိတ်ထဲထိခိုက်လှချည်ရဲ့ဆိုတဲ့ ပဋိသကို ပယ်နိုင်ရင် ဟန်ကျသွားတယ်။

ဒါ့ကြောင့် ဝေဒနာကို ပယ်ရမှာမဟုတ်ဘူး။ ဝေဒနာမှာ စူးနေတဲ့ ပဋိသကို ပယ်ရမှာ။ ပယ်ရုမယ့် တရားနဲ့ ရှုရမယ့်တရား။

"ဘာနဲ့ ဘာပါလိမ့်"

"ပယ်ရမယ့်တရားနဲ့ ရှုရမယ့်တရားပါဘုရား"

ရှုရမယ့်တရားက ကာယရယ်၊ ဝေဒနာရယ်။ ပယ်ရမယ့်တရားက စိုက်ပြီး စူးဝင်နေတဲ့ မြားကြီးနဲ့တူတဲ့ ဒေါမနဿ။ ဟူတ်ပြီနော်၊ မှတ်မိပစေ။

"ရှုရမှာက"

"ကာယနဲ့ ဝေဒနာပါဘုရား"

"ပယ်ရမှာက"
"ဒေါမနဿပါ ဘုရား"

ဒေါမနဿကို ပယ်နိုင်ရင် ဘုန်းကြီးတို့ ယောဂီမျာ်းရဲ့ ရှုကွက်ဟာ မှန်"သွားပြီ။ ဒေါမနဿဖြစ်နေသေးတယ်ဆိုရင် ရှုကွက်ဟာ လိုသေးတယ်။ ဟုတ်ပြီနော်။ သုခဝေဒနာမှာလဲ ဒီအတိုင်းပဲ၊ သုခဝေဒနာမှာ ရှုရမှာက ကာယနဲ့ဝေဒနာ။ ပဲယ်ရမှာက ရုဂ။

"ဟုတ်ပြီလား"
"မှန်ပါတယ်ဘုရား"

သတ္တသညာနဲ့ အတ္တသညာမဖဲပျောက်ရင် ရှုကွက်မမှန်သေးဘူး

ကာယကိုပဲ ရှုရှု ဝေဒနာကိုပဲ ရှုရှု၊ ရုဂကိုပယ်နိုင်ရင် ဟန်ကျသွားတယ်။ မဟာသတိပဋ္ဌာန်သုတ်ရဲ့ အဋ္ဌကထာပြောထားတဲ့ စကားတရပ်ရှိတယ်။

အဟံ ဝေဒယာမိ မမ ဝေဒနာတိ ပဿန္တသ။

အဟံ၊ငါသည်။ဝေဒယာမိ၊ ခံစားနေရတယ်။မမ၊ ငါ့ရဲ့။ ဝေဒနာ၊ဝေဒနာပါပဲ။ ဣတိ၊ ဤသို့။ ပဿန္တသ၊ ရှုမှတ်နေသော။ ပုဂ္ဂလသ၊ ပုဂ္ဂိုလ်ရဲ့။ ဝေဒနာနုပဿနာ၊ ဝေဒနာနုပဿနာသည်။ သတ္တသညာ၊ သတ္တဝါဆိုတဲ့ အမှတ်သညာ အတ္တဆိုတဲ့ အမှတ်သညာကို။ န ဥပ္ပါဒေတိ၊ မပယ်ခွာနိုင်။

ငါခံစားနေရတာ ငါရဲ့ ဝေဒနာပဲလို့ ဒီလိုလုပ်နေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သတ္တဝါဆိုတဲ့ အမှတ်သညာ အတ္တဆိုတဲ့ အမှတ်သညာ မပယ်နိုင်ဘူးလို့မှတ်ပါ။ ခံစားရတာက ဝေဒနာပဲလို့ သဘောမကျပဲနဲ့ ငါခံစားရလေခြင်းလို့ဆိုရင်၊ ဝေဒနာရဲ့ ကိစ္စကို ငါ့ကိစ္စလုပ်ခဲ့ရင် ဒီယောဂီရဲ့ ရှုကွက်မှာ သတ္တဝါဆိုတဲ့ အမှတ်သညာ မပျောက်ဘူး။ အတ္တ-ငါရှိတယ်ဆိုတဲ့ အမှတ်သညာ မပျောက်ဘူး။

"ဝေဒနာ ရှုကွက်မှာ သတ္တဝါနဲ့ ငါဆိုတဲ့ အမှတ်သညာ မပျောက်ရင်—
"အဲဒီ ရှုကွက်မှန်ရဲ့လား"
"မမှန်ပါဘုရား"

ဝေဒနာ ရှုကွက်ပဲဖြစ်ဖြစ်၊စိတ္တရှုကွက်ပဲဖြစ်ဖြစ်၊ ဓမ္မရှုကွက်၊ ကာယရှုကွက်၊ ဘယ်ရှုကွက်ပဲဖြစ်ဖြစ်။အဲဒါကအကုန်လုံးနဲ့ဆိုင်တဲ့စကား၊၊ ငါဆိုတဲ့ အတ္တသည်၊ သတ္တဝါဆိုတဲ့သတ္တသည်ကို မပယ်နိုင်ရင်-

ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနဘာဝနာ ဝါ နဟောတိ။

ကမ္မဋ္ဌာနံဝါ၊ကဋ္ဌာန်း သည်လည်းကောင်း။ သတိပဋ္ဌာနဘာဝနာဝါ၊ သတိပဋ္ဌာန်ကို ပွားများခြင်းသည်လည်းကောင်း။ နဟောတိ၊ မဖြစ်နိုင်။

အဋ္ဌကထာကြီးက သတ္တဝါဆိုဘဲ့ အမှတ်သညာ၊ ငါဆိုတဲ့ သတ္တသညာ မပျောက်သေးရင် ကမ္မဋ္ဌာန်းလဲ မပြည့်စုံဘူး။ သတိပဋ္ဌာန်ပွားများခြင်းဆိုတာလဲ မဖြစ်သေးဘူးတဲ့။အဲဒီသတ္တသညာ၊ အတ္တသညာမပျောက်ရင် သတိပဋ္ဌာန်ကမ္မဋ္ဌာန်းပွားများရာ မရောက်သေးဘူးလို့ ဆိုလိုတယ်။

ဒါကြောင့်-ကာယကိုပဲ ရှုရှု၊ ဝေဒနာကိုပဲ ရှုရှု၊ ကာယနဲ့ ဝေဒနာကိုခွဲပြီးတော့ နားလည်၊ ကာယကိုလဲ အစိတ်စိတ် ဖြိုပြီးတော့သိ။ ခံစားမှုနဲ့ ခံစားခြင်းရဲ့ အကြောင်းတရားတွေကို ခွဲပြီးတော့ သိခြင်းဖြင့် သတ္တဝါဆိုတဲ့ အမှတ်သညာ ပျောက်အောင် ကြိုးစားကြရမယ်။ သတ္တဝါဆိုတဲ့အမှတ်းသညာ ပျောက်တဲ့ အခါကျတော့မှ-

ကမ္မဋ္ဌာနံစေဝ သတိပဋ္ဌာနဘာဝနာ စ ဟောတိ။

ကမ္မဋ္ဌာနံစေဝ၊ကမ္မဋ္ဌာန်းတရားသည်လည်းကောင်း။သတိပဋ္ဌာနဘာဝနာ စ၊ သတိပဋ္ဌာန်ပွားများခြင်းသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။

သတ္တဝါဆိုတဲ့ အမှတ်သညာ ပျောက်ရင် ကမ္မဋ္ဌာန်းနဲ့လဲ ပြည့်စုံတယ်။ သတိပဋ္ဌာန်ပွားများခြင်းကိစ္စလဲ ပြည့်စုံတယ်။ သတ္တဝါဆိုတဲ့ အမှတ်သညာပျောက်မှ ကမ္မဋ္ဌာန်းကိစ္စ သတိပဋ္ဌာန်ပွားများခြင်းကိစ္စနဲ့ ပြည့်စုံတယ်လို့ အဋ္ဌကထာကြီးက မှာတာနော်။

ဧဆိုတာ ဝိရိယပါပဲ

ဒီတော့-ဘုန်းကြီးတို့ ယောဂီများ သတိပဋ္ဌာန်ဘာဝနာ ယခုဝေဒနာနှုပဿနာ သတိပဋ္ဌာန်ရလို့ ပြောလိုက်တော့ ကာယနဲ့ ဝေဒနာနဲ့ အကူးအဆက်ကလေး ရှုကွက် မနက်က ပေးခဲ့တုန်းကတော့ ဘုန်းကြီးတို့ ယောဂီများ ရှုလိုက်

တဲ့အခါ တခါတဲ့ ကာယလဲမမိ၊ ဝေဒနာလဲ မမိ၊ ချွေးကွေ့ ဘာတွေ့ ပြန်ပြီးတော့ သိပ်ပြီးတော့ ပင်ပန်းလာတာတွေ့ ဖြစ်ကောင်းဖြစ်မယ်နော်။ အဲဒါ ဖြစ်နိုင်တယ်။ ဘယ်လုပ်ငန်းစဉ်ပဲ ဖြစ်ဖြစ်၊ လုပ်ငန်းတခုဟာ ရှောရှောရှုရှုနဲ့တော့ မပြီးဘူး။ စိတ်တော့ မပျက်နဲ့။ ဇဲ့ကောင်းရမယ်။ ဇဲ့ဆိုတာ ဘာတဲ့လဲ ဆိုရင် ဇီရိယ။

"ဇဲ့ဆိုတာ"
"ဇီရိယပါဘုရား"

ဇီရိယဆိုတာကို ဘုန်းကြီးတို့ ကျမ်းဂန်က ပြောတဲ့ ဝေါဟာရလေး ပြောအုံးမယ်။

ဇီရဿ ဘာဝေါ ဇီရိယံ။

ဇီရဿ၊ ရဲရင့်တဲ့ စိတ်နှလုံးရှိတဲ့ ပုဂ္ဂိုလ်ရှိ။ ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်ရာဆိုတဲ့ သဘောသည်။ ဇီရိယံ၊ ဇီရိယ။

ဘုန်းကြီးတို့ယောဂီများ သိနေတဲ့ ဇီရိယဆိုတာက ကြိုးစားတာလို့ သိနေတယ်။ အဋ္ဌကထာကြီးပြောတဲ့ စကားလုံးလေးဟာ ကောင်းလွန်းလို့ မှတ်လိုက်စမ်းပါ။

ဇီရဿ ဘာဝေါ ဇီရိယံ။

ရဲရင့်တဲ့ ပုဂ္ဂိုလ်ရဲ့ သဘောဟာ ဇီရိယ။
"ဟုတ်ပြီလား"
"မှန်ပါဘုရား"
"ဇီရိယရဲ့ သဘောဟာ ဘယ်နှယ်တုံး"
"ရဲရင့်တဲ့သဘောပါဘုရား"

ရဲရင့်တဲ့သဘောသတ္တိကို ဇီရိယခေါ်တယ်။ ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ၊ ဒီဆင်းရဲမှုကို တွန်းလှန်ပစ်လိုက်မယ်၊ ဖယ်ပစ်လိုက်မယ်။ ဒုက္ခဝေဒနာမှာ ဝင်နေတဲ့ ဒေါသဆိုတဲ့မြားကြီးကို နုတ်ပစ်လိုက်မယ်ဆိုတဲ့ စိတ်ခဲတ် ရဲရဲရင့်ရင့်ရှိတာကို ဇီရိယလို့ခေါ်တယ်။

ဇီရဿ ဘာဝေါ ဇီရိယံ။ တံ ဥဿာဟလက္ခဏံ။

ရဲရင့်တဲ့သဘောရှိတဲ့ ပုဂ္ဂိုလ်ဟာ—
ဥဿာဟလက္ခဏ၊ အားထုတ်တယ်ဆိုတဲ့ လက္ခဏာရှိတယ်။
သဘောတရားနှစ်မျိုး မှတ်ရလိမ့်မယ်။

(၁) ဝီရိယရဲ့ ပင်ကိုသဘောဟာ ရဲရင့်တယ်။

(၂) ရဲရင့်ရင် အဲဒီပုဂ္ဂိုလ်ဟာ အားထုတ်ပြီ။

"မရဲရင့်တဲ့လူဟာ အားထုတ်သလား"
"အားမထုတဲပါဘုရား"

အေး သတ္တိမရှိတဲ့လူတွေ့ အားမထုတ်ဘူးဗျနော်။ ရဲရင့်တဲ့ပုဂ္ဂိုလ်ခင်ဗျသာ အားထုတ်တာ။ မရဲရင့်ဘူး၊ မပြတ်သားဘူး၊ ဇွဲမရှိဘူးဆိုကဲ့ပုဂ္ဂိုလ်ဟာ အားမထုတ်ဘူး။ ရဲရင့်တဲ့ပုဂ္ဂိုလ်တို့ရဲ့ စိတ်နှလုံးကို ဝီရိယပွဲ့ ခေါ်လိုက်စမ်းပါ။

"ကိုင်း-ဘုန်းကြီးတို့ယောဂီများ၊ သမ္မာမကြောက်ဘူးလား၊ ကြောက်သလား"
"ကြောက်ပါတယ်ဘုရား"

အေး-သေရမှာကြောက်ရင် ဘာလုပ်ရမလဲ။ မသေခင် တရားရှာ၊ ထူးကြီးဆရာတော် ချ-ချပေးတာ ရမှာပေါ့။ မသေခင်မှာ တရားရှာ၊ ဘာတဲ့တုံး။

မသေခင်မှာ တရားရှာ၊
သေတဲ့အခါ သက်သာမည်။

နောက်တခု—
မအိုခင်မှာ တရားရှာ၊
အိုတဲ့အခါ သက်သာမည်။
မနာခင်မှာ တရားရှာ၊
နာတဲ့အခါ သက်သာမည်။

သက်သက်သာသာ သေချင်တဲ့ပုဂ္ဂိုလ်တွေ့ မသေခင်တဲက ရဲရင့်တဲ့စိတ်ဓာတ် ကိုယ့်နှလုံးသားထဲ ထည့်ထား။ မသက်မသာသေချင်ရင် ရဲရင့်တဲ့ စိတ်ဓာတ် ကိုယ့်နှလုံးသားထဲ မထည့်နဲ့။ ကိုယ့်နှလုံးသားထဲမှာ ရဲရင့်ကဲ့စိတ်ဓာတ် မရှိတဲ့ ပုဂ္ဂိုလ်တွေ့ သေတဲ့အခါမှာ မသက်မသာ သေတတ်တယ်နော်။ သက်သက်သာသာသေချင်ရင် ရဲရင့်တဲ့စိတ်ဓာတ်မွေးထား။

"အဲဒါမှ သေမင်းကို ရဲရဲကြီး ရင်ဆိုင်ဖို့ရန် မဟုတ်လား"
"မှန်ပါတယ်ဘုရား"

ဝီရိယ သမ္မပ္ပဓာန်လုံ့လဝီရိယ၊မဖြစ်သေးတဲ့အကုသိုလ်တွေ့ မဖြစ်အောင်ဟဲ့ ရဲရင့်တဲ့စိတ်နဲ့။ ဖြစ်ပြီးသားအကုသိုလ်တွေ့ အကျိုးပေးခွင့်မရအောင်ဟဲ့ ရဲရင့်တဲ့ စိတ်နဲ့။ မဖြစ်ဘူးသေးတဲ့ကုသိုလ်တွေ့ ဖြစ်ပေါ်လာအောင်ဟဲ့ ရဲရင့်တဲ့စိတ်နဲ့။ ဖြစ်ပြီးသားကုသိုလ်တွေ့ဟာ ကြီးထွား ကြီးထွားလာအောင်ဟဲ့ ရဲရင့်တဲ့စိတ်နဲ့။ ဥဿာဟ အားထုတ်မှုဆိုတာ နှလုံးသားထဲရောက်အောင် ထည့်။

"အဲဒီပုဂ္ဂိုလ်တွေ့ သေတဲ့အခါ သေမင်းကို ကြောက်စရာလိုသေးသလား"
"မလိုတော့ပါဘုရား"
"သေမင်းကို ကြောက်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ့ဟာ ဝီရိယမရှိတဲ့လူတွေ့ ဟုတ်လား"
"ဟုတ်ပါတယ်ဘုရား"

ဝီရိယရှိရင် သေမင်းမကြောက်ပါဘူး။ သေမှာလဲ ကြောက်တယ်ဆိုသေး၊ ဝီရိယလဲ မမွေးဘူးဆိုရင်—

"အဲဒီလူဟာ သက်သက်သာသာသေမှာလား၊ မသက်မသာသေမှာလား"
"မသက်မသာ သေမှာပါဘုရား"
ရဲရင့်တဲ့ဝီရိယမှ မွေးမထားရင်၊ မသက်မသာသေမှာပေါ့ဟု။ ဒါ့ကြောင့်—

ဝီရသာ ဘာဝေါ ဝီရိယံ။

ရဲရင့်တဲ့ သဘောလေးဟာ ဝီရိယ။

ရဲရင့်တဲ့သဘော၊ ပြတ်သားတဲ့သဘော၊ ဝီရိယရှိရင် ဥဿာဟ - အားထုတ်မှုဆိုတာ နောက်က လိုက်မယ်။ ဒါကြောင့်— မအို့ခင် မနာခင် မသေခင်က အို့တဲ့ နာတဲ့ သေတဲ့အခါ သက်သာကြဖို့ တရားရှာကြပါ။

မရဏအမျိုးအစား ၂-မျိုး

တဖြေးဖြေး ရုပ်တရားကြီးက နှိပ်စက်နေတယ်။ တဖြေးဖြေး ရုပ်တရားကြီးက ဆွေးမြေ့နေတယ်။ တဖြေးဖြေး ဆွေးမြေ့နေတယ် ဆိုတာဟာ အို့နေတာ။

အိုခြင်းတရားက မရပ်ဘူး။ တရစပ် သွားနေတာနော်။ နာခြင်းတရားက မစောင့်ဆိုင်းဘူး၊ အားမနာဘူးနော်။ မကြာခင် နှိပ်စက်လိမ့်မယ်။

"မဟုတ်ဘူးလား"
"ဟုတ်ပါတယ်ဘုရား"

အိုခြင်း နာခြင်းနှိပ်စက်ရင် ဘဝတခုအဆုံး ရုပ်နာမ်ခန္ဓာ ပျက်မှုဆိုတဲ့ မရဏာဟာ လူတိုင်း မြေကြီးလက်ခတ်မလွဲပဲ အိုရမှာလဲ ကြောက်တယ်။ နာရမှာလဲ ကြောက်တယ်၊ သေရမှာလဲ ကြောက်တယ်ဆိုတာ အဲဒါဟာ စီရိယ မရှိတာ။ အို နာ သေ ဆိုတဲ့သဘောကို ရဲရဲရင့်ရင့် ရင်ဆိုင်ပါတယ်ဆိုတဲ့ ပဂ္ဂိုလ် တွေဟာ ဗီရိယသမားတွေနော်။ ဒါကြောင့်-

စီရသ ဘာဝေါ စီရိယံ၊ ကံ ဥဿာဟလက္ခဏံ။

ဝီရသာ၊ ရဲရင့်တဲ့ စိတ်နှလုံးရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့။ ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်ရာ ဆိုတဲ့ သဘောသည်။ ဝီရိယံ၊ ဝီရိယပါ။ တံ၊ ထိုဝီရိယသည်။ ဥဿာဟလက္ခဏံ၊ အားထုတ်ခြင်းဆိုဝဲ့ လက္ခဏာရှိ၏။

ဘယ်အချိန်က အားထုတ်တုံးဆိုတော့ မအိုခင်က အားတုတ်တာ။ အိုပြီး ကိုယ့်ခြေကိုယ်မသယ်နိုင် ကိုယ့်လက်ကိုယ်မသယ်နိုင် တုန်တုန်ချိချိ ဖြစ်လာပြီဆိုတဲ့ အချိန်ကျတော့မှ ဝီရိယ တင်းပေးလို့ မလွယ်တော့ဘူး။ ကိုယ့်လက် ကိုယ့်ခြေ မသယ်နိုင်တော့ပဲနဲ့ ဘယ်နယ်လုပ် အားထုတ်တော့မလဲ။ ဒါတုံ့ကျော ဘုန်ကို မြို့တဲ့ နားမ်ဝရားဟာလဲပဲ ခေါင်းချင်းဝပ်။

"ရုပ်တရားကြီး ချောက်ချားရင် ဘာဖြစ်လဲ"
"နာမ်တရားလဲ ချောက်ချားပါတယ်ဘုရား"
"နာမ်တရားတော့ပါ ချောက်ချားတယ်။ တဖြေးဖြေး အိုလာ နာလာတဲ့ အချိန်ကျရင် ရုပ်တရား မချောက်ချားဘူးလား"
"ချောက်ချားပါတယ်ဘုရား"

ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါရုပ်တွေက ချောက်ချားလို့ ဖောက်ပြန်။ အဲဒီ ချောက်ချားတဲ့ရုပ်ကို တနည်း- ဒီချောက်ချားနေတဲ့ ကာယကို မှီနေရတဲ့ နာမ်တရားတွေလဲ အမြဲတမ်း ချောက်ချားနေတဲ့ အတွက်ကြောင့် ကိုယ့်မစင် ကျင်ကြီးတောင် ကိုယ်မသိဖြစ်တဲ့အချိန်။

"ဘယ်လိုလုပ် အာဒုတ်ပါအုံးမလဲ"
"အာဒုတ်လို့ မရတော့ပါဘုရား"
"သတိ၊ ဘုန်းကြီးတို့ ယောဂီများ၊ သတိဆိုတဲ့ ဒီ ဓမ္မဓာတ် စေတသိက်ဟာ ရူပကာယကို မှီဖြစ်တာ မဟုတ်ဘူးလား"
"ဟုတ်ပါတယ်ဘုရား"

သိဆိုတဲ့ ဝိညာဉ်ဟာလဲပဲ ဒီ ရူပကာယကို မှီဖြစ်တာ။ သိမှုနဲ့ သတိ၊ စိစစ်မှုဆိုတာနဲ့သတိ၊ တည်ငြိမ်မှုဆိုတာနဲ့ သတိ။ ဒီ စိတ်စေတသိက်တွေဟာ ရုပ်တရားကို မှီဖြစ်တာ။ ရုပ်တရားကြီးကိုယ်တိုင်က ယိုင်နေပြီဆိုရင်-

"သူ့မှီဖြစ်နေတဲ့ နာမ်တရားတွေကော မယိုင်ဘူးလား"
"ယိုင်ပါတယ်ဘုရား"

ဒါကြောင့်- အိုပြီ နာပြီဆိုတဲ့ အချိန်ကျရင် ဖောက်ပြန်နေတဲ့ ရုပ်ဘရားကို မှီရတဲ့ စိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေဟာ အမြဲတမ်း ဖောက်ပြန်နေတယ်၊ ချောက်ချားနေတယ်။ ချောက်ချောက်ချားချား တုန်တုန်လှုပ်လှုပ် သေရတာဟာ မကောင်းဘူးနော်။

သမ္မောဟမရဏံ ဒုက္ခံ။

ဒီပါဠိတော် မှတ်ထား။ ဆိုကြည့်ရအောင်။
"သမ္မောဟမရဏံ ဒုက္ခံ"
"သမ္မောဟမရဏံ ဒုက္ခံ?"
အဓိပ္ပာယ် ပြောမယ်။

သမ္မောဟမရဏံ၊ ရုပ်တရားကြီးက ချောက်ချားနေသဖြင့် ချောက်ချားနေတဲ့ရုပ်ကို မှီပြီးတော့နေတဲ့ နာမ်တရားတို့ ချောက်ချား၍ လာခြင်းကြောင့် တွေတွေဝေဝေ သေရတယ်ဆိုတဲ့ သဘောသည်။ ဒုက္ခံ၊ ဆင်းရဲလှချေ၏ တကား။

ရုပ်တရားချောက်ချားတော့ နာမ်တရားတွေပါ ချောက်ချားတယ်။ နာမ်တရား ချောက်ချားနေတဲ့ပုဂ္ဂိုလ်ဟာ တွေဝေတယ်။ တွေဝေတယ်ဆိုတာဟာ အများအာဒုတ်ဖြင့် မောဟတွေ လွှမ်းတာနော်။ သကာနိုး တွေတွေဝေဝေကြီး သေရင်-

"အဲဒီ ပုဂ္ဂိုလ်ရဲ့ သေခြင်းတရားဟာ ဒုက္ခလား၊ သုခလား"
"ဒုက္ခပါဘုရား"

တော့ဝေသေတဲ့ ပုဂ္ဂိုလ်ဟာ ကောင်းတဲ့ ဂတိမသွားနိုင်လို့ ဒုက္ခ၊ မတွေ့မဝေ စိတ်လက်ကြည်ပြိုးတော့ သေရမှကောင်းတယ်။ ဒါကြောင့်-သမ္မောဟ မရဏံကို ပြောင်းပြန်ပြန်ရင် အသမ္မောဟမရဏံ။

"ဘာပါလိမ့်"
"အသမ္မောဟမရဏံပါဘုရား"
"ဒုက္ခကို ပြောင်းပြန်ပြန်လိုက်တော့"
"သုခပါဘုရား"

ဒါကြောင့်-အသမ္မောဟမရဏံ သုခံ နော်။ ကိုင်း-ဆိုကြည့်ရအောင်။
"အသမ္မောဟမရဏံ သုခံ"
"အသမ္မောဟမရဏံ သုခံ?"
ဒီပါဠိတော် နှစ်လုံးမှတ်ထား။

(၁) သမ္မောဟမရဏံ ဒုက္ခံ။
တွေ့တွေ့ဝေဝေ သေကြရင် ဆင်းရဲပါတယ်။
(၂) အသမ္မောဟမရဏံ သုခံ။
မတွေ့မဝေ ကြည်ကြည်လင်လင် သေကြရမှ ချမ်းသာကြမယ်။

သေခါနီး ကြည်ကြည်လင်လင်ကလေး အရေကြီးတယ်နော်။ ရဲရင့်တဲ့ ပုဂ္ဂိုလ်တွေ ကြည်ကြည်လင်လင် သေရတယ်။ မရဲရင့်တဲ့ ပုဂ္ဂိုလ်တွေ ကြောက်ကြောက်ရွံရွံဆိုရင် တွေ့ဝေသေရတတ်တယ်။ ဒါကြောင့်-မအိုခင် မနာခင် မသေခင်က ရဲရင့်တဲ့စိတ်ကို မွေးကြ။

" "
ဟုတလား
"မှန်ပါဘုရား"

သုခဝေဒနာဟာ တည်ရှိနေတုန်းမှာတော့ ချမ်းသာတယ်

ဒုက္ခပဲဖြစ်ဖြစ်၊ သုခပဲဖြစ်ဖြစ် ရဲရဲရင့်ရင့် ခံနိုင်အောင် ကြိုးစားမယ်ဆိုတဲ့ ဝီရိယကို မွေး။သေတဲ့အခါ ဒီလူဟာ မတွေ့ဝေဘူးပေါ့။ ဒုက္ခကိုလဲ မခံနိုင်လို့ တညည်းညည်း ကညူညူ သုခကိုလဲ မခံနိုင်လို့ သုံခနောက်မျောပြီးတော့လိုက်။

ဘုန်းကြီးတို့ ယောဂီများ ဒုက္ခကျတော့ ခံနိုင်တယ်ဆိုတာ ထားအုံး။ သုခဝေဒနာကျတော့ မခံနိုင်တဲ့ လူတွေအများကြီးရှိတယ်။

ချမ်းသာတယ်။ စားဖို့က အဆင်ပြေ၊ ဝတ်ဖို့ကလဲ အဆင်ပြေ၊ နေဖို့ကလဲ အဆင်ပြေ၊ စားရေး နေရေး ဝတ်ရေး အဖက်ဖက်က အဆင်ပြေလို့ စီးပွားရေးတွေ သိပ်ကောင်းနေရင် အဲဒီလူ မခံနိုင်တော့ဘူး။ ဘာဖြစ်လို့ မခံနိုင်တာလဲဆိုတော့ သုခနောက် ရာဂနဲ့ မျှောလိုက်နေတာ။

"ဘာနဲ့ မျှောလိုက်"
"ရာဂနဲ့ပါ ဘုရား"
အဲဒီမှာ ရောဂရော မာနရဲ့ မျှောပြီးလိုက်တော့-
"ဒီလူ ခံနိုင်သေးရဲ့လား"
"မခံနိုင်တော့ပါ ဘုရား"

သုခဝေဒနာရဲ့ နောက်က ရာဂနဲ့မာန နှိပ်စက်လို့ ဒီလူမခံနိုင်တော့ဘူး။ အဲဒီလို့ မခံနိုင်တဲ့ပုဂ္ဂိုလ် သေတဲ့အခါ ရာဂနဲ့ မာနနဲ့ သေသူမှ ကြောက်စရာကောင်းတာ။ ကိုင်း-ဒါကြောင့် ဘုန်းကြီးတို့ ယောဂီများ ဒုက္ခဝေဒနာကို ကြံ့ကြံ့ခံတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေက တယ်မရှားဘူး။ သုခဝေဒနာကို ကြံ့ကြံ့ခံနိုင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အတော်ကို ရှားတယ်နော်။

ချမ်းသာလှချည်ရဲ့ဆိုရင် အဲဒါကို လောကံလို့မထင်ဘူး၊ ဆင်းရဲတာမှ လောကံထင်တယ်။ဒီကနေ့ ခေတ်က လောကကြီးကပြောင်းပြန်နော်။ချမ်းသာတာလဲ လောကံပဲ။ ဆင်းရဲတာလဲ လောကံပဲ။ဆင်းရဲတော့အံကြိတ်ပြီးတော့ ခံတယ်။ ချမ်းသာတာကျတော့ တခါတဲ့ လည်ပင်းလေးကို မော့ပြီးတော့ နေတာ။

ချမ်းသာတော့ ဘာဖြစ်လဲ၊ မကြာခင် ဝိပရိဏာမဒုက္ခကြီး ဖြစ်မယ်ဆိုတာကို မေ့နေတယ်။ မေ့နေတာက မောဟ။ ဒီသုခဝေဒနာကြီးဟာ ဘုန်းကြီးတို့ ထပ်တလဲလဲ ပြောနေတာ၊ ဘုန်းကြီးတို့ ယောဂီများ မှတ်မိအောင်—

သုခါ ဝေဒနာ ဥိတိသုခါ ဝိပရိဏာမဒုက္ခာ။

သုခါဝေဒနံ၊ ဟောဒီ ချမ်းသာခြင်းဆိုတဲ့ သုခဝေဒနာလေးဟာ။ ဥိတိ သုခါ၊ ထင်ရှားတည်ရှိနေတုန်းတော့ ချမ်းသာတယ်လို့ မှတ်ပါ။ ဝိပရိဏာမဒုက္ခာ၊ ဖောက်ပြန်ကုန်ပျောက်တော့ ဆင်းရဲမှာပဲ။

ရှိနေတုန်း သိပ်ဟုတ်တာ၊ မော့နေတာနော်။ ကုန်ပြီဆိုတော့ ခေါင်းလေးကို ငိုက်စိုက်ကျသွားတာပဲ။

"ချမ်းသာမှလေး ရှိနေတုန်းတော့ ဒီလူ မော့မနေဘူးလား"
"မော့နေပါတယ် ဘုရား"

တဏှာနဲ့ မာနနဲ့ မော့လို့၊ သုခဆိုတဲ့ လောကဓံ ဒီလူမခံနိုင်ဘူးဆိုတာ ရှင်းတယ်နော်။ ဖောက်ပြန်ပျက်စီးလို့ ကုန်ပြီဆိုတဲ့တနေ့ကျ ခပ်ဆပ်ဆပ်လေး ထိလာတော့ ဘယ်နှယ့်လဲ။ ချမ်းသာမှလေးတွေ့ ကုန်ပြီ။ ခေါင်းလေးကို တဖြေ့.ဖြေးလျှိုပြီး ကျသွားတော့ ဘယ့်နှယ်ထိသွားသလဲ။ ဒေါမနဿနဲ့ သောကတွေ့ ဖြစ်နေပြန်ပြီ။

"ဘယ်နှစ်ချက် စူးသွားသလဲ"
"နှစ်ချက်စူးသွားပါတယ်ဘုရား"

အဲဒါ–တောထဲက သမင်သာဆိုရင် သေပြီနော်။ ဒါ့ကြောင့်-သမ္မောဟာ မရဏံ၊ ဒုက္ခဝေဒနာ-ဒေါသနဲ့ မိန်းမော။သုခဝေဒနာ-ဘဏှာမာနနဲ့ မိန်းမော ပြီးတော့သေရင် သမ္မောဟာမရဏာ၊ အဲဒီ သမ္မောဟာမရဏာက အဆိုးဆုံးဒုက္ခ။ တဲ့ဝေသေရတာ ဒုက္ခနော်။

ဒုက္ခဖြစ်ရင် ဖြစ်မှန်းသိ။ သုခဖြစ်ရင် ဖြစ်မှန်းသိ။ ဒုက္ခဝေဒနာမှာ ဒေါသကိုပယ်။ သုခဝေဒနာမှာ တဏှာလောဘပယ်ပြီးတော့ မိမိဝေဒနာဓာတ်မှာ ဖြစ်တဲ့ ကိလေသာတွေ့ကို ပယ်ပြီးတော့ ရှုမှတ်နေတဲ့ပုဂ္ဂိုလ်ဟာ သေတဲ့အခါ မတွေ့မဝေသေရတယ်။ အသမ္မောဟာမရဏာ။

"အသမ္မောဟာမရဏာနဲ့ သမ္မောဟာမရဏာ၊ ဘယ်ဟာက သက်သာလဲ"
"အသမ္မောဟာမရဏာက သက်သာပါတယ်ဘုရား"

"ဒါဖြင့်-တို့ယောဂီများက သက်သက်သာသာ သေချင်သလား၊ မသက်မသာ သေချင်သလား"
"သက်သက်သာသာ သေချင်ပါတယ်ဘုရား"

သက်သက်သာသာ သေချင်ရင် မသေခင်ကတဲ့က တရားရှာထား။ မအိုခင် မနာခင်ကတဲ့က တရားရှာထား။ အိုလှပြီ၊ ဓာတ်တွေ့ ချောက်ချားနေပြီဆိုတဲ့အချိန်ကျတော့ ဟောဒီရုပ်တရား ချောက်ချားရင် နာမ်တရားတွေ့ပါ ချောက်ချားတယ်။ အဲဒီအချိန်ကျမှ တရားရှာမယ်ဆိုရင်တော့ ခရမ်းသီး

နေလှန်းပြီး ညနေစောင်းမှ ဓားနဲ့လှီးသလိုပဲ။ ဓားတုံးကြီးနဲ့လှီးတော့ မပြတ်ဘူး။ခရမ်းသီးပိန် ဓားတုံးဆိုတာ အဲဒါပြောတာ။ အဲဒီအချိန်ကျမှ ခက်မယ်။ ခရမ်းသီးနုနုတဲ့ကပြတ်အောင် လှီးထား။

ကိုင်း-ဒီတော့ တို့ယောဂီအပေါင်းသူတော်ကောင်းတို့၊ ဝိရဆိုတဲ့သဘော နားလည်သွားပြီ။ ဒုက္ခဖြစ်ရင် ရဲရဲရင့်ရင့် ရင်ဆိုင်လိုက်။ သုခဖြစ်ရင် ရဲရဲရင့်ရင့် ရင်ဆိုင်လိုက်။ ဘာကိုရင်ဆိုင်ရမှာလဲလို့ဆိုရင် ဒုက္ခမှာ ဒေါသကို တွန်းလှန်ဖယ်ပစ်မယ်ဟဲ့ဆိုတဲ့ စိတ်ကိုထား။ သုခမှာ ရာဂကို တွန်းလှန်ဖယ်ပစ်မယ်ဆိုတဲ့ စိတ်ကိုထား။ အဲဒါ ဝိရ-ရဲရင့်တဲ့သဘောခေါ်တယ်။

"ဝိရိယသဘော နားလည်ရောပေါ့နော်"
"မှန်ပါဘုရား"

ဝိရိယသဘောလဲ မိအောင်မှတ်ထား။ ဝိရိယရဲ့သတ္တိဟာ ဒုက္ခဝေဒနာမှာ ဒေါသဆိုတဲ့မြားကြီးကို ချွတ်ပစ်မယ်ဟဲ့ဆိုတဲ့စိတ်။ သုခဝေဒနာမှာ တဏှာဆိုတဲ့မြားကြီးကို ချွတ်ပစ်မယ်ဟဲ့ဆိုတဲ့စိတ်၊ အဲဒီစိတ်ဓာတ်မွေးထား။ ရဲရင့်တဲ့သဘော ခေါ်ပါတယ်။

"ရဲရင့်တဲ့စိတ်ဓာတ်ရရင် သေတဲ့အချိန် တို့ယောဂီများ တော့တော့ဝဝေဝေ သေမလား"
"မသေပါဘုရား"

ရဲရင့်တဲ့ပုဂ္ဂိုလ်ဟာ မတော့မဝေသေရလို့ သုခ။ ရဲရင့်တဲ့စိတ်မရှိ ဝိရိယကင်းတဲ့ပုဂ္ဂိုလ်တွေ တော့တော့ဝေဝေသေရလို့ ဒုက္ခ။

"ဒီကနေ့-အသမွေဟာမရဏအတွက် တို့ယောဂီများ ကြိုးပမ်းကြရမှာ မဟုတ်လား"
"မှန်ပါတယ်ဘုရား"

အေး-အသမွေဟာမရဏအတွက် ကြိုးပမ်းတဲ့နေရာမှာ ရှုကွက်များလဲ ပြောလို့ဆိုလို့ အတော်စုံသွားပါပြီနော်။ ပြောလို့ဆိုလို့ တော်တော်စုံတော့ ဒုက္ခဝေဒနာနဲ့ပတ်သက်လို့ ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား ဝိရဓာတ်ကို ဘယ်လို့မွေးသွားတယ်ဆိုတဲ့အကြောင်း ကြည်ညိုစရာကောင်းတဲ့ စိတ္တလမထေရ်ကြီးရဲ့ အကြောင်း ပြောချင်တယ်။

"ဘာမထေရ်ကြီးလဲ"
"စိတ္တာလမထေရ်ကြီးပါဘုရား"

စိတ္တာလမထေရ် အကြောင်းနဲ့ပတ်သက်ပြီး ကိုယ်တွေ့ဝေဒနာ
ပယ်ခွာမှုလေး တရပ်

စိတ္တာလတောင်မှာနေတဲ့ မထေရ်ကြီးလို့ အဋ္ဌကထာက ပြောတယ်။ စိတ္တာလ တောင်မှာနေတဲ့ မထေရ်ဆိုရင် စိတ္တာလမထေရ်ဆိုတဲ့ အမည်တော့ ရတာပေါ့။ သဲကုန်းမှေးတဲ့ ကိုယ်တော်ဆိုတော့ သဲကုန်းကိုယ်တော်၊ ထူးကြီးမြို့မှေးတဲ့ ဆရာ တော်ကျတော့ ထူးကြီးဆရာတော်ခေါ်။ အနီးစခန်း ချောင်ကြီးမှာ သီတင်း သုံးတော့ အနီးစခန်းဆရာတော်ခေါ်။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"
ဒီအတိုင်းပေါ့ဗျာ၊ စိတ္တာလတောင်မှာနေရင်—
"ဒီမထေရ်ကို ဘာမထေရ်လို့ခေါ်ရ"
"စိတ္တာလမထေရ်လို့ ခေါ်ရပါတယ်ဘုရား"

စိတ္တာလမထေရ်တဲ့။ စိတ္တာလမထေရ်အကြောင်း ဟို-လွန်ခဲ့တဲ့ သုံး လေးနှစ် က လျှောက်ကြည့်။ ကြည့်ပြီးတော့ စိတ်ထဲ တော်တော်ဝင်စားတယ်။ ဝင်စား ပြီးတော့ နုတ်ကလေးတော့ စာရွက်ကလေးနဲ့ ထုတ်ရေးလိုက်၊ ရေးထားတဲ့ နုတ်ကလေးလဲ မကျက်ဖြစ်ဘူး။ တခါမှလဲ မဟောဖြစ်ဘူး။ ဒီကနေ့တော့ ဝေဒနာနုပဿနာ ဟောတယ်။

မနက်ပိုင်းကရော မနေ့တုန်းကရော စဉ်းစားလိုက်တာ ဝေဒနာကို သည်းခံပြီး တော့ အရဟတ္တဖိုလ်ပေါက်သွားတဲ့ မထေရ်ကြီးအကြောင်း။ ငါဟောချင်လိုက် တာ။ ဒီမထေရ်ကြီးအကြောင်း ဘယ်မှာပါပါလိမ့်မလဲလို့ စာအုပ်ကို့ တပုံကြီး အိပ်ရာဘေးထားပြီးတော့ ရှာလိုက်တာ၊ စရောက်တဲ့ အဘိုန်ကနေပြီးတော့ ရှာတိုက်တာ မနေ့ကလဲ မတွေ့ဘူး၊ ဒီကနေ့မနက်လဲ မတွေ့ဘူး၊ နေ့ခင်းကလဲ စိတ်ထဲကို ပူနေတာပဲ။

ဘုန်ကြီးတို့ယောဂီများလဲ တရားအားထုတ်ရတာ ခွျေးပြန်နေသလို ကိုယ်လဲ ဒီဝတ္ထုရှာရတာ ခွျေးကိုပြန်နေတာပဲ။ ဟကယ်ပဲ ကိုယ်ပြောချင်တဲ့ အကွက် ကလေးကို အခိုင်အမာ ပြောချင်ပြီဆိုရင် ကျမ်းပြန်ရှာ၊ တခါတခါ မှတ်မထား

တော့ ရှာမတွေ့ဘူး။ အဲဒါနဲ့ ဘုန်းကြီး ဦးမဟောသဓ၊ တပည့်တော်တော့ ဒီလို ဖြစ်နေပြီ။ ဒီဝိတက်ဝင်နေလို့ ဒီကနေ့နေ့ခင်း တရားနှုလုံးသွင်းရတာ စိတ်ထဲ မဖြောင့်ဘူး။ တပည့်တော်ကို အဲဒါ ရှာပေးစမ်းပါဆိုတော့ ဦးမဟောသဓကြီး ကလဲ ရှာလို့ကတာ သူလဲ ရှာမတွေ့ဘူး။

နောက်တော့ ပြောတယ်။ မူလပဏ္ဏာသထင်ပါတယ်တဲ့။ ဝိသုဒ္ဓိမဂ်ထင်လို့ ဝိသုဒ္ဓိမဂ် နှစ်အုပ်စလုံး တခါတဲဖတ်တာ ဘယ်မှာမတွေ့ရဘူး။ သုတ်မဟာဝဂ္ဂ ပါဠိတော်လို့ ထင်ပြီးရှာတယ်မတွေ့ဘူး။ ရှာနေတာ နိဒါန်းပိုင်း ရှာနေတာ မတွေ့ဘူး။ မူလပဏ္ဏာသ ထင်တယ်တဲ့။

အဲဒါနဲ့ ဆွမ်းလဲစားပြီးရော မူလပဏ္ဏာသအဋ္ဌကထာရော ပါဠိတော်ရော စာအုပ်ဘေးနားချပြီးတော့ ကိုယ့်တရား ကိုယ်နှုလုံးသွင်းပြီးတော့ အစီအစဉ် လေးချတယ်။ အစီအစဉ်လေး ချပြီး စဉ်းစားယင်း စဉ်းစားယင်းနဲ့ ဒီအဋ္ဌကထာကို ကြည့်မယ်လို့ ဧတ်ထဲဆုံးဖြတ်ထားတာ၊ ဒီပြင်တရားတွေ့ နှုလုံးသွင်းနေတာနဲ့ပဲ ဒီအဋ္ဌကထာ ဒီဝတ္ထု မကြည့်ဖြစ်ပြန်ဘူး။

မကြည့်ဖြစ်တော့ ဘယ်သွားတုံးဆိုတော့ နေ့လယ် နှစ်ချက်ခွဲလောက်ရောက်တော့မှ အိပ်ရာဘေးပုံထားတဲ့ စာအုပ်နဲ့ လက်နဲ့ သွားတင်မိတာ။တင်မိတော့ ဟ-ငါ့အိပ်ရာဘေး စာအုပ်ကြီး၊ ကောက်ပြီလှန်လိုက်တော့ မဖြစ်ဘူး၊ဒီဥစ္စာတော့ ကြည့်ကိုကြည့်အုံးမှ ဖြစ်မယ်ဆိုပြီး ဟိုနေရာလိုလို ဒီနေရာလိုလို ဘယ်နေရာမှန်းလဲ မသိဘူး။ထင်တဲ့နေရာ တန်းလှန်လိုက်တာ၊ မူလပဏ္ဏာသ အဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ္တန် ဝေဒနာနုပဿနာ အခန်းကို ဖွင့်ဘဲ့အပိုင်းကို တည့်ဘည့်လှန်လိုက်တာ အဲဒီမှာ သွားပြီးတော့ တည့်တည့်ကြီး တွေ့နေတာ။ ကိုယ်ဖြင့် ခုန်ချင်း ပေါက်ချင် စိတ်ကို ပေါက်သွားတာပဲ။

"ဝမ်းသာလွန်းလို့ ဟုတ်သား"

"မှန်ပါဘုရား"

"စောစောက ဒီဝတ္ထုမတွေ့လို့ ဒေါမနဿ ဖြစ်နေတာနော်"

"မှန်ပါတယ်ဘုရား"

"တွေ့ပြီဆိုတော့ ဒေါမနဿ-ဒေါသဝေဒနာ ကွာမသွားဘူးလား"

"ကွာသွားပါတယ်ဘုရား"

"ဘာဝေဒနာ ရောက်လာသလဲ"

"သောမနဿဝေဒနာ ရောက်လာပါတယ်ဘုရား"

“ဝေဒနာဝိကွဲမှန် ဘာခက်သလဲ၊ ဘာတဲ့တုံး”
“ဝေဒနာ ဝိကွဲမှန်ပါဘုရား”
“ဝေဒနာ ဝိကွဲမှန်-ဝေဒနာခွဲတာ။ဘာပါလိမ့်”
“ဝေဒနာခွဲတာပါဘုရား”
“စိတ်လမထေရ်ကြီးရဲ့ဝတ္ထုမဒတ္ထလို့ စိတ်ဆင်းရဲနေတာ ဒေါမနဿဝေဒနာ ဘာဝေဒနာလဲ”
“ဒေါမနဿ ဝေဒနာပါဘုရား”

ပီတိ-ပဿဒ္ဓိ-သုခ-သမာဓိ အဆင့်ဆင့် ရနိုင်တယ်။

မူလပဏ္ဏာသ အာဂတဝေဒနာနုပဿနာဖွင့်တဲ့ စာမျက်မှာ ကောက်လွှန်လိုက်တော့ တန်းကနဲ တွေ့လိုက်တဲ့အခါကျတော့ ဒေါမနဿဝေဒနာ ချက်ချင်း ပျောက်ပြီး-

“အစားဝင်လာတာ ဘာဝေဒနာလဲ”
“ဒေါမနဿ ဝေဒနာပါဘုရား”
“သောမနဿ ဝေဒနာဝင်လာကော့ - စိတ်တွေကြည်ပြီးတော့ မလာဘူးလား”
“လာပါတယ်ဘုရား”
“အေးမလာဘးလား”
“အေးလာပါတယ်ဘုရား”
“ပဿဒ္ဓိ။ဘာပါလိမ့်”
“ပဿဒ္ဓိ ပါဘုရား”
“ပဿဒ္ဓိဖြစ်လာရင် မိမိတွေ့ထားတဲ့ ဒီအတွေ့လေးကိုနှစ်သက်လှချည့်ရဲ့ဆိုတဲ့ ပီတိကော မလာဘူးလား”
“လာပါတယ် ဘုရား”
“တဏှာလောဘ မဟုတ်ဘူးနော်”
“မှန်ပါဘုရား”

ဒီဓမ္မသဘောလေးကို အာရုံယူပြီတော့ စိတ်ထဲအေးနေတာ ပဿဒ္ဓိ။အေးလာပြီးတော့ ဒီဓမ္မရသလေးကို နှစ်သက်နေတာ ပီတိ။

ပီတိသောမနဿသာ ကာယော ပဿမ္ဘတိ။

ပီတိသောမနဿာသာ၊ နှစ်သက်၍ နေသော စိတ်ထားရှိတဲ့။ ပဂ္ဂလသာ၊ ပုဂ္ဂိုလ်အား။ ကာယော နာမ၊ နာမကာယ ရူပကာယသည်။ ပဿမ္ဘတိ၊ ငြိမ်းချမ်းသွားလေတော့၏။

ဝမ်းမြောက် ဝမ်းသာဖြစ်တော့ စိတ်ဧစတသိက်တွေ ငြိမ်းလို့ ဆုံးဆာတာတောင် တခါတဲ့ မေ့သွားတယ်။ ညောင်းတာတွေ ညာတာတွေ ပင်ပန်းတာတွေ နှုံးတာတွေ အကုန်လုံး မေ့သွားတယ်။ စိတ်ထဲကြည်ပြီးတော့ ပဿဒ္ဓိဖြစ်သွားတယ်နော်။

ပီတိသောမနဿာသာကာယော ပဿမ္ဘတိ၊ပဿဒ္ဓိကာယော သုခံ ဝေဒေတိ။

ပဿဒ္ဓိကာယော၊ စိတ်ဧစတသိက် ငြိမ်းချမ်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်(မျှားအား) သည်။ သုခံ၊ ချမ်းသာတယ်ဆိုတဲ့ သဘောကို။ (ဟောတိ၊ ဖြစ်၏။)ဝေဒေတိ၊ ခံစားရ၏။

စိတ်ထဲ စေဘသိက်ထဲ ငြိမ်းသွားတာနဲ့ တပြိုင်နက်တည်း၊ အေးသွားတာနဲ့ တပြိုင်နက်တည်း-

“မချမ်းသာဘူးလား”

“ချမ်းသာပါတယ် ဘုရား”

ပီတိ-ပဿဒ္ဓိ-သုခ-အဆင့်ဆင့် တက်လာတယ်နော်။

သုခိနော စိတ္တံ သမာဓိယတိ။

သုခိနော၊ချမ်းသာလှချည်ရဲ့ဆိုတဲ့ ပုဂ္ဂိုလ်အား။ (ဝါ) သုခိနော၊ စိတ်ဧစတသိက်အေးချမ်းလို့ချမ်းသာနေတဲ့ ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ငြိမ်၏။

ချမ်းသာသွားပြီဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဟာ တည်ငြိမ်သွားတယ်။

“ပီတိ၊ ပဿဒ္ဓိ၊သုခ၊ သမာဓိ၊ တရားဘယ်နှစ်လုံးတက်သွားပြီလဲ”

“လေးလုံးပါဘုရား”

သမာဟိတာဿ၊ တည်ငြိမ်သော စိတ်ထားရှိတဲ့ ပုဂ္ဂိုလ်အား။ ယထာဘူတံ၊ ဟူတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိ၏။

သမာဟိတ-မိမိစိတ်ကို မိမိလိုတဲ့ နေရာထားနိုင်ပြီလို့ ငြိမ်နေတဲ့ စိတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ ယထာဘူတံ ပဇာနာတိ-ယထာဘူတလို့ခေါ်တဲ့ အမှန်အတိုင်း သိတဲ့ဉာဏ်ကို ရတယ်။ ကျေးဇူးတွေနော်။

ဒေါမနဿ ဝေဒနာကို သောမနဿနဲ့ ခွာလိုက်တယ်။ ဒေါမနဿဝေဒနာ ဂိတ်ဆင်းရဲနေတာ စိတ်ညစ်နေတာ ဘာ့ကြောင့်လဲဆိုတော့ စိတ္တလမထေရ်ကြီးရဲ့ စံတ္ထုရှာမတ္တဘူးဆိုပြီးတော့ ဧတ်ဆင်းရဲနေတာ ဒေါမနဿ။ရှာတ္တပြီဆိုတော့ သောမနဿ။ ပထမဖြစ်နေတဲ့ ဒေါမနဿ ဝေဒနံဘကို နောက်ထပ် ဖြစ်ပေါ်လာတဲ့ သောမနဿနဲ့ အစားထိုးပြီးတော့ ခွာပစ်လိုက်တာ ဝေဒနာဝိက္ခမ္ဘန။

မတ္တေဘူးဆိုရင် ဒေါမနဿ။ တ္တပြီ တ္တပြီဆိုတော့ သောမနဿ။ သောမနဿရဲ့ အာရုံက စိတ္တလဝတ္ထုကိုတ္တေတာ။ဒေါမနဿအာရုံက စိတ္တလဝတ္ထုကို မတ္တေတာ။ အာရုံချင်းတခြားစီ။ ဒါ့ကြောင့်—ဝေဒနာဝိက္ခမ္ဘနလို့ ဆိုခဲ့ရင် မူလဖြစ်ပေါ်နေတဲ့ ဝေဒနာစိုက်ပြီးတော့ရှုလို့ သည်းမခံနိုင်အောင် သမာဓိတွေ ပျက်လောက်အောင် ဖြစ်လာခဲ့ရင် ဝေဒနာခွာရတယ်ဆိုတာ မမှေ့ရဘူး။

"ဟုတ်လား"
"မှန်ပါဘုရား"

ဒီတော့—ဘုန်းကြီးတို့ ဟောထားတဲ့ "မဟာသတိပဋ္ဌာန် သုတ်အကျယ် အာနာပါနသတိပဋ္ဌာန်အကျယ် တစ်ဆယ့်သုံး ခွဲဆိုတဲ့ အထဲမှာ ပါတယ်။

သမုဒိရဏ ဝါယောနဲ့ ဝိတ္ထမ္ဘနဝါယော

ဟတ္ထပါဒေ အတိစိရံ သမိဉ္ဇတွာ ဝါ ပသာရေတွာ ဌိတသေ ၁ဏော ခဏော ဝေဒနာ ဥပ္ပဇ္ဇတိ။

အဘိစိရံ၊အလှန်ကြာမြင့်စွာ။ဟတ္ထပါဒေ၊ လက်ခြေတို့ကို။ သမိဉ္ဇေတွာ ဝါ၊ ကွေးထားသည်ဖြစ်၍လည်းကောင်း။ ပသာရတွာ ဝါ၊ ဆန့်တန်းထားသည်ဖြစ်၍ လည်းကောင်း။ ခဏေ ခဏော၊ ခဏတိုင်း ခဏတိုင်း။ ဝေဒနာ၊ ကာယိကဒုက္ခဆိုတဲ့ ဝေဒနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်၍ လာကြလေကုန်၏။

လက်တွေ ခြေတွေ အကြာကြီး ဖိပြီးတော့ ကွေးထားတဲ့အတွက်ကြောင့် ကာယိကဒုက္ခလို့ခေါ်တဲ့ ဆင်းရဲမှုတွေဖြစ်တတ်တယ်။

"ဟုတ်လား"
"မှန်ပါဘုရား"
"ခါးရဲ့အောက်ပိုင်း ဖိပြီးတော့ ခွဲသား၊ တကိုယ်သုံးမှာ တွန်းကန်လှုပ်ရှားနေတဲ့ ဝါယောဓာတ်-မရှိဘူးလား၊ ရှိသလား"
"ရှိပါတယ်ဘုရား"
ဝိတ္ထမ္ဘနလက္ခဏာ-တွန်းကန်တယ်ဆိုတဲ့ ဝါယောဓာတ်။
သမုဒီရဏလက္ခဏာ-ဖွဲ့ရှာ့းတယ်ဆိုတဲ့ ဝါယောဓာတ်။
"ရှိတယ်နော်"
"ရှိပါတယ်ဘုရား"

တွန်းနေရင် အမြဲတမ်းဖွဲ့နေတယ်။ ဘုန်းကြီးတို့ယောဂီများရဲ့ ခြေသလုံးလေးတွေထဲမှာ—

"အကြောလေးတွေ-အကြောလေးတွေ မရှိဘူးလား"
"ရှိပါတယ်ဘုရား"
"ဒီအကြောလေးတွေထဲမှာ အခေါင်းလေးတွေနဲ့ သွေးတွေ လှည့်ပတ်ပြေးနေတာ မရှိဘူးလား"
"ရှိပါတယ်ဘုရား"

သွေးတွေလှည့်ပတ်နေတယ်ဆိုတာ ဒီသွေးတွေ ဘာကြောင့် လှည့်ပတ်ရသလဲဆိုရင် လေက နောက်ကနေ တွန်းပေးတဲ့ သမုဒီရဏဝါယောကြောင့်၊ တွန်းထိုးပေးနေတဲ့ လေရဲ့ ကန်အား တွန်းအား နောက်မှာရှိတယ်။ ဒါ့ကြောင့် ရှေက သွေးတွေပြေးနေတယ်။

"ဟုတ်လား"
"မှန်ပါတယ်ဘုရား"

သွေးဆိုတာကိုတော့ ဘုန်းကြီးတို့ယောဂီများ အာပေါလို့ အလွယ်ဆုံးမှတ်ရမယ်။ ဒီအာပေါလို့ခေါ်တဲ့ သွေးရည်တွေထဲမှာ—

"တွန်းကန်နေတယ်ဆိုတဲ့ ဝါယောတွေ ရောပြီးတော့ သွားမနေဘူးလား"
"သွားနေပါတယ်ဘုရား"

ဓာတ်သဘောတွေ ပေါင်းစုနေတာ ဥာဏ်ထဲ ခဲ့ရတယ်ဗျ။ စီးဆင်းပြီးတော့ သွားလာနေတာက အာပေါ။ စီးဆင်းတဲ့သဘောတွေကို နောက်က တွန်းပေးနေတာက ဝါယော။ တွန်းနေတယ် စီးနေတယ်ဆိုတဲ့အထဲမှာ—

"ပူတယ်ဆိုတဲ့သဘောလေး ပါသွားရင်"
"တေဇောရှိပ်ပါဘုရား"

"အပူတွေကျလို့-အေးလာပြန်ပြီ"
"တေဇောရှိပ်ပါဘုရား"

ဘယ်လိုပဲကွန်းတွန်း မတိုးနိုင်ဘူး၊ ရွေကတင်းခံနေတယ်။ စီးချင်တယ်၊ ဘယ်လိုပဲစီးစီး စီးခြင်းငှာမတက်နိုင်ဘူး။ ရွေကပိတ်ခံနေတယ်။ ကက္ခဋ္ဌလက္ခဏာ။

"ခြေသလုံးထဲ မရှိဘူးလား"
"ရှိပါတယ်ဘုရား"

ခြေသလုံးကြီး ကွေးပြီးဖိထားတော့ အဲဒါတွေ တို့ယောဂီများ ရွက်ပဲ။ ခြေသလုံးကြီးဖိပြီးတော့ ကွေးထားရင် ဒီအထဲမှာ တခါတည်း တရစပ် ဒိတ်-ဒိတ်-ဒိတ်ဒိတ်နဲ့ တွန်းပေးနေတယ်။ တွန်းပေးထားပေမယ့်လဲ ဖိထားတဲ့အတွက်ကြောင့် တင်းကျပ်နေတယ်။ တင်းကျပ်နေတာကြီးကို တအားတွန်းတော့ နာလာတယ်။

"ဟုတ်လား"
"မှန်ပါဘုရား"

သွေးကလဲ သွားခွင့်မရ၊ လေကလဲ သွားခွင့်မရ၊ ပလပ်စတစ်ပိုက်ထဲ ရေတွေလှတ်ပြီးတော့မှ တခါတဲ့ ပိုက်ကလေး ချိုးထားသလို သွေးကြောလေကြောတွေကို တို့ယောဂီများက ဖိပြီးပိတ်ထားတော့ (၁) တွန်းကန့်တဲ့သဘောက နှိပ်စက်တာတမျိုး၊ (၂) တင်းမာနေတဲ့သဘောတွေက နှိပ်စက်တာတမျိုး၊ (၃) ပူလှချည်ရဲ့သဘောတွေ နှိပ်စက်တာကတမျိုး။

"ဘယ်နှစ်မျိုးလဲ"
"သုံးမျိုးပါဘုရား"

ပူတဲ့သဘောနဲ့ တွန်းကန်တဲ့သဘောက ပေါင်းပြီးတော့နှိပ်စက်တတ်တယ်။ ပွဲစည်းတဲ့သဘောနဲ့ တင်းမာတဲ့သဘောက ပေါင်းပြီးတော့နှိပ်စက်တတ်တယ်။ ပူနေတာတွေ၊ အောက်ပိုင်းက ပထဝီနဲ့အာပေါတွေ အားကောင်းလို့ တင်းမာထုံပြီးတော့ နေတာတွေ။

"ဟုတ်လား"
"မှန်ပါဘုရား"

အေး-လေတိုက်ရင် မီး၊ မီးလောင်ရင် လေ၊ အတွဲလိုက်ရှိတယ်နော်။ မြေမှုန်လေးတွေကို လုံးချင်ရင် လက်ထဲရေလေးထည့်ပြီး နှဲ-လုံးမှ အခဲလေးရတယ်။ ရေနဲ့ မြေ မိတ်ဖက်။မီးနဲ့လေ မိတ်ဖက်။ အဲဒီသဘောတရားတို့ ပေါင်းပြီးတော့ နှိပ်စက်ပုံကို ခြေသလုံးထဲ ကြည့်လဲ တွေ့တာပဲ။

"ပေါင် ခါး ရင်ဝမ်း အကုန်ကြည့်လဲ မတွေ့ဘူးလား"
"တွေ့ပါတယ်ဘုရား"

သြော်—ဒါတွေ့ နှိပ်စက်လို့ ဝေဒနာဖြစ်တာ၊ သဘောကျအောင်ရှုလိုက်နော်။ ကိုင်း-ဝေဒနာကာယမို့ဖြစ်တယ်။ ကာယကို ရှုရမယ်တချက်၊ ကာယလဲ မရှုနိုင်၊ဆင်းရဲတာရှု၊ ဆင်းရဲတာလဲ မရှုနိုင်ဘူး။ ကာယလဲ မရှုနိုင်ဘူး။ ပိုပြီး ပင်ပန်းလာတယ်ဆိုရင် အဲဒီဝေဒနာ ငြိမ်းဖို့ရန် တခြားနည်းရှာပါ။

"မဟုတ်လား"
"မှန်ပါဘုရား"

ဒီဆင်းရဲမှုတွေကို ငြိမ်းပျောက်စေဖို့ရန် အာရုံပြောင်းဖို့လိုပြီ။ ဘုန်းကန်လဲမသွားသေးမိပေါ့။ ဒုက္ခဝေဒနာ အပြင်းအထန် နှိပ်စက်ရင် ဘုန်းကန်လဲသွားနိုင်တယ်နော်။

သမ္မောဟံ အာပဇ္ဇတိ။

တွေ့ပေါ့ပြီးတော့ မိန်းမောသွားတတ်တယ်။

ဒုက္ခဝေဒနာ အပြင်းအထန်နှိပ်စက်လာပြီဆိုရင် ဒီလို ဖြစ်တတ်တာ။ အဲဒါကြောင့်မို့လို—သုခဝေဒနာ၊သို့မဟုတ် သောမနဿဝေဒနာလို့ ခေါ်တဲ့ အာရုံကြည်နူးမှုကို ရရှိနိုင်တဲ့အာရုံ၊ စိတ်ကြည်နူးမှုကို ရရှိနိုင်တဲ့အာရုံ တခုခု ပြောင်းလိုက်မယ်ဆိုရင် ဒုက္ခဝေဒနာကို မျက်နှာလွဲ၊ စိတ်ထဲမှာ ကြည်နူးစရာ သုခဝေဒနာ ပီတိ ပဿဒ္ဓိဖြစ်စရာ အာရုံတခုခု ပြောင်းပြီးတော့ ယူလိုက်မယ်ဆိုရင် ဘုန်းကြီးတို့ ယောဂီများ ဒုက္ခဝေဒနာ တခါတဲ့ ကွာသွားတယ်။ ဘုန်းကြီး ယခု ပြောတဲ့ ကိုယ်တွေ့ဥပမာလေးနဲ့ ကပ်ထားနော်။

အေး—ဝေဒနာခွဲတဲ့ ဝတ္ထုများ နောက်ရက်တွေမှာ ဆက်ပြီးတော့ ပြောမယ်နော်။ ယခုတော့ ဝေဒနာစိုက်ပြီးတော့ ရှုသွားတဲ့ စိတ္တလမထေရ်ကြီး

အကြောင်းကို ပြောမယ်လို့ ကတိထား။ စိတ္တလမထေရ်ကြီးဝတ္ထု မူလပဏ္ဏာသအဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ္တန်ရဲ့အဖွင့် ဝေဒနာနုပဿနာအပိုင်းမှာ အဋ္ဌကထာဆရာတော်ကြီး ထည့်ပြထားတယ်။

စိတ္တလမထေရ်ကြီးရဲ့ ရှုကွက်

စိတ္တလတောင်စောင်းမှာ နေတဲ့ မထေရ်ကြီး ရဟန်းငယ်လေးတပါး အလုပ်အကျေးနဲ့ တရားအားထုတ်တယ်။ရဟန်းငယ်လေးတပါး အလုပ်အကျေးယူပြီးတော့ ကရားအားထုတ်တဲ့ စိတ္တလတောင်စောင်းနေတဲ့ မထေရ်ကြီး ဟရားအားထုတ်တော့ တောထဲတောင်ထဲနေတဲ့ ပုဂ္ဂိုလ်ဟာ အများအားဖြင့်တော့ ကောသနိကပိတ္တံ-တထပ်တဲ့ တကြိမ်တဲ့ ရတာကွေ့ မွေ့နောက်စားတာများတယ်။

ရတာတွေ့အကုန်းလုံး မွေ့နောက်ပြီး တထပ်တဲ့စား။ ညနေလဲ စောင်းရောစဉ်းစားကြည့်၊ များများပဲစားစား နဲနဲပဲစားစား အဲဒီဥစ္စာတွေ့ဟာ ဝမ်းထဲမှာ အစာမကြေပဲ ဖြစ်ရင် ဒုက္ခပဲ။ အစာကြေပြန်တော့လဲ ညပိုင်းကျ အစာမရှိလို့လေထ။မနက်စောစောကျတော့လဲ အဲဒီလေထဲ ဒီအစာတွေ့ မွေ့ထည့်လိုက်တော့ လေနှာရောဂါဟာ တခါတခါ ပိုအားကောင်းလာတယ်။

စိတ္တလတောင်စောင်း ညောင်စောင်းပေါ်မှာ တရားအားထုတ်နေတဲ့ မထေရ်ကြီးရဲ့ ရင်ထဲမှာ အလွန် ထိုးဆန့်ပ်စက်တယ်ဆိုတဲ့ ဝါယောဓာတ်၊

“ဘာပါလိမ့်”

“ဝါယောဓာတ်ပါဘုရား”

ဝါယောဓာတ် ဘုန်းကြီးတို့ ဟောထားတဲ့ အာသီဝိသောပမသုတ္တန် အရ-မြွကြီးတကောင်။

“ဘာမြွပါလိမ့်”

“သတ္တမုခမြွပါဘုရား”

သတ္တမုခမြွတဲ့။ သတ္တမုခမြွဆိုတာက ဝါယောဓာတ်ရုပ်ဆိုတဲ့ ပရမတ္ထတရားကို သတ္တမုခမြွလို့ခေါ်တယ်။ တောင်ပို့ကြီးနဲ့ ပမာတူတဲ့ ဒီ ခန္ဓာကိုယ်အခေါင်းထဲမှာ သတ္တမုခမြွလို့ ခေါ်ဆိုရတဲ့ ဝါယောဓာတ်ကိုက်ပြီ။

ညပိုင်းမှာ အစာမရှိ၊ လေတွေက တအား‌ထိုး၊ လေထိုးတဲ့ ဒဏ်ကို ခံစားရ တာ ပင်ပန်းလွန်းတဲ့အတွက်ကြောင့် ညောင်စောင်းပေါ်မှာ ထိုင်ပြီးတော့ တရားအာဝဇ္ဇနဖြစ်နေတဲ့ စိတ္တလမထေရ်ကြီး။

စိတ္တလပဗ္ဗတေ အညတရော ထေရော ဝိယ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသအဋ္ဌကထာ-ဝေဒနာနုပဿနာအဖွင့်-၂၇၉။

အညတရော ထေရော၊ အမည်မထင်ရှားတဲ့ မထေရ်ကြီး။

အဋ္ဌကထာက ဒီလိုပြောတယ်။ သူ့ရဲ့ တိုက်ရိုက်နာမည် မထင်ရှားဘူး။ သူသိတင်းသုံးတဲ့ တောင်ကြီးရဲ့ နာမည်သာ ထင်ရှားတယ်။

"တောင်ကြီးရဲ့နာမည်က"
"စိတ္တလတောင်ပါဘုရား"

အညတရော ထေရော ပင်ကိုနာမည် မထင်ရှားဘူးနော်။ စိတ္တလတောင် မှာနေလို့ စိတ္တလမထေရ်လို့ပဲ ဘုန်းကြီးတို့က ခေါ်ကြစို့။

"မမှားပါဘူး-ဟုတ်လား"
"မှန်ပါဘုရား"

အညတရော ထေရော၊ ပကတိနာမည် မထင်ရှားသော်လဲပဲ စိတ္တလတောင် မှာ နေသောကြောင့် စိတ္တလမထေရ်ရယ်လို့ ထင်ရှား ကျော်ကြားပေသော ဆရာတော်ကြီးသည်။ မဟုတ်ကော၊ ညောင်စောင်းထက်၌။ ဗလဝ ဝေဒနာယ၊ ပြင်းထန်စွာသော ဝေဒနာဖြင့်။ နိတ္ထုနန္တော၊ ဆင်းရဲလှချည်ရဲ့--ဆင်းရဲလှချည်ရဲ့ ဆိုပြီးတော့ ညည်းတွားလျက်။ အပရာပရံ၊ ဟိုဘက်သည်ဘက်။ ပရိဝတ္တတိ၊ လူးလှိမ့်၍ နေခဲ့ပါ၏။

"ညောင်စောင်းပေါ်မှာ လျောင်းပြီးတော့ မထေရ်ကြီး ဘာဖြစ်သလဲ"
"ညည်းနေပါတယ်ဘုရား"

ဘယ့်နှယ်ညည်းနေသတုံးဆိုတော့—

ဒုက္ခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ။

ဒုက္ခံ၊ ဆင်းရဲလှစ္စာသော။ ဝေဒနံ၊ ဝေဒနာကို။ ဝေဒယာမီတိ၊ ခံစား ရတယ်လို့။ ပဇာနာတိ၊ သိ၏။

ဒါက သတိပဋ္ဌာနသုတ္တန်ပါဠိတော်စကား။ ဘုန်းကြီးတို့ ယောဂီများ၊ ဆင်းရဲတာကို ဆင်းရဲတယ်လို့ သိနေရင် ဝေဒနာရှုကွက်ရဲ့ အခြေခံတော့ ရတယ် နော်။

ညောင်စောင်းပေါ်မှာ မထေရ်ကြီး လေတိုးတာကို အာရုံပြုပြီးတော့ ဆင်းရဲတယ်-ဆင်းရဲတယ်-ဆင်းရဲတယ်လို့ ဒီရုပ်တရားကြီး ဆင်းရဲလှချည်ရဲ့။

"ဘာရုပ်ပါလိမ့်"
"ဝါယောရုပ်ပါဘုရား"
"အေး—ဝါယောရုပ်ဗျ—ဗိုက်တဲထိုးနေတာ"
"ဝါယောရုပ်ပါဘုရား"

ဗိုက်က တခြား၊ထိုးနေတာက တခြား။ဗိုက်ဆိုတာက သမုတိသစ္စာ ပညတ်၊ တွန်းထိုးနေတာက ဝါယောပရမတ်။

"တခြားစီ မဟုတ်လား"
"တခြားစီပါဘုရား"

အဲဒါ-တခြားစီမကဲ့ပဲနဲ့ ဗိုက်နာတယ်ဆိုရင် ရှုကွက် မမှန်သေးဘူးနော်။ ဗိုက်ဆိုတဲ့ သမုတိသစ္စာကို ကျော်လွှားပြီးတော့ ထိုးလှ တွန်းလှချည်ရဲ့ဆိုတဲ့ ဝါယောပရမတ်ကို ရောက်အောင်ယူ။ ဆန္ဒောဝါဒသုတ္တန်ကြီးကို ဟောထားတာ နာဘူးကြသားပဲနော်။ ဆန္ဒမထေရ်ဖြစ်ပုံ ဒီအတိုင်းပဲ။

ဒီတော့ မထေရ်ကြီးရဲ့ ဗိုက်ထဲ တအားတိုးနေတဲ့ ဝါယောဓာတ်ကို မထေရ် ကြီး စိုက်ကြည့်ပြီးတော့ သြော်-ဒီဝါယောရုပ်ကြီးဟာ တရစပ် နှိပ်စက်တာပဲ။ အာဘိဏှသမ္ဗဒ္ဓိပဋိပဒါန-အလွန်တရာ ဖိကပ်ပြီးတော့ နှိပ်စက်နေတဲ့ ဝါယောရုပ်ကို မထေရ်ကြီး စိုက်ကြည့်ယင်း ကြည့်ယင်းနဲ့ ဉာဏ်ထဲ စိတ်ထဲမှာပင် မထားနိုင်တော့ ပါပဲနဲ့ ပစပ်ကပါ ဆိုမိတယ်။ ရုပ်တရားကြီးဟာ ဆင်းရဲလိုက်တာ။ ရုပ်တရား ကြီးဟာ ဆင်းရဲလိုက်တာ။

"ဘာတရား ဆင်းရဲလဲ"
"ရုပ်တရားပါဘုရား"

ဆင်းရဲတယ်ဆိုတဲ့ ပီဋ္ဌနဒုက္ခနဲ့ ဝါယောရုပ်ဟာ အကူတူပဲ၊ တခြား စိမဟုတ်ဘူး။ ဒီဝါယောရုပ်ကိုယ်တိုင်က ဆင်းရဲနေတာ။ ရုပ်ဘဂား ရတဲ့အခါနိန်းကစပြီး ဘုန်းကြီးတို့ယောဂီများ ဆင်းရဲနေကြပြီ။ ရုပ်တရား ရတဲ့အခါနိန်းကစပြီး ဒုက္ခကို ရပြီးပြီ။

"ဟတ်လား"
"မှန်ပါဘုရား"

အဝိဇ္ဇာနဲ့ တဏှာ

ရနေတဲ့ဒုက္ခကို ရမှန်းမသိတာဟာ အဝိဇ္ဇာ။
"ရမှန်းမသိတာဟာ"
"အဝိဇ္ဇာပါဘုရား"

ဒုက္ခေ အညာဏံ အဝိဇ္ဇာ။

ဒီဒုက္ခမသိတာ အဝိဇ္ဇာ။ဒီအဝိဇ္ဇာက ရှေက အမြဲပ်ံသဖွယ် တွယ်လိုက်တာနဲ့ တပြိုင်နက်တည်း လေလေးတဖြူးဖြူးနဲ့တိုက်တာ ရချင်လိုက်ဘာ ဘာဖြစ်လာသလဲဆိုရင် တောင့်တလာတဲ့ တဏှာလောဘ ဝါယောရုပ်ဟာ ဒုက္ခလို့ ဘယ်လို ပဲပြောပြော လေတိုက်လာမှ ရချင်တယ်ဆိုရင် ဒုက္ခကို သုခထင်ပြီးတော့ မျှော်နေတာ။

"တဏှာပဲ မဟုတ်လား"
"မှန်ပါဘုရား"

သုခံ ပတ္ထိယတိ။

သခ တောင်တတာဟာ တဏှာ။
ဒီတော့ တဏှာရဲ့ အမြစ်မူလဟာ အဝိဇ္ဇာ။
အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ၊

အဘိဓမ္မတ္ထသင်္ဂဟပစ္စည်းပိုင်း-ဝဋ္ဋမြစ် ၂-ပါး။

အဘိဓမ္မတ္ထသင်္ဂဟကတော့ အဝိဇ္ဇာ၊ တဏှာ။ ဒီနှစ်ပါးဟာ သံသရာဝဋ်ဒုက္ခရဲ့ အမြစ်လို့ ပြောတယ်။ အဲဒီအဋ္ဌကထာဟောကွက်ကို တမျိုးထားခဲ့။ ဒီနေ့ကမှာ

ဘုန်းကြီးပြောချင်တာက တဏှာရဲ့ အမြစ်ဟာ အဝိဇ္ဇာဆိုတာ စဲအောင် မှတ်ထား။။

"တဏှာရဲ့ အမြစ်သည်"
"အဝိဇ္ဇာပါဘုရား"
ဒါဖြင့် တဏှာက ပင်စည်။
"တဏှာက"
"ပင်စည်ပါဘုရား"

အဝိဇ္ဇာက ရေသောက်မြစ်၊ ရေသောက်မြစ်ကို ဖြတ်လိုက်ရင် တဏှာဆိုတဲ့ ပင်စည်ကြီးလဲ ရမယ်မဟုတ်လား။။

ယခု စိတ္တလေတောင်စောင်း ညောင်စောင်းပေါ်က မတေရ်ကြီး စိုက်ပြီးတော့ ကြည့်နေလိုက်တာ ဘာတွေ့နေတုံးဆိုတော့—

"ဝမ်းဗိုက်ကို တွေ့သလား၊ ဝါယောဓာတ်ကို တွေ့သလား"
"ဝါယောဓာတ်ကို တွေ့ပါတယ်ဘုရား"

ဟန်ကျလိုက်ဘာဗျာ။ ဝမ်းဗိုက်ကို လွှန်ပြီးတော့ တွန်းကန်နေတဲ့ ဝါယောဓာတ်ကို မထေရ်ကြီး သေသေချာချာ တွေ့တယ်။ ဝါယောဓာတ်ကိုတွေ့တော့ တွန်းကန်တဲ့ လက္ခဏာကို ရှုယင်းရှုယင်းနဲ့ နှိပ်စက်တယ်ဆိုတဲ့ ဒုက္ခကြီးကိုပါ သူ ဆက်တွေ့သွားပြီ။

"အဝိဇ္ဇာဆိုတဲ့ အမြစ်ကလေးဟာ ကပ်သေးသလား"
"မကပ်တော့ပါဘုရား"
"အဝိဇ္ဇာအမြစ် ပြတ်နေပြီနော်"
"မှန်ပါဘုရား"

ဝမ်းဗိုက်ကိုကျော် ဝါယောရုပ်ကို တွေ့တာ တချက်၊ ဝါယောရုပ်ထဲမှာ ဖြစ်နေတဲ့ ဒုက္ခလက္ခဏာကို တွေ့တာတချက်။

"ဘယ်နှစ်ချက်လဲ"
"နှစ်ချက်ပါဘုရား"

ဝါယောရုပ်နဲ့ အဲဒီ ဝါယောရုပ်ရဲ့ဒုက္ခ။ ဒီနှစ်ချက် မြင်လိုက်တာနဲ့ တပြိုင်နက်တည်း အဝိဇ္ဇာအမြင်ဟာ ပြတ်သွားတယ်။

"မသိတဲ့အဝိဇ္ဇာ ကျန်သေးလား"
"မကျန်တော့ပါဘုရား"
"ဒုက္ခမှန်း သူ့သေသေချာချာ သိပြီနော်"
"မှန်ပါဘုရား"

ဝါယောရုပ်လဲ သိနေပြီ၊ ဒုက္ခဖြစ်မှန်းလဲ သိနေပြီ။ သိနေတဲ့အသိကို ရင်ထဲနှလုံးထဲမှာ မျိုထားခြင်းငှာ မတတ်နိုင်ဘူး။ ပါးစပ်က ထုတ်ပြီးတော့—

အဟော ဒုက္ခံ၊ အဟော ဒုက္ခံ။

ဩော်— ဆင်းရဲတဲ့ရုပ်ကြီး၊ ဆင်းရဲတဲ့ဝါယောရုပ်ကြီး လို့ ပါးစပ်ကနေ တရစပ် ညည်းနေတဲ့အသံ ထွက်လာတယ်။

ဝင်လေဒုက္ခ ထွက်လေအနိစ္စ

ဘုန်းကြီးတို့ ယောဂီများ တခါတခါ ရှုတယ်နော်။ဝင်လေအနိစ္စ၊ထွက်လေဒုက္ခ။

"တချို့ ဒီလိုဒီလိုလုပ်တာ ရှိတယ်မဟုတ်လား"
"ရှိပါတယ်ဘုရား"

ဝင်လေ ဒုက္ခ၊ ထွက်လေအနိစ္စ၊ ဒီလိုလဲ ရှိသေး။ တချို့က ဝင်လေ အရဟံ၊ ထွက်လေက ဗုဒ္ဓေါ။ ဒီလိုလဲရှိသေး။ လုပ်ပုံလုပ်နည်းတွေက များကိုစုံနေတာပဲ။ ကာယရုပ်ပဲဖြစ်ဖြစ် ဝင်လေရော ထွက်လေရော အကုန်လုံး အနိစ္စ ဒုက္ခ တသားတည်းပါ။ ဝင်လေကမှ အနိစ္စ၊ ထွက်လေကမှ ဒုက္ခ။ ဒီလိုမဟုတ်ဘူး။ ထွက်တဲ့လေကမှ အနိစ္စ၊ ဝင်လေက ဒုက္ခ။ ဒီလိုလဲ မဟုတ်ဘူး။ ဝင်လေ ထွက်လေ တသားတည်း၊ အနိစ္စ ဒုက္ခ အကုန်လုံး တညီတည်းရှိတယ်။ အဲဒီလိုမှ မဟုတ်ပဲနဲ့ ပုတီးစိပ်သလို ပါးစပ်ကနေပြီးတော့ ဝင်လေအနိစ္စ၊ ထွက်လေအနိစ္စဆိုလို့တော့ မလွယ်ဘူးနော်။

တကယ့်ကို ဝါယောရုပ်ကိုလဲ မိထားမှ၊ ဝါယောရုပ် နှိပ်စက်တဲ့သဘောကိုလဲပဲ သိထားမှ။ အဲဒီအခါကျတော့မှ အနိစ္စလို့ ပါးစပ်က ဆိုချင်ဆို၊ ဒုက္ခလို့ ဆိုချင်ဆို။ ဉာဏ်နဲ့စိုက်ပြီးတော့ မိပြီးမှဆိုရင် သဘာဝကိုက်တယ်ပေါ့။

စိတ္တလမဏ္ဍိကြီး ပါးစပ်က ညည်းလာတာဟာ ဒုက္ခဝေဒနာ နှိပ်စက်လွန်းတဲ့အတွက်ကြောင့် ရင်တဲနှလုံးထဲ မျိုထားလို့မရပဲ ပါးစပ်က ထွက်လာတာ။ ဒုက္ခလက္ခဏာ တကယ်တွေ့လို့ ပါးစပ်က ဆိုမိတာ။ တကယ်မတွေ့သေးပဲနဲ့ အနိစ္စ- ဒုက္ခ၊ အနိစ္စ-ပုက္ခ။ ဒီလိုလုပ်နေတာမဟုတ်ဘူး။ ရုပ်လဲမတွေ့သေးပဲနဲ့ အနိစ္စ- ဒုက္ခ၊ ထွက်ဒလ ဝင်လေ အနိစ္စ-ဒုက္ခ ဒီလို မဟုတ်ဘူးနော်။ စိတ္တလမဏ္ဍိကြီးကို ပြောပါတယ်၊ ဟုတ်လား။

ဒေး- ပါဒယောမှပ် တကယ် တွေ့တယ်။ ပါဒယောရုပ် နှိပ်စက်ပုံ ဟာကယ် တွေ့တယ်။ တွေ့ပဲ့အတွက်ကြောင့် အဖော ဒုက္ခ၊ ဖြေသွဲ- ဆင်းရဲလှချည်ရဲ့ တကား။ဆင်းရဲတဲ့ ပါဒယောရုပ်ပဲလို့ စိတ္တလတောင်စောင်း ညောင်စောင်းပေါ်က မဏ္ဍိကြီးဟာ လူးလှိမ့်ညည်းတွားပြီးနေရှာတယ်။ လူးလှိမ့်ပြီးတော့ ခံခဲ့ရတဲ့ဝေဒနာ။

"ဝေဒနာ ဘာမို့ဖြစ်တယ်ဆိုတာ သိပြီမဟုတ်လား"
"သိပါပြီဘုရား"
"ဒီဝေဒနာ ဘာမို့ဖြစ်သလဲ"
"ရုပ်တရားမို့ဖြစ်ပါတယ် ဘုရား"
"တဲ့တဲ့ပြော။ ဘာရုပ်လဲ"
"ဝ်ဒယောရုပ်ပါဘုရား"

ဟုတ်ပြီ၊ ပါဒယောရုပ် ရှုကွက်တဲ့ ပါသွားပေစေ၊ ဂါဒယော နှိပ်စက်တဲ့ ဝေဒနာလဲ၊ ရှုကွက်ထဲ ပါသွားပစေ။

"ဟုတ်ပြီနော်"
"မှန်ပါဘုရား"

ကာယနဲ့ ဝေဒနာနှစ်ခု၊ ဒီနေရာမှာ ကာယကို ဥရုမှာလား၊ ဝေဒနာကို ရှုရမှာလားဆိုတော့ တကယ်အလုပ်လုပ်ကြသံတော့ ဘုန်းကြီးတို့ယောဂီများ ကိုယ့်သဘောနဲ့ ကိုယ့်ဟာကိုယ် အဲဒါကြိုက်ရာသွားနိုင်ခွင့်ရှိတယ်။ ဝေဒနာပဲ စိုက်ရှုဆိုပဲ့ရှိရင်-

"တော်တော်ကြာ ဘုန်းကနဲလဲသွား မကောင်းလား"
"ခက်ပါကယ် ဘုရား"

ဒါ့ကြောင့်-ဝေဒနာကို မျက်နှာလွဲ ကာယရှုရင်လဲ ရတယ်နော်။ ကာယ မရှုနိုင်ဘူး။ ဝေဒနာ ရှုချင်တယ်ဆိုလဲ ရတယ်။ ဝေဒနာဝိကွမ္ဘနသဘောဟာ ဒီလိုပဲ။

နာကျင်တဲ့ နေရာရယ်လို့ သီခြားမရှိပါဘူး

လူးလှိမ့်ပြီး ညည်းတွားနေတဲ့ မထေရ်ကြီးဆီ အလုပ်အကျွေး ရဟန်းငယ်လေးတပါး ရောက်လာပြီးတော့ မေးပါသတဲ့။

ကတရံ ဝေါဘန္တေ ဌာနံ ရုဇ္ဈတီတိ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသအဋ္ဌကတာ-ဝေဒနာနုပဿနာ အဖွင့်-၂၇၉။

အလုပ်အကျွေး ရဟန်းငယ်လေးတပါး၏ အမေး ။

ဘန္တေ၊ အို-အရှင်ဘုရား။ ဝေါ၊ အရှင်ဘုရားတို့ရဲ့။ ကတရံ ဌာနံ၊အဘယ် ဗဟုဝိဒသ အဘယ်ဌာနက။ ရုဇ္ဈတိ၊ နာကျင်ပါသလဲဘုရား။

အရှင်ဘုရား၊ ဘယ်နေရာက နာပါသလဲ။ မေးပုံနော်- သမုတိသစ္စာ ပေါ်တင်မေးတာ။ နေရာနဲ့ ပြောခဲ့ရင် သမုတိသစ္စာ မလွတ်ဘူး။ ဆိုကြစို့။ ဗိုက်နာတယ်ဆိုရင်-

"သမုတိ သစ္စာလွတ်ရဲ့လား"
"မလွတ်ပါဘုရား"

အမေးက သမုတိ သစ္စာမလွတ်ပဲ ဖြစ်နေတယ်။ တနည်း-ပညတ်မလွတ်ပဲ ဖြစ်နေတယ်။ ခြေသလုံးက နာတယ်ဆိုရင်—

"ပညတ်လွတ်ရဲ့လား"
"မလွတ်ပါဘုရား"

ရဟန်းငယ်လေးတပါး မေးသလို အရှင်ဘုရား၊ ဘယ်နေရာက နာကျင်ပါသလဲဘုရား။ ရဟန်းငယ်ငယ်လေး မေးတော့ တကယ့်ကိုပဲ ဝေဒနာနဲ့ ကာယခဲ့ရှုနေတဲ့ မထေရ်ကြီးက ဖြေတယ်။

အာဝုသော ပါဠိယေက္ကံ ရုဇ္ဈနဌာနံ နာမ နတ္ထိ။

မဇ္ဈိမနိကာယ်- မူလပဏ္ဏာသအဋ္ဌကထာ-ဝေဒနာနုပဿနာအဖွင့်— ၂၇၉။

အာဝုသော၊ ငါ့ရှင်။ မေ၊ ငါ့အား။ ပါဠိယေက္ကံ၊ အသီးအခြားဖြစ်သော။ ရုဇ္ဇနဌာနံ နာမ၊ နာကျင်တဲ့နေရာ မည်သည်။ နတ္ထိ၊ မရှိပါ။

သီးသီးခြားခြား နာကျင်တယ်ဆိုတဲ့ နေရာမရှိဘူးတဲ့။

"နာတာ နေရာရှိလား"
"မရှိပါဘုရား"

ဘုန်းကြီးတို့ ယောဂီများကတော့ ခြေသလုံးနာတယ်။ ဗိုက်နာတယ်။ ပေါင်နာတယ်။ ခါးနာတယ်။ ခေါင်းကိုက်တယ်။

"နေရာတွေနဲ့ မဟုတ်လား"
"မှန်ပါဘုရား"

နေရာတွေနဲ့ ဆိုရင် ပညတ်မလွတ်ဘူး။ စိတ္တလမထေရ်ကြီး အဖြေက ပါဠိယေက္ကံ ရုဇ္ဇနဌာနံ နာမ နတ္ထိ—နာတဲ့ နေရာ သီးခြားမရှိဘူးတဲ့။ သီးခြားနာတဲ့ နေရာမရှိဘူး။ ဘာသာလျှင် ရှိရမလဲ၊ တွန်းထိုးနေတယ်ဆိုတဲ့ ဝါယောရဲ့သဘော၊ သူတွန်းထိုး နှိပ်စက်နေတဲ့ အတွက်ကြောင့် ခံစားရတဲ့ သဘော၊ဒီသဘောနှစ်ခုပဲ ရှိတယ်။

"ဟုတ်ပြီနော်"
"မှန်ပါဘုရား"

နာတာ နေရာမရှိဘူးတဲ့။ ဘုန်းကြီးတို့ ယောဂီများ နေရာကို ရှုနေရင် ဟန်မကျဘူးနော်။ သဘောပေါ်ရမယ်။

"ဘာပေါ်ရမလဲ"
"သဘောပေါ်ရမှာပါဘုရား"

နာတာ ဘာကြောင့်လဲ သဘောဖော်လို့က်၊ ကာယ ပြန်ရောက်တာပဲ။ နာတဲ့သဘော ခံရတဲ့ သဘောဖော်လို့က်။ ဝေဒနာ၊ နာတဲ့သဘော၊ သိတဲ့ စိတ်။

"သုံးခုမလဲဘူးလား"
"လာပါတယ်ဘုရား"

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဒီလိုလာတယ်။ ဗိုက်တွေ ရင်တွေ ပေါင်တွေ ဝမ်းတွေဆိုပြီးတော့ သီးခြားနေရာနဲ့ ဆိုခဲ့ရင် တို့ယောဂီများ၊

အယံ ဝေဒနာ မမ ဝေဒနာ။

ငါနာတာ၊ ငါ့ဝေဒနာ။
“ဒီလိုမလာဘူးလား”
“လာပါတယ်ဘုရား”
“ဒီလိုသတ္တသည္ဘာ အတ္တဲသည္ဘာ မပျောက်ရင် အနတ္တလက္ခဏာ ပေါ်ပါ့မလား”
“မပေါ်တော့ပါဘုရား”

ကမ္မာဒ္ဒဘာနံ ဝါ နာ သမ္ပဇ္ဇတိ=ကမ္မဋ္ဌာန်းလဲ မပြည့်စုံဘူး။
သတိပဋ္ဌာနဘာဝနာ နဟောတိ=သတိပဋ္ဌာန်ပွားတာလဲ မဖြစ်ပါဘူး။

စိတ္တလ မထေရ်ကြီးရဲ့နည်းကို မှတ်ထားကြနော်။ အသီးအခြား နာကျင်တဲ့နေရာမရှိဘူးလို့ ရှုလေ။နေရာမရှိဘူး သဘောပဲ။ တွန်းကန်တဲ့သဘောကြောင့် နာတာ၊ ကွန်းကန်တဲ့သဘောက ဝါယောရုပ်။ တွန်းကန်တဲ့ သဘောတွေ နှိပ်စက်နေမှုကို ဆင်းရဲတယ်ဆိုတာက ဒုက္ခဝေဒနာ။
“ဒီလိုမဟုတ်လား”
“မှန်ပါဘုရား”

ဝေဒနာနဲ့ ရုပ်နဲ့ ပေါ်သွားရော။ ရေမျက်နှာပြင်နဲ့ ရေပူဖောင်းနဲ့ ရှင်းသွားပြီနော်။ ရေပူဖောင်းလေး ပေါက်တာ ကြည့်လိုက်ရင် ဝေဒနာနုပဿနာ သွားရော။ အောက်ကရေမျက်နှာပြင်ကြီး ခန်းခြောက်သွားတာ၊ ပျက်စီးသွားတာ ကြည့်ခဲ့ရင် ကာယာနုပဿနာ သွားရော။
“ဒီလိုမဟုတ်လား”
“မှန်ပါဘုရား”
အဲဒီလိုသွားနိုင်တယ်။ သီးခြားနာကျင်တဲ့ နေရာမရှိပါဘူး။ ဘာသာလျှင် ရှိတုံးဆိုတော့ စိတ္တလမထေရ်ကြီးက ဆက်ပြီးဖြေတယ်။

ဝါယောကာယကိုမှီပြီး ဝေဒနာက ခံစားတာ

ဝတ္ထုံ အာရမ္မဏံ ကတ္ဝာ ဝေဒနာ ဝေဒယတီတိ။
မင်္ဂလမနိကာယ်-မူပဏ္ဏာသအဋ္ဌကထာ-ဝေဒနာနုပဿနာအဖွင့်- ၂၇၉။

မထေရ်ကြီးရဲ့ အဖြေ—

ဝတ္ထုံ၊ ဟောဒီကာယဆိုတဲ့ မိုရာကြီးကို။ အာရမ္မဏ်ကတ္တာ၊ အာရုံပြု၍။ ဝေဒနာဝ၊ ဝေဒနာစေတသိက်ကသာလျှင်။ ဝေဒယတိ၊ ခံစားပါတယ်။

ဝတ္ထုကို မိုရာအနေယျ။ ဝေဒနာက ခံစားတာ၊ မထေရ်ကြီးရဲ့ စကားကို စကားပြေပြန်ရင် ဝတ္ထုကို မိုရာအာရုံပြု၊ ဝေဒနာက ခံစားတယ်။ ဝတ္ထုဆိုတာက ကာယ။

“ဝတ္ထုဆိုတာ”
“ကာယပါဘုရား”

ဝေဒနာရဲ့ မိုရာကာယဟာ ရေပူဖောင်းရဲ့ မိုရာရေမျက်နှာပြင်ကြီး။ ဒီနေရာမှာ မထေရ်ကြီးအနေနဲ့ ကာယဟာ ဘာကာယတွေတုံးဆိုတော့ ဝါယောကာယ။

“ဘာကာယလဲ”
“ဝါယောကာယပါဘုရား”

ဝါယောကာယဟာ ဝတ္ထုလို့ခေါ်တဲ့ ဝေဒနာရဲ့မိုစရာ။ ဝါယောကာယဟာ ဝေဒနာရဲ့ မိုရာဝတ္ထု။ အဲဒီဝတ္ထုလို့ခေါ်တဲ့ ဝါယောကာယရဲ့ ထိခိုက်ခြင်းဆိုတဲ့ ဖောဋ္ဌဗ္ဗအာရုံ။ ဝါယောကာယရဲ့ တွန်းထိုးခြင်းဆိုတဲ့ အတွေ့အထိ ဖောဋ္ဌဗ္ဗ။

“မလာဘုံးလား”
“လာပါတယ်ဘုရာ”

ဝါယောကာယ ဟောဒီ ပသာဒကာယကို ထိတယ်ဆိုတဲ့ ဖောဋ္ဌဗ္ဗအာရုံ ပေါ်လာပြီနော်။ တွေ့ထိမှုသဘောဟာ ဝါယောကာယနဲ့ ဟောဒီကာယ ပသာဒရုပ်၊ ထိနေတဲ့ နေရာမှာ ပေါ်လာတယ်။ အဲဒီအတွေ့အထိ တွန်းထိုးတဲ့ သဘောကို သိဆိုတဲ့ အသိစိတ်။ တွေ့ထိမှု နှိပ်စက်တာကို ခံလိုက်ရတယ် ဆိုတဲ့ဝေဒနာ။

“မလာဘုံးလား”
“လာပါတယ်ဘုရား”

ဒါကြောင့်—

ဝတ္ထုံ၊ ဝါယောကာယလို့ ခေါ်တဲ့ ဒီမှုရာကြီးကို။ အာရမ္မဏ် ကတ္တာ၊ အာရုံပြု၍။ (ဝါ) ဝါယောဓာတ်ကို အာရုံပြု၍။

ရှင်းအောင်မှတ်ထားနော်။

ဝတ္ထုံ၊ ဝေဒနာခွဲ မှုရာဖြစ်နေတဲ့ ဟောဒီ ဝါယောဒ္ဓာတ်ကို။ အာရမ္မဏံ ကဟ္တာ၊ အတ္တဒအထိအနေနဲ့ အာရုံပြု၍။

ဝါယောဓာတ်ရဲ့ ဖောဋ္ဌပ္ပ တ္တဒထိမှုသဘောလေး ဒီမှာ ပေါ်လာတယ်။ အာရုံပြုပြီးတော့မှ -

ဝေဒနာ ဝ၊ ခံစားမှုဆိုဟဲ့ ဝေဒနာကသာလျှင်။ ဒုက္ခဝေဒနံ၊ ဝါယောနှိပ်စက်တဲ့ ဒုက္ခသဘောကြီးကို။ ဝေဒယတိ၊ ခံစားနေဘာ။

စိတ္တလမထေရ်ကြီး ခံစားနေတာလို့မပြောတော့ဘူး။ငါ့ဒိုက် နာနေတယ်လို့ သူ မပြောတော့ဘူး။ သာမန်အနေနဲ့ ဝေဒနာ နှိပ်စက်နေတယ်။ သဘော သေသေချာချာကြည့်လိုက်တော့ ဝါယောရုပ် နှိပ်စက်နေတာ။ ဝါယောရုပ်ရဲ့ နှိပ်စက်တဲ့ အတ္တဒအထိကို ဝေဒနာက ခံစားနေတာ။ အတ္တဒအထိကြောင့် ဆင်းရဲနေတာကို သိနေတာက ဝိညာဉ်က သိနေတာ။

"ကဲသင်းပြီ မဟုတ်လား"
"ကဲသင်းပါပြီဘုရား"

ဝတ္ထုံ အာရမ္မဏံ ကတ္တာ ဝေဒနာဝ ဝေဒယတိ။

"စိတ္တလမထေရ်ကြီးရဲ့အဖြေ၊ ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

စိတ္တလမထေရ်ကြီး အဲဒီလို ဖြေလိုက်တဲ့အချိန်၊ ရှေနားမှာ ပြုစုရအောင် ဆိုပြီးတော့ လာခဲ့တဲ့ကိုယ်တော်လေးက—

စိတ္တလမထေရ်ကြီး အဓိဝါသန ဝိရိယနဲ့ သည်းခံရှုခြင်း

ဧဝံ ဇာနနကာလတော ပဋ္ဌာယ အဓိဝါသေကုံ ဝဋ္ဋတိနော ဘန္တေတိ။

မင်္ဂလမနိကာယ်- မူလပဏ္ဏာသအဋ္ဌကထာ- ဝေဒနာနုပဿနာအဖွင့်- ၂၀၀။

ဘန္တေ၊ အရှင်ဘုရားတို့။ တုမ္ဟေ၊ အရှင်ဘုရားတို့သည်။ ဧဝံ ဇာနနကာလ တော၁၊ အဲဒီလိုသိသော ကာလမှ။ ပဋ္ဌာယ၊ စပြီးတော့။ တံ ဝေဒနံ၊ ထို ဝေဒနာကို။ အဓိဝါသေတုံ၊ သည်းခံဖို့ရန်။ ဝဋ္ဋတိအပိနု၊ သင့်သည်မဟုတ် ပါသလားဘုရား။

ဒီလိုသိရင် အရှင်ဘုရား ဝေဒနာကို သည်းခံဖို့သင့်ပါတယ်။ ဒါလောက် နားလည်ရင် အရှင်ဘုရား ဝေဒနာကို သည်းခံဖို့ သင့်ပါတယ်။ ပြုစုရအောင် လာတဲ့ ကိုယ်တော်လေးက ညည်းနေတဲ့ မထေရ်ကြီးကို တရားဟောတယ်။

မထေရ်ကြီး ညည်းနေတယ်ဆိုတဲ့စကား ဌီကာ ရှင်းလင်းချက်ကလေးကို ကိုယ် ပြောအုံးမယ်။

နိဋ္ဌုနန္တော-ညည်းတွားနေတယ်လို့ ပြောတယ်။

ညည်းတွားနေတယ်ဆိုတဲ့ ဥစ္စာကို ဌီကာဆရာက ဘယ့်နှယ် ရှင်းပြတုံး ဆိုတော့—

ဒီမထေရ်ကြီးဟာ ဒုက္ခဝေဒနာကို ဆင်းရဲတယ်၊ ဆင်းရဲတယ်လို့ ရှုယင်း ရှုယင်းနဲ့ ဒုက္ခဝေဒနာကို ပယ်ပစ်ဖို့ရန် အခွင့်အလမ်းကို သူ မျှော်နေတာ။

ဆင်းရဲတယ်- ဆင်းရဲတယ် ရှုတော့—
“ဒုက္ခဝေဒနာက တိုးတိုး၊ တိုးတိုးပြီးတော့ နှိပ်စက်မလာဘူးလား”
“လာပါတယ်ဘုရား”

တိုးတိုး- တိုးတိုးပြီးတော့ နှိပ်စက်နေတဲ့ ဒုက္ခဝေဒနာကို ဒီအတိုင်းလက်ခံ ပြီးတော့ ရှုနေခြင်းဖြင့် ထိုမထေရ်ကြီးရဲ့ သန္တာန်မှာ အဓိဝါသန စိရိယတွေ လွှမ်းနေတယ်။

ဌီကာသုံးတဲ့ စိရိယတမျိုးပေါ့ဗျာ။ စိရိယတမျိုးတော့ မဟုတ်ပါဘူး။ အဓိပ္ပာယ်ကို ပြည့်စုံအောင် ဌီကာဆရာတော်က ပြောတာ၊ အဓိဝါသနဝိရိယ။

“ဘာတဲ့တုံး”
“အဓိဝါသန စိရိယပါဘုရား”
ဝေဒနာကို သည်းခံတဲ့ နေရာမှာ ရဲရင့်တဲ့ စိရိယ။ အဓိဝါသန ဆိုတာ သည်းခံတာ။
“အဓိဝါသနဆိုတာ”
“သည်းခံတာပါဘုရား”

"ဝေဒနာကို သည်းခံတဲ့နေရာမှာ ရဲရင့်တဲ့ ဝီရိယနော်"
"မှန်ပါဘုရား"

အဓိဝါသနဝီရိယဖြင့် ဝေဒနာကို ကြွံကြွံခိုင်ခိုင် သည်းခံပြီးတော့ ရှုယင်းရှုယင်းနဲ့ ဆင်းရဲတယ်-ဆင်းရဲဘ ယ်လို့ လုပ်နေတာကိုမသိတဲ့ ပုဂ္ဂိုလ်က ညည်းနေတယ် ထင်မိ ဘ ပါ။ တကယ်ညည်းနေဘ ာ မဟုတ်ပါဘူး။ အဓိဝါသန ဝီရိယသို့ မှတ်လိုက်။

"ဘ ဝီရိယလဲ"
"အဓိဝါသနဝီရိယပါဘုရား"

ဝေဒနာကို သည်းခံတဲ့နေရာမှာ ရဲရင့်တဲ့သဘောနဲ့ ဆင်းရဲတယ်၊ ဆင်းရဲတယ်လို့ကြိတ်ပြီးတော့ မထေရ်ကြီး ရှုနေတာ။ အဲဒါမသိရင် ညည်းတယ်ထင်ရမယ်။ ဒါ့ကြောင့် ကိုယ်တော်လေးက ဘယ်နေရာက နာပါသလဲဘုရား၊ နာတဲ့နေရာ သီးခြားမရှိပါဘူး။ ဒါဖြင့် ဘယ့်နှယ်ဖြစ်တာလဲ၊ ဝေဒနာ သည်းခံဘို့ကောင်းပါတယ်။ ဝတ္ထုနဲ့အာရုံ အကြောင်းပြုပြီး ဝေဒနာက ခံစားနေတာပါ ကွာလို့ ပြောလိုက်တော့ ဒီလိုဆို အရှင်ဘုရား သည်းခံဖို့ သင့်တာပေါ့။ ဒါလောက်သိရင် သိသောကဲလစပြီးတော့ သည်းခံဖို့တော်ပါပြီဘုရား။

သည်းမခံနိုင်ဘူးလို့ ထင်နေတာနော်။ မထေရ်ကြီးကတော့ အဓိဝါသန ဝီရိယနဲ့ ကြိတ်ပြီးတော့ သည်းခံနေကာကို ကိုယ်တော်လေးက သည်းမခံနိုင်ဘူးလို့ထင်နေတာ။ ဘုန်းကြီးတို့ယောဂီများလဲ ခွျေးတလုံးလုံးနဲ့ ကြိတ်ပြီးတော့ ရှုနေတာကို ဘုန်းကြီးတို့ အခုနနဲ့တော့ ဟောဒီ စိတ္တလမထေရ်ကြီးလိုပဲ အဓိဝါသန ဗီရိယနဲ့ကြိတ်ပြီးတော့ အားခဲနေကြတာပဲဟဲ့ ကိုယ်ဒီလိုပဲ သဘောထားပါဘယ်။

"မကောင်းဘူးလား"
"ကောင်းပါတယ်ဘုရား"
"အေး-အဲဒီလိုလဲ အားပေးအုံးမှပေါ့၊ ဟုတ်လား"
"မှန်ပါဘုရာ"

ကြိတ်ပြီးတော့ တခါတည်း အဓိဝါသန ဗီရိယနဲ့ သည်းခံနေတာကို ဆင်းရဲဘယ် ဆင်းရဲဘယ်လို့ မပြောကြနဲ့နော်။ အဓိဝါသန ဗီရိယရှိရမယ်၊ သဘို-ရဲရင့်တဲ့စိတ်ရှိရမယ်။

"ဟုတ်လား"
"မှန်ပါဘုရား"

စိတ္တလမဃထရ်ကြီးဗိုက်ထဲ လေတိုးနေတာ၊ သေပေါက်ခဲသဝ ရောက်နေပြီ။ ဆွမ်းမစားနိုင်ဘာလဲ ရက်တော်တော်ကြာပြီ။ လေတွေက တအားတိုး၊ လေတအားတိုးလို့ ဆွမ်းမစားနိုင်ဘူး။ ရောဂါဖြစ်တယ်ဆိုတော့—

"ဝိပဿနာရှုကွက်တော့ သူပျက်ရဲလား"
"မပျက်ပါဘုရား"

မအိုခင်မှာ တရားရှာ၊ မနာခင်မှာ တရားရှာ။ မနာခင်ကလဲ မထေရ်ကြီး တရားရှာတယ်၊ ယခု နာနေဆဲမှာလဲ ရှာတယ်။ မခံသခင်ကခံလေးလဲ ကြိုးစားနေတယ်။

"ဒီလိုမဟုတ်လား"
"မှန်ပါတယ်ဘုရား"

အဲဒါကြောင့် အဓိဝါသန ဝိရိယ၊ ရဲရင့်တဲ့ဝီရိယ၊ ဝေဒနာကိုကြိတ်ပြီး သည်းခံမယ်ဆိုတဲ့ဝီရိယ၊ အဲဒါ အဖိုးတန်ဘာကို ပြောတာနော်။

အရှင်ဘုရားတို့ သိတဲ့ကာလကစပြီးတော့ ဝေဒနာကို သည်းခံဖို့ သင့်ပြီ မဟုတ်ပါလားဘုရား။ ကိုယ်တော်လေး လျှောက်ထားလိုက်တော့ စိတ္တလမဃထရ်ကြီး အဲဒီမှာ အဓိဝါသနဝီရိယနဲ့ ကြိတ်ပြီးတော့ ကြိုးစားတယ်။

ကာယရယ်၊ဝေဒနာရယ်၊ဒီနှစ်ခုမှာ ကာယကိုလွှတ်ပြီးတော့ ဝေဒနာတခု တည်းပဲ မထေရ်ကြီး ရှုတော့တယ်။ ဆင်းရဲဘဲ့ နှိပ်စက်တဲ့ ဒဏ်ချက်ကို စိုက်ပြီးတော့ ဩဇာ-ဒီရုပ်နဲ့ ဒီဝေဒနာ၊ အလွန်ဆင်းရဲနှိပ်စက်တဲ့ သဘောရှိတယ်လို့ စူးစူးစိုက်စိုက် ရှုယင်း ရှုယင်းနဲ့ စိတ္တလမထေရ်ကြီးရဲ့ ဗိုက်ထဲက လေဟာတအားတိုးသိုက်တာနော်။

ဒီလောက်သည်းခံရင် တော်လောက်ပြီလား

အဋ္ဌကထာက ဘာပြောတုံးဆိုရင်—

တတော ဝါတော ယာဝဟဒယာ ဖာလေသိ၊ မဉ္ဆကေ အန္ဓာနိ ရာသိကတာနိ အဟေသုံ။
မဇ္ဈိမနိကာယ်-မူလပဏ္ဏာသ အဋ္ဌကထာ-ဝေဒနာနုပဿနာအဖွင့်-၂၈၀။

တတော၊ ထိုနောက်မှ။ ဝါတော၊ ဝမ်းခေါင်းထဲမှ ထိုးဆွ နှိပ်စက်နေတဲ့လေသည်။ ယာဝဟဒယာ၊ နှလုံးတိုင်အောင်။ ဖာလေသိ၊ ဖောက်ခဲလိုက်လေတော့၏။ (ဝါ) ဖောက်ခဲလိုက်သည်ဖြစ်၍။ အန္တာနိ၊ အူတို့သည်။ မဉ္ဇကော၊ ညောင်စောင်းထက်၌။ ရာသိကတာနိ၊ အစုစုအပုံပုံတို့သည်။ အဟေသုံ၊ ဖြစ်ကြလေကုန်ပြီ။

ဝမ်းထဲကလေ တအားတိုးပြီးတဲ့ ခဲလိုက်တာ နှလုံးသားနား ကပ်ပြီးတော့ တခါတည်း ဝမ်းပိုက်ကြီး ကွဲထွက်သွားတယ်။ ဝမ်းဆဲက အူတွေဟာလေတွန်းကန်လိုက်လို့ ပေါက်ပြီးတဲ့ ထွက်လာလိုက်တာ ညောင်စောင်းပေါ်မှာ အခွေလိုက် အစုလိုက် အပုံလိုက် ဖြစ်သွားတယ်။

ပိုက်ဆဲကလေတွေ တအားတိုးလို့ ပိုက်ကြီးကွဲပြီးတဲ့ ဘာဖြစ်သွားသလဲ။ အူတွေထွက်လာတယ်။ ညောင်စောင်းပေါ်မှာ ပုံကျနေပြီအူတွေ။ ဘုန်းကြီးတို့ယောဂီများကတော့ စိတ်ဆဲမှာသာ အူတွေထွက်တာနော်။

တရားအားထုတ်ယင်းနဲ့ တခြို့များ ပိုက်ဆဲကအူတွေထွက်လာတာ ရှေ့နားအပုံကြီးတဲ့။ အဲဒီအူတွေကိုပဲ ဝိပဿနာတင်ပြီးတဲ့ ရှုရအုံးမယ်။ ဒုတ္တိသကာရနည်းနဲ့ဆိုရင်တော့ အဲဒီအူကြီးကို အသုဘအနေနဲ့ရှု။ ပဋိကူလအနေနဲ့ ရှုရင်ရတယ်။

"ဟုတ်ပြီလား"
"မှန်ပါဘုရား"

အေး-တခြို့ ဆရာတော်များကတော့ အဲဒီဝမ်းဆဲက ပေါက်ကွဲထွက်လာတဲ့ အူခွေတွေ၊ အသဲတွေ၊ အဆုပ်တွေ၊ နှလုံးတွေအကုန်လုံး သွေးသံရဲရဲနဲ့ ရှေ့နားပုံကျနေပြီဆိုရင် ရုပ်တရားအနေနဲ့ သိမ်းကျုံးပြီးတော့—

ရူပံ အနိစ္စံ၊ ရူပံ ဒုက္ခံ။

ဟောဒီရုပ်ဟာ အနိစ္စ၊ ဒီရုပ်ဟာ ဒုက္ခ။

ဒီလိုလဲပဲ ရှုနိုင်ပါတယ်လို့ ဆရာတော်ဘုရားအခြို့က မိန့်ကြားဘူးတယ်။ စိတ္တလမထေရ်ကြီး မိန့်ကြားပုံကတော့ ဝတ္ထုံအာရမ္မဏံ ကတ္ဝာလို့ မိန့်ကြားပါတယ်။ ကရဇကာယရုပ်တရားနဲ့ ဖောဋ္ဌဗ္ဗအာရုံနဲ့ထိ၊ ခံစားမှုဆိုတာဖြစ်ဆိုပြီးတော့ မထေရ်ကြီး ဒီလိုရှုသွားတယ်။

ယခု ဝမ်းပိုက်ထဲက အူတွေ့ပေါက်ထွက်၊ ညောင်စောင်းပေါ် အစုလိုက် အပုံလိုက် ဖြစ်နေပြီလဲဆိုရော ရွှေနားက ထိုင်နေတဲ့ ကိုယ်တော်လေး မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားမှာပေါ့။ဒီတော့ မထေရ်ကြီးက မေးတယ်။

ဝဠ္ဍတာဝုသော တွေ့ကာ အဓိဝါသနာ တိ။

မဇ္ဈိမနိကာယ် မူလပဏ္ဏာသအဋ္ဌကထာ ဝေဒနာနုပဿနာအဖွင့်- ၂၀၀။

အာဝုသော၊ ငါ့ရှင်။ တွေ့ကာ။ ဤမျှလောက်၊ အဓိဝါသနာ၊ **သည်းခံ** ခြင်းသည်။ ဝဠ္ဍတီ-အပိနု၊ ငါ့အတွက် သင့်တော်လောက်ပြီလား။

ဒီလောက်သည်းခံရင် တော်လောက်ပလားငါ့ရှင်၊ **မေးကြည့်လိုက်တယ်**။ ဒါလောက်သည်းခံလို့မှ မတော်သေးဘူးဆိုရင် ဘယ်နှယ်လုပ်ရမလဲ။ အူတွေ့ပဲ အကုန်လုံးပေါက်ထွက်နေမှ ဒါထက် သည်းခံဖို့ လိုသေးတယ်ဆိုရင် ဝမ်းထဲရှိတဲ့ **ကလီစာတွေ့** အကုန်လုံး ထုတ်ရမလို ဖြစ်နေတယ်။ ဒါလောက်သည်းခံရင် သင့်ပလားဆိုတော့ **ကိုယ်တော်လေး** ဘာမှမပြောဘူးနော်။ သူပြောမိလို့ မထေရ်ကြီး သည်းခံလိုက်တာ။

"အူတွေ့တောင် ပေါက်ထွက်လာခဲ့ပြီမဟုတ်လား"
"မှန်ပါတယ်ဘုရား"

ကိုယ်တော်လေး ဘာမှမပြောတော့ပဲနဲ့ ရွှေနားမှာ ငြိမ်ပြီးတော့ ထိုင်နေတယ်။ ထိုင်ပြီးတော့ ငါ့ဆရာဘယ်လိုလဲ။ ငါ့ဆရာ ဘယ်လိုမျှားဖြစ်မလဲလို့ ရွှေနားကနေပြီးတော့ စိတ်ထဲ အာရုံအမျိုးမျိုးနဲ့ စောင့်စားပြီးတော့ ကြည့်နေတယ်။

မထေရ်ကြီးရဲ့ ဝိပဿနာ ရှုကွက်ကတော့ ဝါယောရုပ်နဲ့ ဝေဒနာ။ အဲဒီမှာ သူ့ရှုကွက်ထဲ ဝင်လာတယ်။ တွန်းထိုးတဲ့ ဝါယောဓာတ်။ ပိဋ္ဌနသဘောနှိပ်စက်တဲ့ဒုက္ခ။ အဲဒါကို ခံစားရတဲ့ ဝေဒနာ၊ စိတ္တလမထေရ်ကြီး ဆက်တိုက် ရှုယင်း ရှုယင်းနဲ့—

ဝိရိယနဲ့သမာဓိ ညီညွတ်အောင်လုပ်၍ ဝိပဿနာပွားများခြင်း

ဒီနေရာမှာ အဋ္ဌကထာဋီကာက ဘာပြောဘုံးဆိုတော့—

ထေရော ဝိရိယသမတံ ယောဇေတွာ-ဆိုတဲ့အပိုဒ်ပေးလိုက်တယ်။

မဇ္ဈိမနိကာယ် မူလပဏ္ဏာသအဋ္ဌကထာ ဝေဒနာနုပဿနာအဖွင့်- ၂၇၀။

အထ ခေါ၊ ထိုအခ်ါ၌။ ထေရော၊ စိဉ္ဆလ တောင်စောင်း ညောင်စောင်း ပေါ်မှာ တရားအားထုတ်နေဘဲ့ မထေရ်ကြီးသည်။ ဝီရိယသမတံ၊ ဝီဂုံးယနဲ့ သမာဓိကို။ ယောဇေတွာ၊ ဒဠှိအညွတ် ယှဉ်စေ၍။

ဒီအခ်ိန် အရေးကြီးတာဟာ ဒါပဲ။ မမွေးသေးသေးတဲ့ ဆရာတော်ဘုရား ကြီးပြင်တဲ့ ဦးကာမူဂတမျိုး၊ ဆရာတော်ဘုရားပြင်းဘဲ့မူက အလွန်ကောင်း တယ်။ ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ မဇ္ဈိမနိကာယ် အဋ္ဌကထားများနဲ့လဲ ညီတယ်။ ဘယ့်နှယ်တုံးဆိုတော့—

ဝီရိယသမတံ မဟုတ်ဘူးတဲ့၊ ဝီရိယသမထံ။

ဝီရိယသမထံ၊ ဝီဂုံးယနဲ့ သမာဓိကို။ ယောဇေတွာ၊ အညိအညွတ်ယှဉ် စေ၍။

ဒီအခ်ိန် ဝီရိယနဲ့ သမာဓိညီအောင် အလုပ်လုပ်ရမယ်။

“ဘာနဲ့ဘာ ညီရမလဲ”

“ဝီရိယနဲ့သမာဓိပါဘုရား”

ရှေနားကပြောခဲ့တာ။ စိတ္တလမထေရ်ကြီးရဲ့ ရဲရင့်တယ်ဆိုတဲ့ ဒီရိယဟာ အဓိဝါသနဝီရိယ—

“ဘာဝီရိယ”

“အဓိဝါသန ဝီရိယဘုရား”

“အဓိဝါသနဝီရိယတွေ အားကောင်းလွန်းလို့ ဗိုက်ထဲကအူတွေ ပေါက် ထွက်တာတောင် ခံနိုင်ပြီမဟုတ်လား”

“မှန်ပါတယ်ဘုရား”

“အဲဒီလို အခ်ိန်မျိုးမှာ ဝီရိယလွန်ကဲနေတတ်တယ်။ဘာဖြစ်နေတတ်တယ်”

“ဝီရိယလွန်ကဲနေတတ်ပါတယ်ဘုရား”

ဒုက္ခဝေဒနာကို တအားအံကြိတ်ပြီးတော့ ခံလိုက်မယ်ဆိုတဲ့ ဝီရိယတွေ၊ ရဲရင့်တဲ့ ဝီရိယတွေဟာ လွန်ကဲနေတတ်တယ်။ ဝီရိယလွန်ကဲခင် ဘုန်းကြီးတို့ စာပေက ဥဒ္ဒစ္စ—

“ဥဒ္ဒစ္စဖြစ်ရင် သမာဓိရအုံးမလား”

“မရနိုင်ပါဘုရား”

စိတ်တွေပြန့်ပြီးတော့ သမာဓိမရဖြစ်တတ်တယ်။ သမာဓိမရလို့ စိတ်တွေ ပြန့်လာရင်—

"ငြိမ်းချမ်းတယ်ဆိုတဲ့ ပဿဒ္ဓိရအုံးမလား"
"မရနိုင်ပါဘုရား"

အေး-စိတ်လဲ မငြိမ်းချမ်း၊ ကိုယ်လဲ မငြိမ်းချမ်း၊ ပဿဒ္ဓိ မဖြစ်ရင် ပီတိလဲမဖြစ်။ ပီတိမဖြစ်ရင်လဲ ပဿဒ္ဓိမဖြစ်။ ပီတိပဿဒ္ဓိ မဖြစ်ရင် သမာဓိမဖြစ်။ သမာဓိမဖြစ်ရင် သုခမဖြစ်။ သုခမဖြစ်ရင် တည်ငြိမ်မှုမရ။ ကဲ့ငြိမ်မှုမရရင် ယထာဘူတဉာဏ်မရနိုင်ဘူး။ ဒါကြောင့်—

စီရိယ သမတံ။ ဝီရိယနဲ့ သမာဓိမျှသည်ကို။ ကတ္ဝာ၊ ပြု၍။ (ဝါ) စီရိယ သမတံ၊ စီရိယနဲ့ သမာဓိညီညွတ်သည်ကို။ ယောဇေတ္ဝာ၊ အညီအညွတ် ယှဉ်စေ၍။ ဝိပဿနံ၊ ဝိပဿနာဉာဏ်ကို။ ဝစုန္တော၊ ပုဗ္ဗားများကြိုးကုတ် အားထုတ်တော်မူခဲ့သည်ရှိသော်။

စီရိယနဲ့သမာဓိ မျှအောင် ဘယ်နှယ်လုပ်မလဲ ဆိုလို့ရှိရင် အလွန်နှိပ်စက်နေတဲ့ ဒုက္ခဝေဒနာကို စီရိယနဲ့ သိပ်တင်းပြီးတော့ စိုက်ထားလိုက်လို့ရှိရင် သမာဓိပျက်တတ်တယ်။ ဟုတ်လား။ဒါ့ကြောင့် ဝေဒနာနဲ့ ကာယ အဲဒီအချိန် ခဲ့ပြီးတော့ သတိထား။ နှိပ်စက်လှချည်ရဲ့ဆိုတဲ့ ဝေဒနာကို စိုက်ခဲ့ရင် စီရိယက အလွန်အလွန် ကြိုးပမ်းရတဲ့အတွက်ကြောင့် သမာဓိမရ ဖြစ်တတ်တယ်။

"ဘုန်းကြီးတို့ ယောဂီများရဲ့ တရားရှုကွက်ကို ကိုယ်ပြင်ပေးတာ ဟုတ်လား"
"မှန်ပါဘုရား"

ဆင်းရဲလှုချည်ရဲ့ဆိုတဲ့ သဘောကို သိပ်စိုက်ထားခဲ့လို့ရှိရင် စိတ်တည်ငြိမ်မှုမရတဲ့အတွက်ကြောင့် သမာဓိပျက်တတ်တယ်။ အဲဒီအချိန်မှာ ဝေဒနာကို အသာလေးဖယ်ထားပြီးတော့ ဒီဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ ဝါယောကာယ-တွန်းကန်တဲ့သဘောကို စိုက်ရှုရင် ဝေဒနာနဲ့ ဝါယော တို့ယောဂီများ ဝေဒနာကို မျက်နှာလဲ၊ ဝါယောကို ရှုလိုက်ရင် တွန်းကန်တဲ့ ဝါယောဓာတ်ရဲ့ အပေါ်မှာ ငြိမ်သွားတဲ့ သမာဓိရခဲ့ရင် ဝီရိယနဲ့ သမာဓိ ညီသွားရော။

"ဟုတ်ရဲ့လား"
"မှန်ပါဘုရား"

ဝါယောမဟုတ်ခဲ့ရင်လဲ ပထဝီပေါ့။ ပထဝီမဟုတ်ခဲ့ရင်လဲ တေဇောပေါ့။ ကာယကခုခု—ဟုတ်လား၊ ထိုကာယဟခုခု အာရုံယူလိုက်လို့ရှိရင်—

"ဝေဒနာဟာ တဖြေးဖြေး ပါးမသွားဘူးလား"
"ပါးသွားပါတယ်ဘုရား"

ဝေဒနာဟာ ကာယကြောင့် ဖြစ်တာ။ ကာယကိုရှုရင် ကာယနဲ့ နှိပ်စက်ပုံတွေဟာ ဖြေးဖြေး-ဖြေးဖြေး ပါးသွားတာနဲ့ တပြိုင်နက်တည်း သူ့ကြောင့် ဖြစ်လာတဲ့ ဝေဒနာကလဲ ဖြေးဖြေး-ဖြေးဖြေး ပါးသွားတယ်။ အဲဒီအချိန် စိုရိယနဲ့ သမာဓိမျှပြီးတော့ စိတ်ဟာ ဒေးလို့ယကာဘူတ တခ်ကည်း ဝင်လာတယ်။ အဲဒါကို—

စိုရိယသမတံ၊ စိုရိယနဲ့ သမာဓိမျှသည်ကို။ ကတ္တာ၊ ပြု၍။

နောက်တမျိုးပေးရင်—

စိုရိယသမထံ၊ လွန်ကဲနေတဲ့ စိုရိယတွေကို ငြိမ်သက်စေသည်ကို။ ကတ္တာ၊ ပြု၍။

လွန်ကဲနေတဲ့ စိတ်ဓာတ်တွေကို ငြိမ်ငြိမ်သက်သက်ကလေး ဖြစ်စေပြီးတော့ မှတဲ့။

ဇိဝိတသမသီသီရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန် စံခြင်း

ဝိပဿနံ၊ ဝိပဿနာတရားကို။ ဝဖုန္တော၊ ပုဒ်းများကြိုးကုတ် အားထုတ်တော်မူခဲ့သည်ရှိသော်။

ဝိပဿနာတရား ပုဒ်းများကြိုးကုတ် အားထုတ်တယ်ဆိုတော့ရင် စိုရိယနဲ့ သမာဓိမျှလို့ ငြိမ်လာတဲ့အချိန် ဝိပဿနာ ပြန်အလုပ်လုပ်တဲ့ အခါကျတော့ ကာယပဲလုပ်လုပ်၊ ဝေဒနာကိုပဲရှုရှု၊ ရှုနိုင်ခွင့် ရှိတယ်။ သို့သော် ဟာဒီဗ်တွေလေ မထေရ်ကြီးကတော့ ဝေဒနာကိုပဲ ရှုသွားတယ်။

"ဘာရှုသွားသလဲ"
"ဝေဒနာကို ရှုသွားပါတယ်ဘုရား"

စိုရိယနဲ့ သမာဓိညီအောင်ဟဲ့ဆိုပြီးတော့ စိုရိယကို အနည်းငယ် ပြန်ကျော့၊ သမာဓိရအောင် ဝါယောဓာတ်ပေါ်မှာ ငြိမ်အောင် စိတ်ကိုကင်လိုက်၊ စိတ်ကလေး ငြိမ်လို့ ဝါယောဓာတ်ပေါ်မှာ စိတ်ငြိမ်လို့ ဒေးလာပြီးတဲ့ အချိန် ဝါယောကို အမှီပြုဖြစ်လာတဲ့ ဝေဒနာကို ရှုလိုက်။ အဲဒါကြောင့်—

ဝိပဿနံ၊ ဝေဒနာနုပဿနာဆိုတဲ့ ဝိပဿနာတရားကို။ဝဖုန္တော၊ပုဒ်းများကြိုးကုတ် အားထုတ်ကော်မူခဲ့သည်ရှိသော်။နှ စိုရနေဂ၊ မကြာမြင့်တဲ့ ကာလ

မှာပင်လျှင်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါအပြား ဉာဏ်လေးပါးတို့နှင့်။ သဟ၊ အတူတကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္ဝာ၊ ဆိုက်ရောက်ခဲ့တော် မူခဲ့သည်ဖြစ်၍။ သမသီသီ၊ ဇီဝိတသမသီသီခေါ်တဲ့ ရဟန္တာမျိုးသည်။

ဝေဒနာနုပဿနာတင်ရှု၊ မကြာခင် ရဟန္တာဖြစ်တော့ ဇီဝိတသမသီသီ ရဟန္တာ။

"ဘာရဟန္တာတဲ့"

"ဇီဝိတသမသီသီ ရဟန္တာပါဘုရား"

ရဟန္တာဖြစ်တာရယ်၊ ပဂိုနိဗ္ဗာန်စံတာရယ် ကပ်ပြီးတော့သွားတယ်။ ရှေ့က အရဟတ္တမဂ် အရဟတ္တဖိုလ်ဇောကျပစ္စဝေက္ခဏာလုပ်ပြီးတော့ ချက်ချင်း ပဂိုနိဗ္ဗာန်စံ၊ ရဟန္တာဖြစ်တာနဲ့ ပဂိုနိဗ္ဗာန်စံတာဟာ ရှေ့နောက်ကပ်သွားတာ။ ဒါမျိုးကို ဇီဝိတသမသီသီလို့ ခေါ်တယ်။

ကြည့်စမ်း—သေခါနီးလေးကပ်ပြီး အလုပ်လုပ်သွားတာ။ ဒီတော့—သေခါနီးလေး ကပ်အလုပ်လုပ်သွားတယ်ဆိုတော့ အရဟတ္တဖိုလ်ပေါက်အောင် အလုပ်လုပ်တာက သေခါနီးလေးမှာ အလုပ်လုပ်တာနော်။အရဟတ္တဖိုလ် မဆိုက်သေးခင် တသက်လုံး ဒီစိတ္တလတောင်မှာ လုပ်လာတဲ့ နှစ်ပေါင်းဟာ မနဲဘူး။ ဒါ့ကြောင့်—ခုနက စကားလေး မမေ့နဲ့။ မတော့မဝေ မည်ည်းမည္ဟု သေရဖို့ရန် အတွက် ကြိုကြိုးတင်တင် လုံ့လစီရိယရဲရင့်တဲ့စိတ် နှလုံးသားထဲ ထည့်ဆာ။

"မလိုဘူးလား"

"လိုပါတယ်ဘုရား"

လိုတယ်နော်။ မအိုခင်က တရားရှာ၊ မနာခင်က တဆူးရှာ၊ မသေခင်က တရားရှာ။ ယခုလို သေခါနီးကျတော့ သက်သာတယ်။

"စိတ္တလမထေရ်ကြီး ယခု သက်သာမသွားလား"

"သက်သာသွားပါပြီဘုရား"

စောစောက ဝေဒနာ နှိပ်စက်တုန်းကတော့ မသက်သာဘူး။ ယခုတော့ ဝေဒနာ ရှိပင်ရှိငြားသော်လဲပဲ—

"ဝေဒနာပေါ်မှာ ကိန်းတဲ့ရာဂ-ဝေဒနာမှာကိန်းတဲ့ ဒေါသရှိသေးသလား"

"မရှိတော့ပါဘုရား"

"ဝေဒနာကို ပယ်တာလား၊ ရာဂ ဒေါသကို ပယ်တာလား"

ရာဂဒေါသကို ပယ်လိုက်တာပါဘုရား"

အေး—ရာဂဒေါသကို ပယ်လိုက်တာဖြစ်လို့ မတေရ်ကြီးဟာ တခါတဲ့ အေး ချမ်းပြီတော့—

ဇီဝိတသမသီသီ၊ ဇီဝိကသမသီသီရဟန္တာကြီးသည်။ ဟုတ္တာ၊ ဖြစ်၍။ ပရိနိဗ္ဗာယီ၊ ခန္ဓာဇာတ် ချုပ်ငြိမ်းကာဖြင့် ကောင်းစွာမသွေ ခန္ဓပရိနိဗ္ဗာန် ကိလေသပရိနိဗ္ဗာန်ဆိုတဲ့ ပဂိနိဗ္ဗာန်နှစ်ပါးဖြင့် ဝင်စံချုပ်ငြိမ်းကာ ရုပ်သိမ်း တော်မူခဲ့ပါပေသတည်း။

“သာဓု–သာဓု–သာဓုပါဘုရား”

ခန္ဓပရိနိဗ္ဗာန်ရော၊ ကိလေသပရိနိဗ္ဗာန်ရော တခါတည်း မရွေးမနှောင်း လေး ကင်ပြီးတော့ စံသွားတယ်။ ကိလေသပရိနိဗ္ဗာန် ခရွေးဦးစွာ ဝံပြီးတော့ မှ ခန္ဓပရိနိဗ္ဗာန်စံ။

“ခန္ဓာဝန်ကြီး တခါတဲ့ ချသွားပြီ။မဟုတ်လား”

“မှန်ပါဘုရား”

ကြီးလေးတဲ့ တာဝန်ကြီး၊ ဝမ်းဗိုက်ထဲက ထိုးတဲ့လေ၊ ဒီရောဂါဝေဒနာ ကို လုပ်ကျွေးလာခဲ့ရတာဟာ ဒီရောဂါကို ကျွန်ခံလာခဲ့ရတာဟာ သံသရာ တလျှောက်လုံးက တရားစတင် ကမ္မဋ္ဌာန်းပေးတဲ့နေ့က ဒီရောဂါကို ကျွန်ခံလာ ခဲ့ရတာတွေ ဘုန်းကြီးထည့်ပြောခဲ့တယ်နော်။

“ယခု-မထေရ်ကြီး ရောဂါကို လုပ်ကျွေးသလား”

“မလုပ်ကျွေးတော့ပါ ဘုရား”

ရောဂါကို အနိုင်ယူသွားပြီ။ ရောဂါကို အနိုင်ယူသွားလို့ မထေရ်ကြီးဟာ ခန္ဓာငါးပါးရဲ့ အပေါ်မှာ ဝန်ထုပ်ပြီး တခါတဲ့ ကျသွားပြီ မဟုတ်လား။ အကြီးဆုံး ဝန်ထုပ်ကြီးဟာ ယခုကြည့်စမ်း။

“ဝေဒနာကွန္ဒာဆိုတဲ့ ဝန်ထုပ်ကြီး မကြီးဘူးလား”

“ကြီးပါတယ် ဘုရား”

ကမ္မဋ္ဌာန်းကျောင်းထဲက ကူလီသမားများ

ဘာရာ ဟဝေ ပဥ္စက္ခန္ဓာ၊ ဘာရဟာရော စ ပဂ္ဂလော။
ဘာရာဒါနံ ဒုခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ဘာရသုတ်—၂၂။

ဘိက္ခဝေ၊ပရိသတ်လေးပါး ချစ်သား၊ချစ်သမီးတို့။ ပဥ္စက္ခန္ဓာ၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ဒီခန္ဓာတွေဟာ။ ဘာရာ၊ အလွန်ကြီးလေးတဲ့ ဝန်ထုပ်ကြီးတွေ။

ခန္ဓာငါးပါးဟာ အလွန်လေးလံတဲ့ ဝန်ထုပ်ကြီး။ စိတ္တလမထေရ်ကြီး အနေနဲ့ ပြောရင်-

ဝါယောဓာတ်လို ဒေါတဲ့ ရူပက္ခန္ဓာဝန်ထုပ်ကြီး။
ဝါယောဓာတ် နှိပ်စက်လို့ ခံလိုက်ရတယ်ဆိုတဲ့ ဝေဒနာက္ခန္ဓာဝန်ထုပ်ကြီး။

"ဘယ်နှစ်ပါး ရသလဲ"
"နှစ်ပါးရပါတယ် ဘုရား"
ဒီပြင် ခန္ဓာတွေတော့ အသာထားတော့နော်။ မထေရ်ကြီး၏ ရှုကွက်တဲမှာ ဒီခန္ဓာနှစ်ပါးဟာ-
"အကြီးဆုံး ဝန်ထုပ်ကြီး အနေနဲ့ သူ့ကို ပိမနေဘူးလား"
"ပိနေပါတယ်ဘုရား"

ပိနေလိုက်တာ။ သေလုလုပဲ။ ဝါယောဓာတ်ဆိုတဲ့ ရူပက္ခန္ဓာဝန်ထုပ်ကြီးတခု၊ ခံစားလိုက်ရတယ်ဆိုတဲ့ ဝေဒနာက္ခန္ဓာဝန်ထုပ်ကြီးတခု၊ ဝန်ထုပ်ကြီးနှစ်ခု ပိနေလိုက်တာ။အေး-ဒါကြောင့် ခန္ဓာဆိုတာ အလွန်ကြီးလေးတဲ့ ဝန်ထုပ်ကြီး။

ဘာရာဟာရော စ ပုဂ္ဂလော။

ပုဂ္ဂလော၊ ဝေဒနာနဲ့ ဒီ ဝါယောရုပ်ဟေ့ကို ထမ်းနေရတဲ့ ငါတို့တတွေဟာ။ ဘာရဟာရော၊ ဝန်ထုပ်ထမ်းနေရတဲ့ ကူလီတွေပါ။

ဝန်ထမ်းသမား ကူလီတွေဆိုတာ တို့ပဲ။ဆိပ်ကမ်းတို့ ဘူတာရုံတို့က လူတွေမှ အလုပ်သမား ဝန်ထမ်းသမားတွေ မဟုတ်ဘူး။ ကမ္မဋ္ဌာန်းကျောင်းထဲက တို့ယောဂီများလဲပဲ ဝန်ထမ်းသမားတွေပဲ။ ဝါယောရုပ်ကြီး ထမ်းနေလိုက်ရတာ ဗိုက်ကိုအောင့်နေတာပဲ။ ပထဝီရုပ်ရဲ့ ဝန်ထုပ်ကြီး ထမ်းလိုက်ရတာ ခြေထောက်ကို ထုံပြီးတော့ ကိုက်နေတာပဲ။ ဝေဒနာရဲ့ ဝန်ထုပ်ကြီးထမ်းလိုက်ရတာ ခေါင်းကို ပြန်နေတာပဲ။

"ဝန်ထုပ်တွေ မဟုတ်လား"
"ဟုတ်ပါတယ် ဘုရား"

ဝဲန်ထုပ် ဝန်ပိုးကြီးတွေကို ဒီကနေ့ ဘုန်းကြီးတို့ယောဂီများ ထမ်းနေကြရသို့ ဝန်ထမ်းသမားတွေ ဒီစကားနှစ်ချပ်ကို ကောက်နုတ်ချက်ချတော့-

(၁) ခန္ဓာငါးပါးက ဝန်ထုပ်ဝန်ပိုး။
(၂) ခန္ဓာတွေ မငြိမ်းသေးတဲ့ တို့ကို ဝန်ထမ်းသမားတွေ။

ဒီကနေ့ ဒီကမ္မဋ္ဌာန်းကျောင်းထဲ ထိုင်နေကြတာဟာ တို့ယောဂီများ ဝန်ထုပ်ကြီး ချမလို့ မဟုတ်လား။ ကမ္မဋ္ဌာန်းကျောင်းထဲ မထိုင်တဲ့ လူတွေကကော ဝန်ထုပ်ဝန်ပိုးကြီးတွေကို အားရပါးရ ထမ်းတုန်းပေါ့။ သူတို့ကတော့ ထမ်းအုံးမယ်နော်၊ တထုပ်ပြီးတထုပ်။ ကမ္မဋ္ဌာန်းကျောင်းထဲ မထိုင်တဲ့ လူတွေကတော့ ထမ်းတုန်း၊ ထိုင်တဲ့လူတွေကတော့ အထုပ်အပိုးတွေ ချမလို့။

"အထုပ် ထမ်းမယ့်လူနဲ့ အထုပ်ချမယ့်လူ ဘယ်သူက မြင့်မြတ်ပါသလဲ"
"အထုပ်ချမယ့်လူက မြတ်ပါတယ် ဘုရား"

ဟန်ကျလိုက်တာ-တို့ယောဂီတွေက အထက်တန်းစားတွေနော်။ အထုပ် ထမ်းမယ့်လူတွေကတော့ ဟောဒီတရားနာပြီးရင် အိမ်ပြန်ကြည့်ကြအုံးမှာ။တရား နာရုံပဲ နာ၊ အိမ်ပြန်မယ့်လူတွေက အထုပ်ထမ်းမယ့်လူတွေ။ တရားနာပြီး ဆက်ပြီးတော့ တညလုံးထိုင်မယ့်လူတွေ တရားနာပြီးတော့ တညလုံးထိုင်မယ့် လူတွေက အထုပ်ချမလို့ ဝန်ထုပ်ဝန်ပိုးတွေ ချမယ်ဆိုရင် ကြာကြာလေး ထိုင်ကြ။ ဒီကနေ့ည အချိန်ပိုပေးမယ်။ဒါမှ ဟုတ်သူးမယ်မဟုတ်လား။ အချိန် ပိုကလေးနဲ့ ဆိုရင် သူတို့ပေါ့သွားနော်မယ်။အိမ်ပြန်မယ့်လူတွေကတော့ အထုပ် တွေ ထမ်းပြန်ကြ-ဒါပဲ။

ဘာရာဒါနံ ဒုခံ လောကေ၊ ဘာဂရိကွေပနံ သုခံ။

ဘာရာဒါနံ၊ ဒီခန္ဓာဝန်ထုပ်ငတွေကို ထမ်းနေကြရခြင်းသည်။ ဒုံ၊ ထင်းရဲဘဲ့ တရားပါ။

ခန္ဓာဝန် ထမ်းနေရဘာဟာ ဒုက္ခ ဒုက္ခဟာ ခန္ဓာ၊ ခန္ဓာဟာ ဒုက္ခ၊ တသားတည်းပဲနော်။ ဒါကြောင့်-

ဒုက္ခဿိဒံ ခန္ဓပဉ္စကံ။

ဒုက္ခဆိုတာ ခန္ဓာငါးပါး။

"ဒုက္ခဆိုတာ"
"ခန္ဓာငါးပါးပါဘုရား"

စိတ္တလမထေရ်ကြီးရဲ့ ရှက်ခက်ထဲမှာတော့ ဒုက္ခဆိုတာ ဝါယောရုပ် ဆိုတဲ့ ရူပက္ခန္ဓာ။ ဒုက္ခဆိုတာ ဇဝဒနာဆိုဘဲ့ ခန္ဓာ။ ဒီနှစ်ပါးကို အဓိကထားပြီးတော့ မထေရ်ကြီး ရှာသွားတယ်နော်။ နောက်ဆုံးပိတ် အရဟာဘွဖိုလ် ရောက်တော့ ဝန်ထုပ်တွေ အကုန်ချကာပဲဗျ။ ဘယ်ခန္ဓာကိုမဲ့ရှုရှု ခရီးဆုံးရင် ဝန်ထုပ်ဟာ အကုန် ကျသွားတယ်။

ဘာရနိဂကွပနံ၊ ဟောဒိခန္ဓာဝန်ဆုပ်တွေကို စွန့်လိုက်ကြပြီဆိုရင်။ သုခံ၊ ချမ်းသာကြီးစင်စစ် ဖြစ်ပါပေ၏။

"စိတ္တလးထေရ်ကြီး ဝါယောခတ်ဆိုတဲ့ ရူပက္ခန္ဓာကြီး စွန့်ပြီးပလား"
"စွန့်ပြီးပါပြီဘုရား"

ဝါယောခတ် ဘယ်လောက်ဆိုးထိုး၊ ဝါယောခတ်ကြောင့် စိတ်ညစ်ဘယ်။ ဝါယောခတ်ကလေးက အေးနေလို့ ချမ်းသာတယ်။

"ရှိသေးသလား"
"မရှိတော့ပါဘုရား"

သူ့ဟာသူ ထိုးချင်တိုင်းထိုး၊ စိတ္တလမထေရ်ကြီးရဲ့စိတ်ထဲ ဆင်းရဲတယ်၊ ချမ်းသာတယ် မလာတော့ဘူးနော်။ ဆင်းရဲတဲ့သဘောကြောင့် စိတ်ညစ်တယ်။ ချမ်းသာတဲ့သဘောကြောင့် ကျေနပ်တယ်ဆိုဘာတွေ-

"ရှိသေးသလား"
"မရှိတော့ပါဘုရား"

ဆင်းရဲတဲ့အပေါ်မှာ မကျေနပ်ခြင်း၊ ချမ်းသာတဲ့အပေါ်မှာ ကျေနပ်ခြင်း ဆိုတာတွေဟာ ဝန်ထမ်းနေကြတာ။ ဆင်းရဲတဲ့အတွက်ကြောင့် ဒေါမနဿ၊ ချမ်းသာတဲ့ အတွက်ကြောင့် သောမနဿဆိုတာ မရှိဘူး။ ဆင်းရဲချင် ဆင်းရဲပါစေ၊ သူ့ဟာသူနေတာ။ ဆင်းရဲချမ်းသာအပေါ်မှာ ကျေနပ် မကျေနပ် ဆိုတာမှ လွှတ်သွားခဲ့ရင် ဝန်ထုပ် ချပြီးပြီနော်။ အေး-ဝန်ထုပ်ချတာဟာ ဒုက္ခလို့ဆိုတာမှတ်ထား။

ဘုန်းကြီး မနေ့ကဟောခဲ့တာနဲ့ ပြန်စပ်လိုက်ရင်တော့ ဆန္ဒရာဂ ခွာတာပေါ့ဗျာ။ ဒီခန္ဓာမှာ ဆန္ဒရာဂခွာရင် ဝန်ထုပ်ချပြီနော်။

ဘာရနိုင်ကွေ့ပနံ၊ ဟောဒိခန္ဓာဝန်ဝေ့ကို ချလိုက်ကြရခြင်းသည်။
ခန္ဓာဝန် ချတယ်ဆိုတာက—

ခန္ဓာရဲ့အပေါ်က ဆန္ဒရာဂကို စွန့်လွှတ်လိုက်ရခြင်းသည်။ သုခံ၊ တကယ့် ချမ်းသာခြင်းစင်စစ် ဖြစ်ပါပေ၏။

ခန္ဓာနဲ့ ဆန္ဒရာဂ ကွာထွက်သွားရင်—
"နောက်ထပ် ခန္ဓာပြန်ထမ်းဖို့ လိုသေးလား"
"မလိုတော့ပါဘုရား"

အဝိဇ္ဇာက ရေသောက်မြစ် တဏှာက ပင်စည်

နိက္ခိုပိတ္ထာ ဂရုံ ဘာရံ၊ အညံ ဘာရံ အနာဒိယာ။
သမ္ဘုလံ တဏှာမဗ္ဘုယှာ၊ နိစ္ဆာတော ပရိနိဗ္ဗုတော တိ။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်-ဘာရသုတ်-၂၂။

ဂရုံ၊ လေးလံလှစွာသော။ ဘာရံ၊ ဟောဒိ ခန္ဓာဝန်ထုပ်ကြီးကို။ နိက္ခိပိတ္ထာ၊ ဆန္ဒရာဂကို စွန့်ပြီးတော့ ချထားခဲ့သည်ဖြစ်၍။ အညံ၊ တပါးသော။ ဘာရံ၊ ခန္ဓာဝန်ထုပ်ကြီးကိုလဲပဲ။ အနာဒိယ၊ နောက်ထပ်တဖန် မယူတော့ပါပဲနဲ့။

"ဆန္ဒရာဂခွာပြီးရင် နောက်ထပ် ခန္ဓာသစ် ယူအုံးမလား"
"မယူတော့ပါဘုရား"

အာယတိ အနုပ္ပာဒဓမ္မံ—နောက်တဖန် ဖြစ်ခြင်းမရှိတဲ့သဘော၊
တာလဝတ္ထုကတံ=ထန်းပင်ငုတ်တိုကြီးနဲ့တူအောင် ပြုလိုက်တဲ့သဘော၊

ထန်းပင်ကြီးဖြတ်လိုက်၊ငုတ်တိုကြီးတော့ကျန်တယ်-အဲဒီငုတ်တိုကြီး ရေတွေ့လောင်းချင်တိုင်းလောင်း—

"အတက် အလက် အခက် တွက်အုံးမလား"
"မထွက်နိုင်တော့ပါဘုရား"

စိတ္တလမထေရ်ကြီး ကြည့်လိုက်စမ်း-ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်၊ ခန္ဓာတော့ မြင်ရသေးတယ်နော်။

"စိတ်လမထေရ်ကြီး ညောင်စောင်းပေါ်မှာ လျောင်းနေတာ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

ခန္ဓာတော့ ရှိသေးတယ်၊ ထန်းပင်ကြီး ဖြတ်လိုက်သလိုပဲ။ ငုတ်တိုကြီးဖြစ်နေပြီ။

"မထေရ်ကြီးရဲ့ ခန္ဓာက ဆန္ဒရာဂဆိုတဲ့ အညှန့်တွေ ပြတ်သွားပြီမဟုတ်လား"

"ပြတ်သွားပါပြီဘုရား"

ဆန္ဒရာဂ ကိလေသာအညှန့်တွေကို ဖြတ်ခဲ့ပြီဖြစ်လို့ ဒီခန္ဓာငုတ်တိုကြီးကို အာရုံခြောက်ပါးဆိုတဲ့ ရေတွေ လောင်းချင်တိုင်းလောင်း။

"အပင်ပေါက်အုံး မလား"

"မပေါက်တော့ပါဘုရား"

အာယတိ• အနုပ္ပာဒမမှာ-တာလဝတ္ထုကတာ-ထန်းပင်ငုတ်ကဲ့သို့ ပြုခဲ့ပြီးပြီ၊ သိပ်ဟန်ကျသွားတယ်နော်။ အေး-ဒါကြောင့်—

ဘာရုံ၊ ဟောဒီ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါး ဝန်ထုပ်ကြီးကို။ နိက္ခိပိတ္တာ၊ ချခဲ့ပြီ။ စွန့်ခဲ့ပြီဖြစ်၍။ အည့်၊ တပါးသော။ ဘာရုံ၊ ခန္ဓာဝန်ထုပ်ကြီးကိုလဲပဲ။ အနာဒိယ၊ မယူမူ၍။

နောက်ထပ် ခန္ဓာအသစ်ကိုလဲပဲ မယူတော့ဘူး။

သမ္ဟလံ တဏှမဗ္ဗုယှ၊ နိစ္ဆာတော ပရိနိဗ္ဗုတော။

သမ္ဟလံ၊ အမြစ်နဲ့တကွသော။ တဏှံ၊ တဏှာကို။ အဗ္ဗုယှ၊ ပယ်နုတ်၍။ အမြစ်နဲ့တကွ ဖြစ်နေတဲ့တဏှာကို ပယ်ခဲ့တာ နုတ်ခဲ့ဘာ၊ တဏှာရဲ့အမြစ် ဒီနေရာလောတယ်၊ ရေးနားက ပြောပြီးပြီ။ ခန္ဓာကို တပ်မက်နေတဲ့ ဆန္ဒရာဂဆိုတာဟာ တရားကိုယ်ကောက်လိုက်တော့ တဏှာ။

ဒီခန္ဓာကိုယ်ကို တပ်မက်နေတဲ့ ဆန္ဒရာဂဟာ တရားကိုယ်အားဖြင့်—

"တဏှာပါဘုရား"

"ခန္ဓာကို ရုပ်မှန်းမသိ၊ ဝေဒနာမှန်းမသိတာက"

"အဝိဇ္ဇာပါဘုရား"

“ရှပ်မှန်း၊ ဝေဒနာမှန်းမသိလို့ ဆင်းရဲတာကိုလဲ မသိဘူးဆိုတာက”
“မောဟပါဘုရား”

အဝိဇ္ဇာဆိုတဲ့ မောဟ။အဲဒီ အဝိဇ္ဇာဆိုတဲ့ ဧမောဟ တဏှာမှဲ့ရဲသောက်မြစ်၊ အဝိဇ္ဇာဆိုတဲ့ ရဲသောက်မြစ် ရှိနေတဲ့အတွက်ကြောင့် ဒီဝန္ဓာကို စဲနေတယ်ဆိုတဲ့ တဏှာက ပင်စည်။

“ဟုတ်ပလား”
“မှန်ပါတယ်ဘုရား”

ဒါဖြင့်ရင် တဏှာကို ပယ် ဆိုတဲ့နေရာမှာ အမြစ်နဲ့တကွဒသာ အဝိဇ္ဇာကို ပယ်ရတယ်။ အဝိဇ္ဇာဆိုတဲ့ အမြစ်ရှိလို့ တဏှာဆိုတဲ့ ပင်စည် ထွက်တာ။ အဝိဇ္ဇာ အမြစ်ရှိရင် တဏှာဆိုတဲ့ ပင်စည် ထွက်လာတယ်။ အဝိဇ္ဇာက ဝါယောမှုန်းလဲ မသိ၊ ဝေဒနာမှန်းလဲမသိ။ ဝါယောနဲ့ ဝေဒနာ ခွဲလိုက်တော့ အဝိဇ္ဇာအမြစ် ပြုတ်သွားတယ်။ အဝိဇ္ဇာ အမြစ်ပြုတ်လို့ ဆက်ရှု။ ဒုက္ခတို့ ဟသားတည်း မြင်လိုက်တော့ တဏှာဆိုတဲ့ ပင်စည်ကြီး ပြိုလဲသွားတယ်။ ဒါကြောင့်—

သမ္မလံ၊ အဝိဇ္ဇာဆိုတဲ့ အမြစ်နှင့်တကွသော။ တဲ့၊ တဏှာတရားကို။ အာဗ္ဗုယ္ဘ၊ ပယ်နုတ်တော်မူခဲ့ပြီးဖြစ်၍။ နိစ္ဆာတော၊ ကိလေသာ တည်းဟူသော ဆာလောင်ခြင်း မွတ်သိပ်ခြင်းမှ ကင်းတော်မူပြီးသော။ သော၊ ထို စိတ္တာလတောင်စောင်း ညောင်စောင်းပေါ်က မထေရ်ကြီးသည်။ ပဂ်နိဗ္ဗုတော၊ ခန္ဓာပရိနိဗ္ဗာန် ကိလေသ ပရိနိဗ္ဗာန်ဆိုတဲ့ နိဗ္ဗာန်တရား ဒှစ်ပါးဖြင့် ဝင်စံချုပ်ငြိမ်းကာ ရှပ်သိမ်းတော်မူခဲ့ပါပေသတည်း။

“သာဓု-သာဓု-သာဓုပါဘုရား”

ကိုင်း— ဝေဒနာနဲ့ကာယ ရှုကွက်၊ ဝေဒနာ သည်းခံတဲ့နည်း၊ ဝေဒနာ ပယ်တဲ့နည်း၊ တို့ယောဂီများကို စိတ္တာလမထေရ်ကြီးရဲ့ ဝတ္ထုဖြင့် ပြောခဲ့ပြီ။ စိတ္တာလမထေရ်ကြီး ရှုတဲ့နေရာမှာ ငါ ခံစားရတယ်၊ ငါ့ဝေဒနာဆိုတာ မပါဘူး။ ဘာသာလျှင် ရှိတုံး ဆိုတော့—

ဝတ္ထုံ အာရမ္မဏံ ကတ္တာ ဝေဒနာယ ဝေဒယတိ။

မထေရ်ကြီးရဲ့ ရှုကွက်ထဲမှာ ဝေဒနာဟာ ကာယကို မှီပြီးတော့ဖြစ်တယ်။
“ဘာကိုမှီပြီး ဘာဖြစ်”

"ကာယကို မှုပြီး ဝေဒနာ ဖြစ်ပါတယ်ဘုရား"
မဃေရဲကြီးရဲ့ ရှုကွက်ထဲမှာ ကာယဆိုတာ ဝါယောဓာတ်။
"ဘာပါလိမ့်"
"ကာယဆိုတာ ဝါယောဓာတ်ပါဘုရား"

ဝါယောရုပ်သည် ဝေဒနာရဲ့မှီရာ ကာယ၊ ဝါယောရုပ် နှိပ်စက်တဲ့ အတွေ့ဓာတ် ဖေဋ္ဌဗ္ဗအာရုံ။ဒီနှစ်ခု ပေါင်းဆုံမိလို့ ခံစားရတယ်ဆိုတဲ့ ဝေဒနာလာတာ။ အဲဒီအချိန် ရှုမယ်ဆိုလို့ရှိရင် ဖောဋ္ဌဗ္ဗအဝေ့ဒအထိကို အခြေပြန်ယူ။ ခြေသလုံးနာတယ်၊ ပေါင်နာတယ်၊ ဗိုက်နာတယ်။ နာတယ်ဆိုတဲ့ နေရာမှာ တွေ့ထိမှုကို အခြေပြန်ယူလိုက်ပေကော့။ ဘာနဲ့ ဘာခေတ္တသလဲ လိုက်စစ်ပေတော့။

မယ်ရဲကြီးကလေး ကာယနဲ့ ဝါယောနဲ့ တွေ့တယ်။ ဝါယောကာယနဲ့ ဟောဒီ ကာယပသာဒရုပ်နဲ့ တွေ့တယ်။ တွေ့တဲ့နေရာမှာ နှိပ်စက်တာလေးလာတယ်။ နှိပ်စက်တာကို ခံရတယ်ဆိုတာ ဖြစ်တယ်။ ခံစားချက်ဟာ ကာယကိုမှီတာ သဘောကျလိုက်။

ဒီနေရာမှာ ငါဆိုတဲ့အတ္တ၊ သတ္တဝါဆိုတဲ့ အမှတ်တွေ့ လုတ်အောင်-တို့ယောဂီများ သတိထား။ ဝါယောကာယတခု။ ဖောဋ္ဌဗ္ဗ အတွေ့အထိဆိုတာ ဝါယောကာယကြောင့် ဖြစ်တာ။ဒီ အတွေ့အထိ နှိပ်စက်ရင် ခံစားတယ်ဆိုတဲ့ ဝေဒနာဖြစ်တာ။ ခံစားရတယ်ဆိုတာကို သိတယ်ဆိုတဲ့ ဝိညာဉ်ဖြစ်တာ အဆင့်ဆင့်ဖြစ်တာနော်။ အဲဒီလိုဆိုယင်—

သတ္တသည် အတ္တသည် ဥဿဒေတိ။

သတ္တသည်။ သတ္တဝါဆိုတဲ့ အမှတ်သညာကို၊ အတ္တသည်၊ ငါရှိတယ်ဆိုတဲ့ အမှတ်သညာကို၊ ဥဿဒေတိ၊ ခွာနိုင်ပါလိမ့်မယ်။

ငါရှိတယ်၊ သတ္တရှိသာယ်ဆိုတာကို ခွာနိုင်မှ ဒီလူသက်သာမယ်။အဲဒီအချိန် ဒီဥပြုက်သွားတယ်၊ ဟုတ်လား။ ဝါယောရုပ်နဲ့ ဝေဒနာ ဒုက္ခပဲလို့ သိလိုက်။ တဏှာပြုတ်သွားတယ်။ ဝါယောနဲ့ ဝေဒနာသန့်သန့်လေးကို သိနေတဲ့ အချိန်မှာ အဝိဇ္ဇာပြုတ်သွားတယ်။

အဝိဇ္ဇာအမြစ် ပြုတ်သွားယင်—

"တဏှာဒီဋ္ဌိပင်စည်တွေ အကုန်မပြုတ်ဘူးလား"
"ပြုတ်ပါတယ်ဘုရား"

“အဲဒီအချိန် ကိလေသပရိနိဗ္ဗာန်။ ဘာနိဗ္ဗာန်လဲ”
“ကိလေသပရိနိဗ္ဗာန်ပါဘုရား”
ကိလေသပရိနိဗ္ဗာန်ဆိုရင် ဒီလူဝန်ထုပ်ကိုချပြီ။
“ဟုတ်ပလား”
“မှန်ပါဘုရား”
“ဝန်ထုပ်ချရင် တို့ယောဂီများ သုခလား၊ ဒုက္ခလား”
“သုခပါဘုရား”

ဘာရနိုကွေပနံ သုခံ။

ဘာရနိုကွေပနံ၊ ဖောဒိခန္ဓဝဝန်ကြီးကို ချလိုက်ရခြင်းသည်။ သုခံ၊ချမ်းသာ၏။

ဘာရဒါနံ ဒုက္ခံ။

ခန္ဓာဝဝန်ကို ထမ်းနေရတာဟာ ဒုက္ခဆင်းရဲလှပါတယ်။ ဒါဖြင့်ရင် ဒီကနေ့ည တို့ယောဂီများ ခန္ဓာဝန်ချတဲ့ အလုပ်နဲ့ ဝန်ထုပ်ထမ်းတဲ့အလုပ်—
“ဘယ်အလုပ်လုပ်ကြမလဲ”
“ခန္ဓာဝန်ချတဲ့အလုပ် လုပ်ကြမှာပါဘုရား”
“အထုပ်တွေ ပစ်ချဖို့ရန် ကြိုးပမ်းရမယ်မဟုတ်လား”
“မှန်ပါတယ်ဘုရား”

တို့ယောဂီများ စိတ်လမထေရ်ကြီးထုံး နှလုံးမူ၊ဘယ်နေရာက နာတယ်ဆိုတာ မရှိစေနဲ့။နေရာ မပါစေနဲ့။ ဝေဒနာဆိုတာ နေရာမရှိဘူး။ သဏ္ဌာန်မရှိဘူး။
ပါဠိယေက္ခံ ရုဇ္ဇနဌာနံ နာမ နတ္ထိ-သီးခြားနေရာ မရှိဘူးတဲ့။သဘောတရားပဲဆိုတာ တို့ယောဂီများ သတိထား။ အဲဒီလိုမှ မရှုနိုင်ရင် ဘာတဲ့ဝုံး။ မှုလဖြစ်နေတဲ့ ဝေဒနာရဲ့ အကြောင်းရင်းကိုကြည့်ခြင်းဖြင့် ဝေဒနာကို ခွာရမယ်။ ဝေဒနာနဲ့ ဝေဒနာရဲ့အကြောင်း အဲဒီနှစ်ခုခွဲ။

ဝေဒနာကို စိုက်ရှုလို့ အခုနက ဘုန်းကြီးပြောခဲ့တဲ့အတိုင်း တွေ့ဝေခြင်း၊ မိန်းမောခြင်း၊ ပင်ပန်းခြင်း၊ ဆင်းရဲခြင်းတွေ နှိပ်စက်၊ သမာဓိပျက်ရင်လဲပဲ ဟန်မကျဘူးနော်။ ဒါကြောင့် သမာဓိပျက်မှာ စိုးရိမ်ရတယ်။ စိုးရိမ်ရတဲ့အခြေအနေကို ရောက်ပြီဆိုလို့ရှိရင် အဲဒီဝေဒနာကို အသာလေး ပျက်နှာလွှဲလိုက်။ ရုပ်ကိုပြန်ကိုင်လိုက်။

"မကောင်းဘူးလား"
"ကောင်းပါတယ်ဘုရား"
"ဘာပြန်ကိုင်ရမယ်"
"ရုပ်ကိုပြန်ကိုင်ရမှာပါဘုရား"

ပထဝီ၊ တေဇော၊ ဝါယော၊ အပေါ်ဆုံးရုပ်တခုကို ကိုင်လိုက်။ ဝေဒနာကို မျက်နှာလွှဲ။အဲဒီလို မျက်နှာလွှဲ၊ အပေါ်ဆုံးရုပ်တခုခုကို ပြန်လိုက်လို့ ငြိမ်နေတဲ့ သမာဓိလေး ရလာပြီဆိုရင် ယထာဘူတဉာဏ်ဆိုတာ မခက်တော့ဘူး။

"အဲဒီမှာ ရွှေတင်ရုံရှိတော့တယ် မဟုတ်လား"
"မှန်ပါဘုရား"
"အေး-ဒီကနေ့ည ယခုပြောခဲ့တာဟာ ဝေဒနာနဲ့ ပတ်သက်လို့ ရှုနည်း နှုစ်နည်း မရဘူးလား"
"ရပါတယ်ဘုရား""

(၁) ပေါ်လာတဲ့ဝေနာကို ဆင်းရဲတဲ့အနေနဲ့ စိုက်ရှုတာ တနည်း၊
(၂) ဝေဒနာကို နှိပ်စက်သည်းမခံနိုင်လို့ သမာဓိ ပျက်တော့မယ်ဆိုရင် ရုပ်ကို ပြန်ကိုင်ရှုတာက တနည်း။

"နှုစ်မျိုးနော်"
"မှန်ပါဘုရား"

ရုပ်ကိုရှုတာဟာ ဝေဒနာခွါတာပဲလို့ မှတ်ထား။ နောက်ရက်တွေ အဲဒါ ထပ်ပြောမယ်နော်။ ကိုင်း-ဒီကနေ့ည ဘုန်းကြီးတို့ ယောဂီများ ခန္ဓာဝန်ထုပ်ကြီးကို ချနိုင်ကြပါခြင်းအကျိုးငှါ ဝေဒနာနဲ့ရုပ်၊ ဝေဒနာလဲကွာ၊ ရုပ်လဲကွာ၊ ဝန်ထုပ်ကြီးတွေ ကျဆင်းသွားစေခြင်းအကျိုးငှါ—

စိတ္တာလတောင်စောင်း ညောင် စောင်းပေါ်က မထေရ်ကြီးကဲ့သို့ ဝေဒနာကို သည်းခံပြီးတော့ ဝေဒနာရဲ့ အကြောင်းရင်းဖြစ်တဲ့ ရုပ်တရား ကရဇကာယ၊ ထိုကရဇကာယကြောင့် မှီပြီးတော့ ဖြစ်ပေါ်လာတဲ့ ဝေဒနာ၊ ဒီနည်း နှုစ်နည်းမှာ တနည်းနည်းကို မိမိတို့နဲ့ သပ္ပါယဖြစ်ရာကို စီးဖြန်းကြိုးကုတ်အားထုတ်ပြီးတော့ ခန္ဓာဝန်ကို ချနိုင်ကြပါစေကုန်သတည်း။

သာဓု-သာဓု-သာဓု ပါဘုရား

တတိယပိုင်း ပြီး၏။

တတိယပိုင်း

သညာကွန်ခြာ

သထုံမြို့၊ ရှမ်းစုရပ် ဓမ္မရိပ်သာ၌ (၁၂)ကြိမ်မြောက် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းကြိုးကုတ် အားထုတ်ကြကုန်သော ယောဂီအပေါင်းတို့အား ဝိပဿနာ အလင်းပေးတရားနှင့် ဆက်စပ်၍ ဟောကြားအပ်သော ဖေဏပိဏ္ဍူပမသုတ္တန်၏ တတိယပိုင်း။

တံလှပ်၏ သဘာဝ

တတိယပိုင်းဆိုတော့ သညာအခန်းကို ရောက်သွားပြီ။ တတိယပါဒအနေနဲ့ သညာကွန်ခြာနဲ့ ပတ်သက်လို့ ထိုဖေဏပဏ္ဍူပမသုတ္တန် ပါဠိတော်မှာ—

သေယျထာပိ ဘိက္ခဝေ ဂိမ္ပာနံ ပစ္ဆိမေ မာသေ ဌိတေ မဇ္ဈန္ဟိကေ ကာလေ မရီစိကာ ဖန္ဒတိ၊ တမေနံ စက္ခုမာ ပုရိသော ပတ္တောယျ နိဋ္ဌာယေယျ ယောနိသော ဥပပရိက္ခေယျ၊ တဿ တံ ပဿတော နိဋ္ဌာယတော ယောနိသော ဥပပရိက္ခတော ရိတ္တကညော ခါယေယျ၊ တုစ္ဆကညော ခါယေယျ၊ အသာရကညော ခါယေယျ။ ကိံ ဟိ သိယာ ဘိက္ခဝေ မရီစိကာယ သာရော။

သံယုတ္တနိကာယ် ခန္ဓဝဂ္ဂသံယုတ်ပါဠိ ဖေဏပဏ္ဍူပမသုတ် - ၁၁၅။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ဂိမ္ပာနံ၊ နွေလတို့၏။ ပစ္ဆိမေ မာသေ၊ နောက်ပိုင်းဖြစ်သောလ၌။

နွေလတို့ရဲ့ နွေဦးပိုင်းမဟုတ်ဘူး၊ နွေလတို့ရဲ့ နောက်ပိုင်းကျလာတဲ့ လမျှားကြရင်—

မရီစိကာ၊ တံလှပ်ဆိုတာဟာ။ ဖန္ဒတိသေယျဆာပိ၊ တုန်တုန်လှုပ်လှုပ်နဲ့တွေ့ရ လေဘိသကဲ့သို့။

နွေလတို့ရဲ့ နောက်ပိုင်းကျလာလို့ရှိရင် တဖြေးဖြေးနဲ့ ဒီကမ္ဘာမြေကြီးထဲက အပူဓာတ်တွေဟာ ကောင်းကင်က နေအပူရှိန် ထိုးပြီးတော့ ပူပြင်းထားတဲ့ အတွက်ကြောင့် အပူရှိန်တွေဟာ အများကြီး အောင်း-အောင်းလာတယ်။

အပူရှိန်မြောက်များစွာ အောင်းနေတဲ့ မြေကြီးထဲက အပူဓာတ်တွေ၊ အပေါ်ကောင်းကင်က နေရောင်ခြည် ထိုးလှုတ်လိုက်တဲ့ အပူဓာတ်တွေ၊ ထိုအပူဓာတ်နှစ်ခုဟာ မြေပြင်ပေါ်မှာ တိုက်ခိုက်ပြီးတော့ မြေပြင်ပေါ်မှာ တုန်တုန်တုန်တုန်နဲ့ လှုပ်ရှားနေတဲ့ အရိပ် အယောင်သဘောလေးတွေ တွေ့ရမယ်။

ဖန္ဒတိ-တုန်လှုပ်နေတဲ့ သဘောလေးတွေ တွေ့ရမယ်။

ခပ်ဝေးဝေးက ရေပြင်ကြီး လှုပ်းပြီးတော့ ကြည့်လိုက်လို့ရှိရင် နေရောင်ခြည်က ထိုးထား၊ အောက် ရေမျက်နှာပြင်ကို လေကတိုက်လိုက်တော့ ရေမျက်နှာပြင်က ရေလှိုင်းကလေးတွေ လှုပ်လှုပ်-လှုပ်လှုပ်နဲ့ နေရောင်ခြည်အောက်မှာ တွေ့ရသလို ဒီကမ္ဘာ ပထဝီတခွင် မြေပြင်ပေါ်မှာလဲပဲ အပူလှိုင်းတွေကို တလှုပ်လှုပ်နဲ့ တွေ့ကြရမယ်။

· ဒါကို ဘုရားရှင်ကိုယ်တော်မြတ်က ပါဠိတော်မှာ—

ဂိမှာနံ ပစ္ဆိမေ မာသေ၊ နွေလတို့ရဲ့ နောက်ဆုံးဖြစ်တဲ့လဋ္ဌ။နွေလတို့ရဲ့ နောက်ပိုင်းဖြစ်သော လဋ္ဌ။

နောက်ပိုင်းလဆိုရင် ပိုကောင်းတယ်။ နောက်ဆုံးလဆိုရင်တော့-ဟိုမိုးထဲ ရောက်သွားပြီ။ နွေတို့ရဲ့ နောက်ဆုံးလဆိုတော့ နယုန်လပြည့်ကျော် (၁)ရက် က ဝါဆိုလပြည့်အထိ အဲဒါ နွေရဲ့နောက်ဆုံး။နွေရဲ့ နောက်ဆုံးလဆိုရင် မိုးရွာပြီ။ မိုးရွာလာပြီဆိုတဲ့အချိန်ကျရင် တံလှပ်ဆိုတဲ့ဥစ္စာဟာ တယ်မတွေ့ရတော့ဘူး။ မိုးကလဲ မရွာသေး၊ နေကလဲပဲ နောက်ပိုင်းအကျ။အဲဒီအချိန်လေးမှာ တံလှပ်က အားကောင်းတယ်။ ဒါကြောင့်—

ဂိမှာနံ ပစ္ဆိမေ မာသေ၊ နွေတို့၏ နောက်ပိုင်းဖြစ်သော လဋ္ဌ။ မရီစိကာ၊ တံလှပ်ဆိုတဲ့သဘောသည်။ ဖန္ဒတိယဿ၊ တုန်လှုပ်လော လေဘိသကဲ့သို့။ (၀၇) တုန်လှုပ်၍လာသော။ တမေနံ တံနေ့ မရီစိကာ၊ ထိုတံလှပ်ကို။ စက္ခုမာ၊ မျက်စိနှစ်ကွင်း ကောင်းစွာ အလင်းရသော။ ပုရိသော၊ ယောကျ်ားတယောက်သည်။

ပသေယျ၊ အဝေးကလှမ်းပြီးတော့ ရှုခဲ့လေရာ၏။ ဥပနိဇ္ဈာယေယျ၊တဖြေးဖြေး အနားကပ်ပြီးတော့ ရှုခဲ့လေရာ၏။ ယောနိသော၊ သင့်တင့်လျောက်ပတ်ကောင်းမြတ်ဆသော အကြောင်းအားဖြင့်။ ဥပပရိက္ခေယျ၊ စုံစမ်းစိစစ်လေရာ၏။

တံလှုပ်ကို ကြည့်တဲ့နေရာမှာလဲ –

ပသေယျ၊ အဝေးကြီးကလှမ်းကြည့်တာ။
ဥပနိဇ္ဈာယေယျ-တဖြေးဖြေးကပ်ပြီးတော့ ကြည့်တာ။
ယောနိသော ဥပပရိက္ခေယျ–အကြောင်းနဲ့တကွ စိစစ်ပြီးတော့ ကြည့်တာ။

ဒီကဲ့သို့သော ကြည့်နည်းသုံးနည်းတို့ဖြင့်–

ဥပပရိက္ခေယျ၊ ကပ်ပြီးတော့ ကြည့်ခဲ့လေရာ၏။ စုံစမ်းပြီးတော့ ကြည့်ခဲ့လေရာ၏။

တဿ တံ ပဿတော နိဇ္ဈာယတော ယောနိသော ဥပပရိက္ခတော ရိတ္တကညော ခါယေယျ၊ တုစ္ဆကညော ခါယေယျ၊ အသာရကညော ခါယေယျ၊ ကိံ ဟိ သိယာ ဘိက္ခော မရိစိကာယ သာရာ။

ဘိက္ခော၊ရဟန်းတော်များ အို-ချစ်သားတို့။ မရိစိကာ၊တံလှုပ်ဆိုတဲ့သဘောကို။ ပဿတော၊ အဝေးကရှုသော။ ဥပနိဇ္ဈာယတော၊ အနီးအစပ် ချဉ်းကပ်ပြီးတော့ ရှုသော။ ယောနိသော ဥပပရိက္ခတော၊ အကြောင်းကို စိစစ်၍ ရှုသော။ တဿ ပဂ္ဂလဿ၊ထိုပုဂ္ဂိုလ်အား။(ဝါ) ထိုပုဂ္ဂိုလ်၏။

ဧဝံ၊ ဤသို့။ရိတ္တကညော၊ အချည်းနှီးဖြစ်နေတဲ့ သဘောတရားဟာသည်သာလျှင်။ ခါယေယျ၊ ထင်ခဲ့လေရာ၏။ တုစ္ဆကညော၊ရစရာ ယူစရာမရှိတဲ့ သဘောတရားတို့သည်သာလျှင်။ ခါယေယျ၊ ထင်ခဲ့လေရာ၏။ အသာရကညော၊ အနှစ်ရှိတဲ့ သဘောတရားတို့သည်သာလျှင်။ခါယေယျ၊ထင်ခဲ့လေရာ၏။(ဝါ) ခါယေယျ သေယျထာပိ၊ ထင်လာလေဘိသကဲ့သို့။

ညအခါမှာ-လရောင် ကြယ်ရောင်တွေ့ ထိုးလိုက်ပို့ သဲကန္တာရကြီးတွေ့ထဲ ခပ်လှမ်းလှမ်းကနေ ကြည့်လိုက်ရင်- နေ့ခင်းတုန်းက ပူထားတဲ့အပူဓာတ် သဲသဲဝင်နေတာ ညကျတော့ ပြန်ထွက်ဘယ်။ အဲဒီအပူလှိုင်းကို အဝေါကလရောင် ထိုးလိုက်လို့ရှိရင်- ရိပ်ရိပ်-ရိပ်ရိပ်နဲ့ လှိုင်းလေးတွေ့ထလာတာ ရေအိုင်ကြီးတာ့လို့ ထင်ရတယ်တဲ့။ခပ်လှမ်းလှမ်း ခပ်ဝေးဝေးက ကြည့်နေရင်–

ဒါကြောင့်-သဲကန္တာရခရီး သွားကြတဲ့ပုဂ္ဂိုလ်တွေ-စခန်းတခုမှာ အပန်းဖြေပြီးတော့ နားနေတုန်း-ညအချိန် တရေးနိုးလို့ ထကြည့်လိုက်တဲ့အခါ သူတို့က ပတ်လည်ရေအိုင်ကြီးတွေ ဝိုင်းနေတယ်လို့ ထင်ရတယ်။ သဲကန္တာရမှာ ကုလားအုတ်နဲ့ ခရီးသွားကြတဲ့ အာရပ်နယ်မြေကပုဂ္ဂိုလ်တွေ ဒီအတိုင်း တွေ့ကြ ထင်ကြရတယ်။

တံလှပ်ရထင် ရှေသမင် အလိုက်မှားသလို

နွေခင်းတုန်းက သဲထဲဝင်နေတဲ့ အပူရှိန်တွေဟာ လှိုင်းထပြီးတော့ ထွက်လာတာ အေ၇်ာက လရောင်လေးထိုးတော့ ရိပ်-ရိပ်-ရိပ်ရိပ်နဲ့ တက်လာတာရေအိုင်ကြီးတွေ ရေလှိုင်းကြီးတွေလို့ ထင်ရတယ်။ ကန္တာရခရီးသယ်တွေ တရေးနိုးတော့ ထပြီး အဲဒီရေရိုက်ကို သွားကြတယ်။ ကန္တာရမှာ ရေငတ်တော့ သေရဘော့မယ်။ ဒါတ်ထဲ ရေအိုင်ကြီးအထင်နဲ့ ဟန်ကျပြီ၊ ရေအိုင်တွေ့ပြီဆိုပြီး လိုက်ယင်း လိုက်ယင်း သွာ-ယင်းသွားယင်းနဲ့ အဲဒီရေအိုင်ကြီးဟာ ဝေးဝေးသွားတယ်။ မိုးလဲလင်-ရော ဘာမှ မတွေ့တော့ဘူး။ အမောသာ အဖတ်တင်တယ်။

ညအမှောင်မှာ လရောင်နဲ့ ပေါ်လာတဲ့ တံလှပ်ကို ရေအိုင်ထင်ပြီးတော့ လိုက်ကြတဲ့ သဲကန္တာရခရီးသယ်တွေဟာ တဖြေးဖြေး လိုက်လိုက်ကြတာ၊ လရောင်က တဖြေးဖြေးနဲ့ အနောက်ဘက်ကို ဝင်ဝင်သွား၊ လရောင်က အားနဲ့ အားနဲ့လာ။ အရှေ့လောကမှာတော့ နံနက်အရုဏ်တက်လို့ နေရောင်ကလေး ကလဲ ထွက်လာရော လရောင်ကကွယ်။ လရောင်အကွယ် နေရောင်ကအထွက်။ အဲဒီအချိန်မျိုး နေနဲ့လနဲ့ အတူကျပြီဆိုရင် ခုနက တံလှပ်တွေ ဘာတွေ့ မတွေ့ရတော့ဘူး။ သဲပြင်ကြီးအတိုင်းပဲ တွေ့ရတော့တယ်။

"အရုဏ်ကျင်း အလင်းရောက်တဲ့အချိန် ဘုန်းကြီးတို့ ယောဂီများ ရေအိုင်ကြီး ဘယ်ရောက်သွားလဲ"

"ပျောက်သွားပါတယ်ဘုရား"

"နဂိုတဲ့ကိုက ရှိလို့ပျောက်တာလား၊ မရှိလို့ ပျောက်တာလား"

"မရှိလို့ ပျောက်တာပါဘုရား"

မှတ်ထားနော်၊ မရှိတာကို အရှိထင်နေတာ။ ဘာမှမရှိတဲ့ သဲကန္တာရကြမ်းတမ်းတဲ့ အပူပြင်ကြီးထဲမှာ ရေအိုင်လို့ ထင်နေတဲ့ အထင်။ အဲဒီ အထင်ဟာ

ဘယ်အချိန်မှာ ပျောက်တုံး ဆိုလို့ရှိရင် အရဏ်တက် အလင်းရောင်လေးလာမှ ပျောက်တယ်။

"ဘယ်အချိန် ပျောက်သလဲ"

"အရဏ်တက် အလင်းရောင် လာတဲ့အချိန် ပျောက်ပါတယ်ဘုရား"

ညမှောင်မိုက်ကြီး ကျနေတဲ့အချိန် မပျောက်သေးဘူးနော်။ ညမှောင်မိုက်ကြီး ကျနေတဲ့အချိန် ကြယ်ရောင်က ထိုးထား၊ လရောင်ကလေးက မလင်းတလင်း ခပ်မှုန်မှုန် မိုးသားတိမ်တိုက်တွေကြားက ထိုးထားတော့ လရောင်လေး ခပ်မှုန်မှုန်မှာ နေပူလို့ငိုးကြီးတဲ့ဟာ ကန္တာရခရီးလမ်း တလျှောက်ဒုက္ခရောက်ကြီးတွေ၊ စိမ်းလန်းစိုပြေနတဲ့ ရေအိုင်ကြီးတွေလို ဒီလိုထင်ကြတယ်။

ရောက်ကြီးဟေ့အထင်နဲ့ ရေခပ်မလို့ဆိုပြီးတော့ လိုက်လိုက်ကြတာ၊ လိုက်ယင်းလိုက်ယင်းနဲ့ ရောက်ကြီးတွေက ဝေးဝေး—ဝေးဝေးသွားတယ်။ သူတို့စိတ်ထဲမှာတော့ ရောက်ဟာ ဒီနေရာပဲလို့ ထင်တယ်။ ဒီနေရာမှာ ရောက်ရှိတယ်အထင်နဲ့ လိုက်ယင်းလိုက်ယင်း ရောက်နားကိုမရောက်နိုင်ဘူး။ တဖြေးဖြေးလိုက်ယင်းလိုက်ယင်းနဲ့ မိုးသာလင်းရော၊ မိုးလဲလင်းရော ရောက်ဆိုတဲ့ အမှတ်သညာဟာ တခါတဲ့ ပျောက်ပြီး ဟာ-- သဲတွေချည်းပဲလို့ မိုးလင်းမှ သိရတယ်။

"ဘုန်းကြီးတို့ ယောဂီများ မိုးလင်းပြီလား"

"..... ....."

တို့ယောဂီတွေလဲပဲ မိုးလင်းပြီလား၊ မလင်းသေးဘူးလားဆိုလို့ရှိရင်တော့ အမှောင်ကြီးပဲတဲ့ ဟုတ်လား။ သဲကန္တာရသွားနေတဲ့ ခရီးသယ်တွေလို့ပဲနော်။ နိရုဒက ကန္တာရ-ရေမရှိတဲ့ သဲကန္တာရသွားနေတဲ့ ခရီးသယ်လို့ ညကြီးသန်းခေါင်အမှောင်ကြီးကျနေတဲ့ အချိန် ကြယ်ရောင်လေး ခပ်မှုန်မှုန်ရဲ့အောက်မှာ နေပူလို့ငိုးကြီးတွေကို အလွန်တရာ ဒေးချမ်းတဲ့ ရေပြင်ကြီး ထင်ပြီးတော့ လိုက်ကြသလို ဒီကနေ့ တို့ယောဂီများလဲ လိုက်နေကြတာ၊အရဏ်ကျင်းအလင်းရောက်ဖို့ တောင်တောင် လိုသေးတယ်နော်။

အရဏ်ကျင်း အလင်းမရောက်သေးသမျှတော့ အဲဒါ သဲကန္တာရက အပူလှိုင်းကို ရေအိုင်ထင်နေကြမှာ။ အနီးအစပ် ကပ်ပြီးတော့ကြည့်။ နေအလင်းရောင်လဲ လာရော နေအလင်းရောင်ဆိုတာကလဲ မနက်ပိုင်းလောက်ပဲနော်။ တဖြေးဖြေး နေမွန်းတည့်သွားပြန်တော့ လှိုင်းတွေက ပြန်ထလာပြန်တာပဲ၊

မလွယ်လိုက်တာနော်။ လရောင်ကလေးကအထွက် မနက်စောစော နေရောင်လေးက ထိုးကာစဆိုရင်တော့ သဲကို သဲအတိုင်း မြင်တယ်။

တော်တော်လေး နေအရှိန်ပြင်း မွန်းတည့် ၁၂-နာရီ ၁-ချက်၊ ၂-ချက် ရောက်လို့ တဖြေးဖြေး ညနေလေးစောင်းတဲ့ဘက် ကူးပြန်တော့ ဒီလိုပဲ၊ သဲသောင်ပြင်ထဲက နေအပူလှိုင်းကြီးတွေဟာ ပြန်ထလာပြန်တယ်။ အဲဒီလို ပြန်ထလာတဲ့ နေပူလှိုင်းကြီးတွေကို ခပ်လှမ်းလှမ်းကနေ ကြည့်လိုက်ရင် ကန္တာရခရီးသယ်တွေ အနေနဲ့တော့ ရေကန်ကြီးပဲ၊ ရေအိုင်ကြီးပဲ၊ ရေပြင်ကြီးပဲ၊ ဒီလိုထင်မိပြန်တယ်။ ပူပြင်းလှတဲ့ နေရှိန်ရဲ့ အောက်မှာ ရေကန်ကြီး ထင်ပြီးတော့ အပူလှိုင်းကြီးတွေရဲ့ နောက်ကို အပြေးတခါ လိုက်ကြည့်ရပြန်တယ်။

မိုးလင်းလာပြန်တော့လဲ မသက်သာဘူး။ မိုးလင်းကာစဆို တော်သေး၊ နေမွန်းတည့်ပြီး ကျော်လာတဲ့ အချိန်ကျပြန်တော့ အပူလှိုင်းကြီးတွေကို ရေထင်ပြီးတော့ တခေါက် လိုက်ကြရပြန်တယ်။ အဲဒီအချိန်မှာ ဘယ်လိုလိုက်နေကြတာလဲဆိုတော့ အောက်က သဲတွေက ပူတာက တမျိုး၊ ကောင်းကင်က နေပူတာက တမျိုး၊ အပူရှိန်ရဲ့ အောက်က အပူတွေ မြို့က်နေတဲ့အထဲမှာ အပူလှိုင်းကို စိမ်းလန်းစိုပြေ အေးချမ်းတဲ့ ရေထင်ပြီးတော့ လိုက်မိတာ ဖြေးဖြေးဖြေးဖြေးနဲ့ ညနေလေး စောင်းသွားပြန်ပြီဆိုတော့ နေပူလှိုင်းက ကျသွား၊ ဒီတော့မှ ဟာ-တို့ရေထင်ပြီးတော့ လိုက်နေတာ နေလှိုင်းတွေပဲ၊ လက်စသတ်တော့ သဲပြင်ပဲ ရှိတယ်လို့ ညနေစောင်းတော့မှ သိကြရပြန်တယ်နော်။

အေး-တို့ဒကာကြီးတွေ၊ ဒကာမကြီးတွေ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ အားမထုတ်တဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ အနောက်တောင်စွယ် နေကွယ်ခါနီး ညနေလေး နဲနဲစောင်းပြီဆိုပြန်တော့ ရေမရှိတဲ့ သဲပူကြီးထဲမှာ ငါတို့လျှောက်နေတာလို့ အဲဒီတော့မှ နဲနဲလေး ရိပ်မိတယ်။ ရိပ်မိရုံ ရှိသေးတယ်။ အမှောင်ထုကြီးက တခါကျလာပြန်တော့ ဒီသဲကန္တာရမှာပဲ ထလာပြန်တဲ့ အပူလှိုင်းတွေကို ရေအထင်နဲ့ တခါ ထပ်လိုက်ကြပြန်တယ်။

"သံသရာစက်ဆိုတာ ဒီလိုလယ်နေတာ ဟုတ်လား"
"မှန်ပါတယ် ဘုရား"

သံသရာကန္တာရက ခရီးသယ်တွေ

ဒါကြောင့်—

အနာဒိဒံ ဘဝစက္ကံ၊ ဝိတကာရက ဝေဒကံ။
နိစ္စသုခသုဘတ္တေဟိ၊ သုညံ ပရေသာ ပုနပ္ပုနံ။

ဤဒံ ဘဝစက္ကံ၊ ဘဝမြားမြောင် ဒုက္ခဆောင်လျက် အဓေါင်ရှည်ကြာသံသရာဖက်ယှဉ်း ကျိစက်ဝန်းသည်။ အနာဒိ-ဗန္ဓာဒိဝတ၊ ကမ္ဘာ့ကမ္ဘာအစရှာလဲ ရစရာပိုင်ပိုင် မရှိနိုင်လေစွတကား။

ဒီဒုက္ခ ဘယ်တုံးက စခဲ့သလဲလို့အစရှာ။ အစရှာမရလောက်အောင် ရှည်လျားလှပြီ။ လယ်လာလိုက်တာကြည့်စမ်း။ ခုနက သဲကန္တာရထဲမှာ နေပူလို့ငိုးကို ရေထင်ပြီးတော့ လိုက်နေတဲ့ ပုဂ္ဂိုလ်ရဲ့ စက်လယ်ပုံကို ကြည့်စမ်း။ စက်လယ်ပုံကို ဘုန်းကြီးပြောနေတာ နှစ်မျိုးနော်။

ညနေ စောင်းသွားတော့ နေက အနောက်တောင်စွယ်မှာကွယ်။ အရှေ့လောကခေတ်ကလေး ထွက်လုလုအချိန်တနေ့ခင်းလုံး သဲကန္တာရထဲမှာ ထနေတဲ့ နေပူလို့ငိုးတွေဟာ ညနေလေးစောင်းတော့ ကုန်သွားပြန်တယ်။

တဖြေးဖြေးနဲ့ နေက လုံးလုံးကွယ်၊ အမှောင်ကြီးကျပြီးတော့ ထိုအမှောင်ထုထဲမှာ ကြယ်ရောင်လေးက ဖျန်းလိုက်ပြန်တော့ တနေ့လုံး ပူဘားကဲ့ အပူလို့ငိုးတွေ သဲထဲက ပြန်ထွက်လာပြန်တယ်။ ဒီတံလှပ်ဆိုတဲ့ အပူလို့ငိုးကြီးတွေကို လရောင် ကြယ်ရောင်က ထိုးပြန်တော့ ဘယ့်နှယ်တုံး၊ ညကြီးမှောင်မှောင်မှာ တံလှပ်ကို ရေထင်ပြီးတော့ လိုက်ကြရပြန်တယ်။

"တညလုံးလိုက်၊ တို့ယောဂီများ ရောကလေး ရရဲ့လား"
"မရပါဘုရား"
"အေးချမ်းတဲ့ ရောကလေး တပေါက် သောက်ကြရရဲ့လား"
"မသောက်ရပါ ဘုရား"

ကန္တာရခရီးသည် နေလို့ငိုးကို ရေလို့ငိုးထင်ပြီး အမှောင်တုကြီးထဲမှာ လိုက်နေတာနော်။ ဘာကိုမှမရဘူး။ တဖြေးဖြေး လိုက်ယင်း လိုက်ယင်းနဲ့ အမောသာ အဖက်တင်တယ်။လိုက်လိုက်ရတာ၊ အရက်တက်လို့ အရှေ့လောကခေတ်က နေရောင်ကထွက်၊ လရောင်လေးက အနောက်တောင်စွယ် ကွယ်ပြန်တော့ ခုနက ရေလို့ငိုးကြီးတွေ ပျောက်သွားကြပြန်ရော။

"ဒီလိုနော်"
"မှန်ပါဘုရား"

အဲဒီတော့မှ သဲတွေချည်းပဲဆိုတာ ရိပ်မိလို့ သဲကန္တာရထဲက ထွက်မယ်လို့ကြံလိုက်ရုံရှိသေးတယ်၊ နေကပြင်းပြင်းကြီး တဖြေးဖြေးနဲ့ ပူတက်လာပြန်

တော့ တံလှေပ်ဆိုတဲ့ နေပူလို့ငိုးတွေ တခါထပြန်ရော။ အဲဒီအခါမှာ အထက်ကပူ အောက်ကပူနဲ့ နေပူလို့ငိုး၊ ရေလို့ငိုးထင်ပြီးတော့ တခါလိုက်ပြန်ရော။ ညနေလေးစောင်းတော့ ပျောက်သွားပြန်။

ညအခါမှာ ကြယ်ရောင် လရောင်လေးပေါ်လာတော့ တခါလိုက်ပြန်။ ဒီလိုနဲ့ပဲ လိုက်ပြီးတော့နေကြတာ၊ ဒီကန္တာရထဲက မထွက်နိုင်သေးသမျှ ကာလပတ်လုံး-

"ဒီပုဂ္ဂိုလ် ရေကြည် ရေချမ်းများ သောက်ရပါအုံးမလား"
"မသောက်ရပါဘုရား"

အေး- တံလှေပ်ကိုရေထင်၊ အမှတ်မှား၊ ကန္တာရသွားတဲ့ ခရီးသည်လိုပဲ ဘုန်းကြီးတို့ယောဂီများလဲ ဒီအတိုင်းပါပဲ၊ သံသရာ့ ခရီးသည်တွေနော်။ သံသရာကန္တာရမှာ ဇာတိ ဇရာ ဗျာဓိ မရဏဆိုတဲ့ ဒီဒုက္ခကန္တာရမှာ လှည့်လည်နေကြတာ။

ဘုရားတဆူဆူရဲ့ သာသနာနဲ့ ကြုံလိုက်တဲ့အခါမှာ တရားလေး နာလိုက်ရတဲ့အချိန်ကျတော့ ကိုယ်ထင်ထားတဲ့ ရေလို့ငိုးတွေဟာ တကယ်မဟုတ်ဘူး။ အဲဒါတွေဟာ သဲကန္တာရထဲက ထလာတဲ့ အပူလို့ငိုးကြိုးတွေပဲလို့ နဲနဲလေး ရိပ်မိလိုက်တယ်။ ဘုရားတဆူ သာသနာရဲ့အတွင်း အဲဒီလို အတွေ့လေးပေါ်လာတယ်။ အဲဒီအခါမှာ ဘုရားတဆူ သာသနာအတွင်းမှာ တရားရအောင် အားထုတ်နိုင်ရင် အားထုတ်၊ အားမထုတ်နိုင်ရင် ဒီဘုရားသာသနာကုန်ပြန်တော့ ဘယ်နှယ်တုံးဆိုရင်-

ခုနက သဲကန္တာရခရီးသည်လို နေပူလို့ငိုးကို ရေလို့ငိုးအထင်နဲ့ လိုက်ကြလိမ့်မယ်။ လိုက်ယင်း လိုက်ယင်းနဲ့ အရှေ့လောကဓာတ်က နေရောင်ကလေးထွက်လာသလို နောက်ဘုရားတဆူ သာသနာထဲရောက်ပြန်တော့ ဟာ-အလင်းရောင်လေးတော့ ရပြီဟေ့- သာသနာတည်းဟူသော အလင်းရောင်လေးတော့ ရပြီ။ ဒါန၊ သီလ၊ သမာဓိ၊ ပညာ၊ ကုသိုလ်ကောင်းမှု အလင်းရောင်လေးတော့ရပြီ။ ဝိပဿနာဉာဏ် အလင်းရောင်လေးတော့ တို့ရလာပြီဆိုပြီး အလင်းရောင်ရဲ့အောက်မှာ လျှောက်ယင်း လျှောက်ယင်းနဲ့ ကန္တာရအပြင်ဘက်ရောက်အောင် မထွက်နိုင်တော့ ထိုဘုရားတဆူ သာသနာဆိုတဲ့ အလင်းရောင်အနောက်တောင်စွယ် နေကွယ်သလို ကွယ်တဲ့အချိန် ကိုယ်က ကန္တာရထဲမှာ

ကျန်ရစ်ခဲ့လိမ့်မယ်။ တော်တော်ကြာ နေလဲကွယ်ရော ညအမှောင် ရောက်လာပြန်ရော။

"ဘာရောက်လာပြန်တယ်"

"ညအမှောင် ရောက်လာပြန်တယ်ဘုရား"

ညအမှောင် ရောက်လာတဲ့အခါကျပြန်တော့ သဲထဲက ထလာတဲ့ နေပူလှိုင်းကြီးတွေကို ရေအိုင်ကြီးတွေပြီဘိုတဲ့အထင်နဲ့ ရေသောက်မလို့လိုက်ကြတဲ့ ကန္တာရခရီးသည်တွေနဲ့တူတဲ့ ဘုန်းကြီးတို့ယောဂီများလဲပဲ ဇာတိ ဇရာ ဗျာဓိ မရဏာသောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ရုဂ ဒေါသ မောဟဆိုတဲ့ အပူလှိုင်းကြီးတွေကို အလွန်အေးချမ်းတဲ့ ရေလှိုင်းကြီး၊ ရေပြင်ကြီးထင်ပြီးတော့ လိုက်ကြပြန်တယ်။

ဒီလိုနဲ့ လှည့်လည်လာခဲ့ရတဲ့ သံသရာမှာ ကန္တာရအပြင်ဘက် မရောက်သေးသမျှ နေပူလှိုင်းကို ရေလှိုင်းထင်ပြီးတော့ လိုက်နေကြမှာပဲ။

"ဓ ဝ ဂ"

ဒီလိုနော

"မှန်ပါတယ်ဘုရား"

အေး-ဒါကြောင့်—

ဣဒံ ဘဝစက္ကံ၊ ဘဝမြားမြောင် ဒုက္ခဆောင်လျက် အခေါင်ရှည်ကြာ သံသရာဖက်ယှဉ်း ဣရိစက်ဝန်းသည်။ အနာဒိ-အနာဒိဝတ၊ ကမ္ဘာ့ကမ္ဘာ အစရှာလည်း ရစရာပိုင်ပိုင် မရှိနိုင်လေစွတကား။ ဝိတကာရကဝေဒကံ၊ သုပ္ပြစီမံသူဝံစံဟု ဆိုရန်အတွက် မရအလျင်း ကင်းလေစွတကား။

နိစ္စသုခသုဘတွေဟိ၊ မြဲရန်အချက် ချမ်းသာကွက်နှင့် နှစ်သက်ဖွယ်နှောစိုးပိုင်သော သဘောတို့မလဲပဲ။ သည်၊ မရှိလုံးလုံး ဆိတ်သုဉ်းခဲ့လေစွတကား။

"ကန္တာရထဲ ချမ်းသာတာ ဘာများရှိလဲ"

"ဘာမှမရှိပါဘုရား"

သညာဝိပလ္လာသ မဖြစ်ရလေအောင်

အောက်က သဲကပူလို့ ဆင်းရဲတာက တမျိုး၊ အပေါ်က အမိုးအကာမရှိ၊ အာဘက်ကောင်းကင်က နေပူလို့ ဆင်းရဲတာက တမျိုး၊ ရေသောက်မလို့ ခွက်ကလေးကိုင်ပြီးတော့ လိုက်ရှာပါတယ်။ သောက်စရာရေယ်လို့ : သာတခုမှ

မတွေ့ရ၊ နေပူလှိုင်းတွေ့ချည်းပဲ တွေ့နေရလို့ ရင်ထဲ နှလုံးထဲက ပူပန်တာကတမျိုး။

အထက်ကပူ၊ အောက်ကပူ၊ နှလုံးထဲကပူ၊ အစ္စတွာဗဟိဒ္ဓ နှစ်ဌာန ပူလောင်နှိပ်စက် အခံခက်တဲ့ ကန္တာရ ခရီးသယ်လို သံသရာခရီးသယ်တွေ ဖြစ်ကြတဲ့ ဘုန်းကြီးတို့ယောဂီများလဲ ဒီအတိုင်းပဲ။ နေပူလှိုင်းကို အေးချမ်းတဲ့ ရေလှိုင်း ထင်မှတ်သလို လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အပူလှိုင်းတွေကို အေးချမ်းတယ်လို့ ထင်မှတ်နေတာဟာ သညာဝိပလ္လာသ။

"ဘာပါလိမ့်"
"သညာဝိပလ္လာသပါ ဘုရား"

အမှတ်အသားတွေ လွဲပြီဆိုရင် တံလှပ်ကို ရေထင်ပြီးတော့ လိုက်သလိုပဲ လိုက်လေလိုက်လေ ဝေးလေးဝေလေ ရေလဲ မသောက်ရဘူး။ လိုက်ရတာ မောချုပဲ၊ အမှတ်လွဲရင် အပူကို အအေးထင်ပြီး လိုက်မိတတ်တယ်။

"ဘာဖြစ်ပါလိမ့်"
" "
"....."

"သညာလွဲရင် ဘာတဲ့တုံး"
"အမှတ်လွဲပါတယ် ဘုရား"
"အမှတ်လွဲရင် ဟုတ်လား"
"မှန်ပါဘုရား"

သဉ္ဇာနနလက္ခဏာ သညာ—အမှတ်ပြု၍ သိတယ်ဆိုတဲ့သဘောသည် သညာ။ ဒီကနေ့ခေတ်အရ တိုတိုနဲ့ ပြောရရင်-

မှတ်တဲ့ သဘောက သညာ။
သိတဲ့ သဘောက ဝိညာဉ်။
စိစစ်တဲ့ သဘောက ပညာ။

ပညာမပါပဲနဲ့ မှတ်ရုံသာ မှတ်နေရင် ဒီအမှတ်ဟာ လွဲနိုင်တယ်။ မှတ်တယ်ဆိုတဲ့ သညာမှာ ပညာပါမှု။

"ဘာပါရမလဲ"
"ပညာပါရမှာပါ ဘုရား"

ပညာမပါရင် ကန္တာရခရီးသယ် ညကြီးသန်းခေါင် ခွက်ကိုင်ပြီး အပူလှိုင်း ရေလှိုင်းအထင်နဲ့ ရေရှာလိုက်သလို နေမွန်းတည့်အချိန်ကြီး အပူလှိုင်းကို ရေလှိုင်းအထင်နဲ့ ရေခွက်ကိုင်ပြီး ရေရှာရအောင် လိုက်သလို ရှာနေတော့မှာပဲ။ သူရှာနေတဲ့ ဥစ္စာက အပူလှိုင်းကြီးတွေကို ရေလှိုင်းဆိုပြီးတော့ ခပ်မလို့ လိုက်နေတာ။

"ဒီလိုမဟုတ်လား"
"မှန်ပါတယ်ဘုရား"

ဘုန်ကြီးတို့ ယောဂီများ အဲဒီလို မလိုက်မိဖို့ အရေးကြီးဘယ်နော်။ သညာကွန္ဒာ-တံလှုပ်ခရထင်သလိုပဲ။ ဒီကော့-ခုနက ပါဠိတော်ပြန်ကြည့်စမ်း။

သေယျထာပိ ဘိက္ခဝေ ဂိမှာနံ ပစ္ဆိမေ မာသေ ဌိတေ မဒ္ဒိန္ဒုဒက ကာလေ မရီစိကာ ဖန္ဒတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ဂိမှာနံ ပစ္ဆိမေ မာသေ၊ နွေလတို့ရဲ့ နောက်ပိုင်းဖြစ်သောလဉ်။ မရီစိကာ၊ တံလှုပ်ဆိုတဲ့ သဘောသည်။ ဖန္ဒတိယထာ၊ တုန်တုန်လှုပ်လှုပ် ပေါ်လာဘိသကဲ့သို့။

ရေလှိုင်းကလေးများလို တုန်တုန်-တုန်တုန်နဲ့ ပေါ်လာဘယ်။ ရန်ကုန်က ဒကာကြီးတွေ သဲန္တာရမရောက်ဘူးရင် ရန်ကုန် မော်တော်ကား ကတ္တရာစီးလမ်း မကြီးများမှာ နွေလယ်တချက်နှစ်ချက်လောက် ထွက်ကြည့်လိုက်။ ဟို-ခပ်လှမ်းလှမ်းမှာ ရိပ်ရိပ်-ရိပ်ရိပ်နဲ့ တခါတည်း ရေတွေစီးနေဘယ် ထင်ရဘယ်။

"တွေ့ဘူးကြပါလိမ့်မယ်နော်"
"တွေ့ဘူးပါတယ်ဘုရား"

သထုံနယ်က ဘုန်းကြီးတို့ ဒကာဒကာမတွေပဲပဲ နွေခင်း နေပူကဲကဲ့ကဲ့ ထနေတဲ့အချိန် မြို့လယ်ခေါင်မှာ ကြည့်လို့ မတွေ့ရမမြင်ရဘူးဆိုရင် သဏ္ဌဘာကာကထွက်၊ ဟိုဘက်ကွင်းကြီးထဲကို ကြည့်လိုက်။ လယ်ကွင်းထဲမှာ ရိပ်ရိပ်-ရိပ်ရိပ်နဲ့ လှိုင်းတွေအပေါ်မှာ ထနေတယ်။ သာမန်အားဖြင့် ကြည့်ရင် ဒါဟာ ရေလှိုင်းတွေပဲလို့ ထင်စရာပဲ။

အောက်ခံမြေပြင်က မာကျောရင်၊ မြေပြင်က ပြောင်လက်နေရင် အပေါ်က တံလှုပ်ဆိုတဲ့ လှိုင်းဟာ ပိုအားကောင်းတယ်။ အောက်ခံမြေပြင်က ပူနေမယ်

အမိုက်သရိုက်တွေ့ တူနေမယ်ဆိုရင်တော့ တံလှပ်ဟာ သိပ်အားမကောင်းဘူး။ သဲကန္တာရ သဲပြင်ဆိုတာ သဲဆိုတာ ကျောက်မှုန့်လေးတွေပဲ။ ကျောက်မှုန့်လေးတွေ ဖြစ်နေတဲ့ သဲပေါ်မှာ ကျလာတဲ့ နေပူလှိုင်းဟာ တကယ့်ရေပြင်ကြီးလို ထင်ရတယ်။ ကဘွာရာစေး လမ်းမကြီးတွေပေါ်ကျတော့ ပိုရှင်းသွားတယ်။

ဓရီစိကာ ဖန္ဒတိ-တုန်လှုပ်ပြီးတော့ တခါတည်း ထလာတဲ့ လှိုင်းတွေ အဲဒါကို အဝေးက လှမ်းကြည့်လိုက်ရင် ရေလိုပဲ ထင်ရတယ်။

"ဒီအထင်ဟာ အမှားလား၊ အမှန်လား"
"အမှားပါဘုရား"
"အမှားနော်"
"မှန်ပါဘုရား"
အဲဒါကို ဘုန်းကြီးတို့ စာပေက သညာဝိပလ္လာသလို့ ခေါ်တယ်။
"ဘာခေါ်ပါလိမ့်"
"သညာဝိပလ္လာသလို့ ခေါ်ပါတယ်ဘုရား"
အမှတ်လဲတာ သညာရဲ့ ဖောက်ပြန်တဲ့ သဘော။

တံလှပ်ကိုလည်း နည်း ၃-နည်းနဲ့ စိစစ်ကြည့်ပါ

တမေနံ စက္ခုမာ ပုဒိသော ပဿေယျ နိဗ္ဗာယေယျ ယောနိသော ဥပပရိက္ခေယျ။

တမေနံ-တံနေံ မရီစိကာ။ ဟိုအဝေးက တွေ့မြင်နေရတဲ့ တံလှပ်ကို။ စက္ခုမာ၊စက္ခုန္ဒြစ်ကွင်း အလင်းရသော။ပုဂိုသော၊ယောကျ်ားတယောက်သည်။ပဿေယျ၊အဝေးကနေ ရှုလေရာ၏။ဥပနိဗ္ဗာယေယျ၊ အနီးအစပ် ချဉ်းကပ်၍ ရှုလေရာ၏။ယောနိသော ဥပပရိက္ခေယျ၊အကြောင်းနှင့်တကွ စုံစမ်းစိစစ်၍ ရှုလေရာ၏။

တံလှပ်ကို အဝေးကနေ မြင်တယ်။ အဝေးကနေ ကြည့်တော့ တံလှပ်ကို ရေလို့ ထင်ရတယ်။ အနီးကပ်လဲ ကြည့်လိုက်ရော—

"အဲဒီရေတွေဟာ ရှိသေးသလား"
"မရှိတော့ပါဘုရား"
အနီးကပ်ကြည့်တော့ ရေရယ်လို့ မတွေ့ရတဲ့အခါ—

"ဒင်းကြောင်းနဲ့တက္ခ မှန်မှန်ကန်ကန် စိစစ်ပြီးတော့ ကြည့်ဖို့ မလိုအပ်ဘူးလား"

"လိုအပ်ပါတယ်ဘုရား"

ယောနိသော ဥပပရိက္ခေယျ၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်သော အကြောင်းအာဒေါဖြင့်လဲပဲ စုံစမ်းစိစစ်၍ ကြည့်ရှုလေရာ၏။

တာဿ တံ ပဿတော နိဗ္ဗေယတော ယောနိသော ဥပပရိက္ခတော ဂိဒ္ဓာကညော ခါယေယျ၊ တဏှာကညော ခါယေယျ၊ အဿာဒကညော ခါယေယျ။

အနိုးကပ်အကြောင်းနဲ့တက္ခ စိစစ်ကြည့်လိုက်တော့ ဩဿ်—အောက်ကမြေပြင်ကြီး၊ သို့မဟုတ် သဲပြင်ကြီး။ မြေပြင်သဲပြင်တဲမှာ နေပူရှိန် ထိုးထားလို့ အပူတွေ့ အထဲစိုက်နေတယ်။ မြေထဲသဲထဲမှာ အပူတွေ့က အောင်းနေတယ်။ အပေါ်က အပူရှိန် တခုရှိတယ်။ ထိုအပူရှိန်နှစ်ခု တိုက်မိတဲ့အခါကျတော့ လှိုင်းတွေ ထလာတယ်။ အဲဒီလှိုင်းတွေကို အပူလှိုင်းလို့ ခေါ်တယ်။

"ဘာတဲ့တုံး"

"အပူလှိုင်းလို့ ခေါ်ပါကယ်ဘုရား"

တံလှပ်ဆိုတာ အပူလှိုင်းပဲ။ တံလှပ်ဆိုတဲ့ ထိုအပူလှိုင်းကို အဝေးက မြင်တော့ ရေလို့ထင်ကြရတာဟာ အထင်မှားတာပဲ။ အကြောင်းနဲ့တက္ခ စိစစ်ကြည့်လိုက်တော့မှ မြေပြင်ထဲရှိတဲ့ အပူနဲ့ ကောင်းကင်ကလာတဲ့အပူ။ ဒီအပူနှစ်ခုဟာ်ကြီးတော့ လှိုင်းထလာတယ်။ အပူလိုင်းလို့ခေါ်တဲ့ တံလှပ်ပဲလို့ ဒီလို့လဲတွေ့လိုက်ရော—

ရိဘ္ဘကညော ခါယေယျ၊ အချည်းနှီးကိစ္စတွေပဲ၊ ရေမရှိဘူး။

တုစ္ဆကညော ခါယေယျ၊ ရေမှဆိတ်သုဉ်းနေတဲ့ ကန္တာရကြီးပဲ။

အသာရကညော ခါယေယျ၊ ရစရာ ယူစရာ ဘာမှအနှစ်မရှိပဲ့ ကန္တာရကြီးပဲလို့—

အနိုးအစပ် ချဉ်းကပ်ပြီး စိစစ်တော့မှ သိရတယ်။ သံသရာနဲ့ ကန္တာရမှာ ခရီးသွားနေကြတဲ့ ဘုန်းကြီးတို့ဒကာဒကာမများဟာ သဲကန္တာရ ဝင်ရီးသွားတဲ့လူတွေနဲ့ သိပ်ဘူတာပဲနော်။ ဘာကို ထင်ဆင်နေကြသလဲလို့ဆိုရင် - သဲကန္တာရ ခရီးသည်က နေပူလှိုင်းကို ရေအားချမ်းတဲ့ရေထင်သလို သံသရာ့ခရီးသည်များ

ဖြစ်ကြတဲ့ ဘုန်းကြီးတို့ယောဂီများကလဲ ဇာတိအစရှိတဲ့ တစ်ဆယ့်တပါး သော မီးတွေလောင်လို့ ထလာတဲ့အပူလိုင်းတွေကို အလွန်တရာ သာယာ ကောင်းမြတ်ဟဲ့ စည်းစိမ်ဘွဲ့လို့ ဒီလိုထင်နေကြတာ။ တံလှေ်ရေထင်သလို ထင်နေကြတာ။

"ဘာဝိပွလွာသပါလိမ့်"
"သညာဝိပွလွာသပါဘုရား"

အနိစ္စအပြည့်ဖြစ်နေတဲ့လောကီ (၃) ဘုံ အနိစ္စလို့ ထင်နေတာဟာ တံလှေ် ဆိုတဲ့ ရေလိုင်းတခုနေပူလိုင်းတခုပဲ။ ဒုက္ခအပြည့်ဖြင်နေတဲ့ ဘုံသုံးပါးတည်းဟူ သောကန္တာရကို သုခလို့ ထင်လိုက်တာဟာ တံလှေ်တမျိုး၊ အပူလိုင်းဘခု။ အနတ္တ ဖြစ်နေတဲ့ ဘုံသုံးပါးမှာ အတ္တရယ်လို့ ထင်လိုက်ဘာဟာ နေပူးလိုင်းကြီးတခု ထလာတာ။ အသုဘဖြစ်နေတဲ့ ခန္ဓာကိုယ်ကြီးကို သုဘလို့ ထင်လိုက်တာ ဟာ နေပူလိုင်းကြီးတခု ထလာတာ။

"အပူလိုင်းကြီး ဘယ်နှစ်ခု ထလာသလဲ"
"လေးခုပါဘုရား"

အေး—အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တ၊ အသုဘကို သုဘ။ အဲဒီ အပူလိုင်းကြီးတွေကို ဘုန်းကြီးတို့ယောဂီများက အလွန်အေးချမ်းတဲ့ စမ်းရေ ကလေးထင်ပြီး ခပ်သောက်ဖို့ရန် ခွက်ကလေးကိုင်ပြီး အပြေးအလွှား လိုက်နေ ကြတော့ လိုက်ယင်း-လိုက်ယင်းနဲ့—

"ဘုန်းကြီးတို့ယောဂီများ မမောဘူးလား"
"မောပါတယ်ဘုရား"

မောလိုက်တာ-ကန္တာရထဲမှာ နေပူလိုင်း ရေလိုင်းအထင်နဲ့ ရေသောက်မလို့ ခွက်ကိုင်ပြီး အပြေးအလွှား လိုက်ယင်းလိုက်ယင်းနဲ့ သေပဲ့ဝင်ကြတဲ့ပုဂ္ဂိုလ်တွေ မနဲတော့ဘူးနော်။

နောက်တခါ ဥပမာလေးတခု၊ ဆရာတော်ကြီးများပေးတဲ့ ဥပမာလေး ပါပဲ။ ဘာတဲ့တုံးဆိုလို့ရှိရင် "မြင်းတကောင်ကို မျက်မှန်အစိမ်းတပ်ပြီး မြက် ခြောက်ကျွေးသလိုပဲ" တဲ့ မြင်းကို မြက်ခြောက်ကျွေးမယ်ကြံတော့ မြက် အခြောက်ဆိုရင် မြင်းက မစားချင်ဘူး။

"ဒီလိုမဟုတ်လား"

"မှန်ပါဘုရား"
"မြက်စိုကလေးထင်အောင် ဘယ့်နှယ်လုပ်ရလဲ"
"မြက်မှန်စိမ်း တပ်ပေးရပါဘယ်ဘုရား"
"ဒီကနေ့ မျက်မှန်စိမ်းချွတ်ဖို့ရန် အချိန်ကျပြီနော်"
"မှန်ပါဘုရား"
မြက်အခြောက်ကို မြက်စိုထင်ပြီးတော့ ကိုက်နေကြတာ။
"တို့ယောဂီများ မျက်မှန်စိမ်း ချွတ်ကြမလား"
"ချွတ်မှာပါဘုရား"

ပြောတော့ပြောဘာပဲ၊ မျက်မှန်စိမ်းတပ်ပြီး သူတို့ကိုယ်သူတို့လှည့်စားနေတဲ့ လက္ခဏာရှိပါတယ်။ မျက်မှန်စိမ်းတပ်မယ်လို့ ကြံနေတဲ့လူတွေက ရိပ်သာထဲ မလာတဲ့လူတွေ။ တရားစခန်း ဝင်တဲ့လူဘွဲ့ကတော့ မျက်မှန်စိမ်းကို ကြိုးစားပြီးတော့ ချွတ်ကြတယ်။ဒါပေမဲ့ ကျွတ်မလား မကျွတ်လားတော့ မသိဘူး။ သူတို့မှာ ချွတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှိတာကတော့ အမှန်ပဲ။ တရား မထိုင်ဲ သေးပါဘူးဆိုတဲ့လူတွေကတော့ မျက်မှန်စိမ်းကို တထပ်ပြီး တထပ် တပ်ပြီးတော့ မျက်ခြောက်ကို စားနေကြတုန်းပဲ။

"အေး-သညာဝိပ္ပလ္လာသဆိုတာ ဒီလိုနော်"
"မှန်ပါဘုရား"

တံလှပ်ကိုရေထင်ပြီး ရေခပ်မလိုလိုက်တဲ့ ကန္တာရခရီးသယ်လို၊ မြက်ခြောက်ကိုမျက်မှန်စိမ်းတပ်ပြီးတော့ စားနေတဲ့မြင်းလို အဲဒီလိုလိုက်ကြ ဝါးနေကြတာ မြင်းထိန်းလုပ်တဲ့ လူခဲ့လှည့်စားပုံကို ကြည့်စမ်း။ မြင်းကြီးကို ရှုန်းဟယ်ကန်ဟယ်နဲ့ သေအောင်ခိုင်းလိုက်သေးတယ်။

"မခိုင်းဘူလား"
"ခိုင်းပါတယ်ဘုရား"

ခိုင်းပြီးလို့ ဖမာပြီဘိုတော့မှ မြက်ခြောက်ကို မျက်မှန်စိမ်းတပ်ပြီးတော့ ကျွေးလိုက်သေးတယ်။ ရှုန်းရ ကန်ရနဲ့ လုပ်လဲလုပ်လိုက်ရသေး၊ မြက်ခြောက်ကိုလဲ မြက်စိုထင်ပြီးတော့ ဝါးလိုက်ရသေး။ တော်တော်လေး ဟန်မကျတဲ့ အလုပ်ပဲနော်။

ဒီကနေ့ ဓမ္မရိပ်သာအတွင်း ချဉ်းနင်း ဝင်ရောက်လာကြတဲ့ ဘုန်ကြီးတို့ ယောဂီများကတော့ ဝန်ထုပ် ဝန်ပိုးတွေလဲ မရှုန်းချင်တော့ပါဘူး။ မြက်

ခြောက်လဲ မဝါးချင်တော့ပါဘူးဆိုပြီးတော့ မျက်မှန်စိမ်း ချွတ်မလိုလဲကြတာ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

တရားအားထုတ်တဲ့လူက ဝန်ထုပ်ဝန်ပိုးတွေချမလို့။ မျက်မှန်စိမ်းချွတ်မလို့။ တရားအားမထုတ်တဲ့ လူကတော့ ဝန်ထုပ် ဝန်ပိုးတွေကို ရွှန်းဟယ်ကန်ဟယ်နဲ့ ထမ်းအုံးမယ်။ မျက်မှန်စိမ်း တပ်ပြီးတော့ မြက်ခြောက်ကို ဝါးအုံးမယ်။ ဒီလိုဗျနော်။ ဖေဏပိဏ္ဍူပမသုတ္တန်က ဒီအဓိပ္ပာယ်တွေကို ညွှန်းတယ်။

ကိ ံ ဟိ သိယာ ဘိက္ခဝေ မရိစိကာယ သာရော။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ မရိစိကာယ၊ အဲဒီတံလှပ်ထဲမှာ။ သာရော၊ အနှစ်သာရဆိုတာ။ ကိ ံ ဟိ သိယာ၊ အဘယ်မှာလျှင် ရှိနိုင်ပါ့တော့အုံနည်း။

"တံလှပ်ထဲမှာ အေးချမ်းတယ်ဆိုတဲ့ ရေရှိရဲ့လား"
"မရှိပါဘုရား"

သညာကွန္ဓာမှန်သမျှ တံလှပ်နဲ့တူတယ်

ဧဝမေဝ၊ ဧဝံကထာ၊ ပမာထားယူ ထို့အတူ။

ယာ ကာစိ သညာ အတီတာနာဂတပစ္စုပ္ပန္နာ၊ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယံ ဒူရေ သန္တိကေ ဝါ သဗ္ဗာ သညာ။

သံယုတ္တနိကာယ် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဖေဏပိဏ္ဍူပမသုတ်-၁၁၅။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဧဝံမေဝ ဧဝံထထာ၊ ပမာထားယူ ထို့အတူ။ အတီတာနာဂတပစ္စုပ္ပန္နာ၊ အတိတ်ကဖြစ်ခဲ့တဲ့ သညာတွေ့ ပစ္စုပ္ပန်ဖြစ် နေဆဲပဲဖြစ်တဲ့ သညာတွေ၊ နောင်ဘဝခန္ဓာ မကုန်သေးရင်ဖြစ်အုံးမယ့် သညာတွေ့။

အတိတ်သံသရာ ကန္တာရခရီးဟောင်းကြီးထဲ လှမ်းခဲ့ဘုန်းက ဖြစ်ခဲ့တဲ့သည်ာ ကွေအကုန်လုံး၊ ယခုဘဝပစ္စက္ခမှာ ဖြစ်နေတဲ့ သည်ာတွေအကုန်လုံး၊ ခန္ဓာမကုန်သေးရင် နောင်သံသရာဝရိုးမှာ ဖြစ်အုံးမည့် သည်ာတွေ အကုန်လုံး၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ဘယ်သည်ာပဲဖြစ်ဖြစ် အကုန်လုံး။

အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ။

အဇ္ဈတ္တ-မိမိရဲ့ခန္ဓာမှာ ရှိနေတဲ့သည်ာ၊
ဗဟိဒ္ဓ-တခြားလူကွဲရဲ့ ခန္ဓာမှာ ရှိနေတဲ့သည်ာ၊
ဘယ်သူ့ သည်ာပဲဖြစ်ဖြစ်-

သြဠာဒိကာ ဝါ သုခုမာ ဝါ။

သြဠာရိက-ရုပ်ကြမ်းတဲ့ ခန္ဓာကိုယ်ရထားတဲ့ ပုဂ္ဂိုလ်တို့ရဲ့ သည်ာ။
သုခုမ-နူးညံ့တဲ့ ခန္ဓာကိုယ် ရထားတဲ့ ပုဂ္ဂိုလ်တို့ရဲ့ သည်ာ။

ဟီနာ ဝါ ပဏီတာ ဝါ။

ဟီန အကုသိုလ်ကြောင့် ယုတ်နိမ့်တဲ့ အပါယ်ဘုံသားတွေရဲ့သည်ာ။
ပဏီတ-ကုသိုလ်ကြောင့် မြင့်မြတ်တဲ့ ခန္ဓာကိုယ် ရထားဲ့ ပုဂ္ဂိုလ်ဒုတ္ထရဲ့ သည်ာ။

ယံ ဒူရေ သန္တိကေ ဝါ။

အဝေးမှာ ဖြစ်နေတဲ့ သည်ာ။
အနီးမှာ ဖြစ်နေတဲ့ သည်ာ။

အဝေးဖြစ်တဲ့ သည်ာဆိုတာက မိမိရဲ့ အပြင်အပ ဗဟိဒ္ဓသည်ာ။ တခြားသူတို့ရဲ့ ခန္ဓာမှာဖြစ်နေတဲ့ သည်ာဆိုတာက ကိုယ်ကမှုန်းကြည့်လို့သာ ရတာ။ အာရုံယူလို့ မဖြစ်နိုင်ဘူး။ အဲဒါ အဝေးသည်ာ။

ကိုယ့်ခန္ဓာထဲ ဖြစ်နေတဲ့သည်ာကတော့ ကိုယ်ကတိုက်ရိုက် အာရုံယူလို့ ရတာမို့လို့ အဲဒါက အနီးသည်ာ။ ဘယ်သည်ာပဲဖြစ်ဖြစ် မှတ်သားတယ်ဆိုတဲ့ ထိုသည်ာကခန္ဓာကလေးတခုဟာ မရိစိကာ သေယျထာပိ တံလှုပ်ကဲ့သို့ပဲလို့ဆိုတာ မှတ်သားထား။ သည်ာကခန္ဓာဟာ တံလှုပ်နဲ့ တူတယ်။

ခန္ဓာငါးပါးတို့ဟာ ရူပက္ခန္ဓာကိုတော့ ရေမြုပ်နဲ့ တူတယ်လို့ ပြောခဲ့ပြီးပြီ။ ဝေဒနာက္ခန္ဓာကိုတော့ ရေပူဖောင်း ရေပွက်နဲ့တူတယ်လို့ ပြောခဲ့ပြီးပြီ။ ယခု သညာက္ခန္ဓာကိုတော့ တံလျပ်နဲ့ တူတယ်လို့ ပြောပါပြီ။

ဟမေနံ စက္ခုမာ ပုရိသော ပသေ်ယျ။

ထိုသညာက္ခန္ဓာကို ပညာမျက်စိ ကောင်းစွာရှိတဲ့ ယောကျ်ားတယောက်ဟာ ရှုလေရာ၏။

သဲကန္တာရထဲက ရေလို့ုင်းမြင်တယ်ဆိုတာ မျက်စိရှိတဲ့လူ မြင်တာ။ မျက်စိနှစ်ဖက်အလင်းမရရင် မမြင်နိုင်ဘူး။ ပကတိနေလို့ုင်း ရေလို့ုင်းကို ပကတိမျက်စိနှစ်ကွင်း အလင်းရတဲ့ ပုဂ္ဂိုလ်မှ မြင်ရသလိုပဲ သညာဝိပ္ပလ္လာသကြောင့် ဖြစ်လာတဲ့ ဝိပ္ပလ္လာသ တရားလေးပါး။

(၁) အနိစ္စကို နိစ္စ။
(၂) ဒုက္ခကို သုခ။
(၃) အနတ္တကို အတ္တ။
(၄) အသုဘကို သုဘ။

အဲဒီ ဝိပ္ပလ္လာသ နေပူလို့ုင်းကြီး လေလို့ုင်းကိုလဲပဲ ဘယ်လိုပုဂ္ဂိုလ်မှ အမှန်မြင်တုံးဆိုရင် ပညာမျက်စိရှိတဲ့ ပုဂ္ဂိုလ်မှမြင်တယ်။ဒီတော့ ဒီနေရာမှာ သညာ၊ပညာ၊ အဝိဇ္ဇာ၊ ဒီသုံးလုံးနဲ့ ဖိုခနောက်ဆိုင်လေးကို စဉ်းစားပါ။

"သညာ၊ ပညာ၊ အဝိဇ္ဇာ။ ဘယ်နှစ်လုံးလဲ"
"သုံးလုံးပါဘုရား"

သညာဆိုတာက မှတ်တာ။ မှတ်တယ်ဆိုကဲ့ သညာမှာ အဝိဇ္ဇာဝင်ကပ်ရင် အဲဒီအမှတ်တွေ အကုန်လဲသွားတယ်။ အမှတ်လဲရင် ကန္တာရခရီးသယ် နေပူလို့ုင်း ရေလို့ုင်းထင်ပြီး လိုက်သလို လိုက်ရရော။

"အလိုက်လဲပြီနော်"
"မှန်ပါဘုရား"

အဲဒီအချိန် မျက်မှန်စိမ်းတပ်ပြီးတော့ မြက်ခြောက်ဝါးတာနဲ့ အတူတူပဲ။ အဲဒီသညာကို အဝိဇ္ဇာခွာလိုက်ပြီးတော့ ဝိဇ္ဇာလို့ခေါ်တဲ့ ပညာနဲ့ ကပ်ထား

လိုက်ရင် အမှတ်အသားတွေဟာ မှန်သွားတယ်။အဝိဇ္ဇာနဲ့ ဝိဇ္ဇာ။ အဝိဇ္ဇာဆိုတာက မောဟ၊ ဝိဇ္ဇာဆိုတာက အမောဟလို့ခေါ်တဲ့ ပညာကို ပြောတာ။

မှတ်တယ် မှတ်တယ်ဆိုတဲ့ နေရာမှာ ဝိဇ္ဇာဆိုတဲ့ ဉာဏ် (ပညာ) နဲ့ ကပ်ပြီးတော့ မှတ်မှ အမှတ်မှန်တယ်။ ဝိဇ္ဇာဉာဏ်နဲ့ ကပ်ပြီးတော့ မှတ်ခဲ့ရင် ယောဂီများရဲ့ ရှုကွက်ထဲမှာ အနိစ္စကို နိစ္စလို့ ပြောင်းပြန်မလာတော့ဘူး။ အနတ္တကို အတ္တ။ အသုဘကို သုဘ။

"ဒီလိုပြောင်းပြန်မှတ်ခြင်းတွေ ဖြစ်အုံးမလား"

"မဖြစ်တော့ပါဘုရား"

သညာဝိပ္ပလ္လာသ အဲဒီအချိန် လမ်းပျောက်သွားတယ်နော်။ အဝိဇ္ဇာနဲ့ မှတ်နေရင်၊ မောဟနဲ့ ဒီသညာနဲ့တဲ့ပြီးတော့ မှတ်နေရင် တံလှပ်ရေထင်ပြီးတော့ လိုက်နေတဲ့ ပုဂ္ဂိုလ်လိုပဲ အဝိဇ္ဇာဆိုတာ မောဟ၊ မောဟဆိုကာ အဝိဇ္ဇာ၊ အတူတူပဲ။ ဝိဇ္ဇာနဲ့တဲ့ပြီးတော့ မှတ်ရင်—

အတ္တာသည့် ဥဿဒါဒ္ဒေတိ-ငါရှိတယ်ဆိုတဲ့ အမှတ်သညာကို ခွာနိုင်လိမ့်မယ်။

သတ္တာသည့် ဥဿဒါဒ္ဒေတိ-သတ္တဝါရှိတယ်ဆိုတဲ့ အမှတ်သညာကို ခွာနိုင်လိမ့်မယ်။

အဝိဇ္ဇာနဲ့တဲ့ပြီးတော့ မှတ်နေရင်—

အတ္တာသည့် န ဥဿဒါဒ္ဒေတိ-အတ္တာ (ငါ)ဆိုတဲ့ အမှတ်သညာကို ခွာနိုင်လိမ့်မယ်မဟုတ်ပါ။

သတ္တာသည့် န ဥဿဒါဒ္ဒေတိ-သတ္တဝါရှိတယ်ဆိုတဲ့ အမှတ်သညာကို ခွာနိုင်လိမ့်မယ်မဟုတ်ဘူး။

အဝိဇ္ဇာနဲ့ သညာတဲ့ပြီးတော့ အမှတ်လွဲရင် သတ္တာသညာ အတ္တာသညာ မပျောက်နိုင်ဘူးတဲ့။ သတ္တဝါဆိုတဲ့ အမှတ်သညာ၊ ငါရှိတယ်ဆိုတဲ့ အမှတ်သညာ မပျောက်နိုင်ရင်—

ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနဘာဝနာ ဝါ န ဟောတိ။

ကမ္မဋ္ဌာနံဝါ၊ ကမ္မဋ္ဌန်းသည်လည်းကောင်း။ သတိပဋ္ဌာနဘာဝနာ ဝါ၊ သတိပဋ္ဌာန် ပွားများခြင်းသည်လည်းကောင်း။ န ဟောတိ-န သမ္ဘဒ္ဓတိ၊ ပြည့်စုံကြလိမ့်မည်မဟုတ်ပါ။

သတ္တသညာ အတ္တသညာ မပျောက်ရင် ကမ္မဋ္ဌာန်းလုပ်ငန်း၊ သတိပဋ္ဌာန် ပွားတဲ့လုပ်ငန်း မပြည့်စုံဘူးတဲ့။ မျက်မှန်စိမ်းဆိုတာကို ဘုန်းကြီးတို့ယောဂီများ နားလယ်ကြပြီနော်။ ဘာလဲလို့ဆိုရင် သညာကို အဝိဇ္ဇာနဲ့တဲ့ပြီးတော့ မှတ်နေတာဟာ ငါတို့အတွက် မျက်မှန်စိမ်းကြီးပဲ။

"သညာရဲ့ နောက်နားကကပ်ပြီး တပ်လာခဲ့တဲ့ မျက်မှန်စိမ်းဟာ အဝိဇ္ဇာ မဟုတ်လား"
"မှန်ပါဘုရား"

ဒီအဝိဇ္ဇာကို ဆွဲချတ်လိုက်တာနဲ့ တပြိုင်နက်တည်း မနေ့က ပြောခဲ့ပြီးပြီ။

သမ္ဗလံ တာဏမဗ္ဗုယှ၊ နိစ္ဆာတော ပရိနိဗ္ဗုတော။

အမြစ်နဲ့တကွ ဖြစ်နေတဲ့တဏှာကို ပယ်နုတ်နိုင်ကြမှသာလျှင် အမြစ်ကို အရင်နုတ်ရမယ်။

"ဘာကို အရင်နုတ်ရမယ်"
"အမြစ်ကို ပါဘုရား"
"အမြစ်ကိုအရင်ဖြတ်တောက်မှ ပင်စည်ကြီးပေတယ်နော်"
"မှန်ပါဘုရား"

တဏှာရဲ့အမြစ်ဟာ ဘယ်သူလဲဆိုရင် အဝိဇ္ဇာ၊ အဝိဇ္ဇာကို ခွာလိုက်လို့ ဝိဇ္ဇာ ဉာဏ်ရောက်ရင်--

"ဒီသညာဆိုတဲ့ အမှတ်ကလေး မှန်မသွားဘူးလား"
"မှန်သွားပါတယ်ဘုရား"

သညာဆိုတဲ့ အမှတ်ကလေး မှန်သွားတာနဲ့တပြိုင်နက်တည်း အနိစ္စကို အနိစ္စအတိုင်း တခါတည်းမြင်တယ်။ဒုက္ခကို ဒုက္ခအတိုင်း တခါတည်းမြင်တယ်။ ဒုက္ခကို ဒုက္ခအတိုင်းမြင်ရင် တဏှာဆိုတဲ့ ပင်စည်ကြီး အဲဒီမှာ လဲသွားတယ်ဘဲ့။

"ဟုတ်ပြီနော်"
"မှန်ပါဘုရား"

ဝိပ္ပလ္လဿတရား ၁၂-ပါး

အေး-ဒီအကြောင်းအရာကို ဘုရားရှင်ကိုယ်တော်မြတ်က အဂုံတ္တရနိကာယ် စတုက္ကနိပါတ် ပါဠိတော်မှာ ဝိပ္ပလ္လာသသုတ္တန်ဆိုပြီးတော့ တခါဟောသေးတယ်။

"ဘာသုတ္တန်တဲ့"

"ဝိပ္ပလ္လာသ သုတ္တန်ပါဘုရား"

စတ္တာရော မေ ဘိက္ခဝေ ဝိပ္ပလ္လာသာ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုး-ချစ်သားတို့။ သညာဝိပ္ပလ္လာသာ၊ သညာဝိပ္ပလ္လာသဆိုတဲ့ကရားတို့သည်။စိတ္တဝိပ္ပလ္လာသာ၊စိတ္တဝိပ္ပလ္လာသဆိုတဲ့တရားတို့သည်။ ဒိဋ္ဌိဝိပ္ပလ္လာသာ၊ ဒိဋ္ဌိဝိပ္ပလ္လာသဆိုဟဲ့ တရားတို့သည်ကား။ ဤမေ စတ္တာရော၊ ဤလေးမျိုးတို့ပါပေတည်း။

သညာဝိပ္ပလ္လာသတရား ၄-ပါး။
စိတ္တဝိပ္ပလ္လာသတရား ၄-ပါး။
ဒိဋ္ဌိဝိပ္ပလ္လာသတရား ၄-ပါး။

"လေးပါးဘုံးလီဆိုတော့"

"တစ်ဆယ့်နှစ်ပါးပါဘုရား"

ဝိပ္ပလ္လာသ တရား ၁၂-ပါး သညာကလဲ အလဲ့လဲ့အမှားမှား မှတ်တာလေးခုရှိတယ်။ စိတ်ကလဲ အလဲ့လဲ့အမှားမှားသိတာ လေးခုရှိတယ်။ ဒိဋ္ဌိကလဲ အလဲ့လဲ့အမှားမှား ယူတာ လေးခုရှိတယ်။ ဒီလေးခုဘုံးလီဆိုတော့ ၁၂-ပါး။ ဝိပ္ပလ္လာသသုတ္တန်မှာ ဟောထားတယ်။

စတ္တာရော မေ ဘိက္ခဝေ သညာဝိပ္ပလ္လာသာ စိတ္တဝိပ္ပလ္လာသာ ဒိဋ္ဌိဝိပ္ပလ္လာသာ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုး-ချစ်သားတို့။ သညာဝိပ္ပလ္လာသာ၊ အမှတ်လဲတယ်ဆိုတဲ့ သညာဝိပ္ပလ္လာသ တရားတို့သည်။ ဤမေ စတ္တာရော၊ ဤလေးပါးတို့ပါပေတည်း။ စိတ္တဝိပ္ပလ္လာသာ၊ အသိလဲတယ်ဆိုဘဲ့ စိတ္တဝိပ္ပလ္လာသ တရား

တို့သည်။ ကွမေ စတ္တာရော၊ ဤလေးမျိုးတို့ပါပေတည်း။ ဒီဋ္ဌဝိပ္ပလ္လာသာ၊ အယူလွဲတယ်ဆိုတဲ့ ဒီဋ္ဌဝိပ္ပလ္လာသတရားတို့သည်။ ကွမေ စတ္တာရော၊ ဤလေးမျိုး ကိုပါဖေပတည်း။

(က) သညာဝိပ္ပလ္လာသတရား ၄-ပါး

ကဘမေ စတ္တာရော၊ အဲဒီလေးမျိုးတို့ဆိုတာ ဘာတွေတုံးဆိုရင်—

(၁) အနိစ္စ နိစ္စန္တိ သညာဝိပ္ပလ္လာသော။

အနိစ္စော၊ အနိစ္စတရားဌ်။ နိဗ္ဗန္တိ၊ နိစ္စဟူ၍။ သညာဝိပ္ပလ္လာသော၊ သညာဝိပ္ပလ္လာသသည်။ ဟောတိ၊ ဖြစ်၏။

အနိစ္စကို နိစ္စလို့ အမှတ်လဲတာ တမျိုးရှိတယ်။

(၂) ဒုက္ခေ သုခန္တိ သညာဝိပ္ပလ္လာသော။

ဒုက္ခေ၊ ဒုက္ခတရားဌ်။ သုခန္တိ၊ သုခဆိုတာလဲပဲ။ သညာဝိပ္ပလ္လာသော၊ သညာဝိပ္ပလ္လာသသည်။ ဟောတိ၊ ဖြစ်၏။

ဘယ်လောက် ဆင်းရဲတယ်လို့ပဲပြောနေနေ၊ ချမ်းသာတယ်ဆိုပြီးတော့ လဲနေတဲ့ အမှတ်တမျိုး။

(၃) အနတ္တေ အတ္တာတိ သညာဝိပ္ပလ္လာသော။

အနတ္တေ၊ အနတ္တတရားဌ်။အတ္တာတိ၊ အတ္တပါပဲလို့။ သညာဝိပ္ပလ္လာသော၊ အလဲလဲအမှားမှား မှတ်နေတဲ့ သညာဝိပ္ပလ္လာသတရားသည်။ ဟောတိ၊ ဖြစ်၏။

အနတ္တကို အတ္တလို့ အလဲလဲ အမှားမှား မှတ်နေတဲ့ သညာဝိပ္ပလ္လာသတမျိုး။

(၄) အသုဘေ သုဘန္တိ သညာဝိပ္ပလ္လာသော။

အသုဘေ၊ အသုဘတရားဌ်။ သုဘန္တိ၊ သုဘပါပဲလို့။ သညာဝိပ္ပလ္လာသော၊ အလဲလဲအမှားမှား မှတ်နေတဲ့ သညာဝိပ္ပလ္လာသသည်။ ဟောတိ၊ ဖြစ်၏။

အသုဘကို သုဘလို့ အမှတ်မှားတဲ့ သညာဝိပ္ပလ္လာသတမျိုး။

သညာနဲ့ပတ်သက်လို့ ဒီလို လေးချက်။

အနိစ္စကို နိစ္စလို့ပြောင်းပြန်ထင်၊ ဒုက္ခကို သုခလို့ပြောင်းပြန်ထင်၊ အနတ္တကို အတ္တလို့ ပြောင်းပြန်ထင်၊ အသုဘကို သုဘလို့ ပြောင်းပြန်ထင်၊ နေပူလို့ခြင်းကြီးကို ရေစိုင်ကြီးထင်ပြီးတော့ လိုက်သလို လိုက်နေကြတာ။

"သညာဟာ ဘယ်နှစ်မျိုး လိုက်သလဲ"

"လေးမျိုး လိုက်ပါတယ်ဘုရား"

ဘာကြောင့် အဲဒီလို သညာအမှား လိုက်မိတာလဲဆိုရင် အဝိဇ္ဇာနဲ့ ကပ်ထားလို့။

"ဘာနဲ့ ကပ်ထားလို့"
"အဝိဇ္ဇာနဲ့ ကပ်ထားလို့ပါဘုရား"

အဝိဇ္ဇာနဲ့ ကပ်ထားလို့ သသုဘက အမှားလိုက်တော့— ဘယ်လိုပဲ အနိစ္စပြောပြော၊ နိစ္စပဲလို့ တလဲ့ချည်း မှတ်တာ။ နိစ္စဆိုလို့ရှိရင် အဲဒါ ဖက်ထားပြီ၊ မလွှတ်တော့ဘူး။ အနိစ္စဆိုတဲ့အချိန်ကျတော့မှ လွှတ်ပစ်တာ။

ဘုန်းကြီးတို့ ယောဂီများ၊ နိစ္စ- ခိုင်မြဲတယ်ထင်သမျှ မလွှတ်ဘူး။ မခိုင်မြဲဘူးလို့ အကျအနသိမှ အဲဒီဥဒ္ဒါကို လွှတ်လိုက်ဘာ။ ဒုက္ခနဲ့ သုခ၊ ဒုက္ခစင်စစ်ဖြစ်နေတဲ့ ဒီရုပ်တရား ဝေဒနာတရားကို ဒုက္ခလို့ ဘယ်လိုပဲဟောဟော၊ သုခ-ချမ်းသာတဲ့ အကွက်ကလေး တွေ့နေသမျှ လွှတ်လို့ မရဘူး။

တခုးထိုင်ယင်းနဲ့ကိုပဲ ရင်ဆဲမှာ အေးလို့။ တင်ပါးနဲ့ ကြမ်း ထိတယ်လို့ကို မထင်ရဘူး။ တကိုယ်လုံး ကဗဠလဟုဘာ ဖြစ်နေတာ။ စေတသိက်တွေ ရှိကယ်။

ကာယလဟုတာ၊ စိတ္တလဟုတာ၊
ကာယမုဒုတာ၊ စိတ္တမုဒုတာ၊
ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊
ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊

အဲဒါတွေဟာ အလွန်ကောင်းတယ်။ကာယဝိတ္တ နှစ်ဌာနမှာ နူးညံ့နေတယ်။ ကာယဝိဉ္ဉာ နှစ်ဌာနမှာ ပေါ့ပါးနေတယ်။ ကာယစိတ္တ နှစ်ဌာနမှာ ပဿဒ္ဓိ-အေးချမ်းနေတယ်။ အဲဒီလိုဆိုရင် ဘုန်းကြီးတို့ယောဂီများ စွန့်နိုင်ဖို့ မလွယ်ဘူး။

ပေါ့ပါးတယ်၊ နူးညံ့တယ်၊ အေးချမ်းတယ်။ ဘာတွေဝင်လာတာလဲဆိုရင် ကာယလဟုတာ၊ စိတ္တလဟုတာ အစရှိတဲ့ စေတသိတ်တွေဟာ ပီတိ ပဿဒ္ဓိနဲ့ တဲ့ပြီးတော့ ဝင်လာတာ။ ဝင်လာတော့ စိတ်အေးချမ်းသာ လာတာနဲ့ တပြိုင်နက်ဘည်း ဟောဒီ စိတ္တဇရုပ်ကြီးဟာလဲ အေးပြီးတော့ ပေါ့ပါးကြည်လင် သွက်လက်လာတယ်။

အဲဒီလို ပေါ့ပါးကြည်လင် အေးနေတဲ့ ဟောဒီရုပ်တရား၊ နာမ်တရား နှစ်ပါးကို ဘုန်းကြီးတို့ယောဂိများက ကျေနပ်ပြီးတော့ မူလကမ္မဋ္ဌာန်းကို လက်သွဘ်ထားပြီး အဲဒီ အေးတာ ကြည်ဟာနလးကို တခါတည်း ငြိမ်ပြီးတော့ ခံစားနေတတ်တယ်။ တကယ့် သန္တိသုခလို့ခေါ်တဲ့ နိဗ္ဗာန်မဟုတ်သေးဘူးနော်။

သည်မှာ အဝိဇ္ဇာဝင်ကပ်ရင် လမ်းခွတ်လတ် တင်နေတတ်တယ်

ဟောဒီသထုံဘူတာကနေ ရန်ကုန်ကို ပြန်မလို့ မီးရထားလက်မှတ် ဝယ်ထားတယ်။ သထုံဘူတာကနေ ရထ းစီ ပြီးတော့ထွက်၊ကျိုက်ထိုဘူတာလဲ ရောက်ကရော လူတွေက ရုတ်ရုတ်-ရုတ်ရုတ်နဲ့ မော်တော်ကားတွေနဲ့၊ ဆူညံဆူညံနဲ့၊ ဟိုး-အမျှောဘက် လှမ်းကြည့်လိုက်တော့ ကျိုက်ထီးရိုးတောင်ကြီး ကြည်နူးစရာကောင်းလိုက်တာ၊ ရန်ကုန်လက်မှတ်ဝယ်ထားတဲ့လူ ကျိုက်ထိုဘူတာမှာ ဆင်းလိုက်တယ်။ ဆင်းပြီးတော့ အရှေ့ဘက်တောထဲသွားတော့--

"ဒီလူ ရန်ကုန်ရောက်သေးလား"
"မရောက်သေးပါဘုရား"
"သွားမှာက ဘယ်ကိုသွားမှာလဲ"
"ရန်ကုန်ကို သွားမှာပါဘုရား"
"အဲဒီလူဆင်းတာက"
"ကျိုက်ထိုဘူတာမှာ ဆင်းပါတယ်ဘုရား"

ကျိုက်ထိုဘူတာကနေ ရှခင်းကောင်းတာနဲ့ ဆင်းလိုက်တော့ အဲဒီလူ ရန်ကုန်မရောက်တော့ဘူး။ ၇-မိုင်လောက်ရှည်တဲ့ ဟောကြီးထဲ လျှောက်လိုက်ရတာ လျှောကိုထွက်နေတာပဲ။ ရှခင်းလေး ကောင်းတယ်ဆိုပြီးတော့ လျှောက်ရတာ လျှောကို ထွက်ကရော၊ ရန်ကုန်ကို မရောက်နိုင်တော့ဘူး။

"သူ့လက်မှာ် ဆုံးရောမဟုတ်လား"
"မှန်ပါဘုရား"

ကိုယ်သွားမှာက သန္ဓိလက္ခဏာ ငြိမ်းချမ်းစွာသော နိဗ္ဗာန်။ ရုပ်နာမ်ခန္ဓာတို့ရဲ့ ဝန်ထုပ်ကြီး အပြီးတိုင် ပစ်ချမယ်ဆိုဘဲ့ ဘူတာဟာ ဘုန်းကြီးတို့ ယောဂီများရဲ့ ခရီးဆုံးဘူတာ။

"ဒီလိုမဟုတ်လား"
"ဟုတ်ပါတယ်ဘုရား"

ခန္ဓာဝန်ထုပ်ကြီး အပြီးတိုင် ပစ်ချမယ်ဆိုတာက ခရီးဆုံးဘူတာ။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိလို့ခေါ်တဲ့ ကိုယ်စိတ်နှစ်ပါး ငြိမ်းပြီးဇတ္ဇလာတဲ့ သဘောလေးက လမ်းခွတ်လာဘ်တွေ့တဲ့ ကျိုက်ထိုဘူဘာ။ ကျိုက်ထိုဘူဘာမှာဆင်းရင်—

"ခရီးဆုံးကို ရောက်အုံးမလား"
"မရောက်ပါဘုရား"

ဘုန်းကြီးတို့ ယောဂီများက ကျိုက်ထိုဘူတာတောင် မရောက်သေးဘူး၊ ဆင်းမယ်ကြံတာ။ ကျိုက်ကော်လောက်တင် ဆင်းပြီးတော့ အလံတရာ သွားမလို့ သူတို့က၊ ဘုန်းကြီးတို့ ယောဂီများ ဘယ်မှာသွားပြီး ခရီးဆုံးနိုင်ပါတော့မလဲ။

အဲဒါတွေက ဘာတွေဘုံး ဆိုသို့ရှိရင် ဝိပဿနာသတွေ။

"ဘာတွေပါလိမ့်"
"ဝိပဿနာသတွေပါဘုရား"

အပြီးတိုင် ချမ်းသာခြင်းဆိုတဲ့ သန္ဓိသုခ မဟုတ်သေးတာကို သန္ဓိသုခရယ်လို့ အမှတ်မှားခြင်း။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိလို့ခေါ်တဲ့ အညောင်းအညာ ပြေသွားတာလေးလောက်ကို တို့ယောဂီများက တကယ့် နိဗ္ဗာန်လို့ ထင်လိုက်ခြင်း။ အဲဒါအညောင်းပြေလမ်းပဲ ရှိသေးတယ်။ ကိုယ်ထဲစိတ်ထဲငြိမ်းဆိုတာ အညောင်းပြေလေးပဲ ရှိသေးတယ်။

"ဒီလိုနော်"
"မှန်ပါဘုရား"

တကိုယ်လုံး တောင့်တင်း အောင့်အည်း ကိုက်ခဲပြီးတော့ နေတယ်ဆိုတဲ့ လူတွေက ဘာဖြစ်တာလဲဆိုရင် သူတို့ကတော့ ကန္တာရခရီးကြမ်းကြီးကို တခါတည်း အပြင်းနှင်နေကြတာ။ ဟောဒီမှာ ငြိမ်းလို့အေးလို့ပေါ့လို့ဆိုတဲ့ လူတွေကတော့ လမ်းခွတ်လတ်မှာ ရှုခင်းကလေးတခုတွေ့လို့ ဝင်ပြီးတော့ အိပ်နေကြတာ။

"ခရီးဆုံး ရောက်ပါ့မလား"
"မရောက်ပါဘုရား"

မရောက်ဘူး၊ ဝိပ္ပလ္လာသတွေနော်။ သညာဝိပ္ပလ္လာသဟာ တရားစခန်းထဲ ဝင်ဝင်လာတာ၊ အဲဒီလို သိရမယ်။ ဘာကြောင့်လဲဆိုရင် အဝိဇ္ဇာတရား ဝင်ကပ်တာ။ အဲဒီအခါမှာ ဝိဇ္ဇာဉာဏ်ဟာ တဖြေးဖြေး-တဖြေးဖြေး ကွာသွားတယ်။ ဒီအဝိဇ္ဇာကို ဖယ်ပြီးတော့ အမှန်အတိုင်းသိတဲ့ ဝိဇ္ဇာဉာဏ်ကလေး သွင်းနိုင်မှ တော်ကာကျမယ်။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ဒါဖြင့်ရင် ဒီ အမှတ်ဆိုတဲ့ သညာထဲမှာ ဝိဇ္ဇာဆိုတဲ့ဉာဏ်ကို တခါတည်း ကပ်ထည့်ထားလိုက်ရင် ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းတယ်ဆိုတဲ့ ဒီပဿဒ္ဓိအရသာဟာ ဘုန်းကြီးတို့ ယောဂီများရဲ့ဉာဏ်ထဲ သွင်းလိုက်တော့ -

သုခါ ဝေဒနာ ဌိတိသုခါ ဝိပရိဏာမဒုက္ခာ။

"မဟုတ်ဘူးလား"
"ဟုတ်ပါတယ်ဘုရား"

သုခဝေဒနာ၊ လမ်းခွတ်လတ် တွေ့နေတဲ့ ရှုခင်းလေးတွေနဲ့တူတဲ့ ဟောဒီ ချမ်းသာမှုကလေးဟာ။ ဌိတိသုခါ။ ထင်ရှားနေဘုန်းတော့ သုခလို့ ထင်ရပါတယ်။ ဝိပရိဏာမဒုက္ခာ၊ တကယ်စိစစ်ကြည့်လိုက်တော့ သူ့အထဲ ဝိပရိဏာမကြီး သင့်နေလို့ ဒုက္ခတရား။ အဲဒီလို ရှုလိုက်။

"အဲဒီအခါမှာ သညာဝိပ္ပလ္လာသ ထွက်မသွားဘူးလား"
"ထွက်သွားပါတယ်ဘုရား"

အဲဒီတော့မှ အရွှေလောကခေတ်က နေရောင်ကလေး ထွက်လာလို့ သဲပြင်ကြီး မြင်လိုက်သလို အေးချမ်းတယ်ဆင်ပြီးတော့ အိပ်နေမိတာ၊ ဘာယ်ဟုတ်လို့လဲ သဲပူကြီး။ ဒီတော့မှသိပြီး အထုပ်ကလေးထမ်း၊ အပြေးအလွှား ခရီးနှင်ကြအုံးမယ်။

"ဒီလိုနော်"

"မှန်ပါဘုရား"

ခရီးလဲနှင်ရော တော်တော်ကြာ နေမွန်းတည့်လာတော့ ပူပြန်ပြီ။ နေမွန်းတည့်လို့ အပြင်းကြီး ပူလာတဲ့အချိန်မှာ လှည့်ကွက်ကလေးတခု ပေါ်လာပြန်တယ်။ နေပူကောင်းတုန်းအချိန် သဲကန္တာရထဲက နေပူပျိုင်းကြီးတခု ပေါ်ရော။ခရီးပြင်းလျှောက်ယင်းနဲ့ ရှေနား လှမ်းကြည့်လိုက်တော့ နေပူလိုင်းကြီးလို ရေအိုင်ကြီးတခု တွေ့ပြန်ပြီလို့စိတ်ထဲ ထင်လိုက်တယ်။

သံသရာစက်ဟာ ဒီလိုလယ်တာ။ ချမ်းသာဘဲ့ လမ်းစကလေး တွေ့လိုက်၊ တကယ့်ချမ်းသာအဆုံး ထင်ပြီးတော့ အိပ်နေလိုက်၊ အလင်းရောင်ခလေး လာတော့မှထ၊ သဲပူကြီးကို တွေ့ပြီး ဆက်လျှောက်လိုက်။ လျှောက်ယင်း လျှောက်ယင်းနဲ့ နေမွန်းတည့်ချိန်မှာ ထလာဘဲ့ နေပူလိုင်းကြီးကို ရေအိုင်ထင်လိုက်နဲ့ ကန္တာရခရီးကလဲ ကြမ်း။ အပေါ်က ထမ်းလာတဲ့ ဝန်ထုပ်ဝန်ပိုးကလေးက တမျိုး၊ နေပူဘာက တမျိုး၊ သဲပူတာက တမျိုး။ ဘုန်းကြီးတို့ ယောဂီများ မသက်သာဘူးနော်။

လူဘဝ လူ့လောကရောက်လာ။ ဒီကနေ့ စားဝတ်နေရေး အဖက်ဖက် အဆင်ပြေဖို့၊ စီးပွားရေးက ကောင်းနေတဲ့ အချိန်မှာတော့ တဖြေးဖြေးနဲ့ သဲပူထဲ လျှောက်လို့လျှောက်မှန်းမသိဘူး။ ဝန်ထုပ်ဝန်ပိုးကြီး ထမ်းနေရလို့ ထမ်းနေရမှန်းမသိဘူး။ အထက်ကပူ အောက်ကပူ ပူလိုပူမှန်း မသိဘူး။ မီးတစ်ဆယ့်တစ်ပါးပူလို့ ပူမှန်းမသိဘူး။ ဒီဝန်ထုပ် ဝန်ပိုးကြီး ထမ်းပြီးတော့ သွားနေတာကိုပဲ ရှေနားသွားလိုက်လို့ရှိရင်တော့ ဘယ်နေရာသွားလိုက်လို့ရှိရင် တော့၊ ဘယ်အကွက်ကလေး ဝင်ပြီးတော့ နဲ့လိုက်ရင်တော့၊ ဘယ်လောက်တော့ ငါရမှာပဲ။ အဲဒါ အိုအောစ်ရေအိုင်လေးတခု တွေ့တာပဲ။ အဲဒီမှာ အပြင်းလိုက်တော့ဘာပဲ။

အဲဒီလို ဒုက္ခကို သုခထင်၊အနိစ္စကို နိစ္စထင်၊ အနတ္တကို အတ္တထင်၊အသုဘကို သုဘထင်၊ ဝန်ထုပ်ဝန်ပိုးကြီးတွေ့ ထမ်းပြီးတော့ ပူပြင်းတဲ့ ကန္တာရကြီးမှာ ခရီးကြမ်းနှင်နေကြတာဟာ တို့ယောဂီများရဲ့ သံသရာ။

ကမ္မဋ္ဌာန်းကျောင်းထဲမှာလဲ ဒီသံသရာဟာ လယ်နေတာပဲ။ ကမ္မဋ္ဌာန်းထိုင်ယင်းလဲ လယ်နေတာပဲ။တကိုယ်လုံး နာလှ ကျင်လှ ကိုက်လှချိရဲ့ဆိုတဲ့ လူကတော့ ဒါဟာ စန်ထုပ်ဝန်ပိုးကြီးပဲ။ဒီဝန်ထုပ်ကြီးကို ချမယ်။ ဝန်ထုပ်ကြီးကို ပစ်လိုက်မယ် စိတ်ကူးတယ်။ သူက ဘယ်နှယ်လုပ် ပစ်လိုက်ဟုံးဆိုတော့ ခေတ္တထားတဲ့ မြေသောက်ကလေးကို ဟိုဘက် ဒီဘက် ပြောင်းလိုက်တာနဲ့ ဝန်ထုပ်ကြီး ကျသွားပြီထင်တာ။

အဲဒါ နောက်တထုပ် တက်လာတာ။သူလဲ တံလှပ်ရေထင်ပြီး လိုက်တော့တာပဲ။ပြောင်းလိုက်ရင် တကယ်ချမ်းသာမယ်ထင်တာကိုး။ဟိုဘက်နှိပ်စက်နေတဲ့ သဘော တခဏကလေး ရပ်သွားတာ။ နောက်တမျိုးပြောင်း။ နောက်တမျိုးပြောင်း။ပြောင်းလေဆိုးလေပဲ။ အဲဒါ ဘာဖြစ်တာလဲဆိုတော့ တံလှပ်က ရေထင်ပြီး ရေခွက်နဲ့ အတင်းလိုက်နေတာ မရဘူး။ လိုက်လေ ဝေးလေပဲ။အိုအော စစ်ဆိုတဲ့ ရေအိုင်သေးသေးလေးတခု ဖော့ရပြီ။ ဘာလဲဆိုတော့ ပိတိပဿဒ္ဓိလေး ရတာ။ အဲဒါ သန္ဓိသုခပဲ ထင်ပြီးတော့ အိပ်နေပြန်ရော။

"ဒီလူ ခရီးဆုံးပါတော့မလား"
"မဆုံးတော့ပါဘုရား"

သံသရာကြီး လယ်နေလိုက်ကြတာ တထိုင်တည်းမှာ လယ်နေတဲ့ သံသရာဟာ ဒီအတိုင်းပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘကို နိစ္စ၊ သုခ၊ အတ္တ၊ သုဘထင်တယ်။ သညာဝိပလ္လာသတရားလေးပါး။

စိတ္တဝိပလ္လာသတရားကလဲ ဒီအတိုင်းပဲ။ အနိစ္စကို နိစ္စရယ်လို့ သိတယ်။ ဒုက္ခကို သုခရယ်လို့ သိတယ်။ အနတ္တကို အတ္တရယ်လို့ သိထားတယ်။ အသုကို သုဘလို့ သိထားတဲ့ အသိဆိုတာကလဲ လေးပါး။

ဒိဋ္ဌိဝိပလ္လာသမှာလဲ အနိစ္စကို နိစ္စလို့ ယူမှားထားတယ်။ ဒုက္ခကို သုခလို့ ယူမှားထားတယ်။ အနတ္တကို အတ္တလို့ ယူမှားထားတယ်။ အသုဘကိုလဲ သုဘလို့ ယူမှားထားတယ်။ အယူမှားတာကလဲ လေးပါး။

"လေးခု သုံးလိုဆိုတော့"
"ဆယ့်နှစ်ခုပါဘုရား"

သညာဝိပလ္လာသက လေးပါး။ စိတ္တဝိပလ္လာသက လေးပါး။ ဒိဋ္ဌိဝိပလ္လာသက လေးပါး။

"ဟုတ်ပြီနော်"
"မှန်ပါဘုရား"

သညာဝိပ္ပလ္လာသမှာ အရေးကြီးဆုံး အနှောင့်အယှက်က အဝိဇ္ဇာ။ မှတ်သားတာနဲ့ အဝိဇ္ဇာတဲ့ရင် အဲဒါ အလဲချည်းသွားတယ်။ ဒါကြောင့်-အဝိဇ္ဇာဟာ ကိလေသာပေါင်းစုံတို့ရဲ့ အမြစ်။

"အဝိဇ္ဇာဟာ"
"ကိလေသာပေါင်းစုံတို့ရဲ့ အမြစ်ပါဘုရား"

ဒီအမြစ်ကို နုတ်နိုင်မှ ကျန်တဲ့ ကိလေသာပင်စည်တွေကို အကုန်ပြုတ်တယ်။ သမ္မလံ ဟက္ခမဗ္ဗုယ္ဟ ညကာ ဟောခဲ့ပြီးပြီ။ အမြစ်နဲ့တက္ခ နုတ်ဆုံလို့ရင် ရုပ်ကို ရုပ်မှန်းသိရင် အဝိဇ္ဇာဆိုတဲ့ အမြစ်ပြတ်တယ်။ ရုပ်တရားရဲ့ ဒုက္ခကို ဒုက္ခမှန်းသိရင် အဝိဇ္ဇာဆိုတဲ့ အမြစ်ပြုတ်တာ။

ရုပ်ကိုရုပ်မှန်းမသိ၊ ရုပ်ကို သတ္တဝါဆိုခဲ့ရင် ဘုန်းကြီးတို့ ယောဂီများ အဲဒါဟာ အဝိဇ္ဇာအမြစ်တွယ်နေတာ။ ရုပ်တရားဟာ ဒုက္ခလို့ ဘယ်လိုပဲပြောပြော သုခထင်ပြီးတော့ လှည့်စားနေရင် အဲဒါလဲ အဝိဇ္ဇာအမြစ် တွယ်တာ။ဒီအဝိဇ္ဇာဆိုတဲ့ အမြစ်ပြတ်ရင်—

"တဏှာဒိဋ္ဌိဆိုတဲ့ ပင်စည်တွေကော"
"မပြတ်ပါဘုရား"

မပြတ်ဘူးနော်။ အဝိဇ္ဇာအမြစ် အားကောင်းလေလေ၊ တဏှာဒိဋ္ဌိ ပင်စည်တွေ ရှင်သန်လေလေပဲ။ ဒီတော့ အဝိဇ္ဇာအမြစ်ပြတ်ဖို့ ပိုအရေးကြီးတယ်။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

အဲဒါကို ဘုရားရှင်ကိုယ်တော်မြတ်က ဖေကပိတ္ထူပမသုတ္တန်နဲ့ ဝိပ္ပလ္လာသသုတ္တန်။ ဒီသုတ္တန်နှစ်ခုစပ်ပြီးတော့ ဟောတော်မူပုံကို ဘုန်းကြီးကိုယောဂီများ ကောက်နုတ်ချက်ချရအောင် ပယူထားလိုက်ကြ။

သညာ(အမှတ်)တရားဆိုတာ ဘာနဲ့တူတုံးဆိုရင် တံလုပ်နဲ့တူတယ်။ အမှတ်(သညာ)မှားရင် လဲရင် တံလုပ်ကို ရေထင်လိုက်သလိုပဲ။ အထင်လဲပုံက ဘယ်နှစ်မျိုးလဲဆိုရင် လေးမျိုးနော်။

“အနိစ္စကို ဘယ့်နှယ်ထင်”
“နိစ္စပါဘုရား”
“ဒုက္ခကို ဘယ့်နှယ်ထင်”
“သုခပါဘုရား”
“အနတ္တကို ဘယ့်နှယ်ထင်”
“အတ္တပါဘုရား”
“အသုဘကို ဘယ့်နှယ်ထင်”
“သုဘပါဘုရား”

ခန္ဓာကိုယ်မှာရှိတဲ့ အပူလိုင်းကြီး ၄-ခု

ကောင်းပြီ-အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ-ဒီတရားလေးခုဟာ ဘာသဘော်လို့ မေးရင်—

အနိစ္စန္တိ ခန္ဓပဉ္စကံ။

အနိစ္စန္တိ၊ အနိစ္စဆိုတာ၊ ခန္ဓပဉ္စကံ၊ ခန္ဓာငါးပါးရဲ့အပေါင်း။

“အနိစ္စဆိုတာ”
“ခန္ဓာငါးပါးရဲ့ အပေါင်းပါဘုရား”

အနိစ္စဆိုတာ ခန္ဓာငါးပါး၊ အနိစ္စတွေချင်ရင် ခန္ဓာကိုကြည့်၊ ဒါပဲ။ အနိစ္စကို နိစ္စလို့ ထင်တယ်ဆိုကာဟာ ခန္ဓာငါးပါး မြဲတယ်လို့ ထင်တာ။

ဒုက္ခန္တိ ခန္ဓပဉ္စကံ။

ဒုက္ခဆိုတာလဲ ခန္ဓာတို့ရဲ့ ငါးပါးတို့ရဲ့ အပေါင်း၊ ဒုက္ခဆိုတာ ခန္ဓာငါးပါး။
“ဒါဖြင့်—ဒုက္ခကိုတွေ့ချင်ရင် ဘာကြည့်ရမလဲ”
“ခန္ဓာငါးပါးကို ကြည့်ရမှာပါဘုရား”
ဟုတ်ပြီ—ခန္ဓာငါးပါးကို ကြည့်ရမယ်။

အနတ္တန္တိ ခန္ဓပဉ္စကံ။

အနတ္တဆိုတာလဲ ခန္ဓာငါးပါးအပေါင်း၊ အနတ္တတွေချင်ရင် ခန္ဓာငါးပါးကိုကြည့်။

အသုဘန္တိ ခန္ဓပဉ္စကံ။

အသုဘဆိုတာပဲ ခန္ဓာငါးပါးရဲ့အပေါင်း၊ အသုဘ မြင်ချင်ရင် ခန္ဓာကို ကြည့်ပါ။

"ဒီလိုမဟုတ်လား"
"မှန်ပါတယ်ဘုရား"

အနိစ္စဆိုတာ ခန္ဓာ၊ ဒုက္ခဆိုတာ ခန္ဓာ၊ အနတ္တာဆိုတာ ခန္ဓာ၊ အသုဘဆိုတာ ခန္ဓာ၊ဒီခန္ဓာပေါ်မှာ အမှတ်လွဲနေတာကို ဝိပ္ပလ္လာသခေါ်တယ်။ ဒီခန္ဓာမှာရှိနေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဆိုတာကို ဘုန်းကြီးတို့ယောဂီများအခုနနဲ့ နိဗ္ဗု၊ သုခ၊ အတ္တာ၊ သုဘလို့ ပြောင်ပြန်ကြီး ဖြစ်ပေါ်လာခြင်းဟာ အဲဒါနေပုလိုင်းကြီး လေးခုကို ရေလိုင်းကြီးလေးခုလို့ ထင်လိုက်ခြင်းပဲ။

အနိစ္စဆိုတဲ့ အပုလိုင်းကြီးတခု၊ ဒုက္ခဆိုတဲ့ အပုလိုင်းကြီးတခု၊ အနတ္တဆိုတဲ့ အပုလိုင်းကြီးတခု၊ အသုဘဆိုတဲ့ အပုလိုင်းကြီးတခု။

"ဒီခန္ဓာကိုယ်မှာ လှိုင်းကြီးတွေ ဘယ်နှစ်ခုထသလဲ"
"လေးခုထပါတယ်ဘုရား"

အပုလိုင်းကြီးလေးခု ထနေတာကို အလွန်တရာအေးချမ်းတဲ့ လှိုင်းကြီးတွေ ထင်ပြီးတော့ ခွက်ကလေးနဲ့ကိုင် လိုက်လိုက်နေကြတာက ဝိပ္ပလ္လာသ။

"သညာကွန္ဓာရဲ့ နှိပ်စက်ပုံ ဟုတ်လား"
"မှန်ပါဘုရား"

ဒီသညာကွန္ဓာ နှိပ်စက်နေလို့ တာဝန်တွေ ကြီးနေလိုက်ကြတာကြည့်ပေါ့။ အမှတ်လွဲတဲ့အတွက်ကြောင့် တို့ယောဂီများ ထမ်းလိုက်ရတဲ့ တာဝန်တွေ နေ့တိုင်းပဲ။ မိုးလင်းကနေ မိုးချုပ်၊ မိုးချုပ်ကနေ မိုးလင်း၊ နေ့တိုင်းထမ်းနေရတာဟာ အမှတ်လွဲလို့။ သညာကွန္ဓာဟာလဲ ဝန်ထုပ်ကြီးတခုပဲ။

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာဆိုတဲ့ ဘာရသုတ္တန်မှာ သညာကွန္ဓာဟာ ချစ်သားတို့ အတွက် အလွန်တရာ ဝန်လေးတယ်။

"အမှတ်လွဲရင် တာဝန်ကြီးတာပေါ့၊ ဟုတ်လား"
"မှန်ပါဘုရား"

အမှတ်လဲတော့ ဘယ်နှယ်တာဝန်ကြီးသလဲ။ အနိစ္စကို နိစ္စထင်ပြီးတော့ အဲဒီ အနိစ္စဝန်ထုပ်ကြီးကို ထမ်းနေတာ။ဒုက္ခကို သုခထင်ပြီး ဒုက္ခဝန်ထုပ်ကြီးကို ထမ်းနေကြတာ။ အနတ္တကို အတ္တထင်ပြီးတော့ အနတ္တ ဝန်ထုပ်ကြီးကို ထမ်းနေကြတာ။ အသုဘကို သုဘထင်ပြီးတော့ အသုဘအစုအပုံကြီးကို နေ့တိုင်း ထမ်းရွက်နေကြတာ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ဆံပင်ရဲ့ ရှုရာဗဒ္ဓယ် ၅-မျိုး

အသုဘ အစုအပုံကြီး ဘယ်လောက် ထမ်းနေရသလဲ။ ကိုယ့်ခေါင်းပေါ် ကိုယ် ပြန်ကြည့်စမ်း။ အသုဘအစုအပုံတွေ တပုံကြီးပဲ။

"ဆံပင်တဓျောင်းမှာ အသုဘ ဘယ်နှစ်ချက်ရှိတယ်ဆိုတာ ကြားဘူးလား"
"အမိန့်ရှိတော်မူပါဘုရား"
"အမိန့်ရှိတော်မူပါ။ အဖြာဖာ ရှင်းသွားတာပဲနော်"

(က) ဆံပင်ရဲ့ အရောင်အဆင်း

ဝဏ္ဏတော၁ ဂန္ဓတော၁ သဏ္ဌာနတော၁ အာသယတော၁ ဌာနတော၁။
ဝဏ္ဏတော၁၊ အရောင်အဆင်းအား‌ဖြင့် လည်းကောင်း။ ဂန္ဓတော၁၊ အနံ့အာဖြင့် လည်းကောင်း။

အရောင်ကလဲပဲ ဒီဆံပင်အသုဘဗျ။ ဦးခေါင်းပေါ် ပေါက်နေတဲ့ ဆံပင်အရောဇ် ကြည့်။

"ဘယ်နှစ်မျိုးလဲ"
"ငါးမျိုးပါဘုရား"
"အရောင် ငါးမျိုး၊ ကိုင်း- ပြောစမ်း"
"
....."

သြော်— ဘုန်းကြီးတို့ ယောဂီတွေ ကန္တာရထဲမှာ အထုပ်ကိုထမ်းပြီး သွားနေကြတာ၊ ကိုယ့်ဆံပင်အရောင် ဘယ်နှစ်မျိုးရှိမှန်း မသိကြဘူး။ မဲတဲ့အရောင်နဲ့ ဖြူတဲ့အရောင် နှစ်မျိုးပဲရှိတယ် မဟုတ်လား၊

"ဘယ်နှစ်ရောင်ရှိတယ်"
"အရောင်နှစ်မျိုးပါဘုရား"
ရှေ၀ါရောင် ဆံပင်လေးတွေပါ ထည့်ဒုံး။
"အရောင် သုံးမျိုးလာမှာပေါ့ ဟုတ်လား"
"မှန်ပါဘုရား"

ဆံပင်နက်ဆေးတွေအား ယူဆိုးထားလို နီကျင်ကျင် ဖြစ်နေတာလေးတွေပါ ထည့်လိုက်အုံး၊ လေးမျိုးရလာပြီ။ အဲဒီ အနီရယ်၊ အ၀ါရယ်၊ အနက်ရယ် စပ်နေတဲ့ အကြောင်အကျားနဲ့ အရောင်တခု ထည့်လိုက်အုံး။ တို့ဒကာမကြီး ပြောသလို ငါးမျိုးရရော။

ကြည့်စမ်း။ ဝိပ္ပလ္လာသ နှိပ်စက်ပုံ။ ရူပံ အနိစ္စံ- ဒီရုပ်တရားဟာ အနိစ္စ။ ၀ဏ္ဏလို ခေါ်တဲ့ ဒီအဆင်း မကြာခင် အနိစ္စရောက်မှာပါ။ အချိန်တိုင်း၊ မိနစ်တိုင်း အနိစ္စ ဖြစ်နေပါတယ်လို့ ဘယ်လိုပဲပြောပြော၊ တို့ယောဂီမျာ်းက အဲဒီအနိစ္စကို ကြံဖန်ပြီးတော့ ဖုံးတယ်။ ဆံပင်နက်ဆေးတွေ မှာလိုက်ရ၊ ဆိုးလိုက်ရတာ၊ ဟုတ်လား။

ရုပ်တရား၏ အနိစ္စကို ရှုပါဆိုတာ သူတို့က မရှုချင်ကြဘူး။ အနက်နဲ့ကို နင်းကန် ဖုံးထားတာ။ ကိုင်း—အဲဒါ ဝိပ္ပလ္လာသ ကန္တာရမှာ အထုပ်ထမ်းသွားနေကြတာ မဟုတ်လား လို၊ ဆံပင်ရဲ့ဝန်ထုပ် ဘယ်လောက်ကြီးသလဲ။ နို့ငံခြားက ဆီးဆေးတွေ စေးကြီးကြီး ပေးပြီးတော့ ဝယ်လိုက်ရတာ လောက်ပဲမလောက် နို့ငံဘူး။ ဝန်ထုပ်ကြီးတခု။

၀ဏ္ဏတော- အရောင်အဆင်း။ အရောင်အဆင်း ဘယ်လောက် ရှုံစရာကောင်းလဲ။ ထမင်းစားတဲ့အခါ ဟင်းခွက်ထဲ ကြည့်လိုက်၊ မဲမဲအဆင်းရှိတဲ့ အမျှင်ကလေးတခု ဟင်းခွက်ထဲ တွေ့ရရင် အဲဒီဟင်းခွက်ကို ၀ေးယ် မနှိုက်ချင်တော့ဘူး။

"ဘယ်ကျမှ အသုဘ ဖေါ်လာသလဲ"
"ဟင်းခွက်ထဲကျမှ ပေါ်လာပါတယ်ဘုရား"

ခေါင်းပေါ်မှာတော့ နင်းကန်ပြီး လိမ်းနေတာပဲ။ အသုဘလို့ ဘယ်သူမှ မပြောဘူး။ ဟင်းခွက်ထဲကျမှ အသုဘ။ မဲတဲ့အရောင်ရှိတဲ့ အမျှင်ကလေး တွေ့ရရင် ဟ- ရှုံစရာကြီး၊ ဝဏ္ဏတော- အဆင်းအားဖြင့် ရှုံစရာ။

(ခ) ဆံပင်ရဲ့ ပုံသဏ္ဌာန်

သဏ္ဌာနတော-ပုံသဏ္ဌာန်၊ ခေါင်းက ဆံပင်ပဲကြည့်ပေါ့ဗျာ။ ပုံသဏ္ဌာန် ဘယ်နှယ်နေတုံးဆိုတာ တခါတည်းကို စာဖူးတောင်း အသိုက်ကျနေတာပဲ။ ရှုပ်ထွေး ပွေလိမ်ပြီးတော့ နေတာ။ နေ့တိုင်း အဲဒါကို ဖျင်နေရတဲ့ဒုက္ခကြီး။ သေးတာမှ မဟုတ်ပဲ။ တနေ့ သုံးခါလောက် မဖျင်ရင် ဒီဆံပင် တခါတည်းကို သပ္ပတ်အူ ဖြစ်သွားမယ်။

ဒကာမကြီးတော့ ဘယ်လောက်များတာဝန် ကြီးသလဲဆိုတာ ကိုယ့်ခေါင်း ကိုယ်ပြန် ကြည့်ပေါ့။ ဝန်ထုပ်ကြီးတော့ ထမ်းရတာနော်။ ပုံသဏ္ဌာန်က အလွန်တရာ ရှုပ်ထွေး ပွတ်ပြီးတော့ သပ္ပတ်အူလိုဖြစ်နေတဲ့ ဒီအမျှင်-ဒီအမျှင်တွေ ဘုန်းကြီး တို့ယောဂီ များ အသေအချာကြည့်။ အလွန်ရှုပ်ရာကောင်းတယ်။ ဘယ်တော့မှ ရှင်းခဲတော့ ထမင်းပဲဟင်းပဲထဲ ပါသွားမှ ရှုံးတယ်။ ခေါင်းပေါ်မှာတော့ မရှုံးဘူး။ ဒါကိုပဲ သန့်ရှင်းအောင် တမင်ကြံပြီးတော့ လုပ်နေရတာပဲ၊ ဝိပဿနာ သဇနော်။

(ဂ) ဆံပင်ရဲ့အနံ့

ဂန္ဓတော-အနံ့အာဝေဖြင့်လည်း ရှုံ့စရာကောင်းတယ်။ အနံ့ကြည့်လိုက်အုံး။ ခေါင်းကဆံပင်ကို ရေမခေးနဲ့၊မလျှော်မဖွပ်နဲ့၊မွေးမျိုးနံ့သာ မလိမ်းနဲ့။ ပကတိ အထိုင်းထား။ ရက်သတ္တပတ်လောက်ကြာရင် ကိုယ့်ခေါင်းက ဆံပင်ကို ပြန်နမ်းကြည့်။ ခေါင်းကဆံပင် မျက်နှာရှေ့ ဖြန့်ချပြီး နမ်းကြည့်။ ဘယ်သူမှ စားလို့သောက်လို့ ဖြစ်မှာမဟုတ်ဘူး။ နေ့တိုင်း ရေဆေး လျှော်ဖွပ်ပြီး မွေးမျိုး နံ့သာတွေ လိမ်းနေလို့ ပကတိရနံ့ဟာ အလွန် စက်ဆုပ်ဖွယ် ကောင်းတဲ့အနံ့။

ဘုန်းကြီးတို့ကတော့ ဒီအနံ့ သေသေချာချာ သိတယ်။ ဘာပြုလို့သိလဲ။ ဆွမ်ခံသွားတုံးက သိတာ။ ဆွမ်းခံသွားတော့ ဒီဒကာကြီးတွေ ဒကာမကြီးတွေ ခေါင်းပုံပြီး ဆွမ်းလောင်းကြတယ်။ သူတို့ခေါင်းနဲ့ ဘုန်းကြီး နှာခေါင်း တန်းနေတယ်။

"ဟုတ်တယ်မဟုတ်လား"
"မှန်ပါဘုရား"

ဩဿာ—အသုဘကြီး ငါ့လာဆွမ်းလောင်းတယ်လို့-ဒီလို နှုလုံးသွင်းရတာ။ ဒီဆံပင်ဟာ အလွန်နံတာ။ ဒါကြောင့် ဘုန်းကြီးတို့က ရိပ်ထားတာ။ သူတို့က မရိတ်ဘူး။ ဒါလေးသန့်အောင်ပဲ မွေးနေတယ်။ ဝိပ္ပလ္လာသဖျ့ နော်။

(ဃ) ဆံပင်ရဲ့ တည်ရာဌာန

ဌာနတော—တည်ရာအားဖြင့် စက်ဆုပ်ဇရာ ဆံပင်ဘယ်မှာ တည်နေတုံး ဆိုရင်-ခေါင်းမှာ တည်နေတယ်လို့ ပြောမယ်။ ဦးခေါင်းလို့ခေါ်တဲ့ သမုတိ သစ္စာတခုကို ခဲ့ကြည့်၊ပရမတ်နဲ့ မခဲ့နဲ့။ ပညတ်ကို ပညတ်နည်းနဲ့ ပြန်ခဲ့ပါ။ ကောဋ္ဌာသနဲ့ ခဲ့လို့က်။ ဆံပင်ဟာ ပထမဆုံး ဘာကိုဖောက်သွားသလ။ အရေပါး။ အရေပါးအောက်မှာ အရေထူ။ အရေထူကြီးရဲ့ အောက်မှာ အမွေး။အမွေးနဲ့ ခေါင်းကြားမှာ အကြော။ခေါင်းခွံဆိုတဲ့ အရိုးကိုဖောက်။ အထဲမှာ ဦးနှောက်။ ဦးနှောက်ထဲမှ အကြော။ဒီအကြောတွေ ဦးနှောက်တွေထဲမှာ အသွေး။

"ဘယ်နှစ်ပါးရသလဲ"
"....."

ပြန်ပြောပြမယ်။ အရေပါး၊ အရေထူ၊ အမွေး၊ အကြော၊ အရိုး၊ဦးနှောက်၊ အသွေး။

"ဘယ်နှစ်ပါးလဲ"
"ခုနစ်ပါပါဘုရား"

ကောဋ္ဌာသ ၇-ပါး ရထားတော့ ခေါင်းဆိုတဲ့သဏ္ဌာန်ကြီး ထွက်လာတယ်။ ဒီခုနစ်မျိုးသော ကောဋ္ဌာသ အချို့ကျ စပ်ထားတဲ့အတွက်ကြောင့် ဦးခေါင်းဆိုတဲ့ လုံးလုံးသဏ္ဌာန်ကြီး—

"ပေါ်မလာဘူးလား"
"ပေါ်လာပါတယ်ဘုရား"

ဒီပုံပန်းသဏ္ဌာန် ဒီလုံးလုံးကြီး ကြည့်ပြီးတော့ ဦးခေါင်းလို့ ခေါ်ကြဟော့-အမျှားပြောမှန်သမျှ-

"ဘာသစ္စာလဲ"
"သမုတိသစ္စာပါဘုရား"

သမုဒ်တိသစ္စာ သဏ္ဌာနပညတ် ဟုတ်ပြီနော်။ ဘာတွေ ပေါင်းထားသလဲ ဆိုတော့ ဓကာဋ္ဌာသ ၇-ပါးလောက် အနဲဆုံး ပေါင်းထားတယ်နော်။ ပေါင်းထားတဲ့အတွက်ကြောင့်မို့လို့ ဖြစ်လာတာ။ သမ္ဗဟပညတ်ခေါ်။

"ပေါင်းထားတဲ့ အတွက်ကြောင့်မို့လို့ ဖြစ်လာတာ။ ဘာပညတ်တဲ့တုံး"
"သမ္ဗဟ ပညတ်ပါဘုရား"

ခုနစ်မျိုးသောရုပ်တွေ စုပေါင်းထားတဲ့အတွက်ကြောင့် ခေါင်းဆိုတဲ့ပညတ်ဟာ သမ္ဗဟ ပညတ်။ ဒီလုံးလုံးပုံသဏ္ဌာန်ကြီးရှိလို့ ခေါင်းခေါ်တာ သဏ္ဌာန ပညတ်။

ကိုင်း—ဆံပင်ဆိုတဲ့ ရုံစရာအမျှင်ကလေးများဟာ ပညတ်ရုပ်လို့ခေါ်တဲ့ ဒီကောဋ္ဌာသအစုအပုံကြီးပေါ်မှာ တည်နေတာ။ တည်စရာ ဦးခေါင်းကြီး ကြည့်လိုက်ရင်လဲ အမွှေးပုံကြီးနဲ့ ဘယ်လောက်များ တူလိုက်သလဲလို့။ အမွှေးပုံ တပုံကြည့်ရင် အိမ်တကာ့အိမ်က စုန့်ပစ်ထားတဲ့ အမွှေးတွေ စုပုံထားတဲ့ အပုံကြီး။

"ဧတံ မမ-ဒီအမွှေးပုံဟာ ငါ့အမွှေးပုံလို့ ဘယ်သူမှမပြောဘူးလား၊ ပြော သလား"
"မပြောပါဘုရား"

ဧသော ဟမသ္မိ-ဒီအမွှေးပုံကြီးပိုင်တာ ငါပဲလို့ ဘယ်သူမှမပြောကြဘူး။ စုန့်ပြီးပြီကိုး။ ဘယ်ပြောမလဲ၊ ခြံထဲက အပြင်ထုတ်ပြီးပြီကိုး။ ဘယ်ပြောမလဲ။ အတွင်းပိုင်း နဲနဲရောက်လာရင် ဧတံ မမ-ငါ-ငါ့စ္စာ။ ပိုပြီးတော့ အတွင်းကျသွားရင် ငါ့စ္စာ။ ငါ့စ္စာဆိုတာက တခါတည်းလာလိုက်တာ ထပ်တလဲလဲ။

ဦးခေါင်းဆိုတဲ့ အမွှေးပုံကြီး ဧတံ မမ၊ ငါ့ခေါင်းထဲ အသုဘအစုအပုံကြီးကို ငါလုပ်နေတာ သညာဝိပ္ပလ္လာသ။

"အသုဘအစုအပုံကြီးကို ငါထင်နေတာ ဘာဝိပ္ပလ္လာသ"
"သညာ ဝိပ္ပလ္လာသပါဘုရား"

ကောဋ္ဌာသ ၇-မျိုး ပေါင်းထားတဲ့ ဦးခေါင်း၊ ပေါင်းထားတဲ့ကောဋ္ဌာသ ၇-မျိုးအပေါ်မှာ ပေါက်လာတဲ့ ဆံပင်။

"တည်ရာကလဲ အသဘကြီး မဟုတ်လား"
"မှန်ပါတယ်ဘုရား"

(c) ဆံပင်ရဲမှုရာ

စက်ဆုပ်စရာနော်။ ကဲ—ဆံပင်ရဲတည်ရာ စက်ဆုပ်စရာရပြီ။ ဒဲ့ဆံပင်ရဲမှုရာကို ကြည့်လိုက်အုံး။ ဒီဆံပင်ကလေးတွေ ဘာအမှိုပြုပြီး ရှင်သန်လာရတဲ့လဲ ကြည့်ပါ။ အမွှေးကိုပုံပေါ် အပင်ကလေး တပင်ပေါက်ရင် ဆိုကြပါစို့ဗျာ။ လမ်းပေါ်က အမွှေးကိုပုံပေါ်ပေါက်နေတဲ့ ခရမ်းချဉ်ပင်ကလေး သန်လိုက်တဲ့ ဖြစ်ခြင်း ဝေဝေဆာဆာလေး။ အသီးလေးတွေ တော်တော်လေး သီးလဲလာရော—

အမွှေးကိုပုံကြီးကိုတော့ ငါ့အမွှေးကိုပုံမဟုတ်ဘူးလို့ လူတိုင်းက ပြောတယ်။ အဲဒီအမွှေးကိုပုံပေါ် ပေါက်လာတဲ့ ခရမ်းချဉ်ပင်လေးက အသီးကျတော့ သူတလုံး ငါတလုံး ခွဲသွားလိုက်ကြတာ။

"ကိုင်း—ဒီခရမ်းချဉ်ပင် ဘာမှိပေါက်သလဲ"
"အမွှေးကိုပုံကို မှိပေါက်ပါတယ်ဘုရား"

အမွှေးကိုပုံထဲက အညစ်အကြေးတွေကို မှိပြီးတော့ ရှင်သန်လာတာ။

"အမွှေးကိုပုံထဲမှာ အညစ်အကြေးတွေ မရှိဘူးလား"
"ရှိပါတယ်ဘုရား"

ငါတို့ခေါင်းဟာ အမွှေးကိုပုံကြီးနဲ့တူတယ်လို့ သဘောကျထား။

"အမွှေးကိုပုံကြီးဟာ အမွှေးဘယ်နှစ်မျိုး ပေါင်းပြထားသလဲ၊ ခုနက ခုနစ်မျိုး ပေါင်းပြထားပါတယ်ဘုရား"
"ခုနစ်မျိုးတောင် ပေါင်းပြထားတယ်"
"ခုနစ်မျိုးလောက်ရှိတဲ့ အမွှေးကိုတွေထဲမှာ အညစ်အကြေးတွေ မရှိဘူးလား"
"ရှိပါတယ်ဘုရား"

သေးတွေရှိတယ်။ အောက်ပိုင်းကို ဖြေးဖြေးချင်းသွား၊ အကြောတွေက စုပ်ယူထားတဲ့ သည်းခြေတွေရှိတယ်။ အကြောဆိုတဲ့ ပိုက်ကလေးတွေ၊ ပြန်ကလေးတွေကနေ စုပ်ယူထားတဲ့ သလိပ်တွေရှိတယ်။ သွေး သည်းခြေ သလိပ် ပြည် ခဲ့ချဲ့ နှပ် တံတွေး၊ ကျင်ကြီး ကျင်ငယ် အညစ်အကြေးတွေ အောက်မှာ တပုံကြီး။

ထိုအညစ်အကြေးတွေကို အကြောဆိုတဲ့ အမြစ်လေးတွေက စုပ်ယူ။ ဆံပင်ဆိုတဲ့ အပင်ကလေးတွေ သန်လာတယ်။ အပေါ်ပိုင်းကျတော့ ဆံပင်က ဘယ်သူ့ဆံပင်လေးက ပိတုန်းရောင်လေးကို ထနေတာပဲ။ဟောဗျာ—အသီးလေးတွေကို ခူးခူးယူသွားလိုက်ကြတာနော်။ ဘယ်သူ့ဆံပင်လေးကတော့ လှတယ်ဟေ့၊ ဧရာဝါရောင်ဆံပင်လေးဟဲ့။ အဲဒါ အသီးအပင့်တွေကို ခူးယူနေကြတာ။

"သူတို့ရဲ့မိုရာဟာ ဘာပါလိမ့်"
"အမိုက်ပုံပါဘုရား"
အေး—တည်ရာက အမိုက်ပုံနဲ့တူတဲ့ ကောင်ဘသ ၇-ပါး။
"မှတ်သားမိပါစေနော်"
"မှန်ပါဘုရား"

အမိုက်ပုံကြီးနဲ့ ပမာတူတဲ့အရေထူ၊ အရေပါး၊ အကြော၊ အရိုး၊ အမွေး၊ ဦးနှောက်၊ သွေးဆိုတဲ့ ကောင်ဘသ ၇-ပါးက ဆံပင်ခဲ့တည်ရာ။ ထိုဆံပင်ရဲ့ မိုရာဖြစ်နေတာတွေက သွေး၊ သည်းခြေ၊ သလိပ်၊ ကျင်ကြီး၊ ကျင်ငယ်၊ ခွဲ၊ နှပ်၊ တံတွေးတွေ။ အဲဒါတွေကို အကြောကနေ စုပ်ယူပြီးတော့ ဆံပင်လေးတွေကို ရှင်သန်စေခဲ့တဲ့ မိုရာ။

မိုရာအားဖြင့်လဲ ရှုံစရာ၊
တည်ရာအားဖြင့်လဲ ရှုံစရာ၊
ပုံပန်းသဏ္ဌာန်အားဖြင့်လဲ ရှုံစရာ၊
အနှံ့အားဖြင့်လဲ ရှုံစရာ၊
အဆင်းအားဖြင့်လဲ ရှုံစရာ၊

"ဆံပင်ရဲ့ ရှုံရှာဖွယ်သဘော ဘယ်နှစ်မျိုးရသလဲ"
"ငါးမျိုးရပါတယ်ဘုရား"

ဆံပင်မှာ အဲဒီရှုံရှာဖွယ် ၅-မျိုး ရှိတယ်နော်။ အဲဒီ ၅-မျိုးကို ကြံဖန်ပြီးတော့ ဖုံးဖိနေကြတာက ဝိပ္ပလ္လာသ ခေါ်တယ်။

"ကိုင်း-ခေါင်းပေါ်မှာ အသုဘတွေ့ တင်ထားကြတာ မဟုတ်လား"
"မှန်ပါတယ်ဘုရား"

အင်္ဂါတွေက အသုဘကို မစွန့်နိုင်ကြဘူး

ဟိုယောဂီများရဲ့အိမ်မှာ လူတယောက်သေတော့ အသုဘကြီးဆိုပြီး---
"အဲဒီအိမ်ထဲ ဘယ်နှစ်ရက်ထားသလဲ"
"သုံးရက်သာ ထားပါတယ်ဘုရား"

သုံးရက်ထက်ပိုမထားဘူး။ သွား-ဒီအသုဘကြီးတလောင်း။ ဇနီးသယ်ကလဲ ခင်ပွန်းသယ်သေရင် ငိုတော့ ငိုတာပဲ။ ဒါပေမဲ့ အိမ်ထဲက ခပ်မြန်မြန် ထုတ်တယ်။ ခင်ပွန်းသယ်ကလဲ ဇနီးသေရင် ကြိတ်ကြိတ်ပြီး မျက်လုံးတော့ ပွတ်နေတယ်။ ဒါပေမဲ့ ဒီဇနီးသယ်အလောင်း အိမ်ထဲက ခပ်မြန်မြန် ထုတ်တာပဲ။

အသုဘဖြစ်ပြီဆိုတဲ့တန်ခေ့ကျ ဘယ်လောက်ချစ်လှပါတယ်၊ ခင်လှပါတယ်၊ ကြင်နာလှပါတယ်ပြောပြော။ မသေခင်တုန်းက ချစ်လှပါတယ်ဆိုတဲ့ ဆွေဥာတိရင်း မိတ်ခပင်းတို့ဟာ အဲဒီလူ အသက်ပြန်မဆက်တော့ဘူးဆိုတာ သိလိုက်ကြတာနဲ့ ငဲ့ကွက်ခြင်းကင်းပြီး အပြီးတိုင် စွန့်လွှတ်လိုက်ကြတယ်။

"သေပြီဆိုတာသိတော့ စွန့်ကြတယ်မဟုတ်လား"
"စွန့်ရပါတယ်ဘုရား"

ကိုင်းဗျာ—အပြင်ဘက်က အသုဘကိုတော့ ရက်ရက်စက်စက်စွန့်တယ်၊ ကိုယ်တွင်း အင်္ဂါတွေက အသုဘကျတော့ မစွန့်နိုင်ပဲ ဖြစ်နေကြတယ်။

"ဘာဖြစ်လို့လဲ"
"သညာ ဝိပ္ပလ္လာသကြောင့်ပါဘုရား"

အတွင်းသားလေးကျလာရင် မစွန့်နိုင်ဘူးနော်။ ခေါင်းကဆံပင်လဲ အသုဘဘယ်လိုပါဖြစ်ဖြစ် မစွန့်နိုင်ဘူး။ တကိုယ်လုံး အသုဘဖြစ်နေတာကိုလဲ မစွန့်နိုင်ဘူး။ ဒီကိုယ်ကြီးတခုလုံး အသုဘစင်စစ်ဖြစ်နေတာကိုလဲ သုဘထင်၊ သညာဝိပ္ပလ္လာသလို့ခေါ်တယ်။ ဘာကြောင့် အမှတ်လွဲတာလဲဆိုတော့ အဝိဇ္ဇာကြောင့်၊

"ဘာပါလိမ့်"
"အဝိဇ္ဇာကြောင့်ပါဘုရား"

ဒီသညာနဲ့ အဝိဇ္ဇာတွဲလိုက်တော့ အသုဘကို သုဘလို့မှတ်ပြီ။
"မမှတ်ဘူးလား"
"မှတ်ပါတယ်ဘုရား"

မှတ်လဲမှတ်လိုက်ရော ဆံပင်လေးတချောင်းအတွက် ဝန်လေးနေလိုက်ကြတာ၊ ခေါင်းအလယ်မှာ ဆံပင်မရှိဘူး။ ခေါင်းရဲ့ နောက်ပိုင်းနားလေးမှာပဲ ဆံပင်ရှိတယ်၊ နဲနဲလေးရှိတယ်။အဲဒီနဲနဲလေးကိုပဲ မနဲသ နေရတယ်၊ ဝန်မလေးဘူးလားလို့။

ဖြူနေတဲ့ဒကာကြီးတွေကလဲ ကြည့်လိုက်အုံး၊ ဆံပင်ဆိုးဆေးတွေ လိမ်းနေရတာဟဲ့မဟုတ်လား။ အသုဘပါပဲလို့ ဘယ်လိုပြောပြော၊ ဒီအမွေးလေးကို အာဃာတပြီးတော့ သ နေကြတာမဟုတ်လား။ တဖြေးဖြေးနဲ့ ကျတ်ကျတ်-ကျတ်ကျတ်ပြီးတော့သွားတဲ့ ဒကာကြီးတွေကလဲ အတုလေးထည့်ထားအုံးမှ။သူများဆံပင် အဌားဝယ်၊ ကိုယ့်ခေါင်းပေါ် တင်ထားလိုက်သေးတယ်။

ကိုင်း- ဘယ့်နယ်ဗျာ။ ဒီသဲကန္တာရထဲလျှောက်လို့ ဘယ်ပြီးနိုင်တော့မလဲ။ ဘုန်းကြီးတို့ယောဂီများ ဒီလိုလုပ်နေရင် ဒီသဲကန္တာရကြီးထဲမှာ အထုပ်ကြီးထမ်း၊ အထက်ကပူ အောက်ကပူနဲ့ လျှောက်လို့ကို မပြီးတော့ဘူး။

ဒါဖြင့်ရင် ဒီခေါင်းက ဆံပင်တွေ ရိတ်ပစ်ရင် မကောင်းဘူးလား။ အသုဘအစုအပုံတွေ အကုန်ရှင်း။ တို့ယောဂီများ ဆံပင်ကိုရိတ်ရုံနဲ့လဲ အသုဘသညာကတော့ မပျောက်သေးဘူး။ သညာဝိပ္ပလ္လာသကို ရှုမှတ်ပြီးတော့ တကယ် ခွာနိုင်မှ ပျောက်မယ်နော်။

အေး—နဂိုရှိတဲ့ အနက်ရောင်ကနေ အဖြူရောင်ကို ပြောင်းပြောင်းပြီးတော့သွားတယ်။ အနိစ္စ-အဆင်းဆိုတဲ့ ဝဏ္ဏဓာတ်ရဲ့ အနိစ္စရောက်ပုံနော်။ အနက်ရောင်ဆိုတဲ့ ဝဏ္ဏဓာတ် အဆင်းရဲ့ အနိစ္စရောက်ပုံကို မရှုပဲနဲ့ ဒီအနက်ရောင်ရအောင် ပြန်ကြိုးစားကြတာဟာ သညာဝိပ္ပလ္လာသ။

နောက်တခါ ဒီဆံပင်အတွက် ဒါလောက်တောင် နေ့စဉ် နေ့စဉ် လုပ်ကိုင်နေရတဲ့ ပလိဗောဓ ဒုက္ခတွေများတယ်။ မိလိန္ဒပဉ္ဉာမှာ ဆံပင်ရဲ့ ပလိဗောဓ ၁၉-ပါးတောင် ဟောထားတယ်။ ဆံပင်ရဲ့ ပလိဗောဓတွေ ၁၉-ပါး။ ဘယ်လောက်များတယ်ပဲပြောပြော၊ ဒီပလိဗောဓနဲ့ ဆံပင်ကို ပြုပြင်နေရတာပဲ စိတ်ထဲကျေနပ်နေတာဟာ ဒုက္ခကို သုခလို့ထင်တဲ့ သညာဝိပ္ပလ္လာသ။

"ဟုတ်တယ်မဟုတ်လား"
"မှန်ပါဘုရား"

ဒီဆံပင်ဆိုတဲ့ ရုပ်တရားကြီး မပြောင်းလဲအောင် ဘယ်လိုပဲပြုံပြင်ပြင်၊ ကျွတ်သွားတဲ့ဆံပင်တွေ ပြန်ပေါက်လာအောင် ဘယ်လိုပဲ ကြိုးစားကြိုးစား၊ အနက်ရောင်ကနေ အဖြူရောင်ပြောင်း အနီစွဲဖြစ်သွားတာကို ဘယ်လိုပဲ ပြန်ပြောင်းအောင် ကြိုးစားကြိုးစား ရုပ်တရားကို ကိုယ်ကြိုက်သလိုပြင်လို့မရတာဟာ အနတ္တာ။ ဒီအနတ္တာကို အ ့ အနေနဲ့ လုပ်ကိုင်နေကြတာက သညာဝိပ္ပလ္လာသ။

အသုဘအနေအထားအား ဖြင့် ၅ မျိုးရှိတဲ့ ဆံပင်ကို သုဘလို့ ထင်ပြီးတော့ ကြံဖန်ဖုံးနေကြတာက အသုဘကို သုဘထင်တဲ့ သညာဝိပ္ပလ္လာသ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ကိုင်း-ဆံပင်တချောင်း ဒါလောက်ပြောပြီးရင် ကျန်တဲ့ ခန္ဓာဗိုလဲ ဒီအတိုင်းသွားရုံပဲ ရှိတော့တာပေါ့။ ဖိုးသူတော် ပုတီးစိပ်သလို ထိုနည်းအတိုင်း ထိုနည်းအတိုင်း ထိုနည်းအတိုင်းနဲ့သွားမှ ဖြစ်မှာပေါ့ ဟုတ်လား။ ကောင်္ဘာသတွေ့ အကုန်လုံးလျှောက်ပြောရင် ဘယ်ပြီးနိုင်တော့မလဲ။

"ဆံပင်တခုတဲ့မှာပဲ ဝိပ္ပလ္လာသ လေးချက်ဝင်ပုံ နားလယ်ပြီမဟုတ်လား"
"နားလယ်ပါပြီဘုရား"

အနိစ္စဖြစ်နေတဲ့ဆံပင် နိစ္စထင်၊ သညာဝိပ္ပလ္လာသ။ဒုက္ခတွေ့မျှားနေတဲ့ ဒီဆံပင် သုခထင်၊ သညာဝိပ္ပလ္လာသ။ အနတ္တ-ကိုယ့်အလိုအတိုင်းမကျတဲ့ ဒီဆံပင် အတ္တထင်၊သညာဝိပ္ပလ္လာသ။ အသုဘစင်စစ်ဖြစ်နေတဲ့ ဒီဆံပင် သုဘထင်၊သညာဝိပ္ပလ္လာသ။

သညာနဲ့ပတ်သက်လို့ ဝိပ္ပလ္လာသက ၄- ပါး။ စိတ်နဲ့ပတ်သက်နေရင်လဲ ဒီအတိုင်းပါပဲ။ အသိတွေကလဲ ဖောက်လဲ့ဖောက်ပြန်နေတာ ၄-ပါး။ အယူနဲ့ပတ်သက်လို့လဲပဲ ဝိပ္ပလ္လာသ ၄-ပါး။

"ဝိပ္ပလ္လာသတရား"
"ဆယ့်နှစ်ပါးပါဘုရား"

ဝိပ္ပလ္လာသတရား ၁၂-ပါး။ ဒီဝိပ္ပလ္လာသတရားတွေ ဘာကြောင့်ဖြစ်တုံး။ စိတ္တနဲ့ ဒိဋ္ဌိကိုတား။ သညာဝိပ္ပလ္လာသအနေနဲ့ပြော။ သညာဝိပ္ပလ္လာသ အမှတ်လဲတာ ဘာကြောင့်လဲဆိုရင် တရားကိုယ်ကောက်တော့ အဝိဇ္ဇာကြောင့်။ဒါကြောင့် သညာကို အဝိဇ္ဇာနဲ့ကပ်ရင် အမှတ်လဲတယ်။ ဒီသညာကို ဝိဇ္ဇာဉာဏ်နဲ့ ကပ်မှ အမှတ်မှန်တယ်။

"ဒီကနေ့-တို့ယောဂီများ မှတ်နေတယ်ဆိုတဲ့ အမှတ်တရားကို ဘာနဲ့ကပ်ပြီးတော့ မှတ်ရမလဲ"
"ဝိဇ္ဇာနဲ့ကပ်ပြီး မှတ်ရမှာပါဘုရား"
ဝိဇ္ဇာဆိုတဲ့ဉာဏ်နဲ့ ကပ်ပြီးတော့မှတ်။
"အရေးမကြီးဘူးလား"
"အရေးကြီးပါတယ်ဘုရား"

ဝိဇ္ဇာဉာဏ်နဲ့ ကပ်ပြီးတော့ မှတ်သားပုံတွေကို ဘုန်းကြီးတို့ အထပ်ထပ် ပြောထားတယ်နော်။ ရုပ်ကို ရုပ်အတိုင်းသိပြီးတော့ မှတ်ရမယ်။ နာမ်ကို နာမ်အတိုင်းသိပြီးတော့ မှတ်ရမယ်။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ရုပ်တွေကို ခွာရင်တော့ ပူတာအေးတာ တေဇောရုပ်။တွန်းကန်လှုပ်ရှားတာ ဝါယောရုပ်။ တောင့်တင်းတာ ခိုင်မာတာ ပျော့ပျောင်းတာ ပထဝီရုပ်။

"ဒီလိုလာတယ်နော်"
"မှန်ပါဘုရား"

ရုပ်ကို ရုပ်အတိုင်းသိပြီးတော့ ရုပ်အနေနဲ့မှတ်မှ အဝိဇ္ဇာကွာတယ်။ ပူတာ၊ ငါပူဘာ။အေးတာ၊ငါအေးတာ။ဆောင့်တင်းနေတာ၊ ငါတောင့်တင်းနေတာ။ ဒီလိုဆိုလို့ရှိရင်—

"ဘုန်းကြီးတို့ယောဂီများ အဝိဇ္ဇာကွာရဲ့လား"
"မကွာပါဘုရား"
"အဝိဇ္ဇာမကွာရင် သတ္တဝါအမှတ်သညာ ပျောက်ခဲ့လား"
"မပျောက်ပါဘုရား"

“သင်္ဘဝါအမှတ်သညာ မဖျောက်ရင် ကမ္မဋ္ဌာန်း ပေါက်ခဲ့လား”
“မပေါက်ပါဘုရား”

တရားပေါက်နေလိုက်ကြတာ

မပေါက်ဘူးနော်။ ဒါပေမဲ့ တခြို့ကတော့ တယ်ပေါက်တယ်လို့ ပြောတယ်။ ဘုန်းကြီး ဇလွန်မြို့ချောက်တုန်းက အသက် (၈၀)ကျော် ဒကာမကြီးဘယောက်ဖတ္ထခဲ့ရတယ်၊ တရားသိပ်အားထုတ်တဲ့ဒကာကြီး။

ဒကာမကြီး၊ ဘာတရားအားထုတ်ဘုံးဆိုတော့ တပည့်တော် အာနာပါနပဲ အားထုတ်ပါတယ်။“ပြောစမ်းပါအုံး”ဆိုတော့ ဒကာမကြီးဟာ ဆရာကောင်း တပည့် ပီသတယ်၊ ပြောလိုက်ဘာ သူခပြောတဲ့ ပြောကွက်တွေလဲ အတော် ကောင်းပါတယ်။

“ဒကာမကြီး၊ဒကာမကြီးတို့မြို့နယ်မှာ ဒီလိုအာနာပါနကမ္မဋ္ဌာန်း ကြိုးပမ်း ကြတဲ့ ပုဂ္ဂိုလ်တွေ တော်တော်များရဲ့လား”ဆိုတော့ များတယ်ဘုရား။ “ဘယ်နှယ် တော်ဘော်ခရီးပေါက်ခဲ့လား”ဆိုတော့ “အမလေး ပေါက်လိုက် တာတွေ့ လူတိုင်း တရားပေါက်တယ်ဘုရား”တဲ့။

ဘယ်နှယ်ကုံး ဒကာမကြီး၊ ပေါက်လှချည်လားလို့ဆိုတော့ ပေါက်တာ မပြောနဲ့တော့။ ဒီအပေါက်တွေကို ပိတ်လွဲကို မပြီးဘူးတဲ့။ တရားတွေ့ပေါက်လို့ ပိတ်လို့ကိုမပြီးဘူးဘဲ့။ဒီဘော့ ဘုန်းကြီးက ဒကာမကြီး၊ ဒီအပေါက်တွေ့ ပိတ်မှဖြစ်မယ်။ ဘာနဲ့ပိတ်မလဲ ကိုယ်တော်ဘဲ့။ အဲဒါတော့မသိဘူးလို့ ဟုတ်လား။

အဲဒီဒကာမကြီးပြောသလိုတရားတွေ့ပေါက်တော့ပေါက်ဘာပဲ။ဒီအပေါက်တွေ့ ပိတ်လို့မရအောင် ပေါက်နေရင်ကော့ ဟန်မကျဘူး။ သင်္ဘဝါ သညာ ပေါက်ပြီးဘော့ ပေါက်မှု ဟန်ကျလိမ့်မယ်၊ လမ်းမှန်ရောက်မယ်။ သင်္ဘဝါ သညာ မပျောက်ပဲနဲ့ တရားပေါက်နေရင် ခက်တယ်။သင်္ဘာသညာ အင်္ဘာသညာ မပျောက်ဲနဲ့ တရားပေါက်ရင် အဲဒီအပေါက်ပိတ်ရ မလွယ်ဘူး။ လမ်းမှန် ရောက်ပြီး တရားပေါက်မှု ကန္တာရခရီးဆုံးမယ်။

သူညတကိုမြင်မှ ဝိပဿနာသန့် ကန္တာရက လွတ်မယ်

အေး-ဒါကြောင့်—

ဣဒံ ဘဝစက္ကံ၊ ဘဝမြားမြောင် ဒုက္ခဆောင်လျက် အခေါင်ရှည်ကြာ သံသရာဖက်ယွန်း ဤစက်ဝန်းသည်။ အနာဒိ-အနာဒိဝတ၊ ကမ္ဘာ့ကမ္ဘာ အစ ရှာလဲ ရစရာပိုင်ပိုင် မရှိနိုင်လေစွတကား။

ကန္တာရဆဲ သွားတဲ့ခရီးသည်လိုပဲ။ မိုးလင်းကာစတော့ ဟုတ်သလိုလိုပဲ။ မှန်းဘည့်လာတဲ့အခါမှာဘော့ နေပူလိုင်းကြီးတွေကို ရေလိုင်းဆင်ပြီး လိုက်ပြန်ရော၊ ညနေစာင်းတော့ ဒီလိုင်းကြီးတွေပျောက်။ တံလျှပ်တွေကုန်သွားပြီးတော့ ဟုတ်သလိုလိုပဲ။ ညအမှောင် ကြယ်ရောင် လရောင်လေးနဲ့ဆိုတော့ တံလျှပ်ကို ရေထင်ပြီးတော့ တခါလိုက်ပြန်ရော။ လိုက်လို့ကိုမဆုံးနိုင်ဘူး၊ကန္တာရက မတွက်နိုင်ပဲနဲ့ ပင်ပန်းနေရာဘယ်နော်။

ထိုသဲကန္တာရထဲက ခရီးသယ်ပင်ပန်းနေသလို သညာဝိပဿနာသ အမှာဘ်လဲလို့ ပင်ပန်းနေတဲ့ တို့ယောဂီများလဲ့ သံသရာခရီးကြမ်းကြီးထဲမှာ ဇာတိဇရာ ဗျာဓိ မရဏ သောက ပရိဒေဝအစရှိဘဲ့ တစ်ဆယ့်တမိုးသော အပူတွေမိုလို့ ပင်ပန်းလှပြီ။

ဝိဘကာရကဝံဒကံ၊ သူပြုစိမ့် သူခံစံဟု ဆိုရန်အတွ် မရအလျင်း ကင်းလေစွတကား။

ဒုက္ခဝေဒနာ ဘာကြောင့်ဖြစ်သလဲ။ ငါလုပ်လို့ဖြစ်တယ်၊ သူလုပ်လို့ဖြစ်တယ်၊ ဒီလိုမမှတ်ရဘူး။ ကာရကပုဂ္ဂိုလ် မရှိဘူး။ ဒုက္ခဖြစ်အောင်လုပ်တယ်။ သုခဖြစ်အောင်လုပ်တယ်။ ကာရက ပြုတတ်သူမရှိပါဘူး။ ဒုက္ခ သုခဖြစ်အောင် ပြုလုပ်သူ ကာရကလဲ မရှိဘူး။ ဒုက္ခသုခကို ခံစားတဲ့သူ ဝေဒကပုဂ္ဂိုလ်လဲပဲ မရှိဘူး။

ဒုက္ခသုခဖြစ်အောင် ဘယ်သူလုပ်သလဲဆိုရင် အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိ။ ဒုက္ခသုခကို ဘယ်သူခံစားသလဲဆိုရင် ဝေဒနာ။ အဲဒီလို ကာရကပုဂ္ဂိုလ်၊ ဝေဒကပုဂ္ဂိုလ်ဆိုတဲ့ အတ္တမှ ကင်းရမယ်။

“ဒီလိုနော်”
“မှန်ပါဘုရား”

နိစ္စသုခ သုဘတွေဟာ၊ မြဲရန်အချက် ချမ်းသာကွက်နှင့် နှစ်သက်ဖွယ်နှော စိုးပိုင်သော သဘောတို့မှလဲပဲ။

မြဲရန်အချက်ဆိုဘာက နိစ္စ၊ ချမ်းသာကွက်ဆိုတာက သုခ၊ နှစ်သက်ဖွယ် နှောဆိုတာက သုဘ၊ စိုးပိုင်ခသောဆိုတာက အတ္တ။

သုညံ၊ မရှိလုံးလုံး ဆိတ်သုဉ်းခဲ့လေစ့တကား။

ရှက်ဖွယ်ဆဲမှာ စိုက်ရှု။ နိစ္စသဘော ဆိတ်သုဉ်းသွားတဲ့ သုညတ၊ သုခသဘော တွေ့ ဆိတ်သုဉ်းသွားဘဲ့ သုညတ၊ အတ္တသဘောတွေ့ ဆိတ်သုဉ်းသွားတဲ့ သုညတ၊ သုဘ၊ တင့်တယ်တယ်ဆိုတာတွေ့ ဆိတ်သုဉ်းသွားတဲ့ သုညတ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ခန္ဓာထဲမှာ သုညတကိုမြင်သွားမှ တို့ယောဂီများရဲ့ရှက်ဖွယ်ဟာ ဝိပွလ္လာသက လုံတ်ဘယ်။ ခန္ဓာထဲမှာ ချမ်းသာတယ်ဆိုတဲ့ အကွက်ကလေးတွေ့နေရင် အဲဒီပုဂ္ဂိုလ် ကန္တာရထဲမှာလယ်နေပြီ။ ရုပ်ခန္ဓာကြီးကတော့ အနိစ္စပါပဲ။ ရှုနေ တယ်ဆိုတဲ့ ရှုစိတ်ကလေးက နိစ္စဆိုရင် အဲဒီလူ ကန္တာရထဲမှာ လယ်နေပြီ မထွက်နိုင်တော့ဘူး။

ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဝိညာဉ်ဆိုတဲ့ ရှုနေတဲ့ နာမ်တရားတွေ့၊ အရှုခံဖြစ်နေတဲ့ ရုပ်တရား။ နှစ်ဖက်စလုံး အကုန်လုံးကို အနိစ္စအနေနဲ့ တသား တည်းမြင်သွားမှ ဟန်ကျတယ်နော်။ အရှုခံရုပ်တရားကြီးတော့ အနိစ္စလို့သဘော ကျတယ်၊ ရှုနေတယ်ဆိုတဲ့ ရှုစိတ်ကလေးတခုသာ မပျက်ပဲ ကျန်နေတယ်ဆိုရင် ဟန်မကျဘူးနော်။ ဒီလို ကျန်ကျန်နေတာက်တယ်။ သန်္ဓါရဓမ္မမှန်ရင် ဘယ်သန်္ဓါရ ဖြစ်ဖြစ် နိစ္စအနေနဲ့ကျန်တာ ဘာမှမရှိဘူး။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ရုပ်တရားကိုရှုလို့ ရုပ်တရားတော့ အနိစ္စလို့ သဘောကျတာ၊ ဒီရုပ်ကိုရှုယင်း ရှုယင်းနဲ့ သိနေတဲ့စိတ်ကလေးက အေးပြီးတော့ နိစ္စအနေနဲ့ ကျန်တယ်ဆိုရင် ဟန်မကျဘူးနော်။ အဲဒီလိုဆိုရင် ကန္တာရမှာ တဝဲလယ်လယ်နေတာ တံလှေပ်ကို ရေအထင်နဲ့ အဲဒီလူ ရေအိုးထမ်းပြီးတော့ လိုက်နေပြီ။

"ဒီလိုနော်"
"မှန်ပါဘုရား"
ခန္ဓာထဲမှာ သခ်ၤတ ကရားဟာ ဘယ်သခ်ၤတ တစိတ်တဒေသမှ နိစ္စအနေနဲ့ မကျန်တော့ဘူး။ သုခအနေနဲ့ မကျန်တော့ဘူး။ အတ္တအနေနဲ့ မကျန်တော့ဘူး။ သုဘအနေနဲ့ မကျန်တော့ဘူး။ အကြင်းအကျန်မရှိ အကုန်လုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘအနေနဲ့ တသားတည်း ရှုတဲ့ အာရုံရော စိတ်ရော အကုန်လုံး ဒီအတိုင်း မြင်သွားမှ—

"မဟုတ်ဘူးလား"
"မှန်ပါဘုရား"
ဒါကြောင့်- ဝိသုဒ္ဓိမဂ် ဆရာတော်ကြီးက—

သခ်ၤရာဝ သခ်ၤရေ ဝိပဿနာ တဲ့။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ- ဒု၊ မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ- ၂၆၃။

အရှုပသတ္တက သမ္မသနညာဏ်အခန်းမှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ဖွင့်ထားကယ်။

သခ်ၤရာဝ၊ ဝိရိယ- သတိ- သမာဓိ- ပညာ-ဝိညာဉ်ဆိုတဲ့ သခ်ၤရတရားတို့ကပင်လျှင်။ သခ်ၤရေ၊ ရှုပ်ဆိုတဲ့ သခ်ၤရတရားတွေကို။ ဝိပဿနာ၊ ရှုမှတ်၍ နေကြလေကုန်၏။

ရှုနေတာကလည်း သခ်ၤရ။ အရှုခံ အာရုံကလဲ သခ်ၤရ။ နှစ်ဘက်စလုံး သခ်ၤရချည်းဆိုရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တအနေနဲ့ တသားတည်း။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"
အဲဒီအချိန်—

(၁) အတ္တလဲ ဆိတ်သုဉ်းတယ်။
(၂) အနိစ္စလဲ ဆိတ်သုဉ်းတယ်။
(၃) သုခလဲ ဆိတ်သုဉ်းတယ်။
(၄) သုဘလဲ ဆိတ်သုဉ်းတယ်။

ဒီလေးချက် ဆိတ်သုဉ်းမှ သူညတ တခါတည်း ရောက်ပြီးတော့ အေးတယ်။ ကန္တာရက ထွက်တာနော်။

နိစ္စသုခသုဘတွေဟိ၊ မြဲရန်အချက် ချမ်းသာကွက်နှင့် နှစ်သက်ဖွယ်နှောစိုးရိမ်သောဟု သဘောသေးသိမ် အကောက်အလိမ်ဘားဘို့။ သူညံ၊ မရှိလုံးလုံး ဆိတ်သုဉ်းခဲ့လေစ့ဘကား။ ကွဘီ၊ ကျိသို့။ ပုနပ္ပုနံ၊ တနေ့ဘခက် တနံနက်မျှ မကစိတ်စဲ့ ထပ်တလဲလဲသာလျှင်။

"ရှရမှာက ငါးရက်တဲ့ ရှရမှာလား၊ တသက်လုံးရှရမှာလား"
"တသက်လုံး ရှရမှာပါဘုရား"
"မှာ်ထားနော်"
"မှန်ပါဘုရား"

ပုနပ္ပုနံ၊ တနေ့တခက် တနံနက်မျှ မကစိတ်စဲ့ ထပ်တလဲလဲသာ လျှင်။ ပသော-ပသောသျှ၊ စိတ်ကြုံမြင့်မြင့် နိဗ္ဗာန်ပွင့်အောင် မလှုပ်ခုသ ရှစားသဲ့ပါပေဘော့သတည်း။

"သာခု- သာခု- သာခုပါဘုရား"

ကိုင်း— လိုက်ဆိုကြ။

"အနိစ္စကိုပင်၊ နိစ္စထင်၊ နေ့စဉ်လိမ်ကြတာ"
"အနိစ္စကိုပင်၊ နိစ္စထင်၊ နေ့စဉ်လိမ်ကြတာ?"
"ဒုက္ခကိုပင်၊ သုခထင်၊ နေ့စဉ်လိမ်ကြတာ"
"ဒုက္ခကိုပင်၊ သုခထင်၊ နေ့စဉ်လိမ်ကြတာ?"
"အနတ္တကိုပင်၊ အတ္တထင်၊ နေ့စဉ်လိမ်ကြတာ"
"အနတ္တကိုပင်၊ အတ္တထင်၊ နေ့စဉ်လိမ်ကြတာ?"
"အသုဘကိုပင်၊ သုဘထင်၊ နေ့စဉ်လိမ်ကြတာ"
"အသုဘကိုပင်၊ သုဘထင်။ နေ့စဉ်လိမ်ကြတာ?"

အဓိဝါသနဝိရိယကို ကြိုးစားပြီးမှေး

အေး—တံလျှပ်ကို ရေထင်ကြသလို ဇာတိဇရာ ဗျာဓိမရဏအစရှိတဲ့ ဒီအပူလျှိုင်းကြီးတွေကို အလွန်တရာအေးချမ်းတဲ့ ချမ်းသာပဲလို့အထင်တွေ့ ကွယ်ပျောက်

ကြစေခြင်းအကျိုးငှာ ဘုန်းကြီးတို့ ယောဂီများ ရုပ်ကို ရုပ်အတိုင်းသိအောင် အဝိဇ္ဇာအမြစ်ကို ဖြိုပြီးတော့ ရှုကြရမယ်။ ဝေဒနာကိုလဲ ဝေဒနာအတိုင်း သိအောင် ရှုကြရမယ်နော်။

အေး-ဒီတော့ ဘုန်းကြီးတို့ ယောဂီများ၊ရုပ်နဲ့ ဝေဒနာနဲ့ ရှုတဲ့နေရာမှာ ဝေဒနာဆိုတာ ဖောဋ္ဌဗ္ဗအာရုံအနေနဲ့ ဘုန်းကြီးတို့ ပြောခဲ့တာ။ ရုပ်ကို အခြေခံပြီးတော့ ဖြစ်တယ်လို့ ပြောခဲ့တယ်။

"ဟုတ်တယ်မဟုတ်လား"
"မှန်ပါဘုရား"

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံဆိုတဲ့ အခြားအာရုံတွေတော့ ထားပါ။ ထိုင်နေတဲ့ အခိုက်မှာတော့ ဖောဋ္ဌဗ္ဗာရုံက အနှိပ်စက်ဆုံးကိုး။ဖောဋ္ဌဗ္ဗအာရုံက အနှိပ်စက်ဆုံးဆိုတော့ ဝေဒနာရှုတဲ့ ယောဂီများအနေနဲ့ ဆင်းရဲမှုတခုကို စိုက်ရှုတယ်။သို့မဟုတ် ကိုယ့်ထဲစိတ်ထဲမှာ အေးပြီးတော့လာတဲ့ပဿဒ္ဓိဖြစ်ရင် ချမ်းသာတယ်ဆိုတဲ့ ဝေဒနာကို ရှုတယ်။ အဲဒီလို ဝေဒနာနုပဿနာရှုကွက်အနေနဲ့ တို့ယောဂီများ ရှုနိုင်ခွင့်ရှိတယ်။

အဲဒီလို ဆင်းရဲတာကို ဆင်းရဲတဲ့အတိုင်း စိုက်ရှုရင် ပိုပြီးတော့ ဆင်းရဲလာတယ်။ သမာဓိပျက်ပြီးတော့ ဗုန်းကနဲ လဲသွားနိုင်လောက်အောင် ဖြစ်ရင် ဘုန်းကြီးမနေ့က ပြောခဲ့တယ်။ ရုပ်ကိုရှုပါ။ ဟုတ်လား။

"ဘာကို ရှုရမယ်"
"ရုပ်ကို ရှုရမှာပါ ဘုရား"
ဒီဆင်းရဲမှုရဲ့ အကြောင်းရင်းဖြစ်တဲ့ ရုပ်ကိုရှု။
"ဟုတ်ပြီနော်"
"မှန်ပါဘုရား"

ရှင်ကိုရှယင်းရှယင်းနဲ့ ပိုပြီးတော့ ဆင်းရဲလားလို့ ငါတော့ ဗုန်းကနဲ တခါတည်း လဲတော့မှာပဲ၊ သမာဓိပျက်စီးလောက်ပြီဆိုတဲ့ အခါကျရင်တော့ မတတ်သာလို့ ခွင့်လွှတ်ရမယ်။ နေရာလေး ပြောင်းနိုင်ခွင့်ရှိတယ်။ တကယ်တော့ ဘုန်းကြီးတို့ ခွင့်မလွှတ်ချင်ဘူးနော်။

စိတ္တလမထေရ်ကြီးလို အဓိဝါသနပိရိယ-ရဲရင့်တဲ့ စိတ်ကိုမွေးစေချင်ပါတယ်။ ဘုန်းကြီးတို့ ယောဂီများက ဒုက္ခဖြစ်နေတာ အသာလေး မျက်နှာလွှဲပစ်လိုက်လို့

ရှိရင် ခုနက ပြောခဲ့တဲ့ ကန္တာရကြီးထဲမှာ ရေရှာထွက်နေတာနဲ့ တူတယ်။ရေအိုး ရေခွက်ထဲမှာလဲ ရေတစက်မှမရှိဘူး။ အခု ချည်းပဲ။ အောက်ကပူ အပေါ်က နေပူ၊ ရှေနားမှာ မြင်နေရတဲ့ ဝိပ်ရိပ်-ရိပ်ရိပ်နဲ့ ထနေတဲ့ လှိုင်းကလေးကို ရေထင်ပြီးဟော့ လိုက်သလို နေရာပြောင်းလိုက်ရင် ဒုက္ခဝေဒနာက ချမ်းသာ ရမယ်လို့ မျှော်လင့်လိုက်ကာဟာ အဲဒါ တံလှပ်ရေထင်တာနဲ့ တူတယ်။

အေး-သမာဓိပျက်လောက်အောင် ဖြစ်လာရင်လဲပဲ ဘုန်းကြီးတို့က ခွင့်ပြု ပါတယ်နော်။ ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ အဓိဝါသနဝိရိယကို ကြိုးစား ပြီးတော့ မေ့း၊စိတ္တလမထေရ်ကြီး အူတွေ့ပေါက်ထွက်ပြီးသွားတယ်။ ကြည့်စမ်း အဓိဝါသနဝီရိယ ဘယ်လောက်ကောင်းလိုက်သလဲ။ အူတွေ့ပေါက်ထွက်ပြီး ညောင်စောင်းပေါ် ပုံနေတော့မှ မထေရ်ငယ်လေးကို ဒါလောက်သည်းခံရပဲ ကောလောက်ပြီလားဆိုတော့ ကိုယ်တော်လေး ဘယ်ပြောနိုင်တော့မလဲ။

ဘုန်းကြီးတို့ ယောဂီများလဲ အဲဒီလို အူတွေ့ ပေါက်ထွက်လာအောင် တခါတည်းဖြစ်ပြီဆိုရင် ဒါလောက် သည်းခံရင် တော်ပြီလားဘုရားလို့ ယောဂီ များက ဘုန်းကြီးကို မေးရင် ဘုန်းကြီး ဘယ်ပြောရဲတော့မလဲ၊ ဟုတ်လား။ မပြောရဲတော့ဘူး။ အဲဒီအချိန်ကျရင် လူမိုလို့သာ ရဟန်းဆိုလို့ရှိရင် ကိုယ့်ထက် သိကွာကြီးရင် တခါတည်းကို အဲဒါ ရှိခိုးချင်စရာ ဖြစ်သွားတယ်။

အခုတော့-တို့ယောဂီများကို ဘုန်းကြီးက ပြောနေရတယ်နော်။ ပြောစရာ ရှိတော့လဲ ပြောရတာပေါ့ဗျာ၊ ဟုတ်လား။ ဒါကြောင့်-အဓိဝါသနဝီရိယနဲ့ ကြိုးစားဖို့လိုတယ်။ သညာဝိပ္ပလ္လာသပယ်ချင်ရင် အဓိဝါသနဝီရိယမွေး။သည်း ခံတဲ့ နေရာမှာ ရရင့်တဲ့စိတ်ကို ကြိုးစားမွေး။ တိုက်တွန်းချက်နော်။

ဒီတော့-ဝေဒနာရယ်၊ရုပ်ရယ်၊ ဘုန်းကြီးတို့ ယောဂီများ ဒီနှစ်ခုကိုက်တာ မျှနိုင်ခွင့်ရှိတယ်နော်။ မူလကမ္မဋ္ဌာန်းပြန်စရာမှာကတော့ ဒါဟာ မလဲ့ပါဘူး။ မူလကမ္မဋ္ဌာန်းက နှာသီးဝ ထွက်လေဝင်လေရဲ့ ထိရာအရပ်၊ ထိလာတဲ့ ထွက်လေ ဝင်လေရဲ့ အစ အလယ် အဆုံး၊ အဲဒီကနေ သမာဓိလေး ဖြေးဖြေး-ဖြေးဖြေး မွေးပြီးတော့ ရုပ်တရားသုံးပါးခဲ့။ကာယပဿာဒရုပ်နဲ့ ဆိုရင်တော့ လေးပါးခဲ့။

အဲဒီလို ရုပ်တွေဟာ တကိုယ်လုံး ဒီအတိုင်းချည်းသွားတယ်လို့ တကိုယ်လုံး ပေါ်ရာမှာ ဘယ်ရုပ်ပဲဖြစ်ဖြစ်၊ ပေါ်ရာရုပ်ကို ရှုသွားနိုင်တယ်။ အဲဒီရုပ်တို့ရဲ့ နှိပ်စက်မှုကြောင့် ဝေဒနာဖြစ်ရင် ဖြစ်လာတဲ့ ဝေဒနာကို ရှုသွားနိုင်ပါတယ်။ အဲဒါ ဘုန်းကြီးတို့ ယောဂီများအတွက် ရှုရမယ့်ကမ္မဋ္ဌာန်း။

"မမေ့နဲ့နော်"
"မှန်ပါဘုရား"
အေး၊ ဒါကြောင့်—

သညာဒိ ဝိပ္ပလ္လာသေဟိ၊ ဥမ္မာဒန္တိ ပုထုဇ္ဇနာ။
ဂေ ဓမ္မေ သမ္မဓညာယ၊ မောက္ခန္တိ မာရဗန္ဓနာ။

ပုထုဇ္ဇနာ၊ ငါ့ဖြောအာရုံ ကာမဂုဏ်အညီဒိုက်၌ အကြည်ဆို ဂ့်၍နေ၌ား ပုထုဇဉ်အများတို့သည်။သညာဒိဝိပ္ပလ္လာသေဟိ၊ မြဲရန်အချက် ချမ်းသာကွက်နှင့် နှစ်သက်ဖွယ်နှော စိုးပိုင်သောဟု သဘောသေးသိမ် အကောက်အလိမ်တရား တို့ကြောင့်။ ဥမ္မာဒန္တိ၊ ပရမ်းပတာ မချမ်းသာအောင် သွက်ချာဖမ်း၍ ရူးနှမ်း ကြလေကုန်၏။

တေ ဓမ္မေ၊ လိမ်တတ်ညာကတ် တဆယ့်နှစ်ရပ်အပြား ထိုတရားတို့ကို။ သမ္မ မညာယ၊ အရှိဟုတ်မှန်ရပ်နဲ့နာမ်ကို အမှန်မြင်သိ ဝိပဿနာဉာဏ်ဖြင့် သိမှတ် လေသောကြောင့်။

ဝိပဿနာလုပ်ငန်းရဲ့ မှတ်ကျောက်ဟဲ့ ဉာဏ်စဉ်

အာနာပါန အလုပ်ပေးနဲ့ တဲ့ပြီးတော့ ဘုန်းကြီးတို့ ပေါနေတဲ့ ဖေဏ ပိဏ္ဍာပမ သုတ္တန်နိကာယ်မယ် ပေါဂိများအတွက် သဒ္ဓါနဲ့ သံဝေဂ တော်တော် အရေးကြီးတယ်။ အားထုတ်ရန်ကတော့ ဘုန်းကြီးတို့ ပေါဂိများအတွက် နည်းတခုရတယ်။ သဒ္ဓါနဲ့ သံဝေဂဉာဏ်ကို များများကြီး မွေးပြီးတော့ အား ထုတ်သွားရင် အေး- သပ္ပာယတွေလဲ အားလုံး ပြည့်စုံရင်တော့ လိုတဲ့အခြေ အနေဟာ ရောက်ဖို့မခက်ပါဘူး။

အလုပ်စခန်း ဝင်တဲ့အခါကျတော့ လုပ်နည်း ကိုင်နည်းကို စနစ်တကျ အနည်းငယ်မျ ပြလိုက်လို့ရှိရင် ပြီးသွားတယ်။ အဲဒီလို လုပ်တဲ့နေရာမှာ သဒ္ဓါနဲ့ သံဝေဂ တက်ဖို့ရန်ကိုတော့ များများကြီး ပေါပေးရမယ်လို့ ဘုန်းကြီးတို့ ကျေးဇူးရှင် အနိုးစခန်းဆရာတော် ရှိတုန်းက မိန့်ကြားဘူးတယ်။ ဒီတော့- ယခု ပေါနေတဲ့ ဒီ ဓမ္မာနုပဿနာသတိပဋ္ဌာန်အဖွဲ့ရဲ့ ဓမ္မရိပ်သာ ၅-ရက်စခန်းမှာ ဘုန်းကြီး ပေါလာတာကို ယောဂိများ နာကြည့်လို့ရှိရင် ဘုန်းကြီးရဲ့ ရည်ရွယ် ချက်ကို သဘောပေါက်လောက်ပါပြီ။

ဉာဏ်စဉ်ဆိုတာနဲ့ ပတ်သက်လို့က ဘုန်းကြီး တလုံးမှ မဟောဘူး။ အလုပ် လုပ်နေကြတဲ့ နေရာမှာ ဉာဏ်စဉ်ကို တဒုချင်း တခုချင်း ချချ-ချချပြီးတော့ ဟောသွားရင် အေး- ယောဂီတွေက အဲဒါကိုမှန်းပြီးတော့ နောက်က လိုက် တတ်တယ်။ အဲဒါကြောင့် ဉာဏ်စဉ်ကို ချပြီးတော့ ဘုန်းကြီး တခုမှ မပြော၊ မဟောဘူး။ လုပ်နေတဲ့ လုပ်ငန်းစဉ်ကိုပဲ ဟောပြီးတော့ ဒီလုပ်ငန်းစဉ်မှာ ဘယ်နည်းဘယ်ပုံ လုပ်ရတယ်၊ ဘယ်လိုလုပ်သွားရင် လုပ်ငန်း အခက်အခဲ ဖြစ် တယ်၊ ဘယ်လို အားထုတ်သွားရင် လုပ်ငန်းဟာ မှန်ကန်တယ်ဆိုတဲ့အကြောင်း လုပ်ငန်းခွင် လုပ်စဉ်ကိုပဲ ဒီကနေ့ ဟောနေခြင်း ဖြစ်ပါတယ်။

ဉာဏ်စဉ်ကတော့ လုပ်ယင်း လုပ်ယင်းနဲ့ တက်သွားတဲ့၊ ရောက်သွားတဲ့ အကျိုးတရားကို ဖော်ပြတာ။ တနည်းအားဖြင့်တော့ သူက မှတ်ကျောက်ပေါ့။ မိမိတို့ရဲ့ ဝိပဿနာဉာဏ်ဆိုတဲ့ ရှေ့ဘုံးရှေ့ခဲလေးဟာ ဉာဏ်စဉ်ဆိုတဲ့ မှတ်ကျောက် လေးပေါ့ တင်ကြည့်လိုက်ရင် ငါဘယ်အဆင့် ရောက်ပြီဆိုတဲ့ ဥစ္စာကို ဆရာသမားများက ဆုံးဖြတ်ပေးစရာ မလိုပဲနဲ့ မိမိတို့ဘာသာမိမိတို့ အကဲခတ်နိုင် အောင် ဒီလိုဟောတဲ့ အလေ့အထ ရှိပါတယ်။

နောက်ပြီး သတိတခုထားဖို့က အလွန်တရာအဖိုးတန်တဲ့ ရတနာအနှစ် ပြည့် နေတဲ့ ရှေအိုးကို ရလာတဲ့ပုဂ္ဂိုလ်ဟာ မြေကြီးထဲကပဲ ရှေအိုးတလုံးရရ၊ တောထဲကပဲ ရရ၊ ဘယ်နေရာကပဲ ရရ၊ ရှေအိုးကြီး ရလာပြီဆိုရင် ရတဲ့ ပုဂ္ဂိုလ်ဟာ မြို့ထဲ ရွာထဲ လှည့်ပြီးတော့- ဟောဒီမှာဗျို့၊ ကျွန်ုပ် ရှေအိုးကြီး ဘယ်ကရလာ ကယ်ဆိုတာ ရှေအိုးထမ်းပြီးတော့ ဘယ်သူကမှ မကြွေးကြော်ဘူး။ အဖိုးတန် ရတနာ ရလာရင် ဘယ်သူမှ မကြွေးကြော်ဘူး။

ဘုန်းကြီးတို့ ယောဂီများ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြလို့ ပိုက်ဆံကြေးငွေတွေ အများကြီး ရလာတဲ့အခါ ကျွန်ုပ် ဘယ်လောက် ရပါပြီဗျာလို့—

"အရပ်ထဲ လျှောက်ပြောသေးလား"

"မပြောပါဘုရား"

စီးပွားရေးလုပ်တဲ့ ပုဂ္ဂိုလ်တွေ ပိုက်ဆံအများကြီး ရလာတာဘောင်မှ ရရှိတဲ့ အကြောင်း အရပ်ထဲ ဘယ်သူ့ကိုမှ အသိမပေးပဲနဲ့ ကျစ်လျစ်နေအောင် ပိတ် ထားတယ်။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ပိတ်ထားတယ်ဆိုတာ ကွယ်ဝှက်ထားတာ။ အဲဒီလို လောကီရတနာ အဖွယ် အရာတွေကိုတောင်မှ ရလာတဲ့ပုဂ္ဂိုလ်တွေဟာ သိုသိုသိပ်သိပ် ကျစ်ကျစ်လျစ် လျစ် ကွယ်ဝှက်ပြီးတော့ လူမသိအောင် မြုပ်နှံထားသေးရင်- လောကုတ္တရာ ရတနာ ရလာတဲ့ပုဂ္ဂိုလ်ဟာလဲ ဒီအတိုင်း ဖြစ်ရမယ်။ အဲဒါဘုန်းကြီးတို့ သာသနာတော်စည်းကမ်း။

လောကီရတနာ ရွှေအိုးရလာတဲ့လူ မြို့ထဲရွာထဲ လှည့်ပြီးတော့ မပြသလို လောကုတ္တရာအနှစ်ဖြစ်နေတဲ့ ဝိပဿနာဉာဏ်များ ရလာတဲ့ ပုဂ္ဂိုလ်ဟာလဲပဲ လျှောက်ပြီးတော့ အေး-ငါတော့ ဘယ်လောက်ရပြီဟေ့ဆိုတာကို ကြွေးကြော်စရာ ဖေါ်ပြစရာ မလိုဘူးနော်။

အဲဒါကို အဓိကမအပိစ္ဆလို့ ခေါ်ပါတယ်။ အဲဒီလို အဓိကမအပိစ္ဆရှိတဲ့ပုဂ္ဂိုလ် တွေဟာ တရားနဲ့နီးတယ်။ ဒီလိုမှ မဟုတ်ပဲနဲ့ မိမိရထားတာက အနည်းငယ် မျှရယ်။ အများကြီး ပြောချင်တယ်ဆိုလို့ရှိရင် ဒါဟာ အပိစ္ဆသဘော မသက် ရောက်ဘူးနော်။

ဒါကြောင့် ဘုန်းကြီးတို့ယောဂီများ ဒီကနေ့အားထုတ်နေတဲ့ အားထုတ် စဉ်မှာ ဘုန်းကြီးတို့ဉာဏ်စဉ်တရားများ မဟောပါဘူး၊ အေး-အားထုတ်ယင်း အားထုတ်ယင်းနဲ့ ယောဂီကို အကဲခတ်ပြီးတော့ မေးမြန်းစစ်ဆေးခြင်းဖြင့် ဘယ် အဆင့်ရောက်လို့ ဘယ်အခြေအနေကို ရနေပြီဆိုတာကိုတော့ ပရိယတ္တိပေတံနဲ့ တိုင်းကြည့်ရင် ဘုန်းကြီးတို့လဲပဲ အသင့်အတင့်သိပါတယ်။ ဘုန်းကြီးတို့ တိုင်း တာက ပရိယတ္တိဆိုတဲ့ ပေတံနဲ့ တိုင်းတာနော်။ ဘုရားပါဠိတော် အဋ္ဌကထာ ဋီကာတွေဆိုတာကဖြင့်ရင် ဘုန်းကြီးတို့ယောဂီများငဲ့လုပ်ငန်းစဉ်တွေကို တိုင်း တာရမယ့် ပေတံ။ တမျဉ်းကြိုးဆိုလဲမှန်ရဲ့၊ ပေတံဘိုလဲ ဟုတ်ရဲ့။ အဲဒါနဲ့ ဘုန်းကြီး တို့ ဝေဖန် နှိုင်းချိန်ကြည့်လိုက်လို့ရှိရင် ရတယ်။

ဒီတော့ ယခုပြောခဲ့တဲ့ စကားရပ်များမှာ ဘုန်းကြီးတို့ယောဂီများအား ဉာဏ်စဉ်တွေကို ဘုန်းကြီး မဟောပါဘူး။ လုပ်ငန်းစဉ်ထဲမှာ ဉာဏ်စဉ်ကို မဟောပါဘူး။ တရားပဲ့ကျတော့ တရားပဲ့အနေမျိုးနဲ့ဟောတာ။ အလုပ်ထဲမှာ ဉာဏ်စဉ်ကိုမဟောပဲနဲ့ လုပ်သွားတဲ့ပုဂ္ဂိုလ်များကို စစ်ဆေး။ စစ်ဆေးပြီးတော့ အဆင့်ဆင့် ဘယ်လိုသွားတယ်ဆိုတာလေးကို ပြောပေးဖို့က ဘုန်းကြီးတို့မှာ တာဝန်ရှိတယ်။

ပြီးတော့ ခုနက တချက်ကို မှတ်ထား။ ရှေ့အိုးရတဲ့ ပုဂ္ဂိုလ်ဟာ မြို့ထဲလှည့်ပြီး ရှေ့အိုးကို မပြသလို တရားစခန်း ဝင်ကြတဲ့ပုဂ္ဂိုလ်တွေဟာလဲ ပိမိတို့ရဲ့ အသိကူး ဉာဏ်ထူးလေးတွေကို ရှေ့အိုးမပြသလို မပြရဘူး။ သိုသိုသိပ်သိပ် ရှိနေရမယ်။ အဲဒါလဲ မမေ့လိုက်ကြနဲ့။ ဘယ်ရိပ်သာပဲ သွားသွား၊ ဘယ်စခန်းပဲ ဝင်ဝင်၊ ဘယ်နေရာမှာပဲ တရားအားထုတ် အားထုတ်၊ ဒီလိုသိုသိပ်ဘဲ့ဘာကောကို အဓိကမအာပိစ္ဆလို့ ခေါ်ပါတယ်။

"ဘာခေါ်ပါလိမ့်"
"အဓိကမအာပိစ္ဆလို့ ခေါ်ပါတယ်ဘုရား"

ရရှိတဲ့ တရားထူးများနဲ့ ပတ်သက်ပြီးတော့ မိမိတို့ရဲ့ တရားထူး တရားမြတ်မတွေကို သိုသိပ်တဲ့သဘောသည် အဓိကမအာပိစ္ဆ။ အဲဒါ ယောဂီတိုင်း ရှိထားထိုက်တယ်။ တခါတခါ အဲဒီ အဓိကမအာပိစ္ဆမရှိလို့ မသိုသိပ်မိရင် အဓိမာနဆိုတာ ဖြစ်တယ်တယ်။

"ဘာပါလိမ့်"
"အဓိမာနပါဘုရား"

အာပိစ္ဆနည်းတဲ့ပုဂ္ဂိုလ်ဟာ အနည်းငယ်မျှရတဲ့ တရားထူးကို အများကြီးထင်မိတဲ့ အဓိမာန။ ဒါဟာ ဝိပွလ္လာသတမျိုး။ သညာဝိပွလ္လာသနဲ့တပ်ပြီးတော့ သွားတာပဲနော်။ အား—အနည်းငယ်မျှရတာကို အများကြီးထင်မိရင် အဓိမာန၊ ထို ရရှိထားတဲ့တရားထူကို ထုတ်ဖော်ခြင်းကြွေးကြော်မိရင် အပိစ္ဆဂုဏ်ပျက်ဘယ်။ ဒါကို ယောဂီတိုင်း ပိုင်အောင်မှတ်ထား။

အာနာပါန သတိသုတ္တန်လာ စတုက္ကလေးလီ

ဒါကြောင့် ယခုဟောပြီးခဲ့တဲ့ တရားစဉ်မှာ အာနာပါန သတိသုတ္တန်မှာလာတဲ့ စတုက္ကလေးခု၊ ဘုန်းကြီးတို့ယောဂီများကို ပထမစတုက္ကဟောလို့ပြီးသွားပြီ။ အာနာပါန သတိသုတ္တန်မှာ ဓလေးခု လေးခုလေးလီ မြတ်စွာဘုရားဟောထားတယ်။

ပထမ လေးခုတလိုက ကာယာနုပဿနာ၊
ဒုတိယ လေးခုတလိုက ဝေဒနာနုပဿနာ၊
တတိယ လေးခုတလိုက စိတ္တာနုပဿနာ၊
စတုတ္ထ လေးခုတလိုက ဓမ္မာနုပဿနာ။

အာနာပါန သတိသုတ္တန်မှာ အဲဒီလို လေးခုတတဲ့ လေးခုတဲ့ အစဉ်လိုက် တဲ့ပြထားတယ်ယခု ဘုန်းကြီး ဟာကိုထပ်မံပြောချင်တုန်းဆိုလျှိုရှိရင် ဝေဒနာ နုပဿနာမှာ ပါဝင်သွားတဲ့ အာနာပါန သတိသုတ္တန်ရဲ့ ဒုတိယစတုက္ကကို ပြောချင်ပါတယ်။

ဒီတော့ ဒဲဒီ ဒုတိယ စတုက္ကပါဠိတော်ကို သုတ္တန်ကြီးဘခုလုံးကို တိုင်ပြီး တော့ ဇဝံ မေ သုတံ-ကဟောရှင် ဘုန်းကြီးတို့ ဒီလိုအလုပ်ပေးစခန်းမှာ အလှန် ကြာတယ်။ အချိန်လဲမရဘူး၊ အချိန်လဲမရဘော့ သုတ္တန်ကြီးတခုလုံးကို တထွာ လောက်ရှိတဲ့ စာရွက်ကလေးနဲ့ ကောက်နုတ်ချက်ကလေး လုပ်ရတယ်။ လုပ်ပြီး တော့မှ လှုရင်းမိအောင်ဆိုပြီး အဓိအစဉ်ကလေး လုပ်ထားရတာယ်။ တရုံး စခန်းပင်တော့ဖယ်ကြံကတည်းကိုက အာနာပါန သတိသုတ္တန်တခုလုံး အစ အဆုံး အကုန်ဖတ်။ ဖတ်ပြီးတော့ အဲဒီအထဲက ကောက်နုတ်ချက်ကလေးဘဲ လေးခုတတဲ့လေးခုတဘဲ့ပြုပြီး ကိုင်း—လုပ်ငန်းစဉ် စုံသွားအောင် ဒီအစီအစဉ် အတိုင်း ဟောမှလို့ စီစဉ်ထားတယ်။

ဒီတော့ ဒုတိယစတုက္ကပါဠိတော်မှာ—

ပီတိပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
ပီတိပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။
သုခပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
သုခပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ ကာယသင်္ခါရံ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ ကာယသင်္ခါရံ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

အာနာပါနသတိသုတ္တန်မှာ ဝေဒနာပိုင်းကို မြတ်စွာဘုရားရှင် အဲဒီလို လေးချက်ဟောတယ်။အနက်မြန်မာပြန်ကြည့်ရအောင်-ဘုန်းကြီးတို့ယောဂီများသတိချပ်ပြီးတော့ နားထောင်။

ပီတိပဋိသံဝေဒီ၊ စိတ်ကိုကောင်းစွာ ထင်ထင်ရှားရှား ရှုမှတ်လျက်။ အာဿသိဿာမိ၊ ထွက်လေဝင်လေကို ဖြစ်စေ၏။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်တယ်။

သုခပဋိသံဝေဒီ၊ သုခကို ကောင်းစွာ ထင်ထင်ရှားရှား ရှုမှတ်လျက်။ အာဿသိဿာမိ ပဿသိဿာမိ၊ ထွက်လေဝင်လေကို ဖြစ်စေ၏။ ဣတိ၊ ဤသို့။ သိက္ခတိ၊ကျင့်၏။

စိတ္တသင်္ခါရံ၊ စိတ္တသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်သက်စေလျက်။အာဿသိဿာမိ ပဿာသိဿာမိ၊ ထွက်လေဝင်လေကို ဖြင့်စေ၏။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

စိတ္တသင်္ခါရံ၊စိတ္တသင်္ခါရလို့ခေါ်ဆိုတဲ့ သညာ ဝေဒနာနှစ်ပါးကို။ ပဿမ္ဘယံ ပဿမ္ဘယန္တော၊ ငြိမ်းချမ်းစေလျက်၊ ငြိမ်သက်စေလျက်။ အာဿသိဿာမိ ပဿသိဿာမိ၊ ထွက်လေဝင်လေကို ဖြစ်စေ၏။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

ဝေဒနာနုပဿနာနဲ့ ပတ်သက်လို့ ဒီလေးချက်ကို မြတ်စွာဘုရားဟောတယ်လို့ ပါဠိတော်အတိုင်း ဒီလောက်နဲ့ရပ်ထား၊ အဓိပ္ပာယ်နားလည်ဖို့ မလုံလောက်ဘူး။

ဒီတော့ အဋ္ဌကထာဋီကာများရဲ့ မိန့်ကြားချက်များကို ပါဠိတော်နဲ့ စပ်ပြီးတော့ ယခင်ရက်များက ပြောခဲ့တဲ့ ကာယာနုပဿနာနဲ့ ပတ်သက်တဲ့ စတုက္ကလေးခု ယခုဟောတဲ့ ဝေဒနာ နုပဿနာနဲ့ ပတ်သက်တဲ့ စတုက္ကလေးခု၊ ပြန်ပြီးတော့ နှိုးနွှဲယ်ကြည့်လိုက်။ ပီတိ၊ သုခ၊ စိတ္တ၊ သင်္ခါရ ဒီလိုပြောနေတာ။

ပီတိစွမ်းရည်

ပီတိ ရင်ထဲမှာ ပြည့်ပြီးတော့ နေတာ၊ ညနေချမ်း ထမင်းမစားရဘူး။မနက်က စားထားတယ်။ စားလို့လဲ မကောင်းဘူး။ ထိုင်လိုက်ရတာကလဲ တနေကုန်၊ ခွေးတွေက တလုံးလုံးနဲ့။ ဒါပေမယ့် ဘုန်းကြီးတို့ ယောဂီများရင်ထဲမှာ ဟာ

မနေဘူး။ ပြည့်ပြီးတော့ တခါဘည်း အလှန်ကောင်းတဲ့ အရသာ စားထားရသလို ရှင်ရှင်လန်းလန်း ဖြစ်နေတယ်။ ပီတိများရရင်—

အဲဒီလို ပီတိရလို ရင်ထဲမှာပြည့်လာပြီး ထမင်းမစားရပေမယ့် တည်လုံးကိုင်နိုင်တဲ့ အခြေအနေမျိုး ရောက်အောင် ဘုန်းကြီးတို့ ဒီပါဠိတော်များမှာတော့—

ပီတိဘက္ခာ၊ ပီတိသည် အာဟာရကိစ္စကို ပြီးသွားတယ်။

ပီတိများရရင် ဘယ်လောက်များ အဖိုးတန်လိုက်သတုံးဆိုရင် ပီတိဟာ အာဟာရကိစ္စကို ပြီးတယ်။ နှစ်ရက် သုံးလေးငါးရက် ထမင်းမစားပဲနဲ့နေ ပီတိဟာ အာဟာရကိစ္စကို ပြီးပြီးတော့ ဘုန်းကြီးတို့ ယောဂီများ ရိပ်သာထဲမှာပဲဖြစ်ဖြစ်၊ တောထဲမှာပဲဖြစ်ဖြစ် အင်တ်ခံပြီးတော့ ထိုင်ပြီးတော့ နေနိုင်တဲ့ ဗွဘိဟာ ပီတိဘက္ခာ၊ အေး-အဲဒီလို ပီတိအားကောင်းလာလို့ရှိရင်—

ဥပမာ-ယခုလို တန်ခူးကဆုန် ဆွေ့ဆွေ့ခဲ့၊ တနေ့လုံး ပူထားတဲ့ ရေကန်တခု၊ ရေတစက်မှ မရှိတော့ဘူး။ အပူရှိန်ကြောင့် ရေတွေဟာ ခန်းကုန်ပြီ။ အောက်က မြေပြင်က ရွံလေးတွေဟာ ဖြေးဖြေး ဖြေးဖြေး၊ ကျွံကျံကျံကျွံသွားလိုက်တာ တခါတည်း ပပ်ကြားအက်ပြီးတော့ အလွှားလိုက် အလွှားလိုက် အထပ်လိုက် အထပ်လိုက် ကွာလာတယ်။ ဘာကြောင့် မြေပြင်မှာ ပပ်ကြားတွေအက်ပြီးတော့ အလွှာတွေ အထပ်တွေ ကွာရတာလဲလို့ဆိုရင် အပူရှိန်ပြင်းထန်လွန်းလို့။

"ဘာကြောင့်ပါလိမ့်"
"အပူရှိန်ပြင်းထန်လို့ပါဘုရား"

ဘုန်းကြီးတို့ ယောဂီများရဲ့ နှလုံးသားဟာလဲပဲ ကိလေသာ အပူမီးတွေ မြိုက်လွန်းတဲ့အတွက်ကြောင့် တန်ခူးကဆုန် ဆွေ့ဆွေ့ခဲ့အောင် ပူနေတဲ့နေပူရှိန်အောက်က ရေကန်ကြီး ခြောက်ခန်းသလို ခြောက်ခန်းပြီးတော့ အလွှားအလွှားမကွာရုံတမယ် ရှိတော့တယ်။ ဘာဖြစ်တာလဲဆိုတော့ ကိလေသာအပူတွေမြိုက်လို့။

"ဟုတ်လား"
"မှန်ပါ့ဘုရား"

လေးလလောက် အပူမီထားတဲ့ရေကန် ဧရိတ္တ ပပ်ကြား အက်ပြီးတော့ အလ္ဘားလိုက် အလ္ဘားလိုက် ကွာလာသလို နှလုံးသားထဲမှာလဲပဲ ပီတိဝင်ရောက်ခွင့်မရ၊ ရာဂဒေါသဆိုတဲ့ မီးတောက်ဟာ တောက်လွန်း အားကြီးတဲ့အတွက် ကြောင့် ပူလှပြီ။

ကဆုန်လပြည့်ကျော် နယုန်လဆန်းလဲကျရော ဟောဒီ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်ဆိုတဲ့ အရပ်များ ကြည့်လိုက်ပေတော့။ လာပြီ အဒနောက်တောင်လေ၊ ပင်လယ်ထဲကနေတိုက်၊ မိုးတွေတခါတည်း ပါလာတယ်။ မိုးတွေ တခါတည်း ပါလာတော့ ခုနက ခြောက်သွေ့ပြီးတော့ အလ္ဘား အလ္ဘားကွာနေတဲ့ ရေကန်ထဲ ပြိုင်ပြိုင် ပြိုင်ပြိုင်နဲ့ မိုးတွေရွာချလိုက်ပြီဆိုရင် စောစောက ပူပြီးတော့ ပပ်ကြားအက်နေတဲ့ အလ္ဘားလိုက် အလ္ဘားလိုက်ဖြစ်နေတဲ့ ရေကန်ဟာ ဖြေးဖြေးချင်း ပပ်ကြားကဲ့လေးတွေ စိစိ စိစ်ပြီးတော့ ကြားမရှိဘော့ဘူး။

ဘာ့ကြောင့်လဲ။ ကောင်းကင်က မိုးရေမိုးပေါက်တည်းဟူသော အအေး ဓာတ်ကလေများ ဝင်ရောက်လို့ ဖြေးဖြေးချင်း စေ့စပ်ပြီးတော့ ပပ်ကြားကဲ့လေးတွေ စေ့လာတယ်။ ပိတ်လာတယ်။ တော်တော်လဲကြာရော အကြားကို မရှိတော့ပဲနဲ့ ရေတွေ ဖြေးဖြေး ဖြေးဖြေး ဖုံးဖုံးသွေးလိုက်တာ ရေကန်ကြီးတခုလုံး ရေတွေပြည့်၊ နှုတ်ခမ်းကနေ လှုပြီးတော့ ရေတွေကျသွေးလိုက်တာ။

"ဘုန်းကြီးတို့ ယောဂီများ ကန်ကြီးတခုလုံး အပူဓာတ်တွေ ကျန်သေးသလား"

"မကျန်တော့ပါဘုရား"

ရေကန်နှုတ်ခမ်းက ရေတွေလှုပြီးတော့ ကျသွားတယ်။ ကန်ရဲ့ လေးဘက်လေးတန် ကန်ဘောင်ရိုးတွေပါ ရေတွေ စိုပြီးတော့ ခြောက်သွေ့နေတဲ့ မြက်ပင်ကလေးတွေဟာ စိမ်းစို၊ အညှန့်လေးတွေတလှုပ်လှုပ်ထောင်လာတယ်နော်။ ကြည့်လိုက်ရတာ တခါတည်း အေးချမ်းပြီးတော့ စိတ်ကို ချမ်းသာနေတာပဲ။ ရေကလဲ ပြည့်နေတယ်။ ကန်ဘောင်းရိုးက သစ်ပင်ကလေးတွေကလဲ စိမ်းစို နေတယ်ဆိုတော့—

"အဲဒီ ရေကန်ကြီးကြည့်-ဂိတ်မချမ်းသာဘူးလား"

"ချမ်းသာပါတယ်ဘုရား"

ဘုန်းကြီးတို့ ယောဂီမျာ်းရဲ့ နှလုံးသား သံသရာဘလျောက်လုံးက ကိလေသာအပူတွေ့ လောင်လာရင် နေပူရိုန်မိလို့ ခြောက်နေတဲ့ ရေကန်ကြီးလိုပဲ။ တရားတည်းဟူသောမိုး ရွာချလိုက်တဲ့အခါကျတော့ ဖြေးဖြေးချင်း ဖြေးဖြေးချင်း ပီတိဆိုဘဲ့ ရေသီး ဒေပေါက်ကလေးတွေ့ နှလုံးသားမှာ တပေါက်ချင်း တဖပေါက်ချင်း သွားသွားရိုက်ခတ်လိုက်တဲ့ အခါကျတော့ ဖြေးဖြေး ဖြေးဖြေးနဲ့ ပပ်ကြားကဲ့တွေ့ စေ့သွားတဲ့ ရေကန်ကြီးလို—

"ဟုတ်ပြီနော်"
"မှန်ပါ့ဘုရား"

အအေးမာတ်ကလေးများ ဂင်ရောက်ပြီးတော့ နှလုံးစိတ်ဝမ်း အေးချမ်းပြီးတော့ ထမင်းမစားရပေမယ့် ရင်ထဲမှာ ပြည့်နေတယ်။ ဝမ်းသာလွန်းလို့ ထမင်းတောင် မေ့သွားပြီ။

"တို့ယောဂီများ၊ ထမင်းတွေ့ မမေ့သေးဘူးလား"
"မေ့ပါပြီဘုရား"

မေ့ပြီဟုတ်လား။ သံချောင်းခေါက်တော့ ဆင်းဆင်းသွားတယ်နော်။ ထမင်းမေ့ပြီဆိုရင် တို့ယောဂီတွေ့ မဆင်းပဲနဲ့ နေဖို့ကောင်းတယ်၊ ပီတိရဲ့ သဘောကို ဖော်ပြောနေတာ။

"ဟုတ်ပလား"
"မှန်ပါ့ဘုရား"

ဒါဖြင့် အဲဒီ ပီတိရအောင် ဘာလုပ်ရသလဲဆိုတော့—

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ။

အာနာပါနဿတိ၊ ထွက်လေဝင်လေဆိုတဲ့ ဟာဒီ အာနာပါနသတိကို။ ဘာဝိတာ၊ ပွားများကြမယ်ဆိုရင်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာကြမယ်ဆိုရင်။ မဟပ္ဖလာ၊ ကြီးစွာသော အကျိုးရှိသည်။ မဟာနိသံသာ၊ ကြီးကျယ်တဲ့ အာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်၏။

အာနာပါနသတိကို စနစ်တကျ တခါတည်း သမာဓိရအောင် သေသေချာချာပွားရင် အလွန်အကျိုးကြီးတယ်။ ဘယ်လောက်အကျိုးကြီးသလဲဆိုတော့ အခုပြောခဲ့သလို ပူပြင်းခြောက်သွေ့တဲ့ ရေကန်တဲ့ မိုးရွာချလိုက်သလို

ကိလေသာအပူတွေနဲ့ ပူနေတဲ့နှလုံးသားထဲမှာ ပီတိဆိုတဲ့ မိုးရွာလိုက်ရင် အလွန်တရာ အေးချမ်းတယ်ဆိုတဲ့ အကျိုးအာနိသင်ကိုရတယ်။ ဒါဒါ ဝိပဿနာနယ်ထဲကို သေသေချာချာ မရောက်သေးဘူးနော်၊ သမာဓိအခန်းနဲ့ရတာ။

"ဘာဒါနေနဲ့ရတာ"

"သမာဓိအခန်းနဲ့ ရတာပါဘုရား"

သမာဟိတစိတ် စွမ်းရည်

သမာဟိတစိတ်။ သမာဟိတစိတ်ဆိုတာ မိမိစိတ်ကို မိမိလိုတဲ့နေရာမှာ ထားနိုင်ပြီဆိုရင် အဲဒါ သမာဟိတစိတ်၊ တို့ယောဂီများက ကိုယ့်စိတ်ကို ကိုယ်ဘယ်နေရာထားချင်သလဲဆိုရင် ထွက်လေဝင်လေနဲ့ နှာခေါင်းနဲ့ထိဆိုတဲ့ နေရာလေးမှာ ထားချင်တယ်။ ထားချင်တဲ့နေရာမှာ ထားလို့ရရင် အဲဒီစိတ်ဟာ သမာဟိတစိတ်။

"ဟုတ်ပြီနော်"

"မှန်ပါဘုရား"

ထားလို့မရတဲ့အချိန်တုန်းက အာရုံ တခုပြီးတခု၊ တခုပြီးတခု ပြောင်းပြောင်းနေတဲ့အတွက်ကြောင့် အာရုံတွေ ခဏခဏပြောင်းတော့ ပူလောင်တဲ့သဘောတွေလာတယ်။ အဲဒါကို နိဝရဏခေါ်တယ်။

"ဟုတ်လား"

"မှန်ပါဘုရား"

အာရုံတွေ ပြောင်းပြောင်းနေတဲ့အတွက်ကြောင့် ပူလောင်တဲ့သဘော နိဝရဏတွေလာတယ်။ နိဝရဏဆိုတဲ့ နေပူရှိန်တွေဟာပဲလို့ ပူလောင်ခံထားရတဲ့ ဒီနှလုံးသား၊ ဒီစိတ်ကို လိုတဲ့နေရာ ထားလို့ရပြီဆိုတဲ့ အချိန်လဲကျရော နိဝရဏအညစ်အကြေးတွေဟာ ဖြေးဖြေးချင်း ဖြေးဖြေးချင်း ကွာကွာ ကွာကွာပြီးတော့ ထွက်သွားလိုက်တာ။

ပဘာဿရမိဒံ ဘိက္ခဝေ စိတ္တံ—

ဆိုတဲ့အတိုင်း စိတ်ကလေးဟာ ဖွေးဖွေးလက်ပြီးတော့ ကြည်ပြီးဘော့ အေးလာတယ်။ တခုတည်းသော အာရုံတနေရာမှာ ငြိမ်နေအောင် ထားနိုင်တဲ့ ဒီချိန်ကျတော့ ကြည်ပြီးတော့ အေးလာတယ်။ ဘယ်မှာထားတာတဲ့လဲဆို

တော့ ချည်တိုင် ချည်ငုတ်ကလေး မွေ့မပစ်လိုက်နဲ့။ ဖုဋ္ဌေဝကဿလို့ခေါ်တဲ့ ချည်တိုင်၊ ထိရာအရပ်လို့ခေါ်တဲ့ ချည်တိုင်။

"ဟုတ်လား"

"မှန်ပါ့ဘုရား"

ထိရာအရပ်ဆိုတဲ့ ချည်တိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ ချည်လိုက်တဲ့ အခါကျတော့ ကြိုးကလဲခိုင်၊ တိုင်ကလဲခိုင်လို့ ဆင်ရိုင်းကြီးတကောင်၊ နွားရိုင်းကြီးတကောင်၊ ချည်တိုင်မှာ ငြိမ်ပြီးတော့ ဝပ်သံ့ားသလို တို့ယောဂီမျာ့းရဲ့ စိတ်ဟာလဲပဲ ဖုဋ္ဌေဝကဿမှာ ငြိမ်ပြီးတော့ ဝပ်လာပြီဆိုတဲ့ အချိန်ကျရင် ဒဲ့ဒါသမာဓိဖြစ်တယ်။

"ဟုတ်လား"

"မှန်ပါ့ဘုရား"

သမာဟိတံ စိတ္တံ ယထာဘူတံ ပဇာနာတိ။

သမာဟိတံ၊ လိုတဲ့နေရာမှာ ထားနိုင်ပြီဆိုဟဲ့ စိတ်သည်။ ယထာဘူတံ၊ ဟုတ်တိုင်း မှန်စွာ။ ပဇာနာတိ၊ သိတဲ့အဖြစ်ကို ရောက်ပါလိမ့်မယ်။

လိုတဲ့နေရာ ထားနိုင်တဲ့ စိတ်ကိုရရင် လိုချင်တဲ့ အခြေအနေကို သိနိုင်ပြီ။ ယထာဘူတရဖို့ မခက်တော့ဘူး။ အဲဒီတခုတည်းသောအာရုံမှာငြိမ်လို့ ထိရာအရပ် သတိကပ်ထားတဲ့ နေရာမှာ ဒီစိတ်ကလေးဟာ ဝင်ပြီးတော့ ကျလာရင် တလောကလုံး လျှပ်စစ်တွေ ကလက်လက် မိုးကြိုးတွေပဲ ပစ်ပစ်၊ မှုန်တိုင်းတွေပဲ ကျကျ၊ ခံနိုင်သွားပြီ။

အား—ဒါပေမယ့်လဲ ဟောဒီဥပစာရသမာဓိဆိုတဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်နဲ့ မယှဉ်သေးတဲ့ သမာဓိဆိုရင်တော့လဲ ဒါလောက်တော့လဲ အားမကောင်းဘူး။ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ ယှဉ်သွားတဲ့ သမာဓိဆိုရင် မိုးကြိုးပစ်တောင် ဘုန်းကြီးတို့ ယောဂီများ မကြားတော့ဘူး။ ခံနိုင်သွားပြီ။

သမာဓိစွမ်းရည်

(က) ရှင်သာရိပုတ္တရာ ဘီလူးအဂိုက်ခံရခြင်း

ရှင်သာရိပုတ္တရာကိုယ်တော်ကြီး တောထဲသွား ကျောက်ဖျာပေါ် ထိုင်ပြီး ဖလသမာပတ်ဝင်စားနေတယ်။ အခါနှကလဲ လပြည့်နေ့ညဆိုတော့ လရောင်ကလင်းထိန်နေတယ်။ ခေါင်းက ဆံပင်ကိုလဲ ဒီနေ့မှ ရိတ်ထားတယ်။

အဲဒီလို ဖလသမာပတ် ဝင်စားနေတဲ့အချိန် ဘီလူးနှစ်ကောင် လျှောက်ပြီးတော့ လာတယ်။ ဘီလူးတကောင်က သမ္မာဒိဋ္ဌိ၊ တကောင်က မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိဘီလူးနန္ဒက လရောင်အောက်မှာ ထိုင်နေတဲ့ ရှင်သာရိပုတ္တရာကြီး ကြည့်ပြီးတော့ ဟိုမှာကွာ-ကိုယ်တော်ကြီးတပါး ထိုင်နေလိုက်တာ လရောင်နဲ့ဆိုတော့ ခေါင်းကို ပြောင်နေတာပဲ၊ ဒဲ့ခေါင်း ငါလက်သီးနဲ့ ထုချင်လိုက်တာ။

"လမ်းသွားယင်း လက်ဆော့ချင်တယ်နော်"
"မှန်ပါဘုရား"

ဒီခေါင်းထုချင်လိုက်တာဆိုတော့ "မလုပ်ပါနဲ့ကွာ၊ ရဟန္တာကြီး မင်းသွားမလုပ်နဲ့ ဒုက္ခမျှားမယ်။ သမ္မာဒိဋ္ဌိဘီလူးက ပြောတယ်။ ဘယ်လိုပဲပြောပြော ပြောလို့မရဘူး။ "လက်ကိုယားနေပြီကွ" ဆိုတော့ သမ္မာဒိဋ္ဌိဘီလူးက "ကိုင်း-ဒီကနေ့ကစ မင်းနဲ့ ငါ လမ်းခဲ့ကြစို့၊ ဒီလို သူနဲ့ပေါင်းရင် ကိုယ်ပါဒုက္ခရောက်မယ်။စောစောစီးစီး လမ်းခွဲမှ ကောင်းမယ်" ဆိုပြီး သမ္မာဒိဋ္ဌိဘီလူးဟာ ခွဲထွက်သွားတယ်။ မိစ္ဆာဒိဋ္ဌိဘီလူးနန္ဒကို တားလို့မရဘူး။

မိစ္ဆာဒိဋ္ဌိဘီလူးနန္ဒဟာ ရှင်သာရိပုတ္တရာအနားကပ်ပြီးတော့ ခေါင်းကိုလက်သီးနဲ့ တအားထုလိုက်တယ်။အသံဟာ တတောလုံး တတောင်လုံးဟိန်းပြီးတော့ မိုးချုန်းသလို မြည်သွားတယ်။ ရှင်သာရိပုတ္တရာက ဖလသမာပတ်ဝင်စားမယ့်အချိန်ကို ကန့်သတ်ထားတယ်။ သူ့ခေါင်းကို လက်သီးနဲ့ထုပြီးဟဲ့အချိန်ရဲ့ နောက် မကြာမီကလေးမှာ ဝင်စားတဲ့ ဖလသမာပတ်ရဲ့ ကန့်သတ်ဆားတဲ့ အချိန်ကလဲ စေ့သွားတော့ ခေါင်းကို လက်သီးနဲ့ ထုလဲပြီးရော ဖလသမာပတ်က ရှင်သာရိပုတ္တရာက အထ၊ အဲဒီတော့မှ ရှင်သာရိပုတ္တရာ ခေါင်းမှာ ခြင် ကိုက် သလားလို့ ထင်လိုက်ရတယ်။ နည်းနည်း ပူစပ်စပ်ကလေး ဖြစ်သွားတယ်။

အဲဒါ-ဖလသမာပတ်က ချက်ချင်းထလို့။ ဖလသမာပတ်က မဟာသေးပဲတောက်လျှောက် ဝင်စားနေရင် ဘာမှန်းတောင် သိလိုက်မှာ မဟုတ်ဘူး။ ဒါပေမယ့် အသံကတော့ ဟိန်းသွားတာပဲ။ ဘီလူး ရိုက်တဲ့ လက်ချက်က မသက်သာဘူးနော်။ ကိုယောဂီမျှား အဲဒီလို အရိုက်ခံရရင် ဘယ့်နှယ်လုပ်မလဲ။ သမာဓိနော်။

အဲဒီလို ရှင်သာရိပုတ္တရာခေါင်း ဘီလူးရိုက်လိုက်တဲ့အသံကို ဟို—တော်တော်ဝေးတဲ့ တောတခုထဲမှာ ဖလသမာပတ် ဝင်စားနေတဲ့ ရှင်မောဂ္ဂလာန်က ကြားလိုက်တယ်။ တောထဲမှာ တခါတည်း ပဲ့တင်ထပ်သလို မြည်ဟည်းသွားတယ်။ ဘာပါလိမ့်မတုံး စဉ်းစားလိုက်တော့ ရှင်သာရိပုတ္တရာ ခေါင်း ဘီလူး ရိုက်သွားမှန်းလဲ သိရော- ရှင်မောဂ္ဂလာန်ဟာ ညတွင်းချင်း အပြေးအလွှားရောက်လာတယ်။ ရောက်လာပြီးတော့— "အရှင်ဘုရား၊ ဘယ့်နှယ်နေတုံး။ အရှင်ဘုရားခေါင်းကို ဘုနက နဒ္ဒဆိုတဲ့ဘီလူး ရိုက်သွားတာ တပည့်တော် ကြားလိုက်တယ်။ ဘယ့်နှယ်နေပါသလဲ" လို့ မေးကြည့်တော့—"တပည့်တော် ခေါင်း ခြင်ကိုက်သလောက်ပဲ ရှိပါတယ်။ ဘာမှမဖြစ်ပါဘူး" တဲ့။

ဘာနဲ့နေတာလဲဆိုရင် နိဗ္ဗာန်ကို အာရုံပြုနေတဲ့ အရဟတ္တဖိုလ် သမာဓိနဲ့နေတာ၊ သမာဓိရဲ့ စွမ်းရည်နော်။ အဆင့်မြင့်ရင် မြင့်သလောက် တန်ခိုးရှိတယ်၊ အဆင်အားလျော်စွာပေါ့။

"ဟုတ်လား"

"မှန်ပါဘုရား"

(ခ) ဘုရားရှင်ကိုယ်တော်မြတ် မိုးကြိုးပစ်တာ မသိလိုက်ရတဲ့အဖြစ်

နောက်တခုကတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ခရီး ဒေသစာရီလှည့်လည်ယင်း ရွာကလေးတရွာကို မိုးဦးကျ ဆိုက်ရောက်သွားတယ်။ ခရီးလှည့်ယင်း မိုးတွေ့ရွာလာတာနဲ့ ကောက်ရိုးတဲကလေးဆဲ ဝင်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ် ခဏမိုးခိုတယ်။

အဲဒီလို မိုးခိုနေတုန်း ထိုကောက်ရိုးတဲနဲ့ မနီးမဝေး လယ်ကွက်ထဲမှာ နွားလေးကောင်နဲ့ လူနှစ်ယောက်၊ နွားတရုံး လူတယောက်၊ နွားတရုံး လူဘယောက် လယ်ထွန်နေတုန်း ဖြုန်းကနဲ မိုးတွေ သည်းထန်စွာ ရွာချ၊ လျှပ်စီးတွေလက်၊ မိုးကြိုးတွေပစ်လိုက်တာ လယ်ကွက်ထဲမှာ လူနှစ်ယောက်ရော နွားလေးကောင်ရော သေသွားကြတယ်။ ကောက်ရိုးတဲလေးရဲ့ အနီးအနားမှာ ဖြစ်တာနော်၊

ကောက်ရိုးတဲထဲက ဘုရားရှင်ကိုယ်တော်မြတ်ဟာ မိုးကြိုးပစ်တာလဲ မသိလိုက်ဘူး။ လူနဲ့ နွားတွေ သေတာလဲ မသိလိုက်ဘူး။ မိုး တိတ်လဲသွားရော ဘုရားရှင်ကိုယ်တော်မြတ် ကဲထဲက ထွက်ပြီး လွှင်ပြင်မှာ စင်္ကြံလျှောက်တယ်။

လယ်ကွက်ထဲမှာ လူတွေ၊ နွားတွေ သေသွားကြတော့ အနီးပျိုတဲ့ ရွာက လူတွေ ထွက်လာကြတယ်။ သေသွားကြကဲ့ လူနှစ်ယောက်နဲ့ နွားလေးကောင်ကို သယ်မဖို့ လုပ်နေကြတော့ အနားရောက်လာတဲ့ ဒကာတယောက်ကို မြင်စွာ ဘုရားက မေးလိုက်တယ်။

"ဟေ့- ဒကာ၊ ဟောဟိုလယ်ထဲမှာ လူတွေ စုံစုံ- စုံစုံနဲ့ ဘာလုပ်နေကြတာ လဲ" လို့ မေးတော့ အဲဒီဒကာက "ဘုန်းတော်ကြီးတော်မူသော မြက်စွာဘုရား၊ အခုပဲ မိုးကြီး သည်းထန်စွာရွာ၊ လျှပ်စီးတွေကလက်၊ မိုးကြိုးတွေပစ်လို့ လယ် ကွက်ထဲမှာ လူနှစ်ယောက်နဲ့ နွားလေးကောင် သေသွားပါတယ်ဘုရား။ ဒါလောက် ပြင်းထန်တဲ့ မိုးကြိုးဘေ့ ပစ်သွားတာကို အရှင်ဘုရား မသိလိုက် ဘူးလား" လို့ မေးလျှောက်ကြည့်တော့ "ငါမသိလိုက်ဘူး" တဲ့။

"မသိလိုက်ရင့် အရှင်ဘုရား အိပ်ပျော်နေတာလား" ပို့လွှာလဲ ကပ်ကပ် သပ်သပ် လျှောက်ခေးတယ်နော်။ "ဒါလောက် မိုးကြိုးတွေပစ်တာမှ မသိလိုက် ရင် အရှင်ဘုရား အိပ်ပျော်နေသလားဘဲ့"။ "ငါ အိပ်ပျော်တာ မဟုတ်ဘူး" "အိပ်ပျော်တာမဟုတ်ရင် အရှင်ဘုရား နိုးနေတာ ဖြစ်ရမယ်" "နိုးနေ တာလဲ မဟုတ်ဘူး""ဒါဖြင့် အရှင်ဘုရား ဘာလုပ်နေသလဲ" ဆိုကော့ ဘုရားက မပြောဘူး။

ဘုရားက ဘာလုပ်နေသလဲဆိုရင် အရဟတ္တဖလသမာပတ် ဝင်စားနေတာ။ အရဟတ္တဖိုလ်စိတ်နဲ့ နိဗ္ဗာန်ကို အာရုံပြု၊ နိဗ္ဗာန်ရဲ့ အေးငြိမ်းတဲ့အပေါ်မှာ ငြိမ် ကျနေဘဲ့ အရဟတ္တဖလသမာဓိနဲ့ မြဘ်ဒွာဘုရား နေနေတာ။ ဘုရားရှင်ကိုယ် တော်မြတ်ရဲ့ စိတ်ဟာ ဘယ်အပေါ်မှာ ငြိမ်နေဟုံးဆိုရင် နိဗ္ဗာန်ရဲ့အေးငြိမ်းဘဲ့ သဘောလေးပေါ်မှာ ငြိမ်ကျနေတာ။ နိဗ္ဗာန်ရဲ့အေးငြိမ်းတဲ့အပေါ်မှာ ငြိမ် ကျနေတယ်ဆိုတော့ အရဟတ္တဖိုလ်နဲ့ယှဉ်တဲ့ သမာဓိ၊

"ဟုတ်လား"
"မှန်ပါဘုရား"

စျာန်ကျင့်စဉ်နဲ့ ဉာဏ်ကျင့်စဉ် ကွာခြားပုံ

(သို့)စျာန်သမာဓိနဲ့ ဉာဏ်သမာဓိ ခြားနားချက်

ရှင်သာရိပုတ္တရာကလဲပဲ နိဗ္ဗာန်ရဲ့ အေးငြိမ်းဝဲ့ အပေါ်လေးမှာ ငြိမ်ကျ နေတဲ့ အရဟတ္တဖိုလ်နဲ့ယှဉ်တဲ့ သမာဓိ၊ ဒီတော့ သာရိပုတ္တရာ့ သမာဓိတွင်

ဒီသမာဓိဟာ အဆင့်အတန်း အမြင့်ဆုံး သမာဓိ။ ဒီလို အဆင့်အတန်းအမြင့်ဆုံး အရဟတ္တဖိုလ် သမာဓိက တန်ခိုးထက်ရင် အောက်က သမာဓိတွေလဲပဲ ထိုက်တန်သည့်အားလျော်စွာ တန်ခိုးရှိတယ်နော်။ အေး-သမာဓိရဲ့ စွမ်းရည်ဟာ ဘုန်းကြီးတို့ယောဂီများ သေးဘယ်လို့ မမှတ်နဲ့။

သမာဓိရဲ့စွမ်းရည်ဟာ ဘုန်းကြီးတို့ယောဂီများ စိတ်ရဲ့အညစ်အကြေးတွေ အကုန်လုံး ခွာနိုင်တယ်။ အမြစ်ပြုတ်အောင်တော့ ခွာတာမဟုတ်ဘူးနော်။ အမြစ်ပြုတ်အောင် ခွာတာကျတော့ မဂ်နဲ့ဖိုလ်နဲ့ ယှဉ်ဘဲ့ သမာဓိက ခွာတာ။ ဝိပဿနာဉာဏ် ဆယ်ဘုံနဲ့ ယှဉ်နေတဲ့ သမာဓိကတော့ ဝိပဿနာဉာဏ်ရှိနေတဲ့အခိုက်မှာ ခွာတာ။ စျာန်နဲ့ယှဉ်တဲ့ သမာဓိက စျာန်မပျက်စီးသေးတဲ့ အခိုက်ကိလေသာကို ခွာတယ်။ ဒီလိုသွားလိမ့်မယ်နော်။

(၁) စျာန်နဲ့ယှဉ်တဲ့ သမာဓိ၊
(၂) ဝိပဿနာဉာဏ်နဲ့ယှဉ်တဲ့ သမာဓိ၊
(၃) မဂ်နဲ့ဖိုလ်နဲ့ယှဉ်တဲ့ သမာဓိ။

ဒီလို သမာဓိအဆင့်ဆင့်ဘို့ဟာ သူ့ဟာနဲ့သူ အားလုံး တန်ခိုးရှိတာချည်းပါပဲ။ ဒီလို သမာဓိ ကောင်းကောင်းကြီးရပြီဆိုရုံ စိတ်ထဲမှာ အညစ်အကြေးတွေဟာ မကျန်ဘူး။ အလွန်တရာ ထူထပ်လှစွာသော ကိုင်းတောကြီးတခုကို မီးနဲ့ရှို့လိုက်၊ တခါတည်း မြေပြင်ပေါ်မှာ ငုတ်တိုတောင်မကျန်ဘူး။ ပြောင်ပြီးတော့ ရှင်းသွားတယ်။ ပြာတွေကို တံမြက်စည်းနဲ့လဲ၊ လေနဲ့ မှုတ်လွှတ်ပစ်လိုက်။

"ဘုန်းကြီးတို့ယောဂီများ၊ မြေပြင်မှာ ညီပြီးတော့ ချောမနေဘူးလား"
"ချောနေပါဘုရား"

ကိုင်းပင်တွေ ဘာမှမကျန်ဘူး၊ အကုန်ပြောင်ရှင်းသွားတယ်။ စျာန်နဲ့ယှဉ်တဲ့သမာဓိ လောကီသမာဓိဟာ အဲဒီလို ကိုင်းတောမီးနဲ့ ရှို့သလောက် တန်ခိုးရှိတယ်လို့ ဆိုကြပါစို့၊ မိုးမရွာမချင်း ထိုကိုင်းတော မီးရှို့ထားတဲ့နေရာမှာ-

"နောက်ထပ် အပင်ပေါက်ဦးမလား"
"မပေါက်သေးပါဘုရား"
"မိုးမရွာမချင်း ခြင်းချက်ကလေးနဲ့ဟုတ်လား"
"မှန်ပါဘုရား"

"မိုးသာရွာရင်တော့ ဘုန်းကြီးတို့ယောဂီများ ဘယ်နှယ်တုံး"
"ပြန်ပေါက်မှာပါဘုရား"

မိုးရွာရင် မြေကြီးထဲက အမြစ်တွေဟာ ပြန်ပေါက်လာဦးမှာပဲ။ မြေကြီးထဲမှာ ငုပ်လျှိုးနေတဲ့ အမြစ်တွေကို ဘုန်းကြီးတို့ယောဂီများ မတွေ့နိုင်ဘူး။ မြေကြီးထဲမှာ ငုပ်နေတဲ့ အမြစ်တွေကျတော့ အကုန်လုံးပြုတ်လွှားသောပ် ဘယ်နှယ်လုပ်မလဲဆိုရင် ထယ်နဲ့ထိုးရမယ်။ ထွန်နဲ့ထွန်ရမယ်။ မြေစိုင်ခဲတွေ အဂိတ်ဗိတ်ဖ် အမှာမှာ ပြိုကွဲသွားအောင် ဖြိုခွဲပစ်ရမယ်။ မြေကြီးထဲက ပေါ်လာတဲ့ အမြစ်တွေကိုလဲ တခုချင်း တခုချင်း ကောက်ပြီးတော့ မီးနဲ့ပုံတိုက်ပစ်ရမယ်။

"ဒီလိုလုပ်မှ အမြစ်တွေ အကုန်ပြုတ်မယ်မဟုတ်လား"
"မှန်ပါတယ်ဘုရား"
အဲဒါက ဉာဏ်ကျင့်စဉ်။
"အဲဒီကျင့်စဉ်က"
"ဉာဏ်ကျင့်စဉ်ပါဘုရား"

စျာန်ကျင့်စဉ်ကတော့ မီးနဲ့မြို့ကိုသလောက်ပဲရှိတယ်။ ဉာဏ်ကျင့်စဉ်ကတော့ မြေစိုင်ခဲ ထယ်နဲ့ထိုး၊ ထွန်နဲ့ထွန် မြေကြီးထဲက အမြစ်တွေကို ကောက်ပြီးတော့ မီးနဲ့တိုက်သလိုပဲ။

"ဟုတ်ပလား"
"မှန်ပါတယ်ဘုရား"

စျာန်ကျင့်စဉ်နဲ့ ဉာဏ်ကျင့်စဉ် ဘယ်နှယ်ကွာသလဲဆိုရင် ဥပမာအားဖြင့်မှတ်လိုက်၊ စျာန်နဲ့ယှဉ်တဲ့ သမာဓိက ကိလေသာခွာတယ်ဆိုတာဟာ ကြိုးတောကြီး မီးနဲ့တိုက်သလိုပဲ။ အငုပ်ပါမကျန်အောင် ပြောင်သွားအောင် လောင်တော့ လောင်ပစ်တယ်။ မိုးမရွာသေးခင်တော့ အပင်မပေါက်ဘူး။ မိုးလေးဖြိုင်ဖြိုင် ဖြိုင်ဖြိုင်ကျလာရင် အပင်ပေါက်လာတယ်။ ဘာကြောင့်လဲ၊ အမြစ်တွေက ကုန်မှမကုန်ပဲကိုး။ အမြစ်က မြေကြီးထဲငုပ်နေတာ၊ မီးက ဘယ်ဝင်လောင်ပါ့မလဲ။

"မဟုတ်ဘူးလား"
"မှန်ပါ့ဘုရား"

စျာန်သမာဓိဟာ အနုသယလို့ခေါ်တဲ့ ငုပ်လျှိုးနေတဲ့ ကိလေသာသဘောကို ပယ်ခြင်းဌာ မတတ်နိုင်ပါဘူး။ ဉာဏ်နဲ့ယှဉ်တဲ့ သမာဓိကျတော့ တတ်နိုင်တာ။ ကုန်နဲ့ကွန်၊ ထယ်နဲ့ထိုးပြီး မြေစိုင်ခဲ ဖြိုခဲ့ပစ်သလို—

မြေစိုင်ခဲဖြိုခြင်းဆိုတာက တကိစ္စ၊ ပေါ်လာတဲ့အမြစ်တွေကို ဖြတ်တောက်ခြင်းဆိုတာက တကိစ္စ။

"ဘယ်နှစ်ကိစ္စလဲ"

"နှစ်ကိစ္စပါဘုရား"

အဲဒီလို ထွန်တယ်တို့ဟာ မြေကြီးကိုဖြိုခဲ့ခြင်း၊ အမြစ်ကို ဖြတ်တောက်ခြင်းဆိုတဲ့ ကိစ္စနှစ်ခုကို ပြုလုပ်သလို ဉာဏ်ကျင့်စဉ်ဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဉာဏ်နဲ့ယှဉ်တဲ့ ဒီသမာဓိရဲ့သဘော်ဟာ ခန္ဓာကိုဖြိုခဲ့ခြင်းဆိုတဲ့ တကိစ္စ၊ ခန္ဓာမှာတွယ်နေတဲ့ အဝိဇ္ဇာဆိုတဲ့ အမြစ်ကြီးတွေကို ဖြတ်တောက်ခြင်း တကိစ္စ။

"ဘယ်နှစ်ကိစ္စ ပြီးသွားလဲ"

"နှစ်ကိစ္စ ပြီးပါတယ်ဘုရား"

အေး-ကသိဘာရဒ္ဒါဇသုတ္တန်မျှားကျတော့ ဘုန်ကြီးတို့ ဒါတွေဟောထားပြီးပါပြီနော်။

သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ၊ ပညာ မေ ယုဂနင်္ဂလံ။
ဟိရီ ဣသာ မနော ယောတ္တံ၊ သတိ မေ ဖာလပါစနံ။

ဒီလိုဟောထားတယ်။ ကသိဘာရဒ္ဒါဇသုတ္တန်ကို၊ ထားပါတော့။ပြောလက်စစကားလေးကွက်ကို ပိုင်အောင်မှတ်ထား။

(၁) စျာန်နဲ့ယှဉ်တဲ့သမာဓိ။
(၂) ဉာဏ်နဲ့ယှဉ်တဲ့ သမာဓိ။

"သမာဓိ ဘယ်နှစ်မျိုးလဲ"

"နှစ်မျိုးပါဘုရား"

"ဘယ်သဘာဓိက ပိုတယ်"

"ဉာဏ်သမာဓိက ပိုတတ်ပါတယ်ဘုရား"

ဥပမာနဲ့ဆိုရင် ကိုင်းတောကြီး မီးနဲ့ရှို့ပို့ အပေါ်ယံ အပင်တွေရှင်းသွားတယ်။ ဒါနဲ့ အားမရတဲ့ လယ်သမား ကိုင်းသမားတယောက်ဟာ မြေစိုင်ခဲကြီးတို့ ကွန်တွေ ထယ်တွေနဲ့ တူနီးထိုးဖြိုခဲ့ပြီးတော့ အမြစ်တွေကို ဖြတ်တောက်ပစ်လိုက်တယ်။

"ဘုန်းကြီးတို့ ယောဂီများ ဘယ်လုပ်ရပ်က တခါတည်း သေသွားမလဲ"
"ထွန်ထယ်နဲ့ထိုးတာက တခါတည်း သေသွားပါတယ်ဘုရား"

ထွန်နဲ့ ထယ်နဲ့ ရှင်းလင်းသုဘ်သင်တာက အမြဲပြာ်တယ်။အပေါ်က ဦးနဲ့ တိုက်တာက အမြဲမပြတ်ဘူး။

ဇာပေတီဘိ စျာနံ။

စျာန်ဆိုတဲ့ သမာဓိသဘောဟာ အဲဒီလိုပဲ မိုးနဲ့တိုက်သလိုနေဒ်။ ဒါပြင့် စျာန်သမာဓိဟာ ဉာဏ်သမာဓိကို မမီဘူးပေါ့။ ဒီကနေ့ ဘုန်းကြီးကို ယောဂီများ အလုပ်လုပ်နေကြတာကတော့ ဉာဏ်သမာဒိအတွက် ကြိုးပမ်းနေကြာ။

"သမာဓိကို ဉာဏ်နဲ့တဲ့ခိုင်းထားတယ်နော်"
"မှန်ပါဘုရား"

တဲ့ခိုင်းထားတယ်။ စိတ်ကို တခုတည်းသော အာရုံမှာ ငြိမ်နေအောင်ထား။ ထားပြီးလို့ ငြိမ်လာတဲ့သမာဓိသည် ဉာဏ်နဲ့ကပ်ပြီးတော့ ရုပ်နာမ်ကို ဖြိုခွဲရမယ် ဆိုတဲ့ရှုကွက်–

"ပေးမထားဘူးလား"
"ပေးထားပါတယ်ဘုရား"

မြေကြီးခဲကို ထွန်ထယ်နဲ့ ဖြိုခွဲသလို ဉာဏ်ဆိုတဲ့ ထွန်သွားနဲ့ ထယ်သွားနဲ့ ရုပ်ဝေဒနာမ်တွေကို တခါတည်း အစိတ်စိတ်အမွှာမွှာ ဖြိုရှရမယ်လို့ ပြောထားတယ်။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ဉာဏ်သမာဓိရဲ့ ထက်မြက်တဲ့ တန်ဖိုးကို ရစေချင်လို့။

"ဒီလိုနော်"
"မှန်ပါဘုရား"

အေး-ဒီတော့ တဒင် ဝိက္ခမ္ဘန သမုစ္ဆေဒ ကိလေသာဆိုတာ တဒင်ကတော့ ထားပါတော့။ဝိက္ခမ္ဘန စျာန်သမာဓိနဲ့ ကိလေသာ ပယ်ဆိုတာကို စာသုံးစပသုံးက ဝိက္ခမ္ဘနပဟာန်လို့ ခေါ်တယ်။

ဥပမာကတော့ ကိုင်းတော မီးမြိုက်သလိုပဲ ပြောင်တော့ပြောင်သွားတယ်။ အမြစ်တော့ မကုန်သေးဘူး။ မိုးလေးဖြိုင်လာရင် ပြန်ပေါက်လာဦးမှာ။ တခါတခါမှာတော့ အဲဒီမီးနဲ့ ရှို့ထားတဲ့ ငုတ်တိုလေးဟာ မိုးရွာတဲ့အခါ ပိုတောင်သန်တတ်တယ်။

ဇအား စျာန်ဆရာကြီးတွေ သူတို့ကိုယ်သူတို့ အထင်သာ ကြီးနေကြတာ။ တကယ်တော့ သူတို့မှာ အမြစ်တွေရှိနေတယ်။ မိုးမရွာသေးလို့ မပေါက်တာ။ ဒါပေမယ့် ဒီကနေ့ခေတ် စျာန်ကျင့်စဉ်က ဗုဒ္ဓကျင့်စဉ်ထက် သာသလိုလို ဟုတ်လား။ ဒီလိုလာတာ။

မွတ်ထား။ စျာန်ကျင့်စဉ်ဟာ မိုးဦးမကျသေးလို့နော်။ မိုးဦးကျဆိုတာက အာရုံခြောက်ပါး အကြမ်းစားကြီးတွေ မတိုက်သေးလို့၊ တိုက်ပြီဆိုရင် အဲဒီ ပုဂ္ဂိုလ် မသက်သာဘူး။ အမြစ်တွေကနေ ပြန်ပေါက်လာတော့မှာပဲ။

စျာန်ကျင့်စဉ်နဲ့ ကိလေသာခွါဆိုတာ စျာန်မလျှောမချင်း ကိလေသာကုန်နေတယ်။ စျာန်ပျက်တဲ့တနေ့ ကိလေသာ ပြန်ပေါ်လာတယ်။ ဉာဏ်ကျင့်စဉ်နဲ့ ကိလေသာ ခွါဆိုတာကတော့ တခါတည်းကို ဘယ်တော့မှ ပြန်ပေါ်မလာတော့ပဲနဲ့ အမြစ်ပါပြတ်သွားတယ်။

"ဒီလိုနော်"
"မှန်ပါဘုရား"

ဒီကနေ့ ဘုန်းကြီးတို့ ယောဂီများ ကြိုးပမ်းကြရာမှ စျာန်တရားလေးလောက်နဲ့ တင်းတိမ်မနေကြနဲ့။ အမြဲပြုဖော်အောင် ဉာဏ်ကျင့်စဉ်ကို ငါတို့ကြိုးစားမယ်။ နည်းနည်းချင်း နည်းနည်းချင်း စုဆောင်းပေါ့ဗျာ၊ တံစက်မြိတ်အောက်မှာ ရေအိုးလေးချထား။ ရေလေး တပေါက်ချင်း တပေါက်ချင်းကျ၊ ကျဖန်များလာတော့ ဒီရေဒိုး ပြည့်သေးတာပဲ။

ဘုန်းကြီးတို့ ယောဂီများ ငါးရက်အားထုတ်တယ်။ တနေ့ ငါးနာရီ။

"ငါးနာရီလား၊ ခြောက်နာရီလား"
"ငါးနာရီပါဘုရား"

ငါးနာရီ ငါးရက်ဆိုတော့ နှစ်ဆယ့်ငါးနာရီ အလုပ်လုပ်ကြရတယ်။ အဲဒီ-လိုပဲ ငါးနာရီ၊ ငါးနာရီ၊ နာရီတွေ စုစုသွားရင် ကြာလာတဲ့အခါမှာတော့ ရေအိုးကလေး ရေပြည့်သွားသလို ဘုန်းကြီးတို့ ယောဂီများရဲ့ နှလုံးထဲမှာ

ပြည့်ပြီးတော့ အေးလာလိမ့်မယ်။ စုဆောင်းပါမျှားရင် ပြည့်လာတယ်နော်။ ဘုန်းကြီးတို့ ယောဂီမျှား အားမငယ်ကြနဲ့။ ဒီတော့ ဘုန်းကြီး ယခုပြောနေတယ်။ ပိတိ ဘာကြောင့်ရသလဲဆိုရင် သမာဓိကြောင့် ရတယ်။

"ဘာကြောင့်ရ"
"သမာဓိကြောင့် ရပါဘုရား"

နိဝရဏခေါ်တဲ့ အတားအဆီးမျှား

တခုတည်းသော အာရုံမှာ ငြိမ့်နေအောင်ထားတဲ့ စိတ်၊ ဒီစိတ်ကို တခုတည်းသော အာရုံမှာ ငြိမ်အောင် ထားနိုင်ပြီဆိုရင် စိတ်ထဲမှာ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာစတဲ့ နိဝရဏ အညစ်အကြေးတွေ ရှင်းပြီးတော့ သွားတယ်။

(၁) ကာမစ္ဆန္ဒ-ကာမဂုဏ် လိုချင်လို့ ပူလောင်တဲ့ စိတ်၊
(၂) ဗျာပါဒ -တစုံတခုကို မကျေနပ်လို့ ပူလောင်တဲ့ စိတ်၊
(၃) ထိနမိဒ္ဓ - အိပ်ချင် ငိုက်မျဉ်း ထိုင်မှိုင်းတဲ့ စိတ်၊
(၄) ဥဒ္ဓစ္စ -ပျံ့လွင့်တဲ့ စိတ်၊
ကုက္ကုစ္စ -ပူလောင်တဲ့ စိတ်၊
(၅) ဝိစိကိစ္ဆာ-ဆုံးဖြတ်ချက်မချနိုင်ပဲနဲ့ ဟုတ်မှ ဟုတ်ရဲလား၊ ဟုတ်မှဟုတ်ရဲလား ဖြစ်နေတဲ့ စိတ်။

"အဲဒါကို နိဝရဏခေါ်တယ်နော်"
"မှန်ပါဘုရား"

နိဝရဏဆိုတာ ကုသိုလ်တရားတွေကို ပိတ်ထားတာ၊ ဉာဏ်တရားတွေကို ပိတ်ထားတာ ဒီတရားငါးမျိုး။

"ဘုန်းကြီးတို့ ယောဂီမျှားရဲ့ ဝိပဿနာဉာဏ်ကို ပိတ်ထားတာဟာ"
"နိဝရဏ တရားပါဘုရား"

အေး-နိဝရဏဆိုတာ အပိတ်အပင် အတားအဆီး ပညာယဒုဗ္ဗလိကရဏတဲ့။ ပညာယ ဒုဗ္ဗလိကရဏော၊ အသိဉာဏ်ကိုလဲ အားနည်းအောင် လုပ်တတ်ကုန်သော်၊

ဝိပဿနာဉာဏ်ကို အားနည်းအောင် လုပ်ပစ်တာလဲ နိဝရဏပဲ။ ကုသိုလ်ဉာဏ်ကို အားနည်းအောင် လုပ်ပစ်တာလဲ နိဝရဏပဲ။

"ဝိပဿနာဉာဏ်ကို အားသေးအောင် လုပ်ပစ်တာ"
"နိဝရဏပါဘုရား"

အေး-တစုံတခုကို လိုချင်လို့ ပူနေတဲ့စိတ် ဘာမဆို လိုချင်လို့ဆိုမှ ပိုတိုက်တယ်နော်။ ကာမစည်းစိမ်ကို လိုချင်လို့ ပူနေတဲ့ စိတ်။ မကျေနပ်တဲ့ စိတ်။ အိပ်ချင် ငိုက်မျဉ်း ထိုင်းမှိုင်းနေတဲ့ စိတ်။ မိတိသာ ရရင်ဘော့ အိပ်ချင်တာက မလာတော့ဘူး။ ပိတိမရသေးခင်တော့ အိပ်ချင်တယ်။ ဒါလဲ ပညာကို အားနည်းအောင်လုပ်တာ။ပညာယာ ဒုဗ္ဘလီကရဏမှာ ထိနမိဒ္ဓဟာ တော်တော် ဆိုးတယ်။

နောက်တခုက ဥဒ္ဓစ္စ ပြာပုံကြီးထဲ ခဲပစ်လိုက်သလိုပဲ ပစ်လိုက်ဘော့ ထောင်းကန် ပြာတွေဟာ ကောင်းကင် ပုံ့ထွက်လာတယ်။

"ဓ ဝ ဂ"
ဒီလိုမဟုတ်လား
"မှန်ပါဘုရား"

တို့ယောဂီများရဲ့ စိတ်ထဲ ဒီအတိုင်းပဲ တခါတခါမှာ ပြာပုံထဲ ခဲပစ်လိုက်သလို စိတ်တွေဟာ အရပ်လေးမျက်နှာမှာ ပုံ့နေတယ်။ အဲဒါ ဥဒ္ဓစ္စဖြစ်နေတာ။

ကုက္ကုစ္စဆိုတာက တွေးပြီးတော့ ပူနေတာ၊ မရသေးတာကို ရချင်လွန်းလို့ ပူတာ။ လက်လွှတ် ဆုံးရှုံးသွားတာတွေကို တွေးပြီးတော့ ပူနေတာ။ လုပ်ခဲ့မိတဲ့ မကောင်းပြစ်တွေကို တွေးပြီးတော့ ပူနေတာ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ပူလောင်တာကို အတိုချုပ်မှတ်။

(၁) လုပ်ခဲ့မိတဲ့ မကောင်းပြစ်တွေကို တွေး၍တွေး၍ ပူနေတာ။
(၂) လက်လွှတ်ဆုံးရှုံးသွားတဲ့ ကုသိုလ်အခွင့်အရေးတွေကို တွေး၍တွေး၍ ပူနေတာ။

"အဲဒါကို ဘာခေါ်သလဲ"
"ကုက္ကုစ္စခေါ်ပါတယ်ဘုရား"

အဲဒီကုက္ကုစ္စကလဲပဲ ဝိပဿနာဉာဏ်ကို ပိတ်စေတယ်၊ အာဒီနဝဉာဏ်ကို ပိတ်စေတယ်။ သညာယဒုဗ္ဗလီကရဏဆေါတယ်။

ဝိစိကိစ္ဆာဆိုတာက ဟုတ်မှ ဟုတ်ပါ့လေရဲ့လား။ ငါတို့အားထုတ်နေတဲ့ တရားတွေ ဟုတ်မှ ဟုတ်ပါ့မလား။ ဒီကျင့်စဉ်ဟာ မှန်မှ မှန်ပါ့လေရဲ့လား။ ဒီဘုရား ဟုတ်မှ ဟုတ်ပါ့မလား။ဒီဘုရား မှန်မှ မှန်ပါ့မလား။ ဒီကိုယ်တော်တွေ ဟုတ်မှ ဟုတ်ရဲ့လား။ အဲဒီလို သံသယတွေဖြစ်လာတာကို ဝိစိကိစ္ဆာလို့ခေါ်တယ်။ သံသယကြီးနဲ့ အလုပ်လုပ်နေရင် သညာယ ဒုဗ္ဗလီကရဏပဲ။

"အသိဉာဏ် အားမနည်းဘူးလား"
"နည်းပါတယ်ဘုရား"

နိဝရဏဟာ ဝိပဿနာဉာဏ်ကို ပိတ်ဆာရောက်တယ်နော်။ တခုတည်းသော အားရုံမှာ စိတ်ဟာ ငြိမ်ပြီးဘဲ ဝပ်သွားပြီဆိုဘဲ့အခါကျဘဲ့ အဲဒီနိဝရဏတရားတွေကို အကုန်လုံးခွာပြီးသား ဖြစ်သွားတယ်နော်။ ဒီနိဝရဏတရားတွေ တခုချင်း တခုချင်း ကွာသွားတယ်လို့ ဝိပဿနာဆိုဘဲ့ အပူခဘတ်တွေ ရှင်းသွားရင် မိုးလေး ဖြုတ်ဖြုတ်-ဖြုတ်ဖြုတ်နဲ့ ရွာလာတော့ နေပူရှိန်တွေဟာ တဖြေးဖြေး လွှင့်ထွက်သွားသလို နိဝရဏ အပူမီးတွေဟာ သမာဓိရေစင်နဲ့ ဖျန်းလိုက်လို့ ငြိမ်းအေးသွားပြီးတော့ ဖြေးဖြေးချင်း--ဖြေးဖြေးချင်း စိတ်ဟာ ကြည်လာတယ်။ ဘယ်နေရာမှာ ဒီစိတ်နေသလဲဆိုရင် ထိရာအရပ်မှာ နေတယ်။

"ဘယ်နေရာမှာလဲ"
"ထိရာအရပ်မှာပါဘုရား"
"သမာဓိအနေနဲ့ပြောတယ် ဟုတ်လား"
"မှန်ပါဘုရား"

သမာဓိကြောင့် ပီတိနဲ့ ပဿဒ္ဓိကို ရတယ်

တခုတည်းသောအာရုံရဲ့ တွေ့ထိမှုဆိုတဲ့နေရာမှာ ဒီစိတ်ကို ဘယ်မှမပြေး အောင်ထား။ အဲဒီလိုတရားဆိုး ငါးမျိုးကို ပယ်လာတဲ့အချိန် စိတ်ဟာ ကြည်ပြီးတော့ အေးလာတယ်။ ပူပြင်းခြောက်သွေ့နေတဲ့ ရေကန်ကြီးထဲကို မိုးလေး

မျှား ဖျန်းဖျန်း-ဖျန်းဖျန်းနဲ့ ရွာချလိုက်သလို နှလုံးသားထဲမှာ ကြည်ပြီးတော့ အေးလာတယ်။ ပိတိ၊ ပဿဒ္ဓိ၊ သမာဓိဆိုတဲ့ ဒီစိတ်စေတသိတ်တို့ မှီရာဖြစ်တဲ့ နှလုံးသားဟာ အေးလာပြီ ကြည်လာပြီဆိုရင် နှလုံးသားထဲရှိနေတဲ့ သွေးတွေ ဟာလဲပဲ အေးပြီးတော့ ကြည်လာတယ်။ ဒီသွေးတွေဟာ နှလုံးသားကနေ တကိုယ်လုံး လည်ပတ်နေတာမို့လို့ တကိုယ်လုံးလဲပဲ အေးပြီးတော့ကြည်လာတယ်။

စိတ်နှလုံးသားကို မှီတယ်။ နှလုံးသားက သွေးတွေယာ ဒီစိတ်ကြောင့်ပဲ လည်ပတ်နေရတာ၊ စိတ္တဇဝါယောတွန်းပို့လို့ နှလုံးထဲကသွေးတွေဟာ တကိုယ် လုံးလည်တယ်။ စိတ်ကြည်ရင် သွေးကြည်တယ်။သွေးကြည်ရင် တကိုယ်လုံးဟာ ကြည်ပြီးတော့ ပေါ့လာတယ်။

"ပေါ့မလာဘူးလား"
"ပေါ့လာပါတယ်ဘုရား"

ပေါ့လာရင် တခါတည်း အပေါ်ကို မြောက်တက်သွားမလားလို့ အောက် မေ့ရတယ်။ထိုင်နေယင်း ထိုင်နေယင်း တခါတည်း ခန္ဓာကိုယ်ကြီး မြောက်တက် သွား၊ အပေါ်က မျက်နှာကြက်နဲ့ တိုက်တော့မလား အောက်မေ့ရတယ်။

ခန္ဓာကိုယ်ကို မြောက်တင်လိုက်တာ ဥဇ္ဇဂါပိတိခေါ်တယ်။ ကြက်သီးက လေးတွေ ဖြင်းဖြင်း ဖြင်းဖြင်းနဲ့ ထလာတယ်။ခုဒ္ဒိကာပိတိ။တကိုယ်လုံး သိမ့်ကနဲ သိမ့်ကနဲ ဖြစ်လာတယ်။ လှိုင်းကလေးတွေထနေဘဲ့ ရေပြင်ပေါ်လေတစင်းနဲ့ သွားနေတဲ့ လူတယောက်လိုပေါ့။ ရေပြင်အငြိမ်နေတုန်းမှာတော့ သိမ့်ကနဲ မနေဘူး။ ရေပြင်ကို ရေလှိုင်းလေး နဲနဲခတ်လိုက်ပြီလဲဆိုရော အဲဒီလှိုင်းတွန့် ကလေးတွေ ထနေတဲ့အပေါ်မှာ လေတစင်းနဲ့သွားရင် အဲဒီလှေကလေးဟာ မြောက်ကနဲသိမ့်ကနဲ မြောက်ကနဲ သိမ့်ကနဲ ဒီလိုနေတယ်။ အဲဒါ ဩက္ကန္တိကာ ပိတိ။

ခန္ဓာကိုယ်မှာ အဲဒီလို ဖြစ်လာတယ်။ ကြက်သီး မွေးညင်းလေးတွေ ထလာ တယ်။ ခန္ဓာကိုယ်ဟာ သိမ့်ကနဲ သိမ့်ကနဲ ဖြစ်လာတယ်။ ခန္ဓာကိုယ်ဟာ မြောက် ကနဲ ကြကနဲ ဖြစ်လာတယ်။အဲဒီလိုဖြစ်လာတဲ့သဘော တကိုယ်လုံးမှာ အိပြီးတော့ နူးညံ့ ပျော့ပျောင်းနေတဲ့ သဘောတွေဆိုတာဟာ မီဘိတွေ လွှမ်းသွားတာ ရေကန်ကြီး ရေပြည့်သွားပြီ။

"ရေကန်ကြီး ရေပြည့်သွားတော့ ပဉ်ကြားကွဲလေးတွေ အောက်မှာ ကျန်ဦးမလား"
"မကျန်တော့ပါဘုရား"

ကန်နွှတ်ခမ်းက ရေတော့ဟာ လှုံထွက်လာသလိုနော်၊ နှလုံးသားထဲက ပီတိဆိုတဲ့ ရေချမ်းတဟာ လုံပြီးတော့တကိုယ်လုံး လွှမ်းသွားလိုက်တာ ဘုန်းကြီးတို့ယောဂီများ အဲဒီပုဂ္ဂိုလ်ဟာ ထိုင်နေလိုက်ရတာ တနေ့လုံးပဲ ထိုင်ထိုင်၊ တညလုံးပဲ ထိုင်ထိုင်၊ ထမင်းမစားပဲနေနေ၊ အဲဒီပုဂ္ဂိုလ်ဟာ မမှသဘူး၊ နေနိုင်တယ်။ ပီတိဟာ သူ့အတွက် အာဟာရဖြစ်နေတယ်။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသိ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

ဂိသုဒ္ဓိမဂ် အဋ္ဌကထာ-ဒုတိယတွဲ၊ မဂ္ဂါမဂ္ဂညာဏ ဒဿနဝိသုဒ္ဓိ နိဒ္ဒေသ ၂၇၂။

သုညာဂါရံ၊ ဆိတ်ငြိမ်ရာအရပ်လို့ခေါ်တဲ့ ကမ္မဋ္ဌာန်းကျောင်းသို့။ ပဝိဋ္ဌဿ၊ ဝင်ရောက်လျက်။ သန္တစိတ္တဿ၊ ငြိမ်းချမ်းသော စိတ်ထား ရှိတော်မူသော။ ဘိက္ခုနော၊ ရဟန်းတော်၏။ (ဝါ) ဘိက္ခုနော၊ သံသရာဘေး ဒုက္ခာရေးကို ထောက်တွေးမြော်မြင် ဆင်ခြင်တတ်တဲ့ ယောဂီပုဂ္ဂိုလ်၏။ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ ဟောဒီ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေကို။ ဝိပဿတော၊ ရှုမှတ်၍နေစဉ်။ အမာနုသိ၊ နတ်စည်းစိမ်တမျှ ချမ်းသာလှစွာသော။ ရတိ၊ မွေ့လျော်နှစ်ခြိုက်ပျော်ပိုက်ခြင်းသည်။ ဟောတိ၊ ဖြစ်ပါပေ၏။

ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်၊ ရုပ်နာမ်ဓမ္မ သင်္ခါရတွေကို မှန်မှန်ကြီးရှုလို့ အခုလို ပီတိပဿဒ္ဓိတို့ကို ကောင်းစွာရလာတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အမာနုသိ ရတိ၊ လူ့ပြည်မှာနေပြီးတော့ နတ်စည်းစိမ်တွေကို ခံစားနေရတယ်လို့ကို ထင်ရတယ်။ ချမ်းသာလိုက်ပုံနော်။ ဘုန်းကြီးဘို့ဆယောဂီများ ဒီလိုချမ်းသာခြင်းဟာ ဘာကြောင့် ရသလဲဆိုရင် သမာဓိအားကောင်းလို့ ရတာ။

"ဘာကြောင့်ရသလဲ"
"သမာဓိအားကောင်းလို့ပါဘုရား"

သမာဓိ ကောင်းကောင်း ဝင်လာဖဲ့အတွက်ကြောင့် နိဝရဏငါးပါး ရှင်းသွားတယ်။

"ဘာရှင်းသွားသလဲ"
"နိဝရဏငါးပါး ရှင်းသွားပါတယ်ဘုရား"

နိဝရဏဆိုတဲ့ အပူရှိန်တွေ ကုန်ပျောက်လို့ ပီတိဆိုတဲ့ မိုးရေကခလား ဖျန်းလိုက်တော့—

“နှလုံးသားလေး မအေးချမ်းဘူးလား”
“အေးချမ်းလာပါတယ်ဘုရား”

ပိတိနဲ့ ပဿဒ္ဓိလှမ်းလာရင် ရှုကွက်ပြောင်းပေး

အေးချမ်းလာပြီဆိုရင် အဲဒီအချိန် တို့ယောဂီများ ရှုကွက်နည်းနည်းလေး ပြောင်းပေးရမယ်။

“ဟုတ်ပြီနော်”
“မှန်ပါဘုရား”

ရှုကွက်ပြောင်းပုံကို ဘုန်းကြီးတို့ ပါဠိဖွင့်ဘာသာ –

(၁) ပိတိပဋိသံဝေဒီ အသေ သိဿာမိတိ သိက္ခတိ၊
ပိတိပဋိသံဝေဒီ ပဿသိဿာမိတိ သိက္ခတိ။
(၂) သုခပဋိသံဝေဒီ အဿသိဿာမိတိ သိက္ခတိ။
သုခပဋိသံဝေဒီ ပဿသိဿာမိတိ သိက္ခတိ။
(၃) စိတ္တသင်္ခါရပဋိသံဝေဒီ အဿသိဿာမိတိ သိက္ခတိ။
စိတ္တသင်္ခါရပဋိသံဝေဒီ ပဿသိဿာမိတိ သိက္ခတိ။
(၄) ကာယသင်္ခါရပဋိသံဝေဒီ အဿသိဿာမိတိ သိက္ခတိ။
ကာယသင်္ခါရပဋိသံဝေဒီ ပဿသိဿာမိတိ သိက္ခတိ။

“လေးချက်ပြတယ်နော်”
“မှန်ပါဘုရား”

ပိတိပဋိသံဝေဒီ- ဒီအချိန်ကို ယောဂီသန္တာန် ဘာကွေ့ လှုပ်းနေတုံး ဆိုရင် ပတ်တွေ့ လှုပ်းနေတယ်။

“ဘာတွေ့လှုပ်းနေတယ်”
“ပိတိတွေ့ လှုပ်းနေပါတယ်ဘုရား”

ပဥ္စဝဏ္ဏာယ ပိတိယာ သကလသရီရံ ဖရိ။

တကိုယ်လုံး အခုနက ပြောခဲ့တဲ့ အမျိုးအစား ငါးပါးရှိတဲ့ ပိတိတွေ့လှုပ်းခြုံပြီးတော့ အေးလို့ ငြိမ်နေပြီဆိုရင် အေး- ငါ့သန္တာန် ပိတိတော့ ဝင်လာပြီ။ သတိထားလိုက်။

"ဘုန်းကြီးတို့ယောဂီများ ဘာထားလိုက်ရမလဲ"
"သတိထားလိုက်ရမှာပါဘုရား"

အာနာပါနလို့ခေါ်တဲ့ထွက်လေ ဝင်လေကို ရှုနေတဲ့ ယောဂီဟာ အာနာပါနက ဖြေးဖြေးချင်း ဖြေးဖြေးချင်း သိမ်မွေ့သွားပြီးတော့ ထွက်လေဝင်လေဟာ အလွန်တရာ နူးညံ့ပျော့ပျောင်းသွားပြီးတော့ ပီတိတွေ လွှမ်းနေတယ်။

"ဘာတွေလွှမ်းနေတယ်"
"ပီတိတွေ လွှမ်းနေပါတယ်ဘုရား"

ပီတိတွေ လွှမ်းနေလို့ရှိရင် အဲဒီအချိန် ဘာကို အာရုံပြုရမလဲ။
ပီတိပဋိသံဝေဒီ၊ ပီတိကို ကောင်းစွာထင်ရှားစေလျက်။ အဿသိဿာမိ၊ ထွက်လေဝင်လေကို ဖြစ်ခဲ့စအုံ့၊ ကွတိ၊ ကျိသို့။ သိက္ခတိ၊ အားထုတ်၏။
ပီတိက လွှမ်းနေလို့ရှိရင် မိတိကို ကောင်းကောင်းကြီး ထင်ထင်ရှားရှား ပေါ်လွင်လာအောင် ရှုပါတဲ့။

"ဘာကိုရှုရမလဲ"
"ပီတိကို ရှုရမှာပါဘုရား"
"ထင်ရှားနေတာက ပီတိမဟုတ်လား"
"မှန်ပါဘုရား"

အဲဒီပီတိနဲ့ တွဲပြီးတော့ ဘုန်းကြီးတို့ ယောဂီများရဲ့ ကာယစိတ္တ နှစ်ဌာနမှာ-

"ဆင်းရဲသလား ချမ်းသာသလား"
"ချမ်းသာမှာပါတယ်ဘုရား"

ချမ်းသာရင် ချမ်းသာတာကို ရှုရမယ်။မနေ့ကပြောခဲ့တာက ဒုက္ခဝေဒနာနော်။ အခုသမာဓိတွေ သိပ်ကောင်းတဲ့အတွက်ကြောင့်—

"နတ်ပြည်ရောက်ပလား"
"မရောက်သေးပါဘုရား"
"မမြင်ရိပ်သာထဲမှာ ဘယ်လောက် ချမ်းသာနေကြပြီလဲ"
"နတ်စည်းစိမ်လောက် ချမ်းသာနေပါတယ်ဘုရား"
"သိပ်ဟန်ကျတယ်နော်"
"မှန်ပါဘုရား"

အာနာပါနလို့ခေါ်တဲ့ ဟောဒီ သတိပဋ္ဌာန် ဘာဝနာကို ရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်အတွက် သမာဓိရဲ့ အနှောင့်အယှက်ဟာ ဘာတုံးဆိုရင်—

သဒ္ဒါ စျာနသာ ကဏ္ဍကော-တဲ့။

စျာနသာ၊ ဟောဒီစျာန်သမာဓိရဲ့။ ကဏ္ဍကော၊ ဆူးငြောင့်ခလုတ်သည်။ သဒ္ဒါ၊ အသံတို့ပါပေတည်း။

အသံတွေဟာ စျာန်သမာဓိအတွက် အလွန်တရာ ဆူးငြောင့်ခလုတ်ဖြစ်တယ်။ ဒီတော့ ဘုန်းကြီးတို့ ယောဂီများ၊ ဒီအသံတွေကို သည်းခံနိုင်မှတော် ရုံကျမယ်။ ကိုင်း-သည်းခံကြ။

ပီတိအရသာ ခံစားနေလိုက်တာ နတ်စည်းစိမ်လောက် ကောင်းတယ်ဆိုတာမျိုးဟာ သမာဓိကောင်းကောင်းကြီး ရလာရင် ဖြစ်တတ်တယ်။ ဖြစ်တတ်တဲ့သဘောကလေးတခုနော်။

အဲဒီလိုအချိန်မျိုးကျရင် နီဝရဏတွေရှင်း၊ အပူတွေကင်းနေတဲ့ တို့ယောဂီများရဲ့စိတ်ဟာ အလွန်ကို သိမ်မွေ့နေတယ်။ နီဝရဏငါးပါ၊ ကင်းရှင်းနေတဲ့ ဒီစိတ်ဟာ သိမ်သိမ်မွေ့မွေ့လေး ဖြစ်လာလို့ စိတ်တွေသိမ်မွေ့လာရင် စိတ်နဲ့ယှဉ်နေတဲ့ ဒီဝါယောဓာတ်၊ ရုပ်ဆိုတဲ့ ပရမတ္ထ တရားဟာလဲပဲ သိမ်မွေ့သွားတယ်။ ငြိမ်သက်သွားတယ်။ နူးညံ့သွားတယ်။

"နှာခေါင်းလေဟာ စိတ္တဇဝါယောဓာတ်"
"နှာခေါင်းလေဟာ"
"စိတ္တဇဝါယောဓာတ်ပါဘုရား"

စိတ်တွေပြင်းရင် ဒီလေတွေ ပြင်းထန်လာတယ်။ စိတ်က သိမ်မွေ့ရင် ဒီလေသိမ်မွေ့သွားတယ်။

"မိတိ၊ ပဿဒ္ဓိ၊ သမာဓိနဲ့ယှဉ်၊ တို့ယောဂီများစိတ်တွေ မသိမ်မွေ့ဘူးလား"
"သိမ်မွေ့ပါတယ်ဘုရား"
"စိတ်က သိမ်သိမ်မွေ့မွေ့လေး ဖြစ်လာရင် ထွက်လေဝင်လေကကော"
"သိမ်မွေ့လာပါတယ်ဘုရား"

ထုတ်လေဝင်မရှိတဲ့ပုဂ္ဂိုလ် ၆-မျိုး

(သို့)ထုတ်လေဝင်လေကို စိစစ်ယူရမယ့် အချက် ၆-ချက်

လိမ်မွေလာရင် တခါ တခါများ နှာခေါင်းထဲက လေမရှိဘေဘဲထင်ရတယ်။ ထုတ်လေ ဝင်လေမရှိဆိုတာက—

(၁) သေတဲ့လူမှာ ထုတ်လေ ဝင်လေမရှိဘူး။
(၂) စတုတ္ထစျာန် ဝင်စားနေတဲ့လူ ထုတ်လေ ဝင်လေမရှိဘူး။
(၃) နိရောဓသမာပတ် ဝင်စားနေတဲ့လူ ထုတ်လေ ဝင်လေမရှိဘူး။
(၄) မိခင်ဝမ်းကိန်းအောင်းနေတဲ့လူ ထုတ်လေ ဝင်လေမရှိဘူး။
(၅) သခါနိုး မိန်းမောနေတဲ့လူ ထုတ်လေ ဝင်လေမရှိဘူး။
(၆) ရေငုပ်နေတဲ့လူ ထုတ်လေ ဝင်လေမရှိဘူး။

ရေထဲငုပ်လျက်သားနဲ့မှ လေက ထုတ်လိုက် ဝင်လိုက်ဆိုရင် နှာခေါင်းထဲကနေ ရေတွေဝင်ကုန်မှာပေါ့။ ငါဟာ သေတဲ့လူလဲ မဟုတ်ဘူး။ မိန်းမောနေတာလဲ မဟုတ်ဘူး။ စတုတ္ထစျာန် ဝင်စားနေတာလဲ မဟုတ်ဘူး။ နိရောဓသမာပတ် ဝင်စားနေတာလဲ မဟုတ်ဘူး။ မိခင်ဝမ်း ကိန်းနေရတာလဲ မဟုတ်ဘူး။ ရေငုပ်နေတာလဲ မဟုတ်ဘူး။

"အဲဒါတွေမှမဟုတ်ရင် ထုတ်လေ ဝင်လေရှိရမယ်ပေါ့"
"ရှိပါတယ်ဘုရား"

အဲဒါက ထုတ်လေ ဝင်လေကို စိစစ်ရမယ့်အချက်၊ ထုတ်လေဝင်လေပျောက်ပြီဆိုရင် စိစစ်ယူရမယ့်အချက်—

"ဒီနည်းမဟုတ်လား"
"မှန်ပါဘုရား"

ငါ့သန္တာန်မှာ ထုတ်လေ ဝင်လေ ပျောက်သွားတာဟာ ဘာ့ကြောင့်လဲ၊ တကယ်တော့ မပျောက်ဘူး၊ ရှိနေတယ်။သိမ်မွေ့လွန်းလို့ မတွေ့တာ၊ အဲဒါကို မရှိဘူးလို့ ထင်တယ်။

"ဟုတ်လား"
"မှန်ပါဘုရား"

စိတ်တွေ့ သိမ်မွေ့လှန်းလို့ ထုက်လေဝင်လေ သိမ်မွေ့သွားတာ။ မရှိဘူး ထင်မိတဲ့အတွက်ကြောင့် ထုက်လေဝင်လေကို လွှတ်ပြီးတော့ တခြားကို ရှာတတ်တယ်။ အဲဒီလို မဖြစ်စေနဲ့။

ယခု ပီတိတွေ့ လွှမ်းမိုးနေတဲ့ အချိန်ကျရင်တော့ ထုက်လေဝင်လေနဲ့ ပီတိဟာ ဘယ်သူ အားကောင်းသလဲဆိုရင် ရှင်းနေပြီ။

"ပီတိတွေ့ တက်ိုယ်လုံး ခြုံနေပြီ မဟုတ်လား"
"မှန်ပါဘုရား"
"ပီတိတွေ့ တက်ိုယ်လုံး ခြုံနေတော့ စိတ်တွေ့ ငြိမ်နေပြီမဟုတ်လား"
"ငြိမ်နေပါပြီဘုရား"
ဘာငြိမ်တာလဲဆိုတော့ နိဝရဏတွေ့ ငြိမ်တာ။
"နိဝရဏငြိမ်ရင် မအေးချမ်းဘူးလား"
"အေးချမ်းပါတယ်ဘုရား"
"အဲဒါ-ပဿဒ္ဓိ၊ ဘာပါလိမ့်"
"ပဿဒ္ဓိပါဘုရား"

ပီတိ ပဿဒ္ဓိနော်။ ငြိမ်လာလို့ရှိရင် စိတ်ထဲမှာလဲ ချမ်းသာတယ်။ ကိုယ်မှာလဲ ချမ်းသာတယ်။ ဂုဏ်ဝိတ်နှစ်ပါး ချမ်းသာတော့ သုခ။

(၁) ပီတိပဋိသံဓေဒီ-ဒါ့သန္တာန် ပီတိကောင်းကောင်း ဖြစ်ပြီလို့ သတိထားလိုက်။
(၂) သုခပဋိသံဓေဒီ-ဒါ့သန္တာန် သုခဖြစ်နေပြီလို့ သတိထားလိုက်။

ပီတိနဲ့သုခ ဒါ့သန္တာန် လှုပ်းနေရင် ဝေဒနာဟာ သုခဝေဒနာ။ ဝေဒနာနုပဿနာက အဲဒီကျတော့ သုခဝေဒနာ ကူးသွားတယ်။ ဟိုတုန်းက ပြောခဲ့တာတွေကတော့ နာတာ ကျင်တာ ထုံတာ ကိုက်တာတွေကို ဒုက္ခဝေဒနာ အနေနဲ့ ပြောခဲ့တယ်။ ယခုတော့ သမာဓိကောင်းလွန်းလို့ နိဝရဏ ရှင်းလို့ ကြည်အေးနေတဲ့ ပီတိပဿဒ္ဓိလှမ်းနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ သုခဝေဒနာပိုင်း ရောက်ပြီနော်။

ပီတိပဋိသံဓေဒီ၊ ပီတိကို ကောင်းစွာ ထင်ရှားစေလျက်။ အဿသိဿာမိ ပဿသိဿာမိ၊ ထုက်လေဝင်လေ ဖြစ်စေအံ့။

ပီတိကို ကောင်းကောင်းကြီး စိုက်ပြီးတော့ ရှုပါ။

သုခပဋိသံဝေဒီ၊စိတ်ထဲမှာ ချမ်းသာလှုချည်ရဲ့ဆိုတဲ့ သုခဝေဒနာကို ကောင်းစွာ ထင်ရှားစေလျက်။ အဿသိဿာမိ ပဿသိဿာမိ၊ ထွက်လေဝင်လေကို ဖြစ်စေအံ့။

ထွက်လေဝင်လေကလဲ သူ့ဟာသူ ရှိနေတာပဲ။ဒါပေမယ့် ထွက်လေ ဝင်လေက ပါးနေပြီ ရှာမတွေ့ဘူး။ ပီတိသုခက လွှမ်းနေတဲ့အကွက်ကြောင့် အဲဒီ ပီတိသုခနဲ့ ယှဉ်နေတဲ့ သုခဝေဒနာကို အားယူပြီးတော့ ရှုပေတော့။

"ဝေဒနာနုပဿနာ ရောက်ပလား"
"ရောက်ပါပြီဘုရား"

ဒုတိယ စတုက္ကဟာ ဝေဒနာနုပဿနာကို ဟောတယ်ဆိုဘာ။ ပါဠိတော်က ဒီအတိုင်း ဟောပြထားတယ်။ ဘာဝေဒနာဆိုတာ နားလယ်ကြပြီ။

"ဘာဝေဒနာလဲ
"သုခဝေဒနာပါဘုရား"

ဟုတ်ပြီ။ ပီတိ ပဿဒ္ဓိတို့ကြောင့် ဖြစ်လာတဲ့ နတ်စည်းစိမ်လောက် ကောင်းနေတဲ့ ချမ်းသာသုခဝေဒနာ။ အဲဒီသုခဝေဒနာကို ရှုရင်ရှု၊ မရှုရင် ဘုန်းကြီးတို့ ယောဂီများ ဘာဖြစ်မလဲ။

သုခါယ ဝေဒနာယ ရာဂါနုသယော။

သုခဝေဒနာမှာ ရာဂဆိုတဲ့ အနုသယ ဝင်တတ်တယ်။နတ်စည်းစိမ်လောက် ကောင်းတော့ ကြိုက်တာပေါ့ဗျာ။ နတ်စည်းစိမ်လောက် မကောင်းတဲ့စည်းစိမ်လေးတောင် ကြိုက်နေသေးတာပဲ။

"နတ်စည်းစိမ်လောက်ကို ကောင်းနေပြီဆိုရင် ခွာအုံးမလား"
"မခွာနိုင်တော့ပါဘုရား"

မခွာတော့ဘူး။ အဲဒါမျိုးကျရင်တော့ လေးငါးခြောက်ရက် ထိုင်လိုက်မယ်။ ဟုတ်လား၊သုံးလေးနာရီထိုင်တဲ့အခါမှာတောင် သိပ်ကို ကောင်းနေတာ။ ကမ္မဋ္ဌာန်းကျောင်းက ထွက်လာရင်လဲ ဒီကနေ့ ထိုင်လို့သိပ်ကောင်းတာပဲ။ ပေါ့အေးကြည်လို့ ပီတိရဲ့အရသာ ခံစားလာခဲ့ရတာ။

အဲဒါဟာ လမ်းခွတ်လတ်မှာ တွေ့ရတဲ့ ဘူတာလေးနော်”
“မှန်ပါဘုရား”

ခရီးဆုံးဘူဘာခေတဲ့ မဟုတ်သေးဘူး။ လမ်းခွတ်လတ်မှာ တွေ့ဘဲ့ ဘူတာလေးတခုကို ခရီးဆုံးပြီအထင်နဲ့ မရပ်မိဖို့ အရေးကြီးတယ်။

“အရေးမကြီးဘူးလား”
“အရေးကြီးပါတယ်ဘုရား”

လမ်းခွတ်လတ် ဘူတာကို အပြစ်ရှာရမယ်။ အပြစ်မရှာရင် ဒီဘူတာက ခွနိုင်မှာမဟုတ်ဘူး။ အပြစ်ရှာဆိုတော့ ပြော်သားပဲဗျာ၊ ဝိပရိဏာမ ဒုက္ခကြီးရှာလိုက်ပေါ့။

“ဒီပိတီသုခဟာ ဝိပရိဏာမ သူ့မှာမရှိဘူးလား”
“ရှိပါတယ်ဘုရား”

ဒီပိတီဟာ ဖောက်ပြန်ပျက်စီးမယ်။ ဒီသုခလဲ ဖောက်ပြန်ပျက်စီးမှာ။ သူ့မှာ ဝိပရိဏာမဆိုတဲ့ အပြစ်ကြီး နောက်ကပ်နေတယ်။ ဒီအပြစ် တွေ့အောင်ရှာရင် ဖြေးဖြေး-ဖြေးဖြေး ဒီပိတီကနေ ခွထွက်သွားတယ်။

“ဒီလိုမဟုတ်လား”
“မှန်ပါတယ်ဘုရား”

အေး-ပိတီကိုခွာဆိုတာ ဝိပရိဏာမ အပြစ်ရှာပြီးတော့ ခွာရတယ်။ ဗျာန်ကျင့်စဉ်မှာ ပိတီကို အဲဒီလို ခွာတဲ့အကြောင်းတွေကို ဟောထားတာ အများကြီးရှိတယ်။

ပိတိယာ စ ဝိရာဇေတွာ။

ပိတိယာစ၊ ပိတိမှာလဲပဲ။ ဝိရာဇေတွာ၊ ကင်းကွာစေ၍။

အဲဒီပိတိကို ကွာသွားအောင် ဝိပရိဏာမ အပြစ်ရှာပြီးတော့ရှု။

ပိတိပဿဒ္ဓိသုခတို့ဟာ နတ်စည်းစိမ်လောက် ချမ်းသာတယ်။ ဘယ်လောက် ချမ်းသာတယ်ပြောပြော၊ ဒီချမ်းသာတာဟာ ပျက်စီးမှာပဲ။ ဒီချမ်းသာဟာ ပျက်စီးတယ်။ ဒီပိတိပဿဒ္ဓိသုခဆိုတဲ့ ချမ်းသာဟာလဲပဲ ဝိပရိဏာမ ပျက်စီးတယ်ဆိုတဲ့ အပြစ်ကြီးရှိတယ်လို့ ထမ်တလဲလဲရှုရင် ဖြေးဖြေး-ဖြေးဖြေးနဲ့ ပိတိကို စိတ်ကုန်သွားတယ်။ ပိတိနဲ့ရာဂဟာ ဖြေးဖြေးချင်း ကွာထွက်သွားတယ်။

"ဟုတ်လား"
"မှန်ပါဘုရား"

သညာနဲ့ ဝေဒနာဟာ စိတ္တသင်္ခါရလို အမည်ရတယ်

ဘုန်းကြီးတို့ယောဂီများ အဲဒီလို အစီအစဉ်နဲ့ တက်သွားရတယ်။ ဒီတော့ ပါဠိတော်စုံအောင် ပြောရအောင်—

ပီတိပဋိသံဝေဒီ၊အဲဒီလို ပီတိကိုလဲ ကောင်းစွာထင်ရှားအောင် ရှုမှတ်လျက်။

သုခပဋိသံဝေဒီ၊ ချမ်းသာခြင်းလို့ခေါ်တဲ့ ဝေဒနာကိုလဲပဲ ကောင်းစွာထင်ထင်ရှားရှား ရှုမှတ်လျက်။

စိတ္တသင်္ခါရ ပဋိသံဝေဒီ၊ စိတ္တသင်္ခါရလို့ခေါ်တဲ့ သညာ ဝေဒနာ ကိုလဲ ကောင်းစွာထင်ရှားအောင် ရှုမှတ်လျက်။

စိတ္တသင်္ခါရဆိုတာ သညာနဲ့ ဝေဒနာ။

"စိတ္တသင်္ခါရဆိုတာ"
"သညာနဲ့ ဝေဒနာပါဘုရား"
သညာက မှတ်ထားတယ်၊ မနက်က ပြောပြီးပြီ။
"သညာဆိုတာ"
"မှတ်ထားတာပါဘုရား"

အမှတ်လွဲရင် တံလှပ်ရေထင်ပြီးတော့လိုက်သလို လိုက်တော့မယ်။ ပီတိသုခကို ဘုန်းကြီးတို့ယောဂီများ အမှတ်လွဲရင် သန္ဓိသုခထင်ပြီးတော့ ရပ်နေတော့မယ်။ သညာ၊ ဒီနေရာမှာ ပီတိကို အမှတ်မလွဲစေနဲ့။ သုခကို အမှတ်မလွဲစေနဲ့။ သညာက ချမ်းသာတယ် ချမ်းသာတယ်လို့ မှတ်နေတယ်။ ချမ်းသာတာလေးကို မှတ်ရုံပဲမှတ်တယ်။ ဒီချမ်းသာတာဟာ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ။

တနည်းပြောရရင်—

(၁) ဝိပရိဏာမ-အပြစ်ကြီးသင့်နေတဲ့ ချမ်းသာ။
(၂) အပြစ်ကင်းတဲ့ ချမ်းသာ။

ချမ်းသာကို အဲဒီလိုနှစ်မျိုးခွဲမှ အပြစ်သင့်နေတဲ့ ချမ်းသာနဲ့ အပြစ်လွတ်တဲ့ ချမ်းသာ။

"ဘယ်နှစ်မျိုးလဲ"
"နှစ်မျိုးပါဘုရား"
ပီတိနဲ့ယှဉ်နေတဲ့ ဒီချမ်းသာဟာ—
"အပြစ်ကင်းသလား၊ မကင်းဘူးလား"
"မကင်းပါဘုရား"
"ဘာအပြစ်လဲ"
"ဝိပရိဏာမဒုက္ခ အပြစ်ကြီးပါဘုရား"

ဖောက်ပြန်ပျက်စီးမယ့် အပြစ်ကြီးကပ်နေတယ်။ အဲဒီအပြစ်ကြီး ကပ်နေတဲ့ ပီတိသုခဆိုတဲ့ ဒီချမ်းသာကို ဖောက်ပြန်ပျက်စီးမှု လုံးလုံးမရှိတဲ့ နိဗ္ဗာန်ချမ်းသာလို့ ထင်မှတ်လိုက်ရင် ဒီသညာဟာ ဂိပ္ပလ္လာသ။

"သညာလဲပြီနော်"
"မှန်ပါဘုရား"

အေး-ဒီသညာကိုလဲ မှန်မှန်ကန်ကန်ကြီး ရှုမှတ်ချမယ်၊ စိတ္တသန်ဂါရ မှတ်တယ်ဆိုတဲ့ သညာစိတ်နဲ့တဲ့။ စိတ်နဲ့တဲ့နေတဲ့ ဒီသညာလေးမှန်ပစေ။ စိတ္တသန်ဂါရ တည်းဟူသော သညာ၊ စိတ္တသန်ဂါရတည်းဟူသော ဝေဒနာ။

"ဘာဝေဒနာပါလိမ့်"
"စိတ္တသန်ဂါရတည်းဟူသော ဝေဒနာပါဘုရား"

စိတ္တသန်ဂါရဆိုတဲ့ ဒီဝေဒနာဟာ သုခဝေဒနာ။ ယခုဖြစ်နေတဲ့အခိုက် သုခဝေဒနာနော်။ သညာ၊ ဝေဒနာ ဒီတရားနှလုံးကို ဘုန်းကြီးတို့စာပေစကားက စိတ္တသန်ဂါရလို့ခေါ်တယ်။

"ဘာလို့ခေါ်တယ်"
"စိတ္တ သန်ဂါရလို့ ခေါ်ပါတယ်ဘုရား"

ဘော ဓမ္မာ စိတ္တပဋိဗဒ္ဓါ။

စိုးဒေဝဒတ္တလွှတ်မှာ ဒီသညာ ဝေဒနာနှစ်ပါးဟာ စိတ်နဲ့ စပ်နေတယ်၊ ကပ်နေတယ်။ မှတ်သားတယ်ဆိုတဲ့စိတ်နဲ့ ကပ်ပြီးတော့မှတ်ရတယ်။ ခံစားတယ်

ဆိုတဲ့စိတ်နဲ့ ကပ်ပြီးတော့ ခံစားတယ်၊ ဒဲ့ဒီလို စိတ်နဲ့တဲ့ကပ်ပြီးတော့ နေတဲ့ အတွက်ကြောင့် သည်၊ ဝေဒနာနှစ်ပါးဟာ စိတ္တသန်ဳံရ အမည်ရပါတယ်။

ဒါဖြင့်—ယခုအခါမှာ ဒီယေးဂီဟာ—

"စိတ်ကိုရှုရမလား၊ ကာယကိုရှုရမလား၊ စိတ္တသန်ဳံရဆိုတဲ့ သုခဝေဒနာကို ရှုရမလား"

"စိတ္တသန်ဳံရကို ရှုရမှာပါဘုရား"

ဟုတ်ပြီ။ စိတ္တသန်ဳံရလို့ ခေါ်ဆိုရတဲ့ သုခဝေဒနာတွေဟာ ပီတိနဲ့ ရောပြီးတော့ လွှမ်းနေတဲ့အတွက်ကြောင့် စိတ္တသန်ဳံရတည်းဟူသော စိတ်နဲ့တဲ့နေတဲ့ ဒီသုဝေဒနာကို စိုက်ပြီးတော့ရှုနော်။ ပီတိလဲပဲ ထင်ရှားလာတယ်။ စိတ္တသန်ဳံရ လို့ခေါ်ဆိုရတဲ့ သုခဝေဒနာလဲပဲ ကောင်းစွာထင်ရှားလာတယ်။ ရှုကွက်ထဲ ပေါ်လာပြီနော်။ နောက်တခု—

ပီတိဟာ လျှပ်ပေါ်တဲ့သဘောရှိတယ်

ပဿမ္ဘယံ စိတ္တသန်ဳံရံ အာသာသိဿာမိတိ သိက္ခတိ၊ ပဿမ္ဘယံ စိတ္တသန်ဳံရံ ပဿသိဿာမိတိ သိက္ခတိ။

စိတ္တသန်ဳံရံ၊ စိတ္တသန်ဳံရကို။ပဿမ္ဘယံ-ပဿမ္ဘယဒွေ၊ ငြိမ်ချမ်းစေလျက်။ အာသာသိဿာမိ ပဿသိဿာမိ ထွက်ဒေသဝင်လေကို ဖြစ်စေအံ့။ ကွတိ၊ ကျိသို့။ သိက္ခတိ၊ အားထုတ်၏။

စိတ္တသန်ဳံရဟာ တခဖြေးဖြေးနဲ့ ငြိမ်သွားရမယ်။ ဘာပြုလို့ ဒီအဓိပ္ပာယ်ပြောရလဲဆိုရင် သုဝေဒနာ ကောင်းကောင်းကြီး လွှမ်းနေတဲ့ ယောဂီဟာ သခဝေဒနာကို မရှုမမှတ်ပဲ ဒီအတိုင်း မျှောပြီးတော့ ခံစားလိုက်သွားရင် ပီတိကို မရှုမှတ်ပဲနဲ့ ပီတိတွေ လွှမ်းနေတာကို မျှောပြီးတော့ လိုက်သွားခဲ့ရင် ဒီဘိုးတာဟာ အလွန်ဘုရား ဥပဓိလာပိတ သဘောလို့ စာပေက ပြောတယ်၊ ဥပဓိလာပိတဆိုတာဟာ သိပ်ပေါ်လွင်တဲ့သဘော သိပ်လျှပ်ပေါ်တဲ့ သဘော။

ဘုန်းကြီးဘို့ ယောဂီများ ဝင်နှစ်ကျပ်နဲ့ ထီထိုးထား၊ မျှော်လင့်ချက်ကြီး ကြီးနဲ့ လက်မှတ်ကို အိပ်ထဲထဲ့၊ ထီဖွင့်ပြီလဲဆိုရော၊ ဂဏန်းလေးနဲ့ တိုက်ကြည့်လိုက်ဘယ်၊ ကလုံးလောက် တိုက်ဘယ်ဆိုရင် ရင်ထဲမှာတလှပ်လှပ်နဲ့၊ နှစ်လုံး

လောက်တို့က်တယ်ဆိုရင် တော်တော်လေး ခုန်လာတယ်။ သုံးလုံးတိုက်လာတယ် တယ်ဆိုရင် မြေကြီးပေါ် ခြေထောက်သိပ်မထိချင်ဘူး။ လေးလုံးတိုက်ပြီဆိုရင် ခြေနှစ်ချောင်းမြှောက်မရလို့သာ။ ခြောက်လုံးစလုံး အကုန် တိုက်ပြီလဲဆိုရော ဝုန်းကနဲ ထခုန်တော့တာပဲမဟုတ်လား။ ဝမ်းမြောက်လွန်းလို့နော်။

ဗီတိဟာ အဲဒီလို အလွန်လျှပ်ပေါ်တဲ့ သဘောရှိတယ်။ ဗီတိရဲ့အပြစ်ကို ဒီလိုမြင်ထားရမယ်။ ဂီကိဟာ အဲဒီလို မငြိမ်သက်ဘူး။ လူကို ယောက်ယက် ခတ်ခံစေတဲ့ သဘောရှိတယ်။ စိတ်ထဲ ငြိမ်းချမ်းဘာတော့ မှန်တယ်။ ငြိမ်းချမ်း တာဝေတို့ကို သိပ်ကျေနပ်လွန်းလို့ ယောက်ယက်ခတ်တယ်။ ဒီလူမငြိမ်သက်ဘူး။ အဲဒါကို အပြစ်အနေနဲ့ သဘောကျထားရမယ်။ ပီတိရဲ့အပြစ် စာသုံးက အဲဒါကို ဥပုသ်ပဝါရဏာ လျှင်ပေါ်တဲ့ ယောက်ယက်ခတ်တဲ့သဘော။

လျှပ်ပေါ်တဲ့ ယောက်ယက်ခတ်တဲ့ အလွန်ပေါ်လွင်တဲ့ သဘောရှိတဲ့ပီတိကို ဘုန်းကြီးတို့ ယောဂီများ မရှုမှတ်ပဲနဲ့ ဒီအတိုင်းပစ်ထားရင် ကောင်းကင် မြောက်ဟက်သွားတဲ့ လေယာဉ်ပျံ စီးရသလို တခါတည်း သွားနေရော။ ရေလှိုင်းတွေ လေလှိုင်းတွေ စီးရသလိုဆိုလို့ရှိရင်လဲပဲ သိပ်ဟန်ကျ။ ဂွမ်းပုံကြီး ဆိုသဲ့ လိုက်ယလိုဆိုသို့ရှိရင်လဲ သိပ်ကောင်းနေတာပဲ။ အဲဒါတွေမှာ မျှော်ပြီး ကော့ စုန်ချည်ဆန်ချည်နဲ့ သွားနေရင် အဲဒါ ကြားဘူတာ ဝင်အိပ်ကာ။

"ဒီလိုမနေဘူးလား"
"နေပါတယ်ဘုရား"

အဲဒီလို လျှပ်ပေါ်ခေလာ်လီမှုတွေ မဖြစ်စေခြင်းငှာ ဒီဗီတိကို ကောင်း ကောင်း ထင်ထင်ရှားရှား အပြစ်ဖော်ပြီးတော့ရှု။ ဒါ့ကြောင့် ပထမရှုကွက်မှာ ဘုရားရှင်က -

ပီတိပဋိသံဝေဒိ၊ ပီတိဖြစ်နေတယ်ဆိုတာကို ကောင်းကောင်း ထင်ထင် ရှားရှား ရှုမှတ်လျက်။

သုခပဋိသံဝေဒီ၊ ချမ်းသာစေးနေရတယ်ဆိုတဲ့ သဘောတွေကို ကောင်း ကောင်းကြီး ထင်ရှားရှုမှတ်လျက်။

စိတ္တသင်္ခါရပဋိသံဝေဒီ၊ သညာဝေဒနာဆိုတဲ့ ဒီစိတ္တသင်္ခါရတရားနှစ်ပါးကို ကောင်းကောင်းကြီး ထင်ရှားစေလျက်။ အာဿသိဿာမိ ပဿသိဿာမိ၊ ထွက်လေ ဝင်လေကို ဖြစ်စေခဲ့။

အဲဒါကို ချုပ်လိုက်တော့—

ပဿမ္ဘယံ စိတ္တသန်ဒါရုံ။

စိဘ္ဘာသန်ဒါရုံ၊စိတ္တသန်ဒါရခေါ်ဆိုရာဘဲ ဟာဒီပိဘိကြောင့် ဖြစ်ပေါ်လာရတဲ့ ချမ်းသာခြင်းဆိုတဲ့ သုခဝေဒနာ၊ ဒီပီတိနဲ့ သုခကိုမှတ်နေတဲ့ ဒီဈာန်းတွေကိုလဲပဲ ငြိမ်းချမ်းစေလျက်၊ အာသာသာမိ ပဿသိဿာမိ၊ ထွက်ခဲ့လ ဝင်လေကို ဖြစ်စေအံ့။

ပီတိကိုလဲပဲ ဖြေးဖြေး ချုပ်ငြိမ်းစေရမယ်။

“ဘာကို ချုပ်ငြိမ်းစေရမလဲ”
“ပီတိကိုပါဘုရား”

ဒီပီတိကို အပြစ်ချာပြီးတော့ရှု၊ ချုပ်ငြိမ်းစေရမယ်။ ပီတိကို အပြစ်ချာမရှုပဲနဲ့ ဒီအတိုင်း လက်ခံထားရင် ခုနက ထီပေါက်လို့ ထခုန်သလိုဖြစ်လိမ့်မယ်။

“ဟုတ်ကယ်မဟုတ်လား”
“မှန်ပါတယ်ဘုရား”

အဲဒါကြောင့် ပီတိကို တဖြေးဖြေးခွာပြီးတော့ ငြိမ်းသွားစေခြင်းငှါ ဝိပရိဏာမဆိုတဲ့ ဖောက်ပြန်တဲ့ အပြစ်ကြီးအနေနဲ့ သူ့ကိုစိုက်၍ စိုက်၍ရှုလိုက်ရင် ဖြေးဖြေး ဖြေးဖြေးနဲ့ ပီတိလဲ ငြိမ်သွားတယ်။

“ဟုတ်လား”
“မှန်ပါဘုရား”

ပီတိသုခတို့ တဖြေးဖြေးချင်း ဖြေးဖြေးချင်း ပါးပါး ပါးပါးသွားတော့ မူလကမ္မဋ္ဌာန်း ထွက်လေ ဝင်လေပြန်ရောက်လာတယ်။

“ဟုတ်ပြီနော်”
“မှန်ပါဘုရား”

ပီဘိပဿဒ္ဓိကြောင့်ဖြစ်တဲ့ သုခဝေဒနာကို အဲဒီလိုရှုရမယ်လို့ ဒုတိယ စတုက္ကမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် အာနာပါနသတိ သုတ္တန်းမှာ ရှုကွက်ပေးပါတယ်နော်။ အဲဒါကို မရှုမိရင် ပီတိပဿဒ္ဓိတို့ကို သိပ်ပြီးတော့ အကျကြီး ကျေနပ်နေရင် ခုနကရှတ်တဲ့ ပါဠိတော်အရ—

သူညာဂါရံ ပဝိဋ္ဌဿ၊ ဆိတ်ငြိမ်ရာအရပ်ကို ဝင်ရောက်၍နေသော။ သန္တံ စိတ္တဿ ဘိက္ခုနော၊ နိဝရဏမှ ငြိမ်းချမ်းသော စိတ်ထားရှိသော ရဟန်းတော်၏။ (ဝါ)ယောဂီပုဂ္ဂိုလ်၏။ သမ္မာဓမ္မံ ဝိပဿတော၊ ကောင်းစွာ ဝိပဿနာကမ္မဋ္ဌာန်း ရှုမှတ်၍နေစဉ်။အမာနုသိံ ရတိ၊နတ်စည်းစိမ်တမျှ ကောင်းတဲ့ မွေ့လျော်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဒါလောက်ကောင်းနေရင် ဒီပုဂ္ဂိုလ် ဒီနေရာက မခွာပဲ ဖြစ်လိမ့်မယ်။ မခွာရင် အဲဒီလူ ဘာဖြစ်လဲ၊ ဘုတာဆုံး မရောက်ပဲနဲ့ လမ်းခွတ်လတ် ဘုတာမှာ ဝင်ရပ်လိုက်တာ။

“ဒီလိုမဟုတ်လား”
“မှန်ပါဘုရား”

ဒီဘုတာသည်ပင်လျှင် ငါသွားရမယ့် ခရီးဆုံးဘုတာလို့ အထင်ရောက်ရင် အထင်ကြီးမိတဲ့ ဘုတာတခုမှာ ဝင်ဆိုက်တာ၊ ပီတိပဿဒ္ဓိသုခမှာ ဝင်ဆိုက်တာ။ ပီတိသုခပဿဒ္ဓိဆိုတဲ့ ကြားဘုတာလေးမှာ ဝင်ဆိုက်ရင် ဒီလူဟာ ခရီးဆုံးဘုတာကို မရောက်နိုင်ဘူးဆိုတာ သေချာပြီနော်။ လက်မှတ်လဲဆုံးရော ခရီးလဲပဲ မတွင်တော့ဘူး။

အဲဒီလိုဖြစ်မှာပဲစိုးလို့ ဘုရားရှင်ကိုယ်တော်မြတ်က အဲဒါကို ရှုပါတဲ့။ဒီတော့ ဒီနေရာမှာ ခရီးဆုံးဘုတာပဲလို့ ထင်ပြီးတော့ ရပ်နေခြင်းကို စာပေက အဓိမာနလို့ခေါ်တယ်။ အမြစ်တွေမြေထဲ ငုပ်နေတယ်မဟုတ်လား။ ရုပ်ဓမ္မ နာမ်ဓမ္မတွေထဲမှာ သူ့ကိုလေသာတွေက ငုပ်လျှိုးနေတာ၊ သူကဖြိုမှ မရှုပဲ။ အပေါ်ယံတွင်ကိုင်းတောမီးနဲ့ မြှုက်သလို မြှုက်ထားတော့ ပြီးပြီ အောက်မေ့နေတာ။မိုးမကျသေးလို့နော်။ မိုးကျရင် အဲဒါ ထောင်းကနဲ ကိုလေသာတွေ ထလာရင် ခက်မှာ။ အေး-ဒါကြောင့် ဝိက္ခမ္ဘနပဟာန်။

“ဘာပဟာန်တဲ့လဲ”
“ဝိက္ခမ္ဘနပဟာန်ပါဘုရား”

ဈာန်သမာဓိတန်ခိုးနဲ့ ကိုလေသာကို အဲဒီလိုဥာတာဟာ ဝိက္ခမ္ဘနပဟာန်လို့ခေါ်ပါတယ်။ ဒီသမာဓိဈာန်၊ ပီတိပဿဒ္ဓိတွေ မပျက်မချင်း ကိုလေသာမလာဘူး။ ပီတိပဿဒ္ဓိတွေ ပျက်စီး၊ ဒီသမာဓိဆိုတဲ့ ဈာန်တန်ခိုးကလဲ ပျက်စီး

ပြီဆိုတဲ့တနေ့ ကိုလေသာ ပြန်လာလိမ့်မယ်နော်။ အဲဒါ အထင်ရောက်ရင် အထင်ကြီးရင် အဓိမာန။

"ဘာတဲ့တုံး"
"အဓိမာနပါဘုရား"

ပိတိသုခရဲ့ အရသာ နီဗ္ဗာန်လို့ထင်ရင် အဓိမာန။ ပိတိသုခကြောင့် ကိုလေသာခွာထားတာ မင်္ဂလို့ထင်ရင် အဓိမာန။ အဓိမာနဆိုတာ လွန်လွန်ကဲကဲ အထင်ရောက်တာ။ တနည်းပြောရရင် အဲဒါဟာ သညာရဲ့ လှဲချခြင်းပါပဲ။ မှတ်သားမှုရဲ့ အလှဲပဲ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ဝက္ကလိမထေရ်

အေး-ဒါကြောင့် ဒီနေရာမှာ ဘုန်းကြီး ဘာပြောချင်ကုံးဆိုလို့ရှိရင် အဓိမာနနဲ့ပတ်သက်လို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်လက်ထက်က ဝက္ကလိမထေရ်ကြီးရဲ့အကြောင်းကို ပြောအုံးမယ်။

"တို့ယောဂီများ ဘယ်သူပါလိမ့်"
"ဝက္ကလိ မထေရ်ပါဘုရား"
ဝက္ကလိ နှစ်ပါးရှိတယ်။
"ဝက္ကလိ ဘယ်နှစ်ပါးရှိလဲ"
"နှစ်ပါးရှိပါတယ်ဘုရား"

မြတ်စွာဘုရားရဲ့ အဆင်းတော်ကို ကြည်ညိုလှချည်ရဲ့ဆိုပြီး ဘုရားသွားရာနောက်ကနေလိုက်ပြီးတော့ ကြည်ညိုနေတဲ့ ကိုယ်တော်ဘပါး၊ သူလဲ ဝက္ကလိပဲ။ နောက်တော့ ဘုရားရှင်ကိုယ်တော်မြတ်က ချစ်သား ဝက္ကလိ၊ ငါဘုရားရဲ့ ဟော ဒီ အပုပ်ကိုယ်ကြီး မင်းကြည့်ပိုနေခြင်းဖြင့် ဘာအကျိုးရှိမလဲ ဆိုပြီးတော့ နှင်ကုတ်လိုက်တော့မှ စိတ်ညစ်ပြီး တနေရာရောက်သွား၊ တောင်ကြီးပေါ်က ခုန်ချသေမလို့ကြံသေးတယ်။ အဲဒီမှာ ဘုရားရှင်က စိတ်ညစ်နေတဲ့ ဝက္ကလိကို ရောင်ခြည်တော်တွေ လွှတ်ပြီးတော့ တရားပေးလို့ ဝက္ကလိ အာသဝေါကင်းကွာ ရဟန္တာဖြစ်တယ်။ အဲဒီဝက္ကလိမဟုတ်ဘူး။ နောက် ဝက္ကလိတပါး

ရှိသေးတယ်။ဝင်္ကလိမထေရ်လို့ နောက်တပါးရှိပါသေးတယ်။ သံယုတ္တနိကာယ်မှာ ဝင်္ကလိသုတ္တန်ရယ်လို့လဲပဲ သုတ္တန်တခုရှိတယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဝေဠုန်ဝန်မင်းကျောင်းမှာ ကိန်းအောင်းနေသောအခိုက်။ ထိုဝင်္ကလိမထေရ်က ဘယ်မှာတုံးဆိုတော့ ဣသိဂိလိတောင်ကာ ကာဠသိလာဆိုတဲ့ ကျောက်ဖျာကြီးပေါ်မှာ သူက တရားအားထုတ်နေတယ်။ ဣသိဂိလိတောင်၊ ကာဠသိလာလို့ခေါ်တဲ့ ကျောက်ဖျာပြင်မှာ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းကြိုးကုတ် အားထုတ်နေတဲ့ ဝင်္ကလိမထေရ်ရှိကြောင်းမှန်းပြီးတော့ ကြည့်လိုက်။ဘုရားရှင်ကိုယ်တော်မြတ်က အဲဒီ ရုဇဂြိုဟ်ပြည်နားက ဝေဠုဝန်ကျောင်းမှာ ရှိနေတယ်။

ဝင်္ကလိမထေရ် အဓိမာနဖြစ်ပုံ

ဝင်္ကလိမထေရ်ဟာ အားထုတ်ယင်း အားယုတ်ယင်းနဲ့ ဘာဖြစ်တုံးဆိုတော့ သမာဓိကို ယခုနက ပြောခဲ့တဲ့အတိုင်း ပိတိပဿဒ္ဓိတို့အထိ ကျကျနန ကောင်းကောင်းကြီးရတယ်။ဝိပဿနာဉာဏ် ဆယ်တန်ကိုလဲပဲ ကျကျနနကြီး သူရတယ်။ ဝိပဿနာဉာဏ် ဆယ်ကန်နဲ့ သမာဓိတဲ့ပြီး ကိလေသာကို ပယ်လိုက်တော့ တော်ဝင်တော့ကို ဟန်ကျနေတာကိုး။ကိလေသာက ကွာနေတာ။ ကိုင်းတောကြီးမီးနဲ့ ရှို့ထားသလို ဖြစ်နေတာ။ အဝုတ်တောင်မကျန် ပြောင်နေတယ် မဟုတ်လား။

ဝင်္ကလိမထေရ်ရဲ့ အားထုတ်စဉ်ဟာ သမာဓိနဲ့ လောကီဝိပဿနာဉာဏ် ဆယ်တန် ဒါပဲ။မဂ်ဇော် သူမရောက်ဘူး။ လောကီဝိပဿနာဘက်တော့ ကျကျနနရတယ်။ သမာဓိစခန်းမှာ အထက်တန်းရောက်အောင် သူရတယ်။ အဲဒီလို သမာပိနဲ့ လေးကဲဝိပဿနာဉာဏ်ကနေ ကိလေသာတွေကို ပယ်ထားတဲ့ အတွက် ကြောင့်-ဝင်္ကလိမထေရ်ရဲ့ သန္တာန်မှာ ကိလေသာတွေရဲ့ ဖြစ်ပေါ်ခြင်းဟာ တခါမှ မရှိဘူး။ တခါမှ မရှိတော့ သူ့စိတ်ထဲမှာ အဲဒါကိုပင်လျှင် ငါတော့ ကိုးပြီးပြီလို့ သူအထင်ရောက်တယ်။ ဒါကို ဘုန်းကြီးတို့ အင်္ဂကထာကြီးက ကောက်နုတ်ချက်ပေးပါတယ်။ ဘယ့်နှယ်ပေးတုံးဆိုတော့။

> ယေရော ကိရ အဓိမာနတော ဟောတိ၊သော သမထဝိပဿနာဟိ ဝိကွမ္ဘိတာနံ ကိလေသာနံ သမုဒါစာရံ အပ္ပဿန္တော ခီဏာသဝေါမ္ပိ တေ သည်ဖြင့် အဟောသိ—တဲ့။

ထေရာ၊ အရွင်ဝက္ကလိမထေရ်ကြီးသည်။သမထဝိပဿနာဝေသန၊ သမထ ဝိပဿနာရဲ့ အစ္ဆမ်းအားဖြင့်။

အားထုတ်တာနှစ်ခု။ သမထရော ဝိပဿနာရော၊ သမထဆိုတာက ရှေ့ပိုင်း သမာဓိစခန်းပျူလိုက်တယ်။ထိုသမာဓိအခြေခံယူ ဝိပဿနာတက်လိုက်တယ်ခေါ်။ ဒါ့ကြောင့်—

သမထဝိပဿနာဝဓသန၊ သမထဝိပဿနာရဲ့ အစ္ဆမ်းအားဖြင့်။ ဝိက္ခမ္ဘိတာန်၊ ပယ်ခွာ၍ ထားအပ်ကုန်သော။ ကိလေသာနှံ၊ ကိလေသာတို့ရဲ့။ သမုဒါစာရံ၊သူ့သန္တာန်ဖြစ်ပွားလာခြင်း ကျက်စား၍ လာခြင်းကို။အပ္ပဿဒ္ဓေါ။ မမြင်ရသည်ဖြစ်၍။

သမထဝိပဿနာနဲ့ ခွာထားတဲ့အတွက်ကြောင့် သူ့သန္တာန်မှာ ကိလေသာတွေ ဖြစ်ပွားလာတာကို သူမတွေ့မမြင်ဘူးတဲ့။သမထတန်ခိုး ဝိပဿနာတန်ခိုးနဲ့ ခွာထားတာ။

“ကိလေသာဖြစ်သလား”

“မဖြစ်ပါဘုရား”

တို့ယောဂီများ အခုလို ထိုင်နေတဲ့အခိုက် လောဘလဲ ဘယ်သူမှမဖြစ်ဘူးနော်။ ဒေါသလဲပဲ မဖြစ်ဘူး။ မောဟလဲပဲ မဖြစ်ကြဘူး။ ဒိဋ္ဌိလဲ မရှိကြဘူး။ ကိုင်း-ဒါဖြင့် ကိလေသာ တခါတည်း ပြီးပြီလား၊ ကုန်ပြီလားဆိုတော့—

“ဘယ်နှယ်တုံး”

“မကုန်သေးပါဘုရား”

မကုန်သေးဘူး။ ဝိပဿနာဉာဏ်လေးနဲ့ အခိုက်အတန့် ခွာထားလို့ ကုန်နေတာ။ ဒီတော့ ဒီဝိပဿနာဉာဏ်တွေက ဆက်တိုက်ဆက်တိုက် တခါတည်း တောက်လျှောက်ကြီး ဆက်သွားတဲ့အခါကျတော့ အရှိန်တွေက တရကြမ်း တခါတည်း ရှေနဲ့နောက်နဲ့ ကြားမလပ်ရအောင် ဆက်နေပြီဆိုတဲ့ အခါကျတော့ ကိလေသာက ပလာတော့ဘူး။

ဘုန်းကြီးတို့ယောဂီများ အားထုတ်တာကမှ လပ်သေးတယ်။ ဟနာဂိအားထုတ်၊နောက် နာဂိဝက်နား၊ တနာဂိအားထုတ်၊တနာဂိနား၊တနာဂိအားထုတ်၊ နှုတ်နာဂိလောက်နားဆိုတော့ ကြားထဲမှာ ကြားခံခံတောင်နေသေးတယ်နော်။

နားတာနဲ့ အားထုတ်တာ ဆက်ပေးထားလို့ တော်သေးတာ။ နားတာနဲ့ အားထုတ်တာ ဆက်ပေးထားလို့ နားတာလဲပဲ ဝိပဿနာကုသိုလ်ဖြစ်တယ်နော်။ နားတာနဲ့ အားထုတ်တာ နားတဲ့အထဲ ပိုပြီးတော့ သူတို့ စိတ်ဝင်စားပုံရတယ်။ ဘုန်းကြီးတော့ ဒီလိုပဲ ထင်တယ်။ ဟုတ်လား။

ဒီအတိုင်းဆိုရင် ဒီဘုန်းကြီးတော့ ပလွှင်ပေါ်က ဆင်းရမယ့်ပုံမပေါ်ဘူး။ ကိုယ်ကခတော့ တချိန်တချိန်ကို သုံးနာရီလောက် ဆက်တိုက် ဒီလိုပေးလိုက်ချင်တာ။ ဟောဘာကတော့ နာရီဝက်လောက်ပဲ အလုပ်ပေး တရားလေးသန့်သန့်ပဲ ဟောမှာ။ ပြီးတော့-အားပေးတိုက်တွန်းတဲ့တရားလေး နာရီဝက်လောက်ဟော။ တနေ့ တနာရီလောက်ဟောရင် တော်ပြီ။ သုံးနာရီလောက် ဆက်တိုက်ထိုင်။ နာရီဝက်လောက် စကြံ့လျှောက် အဲဒီလိုမှ ကောင်းမှာ။

စိတ္တာလမထေရ်ကြီး အားထုတ်တော်မူလိုက်တာ ကြည့်စမ်း။ ဗိုက်ထဲက အူတွေ ပေါက်ထွက်တဲ့အထိ အလုပ်လုပ်သွားတယ်နော်။ အဲဒီလောက် အလုပ်လုပ်လို့လဲ ဒီလိုရတာဗျ။ ဘုန်းကြီးတို့ ယောဂီများ အားထုတ်စေချင်လို့ တိုက်တွန်းတဲ့စကားကို ပြောတာပါ။ ကြိုးစားစေချင်လို့ပါနော်။

ဗုဒ္ဓ၏ အားပေးစကား ၃-ခွန်း

အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဒုနာထ မစ္စုနော သေနံ၊ နဠာကာရံဝ ကုဉ္ဇရော။

ဘုရားရှင် အားပေးတဲ့စကား။

ဗုဒ္ဓသာသနေ၊ ငါ့ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဟောဒီ သဒ္ဓမ္မသုံးဖြာ သာသနာတော်မှာ။ အာရမ္ဘထ၊ စတင်ပြီးတော့ အားထုတ်ကြကုန်တော့လေ့။
အာရမ္ဘဝီရိယ-စပြီးတော့ အားထုတ်တယ်။

နိက္ကမထ၊ အပျင်း ဓာတ်တွေကို ထွက်သွားအောင် အားထုတ်ကြကုန်တော့လေ့။

အဲဒါက ဒုတိယအဆင့် စအားထုတ်တယ်နော်။ ပျင်းတယ်ဆိုတာလေး ကျန်သေးတယ်။ အဲဒီအပျင်းဓာတ်တွေကို ထွက်သွားအောင် တဆင့်တက် အားထုတ်။ နိက္ကမထ-ပျင်းတယ်ဆိုတဲ့သဘောတွေကို နှုတ်ထုတ်ပစ်လိုက်။

ယုဥ္ဇထ၊ ကိလေသာတွေနဲ့ အပြင်းအထန် စစ်တိုက်သလို အားထုတ်ကြ။ အားထုတ်ပုံကို သုံးဆင့်တိုက်တွန်းတယ်။

(၁) အာရမ္ဘထ-စတင်ပြီးတော့ အားထုတ်ကြ။

(၂) နိက္ကမထ-ပျင်းတယ်ဆိုတဲ့ အပျင်းဓာတ်တွေကို နှင်ထုတ်ဖို့ရန် အားထုတ်ကြ။

(၃) ယုဥ္ဇထ-ခုန်သူနဲ့ ရင်ဆိုင်စစ်တိုက်-သေနတ်တွေ လေးတွေနဲ့ အပြင်းအထန် စစ်တိုက်သလို ကိလေသာရန်သူတွေနဲ့ အကြိတ်အနယ် တိုက်ခိုက်ပြီးတော့ အားထုတ်ကြ။

ဒုနာထ မာ၌နော သေနံ၊ နဋ္ဌာကာရံဝ ကုဋ္ဌေ။

ကုဋ္ဌေရာ၊ ဆင်ပြောင်ကြီးသည်။ နဋ္ဌာကာရံ၊ ကျ။ရိုးကလေးတွေနဲ့ဆောက်ထားတဲ့အိမ်ကလေးကို။ဒုနာယတိ.ဟ္ကဝ၊ဆဲပြီးတော့ရမ်းပစ်လိုက်သလို။ ဇဝမေဝ ဧဝံတထာ၊ ပမာထားယူ ထို့အတူ။ မဗ္ဘ၊နော သေနံ၊ သေမင်းရဲ့ စစ်ဘပ်ဆိုတဲ့ ကိလေသာရန်သူတွေကို။ ဒုနာထ၊ ဖျက်ဆီးလိုက်ကြ ကုန်တော့လော့။

ဘုရားရှင်က ဒီလိုအာ၊ပေးထားတာ ဆင်ပြောင်ကြီးက အိမ်ကလေးကို ဆဲဖျက်ပစ်သလို ဘုန်းကြီးတို့ ယောဂီများရဲ့ ခန္ဓာထဲရှိနေတဲ့ကိလေသာတွေကို ဆင်ပြောင်ကြီး အားကောင်းကောင်းနဲ့ ဆဲဖျက်သလို ကိလေသာတွေကို အကုန်လုံးဆဲပြီးတော့ ထုတ်ပစ်ရမယ်။

စတင်ပြီး အားထုတ်ကြရမယ်။

အပျင်းဓာတ်တွေကို ထွက်သွားအောင် အားထုတ်ကြရမယ်။

စစ်တပ်နဲ့ ရန်သူ ရင်ဆိုင်ပြီး အပြင်းအထန် တိုက်သလို ကိလေသာတွေကို အကြိတ်အနယ်ရင်ဆိုင်ပြီး အနိုင်ရအောင် အားထုတ်ကြရမယ်။

အဲဒီလို အားထုတ်ကြရမှာ။ စစ်တပ်နဲ့ သူပုန်ရင်ဆိုင်ကြိတ်နေတယ်။ အဲဒီမှာ သူပုန်က တဒိုင်းဒိုင်းလဲပစ်ရော သေနတ်လေးပစ်ချပြီး ထွက်ပြေးမယ်ဆိုရင် နောက်က လိုက်သတ်လိမ့်မယ်နော်။ ဘုန်းကြီးတို့ ယောဂီများကို ကိလေသာ

သူပုန်တွေက လေးဘက် လေးတန်ဝိုင်းထားတာ။ အဲဒါလက်နက်ချပြီးတော့ နောက်ပြန်မယ်ဆိုရင်တော့ ဘယ့်နှယ်ဖြစ်မှာလဲ၊ တိုက်ပဲ့မှာကျလိမ့်မယ်။ နောက်မဆုတ်ကြနဲ့နော်။

အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဒုနာထ မစ္ဆုနော သေနံ၊ နဉ္ဇာကာရံဝ ကုဉ္ဇရော။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ အာရမ္ဘထ၊ စတင်ပြီးတော့ အပြင်းအထန် အားထုတ်ကြကုန်တော့လော့။ နိက္ကမထ၊ ကိလေသာအပျင်းစာတ်တွေကို ထုတ်ခွာသွားအောင် အားထုတ်ကြကုန်တော့လော့။ ယုဉ္ဇထ၊ ကိလေသာတွေနဲ့ ရင်ဆိုင်တိုက်ပဲ့ ဆင်နွှဲကြကုန်တော့လော့။

ကုဉ္ဇရော၊ ဆင်ပြောင်ကြီးသည်။ နဉ္ဇာကာရံ၊ ကျွန်ုပ်ဆောက်ထားတဲ့ အိမ်ကလေးကို။ ဒုနာတိ ဣဝ၊ ဖျက်ဆီးပစ်လိုက်လေဘိသကဲ့သို့။ မေဃ.ရမ်းလိုက်လေဘိသကဲ့သို့။ ဝေမေဝ-ဝေံတထာ၊ ပမာထားယူ ထို့အတူ။ မစ္ဆုနော သေနံ၊ သေမင်းရဲ့ စစ်တပ်ခေါ်ဆိုရတဲ့ ကိလေသာကို။ ဒုနာထ၊ ကောင်းစွာမသွေ့နှင်ထုတ်ကြလေကုန်ရာသတည်း။

“သာဓု-သာဓု-သာဓုပါဘုရား”

အဖြစ်မှန်ကို မသိရှာတဲ့ ဝက္ကလိမထေရ်

ဝက္ကလိမထေရ်အားထုတ်တာ သမထဝိပဿနာ။

“နှစ်မျိုးစုံတယ် မဟုတ်လား”
“စုံပါတယ်ဘုရား”

သမထ ဝိပဿနာဟိ၊ သမထ ဝိပဿနာတို့ဖြင့်။ ဝိက္ခမ္ဘိတာနံ၊ ပယ်ခွာ၍ထားအပ်ကုန်သော။ ကိလေသာနံ၊ ကိလေသာတို့ရဲ့။ သမုဒါစာရံ၊ ဖြစ်ပွားလာတဲ့သဘောကို။ အပ္ပဿန္တော၊ ကိုင်းတောကြီး မီးနဲ့ရှို့ထားသလို မမြင်ရသည်ဖြစ်၍။

ဝက္ကလိမထေရ်ကြီးရဲ့ သန္တာန်မှာ ကိလေသာတွေတခါမှ မဥပါဒ်ဘူး။ ကိုလေသာ လောဘ ဒေါသ တခါမှမဖြစ်ဘူး။

"သမထ ဝိပဿနာ အားထုတ်တဲ့ အခါနိကစပြီး-ဝဏ္ဏလိမထေရ် ကိုလေသာဖြစ်သလား"

"မဖြစ်ပါဘုရား"

အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ဆိုက်လို့တော့မဟုတ်ဘူး။ ဘာပြုလို့လဲဆိုရင် သမထဘန်ခိုး ဝိပဿနာတန်ခိုးနဲ့ ခွာထားလို့ သမ္မာနဉာဏ်ကစပြီး အနုလောမဉာဏ်အထိ အဲဒါ ဝိပဿနာဉာဏ် ခေါ်တယ်နော်။ အဲဒါ လောကီဝိပဿနာဉာဏ်ခေါ်တန်ပဲ။

ဘုန်းကြီးတို့ဟောထားတဲ့ အာနာပါနသတိသုတ္တန် အကျယ်အကျဉ်းထဲ ဒါတွေအကုန် ပါပါတယ်။ အဲဒီ လောကီ ဝိပဿနာဉာဏ်ရယ် သမထလို့ခေါ်ဟဲ့ သမာဓိရယ်။ ဒီသတ္တိကနေပြီးတော့ ကိလေသာ ခွာထားလိုက်တာ ဒီဉာဏ်စဉ်တွေ ရပြီဆိုတဲ့အခါနိကစပြီး ဝဏ္ဏလိမထေရ်ရဲ့ သန္တာန်မှာ ဘာကိလေသာမှ တခါမှ မဥပါဒ်ဘူး။

အဲဒီအကြောင်းအရာတွေကို သူ့အနီးအစပ်မှာ သူအားထုတ်နေတဲ့ တောထဲတောင်ထဲ သူ့တောကျောင်းလေးရဲ့ ဘေးမှာ စောင့်နေတဲ့ နတ်သားတွေက သိတယ်။ ဝဏ္ဏလိမထေရ်ကြီးမှာ ကိလေသာတွေ မဥပါဒ်ဘူး။ ဒါပေမယ့် ရဟန္တာ မဖြစ်သေးဘူး ရဟန္တာဖြစ်အောင် အားထုတ်လိမ့်မယ်။ မကြာခင် ရဟန္တာဖြစ်လိမ့်မယ်။နတ်သားတွေက ဒီလိုသိနေကြတယ်။

ဝဏ္ဏလိဘိက္ခု၊အရှင်ဝဏ္ဏလိဆိုတဲ့ ရဟန်းသည်။ ဝိမောက္ခာယ၊ ဝိမောက္ခ အလို့ငှာ။ စေတေတိ၊ အားထုတ်၍ နေ၏။

သံယုတ္တနိကာယ်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-ဝဏ္ဏလိသုတ္တန် ၉၉။

ဝိမောက္ခအလို့ငှာ ဝဏ္ဏလိမထေရ်ကြီး အားထုတ်နေတယ်။ ဒီလိုသိနေကြတယ်။ ဝိမောက္ခဆိုတဲ့ မဂ်ဉာဏ်အတွက် ဝဏ္ဏလိပထေရ်ကြီး အားထုတ်နေတယ်။

သော၊ ထိုအရှင် ဝဏ္ဏလိမထေရ်သည်။ သုဝိမုတ္တော၊ ကောင်းစွာ လွတ်မြောက်သည်ဖြစ်၍။ ဝိမုစ္စိဿတိ၊ လွတ်မြောက်ပေလိမ့်မည်။

သံယုတ္တနိကာယ် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-ပဏ္ဍလိသုတ္တန် ၉၉။

မကြာမီ ဝဏ္ဏလိမထေရ် အရဟတ္တဖိုလ်ဆိုက်ရောက်လို့ ကိလေသာတွေမှ လွတ်ပါမ်မယ်။ စောင့်နေတဲ့နတ်တွေက သိကြတယ်ဗျာ။ဝဏ္ဏလိကဲ့သို့ အမြင်းအထန် အားထုတ်နေတယ်။

အဲဒီတော့ မြတ်စွာဘုရားက ဝေဠုဝန်ကျောင်းမှာ။ ဝက္ကလိမထေရ်က ကူသိဂိလိတောင်မှာ။ ကူသိဂိလိတောင်မှာ ဝါဆိုပြီးတော့ အာထုတ်ယင်း အားထုတ်ယင်းနဲ့ ဝါလဲကျတ်ရော ဝက္ကလိမထေရ်က ဘုရားဖူးချင်တဲ့စိတ်တွေ သိပ်ဖြစ်လာတယ်။ ဘာခြေကြာင့်ဖြစ်လာလဲဆိုတော့ သမထဝိပဿနာတန်ခိုးနဲ့ ကိလေသာကိုခွာထားတာ။အဲဒါကို သူက အရဟာတ္တဖိုလ်လို့ထင်ပြီးတော့ ဘုရားရှင်ကို လျှောက်ချင်တဲ့ စိတ်ဓာတ်ဖြစ်နေတာ။

ဘုရားဖူးရန်အလာ ဝက္ကလိမထေရ် မကျန်းမမာဖြစ်ခြင်း

ဖြစ်ပုံကဒီလိုလာတာနော် သမဘာဘန်ခို၊ ဝိပဿနာတန်ခိုးနဲ့ ကိလေသာတွေ ပြုံးနေတာကို အရဟာတ္တဖိုလ်ဘင်၊ ဘုရားလျှောက်ချင်တဲ့စိတ်တွေဖြစ်နေလိုက်တာ တဝါတုံးလုံး ဝါကျတ်အောင်စောင့်။ ဝါလဲကျတ်ရော ဘုရားဖူးရအောင် သွားမယ်ဆိုပြီး ကူသိဂိလိတောင်ကနေ ထွက်လာတယ်။

တဝါတွင်း အသေအလဲ အကြိတ်အနယ် အားထုတ်ထားတဲ့ ဝက္ကလိမထေရ် ဝါကျတ်တော့ ဘုရားဖူးရအောင် ထွက်လာတာ လမ်းခွတ်လာဘ်မှာ အပြင်းအထန် ရောဂါဖြစ်တယ်။ ဘုရားရှိရာ ဝေဠုဝန်ကျောင်းကို ရောက်အောင် မသွားနိုင်တော့ဘူး။ ဖြစ်လိုက်တဲ့ ရောဂါကိုယ့်ခြေထောက် ကိုယ် မသယ်နိုင်လောက်အောင် ဖြစ်သွားတယ်။

အဲဒီလိုလဲဖြစ်ရော သူ့အလုပ်အကျေး သီတင်းသုံးဖော် ကိုယ်တော်ကလေးများနဲ့တက္ခ လမ်းခွတ်ယက် ဘယ်မှာဝင်လိုက်ခလဲဆိုတော့ အိုးလုပ်သမားတွေ အိုးလုပ်တဲ့တဲထဲမှာ ဝင်ပြီးတော့ နားလိုက်ရတယ်။ ကုမ္ဘကာရနိုဝေသနတဲ့။ အိုးထိန်းသယ်တို့ရဲ့ အိုးလုပ်တဲထဲဝင်၊ ငါ့ကို ခဏနားခွင့်ပေးပါကွာ ဆိုပြီး အိုးလုပ်တဲထဲဝင်ပြီးတော့နား။

သီတင်းသုံးဖော် မထေရ်ငယ်လေးများရဲ့ အပြုအစုနဲ့ အိုးလုပ်တဲ ထဲမှာ နေယင်းနေယင်းနဲ့ ရောဂါက မသက်သာဘူး။ နောက်ကြောင်းလဲ ကိုယ့်ခြေထောက် ကိုယ် သယ်ပြီးတော့ မပြန်နိုင်။ ဘုရားရှိရာရွှေကိုလဲ ရောက်အောင် မသွားနိုင်။ အိုးလုပ်တဲထဲမှာ မထနိုင်အောင် ဖြစ်နေတော့ သူ့အလုပ်အကျေး မထေရ်ငယ်လေးနှစ်ပါးကို ပြောတယ်။ “အရှင်ဘုရားတို့၊ မြတ်စွာဘုရားရှိရာ ဝေဠုဝန် သွားပြီးတော့ မြတ်စွာဘုရားကို လျှောက်လိုက်စမ်းပါ။

ဘန္တေ၊ ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ ဝက္ကလိဘိက္ခု၊ အရှင်ဝက္ကလိရဟန်းသည်။ ကုမ္ဘကာရနိဝေသနေ၊ အိုးထိန်းသည်တို့ရဲ့ အိုးလုပ်တဲ့လေးဆိုတဲ့ နေရာလေးမှာ။ အာဗာဓိတော၊ အနာရောဂါ နှိပ်စက်၍ နေသည်။ ဟောတိ၊ ဖြစ်ပါသတဲ့ဘုရား။။ ဗာဠှဂိလာနော၊ ပြင်းပြင်းထန်ထန် မကျန်းမမာဖြစ်၍ နေသည်။ ဟောတိ၊ ဖြစ်ပါသတဲ့ဘုရား။

အဲဒါကို လျှောက်လိုက်ပါ။ နောက်ပြီးတော့—

ဝက္ကလိဘိက္ခု၊ အရှင်ဝက္ကလိရဟန်းသည်။ ဘဂဝတော၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ ပါဒေ၊ ခြေတော်အစုံ ကြွာပဒုံတို့ကို။ ဝန္ဒိတိ၊ အိုးလုပ်တဲ့ဆဲက မှန်းပြီးတော့ ဦးတိုက်လိုက်ပါသတဲ့ဘုရား။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဝက္ကလိဘိက္ခုံ၊ အရှင်ဝက္ကလိရဟန်းကို။ အနုကမ္ပံ၊ အစဉ်သနား စောင့်ရှောက်ပြီး ချီးခြမ်းသည်ကို။ ဥပါဒါယ၊ အကြောင်းပြုပြီးတော့။ တေန၊ အိုးလုပ်တဲ့ တဲလေးရှိရာသို့။ ဥပသင်္ကမတု၊ အနီးအစပ် ချဉ်းကပ်တော်မူခဲ့ပါဘုရား။

ဒါလဲပါသေးတယ်။ ဝက္ကလိမထေရ်ကို သနားသောအားဖြင့် အိုးလုပ်တဲ့ မြတ်စွာဘုရား ကြွရောက်ပြီးတော့ မကျန်းမမာဖြစ်နေတဲ့ တပည့်တော်ကို ချီးမြှောက်ပါဘုရား။ ဒါလဲ လျှောက်လိုက်ပါ။

ဧဝံ၊ ဤသို့လဲပဲ။ ဝဒေဟိ၊ လျှောက်ပါ။

သံယုတ္တနိကာယ်- ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်- ဝက္ကလိသုတ္တန်-၉၇။

ဘုရားကို သိပ်ချစ်ဘဲ့ကိုယ်တော်ပဲ။ မကျန်းမမာဖြစ်နေတဲ့အချိန် ဘုရားကို သိပ် သတိရကယ်။ ဌိုးခိုးချင်လွန်းလို့ ကိုယ်တိုင်ထမသွားနိုင်၊ မဓေန်ဒယ်လေးနှစ်ပါးကို လွှတ်လိုက်တယ်။ ဘုရားထံမှောက် ရောက်တဲ့အခါ လျှောက်လိုက်စမ်းပါ။ အရှင်ဝက္ကလိ ဘုရားဖူးရအောင် လာပါတယ်။ လမ်းခွက်လတ်မှာ မကျန်းမမာဖြစ်လို့ အိုးဂျုင်တဲ့ကနေ အရှင်ဘုရား၏ ခြေတော်အစုံ ကြာပဒုံကို ရည်ညွှန်းပြီးတော့ နဖူးနဲ့ ဦးတိုက်လိုက်ပါတဲ့ယ်ဆိုတဲ့အကြောင်း သွားလျှောက်လိုက်ကြပါဟု မထေရ်ဒယ်လေးနှစ်ပါးကို လွှတ်လိုက်တယ်။

မကျန်းမမာဖြစ်နေတဲ့အခါ တရားနာတဲ့သာဓက

ဆင်းရဲဒုက္ခ ရောက်လာပြီဆိုတဲ့ အချိန်ကျရင် နေမကောင်းဘူးဆိုတော့ ဘယ်ဆရာတော် ကြွပါအုံး၊ ဟုတ်လား။ မကျန်းမမာဖြစ်ပြီး အကြိတ်အနယ် ရောဂါနဲ့ တိုက်ပွဲဝင်ကြပြီဆိုတော့ ကွတော်မူကြပါအုံးဘုရား ပင့်ရတယ်။

အနာထပိဏ်ကျောင်းဒကာကြီးလဲ မကျန်းမမာဖြစ်တိုင်း ပင့်တာပဲ။ ရှင် သာရိပုတ္တရာ ပင့်လိုက်၊ ရှင်အာနန္ဒာပင့်လိုက်။ နောက်တခါ ရှင်သာရိပုတ္တရာ ပင့်လိုက်၊ သုံးကြိမ်ပင့်တယ်။ ပထမတခါ ရှင်သာရိပုတ္တရာ တရားဟောတော့ အနာထပိဏ်ကျောင်းဒကာကြီး ရောဂါပျောက်ခဲ့တယ်။ ဒုတိယတခါ ရှင် အာနန္ဒာ တရားဟောတော့ အနာထပိဏ်ကျောင်းဒကာ ရောဂါပျောက်ခဲ့ပြန် တယ်။ တတိယအကြိမ်မှာ ရှင်သာရိပုတ္တရာ တရားဟော၊ တတိယ အကြိမ်မှာ တော့ ရောဂါမပျောက်တော့ဘူးနော်။ သောတာပန်ကျောင်းဒကာလဲ မကျန်း မမာဖြစ်တော့ ရဟန္တာကြီးများ ပင့်ပြီးတော့ တရားနာတယ်။

ယခု ဝက္ကလိမထေရ် ဘုရားပင့်တာကတော့ ကြည်ညိုလွန်းလို့ သူ့ကိုယ်သူ တော့ အရဟတ္တဖိုလ်ပေါက်ပြီးသားလို့ အထင်ရောက်နေ၍ အဓိမာနပုဂ္ဂိုလ်တဲ့။ ဝိပဿနာဉာဏ်နဲ့ သမထတန်ခိုးကြောင့် ကိလေသာမှ ကင်းကွာပြီးတော့နေ တာကို အရဟတ္တဖိုလ်လို့ အထင်ရောက်နေတဲ့ပုဂ္ဂိုလ်၊ အဋ္ဌကထာက ဒီလိုပဲပြော ထားတယ်။ အဓိမာန အထင်ရောက်နေတဲ့ပုဂ္ဂိုလ်က ဘုရားပင့်လာတာ တရား နာချင်လို့ အရဟတ္တဖိုလ်ပေါက်အောင် ဟောပါဆိုတဲ့အကြောင်း၊ ဒီအဓိပ္ပာယ် နဲ့ပင့်တာမဟုတ်ဘူး။ ဘုရားကို ကြည်ညိုလွန်းပို့ဆိုတဲ့ သဘော သက်သက်နဲ့ ပင့်တာ။

ဘုရားရှင်ကိုယ်တော်မြတ်ကို မကျန်းမမာ ဖြစ်နေတဲ့အကြောင်း လျှောက် ပါ။ ခြေတော်အစုံ ကြာပဒုံကို ရည်မှန်းပြီးတော့ ရှိခိုးလိုက်ပါတယ်။

ဝက္ကလိ တည်းခိုနေတဲ့ အိုးလုပ်တဲကို ဘုရားကိုယ်တော်တိုင် ကြွရောက်ချီး မြှောက်ပါ။

သတ္တဝါတွေရဲ့ သဘောဟာ ဒီအတိုင်းပဲ။ သုံးခွန်းသော စကားမှာလိုက်။ သွားပြီးတော့ လျှောက်ချေပါဆိုတော့ မထေရ်ငယ်လေးနှစ်ပါး ဘုရားထံ အရောက်သွားကြတယ်။ ရောက်တဲ့အခါ ဝက္ကလိမထေရ်မှာလိုက်တဲ့အကြောင်း တွေ့ အကုန်လျှောက်တယ်။

ဝဏ္ဏမလိဆေရိထံ ဘုရားရှင် ကြွရောက်ခဲ့ခြင်း

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ထိုမဆေရိပယ်လေးနှစ်ပါး နောက်လိုက်ပြုပြီးတော့ ဝဏ္ဏလိနားနေတဲ့ အိုးလုပ်တဲ့ ဘုရားကြွလာတယ်။ ဘုရားကြွလာတာမြင်တော့ ဝဏ္ဏလိဟာ ပျာပျာသလဲပဲ၊မဠုကေ သမဓောသိလို့ဆိုတယ်။ အနီးမှာထားတဲ့ ညောင်စောင်းတခု—

ညောင်စောင်းဆိုတာက ဘောင်ကိုခြေထောက်တပ်တယ်။

ခုတင်ဆိုတာက ခြေတောက်မှာ ဘောင်စွပ်တယ်။

ခုတင်နဲ့ ညောင်စောင်း အဲဒီလိုကွာတယ်။ ညောင်စောင်းဆိုတာက ဘောင်ကြီးတွေကို အောက်က ခြေထောက်က ဖောက်ပြီးတော့ စွပ်ထားတယ်။ အဲဒီလို ဥစ္စာကို ညောင်စောင်း ခုတင်ခဲ့ပြီးတော့ နားလယ်။ ဒါကတော့ အပိုဗဟု သုတပေါ့၊ ဟုတ်လား။

ဘဂဝန္တံ ဒုရတော၀ အာဂစ္ဆန္တံ ဒိသွာန မဠုကေ သမဧခေသိတဲ့။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်- ဝဏ္ဏလိသုတ္တန်- ၉၈။

ဘုရားကြွလာတာလဲ မြင်လိုက်ရော အနီးမှာရှိတဲ့ ညောင်စောင်းလေးကို ပုတ်ကာ ပုတ်ကာ လှုပ်ကာ လှုပ်ကာနဲ့ အရှင်ဘုရား၊ ဒီမှာ တပည့်တော်နေရာခင်းထားပါတယ်။ ထိုင်ပါဘုရား။

ဘုရားလက်ထက်က သံဃာတော်တွေရဲ့ ထုံးစံ၊ ဘုရားကြွလာရင် အဆင်သင့်သီတင်းသုံးဖို့ရန် သံဃာတော်တွေက အကုန်လုံး ကိုယ့်ကျောင်းမှာ ဘုရားအတွက် နေရာတခုခု အဆင်သင့်ထားတယ်။ အဲဒီနေရာပေါ်မှာ သူတို့တက်ပြီးတော့ မထိုင်ဘူး။ ဘုရားရှင် ကြွလာတဲ့အခါ သီတင်းသုံးဖို့ရန် နေရာတခုခု အဆင်သင့် အမြဲတမ်းပြင်ထားတယ်။

အခုလဲဖဲ ဝဏ္ဏလိမထေရ်က အိုးလုပ်တဲ့မှာ နေရပေမယ့် ဘုရားအတွက် ညောင်စောင်းလေးတခုတော့ အဆင်သင့်ထားတယ်နော်။ ဘုရားရှင်ကြွလာတော့ ဒီနေရာ သီတင်းသုံးပါဘုရား။ ဒီနေရာ ခင်းထားပါတယ်ဘုရား။ အဲဒီအခါ ဘုရားရှင်ကိုယ်တော်မြတ်က ဟဲ့-ပဏ္ဏလိ၊ မင်းမကျန်းမမာ ဖြစ်နေတယ်၊ အသာနေ၊ ငြိမ်ငြိမ်နေ၊ ရှိတဲ့နေရာ ငါထိုင်မှာပေါ့။ ခင်းပေးသော နေရာမှာ

ဘုရားရှင် ကိုယ်တော်မြတ် ဝင်ပြီးတော့ထိုင်။ ထိုင်လိုက်တယ်ဆိုရင် ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကိုယ်ဘော်မြတ်က--

"ကစ္စိ တေ ဝက္ကလိ ခမနီယံ ကစ္စိ ယာပနီယံ၊ ကစ္စိ ဒုက္ခာ ဝေဒနာ ပဋိက္ကမန္တိ နော အာဘိက္ကမန္တိ၊ ပဋိက္ကမောသာနံ ပညာယတိ နော အာဘိက္ကမော" တိ။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-ဝက္ကလိသုတ္တန်-၉၈။

ဝက္ကလိ၊ ချစ်သားဝက္ကလိ။ ကဗျိ အသို့နည်း။ တေ၊ သင့်အား။ ခမနီယံ၊ ခံ့ကျန်းခြင်းသည်။ အတ္တိ၊ ရှိပါရဲ့လား။ ယာပနီယံ၊ မျှတခြင်းသည်။ အတ္ထိ၊ ရှိပါရဲ့လား။

ဘုရားက လူမမာမေးစကားလေး သုံးတယ်။

ဝက္ကလိ၊ ချစ်သားဝက္ကလိ။ ယာပနီယံ၊ မျမျတတ နေနိုင်ပါရဲ့လား။ ခမနီယံ၊ ရောဂါဒဏ် ကြံ့ကြံ့ခိုင်ပြီးတော့ နေနိုင်ပါရဲ့လား။

ကစ္စိ တေ ဒုက္ခာ ဝေဒနာ ပဋိက္ကမန္တိ နော အာဘိက္ကမန္တိ။

ချစ်သား ဝက္ကလိရဲ့ ရောဂါဝေဒနာတွေဟာ မတိုးတက်ပဲနဲ့ ကျဆင်းမှုရှိပါရဲ့လား၊ ဆုတ်ယုတ်မှုရှိရဲ့လား။

အာဘိက္ကမောသာနံ ပညာယတိ၊ ပဋိက္ကမောသာနံ ပညာယတိ နော အာဘိက္ကမော။

ရောဂါဝေဒနာ မတိုးတက်ဘာ ထင်ရှား ပါရဲ့လား။ တိုးတက်တာ မထင်ရှား ပါရဲ့လား။ ဘယ့်နှယ်တုံး၊ မင့်ရောဂါဝေဒနာတွေဟာ တိုးများတိုး နေသေးရဲ့လား၊ ကျဆင်းရဲ့လား၊ ကျဆင်းမှု ထင်ရှားရဲ့လားဆိုတော့--

န မေ ဘန္တေ ခမနီယံ၊ န ယာပနီယံ၊ ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အာဘိက္ကမန္တိ နော ပဋိက္ကမန္တိ၊ အာဘိက္ကမောသာနံ ပညာယတိ နော ပဋိက္ကမောတိ။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်-ဝက္ကလိသုတ္တန်-၉၈။

ဘန္တေ၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား။ မေ၊ တပည့်တော် အား။ ခမနီယံ၊ ခံ့ကျန်းခြင်းဆိုတာ။ နတ္ထိ၊ မရှိပါဘုရား။

ကြံ့ကြံ့ခိုင်ခိုင် မနေနိုင်ဘူးတဲ့။

ယာပနီယံ၊ မျမျတတဆိုတဲ့ သဘောလဲပဲ။ နတ္ထိ၊ မရှိပါဘုရေး။

ရောဂါနဲ့ပတ်သက်လို့ ကြံ့ကြံ့ခိုင်ခိုင်လဲပဲ မရှိတော့ဘူး။ မျမျတတ သက် တောင့်သက်သာလဲပဲ မရှိတော့ဘူး။ ရောဂါသိပ်နှိပ်စက်နေတယ်နော်။

ဗာဠာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ။

ပြင်းထန်တဲ့ ရောဂါတွေ တိုးတက်နေပါတယ်ဘုရား။
နောက်သို့ မဆုတ်ကြပါဘုရား။

အဘိက္ကမော သာနံ ပညာယတိ။

"ရောဂါတက်တာက ထင်ရှားပါတယ်ဘုရား"
"ရောဂါကျဆင်းတာက မထင်ရှားပါဘုရား"

နော ပဋိက္ကမော။

ဒီတော့ သူ့ရောဂါဆိုးနေတယ်၊ ကြံ့ကြံ့လဲ မခံနိုင်ဘူးတဲ့။ မျမျတတလဲ မနေနိုင်ဘူးတဲ့။ ရောဂါတိုးလို့ နှိပ်စက်နေတဲ့အကြောင်း လျှောက်တယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အေး-ဒီအချိန်မှာ ဝိပဿနာလုပ်ငန်းနဲ့ ပတ်သက်တဲ့ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ ဟောမှ အတော်ဆုံး။ ဒီလို အချိန်မျိုးမှာ ရုပ်နာမ်ဓမ္မနဲ့ ပတ်သက်တဲ့ တရားကိုဟောမှ တော်မယ်။ ဒီပြင် စကားတွေ အချည်းနှီးပြောလို့ မဖြစ်ဘူး။ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ် က တရား တိုတိုလေးတပုဒ် ဟောတယ်။

တံ ကိ• မညသိ ဝက္ကလိ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်-ဝက္ကလိသုတ္တန်-၉၈။

ဝက္ကလိ၊ ချစ်သား ဝက္ကလိ။ မယံ၊ ငါဘုရားသည်။ ဝုစ္စမာနံ၊ ဆိုလတံ့ သော။ တံ ဝစနံ၊ ထိုစကားကို။ တံ့၊ သင်သည်၊ ကိ• မညသိ၊ ဘယ်လိုမျှ မှတ်ထင်လိုက်ပါဘိသနည်း။

ရှုပံ၊ ရုပ်တရားကြီးဟာ။ နိစ္စံ ဝါ၊ နိစ္စလေလော။ အနိစ္စံဝါ၊ အနိစ္စလေလော။

ဘုရားရှင်ကိုယ်တော်မြတ်က မေးတယ်။ "ဟဲ့-ဝက္ကလိ၊ ငါမေးမယ်၊ မင်းဘယ့်နှယ်မျှား သဘောကျသလဲ။ ရုပ်တရားဟာ နိစ္စလား၊ အနိစ္စလား"လို့ မြတ်စွာဘုရား အမေးထုတ်တယ်။

ဝက္ကလိ၊ ယခု ရောဂါဖြစ်တယ်နော်။ ရောဂါဆိုတာ ဘာတဲ့လဲလို့မေးရင်-

"ရုပ်လား၊ ဝေဒနာလားလို့မေးရင်"
"ဝေဒနာပါဘုရား"

ဘုန်းကြီးတို့ယောဂီများက ရောဂါကို ဝေဒနာလို့ဖြတ်ယ်။ ဘုန်းကြီးက ရောဂါကို ရုပ်လို့ပြောချင်တယ်။

"ရောဂါကို ဘုန်းကြီးက ဘာလို့ပြောချင်သဲ"
"ရုပ်လို့ပြောချင်ပါတယ်ဘုရား"
"ပူရင် ရောဂါမဖြစ်ဘူးလား"
"ဖြစ်ပါတယ်ဘုရား"

ပူရင် အဖျားတက်တော့ တရောကျော်သွားတယ်၊ ပူတဲ့ရောဂါ တေဇောရုပ် နှိပ်စက်တာ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

တကိုယ်လုံး ခြေဖျားကနေ လည်ပင်းအထိ အေးစက်နေတာပဲ။ တေဇောရုပ် နှိပ်စက်တာ။

"ဒီလိုပဲမဟုတ်လား"
"မှန်ပါတယ်ဘုရား"

ခြေဖျားအေးလို့ တေဇောမာတ်တော့ အေးနေတာ။ ရောဂါ ဗိုက်ထဲတိုးနေတာ အူတွေကို တခါတည်း ပေါက်ထွက်လာပြီတဲ့။ ဝါယောမာတ် ရုပ်တရားပဲမဟုတ်လား။ ရောဂါ ဓာဝင်းကြီးကို ကဲ့မတတ်ထိုးနေတယ်တဲ့။ ဝါယောမာတ် ရုပ်တရားပဲမဟုတ်လား။ရောဂါ ခွဲးကိုတစက်ကမှ မထွက်ဘူးတဲ့။

အပြင်ဘက်ကနေ လေစိမ်းတွေ ပတ်ဖွဲ့ထားလို့ အာဗန္ဓနသဘော အာပေါ မာတ် ရောဂါပဲမဟုတ်လား။

"ရောဂါဆိုတာ ရုပ်လား၊ ဝေဒနာလား"
"ရုပ်တရားပါဘုရား"

ရောဂါရောဂေါတိ ဘန္တေ ဝုစ္စတိ၊ ကတမော နု ခေါ ဘန္တေ ရောဂေါတိ ဝုစ္စတိ၊

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ရောဂေါ ရောဂေါတိ၊ ရောဂါရောဂါလို့။ ဝုစ္စတိ၊ လောက ပြောကြပါတယ်ဘုရား။

ရဟန်းတပါးက ဘုရားရှင်ကိုယ်တော်မြတ်ကို မေးတယ်။

ကတမော၊ အဘယ်ဘာကိုး။ ရောဂေါတိ၊ ရောဂါဟူ၍။ ဝုစ္စတိ။ ဆိုရမှာပါလဲဘုရား။

ရောဂါ- ရောဂါလို့ လောကမှာ တယ်ပြောကြပါတယ်။ ဘယ်ဥစ္စာကို ရောဂါခေါ်ရမလဲ။ ဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က—

ရောဂေါတိ ခေါ ဘိက္ခု၊ ရူပါနမေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ ရောဂေါဘိ ဇေတံ ဝစနံ၊ ရောဂါဆိုတဲ့ ဒီစကားသည်။ ရူပါနံ၊ ရုပ်တရားတို့ရဲ့။ အဓိဝစနံ၊ အမည်ဖြစ်တယ်။

ရောဂါဆိုတာ ရုပ်ကိုခေါ်တယ်။

"ရောဂါဆိုတာ"
"ရုပ်ကိုခေါ်တာပါဘုရား"

ဝမ်းခေါင်းထဲက သလိပ်တွေထလာတာ၊ အဲဒါ ရုပ်တရား။ တကိုယ်လုံး အပူတွေမိနေတာ ရုပ်တရား။ လေငန်းဖြစ်သွားတယ်၊ ဝါယောဓာတ်စက်တာ။

"မဟုတ်ဘူးလား"
"ဟုတ်ပါတယ်ဘုရား"

ကျောက်ခဲကြီးလို တကိုယ်လုံး တောင့်တင်းနေပြီ၊ ပထဝီရုပ် နှိပ်စက်တာ။ တကိုယ်လုံး အေးစက်နေပြီ၊ တေဇောရုပ် နှိပ်စက်တာ။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဒီဓာတ်လေးပါး တပါးပါး ဖောက်ပြန်ရင်-

"ရောဂါမဟုတ်လား"
"ဟုတ်ပါတယ်ဘုရား"
"ရောဂါဆိုတာ ဓာတ်လေးပါးကို မှီနေတယ်နော်"
"မှန်ပါဘုရား"

ဒီတော့- အတိုချုပ်လိုက်ရင် ရောဂါဆိုတာ ရုပ်၊ ရောဂါဖြစ်ခင် ရုပ်ကိုရှု။

"အကောင်းဆုံးပဲ မဟုတ်လား"
"မှန်ပါဘုရား"

ဝက္ကလိကို ဗုဒ္ဓ စစ်ဆေးမေးမြန်းခြင်း

ဝက္ကလိ၊ ချစ်သားဝက္ကလိ။ မယာ၊ငါဘုရားသည်။ ဝုစ္စမာနံ၊ ဆိုအပ်လတ္တံ့သော။ တံ ဝစနံ၊ ထိုစကားကို။ တုံ၊ ငါ့ကို သည်။ ကိံ မည်သို၊ ဘယ်လိုမျှး ထင်လိုက်ပါဘိသနည်း။

ရှုပံ၊ ဟောဒီ ရုပ်တရားကြီးသည်။ နိစ္စံ ဝါ၊ နိစ္စလေလော။ အနိစ္စံ ဝါ၊ အနိစ္စလေလော။

ဒီတော့ ဝက္ကလိမထေရ်က-

အနိစ္စံ ဘန္တေ။

ရုပ်တရားဆိုတာ အနိစ္စပါဘုရား။ ဖြစ်လိုက်တယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ကျန်တဲ့တရားတွေလဲ ဒီအတိုင်းပဲ။

နိစ္စံ ဝါ အနိစ္စံ ဝါတိ၊
အနိစ္စံ ဘန္တေ။

ခန္ဓာငါးပါး အကုန်လုံး နိစ္စလား အနိစ္စလား။ ဘုရားက မေးတယ်။

"ဝက္ကလိက ဘယ်နှယ်ဖြေသလဲ"
"အနိစ္စလို့ ဖြေပါတယ်ဘုရား"

ဝက္ကလိဖြေပုံလေး ကြည့်စမ်း၊ ဘယ်နှယ်ဖြေမလဲ။

အနိဓံ ဘဇန္တေ။

ဝက္ကလိ ဖြေပုံ။ ဘုရားရှင်ကိုယ်တော်မြတ်က—

ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။

ရုပ်တရားဟာ နိစ္စလား၊ အနိစ္စလား။ ဝက္ကလိအဖြေက—

အနိစ္စံ ဘဇန္တေ။

လူမမာကြီး ဖြစ်နေတဲ့ ဝက္ကလိနဲ့ ဘုရား အမေးအဖြေနဲ့ တရားဟောတယ်နော်။ စိတ်ကို တခါဘည်း ဂင်စားပြီးဘော့ ဘုရားဟောနေဝဲ့နောက် ရှက္ခက် တခါတည်း ပါသွားတယ်။ ခန္ဓာထဲက ရောဂါရဲ့ အကြောင်းရင်းဖြစ်တဲ့ ရုပ်တရားတွေရဲ့ အနိစ္စလက္ခဏာဉာဏ် ရောက်စေချင်လို့။

ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ တိ၊
အနိစ္စံ ဘဇန္တေ။
ယံ ပနဝ နိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။
ဒုက္ခံ ဘဇန္တေ။

ယံ ပန ရူပံ၊ ဟောဒီအကြင်ရုပ်တရားသည်။ အနိစ္စံ၊ အနိစ္စဖြစ်လို့ ဖေဝက်ပြန်တဲ့ရှင်။ တံ၊ ထိုအနိစ္စဖြစ်လို့ ဖေဝက်ပြန်ဘဲ့ရုပ်သည်။ ဒုက္ခံ ဝါ၊ ဒုက္ခဖြစ်လော။ သုခံ ဝါ၊ သုခလေလော။

"ဘယ်နှယ်ဖြေမလဲ"
"ဒုက္ခံ ဘဇန္တေပါဘုရား"

ဒုက္ခပါမြောက်စွာဘုရားတို့ ဝက္ကလိဖြေလိုက်တယ်။ ရုပ်တရား ဖေဝက်ပြန်ရင် ဒုက္ခဘွဲ့ခနေပြီးနော်။

ဒုက္ခံ ဘဇန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသာ မေ အတ္တာ တိ။ နော ဟေတံ ဘဇန္တေ။

သံယုတ္တနိကာယ် ခန္ဓဝဂ္ဂယုက်ပါဠိတော် ဝက္ကလိသုတ္တန် ၉၀၊၉၉၊

ယံ ပန ရူပံ၊ ဟောဒီ အကြင်ရုပ်တရားသည်။ အနိစ္စံ၊ မမြဲတဲ့ရုပ်။ ဒုက္ခံ၊ ဆင်းရဲတဲ့ရုပ်။ ဝိပရိဏာမဓမ္မံ၊ ဖျောက်ပြန်ပျက်စီးနေတဲ့ရုပ်၊ တံ၊ ထိုမမြဲတဲ့ နှိပ်စက်တဲ့ ဆင်းရဲတဲ့ ရုပ်တရားကြီးကို။ တေ မမာတိ၊ ငါပိုင်တဲ့ ရုပ်ဟူ၍ လည်းကောင်း။ သော ဟသ္မိဘိ၊ ဒီရုပ်ဟာ ငါပဲ ငါဟာ ရုပ်တရားပဲဟူ၍ လည်းကောင်း။ သမနုပဿိတုံ၊ တဏှာမာန ဒိဋ္ဌိတို့နဲ့ သုံးသပ်ခြင်းငှာ။ ကလ္လံနု၊ သင့်ပါ့မလား။

နော ဟေတံ ဘန္တေ။

မသင့်ပါဘုရား။

ဝက္ကလိမကေရံရဲ့အဖြေ။ သူ့ဟာသူ အကုန်လုံး သဘောတွေက ပေါက်ပြီး သားသိုခဘဲ့ တန်းနေတာပေါ့။ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တွေလဲ အကုန်လုံး ဒီအတိုင်းမေးတော့—

နော ဟေတံ ဘန္တေတိ။

ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးဟာ အနိစ္စ ဒုက္ခ ဝိပရိဏာမ ဖြစ်နေလို့ ငါဟူ၍လည်းကောင်း၊ ငါ့ရဲ့ ဥစ္စာဟူ၍လည်းကောင်း၊ ငါရဲ့ အတ္တဟူ၍လည်းကောင်း တဏှာ မာန ဒိဋ္ဌိတို့နဲ့ ယူစွဲသုံးသပ်ခြင်းငှာ မသင့်ကြောင်းပါ မြတ်စွာဘုရား။ ဝက္ကလိအဖြေပေးတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်စိတ်ထဲ အေး- ဝက္ကလိမထေရ် ဝိပဿနာဉာဏ်တော့ ကောင်းကောင်းရပြီ။ ဒီအချိန် သူရှုနိုင်ပြီလို့ သဘောကျ။

ပုံတော်မမူခင်ကတည်းက သုသာန်ပို့ထားတဲ့ ဝတ်ချက်ဆရာတော်

အဲဒီလို မမှကာယရှုနည်းကို ပြဆိုဆုံးမပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ဟာ ဂိဇ္ဈကူဋ်တောင်ကို ကြွသွားတယ်။ အဲဒီအခါမှာ ဝက္ကလိမထေရ်ဟာ သူ့ရဲ့ သီတင်းသုံးဖော် သုံးဖက်တွေခေါ်ပြီး ရာဇဂြိုဟ်မြို့ အပြင်ဘက်မှာ ရှိတဲ့ ကွယိဂိလိတောင် နံပါးက ကာဠသိလာကျောက်ဖျားပေါ် ဆောက်လုပ်ထားတဲ့ ကမ္မဋ္ဌာန်းကျောင်းကလေးထဲ အပ်ိုခိုင်းတယ်။ ဘာကြောင့် အပ်ိုခိုင်းရသလဲဆိုတာကို အကြောင်းပြထားတယ်။

အာဝုဒေသာ၊ ငါ့အရှင်ဘုရား ရဟန်းမျိုးတို့။ ကထံဟိ၊ အဘယ့်ကြောင့်လျှင်။ အဟံ၊ ဘုရားဘပည့်တော်သည်။ အန္တရဃရော၊ ဟာဒိ ရာဇ်ပြုဟ်မြို့ထဲမှာ။ ကာလံ ကာဘွဲ့ဗို့၊ ကွယ်လွန်ထိုက်တယ်လို့။ မညေ့သျှာတိ နာမ၊ မှတ်ထင်ထိုက်ပါဘိသနည်း။

အမိပွာယ်က မြို့ထဲမှာ တပည့်တော်ကွယ်လွန်ခြင်းငှာ မထိုက်ပါဘူးဘုရား။ မြို့ထဲမှာကွယ်လွန်သို့မဘော်ပါဘူးဘုရား။ဒါကြောင့် တပည့်တော်ကို ကုသိဂ်လိတောင်စောင်း ကာဠသိလာနကျောက်ဖျားပေါ်က ကမ္မဋ္ဌာန်းကျောင်းအရောက် ပို့ဆောင်ကြပါဆိုးကာ့ သီဟင်းသုံးဖော်မျိုးက အရှင်ဝက္ကလိမကေရ်ကို ညောင်စောင်းနဲ့ ထမ်းပြီးတော့ အရောက်ပို့ကြတယ်။

ဝချက်(ဝတ်ချက်) မင်းကျောင်းဆရာတော်ဘုရားကြီး ဒီလိုပါပဲ။ မကျန်းမမာဖြစ်တော့ သူ့ကိုယ်သူ စိတ်မချဘူး။ ညကြီးသန်းခေါင် လူမသိအောင် တိတ်တဆိတ် သူသာန်ထဲသွားပြီးတော့ အုတ်ခဲခေါင်းအုံးပြီး အိပ်နေလိုက်တယ်။ မနက်မိုးလင်းတော့ တပည့်ကိုယ်တော်တွေက လိုက်ရှာတော့ တွေ့တယ်။

ဆရာတော်ဘုရား၊ ဟယ့်နယ်ကြောင့် သုသာန်ထဲ လာအိပ်နေရတာလဲ။ ငါမမားဘူးက္ခ၊ ငါ့သလိမ့်မယ်ဆင်တယ်။ ဒါကြောင့် သုသာန်ထဲ လာအိပ်နေတာ။ ကျောင်းကိုပြန်ကြွပါဆရာတော်ဘုရားဆိုပြီး တပည့်များက ကျောင်းကို ခေါ်မလို့လျှောက်ကြတော့ မင်းတို့-ငါသေလဲပဲ ဒီသုသာန်ပို့မှာ မထူးပါဘူးကွာ။ငါ့အလောင်း ငါဟာငါ စောစောစီးစီး ပို့ထားတာကောင်းပါတယ်တဲ့။

အသုဘတရားနော်။ ဆရာတော်ကြီးဟာ အစောကြီးတဲ့က သုသာန်ပို့ထားတယ်။ ဘုန်းကြီးတို့ ယောဂီများကတော့ သုသာန်ဆို နှာခေါင်းပိတ်ပြီးတော့ ပြေးကြတယ်။ ကိုယ့်သန္တာန်မှာ တရားမရှိဘူး၊ ရှိတယ်ဆိုတာ အဲဒီမှာ တယ်ပြီးတော့ ထင်ရှားတယ်။ အဖြေထုတ်တယ်။

အဲဒီတော့ ကုသိဂ်လိတောင်နံပါး ကာဠသိလာ ကျောက်ဖျားပေါ်မှာက အရှင်ဝက္ကလိမထေရ်၊ ကုသိဂ်လိတောင်ရဲ့ အရှေ့ဘက်နား ဂိဇ္ဈကူဋ်တောင်မှာက မြတ်စွာဘုရား ကိန်းအောင်းနေတယ်ဆိုတာကို မှန်းပြီးတော့ကြည့်လိုက်စမ်းပါ။ တနေ့တာကုန်ဆုံးလို့ ညအချိန်ကာလရောက်တဲ့အခါမှာ-

အထ ခေါ ဒေ ဒေဝတာယော အာဘိက္ကန္တာယ ရတ္တိယာ အာဘိက္က-
န္တဝဏ္ဏာ ကေဝလကပ္ပံ ဂိဇ္ဈကူဋ်ံ ဩဘာသေတွာ၊ ယေန ဘဂဝါ

ဖောနုပသက်မိ သုဥပသက်မိတ္တာ ဘဂဝန္တံ အာဘိဝါဒေတ္တာ ကေမန္တံ အင်္ဂံသု။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-ဝက္ကလိသုတ္တန်-၉၉။

ညကြီးသန်းခေါင်ရောက်တော့ ဂိဇ္ဈကူဋ်တောင်ကြီး တခုလုံးကို အရောင်ဖတ္ စင်းပြီးတော့ ထိန်သွားတယ်။ ဘာဖြစ်တာလဲဆိုရင် တောမီးလောင်တယ် မထင်မှတ်နဲ့။ ဗြဟ္မာကြီးနှစ်ယောက် ဘုရားထံ ရောက်လာကြတာ။ တောင် တန်းကြီးတခုလုံး အရောင်တွေ့ လင်းသွားသတဲ့။ သုဒ္ဓါဝါသဘုံက လာတဲ့ အနာဂါမ် ဗြဟ္မာကြီးတွေ။ ဗြဟ္မာကြီးတယောက်က ဘုရားကို လျှောက်တယ်။

ဝက္ကလိ ဘဒ္ဒန္တေ ဘိက္ခု ဝိမောက္ခာယ စေတေတိ တိ။

သံယုတ္တနိကာယ်- ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်- ဝက္ကလိသုတ္တန်-၉၉။

ဝက္ကလိမထေရ်ဟာ ဝိမောက္ခအလို့ငှာ အားထုတ်နေပါတယ် ဘုရား။ ဝိမောက္ခဆိုတာက အရဟတ္တမဂ်အတွက်လို့ ဆိုလိုတယ်။ အရဟတ္တမဂ်အတွက် အရှင်ဝက္ကလိမထေရ် အပြင်းအထန် အားထုတ်နေပါတယ် မြတ်စွာဘုရား။ နောက်တယောက်ကလဲ မြတ်စွာဘုရားကို လျှောက်ပြန်တယ်။

သော ဟိ နူန ဘဒ္ဒန္တေ သုဒိမုတ္တော ဂိမုစ္စိဿတိ တိ။

သံယုတ္တနိကာယ်- ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်- ဝက္ကလိသုတ္တန်-၉၉။

သုဝိမုတ္တော၊ ကောင်းစွာ ကိလေသာတို့မှ လွတ်မြောက်သည်ဖြစ်၍။ ဝိမုစ္စိ-ဿတိ၊ အရဟတ္တဖိုလ်ဆိုက်၍ လွတ်မြောက်ပါလိမ့်မယ် မြတ်စွာဘုရား။

ဣတိ၊ ဤသို့။ ဣဒံဝစနံ၊ ဤစကားကို။ အဝေါစ၊ ရှေးတော်ကြီးအောင် လျှောက်ထားကြလေကုန်တော့သတည်း။

"သာဓု- သာဓု- သာဓုပါဘုရား"

ဝက္ကလိမထေရ် ကိုယ့်ကိုကိုယ် အထင်ကြီးနေလိုက်ပုံ

အနာဂါမ်ဗြဟ္မာကြီးတွေက အရှင်ဝက္ကလိမထေရ်ခဲ့ စိတ်ကို သိကြတယ်။ မြတ်စွာဘုရားကို သတင်းပေး၊ လျှောက်ကြားဖွယ်ရာစကား ပြည့်စုံအောင်

လျှောက်ကြားပြီးတော့ ဗြဟ္မဝံ့ပြည် ပြန်သွားကြဘယ်။ ပနက် မိုးလဲလင်းကျော မြတ်စွာဘုရားက သံဃာတော်တွေကို ခေါ်ပြီးတော့ ပြောပါတယ်။ ညက ဗြဟ္မာကြီးနှစ်ယောက် သတင်းပေးသွားတဲ့အကြောင်း ပြောပြီးတော့ ဝက္ကလိ မထေရ်ထံ လွှတ်လိုက်တယ်။ ခပ်မြန်မြန်သွားကြ၊ ငါဘုရား ပြောလိုက်ဘယ်လို့ သွားပြောကြ။ မှာကြားလိုက်တဲ့စကားက—

(၁) ဝက္ကလိမထေရ်ဟာ အရဟတ္တမဂ်အတွက် အားထုတ်နေတယ်လို့ ညကဗြဟ္မာကြီးကယောက် ငါဘုရားကို သတင်းလာပေးသွားတယ်။ အဲဒါကို ပြောလိုက်။

(၂) ဝက္ကလိမထေရ်ဟာ အရဟတ္တဖိုလ် ပေါက်ပြီးတော့ ဒီဒုက္ခမှ လွှတ်မြောက်လိမ့်မယ်လို့ ဗြဟ္မာကြီးတယောက်ကလဲ ပြောသွားတဲ့။ အဲဒါကို ပြောပြလိုက်။

(၃) ဘုရားရှင်ကိုယ်တော်တိုင်ကလဲ မှာကြားလိုက်သေးတယ်။ ဘုရားရှင်ကိုယ်တိုင် မှာလိုက်တဲ့စကားက—

မာ ဘာယိ ဝက္ကလိ၊ မာ ဘာယီ ဝက္ကလိ၊ အပါပကံ ဘေ မရဏံ ဘဝိဿတိ၊ အပါပိကာ ကာလကိရိယာ တိ။

သံယုတ္တနိကာယ်- ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်- ဝက္ကလိသုတ္တန်-၉၉။

ဝက္ကလိ၊ ချစ်သား ဝက္ကလိ။ မာ ဘာယိ၊ မကြောက်ပါလင့်။ ဝက္ကလိ၊ ချစ်သား ဝက္ကလိ။ မာ ဘာယိ၊ မကြောက်ပါလင့်။ဝက္ကလိ၊ ချစ်သားဝက္ကလိ။ တေ၊ သင့်အား။ အပါပကံ၊ ယုတ်မာခြင်းမရှိသော။ (ဝါ) ညံ့ဖျင်းခြင်း အလျှင်းမရှိသော။ မရဏံ၊ သေရခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။ အပါပိကာ၊ အောက်တန်းကျခြင်း အလျှင်းမရှိသော။ ကာလကိရိယာ၊ ကွယ်လွန်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။

ဝက္ကလိ၊ ချစ်သားဝက္ကလိ။ တသ္မာ၊ ထို့ကြောင့်။ တုံ၊ သင်သည်။ မာ ဘာယိ၊ မကြောက်ပါလင့်။ ဧဝဉ္စ၊ ဤသို့လဲပဲ။ ဝဒေဟိ၊ ပြောပါ။

ဘုရားရှင် မှာလိုက်တဲ့ စကားမှာ တတိယစကားက ချစ်သားဝက္ကလိ၊ မကြောက်နဲ့။ ချစ်သားရဲ့သေခြင်းဟာ မွန်မြတ်သော သေခြင်း၊ အထက်တန်းကျသော သေခြင်းသာ ဖြစ်လိမ့်မယ်။ ယုတ်ညံ့သော သေခြင်းဖြင့် သေရမယ် မဟုတ်ဘူးဆိုတာကို သွားပြောလိုက်ပါ။

ရဟန်းတော်တွေက ဘုရား မှာလိုက်တဲ့အတိုင်း သွားပြီး ပြောတဲ့အခါ ကျတော့ ထိုကိုယ်တော်တွေကို ဝက္ကလိမထေရ်က ညောင်စောင်းပေါ်ကနေပြီး ပြန်ပြောတဲ့ စကားက—

အာဝုသော၊ ငါ့အရှင်ဘုရား ရဟန်းများတို့။ ရူပံ၊ ရုပ်တရားကြီးသည်။ အနိစ္စံ၊ အနိစ္စဖြစ်နေတဲ့ ရုပ်ပါဘုရား။ တံ၊ ထိုရုပ်တရား၏ အနိစ္စသဘောကို။ အဟံ၊ ဘုရားတပည့်တော်သည်။ နသက်ာမိ၊ ယုံမှားမရှိ သိပါပြီဘုရား။

သူ့အစ်မ်းအစ ဘယ်လောက်ရှိပြီ ဆိုဘာကိုပြောတာ။ "အရှင်ဘုရားတို့၊ တပည့်တော်ကို လာပြီးတော့ သတိပေးနေလို့ အပိုပါပဲ" အဓိပ္ပာယ်က ဒီရောက်သွားတယ်။ ရုပ်တရား၏ အနိစ္စအချက်ကို တပည့်တော်တို့ ယုံမှားကင်းမဲ့စွာ သိထားပါပြီ" တဲ့ သူက။ယုံမှားကင်းတယ်ဆိုတာက ဝိစိကိစ္ဆာတွေ့ မရှိတော့ဘူး။

ယဒနိစ္စံ တံ ဒုက္ခန္တိ နဝိစိကိစ္ဆာမိ။

သံယုတ္တနိကာယ်- ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်- ဝက္ကလိသုတ္တန်-၁၀၀။

ယံ ရူပံ၊ အာကြင်ရုပ်တရားသည်။ အနိစ္စံ၊ အနိစ္စဖြစ်နေတဲ့ရုပ်။ တံ၊ ထိုအနိစ္စဖြစ်နေတဲ့ ရုပ်တရားသည်။ ဒုက္ခန္တိ၊ ဒုက္ခဖြစ်နေဟဲ့ ရုပ်ဆိုတာကိုလဲပဲ။ အဟံ၊ ဘုရားတပည့်တော်သည်။ နဝိစိကိစ္ဆာမိ၊ ယုံမှားမရှိ သိပါပြီဘုရား။

"ရုပ်တရား၏ အနိစ္စသဘောကို ယုံးမှားမရှိ သိပါပြီ။ အနိစ္စဖြစ်နေတဲ့ အဲဒီ ရုပ်၏ ဒုက္ခသဘောတော့ကိုလဲ တပည့်တော်မှာ ယုံမှားမရှိ သိပါပြီဘုရား။ သူ၏ ဝိပဿနာစခန်း ဘယ်လောက် အထက်တန်းကျပြီဆိုတာကို ပြောတယ်။

ယဒနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ။

သံယုတ္တနိကာယ်- ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်- ဝက္ကလိသုတ္တန်-၁၀၀။

စကားဖြေပြောရအောင် "ရုပ်တရားဟာ အနိစ္စပါဘုရား။ အနိစ္စဖြစ်ရင် ဒုက္ခဆိုတာလဲ ဖြစ်နေပြီ။ အဲဒီ အနိစ္စ ဒုက္ခ ဖြစ်နေတဲ့ရုပ်ဟာ ဖောက်ပြန်တဲ့ ရုပ်ကြီးပါဘုရား။ အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ ဖြစ်နေတဲ့ ရုပ်ရဲ့သဘောကို တပည့်တော် ဝိစိကိစ္ဆာတရား ယုံမှားသံသယတွေကင်းရှင်းစွာနဲ့ သိပြီးပါပြီ" တဲ့။

နတ္တိ မေ တတ္တ ဆန္ဒော ဂါ ရာဂေါ ဂါ ဖေမံ ဝါတိ နံ ဝိစိကိစ္ဆာမိ။

သံယုတ္တနိကာယ်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-ဝက္ကလိသုတ္တန်-၁၀၀။

အာဝုံသော၊ ငါ့ရှင်ဘုရား ရဟန်းများတို့။ တတ္ထ၊ ကိုချပ်တရားထဲမှာ။ **မေ၊** တပည့်တော်ရဲ့။ ဆန္ဒော ဝါ၊ လိုလားခြင်းဆိုတဲ့ ဆန္ဒသည်လည်းကောင်း။ ရာဂေါ ဝါ၊ စွဲမက်ခြင်းဆိုတဲ့ ရာဂသည်လည်းကောင်း။ ဖေမံ ဝါ၊ အဲဒီရုပ်တရားကြီးကို ချစ်နေတဲ့ ဖေမဆိုတဲ့ သဘောသည်လည်းကောင်း။ နတ္ထိ၊ မရှိဖော့ပါဘုရား။

ဝက္ကလိ အထင်ကြီးလိုက်ပုံနော်။ ဝက္ကလိ မထေရ်က ရုပ်နဲ့ပတ်သက်လို့ လက္ခဏာသုံးချက် ပိုင်ပြီးပြီဆိုတဲ့အကြောင်း လျှောက်တယ်။ အဲဒါက ရှေ့ပိုင်းတချက်၊ နောက်တချက်ကတော့ ရုပ်တရားပေါ်မှာ လက္ခဏာသုံးချက် ပိုင်လို့ဘာဖြစ်လဲ။ ဆန္ဒရာဂတွေ့ ကင်းသွားပြီလို့ လျှောက်လိုက်တယ်။ အဲဒီသဘောတွေ့ကို တပည့်တော်သိရှိနားလည်တဲ့နေရာမှာလဲ ယုံမှားမရှိ သိရှိနားလည်တာပါဘုရား။အဓိမာန ကိုယ့်ကိုကိုယ် အထင်ကြီးတဲ့သဘောပဲ။

ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် တွေမှာလဲ ဒီအတိုင်းသွား။ ခန္ဓာငါးပါးကို လက္ခဏာသုံးချက်နဲ့ တပည့်တော်သိထားတာဟာ ယုံမှားမရှိ သိခြင်းပါဘုရား။ ခန္ဓာငါးပါးမှာ လက္ခဏာသုံးချက်နဲ့ ယုံမှားမရှိ ဆင်ခြင်သိရှိပြီးတဲ့ တပည့်တော်ဟာ ခန္ဓရာဂတွေကိုလဲ အကြွင်းမရှိ ပယ်ခွာ ပြီးပါပြီဘုရားလို့ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို မရောက်သေးပေမယ့် ရောက်တယ်လို့ အထင်ရှိပြီးတော့ အဓိမာန သဘောနဲ့ လျှောက်တယ်။ အဲဒီလို လျှောက်ကြားဖွယ်ရာများ ပြောကြားလျှောက်ထားပြီးတော့ ဘုရားလွှတ်လိုက်တဲ့ တမန်တော် ကိုယ်တော်တွေက ဝက္ကလိမထေရ်ထံက ပြန်လည်ဆွက်ခွာသွားကြတယ်။

ဝက္ကလိမထေရ် ဇီဝိတသမသီသိရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်စံခြင်း

အထ ခေါ အာယသ္မာ ဝက္ကလိ အစိရပက္ကန္တဿ ဝေသု ဘိက္ခူသု သတ္ထုံ အာဟရေသိ။

သံယုတ္တနိကာယ် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဝက္ကလိသုတ္တန်-၁၀၀။

အထခေါ်၊ ထိုအခါ၌။ တေသု ဘိက္ခူသူ၊ ထိုတမန်တော် ရဟန်းရဲ့။ အစိရပက္ကန္တသူ၊ ထွက်ခွာသွား၍ မကြာမြင့်မီ။ အာယသ္မာ ဝက္ကလိ၊ အရှင် ဝက္ကလိမထေရ်သည်။ သတ္ထုံ၊ အသက်ကို ဆောင်နိုင်သောခေါင်းကို၊ အာဟရေသိ၊ ဆောင်လိုက်လေပြီ။

ပါဠိတော်အရ အသက်ကိုဆောင်နိုင်သော ဓားကို ကိုင်လိုက်တယ်။ အဋ္ဌကထာကတော့ ဘာပြောထားတုံးဆိုရင်—

ဇီဝိတဟာရကံ၊ အသက်ကိုဆောင်နိုင်သော။ သတ္ထုံ၊ ဓားကို၊ အာဟရိဘ္ဝ၊ ကိုင်ဆွဲလိုက်ပြီးတော့မှ။

. ကိ' မေ ဣမိနာ ဒုက္ခေန ဇီဝိတေန။

ဒုက္ခေန၊ ဆင်းရဲလှစွာသော။ ဣမိနာ ဇီဝိတေန၊ ဤကဲ့သို့သော အသက်ရှင်နေရခြင်းဖြင့် ငါ့မှာ ဘာအကျိုးရှိမလဲ။ အတွေးပေါက်လာတယ်။

ဒုက္ခေန၊ ဆင်းရဲလှစွာသော။ ဣမိနာ ဇီဝိတေန၊ ဤသို့သော အသက်ရှင်နေရခြင်းဖြင့်။ မေ၊ ငါ့အား။ကိ'၊ အာဃယ်အကျိုးရှိအံ့နည်း။

ဒီလောက်ဆင်းရဲတဲ့ အသက်ရှင်ခြင်းဖြင့် ငါ့မှာ ဘာအကျိုးရှိမလဲ။ အတွေးပေါ်တ်လာတယ်။

ဣတိ၊ ဤသို့။ စိန္တေတ္ဝာ၊ ကြံစည်ပြီးတော့။ အတ္တာနံ၊ မိမိကိုယ်ကို။ အရဟန္တိ၊ ရဟန္တာဟူ၍။ မညမနော၊ အောက်မေ့မှတ်ထင်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဇီဝိတဟာရကံ၊ အသက်ကိုဆောင်နိုင်သော။ သတ္ထုံ၊ ဓားကို။ အာဟရိတ္ဝာ၊ ကိုင်ဆွဲပြီးတော့။ တိဏ္ဏေန၊ ထက်လှစွာသော။ သတ္ထေန၊ ဓားဖြင့်။ အတ္တနော၊ မိမိ၏။ ဂီဝံ၊ လည်ပင်းကို။ ဆိန္ဒိ၊ ဖြတ်တော်မူခဲ့လေပြီ။

ကိုယ်တော်တော့ပြန်ကြွလဲသွားရော။ဒါလောက်ဆင်းရဲပြီး အသက်ရှည်ခြင်းဖြင့် ငါ အသက်ရှည်နေတာဟာ ဘာအကျိုးရှိမလဲ၊ သေတာမှ ကောင်းသေးတယ်။ ကိလေသာ အာသဝေါ ကုန်လျော့ပြီးသားဖြစ်တဲ့ ငါ့အနေနဲ့ ပရိနိဗ္ဗာန်ဘဲဆိုပြီးတော့ လည်ပင်း ဓားနဲ့ကောက်လှီးလိုက်သတဲ့။ ဆန္ဒမထေရ်တို့ ဂေါဓိတမထေရ်တို့နဲ့ ခပ်ဆင်ဆင် တူတယ်နော်။ လည်ပင်း ဓားနဲ့ကောက်လှီးလိုက်တော့ အားပြတ်ပြီးတော့ ကိုယ့်လက်ကိုယ့်ခြေမှ မသယ်နိုင်တဲ့ ကိုယ်တော် တခါတည်း ပြတ်အောင် လှီးလို့မရဘူး။ အဲဒီအချိန်မှာ—

အာယသ္မတော ဝက္ကလိဿ၊ အရှင်ဝက္ကလိမထေရ်အား။ ဗလဝါ၊ ပြင်းထန်စွာသော။ ဝေဒနာ၊ ဝေဒနာတို့သည်။ ဥပပဇ္ဇန္တိ၊ ဖြစ်ပေါ်၍ လာကြလေကုန်၏။

ပြင်းထန်တဲ့ ဒုက္ခဝေဒနာတွေ ဖြစ်လာတယ်။

မရဏာဘယံ၊ သေရမှာ ကြောက်တယ်ဆိုတဲ့ စိတ်တွေဟာလဲပဲ။ ဥပပဇ္ဇိ၊ ဖြစ်ပေါ်၍ လာခဲ့လေပြီ။

စောစောကတော့ ရဟန္တာ၊ အခုတော့ သေရမှာ ကြောက်လာပြန်သကဲ့။ သေရမှာ ကြောက်တယ်ဆိုတဲ့ စိတ်တွေ ပေါ်လဲလာရော ပညာဘက်ရှိတဲ့လူ၊ ပရိယာယ်တော် ကျမ်းကျင်တဲ့လူဆိုတော့ သိတယ်။ ပရိယတ် ပဋိပတ်နှစ်ပါးစုံဘဲ့ အရှင်မြတ်ဖြစ်ခြင်းကြောင့် သြော်-သေရမှာ ကြောက်တယ်ဆိုရင် ငါဟာ အရဟန္တာစင်စစ် မဖြစ်သေးဘူး။ အဲဒီအချိန်ကဘော့မှ သူ့ကိုယ်သူ အဖြစ်မှန်ကို သိသွားတယ်။ ရဟန္တာမဖြစ်သေးဘူး။ ရဟန္တာမဟုတ်မှန်း သိလဲသွားရော အသက်ထင်ရှားရှိနေတဲ့ အချိန်ကာလတလျှောက်လုံး ကမ္မဋ္ဌာန်းကို မပြတ်တရစပ်အားထုတ်နေတဲ့ ကိုယ်တော်ပဲ။

အဝိဿဇ္ဇ ကမ္မဋ္ဌာနိကာ ကမ္မဋ္ဌာန်းအလုပ်ကို တသက်လုံးမစွန့်လွှတ်ပဲနဲ့ အားထုတ်၍နေခဲ့ဟဲ့ အလေ့အလာရှိတဲ့ပုဂ္ဂိုလ်ဖြစ်၍ နေလေသောကြောင့်။ သော၊ ထိုအရှင်ဝက္ကလိမထေရ်သည်။ မူလကမ္မဋ္ဌာနံ၊ မိမိအားထုတ်နေကျ ခေါ်ဆိုရာတဲ့ မူလကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ကိုင်ဆဲ့ပြီးတော့။

အဋ္ဌကထာဆရာတော်ကြီးက လောလောဆယ်ဖြစ်နေတဲ့ ဝေဒနာရှုတယ်လို့ မပါဘူး။

မူလကမ္မဋ္ဌာနံ၊ မိမိအားထုတ်နေ၍ ဖြစ်ဘဲ့မူလကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ကိုင်ပြီးတော့မှ။ ဝိပဿနံ၊ ဝိပဿနာတရားကို။ ဝဍ္ဎေန္တော၊ ကျင့်ကြံကျိုးကုတ်အာထုတ်တော်မူခဲ့သည်ရှိသော်။ နှစိရေနေဝ၊ မကြာမြင့်တဲ့ ကာလမှာပင်လျှင်။ အရဟတ္တံ၊ အာသဝေါကင်းကွာတဲ့ ရဟန္တာအဖြစ်သို့။ ပတ္တော၊ ဆိုက်ရောက်တော်မူခဲ့၍။ ဇီဝိတသမသီသီ၊ ဇီဝိတသမသီသီရဟန္တာမျိုးသည်။ ဟုတ္တော၊ ဖြစ်၍။ ပရိနိဗ္ဗာယိ၊ ခန္ဓာဇာတ် ချုပ်ငြိမ်းကာ ရုပ်သိမ်းတော်မူခဲ့ရှာလေသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

တတိယပိုင်း ပြီး၏။

စကားပုံး

"ကဲကဲ-ဘုန်းကြီးတို့ပေးကြားလာခဲ့တာ ခန္ဓာဘယ်နှစ်ပါး ပြီးသွားပါလိမ့်"

"သုံးပါး ပြီးသွားပါဘုရား"

ရွှေဘာခန္ဓာ-သစ်ါရက္ခန္ဓာ။ ရူပက္ခန္ဓာ၊ ရေမြုပ်နဲ့တူပုံ ပေးကြားပြီးပြီ၊ ဝေဒနာက္ခန္ဓာ၊ ရေပွက်နှင့်တူပုံ ပေးပြီးပြီ။ သညာက္ခန္ဓာ၊ တံလှေနှင့်တူပုံ ပေးပြီးပြီ။

"ဟုတ်တယ်မဟုတ်လား"

"ပေးပြီးပါဘုရား"

သေယျထာပိ ဘိက္ခဝေ ပုရိသော သာရတ္ထိကော သာရဂဝေသီ သာရပရိယေသနံ စရမာနော တိဏ္ဍံ ကုဋ္ဌာရိံ အာဒါယ ဝနံ ပဝိသေယျ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သာရတ္ထိကော၊ အနှစ်ကို အလိုရှိသော။ သာရဂဝေသီ၊ အနှစ်ကိုရှာမှီးသော။ ပုရိသော၊ အမျိုးသား သည်။ သာရပရိယေသနံ၊ အနှစ်ကို ရှာမှီးလျက်။ စရမာနော၊ လျှောက်လည်သွားသည် ရှိသော်။ တိဏ္ဍံ၊ ထက်လှစွာသော။ ကုဋ္ဌာရိံ၊ ဝေးမကြီးကို။ အာဒါယ၊ ကိုင်ဆောင်၍။ဝနံ၊ တောအုပ်ကြီးထဲသို့။ ပဝိသေယျ။ ဝင်ရောက်လာဖူး၏။

အနှစ်ကိုလိုလားပြီး အနှစ်ကိုရှာမှီးသော အမျိုးကောင်းသားတယောက်၊ အနှစ်ကို လိုက်လံရှာမှီးယင်း ဝေးမကြီးထပ်းပြီးတော့ တောအုပ်ကြီးထဲသို့ ဝင်လာခဲ့ပြီး ထိုအမျိုးကောင်းသား ဘာမြင်တွေ့တုံး။

သော တတ္ထ ဂဏ္ဌေယျ၊ မဟန္တံ ကဒလိက္ခန္ဓံ ဥဇုံ ဝနံ အာကုဏ္ဏံ ကဇာတံ။

တိုးခေါ်းမကြီးထမ်းပြီး အနှစ်ရှာနေတဲ့ အမျိုးသား တောနက်ကြီးထဲရောက်လာတဲ့အခါမှာ အနှစ်မရှိ ဖြောင့်ဖြောင့်ဘန်းတန်းကြီး ပေါက်ရောက်နေတဲ့ ငှက်ပျောပင်ကြီးကို မြင်တွေ့လိုက်တယ်။

"တို့ပရိသတ်၊ အနှစ်ရှာနေတဲ့အမျိုးသား ဘာတွေ့တုံး"
"ငှက်ပျောပင်ကြီး တွေ့ပါတယ်ဘုရား"

အေး-ငှက်ပျောပင်ကြီး သူတွေ့တော့ ဘာလုပ်—

တမေနံ မူလေ ဆိုန္ဒယျ မူလေ ဆေတ္တာ အဂ္ဂေ ဆိုန္ဒယျ၊ အဂ္ဂေ ဆေတ္တာ ပဘ္ဘဝင်္ဂံ ဝိနိဘ္ဘုဇေယျ၊ ယော တဿ ပဘ္ဘဝင်္ဂံ ဝိနိဘ္ဘု ဇန္တော ဖဂ္ဂုံမို နာဒိဂစ္ဆေ သျ။

တမေနံ၊ ထိုငှက်ပျောပင်ကြီးကို။ မူလေ၊ အရင်းဘက်၌။ ဆိုန္ဒယျ၊ ဖြတ်လိုက်ရာ၏။ မူလေ၊ အမြစ်ကို။ ဆေတ္တာ၊ ဖြတ်ပြီး၍။ အဂ္ဂေ၊ အဖျားဘက်ကို။ ဆိုန္ဒယျ၊ ဖြတ်လိုက်ရာ၏။ အဂ္ဂေ ဆေတ္တာ၊ အဖျားဖြာ်ပြီးတော့။ ပဘ္ဘဝင်္ဂံ၊ ငှက်ပျောဖဘ်ကို။ ဝိနိဘ္ဘုဇေယျ၊ ခွဲထုတ်ရာ၏။ သော၊ ထိုအမျိုးကောင်းသား သည်။ တဿ၊ ထိုငှက်ပျောပင်ကြီး၏။ ပဘ္ဘဝင်္ဂံ၊ အချပ်လှာကို။ ဝိနိဘ္ဘုဇန္တော၊ ခွဲထုတ်သည်ရှိသော်။ ဖဂ္ဂုံမို၊ အကာကိုမျှလည်း။ နာဓိဂစ္ဆေ၊ မရနိုင်ရာ။ သာရံ၊ အနှစ်ကိုမူကား။ ကုတော၊ အာဘယ်မှာလျှင် ရနိုင်ပါတော့အံ့နည်း။

အနှစ်လိုလားတဲ့ အမျိုးသားက ငှက်ပျောပင်ကြီးကို တွေ့တော့ အမြစ်ဘက်က တချက်ဖြတ်လိုက်တယ်၊ အဖျားဘက်က တချက်ဖြတ်လိုက်တယ်၊ ပြီးတော့မှ ငှက်ပျောတုံကြီးရဲ့ အချပ်လှာကို ပတ်ချာလှည့်ပြီး ခွာထုတ်လိုက်တယ်။ ဒီလို ခွာထုတ်လိုက်တော့ အနှစ်ကိုတွေ့ရောလား။ အကာကိုတောင် မတွေ့ရဘူးတဲ့။ အနှစ်ကိုတော့ မပြောနဲ့တော့ တို့ပရိသတ်။

အမြင်သုံးမျိုး

တမေနံ စက္ခုမာ ပုရိသော ပဿေယျ နိဗ္ဗာယေယျ ယောနိသော ဥပပရိက္ခေယျ။

ထိုငှက်ပျောဘုံးကြီးကို မျက်စိအမြင်ရှိတဲ့ အမျိုးသားက အဝေးမှ လှမ်းမြင်ရတယ်။ ပဿေယျ၊ အနီးကပ်ပြီး သေသေချာချာကြည့်တယ်-နိဗ္ဗာယေယျ။

ငှက်ပျောတုံးကြီးထဲ ဘာတွေများရှိတုံးလို့ တချပ်ချင်း တချပ်ချင်း ခွာခွာကြည့်တယ်-ဥပဟရိကွေ့ယျ။

"သုံးမျိုးပဲနော်-အဝေးမှမြင်၊ အနီးကပ်ကြည့်။ စူးစမ်းရှာဖွေ ဖီလို့ မဟုတ်လား"

"မှန်လှပါဘုရား"

တဿ တံပဿတော နိဗ္ဗာယတော ယောနိသော ဥပဟရိဿတော ရိဇ္ဇာကညော ခါ့ယျ၊ တုစ္ဆကညော ခါ့ယျ၊ အသာရကညော ခါ့ယျ၊ ဟိ ဟိ သိယာ ဘိက္ခဝေ ကဒလိက္ခန္ဓော သာရော။

တံ၊ ထိုငှက်ပျောတုံးကြီးကို။ပဿ တော၊ အဝေးမှတွေ့မြင်နေသော။ နိဗ္ဗာယတော၊ အနီးကပ် စူးစမ်းလေ့လာသော။ယောနိသော၊ သင့်သောအကြောင်း အားဖြင့်။ ဥပဟရိက္ခတော၊ တဆင့်စီ တဆင့်စီ အလွှာအခွံပ်တွေကို ခွာ၍ ကြည့်သော။ တဿ၊ ထိုအမျိုးကောင်းသားအား။ ရိဇ္ဇာကညော၊ အလှည့်နှိုးဟူ၍သာလျှင်။ တုစ္ဆကညော၊ အလကားဟူ၍သာလျှင်။ အသာရကညော၊ အနှစ်မပါ ဗလာဟူ၍သာလျှင်။ ခါ့ယျ၊ ထင်ရှားခဲ့ရာ၏။

ငှက်ပျောတုံးကြီးကို အကြည့်သုံးမျိုးနှင့် ကြည့်ရှုလိုက်တဲ့အခါမှာ အခွံညှိ, နှိုးပဲ-ရိတ္တာ၊ အလကားပဲ-တုစ္ဆ၊ အနှစ်မပါ ဗလာသက်သက်ပဲ-အသာရကလို့ သုံးမျိုးပဲ မြင်သွားတယ်နော်။

"ဟုတ်ဘယ်မဟုတ်လား၊ အမြင်သုံးမျိုး"

"မှန်လှပါဘုရား"

ဘိက္ခဝေ၊ ရဟန်းတော်များ အိုခြစ်သားတို့။ ကဒလိက္ခန္ဓော၊ ငှက်ပျောတုံးကြီး၌။ သာရော၊ အနှစ်သာရသည်။ ကိ ဟိ သိယာ၊ အဘယ်မှာလျှင် ရှိပါတော့အုံနည်း။ န သိယာ ဇဝေ၊ ပင်စည်လုံးက သုံးမရသဖြင့် မုချကိန်းသေ အနှစ်တွေ့ မရှိတော့သည်သာတည်း။

"သာဓု-သာဓု-သာဓု ပါဘုရား"

"ငှက်ပျောတုံးမှာ လိုလားနှစ်သက်စရာကောင်းတဲ့ အနှစ်ရှိရဲ့လား"

"မရှိပါဘုရား"

ဌက်ပျော်တုံးမမာ သခ်ါရကွန္ဓာ

ဧဝမေဝ ဧခါ ဘိက္ခဝေ ယေကေစိ သခ်ါရာ အတီတာနာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယေ ဒူရေ သန္တိကေ ဝါ။

ဘိက္ခဝေ၊ ရဟန်းတော်အများ ဒို့ချစ်သားတို့။ ဧဝံမေဝ-ဧဝတထာ၊ ပမာထားယူ ထို့အတူ။ အတီတာနာဂတပစ္စုပ္ပန္နာ၊ အတိတ်ကဖြစ်ခဲ့တဲ့ သခ်ါရတွေ၊ ပစ္စုပ္ပန်မှာ ဖြစ်နေဆဲ ဖြစ်ကြတဲ့ သခ်ါရတွေ၊ နောင်ဘဝခန္ဓာ မကုန်သေးရင် ဖြစ်ရမယ့် သခ်ါရတွေ။

ဟို-အတိတ်သံသရာ တောနက်ကြီးထဲမှာ ဖြစ်ခဲ့ဘဲ့ သခ်ါရတွေ အကုန်၊ ယခု ပစ္စက္ခမှာ ဖြစ်ဆဲဖြစ်ရတဲ့ သခ်ါရတွေ၊ နောင်ဘဝခန္ဓာ မကုန်သေးသမျှ ဖြစ်အုံးမဲ့ သခ်ါရတွေ အကုန်လုံး။

အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ။

အဇ္ဈတ္တ—မိမိရဲ့ခန္ဓာမှာ ရှိနေတဲ့ သခ်ါရတွေ။
ဗဟိဒ္ဓ —အခြားပုဂ္ဂိုလ်ရဲ့ ခန္ဓာမှာ ရှိနေတဲ့ သခ်ါရတွေ။
ဘယ်သူ့ရဲ့ သခ်ါရတွေပဲဖြစ်ဖြစ်။

သြဠာရိကာ ဝါ သုခုမာ ဝါ။

သြဠာရိက—ရုပ်ကြမ်းတဲ့ ခန္ဓာကိုယ်ရထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ သခ်ါရတွေ။
သုခုမ—နူးညံ့တဲ့ ခန္ဓာကိုယ်ရထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ သခ်ါရတွေ။
ဟီန—အကုသိုလ်ကြောင့် ယုတ်နိမ့်တဲ့ အပါယ်ဘုံသားတွေရဲ့ သခ်ါရတွေ။

ပဏီတ-ကုသိုလ်ကြောင့် မြင့်မြတ်တဲ့ ခန္ဓာကိုယ်ရထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ သခ်ါရတွေ။

ယေ ဒူရေ သန္တိကေ ဝါ။

ဟိုအဝေးကြီးမှာ ဖြစ်နေတဲ့သခ်ါရတွေ၊
အနီးကပ်လေးမှာ ဖြစ်နေတဲ့သခ်ါရတွေ။

အဝေးဖြစ်တဲ့သခ်ါရဆိုတာ မိမိရဲ့ အပြင်အပ ဗဟိဒ္ဓသခ်ါရ၊ အခြားသူ တွေ့ရဲ့ ခန္ဓာမှာ ဖြစ်နေတဲ့ သခ်ါရတွေဆိုတာ ကိုယ်ကမှန်းကြည့်လို့သာ ရတာ၊ အာရုံယူလို့မဖြစ်နိုင်ဘူး၊ အဲဒါ အဝေးသခ်ါရ။

ကိုယ်ခန္ဓာထဲမှာဖြစ်နေတဲ့ သခ်ါရတွေကတော့ ကိုယ်က တိုက်ရိုက် အာရုံယူလို့ရတာမို့ အဲဒါက အနီးသခ်ါရတွေ၊ ဘယ်သခ်ါရပဲဖြစ်ဖြစ် ကဒေါကွန္ဒဿေယျထာပိ၊ ငှက်ပျောတုံးလိုပဲလို့ဆိုတာ မှတ်ထားကြ။ သခ်ါရကွန္ဒာဟာ ငှက်ပျောတုံးနဲ့တူတယ်။

"ငှက်ပျောတုံးမှာ အနှစ်ဆိုတာ ရှာပို့တွေ့ကြရဲ့လား"
"မတွေ့ပါဘုရား"
"ဒီခန္ဓာမှာ အနှစ်ရှာဘော့ကော"
"အနှစ်မတွေ့ပါဘုရား"
တို့ပရိသတ်ကတော့ ကိုယ့်ခန္ဓာကိုယ် အနှစ်သာရရှိတယ်လို့ ထင်နေကြဘယ်။
"အနှစ်ရှိတယ်လို့ မထင်ကြဘူးလား"
"ထင်ကြပါတယ်ဘုရား"

အေး-ကိုယ့်ခန္ဓာကိုယ် အနှစ်သာရရှိတယ်လို့ အထင်နဲ့နေပြီး ဒီအထင်ကြီးနဲ့ သေသွားကြရင် ဘယ်ရောက်ကြမယ်။ အပါယ်ဘုံကို ရောက်ကြမယ်။ သဘောပေါက် နားလည်ထားကြပါ။

ဒါ့ကြောင့် တို့ယောဂီ ပရိသတ်က အနှစ်မရှိ ငှက်ပျောတုံးပမာဖြစ်တဲ့ ခန္ဓာထဲမှ အနှစ်ကို ထုတ်ယူကြမယ်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် အနှစ်ထုတ်ယူနေကြတာ အနှစ်က ဘာလဲ။ဘဝနာဉာဏ်။

ဒီကိုယ်ရဲ့ အနှစ်သာရလို့ ခေါ်ဆိုရတဲ့ ဘာဝနာအနှစ်ကို မရပဲနဲ့ ငှက်ပျောတုံးကြီးကို တလှာစီ တလှာစီ ခွာကြည့်၊ အနှစ်မတွေ့ရသလို ဒီခန္ဓာကိုယ်ကြီး ကောဋ္ဌာသအနေနှင့် ခွဲခြမ်းစိတ်ဖြာ ခွာကြည့်၊ ဓာတ်သဘောအားဖြင့် ခွာကြည့်၊ အနှစ်သာရ မရှိပါလားလို့သိတဲ့ ဘာဝနာဉာဏ် အနှစ်ကို မရပဲနဲ့ နှစ်ပေါင်းတရာ အသက်ရှင်တဲ့ ပုဂ္ဂိုလ်နဲ့ ယှဉ်လိုက်လို့ရှိရင် စျာန်တရား ဉာဏ်တရားရပြီးတော့ အသက်ရှင်တဲ့ ပုဂ္ဂိုလ်က တမနက်လောက် နေရပေမယ့် မြတ်တယ်။ ဘဝရဲ့ အနှစ်နဲ့ အကာ ခွဲနားမလယ်ပဲနဲ့ နှစ်ပေါင်း တရာကြာရင် ဘဝမှာ အကာအနေနဲ့ အသက်ရှင်ရတာမို့လို့ အကျိုးမရှိဘူး။ လိုရင်းစကားပြောမှာ

နော်။ အနှစ်နဲ့အကာခဲ့ နားလယ်ပြီးမှ အသက်ရှင်ရင် တမနက်လောက်ပဲ နေရ ဒနရ အဖိုးတန်တယ်တဲ့။

ဘဝနဲ့ အနှစ်ဟာ ဘုန်းကြီးတို့ယောဂီများ အနှစ်နဲ့ အကာကို ခွဲသိတဲ့ဉာဏ်၊ စီးပွားဥစ္စာရဲ့ အနှစ်သာရကျတော့ ဒါနကောင်းမှု၊အသက်ရှည်ရတဲ့အနှစ်သာရကျတော့ သီလကောင်းမှု၊ ဟောဒိ ခန္ဓာကိုယ်ကြီးရဲ့ အနှစ်သာရကျတော့ ဘာဝနာဓကောင်းမှု။

"ကိုယ်ရဲ့ အနှစ်သာရ ဘာတဲ့တုံး"
"ဘာဝနာကောင်းမှုပါဘုရား"

ခန္ဓာကိုယ်ကြီးမှာ အနှစ်ရှာရင် ငှက်ပျောတုံးရှာရသလိုပဲ တဖတ်စီ တဖတ်စီ ခွာလိုက်။အကာချည်းထွက်လာတာ အနှစ်ဘာမှမရှိဘူး။ မနေ့ကပြောခဲ့ပြီးပြီ။ ခေါင်းတလုံးခွာလိုက်တာ။

"ဘုန်းကြီးတို့ ယောဂီများ ဘာအနှစ်ရလဲ"
"ဘာမှမရပါဘုရား"
"ဘာအနှစ်မှမရှိဘူး။ အသုဘအစုအပုံကြီးပဲ တွေ့တယ်မဟုတ်လား"
"မှန်ပါတယ်ဘုရား"

အနှစ်မရှိတဲ့ ဦးခေါင်းပဲဆိုပြီးတော့ ဘုန်းကြီးတို့ ယောဂီများ ဒီအတိုင်း ပစ်မထားနဲ့၊စိုက်ပြီးတော့ကြည့်၊အနှစ်မရှိတာ အသေအချာသိတဲ့ ဉာဏ်ကလေး ရလာရင် အဲဒါဟာ ကိုယ့်အတွက် အနှစ်နော်။ ဘာဝနာဉာဏ်က ဒီနေရာမှာ လေးပါး။

(၁) အနိစ္စကို အနိစ္စမှန်းသိတဲ့ ဉာဏ်၊
(၂) ဒုက္ခကို ဒုက္ခမှန်းသိတဲ့ ဉာဏ်၊
(၃) အနတ္တကို အနတ္တမှန်းသိတဲ့ ဉာဏ်၊
(၄) အသုဘကို အသုဘမှန်းသိတဲ့ ဉာဏ်၊

ဒီဉာဏ်ရလာလို့ရှိရင် ကိုယ်အတွက် အနှစ်သာရ၊ဒီလိုခေါ်တယ်။ ပေါင်ဆဲက ကိုက်လှခုံးရဲ့ဆိုတဲ့ ယောဂီပုဂ္ဂိုလ်များလဲ အဲဒီအထဲက အနှစ်ကလေးတော့ ရအောင်ထုတ်။အကာကြီးဟာ တယ်နှိပ်စက်တယ်။အနှစ်ရအောင် ကြိုးစားယူ။ ဘာဖြစ်လို့ နာနေတာလဲဆိုလို့ရှိရင် စူးစူးစိုက်စိုက်ကြည့်လိုက်။ စာပေစကား အရဆိုရင် ဃနပြိုအောင်ဖြို့။

"စာပေစကားနဲ့ ဘာတဲ့တုံး"
"ဃနပြိုအောင် ဖြိုရမှာပါဘုရား"

(၁) သမူဟဃန၊
(၂) သန္ဓတိဃန၊
(၃) အာရမ္မဏဃန၊
(၄) ကိစ္စဃန၊

"ဃနဘယ်နှစ်ပါးလဲ"
"၄လေးပါးပါဘုရား"

ကောဋ္ဌာသနည်းနဲ့ ခွဲကြည့်ပါ

ဃ်နပြိုအောင် ဖြိုလိုက်ပါ။ သမူဟဃန ပေါင်းစုံထားလို့ ဌက်ပျောတုံးကြီး နဲ့ တူလိုက်တာ။ဟောဒီမှာ ခြေထောက်ကြီးတချောင်း ဖြောင့်စင်းနေတာပဲ။ ဌက်ပျောပင်ကြီးလိုပေါ့။ အေး-ဌက်ပျောပင်ကြီးကို ခေးပြတ်ပြတ်နဲ့ တလှာစီ တလှာစီ အပေါ်ကနေ ခွဲလိုက်သလို ခွဲလိုက်စမ်းပါ။

ပေါင်ကိုက်တယ်ဆိုတဲ့ ပဋိုလ်တွေခွဲလိုက်တော့ အပေါ်ကအရေပါးဆိုတဲ့ အကာလေးတလှာ ထွက်သွားတယ်။

"တလှာရပြီနော်"
"ရပါပြီဘုရား"

ဒီအရေပါးက ကိုက်တာလားကြည့်၊ မဟုတ်ပြန်ဘူး။ခွဲလိုက်အုံး၊ နောက် တလှာ အရေထူတလှာ ထွက်လာတယ်။

"ဘာထက်လာသလဲ"
"အရေထူထွက်လာပါတယ် ဘုရား"
အရေထူကို ခွဲလိုက်ပြန်တော့လဲ အကာကြီးပဲ ထွက်လာတာ။
"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

အရေပါး တလှာခွဲလိုက်ပြီ၊ အရေထူ တလှာခွဲလိုက်ပြီ၊ ခေးပြတ်ပြတ်နဲ့ ခွဲရတယ်နော်။ခေးတုံးတုံးကြီးနဲ့တော့ မခွဲနဲ့၊မရဘူး။ခေးပြတ်မှ ဘုန်းကြီးတို့ ယောဂီများ ခေးသွေးထား။

"သွေးပြီးပလား"
"သွေးပြီးပါပြီ ဘုရား"

အေး-သွေးပြီးပြီလို့တော့ ပြောတာပဲ။ သွေးသား ငှက်ပျောတုံးခွါသလို ခွါကြည့်။

မဟန္တံ တိက္ခံ ကုဋ္ဌာရိံ အာဒါယ။

အလှန်တရာထက်တဲ့ ဓားနဲ့ခွာလိုက်တော့ အရေပါးတလွှာ၊ ငှက်ပျောတုံး အကာကြီး ခွာသလို ခွာပစ်လိုက်တာ။ ဘာမျှးရှိသလဲလို့ ကြည့်လိုက်တော့ ဘာမှရစရာ ယူစရာ ဒီအထဲ မတွေ့ဘူး။ ခွာအုံးမယ်ဟဲ့ နောက်တထပ်၊ စိုက်စိုက်စူးစူး ခွာလိုက်တော့ အရေတွကြီး တလွှာထွက်လာပြန်တယ်။

"အရေထူက နာတာလား၊ ကြည့်လိုက်စမ်း"
"မနာပါဘုရား"

အရေထူကလဲ မနာဘူး။ အရေးပါးကလဲ မနာဘူး။ နှစ်လွှာတော့ ပြီးသွားပြီ။ ခွာလိုက်အုံး နောက်တလွှာ၊ အမွေးကလေးတထပ် ထွက်လာတယ်။

"ဘာထွက်လာသလဲ"
"အမွေးလေး တထပ် ထွက်လာပါတယ်ဘုရား"

အမွေးကို ဆွဲခွာလိုက်ပြန်တော့လဲပဲ အမွေးက နာသလားလို့မေးကြည့်တော့ အမွေးကလဲ မနာဘူး။ အရေထူကလဲ မနာဘူး။ အရေပါးကလဲ မနာဘူး။ အမွေးတွေတော့ ကုန်သွားပြန်ပြီ။ ခွာလိုက်အုံး၊ အောက်မှာ အသားတွေထွက်လာတယ်။ အသားတွေဆိုတဲ့ အခွံကြီး အကာကြီး တလွှာထွက်လာပြန်ပြီနော်။

အသားတွေကို မေးကြည့် နာသလားလို့။ ဒီအသားတွေကလဲ မနာပါဘူးတဲ့။ ကိုင်း-ဒါဖြင့် ဘယ်ကနာသလဲ၊ ခွာကြအုံးစို့။ အသားတွေရဲ့ အောက်နားမှာလဲ ဒီလိုပဲ အမွေးတထပ်ရှိသေးတယ်။အသားမှာ အပေါ်က အမွေးတခု၊ အောက်က အမွေးတခုရှိတယ်။ ကိုင်း-အသားရဲ့အောက်က အမွေးလေးဆွဲခွာပြန်တော့ နာသလားလို့ မေးကြည့်။

"ဒီအမွေးကလေးက နာသလား"
"မနာပါဘုရား"

သူကလဲ နာတတ်တဲ့သဘော မရှိပါဘူးတဲ့။ အမေးဟာ ရုပ်တရားပါတဲ့။
“အမေးဟာ ဘာတရားလဲ”
“ရုပ်တရားပါဘုရား”
ရုပ်က မနာတတ်ပါဘူးတဲ့။ အဲဒီကနေ ခွာလိုက်ပြန်၊ အမေးခွာပြန်တော့ အောက်နားမှာ အကြောတွေ့။ အကြောတွေဟာ ကြိုးနဲ့ ချည်ထားသလိုပဲ။ ဒီခန္ဓာကိုယ် ငှက်ပျောဘုံးကြီးကို ချည်နှောင် တုပ်ဆိုင်းထားတဲ့ အကြောတွေ ဆိုတဲ့ ကြိုးတွေကို တွေ့ပြန်တယ်။အကြောခတ္တ တချောင်းချင်း တချောင်းချင်း ဆဲ့ဆဲ့ပြီးတော့ ထုတ်လိုက်စမ်း။ နာသလားလို့မေးကြည့်တော့ မနာပါဘူးတဲ့။ အကြောဆိုတာ ရုပ်တရား။

“အကြောဆိုတာ ဘာတရားလဲ”
“ရုပ်တရားပါဘုရား”
“ဘယ်နှစ်လွှာရပြီလဲ”
“ခြောက်လွှာရပါပြီဘုရား”

အရေပါးရယ်၊ အရေထူရယ်၊ အမွေးရယ်၊ အသားရယ်၊ အကြောရယ်၊ အမွေးကတော့ အထပ်ထပ် နေတယ်ဗျ့နော်။ အရေထူနဲ့ အရေပါးကြားမှာလဲ အမွှေးရှိတယ်။ အရေထူနဲ့ အသားကြားမှာလဲ အမွေးရှိတယ်။ အသားနဲ့ အကြောကြားမှာလဲအမွေးရှိတယ်။အကြောနဲ့ အရိုးကြားမှာလဲ အမွေးရှိတယ်။ အမွေးဟာ ကြားထဲကနေ ဆက်သွယ်ပေးထားတဲ့ အစေးလေးမျှားလိုပေါ့။

ဘုန်းကြီးတို့ ယောဂီမျှားရဲ့ အောက်က ရာဘာခံတဲ့ ဖိနပ်ကိုကြည့်ပေါ့။ အပေါ်ကသားရေ၊ အောက်က ရာဘာ အဲဒီကြားထဲမှာ ကပ်ရန်ဆိုပြီးတော့ ရာဘာကို မီးနဲ့ရှို့တော့ အစေးလေးတွေ့ ထွက်လာတယ်။

“ဒီလိမ္မာတော်လား”
“မှန်ပါတယ်ဘုရား”

မီးနဲ့မရှို့ရင်လဲပဲ တမင်ကပ်စေတဲ့ အစေးလေးတွေ့ ထည့်ပေးရတယ်။ အဲဒီသဘောမျိုး။ ဒီကောဋ္ဌသတွေကပ်နေအောင် အမွေးလေးတွေ့ အမွေးလေးတွေ့ ကြားထဲကနေ ခံခံထားတယ်။ သဘာဝက တည်ဆောက်ပေးထားတာ အလွန်အံ့သြစရာကောင်းတယ်။

ကိုင်း-အကြောတွေ ရောက်သွားပြန်ပြီတဲ့။ နာသလားလို့ မေးကြည့်ပြန်တော့ အကြောတွေကလဲ မနာပါဘူးတဲ့။ ဒါဖြင့်ရင် ခွာလိုက်အုံး။ အောက်ကိုတထပ်။ ဘာတွေမတုံးဆိုတော့ အကြောနဲ့ ချည်နှောင်တုပ်ဆိုင်းထားတာ ဘာလဲ။

"အရိုးမဟုတ်လား"

"မှန်ပါဘုရား"

အရိုးကျပြန်တော့လဲ မေးကြည့်လိုက်အုံး။ နာသလားလို့ မေးကြည့်တော့ မနာတတ်ပါဘူးတဲ့၊ ဘယ်မှာလဲ နာတာ။

"ရုပ်တရားကြီးက နာတယ်လို့ပြောလား"

"မပြောပါဘုရား"

"အဲ-ဘယ်သူက ပြောတာလဲ၊ နာတယ်ဆိုတာ"

"ဝေဒနာက ပြောတာပါဘုရား"

"ဝေဒနာဟာ စိတ်ထဲ ပြန်ကပ်သွားပြီမဟုတ်လား"

"မှန်ပါဘုရား"

ဘုန်းကြီးတို့ယောဂီများကတော့ ခါးထဲက နာတာအောက်မေ့တာ။ ဘယ်ဟုတ်မလဲ၊စိတ်ထဲက နာနေတာ၊ ခါးထဲကနာတာ မရှိတော့ဘူးနော်။အမှေးလဲ မနာဘူး၊ အရေထူ အရေပါး အကြော အရိုး။

"သူတို့က နာသလား"

"မနာပါဘုရား"

မနာဘူး၊ ရုပ်တရား နာတယ်ဆိုတာ ဘာမှမသိဘူး။ ဒီရုပ် အစုအပုံကြီးက နာတဲ့သဘော ဘာမှမသိဘူး။ ကိုင်း-အရိုးကို ဖောက်ထွင်းပြီးတော့ အတွင်း စိုက်ပြီးတော့ ကြည့်လိုက်စမ်း၊ ချဉ်ဆီတဲ့။

"ဘာတဲ့ကုံး"

"ချဉ်ဆီပါဘုရား"

ချဉ်သီရောက်ပြန်ပြီ။ ချဉ်ဆီကုံးကြီးတွေ တွေ့တဲ့အခါကျပြန်တော့ ဝါးလုံးခေါင်းထဲမှာ ကြိမ်ဖူးကလေးတွေထည့်ပြီး မီးဖုတ်ထားသလိုပဲ။ ကြိမ်ညှစ် နုနုလေးကို ဝါးလုံးခေါင်းထဲ ထည့်ပြီးတော့ မီးအုံးထားသလိုပဲ။ ချဉ်ဆီတွေ၊ ချဉ်ဆီတွေက နာတာလား လို့ မေးကြည့်တော့ မနာပါဘူးတဲ့။ ချဉ်ဆီက ရုပ်

တရား၊ နာတာ ဘာမှမသိဘူးတဲ့။ အဲဒီအထဲ သွားနေတဲ့ သွေးတွေကို မေးကြည့်လိုက်အုံး။ နာတတ်သလားဆိုတော့ ရုပ်တရားမို့လို့ မနာပါဘူးတဲ့။

"ရုပ်တရားနာတာ သိသလား"
"မသိပါဘုရား"
"ကိုင်း-ဒါဖြင့် ဘယ်သူနာနေတာလဲ"
"စိတ်က နာတာပါဘုရား"

ဟော-ပေါ်လာပြီနော်၊ နာမှန်းသိတဲ့ ဝိညာဉ်။ နာတဲ့ဒဏ်ကို ခံနေရတယ် ဝေဒနာ။

"ဝေဒနာနဲ့ ရုပ် တခြားစီ ဟုတ်လား"
"မှန်ပါဘုရား"

ဝေဒနာဆိုတာက ခံစားတဲ့သဘော၊ သိတယ်ဆိုတဲ့ ဝိညာဉ်နဲ့ အတွဲလိုက် သွားတယ်။ ဝိညာဉ်က နာမ်တရား။

ဒါဖြင့်ရင် ယခု ငှက်ပျောတုံးခွာသလို တဖတ်စီ တဖတ်စီ၊ တထပ်စီ တထပ်စီ ခွာလိုက်တာ။

(၁) အရေပါး ရှိတယ်။
(၂) အရေတူ ရှိတယ်။
(၃) အမွေး ရှိတယ်။
(၄) အကြော ရှိတယ်။
(၅) အသား ရှိတယ်။
(၆) အရိုး ရှိတယ်။
(၇) ချဉ်ဆီ ရှိတယ်။
(၈) သွေး ရှိတယ်။

"ငှက်ပျောတုံးကြီး ဘယ်နှစ်ခတ်လောက်ခွာသိုက်"
"....."

အခုရပါးရယ်၊ အရေထူရယ်၊ အမွေးရယ်၊ အသားရယ်၊ အကြောရယ်၊ အရိုးရယ်၊ ချဉ်ဆီရယ်၊ သွေးရယ်။

ကိုင်း-တို့ယောဂိတွေက ဓား သိပ်မထက်သေးဘူး၊ ဓားတုံးနေတယ်။ တူရာပေါင်းပြီးတော့ ပြောကြစို့၊ တူရာကို ပေါင်းကြစို့။ ဘုန်းကြီးတို့ယောဂိများ အမှေးတွေ အကုန်လုံး လျှောက်ပြီးတော့မပြောနဲ့။ အမှေးကောင်ဘသ တူရာတခုတဲ့ပေါင်း။ အရေပါး၊ အရေထူ၊ အမှေး၊ အသား၊ အကြော၊ အရိုး၊ ချဉ်ဆီ၊ သွေး။

"ရှစ်ခုမဟုတ်လား"
"မှန်ပါဘုရား"

ကိုင်း-ခေါင်းဆိုတဲ့ သဘောဟာ ငှက်ပျောဘုံးခွာသလို ခွာလိုက်တော့ အကာတွေချည်းပဲ။ ကောင်ဘသ အဖတ်ကြီးတွေ ရှစ်ဖတ်ထွက်လာတယ်။ အကာအဖတ်ကြီး ရှစ်ခုထွက်လာတယ်။ နာတာဟာ ဘယ်ဟာနာတာလဲသို့မေးရင်-

"အခုရှာလို့ မရတော့ဘူး မဟုတ်လား"
"မှန်ပါဘုရား"

မနာဘူး ဘုန်းကြီးတို့ယောဂိများ။

"ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော၌တိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ" ဟိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-ဒုတိယဘဏ်၊ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ-၂၂၀။

အင်္ဂသမ္ဘာရာ၊ဝင်ရိုးစက်ဘီးအသီးသီးတို့ ဖွဲ့စည်းပေါင်းဆုံ အဆောက်အအုံကြောင့်။ရထောက္ကတိ သဒ္ဒေါ၊ လူသူအများ စီးနင်းသွားဖို့ ရထားခေါ်အပ်တဲ့ သဒ္ဒပညတ်သည်။ ဟောတိ ယထာ၊ ထင်ရှားမသွေ ဖြစ်ပေါ်၍ လာလေတိ သကဲ့သို့။

ဧဝမေဝ-ဧဝံတထာ၊ ပမာထားယူ တို့အတူ။ ခန္ဓေသု၊ ယခုပြောပြထား ခဲ့ဘဲ့ ခန္ဓာငါးပါးတို့သည်။ သန္တေသု၊ ထင်ရှားပေါင်းဆုံ ရှိကုန်လတ်သော်။ သတ္တောတိ သမ္မုတိ၊ သတ္တဝါဟု ခေါ်ဝေါ်ပြုဖို့ သမုတိမှတ် နာမပညတ်သည်။ ဟောတိ၊ ရုပ်နာမ်နှစ်ပါး မကွဲပြားက ထင်ရှားဖွယ်ရာ ဖြစ်ပေါ်၍ လာလေသည်တကား။

"သာဓု-သာဓု-သာဓုပါဘုရား"

"ဘုန်းကြီးတို့ ယောဂီများ ပေါင်လား၊ အကာတွေလား"
"အကာတွေပါဘုရား"
"ပေါင်မလိုက်နဲ့၊အကာတွေတွေအောင် ကြည့်နော်"
"မှန်ပါဘုရား"

ကောင်္ဂဿနည်းနဲ့ ခွဲလိုက်ဘာ။ ယခု အကာတွေတွေပြီ။ ငှက်ပျောတုံး ခွဲသလို တထပ်စီ တဆပ်စီခွဲတာ။မားထက်မှ ခွဲလို့ရဘယ်။ ခေါက်ုံးနှုတ် ခွဲလို့မရဘူး။ ခေါဘက်ဒေါင်ဆွဲ၊ ဟုတ်လား။ ဟားထက်အောင် ဒေါသူး ဆိုခေတဲ့ ကျောက်ကလဲ ကောင်းသားပဲ။ သံကလဲ ကောင်းသားပဲ။ ဒါပေမယ့် ကျောက်ဘုံးနဲ့သံ ပွတ်တိုက်ပြီးတော့ သွေးတဲ့အခါမှာ နှစ်ချက်သုံးချက် ခပ်ပြင်းပြင်းကလေးနဲ့ ပွတ်သွားတဲ့လူ၊ စိတ်မပါ လက်မပါ ပျင်းပျင်းရိရိနဲ့ ကျောက်တုံး နှစ်ချက်သုံးချက်လောက် ပွတ်သွားတဲ့လူ။

"ဘယ်သူ့ခေါက ထက်မလဲ"
"ခပ်ပြင်းပြင်းလေး ပွတ်သွားတဲ့ လူရဲ့ခေါက ထက်ပါတယ်ဘုရား"
"ပျင်းပျင်းရိရိ ပွတ်တိုက်နေသူရဲ့ ခေါက"
"မထက်ပါဘုရား"

စိတ်ရှည်သက်ရှည်နဲ့ ခေါတဖက်တဖက်ကို အချက်ပေါင်း တရာလောက် ပွတ်မယ်ဆိုရင် ဒီခေါဟာ ပြတ်တယ်၊ထက်တယ်။ ဘုန်းကြီးတို့ ယောဂီများက နှစ်ချက်သုံးချက်တော့ တိုက်မယ်မကြံနဲ့၊ အချက်ပေါင်းများစွာ ပွတ်တိုက် ယူမှ ဒီမားထက်တာ။ နှစ်ပေါင်းများစွာ မသေးပဲ ပစ်ထားတဲ့ခေါ သံချေးကို တက်နေတယ်။ သံချေးတက်နေတဲ့ ခေါကြီးကို အခုမှ သွေးရဘာ။ သုံးလေး ချက်နဲ့တော့ ဘယ်ထက်ပါ့မလဲ။

ဘုန်းကြီးတို့ ယောဂီများ၊ခေါထက်ပစေနော်။ ခေါတဖက်တဖက်ကို အနဲ့ဆုံး အချက်တရာလောက်တော့ ပွတ်တိုက်ခေပးမှ ဒီခေါထက်တာ။ ခေါအသွား လေးဟာ တဖြေးဖြေးလေး ပါးပြီးတော့ နုလာတဲ့တနေ့ကျရင် ခုနက အသွား လေးတွေကို တလွှာချင်း တလွှာချင်း ခွာလိုက်တော့ ဉာဏ်ထဲမှာ ရှင်းလာတဲ့ အခါ သြော်-ငှက်ပျောတုံးကြီး ခွာသလို-ငါခန္ဓာမှာ အကာချည်းပဲ။

"ဟန်မကျဘူးလား"
"ဟန်ကျပါဘုရား"

အနှစ်ပျံပမရဘူးဆိုတဲ့ သဘောလေးတွေ့ရင် အဲဒီဥာဏ်ဟာ ကိုယ့်အတွက် အနှစ်ပဲနော်။ ဒီအကာတွေ စုပေါင်းထားတဲ့ အတုံးအခဲကြီးကို အနှစ်ထင်နေရင် အဲဒီပုဂ္ဂိုလ်ဟာ အကာချည်း ဖက်ထားတယ်။ တနည်းပြောရရင် ငှက်ပျောတုံးကြီးကို ထမ်းထားတာ။ငှက်ပျောတုံးကြီးကို အိမ်ဆောက်လို့ ရမလား ဆိုပြီးတော့ ထမ်းနေကြတုန်းပဲ။ခေါင်းကလဲတုံး ငှက်ပျောတုံးကလဲ အိမ်ဆောက်မလို့ ကြံနေရင်တော့ ဒီလူဟာ တဖြေးဖြေးနဲ့ ငှက်ပျောတုံးဆွေးရင် ဒုက္ခပဲ။ ငှက်ပျောတုံးဆိုတာ ကြာကြာမခံဘူး။သုံးလေးရက်နဲ့ ပုပ်တယ်နော်။ငှက်ပျောတုံးထမ်းပယ်မကြံနဲ့။ ဘာမှ လုပ်လို့ရမှာမဟုတ်ဘူး။

ဟေ့-ကောင်ဘသနည်းနဲ့ ခွာလိုက်တော့—
"ရှစ်ခုလောက် ခွာလိုက်တယ်မဟုတ်လား"
"ရပါတယ်ဘုရား"

နာတယ်ဆိုတဲ့ သဘောဟာ ဒီမှာ မရှိတွေ့ဘူး။ ကောင်ဘသဆိုတဲ့ အကာတွေ အဖက်တွေ တလွှာစီထွက်လာတာ တွေ့ရတယ်။

ဓာတုဗေဒနည်း (သို့မဟုတ်) ပရမတ္ထနည်း

ကဲ-နောက်တနည်း၊ဓာတ်နည်းနဲ့ ခွာကြည့်စမ်း။ ပရမတ္ထနည်းနဲ့ ခွာကြည့်စမ်း။ ပရမတ္ထနည်းနဲ့ ခွာကြည့်လိုက်တော့ ဒီဓေါင်ဆိုတဲ့ သမုတိသစ္စာပညတ်ကြီးက နာတယ်ဆိုပြီးတော့ စိုက်ရှုနေတဲ့ ယောဂီပုဂ္ဂိုလ်များ ဘယ်နှယ်ကြောင့် ဒါတွေ့နေတာလဲ။ ဘာကြောင့် ပင်ပန်းဆင်းရဲနေတာလဲလို့ ကြည့်လိုက်တဲ့အခါ ကျတော့—

ဖာဓုပါးကလဲ မနာဘူး။ အရေထူကလဲ မနာဘူး။ အမွေးကလဲ မနာဘူး။ အကြော၊ အရိုး၊ ချဉ်ဆီ၊ အသွေး ဒါတွေ့ကလဲ နှိပ်စက်တဲ့သဘောမရှိဘူး။ ဟယ်ဘူ နှိပ်စက်နေတာလဲလို့ ရှာလိုက်တော့ ဒီအထဲမှာ သဘောတရားလေးတွေ့ တွေ့ရလိမ့်မယ်။ သတ္တိကလေးကွေ့ တွေ့ရလိမ့်မယ်။ သူပဲ့ဟာ အနဲဆုံးဘယ်နှစ်ပျိုး တွေ့ရမလဲဆိုရင် သုံးမျိုးတွေ့ရမယ်။

"ဘယ်နှစ်ပျိုးပါလိမ့်"
"သုံးပျိုးပါဘုရား"

အရေထူကြည့်ကြည့်၊ အရေပါးကြည့်ကြည့်၊ အကြော၊ အသား၊ အရိုး၊ ချဉ်ဆီ၊ သွေး ဘယ်အထဲမှာပဲ ကြည့်လိုက်ကြည့်လိုက်၊ အလှောတိုင်း အသွားတိုင်းမှာ ပူနေတဲ့သဘောတွေဟာ ပိုပြီးတော့ နှိပ်စက်နေတာ တမျိုး။

ဩော်–ဒီအပူတွေ ပံ့ပွန်းနှိပ်စက်နေလို့ ငါပင်ပန်းတာ၊ အပူဘွေ့ မနှိပ်စက်ဘူးဆိုလို့ရှိရင်လဲ တစုံတယောက်သော ပုဂ္ဂိုလ်ကျတော့ အခေအနှိပ်စက်ခန တာ။

"အရေပါးကနေ ချဉ်ဆီအဆိ အကုန်လုံးမှာ အပူအခေအနး ပံ့ပွန်းနေဘာမျိ ဘူးလား"
"ရှိပါတယ်ဘုရား"

သဘောသတ်တိခုရတယ်။

တခါတလေကျပြန်တော့ အဲဒါကြီးတွေ လူပ်လှိမရပြန်ဘူး။ ကျောက်ခဲကြီးတွေလို မာတောင့်နေတဲ့သဘော တွေ့ရလိမ့်မယ်။ သဘောသတ်တိတခုရပြန်တယ်။

တခါတလေကျပြန်တော့လဲပဲ ဒီအထဲမှာ ပြေးလွှားတွန်းကန်နေတဲ့ သဘောတွေ့ တအားကို တွန်းထိုးနေတယ်။

ခြေထောက်က ကွေးပြီးတော့ ဖိထားတဲ့အတွက်ကြောင့် တွန်းခွင့်ထိုးခွင့် ပြေးလွှားခွင့် မရဘူး။ မရတော့ မှိရာမှာ နင်းကန်ထိုး။ ရွှေက အမာကြီးကခံ၊ နောက်ကထိုးဆိုတော့—

"အဲဒီနေရာမှာ မပင်ပန်းဘူးလား"
"ပင်ပန်းပါတယ်ဘုရား"

ရွှေက ခုခံနေတဲ့ အမာသဘောတခု၊ နောက်က တအားတွန်းနေတဲ့ တွန်းကန်သဘောတခု၊ အမာက ခုခံတွန်းကန်တဲ့သဘောက တအား ရိုက်ခက်တော့ ဒီနေရာ ပင်ပန်းတယ်ဆိုတာလေး လာတယ်။ သဘောလက္ခဏာသုံးချက် ထွက်လာတယ်။

(၁) ခုခံပြီးတော့ မာကျောတာ တခု၊
(၂) တွန်းကန်နေတာက တခု၊
(၃) ပူတာအေးတာက တခု၊

"အဲ-ဘယ်နှစ်ခုလဲ"
"သုံးခုပါဘုရား"

ပရမတ္ထနည်းနဲ့ ခွဲလိုက်ရင် ဖောင်ပွဲခဘတ်မှာ ဒီသုံးမျိုး တွေ့ရတယ်။ ကောင်္ဘသာနည်းနဲ့ ခွဲလိုက်လို့ရှိရင် ပေါင်ဆိုတဲ့ နေရာမှာ ကောင်္ဘသရှစ်ပါး လောက် ရတယ်။ ငှက်ပျောတုံးကြီးကို ခွဲသလို ဉာဏ်တည်းဟူသောခေါးနဲ့ ဟောဒီ သခ်ါရတရားကြီးကို ခွဲလိုက်တဲ့ အခါကျတော့-

ကောင်္ဘသာနည်းနဲ့ ခွဲရင် ဂ-ပါး၊
ပရမတ္ထနည်းနဲ့ ခွဲရင် ၃-ပါး၊

သိတဲ့သဘောဟာ ဝိညာဉ်

အဲဒီလိုရတယ်။ဘယ်သူနာတာလဲလို့ ကြည့်လိုက်လို့ရှိရင် ဟောဒီ ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ ခတ်သုံးပါး ပရမတ္ထတရားက နှိပ်စက်နေသော ကြောင့်၊ ဖောက်ပြန်နေသောကြောင့် အာဘော့သံပဒိုပီဠန-သူတို့သုံးခုမပြတ် နှိပ်စက်နေသောကြောင့် နာတာကို သိတယ်။

"ဘယ်သူက သိလိုက်"
"စိတ်က သိလိုက်ပါတယ်ဘုရား"

အေး-အဲဒီနာတဲ့ နှိပ်စက်နေတဲ့ ဒဏ်ချက်တွေကို ခံစားနေရတယ်ဆိုတာက ဝေဒနာ၊ နာနေတာတာ ရွပ်တရား၊ နားမှန်းသိနေတာက ဝိညာဉ်။

"တရားသုံးလုံး ခေါင်းချင်း ဆိုင်မနေဘူးလား"
"နေပါတယ်ဘုရား"

ငှက်ပျောတုံးကြီး ခွဲလိုက်တာ ယခု ထွက်လာပြီနော်။ အဲဒီလို ခွဲတတ်မှ ဘုန်းကြီးတို့ယောဂီများရဲ့ ဉာဏ်ထဲမှာ ရှင်းထွက်သွားတယ်။အောက်က အမာခံ ရုပ်ကိုခွဲနည်း ဘုန်းကြီး နှစ်မျိုးပေးတယ်နော်။

ကောင်္ဘသာနည်းနဲ့ ခွဲကြည့်တယ်။အလွှာလိုက် အလွှာလိုက် ရှစ်ထပ်ရတယ်။ ပရမတ္ထနည်းနဲ့ ခွဲကြည့်လိုက်တော့ ခတ်သုံးပါးရတယ်။ အဲဒါကို ဉာဏ်ထဲ စိုက်ပြီးတော့ ခတ်သုံးပါး တပါးပါးရဲ့ နှိပ်စက်ပုံကို ကြည့်လိုက်တော့-

"ဝေဒနာရယ်၊ ဝိညာဉ်ရယ်၊ မရဘူးလား"

"ရပါတယ်ဘုရား"

အေး-ဝေဒနာက ခံစားတယ်။ ဝိညာဉ်က နာမ်မှန်းသိတယ်။ ဝိညာဉ်က နာမ်မှန်းသိတော့ သိဆိုတာ သိတဲ့သဘောလေး တခုတည်းမသွားဘူး။ခွါကြည့်အုံးစို့။ သိတဲ့နေရာမှာ သိဆိုတာဟာ ဘုန်းကြီးတို့ပေါဂိများ—

ဝိဇ နနုလက္ခဏံ ဝိညာဏံ။

ဝိညာဉ်က သိတတ်တဲ့သဘောတခုပဲရှိတယ်။ ဒီလို ခွဲခြမ်းဝေဖန်စိစစ်နေတာက ထက်မြက်လှစွာသော ဓားနဲ့တူတဲ့ ပညာ။ အလွှာလိုက် အလွှာလိုက် ခွာနေကာက ဉာဏ်တည်းဟူသော ဓား။ သူက—

ပဇာနနုလက္ခဏာ ပညာ။

သိဆိုတာ ခွဲပြီးတော့ သိတာ။ စိတ်ပြီးတော့ သိတာ။လွှာပြီးတော့ သိတာ။ သိတာက ဝိညာဉ်။ ခွဲတာလွှာတာ စိတ်တာက ပညာ။အသိပိုင်းကျပြန်တော့လဲ ယခုခွဲလိုက်တော့ လာပြန်ပြီ။

သိမှုရယ်၊
ခွဲခြမ်း စိတ်ဖြာမှုရယ်၊
"နှစ်ခုထွက်လာတယ်မဟုတ်လား"
"မှန်ပါဘုရား"

အသိထင်ရှားစေတဲ့ နာမ်တရား ၆-မျိုး

ကောဋ္ဌာသကို ထင်ထင်ရှားရှားဖြစ်စေတယ်။ ဓာတ်သုံးပါး တပါးပါးကို ထင်ထင်ရှားရှား ဖြစ်စေတယ်ဆိုတာက သတိ။

"ဘာတဲ့"
"သတိပါဘုရား"
"သတိရယ်၊ ပညာရယ်၊ အသိရယ်။ ရလာပြီမဟုတ်လား"
"ရလာပါပြီဘုရား"

ကောင်းပြီ-အဲဒီလို ထင်ရှားလာတဲ့ ပုဗ္ဗ အေးမှုတွေ့ရှဲအပေါ်မှာ တိုယောဂိများ၊ စိတ်ကိုငြိမ်နေအောင် ဆွဲချည်ပေးထားတာက သမာဓိ။ ငြိမ်သို့ ဒီအပေါ်

က မပြေးဘူးဆိုတော့ သမာဓိစေတသိက်က တလုံး၊ ခွဲခြမ်း စိစစ်ပြီးတော့ အလ္ဘာလိုက် အလ္ဘာလိုက် စိတ်ဖြာတဲ့ ပညာက တလုံး၊ဒီအပေါ်မှာ ထင်ရှားစေတယ်ဆိုတဲ့ သတိဆိုတာက တလုံး။

"သမာဓိရယ်၊ ပညာရယ်၊ သတိရယ်။ ဘယ်နှစ်လုံးရ"
"သုံးလုံးရပါတယ်ဘုရား"

ဘယ်လောက်ပဲ နာနေနေ ဘယ်လောက်ပဲ နှိပ်စက်နေနေ ကြိတ်ပြီးတော့ ငါသည်းခံမယ်၊ အဓိဝါသန ကြိုးစားပြီးတော့ သည်းခံမယ်ဘဲဆိုတဲ့ ရဲရင့်တဲ့ သဘော။ ဝီရိယ—

"ဘာတဲ့တုံး"
"ဝီရိယပါဘုရား"
"ဝီရိယ၊ သမာဓိ၊ ပညာ၊ သတိ—ဘယ်နှစ်လုံးရပြီလဲ"
"လေးလုံးရပါပြီဘုရား"
"သိမ္မတခု ထပ်ပေါင်းလိုက်ရင်"
"ငါးလုံးရပါတယ်ဘုရား"

ကိုင်း-ရှိနေတာ ဘယ်သူလဲလို့ဆိုတော့ ဒီတရားငါးလုံးက ရှိနေတာ။
အရှိခံအာရုံက ခုနက ကောဋ္ဌာသရှစ်ပါး ပုထမဆင့်၊
ကောဋ္ဌာသရှစ်ပါးထဲကနေ ဖောက်ယူလိုက်တဲ့ ဓာတ်သုံးပါး ဒုတိယအဆင့်၊
ထိုဓာတ်သုံးပါးနှိပ်စက်လို့ ခံစားရတဲ့ဝေဒနာ တတိယအဆင့်၊

အဆင့်ဘယ်နှစ်ခုလာသလဲ"
"သုံးခုလာပါတယ်ဘုရား"

ဒီသုံးခုကို အဆင့်အဆင့်ရှုပြီးတော့ စဲနေတာက ဂီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဥပေက္ခာ။

"ရှုတဲ့အပိုင်း ငါးခုမနေဘူးလား"
"နေပါတယ်ဘုရား"

ကိုင်း-အသိဘခုတခုပေါ်လာရင် နာမ်တရားဓားနဲ့ ခွာလိုက်တော့လဲ—

"ဘယ်နှစ်လှာထုက်သလဲ"
"..... "

“အသိဆင်ရှာ နာမ်တရား ဘယ်နှစ်လုံထွက်လာသလဲ”
“.....”
“စီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဝိညာဉ်၊ ငါးခုမဟုတ်လား”
“ငါးခုပါဘုရား”

ဝိညာဉ်က ဝိညာဏာန္ဒြေအနေနဲ့ သပ်သပ်ကလေး ထားလိုက်။ ကိုင်းမှာတော်ဆိုတဲ့ သညာလေး ထည့်လိုက်စမ်း။

“ပုဘာ ပုဘ သ်လို့မှတ်တဲ့ သညာလေး မရှိလား”
“ရှိပါတယ်ဘုရား”

မှတ်၍ သိတာ၊ စိစစ်၍သိတာ၊ တမျိုးစီနော်။ မှတ်ပြီးတော့ သိနေတာက ညဏ်ပါချင်မှ ပါအုံးမယ်။ စိစစ်ပြီးတော့ သိပြီဆိုတဲ့အခါကျတော့မှ ညဏ်ဝင်သွားတာ။ ဒီတော့ အမှတ်ပြု၍ သိခြင်း၊ မှတ်ဆားလုံး သိနေဘဲအသိ သညာတဲ့။ သညာရယ်၊ ဝိရိယရယ်၊ သတိရယ်၊ သမာဓိရယ်၊ ပညာရယ်။

“ငါးခုမဟုတ်လား”
“ငါးခုပါဘုရား”

အဲဒီ အမှတ်လို့ သိလိုက်ဘိုင်း သိလိုက်တိုင်း ခံစားမှုလေးကို ထည့်လိုက်အုံး။

“ဝေဒနာ စေတသိက်တွေချည်း မနေဘူးလား”
“နေပါတယ်ဘုရား”

ဝေဒနာရယ်၊ သညာရယ်၊ ဝိရိယရယ်၊ သတိရယ်၊ သမာဓိရယ်၊ ပညာရယ်။

“မလာဘူးလား”
“လာပါတယ်ဘုရား”

လျောက်ထည့်ရင် မဆုံးအောင် လာလိမ့်မယ်။ ဟောဒီ ပုဒ်မအေးမှုလေးနဲ့ ဘုန်းကြီးတို့ ယောဂီများရဲ့ သိမှုလေးကို စေ့စပ်နေအောင် တင်ပေးထားတဲ့ သဘောလေး ရှိသေးတယ်။

စေတသိကလက္ခဏာ စေတနာ။

"ဘာတဲ့တုံး"

"စေတနာပါဘုရား"

ဒီပုဏ္ဏမဆိုတဲ့အာရုံနဲ့ သိမ္မဆိုတဲ့ စိတ်ကလေးကို စေ့စေ့စပ်စပ်ကလေးဖြစ်အောင် နှိုးဆော်သားကာက စေတနာ။

"ဒီလိုမဟုတ်လား"

"မှန်ပါဘုရား"

ပုတာကို နှုလုံးသွင်းရမယ်တဲ့။ မနသိကာရ-

"မလာဘူးလား"

"လာပါကယ်ဘုရား"

စေတသိက်က ငါးဆယ်တောင်ရှိတာ။ လျှောက်ပြောရင် အများကြီးသွားလိမ့်မယ်။ ဒီတော့- ဒါလောက်တော့ မှတ်ထား။ စေတနာရယ်၊ မနသိကာရရယ်။ ဒါတော့ ထည့်မှဖြစ်မယ်။ စေတနာနဲ့ မနသိကာရဆိုတဲ့။

သညာက ဒီသုတ္တန်မှာ တခန်းဖြစ်နေတဲ့အတွက်ကြောင့် သညာကိုထား၏။ ရနိုင်တာကတော့ ဒီသညာလဲ စေတသိက်ထဲပါတာပဲ။သညာဟာ သညာကွန္ဓာ။ သညာကွန္ဓာဟာ တံလှပ်နဲ့ တူတယ်ဆိုပြီး ပြောခဲ့ပြီးပြီဖြစ်လို့ ဒီနေရာမှာ သညာကိုထား၏။ ဝေဒနာကလဲ ရေပူဖောင်းနဲ့ ဟူတယ်ဆိုပြီး ပြောခဲ့ပြီးပြီဖြစ်လို့ ဒီနေရာမှာ ထား၏။

ဒါဖြင့်ရင် ယခု သင်္ခါရကွန္ဓာငှက်ပျောတုံးလို ခွာလိုက်တော့ရင် စေတသိက်ပိုင်းမှာ ပညာရယ်၊ သဝါရယ်၊ ဇီဝိယရယ်၊ စေတနာရယ်၊ မနသိကာရရယ်၊ သမာဓိရယ်။

"ဘယ်နှစ်လုံးရသလဲ"

"ခြောက်လုံးရပါတယ်ဘုရား"

စေတနာက- ဒီအာရုံနဲ့ ဒီစိတ်ကို စေ့စပ်အောင် ဆွဲပြီးတော့ နှိုးဆော်ပေးထား၏။

မနသိကာရက- ပေါ်လာတဲ့ ဒီအာရုံကို နှုလုံးသွင်းပါလို့ အလုပ် လုပ်ပေးထား၏။

ဇီဝိယက- ရဲရဲရင့်ရင့် သည်းခံပါလို့ အားပေးထား၏။

သမာဓိက- ငြိမ်ငြိမ်ကလေးထား ဆိုပြီးတော့ ထိန်းပေးထားတယ်။
သဲတိက- ဒီပရမတ္ထတရားတွေကို ထင်အောင်ရှာဆိုပြီးတော့ ဖော်ပေးတယ်။
ပညာက- အာဝိတ်စိတ်အမှာမှာလုပ်ပစ်၊ ဓားနဲ့ ပိုင်းပစ် ခွဲပစ် လှာပစ်လို့ ပြောတာ။

အဲဒီလို ပေါ်လာတဲ့သဘောကို သိသိပြီးတော့ သူ့းတာက ဝိညာဉ်။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

အေး-အယိတခုတခု ထင်ရှားလာရင် နာမ်တရားပိုင်းမှာ အဲဒီလို **အာဝိဇ်** ပစ်အမှာမှာကွဲအောင် ရှုရတယ်။ နာမ်တရားပိုင်းလဲ အလှာလိုက် အလှာလိုက် ကျသွားတယ်။ဟို-ရုပ်တရားပိုင်းကလဲ အလှာလိုက် အလှာလိုက် ကျသွားတယ်။

"နှစ်ဖက်စလုံး- ငှက်ပျောတုံးကြီး **အာဝိတ်စိတ်** အမှာမှာကွဲသလို မကွဲဘူးလား"
"ကွဲပါတယ်ဘုရား"

ကိုင်း-အနှစ်ရှာ၊ရယူရာ ဘာမှမရှိဘူး။ စိတ် စေတသိက် ရုပ်ဆိုတဲ့ အစိုင်အခဲကြီးပဲ မဟုတ်လား။ ဒီအတဲ အနှစ်ရလိုက်တာက ရုပ်ကိုရုပ်မှန်းသိလိုက်တယ်၊ စိတ်ကို စိတ်မှန်းသိလိုက်တယ်၊ စေတသိက်ဘွဲ့ကို စေတသိက်တွေမှန်းသိလိုက်တယ်ဆိုတဲ့ အဲဒီဉာဏ်လေးဟာ ဒီငှက်ပျောတုံးကြီးထဲက ထုတ်ယူတဲ့ တို့ယောဂီများအတွက် အနှစ်ပဲ။

ဒီအနှစ်ကို ရရင် လှုဘဝ နေပျော်ပြီ၊သေပျော်ပြီ။ ဒီအနှစ် ဒီအသိမှ မရှိရရင် နှစ်ပေါင်းတရာကြာပေမယ့် ဒကာကြီး ထမ်းနေတာ ငှက်ပျောဟုးကြီး ထမ်းနေတာ။ ဓားကလဲ မသွေးဘူးဆိုတော့ သံချေးတက်နဲ့။ ငှက်ပျောတုံး ထမ်းနေရင်တော့ ဘယ်ဟန်ကျတော့မလဲ။

ဒါကြောင့် အသိတခုဘဲ ထင်ရှားရင် ဘုန်းကြီးကို သင်ပေးနေကြတာတော့ နာမ်တရားမှာ ငါးပါးကွဲစေရမယ်လို့ သင်ပေးတယ်။ စေတနာနဲ့ မနသိကာရထည့်လိုက်တော့ ခြောက်ပါးတောင် ဖြစ်သွားတယ်။ဘာခက်သလဲ ဗျာ။ သံပေါက်တလုံး ပြောင်းလိုက်ရုံရှိတာပဲ။

အာသိထင်ရှား နာမ်ကရား။

ခါတိုင်းသင်ပေးနေတာက လေးပါး ကဲ့အောင်ရှု။ ယခုဆိုလို့ရှိရင်—
အသိထင်ရှား၊ နာမ်တရား၊ ခြောက်ပါးကဲ့အောင်ရှု။

"ဖြစ်မလာဘူးလား"
"ဖြစ်လာပါတယ်ဆူရား"
ကိုင်း-ဆိုကြည့်ရအောင်-
"အသိထင်ရှား နာမ်တရား ခြောက်ပါးကဲ့အောင်ရှု"
"အသိထင်ရှား နာမ်တရား ခြောက်ပါးကဲ့အောင်ရှု"

အသိထင်ရှား နာမ်တရား ခြောက်ပါးကဲ့အောင်ရှုဆိုတာက--

(၁) စေတနာ၊
(၂) မနသိကာရ၊
(၃) ဝီရိယ၊
(၄) သတိ၊
(၅) သမာဓိ၊
(၆ ပညာ၊

စေတသိက် ခြောက်လုံးနော်၊ စေဘနာမရှိရင် ဘုန်းကြီးတို့ယောဂီဘွဲ့ မလုပ်ပါဘူး။ စေတနာနဲ့လုပ်ကြတာ စေတနာဘလုံး၊ နှလုံးသွင်းတယ်ဆိုဘာက မနသိကာရ။

"နှလုံးသွင်းတာ"
"မနသိကာရပါဘုရား"

စေတနာလေးနဲ့ နှလုံးသွင်းလိုက်တော့ နာလိုက်တာ။
"
တကမလာဘူးလား
"လာပါတယ်ဘုရား"
"နာတာကို ကြိတ်ပြီးတော့ သည်းခံဘဲ ဝီရိယ ဘယ်နှစ်လုံးရ"
"သုံးလုံးရပါတယ်ဘုရား"

ကြိတ်ပြီးတော့ သည်းခံလိုက်ဘော့ စိတ်ကလေးဟာ ငြိမ်လာပြီတဲ့။ သမာဓိ။ ငြိမ်လာတဲ့အချိန်မှာ ကောင်္ဘာသနဲ့ ခုနက ဓာတ်သုံးပါးတို့ ထင်ရှားလာပြီတဲ့၊

သတိ။ ထင်ရှားလာတဲ့အခါမှာ ခဲခြမ်းစိတ်ဖြာ အလွှာလိုက် အလွှာလိုက် ခွာလိုက်ကြပြီတဲ့ ပညာ။ ခွာပြီးတော့ သိကြပြီတဲ့ ဝိညာဉ်။

"နာမ်တရားပိုင်း ဒီလိုတဲ့ရမယ် မဟုတ်လား"

"မှန်ပါဘုရား"

ကဒလူပမာ-ငှက်ပျောတုံးကြီးနဲ့တူတဲ့ ဒီခန္ဓာကိုယ်ကြီး ခွာလိုက်တာ ရုပ်ပိုင်းလဲ ခွာလို့ရတယ်၊ နာမ်ပိုင်းလဲ ခွာလို့ရတာပဲ၊ နှစ်ဖက်စလုံး ဘာမှရှုးရှားရှိ၊ သဘောကျအောင်ကြည့်။ ခုနက ဘုန်းကြီးရှင်လိုက်ဘဲ့ ဝဇီရာ ဘိက္ခုနီမလေ၌ ပါဠိတော်ထဲကလိုပဲ။

ယထာ ဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ကွတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သဗ္ဘောတိ သမ္မုတိ။

အင်္ဂသမ္ဘာရာ၊ ဝင်ရိုးစက်ဘီး အသိုးသိုးကို ဖွဲ့စည်းပေါင်းဆုံ အသော်ကံ အအုံကြောင့်။ ရထော ကွတိ သဒ္ဒေါ၊ လူသူအများ စီးနင်းသွားဖို့ ရထားဒေါ်အပဲတဲ့ သဒ္ဒ ပညတ်သည်။ ဟောတိ ယထာ၊ ထင်ရှားမသွေ ဖြစ်ပေါ်၍ လာလေဘိသကဲ့သို့။

ဓမ္မရိပ်သာ၌ လမ်းပေါ်ကနေ တဝုံးဝုံး တဒုံးဒုံးနဲ့ အသွားအပြန် မောင်းနေလိုက်ကြတာ။

"ဘာတွေမောင်းနေတာလဲဆိုရင်"

"လှည်းတွေပါဘုရား"

အေး-တဝုံးဝုံး တဒုံးဒုံးနဲ့ဆိုတော့ ဘုန်းကြီးတို့ယောဂီများ တော်တော်လေး စိတ်ပျက်သွားကြမလား မသိဘူး။

ဝဇီရာ ဘိက္ခုနီမလေး
မာရ်နတ်ကြီး နှောင့်ယှက်ခြင်း

ဝဒီရာ ဘိက္ခုနီမလေးတဲ့၊ သူ့အကြောင်း ပြောပြမယ်။ ဝဇီရာတဲ့၊ ဘွဲ့ကလဲ ချစ်စရာ၊ ခုနစ်နှစ်သမီးလေး။ ဝဇီရာအမည်ရတဲ့ ဘိက္ခုနီမလေးဟာ ဇေတဝန်ကျောင်းရဲ့အနီးက အန္ဓဝန်လို့ခေါ်တဲ့တောအုပ်ကြီးထဲမှာ နေ့မှန်း ဘုဉ်းပေးပြီးတဲ့အချိန်ကစပြီး သစ်ပင်ရင်းမှာ တပါးတည်း သွားထိုင်တယ်။

ခုနစ်နှစ်သမီးလေးက တောကြီးထဲမှာ သွားထိုင်တာ၊ တို့ အဖိုးတွေ အဖွားတွေက မြို့လယ်ခေါင်မှာ ထိုင်နေကြတာ၊ ကွာချင်တိုင်း ကွာတယ်နော်။ အဲဒီလို တောကြီးထဲမှာ သွားထိုင်နေတဲ့ ဝဇီရာ ဘိက္ခုနီမလေးထံ ဘယ်သူရောက်လာသလဲဆိုတော့ တော်တော်လေးလဲကြာရော မာရ်နတ်ကြီး ဘွားဆိုဲ ရောက်လာတယ်။

ဒီကလေးမလေးတော့ ငါနှောင့်ယှက်လိုက်မယ်ဆိုပြီးတော့ မာရ်နတ်က အသံနဲ့ခြောက်တယ်။ ကြောက်စရာကောင်းအောင် တော်လဲသံ၊ ပဲ့တင်သံ၊ မိုးချုန်းသံကြီးတွေနဲ့ ဝုန်းဒိုင်းဆိုပြီးတော့ ခြောက်တယ်။ ဘိက္ခုနီမလေး ခေါင်းမတောင်မလှုပ်ဘူး၊ ထိုင်ရာက မတဘူး။ ငြိမ်ပြီးတော့ ထိုင်နေတယ်။

"ဝဇီရာဘိက္ခုနီမလေး ကြည်ညိုစရာမကောင်းဘူးလား"
"ကောင်းပါတယ်ဘုရား"

ဘုန်းကြီးတို့ယောဂီများလဲ ကြည်ညိုစရာကောင်းပါတယ်။ ညက မိုးကြိုးတွေပစ်၊ တဝုန်းဝုန်း တဒိုင်းဒိုင်းဆိုတော့ ဘယ်နှယ်လဲ၊ ကြည်ညိုစရာကောင်းပါတယ် အိပ်ရာကကို မထဘူး။ ညက နှစ်ချက်ကျော်ကျော်လောက်က ကိုယ်ထကြည့်တယ်။ မိုးရောလေရော တဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ မြည်လိုက်တာ။ တို့ယောဂီတွေ ဘယ်နှယ်များ နေကြမလဲဆိုပြီး ကိုယ်ထကြည့်တယ်။ မိုးကလဲ တဖျောက်ဖျောက်နဲ့ အတော်ခံလးကို အေးနေတယ်။ အပြင်ဘက် ထွက်ကြည့်လိုက်တော့ တကယ်ကိုပဲ ဖလသမာပတ် ဝင်စားနေသလား အောက်မေ့ရတယ်၊ အံကုန်လုံး ငြိမ်နေတာပဲ။

အေး-ဝဇီရာဘိက္ခုနီမလေးနဲ့တော့ သိပ်မကွာဘူးလို့ ဟုတ်လား။ အပြင်ဘက်မှာ မို့လေးက တဖျောက်ဖျောက်နဲ့၊ နှစ်နာရီကနေ သုံးနာရီလောက် အပြင်ဘက်မှာ ကိုယ် လမ်းလျှောက်နေတာ။ ဘယ်ကများ အသံကြားမလဲလို့ နားထောင်ကြည့်တော့ ဘယ်ကမှ ဘာသံမှမကြားရဘူး။ သုံးနာရီခွဲလောက် ကုမ္ပဒီကျောင်းအောက်က ချောင်းသံတချက်ကြားရတယ်၊ ဟိုဘက်အမျိုးသမီးဆောင်ဘက်ကလဲ ချောင်းသံ တချက်ကြားရတယ်။ ချောင်းသံကြားရတော့ ကမ္ဘာ့ဌာန်းများ ထိုင်နေတာလားလို့ ကိုယ်သွားကြည့်လိုက်မိသေးတယ်။ အဲဒီလို နော်။

ဝဇီရာဘိက္ခုနီမလေး မာရ်နတ်ကြီးက တော်လဲသံ ပဲ့ကင်သံတွေနဲ့ ခြောက်ကား၊ သစ်ပင်ခွေးက မထဘူး။ အသံနဲ့တော့ ခြောက်လို့မရဘူး။ ငါအနုံနဲ့

ခြောက်မယ်။ အနုံနဲ့လဲ ခြောက်လို့မရဘူး။ အရောင်အဆင်းတွေနဲ့ ငါခြောက်မယ်။ ကြောက်စရာကောင်းလောက်အောင် အရောင်အဆင်းတွေပြပြီး ခြောက်တယ်။ ဟိုက မျက်လုံးတောင်မှ မဖွင့်ပဲ ထိုင်နေတာ၊ သူခြောက်ပြတဲ့ အဆင်းတွေ ဘယ်မြင်ရမလဲ။ အဆင်းနဲ့ ခြောက်လို့လဲ မရ၊ အသံနဲ့ ခြောက်လို့လဲ မရ၊ အနုံနဲ့ ခြောက်လို့လဲ မရဘူး။

တို့ယောဂီတွေကတော့ ပိုးကောင်သေးသေးလဲ ခြောက်ရင် ကြောက်တယ်။ ဖန်ချောင်း၊ မီးလုံးတွေ ပိတ်ပေးရတယ် မဟုတ်လား။ အဲဒီလို ကွာတယ်နော်။ ခုနစ်နှစ်သမီး ဘိုးနိမလေး ဝဇီရာကို သူတယ်လိုမှ ခြောက်လို့မရတော့ ဒီဘိက္ခုနိမလေးကို ငါဘယ်လိုလုပ် နှောင့်ယှက်ရမလဲဆိုပြီး တော့ ဘိက္ခုနိမလေးရဲ့ နောက်ကျော သစ်ပင်နားကပ်သွား၊ ဘိက္ခုနိမလေးရဲ့ နားနားကပ်ပြီးတော့ အသံကြီး အကျယ်ကြီးနဲ့ တအားအော်တယ်။ အော်လိုက်ဘဲအသံက-

ကေနာယံ ပကတော သတ္တော၊ ကုဝံ သတ္တာဿ ကာရကော။
ကုဝံ သဗ္ဗာ သမုပ္ပန္နော၊ ကုဝံ သတ္တော နိရုဇ္ဈတိ။

မာရ်နတ်ကြီးအော်လိုက်ရော။

သတ္တော၊ သတ္တဝါကို၊ ကေန၊အဘယ်ပုဂ္ဂိုလ်က။ ပကတော၊ လုပ်ထားပါသလဲ။

သတ္တဝါကို ဘယ်သူဖန်ဆင်းထားတာလဲ၊ အနားကပ်ပြီးမေးတယ်။သတ္တဝါတွေကို ဘယ်သူက ပြုလုပ်ပေးထားတာလဲလို့ မေးလိုက်တယ် တချက်။

အဲဒီနေရာမှာ တုန်လှုပ်စရာပဲ။ အော်လိုက်တဲ့အသံကလဲ အကျယ်ကြီး၊ ပြန်ပြီးတော့ ဖြေလိုက်ရင် သတ္တဝါဘယ်သူလုပ်တာလို့ ပြန်ဖြေလိုက်ရင် အဲဒီမှာ ဒဋ္ဌေတွေ အများကြီး ပါသွားတော့မယ်။

သတ္တာဿ၊ သတ္တဝါကို။ ကုဝံ၊ အဘယ်ပုဂ္ဂိုလ်က။ ကာရကော၊ ပြုလုပ်၍ထားပါသနည်း။ကုဝံ၊အဘယ်အကြောင်းကြောင့်။သဗ္ဗာ၊ သတ္တဝါတွေဟာ။ သမုပ္ပန္နော၊ ဖြစ်ပေါ်၍ လာပါဘိသနည်း။

"သတ္တဝါတွေ ဘာကြောင့် ဖြစ်လာရသလဲ"

ကုဝံ၊ အဘယ်ကြောင်းကြောင့်။ သတ္တော၊ သတ္တဝါသည်။ နိရုဇ္ဈတိ၊ ချုပ်ပျောက်ပါဘိသနည်း။

အမေးသုံးချက်။

(၁) သတ္တဝါကို ဟယ်သူက ပြုလုပ်ထားတာလဲ။
(၂) သတ္တဝါတွေ ဘာကြောင့် ဖြစ်လာရတာလဲ။
(၃) သတ္တဝါတွေ ဘာကြောင့် ချုပ်ပျောက်ရသလဲ။

မာရ်နတ်ကြီး အော်ပြီးတော့ မေးတာ။ ဒီလို အော်ပြီးတော့ မေးလိုက်တဲ့ အခါကျတော့ ဝဇီရာဘိက္ခုနီမလေးရဲ့ အဖြေဟာ တချက်တည်းနဲ့ အကုန် ပြေသွားကယ်။

ဝဇီရာ ဘိက္ခုနီမလေးရဲ့ အဖြေ

(၁) နဲ့ သတ္တာဂတိ ပစ္စေသိ၊ မာရ ဒိဋ္ဌိဂတံ နု တေ။
သုဒ္ဓသင်္ခါရာ ပုဉ္ဇောယံ၊ နယိဓ သတ္တူပလဗ္ဘတိ။

ဝဇီရာဘိက္ခုနီမလေးရဲ့ အဖြေ။

မာရ၊ ဟဲ့-မာရ်ယုတ်၊ ကိုံ၊ အဘယ်ကို။ တုံ၊ သင်သည်။ သတ္တောတိ၊ သတ္တဝါဟူ၍။ ပစ္စေသိ၊ ယုံကြည်နေပါဘိသနည်း။

ဟဲ့-မာရ်နတ်ကြီး၊ နင်ဘာကို သတ္တဝါလို့မှတ်နေတာလဲ ပြန်မေးလိုက်တယ်။ ဟိုက သတ္တဝါဆိုတဲ့ ပညတ်နဲ့ တင်မေးတယ်။ ဒီက အဖြေက ပညတ်ကို ချေဖျက်ပစ်လိုက်တယ်။ ဘုန်းကြီးတို့ ယောဂီများက ပေါင်နာတယ်လို့ ဆိုနေတယ်။ ပရမတ္ထ ရှုကွက်ကဲ့ကျပေတော့ အဲဒါကို ချေဖျက်ပစ်လိုက်လို့ ခုနက ဖြေပြီးပြီနော်။

မာရ၊ဟဲ့-မာရ်ပုတ်။တေ၊သင့်အား။ ဒိဋ္ဌဂတံ၊ ဒိဋ္ဌိသဘောသည်။ ဟောတိ ဒေပိ နု၊ ဖြစ်နေသည်မဟုတ်ပါလား။

မာရ်နတ်ကြီး-သင်ဟာ ဘာကို သတ္တဝါလို့ ယုံကြည်နေတာလဲ။ သတ္တဝါဆိုတဲ့ အပ္ပရှိနေရင် သင့်သန္တာန်မှာ ဒိဋ္ဌိဆိုတာ စူးနေသည်မဟုတ်လား။

ပထမစကားနှင်ရပ်—

(၁) သင်ဟာ ဘာကို သတ္တဝါလို့ ယုံကြည်သလဲ။
(၂) သတ္တဝါဆိုကဲ့ ယုံကြည်မှုရှိနေရင် သင့်သန္တာန်မှာ ဒိဋ္ဌိဖြစ်နေတယ်မဟုတ်လား။

"သတ္တဝါဆိုတဲ့ အစဲ့ရှိရင် ဘာဖြစ်နေသလဲ"
"ဒိဋ္ဌဖြစ်နေပါတယ်ဘုရား"
ဒါဖြင့်ရင် အဲဒီ ဒိဋ္ဌိပို့သွားအောင်—

သဒ်္ဓါရအစုအပုံကြီးကို သတ္တဝါလို့ခေါ်တယ်

သုဒ္ဓသဒ်္ဓါရပုဉ္ဇောယံ၊ နယိဓ သတ္တူပလဗ္ဘတိ။

အယံ သတ္တောဟောဒီ သတ္တဝါလို့ခေါ်ဝေါ်ပြုနေတဲ့ နာမပညတ်သည်။ သုဒ္ဓသဒ်္ဓါရပုဉ္ဇော၊ သဒ်္ဓါရ တရားသက်သက်ရဲ့ အစုအပုံကြီးမျှသာတည့်။

သတ္တဝါဆိုတာ သဒ်္ဓါရတရားရဲ့အစုအပုံကြီး။
"သတ္တဝါဆိုတာ ဘာတွေ စုပုံထား"
"သဒ်္ဓါရတရားတွေ စုပုံထားတာပါဘုရား"

သဒ်္ဓါရတရားတွေ စုပုံထားလိုက်တာ ယခုတွေ့ပြီ။ ပေါင်ဆိုတဲ့ ကောင်္ဘာသတစ္ဆဲ ခဲ့လိုက်တော့—

ရုပ်သဒ်္ဓါရ အစုအပုံကြီး တပုံ၊
သိဆိုတဲ့ နေရာကြည့်လိုက်ရင် ဝိညာဉ်ဆိုတဲ့ သဒ်္ဓါရအစုအပုံကြီး တပုံ၊ အသိနဲ့ တဲ့ပြီးတော့ အလုပ်လုပ်သွားတော့ စေတသိက်တရား အနဲဆုံး ခြောက်ပါးဆိုတဲ့ သဒ်္ဓါရတရားအစုပုံကြီး တပုံ။

"ဒီလိုမလားဘုရားလား"
"လာပါတယ်ဘုရား"

ခံစားတဲ့အပိုင်းကြည့်လိုက်ရင် သုခ ဒုက္ခဆိုတဲ့ ဝေဒနာနှစ်မျိုးဆိုတဲ့ သဒ်္ဓါရအစုအပုံကြီး တပုံ။

မှတ်သားတဲ့အပိုင်းကြည့်လိုက်ရင် သညာဆိုတဲ့ သဒ်္ဓါရ အစုအပုံကြီး တပုံ။ သဒ်္ဓါရတရားတွေ ငါးပုံထားတယ်။
"ဘယ်နှစ်ပုံလဲ"
"ငါးပုံပါဘုရား"

ရုပ်က တပုံ၊ ဝေဒနာက တပုံ၊ သညာက တပုံ၊ သင်္ခါရက တပုံ၊ ဝိညာဉ်က တပုံ။
"ဘယ်နှစ်ပုံလဲ"
"ငါးပုံပါဘုရား"

သုဒ္ဓသင်္ခါရပုဉ္ဇော်ယံ၊ နာ ဃိဓ သတ္တူပလဗ္ဘတိ။

အပေါ် သတ္တော၊ ဟောဒီ သတ္တဝါဆိုတာဟာ။ သုဒ္ဓသင်္ခါရပုဉ္ဇ၊ သင်္ခါရတရားရဲ့ အစုအပုံကြီးပါပဲ။ ဣစ္စ၊ ဤသင်္ခါရတရားတို့ရဲ့ အစုအပုံကြီးထဲမှာ၊ သတ္တံ၊ သတ္တဝါဆိုတာကို။ နာ ဥပလဗ္ဘတိ၊ မရနိုင်ပါ။

သင်္ခါရအစုအပုံထဲမှာ သတ္တဝါဆိုတာ မရနိုင်ဘူး။ သင်္ခါတရား အစုအပုံကို သေသေချာချာ မြင်ရင်—

"သတ္တဝါဆိုဘာ ရအုံးမလား"
"မရပါဘုရား"
သတ္တဝါဆိုတာကို ရနေရင် အဲဒါဟာ ဒိဋ္ဌရနေတာ။
"ဘာရတာ"
"ဒိဋ္ဌရနေတာပါဘုရား"

သင်္ခါရအစုအပုံကိုမြင်မှ ဝိပဿနာဉာဏ်ကိုရတာ။ အဲဒါကမှ အနှစ်၊ သတ္တဝါဆိုတာကို ရနေရင် ဌက်ပျောတုံး အကာကြီး ရနေတာ။ သင်္ခါရအစုအပုံကြီးပဲလို့ သဘောကျရင် ဉာဏ်ဆိုတဲ့ အနှစ်ကို ရတာ။ အဲဒီအနှစ်ကို ဌက်ပျောတုံးထဲက ထုတ်ရတာပဲမဟုတ်လား။ ဌက်ပျောတုံးကတော့ ပကတိအားဖြင့် ဘာအနှစ်မှ မရှိဘူး။ အကာချည်း ထပ်ထားတာ။ အကာကို အကာမှန်း သိလိုက်တဲ့အချိန်မှာ တို့တတွေ အနှစ်ရပြီ။ လူဘဝနေရကျိုး သေရကျိုးနပ်ပြီပေါ့။

သတ္တဝါဆိုတဲ့ ပညတ်ပျောက်အောင် ဂါဟဖို့ရှိ

အင်္ဂလိပ်မှာရော၊ ဝင်ရိုးစက်ဘီး အသီးသီးတို့ ဖွဲ့စည်းပေါင်းဆုံ အဆောက်အအုံကြောင့်။ ရထော ဣတိ သဒ္ဒါ၊ လူသူအများ စီးနင်းသွားဖို့ ရထား ခေါ်အပ်တဲ့ သဒ္ဒပညတ်သည်။

တဂျုံးဂျုံးနဲ့ လမ်းပေါ် မောင်းသွားတာ ဘာတွေတုံးဆိုကော့ လှည်း မောင်းတယ်လို့ ပြောတယ်။ သေသေချာချာ ကြည့်လိုက်လို့ရှိရင် လှည်းက မသွားဘူး။

"ဘုန်းကြီးတို့ယောဂီများ၊ ဘာတွေသွားနေတာလဲ"
"နွားတွေသွားနေတာပါဘုရား"

နွားတွေသွားနေတာဟုတ်လား။ ဒါပေမယ့် လှည်းတွေ သွားတယ်လို့လဲပဲ ပြောကြတယ်။ သည်ဝိပ္ပလ္လာသနော်။ လှည်းက ဘယ်နှယ်မှ သွားတတ်တဲ့ သဘောမရှိဘူး။ နွားတွေ သွားနေတာကို လှည်းတွေသွားနေတာ။နားပြီးလိုက်တာ ဟုတ်လား။ မြို့လယ်ခေါင် အားထုတ်ရတာ ဒါလောက်တော့ ကြားရမှာပေါ့။

ဝဇီရာတို့လို တောကြီးထဲသွားမှ မသွားဖေးပဲ။ ခုနစ်နှစ်သမီးလေးကတော့ တောကြီးထဲမှာနော်။ ဒီမှာ မြို့လယ်ခေါင်ဆိုတော့ လှည်းသံ ကြားရမှာပဲ။ ကြားလိုက်တော့ လှည်းသွားတယ်လို့ မမှတ်နဲ့။

"အဲဒါ ဘာသွားတာလဲ"
"နွားသွားတာပါဘုရား"

နွားသွားတာဟုတ်လား။ သတ္တဝါပညတ်က မကုန်သေးဘူး။ နွားဆိုတဲ့ သတ္တဝါကို ခုနကဖြိုသလို ဖြိုကြည့်ရမှာပဲမဟုတ်လား။ ဖြိုလိုက်စမ်း၊ ကောင်္ဘာသတဲ့။ ၃၂-ကောင်္ဘာသ ပေါင်းထားတာ။ နွားက တကယ် သွားသလား ဆိုရင် နွားကြီးခြေထောက်က တလှုပ်လှုပ်နဲ့။

"အဲဒါ ဝါယောရုပ် မဟုတ်လား"
"မှန်ပါဘုရား"

ဝါယောဓာတ်ကို ရောက်အောင်ဖြို့ရ။ အဲဒီလိုမှ မဟုတ်ပဲနဲ့ နွားဆိုတဲ့ အပေါ် တင်နေရင်—

"သတ္တဝါဆိုတဲ့ အမှတ်သညာက တို့တတွေ လွှတ်ပါ့မလား"
"မလွှတ်ပါဘုရား"
"လှည်းသွားတယ်ဆိုရင်ကော ဒီဌိလွှတ်ရဲ့လား"
"မလွှတ်ပါဘုရား"
"နွားသွားတယ်ဆိုရင်ကော"
"မလွှတ်ပါဘုရား"

"ကိုင်း- ဒါဖြင့် ဘာသွားလဲ"
"..... ...."

နွားကြီး တလှုပ်လှုပ်ဖြစ်နေတာက ဝါယောရှပ်။ ဒီဝါယောရှပ်က သွားချင်လို့ သွားတာ မဟုတ်ဘူး။

"အပေါ်က လှည်းသမား မရှိဘူးလား"
"ရှိပါတယ်ဘုရား"

ကြိမ်လုံးနဲ့ တို့ပေးနေတဲ့ ဒီလှည်းသမားကြောင့် ဒီနွားလှုပ်လာတာ။ ကြိမ်လုံးနဲ့သာ တို့မပေးရင် ဒီနွား အိပ်ရာကတောင် ထမှာမဟုတ်ဘူး။ ကြိမ်လုံးနဲ့ တို့ပေးနေတဲ့ လှည်းသမားနဲ့ တူတဲ့စိတ်။

"တို့ယောဂီများမှာ မရှိဘူးလား"
"ရှိပါတယ်ဘုရား"

စိတ်က လှည်းသမား။
ဝါယောခေတ်က နွား။

"ဟုတ်ပြီနော်"
"မှန်ပါဘုရား"

တို့ယောဂီများ လမ်းလျှောက်ရင် လှည်းဆိုတဲ့ စိတ်လှည်းသမား။ လှမ်းပြီး ခြေထောက်ကြီး တလှုပ်လှုပ်နဲ့ တကိုယ်လုံး ရွှေ့နေပြီ။ ဩဇာ— နွားနဲ့တူတဲ့ ရုပ်ကြီး သွားနေပြီ။ စိတ်ရယ် စိတ္တဇဝါယောရယ် ပေါင်းပြီးတော့ ရုပ်တရားကြီး တလှုပ်လှုပ်နဲ့ ရွှေ့တာယ်။

"မဟုတ်ဘူးလား"
"ဟုတ်ပါတယ်ဘုရား"

လှည်းသမားနဲ့ တူတယ်ဆိုတာက စိတ်။ နွားနဲ့တူတယ်ဆိုတာက ဝါယောခတ်။ လှည်းကြီးဆိုတာက ဟောဒီခန္ဓာကိုယ်ကြီး တကိုယ်လုံး။ လှည်း ဘာမှ သွားတတ်တာမဟုတ်ဘူး။ ဘာကို လှည်းဝေါသလဲ၊ ထပ်ခဲ့လို့က်။

"ဝိုင်းဝိုင်းကြီးဟာ လှည်းလား"
"မဟုတ်ပါဘုရား"

“ဒီဒဲ့ဝိုင်းဝိုင်းကြီးနှစ်ခု ဟိုဘက်ဒီဘက် လုပ်ထားတဲ့ အလယ်ခေါင်က ဥစ္စာကို ဘာခေါ်လဲ”

“ဝင်ရိုးပါဘုရား”

ဝိုင်းဝိုင်းကြီးနှစ်ခုကို ဟိုဘက်ဒီဘက် စွပ်ပြီးလျှိထားတဲ့ တုတ်ချောင်းကြီး ဟာ ဝင်ရိုး။ အဲဒီဝင်ရိုးကို မေးကြည့်၊ လှည်းလားဆိုတော့ မဟုတ်ဘူး၊ ဝိုင်းဝိုင်းကြီးနှစ်ခုကိုလဲ မေးကြည့်လိုက်အုံး။ လှည်းမဟုတ်ဘူး ဘီးဟဲ့။ လှည်းဆိုတဲ့ပညတ် တခုတည်းက ထွက်လာလိုက်တာ ဘီးဘခု၊ ဝင်ရိုးတခု၊

ဒီဘီးကြီး ဟို ဘက်ဒီဘက် ကျတ်သွက်မပြေးအောင် ဝင်ရိုးအစွန်းစွပ်ထားတဲ့ တုတ်ချောင်းလေးနှစ်ခု၊ ကန့်လန့်ကလေး။

“ဟိုဘက်ထိပ် ဒီဘက်ထိပ် မရှိဘူးလား”

“ရှိပါတယ်ဘုရား”

“အဲဒါ ဘာလို့ ခေါ်သလဲ”

“လှည်းနားစောင့်ပါဘုရား”

လှည်းနားစောင့်။ ဝင်ရိုးနဲ့ အစွန်းထိပ်နှစ်ကား စောင့်နေတဲ့ တုတ်ကလေး။ ဘီးကြီးကို အနားကခန့ ကပ်စောင့်ခန့ကာ လှည်းနားစောင့်။ ဘီးရယ်၊ ဝင်ရိုးရယ်။

“ဘယ်နှစ်ခုရပြီလဲ”

“သုံးခုရပါပြီဘုရား”

အခေါ်မှာ ပစ္စည်းတင်ဘို့ လေးထောင့်အိမ်ကြီး လှည်းအိမ်။ အဲဒီလှည်းအိမ် တင်ထားတဲ့ ဝင်ရိုးအခေါ် အတုံးဘခုရှိသေးတယ် ဇင်ဘုံး။

“ကိုင်းဘယ်နှစ်ခုရပြီလဲ”

“ငါးခုရပါပြီဘုရား”

နောက်က ဝင်ရိုးနဲ့ ရှေ့ဆမ်းပိုး လှမ်းခဲ့ထားတဲ့ အချောင်းကြီးနှစ်ခုချောင်း မျှလို ဂ်နေဘယ်၊ လှည်းတံ လှည်းအိမ် ရှေ့နားကနေပြီးခဘာ့ လှည်းတံနှစ်ခချောင်းခေါ်မှာ တင်ထားတဲ့ဥစ္စာ။ ငဆောင်ပန်း။

“ဘယ်နှစ်ခုရပြီလဲ”

“ခုနစ်ခုပါဘုရား”

လှည်းတံက နှစ်ချောင်း၊ လှည်းတံနဲ့ဆိုရင် ရှစ်ခုရသွားပြီနော်။ အဲဒီလှည်းတံနဲ့ အောက်ဘဝရိုးမြဲနေအောင် တုတ်ကလေး စိုက်ထားတာ ရှိသေးတယ်။ ငက်စွယ်။ ဒီဝက်စွယ်ကလေးမရှိရင် ဝင်ရိုးမပါပဲ ကျန်ရစ်ခဲ့မှာ။ အဲ-လှည်းတံနဲ့ ထမ်းပိုးချည်ထားတဲ့ အလယ်ခေါင်က ကြိုးလေးရှိသေးတယ် လှည်းစည်းကုံး။ ဒီထမ်းပိုးဝုံးကနေ စုင်ထားတဲ့ နွားနှဖ်ကောင်နဲ့ ပခုံးကန့်လန့်ကြီးတင်နေတဲ့ တုတ်နှဖ်ချောင်းရှိသေးတယ်။ ထမ်းပိုးချပြီး ထမ်းပိုးဝုံး ဟိုဘက် ဒီဘက်ထိပ်မှာ နှစ်ချောင်းစီ ရှိတယ်။ နွားလည်ပင်းချည်ထားတဲ့ ကြိုးရှိသေးတယ်။ လည်ပင်းကြိုး။

ကိုင်း-နဲခေသးသလား တို့ယောဂီမျာ၊ ပစ္စည်းတွေ အများကြီးစုမှ လှည်းဆိုတဲ့ ပညာကဘုရဲ့ကယ်၊ အဲဒါဘဝဟာ တစခီ တစစီ အကုန်ပြုတ်။ ဖရိုဖရဲကဲ့သွေးအောင် လမ်ပေါ်ပစ်လိုက်စမ်း။

"ဘယ်မှာလဲ လှည်းဆိုတာ"

"မရှိတော့ပါဘုရား"

ဃနဖြိုဘယ်ဆိုကာ ဒီလိုဖြိုရာကယ်၊ ခန္ဓာကိုယ်ကြီးတကိုယ်လုံး ဒီလိုမှ မဖြိုနိုင်ချင်းသတ္တဝါပြည်တဲ့ မဇ္ဈိမဂ်ဘူး။ ငှက်ပျောတုံး တဖတ်စီ တဖတ်စီ ခွာသလို ခန္ဓာကိုယ်ကြီးလဲ ဒီအတိုင်းခွာ။ ခြေသွေး—ငါ့ခန္ဓာကိုယ်ဟာ ငှက်ပျောတုံးကြီးလိုပဲ၊ ငါရဲ့ခန္ဓာကိုယ်ဟာ လှည်းကြီးလိုပဲ၊ တလှုပ်လှုပ်ဖြစ်နေတဲ့ ဝါယောဓာတ်ဟာ နွားကြီးလိုပဲ၊ ဒီနွားကို မောင်းနေတဲ့ လှည်းသမားဟာ ငါ့ရဲစိတ်ပဲ။

လမ်းလျှောက်တိုင်း လမ်းလျှက်တိုင်း အာရုံယူရမယ့်အချက် စိတ်ရယ်၊ လှုပ်ရှားနေတဲ့ ဝါယောဓာတ်ရယ်၊ တွေ့ရှေ့ရှေသွားနေတဲ့ လှည်းကြီးနဲ့တူတဲ့ ဟောဒီရုပ် အစုအပုံကြီးရယ်။

"ဒီလိုမဟုတ်လား"

"မှန်ပါဘုရား"

ဒါခြောင့်—

ဒုဂ်သမ္ဘာရာ၊ ဝင်ရိုးစက်ဘီး အသီးသီးတို့ ဖွဲ့စည်းပေါင်းဆုံ အဆောက်အအုံခြောင့်၊ ရထော ကွတိ သဒ္ဒါ၊ လူသူအများ စီးနင်းသွားဖို့ ရထားခေါ်အပ်တဲ့ သဒ္ဒပညတ်သည်။ ဟောတိ ယထာ၊ ထင်ရှားမသွေ ဖြစ်ပေါ်၍ လာလတိသကဲ့သို့။ ဧဝမေဝ-ဒေါတတာ၊ ပမာထားယူ ထို့အတူ။ ခန္ဓေသု၊

ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးတို့သည်။ သဇန္တဲ့သူ၊ ထင်ရှားပေါင်းဆုံ ရှိကုန်လတ်သည်ရှိသော်။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်။ ဒီငါးမျိုး စုပေါင်းမှီတဲ့အခါ ကျတော့မှ လူဆိုတာဖြစ်တာ။ အဲဒီအမှတ်သညာတွေ ပျောက်သွားစေခြင်း အကျိုးငှာ တစစီ-တစစီ ငှက်ဒဏ်ပျာဘုံးခွဲသလို ခွဲလိုက်။

"မလိုဘူးလား"
"လိုပါတယ်ဘုရား"

ဒါကြောင့်မို့လို့ နာဘယ်ဆိုတဲ့နေရာမှာ ခွဲတဲ့နည်းတွေ ပေးပြီ ပြီနော်။

"ကောင်္ဒညသနည်းနဲ့ တမျိုးခွဲတယ်"
"ဓာတ်နည်းနဲ့ တမျိုးခွဲတယ်"

အဲဒီနှစ်မျိုးခွဲလို့ ကောင်္ဒညသအုပ်ကြီးဖြိုရင် သိမှုလေးမှာ ခွဲလို့က်ရင် အသိထင်ရှား နာမ်ဘရား အနဲဆုံး ခြောက်မျိုးလောက် ကဲ့သွားတယ်။ ရုပ်ပိုင်းမှာလဲ ပြုတယ်၊နာမ်ပိုင်းမှာလဲ ပြုဘယ်၊နှစ်ဖက်စလုံးပြုရင် လှည်းဆိုတာ ရှာမတွေ့တော့ဘူးပေါ့။

"ဟုတ်လား"
"မှန်ပါဘုရား"

အဲဒါကို—

ဝေံ၊ ဤသို့။ ခန္ဓသူ၊ ခန္ဓာငါးပါးတို့သည်။ သဇန္တဲ့သူ၊ထင်ရှားပေါင်းဆုံ ရှိကုန်လတ်သည်ရှိသော်။ သတ္တောတိ သမ္မုတိ၊ သတ္တဝါဟု ခေါ်ဝေါ်ပြုဖို့ သမုကိမှတ် နာမပညာက်သည်။ ဟောတိ၊ ရုပ်နာမ်နှစ်ပါး မကဲ့ပြားက ထင်ရှားထွက်ရာ ဖြစ်ပေါ်၍ လာလေသည်တကား။

"သာဓု-သာဓု-သာဓုပါဘုရား"

မာရ်နတ်ကြီးကို ဝဇီရာဘိက္ခုနီမလေး တရားဟောခြင်း

အဲဒီ ပါဠိတော် ဘယ်သူဟောတာလဲ။ ခုနစ်နှစ်သမီး ဝဇီရာဘိက္ခုနီမကလေးဟောတာ။ အကုန်လုံး ဘုရားဟောတော်မူချည်းပဲလို့ ဘုရားကို တို့ပရိ

သတ်က ပုံမချနဲ့။ခုနစ်နှစ်သမီးလေးရဲ့ ဉာဏ်စွမ်းကို ကြည်ညိုစေချင်လို့ ပြောတာ။ ဘုရားကတော့ လောကရဲ့ အထွတ်အထိပ်မို့လို့ ကြည်ညိုစရာတွေ ပြည့်စုံနေပြီ ထားပါတော့။ခုနစ်နှစ်သမီး ဘိုက္ခုနိမလေး တောကြီးထဲထိုင် တရားအားထုတ်၊ မာရ်နတ်ကြီး ခြောက်တဲ့အချိန်မှာ ဒီလိုဟောနိုင်တယ်။

မာရ်နတ်ကြီးက သတ္တဝါဆိုတာ ဘာလဲလို့ မေးတယ်။ ဘိက္ခုနိမလေးက သတ္တဝါဆိုတာ မရှိဘူးတဲ့။သခ်ၤါရ အစုအပုံကြီးပဲလို့ ပြောလိုက်တယ်။ဌက်ပျောတုံးခွာသလို ခွာပြလိုက်တယ်။ ဒါတင်မကသေးဘူး။ နားထောင်ကြည့်လိုက်အုံး။ မာရ်နတ်ကြီးကို ဝဇီရာဘိက္ခုနိမလေး ဟောနေတဲ့တရား ဘုန်းကြီးတို့ ယောဂီများအတွက် အဖိုးတန်တယ်။ မာရ်နတ်ကြီးအတွက်တော့ ဒီတရား အချည်းနှီးပါပဲ။

သခ်ၤါရအစုအပုံကြီးဟာ ဒုက္ခအစုအပုံကြီးပါပဲ

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ဒုက္ခံ တိဋ္ဌ တိ ဇေတိ စ။
နာညတြာ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-ဒုတိယတဲ့၊ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ-၂၂၈။

ယခုနက ဂါထာမှာတော့ သတ္တဝါမရှိဘူး။ ရုပ်အစုအပုံ၊ဝေဒနာအစုအပုံ၊ သညာအစုအပုံ၊သခ်ၤါရအစုအပုံ၊ဝိညာဉ်အစုအပုံ၊သခ်ၤါရဓမ္မတို့ရဲ့ အစုအပုံကြီးပဲ။ လှည်းကြီး ၅ပိုင်းသလို ဖျက်ကြည့်။ ဌက်ပျောတုံးခွာသလို ခွာပြီးတော့ကြည့်။ သတ္တဝါမရှိဘူးလို့ ပြောခဲ့တဲ့ ပထမစကား။ယခု ဒုတိယစကားက အဲဒီ သခ်ၤါရဓမ္မ အစုအပုံဟာ ဘာတဲ့လဲ။တဆင့်တက် ရှုကွက်ပေးတော့—

ဒုက္ခမေဝ ဟိ၊ ဒုက္ခအစုအပုံကြီးသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၍ဖြစ်၍ လာတာတဲ့။

"သတ္တဝါတွေ ဖြစ်လာတာလား၊ ဒုက္ခတွေ ဖြစ်လာတာလား"
"ဒုက္ခတွေ ဖြစ်လာတာပါဘုရား"

ဟော-ပေါ်လာပြီနော်။ သတ္တဝါ ဘယ်လိုလုပ် ဖြစ်သလဲလို့ အမေးကို ဝဇီရာဘိက္ခုနိမလေးက သတ္တဝါမဖြစ်ဘူးတဲ့။ဒုက္ခအစုအပုံကြီး ဖြစ်လာတယ်တဲ့။

ဘုန်းကြီးတို့ ယောဂီတွေလဲ ရသားပေါ့ဗျာ။ ဇာတိပိဒုက္ခာ-လူဘိုင်းရတာ မဟုတ်လား။ ဖြစ်ရင် ဘာဖြစ်ဖြစ် အဖြစ်တရားမှန်သမျှ ဒုက္ခချည်းဖြစ်ဘာလို့ သဘောကျ။ အမိဝမ်းကိန်းရတာမှ ဒုက္ခလို့မမှတ်နဲ့။ ရုပ်ဘလုံးတလုံး ထိုင်ကြည့်ယင်းနဲ့ ဖြစ်လာရင် သြော်-ဒုက္ခတွေချည်း ဖြစ်နေတယ်လို့ ရှုမှ ဟန်ကျတယ်နော်။ အဲဒီဒုက္ခ မရှုချင်ဘူးဆိုပြီးတော့ မျက်နှာမလဲလိုက်နဲ့၊ ရှုကိုရှုရမယ်။

ဒုက္ခမေဝ၊ ဒုက္ခအစုအပုံကြီး သည်သာလျှင်။ သဓမ္မာတိ၊ ဖြစ်၍ဖြစ်၍ လာတယ်။

ရုပ်တရားဖြစ်ရင် ဒုက္ခဖြစ်ဘယ်၊ ရုပ်တရားထဲမှာ ဒုက္ခတွေ ပါလာဟယ်၊ ရုပ်ဘရားနဲ့ ဒုက္ခဟာ အတူဘူပဲ။ ဖြစ်တိုင်း ဒုက္ခချည်းပဲလို့ သဘောကျ။ ဒါဖြင့် ထင်ရှားတည်ရှိနေတော့ နောက်ဘဆင့်ဘက်။

ဒုက္ခမေဝ၊ ဒုက္ခအစုအပုံကြီးသည်သာလျှင်။ တိဋ္ဌတိ၊ ထင်ရှားဘည်ရှိ၍ နေ၏။

တည်ရှိနေဘုံးလဲ ဒုက္ခ၊ ဖြစ်ဘုန်းကလဲ ဒုက္ခ၊ ဖြစ်ပြီးလို့ ထင်ရှားနေတော့လဲ ဒုက္ခ။ ဇာတိပိ ဒုက္ခာရှဲ့ နောက်နားမှာ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခာ။

"နှစ်ချက်မရှိဘူးလား"
"ရှိပါတယ်ဘုရား"

ဖြစ်ပြီးရင် ဖြစ်တဲ့အတိုင်း မနေပဲနဲ့ ပြောင်းသွားတယ်ဆိုကာ ဇရာပြောင်းသွားတာ။သက်သက်သာသာ မပြောင်းဘူး။ နှိပ်စက်ပြီးတော့မှ ပြောင်းလဲနေတယ်။ ဗျာဓိ။ဒါဖြင့် ဘဝအလယ်ပိုင်းမှာ ဇရာဒုက္ခနဲ့ ဗျာဓိဒုက္ခ ပြောင်းလဲဖောက်ပြန်ခြင်း နှိပ်စက်ခြင်းတို့နဲ့ ထင်ရှားသည်ရှိနေကြတာ။ သြော်-တို့တတွေဟာ စတုန်းကလဲ ဒုက္ခနဲ့ စခဲ့ကြရတယ်။ နေရတော့လဲပဲ ဒုက္ခနဲ့ နေရတယ်။ အဲ အဆုံးသတ်တော့ကော မရဏမို့ ဒုက္ခံ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

အဲဒါကို ဝဇိရာဘိက္ခုနီမလေးက—

ဒုက္ခမေဝ၊ ဒုက္ခအစုအပုံကြီးသည်သာလျှင်။ ဝေတိ၊ ပျက်စီး၍ သွား၏။

ပျက်ပြိုဆိုပြန်တော့လဲပဲ ဒုက္ခတရားဒတ္ထချည်း ပျက်သွားတယ်။ ပျက်စီးတဲ့တရားမှန်ရင်လဲ ဒုက္ခတွေ့ချည်းပဲ။ ဖြစ်တဲ့တရားမှန်တော့လဲ ဒုက္ခချည်းပဲ။အဖြစ်နဲ့ အပျက်ကြားထဲ ထင်ရှားနေတဲ့ တရားမှန်တော့လဲ ဒုက္ခချည်းပဲ။

စတုန်းကလဲဒုက္ခ၊နေရတော့လဲဒုက္ခ၊ ဆုံးတော့လဲဒုက္ခ၊ဘယ်မှာ သုခအတွက် ရှိသလဲ။အဲဒီလို ဒုက္ခတွေ့ချည်းပဲ ပရမစပ် လယ်နေတာ သံသရာပဲလို့ ခန္ဓာထဲမှာ ထိုင်ရှယင်းနဲ့ ဒုက္ခသံသရာလယ်ပုံကို သဒ္ဒာကျအောင်ကြည့်။

နာညုတြာ ဒုက္ခာ သမ္မောတိ။

ဒုက္ခာ၊ဒုက္ခတရားမှ။ အညုတြာ၊အခြားတပါးမသော တရားသည် နဲ့ သမ္မောတိ၊ ဖြစ်မလာ။

ဒုက္ခမှတပါး ဖြစ်ဆိုတာ ဟာပမရှိဘူး။ ဖြစ်တာအားလုံး ဒုက္ခချည်းပဲ၊

နာညံ ဒုက္ခာ နိရုဇ္ဈတိ။

ဒုက္ခာ၊ ဒုက္ခတရားမှ။ အညံ၊အခြားတပါးသော တရားသည်။ နဲ့ နိရုဇ္ဈတိ၊ ပျက်တယ်လို့ မဟုတ်ပါ။

ပျက်တာလဲပဲ ဒုက္ခ၊ ဖြစ်တာလဲပဲ ဒုက္ခ၊ ပျက်တာနဲ့ဖြစ်တာ အကုန်လုံး ဒုက္ခတွေ့ချည်းပဲလို့ တသားတည်း မြင်ပစေ။

ပထမစကားက သတ္တဝါမရှိဘူး။

ဒုတိယစကားက သမ်္ခါရ အစုအပုံကြီးပဲ ရှိတယ်။

သင်္ခါရ ဒုစုဒုပုံကြီး ဖြိုပုပြောပြီးသွားပြီနော်။အဲဒီသင်္ခါရအစုအပုံကြီးဟာ ဒုက္ခအစုအပုံကြီးပဲလို့ တည်တည်း မြင်ရပယ်။ စတုန်းကလဲ ဒုက္ခ၊ နေရတော့လဲ ဒုက္ခ၊ အဆုံးသတ်တော့လဲ ဒုက္ခ။

ဒီဒါကို ဓမ္မစကြာက—

ဇာတိပိ ဒုက္ခာ။

စကတည်းက ဒုက္ခ။

ဇရာပိ ဗျာဓိပိ ဒုက္ခာ။

နေရတော့ နှိပ်စက်လို့ ဖောက်ပြန်နေလို့ ဒုက္ခ။

မရဏံပိ ဒုက္ခာ။

ပျက်စီးလို့ အဆုံးသတ်ကြပြန်တော့လဲ-ဒုက္ခ။

"သုခဘယ်မှာလဲ"

"မရှိပါဘုရား"

သုခရယ်လို့ ဘာမှမရှိတဲ့သဘော၊ သဒ္ဒါရထဲမှာ အပြစ်မြင်ပစေ၊ ဖြစ်လာတော့လဲ ဒုက္ခ အစုအပုံကြီး၊ ပျက်စီးသွားတော့လဲ ဒုက္ခအစုအပုံကြီးပဲ၊ပျက်စီးသွားတဲ့ ဒုက္ခအစုအပုံကြီးရဲ့ နေရာမှာ ဒုက္ခပဲ အစားပြန်ပေါ်လာတယ်။

ဇာတိရဲ့ ဇနာဂ်နားက ဇရာ၊ ဇရာနဲ့ နောဂ်နားက ဗျာဓိ၊ နောဂ်နားက မဟုတ်ဘူး။ဇရာနဲ့ ဗျာဓိက ဒုတဲ့လိုက်ကပ်နေတယ်။ ဖြစ်တဲ့သဘော၊ ဖောက်ပြန်နှိပ်စက်တဲ့သဘော၊ ပျက်စီးတဲ့သဘော။

"ပျက်စီးရင် နောက်ဘာပြန်ဖြစ်လာ"

"....."

နောက်ပြန်ဖြစ်လာတာကဘာလဲ၊ ဒုက္ခပဲပြန်လာတယ်။ အဲဒီလိုချည်း တကိုယ်လုံးမှာ လှည့်လည်နေတဲ့သဘောကို တရိပ်ရိပ်နဲ့ ဒုက္ခစက်ကြီး လယ်နေကြောင်းကောင်းကောင်းမြင်ရင် ဘုန်းကြီးတို့ ယောဂီများ ဟန်ကျပြီ။ အဲဒါသံသရာလယ်နေတာ။ တထိုင်တည်း လယ်နေတာနော်။ အဲဒါကို မနေ့က ရွတ်ခဲ့တဲ့ ဂါထာနဲ့ နိဂုံးချုပ်။

အနာဒိဒံ ဘဝစက္ကံ၊ ဝိတက်ာရကဝေဒကံ။
နိစ္စ သုခ သုဘတ္တောပိ၊ သုညံ ပဿေ ပုနပ္ပုနံ။

ကွာဒံ ဘဝစက္ကံ၊ ဘဝမြားမြောင် ဒုက္ခဆောင်လျက် အဝေါင်ဂျည်ကြာသံသရာဘက်ယွန်း ကျိစက်ဝန်းသည်။ အနာဒိ အနာဒိဝတ၊ ကမ္ဘာကပ္ပာ အစရှာလည်း ရစရာပိုင်ပိုင် မရှိနိုင်လေစွတကား။

ဒီဒုက္ခ ဘယ်တုံးက စသလဲ၊ ပြန်ရှာကြည့်၊ ကြာ်ည အစရှာမရသလိုပဲ။

ဝိတကာရက ဝေဒကံ၊ သူပြုစီမံ သူခံစံဟု ဘိုရန်အတွက် မရအလျင်း ကင်းလေစွ တကား။

ဒီဒုက္ခ ငါလုပ်တာ၊ ငါခံစားရတာ၊ ငါသိတာ မရှိဘူး။ ငါဆိုတာ အတ္တ၊ ဒီဒုက္ခ အစုအပုံထဲ မရှိဘူး။ သဒ္ဒါရဓမ္မသက်သက်ပဲရှိတယ်။

နိစ္စ သုခ သုဘတ္တာဟိ၊ မြဲရန်အချက် ချမ်းသာကွက်နှင့် နှစ်သက်ဖွယ်နှောစိုးပိုင်ခဲသော သဘောတို့မှလဲပါ။ သူည၊ မရှိလုံးလုံး ဆိတ်သုဉ်းခဲ့လေစ့ဉ့် တကား။

ဣတိ၊ ဤသို့။ ပုနပ္ပုနံ၊ တနေ့တရက် တနံနက်မျှ။ (ဝါ) ပုနပ္ပုနံ၊ ငါးရက် လေးက်ကဖလေးမျှ မကစဲတ်စဲ့ ထပ်တလဲလဲသာလျှင်။ ပဿေ-ပဿေဿျ၊ စိတ်ကြုံမြဲ့မြင့် ခံဌာန်မြဲ့မြင့် နိဗ္ဗာန်ဝင့်အောင် မလင့်ပုံသေ ရှုစားသင့်ပေကုန် ဘေဒသတည်း။

"သဒ္ဓေ-သဒ္ဓေ-သဒ္ဓေပါဘုရား"

အာနာပါနသတိသုတ္တန်လာ-ဒုတိယစတုက္ကလေးချက်

ဝေဒနာနုပဿနာရဲ့ အဆက် ဝေဒနာနုပဿနာနဲ့ ပတ်သက်တဲ့ အာနာပါနသတိသုတ္တန်ပါဠိတော်မှာ-

(၁) ပီတိပဋိသံဝေဒီ၊
(၂) သုခပဋိသံဝေဒီ၊
(၃) စိတ္တသင်္ခါရပဋိသံဝေဒီ၊
(၄) ပဿမ္ဘယံ စိတ္တသင်္ခါရံ၊

ပါဠိတော်လေးပိုဒ်၊ ဒုတိယစတုက္က။

ပီတိပဋိသံဝေဒီ၊ ပီတိကို ကောင်းစွာ ထင်ရှားစေလျက်။ အဿသိဿာမိ ပဿသိဿာမိ၊ ထွက်လေ ဝင်လေကို ဖြစ်စေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

စိတ္တသင်္ခါရပဋိသံဝေဒီ၊ စိတ္တသင်္ခါရ ခေါ်ဆိုရာဟဲ့ သညာ ဝေဒနာကို ကောင်းစွာ ထင်ရှားစေလျက်။ အဿသိဿာမိ ပဿသိဿာမိ၊ ထွက်လေ ဝင်လေကို ဖြစ်စေခံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

စိတ္တသင်္ခါရံ၊ စိတ္တသင်္ခါရ ခေါ်ဆိုရတဲ့ ပီတိ ရာဂ သညာ တရားတွေကို။ ပဿမ္ဘယံ ပဿမ္ဘယန္တော၊ ငြိမ်းချမ်းစေလျက်။ အဿသိဿာမိ ပဿသိဿာမိ၊ ထွက်လေဝင်လေကို ဖြစ်စေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

ဒီဒုတိယ စတုက္က ပါဠိတော်မှာ ထုတ်လေဝင်လေကလဲ သွားနေတာပဲ။ ထုတ်လေဝင်လေကိုလဲ ရှုရှိုက်နေတာပါပဲ။ သို့သော်လဲပဲ ဟောဂိရဲ့ သန္တာန်မှာ ထုတ်လေဝင်လေပေါ်ကို အာရုံရောက်နေသလား၊ ပီတိသုခအပေါ် အာရုံ ရောက်နေသလားလို့ မိမိကိုယ်ကို မိမိစိစစ်ရမယ့်အချိန်၊ ထုတ်လေဝင်လေပေါ်မှာ သမာဓိအာရုံ ကောင်းစွာဆုံ။

မနက်က ပြောခဲ့ကဲ့ဒေတိုင်း နီဝရဏတွေ ကွာသွားတဲ့အတွက်ကြောင့် စိတ်ထဲမှာ ငြိမ်းချမ်းတဲ့သဘောလေး၊ ကြက်သီးလေး တဖြန်းဖြန်းနဲ့ ပဿဒ္ဓိလေးရ။ နွေးညင်းကလေးတွေ ရှင်းပြီးတော့ ပီတိရ။ အဲဒီအချိန် အားထုတ်လိုက်ရတာ အလွန်ကောင်း၊ ဘယ်လောက်တောင် ကောင်းယုံးလဲ။ အမာန္နသိရတိနတ်စည်းဝိမ်ဘမျှ ကောင်းတယ် ကောင်းတယ်ဆိုတဲ့ ထိုအရသာကို ဘုန်းကြီးတို့ ယောဂီများဟာ ခံစားပြီးတော့ နေတယ်။

ဒုက္ခနဲ့သုခကို ကဲ့အောင် ပြောမယ်ဆိုရင် ခံစားနေတယ်လို့ ဒီလိုပြောနိုင်တယ်၊ ဒီလိုလဲ ပြောနိုင်တယ်။ လယ်ဘီဆရာတော်ဘုရားကြီးက ပရမတ္ထသံခိပ်ကျမ်းမှာ ခန္ဓာအာယတန ဓာတ် သစ္စာလက်ဝဲကျမ်းများမှာ ခန္ဓာငါးပါးနဲ့ ပတ်သက်တဲ့ လက်ဝဲတခုကို လယ်ဘီဆရာတော်ဘုရားကြီးများ ဘယ့်နှယ်ဖရေးထားသလဲဆိုရင်–

> ဖောက်ပြန်ထွေပြား၊ ဖြစ်တာဘင်ငြား၍၊ စကားပုံသော၊ ရုပ်ခေါ်ပေ၏။

ရုပ်ဆိုတဲ့သဘောဟာ ဖောက်ပြန်တတ်တဲ့ သဘောရှိတယ်။ အမျိုးမျိုးအဝုံပုံနှိပ်စက်တတ်တဲ့ သဘောရှိတယ်။ ဒါ့ကြောင့် ရုပ်။ ဖောက်ပြန်ပြီးတော့ နှိပ်စက်တတ်တဲ့ အတွက်ကြောင့် ရုပ်။

ဆရာတော်ဘုရားကြီး ရေးတဲ့လက်ဝ။

> ဖောက်ပြန်ထွေပြား၊ ဖြစ်တာဘင်ငြား၍၊ စကားပုံသော၊ ရုပ်ခေါ်ပေ၏။

ဒါက သံဃုတ်ပါဠိတော်ကြီးနဲ့ တညီတညီး။

ရုံပွတီတီ ခေါ ဘိက္ခု ရွှမံ စော နရမ္မတီ။

ရုပ်တရားဆိုတာ ဖောက်ပြန်တတ်လို့ ရုံပ်ခေါ်တယ်။ မြတ်စွာဘုရား မိန့်ကြားချက် သံယုတ်ပါဠိတော်မှာရှိတော့ လယ်ကိုဆရာတော်ဘုရားကြီးက အဲဒီပါဠိတော်ကိုမှီပြီး ဒေးလိုက်တာ။

ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြားရှိ၊ စကားပုံဿ၊ ရုပ်ခေါ်ပေ၏။

ဖောက်ပြန်တတ်တဲ့ သဘောရှိတာဟာ ရုပ်လို့မှတ်။ ပူတာ အေးတာ၊ တောင့်တင်းတာ၊ တုန်းကန်တာတွေ အကုန်လုံး သိမ်းကျုံးပြီးတော့ ရုပ်အနေနဲ့ တလုံးတည်းမှတ်ရင် ဖောက်ပြန်တတ်လို့ ရုပ်ခေါ်တယ်ဆိုတာက အကုန်လုံး ငုံမိသွားတယ်။ နောက်တခါ ဝေဒနာကျတော့—

ခံစား စံစား၊ စကားနှစ်ထွေ၊ တရားနေမှာ၊ ဝေဒနာဓာတ်၊ ခန္ဓာမှတ်လော့။

ခန္ဓာ အာယတန ဓာတ် သစ္စာလက်ဝဲကျမ်းမှာ လယ်တီဆရာတော်ကြီး ရေးခဲ့တယ်။ ခံစား၊ စံစားဆိုတဲ့ စကားနှစ်မျိုးမှာ တရားကိုယ်ကောက်လိုက်တော့ ဝေဒနာ ခံစားတယ်ဆိုတာရယ်၊ စံစားတယ်ဆိုတာရယ်၊ စကားကတော့ နှစ်မျိုးပဲ။ တရားကိုယ်ကတော့ ဝေဒနာ တလုံးတည်းပါ။

ခံစားတယ်ဆိုရင် ဒုက္ခဝေဒနာ၊
စံစားတယ်ဆိုရင် သုခဝေဒနာ။

ဒီလို ခွဲဝေလိုတဲ့ ရည်ရွယ်ချက်။ ဆရာတော်ကြီးမှာ အာဘောဂရှိတယ်။ ဒါကြောင့် အဲဒီလက်ဝဲလေးနှစ်ပိုဒ်ကို ဘုန်းကြီးတို့ယောဂီများ နှုတ်ထဲရအောင် ယူ။ သညာ၊ သင်္ခါရ၊ ဝိညာဉ် နောက်မှဆက်ပေးမယ်။ ဆိုလိုက်ကြရအောင်—

ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြားရှိ၊ စကားပုံဿ၊ ရုပ်ခေါ်ပေ၏။

ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြားရှိ၊ စကားပုံဿ၊ ရုပ်ခေါ်ပေ၏။[၃]

ခံဝၢးစံစၢး၊ စကၢးနှစ်ထွ၊ တၢးခုံမှၢ၊ ဝံဒနၢဓၢတ်၊ ခန္ဓာမှတ်လော့။

ခံစၢးစံစၢး၊ စကၢးနှစ်ထွ၊ တရၢးနေမှၢ၊ ဝေဒနၢဓၢတ်၊ ခန္ဓာမှတ်လော့။

ခံစၢးရယ်၊ စံစၢးရယ် စကၢးနှစ်မျိုး ကဲ့တယ်။ ဒုက္ခနဲ့ သုခကို ခွဲပြီးတော့ ဆရာတော်ကြီးက မှတ်စေချင်လို့ ခံလိုက်ရတယ်။ ဒါက ဒုက္ခပိုင်းကို အာမျၢးဆုံး ပြောတယ်။ ယခု ဘုန်းကြီးပြောနေကာက---

ပိတိနဲ့ သုခ

ပီတိပဋိသံဝေဒီ။
သုခပဋိသံဝေဒီ။

ပိတိသုခတို့မှာ ဒီပုဂ္ဂိုလ်ဟာ ငြိမ်ပြီးတော့နေတဲ့ဥစ္စာဟာ-

"ခံနေရတာလား၊ စံနေရတာလားဆိုရင်"
"စံနေရတာပါဘုရား"

နတ်စည်းစိမ် စံနေရသလို စံနေတာ။ ဆိတ်ငြိမ်တဲ့ဘောလေး ဘောင်းလေး ချဉ်းကပ်ပြီးတော့ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ပိတိသုခချမ်း ဝင်ရောက်လာပြီဆိုရင် နတ်စည်းစိမ် မြိန်မြိန်ကြီး ခံစား နရသလို သိပ်ပြီးတော့ ချမ်းသာတယ်လို့ ပါဠိတော်က ပြတယ်။

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

ယတော ယတော- ယေန ယေန ကာရဏေန၊ အကြောင်းအကြောင်းသို့သော အခြင်းအရာအားဖြင့်။ ခန္ဓာနံ၊ ခန္ဓာတို့ရဲ့။ ဥဒယဗ္ဗယံ၊ ဖြစ်ပျက်ခြင်းပျက်နဲ့ နှိုင်စက်နေတဲ့ သဘောတွေကို။ သမ္မသတိ၊ သုံးသပ်၍နေ၏။

ဒီခန္ဓာတို့ရဲ့ ဖြစ်ပျက်ဖြစ်ပျက်နဲ့ နှိပ်စက်နေတဲ့သဘောတွေကို သုံးသပ်နေတဲ့ ပုဂ္ဂိုလ်ဟာ-

လဘတိ ပိတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

အမတံ၊ အမတဓာတ် အသင်္ခတ နိဗ္ဗာန်ပရမတ်ကို။ ဝိဇာနတံ၊ သိမြင်ကြကုန်သော ပုဂ္ဂိုလ်တို့၏။ပိတိပါမောဇ္ဇံ၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းဆိုတာ မျိုးကို။ လဘတိ၊ ကောင်းစွာမသွေ ရရှိလေတော့၏။

ရှင်နာမ်နှစ်ပါးရဲ့ ဖြစ်ပျက်ကို စနစ်တကျ ရှုနေတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန် မြင်သိပြီးသ ား အရဟန္တ- ရဟန္တာပုဂ္ဂိုလ်ကြီးများရတဲ့ ပီတိပါမောဇ္ဇမျိုးကို ရနိုင်တယ်။ ဒီပါဠိတော်နှင်ပိုဒ်ဟာ ဘုန်းကြီးတို့ ယောဂီများ ရှုကွက်ထဲ ပီတိပါမောဇ္ဇကို ညွှန်းကြားတဲ့ ပါဠိတော်များ ဖြစ်ပါတယ်။

ရှင်နာမ်ခန္ဓာတို့ကို မနှန်းကန်ကာန် စနစ်ဟာကျ ရှုမှတ်ယင်းနဲ့ နိဝရဏာဘရားဆိုးငါးမျိုး ဖယ်သွားပြီ ဆိုပုံရှိရင် မိုးကြီး သည်းထန်စွာ ရွာချလိုက်လို့ အပူတွေငြိမ်းပြီးတော့ ပတ်ကြား အက် တွေ စေ့သွားတဲ့ ရေကန်ကြီးလို အကြားဓတ္ထု စေ့ပြီးတော့ အေးလာတယ်။

နိဝရဏ ငြိုးလို့အေးတဲ့ အအေးဓာတ်ကို ပဿဒ္ဓိ။ စိတ်ထဲမှာလဲ ငြိမ်းချမ်းတယ်။ စေတသိက်တွေလဲ အကုန်ငြိမ်းတယ်၊ စိတ်စေဘသိက်တွေငြိမ်းရင် စိတ်စေဘသိ က်တို့ရဲ့ မှီရာရုပ်ကြီးကလဲပဲ ငြိမ်းပြီးတော့ ပေါ့လာတယ်။ အဲဒီအချိန်မှာ လဘတိ ပိတိ ပါမောဇ္ဇံ၊ ပိတိပါမောဇ္ဇကို ရလာတယ်။ ဘယ်လောက်ရလာသလဲ။ အမာနုသိရတိ နတ်စည်းစိမ်တမျှ ရတယ်။

အဲဒီအချိန်မှာ စံစားဆိုတဲ့ သုခဝေဒနာ။

“ဘာပါလိမ့်”

“စံစားတဲ့ သုခဝေဒနာပါဘုရား”

ဒုက္ခဝေဒနာက လွှဲမြောက်ပြီး ယခု သုခဝေဒနာ ရောက်ပြီမဟုတ်လား။ ပိတိပါမောဇ္ဇနဲ့ တွဲနေတဲ့ အဲဒီသုခဝေဒနာဟာ စိတ်နဲ့ အတွဲလိုက် ဖြစ်တယ်။

စိတ္တသင်္ခါရ အမည်ရတဲ့တရား

သညာစ ဝေဒနာစ စေတသိကာစ တေ မမ္မာ စိတ္တာဿိတာ ဓမ္မာ၊ တသ္မာ သညာစ ဝေဒနာ စ စိတ္တသင်္ခါရောတိ။

မဇ္ဈိမနိကာယ်· မူလပဏ္ဏာသပါဠိ- စူဠဝေဒလ္လသုတ်- ၃၇၆။

စူဠဝေဒလ္လသုတ်က –

ငတော ဓမ္မာ၊ အဲဒီ သညာ ဝေဒနာဆိုတဲ့ တရားတို့သည်။ စေတသိကာ၊ စိတ်၌ မှီ၍ ဖြစ်ကြလေကုန်၏။ စိတ္တပဋိဗဒ္ဓါ၊ စိတ်နှင့် စပ်၍ နေကြလေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ စိတ္တသံ၊ ရော၊ စိတ္တသံ၊ ရဟူ၍။ ဝုစ္စ ကံ၊ ဆိုအပ်ပေ၏။

မှတ်တယ်ဆိုတဲ့သညာကွန်ရဲ့၊ ခံစားတယ်ဆိုတဲ့ဝေဒနာကွန် စိတ်နဲ့၊ ဘစပ်တဲ့ ဖြစ်သွားတယ်။ စိတ်နဲ့ တစပ်တဲ့ ဖြစ်လာလို့ သူ့ကို စိတ္တသံ၊ ရတရာလို့လဲပဲ ဘုရားဟောတယ်။ စိတ်နဲ့ တစပ်တည်းဖြစ်တဲ့ သညာနဲ့ ဝေဒနာတာ စိတ္တသံ၊ လို့ အမည်နှစ်မျိုးရတယ်။ စိတ္တသံ၊ လို့ အမည်ရတဲ့ ဒီဟရားကိုသိနှစ်လုံးကို ခန္ဓာပဲလို့ဆိုတော့ သညာကွန်ရဲ့ ဝေဒနာကွန်ရယ်ဟာ စိတ်နဲ့ အတူလိုက် သွားကြောင်း မှတ်သားရမယ်။ စိတ်နဲ့ အတူလိုက် သွားကြောင်း မှတ်သားပြီးတော့ထား။

ဒီတော့ ဘုန်းကြီးတို့ ယောဂီများ ဟာ ချမ်းသာလှချည်ရဲ့။နတ်စည်းစိမ်ဘမျှ အေးချမ်းလှချည်ရဲ့။ ကောင်းလှချည် ဆိုတဲ့ ပီတိပဿဒ္ဓိ-ကြောင့် ရလာတဲ့သုခရဲ့ အရသာလေးဟာ ဘာနဲ့တွဲနေတုံးဆိုရင် စိတ်နဲ့တွဲနေတယ်။ သိတယ်ဆိုတဲ့စိတ် ကလေးနဲ့ ခံစားတယ်ဆိုတဲ့ ဒီသဘောလေးဟာ အတူလိုက်သွားတယ်။ စိတ္တသံ၊ ရစိတ်နဲ့ အတူလိုက်သွားတယ်။

နှာခေါင်းထဲက ထွက်လေ ဝင်လေကလဲ သူ့ဟာနဲ့သူ သွားနေတာပဲ။ နှာခေါင်းထဲက ထွက်လေဝင်လေရှိတယ်။ ချမ်းသာတယ်ဆိုတဲ့ သဘောလေကို သိနေတယ်ဆိုတာလေးလဲရှိတယ်။ချမ်းသာတယ်ဆိုတဲ့ သဘောလေးကို ခံစားနေတယ်ဆိုတာလဲ ရှိတယ်။ ဒီတော့ ဒီနေရာမှာ ဘုန်းကြီးတို့ ယောဂီများ သုံးလုံးရင်ဆိုင်–

ချမ်းသာတယ်ဆိုတာကို သိတာရယ်။
ချမ်းသာမှုကို ခံစားနေတာရယ်။
နှာခေါင်းထဲက ထွက်လေ ဝင်လေရယ်။
“ဘယ်နှစ်ခု ရင်ဆိုင်နေသလဲ”
“သုံးခုရင်ဆိုင်နေပါတယ်ဘုရား”

အဲဒီလိုသုံးခုဆိုင်လာတဲ့အချိန်မှာ ဘယ်သူလှမ်းခြုံနေသလဲဆိုတာကြည့်လိုက်၊ ရေကန်ကြီးတခုလုံး မိုးဟာ နဲနဲချင်း နဲနဲချင်း ရွာခါစတော့ ကန်နှုတ်ခမ်းကနေ

ရေမလျှံသေးဘူးနော်။ မိုးတွေ့ သည်းထန်စွာရွာ။တရေဟာရွာချလိုက်ပြီဆိုတော့ ကန်နှုတ်ခမ်းကနေ ရေတွေဟာ လျှံသွားတာပဲ မဟုတ်လား။ ကန်ကြီးတခုလုံး ရေးတွေ့လှမ်းသွားတယ်။

ပိတိပဿဒ္ဓိတွေ့ သိပ်အားကောင်းလာရင် ကန်နှုတ်ခမ်းကရေတွေ့ လျှံကျလာသလို ဘုန်းကြီးတို့ ယောဂီများရဲ့ ဒန္ဓာဝင်းပါးတခုလုံးမှာလဲပဲ ပိတိသုခရဲ့ အရသာတွေဟာ အကုန်လုံး လျှံပြီးတော့ လွှမ်းလာတယ်။ဒါဖြင့် ဘာကလွှန်ကဲနေတာလဲဆိုတာ သိလောက်ပြီ။ သုခဝေဒနာ လွန်ကဲတယ်။ အဲဒီအချိန် ဒီယောဂီ မျှောတတ်တယ်။

"ဘုန်းကြီးတို့ ယောဂီများ ဘာနဲ့မျှောတုံး"
"သုခဝေဒနာနဲ့ မျှောပါဟယ်ဘုရား"
"သုခဝေဒနာမှာ ရာဂနဲ့ မျှောနေရင် တရားတက်ပါအုံးမလား"
"မတက်တော့ပါဘုရား"

အေး-အဲဒါဟာ လမ်းခွတ်လတ်ဘူတာမှာ ဆင်းတာ၊ ဟုတ်လား။ မျှောပြီ။ အဲဒီလို အခြေအနေမျိုးမှာ ရှေ့မတက်နိုင်ဘူး။ ဒီတော့ ဒီအခြေအနေမျိုးမှာ အခုပါဠိတော်က -

သုခပဋိသံဝေဒီ အဿသိဿာမိတိ ဘိက္ခတိ။

သုခပဋိသံဝေဒီ၊ အဲဒီသုခဝေဒနာကို ကောင်းစွာ ထင်ရှားစေလျက်။ အဿသိဿာမိ ပဿသိဿာမိ၊ ထွက်လေ ဝင်လေကို ဖြစ်စေ၏။ကုတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်ရမယ်။

ထွက်လေ ဝင်လေလဲ သူ့ဟာသူ ရှုမြဲရှုနေ။ အားရုံကတော့ သုခဝေဒနာပေါ်မှာ ရောက်နေတယ်။ ထွက်လေ ဝင်လေတော့ သူ့သဘောအတိုင်း သူ့ဟာသူ ရှုနေ။ ယောဂီရဲ့စိတ်က ဘယ်ရောက်နေတုံးဆိုရင် ချမ်းသာလှချည်ရဲ့ဆိုတဲ့ သုခဝေဒနာပေါ် ရောက်သွားတယ်။ ဘာကြောင့်လဲဆိုတော့ သူက ရေကန်ကြီးတဥုံး ရေလွှမ်းသလို လွှမ်းနေတာ။ ဒီအပေါ် ရောက်သွားတဲ့ ဘုန်းကြီးတို့ ယောဂီများဟာ ရှုကွက်မလွှတ်ဖို့ အရေးကြီးတယ်။ မူလကမ္မဋ္ဌာန်းပေါ်ကနေ သုခဝေဒနာကို ဝင်ရှုလာတယ်။

"အဲဒီသုခဝေဒနာနဲ့ ပိတိကို ကွာအောင် ရှုဖို့မလိုဘူးလား"
"လိုပါဟယ်ဘုရား"

ပိတိနဲ့သုခမက္ခာရင် ရာဂကပ်တတ်တယ်

ဒီပိတိနဲ့ သုခမက္ခာရင်။ မက္ခာရင်ဆိုဟာက ရာဂနဲ့ကပ်နေတာကို ပြောတာ။ ပိတိနဲ့ သုခ မခွာနိုင်ဘူးဆိုကာ ရာဂနဲ့ကပ်နေတာ။ ရာဂနဲ့ မကပ်ပဲနဲ့ ရာဂကင်းကွာထွက်သွားရလေအောင်၊ တနည်း–ရာဂဆိုတဲ့ အညစ်အကြေး ကွာသွားရလေအောင် သုခဝေဒနာဆိုတဲ့ ဇရပူဖောင်းလေးရဲ့ ပေါက်ကွဲဘတ်တဲ့ သဘောလေးတွေကို ကြည့်ရမယ်။

"ဟုတ်ပြီနော်"

"မှန်ပါဘုရား"

ဒါဖြင့်ရင် ဘုန်းကြီးတို့ ယောဂီများ ရှက်နားလည်သွားပြီ။ သုခဝေဒနာဟာ ဝိပရိဏာမဒုက္ခ–

"ဘာဒုက္ခလဲ"

"ဝိပရိဏာမ ဒုက္ခပါဘုရား"

သုခဝေဒနာ ဒုက္ခတော် ဒင်္ဂမ်ဗာ။

ရှက်ဖွယ် ပြုံလာတယ်နော်။ ချမ်းသာ လှချည်ရဲ့ဆိုတဲ့ နက်စည်းစိမ် တမျှကောင်းလှချည်ရဲ့ဆိုတဲ့ ဟောဒီ သုခဝေဒနာကို ဝိပရိဏာမ ဒုက္ခကြီးပါပဲလို့ ရှုပါလေ။

"သုခဝေဒနာရဲ့ ရှက်ဖွယ်ကို ရပြီမဟုတ်လား"

"ရပါပြီဘုရား"

ဝိပရိဏာမဒုက္ခ ဟောဒီချမ်းသာဟာ ဖောက်ပြန်ပျက်စီးတာပဲ။ ဒီချမ်းသာမှဟာ ဖောက်ပြန်ပျက်စီးတယ်။ ဝိပရိဏာမ ဒုက္ခအနေနဲ့ တရစပ်ရှုပြီးတော့ သွားမယ်ဆိုရင် နတ်စည်းစိမ်လောက်ပဲ ကောင်းကောင်း၊ ပြဟ္မာစည်းစိမ်လောက်ပဲ ကောင်းကောင်း ခွာနိုင်တယ်။ အဲဒီအချိန် သုခဝေဒနာနဲ့ ရာဂ ကွာသွားလို့ ဝိရာဂဆိုတာ သိလာမယ်။

"အဲဒီလိုမဟုတ်လား"

"မှန်ပါဘုရား"

အေး-အဲဒီလိုတက်သွားမှ ဝိရာဂဆိုတာကို တက်မှ–

"ဝိမုတ္တိကို ရမယ်မဟုတ်လား"

"မှန်ပါဘုရား"

ဘုန်းကြီးတို့ယောဂီများ တက်စဉ်ဟာ ဒီအတိုင်း တက်သွား၊ ဟုတ်လား။ ဒုက္ခဝေဒနာတုံးကတော့ မြားစူးတဲ့ သဘောအနေနဲ့ ဒုက္ခ။ ဒုက္ခလို့ရှုရမယ်၊ ဒီလိုပြောခဲ့တယ်နော်။ နိဗ္ဗာန်ကိုလို့ သုခဝေဒနာဝင်ရင် ယခုပြောခဲ့တဲ့ နည်းနဲ့ ဝိပဿနာမ ဒုက္ခအနေနဲ့ရှု။

အာနာပါန သတိဟာ ဘယ်လောက် အဖိုးတန်သလဲဆိုရင် သတိပဋ္ဌာန် လေးပါးလုံး လှည့်ပြီးတော့ အကုန်ဝင်လာတယ်နော်။ အဲဒါကို ဘုန်းကြီးတို့ ပါဠိတော်ကြီးက—

အာနာပါနဿတိ ဘိက္ခဝေ ကာယိကာ ဇဟုလိကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ အာနာပါနဿတိ၊ အာနာပါနဆိုတဲ့ သတိပဋ္ဌာန် ဘာဝနာကို။ ဘာဝိတာ၊ပွားများကြမယ်ဆိုရင်။ ဇဟုလိကတာ၊ ကြိမ်ဖန်များစွာ လေ့လာကြမယ်ဆိုရင်။

ဇဟုလီကတာတဲ့။ အကြိမ်များစွာ လေ့လာမှု။ တကြိမ် နှစ်ကြိမ်တည်းနဲ့ မရဘူး။

ဇဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာကြမယ်ဆိုရင်။ မဟပ္ဖလာ၊ ကြီးကျယ်သော အာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်၏။ စတ္တာရော သတိပဋ္ဌာနေ၊ သတိပဋ္ဌာန်တရား လေးပါးစလုံးတို့ကို။ ပရိပူရေန္တိ၊ ပြည့်စုံစေကြလေကုန်၏။

အာနာပါနသတိ သမာဓိ အခြေခံ ကာယာနုပဿနာရခဲ့ပြီ။ ဓာတုမနသိကာရ ရခဲ့ပြီ။ ဒုက္ခဝေဒနာ ရှုကွက်ရခဲ့ပြီ။ ယခု မိဘိနဲ့သုခယှဉ် သုခဝေဒနာရဲ့ ရှုကွက်ကိုပါ ရခဲ့ပြီ၊ စိတ္တာနုပဿနာ ကျန်ဘော့တာ။

"မဟုတ်ဘူးလား"

"မှန်ပါဘုရား"

အဲဒီတော့ ကာယ၊ ဝေဒနာ၊ စိတ္တ တို့ကို ပေါင်းလိုက်ရင် ဓမ္မာနုပဿနာထဲ အကုန်ဝင်သွားတယ်၊ သတိပဋ္ဌာန်လေးပါး အကုန်ရတယ်။ဒီတော့ ပိတိကိုခွာ၊ သုခကိုခွာ၊ ပိတိသုခကိုခွာ။ ဘုန်းကြီးတို့ ပြောပါတယ်၊ ဝေဒနာကိုခွာ။ ဒုက္ခဝေဒနာကိုလဲပဲ ခွာတာပဲ။

"ဟောဒီ သုခဝေဒနာကိုကော မခွာရဘူးလား"

"ခွာရမှာပါဘုရား"

သုခဝေဒနာကြီးကို ဝိပရိဏာမ ဒုက္ခအနေနဲ့ စိုက်ရှုလိုက်ရင် သုခဝေဒနာနဲ့ ရာဂဟာ တဖြေးဖြေး-တဖြေးဖြေးနဲ့ ကွာသွားတယ်။ ဒုက္ခဝေဒနာကို ခွဲရင်လဲပဲ ခွဲတဲ့နည်းတွေ ရှိတယ်နော်။ ဘုန်းကြီး ပြောပုဂပါ။ ဒီတော့ ဒုက္ခဝေဒနာ သုခဝေဒနာတွေကို ခွဲဆိုတဲ့ ဝေဒနာဝိကွမ္ဘန သုခဝေဒနာ ခွဲတဲ့နည်းကတော့ ဝိပရိဏာမရှုပြီး ခွဲတယ်လို့မှတ်သားကားလိုက်။ဝိပရိဏာမ ဒုက္ခရှုပြီးတော့ခွဲ။

မူလကမ္မဋ္ဌာန်း ပြန်ထိုင်ဖို့မမေ့နဲ့

ဒီ-ခုတိယောစတုက္ကရဲ့ စတုတ္ထအပိုဒ်မှာ -

ပဿမ္ဘယံ စိတ္တသင်္ခါရံ။

ဒီလိုလာတယ်။

စိတ္တသင်္ခါရံ၊ သညာဝေဒနာ ခေါ်ဆိုရတဲ့ စိတ္တသင်္ခါရကို။ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။

ဒီပါဠိတော် အပိုဒ်ဟာ စိတ္တသင်္ခါရလို့ ခေါ်ရတဲ့ သညာဝေဒနာကို ငြိမ်းစေလျက် ရှောဆက်ပြီးတော့ တက်သွားတယ်။ ဘုန်းကြီးတို့ ယောဂီများ ခုနကပြောခဲ့တဲ့အတိုင်း ရောဂန်ကြီးတခုထဲမှာ ရေတွေ ပြည့်လျှံလာသလို ပြည့်လျှံလာတဲ့ ပီတိသုခတွေဟာ တကိုယ်လုံး လွှမ်းခြုံနေတဲ့အချိန် သုခဝေဒနာကို ဝိပရိဏာမလို့ စိုက်ပြီးတော့ ရှုယင်း ရှုယင်းနဲ့ သုခဝေဒနာအငံပေါ်မှာ ကျေနပ်တဲ့ တဏှာလောဘဟာ ဖြေးဖြေးချင်း ကွာသွားရော။

"ဒီလိုမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

အဲဒီလို ကွာသွားတဲ့အချိန် ထွက်လေဝင်လေကလဲ အလွန်ကို ပါးနေလို့ ရှာမတွေ့လောက်အောင် ဖြစ်သွားတယ်၊ စိတ်တွေက သိပ်ငြိမ်းချမ်းတော့ ထွက်လေဝင်လေကလဲ ပါးသွားတယ်။ သုခဝေဒနာဖြစ်လာပြန်တော့ မလွတ်တမ်းလုပ်နေတဲ့ ယောဂီများ ဒီသုခဝေဒနာကို ရှုပစ်လိုက်ပြန်တော့ သုခဝေဒနာကလဲ ငြိမ်ငြိမ်ပြီးတော့ ပါးသွားတယ်။

ဖြေးဖြေး-ဖြေးနဲ့ ရှုကွက်ထဲမှာ သုခဝေဒနာကလဲ ကျသွားတယ်။ ရှုယင်းယင်းနဲ့ရှာမရဘူး။ အာနာပါနလို့ခေါ်ဝေါ်တဲ့ ထွက်လေဝင်လေကလဲပဲ ပါးပြီးတော့ ရှာမရလောက်အောင် ဖြစ်နေတယ်။ ကဲ-အဲဒီအချိန်ကျ ဘာလုပ်မလဲ။

သုခဝေဒနာကိုလဲ ဝိပရိဏာမ ရှုပစ်လိုက်သို့ သုခဝေဒနာကလဲ ဖြေးဖြေး ဖြေးဖြေးနဲ့ ပျောက်ကွယ်သွားတယ်။ ထုတ်လေဝင်လေကလဲ သိမ်မွေ့လွန်းလို့ ရှာတောင်မတွေ့ဘူး။ နောက်ကြောင်းပြန်ရှာဖို့တောင် မေ့နေတယ်။ အဲဒီအခါမှာ မူလကမ္မဋ္ဌာန်း ပြန်ထိုင်ဖို့တောင် မေ့သွားပြီ။

သုခဝေဒနာ တယ်ကောင်းတာကိုဗျ။ မူလကမ္မဋ္ဌာန်း ပြန်ထိုင်ဖို့ မေ့သွားတယ်။ ဒုက္ခဝေဒနာဆိုတာ မမျှော်နဲ့။ အဲဒီအခါမှာ ရှိကို့ မရှိဘူး။ အဲဒီ ခဏမှာ ဘာရှုရမလဲဆိုတော့ တတ်ယ စတုက္က ဘုန်းကြီးတို့ပါဠိတော်က ကက်လာတယ်။

အာနေဝပါနသတိသုတ္တန်လာ တတိယစတုက္က လေးချက်

(၁) စိဇ္ဆာပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
(၂) အဘိပမောဒယံ စိတ္တံ အဿသိဿာမီဟံ သိက္ခတိ။
(၃) သမ္မောဒဟံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ။
(၄) ဝိမောစယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ။

ပါဠိတော် လေးပိုဒ်ထုတ်လာတယ်။

စိဇ္ဆာပဋိသံဝေဒီ၊ တို့ယောဂီများရဲ့စိတ်ကို ကောင်းကောင်းကြီး ထင်ရှားစေလျက်။

ထင်ရှားနေကာ စိတ်—

"ဘာထင်ရှားနေသလဲ"

"စိတ်က ထင်ရှားနေပါဘယ်ဘုရား"

ဒုက္ခဝေနာကလဲမဂို၊ တကိုယ်လုံးအေးလို့။ သုခဝေဒနာ သုခဝေဒနာကိုလဲပဲ ဝိပရိဏာမဒုက္ခ ရှုချလိုက်တော့ သုခဝေဒနာနဲ့ ရာဂ ကွာထွက်သွားပြီးတော့ သုခဝေဒနာကလဲ ဖြေးဖြေး ဖြေးဖြေးနဲ့ ပါးပြီးတော့ ကျလာတယ်။ ထုတ်လေဝင်လေကလဲ သိမ်မွေ့လာတယ်။ ကာယာနုပဿနာအနေနဲ့ တုတ်လေ ဝင်လေလဲ ရှာမတွေ့။ ဝေဒနာနုပဿနာအနေနဲ့ ဒုက္ခဝေဒနာကလဲ လုံးဝမရှိ။ သုခဝေဒနာကိုလဲ ရှုပစ်လိုက်တဲ့ အတွက်ကြောင့် တဖြေး တဖြေးနဲ့ သူကလဲ ကျလာတယ်။ အဲဒီအခါမှာ ဘာကျန်သလဲပို့ဆိုရင် သင်္ခါရဓမ္မတွေဟာ အကုန်မချုပ်ဘူး။ တခုပြီးတခု တခုပြီးကခု လှည့်လာတယ်။

စိတ္တပဋိသံဝေဒီ၊ တို့ယောဂီများမှာ သိဆိုတာလေးတခုတော့ ကျန်ရမှာပေါ့။ သိဆိုတာလေးတခုတော့ ကျန်တယ်။ ဘာကိုသိသလဲ။ အာရမ္မဏိကစိတ်ဟာ အာရုံမရှိပဲနဲ့ မဖြစ်ဘူး။ ဒီသိမှုဆိုဘဲ့စိတ်ဟာ သိစရာအာရုံနဲ့ သဘောနဲ့ဟာ အတဲ့လိုက် နေစမြဲ။ ဒီတော့ ပါဠိတော်လေးပိုဒ်ကို ကြည့်ရအောင်–

စိတ္တပဋိသံဝေဒီ၊ အဲဒီစိတ်ကို ကောင်းကောင်းကြီး ထင်ရှားစေလျက်။
အဿသိဿာမိ ပဿသိဿာမိ၊ ထွက်လေဝင်လေကို ဖြစ်စေအံ့။

ထွက်လေ ဝင်လေကတော့ သွားနေတာပဲ။ ဒါပေမယ့် သူ့သန္တာန်မှာ စိတ္တပဋိသံဝေဒီတဲ့။ စိတ်ကထင်ရှားလာတယ်၊ စိတ်ထင်ရှားလာဘဲကို သိမှုနှင့်။

စိတ္တပဋိသံဝေဒီ၊ စိတ်ကို ကောင်းစွာထင်ရှားစေလျက်။
အဲဒီစိတ် ဘယ့်နှယ်စိတ်တုံးဆိုတော့ နောက်သုံးပိုဒ်က ပြောတယ်။

အဘိပမောဒယံ စိတ္တံ၊ အလွန်ရွင်လန်းနေတဲ့ စိတ်။
စိတ်ရွင်နေတယ်။ အဲဒီအချိန်မှာ တက်တက်ကြွကြွနဲ့ ရွင်ရွင်ပျပျ ဖြစ်နေတဲ့စိတ်။

သမ္မာဒဟံ စိတ္တံ၊ ကောင်းကောင်းကြီး လိုတဲ့နေရာမှာ ထားနိုင်တဲ့စိတ်။

သိပ်ဟန်ကျတယ်နော်။ ရွင်နေတယ်၊ တက်ကြွနေတယ်။ ကိုယ်လိုတဲ့နေရာမှာ ထားရင် ထားသလို ရပြီဆိုတဲ့စိတ် ဖြစ်သွားတယ်။
ဝိမောစယံ စိတ္တံ၊ လွတ်မြောက်နေတဲ့ စိတ်။

“ဘာစိတ်တဲ့”
“လွတ်မြောက်နေတဲ့ စိတ်ပါဘုရား”

နီဝရဏနဲ့ ကိလေသာတရားတို့မှ လွတ်ငြမြောက်နေတဲ့စိတ်

ဟန်ကျလိုက်ပုံနော်။လွတ်မြောက်နေတဲ့စိတ်၊ဘယ်က လွတ်မြောက်နေတာဝဲ့လဲဆိုရင် နီဝရဏငါးပါးမှ လွတ်မြောက်နေတာ။

“ဘယ်က လွတ်မြောက်လာတာ”
နီဝရဏငါးပါးက လွတ်မြောက်လာပါဘုရား”

အဲဒါ ဝိနေယစိတ်၊ နိဝရဏငါးပါးမှ လွတ်ရင် ဒီစိတ်ကို ဘယ်မှာစိုက်လိုက်၊ စိုက်လိုက် ရပြီ။ သမ္မာဒဟစိတ်၊ သမာဟိတစိတ်၊ အဲဒီအချိန် စိတ်ထဲမှာ ဥပက္ကိလေသတွေ ရှင်းပြီးတော့ နေတဲ့အတွက်ကြောင့် အဘိပမောဒယ အလွန်ကက်ကြွပြီ တော့ ရှင်လန်းနေတဲ့စိတ်—

"ဒီလိုမဟုတ်လား"
"မှန်ပါတယ်ဘုရား"
"ဒုဂ္ဂဖြင့်ရင် ဒီစိတ်က ပူလောင်တဲ့စိတ်လား၊ ငြိမ်းချမ်းတဲ့စိတ်လား"
"ငြိမ်းချမ်းတဲ့ စိတ်ပါဘုရား"

ပဲ့သဒ္ဓိနဲ့ တွဲပြီးတော့နေတယ်။ စိတ္တပဿဒ္ဓိ—

"ဘာတဲ့တုံး"
"စိတ္တပဿဒ္ဓိပါဘုရား"

ငြိမ်းနေတယ်ဆိုတဲ့ စိတ်ကလေးတခု၊ နိဝရဏတွေကင်းရှင်းလို့ ငြိမ်နေတဲ့စိတ်။ ဒုဂ္ဂဖြင့်ရင် ဒီစိတ်ရဲ့ အာရုံဟာ ဘာလဲဆိုရင် ငြိမ်းအေးတယ်ဆိုတဲ့ သဘောလေး ပေါ်မှာ သူကျရောက်နေတယ်။ ငြိမ်းအေးလုံခြုံရဲ့ဆိုတဲ့ သဘောလေးအပေါ်မှာ ကျရောက်နေတယ်။ခန္ဓာကလဲ လွတ်နေပြီ။ ကိလေသာ အညစ်အကြေးကလဲ လွတ်နေပြီ။ ငြိမ်းအေးတယ်ဆိုတာလေး တခုတည်းကို သိဆိုတာလေးနဲ့ ငြိမ်းတာလေးနဲ့ လုပ်နေတယ်။

"ဒီလိုမဟုတ်လား"
"မှန်ပါတယ်ဘုရား"

ဒါကြောင့် ဘုန်းကြီးတို့ အဋ္ဌကထာကြီးက ဘာပြောတုံးဆိုရင်—

သော တဒင်္ဂသေန ကလေသေ စ ခန္ဓေ စ ပဇဟတိ။

တဒင်္ဂသေနဆိုတာ မမေ့နဲ့။

သော်၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တဒင်္ဂသေန၊ အခိုက်အတန့်၏ အစွမ်းအားဖြင့်။ ကိလေသေ၊ ကိလေသာတို့ကိုလည်းကောင်း။ ခန္ဓေစ၊ ခန္ဓာတို့ကိုလည်းကောင်း။ ပဇဟတိ၊ ပယ်စွန့်ထားတယ်။

ကိလေသာနဲ့ ခန္ဓာကို အခိုက်အဘန့် စွန့်ထားလို့၊ လွတ်ပြိုးဘော့ ဖေး နေတဲ့ စိတ်ထဲ နိဗ္ဗာန်လို့တော့ မမှတ်လိုက်နဲ့အုံး။ လို့သေးတယ်နော်။ ကိလေသာကို တဒင်္ဂစွန့်ထားတာ။

ပိပဿနာဉာဏ်နဲ့ ကိလေသာကို ပယ်ဆိုတာ တဒင်္ဂပဟာန်။
ဈာန်နဲ့ ကိလေသာကို ပယ်တယ်ဆိုတာ ဝိက္ခမ္ဘနပဟာန်။
မဂ်နဲ့ ကိလေသာကို ပယ်တယ်ဆိုတာ သမုစ္ဆေဒပဟာန်။

တဒင်္ဂအားဖြင့် ကိလေသာကိုရော ခန္ဓာကိုရော သူ့သဘော်ထားလို့ လွှတ်နေတဲ့ စိတ်ဟာ ဖေးပြီ။ ဒီလိုပြောတယ်။

"ရာဂရှိသလား"
"မရှိပါဘုရား"
"ဒေါသရှိသလား"
"မရှိပါဘုရား"
"မောဟရှိသလား"
"မရှိပါဘုရား"

ဒီအချိန် စိတ္တာနုပဿနာ ပါဠိတော်ထဲက အပိုဒ်ကလေးများ ထုတ်ဖို့ ကောင်းပြီ။

ဝိဘရာဂံ ဝါ စိတ္တံ ဝိတရာဂစိတ္တန္တိ ပဇာနာတိ။

ဒါက-မဟာသတိပဋ္ဌာနသုတ္တန်၊ ခုနက ဘုန်းကြီးရွက်ခဲ့တဲ့ လေးပိုဒ်က အာနာပါနသတိသုတ္တန်။

ဝိဘရာဂံ၊ ရာဂမှာ ကင်းချေနေသော။ စိတ္တံ ဝါ၊ စိတ်ကိုလဲ့။ ဝိတရာဂ စိတ္တန္တိ၊ရာဂမှာ ကင်းချေနေတဲ့ စိတ်ပါပဲလို့။ပဇာနာတိ၊ သိအောင်ရှုပါလေ။ ရာဂကင်းနေတဲ့စိတ် ဝိတရာဂစိတ်။

ဝိတဒေါသစိတ္တံ ဝါ ဝိဘဒေါသစိတ္တန္တိ ပဇာနာတိ။

ဝိဘဒေါသံ၊ ဒေါသကင်းချေ နေသော။ စိတ္တံ ဝါ၊ စိတ်ကိုလဲပဲ။ ဝိတဒေါသစိတ္တန္တိ၊ ဒေါသကင်းနေတဲ့ စိတ်ပါပဲလို့။ ပဇာနာတိ၊ သိအောင်ရှုပါလေ။

ဒေါသကင်းနေတဲ့စိတ်၊ စိတဒေါသစိတ်။

"စိတ္တာနုပဿနာထဲ ရောက်သွားပြီမဟုတ်လား"

"ရောက်သွားပါပြီဘုရား"

အဿာသပဿာသကာယကြီးလဲ ရှာမတွေ့တော့ဘူး။ ပုဏ္ဏာတွေ့ အေးတာတွေ့ အကုန်လုံးမရှိတော့ဘူး။ ရှာမတွေ့တော့ဘူး။ ငြိမ်နေပြီနော်။ သုခဒုက္ခဆိုတဲ့ ဝေဒနာကလဲ လွတ်သွားပြီ။ဒီစိတ်ဟာ ကိလေသာကလဲ လွတ်၊ခန္ဓာကလဲ လွတ် ဖြစ်နေတယ်။ဘာလေးတခုကျန်လဲဆိုတော့ ကိလေသာဘွဲ့နဲ့ နီဝရဏာတွေ့ဆဲအတွက်ကြောင့် ငြိမ် အေးတယ်ဆိုဘဲ ပဿဒ္ဓိနဲ့ တွဲနေတာ။ ဒါလေးပဲ ကျန်တယ်။ ဧစာသိက် ၅၂-ပါးတို့ဟုင် ပဿဒ္ဓိဆိုတဲ့ စေတသိက်ကလေးနဲ့ ဒီစိတ်ကဲ့ပြိုးတော့ အေးခနဲတာ ဒါလေး ချန်နေတယ်၊ နှံ့နေတယ်။

ဒါးကြောင့်-သူ့ကို ဝိတရောဂစိတ်၊ မိတဒေါသစိတ်၊ ဝိတမောဟစိတ်၊ ရာဂဒေါသမောဟမှ ကင်းလွတ်နေတဲ့စိတ်လို့ ဘဘောက္ခ။ အပြီးတိုင် ကင်းတာလားလို့ဆိုတော့ မဟုတ်သေးဘူး။ တဒင်္ဂပဲ။ မဂ်ဇောထဲကို တကယ်မဝင်သေးတဲ့ အတွက်ကြောင့် လိုနေသေးတယ်နော်။ ဒါ့ကြောင့် သူ့ကို ဆက်ရှု။ ဒီတော့-ဒါတွေ့ကို ခြုံလိုက်တော့ ဘာရမလဲလို့ဆိုရင်—

ဝိမုတ္တံ ဝါ စိတ္တံ ဝိမုတ္တစိတ္တန္တိ ပဇာနာတိ။

စိတ္တာနုပဿနာတခုလုံးကို ခြုံလိုက်တော့ အဲဒါရတယ်။

ဝိမုတ္တံ၊လွတ်မြောက်၍ နေသော။ စိတ္တံ ဝါ၊ ဟောဒီစိတ်ကလေးကိုလဲပဲ။ ဝိမုတ္တစိတ္တန္တိ၊ လွတ်မြောက်နေတဲ့ စိတ်ကလေးပါပဲလို့။ ပဇာနာတိ၊ ဆက်ပြီးတော့ ရှုပါလေ။

ကိုယ်ကြီးတကိုယ်လုံး ပျောက်သွားပြီဆိုတာ အဲဒီအချိန်ပေါ့။ ဘာကျန်သလဲဆိုးတော့ သိတာနဲ့ အေးတာလေး ကျန်တယ်။ အာရုံအာရမ္မဏိကကပ်နေတယ်။အေးတာလေးက အာရုံ၊ သိတာလေးက စိတ်၊ အဲဒီစိတ်ဟာ ရာဂဒေါသမောဟမှ လွတ်တယ်။ ဒါ့ကြောင့် သူ့ကို ဝိမုတ္တစိတ်။

"ဘာစိတ်တဲ့"

"ဝိမုတ္တစိတ်ပါဘုရား"

ဒီဝိမုတ္တစိတ်ကလေးကို ဆက်ပြီးတော့ ရှုသွားရင် ဘုန်းကြီးတို့ ယောဂီများ၊

“စိတ္တာနုပဿနာထဲ ဝင်မလာဘူးလား”
“ဝင်လာပါဘုရား”

ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ကာယ၊ဝေဒနာ၊ စိတ္တာ၊ တို့ယောဂီများ စုံသွားတယ်နော်။

“အာနာပါန တလုံးတဲ့က သွားတာ မဟုတ်လား”
“မှန်ပါဘုရား”

ဒါ့ကြောင့်-အာနာပါနသတိသုတ္တန်က စတုက္ကလေးချုပ်ပေး ဥမှာ-

စိတ္တာနုပဿနာဝေဒိ-စိတ်ကိုကောင်းကောင်းကြီး ထင်ရှားစေလျက်။တပို့ဒ်။

အဘိပမောဒယစိတ္တံ၊ အလွန်တရာ ရွှင်လန်းနေတဲ့စိတ်ကို ကောင်းကောင်းကြီးသင်ခြားစေလျက်။ တပို့ဒ်။

သမ္မာဒဟံ စိတ္တံ၊ လိုတဲ့နေရာမှာ ထားနိုင်ပြီဆိုတဲ့စိတ် တပို့ဒ်။

ဝိမောစယစိတ္တံ၊ ခန္ဓာနဲ့ ကိလေသာမှ အခိုက်အတန့် လွတ်မြောက်နေကဲ့စိတ် တပို့ဒ်။

“ဒီလိုမဟုတ်လား”
“မှန်ပါဘုရား”

ပထမစိတ်ကို ဒုတိယစိတ်နဲ့လိုက်။ ဒုတိယစိတ်ကို တတိယစိတ်နဲ့လိုက်။ တတိယစိတ်ကို စတုတ္ထစိတ်နဲ့လိုက်။ ဆက်တိုက် ဆက်တိုက် တခါတည်း လိုက်ပြီးတော့သွား။ ဒါလောက်ကြည်လင်ပြီးတော့ တက်ကြွနေတဲ့အချိန်ကျတော့ စိတ်-စိတ်ချင်းလိုက်လို့ရပြီပေါ့။ အခုနေ ထိုင်လိုက်တော့ မရဘူး၊ မလွယ်ဘူးပေါ့နော်။ မရဘူးလို့ဘော့ မပြောရဲပါဘူး။ ဘုန်းကြီးတို့ယောဂီများ ရချင်ရနေအုံးမှာ။ အထင်မသေးပါဘူး ဟုတ်လား။

“ကိုယ်သွားတဲ့အစီအစဉ်လေး မှတ်မိကြပြီနော်”
“မှတ်မိပါတယ်ဘုရား”

သုခဝေဒနာရှုကွက်

အေး-မိတိသုခတွေ့ လွှမ်းလာတဲ့အချိန် ကာယလို့ခေါ်တဲ့ ထွက်လေဝင်လေရယ်၊ နောက်ပြီးတော့ ဘုန်းကြီးတို့ယောဂီများ၏ သန္တာန်မှာ ဆင်းရဲလှချည်ရဲ့ဆိုတဲ့ ဒုက္ခဝေဒနာရယ်၊ချမ်းသာလှချည်ရဲ့ဆိုတဲ့ သုခဝေဒနာရယ်၊ သိနေ

တယ်ဆိုတဲ့ စိတ်ရယ်။ အဲဒါတွေကို ကြည့်လိုက်လို့ရှိရင် ဘယ်သူတွေ လွှမ်းခြုံသွားသလဲဆိုတော့ ရောကန်ကြီး ရေလျှံသလို သုခဝေဒနာတွေက လွှမ်းခြုံလာပြန်တော့ သုခဝေဒနာကိုပဲ ဝေဒနာနုပဿနာတင်ရှု။ ဒါကြောင့်—

သုခံ ဝါ ဝေနံ ဝေဒယမာနော 'သုခံ ဝေဒနံ ဝေဒယာမီ'တိ ပဇာနာတိ။

မူလပဏ္ဏာသပါဠိ-မဟာသတိပဋ္ဌာန်သုတ္တန်-ဝေဒနာနုပဿနာ-၇၅။

မဟာ သတိပဋ္ဌာနသုတ္တန် ပါဠိတော်က သုခဝေဒနာဖြစ်ရင်လဲပဲ အဲဒါကိုရှု။ ဘယ့်နှယ်ရှုရမလဲဆိုတော့ သံယုတ္တနိကာယ်က ဒဋ္ဌပုဗ္ဗသုတ္တန်နဲ့ စပ်ရတယ်။

သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။

သုခဝေဒနာကို ဒုက္ခအနေနဲ့ ရှုပါတဲ့။ ဘာဒုက္ခလဲလို့ ထပ်မေးရင်—

သုခါ ခေါ အာဝုသော ဝိသာခ ဌိတိသုခါ ဝိပရိဏာမဒုက္ခာ။

စူဠဝေဒလ္လ သုတ္တန်က ဒီလိုပြောပြန်တယ်။ အေး-ပါဠိတော်များ အဲဒီလို တခါတည်းစပ်လိုက်တော့ အလွန် အရသာရှိတယ်နော်။ ဘုန်းကြီးတို့ ယောဂီများ သုခဝေဒနာကို ရှုတတ်ကြပါပြီ။

"ဘယ့်နှယ်ရှုမလဲ"
" "
.....
"ဝိပရိဏာမ ဒုက္ခအနေနဲ့ရှု၊ ဟုတ်ပလား"
"မှန်ပါဘုရား"

အဲဒီအချိန် ထုံကျလေဝင်လေကလဲ ပါးသွားလို့ ရှာမတွေ့တော့ဘူး။ သုခဝေဒနာကိုလဲ ရှုယင်းနဲ့ သူကလဲပဲ ကဲ့ပြီးတော့ တဖြေးဖြေး တုံ့သွားပြီ။ ဘာကျန်တုံး။ အေးတယ်ဆိုတဲ့ သဘောလေးနဲ့ သိတယ်ဆိုတဲ့ စိတ်ကလေးပဲ ကျန်တယ်။ အဲဒီအချိန် ရှုစရာမရှိတော့ဘူးလို့မထင်နဲ့။ ဒီစိတ်ကို ဆက်တိုက်ပဲ ရှုသွားရင် ဝိမုတ္တစိတ်၊ ဝိတရာဂစိတ်၊ ဝိဘဒေါသစိတ်၊ ဝိတမောဟစိတ်။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ဒီစိတ်ကို ဆက်တိုက်ရှုသွားရင် အဲဒီအချိန် စိတ္တဇရူပဿနာထဲ ဝင်ပါပြီ။ နောက်နားက ဓမ္မဇရူပဿနာနဲ့ပတ်သက်တဲ့ လေးချက်သော စတုက္က ထည့်ပေးလိုက်လို့ရှိရင် တခါတည်း ကျကျနန လမ်းကြောင်းကို တန်းပြီးတော့ မင်္ဂနားကပ်သွားရော။

"ဒိလိုနော်"

"မှန်ပါဘုရား"

အေး-ဓမ္မဇရူပဿနာ သတိပဋ္ဌာန်နဲ့ ပတ်သက်တဲ့ အချက် လေးချက်ကိုတော့ မနက်ဖန်ကျမှ ပြောမယ်။ ရက်ဝဲခစ့်ရော သကိပဋ္ဌာန် လေးမျိုးစုံရော ပေါ့။

"ဒိလိုမဟုတ်လား"

"မှန်ပါဘုရား"

ကိုင်း-ဒီတော့ ဒီနေရာမှာ ဘာကို ထပ်မံပြီးတော့ ပြောချင်သတုံး ဆိုလို့ရှိရင် ဝေဒနာ ခွဒတယ်ဆိုတဲ့ စကားနဲ့ပတ်သက်လို့ ဘုန်းကြီး ပြောချင်ပါတယ်။ သုခဝေဒနာကွဒအောင် လုပ်ဘာကတော့ ဝိပရိဏာမဒုက္ခ ထပ်ရှု၊ရုပကွဒသွားတယ်။ ဒုက္ခဝေဒနာကျတော့ အဲဒီလို ဒုက္ခဝေဒနာကြီးကိုရှုရင် ကွဒရင်ကွဒ၊မကွဒရင် ဗုန်းကန် လဲမယ်၊ မလဲရင် ဒေါမနဿဖြစ်မယ်။ ရှုနိုင်တဲ့ ပုဂ္ဂိုလ်အနေနဲ့ပေါ့ ဟုတ်တ.ပေါ့။ မရှုနိုင်တဲ့ ပုဂ္ဂိုလ်အနေနဲ့ကျတော့ ဒုက္ခဝေဒနာ ဒေါမနဿဖြစ်။ သတိတွေ့ ဘာတွေ့ မေ့ပြီးတော့ ဗုန်းကန် လဲချင် လဲမယ်။

"ဒီလိုနေမယ် မဟုတ်လား"

"မှန်ပါဘုရား"

သုပ္ပဝါသာဧကာလိယဓိတာမင်းသမီးရဲ့ ဒုက္ခဝေနာခွဒနည်း

အဲဒါမျိုးကျရင် ဒုက္ခဝေဒနာကိုလဲပဲ ခွဒရတယ်ဆိုဦးဗျ အကြောင်းရှိတယ်။ ဒုက္ခဝေဒနာ ခွဒလိုက်တာကျတော့ ဘုန်းကြီးတို့ ဟောထားတဲ့ သုပ္ပဝါသာကောလိယဓိတာ တို့ယောဂီတွေ့ အကုန်လုံး နာဘူးတယ်။ သုပ္ပဝါသာကောလိယဓိတာမင်းသမီး ခုနစ်နှစ်နဲ့ ခုနစ်ရက် ဒုက္ခဝေဒနာ ဖြစ်နေတဲ့အချိန် သားဖွားရာတိုက်ခန်း ပင်ပန်းနေတဲ့အချိန် ဒီမင်းသမီးဟာ သူ့ဒုက္ခဝေဒနာကို ဘယ်နှယ်လုပ် ခွဒသလဲ။

"တို့ယောဂီတော့ နာပြီးကြပြီနော်"
"မှန်ပါဘုရား"

သားဖွားရာတိုက်ခန်းက ပင်ပန်းနေတဲ့အချိန် မိမိရဲ့ ခန္ဓာမှာ ဖြစ်နေတဲ့ ဒုက္ခဝေဒနာကို အာရုံမပြုပဲနဲ့ ဟို-မြို့အပြင်ဘက်မှာရှိတဲ့ ဇရာကျောင်း ဘုရားထံ စိတ်ကို လွှမ်းပို့လိုက်တယ်။

(၁) ဗုဒ္ဓ၏ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် (ဗုဒ္ဓါနုဿတိ)

သမ္မာသမ္ဗုဒ္ဓါဝတ ဿာဘဂဝါယော ဂ္ဂမဿံ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတီ။

သော ဘဂဝါ ဘုန်းတော် ခြောက်ပါးသင် ဘုရားရှင် ကိုယ်တော်မြတ် သည်။ ဝေရူပဿ၊ ဤယခု ငါ့မှာ ခံစားနေရတဲ့ ဒုက္ခဝေဒနာနဲ့ မခြားတမူ အလားတူသော်။ ဂ္ဂမဿ ဒုက္ခဿ၊ ဤဒုက္ခဝေဒနာမျိုးကို။ပဟာနာယ၊ ပယ် ဖျောက်ဖို့ရန် အလို့ငှာ။ငြိမ်းပျောက်ဖို့ရန်အလို့ငှာ။ဓမ္မံ၊ ဒုက္ခငြိမ်းကြောင်းတရား ကောင်းကို။ ဒေသေတိ၊ ဟောတော်မူ၏။

တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထို ဘုန်းတော်ခြောက်ပါးသင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သမ္မာသမ္ဗုဒ္ဓါ ဝတ၊ သမ္မာသမ္ဗုဒ္ဓဆိုတဲ့ ဂုဏ်တော်ကြီးဖြင့် အံ့ ခြီးဂျိမကုန် ဘဝဂ်ဘုံတိုင်အောင် ပျံ့လှိုင်ကျော်စော တော်မူပါပေ၏။

ဘယ်နယ်ဗျာ။ ဒုက္ခဝေဒနာ မျက်နှာလွှဲပြီးတော့—
"စိတ်က ဘယ်ရောယ်သွားသလဲ"
"ဘုရားဆီ ရောက်သွားပါတယ် ဘုရား"

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကြီးဆီကို အာရုံရောက် သွားတယ်။ ဒုက္ခကိုလဲ သိတယ်။ ဒီဒုက္ခတွေ ဘာကြောင့် ဖြစ်တယ်ဆိုတဲ့ အကြောင်းကိုလဲ သိတယ်။ ဒုက္ခနဲ့ ဒုက္ခရဲ့ အကြောင်းကိုလဲ သိတဲ့ဒီမြတ်စွာ ဘုရားဟာ ငါတို့ခံစားရတဲ့ ဒီလိုဒုက္ခဝေဒနာမျိုးတွေကို ငြိမ်းအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သုံးလေးကကို တရားဟောတယ်။ မြတ်စွာဘုရားရဲ့ မဟာ ကရုဏာတော်ကြီး၊ မြတ်စွာဘုရားရဲ့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကြီးနဲ့ ယှဉ်ပြီးတော့

လာတဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကို မြတ်စွာဘုရား၏ ဂုဏ်တော်ကို အာရုံယူ၊ ဘာဂုဏ်တော်လဲဆိုတော့ သမ္မာသမ္ဗုဒ္ဓ ဂုဏ်။

(၁) ဒုက္ခကို သိတယ်။
(၂) ဒုက္ခတွေ ဘာကြောင့် ဖြစ်တယ်ဆိုတာ သိတယ်။
(၃) ဒုက္ခငြိမ်းအောင် လုပ်ရမယ့်နည်းတွေကို သိတယ်။
(၄) ဒုက္ခငြိမ်းအောင် လုပ်မယ့်နည်းကို သိလို့ ဒီနည်းအတိုင်း ကျင့်ရင် ငြိမ်းတယ်ဆိုတာကိုလဲ သိကယ်။

"ဘယ်နှစ်မျိုးလဲ"
"လေးမျိုးပါဘုရား"

(၁) ဒုက္ခ၊
(၂) ဒုက္ခသမုဒယ၊
(၃) ဒုက္ခနိရောဓ၊
(၄) ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊

"ဘယ်နှစ်ပါးလဲ"
"လေးပါးပါဘုရား"

ဒီလေးမျိုးသော သစ္စာတွေကို သိလို့ သမ္မာသမ္ဗုဒ္ဓမည်တာ။ သားဖုံးရာတိုက်ခန်းက- ပဋ်ပန်းနေတဲ့ ကောလိယမင်းသမီး၏ စိတ်ဟာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဆီသို့ ရောက်နေပြီ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ဗုဒ္ဓါနုဿတိဘာဝနာ ကျကျနနယူလိုက်တော့ မြတ်စွာဘုရား၏ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကြီးဟာ ကောလိယမင်းသမီး၏ နှလုံးသားထဲကို တာဝါတည်း ရောက်လာတယ်။ စောစောကတော့ ကောလိယမင်းသမီး၏ နှလုံးသားထဲမှာ ဒုက္ခဝေဒနာနဲ့ ဒေါမနဿဝင်ကိန်းနေတယ်။ ဗုဒ္ဓ၏ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ထူးဝင်လာတဲ့အချိန်မှာ ဒုက္ခဝေဒနာနဲ့ ဒေါမနဿ အလိုလို ထွက်ပြေးရတယ်။

ဒေါမနဿနဲ့ ဒုက္ခဝေဒနာ မျက်နှာလဲ့။ပီတိ ပါမောဇ္ဇရလောက်တဲ့ အာရုံတခု ကောင်းကောင်းယူ။ ပီတိပါမောဇ္ဇနှလုံးသားထဲ ဖြုန်းကနဲ ဝင်လာတာနဲ့ တပြိုင်နက် ဒုက္ခဝေဒနာနဲ့ ဒေါမနဿဟာ ပျောက်သွားတယ်။

"သုပ္ပဝါသာ ဒီအတိုင်းလုပ်သွားတယ်နော်"
"မှန်ပါဘုရား"
အေး–ဗုဒ္ဓရဲ့ ဂုဏ်တော် ကျေးဇူးတော်တင် မကဘူး။ နောက်ပြီးတော့–

(၂) သံဃာ၏ သုပ္ပဋိပန္နတာဂုဏ်တော် (သံဃာနုဿတိ)

သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝကသံဃော၊ ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။

ကဿ ဘဂဝတော၊ ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော် မြတ်ရဲ့။ ဒယော သာဝကသံဃော၊အကြင်တပည့် ဖြစ်တော်မူတဲ့ သံဃာအပေါင်း သည်။ ဧဝရူပဿ၊ ဤ ယခုငါ့မှာ ခံစားနေရတဲ့ ဒုက္ခဝေဒနာနဲ့ မခြားတမူ အလားတူလှဘသော။ ဒုက္ခဿ၊ ဒုက္ခဝေဒနာမျိုးတွေကို။ ပဟာနာယ၊ ပယ် ဖျောက်ဖို့ရန်အလို့ငှာ။ ပဋိပန္နော၊ ကျင့်တော်မူ၏။

တသ္မာ၊ ထို့ကြောင့်။ တဿ ဘဂဝတော၊ ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ သော သာဝကသံဃော၊ ထိုဘပည့်ဖြစ်တော်မူတဲ့ သံဃာတော်အပေါင်းသည်။ သုပ္ပဋိပန္နော ဝတ၊ သုပ္ပဋိပန္နဂုဏ်ဆူးကြီးဖြင့် အံ့ချီးမြှောက်ခန် ဘဝဂ်ဘုံတိုင်အောင် ပဲ့လွှင် ကျော်စောတော်မူပါပေသည်ဘုရား။

သံဃာ့ဂုဏ် ၉-ပါးထဲက သုပ္ပဋိပန္နဆိုတဲ့ဂုဏ် သံဃာတော်တွေ သုပ္ပဋိပန္န-ကောင်းကောင်ကြီး ကျင့်ကြတယ်။ ဘာအတွက်လဲ၊ယခုငါတို့သားအမိ ခုနစ်နှစ် ခုနစ်ရက် ခံစားရတဲ့ ဒုက္ခဝေဒနာမျိုးတွေမှ သံဃာတော်တွေ လွတ်မြောက်ချင် တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင့်တာဟာ အဲဒါ သုပ္ပဋိပန္နခေါ်တယ်။

သုပ္ပဝါသာတို့ သားအမိ ခုနစ်နှစ် ခုနစ်ရက်ခံစားရတဲ့ ဒုက္ခဝေဒနာ ဘာကြောင့် ဖြစ်သလဲဆိုရင် ကိလေသာကြောင့်ဖြစ်တာ။

"ဘာကြောင့်ပါလိမ့်"
"ကိလေသာကြောင့်ပါဘုရား"
"ဒီကိလေသာငြိမ်းအောင် ကျင့်တာဟာ သုပ္ပဋိပန္နမဟုတ်လား"
"ဟုတ်ပါတယ်ဘုရား"

ဒီကိလေသာ အလိုလိုက်မိခဲ့တဲ့ အတွက်ကြောင့် ခုနစ်နှစ် ခုနစ်ရက်ခံစားရတဲ့ ဒုက္ခမျိုးကြရတာ။ဒီကိလေသာ အလိုမလိုက်ဘူးဟေ့ဆိုပြီးတော့ သုပ္ပဋိပ္ပန္နဂုဏ်နဲ့ ကျင့်ကြံတဲ့ပုဂ္ဂိုလ်တွေဟာ--

"ဒီဒုက္ခဖြစ်ခဲ့လား"
"မဖြစ်ပါဘုရား"

သုပ္ပဋိပ္ပန္န-သိလတခုကည်းနဲ့ ချမ်းသာနေတယ်။ သမာဓိပညာထားအုံး။ သီလတခုတည်းနဲ့--

(က) အဖြဟ္မဝရိယသိက္ခာပုဒ် လုံခြုံတဲ့ အမျိုးသမီး ၇-ယောက်

အဲဒီ အဖြဟ္မစရိယာ ဝေဆာမိဟိသိက္ခာပဒံ သမာဒိယာမိ။ လူမှန်းသိတဲ့ အချို့က ဆောက်တည်ဆား။တို့ဒကာကြီးတွေ ဒကာမကြီးတွေ ကိုကိုမင်းကြီးခဲ့သမီးတော် ၇-ယောက်ဟာ လူမှန်းသိတဲ့ အချိန်ကစပြီးတော့ တသက်လုံး ဆောက်တည်ကြတယ်။

"ဟုတ်လား"
"မှန်ပါဘုရား"

ဒီအမျိုးသမီးလေးတွေဟာ အဖြဟ္မစရိယ သိက္ခာပုဒ်ကို ဆောက်တည်ပြီးကဿပ မြတ်စွာဘုရားလက်ထက် နှစ်ပေါင်း နှစ်သောင်းတိတိ အမျိုးကြီးတွေ လုပ်နေကြတယ်။ ဘယ်လောက်များ ချမ်းသာလိုက်သလဲဆိုတာ။ အခု ဂေါတမဘုရားလက်ထက်ကျတော့ အကုန်လုံး တေဒဂ်ဘွဲ့ရ ရဟန္တာမကြီးတွေ ဖြစ်ကြတယ်။

ခေမာ ဥပုလဝဏ္ဏာ စ၊ ပဋာစာရာ စ ဂေါတမီ။ ဝိသာခါ စ ဓမ္မဒိန္နာ။

"ခုနစ်ယောက်မဟုတ်လား"
"မှန်ပါဘုရား"

အေး-ဒီလို ခုနစ်ယောက်သော မိန်းကလေးတွေဟာ ဘာကြောင့် သာသနာတော်မှာ ထိပ်တန်းဖြစ်လာကြတာလဲဆိုတော့ သူတို့ ကျင့်ကြံကြိုးကုတ်အားထုတ်

ခဲ့ကြတဲ့ဟာ ဒီပြင်ဥစ္စာတွေ အသာထားစမ်းပါ။ ဒီပြင် သီလ သမာဓိ ပညာ ကျင့်စဉ်တွေ အများကြီးကို မပြောပါနဲ့အုံး၊ အပြဟ္မစရိယာ ဝေရာမဏိ တခု တည်းနဲ့ကိုပဲ ဒီမိန်းကလေးတွေဟာ ချီးကျူးစရာကောင်းလှတယ်။ တိုင်းပြည်ရှင် ဘုရင့်သမီးတော်တွေက နှစ်ပေါင်း နှစ်သောင်း အပြဟ္မစရိယကို ကျင့်ကြ ကယ်။

ဒါကြောင့်မို့လို့ ဘုန်းကြီးတို့ယောဂီများ ကိလေသာတရားသာ အလိုလိုက် ရင် ဒုက္ခများတယ်။ ဒီကိလေသာတရားကို သီလနဲ့သတ်၊ သမာဓိနဲ့သတ်၊ ပညာနဲ့ သတ်။ အဆင့်ဆင့်သတ်။သီလနဲ့သတ်ရင် ဝိတက္ကမ မဖြစ်တော့ဘူး။

"လွန်ကျူးမှုတွေ လာသေးသလား"
"မလာတော့ပါဘုရား"

အဲဒီလောက် သုပ္ပဋိပန္နဖြစ်ရင် တော်တော် ချမ်းသာတယ်။ ဒါကြောင့် သံဃာ့ဂုဏ်တွေထဲမှာ သုပ္ပဋိပန္နဂုဏ်တဲ့။ ဒီလို ဒုက္ခတွေမဖြစ်အောင် အောင့်အည်း ပြီးတော့ သီလကိုကျင့်ကြတယ်။ တကယ့်ကိုပဲ ဇဲ့သန်သန် သမာဓိကျင့်ကြတယ်။ ဉာဏ်ကို ထက်နေအောင်သွေးကြ။

ကျောက်ဘုံးနဲ့သံနဲ့ ကြတ်ကြတ်ပတ်ပြီးတော့ တဖြေးဖြေးနဲ့ ထက်လာအောင် သံပြားနဲ့ လုပ်ထားတဲ့ခေါးကြီးကို သွေးသလိုဉာဏ်ဆိုဘဲ့ခန္ဓာမှာတင်ပြီးသွေးလိုက် တာ ကိလေသာတွေရဲ့ လည်မျိုကို အမြစ်ကနေ ဖြတ်နိုင်တယ်။ သုပ္ပဋိပန္နဂုဏ်။

ဒါကြောင့် သံဃာတော်တွေ လှုမ်းပြီးတော့ ကြည်ညိုလိုက်စမ်း။ သုပ္ပဝါ သာ အဲဒီအတိုင်း ကြည်ညိုနေတယ်။ စိတ်ထဲ ပီတိပါမောဇ္ဇတွေ တခါတည်း ဖြစ်လို့ ကြက်သီးတွေ တဖြန်းဖြန်းထ၊ သားဖွားခန်းထဲကနေ အားရလို့ ဒုက္ခတွေတခါတည်း မေ့သွားတယ်နော်။ သံဃာရဲ့ သုပ္ပဋိပန္နဂုဏ် ကြည်နူးလို့ တော့—

"နှလုံးသားထဲ ပီတိတလုံး ဝင်လာပြန်ပြီမဟုတ်လား"
"ဝင်လာပါတယ်ဘုရား"

မိုးကြီး သည်းထန်စွာ ရွာချလိုက်ဘာ ပူလောင်လှံတယ်ဆိုတဲ့ နှလုံးသား တည်းဟူသော ရေကန်မှာ ရေတွေပြည့်ပြီးတော့ အေးသွားပြန်တယ်။ နောက် တခိုးရွာလိုက်အုံး။

(၃) နိဗ္ဗာန်၏ သဲန္တိသုခဂုဏ်တော် (ဥပသမာနုဿတိ)

သုသုခံ ဝတ နိဗ္ဗာနံ ယဒိဒံ ဧဝရူပံ ဒုက္ခံ န သံဝိဇ္ဇတိ။

ယတ္ထ ယသ္မိံ နိဗ္ဗာနေ၊ အကြင်အသခ်ံတဓာတ်နိဗ္ဗာန်ဆိုတဲ့ပရမတ္ထတရား၌။

နိဗ္ဗာန်။ သောတာပန် အမျိုးသမီးဆိုတော့ နိဗ္ဗာန်ရဲ့ ဒေးငြိမ်းပုံကို သောတာပတ္တိဖိုလ်စိတ်နဲ့ လှမ်းကြည့်တော့ မြင်တာပေါ့။ အဲဒါကို ဥပသမာနုဿတိ ခေါ်တယ်။

"ဘာပါလိမ့်"
"ဥပသမာနုဿတိပါဘုရား"

သမ္မာသမ္ဗုဒ္ဓဂုဏ် အာရုံပြု ဗုဒ္ဓါနုဿတိ၊ သံဃာတော်တွေရဲ့ သုပ္ပဋိပန္နဂုဏ် အာရုံပြု သံဃာနုဿတိ၊ နိဗ္ဗာန်ရဲ့ ဒေးငြိမ်းပုံကို နှလုံးသွင်း ဥပသမာနုဿတိ။

"အနုဿတိ တရားတွေနဲ့ ဝေဒနာခွါနေတာ မဟုတ်လား"
"ဟုတ်ပါတယ်ဘုရား"

ယတ္ထ ယသ္မိံ နိဗ္ဗာနေ၊ အကြင်နိဗ္ဗာန်ဆိုတဲ့ သဘောတရား၌။ ဝေရူပံ၊ ကျိယခု ငါ့မှာခံစားနေရတဲ့ ဒုက္ခဝေဒနာတွေနဲ့ မခြားတမူ အလားဘူသော။ ဒုက္ခံ၊ ဒုက္ခဝေဒနာသည်။ န သံဝိဇ္ဇတိ၊ မရှိပါလေ။

နိဗ္ဗာန်ဆိုတာ ယခုလို ငါတို့သားအမိ ခံစားရတဲ့ ဇာတိဆိုးကာဇတ္တ မရှိဘူး။ ဇာတိမရှိရင် ဒီနိဗ္ဗာန်ဟာ ဇရာလဲ မရှိ၊ ဗျာဓိလဲ မရှိ၊ မရဏလဲ မရှိ။ ဇာတိ ဇရာ ဗျာဓိ မရဏဒုက္ခ ကင်းတဲ့အကွက်ခြောင့် ဒီနိဗ္ဗာန်ဟာ ..

သုသုခံ ဝတ၊ အလွန်အလွန် ချမ်းသာလှပါပေသည်တကား။

နိဗ္ဗာန်ရဲ့ အငြိမ်းဓာတ်ကို သောတာပတ္တိဖိုလ်စိတ်နဲ့ လှမ်းကြည့်လိုက်တော့ နိဗ္ဗာန်ရဲ့ အငြိမ်းဓာတ်ဟာ သုပ္ပဝါသာတကိုယ်လုံး လွှမ်းခြုံပြီးတော့ အေးဟွေ့ ခြုံမိရက်သား ဖြစ်သွားတယ်။ အဲဒီ အချိန်မှာ အပြီးတိုင် ပြိမ်းချမ်းမှု တခါတည်းရ။ ဝေဒနာတွေ ဘာမှ မရှိတော့ဘူး။

"အနုဿတိ သုံးပါးနဲ့ ဝေဒနာ ခွါလိုက်ဘာနော်"
"မှန်ပါဘုရား"

တသမာ၊ လို့ကြောင့်။ တံ နိဗ္ဗာနံ၊ တိုနိဗ္ဗာန်ဆိုတဲ့ သဘောတရားသည်။ သုသုခံ ဝတ၊ အလွန်အလွန် ချမ်းသာလှပါပေသည်တကား။

သူပွဝါသာနဲ့ ဝိတက်သုံးပါးလို့ခေါ်တဲ့ ပါဠိတော်ရှိတဲ့ အမည်အတိုင်း ဆိုရင် ဝိတက်သုံးပါး၊ ဘုန်းကြီးတို့ ယောဂီများနဲ့ နီးစပ်တဲ့စကား ပြောရရင် သူပွဝါသာရဲ-

ဗုဒ္ဓါနုဿတိ စီးဖြန်းပုံတမျိုး။
သံဃာနုဿတိ စီးဖြန်းပုံတမျိုး။
ဥပသမာနုဿတိ စီးဖြန်းပုံတမျိုးလို့။

အဲဒီလို အနုဿတိ ဘာဝနာ စီးဖြန်းပုံ၊ ဒီမှာ သုံးနည်းလာတယ်။ ဗုဒ္ဓါနုဿတိမှာတော့-

သမ္မာသမ္ဗုဒ္ဓါ ဝတ ဃော ဘဂဝါ ယော ဂုမဿာ ဇဝရူပဿ သံဃာနုဿတိမှာ-

သူပွဒ္ဓပွန္နော ဝတ ကဿ ဘဂဝတော သာဝကသင်္ဃော ယော ဂုမဿ ဇဝရူပဿာ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။

နောက်တခါ ဥပသမာနုဿတိက-

သုသုခံ ဝတ တံ နိဗ္ဗာနံ ယဒိဒံ ဇဝရူပံ ဒုက္ခံ နသံဝိဇ္ဇတိ။

အဲဒါက ဥပသမာနုဿတိ။

ဂူတိ၊ ဂျိသို့။ သူပွဝါသာ ကောလိယဓိတာ၊ သူပွဝါသာ မင်းသမီးသည်။ တိဟိ ဝိဘင်္ဂေဟိ၊ ဝိတက်တရား သုံးပါးတို့ဖြင့်။ တံ ဝေဒနံ၊ ထိုမိမိသန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ဒုက္ခဝေဒနာကြီးကို။ အခ်ဝါသေတိ၊ ကောင်းစွာမသွေ သည်းခံ၍ နေခဲ့ပါပေသတည်း။

"သာခု-သာဓု-သာဓု ပါဘုရား"

ဒီပါဠိတော်အကိုးအကားနဲ့ ဘာပြောလို့တုံးဆိုတော့ အပြင်းအထန် ဒုက္ခဝေဒနာ နှိပ်စက်လာရင် ထိုဒုက္ခဝေဒနာကို စိုက်စိုက်စူးစူး ရှုယင်းရှုယင်းနဲ့ ပိုပြီးတော့ ပင်ပန်း၊ ဒေါမနဿများ ဖြစ်လောက်တယ်ဆိုရင် အဲဒီဒေါမနဿ

ဝေဒနာတွေ ကုဿဉ်းစေခြင်းအကျိုးငှာ ပီတိပဿဒ္ဓိ ဖြစ်လောက်ဝဲ့ အာရုံတခု ပြောင်းယူလိုက်ရင် မူလဖြစ်နေတဲ့ ဒုက္ခဝေဒနာတွေ ကုဿဉ်းတယ်။ ဝေဒနာကို ဝေဒနာချင်း ခွဲတာ။ နောက်ဝေါဟာရတမျိုးနဲ့ ပြောရရင် မူလဖြစ်နေတဲ့ ဒုက္ခဝေဒနာကို သုခဝေဒနာ အစားသွင်းပြီးတော့ ခွဲတာ။

"သုပ္ပဝါသာရဲ့နည်း၊ ဟုတ်ပလား"
"မှန်ပါတယ်ဘုရား"

မူလဖြစ်နေတဲ့ ဒုက္ခဝေဒနာ မျက်နှာလွဲပို့က်တယ်။ ဗုဒ္ဓ၊ သံဃ၊ နိဗ္ဗာန် ဆိုတဲ့ ဓမ္မ။ ဒီကျေးဇူးဂုဏ်ဓာတ်ကို အာရုံပေးလိုက်တော့-

"မူလာ ဒုက္ခဝေဒနာ မင်္ဂြိမ်းဘူးလား"
"ငြိမ်းပါတယ်ဘုရား"

ဘုန်ကြီးတို့ ယောဂီများ စီးပွားရေး လုပ်ငန်းကိုင်ငန်း၊ ကူးသန်းခတ်ငန်း ဝယ်ငန်း၊ ရုံးတက်ငန်း၊ စျေးရောင်းငန်း၊ ပြေးငန်းလွှားငန်းနဲ့ စိတ်များ ညစ်လာရင် စိတ်ထဲ ဒေါမနဿ ဖြစ်လာရင် ဟောဒီ သုပ္ပဝါသာ ကောလိယဓီတာရဲ့ ဥဒါန်းလေး သုံးပုဒ်ကို အရက်ကျက်ပြီးတော့ နေ့တိုင်းကျူးနေ။ ပြေးပြေး ပြေးပြေးနဲ့ စိတ်ထဲ အေးသွားလိမ့်မယ်။

"ဟုတ်ဘူးလား"
"ဟုတ်ပါတယ်ဘုရား"

စိတ်တွေငြိမ်းပျောက်စေတဲ့တရားတွေ ဘုရားက နည်းမျိုးစုံ ဟောထားပါ၏တော်မှာ ရှိတယ်။ သုပ္ပဝါသာတော့ ခုနစ်နှစ်နဲ့ ခုနစ်ရက် ခံစားရတဲ့ ဒုက္ခဝေဒနာ။ ဒါနဲ့ ငြိမ်းခဲ့တာပဲနော်။ နောက်ပြီးတော့ ဘုန်းကြီးတို့ ယောဂီများကို ထပ်ပြောအုံးမယ်။ နာဘူး ထပ်မံ ပိုပြီးတော့လဲ အခိုင်အမာ ဖြစ်တာပေါ့။

မဟာတိဿ မထေရ်ကြီး

မဟာတိဿကိုယ်တော်ကြီးဝတ္ထု ဘုန်းကြီး ထပ်ပြောအုံးမယ်။ နာဘူးတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိမယ်။ မနာဘူးသေးတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိမယ်။ နာဘူးရင်လဲ ပိုပြီးတော့ ရှင်းလင်းသွားစေခြင်းငှာ ဘုန်းကြီး ထပ်ပြောမယ်။

"ပေါင်ချိုးတဲ့ မဟာတိဿကိုယ်တော်ကြီး၊ ကြားဘူးကြတယ်နော်"

"ကြားဘူးပါတယ်ဘုရား"

နာလဲ နာဘူးကြတယ်။ ပေါင်ချိုးပြီးတော့ ဝေဒနာရှတယ်လို့။ ဒီလိုပဲ မှတ်မိတဲ့ ပုဂ္ဂိုလ် ရှိကောင်းရှိမယ်။

စုဥဟိသနဲ့ မဟာတိသဲ့ ညီအစ်ကိုနှစ်ယောက် ကုဋေရှစ်ဆယ် ချမ်းသာတယ်၊ ညီအစ်ကိုနှစ်ယောက် ခဲ့လိုက်တော့ တယောက် ကုဋေ လေးဆယ်စီရတယ်။ အစ်ကိုကြီး မဟာတိသက သူပိုင်တဲ့ စီးပွားဥစ္စာ ကုဋေလေးဆယ်ကို ညီဖြစ်တဲ့ စုဥတိသကိုပေးပြီး- ငါ့ညီ၊ မင်း ဒီစီးပွားဥစ္စာတွေ ယူတော့ကွာ။ ငါတော့ သင်္ကန်းဝတ်ပြီး တောထွက်၊ ရဟန်းတရား အားထုတ်တော့မယ်။

အစ်ကိုကြီး မဟာတိသ သင်္ကန်းဝတ်ပြီး တောထွက်သွားတယ်။ တောထဲမှာ ဇတောကျောင်းလေးဆောက်၊ တရားအားထုတ်တယ်။ အဲဒီမှာ ပစ္စည်းတွေ တပုံကြီး ကျန်ရစ်ခဲ့တော့ ခယ်မလေးက စဉ်းစားတယ်။ အစ်ကိုကြီးပစ္စည်းက ကုဋေလေးဆယ်၊ ငါ့ခင်ပွန်းသယ်ပစ္စည်းက ကုဋေလေးဆယ်။ နှစ်ရပ်ပေါင်းတော့ ကုဋေရှစ်ဆယ်။ သူက ဟန်ကျနေတယ်။

လောဘများတက်ပြီးတော့ လာလိုက်ကြတာ ကြံကြံဖန်ဖန်၊ သူ့လက်ထဲ ရောက်နေတာကို လောဘက ဘယ်နှယ်ထပ်တက်တုံးဆိုတော့- တောရဆောက် တည်နေတဲ့ အစ်ကိုကြီး သင်္ကန်းဝတ်နဲ့ မပျော်လို့ လူထွက်ပြီး အိမ်များ ပြန်လာခဲ့ရင် ငါ့ပစ္စည်း ကုဋေလေးဆယ် ပြန်ပေးကွယ်ဆိုပြီး တောင်းယူသွားလိမ့်မယ်။ တောင်းသွားရင်တော့ အိမ်မှာရှိပဲ့ပစ္စည်းတွေ လျော့ကုန်တော့မှာပဲလို့ စိတ်ထဲ အတွေးကလေး ပေါက်လာတယ်။

ဒီတော့— ဒီခယ်မကလေးက လူဆိုး ငါးရာခေါ်၊ ပိုက်ဆံ ငါးရာပေး။ သွား- တောထဲက ကိုယ်တော်ကြီး သတ်လိုက်ကြ။ ပစ္စည်းဥစ္စာ ရန်များတယ်နော်။ ပစ္စည်းဥစ္စည်းဥစ္စာဟာ ဘုန်းကြီးတို့ ပေးခဲ့တဲ့ ကာမဘုတ္တိမှာ ကာမာဒီနဝကသာပိုင်းက—

ကာမစည်းစိမ်တွေဟာ သွေးသံရဲနေတဲ့ အသားတစ်တွေပဲ

မံသပေသူပမာ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ အာဒီနဝေါ ဇတ္တေ ဘိဇယျော။

ကာမာ၊ ကာမစည်းစိမ်တွေဆိုတာဟာ။ မံသပေသူပမာ၊ သွေးသံရဲနေတဲ့ အသားကစ်နဲ့ တူကြလေကုန်၏။

သွေးသံရဲနေတဲ့ အသားတစ်တွေတော့–

“ကျီးတွေ စွန်တွေ တရုံးရုံး မနေဘူးလား”

“နေပါတယ်ဘုရား”

သွေးတွေရဲနေဘဲ့ အသားတစ်ကြီးကို စွန်တကောင် ချီသွားရင် နောက်က စွန်အုပ်ကြီးဟာ ဘအားဝိုင်းလိုက်ပြီးတော့ ထိုးဆိတ်ကြကယ်။ ဘာကြောင့်လဲ ဆိုတော့ ဟိုအကောင် အသားတစ် ချီသွားတယ်။

“ဘယ်အကောင်လဲ”

“စွန်တကောင်ပါဘုရား”

“ရွေကစွန်ကြီးပြောတာ ဟုတ်လား”

“မှန်ပါဘုရား”

ဟိုအကောင် အသားတစ် ချီသွားတယ်၊ သေပေတော့ကွာ-နောက်က လူတွေက စွန်ကိုပြောတာနော်။ တို့ယောဂီများ အဓိပ္ပာယ် တွဲမကောက်နဲ့။ နောက်ကကောင်တွေ အတင်းဝိုင်းလိုက်တာ၊ ဝိုင်းလိုက် နှုတ်သီးနဲ့ထိုး၊ ခြေထောက်နဲ့ကုတ်၊ အတောင်နဲ့ရိုက်၊ အသားတစ်ကို မလွှတ်ခချင်း ဒီအသားတစ် ဖက်ထားတဲ့ စွန်ကြီးတော့ သေပေတော့ပဲ။

“ဒီလိုမဟုတ်လား”

“မှန်ပါတယ်ဘုရား”

နောက်က အကောင်တွေကလဲ အသားတစ်ရလိုဘဲ့ ရမက်ဇောတွေနဲ့ တအားရိုက်နှက်ကြ၊ ထိုးကြ၊ ဆိတ်ကြနဲ့ နှိပ်စက်လိုက်တာ။ နှိပ်စက်ပါ့မျှားတော့ ဟိုအသားတစ် ဖက်ထားတဲ့ကောင် သူလဲ ကောင်းကောင်းမစားရဘူး။ နှိပ်စက်ခံရတာပဲရှိတယ်။ တို့ယောဂီတွေလဲ တခါတည်း အသားတစ်ကြီးတွေကို အငမ်းမရ သိပ်လိုက်မနေကြနဲ့နော်။ အသားတစ်ကြီးကြီး ရလေလေ နောက်က စွန်တွေ ဝိုင်းထိုးလေလေပဲ။ အဲဒါ သတိထား။

ဘယ်နှယ်တုံး ဘုန်းကြီးတို့ယောဂီများ၊ရာထူးလေး တခုတည်းဆိုရင် ဘယ်နှယ်လဲ၊ ထိုးကြ ကြိတ်ကြနဲ့ လုပ်လိုက်ကြတာနော်။ ဟိုလူတော့ တွယ်လိုက်မယ်၊ ဒီလူတော့ ဖြုတ်ချလိုက်မယ်၊ အပြစ်ချလိုက်မယ်၊ စာတွေ့ပစ်လိုက်မယ်။ စွန်တွေလိုက်လာလိုက်ကြတာ နဲတာမဟုတ်ဘူး၊ နှုတ်သီးတွေက ပဲ ထက်ပါဘိသနဲ့။ အဲဒါလွှတ်ရင်လွှတ်၊ မလွှတ်ရင်တော့ ဒီကောင် သေပြီသာမှတ်ပေတော့။

လောကကြီးက ဒီအတိုင်းပဲ၊ နောက်ကစ္ဆန်တွေ စိုင်းပြီးတော့ လိုက်တာဟာ ရှေကအကောင် အသားတစ်ကို လှုတ်မချလို့။ ထိုးကြ ဆိတ်ကြနဲ့ နှိပ်စက်ပါမျှားလာတော့ အသားတစ်ဖက်ထားတဲ့ အကောင်ကြီးက 'မဖြစ်ဘူး၊ ငါကောင်းကောင်းလဲ မစားရဘူး။ ဒီကောင်တွေ ငါနှိပ်စက်တာဟာ ဒီအသားတစ် မလှုတ်လို့ပဲ' တဖြေးဖြေးနဲ့ ကုတ်ထားတဲ့ ခြေထောက်ကို ခြဲသဲလေးတွေကို ဆန့်ပြီးချလိုက်တော့ ခြေသဲနဲ့ကုတ်ထားတဲ့ အသားတစ်လေးတွေဟာ လှုတ်ကျသွားတယ်။

အသားတစ် လှုတ်သွားပြီဆိုတာနဲ့ ကပြိုင်နက်တည်း အဲဒီစ္ဆန်ကြီးဟာ လှုတ်လှုတ်လပ်လပ် ပုံသွားနိုင်တယ်။ နောက်က ဘယ်ကောင်မှ သူ့ကိုမလိုက်တော့ဘူး။ နောက်က လိုက်လာတဲ့ စ္ဆန်အုပ်ထဲက အားကောင်း မောင်းသန် စ္ဆန်တကောင်ကတော့ အသားတစ် ငါရပြီဆိုပြီး ပြေးကုတ်လိမ့်အုံးမယ်။ အသားတစ်ပြေးကုတ်တဲ့ ဒုတိယစ္ဆန်ကိုလဲ နောက်က ကျန်နေကြတဲ့ အကောင်တွေက ထိုးကြ ဆိတ်ကြအုံးမှာပဲ၊ သေပေတော့ သူလဲပဲ။

"ဒီလိုမဟုတ်လား"

"မှန်ပါဘုရား"

အသားတစ်ကို လှုတ်တိုင်း လှုတ်တိုင်းသော စ္ဆန်တွေဟာ ချမ်းသာရတယ်။ အသားတစ်ကို ဖမ်းတိုင်း ဖမ်းတိုင်းသော စ္ဆန်တွေဟာ နှိပ်စက်ခံရတယ်။

"ဒီကနေ့ ဘုန်းကြီးတို့ယောဂီများက အသားတစ်ကို ဖမ်းနေတာလား၊ လှုတ်နေတာလား"

"လှုတ်နေတာပါဘုရား"

"အေးမယ်၊ လှုတ်နေတာပါ၊ ဟုတ်ခဲ့လား"

"ဟုတ်ပါတယ်ဘုရား"

မနက်ခါညနေစောင်းရင် ဟောဒီ ငါးရက်စခန်းသိမ်းပြီ။ ငါးရက်စခန်းသိမ်းတာနဲ့ ကပြိုင်နက်ဘည်း မနက်ဖန်ည ကားနာပြီးရင် သံဘက်ခါကစပြီး ဘယ်သွားကြမလဲ။ အသားတစ်ချာဖို့ စေ့းထဲကလူက စေ့းကိုသွား၊ ရုံးသွားမယ့်လူက ရုံးကိုသွား။

"အသားတစ် အလုအယက် ရှာကြမယ်မဟုတ်လား"

"မှန်ပါဘုရား"

အင်း-နောက်မှာ စုန်တွေ အများကြီးရှိတယ်နော်။ သတိထား၊ အသားတစ်ဆိုတာ ကာမစည်းစိမ်။

“အသားတစ်ဆိုတာ”

“ကာမစည်းစိမ်ပါဘုရား”

အသားတစ်ဖက်ထားဟဲ့ စုန်ဆိုတာ ကာမသတ္တဝါ။

“အသား‌တစ် ယူသွားတဲ့ စုန်တွေဟာ”

“ကာမသတ္တဝါတွေပါဘုရား”

အသားတစ်ထဲကို ဖောက်ဝင်နေတဲ့အထိ ကုတ်ထားတဲ့ ခြေသဲလေးတွေရှိတယ်မဟုတ်လား။ ဒီကာမဂုဏ် စည်းစိမ်ကို ဖောက်ပြီးတော့ စူးဝင်နေအောင် တခါတည်း ကုတ်ထားတာဟာ ကာမတဏှာ။ တို့ယောဂီတွေခဲ့ ကာမတဏှာက ကာမဂုဏ် အသားတစ်ကို တခါတည်း ကုတ်ထားလိုက်တာ ပေါက်ပြီးတော့ စူးဝင်နေတာ။ ဆွဲထုတ်တာတောင် မနဲကိုထုတ်ယူရမှာ။ ကာမတဏှာခဲ့ အားကောင်းလိုက်ပုံက ဒီလိုဗျနော်။ ခြေသဲကို ဖြေးဖြေးချင်း ဖြေးဖြေးချင်းဖြကြ။

“ဟုတ်လား”

“မှန်ပါဘုရား”

ဒီတော့ ပိုင်အောင် မှတ်ထားလိုက်။

အသားတစ်ဟာ ကာမစည်းစိမ်။

အသားတစ်ကို ဂိုင်းလိုက်နေတဲ့ စုန်ဆိုတာ ကာမဘုံသား သတ္တဝါ။

အသားတစ်ကို ကုတ်ထားတဲ့ ပေါက်နေဘဲ့ ခြေသဲဆိုတာက ကာမတဏှာ။

အဲဒါကို ဖြေဖျောင်း လွှတ်နိုင်မှ သက်သာရာရမယ်။ မလွှတ်နိုင်ရင် ထိုးဆွနိုပ်စက်ခံရမယ်မဟုတ်လား။ ယခု တောကျောင်း နေပြီးတော့ ဆောက်တည်နေတဲ့ ဘုန်းကြီးတောင် မသက်သာတော့ဘူး။ ခယ်မတော်လေးခဲ့ ကာမဘဏှာဝင် ငံ့နှုပ်စက်ပါ။

“ဟုတ်လား”

“မှန်ပါဘုရား”

ပဟာတိသမထေရ်ကြီး အာမခံပေးခြင်း

ဒီခယ်မတော်လေး စုန်မလေး။ ဒါ့ကြောင့် လူဆိုးငါးရာကို ငဉ့်ငါးရာပေးပြီး သွားသတ်ခေျ၊ ခိုင်းလိုက်တယ်။ လူဆိုးတွေက ကောထဲသွားပြီး တောရ

ကျောင်း တောရ ဆောက်တည်နေတဲ့ မထေရ်ကြီးကို ဝိုင်းလိုက်ကြတယ်။ ဝိုင်းလိုက်ကြတော့ မထေရ်ကြီးက ဟော့ဒကာတို့၊ ငါ့ကို ဘာကြောင့် ဝိုင်းဖမ်း ကြတာလဲ။ ကောင်းမှာ သပိတ်တလုံး သင်္ကန်းသုံးထည်နဲ့ တရားအားထုတ် နေတာပါကွာ။ မင်းတို့ ငါ့ကို ဘယ်နှယ်ကြောင့် ဝိုင်းဖမ်း ကြတာလဲ။ "အရှင်ဘုရားကို သတ်ရလိမ့်မယ်။ အရှင်ဘုရား၏ ခယ်မတော်ဆီက ပိုက်ဆံ ငါးရာယူလာခဲ့ပြီဘုရား။ ဒါကြောင့် သတ်ရလိမ့်မယ်။

ယူလာတဲ့ပိုက်ဆံက ငါးရာ၊လာပို့ငိုးကြတဲ့ လူတွေကလဲ ငါးရာ၊ခေတ်သစ် ဆိုးတဲ့လူခေတ္တ သတ်ပြီးရင် တယောက်တကျပ်စီပဲ ရမယ်။ အသားတစ်နေ့။ တော်ခေတော်ဆိုးတယ်။ ဒီကာမစည်းစိမ်ဟာ ငွေတကျပ်နဲ့ လူသတ်ဖို့ကြံကြ တယ်။ သတ်မှာကလဲ တောရဆောက်တည်နေတဲ့ မထေရ်ကြီး။ ဝိုင်းပြီးတော့ "အရှင်ဘုရား သတ်ရလိမ့်မယ်" ဒီလိုလဲဆိုရော မထေရ်ကြီးက—

ဥပါသကာ၊ ဒါယကာအပေါင်းတို့။ ပါဠိဘော်၊ မဇ္ဈိမပါဘုံးဆိုတဲ့ အာမခံ သက်သေကို။ ဂဟေတွာ၊ ယူကြကုန်၍။ အင်္ဂ၊ ယနေ့။ ကေရဋ်တို့။ တညကလေးလောက်။ မေ၊ ငါ့အား။ ဇီဝိတံ၊ အသက်ကို။ ဒေဆ၊ ပေးကြပါ ကုန်တော့လော့။

မဇ္ဈိမပါဘုံးလို့ 'ငါက ကတိ အာမခံပြုပါတယ်။ တညလောက်တော့ ငါ့အသက် ချမ်းသာခွင့်ပေးကြပါကွာ။မထေရ်ကြီးက ဒီစကားမိန့်ကြားတယ်။ လူဆိုးတွေရဲ့ ခြေသလုံး ဖက်ပြီးတော့ ငိုချင်းချတာ။ ဘုန်းကြီးတို့ ပါဠိတော် မှာမပါဘူးနော်။ အဋ္ဌကထာမှာလဲ မပါဘူး။ ဋီကာမှာလဲ မပါဘူး။ အာဇာ နည်မထေရ်ကြီးနော်။ လူဆိုးတွေ ခြေသလုံးဖက် ဘယ်နှယ်လုပ်ငိုချင်းချမလဲ။ ယုတ္တိနဲ့ စဉ်းစား၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

ငါ့ကို တညလောက် အသက်ချမ်းသာရာ ပေးကြပါ။ ငါမဇ္ဈိမပါဘူး။ ငါ့အာမခံ ပေးပါတယ်။ ဒီလိုလဲဆိုလိုက်ရော လူဆိုးတွေက အဋ္ဌကထာထဲ ကတော့ သမဏလို့ တိုက်ရိုက်ခေါ်တယ်။ သမဏဆိုတာ ရဟန်း၊ ဘုန်းကြီးတို့ နှုတ်ထဲတော့ ဘန္တေလို့ ခေါ်လိုက်ရမှ အားရတယ်။ လူဆိုးတွေ အနေနဲ့ တော့ သမဏ ဟဲ့-ရဟန်းကြီး၊ 'ဒီလိုလာရမှာပေါ့။ ယဉ်ယဉ်ကျေးကျေးဆိုရင် တော့ "ဘန္တေ အိုး-အရှင်ဘုရား" ဒီလိုလေး ခေါ်ရမှ ကောင်းမှာနော်။ ဒါပေမယ့် လူဆိုးက လူဆိုးသံပေါက်အောင် ခေါ်တာ။ "သမဏ ဟဲ့-ကိုယ် တော်ကြီး" ဒီလိုလေး ဖြစ်လိမ့်မယ်ထင်ပါရဲ့။

"သမဏ၊ ဟဲ့-ကိုယ်တော်ကြီး။ ဧဝရူပေ ဌာနေ၊ ဤသို့ သဘောရှိသော အရင်ဌာနမျိုး၌။ တေ၊ သင်ကိုယ်တော်ကြီးအတွက်။ ကော၊ အဘယ်သူသည်။ ပါဠိဘောဂံ၊ အာမခံသည်။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မည်နည်း။

ဒီလို တောကြီးထဲမှာ ကိုယ်တော်ကြီးကို ဘယ်သူက အာမခံမှာလဲ။ လူဆိုးတွေက ဒီလိုပဲ မေးလိုက်ရော—

အဲက ခေါ၊ ထိုအခါ၌။ သော မဟာတိဿော၊ ထိုမဟာတိဿခေါတဲ့ မထေရ်ကြီးသည်၊ ဥပါသကာ၊ ဒါယကာအပေါင်းတို့။ ပဿထ၊ ရှုကြကုန်တော့လော့၊

ဟေ့-မင်းတို့မယုံရင် ကြည့်ကြကွာ။

လှုတိ၊ ဤသို့။ ဝတ္ဝာ၊ မိန့်ကြားတော်မူပြီး၍။ မဟာတိဿထေရော၊ ထိုမဟာတိဿခေါတဲ့ မထေရ်ကြီးသည်။ မဟန္တံ၊ ကြီးမားလှစွာသော။ ပါသာဏံ၊ ကျောက်တုံးကြီးကို။ အာဒါယ၊ ကောက်ယူ၍။ ဥဘော ပါဒါနိ၊ ခြေနှစ်ဘက်တို့ကို။ ဘိန္ဒိ၊ ချိုးတော်မူခဲ့လေပြီ။

အောက်က ကျောက်တုံးတခုခံပြီး ကျောက်တုံးကြီးတခု ကောက်ကိုင်။ အေး-မယုံကြည့်ကြကွာ ဆိုပြီး သက်နှံးစလေး အသာမတင်ပြီးတော့ ပေါင်နှစ်ဖက်ကို ကျောက်တုံးနဲ့ ရိုက်ပြီးတော့ ချိုးပြလိုက်တယ်။ မပြေးနိုင်ကြောင်း သက်သေထူတာနော်။ ဝေဒနာ ရှုမလို့ဆိုတဲ့စကား မပါဘူး။ ဘုန်းကြီးတို့ ယောဂီများ ဝေဒနာရှုချင်စိတ် ပေါက်ပြီးတော့ အဲဒီလိုများတော့ မလုပ်လိုက်ကြနဲ့။

ဘုန်းကြီးတို့ သပိတ်အိုင်ဆရာတော်ကြီး ဇရေးတဲ့ 'မာတ်ကမ္မဋ္ဌာန်းကျမ်း'ထဲမှာပါတယ်။ဝေဒနာရှုမလို့ဆိုပြီးတော့ပေါင်များမချိုးကြနဲ့ဗျ။ပေါင်ကျိုးတာပဲ အဖတ်တင်မယ်တဲ့။ မဟာတိဿမထေရ်ကြီးကတော့ အာမခံပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ချိုးတာ။ နဂိုတဲ့ကိုက ဒီရုပ်တရားကြီးရလို့ ဒုက္ခဖြစ်နေရတဲ့အထဲ ဒုက္ခဖြစ်အောင် လုပ်မယ်မကြံကြပါနဲ့။ ဖြစ်ပြီးသား ဒုက္ခလေးနိုင်အောင် ရှုစမ်းပါအုံး။

"မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဘုရား"

ရှုပြီးသား ဒုက္ခကိုပဲ နှိုင်အောင်ရှုစမ်းပါအုံး။ ဒုက္ခအသစ်လုပ်မယ်ဆိုတဲ့ မကြုံပါနဲ့၊ မဟာတိသမထေရ်ကြီး ပေါင်နှစ်ဘက်ကျိုးတော့ သွေးတွေ ဖြိုင်ဖြိုင် ကျလာတယ်။ အဲဒီအခါ—

ဥပါသကာ၊ ဒါဃကာအပေါင်းတို့။တွေ့တာဝတာ၊ ဤမျှလောက်ဆိုသံ့ရှိခင်။ ပါဠိသောဇေဂါ၊ အာမခံပေးတယ်ဆိုတဲ့ ကိစ္စသည်။ ဝဋ္ဋတိ၊ သင့်လောက် ပါပြီလား။

ဒါလောက်ပေါင်တောင် ကျိုးနေမှတော့—

"တို့ယောဂီများ အာမခံပေးတာ မသင့်သေးဘူးလား"
"သင့်ပါပြီဘုရား"

ပေါင်ကြီးနှစ်ဘက်လုံးကျိုးနေတာမှ မသင့်သေးရင်တော့ ကိုယ့်ကိုကိုယ်သတ် သေပြလိုက်ရုံသာ ရှိတော့ဘာပေါ့။ ဒါလောက်ဆိုရင် အာမခံပေးတာတော် လောက်ပလားလို့ မေးတော့မှ လူဆိုးတွေကျေနပ်သွားကြတယ်။ ဘောထဲမှာ မီးတွေဘာတွေဖိုပြီးတော့ စောင့်အိပ်နေကြတယ်။အဲဒီအချိန် ပေါင်ကျိုးလို့သွေး တွေဖြိုင်ဖြိုင်ကျနေတဲ့ မထေရ်ကြီးလုပ်ငန်းစတယ်။

"ဒုက္ခဝေဒနာ တကိုယ်လုံး လွှမ်းနေပြီနော်"
"မှန်ပါဘုရား"

မဟာတိသမထေရ်ကြီး သီလဆင်ခြင်ခြင်း

ဒုက္ခဝေဒနာတွေ လွှမ်းနေတော့ မထေရ်ကြီး စတင်အလုပ်လုပ်ပုံက—

ထေရဿ ဝေဒနံ ဝိက္ခမ္ဘေတ္ဝာ သီလံ ပစ္စဝေက္ခတော ပရိသုဒ္ဓံ သီလံ နိဿာယ ပိတိပါမောဇ္ဇံ ဥပ္ပဇ္ဇိ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသအဋ္ဌကထာ-သဟိပဋ္ဌာနသုတ္တဝဏ္ဏနာ-၂၃၀။

ဒါက-သုဂတမဟာဝဂ္ဂအဋ္ဌကထာ မဟာသတိပဋ္ဌာန်သုတ္တန်အဖွင့်၊မူလပဏ္ဏာသအဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ္တန်အဖွင့်၊ ဒီစကားနှစ်ရပ်ဟာ တထပ်တည်းပဲ။ ဒီဃနိကာယ်နဲ့ မဇ္ဈိမနိကာယ် အဋ္ဌကထာ နှစ်စောင်လုံးမှာ တညီတည်းပါတယ်။

ဘာကြောင့် အဋ္ဌကထာစကားတွေ ပြောနေရသလဲ။တို့ဒကာ ဒကာမတွေ အဋ္ဌကထာ ကိုင်နိုင်လို့လားဆိုရင်တော့ ကိုင်နိုင်တဲ့ပုဂ္ဂိုလ် ရှိချင်ရှိ၊ မရှိချင်နေ။

အဋ္ဌကထာ ကိုင်နှိုင်တဲ့ ပုဂ္ဂိုလ်များအာဘုတ် ဟုတ်သား၊ အဋ္ဌကထာ ကိုင်ကြည့်နှိုင်တယ်ဆိုဘဲ့ ပုဂ္ဂိုလ်များအာဘုတ်။ အရှင်ဘုရား ပြောတာမဟုတ်ဘူး။ မထေရ်ကြီး ပေါင်ချိုးပြီးတော့ ရှုသွားတာပါ ဆိုတဲ့ အငြင်းထုတ်လ ခဲ့ရင် ဒီအဋ္ဌကထာကို ဒီလိုမှ ညှစ်းမထားရင် ဘုန်းကြီးတို့က တယ်ပြီးတော အစုပ်အစဲ့ ခံရတယ်၊ ဒါကြောင့်မို့လို့ အဋ္ဌကထာစကားများ ပြောရတာပါ။

"သမားဂုဏ်ပြတယ်လို့တော့ မမှတ်နဲ့နော်"
"မှန်ပါဘုရား"

သေရဿ ဝေဒနံ ဝိဘဇန္တော သီလံ ပစ္စဝေက္ခတော ပရိသုဒ္ဓသီလံ နိဿာယ ပီတိပါမောဇ္ဇံ ဥပ္ပဇ္ဇတိ။

သေရဿ၊ မဟာတိဿမထေရ်ကြီး၏။ ဝေဒနံ၊ ဒုက္ခဝေဒနာကြီးကို။ ဝိဘဇန္တော၊ ခွဲ၍။

ဒီစကားလေးမှတ်ထား။

ဝေဒနံ ဝိဘဇန္တော မထေရ်ကြီး ဝေဒနာခွဲတယ်။ ပြီးတော့ ဌီကာစကားနဲ့ ထပ်ရှင်းမယ်။

ဝေဒနံ ဝိဘဇန္တော၊ ဝေဒနာကို ခွဲသိုက်၍။
ဘာကို ဆင်ခြင်ဟုံး၊ ကြည့်ရအောင်—

သီလံ ပစ္စဝေက္ခတော။

သီလံ၊ သီလကို။ ပစ္စဝေက္ခတော ဆင်ခြင်သိုက်သည်ရှိခဲ့သော်၊ မထေရ်ကြီး သီလကို ဆင်ခြင်တယ်။

"ဘာဆင်ခြင်ပါလိမ့်"
"သီလကို ဆင်ခြင်ပါဘယ်ဘုရား"
"ဝေဒနာကို ဆင်ခြင်သလား၊ သီလကို ဆင်ခြင်သလား"
"သီလကို ဆင်ခြင်ပါတယ် ဘုရား"

ဝေဒနာနှုပသနာလဲ စုံခဲ့အောင် ဘုန်းကြီးတို့ ပြောပြီးပါပြီ။ မဟာတိဿမထေရ်ကြီး ဝေဒနာပရမဲနဲ့ ဝေဒနာခွဲပြီးတော့ ဝိပဿနာမရောက်ရအောင်လို့ သွားပုံကလေးကို ဘုန်းကြီးတို့ ပေးဂိမ္ဘီးအား တင်ပြခဲ့ပါတယ်။ မဟာတိဿမထေရ်ကြီး သီလကို ဆင်ခြင်လိုက်တယ်။

ရဟန်းဘဝရောက်နေတဲ့နေ့။ အိမ်ထဲမှာ ကမ္မဝါဖတ်တော့ တသွာ တုဏ္ဏို ဧဝမေတံ ဇာရယာဒီ။ အဲဒီ မိအက္ခရာ ကမ္မဝါစာလုံးလဲ ဆုံးရော ရဟန်းဖြစ်တယ်။ ရဟန်းဖြစ်ဘာနဲ့တပြိုင်နက်တည်း ၂၂၇ သွယ်သော သိက္ခာပုဒ်တွေက အလိုလို ကိုယ်မှာ စွဲပြီး ဆင်ပြီးဖုံ လွှမ်းပြီး ဖြစ်သွားတယ်။ ရဟန်းသီလကို ဧဝမေတံ ခေါ်ယာဒီ၊ ဝိအ ့ခရာဘည်းက ရခဲ့တာ။

ဒဲ့ကမ္မဝါစာ ဆုံးဘဲ့အခါ၊ ကစပြီး ရဟန်းဘဝရောက်၊ ယခု တောထဲက ကျေ ကျ်ဖျာပေါ်မှာ ပေါင်နှစ်ဘက်ကျိုးလို့ သွေးတွေ ပြိုင်ပြိုင်ကျနေတဲ့ကာလ အာဘိ သူ့သက်ဘန်းတခေါ်ကျာက်လုံး ကျဉ့်သုံးလာခဲ့တဲ့ ရဟန်းသီလတွေအကုန်လုံး။ ဟို- သိမ်ထဲကစပြီ ဒေါ့ ဆင်ခြေဖဲနတာ၊ သိက္ခာပုဒ်ဇ ဘူ တခုချင်း တခု ျင်း စီစဉ်ပြီးတော့ ဆင်ခြင်ကြည့်ဒနလို ဟ်ဘာ။

"ဝေဒနာပေါ်မှာ စိတ်ရှိသလား"

"မရှိတော့ပါဘုရား"

သိမ်ထဲမှာ စိတ်ခရောက်နေတယ်။ မုတ်သားနော်။ သီလစိဘ်ရောက်ခနတယ်။ အဲဒါ အာရုံလဲထားတာ။ သီလထဲ စိဘ်ခရောက်နဘာ။ အနုဿတိ ဘာဝနာနဲ့ ပြောရရင် သီလာနုဿတိ။

"ဘာတဲ့တုံး"

"သီလာနုဿတိပါဘုရား"

သုပ္ပဝါသာ ကောလိယဓီဘာကဲ့ ပုဒ္ဓါနုဿတိရယ်၊ သံဃာနုဿတိရယ်၊ ဥပသမာနုဿတိရယ်၊ မဟာတိဿမထေရ်ကြီးကတော့ သီလာနုဿတိ။

"တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များအခနနဲ့ ဘီလဟာ အရေးမကြီးဘူးလား၊ ကြီးသလား"

"အရေးကြီးပါတယ်ဘုရား"

အေး— ဒါကြောင့်မို့လို့ မနက်တိုင်း ရှစ်ပါးသီလ ခံနေကြရတာ။ သီလကို ထပ်တလဲလဲဖြူဖွေ့အောင် အလုပ်လုပ်ရတယ်နော်။ သီလမလိုဘူးဆိုတဲ့စကား များ မဧယာင်နဲ့။ သီလဟာ လိုကိုလိုတယ်။

သီလံ နိဿာယ သီလေ ပတိဋ္ဌာယ စတ္တာရော သတိပဋ္ဌာနေ ဘာဝယျာသိ-တဲ့။

ဗာဟိယသုတ္တန်မှာ ဒီလိုပါတယ်။

သီလံ၊ သီလကို။ နိဿာယ၊ အမှီပြု၍။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ကုဉ် ပြီးတော့မှ။ စတ္တာရော သတိပဋ္ဌာနေ၊ သတိပဋ္ဌာန်တရား ငါးပါးတို့ကို။ ဘာဝေယျာသိ၊ ပွားပါလေ။

သီလကိုအမှီပြု၊ သီလကို ဆောက်တည်ပြီးတော့မှ သတိပဋ္ဌာန်းလေးပါးကို ပွား။ ဗဟိယ ရဟန်းတော်ကို မြတ်စွာဘုရား မိန့်ကြားထားဘာ။ ဗဟိယ ရဟန်းတော်နဲ့ ဗဟိယဒါရုစီရိယနဲ့လဲ တွေ့ခဲ့ဖူးစီနော်။ ဗဟိယ ရဟန်းတော်ကို ဒီသုဘဂန်မှာ ဟောတာ။ ဗဟိယဒါရုစီရိယကိုတော့ ရန်ကုန်မှာ၊ တုန်းကြီး ဟောထားပြီးသား ရှိပါတယ်။

ဗဟိယဒါရုစီရိယကြီးကဘယောက်၊ဗဟိယ ရဟန်းတော်ဆိုတာကတော်း တခြားစီနော်။ ဗဟိယအမည်တူတွေကတော အများကြီး ရှိခဲ့သေးတယ်။ ဗဟိယ ဆိုရင် နွားခွဲခံရလို့ သေသွားတာ၊ ဗဟိယပဲလို့ မထင်နဲ့။ ဒီပြင် ဗဟိယတွေ ရှိခဲ့သေးတယ်နော်။ ဗဟိယမထေရ်ကို ဟောလိုက်တဲ့အထဲမှာ—

သီလကို အမှီပြုကြ။ သီလမှာ ကောင်းကောင်းကြီး မြဲမြံ ရပ်ပြီးကော့ သတိပဋ္ဌာန်ပွား တဲ့။

သီလတည်ပြီးတော့ သတိပဋ္ဌာန်ပွား။ သီလဟာ သိပ်အရေးကြီးတယ်။ ဘာ့ကြောင့် အရေးကြီးသလဲဆိုတော့— သီလ မပြည့်စုံခဲ့ရင် ဝိပဿနာရ ဖြစ် တတ်တယ်။

''သီလ မပြည့်စုံရင်''
''ဝိပဿနာရ ဖြစ်တတ်ပါတယ်ဘုရား''

မိမိသီလကို မိမိ ပြန်စဉ်းစားလိုက်လို့မှ အားရကျေနပ်စရာ မရှိဘူး ဖစ်နေလို့ မသာမယာဖြစ်လာတာ ဝိပဿနာရ။

''ဘာပါလိမ့်''
''ဝိပဿနာရပါဘုရား''

ကိုယ်ရဲ့ ကိုယ်ကျင့်တရား ကိုယ်စဉ်းစား။ စိတ်မချမ်းသာဘူးဆိုရင် တရား အားထုတ်လို့ မဖြောင့်ဘူး။ ဝိပဿနာရလို့ ခေါ်တယ်။ အဲဒီအကြောင်းတွေကို တော့ ကိမတ္ထိယသုတ္တန်မှာ ပြန်နားထောင်ကြည့်လိုက်။ သီလ သန့်ရှင်းရင် ဘာအကျိုးရသလဲဆိုတာ။အကျိုးဆယ်မျိုး အဆင့်ဆင့် တက်သွားတာ ပါတယ် နော်။

သီလ မပြည့်စုံရင် အတိုချုပ်မှတ်။ ဝိပဿီသာရ ဖြစ်တတ်တယ်။ ဝိပဿီသာရ ဆိုတာ ဘာတဲ့လဲဆိုရင် ကိုယ့်သီလကိုယ် စဉ်းစားရင် စိတ်မချမ်းမသာတာ။ ဓေဒနာပိုင်းနဲ့ ပြောရင်တော့ ဒေါမနဿပေါ့။နောက်တမျိုးပြောရင် ကုက္ကုစ္စ။ ဒေါမနဿ၊ ကုက္ကုစ္စ ဝိပ္ပဋိသာရ၊ ဒီတရားဆိုးတွေ နှိပ်စက်တတ်ပါတယ်။ သီလ မပြည့်စုံလို့ သီလာနုဿတိ ဘယ်နည်းနဲ့မှ လုပ်လို့မဖြစ်ဘူး။

"သီလ မပြည့်စုံရင် သီလာနုဿတိလုပ်လို့ ဖြစ်ပါ့မလား"
"မဖြစ်ပါဘုရား"

သီလမပြည့်စုံတဲ့ပုဂ္ဂိုလ်က ကိုယ့်သီလကိုယ် အဖန်ဖန် နှလုံးသွင်းတော့ ပီတိပါ့ပေါ့ဖြစ်တာပဲ။ ပီတိဖြစ်လို့ရှိရင် ဈာန်ထဲမှာ ပြည့်နေတယ်။ ပါမောဇ္ဇဖြစ်လို့ ဝမ်းမြောက်နေတယ်။ သန့်ရှင်းတဲ့သီလကို အာရုံပြု နှလုံးသွင်းဆင်ခြင်။ နှလုံးသွင်းရုံနဲ့ ပီတိပါမောဇ္ဇတွေ ဖြစ်လာပြီ။

"သီလမပြည့်စုံရင် သီလာနုဿတိလုပ်လို့ ဖြစ်ပါ့မလား"
"မဖြစ်ပါဘုရား"

သီလပြည့်စုံတဲ့ ပုဂ္ဂိုလ်က သီလကို အဖန်ဖန် နှလုံးသွင်းတော့ ပီတိပါမောဇ္ဇဖြစ်တယ်။ ပီတိဖြစ်ရင် ဈာန်ထဲမှာ ပြည့်နေတယ်။ ပါမောဇ္ဇဖြစ်လို့ဝမ်းမြောက်နေတယ်။ သန့်ရှင်းတဲ့သီလကို အာရုံပြု နှလုံးသွင်းဆင်ခြင်၊ နှလုံးသွင်းရုံနဲ့ ပီတိပါမောဇ္ဇတွေ ဖြစ်လာပြီ။

"တိဿမထေရ်ကြီး ဘာတွေ့ရတယ်"
"ပီတိပါမောဇ္ဇတွေ့ ရပါတယ်ဘုရား"

ဒီပါမောဇ္ဇစကားနှစ်လုံး၊ ပီတိဆိုတာက ကြက်သီးကလေးများ တဖြင်းဖြင်း ထလာတယ်။ သူ့သီလ သူ အားရလွန်းလို့ မေ့ညှင်းကလေးတွေ ရှင်ပြီးတော့ ပါလာတယ်။ သီလဟာ အားရစရာကောင်းလွန်းလို့ သီလက ဝိသုဒ္ဓိ။ ဟာသပဲတို့ သန့်ရှင်းတဲ့ သီလဆိုတာ ဝမ်းမြောက်လာတယ်။ သောမနဿ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ဒီလိုပြစင်တာကို အာရုံပြု၊ ကြက်သီးမွေးညှင်းထလာက်အောင် ပီတိတွေ့ကြုံ၊ သိပ်ပြစင်ကာကို အာရုံပြုမိတော့ ငါ့ဘဝ အရတော်ခံလစ်။ သီလတွေ့ကာ့ ပေါ့ကာ်ဘူး။ သမထ ဝိပဿနာ အားမထုတ်ဘူးထား၊ အဲဒီလို သန့်ရှင်းပြစင်တဲ့ သီလနဲ့ဆေးရင် ကိန်းသေ အပါယ်လေးပါးမှ လွတ်တာ။

"သေချာတယ်မဟုတ်လား"
"သေချာပါတယ်ဘုရား"

သီလနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ် သေခါနီး စိတ်ကတန်းလိုက်စမ်းပါ။ ငါနိမ္ဗာန်ရတီသွားမယ်။ တဝတိံသာသွားမယ်။ စိတ်က တန်းလိုက် တန်းတဲ့ခံနရာတခါတည်း ရောက်မယ်။ သီလတန်ခိုးဟာ အဲဒီလို ပြည့်စုံတာပဲ။

မဟာတိဿမထေရ်ကြီး ဝေဒနာခွဲနည်း

ဣဋ္ဌတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။

သီလဖြူစင် သန့်ရှင်းနေတဲ့အတွက်ကြောင့် စိတ်ကောင်းတဲ့အတိုင်း ပြည့်စုံတယ်။သီလတန်ခိုးနော်။ အဲဒါမလောက် တောင့်တနေတဲ့သီလဆိုတော့ အားရကျေနပ်စရာရှိတယ်။ အားရကျေနပ်လွန်းလို့လဲပဲ ပိတိပါမောင့်တွေရကယ်။ ပိတိနဲ့ သောမနဿတွေ၊ ဖြစ်ပြီဆိုတာနဲ့တပြိုင်နက် ဝေဒနာပြောင်းသွားပြီ။ နဂိုက ပေါင်နှစ်ဘက်ကျိုးလို့ ဒုက္ခဝေဒနာ။သီလကို နှလုံးသွင်းလိုက်လို့ စိတ်ထဲ ချမ်းသာလိုက်တာ သုခဝေဒနာ။

"ပြောင်းလဲမသွားဘူးလား"
"ပြောင်းလဲသွားပါတယ်ဘုရား"

ဒုက္ခဝေဒနာကို သီလနှလုံးသွင်းပြီး ရလာတဲ့ သုခဝေဒနာနဲ့ အစားသွင်းပြီးတော့ ခွာပစ်လိုက်တာ၊ ဝေဒနာဝိက္ခမ္ဘနဆိုတာ အဲဒါကို ခေါ်တာ။

ပရိသုဒ္ဓသီလံ၊ သန့်ရှင်းစင်ကြယ်တဲ့ သီလကို။ နိဿာယ၊ အမှီရ၍။ ပီတိပါမောဇ္ဇံ၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းဆိုတဲ့ ပီတိပါမောဇ္ဇ တရားသည်။ ဥပဇ္ဇိ၊ ဖြစ်ပေါ်လာခဲ့လေပြီ။

မဟာတိဿ မထေရ်ကြီးရဲ့ စိတ်သန္တာန်မှာ ပီတိပါမောဇ္ဇတွေ တဖွားဖွား ဖြစ်လာတာ။ ကြက်သီးတွေ ထလာတယ်၊ မွေးညင်းတွေ ရှဉ့်လာတယ်၊ အားရကြည်နူးလာတယ်၊ စိမ်းမြောက်ဝမ်းသာ ဖြစ်လာတယ်။ အဲဒါကို ဘုန်းကြီးတို့ သုတ်မဟာဝဂ္ဂဋ္ဌကာ ဆရာတော်ကြီးက ပို့ချင်းအောင် ပြောတယ်။

ဝေဒနံ ဝိက္ခမ္ဘေတွာ- ဝေဒနာ ခွာတယ်ဆိုတာကို ဋ္ဌကာဆရာတော်ကြီး ပြောလိုက်ပုံကတော့ ပိုကောင်းတယ်။

ဝေဒနံ ဝိကွမ္မေတ္တာတိ ဥရုဋ္ဌဘေဒပစ္စယံ ဒုက္ခဝေဒနံ အမနသိကာရေန ပဋိဝိနောဒေတ္တာ။

အမနသိကာရေန ဒီစကားလုံး မှတ်သားထား။

ဝေဒနံ ဝိကွမ္ဘေတ္တာတိ၊ ဝေဒနာခွဲတယ်ဆိုတဲ့ သဘောသည်။ ဥရုဋ္ဌဘေဒ ပစ္စယံ၊ ပေါင်နှစ်ဘက်ကျိုးခြင်းကြောင့် ဖြစ်၍ လာသော။ ဒုက္ခဝေဒနံ၊ ဟောဒီ ခန္ဓာကိုယ်မှာဖြစ်နေတဲ့ ဒုက္ခဝေဒနာကြီးကို။ အမနသိကာရေန၊ နှလုံးမသွင်း ဃသာအားဖြင့်။

ပေါင်ကျိုးတဲ့ ဝေဒနာကို နှလုံးမသွင်းပါဘူးတဲ့။ ဝေဒနာ နုပဿနာ မလုပ်ရဘူးလို့ ဘုန်းကြီး ဖြေနေတာ မဟုတ်ဘူးနော်။ ဒီ မဟာတိဿမထေရ်ကြီး ဝေဒနာ နှလုံးမသွင်းဘူးဆိုတာလေးကို တင်ပြနေတာ။

ဥရုဋ္ဌ ဘေဒပစ္စယံ။ပေါင်ကျိုးခြင်းကြောင့် ဖြစ်ပေါ်၍လာသော။ ဝေဒနံ၊ ကာယိကဒုက္ခဆိုတဲ့ ဝေဒနာကြီးကို။ အမနသိကာရေန၊ နှလုံးမသွင်းသော အားဖြင့်။ ဝိကွမ္မေတ္တာ၊ ပယ်လိုက်၍ ခွာလိုက်၍။ ပဋိဝိနောဒေတ္တာ၊ နှလုံးမသွင်းပဲနေပြီးတော့ ဝေဒနာကို ဖျောက်လိုက်၍။

မဟာတိဿ မထေရ်ကြီးရဲ့ လုပ်ထုံး။အဲဒါကို မူလပဏ္ဏာသ ဋီကာဆရာတော်က ထပ်ပြီးတော့ပြောပုံ။

ဝေဒနံ၊ ဝေဒနာကို။ ဝိကွမ္မေတ္တာ၊ ခွာလိုက်တယ်ဆိုတာ။ ထေရဿ၊ မဟာတိဿ မထေရ်ကြီးရဲ့။ သိလံ၊ သီလကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်တော်မူလိုက်သည်ရှိသော်။ ပဂိဿဒ္ဓသီလံ၊ သန့်ရှင်းစင်ကြယ်၍နေတဲ့ သီလကို။ နိဿာယ၊ အမှီရ၍။ ဥဋ္ဌာဟံ၊ ကြီးကျယ်ပျားမြောက်လှစွာသော။ ပီတိပါမောဇ္ဇံ၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းဆိုတဲ့ ပီတိပါမောဇ္ဇသည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်ပေါ်၍လာခဲ့သည်ရှိသော်။ ဥရုဋ္ဌဘေဒဇံ၊ ပေါင်ကျိုးခြင်းကြောင့် ဖြစ်ပေါ်၍လာသော။ ဒုက္ခဝေဒနံ၊ ကာယိကဒုက္ခဆိုတဲ့ ဝေဒနာကြီးကို။ ဝိကွမ္ဘတိ၊ ခွာလိုက်ပေပြီ။ ပဋိပဿမ္ဘတိ၊ ငြိမ်းစေခဲ့လေပြီ။

အဲဒါက မူလပဏ္ဏာသဋီကာ။

. ပဟာတိဿ မထေရ်ကြီး သီလနှလုံးသွင်းတော့ အားကောင်းလှစွာသော ပီတိပါမောဇ္ဇတွေ ရတယ်။ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းတွေဟာ တခါတည်း အားကောင်းကောင်း၊ အရှိန်ကောင်းကောင်းနဲ့ ရလာတယ်။ အားကောင်းတဲ့ ပီတိပါမောဇ္ဇ ရပြီလဲဆိုရော အဲဒီ ပီတိပါမောဇ္ဇ တရားတွေက

နေပြီးတော့ ဒုက္ခဝေဒနာကို ဖယ်ပစ်လိုက်ပါတယ်။ အဲဒါက မူလပဏ္ဏာသ ဋီကာစကား။

သံယုတ်ဒီကာကျတော့—

အတ္တကိလမထံ အနုပ္ပါဒေတွာ—

ဆိုပြီးတော့ လာပြန်တယ်။

အတ္တကိလမထံ၊ ခန္ဓဝ်ကိုယ်ရဲ့ ပင်ပန်းဆင်းရဲမှုလဲပဲ မရှိဘူး။ ဒုက္ခဝေဒနာလဲ နှလုံးမသွင်းဘူး၊ စိတ်ဆင်းရဲလုချည်ရဲ့ဆိုတဲ့ ဒေါမနဿလဲ မဖြစ်ဘူး။ သီလတန်ခိုးကြောင့် စိတ်ထဲမှာ ချမ်းသာနေလိုက်တာ ကြက်သီးတွေ တဖြန်းဖြန်း ထနေကယ်။

“ဘာဝေဒနာ ရောက်သွားလဲ”
“သုခဝေဒနာ ရောက်သွားပါတယ်ဘုရား”
“ဒုက္ခဝေဒနာ ပျောက်သွားပလား”
“ပျောက်သွားပါပြီဘုရား”

ဒုက္ခဝေဒနာ ကုန်ပျောက်ပြီး သုခဝေဒနာအစား ရောက်လာတယ်။ အဲ့သြစရာ အာဇာနည် မထေရ်ကြီးဗျနော်။ အဲဒါတောင်မှ ဘုန်းကြီးတို့ယောဂီများက—

“မထေရ်ကြီး ဒီနေရာမှာ ဝိုချင်းချချင်သေးလား”
“မချချင်တော့ပါဘုရား”

ဒါလောက် အာဇာနည် ပထေရ်ကြီးကို ဝိုချင်းအချမခိုင်းနဲ့၊ ကိုယ့်ဘာကိုယ် ဝိုချင်ဝို ဟုက်လား။ ဘယ်နှယ်ဗျာ သီလနှလုံးသွင်းပြီး ဒုက္ခဝေဒနာကို ဖယ်နိုင်တဲ့ အာဇာနည်မထေရ်ကြီးကို ဝိုချင်းချခိုင်းတာတော့ ပဓာနပါဘူး။ ဒါနဲ့ကြောင့်—

ဥရဋ္ဌဘေဒ ဇနိတံ၊ ပေါင်ရိုးကျိုးခြင်းကြောင့် ဖြစ်ပေါ်ရှိလာသော။ ဒုက္ခဝေဒနံ၊ ဒုက္ခဝေဒနာကို။ ဝိက္ခမ္ဘေတွာ၊ ခွာလိုက်၍။ ဒုက္ခဝေဒနံ၊ ဒုက္ခဝေဒနာကို။ ဝိက္ခမ္ဘေသိ၊ ကောင်းစွာမသွေ ပယ်ခွာတော်မူခဲ့ပါ၏လဟတည်း။ ပဋိပဿမ္ဘေသိ၊ ကောင်းစွာမသွေ ငြိမ်းပျောက်စေခဲ့ပါပေသဘည်း။

“သာဓု-သာဓု-သာဓုပါဘုရား”

မဟာတိသာမထေရ်ကြီးရဲ့ ဝေဒနာခွာနည်းကို ဘုန်းကြီးတို့ ယောဂီများ ပိုင်သွားပြီနော်။ ဖြစ်နေတဲ့ ဒုက္ခဝေဒနာကို အာရုံမပြုဘူး၊ နှလုံး မသွင်းဘူး။ ဘာကို နှလုံးသွင်းလိုက်သလဲဆိုတော့ သီလကို စတင် နှလုံးသွင်း ဆက်ခြင်တယ်။ ဘာကြောင့် သီလကို ဆင်ခြင်ရသလဲဆိုတော့ မိတိပါမောဇ္ဇရအောင်လို့ မှတ် ထားနော်။ ပီဘိပါမောဇ္ဇရလို့ စိတ်တွေကြည်ပြီးတော့ လာတဲ့အချိန်ကျမှ သမာဓိဆိုတာ ဖြစ်နိုင်တယ်။

ဒါကြောင့် သမာဓိရဲ့အခြေခံ ပီတိ ပဿဒ္ဓိ သောမနဿတို့ကို ပဆမရအောင် သူယူနေတယ်။ စိတ်ရဲ့ကြည်လင်အေးချမ်းခြင်း ရွှင်လန်းခြင်းလေးတွေရအောင် မွေးနေတယ်။ အဲဒါ ဝေဒနာလိုက်တော့ သီလနဲ့လုပ်မှ ဖြစ်တယ်ဆိုပြီး မထေရ်ကြီး သီလနှလုံးသွင်းတယ်။ အဲဒီအချိန် စိတ်ထဲ ကြည်နူး အေးချမ်းလာပြီလဲဆိုရော—

တဖတော အနုက္ကမေန ဝိပဿနာဝစုန္တော၊ ပဉ်းမျှားကြိုးကုတ် အားထုတ် ဖော်မူခဲ့သည်ရှိသော်။ တိယာမရတ္တိ၊ ညဉ့်သုံးယံတို့ ကာလပက်လုံး။

ညဉ့်သုံးယံလုံး အားထုတ်ဘာ၊ ပထမယံက ခြောက်နာရီလောက်စလိုက်တာ ဆယ့်တစ်နာရီပြီ။ ဆယ့်တစ်နာရီလောက်ကနေ ထိုင်လိုက်တာ ဒုတိယသန်းခေါင်ကျော် နှစ်ချက်လောက်ပြီး။ သန်းခေါင်ကျော် နှစ်ချက်လောက်က ကနေ ဆက်ပြီးတော့ အားထုတ်လိုက်တာ အာရုံလဲဘက်ရော ညဉ့်သုံးယံ မဟုတ်လား။

"ဘုန်းကြီးတို့ယောဂီများ ညဉ့်ဘယ်နှစ်ယံအားထုတ်လဲ"
"အားထုတ်ပါတယ်ဘုရား"

ဟုတ်လား၊ အားထုတ်ပါတယ်။ သူတို့လဲ ညဉ့်သုံးယံပါပဲ။
တိယာမရတ္တိ၊ ညဉ့်သုံးယံတို့ပတ်လုံး၊ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကတ္တာ၊ ပြုဘော်မူခဲ့သည်ဖြင့်၍။

ဘုန်းကြီးတို့ယောဂီများ ဒီလိုမထေရ်ကြီးတွေ ဒီလိုအလုပ်လုပ်သွားပုံကို ကြည်ညိုကြရမယ်နော်။ ဒီမထေရ်ကြီးများ ဒီကဲ့သို့ ကြိုးစားသွားပုံတွေကို ကြည် လှိုပြီးတော့ အေး-ငါတို့မှာလိုနေသေးတဲ့ ဝီရိယတွေ ကြိုးစားမှေးမယ်။ မထေရ် ကြီးများရဲ့ သဒ္ဓါဝီရိယမျိုးတွေကို အားကျစေချင်လို့ပါ။ လိုနေသေးတဲ့ သဒ္ဓါဝီရိ ယတွေကို ကြိုးစားမှေးစေချင်လို့ပါ။

သမဏဓမ္မံ၊ ရဟန်းတရားကို။ ကတ္တာ၊ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့ သည်ရှိသော်။ အရဏ္ဏဂုဟမနေ၊ အရဏ်တက်သောကာလ၌။ အရဟတ္တံ၊ အရဟတ္တ

ဖိုလ်သို့။ ပဘူဝ၊ ဆိုက်ရောက်တော်မူခဲ့၍။ ဤမံ ဥဒါနံ၊ ဤကဲ့သို့ ဝမ်းသာခြင်း ကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ ဥဒါန်းဂါထာတွေကို။ ဥဒါနေသိ၊ ကျူးဖျင့်တော်မူခဲ့လေပြီ။

အရုဏ်လဲတက်ရော မဟာတိဿမထေရ်ကြီး ရဟန္တာဖြစ်သွားတယ်။ ရဟန္တာဖြစ်တဲ့အခါကျတော့ မဟာတိဿမထေရ်ကြီးဟာ ဥဒါန်းဂါထာတွေ တောင်အော်ပြီးတော့ ဆိုသွားသေးတယ်။ဥဒါန်းဂါထာတွေ အော်ပြီးဆိုသွားတော့ ဟိုမှာ အိပ်စောင်နေတဲ့ လူဆိုးတွေ ဒီတော့မှနိုးတာ။ ဟဲ့-ကိုယ်တော်ကြီး ဂါထာတွေ ကျူးနေတယ်။ နားထောင်ကြစို့ဟိုပြီး ထလာကြတယ်။ မထေရ်ကြီး ဘာတွေ့ရှာလိုက်သလဲ ကြည့်ရအောင်။

မဟာတိဿမထေရ်ကြီး ဥဒါန်းဧကူကျူးပြီး ပရိနိဗ္ဗာန်စံခြင်း

ဥဘော ပါဒါနိ ဘိန္ဒိတ္ဝာ၊ သညူပေဿာမိ ဧဝါ အဟံ။
အဋ္ဌိယာမိ ဟရုယာမိ၊ သရာဂမရဏံ အဟံ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသ အဋ္ဌကထာ သတိပဋ္ဌာနသုတ္တဝဏ္ဏနာ-၂၃၈။

ဥပါသကာ·အို-ဒါယကာအပေါင်းတို့၊

လူဆိုးတွေကို လှပ်းခေါ်လိုက်တာ၊ သူ့ကိုသတ်ဖို့ စောင့်နေကြတဲ့ လူဆိုးတွေ့။

ဥပါသကာ၊ အို-ဒါယကာအပေါင်းတို့။ ဥဘော ပါဒါနိ၊ ဟောဒိပေါင်နှစ်ဘက်တို့ကို။ ဘိန္ဒိတ္ဝာ၊ ချိုးပြီးဘော့မှ။ ပါဋိဘောဂံ၊အာမခံကို။ ဒဿာမိတိ၊ ပေးအံ့ဟူ၍။ သညာပေဿာမိတိ၊ သိစေပေတော့အံ့ဟူ၍။

ပေါင်နှစ်ဘက်ချိုးတယ်ဆိုတာ ငါဝေဒနာ ရှုမလို့မဟုတ်ဘူး။ မပြေးနိုင်ဘူးဆိုတဲ့အကြောင်း မင်းတို့ကို ငါအာမခံပေးတာ။ ရှင်းရှင်းပဲပြောတယ်နော်။

ပါဋိဘောဂံ၊ အာမခံကို။ ဒဿာမိတိ၊ ပေးမယ်လို့။ သညာ ပေဿာမိတိ၊ သိစေအံ့ဟူ၍။ စိန္တယိတ္ဝာ၊ ကြံစည်၍။

အဟံ၊ ငါသည်။ သရာဂမရဏံ၊ ရာဂအစရှိတဲ့ ကိလေသာတွေနဲ့တကွ သေရမှာကို။ အဋ္ဌိယာမိ၊ ငြီးငွေ့လွန်းလို့ပါ။

ရာဂတွေနဲ့ သေရမှာ ငါငြိုးငွေ့လွန်းလို့ကွာ။ ပရိနိဗ္ဗာန် စံကာနီးလေးမှာ ကပ်ပြီးတော့ မထေရ်ကြီး ပြောသွားတယ်နော်။

အဟ်၊ ငါသည်။ သရဂမရဏံ၊ ရာဂအစရှိတဲ့ ကိလေသာတွေနဲ့တကွ သေရမှာကို။ အင်္ဂီယာမိ၊ ငြိုးငွေ့ပါပြီ။ သရဂမရဏံ၊ ကိလေသာရာဂ တဏှာလောဘတွေနဲ့ သေရမှာကို။ ဟရောယာမိ၊ ရှက်လှပါပြီ။

ကိလေသာတွေနဲ့ သေရမှာရှက်လွန်းလို့ တညလုံး အကြိတ်အနယ် အားထုတ်ခဲ့တာ။ ဘုန်းကြီးတို့ ယောဂီများ ဒီတရားနာပြီးရင် ဒီကနေ့ည မိုးလင်းအောင် ထိုင်ဖို့ကောင်းပြီ။ ကိလေသာတွေနဲ့ သေသွားရင် ရှက်စရာကြီးနော်။ ကိလေသာ ကင်းပြီးတော့ သေရမှ ဘုန်းကြီးတို့ဒယောဂီများ ဟိခိုဩတ္တပ္ပနဲ့ သေတာ။ ဒါမှမဟုတ်ရင် ကိသေလာနဲ့သေ ရှက်စရာကြီးတော့ ဖြစ်မှာဆိုတော့ တညလုံးထိုင်မှ ကောင်းမှာ။

"မဟုတ်လား"

"မှန်ပါဘုရား"

ပေါင်ကျိုးနေတဲ့ မထေရ်ကြီးတောင် တညလုံး လုပ်သေးတာပဲနော်။

ဧဝါဟံ စိန္တယိတ္ထာန၊ သမ္မသိတ္ထာန ယောနိသော။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ- ပဏမတဲ့၊ သီလနိဒ္ဒေသ- ၄၆။

ဧဝံ၊ ဤသို့။ အဟံ၊ ငါသည်။ စိန္တယိတ္ထာ၊ ကြံစည်ခဲ့၍။ ယောနိသော၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်သောအားဖြင့်။ သမ္မသိတ္ထာန၊ သုံးသပ်တော်မူခဲ့သည်ရှိသော်။

သမ္မသိတ္ထာန ယောနိသော- ဒီမှုက ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ သုတ်မဟာဝဂ္ဂ အဋ္ဌကထာမှု မူလပဏ္ဏာသ အဋ္ဌကထာများကတော့ ဒီဃဘိုမဟုတ်ဘူး။

ဧဝါဟံ စိန္တယိတ္ထာန၊ ယထာဘူတံ ဝိပဿိသံ။

မဇ္ဈိမနိကာယ်- မူလပဏ္ဏာသအဋ္ဌကထာ- သတိပဋ္ဌာနသုတ္တဝဏ္ဏနာ- ၂၃၈။

ယထာဘူတံ ဝိပဿိသံဆိုတဲ့မှုန့် လာဘာယ်၊ဒါဒေပမယ့် ယထာဘူတံ ဝိပဿိသံမှသက် ဝိသုဒ္ဓိမဂ်ကလာတဲ့ သမ္မသိတ္ထာန ဧယောနိသောဆိုတဲ့မှုကို ဘုန်းကြီးတို့က ပိုပြီးတော့ ကြိုက်တယ်။ ဒီတော့ အဲဒီ အဋ္ဌကထာအတိုင်း—

ဧဝံ၊ ဤသို့။ အဟံ၊ ငါသည်။ စိန္တယိတ္ထဝန်၊ ကြံစည်ခဲ့သည်ဖြစ်၍။ ယောနိသော၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်စသော အကြောင်းဖြင့်။ သမ္ပသီဒဝန်၊ ရွှမ့တ်ဆင်ခြင် သုံးသပ်ခဲ့သည်ရှိသော်၊

ယောနိသော မနသိကာရ အခြေခံ ဟာသာဘူတဉာဏ်နဲ့ ဆင်ခြင် သုံးသပ်တယ်။

သမ္ဗတ္တော အရဏ္ဏဂုမ္ပိ၊ အရဟာတ္တာ မဟာပုဏ္ဏိ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသအဋ္ဌကထာ- သတိပဋ္ဌာနသုတ္တဝဏ္ဏနာ- ၂၃၈၊

အရဏ္ဏဂုမ္ပိ၊ အရဏ်တက်ခြင်းဆိုဘဲ့ သဘောသည်။ သမ္ဗတ္တော၊ ငရုတ်လာသည်ရှိဒသ်။ သမ္ဗတ္တော အရဏ္ဏဂုမ္ပိ၊ အရဏ်တက်လတ်သည်ရှိဒသ်။ အရဟာတ္တံ၊ အာသဝေဝါကင်းကွာ ရဟန္တာကြီးမဲ့အဖြစ်သို့။ အဗဟိုဟိ၊ ဂေကာင်းစွာပေးသွားရောက်ရှိဟောင်မှုခဲ့လေ၏။

ကုတော်၊ ဤသို့။ ကုမံဥဒါနံ၊ ဤကဲ့သို့ဝမ်းမြောက်ခြင်းကြောင့် ဖြစ်ပေါ်၍လာသော ဥဒါန်းဂါထာကို။ ဥဒါနေသိ၊ ဂေကာင်းစွာမဓသွ ဤ။းရင့်ခတော်မူခဲ့ပါပေတော့သတည်း။

"သာဓု- သာဒု- သာဓုပါဘုရား"

မဟာတိသမထေရ်ကြီး အရဏ်တက် ရဟန္တာဖြစ်လဲပြီးရော ဝမ်းသာလွန်းလို့ ဥဒါန်းတောင် ကျူးသွားသေးတယ်။ ကျူးသွားတဲ့ဥဒါန်းစကားတော်ကို မှတ်ထားကြပါ ဘုန်းကြီးတို့ ယောဂီများ မှတ်ဖို့က ပေါင်ကျိုးနေသောကို မျက်နှာပေး ကိုးပါသာ ရာဂတွေနဲ့ ဆေရမှာရှက်လွန်းလို့ တည်လုံးအားထုတ်ကြတယ်၊ မထေရ်ကြီးရဲ့ ဩဝါဒ တို့ဒယောဂီများ စွဲဖောင်မှတ်သွားကြ။တို့ယောဂီများလဲ ဂါဒ်လာသနဲ့ ဆေရမှာရှက်ရင် ပေါင်မှ မကျိုးသေးပဲ အားထုတ်ဖို့ ဂေကာင်းပါတယ် ဆိုဘာလေးတွေကြောင့် ကိုယော ဂီများ ထ ဂ မပြေးကြနဲ့ဗျာ။

ဒေး- မဟာဝံသမထေရ်ကြီး ဥဒါန်းဂါထာ ကျူးလဲပြီးရော ဘုံးတော်ကို အနားရောက်လာကြတယ်။ မထေရ်ကြီးကို လှမ်းတွေ့ သတ်ဖြစ်ပြီးယောင် မလိုတော့ဘူး။ အာယုသင်္ခါရ ဘခါတည်း ကုန်ဖြစ်ပြီ၊

ကုမ်ဥဒါနံ၊ ဤကဲ့သို့ ဝမ်းသာခြင်းကြောင့် ဖြစ်ပေါ်ရှိလာတဲ့ ဥဒါန်းဂါထာကို။ ဥဒါနေတွာ၊ ကျူးရင့်ခတော်မူခဲ့ပြီးတော့မှ။ သော၊ ထိုမဟာဂိသာ

မထေရ်ကြီးသည်။ ဇီဝိတသမသီသီ၊ ဇီဝိတသမသီသီဆိုတဲ့ ရဟန္တာမျိုးသည်။ ဟုတ္တာ၊ ဖြစ်၍။ ပရိနိဗ္ဗာယီ၊ ခန္ဓာငါးပါးလဲ ချုပ်ငြိမ်း ကိလေသာဘေလဲ အကုန်လုံး ချုပ်ငြိမ်းတာဆိုတဲ့ ခန္ဓပရိနိဗ္ဗာန် ကိလေသပရိနိဗ္ဗာန်နှစ်ပါးဖြင့် မီးပုံကြီး အပြီးကိုင် ငြိမ်းသလို ဝင်စံချုပ်ငြိမ်းကာ ရုပ်သိမ်းတော်မူခဲ့ရှာလေသတည်း။

"သာဓု- သာဓု- သာဓုပါဘုရား"

အာဇာနည်ပုဂ္ဂိုလ်ကြီးများရဲ့ လုံလဝီရိယကို စံနမူနာယူ

ဒီတော့- ဒုက္ခဝေဒနာနဲ့ပတ်သက်ခင် ဒုက္ခဝေဒနာကို စိုက်စိုက်စူးစူးရှုချင်တဲ့ပုဂ္ဂိုလ်ရှု၊ နိုင်ငံအောင်မရှုနိုင်ငံ မူလကမ္မဋ္ဌာန်းပြန်ကိုင်၊ မူလကမ္မဋ္ဌာန်းလဲပဲ လွှတ်ဖြေပြီ။ ဒုက္ခဝေဒနာခံကြောင့် ဒေါမနဿဖြစ်ပြီဆိုချင်—

သုပ္ပဂါသာတို့လို ကြည်နူးစရာ အာရုံတခုခုပြောင်း၊ မဟာတိဿမထေရ်ကြီးကဲ့သို့ ပီဘိပါမောင်္ဂ သီးရှိရင်လဲ သိလ နှလုံးသွင်း။ ဆိုလိုတာက စိမ်းကို ကြည်နူးမှုရအောင်ယူ အာရုံးပြောင်းပြီးဘေဒယူ၊ ဒါဝေဒနာဝိကွမ္ဘနရဲ့ သဘောပါပဲနော်။ ဒုက္ခဝေဒနာနဲ့ ပတ်သက်လို့ ဒီလိုနော်။ သုခဝေဒနာနဲ့ ပတ်သက်လို့ကတော့ တခြားအာရုံ ပြောင်းစရာမလိုဘူး။ လက်ရှိဖြစ်နေတဲ့ သုခဝေဒနာကို ဝိပရိဏာမဒုက္ခ တင်ရှုလိုက်ရင် သုခဝေဒနာက ရာဂတွေ ကွာသွားပြီ။ ဘုန်းကြီးတို့ယောဂီများ မှတ်မိလောက်ပါပြီနော်။

အဲဒီလို ဝေဒနာနုပဿနာခန်းမှာ ဝေဒနာရှုပုံ ဝေဒနာခွဲပုံများကို ပိုင်ပြီဆိုရင် စိတ္တာနုပဿနာတက်လိုက်တော့ ယခုနက ပြောခဲ့ပြီးပြီ။ ပီတိ သုခ ပါမောဇ္ဇတို့ လွှမ်းနေတဲ့ ဒီစိတ်ဟာ အေးလို့ ကြည်နေတဲ့အချိန်။ အေးတာလေးတခုနဲ့သိတာလေးတခု၊ ဒါပဲကျန်တယ်ဆိုရင် စိတ္တာနုပဿနာလိုင်းနော်။ စိတ္တာနုပဿနာနဲ့ ပတ်သက်ဘဲ့ သတိပဋ္ဌာန် ပါဠိတော်က ယခုနက ရှုတ်ခဲ့ပြီးပြီ။

စိတ္တာပဋိသံဝေဒီ၊ အဲဒီ အေးနေတဲ့ စိတ်ကို ကောင်းကောင်းကြီး ရှုမှတ်လျက်။

အဘိပမောဒယစိတ္တံ၊ အလွန်ရွှင်လန်းနေတဲ့ စိတ်ကို ကောင်းကောင်းကြီး ရှုမှတ်လျက်။

သမ္မာဒဟံ စိတ္တံ၊ လို့တဲ့နေရာ ထားနိုင်ပြီဆို့တဲ့စိတ်ကို ကောင်းကောင်းကြီး ရှုမှတ်လျက်။

ဝိမောစယစိတ္တံ၊ ရာဂ ဒေါသ မောဟတွေမှ နိဝရဏတရားဆိုးတွေမှ လွတ်မြောက်နေတဲ့ စိတ်ကို ကောင်းကောင်းကြီး ရှုမှတ်လျက်။

ဝိမုဉ္စံ စိတ္တံ ဝိမုတ္တစိတ္တန္တိ ပဇာနာတိ။

ဝိမုတ္တံ စိတ္တံ၊ ရာဂဒေါသမောဟတွေမှ လွတ်မြောက်နေတဲ့ စိတ်ကို။ ဝိမုတ္တ စိတ္တန္တိ၊ရာဂ ဒေါသ ၄မောဟတွေမှ လွတ်မြောက်နေတဲ့ စိတ်ပါပဲလို့။ပဇာနာတိ၊ သိအောင် ရှုပါလေ။

ကုတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ တတိယ စတုဒ္ဓကံ၊ အာနာပါနသတိသုတ္တန်မှာ လာတဲ့ အာနာပါန တတိယစတုက္ကဇ္ဈာန်။ စိတ္တာနုပဿနာ ဘာဝနာယ၊ စိတ္တာနုပဿနာ ဘာဝနာပွားများရာ ပွားများကြောင်း နည်းလမ်းကောင်းဖြင့်။ အဝေါစ၊ ကရုဏာရွှေထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါလေသတည်း။

“သာဓု-သာဓု-သာဓု ပါဘုရား”

ကာယ၊ ဝေဒနာ၊ စိတ္တ။အဲဒီအထဲကို ဓမ္မာ နုပဿနာသတိပဋ္ဌာန်ပါဠိတော်လေးပိုဒ်သွင်းရင် တို့ယောဂီများ အကုန်လုံးခြုံပြီးတော့ ငုံမိသွားလိမ့်မယ်၊ မနက်ဖန် မနက်ပိုင်းမှာ ဓမ္မာနုပဿနာသတိပဋ္ဌာန် ကူးပြီးတော့ အခြားဝတ္ထု တပိုဒ် ထည့်သွင်းပြောမယ်။

ယခု နာကြားခဲ့ကြတာတွေကို ဘုန်းကြီးတို့ ယောဂီများ ပြန်ကြည့်လိုက်လို့ ရှိရင် ပထမနေ့က ကာယာနုပဿနာကစပေး။ ယောဂီများ သဒ္ဓါဖြစ်ဖွယ်ရာ တင်ပေးတဲ့ ဝတ္ထုက ပီတမလ္လမထေရ်နော်။

ရှုပံ ဘိက္ခဝေ နံ တုမ္မာကံ။

ရှုပ်တရေးဟာ ငါပိုင်တဲ့ ဥစ္စာမဟုတ်။ရုပ်ကိုအာပြစ်ရှာ၊ ဆန္ဒရာဂကင်းအောင် ရှုပြီးတော့ ပီတမလ္လ လုံစူးယင်းက ရဟန္တာဖြစ်သွားတဲ့အကြောင်း ရဟန္တာဖြစ်ပြီး ဥဒါန်းကျူး။ သူလဲပဲ ပရိနိဗ္ဗာန်စံသွားတယ်။

ဒုတိယနေ့မှာ ဝေဒနာနုပဿနာအနေနဲ့ အူတွေ့ ပေါက်ထွက်တဲ့ အထိ ဝေဒနာကို သည်းခံပြီးတော့ အားထုတ်တဲ့ စိဘ္ဘလမထေရ်ကြီး။ အဲဒီမထေရ်ကြီး လဲပဲ ရဟန္တာဖြစ်ပြီးတော့ သူလဲပဲ ပရိနိဗ္ဗာန်စံသွားတယ်။

"ကိုင်း-မနေ့ကတော့ ဘာပါလိမ့်"
"
.....
"မေ့ပြီနော်"

ဝက္ကလိမထေရ်တဲ့။ရောဂါဝေဒနာ နှိပ်စက်။ သမထ ဝိပဿနာခွာထားတဲ့ ကိလေသာကို မဂ်နဲ့ ခွာတယ်လို့ အဲထင်ရောက်ပြီးတော့ သူကိုယ်သူ အထင်ကြီးပြီး လည်ပင်း ခေးနဲ့လို့။ သေခါနီးမှ ဒေါမနဿဖြစ်တာ။

"ပဟုတ်လား"
"မှန်ပါဘုရား"

အေး-သေခါနီးကပ်ဖြစ်နေတဲ့ ဒေါမနဿကိုလဲ ကြိတ်ပယ်ခွာပြီးတော့ မူလကမ္မဋ္ဌာန်းနဲ့ အရဟတ္တဖိုလ် ပေါက်ပြီး သူလဲ ပရိနိဗ္ဗာန်စံသွားရတာပဲ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ယခု မဟာတိဿကိုယ်တော်ကြီးလဲပဲ ပေါင်နှစ်ဘက်ကျိုးနေတဲ့ ဒုက္ခဝေဒနာ မျက်နှာလဲ့။သိလကစပြီးတော့ တက်လိုက်တာ ပိတိပါမောဇ္ဇတွေရလို့ ပိတိပါမောဇ္ဇနဲ့ ယှဉ်တဲ့ သုခဝေဒနာဖြင့် ဒုက္ခဝေဒနာကို အစားထိုးပြီးတော့ခွာ၊ မူလကမ္မဋ္ဌာန်းနဲ့ တက်ပြီးတော့ သွားလိုတ်တာ။ သူလဲ အရဟတ္တဖိုလ်ပေါက်ပြီးတော့ ပဂိုနိဗ္ဗာန်စံ။

"ဘုရားနဲ့တွေတောင် ကျိုးသွားသေးတယ် မဟုတ်လား"
"မှန်ပါဘုရား"

အေး-တို့ယောဂီများ၊ ဒီဝတ္ထု၊တွေ့ကို နာကြားခြင်းဖြင့် တို့ဘာကို ရည်ညွှန်းနေတယ်ဆိုတာကို သိဖို့ကောင်းပြီ။ အတိုခုံးလိုက်ရင် သေခါနီးလေးမှာ ကပ်ပြီးတော့ အပြင်အထန် အားထုတ်သွားတဲ့ မဇ္ဈိမကြီးများရဲ့ လုံ့လဝီရိယတို့ ကြည့်ဦးဖို့ရန် ဘုန်းကြီးတိုက်တွန်းနေတာ။

ဘုန်းကြီးကို ယောဂီများ ဒီခန္ဓာရထားရင် ခန္ဓာဟာ ဘဝတခု သေခြင်းနဲ့ ကခုန်အဆုံးသတ်ရမယ်။

“ဒီလိုမဟုတ်လား”
“မှန်ပါတယ်ဘုရား”
တရားစတဲ့နေ့က ပေးခဲ့ဘဲ့ ပရိသတ်ထဲမှာ—
“မရဏသတိဆိုတာ မပါဘူးလား”
“ပါပါတယ်ဘုရား”

အဝဿံ မေ မယာ မရိတဗ္ဗမေဝ။

မယာ၊ ငါသည်။ အဝဿံ၊ မခွတ်ခင်ကုန် အမှုန်အားဖြင့်။ မရိတဗ္ဗမေ၊ သေရမည့်သဘော ရှိတော့သည်သာလျှင်တည်း။
ငါဟာ ကေန်မုခြ သေရမှာပဲ။

မရဏပရိယောဂကာနံ မေ ဇီဝိတံ။

ရလာတဲ့ရုပ်နာမ် တနေ့ပျက်မှာ။ ဘဝတခု သောခြင်းနဲ့ အဆုံးသတ်မှာက လူတိုင်း ကိန်းသေ။ ဒါ့ကြောင့် မအိုခင် မနာခင် မသေခင်တဲ့က ကြိုတင်ရှာထား။ အိုနာသေ ကပ်နေပြီဆိုတဲ့ အချိန်ကျတော့ကော မရှာရဘူးလား ဆိုတော့ အခုပြောခဲ့တဲ့မထေရ်ကြီးတွေ့ရဲထုံးနှလုံးမူ။ ကပ်နေချိန်လေးမှာ သာတောင် ကြိုးစားရအုန်းမယ်။

အသမွှာဟ မရဏန္ဓဲ၊ သမွှာဟမရဏ။ သမွှာဟမရဏံ၊ ဒုက္ခံတဲ့။ တွေ့တွေ့ ဝေဝေနဲ့ ညည်းညည်း ညူညူသေရရင် ဒုက္ခ။ အသမွှာဟမရဏံ သုခံတဲ့။ မတွေ့ မဝေ ကြည်ကြည်လင်လင် သေရမှု ချမ်းသာတယ်။ ဒါ့ကြောင့် သေခါနီးကပ်နေတဲ့ အချိန်ကလေးအထိ ကြိုးစားကြပါ။ ကိုင်း-ဒါ့ကြောင့် နိဂုံးချုပ်အနေနဲ့ လိုက်ဆိုကြစမ်း။

“ကိုယ့်ထက်ကြီးသူ၊ ကိုယ့်အောက်လူ၊ ရှယ်တူသေတာ မျှားလှပြီ”
“ကိုယ့်ထက်ကြီးသူ၊ ကိုယ့်အောက်လူ၊ ရှယ်တူသေတာ မျှားလှပြီ။

“ခဏမစဲ၊ အိုရမြဲ၊ ကိုယ်လဲ သေဘက်နီးခဲ့ပြီ”
“ခဏမစဲ၊ အိုရမြဲ၊ ကိုယ်လဲ သေဘက်နီးခဲ့ပြီ”

“မသေရမီ၊ ပါရမီ၊ ငါသည် ဖြည့်မှ၊ သင့်တော့မည်”
“မသေရမီ၊ ပါရမီ၊ ငါသည် ဖြည့်မှ၊ သင့်တော့မည်”

အေး-မသေခင်က ကြိုးစားပြီးဘဲ့ ဘုန်းကြီးတို့ ယောဂီများ၊ အသက်ရှည်ရတဲ့ ဘဝတခုဆိုတာ ဘာမှမကြာလိုက်ဘူး။ နှစ်ပေါင်း (၆၀) (၇၀) ဆိုတဲ့ ကိုယ့်အသက် ကိုယ်ပြန်တွက်ကြည့်။ ငါနေခဲ့ရတာ ဘယ်လောက်ကြာပြီလဲဆိုရင် အခုမှ ကိုယ့်ကိုယ်ကို ပြန်စဉ်းစား။ ကလေးကလေး ထင်တုံးရှိသေးတာ။ ကလေးဆိုတဲ့ အမှတ်သညာ အခုထိ ကုန်သေးတာမဟုတ်ဘူး။

ဘုန်းကြီးတို့ ယောဂီများရဲ့အမှုအရာကလေးတွေ ပြန်ကြည့်ပေါ့။ဟုတ်လား။ ဒါကြောင့်မို့လို့ ဘဝတခုဟာ နှစ်ပေါင်း(၄၀) (၅၀) (၆၀)ကြာပင်ကြာငြားသော်လဲပဲ မိမိတို့ ကိုယ်ကိုဘဲ့ မိမိတို့ ငယ်သေးတယ်လို့ ထင်နေကြတာ။ ပြန်ကြည့်လိုက်တော့ ဘဝနိဂုံး ခုံပ်ဖို့ဟာ တယ်မကြာဘူးလို့ သဘောကျပြီးတော့ မသေခင်ကလေး ကြိုတင်ပြီးတော့ ရွေးရွေးအာဇာနည် မထေရ်ကြီးများရဲ့ထုံး နှလုံးမူပြီး ကိုယ်ခန္ဓာရဲ့ အနှစ်မရှိပုံတွေကို စိုက်စိုက် စူးစူးကြည့်။ ခန္ဓာထဲက ဝိပဿနာဉာဏ်ဆိုတဲ့ အနှစ်ကို မရ ရအောင် ပွဲးများကြိုးကုတ် နိုင်ကြပါစေကုန်သတည်း။

"သဒေ့-သဒေ့-သဒေ့ ပါဘုရား"

စတုတ္ထပိုင်း ပြီး၏။

ပဥ္စမပိုင်း

ဝိညာဏကွန်ရာ

ဓမ္မာနုပဿနာ သတိပဋ္ဌာန် အလုပ်ပေးတရားတော်နှင့် ဆက်စပ်၍ ဟော ကြားအပ်သော ဖေဏပိဏ္ဍုပမသုတ္တန်ရဲ့ ပဥ္စမအပိုင်း။

ဖေဏပိဏ္ဍုပမသုတ္တန်က ခန္ဓာငါးပါး ဟောတယ်။ ဒီကလဲ ငါးရက်စခန်း ဆိုတော့ ခန္ဓာငါးပါးလဲ စုံရော အလိုလိုရက်လဲစေ.သွားရော။ ရက်ကိုအထူး တွက်နေစရာ မလိုတော့ဘူး။ ဝိညာဏကွန်ရာရောက်ရင် တို့ပြီးပြီဆိုတာ အလိုလို သိကြ။ ဒီတော့ ဝိညာဏကွန်ရာအကြောင်း နားထောင်ကြည့်လိုက်။ ပါဠိတော်ထဲမှာ။

မျက်လှည့်ပညာသဘောနဲ့ မျက်လှည့်ကိုကြည့်နည်း

သေယျထာပိ ဘိက္ခဝေ မာယာကာရော ဝါ မာယာကာရန္တေ ဝါသီ ဝါ စတုမဟာပထေ မာယံ ဝိဒံသေယျ၊ တမေနံ စက္ခုမာ ပုဂ္ဂိသော ပဿေယျ နိဗ္ဗာယေယျ သောနိသော ဥပပရိက္ခေယျ တာဟ တံ ဟသေတော နိဗ္ဗာယတော ယောနိသော ဥပပရိက္ခတော ရိတ္တကညဝ ခါယေယျ၊ တုစ္ဆကညဝ ခါယေျ၊ အသာရကညဝ ခါယေယျ၊ ကိ• ဟိ သိယာ ဘိက္ခဝေ မာသးယ သာရေး။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-ဖေဏပိဏ္ဍုပမသုတ်--၁၁၆။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ သေးသူထာပိ၊ဥပမာ ဖြင့် ပြရမည်ဆိုပါလျှင်။ မာယာကာရော ဝါ၊ မျက်လှည့်ဆရာကြီးသည် လည်းကောင်း၊ မာယာကာရန္တေဝါသီ ဝါ၊ မျက်လှည့်ဆရာကြီးရဲ့ တပည့်

တယောက်ယောက်သည်လည်းကောင်း။ စတုမဟာပထဝေ၊ လမ်းဆုံလမ်းမ လမ်းလေးခွဒ္ဌ။ မာယံ၊ မျက်လှည့်ကို။ ဝိဒံသေယျ၊ ပြ၍နေရာ၏။

ဥာဏမာနဲ့ပြောရမယ်ဆိုရင် မျက်လှည့်ဆရာကြီး တယောက်။ ဒါမှမဟုတ် မျက်လှည့်ဆရာကြီးရဲ့ ကျမ်းကျင်တဲ့ တပည့် မျက်လှည့်ဆရာတယောက်ဟာ လမ်းဆုံလမ်းမ လမ်းလေးခွမှာ မျက်လှည့်ကို ပြနေတယ်။အဲဒီ မျက်လှည့်ပြနေတဲ့ နေရာသွားပြီးတော့—

စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော ယောကျ်ားတယောက်သည်။ ပသေယျ၊ ရှုခဲ့လေရာ၏။

မျက်စိမြင်တဲ့ လူတယောက် မျက်လှည့်ပြတဲ့နေရာ သွားပြီးတော့ ကြည့်တယ်။

ဥပနိဇ္ဈာယေယျ၊ အနီးကပ်ပြီးတော့ ကြည့်ကပ်။ ယောနိသော ဥပပရိက္ခေယျ၊ အကြောင်းနှင့်အကျိုး စုံစမ်း ဆပ်ခြင်ပြီးတော့ ကြည့်တယ်။

မျက်လှည့်သွားကြည့်တော့ ကြည့်တဲ့လူဟာ—

(၁) အဝေးကကြည့်တာ၊
(၂) အနီးကပ်ပြီးတော့ကြည့်တာ၊
(၃) သေသေချာချာ စုံစမ်း စိစစ်ပြီးတော့ ကြည့်တာ။

အဲဒီလို ကြည့်နည်းသုံးနည်းနဲ့ ကြည့်လိုက်တော့ ကြည့်တဲ့လူဟာ ဘယ်နှယ်ထင်သွားတုံးဆိုတော့—

ရိတ္တကညော ခါယေယျ၊ ဩဒ်-ဒီဥစ္စာဟာ မဟုတ်တာတွေကို လှည့်စားပြနေတာပဲ။

တုစ္ဆကညော ခါဒယျ၊ အချည်းနှီးကိစ္စတွေ ပြနေတာပဲ။

အသာရကညော ခါယေယျ၊ သူတို့ပြနေတဲ့အထဲမှာ တကယ့် အနှစ်သာရ ဘာမှမရှိဘူး။

လိမ်နေတာတွေပဲလို့ သေသေချာချာ သိသွားတယ်၊ သာမန် ကြည့်သွားတာမျိုးကတော့ တကယ်ဟုတ်တယ်ပဲ ထင်တာ။ အဲဒီလို မျက်လှည့်ကြည့်တဲ့ အခါကျရင် အနီးကပ်ပြီးတော့ သေသေချာချာ စုံစမ်း စိစစ်ပြီးတော့ ကြည့်မှ မမှုက်တာတွေ့ ပြနေကြောင်း ထင်ရှားတယ်။

စည်းကလေး ပိုင်းထားတယ်တဲ့၊ တချို့ပြောတာပဲ။ အဲဒီစည်းပိုင်းထဲ ဝင်ပြီးတော့ မုဆိုးဒူးထောက်ထိုင်၊ မိမိရဲ့ ဒုဂ္ဂရပေါက်ကို ဘယ်ဘက်ဖနောင့်နဲ့ ပိတ်ပြီးတော့ ထိုင်ကြည့်ရင် မဟုတ်တာတွေ ပြနေမှန်း အကုန်မြင်ရတယ်လို့ ပြောတာပဲ အဲဒီနည်းလဲ ကြားဘူးတယ်။ အဲဒီစည်းပိုင်းထဲကို အပေါ်ကနေ ကိုင်းနေတဲ့ သစ်ပင်ပေါ် တက်ပြီးတော့ ကြည့်ရင်လဲ လှည့်ဖြားနေတာတွေ အကုန်မတ္ထရတယ်လို့ အဲဒီလို ကြားဘူးဘယ်။ မဟုတ်တာတွေ လိမ်ပြနေတာ။

အဲဒီလိုမျိုး သူတို့သတ်မှတ်ထားတဲ့ စည်းပိုင်းထဲဝင်၊ ညာဒူးထောက် ဘဋ္ဌေ ဖြဟ္မာထိုင်နော်။ ဘယ်ဒူးထောက်ထိုင်ဘာက မုဆိုးထိုင်၊ ဖြဟ္မာကြီးတွေ ဘုရားထံမှောက် ရောက်လာတဲ့အခါ—

ဒက္ခိဏေဿကုမ္ဘာလံ ပဏဝိယံ နိပဘိတ္တာ။

ဒီလိုချည်း ပါဠိတော်ထဲက လာတယ်။ ညာဘက်ဒူး မြေကြီးထောက်၊ ဘယ်ဘက်ဒူးတောင်၊ အဲဒီလိုထိုင်တာက ဖြဟ္မာထိုင် ခေါ်တယ်။ မုဆိုးထိုင်ဆိုတာကတော့ ဒီလိုမဟုတ်ဘူး၊ ဘယ်ဘက်ဒူး ထောက်ထားတယ်၊ ညာဘက်ဒူး ထောင်ထားတယ်။ ဘယ်ဘက်ဒူး ထောင်လိုက်တယ်ဆိုတဲ့အရှိရင် ဖနောင့်ဟာ မိမိရဲ့တင်ပါးအောက် တခါတည်း ကျသွားတယ်။ ဒီတော့ အောက်ဘက်ဒွါရကို အဲဒီဖနောင့်နဲ့ ပိတ်ပြီးတော့ ထိုင်လိုက်ပိုရှိရင် စည်းပိုင်းထဲသားဝင်ထိုင်၊ မျက်လှည့်ဆရာ ဘာမှလုပ်ပြလို့ မရဘူးပြောတယ်။ မျက်လှည့်ကို နှောင့်ယှက်ချင်ရင် အဲဒီနည်းလေး မှတ်ထား။ အဲဒါဟာ ယောနိသောဥပပရိက္ခေယျပေါ့။ ဒုါကြောင့်—

စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ ယောကျ်ားတယောက်သည်။ ပသေယျ၊ ကြည့်ခဲ့လေရာ၏။

အဲဒါက စည်းပိုင်းအပြင်ဘက် အဝေးကနေကြည့်တာ။

ဥပနိဇ္ဈာယေယျ၊ အနီးအစပ် ချဉ်းကပ်ပြီးတော့ ကြည့်ခဲ့လေရာ၏။

ပိုင်းထဲရောက်အောင် ကပ်ပြီးတော့ နီးနီးစပ်စပ် ကြည့်တယ်၊ ဟုတ်မှ ဟုတ်ရဲ့လားလို့။

ယောနိသော ဥပပရိက္ခေယျ၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်သော အားဖြင့် စီစစ် ဆင်ခြင်၍ ကြည့်ရှုလေရာ၏။

သူမဟုတ်တာတွေ့ လုပ်ပြနေတာကို သိအောင်ဆိုပြီးတော့ ခုနကလို မုဆိုးထိုင် ထိုင်ပြီးကော့ အသေအချာကြည့်တယ်။ ကြည့်လိုက်တော့-

ဟာဿ တံ ပဿတော နိဇ္ဈာယတော ယောနိသော ဥပပရိက္ခတော ရိတ္တာကညော ဒါယော၊ တုစ္ဆာကညော ဒါယော၊ အသာရကညော ဒါယော။

သံယုတ္တနိကာယ်၊ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်-ဖေဏပိဏ္ဍသုတ်-၁၁၆။

တံ၊ ထိုမျက်လှည့်အတတ်ကို။ ပဿတော၊ ရှုသော။ ဥပနိဇ္ဈာယတော၊ အနီးကပ်ပြီးတော့ ရှုသော။ ယောနိသော ဥပပရိ ဿတော၊ အကျိုးအကြောင်းတွေကို စုံစမ်း ဆင်ခြင်ပြီးကော့ ကြည့်သော့။ တဿ၊ ထိုမျက်လှည့်ရှုတဲ့ ပုဂ္ဂိုလ်အား။

ရိတ္တာကညော ဒါယော၊ အချည်းနှီးသောတွေသာလျှင် ထင်ရှား၍ **လာခဲ့လေရာ၏**။ တုစ္ဆာကညော ဒါယော၊ ရစရာ ယူစရာမရှိတဲ့ သဘောသာလျှင် ထင်ရှား၍ လာခဲ့လေရာ၏။ အသာရကညော ဒါယော၊ အနှစ်မရှိတဲ့ သဘောတွေသာလျှင် ထင်ရှား၍လာခဲ့ခလရာ၏။

အသေအချာစုံစမ်း စိစစ်ပြီးတော့ ကြည့်လဲကြည့်လိုက်ရော အေး-သူတို့ဟာ ဘာမှမဟုတ်တာတွေကို တိုက်လိမ်ပြနေတာလို့ အကြောင်းနဲ့တကွ စုံစမ်း၊ မဟုတ်မှန်း အကုန်လုံး သိတယ်။ အနီးကပ် အသေအချာ ကြည့်လိုက်တော့ ထင် ရှ သေတ္တာပုံးလေး အပေါက်ဖောက် အပေါ်က ပိတ်စအနီလေး အဝါလေးနဲ့ ပိတ်ထား။

မျက်လှည့်ဆရာက ဟောဒီမှာကြည့်၊ နွားချေးချပ်တွေ့ ကြဲလိုက်မယ်။ လာလာသမျှ ပရိသတ်မှန်ပျားသလက်စားချင်သလားပြော၊ ကိတ်မုန့်စားချင်သလားပြော ဆိုပြီးတော့ နွားချေးချပ်ကို ထဲ့ထားတဲ့ ထင်းရှ သေတ္တာပုံးဆဲက ဆဲ့ထုတ်လိုက်တော့ ပီနန်ကလာတဲ့ ဘိစကုတ်တွေ့ချည်း ထွက်လာဟယ်။ ဟန်ကျလိုက်တာ၊ ပရိသတ်တွေက တကျတ်ကျတ်နဲ့ ဝါးလိုက်ကြတာ နွားချေးချပ်မှန်းမသိကြဘူး။

ခင်ဗျားတို့ ဘာလို့ချင်သလဲပြော၊ ရွှေဒင်္ဂါးလို့ချင်သလား၊ ရုပါတယ် ဆိုပြီးတော့ အနီးအနားရှိတဲ့ ကျောက်ခဲတွေ့ ကုန်းကောက်တဲ့ပြီး ဆဲ့ထုတ်လိုက်တော့ အကုန်လုံး ရွှေဒင်္ဂါးတွေ့ချည်းပဲ။ အေး-ကျောက်ခဲတွေ့ ရွှေဒင်္ဂါးမှတ်လို့

အိတ်ထဲထည့်ပြီးတော့ သယ်သွာ လိုက်ကြတာ မုဆိုးဆိုင်ဆိုင်ကြသွဲ့လိုက်ဘော့မှ ကျောက်ခဲတွေမှန်းသိရတယ်။ဘုန်းကြီးတို့ ယောဂီများမုဆိုးထိုင်ထိုင် မကြည့်သေးလို့ ကျောက်ခဲတွေကို ရှေဒင်္ဂါးမှတ်နေကြတာ၊မျက်လှည့်ရဲသောဘော။

အပ်ချည်ကြိုးလေးထည့်လိုက်တယ်။ ဆွဲထုတ်လိုက်တော့ တခါတည်းကို မြွေဟောက်ကြီး ဖြစ်လာတယ်။အဲဒါ အဟုတ်ထင်ပြီးတော့ သိပ်ကြောက်တဲ့ လူတွေကလဲ ကြောက်လိုက်သေးတယ်။ အသေအချာကြည့်တော့ အဲဒါ အပ်ချည်ကြိုးဖြစ်နေတယ်။ ဒါကို အကြောင်းနဲ့တက္ခ စိစစ်ကြည့်တဲ့ ပုဂ္ဂိုလ်ကတော့ သိတယ်။ ဒါတွေဟာ အဟုတ်တကယ် မဟုတ်ဘူး။သူ လှည့်စားပြနေတာ။

ကြိုးတချောင်းကို မြွေလုပ်ပြတယ်။ နွားချေးချပ်တွေကို မုန့်ပျားသလက် ဘီစကွတ်မုန့်လုပ်ပြဘယ်၊ ကျောက်ခဲသံပြားစတွေကို ရှေဒင်္ဂါး ဓနဒင်္ဂါးလုပ်ပြီးတော့ ပြဘယ်။ ဒါဟာ လှည့်စားတဲ့ သဘော၊ ဘာမှ အနှစ်မရှိဘူးဆိုတာကို သေသေချာချာ မုဆိုးထိုင်ထိုင်ပြီး အနီးကပ် စည်းဝိုင်းထဲ ဝင်ကြည့်တဲ့ ပုဂ္ဂိုလ်မှ သိတယ်။ စည်းဝိုင်းထဲမှောက်အောင် ဝင်မကြည့်တဲ့ ပုဂ္ဂိုလ်၊ မုဆိုးထိုင်သလို အသေအချာထိုင်မကြည့်တဲ့ပုဂ္ဂိုလ် မသိဘူး။

ဝိညာဏကွန္ဒသာဟာ မျက်လှည့်နဲ့တူတယ်

ဧဝမေဝ-ဧဝံဘဆာ၊ ပမာထားယူ ထို့အဘူ။

ယံ ကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန်ံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓံ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ။

သံယုဇ္ဇာနိကာယ်-ခန္ဓဝဂ္ဂသံယုတ်ပါဠိဘော်-ဖေဏပိဏ္ဍူပမသုတ်-၁၁၆။

ဝိညာဉ်တွေကို ပေါင်းချုံပြီးတော့ ပြတယ်။

အတိတ်ဘာနာဂတပစ္စုပ္ပန်၊ အဘိတ် အနာဂတ်ပစ္စုပ္ပန်၌ ဖြစ်သော။ ယံကိဉ္စိ ဝိညာဏံ၊အမျှတ်အသား တပါးပါးသော ဝိညာဉ်ဘည်လည်းကောင်း။

အတိတ်က ဖြစ်ခဲ့ဘဲ သိမှုဆိုတဲ့ ဝိညာဉ်တွေ၊ ယခုဖြစ်နေတဲ့ သိမှုတို့ဲ ဝိညာဉ်ကြွေ၊ ခန္ဓာကိုယ်သေးရင် နောက်ဖြစ်ဖို့မယ့် သိမှုတို့ဲ ဝိညာဉ်တွေ အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလ သုံးပါး ဘယ်ဝိညာဉ်ပဲဖြစ်ဖြစ်၊ ဝိညာဏကွန္ဒသာဘဆား။

အဋ္ဌတ္တ-မိမိခန္ဓာထဲရှိတဲ့ ဝိညာဉ်။
ဗဟိဒ္ဓ-မိမိခန္ဓာ၌ အပြင်ဘက်ရှိသမျှ ဝိညာဉ်တွေ။
သြဠာရိကံဝါ သုခုမံဝါ-ဥတုအားကောင်း နူးညံ့တဲ့ခန္ဓာ ရထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာရှိတဲ့ ဝိညာဉ်တွေ။
ဟီနံ ဝါ အကုသိုလ်အခြေခံအပါယ်ဘုံးဘးတွေရဲ့ သန္တာန်၌နေတဲ့ ဝိညာဉ်တွေ။
ပဏီတံ ဝါ-မြတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ သန္တာန် ရှိနေတဲ့ ဝိညာဉ်တွေ။
ဘယ်ဝိညာဉ်ပဲဖြစ်ဖြစ်၊ ဝိညာဏာဒီခန္ဓာ တရားမှန်လို့ရှိရင်-

မာယူပမဉ္စ ဝိညာဏံ။

ဝိညာဏ်၊ သိတတ်တယ်ဆိုတဲ့ ဝိညာဉ်သည်။ မာယူပမံ၊မျက်လှည့်နဲ့တူတယ်။ ဘုန်းကြီးတို့ ယောဂီများ ဝိညာဉ်ဆိုတဲ့ အသံဟာ မျက်လှည့်နဲ့တူသတဲ့။
"ဝိညာဉ်ဟာ ဘာနဲ့တူပါလိမ့်"
"မျက်လှည့်နဲ့ တူပါတယ်ဘုရား"

မျက်လှည့်ဆိုတာ လူတွေကို လှည့်စားသလို၊ မျက်လှည့်ဆရာဟာ မျက်လှည့်ကြည့်သူအပေါင်းကို လှည့်စားပြသလို ဟောဒီ ဝိညာဉ်ဟာလဲပဲ သတ္တဝါတွေကို သိပ်ပြီးတော့ လှည့်စားတယ်။ လှည့်စားတဲ့အခါကျတော့ အမှန်ကို အမှား၊ အမှားကိုအမှန်၊ ဒီလိုပြောင်းပြန်ကြီး လှည့်စားပြီးတော့ သိစေတဲ့ သဘောဟာ ဝိညာဉ်ရဲ့ သတ္တိ။ ဒါ့ကြောင့်-

စက္ခုမာ၊ ပကတိ မျက်စိကောင်းရှိ နေပေသော။ ပုရိသော၊ ယောကျ်း တယောက်သည်။ တမေနံ·တံနေ ဝိညာဏံ၊ ထိုသိတတ်တယ်ဆိုတဲ့ဝိညာဉ်ကို။ ပဿေယျ၊သိတယ်သိဘယ်ဆိုဘာ ဝိညာဉ်ပါပဲလို့ ရှုခဲ့လေရာ၏။ဥပနိဇ္ဈာယေယျ၊ အနီးကပ်ပြီးတော့ ဒီဝိညာဉ် ဘာ့ကြောင့် သိတယ်ဆိုတာကို စုံစမ်းဆင်ခြင်ခဲ့လေရာ၏။ ယောနိသော ဥပပရိက္ခေယျ၊ အကြောင်းအကျိုးနှင့်တကွ ကပ်ပြီးတော့ ရှုခဲ့လေရာ၏။

ဝိညာဉ်ရဲ့ သဘောလက္ခဏာကို အနီးကပ်ပြီးတော့ မျက်လှည့်ကို အနီးကပ်ပြီး သေသေချာချာ ကြည့်သလို ကြည့်ကြပြီဆိုရင် ရိတ္တာ၊ တုစ္ဆာ၊ အသာရကအနှစ်မရှိတဲ့သဘော၊ ရယ်စရာ ဘာမှမရှိတဲ့သဘော၊ သတ္တဝါတွေကို လှည့်စား

ပြီးတော့ နှိပ်စက်နေတဲ့ သဘောတွေသာလျှင် ထင်ရှားလိမ့်မယ်။ ပါဠိတော်ပိုဒ်မှာ ဒီအတိုင်း ပြထားတယ်။

မျက်လှည့်ဆရာရဲ့ သတ္တိဟာ ဘာလဲဆိုရင် ဝဠုကသင်္ဘတဲ့။

"ဘာတဲ့ဘုံး"

"ဝဠုကသင်္ဘပါဘုရား"

လှတယ် မလှဘူးဆိုတာဟာ ဝိညာဉ်ရဲ့ လှည့်စားမှု

ဝဠုက လှည့်ပတ်တတ်တဲ့ သင်္ဘော မျက်လှည့်ဟာ ဝဠုက လှည့်ပတ်တတ်တဲ့ သင်္ဘောရိသလို ဝိညာဏကသိုဏ်းလို့ ခေါ်တဲ့ သိမ္မဝိညာဉ်ကလေးဟာလဲပဲ သင်္ဘော ဝါဘွေကို လှည့်ပတ်ဘဲ့ သဘောအနေနဲ့ သိစေတယ်။

ဘုန်းကြီးတို့ ယောဂီများ သိပြီးတော့ နေလိုက်ကြတာ။ မျက်စိနဲ့အာဟင်းနဲ့ဘွေ့၊ စက္ခုဝိညာဉ်။ အသံနဲ့ နားနဲ့တွေ့၊ သောတဝိညာဉ်။ အနံ့နဲ့ နှာခေါင်းနဲ့တွေ့၊ ဃာနဝိညာဉ်။ အရသာနဲ့ လျှာနဲ့တွေ့ ဇိဝှါဝိညာဉ်။ဖောဋ္ဌဗ္ဗနဲ့ ကိုယ်နဲ့တွေ့၊ ကာယဝိညာဉ်။ ဓမ္မာရုံလို့ခေါ်တဲ့ ကြံစည်တဲ့ သဘောနဲ့ မနောနဲ့တွေ့၊ မနောဝိညာဉ်။

"ဝိညာဉ်ဘယ်နှစ်မျိုးလဲ"

"ခြောက်မျိုးလာပါတယ်ဘုရား"

အဲဒီခြောက်မျိုးနဲ့ ဆုံတိုင်း ဆုံးတိုင်း သိမှုဆိုတဲ့ ဝိညာဉ်တလုံး တလုံးလာရင် ဒီဝိညာဉ်က မျက်လှည့်ဆရာအနေနဲ့ ဘုန်းကြီးတို့ ယောဂီများကို လှည့်စား။ မျက်စိနဲ့ အဆင်းနဲ့ဆုံ၊ စက္ခုပသာဒနဲ့ ရူပါရုံဆုံရင် ရုပ်တရားလို့ သိရမှာ။ ရုပ်တရားကို မသိလိုက်ပဲနဲ့ လှတယ် မလှဘူးဆိုတဲ့အနေနဲ့ သိသွားတယ်။ ရုပ်ဆိုတဲ့ အနေနဲ့ သိရမှာကို ဝိညာဉ်က လှည့်စားတော့—

"ဘယ်နှယ်လုပ် သိသွားလဲ"

"လှတယ် မလှဘူးလို့ သိသွားပါတယ်ဘုရား"

စာလိုပြောရင် ဣဋ္ဌ၊ အနိဋ္ဌ ဒီလိုသိသွားတယ်။

ဣဋ္ဌ-အလိုရှိအပ်တဲ့သဘော၊

အနိဋ္ဌ-အလိုမရှိအပ်တဲ့ သဘော၊

ဒီလိုလှ မလှအနေနဲ့ သိသွားတဲ့ အသိဟာ ဘယ်သူ့ကြောင့်လဲဆိုရင် မျက်လှည့်ဆရာနဲ့ တူတဲ့ ဝိညာဉ်ရဲ့လှည့်စားမှုကြောင့် ဝိညာဉ်ရဲ့ လှည့်ပတ်မှုနော်။ ဒီတော့ မျက်လှည့်ဆရာကြီး လမ်းပေါ်မှာ လှည့်စားပြီးတော့ပြရင်—

မျက်လှည့်ဆရာရယ်။

မျက်လှည့်ဆရာမှာ တတ်ထားတဲ့ မျက်လှည့်အတတ်ဆိုတဲ့ ပညာရယ်။

"ဒီနှစ်ခု ဆက်စပ်မနေဘူးလား"

"နေပါတယ်ဘုရား"

မျက်လှည့်ဆရားကြီးဟာ မျက်လှည့်အတတ်ကို တတ်မထားရင် ဒီလိုမလှည့်စားနိုင်ဘူးနော်။ ဒီတော့ မျက်လှည့်ဆရာဟာ မျက်လှည့်အတတ်ပညာနဲ့ လာလာသမျှ ပရိသတ်အပေါင်းတို့ကို လှည့်စားသလို ဝိညာဉ်လို့ခေါ်တဲ့ မျက်လှည့်ဆရာဟာလဲပဲ မျက်လှည့် အတတ်နဲ့တူတဲ့ အဝိဇ္ဇာနဲ့ ကပ်ပြီးတော့ သတ္တဝါတွေကို လှည့်စားပြတာ။

"ဘာနဲ့ ကပ်ပြီးတော့ လှည့်စားတယ်"

"အဝိဇ္ဇာနဲ့ ကပ်ပြီးတော့ လှည့်စားတာပါဘုရား"

ဟိုတနေ့က ပြောခဲ့တယ်။ သမ္မုလံ တဏှာမဗ္ဘုယှ- ဆိုတဲ့နေရာမှာ အဝိဇ္ဇာဟာ ကိလေသာ ပေါင်းစုံတို့ရဲ့အမြစ်။ အဲဒီအဝိဇ္ဇာနဲ့ ကပ်ပြီးတော့ လှည့်စားလိုက်တဲ့ အတွက်ကြောင့် အဲဒီရုပ်တရား မဟုတ်ဘူး။ ဝိညာဉ်က ဘယ်နှယ်သိလိုက်သလဲ။ လှတယ်လို့ သိပစ်လိုက်တယ်။ ကွဉ်လို့ သိပစ်လိုက်တယ်။

ဝိညာဉ်က သိတယ်ဆိုတဲ့ကိစ္စ

ဒဲ့ဒီဝိညာဉ်နဲ့ ကပ်ပြီးတော့ လှည့်လိုက်တဲ့ မျက်လှည့်အတတ်နဲ့ တူတာက အဝိဇ္ဇာ။

"ဒီလိုမဟုတ်လား"

"မှန်ပါဘုရား"

ဒါကြောင့် ရုပ်တရားကို ဘုန်းကြီးတို့ ယောဂီများသိ သိနေကြရာမှာ ရုပ်အနေနဲ့ သိတယ်ဆိုရင် မျက်လှည့်မပါဘူး။ လှ-မလှအနေနဲ့ သိနေကြရင် မျက်လှည့်ပါတာ။ ဒါကြောင့် ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းကြီးကုတ် အားထုတ်တဲ့အခါကျတော့ မျက်လှည့်အတတ်ပညာနဲ့ သိရမှာ မဟုတ်တော့ဘူး။ အဝိဇ္ဇာကို ပယ်ခွာပြီးတော့ ဝိဇ္ဇာလို့ခေါ်တဲ့ ခုနက မုဆိုးဆိုင်လေးနဲ့ ထိုင်ကြည့်ရမယ်။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

မျက်လှည့်စည်းငုံငင်းထဲဝင်၊ မုဆိုးထိုင်ထိုင်၊ ဘယ်ဒွါးထောက်ပြီးတော့ ကြည့်လိုက်တဲ့အခါ ဘယ်ဘက်ဒွါးထောက်ပြီး ဘယ်ဘက်ဖနောင့်နဲ့ မိမိရဲ့ အောက်ဘက်ဒွါရကို ပိတ်ပြီးတော့ ကြည့်လိုက်တဲ့အခါကျရင် မဟုတ်တာတွေ အကုန်လုံးမြင်ရတယ်။ ပကတိ အမှန်အတိုင်း မြင်ရတယ်။

ဒီအတိုင်းပဲ ဘုန်းကြီးတို့ ယောဂီများလဲ့ ထိုင်လိုက်တဲ့ အခါကျရင်ဖြင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်လို့ခေါ်တဲ့ ဒွါရ ခြောက်ခုရှိရာမှာ ထိုင်တော့ ဖောဋ္ဌဗ္ဗ အာရုံရှိတဲ့ ပုဂ္ဂိုလ်များအနေနဲ့ ကျန်နေတဲ့ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ဒီဒွါရတွေကို ပိတ်ဆားပြီးတော့ ကာယဒွါရကနေ ပွင့်ကြည့်။

"ဘယ်ဒွါရက ကြည့်ရ"
"ကာယဒွါရကပါဘုရား"

ကာယဒွါရက ပွင့်ကြည့်တော့ ဖောဋ္ဌဗ္ဗလို့ခေါ်ကဲ့ အဖွဲ့အထိုကို သိရတယ်နော်။ ကာယဒွါရ၊ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ဒီဒွါရငါးခုပိတ်ထားး။ မနောဒွါရကနေပွင့်ကြည့်။ ဓမ္မသဘောဆိုတဲ့ ဓမ္မာရုံကို သိရတယ်။

"သိရတယ်မဟုတ်လား"
"သိရပါတယ်ဘုရား"

ဖွတ်ကိုဖမ်းတဲ့ ဥပမာလို

ဒါကြောင့် ဘုန်းကြီးတို့ ဓမ္မပဒမှာ လာတဲ့အတိုင်း ပွတ်ဖမ်းတဲ့ ဥပမာနဲ့ ပြောတယ်။ တောင်ပိုကြီးတခုမှာ အပေါက် ခြောက်ခုရှိတယ်။ အဲဒီအပေါက် ခြောက်ခုရှိတဲ့ တောင်ပိုထဲ ဟိုကဝင် ဒီကဝင်နဲ့ ဝင်လိုက်ထွက်လိုက်နဲ့ သွားလာနေတဲ့ ဖွတ်ကြီးတကောင်ကို ဖမ်းတော့မယ်ဆိုရင် နွားကျောင်းသားဟာ ဖမ်းမယ့်လူ တယောက်တည်း။ အပေါက်က ခြောက်ခုတောင်ဆိုတော့ ဒီအပေါက် ခြောက်ခုစလုံးကနေပြီး ဖမ်းဖို့ဆိုတာ မလွယ်ဘူး။ ဒီတော့ တောင်ပိုထဲဝင်သွားတဲ့ ဖွတ်ကြီးကို တွေ့လဲတွေ့ရော တယောက်တည်း တပေါက်တည်း ပွင့်ပြီးတော့ ကျန်တဲ့ငါးပေါက်ကို ပိတ်လိုက်တယ်။

"ဘယ်နှစ်ပေါက် ပိတ်လိုက်သလဲ"
"ငါးပေါက်ကို ပိတ်ပါတယ်ဘုရား"

အပေါက် ငါးပေါက်ပိတ်၊ တပေါက်တည်းဖွင့်ပြီးတော့ အဲဒီ ဖွင့်ထားတဲ့ အပေါက်ကနေ အသာလေးထိုင်၊ တုတ်ကောင်းကောင်းနဲ့ စောင့်နေတယ်။ ထွက်လာတာနဲ့ တပြိုင်နက် အဲဒီဖွတ်ကြီးကို တုတ်ကောင်းကောင်းနဲ့ ရိုက်လိုက်တယ်။ အဲဒီအခါကျတော့—

"ဒီနေရာမှာ မမိဘူးလား"
"မိပါတယ်ဘုရား"

ကချက်ရိုက်ရုံနဲ့ မသေဘူးဆိုတော့ အချက်ပေါင်း များများရိုက်မှ။ ဖွတ်ဟာ ဒဏ်ကောင်က တယ်ကြီးတာကိုး၊ အချက်ပေါင်း များများ ရိုက်ယူရတယ်။

ဒီအတိုင်း ပဲပေါ့။ ဘုန်းကြီးတို့ယောဂီများ ထိုင်ကြတဲ့အခါမှာလဲပဲ မျက်စိ၊ နှား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရ ခြောက်ပေါက်ရှိရာမှာ ငါးခုတော့ ပိတ်ထားတယ်။ ဖောဋ္ဌပ္ပ အာရုံလို့ခေါ်တဲ့ ဖွတ်ကြီးတကောင်ကို ဖမ်းတော့ မယ်ကြံရင် ဘုန်းကြီးတို့ ယောဂီများကလဲ ကာယဒွါရ၊ ကာယ ပသာဒက နေပြီးတော့ ထိုင်စောင့်ရတယ်။

"ဒီလို့နော်"
"မှန်ပါဘုရား"

သတိနဲ့ပညာ လက်ကိုင်ထားပြီးတော့ ဒီကာယဒွါရ၊ ကာယပသာဒ အပေါက်ကနေ ထိုင်စောင့်လိုက်တာ တွဲ့းတယ်ထိုးတယ်ဆိုဟဲ့ ဖောဋ္ဌပ္ပ အာရုံလို့ခေါ်တဲ့ ဖွတ်ကြီးတကောင်။

"ဒီနေရာမှာ သွားလာနေတာ မတွေ့ဘူးလား"
"တွေ့ပါတယ်ဘုရား"

အေး-ဒါဆိုကြာင့်ပဲလို့—

သတိ တေသံ နိဝါရကံ ပညာ ယေ တေ ဝိနိယတော။

သတိနဲ့ထားပြီးတော့ ပညာနဲ့ ပိတ်ဆိုတာဟာ ဘုန်းကြီးတို့ယောဂီများရဲ့ ဖွတ်ဖမ်းတဲ့အလုပ်ပဲ။ အဲဒီလို သတိ ပညာ နှစ်ပါးနဲ့ ပိတ်ဆို့ တားဆီးပြီးတော့ စောင့်ဖမ်းတဲ့အခါကျတော့ ဘုန်းကြီးတို့ ယောဂီများရဲ့စိတ်ဟာ ဒီဖောဋ္ဌပ္ပ

အာရုံပေါ်မှာ ငြိမ်ပြီးတော့ ကျလာတယ်။ ငြိမ်ပြီးတော့ ကျလာပြီလဲဆိုရော ဒီအတွေ့အထိဟာ ကောင်းတယ် မကောင်းဘူးလို့ တို့စောစောက သိနေတာ မျက်လှည့်သိသလို သိနေတာ။ ကောင်းတယ် မကောင်းဘူး။ ဣဋ္ဌ၊ အနိဋ္ဌ၊ လှ-မလှ၊ သာယာဖွယ်ရှိတယ် မရှိဘူးလို့ သိနေတာဟာ မျက်လှည့်သိသလို သိတာ။

"မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဘုရား"

မျက်လှည့်ကြည့်ပြီးတော့ သိသလို သိတာ။ ယခု အသေအချာဖမ်းလိုက်တဲ့ အခါကျတော့ ရုပ်တရားအနေနဲ့ သိလာတော့ ဘုန်းကြီးတို့ယောဂိများ စည်း ဝိုင်းထဲဝင်၊ မုဆိုးဒူးထောက်ထိုင်ပြီး ကြည့်လိုက်သလို—

"အသေအချာတွေ့ပြီနော်"

"တွေ့ပါပြီဘုရား"

ဖောက်ပြန်ပျက်စီးတတ်တဲ့ သဘောကခုပဲရှိတယ်

လှတာလဲ မရှိဘူး၊ မလှဘူးဆိုတာလဲ မရှိဘူး၊ ဒီဖောဋ္ဌဗ္ဗအတွေ့အထိဟာ ကောင်းတယ်လဲ မရှိဘူး၊မကောင်းတယ်လို့လဲ မရှိဘူး၊ ဘာတခုသာ တွေ့ရသလဲ ဆိုလို့ရှိရင် ဖောက်ပြန်ပျက်စီးတဲ့ သဘောတခုဘဲသာ တွေ့ရတယ်။

"ဘာတခုတွေ့ရတယ်"

"ဖောက်ပြန်ပျက်စီးတဲ့ သဘောတခုသာပါဘုရား"

ဖောဋ္ဌဗ္ဗရုပ် ဖောက်ပြန်ပျက်စီးမှုတခု၊ ရေမြုပ်စိုင်ကြီးတခုတွေ့ခဲတာ့ လက်နဲ့ သွားထိလိုက်တာနဲ့ တပြိုင်နက်တည်း—

"ကြေပျက်မသွားဘူးလား"

"သွားပါတယ်ဘုရား"

ရုပ်ဆိုတဲ့ ဖောဋ္ဌဗ္ဗကိုပိကာနဲ့တပြိုင်နက်တည်း ဉာဏ်ဆိုတဲ့လက်နဲ့ ဖိနှိပ်လိုက်တဲ့အခါမှာ အကုန်လုံး စိစိညက်ညက်ကြေကွဲပြီးကော့ ပျက်စီးသွားတဲ့သဘောကို တွေ့ရလိမ့်မယ်နော်။ ရုပ်သဘောဟာ အဲဒါပဲ။ ဒါ့ကြောင့် မနေ့က ဘုန်းကြီးတိုင်ပေးခဲ့တယ်။ ဘာတဲ့တုံး—

ဖောက်ပြန်ထွပြား၊ ဖြစ်တတ်ငြားရှိ၊ စကားပုံသေ၊ရုပ်ခေါ်ပေ၏။

စောစောကတော့ ရုပ်တွေလှတယ် မလှဘူးထင်နေတာ။ ရုပ်လှတယ် မလှဘူးဆိုတာက ဘာအသိလဲ၊ မျက်လှည့်ကြည့်ပြီးတော့သိသလို သိတာ မျက်လှည့်အသိလို့ အတိုမှတ်။ ဘယ်သူ့ရုပ်က လှသတဲ့၊ ဘယ်သူကတော့ ချောသတဲ့၊ ဘယ်သူက မလှဘူး၊ ဘယ်သူကတော့ ကြည့်စရာကို မကောင်းဘူးတဲ့။ အဲဒီလို လှ၊ မလှအနေနဲ့ သိနေကြတာဟာ မျက်လှည့်အသိနဲ့ သိနေကြတာ။ ဒီဝိညာဉ်မှာ မျက်လှည့်အတတ်ပညာတွေ ကပ်ပြီးတော့ထားတယ်။

"သိဆိုဘဲ့ ဝိညာဉ်မျက်လှည့်ဆရာကြီးမှာ အဝိဇ္ဇာဆိုဘဲ့ မျက်လှည့်အဘတ်ပညာတွေ ကပ်မနေဘူးလား"
"ကပ်နေပါတယ်ဘုရား"

အဝိဇ္ဇာဆိုဘဲ့ မျက်လှည့်အတတ်ပညာတွေ ဆဲ့ဖယ်ပစ်လိုက်ပြီးတော့ ဝိဇ္ဇာဉာဏ်နဲ့ ကပ်ပြီးတော့ ကြည့်လိုက်တဲ့အချိန်ကျတော့ လှတာ မလှတာ ဘာမှ မရှိဘဲ့ ရုပ်ဘခုဘည်းရှိတယ်။

"ဘာတရားသာရှိ"
"ရုပ်တရားသာ ရှိပါဘုရား"

ယောနိသော ဥပပရိက္ခေယျ၊ အဲဒီရုပ်တရားကို စိုက်ပြီးတော့ စူးစူးစိုက်စိုက် ကြည့်လိုက်ပြန်တော့ ဘာတွေပြန်ဟုံးဆိုရင် ဖောက်ပြန် ပျက်စီးနေတာတွေ တရစပ် တွေ့ရတယ်။

"မတွေ့ရဘူးလား"
"တွေ့ရပါဘုရား"
ပထမ ရုပ်ကိုတွေ့တယ်။
နောက်တဆင့်-ဖောက်ပြန်ပျက်စီးတဲ့သဘောတွေ့တယ်။
"ဘုန်းကြီးတို့ယောဂီများ သဘော ဘယ်နှစ်ခု တွေ့ရသလဲ"
"နှစ်ခုတွေ့ရပါတယ်ဘုရား"

ဝေဒနာလဲ ဒီအတိုင်းသွားတယ်။ ပထမ ခံစားမှုတခုတွေ့တယ်။ နောက် အဲဒီခံစားမှုလေးရဲ့ဖောက်ပြန်ပျက်စီးတာ တွေ့ရတယ်။ သညာလဲ ဒီအတိုင်းပဲ။ ပထမ မှတ်တယ်။ မှတ်တယ်။ နောက် အဲဒီမှတ်သားမှု မြဲလာတယ်။ ဒီအမှတ်

ကလေးရဲ့ ဖောက်ပြန်ပျက်စီးတဲ့ သညာကွန္ဓာရဲ့ ဖောက်ပြန် ပျက်စီးတယ်ဆိုတာ တွေ့ရတယ်။

ငှက်ပျောတုံးကြီးနဲ့ကူတဲ့ သခ်ၤါရကွန္ဓာလဲ ဒီအတိုင်းပဲ။ပထမတော့ စေတနာ ခေါင်းဆောင်တဲ့ သခ်ၤါရကွန္ဓာ၊ပြုပြင်စေ့ဆော် တိုက်တွန်းနေတာ ဒီသခ်ၤါရပဲလို့ သခ်ၤါရအနေနဲ့ သိတယ်။ ဇနာက်တဆင့်တက်လိုက်တော့ သခ်ၤါရမှန်သမျှ အကုန် ပျက်စီးတာပဲလို့—

“မတွေ့ဘူးလား”
“တွေ့ပါတယ်ဘုရား”

တဖြေးဖြေးနဲ့ စည်းဝိုင်းလေးထဲ ရောက်ပြီး မုဆိုးထိုင်လေး ထိုင်ကြည့်တော့ ဇာ့်လာတယ်နော်။ ဝိညာဉ် သိဆိုတဲ့ ဒီစိတ်ကလေးဟလို့ ဟာလဲပဲ ပထမတော့ သိတက်တဲ့ ဝိညာဉ်အနေနဲ့ နားလယ်တယ်။ နောက်တော့ တဖြေးဖြေးနဲ့ ဒီသိမှုလေးဟာလဲ ဖောက်ပြန်ပျက်စီးတယ်ဆိုပြီ တော့ ပေါ်လာတယ်။

ကိုင်း-ရှင်တရား ရေမြုပ်စိုင်ကြီး၊ဝေဒနာကွန္ဓာ ရေပူဖောင်း၊ သညာကွန္ဓာ တံလှပ်၊ သခ်ၤါရကွန္ဓာ ငှက်ပျောတုံး၊ ဝိညာဏကွန္ဓာ မျက်လှည့်ဆရာ။

“အကုန်လုံး ဖောက်ပြန်ပျက်စီးတာ တသားတည်း ကျမသွားဘူးလား”
“ကျသွားပါတယ်ဘုရား”

မမှတ်သောဘာ၊ ဒီသခ်ၤါရမှတ်ဉာဏ်ရဲ့ သဘောဟာ ပျက်စီးမှုမှာ တသားတည်း နေတယ်။

“မနေဘူးလား”
“နေပါတယ်ဘုရား”

ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။

ဓမ္မေသု၊ ဟောဒီ ရုပ် ဝေဒနာ သညာသခ်ၤါရ ဝိညာဉ်ဆိုတဲ့ ဓမ္မတို့ရဲ့ပေါ်၌။ ဓမ္မာနုပဿီ၊ရုပ်ဝေဒနာ သညာသခ်ၤါရ ဝိညာဉ်ဆိုတဲ့ ဓမ္မတို့ရဲ့ ပျက်စီးတဲ့သဘောကို တသားတည်း တညီတည်းရှုမှတ် နေခဲ့ရသည်။ ဟောတိ၊ ဖြစ်၏။

ဓမ္မာနုပဿနာ ရုပ်ကြည့်လဲ ပျက်စီးတယ်။ ဝေဒနာကို ကြည့်တော့လဲ ပျက်စီးတယ်။ သညာ၊ သခ်ၤါရ၊ ဝိညာဉ်တွေ့ကို ကြည့်တော့လဲ ပျက်စီးတယ်။ ပျက်စီးမှု တသားတည်းရှိတာဟာ ဒန္ဓာတို့ရဲ့သဘော မမှတ်သာဝ။

“ဘာသဘာဝ”
“ဓမ္မသဘာဝပါဘုရား”
ဓမ္မဆိုတဲ့ စာလုံးလေး တလုံးက ဟောနိုင်ဘဲ့ အနက်တွေဟာ—
ဝေမ္မာ သဘာဝေ ပရိယတ္တိ ပညာ၊
ဉာဏသု သစ္ဆပ္ပကတိသု ပုညေ။
အဘိဓာနပ္ပဒီပိကာပါဠိ ၇၀၄။

ဓမ္မေမာ၊ ဓမ္မဆိုတဲ့ ဒီစကားလုံးဟာ။သဘာဝေ၊ သဘောတရားဆိုတဲ့အနက်ကို ဟောတယ်။ ပရိယတ္တိ၊ပရိယတ်ဆိုတဲ့ စာသင်ခြင်းအနက်ကိုလဲ ဟောတယ်။ ပညာ၊ ပညာဆိုတဲ့ အနက်ကိုလဲ ဟောတယ်။ ဉာဏသု၊ အသိဉာဏ်ဆိုတဲ့ အနက်လဲ ဟောတယ်။ သစ္ဆာ၊ အမှန်တရားဆိုတဲ့ အနက်ကိုလဲ ဟောတယ်။ ပကတိသု၊ ပင်ကိုသဘောဆိုတဲ့ အနက်ကိုလဲ ဟောတယ်။ ပုညေ၊ ကောင်းမှုဆိုတဲ့ အနက်ကိုလဲ ဟောကယ်။

ဓမ္မဆိုတဲ့ စာလုံးတလုံးက ဟောတဲ့အနက်တွေ ယခုလို ပြောပြလိုက်တော့ ဓမ္မာနုပဿနာနဲ့ ဆိုင်တဲ့အနက်ကို ဒီနေရာမှာ ထုတ်ယူ၊ သဘာဝ။

“ဘာပါလိမ့်”
“သဘာဝပါဘုရား”

ပကတိ။
“ဘာတဲ့တုံး”
“ပကတိပါဘုရား”
သစ္စာ။
“ဘာပါလိမ့်”
“သစ္စာပါဘုရား”

ဓမ္မရဲ့သဘာဝကို မိအောင်ဖမ်း

ပင်ကိုသဘာဝ။ ပကတိကို ဘုန်းကြီးတို့ ယောဂီများ ပင်ကိုလို့ပြန်မယ်။ သဘာဝဆိုတဲ့ စကားလုံးလေးနဲ့ စပ်လိုက်တော့ ပင်ကိုသဘာဝ၊ပင်ကိုသဘော၊ ဓမ္မဆိုတဲ့ စာလုံးရဲ့ အဓိပ္ပာယ်ဟာ့ ပင်ကိုသဘော။

"ဘာတဲ့တုံး"
"ပင်ကိုသဘောပါဘုရား"

အဲဒီ ပင်ကိုသဘောလေးကို မိအောင်ဖမ်းရင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့ရဲ့ မမှသဘောကို မိသွားဘယ်။ ရုပ်ရဲ့ ပင်ကိုသဘော မိရမယ်၊ ဝေဒနာရဲ့ ပင်ကိုသဘော မိရမယ်။ သညာရဲ့ ပင်ကိုသဘော မိရမယ်။ သင်္ခါရရဲ့ ပင်ကိုသဘော မိရမယ်။ဝိညာဉ်ရဲ့ပင်ကိုသဘော မိရမယ်။ အဲဒီ ပင်ကိုသဘောလေးတွေကို မိအောင် ပထမရှာ။ မိပြီဆိုတဲ့ အခါကျတော့မှ သစ္စာတရားကို ရအောင်ရှာ။ သဘာဝ၊ ပကတိ၊ သစ္စာ၊ ဒီအနက် ဒီနေရာ ယူမှာကိုး။

"ဟုတ်လား"
"မှန်ပါဘုရား"

ပင်ကိုသဘောက ရုပ်ဆိုတာ ဖောက်ပြန်တယ်။ အဲဒါ ပင်ကိုသဘောပဲ။ ရုပ်ကို အသေးစိတ်ခွဲရင်တော့ သူ့အသေးစိတ် ငင်ကိုသဘောတွေ ထပ်ကဲလာမှာပေါ့နော်။ ဘုန်းကြီးတို့ ယောဂီများ ရုပ်လုံးလုံး ပိုင်ထားပြီပဲ။ ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ ရုပ်သုံးလုံး ပိုင်ထားပြီမဟုတ်လား။ အဲဒီသုံးလုံးကို တပေါင်းတည်းခေါ်ရင် သူတို့ရဲ့ ပင်ကိုသဘောဟာ ဖောက်ပြန်ပျက်စီးဟာ။

"ဘာပါလိမ့်"
"ဖောက်ပြန်ပျက်စီးတာပါဘုရား"
စာလိုပြောရင် ဝိပရိဏာမ။
"ဘာတဲ့တုံး"
"ဝိပရိဏာမပါဘုရား"

ရုပ်အားလုံးတို့ရဲ့ ပင်ကိုသဘောဟာ ဖောက်ပြန်ပျက်စီးတဲ့ ဝိပရိဏာမသဘေား။ ကတော့၊ ပထဝီ၊ ဝါယော၊ ထပ်ခွဲရင် တေဇောရဲ့ ပင်ကိုသဘောက ပူတဲ့အေးတဲ့သဘော လာမှာပေါ့။ ဝါယောရဲ့ ပင်ကိုသဘောက တွန်းကန် လှုပ်ရှားတဲ့သဘော။ပထဝီရဲ့ ပင်ကိုယ်သဘောက ဝေဝင့်တင်းခတ်မာတဲ့ သဘော။ တလုံးချင်းကျတော့ ပင်ကိုသဘော။ဒီလိုလာတယ်။ ဒါဖြင့် ဒီသုံးခုကို တပေါင်းတည်း ပြုပြီးတော့ ရုပ်အနေနဲ့ ရှုတဲ့အခါကျတော့ ဖောက်ပြန်ပျက်စီးတဲ့ ပင်ကိုသဘော

"ဒီလိုမလာဘူးလား"
"လာပါတယ်ဘုရား"

အေး—ဖောက်ပြန်ပျက်စီးတဲ့ ပင်ကိုသဘောမှန်ရင် ဘုန်းကြီးတို့ ဝိပဿနာရှုကွက်ပြီးတော့ ဓမ္မာနုပဿနာပါဠိတော် လေးပိုဒ်ပြီးတော့ နောက်နားက ဘုန်းကြီးထည့်ပေးမယ်နော်။ ကိုင်း-အဲဒီလိုသဘောမှတ်ထား။ နောက်တခါ ဝေဒနာရဲ့ ပင်ကိုသဘော ဘာရှိလဲ။

"ဘာရှိသလဲ"
"ခံစားတဲ့ သဘောရှိပါတယ်ဘုရား"

ခံစားတယ်၊ ဝေဒနာဟာ တလုံးတည်းခကာကာခြားတဲ့ အခါကျခဘူး ပင်ကိုသဘောခံစားတယ်။ အဲဒီ ဝေဒနာကို ထပ်ခဲလိုက်ဘဲအခါကျခဘူး—

"သုခနဲ့ ဒုက္ခ ကဲ့မလာဘူးလား"
"ကဲ့လာပါဘုရား"

ကဲ့ဒါကို မနေ့က တိုင်ပေးခဲ့ဘယ်။

ခံစားစံစား၊ စကားနှစ်ခွတ္ဆ၊ ကရားနေမှာ၊ ဝေဒနာခဘာ်၊ခန္ဓာမှတ်လော့။

လယ်တီဆရာတော်ဘုရားကြီးရဲ့ ခန္ဓာ အာယတန ဓာတ် သစ္စာကျမ်းထဲက ခံစားတယ်။ ဒုက္ခဝေဒနာဘက် ခဲ့သွားဘယ်။ စံစားတယ်။ သုခဝေဒနာဘက် ခဲ့သွားတယ်။ ပင်ကိုသဘော ထပ်ခဲ့ရင် ခဲ့သလောက် ဒီလိုစိတ်စိတ်ပြီးလာတယ်နော်။

ဥပေက္ခာဝေဒနာဆိုလို့ရှိရင် ခံစားမှုဟာ ငြိမ်သက်တဲ့ သဘောရှိတယ်။ ဒုက္ခဝေဒနာလို ထိုးဆွတဲ့သဘော မခံစားရဘူး။ သုခဝေဒနာလို ပေါ်လွင်တဲ့သဘော မခံစားရပဲနဲ့ တည်ငြိမ်ပြီးတော့ ပုန်းလျှိုးကွယ်လျှိုး ခံစားတဲ့သဘော ဥပေက္ခာဝေဒနာ ဘာမှ မပေါ်ဘူး။ သူက ဒါ့ကြောင့်-ရှုကွက်ထဲမှာ ဥပေက္ခာဝေဒနာကို ငုပ်လှန်းလို့ ဘုန်းကြီးတို့ တယ်မပြောကြဘူး။

ဒုက္ခဝေဒနာရဲ့သဘော စံစားတယ်။ သုခဝေဒနာရဲ့သဘော။ အဲဒီလို ပင်ကိုသဘောကို တလုံးတည်းပြုရင် ခံစားမှုလို့ တလုံးတည်း ဒီအတိုင်း ခေါ်လိုက်။ကိုင်း-ဝေဒနာရဲ့ ပင်ကိုသဘောဟာ ခံစားတယ်။

“ဖောက်ပြန် ပျက်စီးတယ်ဆိုတာကော သူ့မှာမရှိဘူးလား”
“ရှိပါတယ်ဘုရား”
ပျက်စီးတဲ့သဘော သူ့လဲ ရှိတာပဲနော်။ သညာ-မှတ်သားတယ်။
“ပင်ကိုသဘော မဟုတ်ဘူးလား”
“ဟုတ်ပါတယ်ဘုရား”
“သူကော ပျက်စီးတာမရှိဘူးလား”
“ရှိပါတယ်ဘုရား”
“ပင်ကိုသဘောလေးတွေဟာ ဒီလိုလာတယ်နော်”
“မှန်ပါဘုရား”

ဘခ်ါရ-ပြုပြင်တိုက်တွန်းတယ်။
“ပျက်စီးမှု သူ့မှာ မရှိဘူးလား”
“ရှိပါတယ်ဘုရား”

ရှိတာပဲ၊ ဝိညာဉ်-သိတတ်တယ်။
ဝိညာဉ်က-
“သိတတ်ပါတယ်ဘုရား”
“သိတတ်တယ်ဆိုတဲ့ ဒီဝိညာဉ် ပျက်စီးမှုမရှိဘူးလား”
“ရှိပါတယ်ဘုရား”

ဝိညာဉ်ခြောက်ပါးဆုံရင် သိမှုကလဲ ခြောက်မျိုးလာတယ်။ အဲဒါတွေ ထပ်ကာထပ်ကာခဲ့ရင် ဝိညာဉ်ဟာ အလုံးပေါင်း မရေနိုင် ဖြစ်လာလိမ့်မယ်။ ဒီတော့ သိမှုဆိုတဲ့သဘောဟာ ဝိညာဉ်တလုံးတည်း ဒီအတိုင်းသာ မှတ်ထား။ သိပြီးရင်လဲ ပျက်စီးတာပဲနော်။

အဲဒီတော့ ပင်ကိုသဘောလေးတွေ၊ သဘောလေးတွေကို မိအောင်ယူနေတာ၊ ဓမ္မသဘာဝ၊ဓမ္မပကတိကို ဖမ်းနေတာ။

“ဟုတ်လား”
“မှန်ပါဘုရား”

ဓမ္မရဲ့ ပကတိသဘာဝလေးတွေကိုမိအောင် ရှုနေရင် ဘုန်းကြီးတို့ယောဂိများ ဓမ္မာနုပဿနာဖြစ်ရော မဟုတ်လား။ ရှုပ်ရဲ့ ပင်ကိုသဘော ဝေဒနာ၊ သညာ၊

သခ်ၤါရ၊ ဝိညာဉ်တို့ရဲ့ ပင်ကိုသဘော။ ဒီပင်ကိုသဘောလေးတွေကို ဖမ်းနေတာ ဟာ ဓမ္မာနုပဿနာ။အဲဒီပင်ကိုသဘောတွေကို တသားတည်း ရှုလိုက်တဲ့အခါ ကျတော့—

"ပျက်စီးမှုမှာ တညီတည်း မနေဘူးလား"
"နေပါဘယ်ဘုရား"

အေး-ပျက်စီးမှုလဲပဲ ရုပ်၊ဝေဒနာ၊ သညာ၊ သခ်ၤါရ၊ ဝိညာဉ်၊ ခန္ဓာငါးပါး လုံးတို့မှာ ရှိနေတဲ့သဘောနော်။ ဒီတော့ ဒီနေရာမှာ ဘုန်းကြီးတို့ ခဲ့နေကျ သဘောလက္ခဏာကို နှစ်မျိုးခဲ့သွားမယ်။

သဘာဝနဲ့ သာမညလက္ခဏာပိုင်ရင် သစ္စာသဘောဝင်လာတယ်

(၁) ပင်ကိုသီးခြား ပိုင်ဆိုင်နေတဲ့ လက္ခဏာလေးတွေကို သဘာဝ လက္ခဏာ။

(၂) အားလုံးနဲ့ တသားတည်း ဆိုင်သွားတဲ့ လက္ခဏာကို သာမည လက္ခဏာ။

"အဲဒီလို ခဲ့မသွားဘူးလား"
"ခဲ့သွားပါဘုရား"
သဘာဝလက္ခဏာ ပင်ကိုသဘောပိုင်ရင် သာမညလက္ခဏာတက်။
"ဘာကိုတက်"
"သာမညလက္ခဏာကို တက်ရမှာပါဘုရား"

သာမညလက္ခဏာကို တက်လိုက်ရော၊ ရုပ်ရော ဝေဒနာရော သညာ သခ်ၤါရ ဝိညာဉ်ရော ခန္ဓာအကုန်လုံး ပျက်စီးမှုဆိုတာ သာမညအနေနဲ့ တညီ တည်းဖြစ်နေတယ်။ ပျက်စီးတဲ့ တရားမှန်ရင် ရှုယင်း ရှုယင်းနဲ့ ဒုက္ခတွေ ချည်းပဲလို့။

"ကသိတည်းဖြစ်မလာဘူးလား"
"ဖြစ်လာပါတယ်ဘုရား"

ပျက်စီးတာတွေကို မပျက်စီးအောင် တားလို့ မရလို့ ကိုယ့်အလိုအတိုင်း မကျတာတွေ့။

“တသားတည်း မလာဘူးလား”
“လာပါတယ်ဘုရား”
အဲဒီအချိန်ကျရင် သစ္စာသဘော ဝင်လာတယ်။
“ဘာသဘောပါလိမ့်”
“သစ္စာသဘောပါဘုရား”
သစ္စာသဘောတဲ့။ သစ္စာတရားကွေက—

ပရမတ္ထသစ္စာ၊
သမုတိသစ္စာ၊
အရိယသစ္စာ၊

သစ္စာတွေ ဒီလိုလာလိမ့်အုံးမယ်။ သမုတိသစ္စာရယ်၊ ပရမတ္ထသစ္စာရယ်၊ အရိယသစ္စာ။
“ဘယ်နှစ်ပါးပါလိမ့်”
“သုံးပါးပါဘုရား”

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်။ ဒီငါးခု ပေါင်းစုထားတဲ့ အတွက်ကြောင့် လူသတ္တဝါလို့ ခေါ်တာက သမုတိသစ္စာ။ လှည်းကြီးတစီး၊ ဘီး၊ ဝင်ရိုး၊ ကက်အိမ်၊ ထမ်းပိုး၊ လှည်းတံ။ အကုန်စုလိုက်တော့မှ လှည်းပညတ်တခု။

“မရဘူးလား”
“ရပါတယ်ဘုရား”

လှည်းဆိုပြီးတော့ အမျှားခေါ်လို့ မှန်နေတဲ့အမှန်က သမုတိသစ္စာ။
“ဘာသစ္စာပါလိမ့်”
“သမုတိသစ္စာပါဘုရား”

လှည်းမှာ ပစ္စည်းတွေ အမျှားကြီး ဆယ့်လေးမျိုးလောက် ပေါင်းထားမှ လှည်းဆိုတဲ့ ပညတ်တခုရသလို တို့ယောဂီမျှားရဲ့ ကိုယ်ကြီးမှာလဲပဲ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်၊ ငါးခုပေါင်းလိုက်မှ သတ္တဝါလို့ ရလာတဲ့ အမည်တခုဟာ ကမ္ဘာဦးကတည်းဟာ ခေါ်လာတဲ့ အမှန်တရားမို့ ဒဲ့ဒါကို သမုတိသစ္စာ။

"ဘာသစ္စာပါလိမ့်"
"သမုတိသစ္စာပါဘုရား"

သမုတိသစ္စာကို ကြည့်ပြီးတော့ လုတယ် မလုဘူးလို့ သိနေကြတာက မျက်လှည့်ဆရာရဲ့ မျက်လှည့်အသိမျိုးပါ။ သမုတိသစ္စာ ပညတ်တွေခပါမှာ တင်ပြီးတော့ လုမလုအနေနဲ့ သိနေကြဘာ။ ကြိုက်စရာကောင်းတယ် မကောင်းဘူးလို့ သိနေကြတာက မျက်လှည့်သိ။

"ဟုတ်လား"
"မှန်ပါဘုရား"

အဲဒီ မျက်လှည့်အတတ်ပညာကို ဆွဲဖယ်ပြီးတော့ ပကတိပင်ကိုသဘောရောက်ဖအောင်—

"သိဖို့မလိုဘူးလား"
"လိုပါတယ်ဘုရား"

အေး-နွားချေးချပ်ကို မုန့်ပျားသလက်ဆိုကဲ့ အထင်ကြသွားအောင်၊ သံပြားကျောက်ခဲလေးတွေကို ရွှေဒင်္ဂါးငွေဒင်္ဂါးဆိုတဲ့ အထင်ကြသွားအောင်၊ ကြိုးကို မြွေဆိုတဲ့ အထင်ကြသွားအောင် အနီးကပ်ကြည့်လိုက်တဲ့အခါ ပင်ကိုသဘောလက္ခဏာလေးတွေ တွေ့လာတော့ ဖောက်ပြန်ထွေပြား ဖြစ်တတ်ငြား။

"ဒါဟာ ဘာတဲ့တုံး"
"ရုပ်တရားပါဘုရား"

ဖောက်ပြန်ထွေပြား၊ ဖြစ်တာကြားရှိ၊ စကားပုံသေ၊ ရှပ်ခေါ်ပေ၏။

သိသွားတော့—

ခံစား စံစား၊ စကားနှစ်ထွေ၊ ဝေဒနာမှာ၊ ဝေဒနာဓာတ်၊ ခန္ဓာမှတ်လော့။

သညာသိ၊ ပညာသိ၊ ဝိညာဉ်သိဆိုတဲ့ အသိ ၃-မျိုး

သိသွားရော။ နောက်ပြီးတော့ ဘာတဲ့လဲ။ ဝေဒနာပြီးတော့- ကိုင်း—လိုက်ဆို။

"ထို့ပြင်သည်၁၊ ခန္ဓာမှာကား၊ လိမ်မာတတ်သိ၊ ခေါ်ကြဘိရှင့်"
"ထို့ပြင်သည်၁၊ ခန္ဓာမှာကား၊ လိမ်မာတတ်သိ၊ ခေါ်ကြဘိရှင့်?"

သည်၁ဆိုတ၁ ပင်ကိုသဘောက ဒီလူ သိပ်ပည်၁တတ်တ၁ပဲ၊ အရပ်ထဲပြောကြတယ်။ ဒီလူ ဘဲ့ထူး ဂုဏ်ထူးတွေက ဘယ်လောက်ရထား၁။ ဘီအေတဲ့၊ အမ်အေတဲ့။ အဲဒီလို ပြောနေတဲ့ အတတ်ပည်၁တွေဟ၁ အရပ်ထဲမှာတော့ ပည်၁လို့ ပြော၁။ ဘုန်းကြီးတို့စ၁ပေက အဲဒါ ပည်၁မဟုတ်ဘူး၊ သည်၁တဲ့။ ဆရာက သင်ပေးလိုက်တ၁၊ ည်၁ပေးလိုက်တ၁ကို မှတ်က၁းတ၁။

"ဟုတ်လား"
"မှန်ပါဘုရား"

ဆရာသမား၁တွေ သင်ပေးလိုက်တ၁ကို မှတ်ပြီးတော့ သိက၁။ ဘုန်းကြီးတို့ယောဂီမျာ်း သည်၁ဆိုတ၁ မှတ်ပြီးတော့ သိတ၁။

"သည်၁ဆိုတ၁"
"မှတ်ပြီးတော့ သိတ၁ပါဘုရား"

သင်တန်းကျောင်းအမျိုးမျိုး၊ စ၁အုပ်အမျိုးမျိုးက သင်ပေးလိုက်တ၁ကို သည်၁ဆိုတ၁က မှတ်ပြီးတော့ သိတ၁။

"မှတ်ပြီးတော့ သိတ၁ပဲ မဟုတ်လား"
"မှန်ပါဘုရား"

ယခု ဘုန်းကြီး ပြောတ၁တွေကို တို့ယောဂီမျာ်း မှတ်ပြီးဟ၁ သိနေကြတယ်။

"သိနေကြတယ်မဟုတ်လား"
"သိနေပါတယ်ဘုရား"

အဲဒါက သည်။ ခန္ဓာထဲ ဉာဏ်စိုက်လိုက်တဲ့အခါကျတော့မှ ပည်၁နော်။ ပည်၁က သဘာ၀ ဖော်ခဲ့ပြီးတော့ သိတယ်။ သည်၁ဆိုတဲ့ သဘောကတော့ သဘာ၀ကို ဖော်ခဲ့ပြီးတော့ သိတဲ့အဖြစ်ကို မရောက်ဘူး။ ပြော၁ဆိုတ၁နဲ့ ဖတ်ပြီးတော့ မှတ်သိနေတ၁က သည်၁။ ဒါကြောင့်မို့လို့ ဘယ်သူကတော့ ပည်၁တွေ ဘယ်လောက် တတ်သတဲ့။ ဘီအေ၊ ဘီအက်စ်ီ၊ ဘယ်လို ဘဲ့ထူး ဂုဏ်ထူးတွေ ဘယ်လောက် အော်သတဲ့၊ အဲဒါတွေဟ၁ မှတ်သား၁ပြီးကော့ ကြိုးစား၁ပြီးတော့ မှတ်လို့ သိနေတဲ့ အ၁သိ။ ဒါကြောင့်—

ထို့ပြင်သည်၁၊ ခန္ဓာမှာကား၊ လိမ်မာတတ်သိ၊ ခေါ်ကြဘိရှင့်။

တတ်တယ် သိတယ်ဆိုတဲ့ ဒီမှတ်၍ တတ်၍ သိနေတာတွေကို သည်၁ ခေါ်တယ်။ အမှတ်ပြု၍ သိခြင်း။ ဘုန်းကြီးတို့ယောဂီများ အမှတ်လဲရင် ဟိုတနေ့က ပြောခဲ့ပြီ။ ကံလုပ်ကို ရေတင်ပြီး လိုက်သလို လိုက်ကရော။ အမှတ်ဆိုတာလဲ အဝိဇ္ဇာ မကင်းသေးဘူးနော်။ အဝိဇ္ဇာမကင်းပဲနဲ့ မှတ်ပြီးတော့ သိရင် ပိုဆိုးတယ်။ သူက အဝိဇ္ဇာမပါပဲနဲ့ မှတ်သိရင် တော်တော်သက်သာတယ်။ သူက အတော်အတန် သက်သာတယ်။

မှတ်ပြီးတော့ သိတာက သည်၁။
ဖောက်ထွင်းပြီးတော့ စူးစူးစိုက်စိုက်ကြည့်လို့သိတာက ပည်၁။
"ဒီလိုမဟုတ်လား"
"မှန်ပါတယ်ဘုရား"
"ဒါဖြင့် ဒီဂေနေ့ တို့ယောဂီများ သည်၁သိကို ယူအုံးမလား၊ ပည်၁သိကို ယူရမလား"
"ပည်၁သိကို ယူရမှာပါဘုရား"

ပည်၁ဝိနဲ့ယူ။ပည်၁သိ ရအောင်ယူ ဆိုလို့ရှိရင် မှတ်ထား၊ရုံနဲ့ မပြီးဘူးနော်။ ပြောတာကို မှတ်ထားရုံနဲ့ မပြီးဘူး။ ဖတ်ထားတာတွေကို မှတ်ထားရုံနဲ့ မပြီးဘူး။ ပြောတာနဲ့ ဖတ်ထားတာနဲ့ မိမိခန္ဓာထဲ ရှိတာနဲ့ တသားတည်းဖြစ်အောင် ရှုပြီးတော့ သိမှ ပည်၁သိ။

ဘုန်းကြီးတို့ယောဂီများ နာပြီးတော့သိရင် ပြီးပြီထင်တာ။သောတာပန်တဲ့၊ တခွိုက ပြောင်သေးတယ်။ သောတဆိုတာ နား၊ပန်ဆိုတာ ပန်ဆင်ပြီးတော့ နားထောင်နေတာ။ သောတာပန်ဆိုတာ နားထောင်ရုံနဲ့ပြီး ဆိုပဲ။ ဒီလိုကလဲ လာသေးတာကိုး။

ဒီလို နားထောင်ရုံနဲ့ပြီးတဲ့ သောတာပန်မျိုးတော့ ဘုန်းကြီးတို့ယောဂီများ မဖြစ်ကြနဲ့နော်၊ နားထောင်ရုံနဲ့ ပြီးသွားတဲ့ သောတာပန်ဆိုရင် သည်၁နဲ့ သိတဲ့ သောတာပန်ဖြစ်မယ်။

"ဘာနဲ့သိတဲ့ သောတာပန်လဲ"
"သည်၁နဲ့သိတဲ့ သောတာပန်ပါဘုရား"

နားထောင်ရုံနဲ့မပြီးဘူး၊မျက်လှည့်ဆရာ ပြနေတာကိုသိမျင်လို့ စည်းဝိုင်းထဲ ဝင်ပြီးတော့ ဒူးထောက်ကလေးထိုင်လို၊က်သလိုခန္ဓာကိုယ်ရဲ့အောက်ပိုင်း ဒူရိုကို ပိတ်ပြီးတော့ မူဆိုးထိုင်လေး ထိုင်ပြီးတော့ ကြည့်လိုက်သလို၊ ပုတ်ကြီးဖမ်းတဲ့ နွားကျောင်းသားလို၊ ရှိသမျှအပေါက်တွေ့ ငါးပေါက် ပိတ်ထားပြီးတော့ တပေါက်ထဲဖွင့်ပြီးတော့ ကြည့်သလို။

ခန္ဓာကိုယ်မှာရှိကဲ့ အပေါက်တွေကို ငါးခုပိတ်ထား၊ တပေါက်တည်းကနေ စောင့်ကြည့်။ ကြည့်ဖူးများတော့ သဘာဝကို လိုက်လာပြီဆိုတဲ့ အချိန်ကျရင်-

"အဲဒါ-ပညာသိ ဟုတ်လား"

"မှန်ပါဘုရား"

အဲဒီလိုသိအောင် ကြည့်ရမှာက တို့ယောဂီများရဲ့အလုပ်။ မှတ်ပြီးတော့ သိတာလောက်နဲ့ ကျေနပ်မနေနဲ့။

"ဟုတ်လား"

"မှန်ပါဘုရား"

သမုတိသစ္စာကို ကျော်လွှားနိုင်မှ ပရမတ္ထသစ္စာရောက်မယ်

ကိုင်း-ဒီတော့ သမုတိသစ္စာ ပညတ်ဆိုတဲ့ ဥစ္စာဟာ ပေါင်းစုတဲ့အပေါ်မှာ ဖြစ်တယ်။ လှည်းဆိုတာ ပစ္စည်းတွေ ဆယ့်လေးမျိုးလောက် ပေါင်းတော့ လှည်းဖြစ်တယ်။ပေါင်းထားတဲ့ ပစ္စည်းလေးတွေကို အစိတ်စိတ် မခေါ်တော့ ပဲနဲ့ လှည်းလို့ တလုံးတည်း ခေါ်လိုက်တယ်။ မော်တော်ကားလို့ တခုတည်း ခေါ်လိုက်တယ်။

ခေါ်လဲပြီးရော ဒီလှည်းကြီးဟာ လှတယ် မလှဘူး၊ ကြည့်ကောင်းတယ် မကောင်းဘူး၊ ခိုင်တယ် မခိုင်ဘူး၊ ငါ့လှည်း သူ့လှည်း။

"ဒီလို့တွေ့ ဖြစ်ကုန်ရော မဟုတ်လား"

"မှန်ပါဘုရား"

အဲဒါတွေဟာ မျက်လှည့်ဆရာတွေ့ ဝင်လာတာ၊မျက်လှည့်အတတ်ပညာ ဆုံ ဖျက်မယ်ဆိုတဲ့ လူတယောက်ကတော့ အနီးအစပ် ကြည့်ပြီးတော့ ဒီဥစ္စာက ဘီး၊

ဒီဥစ္စာက ဝင်ရိုး၊ဒီဥစ္စာက ကက်အိမ်၊ ဒီဥစ္စာက လှည်းတံ၊ ဒီဥစ္စာက ဇင်တုံး၊ ဒီဥစ္စာက ကြိုး။ အဲဒီလို အသေးစိတ် ခွဲလိုက်တဲ့အခါကျတော့ လှည်းဆိုတဲ့ အမှတ်သညာ ပျောက်ပြီးတော့ တခုစီ တခုစီ။

"အစိတ်စိတ်အမှုံမှာ သူ မြင်မသွားဘူးလား"
"မြင်သွားပါတယ်ဘုရား"

ဒါလောက်နဲ့ အားမရသေးတော့ အကုန်လုံး တစ်ခဲ့ ဆွဲဖျက်ပစ်လိုက်တော့—

"လှည်းဆိုတဲ့ ပုံသဏ္ဌာန်ကြီး ပြောင်းမသွားဘူးလား"
"ပြောင်းသွားပါတယ်ဘုရား"

အေး-အဲဒီလို အနီးကပ်ကြည့်၊ သဘာဝ စိုက်ရမယ်နော်။ ဒီတော့ လှည်းကြီးကို ဖြိုဖျက်ပြီးတော့ ကြည့်သလို ခန္ဓာကြီးမှာလဲ ရုပ်တခု၊ ဝေဒနာတခု၊ သညာတခု၊ သင်္ခါရတခု၊ ဝိညာဉ်တခု၊ ဒီလို ငါးခုလောက် ပုံပြီးတော့ ကြည့်ပြီလဲဆိုရော—

"သတ္တဝါဆိုတဲ့သဏ္ဌာန် ပျောက်ရမယ် မဟုတ်လား"
"မှန်ပါဘုရား"

သတ္တဝါဆိုတဲ့သဏ္ဌာန် သတ္တသညာ အတ္တသညာ ပျောက်သွားတာတနဲ့ ပြိုင်နက်ဘည်း ဒီယောဂီဟာ ကယ်ရောက်သွားတုံး ဆိုပေါ့ရှိရင် သဘာဝ လက္ခဏာ ရောက်ပြီ။

"ဘယ်ရောက်"
"သဘာဝ လက္ခဏာ ရောက်ပါပြီဘုရား"

သဘာဝတရားတွေရဲ့ လက္ခဏာကို အသီးသီး ရောက်သွားတဲ့အတွက်ကြောင့် ရုပ်ဆိုတာ၊ ဝေဒနာဆိုတာ၊ သညာဆိုတာ၊ သင်္ခါရဆိုတာ၊ ဝိညာဉ်ဆိုတာ တကယ်အမှန်ရှိတဲ့ ကရားတွေပဲ။ သတ္တဝါဆိုတာက မရှိတဲ့တရားတွေပဲလို့ သဘောကျထိုက်တဲ့ အတွက်ကြောင့် အဲဒီ ယောဂီပုဂ္ဂိုလ်ဟာ အရှိပရမတ်ကို မြင်သောကြောင့် ပရမတ္ထသစ္စာကို မြင်တာ။

"ဘာကို မြင်သွားလဲ"
"ပရမတ္ထသစ္စာကို မြင်သွားပါတယ်ဘုရား"

မရှိဘဲ့ သမုတိသစ္စာကိုဖယ်၊ အရှိဖြစ်တဲ့ ပရမတ္ထသစ္စာကို ရောက်။

"တဆင့်တက်ပြီ မဟုတ်လား"

"မှန်ပါဘုရား"

သမုတိသစ္စာကလော့ ကျော်မှုဖြစ်မှာနော်၊ သမုတိသဘ္ဘာမကျော်ရင် ငါ့လှည်းဆိုတာကနေ ကက်မှာမဟုတ်ဘူး။

လူးပါ ဘဲကျောင်းသလို မဖြစ်ကြနဲ့

ဟိုဘုန်းက ခပ်ဒပါပေါလူတးယောက် ကန်ဘောင်ရိုးမှာ ရပ်နေတယ်၊ လူလယ်တးယောက်ကလဲ အဲဒီကန်ဘောင်ရိုး လျှောက်လာတယ်။ ကန်ကြီးထဲမှာ ဘဲတွေက ရေကူးနေကြတယ်။ ဘဲတွေက တောဘဲတွေ။ ခပ်ပေါပေါလူကလဲ ဘဲတွေကို ကြည့်ကောင်းကောင်းနဲ့ ထိုင်ကြည့်နေတယ်။ လူလယ်တယောက်ကလဲ သူ့ဘေးနား လာထိုင်ကြည့်နေပြန်တယ်။

အဲဒီလို ကြည့်နေကြယင်း ခပ်ပေါပေါလူက လူလယ်ကိုမေးတယ်။ဒီကန်ထဲက ဘဲတွေ ဘယ်သူ့ဘဲတွေလဲဗျာ ဆိုတော့ လူလယ်က ငါ့ဘဲကွတဲ့။ ဒီတော့ ခပ်ပေါပေါလူက ခင်ဗျားဘဲအုပ်ကြီး ကြည့်လို့ သိပ်ခကောင်းဘာပဲ၊ လူကလဲ လှလိုက်ပါဘိ၊ ဥတွေကလဲ သိပ်ဥမှာပဲ။ အဲဒီ ဘဲအုပ်ကြီး ကျုပ်ကိုရောင်းပါ။ ရောင်းဘာပေါ့ကွာ။ အဲဒီရေထဲက ဘဲတွေအကုန်လုံး မင်းကို ရောင်းခဲ့မယ် ဆိုပြီး ပိုက်ဆံယူသွား၊ ဘဲတွေ ရောင် ပစ်ခဲ့တယ်။

လူးပါဟာ ကန်ဘောင်ရိုးကနေ ဘဲတွေကျောင်းနေတယ်။ ဘဲကျောင်းယင်း ကျောင်းယင်းနဲ့ ညနေလေး တော်ခတော်ပဲစောင်းရော ဘဲက တောဘဲမဟုတ်လား၊ ညနေလဲစောင်းရော ဖလူးဆို အကုန်လုံး ထပျံကုန်ရော။ လူလယ်က သူ့ကို လိမ်ပြီး ရောင်းပစ်ခဲ့ကာ သူ့ဘဲတကယ်အဆင်နဲ့ ကျောင်းနေတာ။ တနေကုန် ရော။ ညနေစောင်းပို ဘဲတွေအကုန်သုံးသွားတော့ ကောင်းကင်ကနေ ပျံသွာ တဲ့ဘဲအုပ်ကြီး မော့ကြည့်ပြီးတော့ ငါ့ဘဲ-ငါ့ဘဲ-ဆိုပြီး ပို့က်တာပဲ။ တဖြုးဖြုးနဲ့ ဘဲတွေက ဝေးဝေးသွား။ ငါ့ဘဲဆို အော်လိုက်သံလူးပါ ဖော်ပြီးတော့ ကျန်ရစ်ခဲ့ဘယ်၊ ပိုက်ဆံလဲ ဆုံးရော။

"ဘဲကိုရော ရလိုက်သေးသလား"

"မရပါဘုရား"

အေး--ဘုန်းကြီးတို့ယောဂီများလဲ မျက်လှည့်ဆရာ လှည့်ပြနေတာကို ငါ့ဘဲ့ဆိုပြီးတော့ ကျေငင်းမနေနဲ့နော်။ ညနေစောင်းရင် အကုန်ပျံသွးလိမ့်မယ်။

"အခု-ညနေကလေး တော်တော်စောင်းကြပြီလား"

"မစောင်းသေးပါဘုရား"

ငါ့ဘဲ၊ ငါ့ဘဲနဲ့ ကျောင်းနေကြတာ မဟုတ်လား။ စျေးထဲက အဖွားကြီး ကလေကလဲ ဈေးဆိုင်ပေါ်ထိုင်ပြီးတော့ ဆိုင်ပေါ်ကပစ္စည်းတွေကြည့်ပြီ ငါ့ဘဲ။ ရုံးပေါ်က အဖိုးတွေ အဖွားတွေကလဲ ရုံးကဥစ္စာတော့ လုပ်ယင်း ကိုင်ယင်း ဒါဟာ ငါ့ဘဲ။ စိန်သည်ဘက်ကလဲ စိန်ဘုပ်ကြီးတွေ ကြည့်ပြီးတော့ ငါ့ဘဲ။ ရွှေသယ်ဘက်ကလဲ ရွှေဘုံး ရွှေခဲတွေ ကြည့်ပြီ တော့ ငါ့ဘဲ။ လုံးနေလိုက်ဂျပုံနော်၊

မျက်လှည့်ဆရာက လိမ်ပစ်ခဲ့တာနော်။ ညနေစောင်းတော့မှ အကုန်ထပျံသွးရဲ့ တခါတည်းလိုက်ရဘာ မောသာကျန်ရစ်လိမ့်မယ်နော်။ ဘုန်းကြီးတို့ယောဂီများ သဘာဝဆိုးက်ခအောင်ကြသွဲ့။ ငါ့ဘဲလုပ်ပြီးတော့ အခြိန်ကုန်မနေကြဲ့။အေး-ညနေလေးစောင်းလာပြီနော်။အဖိုးတွေ အဖွားတွေ သတိထားကြ။ ငါ့ဘဲဆိုင်းခတော့ လုပ်မနေကြနဲ့။ဝိပ္ပလွသသဘော၊ ဒီလိုလှည့်စားဘာ မျက်လှည့်ဆရာရဲ့သဘော၊ ဒီလိုလှည့်စားတာ။

မနက်ပိုင်းတော့ ဟုတ်တယ်ထင်ရတာကိုး။ဒီတံ့ မမ-ငါ့ဥစ္စာ။မနက်ပိုင်းတော့ ဘဲတွေက ရေကူးလို့ကောင်းတုံး နေကလဲပူတော့ ရေကန်ထဲက အစာလေး မြက်ကလေးစားယင်း စားယင်းနဲ့ ညနေစောင်းတော့ အစာကလဲဝ၊ရေလေးဘာလေး ချိုးပြီးတော့ပျံကုန်ရော။ဒီတော့မှ ငါတော့ဆုံးပါပြီ၊အဲဒါတောင် ငါ့ဘဲ မဟုတ်မှန်း မသိသေးဘူး၊အဘင်းလိုက်တုန်းရှိဒသေးတယ်။ လောကကြီး ခက်လိုက်ပုံကနော်။ ဘုန်းကြီးတို့ယောဂီများလဲ အဲဒီသဘောလေး မှတ်ထားလိုက်ကြတော့။ ညနေစောင်းရင် ကုန်သွားလိမ့်မယ်။ ငါ့ဘဲ မဟုတ်မှန်း ဒီတော့မှသိမှာ။အဲဒါမသိလို့ ဆက်လိုက်နေရင်တော့ ဒီယောဂီ ရင်ကွဲသေရုံပဲရှိမှာ။

"မဟုတ်ဘူးလား"

"မှန်ပါဘုရား"

အေး--သဘာဝလက္ခဏာ ပရမတ္ထတရား မြင်အောင်ကြည့်လိုက်။ ပင်ကို သဘောအရ ပရမတ္ထတရား မြင်အောင်ကြည့်လိုက်။ အဲဒီအခြိန်ကျရင် ငါ့ဘဲ မဟုတ်ဒကြောင်း တော်မတော်လေး သိမယ်။ ဒါနဲ့မှ မသိသေးဘူးဆိုရင် တဆင့်

တက်။ သာမညလက္ခဏာ ပျက်စီးမှုတွေ့ တညီတညီးဖြစ်ကြောင်း မြင်အောင် ကြည့်လိုက်။ သဘာဝလက္ခဏာလဲ ပိုင်ပြီ။ ရုပ်သဘောက ဖောက်ပြန်တယ်။ ဝေဒနာသဘောက ခံစားတယ်။ သညာသဘောက မှတ်တယ်။ သင်္ခါရသဘောက ပြုပြင်တယ်။ ဝိညာဉ်သဘောက သိတယ်။ ပကတိ ပင်ကိုသဘောလေးတွေ့တော့ ပိုင်လာပြီ။

ကန်ထဲက ဘဲတွေဟာ တောဘဲဘေ့ပဲဆိုတာလောက်တော့ သိနေတယ်နော်။ ထမဲပျံကြသေးဘူး။ တောဘဲမှန်းတော့ အဲဒီလောက်ဆိုရင် သိသွားပြီ။ ဖလူးကနဲ ထလဲပျံလိုက်ရော အဲဒီတော့မှ ငါ့ဘဲမဟုတ်ဘူး။ ဒီတော့မှ ကိုလူပေါ်တယောက် ဟိုကောင် ငါ့ကို ညာသွားတာ၊ ဒီလိုဖြစ်ကျန်ရစ်ခဲ့တယ်။ အေး-သာမညလက္ခဏာ တဆင့်တက်တော့ အဲဒါ ထပျံတာပဲ။

"သာမညလက္ခဏာ တဆင့်တက်တော့ ဘာဖြစ်"
"ထပျံသွားတာပါဘုရား"
ရုပ်ကလဲ ပျက်စီးသွားပြီ။ ဝေဒနာကလဲ ပျက်စီးသွားပြီ။
"သညာကရော"
"ပျက်စီးသွားပါပြီဘုရား"
"သင်္ခါရ ဝိညာဉ်ကကော"
"ပျက်စီးသွားပါပြီဘုရား"

ပျက်စီးပြီဆိုတော့ ဘဲအုပ်ကြီး ထပျံသလိုဖြစ်ပြီ။ အဲဒီအချိန်ကျမှ ထိုင်မငိုနဲ့၊ ပျက်စီးတာကို ပျက်စီးဘဲ့ အနေနဲ့ ရှုလိုက်ရင်—

"သစ္စာထဲ တခါတည်း မရောက်ဘူးလား"
"ရောက်ပါတယ်ဘုရား"

အရိယာ ပုဂ္ဂိုလ်များမြင်ဘဲ့ သစ္စာ။ အဲဒီရောက်သွားတာ။

သမုတိသစ္စာ၊
ပရမတ္ထသစ္စာ၊
အရိယသစ္စာ၊

"ဘယ်နှစ်ပါးလဲ"
"သုံးပါးပါဘုရား"

သမုတိသစ္စာဆိုတာက ငါ့ဘဲ၊ ငါ့ဘဲဆိုပြီးတော့ ရောင်းနေကြတာ။
ပရမတ္ထသစ္စာဆိုတာက တောဘဲတွေလို့ သိသွားပြီ။
အရိယသစ္စာဆိုတာက ထပျံသွားလို့ ငါမပိုင်တော့ဘူးလို့ နားလယ်သွားပြီ။

"ဘယ်နှစ်ပါးလဲ"
"သုံးပါးပါဘုရား"

အဲဒီအချိန်ကျမှ မျက်မှန်စိမ်းကျတ်တာ။

"မျက်မှန်စိမ်း ခွတ်ရမယ် မဟုတ်လား"
"ခွတ်ရမှာပါဘုရား"

ကိုင်း-ဒီတော့ ဘုန်းကြီးတို့ယောဂီများအနေနဲ့ ဘာလိုအပ်သလဲဆိုရင်—

"သဘာဝလက္ခဏာကို ပိုင်ဖို့ အရေးတကြီး မလိုအပ်ဘူးလား"
"လိုအပ်ပါတယ်ဘုရား"

ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြားချ၊ စကားပုံသေ၊ ရုပ်ခေါ်ပေ၏။

ရုပ်တွေ သိမ်းကျုံးပြီးတော့ သဘာဝလက္ခဏာတွေ ပိုင်ပစေ။

ခံစား စံစား၊ စကားနှစ်ထွေ၊ တရားနေမှာ၊ ဝေဒနာဓာတ်၊ခန္ဓာမှတ်လော့။

ဝေဒနာတွေ အကုန်လုံး သိမ်းကျုံးပြီးတော့ ခံစားမှုအနေနဲ့ သဘာဝလက္ခဏာပိုင်ပစေ။သညာကျတော့ ဘယ့်နှယ်လဲ။

ထို့ပြင်သညာ၊ ခန္ဓာမှာကား၊ လိမ္မာတတ်သိ၊ ခေါ်ကြဘိရှင့်။

ပဓာနအကျဆုံး သစ်္ခါရက္ခန္ဓာ အစုဝင်တရားများ

မှတ်ပြီးတော့ သိနေတဲ့သဘောဟာ သညာလို့နားလည်ပစေ။ သစ်္ခါရက္ခန္ဓာကျတော့ လိုက်ဆိုပါ။

"ကာယဝစီ၊ မနောပြိသည့်၊ သုံးလီကမ္မ၊သခ်ါရမူ၊ မမွထင်ရှား၊ငါးဆယ်ပြား၏"

"ကာယဝစီ၊ မနောပြိသည့်၊ သုံးလီကမ္မ၊ သခ်ါရမူ၊ခမွထင်ရှား၊ ငါးဆယ်ပြား၏"

စာပို်ဒ်နဲနဲများသွားတော့ တို့ယောဂီများကို အဆို့မခိုင်းတော့ပါဘူး။ဘာပြုလို့လဲဆိုတော့ အူပေါက်သွာမှာ စိုးရတယ်။ ကာယ၊ ဝစီ၊ မနောပြိသည့်၊ သုံးလီကမ္မ၊ကာယကံ၊ ဝစီကံ၊ မနောကံ=

"ကိုယ်နဲ့ ပြုတိုင်းပြုတိုင်း စေတနာမပါဘူးလား"
"ပါပါတယ်ဘုရား"

"နှုတ်နဲ့ ပြောတိုင်း ပြောတိုင်း"
"စေတနာပါပါတယ်ဘုရား"

"ဘုန်းကြီးတို့က ပြောနေတာ၊ တို့ယောဂီတွေက ဖြေနေတာ စေတနာပါကြရဲလား"
"ပါကြပါတယ်ဘုရား"

ဒီလိုအပြောလေးတွေကို ပြောတော့မယ်ဆိုကတဲကိုက တင်ကြိုကြံစည်နေ၍တဲ့ စေတနာတွေ—

"မရှိဘူးလား"
"ရှိပါတယ်ဘုရား"

ဒီစေတနာအကြံနဲ့တဲ့၊ မနောကံ ခေါ်တယ်။ ဒီစေတနာကို အပြောနဲ့ကဲ့၊ ဝစီကံခေါ်တယ်။

"ဒီစေတနာလေးကို အလုပ်နဲ့ တဲ့တော့"
"ကာယကံ ခေါ်ပါတယ်ဘုရား"

ကာယကံခေါ်တယ်။ ကံတရားဆိုတာ တရားကိုယ်က စေတနာကို ပြောနေတာ၊ ကောင်းကင်က ကျလာတာ မဟုတ်ဘူး။ နှလုံးသားထဲက ဟုတ်လာတဲ့ စေတနာလေးဟာကံ၊ ဒီစေတနာဟာ အလုပ်ဖြစ်ရင်ကံဖြစ်သွားရော။ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဒီပြောမှု လုပ်ကြံမှုဆိုတဲ့ အလုပ်တွေ အပြောတွေ အကြံတွေနဲ့ စေတနာလေးကို ကံလို့ ခေါ်တယ်။

စေတနာ ဦးဆောင်ရင် စေတသိက်တွေ ၄၉-ပါးလောက် နောက်ကနေ တသီကြီး ပါသွားတယ်။ ၄၉ ပါးသော စေတသိက်တွေ အကုန်ဆဲပြီးတော့ မပြောတော့ဘူး။ စေတနာ ဦးဆောင်တဲ့ စေတသိက်တွေ။ အဲဒါကို သခ်ါရလို့ ခေါ်ပါ။

"သတိ၊ စီရိယ၊ သမာဓိ၊ ပညာတို့ မပါဘူးလား"

"ပါပါတယ်ဘုရား"

"သဒ္ဓါတို့ ပါတယ်နော်"

"ပါပါတယ်ဘုရား"

သဒ္ဓါ၊ စီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ စေတနာ။အဲဒါတွေ အကုန်လုံးကို သခ်ါရခေ၊ါတာ။ သခ်ါရကွန္ဓာထဲ သူတို့ ဝင်သွားတယ်။ ဟိုတနေ့က ပြောခဲ့တဲ့ ငှက်ပျောတုံးကြီးဟာ သူပဲနော်။ အဲဒါကို—

ကာယဝစီ၊ မနောပြိသည့်၊ သုံးလီကမ္မ၊ သခ်ါရမူ၊ ဓမ္မထင်ရှား၊ ငါးဆယ်ပြား၏။

စေတသိက် ၅၂-လုံးမှာ ဝေဒနာကို ငေဒနာကွန္ဓာ။သညာကို သညာကွန္ဓာ။ ကျန်တဲ့ စေတသိက် ၅၀-က သခ်ါရကွန္ဓာ။ ဒါက ဓမ္မအနေနဲ့ တရားကိုယ်ကို ပြောတာ။ အရင်ပြော နားလယ်အောင် ဆိုရင်တော့ စေတနာခေါင်းဆောင်တဲ့ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေဟာ သခ်ါရကွန္ဓာ။ မှတ်သားပြီးတော့ သိနေတာက သညာကွန္ဓာ၊ မျက်လှည့်သိသလို လှည့်ပတ်ပြီး သိနေကြတာတွေက စိညာဏကွန္ဓာ။

"ဒီလိုမလာဘူးလား"

"လာပါတယ်ဘုရား"

ဒီတော့ရင် သခ်ါရကွန္ဓာဆိုတာကို မှတ်ပေတော့။ စေတနာခေါင်းဆောင်တဲ့ စေတသိက်တို့ရဲ့ အလုပ်ဟာ သခ်ါရကွန္ဓာပဲစ်။ စေတနာလေးက စိုက်စိုက်စူးစူး အာရုံနဲ့ တခါတည်း ကပ်ပေးထားတယ်။ ပူတယ်ဆိုတဲ့ သဘောနဲ့ တို့ယောဂီများရဲ့ သိဆိုတဲ့ စိတ်ကလေးကို ကပ်ပေးထားတယ်။ စေတနာက ပူတယ်ဆိုတဲ့ သဘောကို သိအောင်ကြည့်ပါ။ သိအောင်ကြည့်ပါလို့—

"စေတနာက တွန်းပေးမထားဘူးလား"

"တွန်းပေးထားပါတယ်ဘုရား"

စေ့ဆော်တယ်။ စေ့စေ့ စပ်စပ်ကလေး ဖြစ်နေအောင် နှိုးဆော်တိုက်တွန်းတယ်။ စေတနာက နှိုးဆော်ပေးလိုက်တော့ ဝိညာဉ်ဆိုဘဲ့ စိတ်ကလေးက ဝိညာဏကွန်ရာက ဒီနေရာမှာ သိတော့မယ်။ သိတော့မယ် ဆိုတဲ့အခါကျတော့ မျက်လှည့်အသိပျိုးနဲ့ဆိုရင် လှ မလှ ဒီလိုသွားမှာ။ ကောင်းမကောင်း ဒီလိုသွားမှာ။ မျက်လှည့်အတတ်ပညာကို ဖယ်ပြီးတော့ မျက်မှန်စိမ်း ခွတ်ပြီးတော့ သိကဲ့ဒါသိမျိုးဆိုရင်တော့ ရှပ်တရားလို့ သိတယ်။

"ဘာတရား"

"ရှပ်တရားပါဘုရား"

ရှပ်တရားလို့ သိသွားပြီ။ ရှပ်တရားလို့ သိလိုက်တော့ အဲဒီအသိရဲ့ နောက်နားက ပညာဆိုတဲ့ သင်္ခါရကွန်ရာတခု ဝင်လာတော့ ရှပ်ဆိုတာ ပရမတ္ထတရား၊ သတ္တဝါဆိုတာက ပညတ်တရား။

"သင်္ခါရကွန်ရာ ပညာကဝင်ပြီးတော့ မပေးလိုက်ဘူးလား"

"ခဲ့ပေးလိုက်ပါတယ်ဘုရား"

ပညာက ဒါလောက်နဲ့ ခဲ့ရတာ အားမရဘူး ထပ်ခဲ့ချင်သေးတယ်။ ပူဘာအေးတာ ကေဇောရှပ်လို့ ခဲ့တယ်။ တောင့်တင်းတာ ခက်မာတာကို ပထဝီရှပ်လို့ခဲ့တယ်။ နောက်ပြီးတော့ တွန်းကန်လှုပ်ရှားတာကို ဝါယောရှပ်လို့ ခဲ့တယ်။ ပညာက ဒါလောက်တောင် ခဲ့ခြမ်း စိစစ်ပေးလိုက်တော့—

"သိဆိုတဲ့ အသိဟာ ပိုရှင်းမလာဘူးလား"

"ရှင်းလာပါတယ်ဘုရား"

စည်းဝိုင်းထဲ ဝင်ပြီးတော့ မုဆိုးထိုင် ထိုင်ကြည့်လိုက်ဘာနဲ့။ ကိုင်းသမာဓိဆိုတဲ့ စေတသိက် သင်္ခါရကွန်ရာတလုံးက ဝင်သွားပြန်တယ်။ ဒဲဒီသိဘဲ့ ဒီအာရုံပေါ်မှာ ငြိမ်အောင် ဒီစိတ်ကို ချည်ပေးမယ့်တဲ့။ ဒီသမာဓိက ဝင်အလုပ်လုပ်လိုက်တယ်။ သတိက ဒီအသိနဲ့ ဒီရုပ်တရား အမြဲဘမ်း ထင်ရှားနေအောင် ထိန်းပေးမှာပါဘဲ့။ သတိက ဝင်ထိန်းပေးလိုက်တော့—

"အမြဲတမ်း ထင်ရှားလာတယ်မဟုတ်လား"

"မှန်ပါဘုရား"

ထင်ရှားလာတယ်။ ထင်ရှားလာအောင် ပြုလုပ်ဆောင်ရွက်တာယ်။ သတိဆိုဘဲ့ သင်္ခါရကွန်ရာရဲ့ ကိစ္စ၊ ခဲ့ခြမ်းစိတ်ဖြာ စိစစ်ဝေဖန်ပေးတဲ့ ပညာဆိုတဲ့

သခ်ၤါရက္ခန္ဓာရဲ့ကိစ္စ၊ ငြိမ်နေအောင် စိတ်ကိုတုပ်ပေးထားတယ်။ သမာဆိုတဲ့ သခ်ၤါရက္ခန္ဓာရဲ့ကိစ္စ၊ ဒီအသိနဲ့ ဒီအာရုံ ကဲ့နေအောင် စေ့စပ်ပေးထားတဲ့ စေတနာဆိုတဲ့ သခ်ၤါရက္ခန္ဓာရဲ့ကိစ္စ။ ဒီအသိနဲ့—

"ဒီလိုမနေဘူးလား"
"နေပါဘယ်ဘုရား"
ေတနာခ်ယ်၊ သတိရယ်၊ သမာဓိရယ်၊ ပညာရယ်။
"သခ်ၤါရက္ခန္ဓာ ဘယ်နှစ်လုံးရသလဲ"
"လေးလုံးရပါတယ်ဘုရား"
တက်လာပြီ။ကာယိကဒုက္ခေဒနာတွေ့။ နာလိုက်တာ ပင်ပန်းလိုက်တာ။
"မလာဘူးလား"
"လာပါတယ်ဘုရား"

ဘယ်လောက်ပဲနာနာတဲ့။ အူတွေ့ပေါက်သွားတဲ့အထိ သည်းခံကျင့်သုံးဘဲ့ စိတ္တလမဆေရ်ကြီးလို ငါတို့ သည်းခံမယ်။ ရဲရင့်တဲ့ စိတ်ခာတ်ဓိရိယ။
"ဝင်မလာဘူးလား"
"လာပါတယ်ဘုရား"

စေဘနာရယ်၊ စီရိယရယ်၊ သတိရယ်၊ သမာဓိရယ်၊ ပညာရယ်။ သခ်ၤါရက္ခန္ဓာငါးလုံး တရားအလုပ်လုပ်တဲ့အခါမှာ ဘုန်းကြီးတို့ ဖယောဂီများ အဲဒီ သခ်ၤါရက္ခန္ဓာငါးလုံး ခြောက်လုံးဖြစ်အောင်ထည့်၊ခုနစ်လုံးဖြစ်အောင်ထည့်။ငါး ဆယ်ထိအောင်ထည့်ရင် ရတယ်နော်။

"သခ်ၤါရက္ခန္ဓာက ငါးဆယ်ရှိတယ်မဟုတ်လား"
"ရှိပါတယ်ဘုရား"

ငါးဆယ်စေ့အောင် လျှောက်ထည့်လို့ရှိရင် ရပါတယ်။ ဒါပေမယ့် အခေးကြီးတာ ငါးခုလောက်မှတ်ထားလိုက်ရင် ဘုန်းကြီးတို့ ယောဂီများအတွက် အတော်အတန် လုံလောက်ပါပြီ။

ဒါ့ကြောင့် သိမှုတခု ထင်ရှားလာရင် နာမ်တရားလို့ ခေါ်တဲ့ ဒီသခ်ၤါရက္ခန္ဓာကို အဲဒီလို ငါးမျိုးကွဲအောင်ရှု။ ဟိုဘနေ့ကတော့ ခြောက်မျိုးအထိ မနသိကာရပါ ထည့်ပြီးတော့ ဘုန်းကြီးပေးခဲ့တယ်။ သဒ္ဓါတရားပါ ထည့်အုံး။

“ခုနစ်ခုမရဘူးလား”
“ရပါတယ်ဘုရား”

ရတာပဲ။ ဘုန်းကြီးတို့ ယောဂီများ အဲဒါဘော့ဟာ ဘာမှမခက်ဘူးနော်။ ဒီတော့ ဒီငါးခုပိုင်အောင်တော့ မှတ်စမ်းပါ။ စေတနာရယ်၊ ဝီရိယရယ်၊ သတိရယ်၊ သမာဓိရယ်၊ ပညာရယ်။

“ဘယ်နှစ်လုံးလဲ”
“ငါးလုံးပါဘုရား”

သိမယ်ဆိုရင် အသိတခုတခုကို ဒီငါးခုကနေ ကျေးဇူးပြုပြီးတော့ သိလာတာ။ ပဋ္ဌာန်းပစ္စည်းအနေနဲ့တော့ သဟဇာတသတ္တိ၊ ဘမူပဒုဘ္ဘသတ္တိလို့ ဟောမှာပေါ့နော်။ သိမှုတခုဖြစ်ရင် စေ့ဆော်တိုက်တွန်းတဲ့ စေတနာနဲ့ သိတာ။ ရဲရင့်တဲ့ ဝီရိယနဲ့ သိရမယ်၊ ထင်ရှားတဲ့သတိနဲ့ သိရမယ်။ စိစစ်ခဝဖန်တဲ့ပညာနဲ့ သိရမယ်။ တည်ငြိမ်တဲ့ သမာဓိနဲ့ သိရမယ်။ အသိကို ခြုံရုံလာလိုက်ဘာ—

“တရားငါးလုံး မနေဘူးလား”
“နေပါတယ်ဘုရား”

အဲဒီအချိန် ဘုန်းကြီးတို့ ယောဂီများရဲ့အသိဟာ မျက်လှည့်သိ မဟုတ်တော့ဘူး။ သဘာဝကို ဖောက်ထွင်းသိတဲ့ အသိ ဖြစ်သွားပြီ မဟုတ်လား။ အဲဒါမှအဖိုးတန်တယ်နော်။ ကိုင်း- ဒါကြောင့်မို့လို့ သစ္စာရက္ခန္ဓာနဲ့ပတ်သက်ရင် အသိထင်ရှား နာမ်တရား ငါးပါးကဲ့အောင်ရှုဆိုတာ ဒီနေရာ ရသွားပြန်တာပဲ။ ကိုင်း- လိုက်ဆို။

သဘာဝလက္ခဏာ ဆိုက်အောင်ကြည့်မှ သစ္စာသုံးချက် သိမယ်

“အသိထင်ရှား၊ နာမ်တရား၊ ငါးပါးကဲ့အောင်ရှု”
“အသိထင်ရှား၊ နာမ်တရား၊ ငါးပါးကဲ့အောင်ရှု?”

အေး- အသိထင်ရှား၊ နာမ်တရား၊ ငါးပါးကဲ့အောင်ရှု။ သိမှုဆိုကာကာ ဝိညာဉ်၊ သိတဲ့ဝိညာဉ်ကို ကျေးဇူးပြုနေတဲ့ ဒီနာမ်ဟာရုံးဆိုတဲ့ သစ္စာရက္ခန္ဓာက ငါးပါး။ ဝိညာဏက္ခန္ဓာနဲ့ သစ္စာရက္ခန္ဓာ ကဲ့သွားရော။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ဝိညာဏကွန်ရှာဆိုတာက သိမှုသဘော။ ယခုလိုသိလိုက်ခဲတာ့ မျက်လှည့်သိ မဟုတ်တော့ပဲနဲ့ သဘာဝသိ ဖြစ်သွားတယ်။ သဘာဝ လက္ခဏာပိုင်တဲ့ တို့ ဇယောဂီတို့ရဲ့ သန္တာန်မှာ ခုနက လှည်းကြိုးဖျက်သလို ဖျက်လိုက်ပြီ။

"ပြိုသွားပြီမဟုတ်လား"
"ပြိုသွားပါပြီဘုရား"

သမှုဟာဃန ပြိုထွက်သွားတယ်။ အစိုင်အခဲကြီး မရှိတော့ဘူးနော်။ လှည်းကြိုးပြိုသလို သမှုဟာဃန ပြိုသွားတယ်။ အစိုင်အခဲကြီး မဋ္ဌိတော့ဘူး။ သန်ဓါရကွန္ဓာက ငါးခုကွဲလာတယ်။ ဝိညာဏကွန္ဓာနဲ့ ကွဲနေတယ်။ နားလယ်သွားတယ်။ ဒီအသိဟာ ဘယ်မှာ အာရုံကျနေတုံးဆိုရင် ရုပ်ဘုရားပေါ်မှာ အာရုံကျနေတယ်။ ရုပ်တရားသုံးပါးလဲ ကွဲသွားတယ်။

"ဒီလိုနော်"
"မှန်ပါဘုရား"

အေး- ရှုနေတဲ့ အာရုံမှာရော ရှုစိတ်မှာရော နှစ်ဘက်စလုံးမှာ အစိုင်အခဲတွေ။

"မပြိုဘူးလား"
"ပြိုပါတယ်ဘုရား"

ဉက်ပျောတုံးကြီး အဖတ်လိုက် ခွာလိုက်၊ ကွာသွားပြီနော်။ နှစ်ဘက်စလုံး သန်ဓါရတရားတွေချည်းပဲလို့ တသားတည်းမြင်။

သန်ဓါရုဝ သန်ဓါရေ ဝိပဿနာ

သန်ဓါရုဝ၊ ဝိရိယ သတိ သမာဓိ ပညာ စေတနာ ဝိညာဉ်ဆိုတဲ့ သန်ဓါရတရားတို့ကပင်လျှင်။ သန်ဓါရေ၊ ပထဝီ တေဇော ဝါယောဆိုတဲ့ ရုပ်ဘုရား သန်ဓါရမမှတို့ကို။ ဝိပဿနာ၊ ကောင်းစွာမသွေ ရှုမှတ်၍ နေသေကုန်တော့သတည်း။

"သာဓု- သာဓု- သာဓုပါဘုရား"

ကောင်းပြီ။ ဒါဖြင့်ရင် ဘယ်သူသိသလဲ၊ အခုတွေ့ပြီနော်။ ဝိညာဉ်က သိတာ။

"ဘယ်သူသိတာပါလိမ့်"
"ဝိညာဉ်က သိတာပါဘုရား"
"ရုပ်လို့ သိသလား၊ လှုမလှု သိသလား"
"ရုပ်လို့ သိဘာပါဘုရား"

မျက်လှည့်သဘော မဟုတ်တော့ဘူး၊ သဘာဝ ရောက်ပြီနော်။ ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက ရေးထားတယ်၊ လိုက်ဆိုကြပါ။

"အာရုံယူဘိ၊ အသိသဘော၊ စိတ်မနောကို၊ ဝိညာဉ်ဆို၏"
"အာရုံယူဘိ၊ အသိသဘော၊ စိတ်မနောကို၊ ဝိညာဉ်ဆို၏"

အဲဒီ သဘာဝမကိုက်ရင် ဘယ့်နှယ် သိကြမှာလဲဆိုတော့—

မာယူပမဉ္စ ဝိညာဏံ။

ဝိညာဏ်၊ သိတယ်ဆိုတဲ့ ဒီဝိညာဉ်သည်။ မာယူပမံ၊ မျက်လှည့်နဲ့တူပြီးတော့ သိတယ်။

ဒီလို သဘာဝမဆိုက်ရင် မျက်လှည့်သိ သိတာမျိုး ဖြစ်လိမ့်မယ်။ ဒါ့ကြောင့် သဘာဝလက္ခဏာ ဆိုက်အောင်ကြည့်။

"ပရမတ္ထသစ္စာ မရောက်ဘူးလား"
"ရောက်ပါတယ်ဘုရား"

သမုတိသစ္စာ သတ္တဝါရယ်လို့ သိနေတာက မျက်လှည့်သိ။ ယခုလိုသဘာဝ လက္ခဏာရုပ်နဲ့ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဘဲ့ သိတာက သဘာဝသိ ခေါ်တဲ့ ပရမတ္ထသစ္စာသိ သိတာ။ခန္ဓာငါးပါးလုံး စုံသွား၊ အကုန်လုံး တညီတည်း ပျက်စီးမှုဆိုတာ—

"အားလုံးမှာ မရှိဘူးလား"
"ရှိပါတယ်ဘုရား"

ဟုတ္တာ အဘာဝဋ္ဌေန အနိစ္စာ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒုတိယတဲ့၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ-၂၆၃။

ဖြစ်ပြီး၊ ကုန်ပျောက် အားလုံး အနိစ္စရောက်တာ တညီတည်း၊ အနိစ္စရောက်ပုံတညီကည်း တသားတည်း တွေ့ဆုံးရင် ဩဝါ-အနိစ္စရောက်နေတဲ့ ဒီရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တွေဟာ ဒုက္ခစင်စစ်တွေချည်းပဲ၊ ဘာကြောင့်လဲ၊ ပျက်စီးလို့ နှိပ်စက်နေလို့ ဒုက္ခတွေ။

“ တသားတည်း မရဘူးလား
“ရပါတယ်ဘုရား”

ပျက်စီးနေတဲ့ ဒုက္ခ နှိပ်စက်နေတဲ့ ဒီဒုက္ခတွေကို သုခဖြစ်အောင် ကြိုစားကြည့်တယ်။ ကြိုးစားလို့မရဘူး။

အဝသဝတ္တနဋ္ဌေန အနတ္တာ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-ဒုတိယဘဂ်၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ-၂၆၃။

အစိုးမရတဲ့သဘော။

“အနတ္တာဆိုတာ မလာဘူးလား”
“လာပါတယ်ဘုရား”

အဲဒီလို လက္ခဏာရော ဉာဏ်ရောတခါတည်း ဝင်လာပြီလဲဆိုရော ဒီယောဂီဟာ အရိယသစ္စာထဲ ဝင်သွားတယ်။

“ဘာသစ္စာလဲ”
“အရိယသစ္စာပါဘုရား”

သတ္တဝါဆိုတာ သမုတိသစ္စာ၊
ရုပ်အစရှိတဲ့ ခန္ဓာကို သိတာက ပရမတ္ထသစ္စာ၊

ဒီရုပ်အစရှိတဲ့ ခန္ဓာအားလုံး ပျက်စီးမှု၊ ဆင်းရဲမှု၊ ကိုယ့်အလိုအတိုင်း မဖြစ်မှုကို တသားတည်း သိသွားတာက အရိယသစ္စာ။

“သစ္စာဘယ်နှစ်ပါးရသလဲ”
“သုံးပါးရပါတယ်ဘုရား”

သစ္စာအဆင့်ဆင့်ကို အဲဒီလို တိုးတက်ပြီးတော့ သိရမယ်။ ယောဂီများရဲ့ ဓမ္မသဘောအသိမှာ ဒီလိုသိရမယ်။ဒါကြောင့်--

ဓမ္မေသု၊ဟောဒီ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ဓမ္မဘို့ရဲ့အပေါ်၌။ ဓမ္မာနုပဿီ၊ ရုပ်တွေ၊ ဝေဒနာ ဓမ္မ၊ သညာဓမ္မ သင်္ခါရဓမ္မ၊ ဝိညာဉ်ဓမ္မဆိုတဲ့ ဓမ္မတို့ရဲ့ ပင်ကိုသဘောဆိုတဲ့ ပရမတ္ထသစ္စာ အမျှားနဲ့ တသားတည်းတညီတည်း ထိုင်နေတဲ့ သာမညလက္ခဏာ ခေါ်ဆိုရတဲ့ အရိယသစ္စာတွေကို အဖန်ဖန် အထပ်ထပ် ရှုမှတ်၍ နေလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ရုပ်မှု၊ နာမ်ဓမ္မတို့ရဲ့ ပင်ကိုသဘောနဲ့ ဟောဒီ သာမညသဘောလက္ခဏာတွေကို သိအောင် ပိုင်အောင် ရှုမှတ်နေတာဟာ—

ဓမ္မေသု ဓမ္မာနုပဿီ။

ဓမ္မေသု၊ ဓမ္မတို့ရဲ့ အပေါ်၌၊ ဓမ္မာနုပဿီ၊ ဓမ္မသဘော အဖန်ဖန်ရှုမှတ်၍နေတာမို့လို့။ ဓမ္မာနုပဿနာတိ၊ ဓမ္မာနုပဿနာပါပဲလို့။ ဒဋ္ဌဗ္ဗံ၊ ကောင်းစွာမသွေ့ မှတ်အပ်ပါပေတော့သတည်း။

“သာဓု သာဓု သာဓု ပါဘုရား”

အာနာပါနသတိသုတ္တန်လာ စတုတ္ထ စတုက္ကလေးချက် (သို့မဟုတ်) ဓမ္မာနုပဿနာနည်း၄-နည်း

ဒီတော့ ဓမ္မာနုပဿနာ သတိပဋ္ဌာနပါဠိတော်နဲ့ ပတ်သက်တဲ့ ပါဠိတော်လေးပိုဒ်၊ ဘုန်းကြီးတို့ အာနာပါနသတိသုတ္တန်မှာ—

အနိစ္စာနုပဿီ အာဿသိဿာမိ ပဿသိဿာမီတိ သိက္ခတိ။
ဝိရာဂါနုပဿီ အာဿသိဿာမိ ပဿသိဿာမီတိ သိက္ခတိ။
နိရောဓာနုပဿီ အာသ သိဿာမိ ပဿသိဿာမီတိ သိက္ခတိ။
ပဋိနိဿဂ္ဂါနုပဿီ အာဿသိဿာမိ ပဿသိဿာမီတိ သိက္ခတိ။

ပါဠိတော်လေးပိုဒ် ဟောတယ်။ အဲဒါ ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါဠိတော်။

အနိစ္စာနုပဿီ၊အနိစ္စအချက်ကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍။ဝိဟရတိ နေ၏။

ဝိရာဂါနုပဿီ၊ ဝိရာဂသဘောကို အဖန်ဖန်အထပ်ထပ် ရှုမှတ်၍ နေလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

နိရောဓာနုပဿီ၊ နိရောဓသဘောကို အဖန်ဖန်အထပ်ထပ် ရှုမှတ်၍ နေလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ပဋိနိဿဂ္ဂါနုပဿီ၊ ပဋိနိဿဂ္ဂသဘောကို အဖန်ဖန် အထပ်ထပ် ရှုမှတ်၍ နေလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

အဿသိဿာမိ ပဿသိဿာမိ၊ ထွက်လေဝင်လေကို ဖြစ်စေ၏။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

(၁) အနိစ္စာနုပဿီ၊
(၂) ဝိရာဂါနုပဿီ၊
(၃) နိရောဓာနုပဿီ၊
(၄) ပဋိနိဿဂ္ဂါနုပဿီ။

"အနုပဿနာနည်း ဘယ်နှစ်နည်းပေးလိုက်"
"လေးနည်း ပေးလိုက်ပါတယ်ဘုရား"

အဲဒီ အနုပဿနာနည်း လေးနည်းဟာ ဓမ္မတို့ရဲ့သဘောကို ရှုတာမို့လို့ ဓမ္မာနုပဿနာနည်း လေးနည်းပါ။ ရုပ်နာမ် ဓမ္မတို့ရဲ့သဘောကို ရှုတဲ့ ဒီနည်းလေးနည်းနဲ့ ရှုနေရင် အဲဒါဟာ ဓမ္မာနုပဿနာ ဖြစ်ပြီလို့ဆိုတယ်။ အနိစ္စရယ်၊ ဝိရာဂရယ်၊ နိရောဓရယ်၊ ပဋိနိဿဂ္ဂရယ်။

"ဘယ်နှစ်ချက်လဲ"
"လေးချက်ပါဘုရား"

အနိစ္စဆိုတာ ပျက်စီးသွားတာ၊ ဘယ်သူပျက်စီးသွားသလဲဆိုရင် ဒီခန္ဓာငါးပါးပဲ။ ခန္ဓာငါးပါးရဲ့ ပျက်စီးသွားတဲ့ အနိစ္စသဘောကို အဖန်ဖန် အထပ်ထပ် ဆက်ပြီးတော့ ရှုတတ်ရမယ်။

ဘုန်းကြီးတို့ သင်ပေးခဲ့တာကတော့ ပူဘာ ပူဘဲ့ရုပ်အတိုင်းရှုဖို့ သင်ပေးခဲ့တယ်။ ယခု ဒီလိုမဟုတ်တော့ဘူး၊ တက်သွားပြီ။ အဲဒီ ပူတဲ့ရုပ် ပျက်စီးတယ်လို့ တက်ပြီးတော့ရှုရမယ်။ ပူတဲ့ရုပ်ကလေးဟာ ကုန်သွားတဲ့ သဘောရှိတယ်၊ ရှုရမယ်။ ဝိရာဂကို အဋ္ဌကထာဖွင့်ပုံကတော့—

အစ္စန္တဝိရာဂနဲ့ ခယဝိရာဂ နှစ်မျိုးဖွင့်ဘယ်၊ ခယဝိရာဂဆိုတာက ခဏတိုင်း ခဏတိုင်း ရှစိတ်ကလေးတင်လိုက်ဘာနဲ့ ကုန်ကုန်သွားတာကို ခယဝိရာဂ။

ရှစိတ်နဲ့ ဒီပုဗ္ဗမသဘော ကပ်လိုက်တာနဲ့ ချက်ချင်း ကုန်သွားပြီဆိုတဲ့ သဘော ရှုတာ ခယဝိရာဂ၊ အစ္စန္တဝိရာဂဆိုတာက တကယ့်ကို ဒီရုပ်တွေ အကုန်လုံး ကုန်ပြီးတော့ ချုပ်ငြိမ်းသွားတာကို အစ္စန္တဝိရာဂ။

ရုပ်တွေအားလုံး ကုန်ပြီးတော့ ချုပ်ငြိမ်းသွားတယ်ဆိုတာကတော့ နိဗ္ဗာန်ပဲဗျ။ ဒီတော့ ရှုကွက်ထဲမှာ နိဗ္ဗာန်ကို ကိုယ်က လှမ်းရှုနေတာမှ မဟုတ်ပဲ။ ဒီသန်တရုပ်ကြီးကို ရှုနေကာမို့လို့ ခယဝိရာဂကို ရှုမယ်၊ အနိစ္စ ပျက်စီးတဲ့ သဘော ခယဝိရာဂ ကုန်သွားတဲ့သဘော။

နောက်တခါ နိရောဓနုပဿီ၊ နိရောဓသဘော။ ဝေါဟာရ ပြောင်းပေးတာ သဘောက တမျိုးတည်းရယ်။ သတ္တဝါတွေရဲ့ စရိုက်ဟာ အမျိုးမျိုး။ ခယဆိုတဲ့ စကားလုံးမှ တချို့က ကြိုက်တယ်၊တချို့ကတော့ အနိစ္စဆိုတဲ့ စကားလုံးမှ ကြိုက်တယ်။ တချို့က နိရောဓဆိုမှ ကြိုက်တယ်။ ဒီတော့ ဘုရားက ခယလို့လဲ ဟောတာပဲ။ အနိစ္စလို့လဲ ဟောတာပဲ။ နိရောဓလို့လဲ ဟောတာပဲ။ တညီတညီး အကုန်လုံး ပျက်စီးတာချည်းပဲ။ အနိစ္စဆိုဘာလဲ ပျက်စီးသွားတာပဲ။ ခယဆိုတာလဲ ကုန်တယ်ဆိုတာလဲ ပျက်စီးလို့ ကုန်တာပဲ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

အေး-နိရောဓဲ ချုပ်တယ်ဆိုတာလဲ ပျက်စီးလို့ ချုပ်သွားဟာ မဟုတ်လား။ နိရောဓ ချုပ်ပျောက် ပျက်စီးတဲ့ သဘောဆိုတာကလဲ ချုပ်နည်း ၂-နည်းရှိတယ်။

(၁) ခဏတိုင်း ခဏတိုင်း ပျက်စီးနေလို့ ဒီရုပ်တွေ ချုပ်-ချုပ်သွားဟာ။
(၂) တကယ့်ကိုပဲ ကိလေသာတွေ အကြွင်းမဲ့ကုန်သွားလို့ ခန္ဓာငါးပါး ချုပ်သွားတာ။

"ဘယ်နှစ်မျိုးရှိလဲ"
"နှစ်မျိုးပါဘုရား"

စာပေက အဲဒါကို အစ္စန္တနိရောဓခဲ့ ခယနိရောဓလို့ခေါ်တယ်။ ခဏတိုင်း ခဏတိုင်း ကုန်ကုန်ပြီးတော့ ချုပ်နေတဲ့သဘောဟာ ခယနိရောဓ။ တကယ့်ကိုပဲ အကြွင်းမဲ့ ချုပ်ဆုံးသွားတာကိုတော့ အစ္စန္တနိရောဓ။ ဒါဖြင့်ရင် အစ္စန္တနိရောဓ

ရှုကွက်ထဲ မရှုရဘူး။ ဘာပြုလို့လဲ၊ ကိုယ်က ဒီဟာရှုယင်း ရှုယင်းနဲ့ အဆုံးတိုင် ရောက်သွားတော့ အစွန့်အနိစ္စရောဓ အလိုလိုလာတာ။ ကိုယ်က လှုမ်းပြီးတော့ ဆွဲထည့်မနေနဲ့။ နိရောဓဆိုတဲ့ နိဗ္ဗာန်ကို အတင်းဆွဲထည့်မနေနဲ့။ လောလော ဆယ်ရိုနေတဲ့ ရုပ်ရဲ့ ခယနိရောဓကို မြင်အောင်ကြည့်။ ခဏတိုင်း ခဏတိုင်း ပျက်စီးလို့ ချုပ်နေတဲ့သဘော၊ ခယနိရောဓ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

အနိစ္စရယ်၊
ဝိရာဂရယ်၊
နိရောဓရယ်။

"သုံးချက် ရပြီနော်"
"မှန်ပါဘုရား"

အနိစ္စ-ပျက်စီးမှု၊ ဝိရာဂ-ကုန်ခန်းမှု၊ နိရောဓ-ချုပ်ပျောက်မှု သဘောဟာ အားလုံးတမျိုးတည်းပါ။ နောက်တခါ ပဋိနိဿဂ္ဂါနုပဿီ၊ ပဋိနိဿဂ္ဂဆိုတာ စွန့်လွှတ်တာ။

တဒင်္ဂဝသေန ကိလေသေ စ ခန္ဓေ စ ပဇဟတိ။

မနေ့က တက်ပေးခဲ့တဲ့ စိတ္တာနုပဿနာ ရှုကွက်မှာ ယောဂီများရဲ့ စိတ်ဟာ ဟောဒီ ရုပ်တရားကြီးရဲ့အပေါ်မှာလဲ အာရုံမရှိတော့ဘူး။ ဝေဒနာပေါ်မှာလဲ အာရုံမရှိတော့ဘူး။ ရုပ်ကို ရှုယင်းရှုယင်းနဲ့ ရုပ်တွေကလဲပဲ တဖြေးဖြေးနဲ့ သိမ်မွေ့ပြီးတော့ သွားတယ်။ ဝေဒနာတွေကလဲ တဖြေးဖြေးနဲ့ သိမ်မွေ့သွားပြီးတော့ စိတ်ထဲမှာ အေးနေတာလေးနဲ့ သိတာလေးတခုတည်းကျန်တယ်။

သိတယ်ဆိုတဲ့ စိတ်ကလေး တလုံးတည်းကျန်တဲ့အချိန်မှာ အဲဒီ စိတ်ဟာ ဝိပဿနာဉာဏ်အားသန်ဘဲ့ အတွက်ကြောင့် အခိုင်အတန့်ကလေး ခန္ဓာကို ဖြစ်စေ၊ကိလေသာကို ဖြစ်စေ စွန့်ထားတယ်။

တဒင်္ဂဝသေန၊ အခိုက်အတန့်ရဲ့ အစွမ်းအားဖြင့်။ ခန္ဓေ စ၊ ခန္ဓာတို့ကို လည်းကောင်း။ ကိလေသေ စ၊ ကိလေသာတို့ကို လည်းကောင်း။ ပဇဟာဘိ၊ ပယ်စွန့်ထား၏။

အခိုက်အတန့်အနေနဲ့ ခန္ဓာနဲ့ ကိလေသာမှာ လွတ်နေတာဟာ ပဋိနိဿဂ္ဂလို့ ခေါ်တယ်။ ဒါဟာ အခိုက်အတန့် လွတ်နေတာ။ ဒီစိတ်ကလေးဟာ ခန္ဓာမှာလဲလွတ်၊ ကိလေသာမှလဲ လွတ်တယ်ဆိုတော့—

"သူ့ကို ဝိမုတ္တိစိတ်လို့ မဆိုနိုင်ဘူးလား"

"ဆိုနိုင်ပါတယ်ဘုရား"

အပြီးတိုင် လွတ်ငြိမ်းခြင်း မဟုတ်သေးဘူး။ ဒီဝိပဿနာဉာဏ်လေး ကုန်ဆုံးသွားတဲ့ အခါကျတော့ ကိလေသာနဲ့ ခန္ဓာပြန်ပေါ်လာလိမ့်မယ်။ အပြီးတိုင် လွတ်မြောက်ခြင်းဆိုတာကတော့ တခါတည်း အသစ်တနိဗ္ဗာန်ကို ပြေးဝင်သွားတဲ့ မဂ်စိတ်ကို ပြောတာ။

ဒါ့ကြောင့်-ပဋိနိဿဂ္ဂဆိုတာဟာ နှစ်မျိုးနော်။

ဝိပဿနာဉာဏ် အားသန်တဲ့အတွက်ကြောင့် ကိလေသာနဲ့ ခန္ဓာကို စွန့်ထားတဲ့စိတ်၊ အဲဒီ အခိုက်အတန့် စွန့်ထားတာ။ ကိလေသာကိုရော ခန္ဓာကိုပါ အပြီးတိုင် စွန့်ပြီးတော့ နိဗ္ဗာန်ကို ပြေးဝင်သွားတဲ့ မဂ်စိတ် ဒီလိုနှစ်လုံးရှိတယ်။

ဝိပဿနာစိတ်ရယ်၊
မဂ်စိတ်ရယ်၊
"ဒီလိုနှစ်မျိုးနော်"
"မှန်ပါဘုရား"

ဝိပဿနာစိတ်က ကိလေသာနဲ့ ခန္ဓာကို အခိုက်အတန့်စွန့်တယ်။ မဂ်စိတ်ကတော့ တကယ့်ကို အပြီးတိုင်စွန့်တယ်။ ပဋိနိဿဂ္ဂ။ ဒါ့ကြောင့်—

ပရိစ္စာဂေါ ဟိ ဝေါဿဂ္ဂေါ။

ဝေါဿဂ္ဂေါ-နိဗ္ဗာန်ကို တခါတည်း စိုက်ပြီးတော့ ဝင်သွားတယ်။ အဲဒါ မဂ်စိတ်ကို ဆိုလိုပါတယ်။ ရှုကွက်ထဲအနေနဲ့ကျတော့ ဘုန်းကြီးတို့ယောဂီများ၊ အဲဒီမဂ်စိတ်ကို ရှုစရာမလိုဘူး။ ရှုယင်းရှုယင်းနဲ့ လူက အလိုလိုဝင်လာတဲ့ သဘော၊ သူ့ကို ရှုဖို့မဟုတ်တော့ဘူး။

ဒါဖြင့်-ပဋိနိဿာဂ္ဂရှုဆိုတာက ဘာရှုရမလဲ။ ကိလေသာနဲ့ ခန္ဓာကိုစွန့်ထားတဲ့ ဒီစိတ်ကလေးကို ရှုလိုက်။သူ့ကို ချန်မထားနဲ့။ သူ့ချန်ထားရင် သစ်တာတစိတ်တဒေသ မရှုပဲနဲ့ ချန်ထားရင် သစ်တနဲ့နဲ့ ကျန်နေရင် ဟန်မကျဘူး ဗျ နော်။

ဒါ့ကြောင့်–

ပဋိနိဿဂ္ဂါနုပဿီ၊ ဟောဒိကိလေသာနဲ့ ခန္ဓာကို စွန့်ထားတဲ့ စိတ်ကလေးကို ထပ်ကာထပ်ကာ ရှုမြဲနေလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရမယ်။

ထွက်လေဝင်လေကတော့ သူ့ဟာသူ သွားနေတာပဲ။ ဒါပေမယ့် အာရုံကတော့ ဒီစိတ်ပေါ်ရောက်သွားတယ်။ အဲဒီတော့ ဒီနေရာမှာ ယောဂီများရဲ့ ရှုကွက်ကို ဒီပါဠိတော်လေးပိုဒ်ကို ခြုံလိုက်ရင်–

အနိစ္စာနုပဿီ- ပျက်စီးမှု သဘော တက်ရှု။
ဝိရာဂါနုပဿီ- ခဏတိုင်းကုန်ဆုံးနေတဲ့ သဘောတွေကိုရှု။
နိရောဓာနု ပဿီ- ဇောတိုင်း ချုပ်ပျောက်နေတဲ့ သဘောတွေကိုရှု။
ပဋိနိဿဂ္ဂါနုပဿီ- ကိလေသာနဲ့ ဒီခန္ဓာဟာ စွန့်ပစ်ရမယ့် သဘောပဲလို့ ကျေနပ်အောင်ရှု။

ဓမ္မာနုပဿနာ ပါဠိတော်လေးပိုဒ် ဝိပဿနာထဲကို သေသေချာချာရောက်ကရော။ အား–ဓမ္မာနုပဿနာထဲ ကျကျနနဝင်တော့ ဝိပဿနာထဲ သေသေချာချာဝင်သွားတယ်။

ဩဘာသဆိုတဲ့ အရောင်အလင်းကြောင့် သမာဓိပျက်တတ်တယ်

ဒါ့ကြောင့်--ဘုန်းကြီးတို့ ယောဂီများ၊ အရောင်ကလေး လာတယ်။ အလင်းကလေး တွေ့တယ်။ ဖွေးနေတဲ့ ဝါဂွမ်းစိုင်ကြီးနဲ့ တကိုယ်လုံး ခြုံထားတယ်။ လူတကိုယ်လုံး ကောင်းကင်ပျံသွားတယ်။ ဘာတွေပဲဖြစ်နေနေ အဲဒီလို ဖြစ်လာတဲ့ အချိန်မှာ သမာဓိ အတော်အတန်ရပြီဆိုတော့ ဟန်ကျပြီနော်။

သမာဓိ အတော်အတန်ရလို့ နိဝရဏတွေ ရှင်းလို့ ဒီဩဘာသတွေလာတာ။ အရောင်ကလေးတွေ့တယ်။ အလင်းရောင်ကလေး တွေ့တယ်။ ဝါဂွမ်းစိုင်ကြီးတွေလာတယ်။ ကြယ်တွေလတွေ နဲ့ကွတ်တာရာတွေ့ မြင်တယ်။ ကြည်နူးစရာကောင်းတဲ့ ဥယျာဉ်ကြီးထဲမှာ စိတ်ချလက်ချ ကျောက်ဖျာပေါ် အိပ်နေလိုက်ရတယ်။ ကျောက်သံပတ္တမြားတွေ အပြည့်ထည့်ထားတဲ့ တိုက်ခန်းကြီးထဲမှာ လှည့်ပြီးတော့ ကြည့်နေရတယ်။ အဲဒါတွေဟာ ဘာတွေဘုံးဆိုရင် ဩဘာသတွေ။

"ဘာတေ့ပါတဲ့"
"ဩဘာသတေ့ပါဘုရား"

ဩဘာသ-အရိပ်အယောင် အဲဒီ ဩကာသကြောင့် သမာဒိ ပျက်တတ် တယ်ဆိုတာ မတ်ထား။

"ဩဘာသကြောင့်"
"သမာဓိပျက်တတ်ပါတယ်ဘုရား"

ဩဘာသေစေဝ ဉာဏော စ၊ ပီတိယာ စ ဂိကမွတိ။
ပဿဒ္ဓိယာ သုခေစေဝ၊ ဟောဟိ စိတ္တံ ၎ဝေခဘိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-ဒုတိယတဲ့၊ ဝိပဿနုပက္ကိလေသကထာ-၂၇၃။

ဩဘာသေစေဝ၊ ဩဘာသဆိုတဲ့ ဒီအရိပ်အယောင်တွေကြောင့်လဲပါ။စိတ္တံ၊ ယောဂီရဲ့ စိတ်ဟာ။ ဂိကမွာကြီး၊ တုန်လှုပ်နေလိမ့်မယ်။

မူလကမ္မဋ္ဌာန်းရောက်လိုက်၊ အရှေ့ဝင်တေ့ရောက်လိုက်၊ မူလကမ္မဋ္ဌာန်းရောက် လိုက်၊ ကောင်းကင်ရောက်လိုက်၊ ကောင်းကင်ရောက်လိုက်၊ မူလကမ္မဋ္ဌာန်း ပြန်ရောက်လိုက်၊ ကြက်သီးလေး ဖြန်းကနဲ ထနေတဲ့ဆီ ရောက်လိုက်နဲ့-တုန်လှုပ် နေတယ်။

ဉာဏော စ၊ အလွန်တရာ ထက်မြက်လာတဲ့ ဉာဏ်တေ့ကြောင့်လဲပါ။ ဂိကမွတိ၊ တုန်လှုပ်ပါတယ်။

ဉာဏ်တေ့က သိပ်ထက်နေတယ်။ ရုပ်ကိုရှုလိုက်၊ ရုပ်သုံးမျိုး ဖြန်းကနဲ တခါ တည်းကွဲ။ ဝေဒနာရှုလိုက်၊ဝေဒနာနှစ်မျိုး ဖြန်းကနဲ ထင်ရှား။ သဉ်ဂါရရှုလိုက်၊ အသိထင်ရှားနာမ်တရား ငါးပါး ဖြန်းကနဲ ဉာဏ်ထဲကွဲလာတယ်။ရုပ်ရှုရှု၊ဝေဒနာ ရှုရှု၊သဉ်ဂါရရှုရှု၊ ဝိညာဉ်ရှုရှု၊ အစိတ်စိတ်အမှာမှာ ကွဲလာအောင် ဒါလောက် တောင် ဉာဏ်ထဲမြင်လာဘော့ သိပ်ကို ထက်မြက်လာတဲ့ဉာဏ်။

ဒါဟာ မဂ်ဉာဏ်မျှားလား၊ အဲဒီလို အတွေးလေး ဝင်တာနဲ့ တပြိုင်နက် တည်း စိတ်ဟာ တုန်လှုပ်သွားတာ ခေါ်တယ်။ အလွန်သိမ်မွေ့တဲ့ ရှုကွက်ကို ရောက်သွားတယ်။ တုန်လှုပ်သွားတယ်။ မဂ်ဉာဏ်မဟုတ်သေးတဲ့ ဟောဒီ ဝိပဿ နာဉာဏ်နဲ့ ထက်မြက်နေတဲ့ သဘောက မဂ်လို့ထင်ပြီးတော့ တုန်လှုပ်သွားတယ်။

"အဲဒီအချိန် ကိလေသာကော ရှိရဲ့လား"
"မရှိပါဘုရား"

ကိလေသာလဲမရှိ၊ခန္ဓာကလဲ ဒါလောက်တောင် အစိတ်စိတ်အမွှာမွှာနိုင်နင်း ဖနတော့ ဒါတော့ငါဟာ မင်္ဂဝင်တာထင်တယ်ဆိုပြီး တုန်လှုပ်သွားတယ်။

ဝိသုဒ္ဓိမဂ်ထဲပါတဲ့ မထေရ်ကြီးတပါး။ စာလဲ တတ်တယ်။ ကမ္မဋ္ဌာန်းလဲ အားထုတ်တယ်။ နှစ်ပေါင်းများစွာ စာချ၊ ကမ္မဋ္ဌာန်းတရား အားထုတ်ယင်းနဲ့ ထိုမထေရ်ကြီးရဲ့ သန္တာန်မှာ ဟိုတနေ့က ပြောခဲ့သလိုပေါ့။ ကိလေသာတွေ စင်ရောက် ကျက်စားတာ သူ့တခါမှ မတွေ့ဖူးဘူး။ ဝဏ်ကလိလို ဖြစ်နေတဲ့ယ်။ ကိလေသာတွေ ဝင်ရောက်ကျက်စားတာ တခါမှ မတွေ့ဘူး။ ဒီတော်ဟာ အမြဲတမ်း ကြည်ပြီးတော့ နေးနေတယ်။

အဲဒီမထေရ်ကြီးဆံ စာတက်ပြီးတော့ ကမ္မဋ္ဌာန်း အားထုတ်သွားတဲ့ တပည့်တွေက အာသဝေါကင်းကွာတဲ့ ရဟန္တာတွေဖြစ်။ ရဟန္တာတွေ ဖြစ်သွားကြတဲ့ တပည့်တွေက ငါတို့ဆရာတော့ စာလဲ ချတယ်၊ တရားလဲ အားထုတ်တယ်၊ တရားအားထုတ်လို့ ဘယ်လောက်ရသလဲဆိုတော့ သမာဓိတွေလဲ ကောင်းကောင်းကြီးရတယ်။ သမာဓိက ဘယ်လောက်တောင် ရသလဲ ဆိုလို့ရှိရင် ဣဒ္ဓိဝိဓအဘိညာဉ်တိုင်အောင် ရောက်တဲ့ သမာဓိကို အဲဒီမထေရ်ကြီး ရသားတယ်။ ငါတို့ဆရာဟာ အမျိုးမျိုးဖန်ဆင်းနိုင်တဲ့ တန်ခိုးတွေ၊ ဣဒ္ဓိဝိဓအဘိညာဉ်သာ ရတာ။ မင်္ဂဉာဏ်ဖိုလ်ဉာဏ် မရသေးဘူးလို့ တပည့် ရဟန္တာတပါးက သိတော့ မထေရ်ကြီးထံ ရောက်လာတယ်။

ရောက်လာပြီးတော့ — ဆရာ၊ ဆရာ့စိတ်ထဲ ကိလေသာများ မဥပါဒ်ဘူးလား။ ငါ့စိတ်ထဲ မဥပါဒ်ပါဘူး။ စိတ်ထဲ မဥပါဒ်တာ ဘယ်လောက် ကြာပါပြီလဲဆိုတော့ ဘယ်လောက် ဘယ်လောက် ကြာပြီလို့ ပြောတယ်။ ဒ ဖြင့် အရှင်ဘုရား ဒီလို ကိလေသာတွေကို ပယ်ခွာနိုင်တဲ့ အားကိုးရာ တရားလေးကို အရှင်ဘုရား လက်ကိုင်ထားလို့ ပြီးပြီလား။ ကိလေသာ ဝင်ရောက်ခွင့် မရအောင်ဆိုတဲ့ အားကိုးရာတရား ငါလုပ်ကိုင်ထားတယ်၊ မထေရ်ကြီးက ပြောတယ်။

လုပ်ကိုင်ထားရင် အရှင်ဘုရား အားကိုးရာရှိပြီပေါ့။ ရှိပြီကွယ့်။ အရှင်ဘုရား စိတ်ကို ဘယ်လောက်များ နိုင်နင်းသလဲ။နိုင်နင်းပါတယ်ကွာ၊ မင်းကြည့်ချင်ရင် ငါပြမယ်။အရှင်ဘုရား၊ ဟောဒီမှာ ဆင်ကြီးတကောင်၊ ဖန်ဆင်းပြလိုက်စမ်းပါ။

နှာမောင်းကြီးထောင်၊ အစွယ်ကြီးပြူးပြူးနဲ့ ခပ်လှမ်းလှမ်းကနေ ပြေးလာတဲ့ဆင်ကြီး။ အဲဒီဆင်ကြီး တခြားမပြေးရဘူး။ အရှင်ဘုရားဆီ တည့်တည့်ကြီး ပြေးလာရမယ်။ အသံကြီးကို ဟိန်းနေအောင် အော်ပြီးတော့ အရှင်ဘုရားထံထိုးတော့မလို ပြေးလာတဲ့အသွင် ဆင်ကြီး ဖန်ဆင်းစမ်းပါဘုရား။

သူ့ဟာသူ ဖန်ဆင်းတဲ့ ဆင်နော်။ အစွယ်ကြီး ပြူးပြီးတော့ နှာခေါင်းကြီးထောင် တအားထိုးမလို့ သူ့ဆီပြေးလာတာ။ အနားလဲ ကပ်လာရော မထေရ်ကြီး သက်နဲ့မပြီးတော့ ထပြေးတယ်။ ထပြေးတော့ တပည့်ဖြစ်တဲ့ ရဟန္တာ ပဋိဂ္ဂါလ်က သက်နဲ့စ ဆဲထားလိုက်ရတယ်။ အရှင်ဘုရား၊ အဲဒါ ဩဘာသ အရိပ်ပါဘုရား။ တကယ့်ဆင် မဟုတ်ပါဘူး။ အရိပ်ကို အရှင်ဘုရား ကြောက်နေရသလား။

ကိုလသာ ကုန်ပြီလို့ သူက ထင်နေတာနော်။ သူဖန်ဆင်းတဲ့ဆင် သူ့ဟာသူ ပြန်ကြောက်ဘယ်။ အဲဒီတော့မှ မထေရ်ကြီးက "အေး-ငါ့ကို ကမ္မဋ္ဌာန်းပေးပါကွ" လုပ်ရတယ်။ ဩဘာသဆိုတာ အဲဒီလို စိတ်ကို တုန်လှုပ်စေတယ်။ ဘုန်းကြီးတို့ ယောဂီများ။

အခုဒုပြောတဲ့ မထေရ်ကြီး ကူဋိဝိဓအဘိညာဉ်ရ၊ တကယ့်ကို စိတ်ကြိုက်ဖန်ဆင်းနိုင်ဘဲ့ တန်ခိုးရနေတဲ့ မထေရ်ကြီး၊ သူဖန်ဆင်းတာ သူ့ဟာသူ ကြောက်တယ်။ သူ့စိတ်ကိုသူ နိုင်နင်းလှချည့်ရဲ့ ဆိုပြီးဘော့ သူဖန်ဆင်းတဲ့ ဆင်ဟာ သူ့ဟာသူ ပြန်ကြောက်ရင် ကူဋိဝိဓ အဘိညာဉ် မရသေးတဲ့ ယောဂီများက ပိတ်ဖြူစင်ကြယ် ဝတ်ပြီးတော့ တောင်ဝှေးနဲ့ ဘိုးတော်ကြီးတယောက် ဘွားကနဲဆို အနားရောက်လာရင် ဘယ်နှယ်လုပ်မလဲ။ ဈေးရောင်းကောင်းတဲ့ လက်ဖဲ့ကလေးပေးပါ။ အဲဒီလို ဖြစ်သွားရင် မလွယ်ဘူးလား။

အဲဒီလို အရိပ်အယောင်တွေကြောင့်လဲ တုန်လှုပ်ဘယ်တယ်။ သမာဓိပျက်သွားတယ်။ မူလကမ္မဋ္ဌာန်းပေါ်ကနေ အဲဒီအရိပ်အယောင်ပေါ်ရောက်သွားနော။ အဲဒါကို ဘုန်းကြီးတို့ ယောဂီများက သဘိသား။ ဝမ္မာနုပဿနာထဲကို သွင်းလိုက်။ ဒီအရိပ်အယောင်ဘို့ဘဲ့ ရုပ်ဘာသကြီးကို အနိစ္စနုပဿနာနဲ့ လုပ်ပစ်လိုက်။ ဝိသုဒ္ဓိမဂ်က ညွှန်ကြားတဲ့အတိုင်း ဘုန်းကြီးပြောတာနော်။

အေး-ငါးရက်စခန်းဆိုတော့ ဒီလိုပဲ ပြောရမှာပဲ။ အဲဒီလို ပေါ်လာတဲ့ တောတွေ၊ တောင်တွေ၊ နေတွေ၊ လတွေ၊ ကြယ်တွေ၊ နက္ခတ်တာရာတွေ၊ အလင်းရောင်တွေ ဆိုတာဟာ အရိပ်သဖွယ် ထင်လာတဲ့ရုပ်တရားတွေ။ အဲဒီရုပ်တရားတွေဟာသဲပဲ—

အနိစ္စာနုပဿီ-သူတို့လဲပဲ အနိစ္စတရား၊
ဝိရာဂါနုပဿီ-တော်တော်ကြာ ကုန်သွားလိမ့်မယ့် တရား၊
နိရောဓာနုပဿီ-သူတို့တွေလဲပဲ ချုပ်ပျောက်သွားမယ့် တရား၊
ပဋိနိဿဂ္ဂါနုပဿီ-အဲဒါတွေကို တပ်မက်ပြီးတော့ မနေရဘူး၊ စွန့်လွှတ်ရမယ့် တရား။

"ဘယ်နှစ်ချက်ရှုရမလဲ"
"လေးချက်ရှုရမှာပါဘုရာ"

ပေါလာကဲ့ သြဘာသဆိုဘဲ့ အရိပ်အယောင်တွေကိုလဲ ဒီလေးချက် တင်ပြီးတော့ရှု။ ဒဲ့လို တင်ရှုလိုက်တော့ အရိပ်အယောင်ဆိုတဲ့ သြဘာသတွေ ကုန်သွားပြန်ရော။ ကုန်သွားရင် မူလကမ္မဋ္ဌာန်း ပြန်ထိုင်ပြီးတော့ အဇ္ဈတ္တရုပ် ဖြစ်ဖြင့်၊ ဝေဒနာ ဖြစ်ဖြစ် ဒီလိုပဲ လေးချက်တင်ပြီးတော့ ရှုတယ်။ အဲဒီ အခါမှာ ကြက်သီးကလေး တဖြင်းဖြင်းနဲ့ ပီတိတွေ လာပြန်ပြီဘဲ့။

ဓမ္မာနုပဿနာ ၄-ချက်ကိုသာ လက်ကိုင်ထားရှု

ပီတိယာ စ ဝိရာဂါ ဥဒပက္ခတော၁ ဝိဟရတိ သတော၁ သမ္ပဇာနော၁။

စျာန်လမ်းမှာ ပီတိကို ခွာရမယ်။

ပီတိယာ စ၊ အဲဒီပီတိလဲပဲ။ ဝိရာဂါ၊ ခွာလိုက်ရသောကြောင့်။ဥပေက္ခတော၁၊ ဥပေက္ခာနဲ့ နေနိုင်ရမယ်။ သတော သမ္ပဇာနော၁၊ သတိသမ္ပဇဉ် လက်ကိုင်ထား ရမယ်။

ကြက်သီးတွေ တဖြင်းဖြင်းနဲ့။ သိမ့်ကနဲ ငြိမ့်ကနဲ ပီတိလာရင်လဲပဲ ပီတိ နောက် လိုက်ပြီးတော့ ယောဂီဟာ သမာဓိပျက်တတ်တယ်။ အဲဒီလို တုန်လှုပ် ချောက်ချားပြီး သမာဓိတွေ ပျက်မှာစိုးရတဲ့အတွက်ကြောင့် ပေါ်လာတဲ့ပီတိကို ဝိရာဂလုပ်ပစ်လိုက်။ ခွာပစ်လိုက်။

"ပီတိကို"
"ခွါပစ်ရမှာပါဘုရား"

ပီတိကို ခွါဆိုတော့ ဒီဓမ္မာနုပဿနာ ရှုနည်း လေးနည်း တင်ရှုရမှာပဲ။
အနိစ္စာနုပဿီ-ဒီပီတိလဲ ပျက်စီးတာပဲ။

ဝိရာဂါနုပဿီ-ပီတိလဲပဲ ကုန်သွားမှာပဲ။
နိရောဓာနုပဿီ-ဒီပိတိဟာလဲ ချုပ်ခပျောက်ကာပဲ။
ပဋိနိဿဂ္ဂါနုပဿီ-ဒီပိတိကို ငါစွန့်ပစ်ရမယ်။
ပိတိကို တဏှာနဲ့ ငါကပ်ဆားလို့ မဖြစ်ဘူး။
“ ငငင

အဲဒါကို စျာန်ခန်းမှာ ဟောတိုင်း ဟောတိုင်း ပါဠိတော်မှာ—

ပီတိယာ စ ဝိရာဂါ၊
ဥပေက္ခာတော စ ဝိဟာရတိ၊
သတော သမ္ပဇာနော။

ပါဠိတော်သုံးပိုဒ်။ ပီတိလာရင် ခွာပစ်။
ပီတိလာရင်—

"ခွာပစ်ရမှာပါဘုရား"
"ဝိရာဂ ဟုတ်လား"
"မှန်ပါဘုရား"

ပီတိခွာရမယ်ဆိုတော့ ဝိရာဂဆိုတဲ့ ပါဠိတော်နဲ့ တိုက်ရိုက် ကပ်ပြီးတော့ ဝိရာဂါနုပဿီဆိုရင် သူက အကောင်းဆုံး ရှုကွက်ပဲ။ ပီတိပဲဖြစ်ဖြစ်၊ ပဿဒ္ဓိပဲဖြစ်ဖြစ် နုစ်သက်စရာ ဖြစ်လာတယ်။ ငြိမ်းချမ်းလာတယ်၊ ဝမ်းသာလာတယ် ဆိုရင် ဒီ ပီတိသောမနဿ ပဿဒ္ဓိတို့ရဲ့ ငြိမ်းအေးတဲ့သဘောကို ဝိရာဂ။ သူလဲ ကုန်ခန်းပျက်စီးတဲ့ သဘောရှိတယ်လို့ ထပ်တလဲလဲ တင်ပြီးတော့ ရှုလိုက်ရင် တဖြေးဖြေး ပီတိကွာသွားတယ်။ ပီတိကွာသွားတာနဲ့ တပြိုင်နက်တည်း ဘုန်းကြီးတို့ ယောဂီများရဲ့ သန္တာန်မှာ ဒုက္ခဝေဒနာ ဝင်မလာရင် အဲဒါဟာ ဥပေက္ခာ။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

ဒုက္ခဝေဒနာဝင်တော့ ဒေါမနဿ။ ပီတိပဿဒ္ဓိဝင်တော့ သောမနဿ။ အဲဒီလို ဒေါမနဿနဲ့ သောမနဿ အစုန်းကိုရောက်ရင် ဒီလူဟာ ဥပ္ပါလာပိတ အလွန်ပေါ်လွင်တဲ့ လှုပ်ရှားတဲ့ သဘောရှိတယ်။

"ဟုတ်ပြီနော်"
"မှန်ပါဘုရား"

ဒေါမနဿသဘောလဲ လှုပ်ရှားတယ်။ ပေါ်လွင်တယ်။ သောမနဿ သဘောလို့ခေါ်တဲ့ ပီတိနဲ့ယှဉ်လာရင်လဲပဲ ပေါ်လွင်တယ်။ လှုပ်ရှားတယ်။ အဲဒီအစုန်းနုစ်ဘက် မရောက်ရအောင် သတော သမ္ပဇာနော သတိသမ္ပဇဉ် ဒီနှစ်ခုကို ဦးစီးပြီးတော့ သန်ဒါရမ္မကို စိုက်ပြုတော့ ရှုလိုက်။

"အနုပဿနာနည်း ခုနက ဘယ်နှစ်နည်းပေးလိုက်သလဲ"
"လေးနည်းပါဘုရား"

ဒီလေးနည်းနဲ့ စိုက်ပြီးတော့ ရှုလိုက်ရင် သောမနဿလဲပဲ ငြိမ်သွားတယ်။ ဒေါမနဿလဲပဲ ငြိမ်သွားတယ်။ ဟိုဘက်ဒီဘက် အစွန်းမရောက်ရင် ဥပေက္ခာလို့ခေါ်တဲ့ ငြိမ်းပြီးတော့ သဘောလေးနဲ့ ရှုမှတ်သွားရင် ဘုန်းကြီးတို့ယောဂီများ အဲဒါ တက်သွားတယ်။ အစွန်းတဖက်ဖက် ကပ်သွားရင် အဲဒါ မတက်ဘူး။

"ဟုတ်လား"
"မှန်ပါဘုရား"
အဲဒါနဲ့ကြောင့်—

. ပီတိယာ စ၊ ပီတိကိုလဲပဲ။ ဝိရာဂါ၊ အနုပဿနာနည်း လေးနည်းတင်ပြီးတော့ ရှုပြီးတော့ ခွာလိုက်၍။ သတော သမ္မာနော ခွာမယ်ကြံရင် သာဝိသမ္မာဉ် ဉာဏ်ယှဉ်ပြီးဘော့—

အနုပဿနာအနေနဲ့ လေးနည်းနဲ့ အနိစ္စာနုပဿီ၊ ဝိရာဂါနုပဿီ၊ နိရောဓာနုပဿီ၊ ပဋိနိဿဂ္ဂါနုပဿီ အနေနဲ့ ရှုတာဟာ သဘိသမ္မာဉ်လို့ခေါ်တယ်။ အဲဒီလို ရှုနိုင်ကြမယ်ဆိုရင်—

ဥပေက္ခာတာ၊ သခ်ၤါရသဘောတို့ရဲ့ ချမ်းသာတဲ့သဘောကိုလဲ မျက်နှာလွဲနိုင်တယ်၊သခ်ၤါရတရားတို့ရဲ့ ဆင်းရဲလှုပ်ခါညည်ရဲ့ဆိုတဲ့ သဘောကိုလဲ မျက်နှာလွဲနိုင်တယ်ဆိုတဲ့ ဥပေက္ခာနဲ့ ယှဉ်သည်ဖြစ်၍။ ဝိဟာရတိ၊ နေလေ့ရှိ၏။ (ဝါ) ဝိဟာရတိ၊ ကောင်းစွာမသွေ ကျင်ကြံကြိုးကုတ် နေနိုင်အောင် အားထုတ်တော်မူကြကုန်ရာသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

ဖေဏပိဏ္ဍုပမသုတ္တန်ရဲ့နိဂုံးမှာ ငါးဂါထာရှိတယ်။ ကျန်တဲ့လေးဂါထာ နေ့ခင်းပိုင်းကျမှ ရွတ်မယ်။အခု တဂါထာရွတ်ပြီးတော့ တရားနိဂုံးချုပ်ရအောင်။

ဖေဏပိဏ္ဍုပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗဇုပမာ။
မရီစိကူပမာ သညာ၊ သခ်ၤါရာ ကဒလူပမာ။
မာယူပမ္ဘ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-ဖေဏပိဏ္ဍုပမသုတ္တန်-၁၁၆။

ဘိုကွေ၀၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ရှုပံ၊ ရှုပ် ၂၈-ပါး တို့ရဲ့ အစုအပေါင်းဆိုတဲ့ ရူပက္ခန္ဓာတရားကြီးသည်။ ဖေဏပိဏ္ဍူပမံ၊ ရေမြုပ်စိုင်ကြီးနဲ့တူတဲ့ ဥပမာရှိ၏။

၀ေဒနာ၊ စံစားတတ်တယ် ခံစားတယ်ဆိုတဲ့ ၀ေဒနာက္ခန္ဓာ တရားသည်။ ပုဗ္ဗုဠူပမာ၊ ရေပူဖောင်းလေးနဲ့တူတဲ့ ဥပမာရှိ၏။

သညာ၊ မှတ်သားပြီးတော့ သိတယ်ဆိုတဲ့ သညာက္ခန္ဓာတရားသည်။ မရီစိကူပမာ၊ တံလှုပ်နှင့်တူတဲ့ ဥပမာရှိ၏။

သင်္ခါရာ၊ ၀ေဒနာသညာမှ ကြွင်းကျန်တဲ့ စေတနာ ခေါင်းဆောင်တဲ့ ကာယကံ ၀စီကံ မနောကံမှ ဖြစ်လာတဲ့ စေတသိက် ၃၊ ၄ဆယ်ဆိုတဲ့ သင်္ခါရက္ခန္ဓာ တရားတို့သည်။ ကဒလူပမာ၊ ငှက်ပျောတုံးနဲ့တူတဲ့ ဥပမာရှိ၏။

၀ိညာဏ်၊ သိတတ်တယ်ဆိုတဲ့ ၀ိညာဉ်သည်။ မာယူပမံ၊ မျက်လှည့်နှင့်တူတဲ့ ဥပမာရှိ၏။

ဤတိ၊ ဤသို့။ အာဒိစ္စပဋိဘန္ဓုနာ၊ နေမျိုးနွယ်ဖြစ်တော်မူတဲ့ ငါတို့ဘုရားရှင်သည်။ ဒေသိတံ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေတော့သတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

ပဥ္စမပိုင်း ပြီး၏။

နိဂမပိုင်း

သထုံမြို့ ရှမ်းစုရပ် ဓမ္မရိပ်သာ ၁၂-ကြိမ်မြောက် တရားကျင့်သုံးတဲ့ အခမ်းအနားမှာ သတိပဋ္ဌာန်အလုပ်ပေးတရားနဲ့ ဆက်စပ်၍ ဟောကြားအပ်သော ဖေဏပိဏ္ဍူပမသုတ္တန်တရားတော်ရဲ့ နိဂုံးချုပ်အပိုင်း။

ခန္ဓာငါးပါးနဲ့ ဥပမာ ၅-မျိုး

ခန္ဓာငါးပါးကို ဥပမာငါးမျိုးနဲ့တင်ပြီးတော့ ဟောတဲ့ပါဠိတော်ကို ဘုန်းကြီးတို့က အာနာပါနသတိသုတ္တန်နဲ့ စပ်ပြီးတော့ ဝိပဿနာအလုပ်ပေးနဲ့တဲ့ပြီး ဟောပါတယ်။ ဟောလိုက်တော့ သုတ္တန်တခုလုံး ပြီးခဲ့တာမှာ—

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗဇ္ဇူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။

ပါဠိတော် စုဏ္ဏိယ စကားပြေတခုလုံးကို ဒီဂါထာတပုဒ်နဲ့ အကုန်လုံး ချုပ်ပြတယ်။

ရူပံ၊ ရုပ် ၂၈-ခုလုံးခေါ်ဆိုရတဲ့ ရူပက္ခန္ဓာသည်။ ဖေဏပိဏ္ဍူပမံ၊ ရေမြုပ်စိုင်နဲ့တူသော ဥပမာရှိ၏။

ရုပ် ၂၈-ပါး၊ ရူပက္ခန္ဓာဟာ ရေမြုပ်စိုင်နဲ့ ပမာတူတယ်။ ရှေ့ပိုင်းမှာ အသေးစိတ် ပြောခဲ့ပြီးပါပြီ။ ရေထဲမျောပါလာတဲ့ အရွယ်အစား အမျိုးမျိုးသော ရေမြုပ်စိုင်ဟာ အဝေးကနေ လှမ်းကြည့်ကော့ ရစ္စာယူစရာရှိတယ်လို့ ထင်ရတယ်။အနီးအစပ် ချဉ်းကပ်ပြီးတော့ ကြည့်လိုက်လို့ရှိရင် လက်နဲ့ ကိုင်လိုက်တိုင်း ကိုင်လို့ရတိုင်း စိစိညက်ညက် ကြေသွားတဲ့သဘောရှိတယ်။ အကွင်းကို

ထိုးဖောက် မွေ့နှောက် ကြည့်လိုက်မယ်ဆိုလို့ရှိရင် ရေမြေ့ အစရှိတဲ့ ပိုးမွှား တိရစ္ဆာန်တွေ့၊ အညစ်အကြေးတွေ့ မြောက်မြားစွာ ခိုအောင်းရာဖြစ်တယ်။

ဘုန်ကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်းသမီးတွေ့ ရရှိထားတဲ့ ဒီ ရုပ်အစု အပုံကြီးဟာလဲပဲ မြေ့ကြီးလေးကောင်ဆိုတဲ့ သတ္တဝါမျှားရဲ့ ခိုအောင်းရာ ပိုးမျိုး ၈၀-လို့ ခေါ်ဆိုရတဲ့ သတ္တဝါတို့ရဲ့ ခိုအောင်းရာ မစင်ကျင်ကြီး ကျင်းယ် သွေး ပြည် သလိပ်ဆိုတဲ့ အညစ်အကြေးတို့ရဲ့ ခိုအောင်းရာပဲ။ ဇရမြုပ်စိုင်နဲ့ ပမာတူကြောင်း မှန်းပြီးတော့ ကြည့်ထား။

ပြီးတော့-အဲဒီရေမြုပ်စိုင်ကြီးဟာ မြစ်ဆဲကဲနေ တဖြေးဖြေးနဲ့ မျောပြီး သွားလိုက်တာ ပင်လယ်ထဲရောက်တော့ ပင်လယ်ရေလှိုင်းကြီး ၇ တချက်ဒလောက် ဝုံးကနဲ ရိုက်သိုက်တယ်ဆိုရင် ထိုဇရမြုပ်စိုင်ကြီးဟာ စိစိညက်ညက် ကြေမွပြီး တော့သွားတယ်။

ဒီအတိုင်းပဲ။ ဟောဒီ ရုပ်အစုအပုံကြီးကိုလဲ ဉာဏ်ဆိုတဲ့ ရေလှိုင်းတချက် လောက် တင်ကြည့်စမ်းပါ။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါဠိတော်အရ—

အနိစ္စာနုပဿီ၊
ဝိရာဂါနုပဿီ၊
နိရောဓာနုပဿီ၊
ပဋိနိဿဂ္ဂါနုပဿီ၊

ဒီသဘောလေးဝတ္ထု လေးချက်တင်ပြီးတော့ ရှုလိုက်ရင် ရေလှိုင်းထိလို့ ရေမြုပ်စိုင်ကြီး ကြေမွသွားသလို ဟောဒီ ရုပ်တရား အစုအပုံကြီးဟာလဲ ဉာဏ်ထဲမှာ စိစိညက်ညက် ကြေမွသွားတဲ့အကြောင်း—

"ဘုန်းကြီးတို့ ယောဂီများ မတွေ့ရဘူးလား၊ တွေ့ရမှာလား"
"တွေ့ရမှာပါဘုရား"

အညစ်အကြေးနဲ့ ပိုးမွှားတွေ့ရဲ့ ခိုအောင်းရာဆိုတာက သဘောတခု၊ ပင်လယ်ရေလှိုင်း ဒီလှိုင်းကြီးများနဲ့ တွေ့တဲ့အခါ ရေမြုပ်စိုင်ကြီး ကြေမွသွားသလို ဉာဏ်တည်းဟူသော လေလှိုင်းကြီး၊ ရေလှိုင်းကြီး တိုက်လိုက်တဲ့အခါ ရုပ်တရား အစုအပုံကြီးဟာ စိစိညက်ညက် ကြေမွသွားတယ်ဆိုတာက သဘောတခု၊ ဘုန်းကြီးတို့ယောဂီများ တွေ့ကြရမယ်။

ဒါ့ကြောင့်-ဒီရုပ်တရားဟာ ရေမြုပ်စိုင်နဲ့ ပမာတူတယ်။ ပရိမဒ္ဒနအာသဟနတော-နှင်းချေခြင်းကို မခံနိုင်တဲ့ အတွက်ကြောင့် ရေမြုပ်စိုင်ကြီးနဲ့တူတယ်။ နှင်းချေခြင်းကို မခံနိုင်ဘူး။ ရေမြုပ်စိုင် နှင်းချေရင် ကြမ္ဘသ်းသလို ဟာဒီ ရုပ်တရား အစုအပုံကြီးကို ဉာဏ်နဲ့ နှင်းချေရင် အကုန်ကြမ္ဘသ်းတယ်။

အဲဒီလို တူညီတဲ့သဘောလေးတွေကို မှတ်သားထားပြီးတော့ ရုပ်တရားကြီး ရေမြုပ်စိုင်နဲ့ တူကြောင်းကို ဟောခဲ့တဲ့ ပါဠိတော်တော့တခုလုံး အတိုချုပ်ပြီး ဘုန်းကြီး လက်ခံလေးရေးထားတယ်။ အဲဒါလေးကို ဘုန်းကြီးတို့ယောဂီများ မှတ်မိအောင် ဆိုကြရမှာ။

"ဇရမြုပ်ပမာ၊ နှစ်ခဲ့စ္ဓာ၊ ရူပက္ခန္ဓာမှတ်"
"ဇရမြုပ်ပမာ၊ နှစ်မဲ့စ္ဓာ၊ ရူပက္ခန္ဓာမှတ်"

ဇဒနာ ပဋ္ဌာန်းပမာ။

ဝေဒနာ၊ ခံစားတတ်တယ် စံစားတယ်ဆိုတဲ့ ဝေဒနာသည်။ ပဋ္ဌာန်းပမာ၊ ရေပူဖောင်းနဲ့ ရေပွက်နဲ့ တူတဲ့ ဥပမာရှိ၏။

လယ်တီဆရာတော်ဘုရားကြီးရဲ့ လက်ခံကိုတော့ မနက်ပိုင်းအချိန်က ပေးပြီးခဲ့လို့ ဘုန်းကြီးတို့ ယောဂီများ ရပြီ။

ဖောက်ပြန်ထွပြား၊ ဖြစ်တာ်ငြား၍၊ စကားပုံသေ၊ ရုပ်ခေါ်ပေ၏။ ခံစား စံစား၊ စကားနှစ်တွေ၊ တရားနေမှာ၊ ဝေဒနာမာတ်၊ ခန္ဓာမှတ်လော့။

ဖေဏပိဏ္ဍာ။ ပမံ ရူပံ၊ ဝေဒနာ ပဋ္ဌာန်းပမာ။

ယခု ပါဠိတော်က ခံစားတတ်တယ်ဆိုတဲ့ ဝေဒနာဟာ ရေပူဖောင်းနဲ့ တယ်ပြီးတော့တူတယ်။ ရေပူဖောင်းတခု ဘာကြောင့် ဖြစ်လာသလဲ။

(၁) ကောင်းကင်ကနေ ရေသီးရေပေါက်တွေ ကျလာတယ်။
(၂) အောက်က ရေမျက်နှာပြင်ရှိတယ်။
(၃) ရေသီးရေပေါက်နဲ့ ရေမျက်နှာပြင် ပြီးပြီးတော့ တိုက်ကြတယ်။

ကျလာတဲ့ ရေပေါက်ကလေးတွေထဲမှာ လေအဟုန်ပါလာတယ်။ဒီအကြောင်း သုံးပါးဆုံးမိတဲ့ အတွက်ကြောင့် ရေပူဖောင်းကလေး ပေါ်လာတယ်။ အဲဒီ ရေပူဖောင်းကလေးကို အပေါ်ကနေ ရေအညစ်အကြေးလေးက လွှမ်းထား လိုက်တော့ ရေပူဖောင်းလေးဟာ ရေမျက်နှာပြင်ပေါ်မှာ တည်နေတာ။

ဒီအတိုင်းပဲတဲ့။ ဘုန်းကြီးတို့ ယောဂီများရဲ့ သန္တာန်မှာလဲပဲ ဝေဒနာ တလုံး တလုံးပေါ်တယ်ဆိုတာ-

(၁) ကောင်းကင်က ကျလာတဲ့ ရေပေါက်ကလေးနဲ့ ပမာတူတဲ့ ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ ဖောဋ္ဌဗ္ဗအာရုံသုံးခု။

(၂) ရေမျက်နှာပြင်နဲ့ တူတဲ့ ကာယပဿဒ္ဓ ကိုယ်အာကြည်ရုပ်တခု၊

(၃) အဲဒီ ကာယပဿဒ္ဓ ကိုယ်အကြည်ရုပ်နဲ့ ဖောဋ္ဌဗ္ဗအာရုံတို့ကို ပေါင်းဆုံ ပေးတယ်ဆိုတဲ့ ဖဿဆိုတဲ့ လေအဟုန်ကတခု၊

အဲဒီလို အကြောင်းသုံးပါးဆုံမိကြပြီလဲဆိုရော ဝေဒနာဆိုတဲ့ ရေပူဖောင်း လေးပေါ်လာတယ်။ ကိုလေသာဆိုတဲ့ အညစ်အကြေးလေးက အပေါ်မှာ ကပ်နေတယ်။ ဒုက္ခဝေဒနာမှာ ဒေါသ ကိလေသာ၊ သုခဝေဒနာမှာ လောဘ ကိလေသာ။ အဲဒီ ကိလေသာ အညစ်အကြေးလေး ကပ်ပြီးတော့ နေတယ်။

ရေမျက်နှာပြင်ပေါ်မှာ ရေပူဖောင်းလေးတွေ တင်နေတာကို ခပ်ဝေးဝေး ကနေ ကြည့်လိုက်တော့ သိပ်ကြည့်လို့ကောင်းတယ်။ အနားကပ်ကြည့်တော့ ပါးပါးလေးရယ်လို့ သိရပြန်တယ်။ လက်နဲ့ ထိကြည့်လိုက်တဲ့ အခါကျတော့ ဖောင်းကနဲ ပေါက်ကွဲပျက်စီးသွားတယ်။ အဲဒါကို-

ပဿေယျ-အဝေးကနေ ရှုတာ။

ဥပနိဇ္ဈာယေယျ-အနားကပ်ပြီးတော့ ဝေဒနာမှန်း သိအောင်ရှုတာ။

ယောနိသော ဥပပရိက္ခေယျ ပျက်စီးတဲ့ သဘောတိုင်အောင် ဉာဏ်မှာ ရောက်အောင်ရှုတာ။

ဒီလို အစီစဉ်အတိုင်း ချလိုက်တဲ့ အခါကျတော့ ဝေဒနာတိုင်း ဝေဒနာ တိုင်းဟာ ပေါက်ကွဲတဲ့သဘော။

"ဘုန်းကြီးတို့ မတွေ့ရဘူးလား"

"တွေ့ရပါတယ်ဘုရား"

အေး—ဒါကြောင့် ဝေဒနာဆိုတဲ့ခန္ဓာဟာ ရေပူဖောင်းနဲ့တူတယ်။ ရေထဲက ပွက်ထွက်လာတာ။ ရေမျက်နှာပြင်ပေါ်မှာ ပေါ်လာတဲ့ ရေပူဖောင်းလေး။ အဲဒါကို ဘုန်းကြီးတို့ ယောဂီများ ဆိုကြရမယ်။

ရေပွက်ပမာ၊ ဖောက်ပြန်စွာ၊ ဝေဒနာဟုမှတ်။
ရေပွက်ပမာ၊ ဖောက်ပြန်စွာ၊ ဝေဒနာဟုမှတ်။

အခိုက်အတန့်ကလေးမျှသာ နှစ်သက်ဖွယ်ရာရှိတဲ့အတွက်ကြောင့် ပေါက်ကဲ့သွားတဲ့ သဘောဟာ ဝေဒနာ။

မုဟုတ္တရမ္မကိယတော။

အခိုက်အတန့်ကလေးမျှသာ နှစ်သက်ဖွယ်ရာရှိသော တဲ့။
ရေပူဖောင်းကလေး မကြာခင် ပေါက်သလို ဒီဝေဒနာလေးဟာလဲ ပေါက်ကဲ့သွားတယ်။ ဒီသဘော ပိုင်အောင် ရှုလိုက်တော့ အနိစ္စာနုပဿီ၊ ဝိရာဂါနုပဿီ၊ နိရောဓာနုပဿီ၊ ပဋိနိဿဂ္ဂါနုပဿီ။ ဒီအနုပဿနာလေးချက်ထဲ ဝင်သွားတယ်။

ရုပ်ဆိုတဲ့ ရေမြုပ်စိုင်ကိုလဲပဲ အနိစ္စာနုပဿီ အစရှိဟဲ့ လေးချက်ထဲထည့်။ ဝေဒနာဆိုတဲ့ ရေပူဖောင်းလဲပဲ အနိစ္စာနုပဿီ အစရှိတဲ့ လေးချက်ထဲထည့်။ အကုန်လုံး ပျက်စီးတဲ့သဘော၊ ကုန်တဲ့သဘော၊ ချုပ်ဟဲ့သဘောထဲမှာ တည်တည်း တသားတည်း ရောက်သွားတယ်။ ဝင်သွားတယ်။အဲဒါ ပရမတ္ထပမ္မတို့ရဲ့ သဘောတဲ့။

“အဲဒီ ဓမ္မသဘောကို ရှုတာဟာ ဓမ္မာနုပဿနာ သတိပဋ္ဌာန်နော်”
“မှန်ပါဘုရား”

မရှိစိကူပမာ သညာ၊ သင်္ခါရာ ကဒ္ဒသူပမာ။

သညာ၊ မှတ်သားတတ်တယ်ဆိုတဲ့ သညာစေတသိက်သည်။ မရှိစိကူပမာ၊ တံလှပ်နှင့်တူတဲ့ ဥပမာရှိ၏။

သညာ၊ မှတ်သားတတ်တယ်ဆိုတဲ့ သညာစေတသိက်သည်။ မရှိစိကူပမာ၊ တံလှပ်နှင့်တူတဲ့ ဥပမာရှိ၏။

သညာစေတသိက်ဟာ သညာကွန္ဓာ။ သညာကွန္ဓာဟာ တံလှပ်ကို ရေမှတ်သလို အမှတ်လဲတာ။ ဝိပ္ပလမ္ဘနတော တဲ့။ သတ္တဝါတွေကို ဖြားယောင်းသွေးဆောင်ဘဲ့ သဘော ရှိတယ်။ အမှတ်လဲရင်တော့ သတ္တဝါတွေကို ဖြားယောင်းသွားတယ်၊ သွေးဆောင်သွားတယ်။

အနိစ္စကို နိစ္စလို့ ပြောင်းပြန်မှတ်ရင် အဲဒီအနိဒ္ဓနောက်ကို မျှောပြီးတော့ လိုက်မိတယ်။ အနိစ္စကို နိစ္စလို့ ထင်ရောက်ခြင်းဆိုဘဲ့ သညာဝိပ္ပလ္လာသကို သွေးဆောင်သွားတာ။ နိစ္စဆိုပြီးတော့ စွဲမြဲနေလိုက်ဘာ။ ဒီအယူလွဲဖို့ တယ် မလွယ်ပဲ ဖြစ်နေတော်ဘယ်။

ဒုက္ခကို သုခအနေနဲ့ ဖြားယောင်း။ အနတ္တကို အတ္တအနေနဲ့၊ အသုဘကို သုဘ အနေနဲ့ ပြောင်းပြန်ကြိုး သတ္တဝါဓာတ်ကို ဖြားယောင်း သွေးဆောင်သွားတဲ့ သဒ္ဓါဟာ ဝိပ္ပလမ္ဘနတော- သညာဟာ သတ္တဝါမျှားကို ဖြားယောင်းတဲ့ သဒ္ဓါ၊ လှည့်ဖြတ်တဲ့သဘော၊ သွေးဆောင်တဲ့သဘော ရှိတယ်။ ဒါကို မရီစိကုပမာသညာ၊ ဒီသညာ အမှတ်လဲရင် တံလှပ်နဲ့တူကြောင်းပြတယ်။ ကိုင်း— ဆိုပါ။

"တံလှပ်ပမာ၊ အမှတ်လဲရာ၊ သညာကွန္ဓာမှတ်"
"တံလှပ်ပမာ၊ အမှတ်လဲရာ၊ သညာကွန္ဓာမှတ်"
မရီစိကုပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။

သင်္ခါရာ၊ စေတသိက်-၅၀လို့ ခေါ်ဆိုရတဲ့ သင်္ခါရကွန္ဓာတရားတို့သည်။ ကဒလူပမာ၊ ငှက်ပျောတုံးကြီး တဖတ်စီဘဖတ်စီခွာ အနှစ်မပါ အကာချည်း သက်သက် တွေ့ရသလို သင်္ခါရမမှ အစုအပုံကြီး ခွာလိုက်ရင် အားလုံး အကာချည်ပဲ အနှစ်မရှိဘူးလို့ ဟော့ရမယ်။ အနှစ်မရှိတဲ့သဘောအနေနဲ့ သင်္ခါရကွန္ဓာဟာ ငှက်ပျောတုံးနဲ့ တူတယ်။ ဒါကို ဆိုကြရမယ်။

"ငှက်ပျောတုံးပမာ၊ အကာချည်းသာ၊ သင်္ခါရာဟု မှတ်"
"ငှက်ပျောတုံးပမာ၊ အကာချည်းသာ၊ သင်္ခါရာဟု မှတ်"

အား— ကိုယ့်ခန္ဓာကိုကြည့်ရင် အနှစ်မပါ အကာချည်းသက်သက် တွေ့အောင် ကြည့်တတ်ရမယ်နော်။ နောက်တခါ—

မာယူပမဉ္ဉ ဝိညာဏံ၊ ဒေသိတာ ဒိစ္စဗန္ဓုနာ။

ဝိညာဏံ၊ သိတတ်တယ်ဆိုဘဲ့ ဝိညာဏကွန္ဒသည်။ မာယူပမံ၊ မျက်လှည့်ဆရာနဲ့တူတဲ့ ဥပမာရှိ၏။

ဝိညာဉ်ဆိုတာ မျက်လှည့်ဆရာ။

"ဝိညာဉ်က"

"မျက်လှည့်ဆရာပါဘုရား"

မျက်လှည့်ဆရာဟာ မဟုတ်ကာတွေကို အကုန်လှည့်စားပြသလိုပဲ၊ ဝိညာဉ်ဟာ အဝိဇ္ဇာနဲ့တွဲပြီး သိကြပြီဆိုပေါ့ရှိရင် သဘာဝါတွေရဲ့ အသိဟာ အမှားကြီးချည်း သိတာ။

ဝိညာဉ်ကလဲ လှည့်စားတယ်။
သညာကလဲ လှည့်စားတယ်၊

ဒီလှည့်စားမှု နှစ်ခုဟာ ဘယ်လိုကွာသလဲဆိုရင် သညာနဲ့ လှည့်စားမှုဟာ အဟုတ်ကို မဟုတ်။မဟုတ်ကို အဟုတ်။ ဒီလိုပြောင်းပြန်လှည့်စားတယ်။ ဝိညာဉ်ရဲ့လှည့်စားမှုက ဘာမှမရှိကာတွေကို အရှိအနေနဲ့ လှည့်စားတယ်။ အင်္ဂကထာကြီးက ဒီလိုလေး ယှဉ်ပြီးတော့ ခဲ့ပြထားတယ်။

ဝိညာဉ်က အရာကျယ်တယ်။ သညာက အရာကျဉ်းတယ်။ သညာနဲ့ လှည့်စားပုံက မဟုတ်တာတွေကို အဟုတ်လုပ်ပြီးတော့ လှည့်စားပြတာယ်။ ဝိညာဉ်ရဲ့လှည့်စားပုံက မရှိတာကို အရှိလုပ်ပြီးတော့ လှည့်စားပြတယ်။ လှည့်စားပုံ အရာကျဉ်း အရာကျယ် ဒါပဲကွာတယ်။ လှည့်စားတာချည်းပါပဲ။ ဒါကို ဘုန်းကြီးတို့ ယောဂီများ လိုက်ဆိုကြရမယ်။

"မျက်လှည့်ပမာ၊ သိမှားရာ၊ ဝိညာဏဟု မှတ်"
"မျက်လှည့်ပမာ၊ သိမှားရာ၊ ဝိညာဏဟု မှတ်"

အေး-ဒါကြောင့်—

ရှုပံ၊ ရုပ်တရားကြီးသည်။ ဖေဖေပိတ်လွှာပမံ၊ ရေမြှုပ်စိုင်နဲ့တူတဲ့ ဥပမာရှိ၏။ ဝေဒနာ၊ ခံစားတတ်တယ်ဆိုတဲ့ ဝေဒနာ စေတသိက်သည်။ ပုဗ္ဗုလူပမာ၊ ရေပူဖောင်းနဲ့တူတဲ့ ဥပမာရှိ၏။သညာ၊ မှတ်သားတယ်ဆိုကဲ့ သညာ စေတသိက်သည်။မရီစိကူပမာ၊ တံလှေပ်နဲ့တူတဲ့ ဥပမာရှိ၏။သင်္ခါရာ၊ စေတသိက် ငါးဆယ်လို့ခေါ်တဲ့ သင်္ခါရကွန္ဒာ တရားဟိုသည်။ ကဒလူပမာ၊ ငှက်ပျောတုံးနဲ့တူတဲ့

ဥပမာရှိ၏။ ဝိညဉ်ကံ၊ သိတတ်တယ်ဆိုတဲ့ ဝိညာဉ်သည်။မာယူပမံ၊ မျက်လှည့်နဲ့ တူတဲ့ ဥပမာရှိ၏။

ဧဝံ၊ ဤသို့။ အာဒိစ္စပဋ္ဌနာ၊ နေမျိုးနွယ် နေမင်းရဲ့ အဆွေဖြစ်တော်မူသော ဘုရားရှင်သည်။ ဒေသိတံ၊ ကရုဏာရွှေထား မေတ္တာအားဖြင့် ဟောကြား တော်မူခဲ့ပါပေသတည်း။

"သာဓု-သာဓု-သာဓု ပါဘုရား"

နောက်ထပ် နိဂုံးအုပ်တဲ့ ဂါထာများ မြတ်စွာဘုရား ဆက်ပြီးတော့ ဟော တဲ့နေရာမှာ--

ယထာ ယထာ နိဗ္ဗာယတိ၊ ယောနိသော ဥပပရိက္ခတိ။
ရိတ္တကံ တုစ္ဆကံ ဟောတိ၊ ယော နံ ပဿတိ ယောနိသော။
သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-ဖေဏပိဏ္ဍုပမသုတ်-၁၁၆။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ယော၊အကြင်ပုဂ္ဂိုလ် သည်။ ယထာ ယထာ၊ အကြင် အကြင်သို့သော အခြင်းအရာအားဖြင့်။ နံ ခန္ဓပဥ္စကံ၊ ထိုခန္ဓာတို့ရဲ့ ငါးပါးတို့ရဲ့ အပေါင်းကို။ ယောနိသော၊ သင့်တင့် လျောက်ပတ် ကောင်းမြတ်သောအားဖြင့်။ နိဗ္ဗာယတိ၊ ရှု၏။ ဥပနိဗ္ဗာယတိ၊ ကပ်ရှု၏။ ယောနိသော၊ အကြောင်းအားလျော်စွာ။ ဥပပရိက္ခတိ၊ အနီးကပ် စုံးစမ်းဆင်ခြင်၍ ရှု၏။

ဤ၌ရှိဘဲ အမျိုးကောင်း မင်းယောကျား၊ အမျိုးကောင်း သမီးတို့ဟာ ထိုခန္ဓာငါးပါး တရားအပေါင်းကို--

နိဗ္ဗာယတိ-ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်အနေနဲ့ ရှုတယ်။

ဥပနိဗ္ဗာယတိ-ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့ရဲ့ သဘာဝ လက္ခဏာပေါက်အောင် ရှုတယ်။

ယောနိသော ဥပပရိက္ခတိ၊ ပျက်စီးခြင်းဆိုဘာ အားလုံးတညီတညီးပဲလို့ သာမညလက္ခဏာရောက်အောင် ရှုတယ်။

ဧဝံ တထာ အာကာရေန၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ဥပပရိက္ခံ ယမာနေ၊ အနီးကပ်ပြီးတော့ ရှုလိုက်မယ်ဆိုရင်။ ရိတ္တကံ၊ အချည်းနှီးသဘော

တွေ့ဟာ။ တုန္ဆကံ၊ ဘာမှရစရာ ယူစရာ မရှိတဲ့ သဘောတွေ့ဟာ။ သုညတံ၊ ဆိတ်သုဉ်းနေတဲ့ သဘောတွေ့ဟာ၊ ပဿတိ၊ ထင်၍လာ၏။

ရိတ္တာ၊ တုန္ဆာ၊ သုညသဘောတွေ့ ဒီထဲမှာ ထင်လာတယ်။ ဉာဏ်ရှိဟဲ့အမျိုးကောင်းသား၊ အမျိုးကောင်းသမီးဟာ ဒီခန္ဓာငါးပါး အနိုးအစပ် ချဉ်းကပ်ကြည့်လိုက်လို့ရှိရင် ပဿအဆင့် ခန္ဓာအနေနဲ့ သိဘယ်။ ဒဲ့ရင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်အနေနဲ့ တခုစီ စိတ်ဖြာပြီးတော့ သိတာပဲ။ နောက် တခါကပ်ပြီးတော့ရှုလိုက်တဲ့အခါကျဘော့ခန္ဓာတခုစီရဲ့ သဘာဝလက္ခဏာလေးတွေကို ပိုင်းခြားပြီးတော့ သိတယ်။ နောက်တဆင့်စိုက်ပြီတော့ ရှုလိုက်တဲ့အခါကျရင် ပျက်စီးနေတာတွေ့ တညီတညွတ်လို့ သာမညလက္ခဏာ ဖောက်ထွင်းပြီးတော့ သိဘယ်။

အဲဒီလို လက္ခဏာ ရောက်အောင် ဖောက်ထွင်းပြီးတော့ သိမြင်သွားပြီဆိုလို့ရှိရင်—

ရိတ္တ-အချည်းနှီးသဘော။
တုန္ဆ-ရစရာ ယူစရာ ဘာမှမရှိတဲ့သဘော။
သုညတ-နိစ္စ၊ သုခ၊ သုဘ၊ အတ္တတို့မှ ဆိတ်သုဉ်းနေတဲ့သဘော။
အဲဒီသဘောတွေ့ ထင်လာတယ်။

ရုပ်တရားကြီးကို စွန့်ပစ်ရခြင်း အကြောင်း ၃-မျိုး

ကမ္မဇ ကာယံ အာရဗ္ဘ၊ ဘူရိပညေန ဒေသိတံ။
ပဟာနံ တိဏ္ဏံ ဓမ္မာနံ၊ ရုပံ ပဿထ ဆဋ္ဌိတံ။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-ဖေဏပိဏ္ဍ။။ပမသုတ်-၁၁၆။

ကမ္မဇ ကာယံ၊ ဟောဒီရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးအပေါင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဘူရိပညေန၊ နူးညံ့သိမ်မွေ့သော ကြီးကျယ်မြင့်မြတ်သော ပညာဉာဏ်ရှိတော်မူသော ဘုရားရှင်သည်။ ဒေသိတံ၊ ဟောတော်မူအပ်ပါ၏။

ဒီ ခန္ဓာငါးပါးအကြောင်း ပြပြီး မြတ်စွာဘုရားရှင် ဟောတော်မူတယ်။ ဘာဟောတုံးဆိုတော့—

ပဟာနံ တိဏ္ဏံ ဓမ္မာနံ၊ ရူပံ ပဿထ ဆဋ္ဌိတံ။

တိဏ္ဏံ ဓမ္မာနံ၊ သုံးခုသော သဘောတို့၏။ ပဟာနံ၊ 'ပယ်စွန့်ခြင်းသည်။ (ဝါ) ပယ်စွန့်၍ သွားခြင်းကို။ (ဝါ) ပယ်စွန့်၍ သွားခြင်းကြောင့်။ ရူပံ၊ ဟောဒီရုပ်တရားကြီးကို။ ဆဋ္ဌိတံ၊ စွန့်ပစ်ထိုက်တယ်ဆိုတာကို။ ဘုရိပညေန၊ ကြီးကျယ်တဲ့ ပညာ ရှိတော်မူတဲ့ ဘုရားရှင်သည်။ ဒေသိတံ၊ ဟောတော်မူအပ်ပါ၏။

ကြီးကျယ်သော မြေထုနဲ့တူတဲ့ ပညာရှိတဲ့ ဘုရားရှင် ဘာဟောတုံးဆိုလို့ရှိရင် ရုပ်တရားကြီးမှာ သုံးခုသော တရားတွေ စွန့်သွားလို့ရှိရင် ဒီ ရုပ်တရားကြီးကို စွန့်ပစ်ရပြီ။ ရုပ်တရားထဲက သဘာဝ တရားသုံးခု ထွက်ခွာသွားရင် ရုပ်တရားကြီးကို စွန့်လိုက်ရပြီဘဲ့။ ထွက်ခွာသွားတဲ့ တရားသုံးမျိုးက ဘာတွေ တုံးဆိုရင်တော့—

အာယု ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယ် ဇဟန္တိ မံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ ပရဘတ္တံ အစေတနံ။
သံယုတ္တာနိကာယ်-ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်-ဖေဏပိဏ္ဍူပမသုတ်-၁၁၇။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ အာယု စ၊ ရုပ်ဇီဝိတ နာမ်ဇီဝိတဆိုတဲ့ ဇီဝိတိန္ဒြေသည်လည်းကောင်း။ ဥသ္မာ စ၊ ကမ္မဇတေဇော ဓာတ်လို့ ခေါ်ဆိုရတဲ့ အပူဇွေသည်လည်းကောင်း။ ဝိညာဏံ စ၊ သိတတ်တယ်ဆိုတဲ့ ဝိညာဉ်သည်လည်းကောင်း။

(၁) အာယု၊
(၂) ဥသ္မာ၊
(၃) ဝိညာဉ်။
"ဘယ်နှစ်ခုပါလိမ့်"
"သုံးခုပါဘုရား"

အာယုဆိုတာ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ၊ ဇီဝိတိန္ဒြေလို့ ခေါ်တယ်။ ရုပ်တွေကို ဆက်ဆက်-ဆက်ဆက်ပြီးတော့လာအောင် စောင့်ပေးတဲ့ သဘောဟာ ရုပ်ဇီဝိတ။ နာမ်တရားတွေကို ဆက်ကာဆက်ကာ ဖြစ်လာအောင် စောင့်ပေးတဲ့ ဘဝေဟာ နာမ်ဇီဝိတ။

ရုပ်တလုံး ပျက်စီးသွားပြီးရင် ဒီနေရာမှာ နောက်ထပ်အစား ဖြစ်လာတယ်။ ရှေက ပျက်စီးသွားတဲ့ ရုပ်နဲ့ နောက်ထပ် အစားဖြစ်လာတဲ့ရုပ်ကို အရှိန်မပျက်အောင် ဆက်ပေးတဲ့သဘောဟာ ရုပ်ဇီဝိတ။

နာမ်တရားတွေမှာလဲ ဒီအတိုင်း နာမ်တရားတွေ တလုံး တလုံး ပျက်စီးသွားရင် နောက်ထပ် အသစ်ပေါ်လာတဲ့ နာမ်နဲ့ အဟောင်း အဟောင်း ပျက်သွားတဲ့ နာမ်။ အဲဒါကို ဆက်သွယ်ပေးတဲ့ သဘောဟာ နာမ်ဇီဝိတ။ အဲဒီ ရုပ်ဇီဝိတ နာမ်ဇီဝိတကို ဇီဝိတိန္ဒြေလို့ ခေါ်တယ်။

အာယု စ၊ ရုပ်ဇီဝိတ နာမ်ဇီဝိတလို့ခေါ်တဲ့ ဇီဝိတိန္ဒြေသည်လည်းကောင်း။

ရုပ်တရားကို ဆက်စပ်ပေးနေတဲ့ ဇီဝိတတော့ ရှိသား။ ဒါပေမယ့် ညသမာလို့ ခေါ်ဝဲ့ အပူခဝတ် လုံးဝမရှိဘူးဆိုရင် ဒီရုပ်ဟာ ပုပ်သွားဖို့ သေချာတယ်။ အပူခဝတ် ကမ္မဇတေဇောနဲ့ ထိန်းထားလို့ ဒီရုပ်ကြီး မပုပ်တာ။

ရုပ်ကို မရုပ်စဲအောင် စောင့်ရှောက်ပေးတာက ဇီဝိတ။

မဆွေးမြေ့ မပုပ်သိုးအောင် ထိန်းသိမ်းပေးတာက ညသမာ အပူခဝတ်။

ဒီရုပ်ကြီး တလုပ်လုပ်ဖြစ်အောင် အရုပ်ကို ကြိုးတပ်ပြီးတော့ ဆွဲသလို ဆွဲပေးနေတာက ဝိညာဉ်။

ဝိညာဉ်ဆိုတာက ရုပ်သေးဆရာ၊ ဇီဝိတဆိုတာက ရုပ်သေးကြိုး

ရုပ်သေးစင်ပေါ် ကြည့်လိုက်၊ သမ်သားကိုလုပ်ထားတဲ့ အရုပ်တွေ၊ အရုပ်တွေ ကြိုးကလေးတွေနဲ့ နောက်ကနေ ချည်ထားလို့ ကြိုးတွေ ရှုပ်နေတာပဲ။ စင်ပေါ်ကနေ ကန့်လန့်ကာနောက်က လူတယောက်က အရုပ်ကြိုးကလေးကို ဆွဲဆွဲ-ဆွဲဆွဲပေးလိုက်တော့ အရုပ်ကလေး လှုပ်နေသမျှ အောက်ကလူတွေက ကြည့်လို့ တယ်ကောင်း။

ရဇုဃောဂံ ဒါရုယန္တံ သဗျာပါရံဝ ဝါယတိ။

ဒီအရုပ်ကြိုး ဆွဲပြီးတော့ လှုပ်နေတာက ဘယ်သူကုံး ဆိုလို့ရှိရင် နောက်က ရုပ်သေးဆရာ။ ရုပ်သေးဆရာဆိုတာက ဘုန်းကြီးတို့ ယောဂီမျိုးမှာရှိတဲ့ ဝိညာဉ်ကို ခေါ်တယ်။ ဝိညာဉ်က ရုပ်သေးဆရာ။ ဒီအရုပ်ကလေးတွေမှာ ချည်ထားတဲ့ ကြိုးတွေရှိကယ်။ အဲဒီကြိုးတွေက ဇီဝိတ။

"ကိုးပြတ်သွားပြီဆိုရင် ဒီအရုပ်ဟာ က-လို ဖြစ်သေးလား"
"မဖြစ်တော့ပါဘုရား"

ဒီအရုပ်ကိုးပြတ် မဖြစ်သေးခင် ကိုးစားပြီးတော့ ကလိုက-က၊ ကိုးလေးပြတ်ပြီဆိုရင် က-မရတော့ဘူး။ ရုပ်သေး အရုပ်ချည်ထားတဲ့ ကိုးတွေဆိုတာ ဇီဝိတာ။ ဒီကိုးတွေကို ဆွဲနေတဲ့ ရုပ်သေးဆရာက ဝိညာဉ်၊ က-နေတဲ့ အရုပ်က ရုပ်တရားကြီး တလှုပ်လှုပ်ဖြစ်နေပုံ။ အဲဒီလိုမြင်အောင် ရှုလိုက်။

အေး—ဒါကြောင့် ဘုန်းကြီးတို့ပြောနေကျပါ၊ အညာသားတယောက် ရွှေဘို သားတယောက်ပြောတာ။ မန္တလေးက အလှူမဏ္ဍပ်ကြီးတွေ သိပ်လှတာပဲ။ ရွှေရောင်တဝင်းဝင်းနဲ့ နတ်ဘုံနတ်နန်းကျနေတာပဲ။မဏ္ဍပ်တခုတသောင်း၊ ငါးထောင်၊ ခုနစ်ထောင်၊ ရှစ်ထောင် ပေးရတယ်။ အဝေးကနေ လှမ်းကြည့်လိုက်တော့ မီးတွေကလဲ ထိန်လို့ နက်ဘုံနတ်နန်းလိုပဲ။အတွင်းဝင်ပြီးတော့ ကြည့်လိုက်ပါတယ်၊ နှီးချက်တွေချည်းပဲတဲ့။ အပြင်ကနေကြည့်တော့ တော်တော်လှတယ်ပေါ့။

"အတွင်းဝင်ကြည့်တော့"
"နှီးချက်တွေချည်းပါဘုရား"

ဘုန်းကြီးတို့ ခန္ဓာကိုယ်ထဲမှာလဲ နှီးချက်တွေချည်းပဲ။ အဲဒီနှီးချက်တွေပြုတ်အောင် ဖြုတ်ရင် ဟန်ကျတယ်။ ဘယ်နေရာ ဘာနဲ့ချည်ထားတယ်ဆိုတဲ့ သဘောလေးတွေ့တွေ့အောင်ကြည့်။နှီးချက်တွေကို စိုက်ပြီးတော့ကြည့်။ နှီးချက်ပြုတ်ရင် ဟန်ကျပြီနော်။ သိပ်လှတဲ့မဏ္ဍပ်ကြီး နှီးချက်တွေကို ဓားနဲ့လျှောက်ခုတ်ဖြုတ်လိုက်တော့ ဝုံးကနဲ ငုံးကနဲ အကုန်ပြုတ်ကြသွားတယ်။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

အလှူလဲပြီးရော မဏ္ဍပ်ကြီး နှီးချက်တွေအကုန် ဓားနဲ့ခုတ်တာ ဘာမှ မကျန်ဘူး။ ဒီအတိုင်းပဲ တို့ခန္ဓာကိုယ်ကြီးအတွင်းပိုင်းမှ နှီးချက်တွေ အမျှားကြီးရှိတယ်။

အာယုဉ္သမာ စဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိ မံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ ပရဘတ္တံ အစေတနံ။

အာဃာယု စ၊ ရုပ်နာမ်ကို စောင့်ရှောက်ပေးတယ်ဆိုတဲ့ ဇီဝိတိန္ဒြေသည်လည်း ကောင်း။ ဥဿာ စ၊ ကမ္မဇတေဇောဓာတ်လို့ ခေါ်ဆိုရတဲ့ အပူဇ္ဈေသည်လည်း ကောင်း။ ဝိညာဏံ စ၊ သိတတ်တယ်ဆိုတဲ့ ဂိညာဉ်သည်လည်းကောင်း။

"ဘယ်နှစ်ခုလဲ"
"သုံးခုပါဘုရား"

အာဃာယုဆိုတဲ့ ဇီဝိတရယ်၊ ဥဿာဆိုတဲ့ အပူဓာတ်ရယ်၊ ဝိညာဉ်ဆိုတဲ့ သိတတ်တဲ့သဘောရယ်၊ သုံးချက်။

တေ တယော ဓမ္မာ၊ ထိုသုံးခုသော တရားတို့သည်။ ဣမံ ကာယံ၊ ဟောဒိခန္ဓာကိုယ်ကြီးကို။ ယဒါ၊ အကြင်အခါ၌။ ဇဟန္တိ၊ စွန့်ခွာ၍ သွားကြလေကုန်၏။ တဒါ၊ ထိုကဲ့သို့ ဘာယု ဥဿာ ဝိညာဉ်ဆိုတဲ့ တရားသုံးပါး ဟောဒိရုပ်တရားကြီးက ထွက်ခွာသွားကြပြီဆိုတဲ့အချိန်၌။ အဓိစေတနံ၊ လူပဲရှာတာတဲ့ စိတ်ဇစကနာမရှိတော့ ပါပဲနဲ့။ ဧဝံ၊ ကျိုးခွေး လင်းတ ပိုးလောက်တို့ရဲ့ အစားဖြစ်လျက်။ အပဝိဒ္ဓါ၊ မင့်မကွက် ရက်ရက်စက်စက် စွန့်ပစ်ခံရသည်ဖြစ်၍။ ဧသေတိ၊ မသာဓုခါင်းဝယ် လျောင်းရရှာလေတော့၏။

အရုပ်ကြိုးပြတ်ဖြစ်ရင် စင်ပေါ်ကနေ ပစ်ချခံရမယ်

အာဃာယု၊ ဥဿာ၊ ဝိညာဉ်။ ဒီသုံးမျိုး စွန့်သွားတဲ့အခါကျရင် ကြိုးပြတ်တဲ့ အရုပ်လိုပဲ ဘာမှမလုပ်နိုင်တော့ဘူး။ ဘာမှမတတ်နိုင်တော့ဘူး။ ဘာမှမဘတ်နိုင်တော့တဲ့ တနေ့ကျရင် အဲဒီရုပ်ကြီး ဘယ်နှယ်လုပ်မလဲ၊ စင်ပေါ်က ပစ်ချတော့မှာပေါ့။ ကြိုးပြတ်လို့ ဘာမှ က-လို့မှ မရတော့တဲ့အရုပ်ကို—

"စင်ပေါ်မှာ ထားအုံးမလား"
"မထားတော့ပါဘုရား"

စင်ပေါ်ကနေ ပစ်ချတော့မှာပေါ့။ ဒီအတိုင်းပဲ ဘုန်းကြီတို့ယောဂီများ ယခု ကြိုးလေးမပြတ်သေးလို့ က-နေတာ။ စင်ပေါ်က မပစ်ချသေးဘူးမဟုတ်လား။ အေး-ဘယ်သူက က-နေသလဲလို့တော့ မသိဘူး။ က-တော့ က-နေတာပဲ။

ကိုယ့်အိမ်ကိုယ် ပြန်ကြည့်စမ်း။ နှစ်ယောက်စလုံး က သလား တယောက်တည်း က-သလာ။ အိမ်မှာရှိတဲ့ လူစုံ လူကုန် အကုန် က သလား။ ကြိုးပြတ်တဲ့

တနေ့ အဲဒီပြတ်တဲ့လူ အပစ်ခံရမှာပဲ။ ဒီစင်ပေါ်မှာ မထားတော့ဘူး။ကိုယ့်အိမ်ဟာ ဘာနဲ့တူတုံးဆိုတော့ ရုပ်သေးစင်ကြီးနဲ့ အလွန်တူတာနော်။ တဖြေးဖြေးနဲ့ လင်းအားကြီးပိုင်း ထောက်လာလို့ရှိရင် လွှမ်းခန်းဗျနော်။

ဘုန်းကြီးတို့ယောဂီများ ကြိုးမပြတ်ခင် စောစောစီးစီး ကိုယ့်ဟာကိုယ် စင်ပေါ်ကဆင်းမှ ကောင်းမယ်ထင်တယ်။ ကြိုးပြတ်ခါမှ သူများစွန့်ပစ်လိုက်ခါမှ စင်ပေါ်က ဆင်းသွားရလို့ တယ်မကောင်းဘူး။ ကိုယ့်ကိုး ကိုယ်ဟာကိုယ် ဖြတ်ပြီးတော့ ဒီစင်ပေါ်ကဆင်းမှ ဟန်ကျမယ်။ အေး-ဒါကြောင့် အတွင်းရှိတဲ့ ကြိုးတွေ ရှုပ်ထွေးနေပုံနဲ့ နိုးချက်တဲ့ မြင်ဖအောင်ကြည့်ပြီးတော့ ကြိုးစားဖြတ်ကြ။

ဗာဝယု စ၊ ရုပ်ဇီဝိတ နာမ်ဇီဝိတဆိုတဲ့ အာယုသည်လည်းကောင်း။ဥသ္မာ စ၊ ကမ္မဇတေဇောခေတ်လို့ခေါ်တဲ့ အပူဇဉ်သည်လည်းကောင်း။ ဝိညာဏံ စ၊ သိတတ်တယ်ဆိုတဲ့ ဝိညာဉ်သည်လည်းကောင်း။ တေ တယော ဓမ္မာ၊ ထိုသုံးမျိုးသော တရားတို့သည်။ ဣမံ ကာယံ၊ ဤခန္ဓာကိုယ်ကြီးကို။ ဧဟန္တိ၊ စွန့်ခွာ၍ သွားကြလေကုန်၏။ တဒါ၊ ထိုအခါဌ်။ ပရဘတ္တံ၊ ကျိး ခွေး လင်းတပိုးလောက်တို့ရဲ့ အစာဖြစ်လျက်။

မသေခင် ဘုန်းကြီးတို့ ပစပ်က သုသာန်၊ ကြက်တွေ အတော်များစွာ ဒီပစပ်မှာ သေတယ်။ ဝက်တွေ ရာပေါင်းများစွာ ဒီပစပ်မှာ သေတယ်။ ငါးတွေ နွားတွေ ကျဲတွေ နဲတာမဟုတ်ဘူး။ ပိုးကောင်မွားကောင်လေးတွေက စပြီးတော့ ရေထဲက ပိုးတွေရော ကုန်းပေါ်က ပိုးတွေရော သစ်ပင်ပေါ်က ပိုးတွေပါ ဘာကောင်မှ မဝံနိုင်ဘူး။ ဒီပစပ်ပေါက်မှာ သေလိုက်တဲ့သတ္တဝါတွေဟာ မရေနိုင်ဘူး။ သတ္တဝါပေါင်းစုံဟိုရဲ့ သေဘုံးရာ သုသာန်ဟာ ငါတို့ပစပ်။

အေး-ငါတို့ဟာ အာယု၊ ဥသ္မာ၊ ဝိညာဉ်သုံးခုရုပ်လို့ စင်ပေါ်က ပစ်လိုက်ပြီဆိုဘဲ့ တနေ့ကျ အဲဒါလက်စားချေလိမ့်မယ်။သူတို့အစာ ကိုယ်က ပြန်ဖြစ်မယ်။

အေး-ဒါ့ကြောင့် အာယု၊ ဥသ္မာ၊ ဝိညာဉ်၊ ဒီသုံးခုစွန့်တာကို သေတယ်ခေါ်တယ်လို့ မှတ်ဆား။တရားပွဲဘခုမှာ ဒကာကြီးတယောက်ကို ဘုန်းကြီးမေးကြည့်တယ်။"ဒကာကြီး၊ သေတယ်ဆိုတာ ဘာလဲ" လို့ မေးကြည့်လိုက်တော့ 'အသက်မရှုတာပါဘုရား'တဲ့။ သူပြောတာ တော်တော်ချင်းသွားတယ်။

ရုပ်ဇီဝိတရဲ့ ရပ်စဲဘဲ့သဘော၊ နာမ်ဇီဝိတရဲ့ ရပ်စဲတဲ့သဘော။ ဥသ္ဟာခေါ်တဲ့ အပူဇွေ့ ရပ်ဆိုင်းတဲ့ သဘော၊ဝိညာဉ်ရပ်စဲသွားပြီး ပြန်မဖြစ်တဲ့ သဘော၊ အဲဒါ သေဘာ။ ဒီအချိန်ကျရင် ကြိုးပြတ်သွားတဲ့ အရုပ်ဆင်ပေါ်မှာ က-လို့ မဖြစ်ဘော့သလို ဘုန်းကြီးတို့ ယောဂီများ ဘယ်မှာမှ က-လို့မဖြစ်ဖေဘူး။

သဆုံက လူဖေဟွလဲပဲ သဆုံမှာ က-လို့မဖြစ်ဘူး။ရန့်ကုန်က လူဖေဟွဲပဲ က-လို့ မဖြစ်ဘူး။ သွားပေတော့။ ခွေးစာ ကြိုးစာ လင်းတစာ ပိုးစာ၊ လောက်စာ၊ အကုန်ပစ်လိုက်မယ်နော်။ အစေတနံ၊ ဘာမှ လှုပ်ရှားတဲ့ သတ္တိမရှိတော့ဘူးလို့ ဒီလိုသဒ္ဒာကျ။

ပဋိညာဏဟာန္ဒေတာ မျက်လှည့်သမား

ဇေယျာဒိသာယံ သန္တာဇနေဒာ၊ မာယာယံ ဗာလလောပိနံ။
ဝဓေကော သေ အက္ခာဇောဘာ၊ သာရော ဧတ္ထ နဝိဇ္ဇတိ။

သံယုတ္တနိကာယ်-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ဖေဏပိဏ္ဍုပမသုတ်-၁၁၇။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ အယံ သန္တာဇနေဒာ အယံ ပဇဝနံ၊ ဤကဲ့သို့ ဖြစ်ပျက် ဖြစ်ပျက်လာခဲ့တဲ့ အစဉ်အလာကြီးသည်ကား။ ဧတာဒိသီ၊ဤသို့ သဘောရှိသည်။ ဟောတိ ဖြစ်၏။

အာယု၊ ဥသ္မာ၊ ဝိညာဉ် စွန့်ခွာသွားလို့ သုသာန်ဧကောက်အောင် ပစ်လိုက်ရတယ်ဆိုကဲ့ သဘော၊ သုသာန်တစ သခ်ိုင်းဝင်ရောက်တဲ့ အထိသာလျှင် အာယု၊ဥသ္မာ၊ ဝိညာဉ်ဟာ ခံတယ်ဆိုတဲ့ သဘောဒုစဉ်အလာကြီးဟာ ကမ္ဘာပြီး သက္ကာဂါစကတည်းက စလာတဲ့ အစဉ်အလာကြီးပဲ။

အယံ ဝိညာဏဟာန္ဒေတာ၊ဟောဒီ ဝိညာဏဟာန္ဒေတာကလဲ့ ဗာလလောပိနံ လူမိုက် အပေါင်းတို့က နှစ်သက်ဖွယ်ရာ ကောင်းလှချည်ရဲ့လို့ ပြောတို့၍ ဖန်ဖေ့ ရှိုးပေသော။ မာယာ၊မျက်လှည့်ကြီးပါ။

ဝိညာဉ်ဆိုတာကလဲ့ လူမိုက်အပေါင်းတို့က ကြည့်ကို ကောင်းအောင်ဝတ္ထုကို ချိုးမွှမ်းနေတဲ့ မျက်လှည့်ပွဲဝိညာဉ်၊ မျက်လှည့်သမ်ဆရာ ဟုတ်လိုက်တာ။ မနုက်ပြောခဲ့တဲ့ ဘဲခကျောင်းတဲ့လူသာ ကြွေတော့၊ ပြေပြီပြီးနော်။

ကိုင်း-ဘဲခကျောင်းသား ဘယ်သူလဲ၊ဝါသနာလေးတော့၊ ဝါသနာလေးတော့ မြေးသလေးတော့၊ မြေးမျိုးဘဲ့အဖိုးကြီး အဖွားကြီးတွေ သတိသား။ ဘဲဆုပ်

ကြီးတွေ့ နဲတာမဟုတ်ဘူးနော်။သားတို့သမီးတို့ မြေးတို့ဆိုတာ အဲဒါ ဘဲတွေ့။ ဘုန်းကြီးက သူတို့ကို ပြောအုံးမယ်။ဒီကနေ့ ကာလသားသမီးတွေ့ သူတို့ပြောနေကြတာက အိမ်က ဒကာကြီးတွေ့ ဒကာမကြီးတွေ့ကို ဘဲကြီးတွေ့တဲ့။အိမ်က ဘဲကြီး နှာကောက်နေတယ်။ ဒီလို လာတာနော်။ ဟောဒီမှာ ဒီဥပမာနဲ့ ယှဉ်ကြည့်ရင် သူတို့က ဘဲ။အဖိုးတွေ့ အဖွားတွေ့က ဘဲကျောင်းနေရတာ။

"ဒီလိုမဟုတ်လား"
"ဟုတ်ပါဘယ်ဘုရား"

အဖိုးကြီးတွေ့ အဖွားကြီးတွေ့က ငါ့ဘဲငါ့ဘဲဆိုပြီး ကျောင်းခေါ်ကြရတာ။ ဒီသား ဒီသမီး ဒီမြေးတွေ့က ဘဲလေးတွေ့။ အစာလဲဝ အချိန်ဖဲကျပြီဆိုရင် သူတို့ဟာ သူ့ဘို့ ထမ်ကုန်ကြမှာ။အဲဒါ ဘဲကျောင်းတဲ့ အဖိုကြီးတွေ့ အဖွားကြီးတွေ့ ကြမ်းလုံးကိုင်ပြီး နောက်ကနေ ငါ့ဘဲဆိုပြီး လိုက်ရင်တော့ ရုပ်ကဲ့ပြီး သေမယ်။ ဒီတော့ အိုးအဖွားတွေ့က ဘဲလား၊ သားသမီးမြေးမြစ်တွေ့က ဘဲတွေ့လား။

"ဘသူက ဘဲလဲ"
"သားသမီး မြေးမြစ်တွေ့က ဘဲပါဘုရား"

မှတ်ထားကြ။ သားသမီးမြေးမြစ်ဖြစ်ကြဘဲ့ မင်းတို့တစေတွေ့က ဘဲတွေ့။ ကိုယ်အဖေအမေတွေ့ကို ဘဲတွေ့လို့ မပြောကြနဲ့။ သူတို့ ဒီကနေ့ ဓမ္မတ်က ဘယ်နှယ် ဝေါဟာရတွေ့ရယ်လဲ မဘိပါဘူး။ အဖိုးကြီးတွေ့ အဖွားကြီးတွေ့ ဆိုရင် အိမ်က ဘဲကြီးတွေ့ဘဲ့၊ ဒီလိုပြောကြတယ်။ သူတို့ ဘဲဖြစ်နေတာတော့ သူတို့မသိဘူး။

ဒီတော့ သားသမီး မြေးမြစ် စီးပွားဥစ္စာဆိုတာ မှတ်ထား။ အဲဒါ ဘဲအုပ်ကြီးတွေ့ ရေကန်ကြီးထဲမှာ ကိုယ့်ဘဲဆင်ပြီးတော့ ကျောင်းနေကြတာ။ မော်တော်ကားရှိတဲ့လူကလဲ ကိုယ့်မော်တော်ကားကို ကိုယ့်ဘဲလို့သာ သတော ထား။ ဆန်စက်ရှိတဲ့လူကလဲ ကိုယ့်ဆန်စက် ကိုယ့်ဘဲလို့သာ သတောထား။ ရွှေဆိုင်ရှိတဲ့လူကလဲ ကိုယ့်ရွှေဆိုင် ကိုယ့်ဘဲလို့သာ သတောထား။ ပန်းဆိုင်ရှိတဲ့ လူကလဲ ဒီပန်းဆိုင် ကိုယ့်ဘဲလို့သာ သတောထား။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

မိုးလင်းလာတာနဲ့ တပြိုင်နက်တည်း အဲဒီ ကိုယ့်ဘဲအုပ် ကိုယ်တိုင်ပြီးတော့ ကျောင်းနေလိုက်ကြရတာ။ ညနေလေးစောင်းရင် အဲဒီဘဲတွေ ထပျံတော့ ရင်ကွဲကျန်ခစ်ဘယ်။ ညနေမစောင်းသေးခင်နော်။ တို့ယောဂီများ ဘဲကျောင်းတာ။ဒါ့ကြောင့် ဝိညာဏကွန္ဓာ မျက်လှည့်ဆရာတဲ့။ အဝိဇ္ဇာနဲ့ တွဲလို့ အဲဒါငါ့ဘဲထင်နေမိတာ။

တောဒိသာယံ သန္တောနော၊ မာယာယံ ဗာလလောပိနီ။
ဝဓတော ဧသ အက္ခာတော၊ သာဏော ဘွော နဝိဇ္ဇကိ။

အယံ သန္တောနော၊ ဟောဒီ ရုပ်အစဉ် နာမ်အစဉ် ခန္ဓာအစဉ် ကျိုက်သို့ဖြစ်ရတယ်ဆိုတဲ့ သဘောသည်။ တောဒိသီ။ ကျိသို့သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။အယံ ပဝေဏီ၊ကျိုက်သို့ ဖြစ်လာတဲ့ အစဉ်အဆက်ကြီး သည်။ ဒါတောဒိသီ၊ ကျိသို့သဘောရှိသည်။ဟော ဘံ ၊ဖြစ်၏။အယံ ဝိညာဏကွန္ဓော၊ ကျဝိညာဏကွန္ဓာဆိုတဲ့ သိဘက်တဲ့ ဝိညာဉ်ကလဲပဲ။ ဗာလလောပိနီ၊ လူမိုက်တွေက သာယာကြည့်ရှုဖွယ်ကောင်းတယ်လို့ ပြောဆိုနေကြပေသော။ မာယာ၊မျက်လှည့်ကြီးပါပဲ။

ခန္ဓာငါးပါး လူသတ်သမား

ဝဓကော ဧသ အက္ခာတော။

ဧသ-ဧသော ပဉ္စက္ခန္ဓော၊ဟောဒီရုပ် ဝေဒနာ သညာ ,သင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးအပေါင်းကို။ဝဓကော၊ လူသတ်သမားကြီးဟူ၍။ အက္ခာတော၊ ဆိုအပ်၏။

နောက်တမျိုးပြန်တယ်။ ခန္ဓာငါးပါးဆိုတာဟာ လူသတ်သမားကြီးတွေ။

"ခန္ဓာငါးပါးဆိုတာ"
"လူသတ်သမားကြီးတွေပါဘုရား"

ခန္ဓာငါးပါးကို လူသတ်သမားလို့ သဘောကျပြီးတော့မှတ်ထား။ဧသဘယ် သေတယ်ဆိုတာ ခန္ဓာရှိလို့ သေတယ်ဆိုတာ ရှိတာ။

"ခန္ဓာမရှိရင်"
"သေတာမရှိပါဘုရား"

ခန္ဓာမရှိရင် သေတယ်ဆိုတာမရှိဘူး။ ခန္ဓာငါးပါးဟာလဲပဲ အချင်းချင်း ပြန်သင်္ဘောနေတာကြည့်အုံး။ရုပ်တရားကြီး ပျက်စီးတာနဲ့ တပြိုင်နက်တည်း ရုပ်ကို မှီနေတဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တွေ။

"နေလို့ရသေးလား"
"မရတော့ပါဘုရား"

ဟောဒီ ရုပ်တရားကြီးကို မားနဲ့ ခုတ်တယ်။ လုံနဲ့ထိုးတယ်။ သေနတ်နဲ့ ပစ်တယ်။ အဲဒါ ရုပ် ရုပ်ချင်း နှိပ်စက်တာ။

"ရုပ်တရားပျက်တော့ သိဆိုတဲ့ ဝိညာဉ်လေးကော နေသေးလား"
"မနေတော့ပါဘုရား"
"ခံစားတဲ့ ဝေဒနာ"
"မနေတော့ပါဘုရား"
"မှတ်သားတဲ့ သညာ"
"မနေတော့ပါဘုရား"
"ပြုပြင်တဲ့ သင်္ခါရ"
"မနေတော့ပါဘုရား"

ရုပ်ကခန္ဓာပျက်ရင် ကျန်တဲ့နာမ်ခန္ဓာတွေ အကုန်ပျက်တယ်။ဒီတော့ ကျန်တဲ့ နာမ်ခန္ဓာ တရားတွေကို ရူပကခန္ဓာက သတ်တာ။ ပထပီဓာတ် နှိပ်စက်၊ကျန်တဲ့ ခန္ဓာတွေ အကုန်ပျက်တယ်။ပထဝီဓာတ်ဆိုတဲ့ ရူပကခန္ဓာက အခြားခန္ဓာများကို သတ်ကယ်။

တေဇောဓာတ် နှိပ်စက်လို့ တရာရောက်ရင် ဒီလူဟာ မသက်သာဘူးနော်။ ရုပ်တရားနှိပ်စက် ကျန်တဲ့ ဝေဒနာသညာ သင်္ခါရတွေ အကုန်ပျက်၊ခန္ဓာတွေဟာ အချင်းချင်း လှည့်သွင်းနေတဲ့ လူသတ်သမားတွေဟဲ့။

"ဝိညာဉ်ရုပ်တာနဲ့ တပြိုင်နက်တည်း ရုပ်တရားကြီး လှုပ်ရသေးလား"
"မရတော့ပါဘုရား"

ဝိညာဏကခန္ဓာ သေရင် ရူပကခန္ဓာလဲ သေတယ်။သိဆိုတဲ့ ဝိညာဉ်ကလေး ရပ်ရင် ဝေဒနာ သညာ သင်္ခါရတွေလဲ အကုန်ရပ်။ခန္ဓာတခုတခုသေရင် ကျန်တဲ့ ခန္ဓာ အကုန်သေတယ်နော်။ အညမညဝေကာ-အချင်းချင်း သတ်နေတဲ့ လူသတ်သမား အဖိုပွဲပဲတမျိုး။

နောက်တခါ သေခြင်းတရားဆိုတာဟာ ခန္ဓာကိုစွဲပြီးတော့ဖြစ်တာ။ ခန္ဓာမရှိရင် သေခြင်းတရားမရှိဘူး။ ခန္ဓာရှိနေလို့ ဘုံဘဝဟာ ဘယ်ဘုံဘဝပဲ ရောက်ရောက်၊ ခန္ဓာရှိရင် သေမှာချည်းပဲလို့သဘောကျ။ ဒါ့ကြောင့် ခန္ဓာသည်ပင်လျှင် လူသတ်သမား၊ခန္ဓာငါးပါးအချင်းချင်းသတ်နေကြလို့လူသတ်သမား။

သာရော ဏ္ဍော နဝိဇ္ဇတိ။

ဇော်ထွေ၊ ဤသို့ခန္ဓာတို့၏ ငါးပါးတို့၏ အပေါင်းဌ်။ သာရော၊ အနှစ်သာရဆိုတာ။ နဝိဇ္ဇဘိ၊ မရှိပါပေ။

ခန္ဓာထဲ အနှစ်ရှာ။ နိစ္စ- မြဲတဲ့အနှစ် မရှိဘူး။ သုခ- ချမ်းသာတဲ့ အနှစ် မရှိဘူး။ မုဝ- ခိုင်မြဲတဲ့အနှစ် မရှိဘူး။ အတ္တ- ကိုယ့်အလိုအတိုင်း ဖြစ်ဘဲ့ အနှစ် မရှိဘူး။ သုဘ- တင့်ဘယ်တယ်ဆိုဘဲ့ အနှစ်မရှိဘူး။ အနှစ်မရှိတဲ့ ဌကဲပျောတုံးနဲ့ တူကြောင်း သဘောကျ။ အထဲမှာ လူသတ်သမားတွေ အပြည့်ရှိတယ်။

သတိသမ္ပဇဉ်နဲ့ ခန္ဓာကို ရှုပါ

ဇဝံ ခန္ဓေ အဝေက္ခေယျ၊ ဘိက္ခု အာရဒ္ဓဝီရိယော။
ဒိဝါဝါယဒိ ဝါ ရတ္တိံ၊ သမ္ပဇာနော ပဋိဿတော။

သံယုတ္တာနိကာယ်- ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်- ဖေဏပိဏ္ဍူပမသုတ်-၁၁၇။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဒေန္ဒ၊ ခန္ဓာတရားတို့ကို။ အဝေက္ခေယျ၊ ကြည့်ရှုဆင်ခြင်ရာ၏။ ဒိဝါဝါ၊ နေ့၌လည်းကောင်း။ ယဒိ၊ တိုပြင်။ ရတ္တိံ ဝါ၊ ညဉ့်၌လည်းကောင်း။ သမ္ပဇာနော၊ ပညာတရားလက်ကိုင်ထားလျက်။ ပဋိဿတော၊ ထင်ရှားစေတဲ့ သတိတရား ကောင်းစွာလက်ကိုင်ထားလျက်။

ဇဝံ၊ ဤသို့။ ခန္ဓေ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို။ ပစ္စဝေက္ခေယျ။ ကောင်းစွာမသွေ ဆင်ခြင်ကြပေကုန်ရာသတည်း။

“သာဓု- သာဓု- သာဓုပါဘုရား”

ဒိဝါဝါ ယဒိဒါ ရတ္တိံ- နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် နေ့ညမပြတ် တရစပ် သတိသမ္ပဇဉ်နဲ့ ဒီခန္ဓာကို မပြတ်ရှုလေလို့ ဘုရားရှင် တိုက်ဘုန်းတော်မူသွားတယ်။

ဘာကြောင့် ဒီခန္ဓာ တရစပ် ရှုနေရသလဲဆိုတော့- လူသတ်သမားနဲ့ ကိုယ်က နေ့စဉ် နေ့မ်းလုံးနေရတာမို့ပါ။ ဘာကြောင့် အမြဲတမ်း ရှုရမလဲဆိုရင် မှတ်ထားလို့က်၊ လူသတ်သမားကြီးနဲ့ နေ့စဉ် နပမ်းလုံးနေရတာ။ ခန္ဓာငါးပါးဟာ လူသတ်သမားဆိုတဲ့ အဓိပ္ပာယ် နှစ်မျိုးပြောထားတယ်။

(၁) ခန္ဓာတွေဟာ တခုနဲ့တခု အချင်းချင်းသတ်နေကြတဲ့အတွက်ကြောင့် လူသတ်သမား။

(၂) ခန္ဓာရှိရင် သေတယ်ဆိုတာ သိတဲ့အတွက်ကြောင့် လူသတ်သမား။

ဒီသဘောကို မပြတ်သိနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ နေ့ညမပြတ်အောင် သတိသမ္ပဇဉ်နဲ့ အားထုတ်ပါ။ ဒီလို တိုက်တွန်းထားတယ်နော်။

အားကိုးစရာ ရှိကြပြီလား

ဇယေယျ သဗ္ဗသံယောဂံ၊ ကဇရေယျ သရဏတ္တဉ္စနော။
စဇရယျာဒိဒုက္ခသိသောဝ၊ ပတ္ထယံ အစ္ဆုတံ ပဒန္တိ။

သံယုတ္တနိကာယ်- ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်- ဖေဏပိဏ္ဍူပမသုတ်-၁၁၇။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ သဗ္ဗသံယောဂံ၊ အလုံးစုံတယ်တာဂိုကပ် တင်ပက်နေတဲ့ သံယောဇဉ်ကရား ဆယ်ပါးတို့ကို။ ဇယေယျ၊ စွန့်ကြကုန်ရာ၏။

သံယောဇဉ်တရားမှန်ရင် ဘာကုန်စွန့်နိုင်အောင် ကြိုးစားကြ၊ ငါ့ဘဲ-ငါ့ဘဲ လုပ်မနေနဲ့၊ ဒီဘဝနဲ့ပဲ ပျံသွားမှာခုညီးပဲ။ စွန့်နိုင်မှ တော်ရုံကျမယ်။ ငါ့ဘဲ မဟုတ်ကြောင်း အစောကြီးကတဲက သိဒအောင် ကြိုးစားထားနော်။

အတ္တနော၊ ပဋိဇဂ္ဂါ။ သင်္ခါရာ၊ အားကိုးရာကိုးပဲ။ ကဇရေယျ၊ ပြုကြကုန်ရာ၏။

ကိုယ့်အတွက် အားကိုးရော အလုံအလောက်ရအောင် စုဆောင်းထား။ ကိုယ့်အတွက် အားကိုးရာ အလုံအလောက် စုဆောင်းဆိုတာ ကိုယ့်အဘွက် အားကိုးရာက ဘာလဲ။

အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ။ အနညသရဏာ
မမ္မဒီပါ ဘိက္ခဝေ ဝိဟရထ မမ္မသရဏာ အနညသရဏာ။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ တုဗ္ဗမှ၊ သင်ချစ်သား တို့သည်။ အတ္တာဒီပါ၊ မိမိကိုယ်သာလျှင် မှီခိုရာကျန်းကြီးသဖွယ် ရှိကြကုန်သည် ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။ အတ္တသရဏာ၊ ပိမိကိုယ်သာ ကိုးကွယ် ရာထားကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။ အနညသရဏာ၊ မိမိမှတပါး အခြားအားကိုးရာ မရှိကြကုန်သည်ဖြစ်၍။ ဝိဟရာ၊ နေကြကုန် လော့။

ကိုယ့်ကို အားကိုးပြီးတော့နေ။ ကိုယ့်ကိုယ်ကို အားကိုးဆိုတာ ဘာတဲ့တုံး။ နောက်တပိုဒ်က—

ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။

ဓမ္မဒီပါ၊ ဓမ္မလို့ ခေါ်တဲ့ တရားတော်သည်သာလျှင် အားကိုးရာ ကိုင်းကျန်း ကြီးသဖွယ် မှီခိုရာရှိကြကုန်သည်ဖြစ်၍။ ဓမ္မသရဏာ၊ တရားတော်သည်သာ လျှင် ကိုးကွယ်ရာမှီကြကုန်သည်ဖြစ်၍။ အနညသရဏာ၊ တရားတော်မှတပါး အားကိုးရာမရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။

တို့ယောဂီဗျား အားကိုးရာဟာ တရားတော်။ ကိုယ့်ကိုယ်ကို အားကိုးဆို တာ တရားအားကိုးရမယ်။ ကိုယ့်နှလုံးသားထဲ တရားရှိဘဲလူ ကြောက်စရာ မလိုဘူး။ အားကိုးရာ အပြည့်ရှိတယ်။ နှလုံးသားထဲ တရားမရောက်သေးရင် တော့ အဲဒါငါ့ဘဲဆို လိုက်နေမှာပဲ။

ဒါကြောင့် ကိုယ့်ကိုယ်ကို အားကိုးဆိုတာ ကိုယ့်နှလုံးသားထဲ တရားထည့် ထား။ အဲဒါ ကိုယ်အကုန် အားကိုးရာ ရပါပြီ။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဒီသတိပဋ္ဌာန်လေးပါးတို့ရဲ့ အပေါ်မှာ သတိပညာ အမြဲတမ်း ကပ်ပြီးတော့ ရှုနေတဲ့ ပုဂ္ဂိုလ်ဟာ အားကိုးရာ ရှိတယ်။ ကာယမှာဖြစ်ဖြစ်၊ ဝေဒနာမှာ ဖြစ်ဖြစ်၊ စိတ်မှာဖြစ်ဖြစ်၊ ဓမ္မမှာဖြစ်ဖြစ်။ သတိပညာနဲ့ ရှုမှတ်ကပ်ဆားတဲ့ ပုဂ္ဂိုလ်ဟာ သတိ ပညာရှိရင် အားကိုးစရာ ရတယ်။ သတိနဲ့ ပညာမရှိရင် အားကိုးစရာ မရသေးဘူးနော်။

ဒီတော့-ဘုန်းကြီးတို့ ဓမ္မပဒ အပ္ပမာဒဝဂ်မှာ—

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

ခုဒ္ဒကနိကာယ်-ဓမ္မပဒအဋ္ဌကထာ၊ ပကိဏ္ဏကဝဂ္ဂ၊ ၁၄၅။

အပ္ပမာဒေါ၊ မမေ့မမလျော့ မပေါ့မတန် ထက်သန်တဲ့ သတိနဲ့ နေကြခြင်းသည်။ အမတံ၊ သေခြင်း ကင်းရာဖြစ်သော။ ပဒံ၊ နိဗ္ဗာန်ရဲ့ အခေကြောင်းပါပေတည်း။

အပ္ပမာဒနဲ့နေရင် ဒီလူ မသေဘူး။

“အပ္ပမာဒနဲ့နေရင်
“မသေပါဘုရား”

သေခြင်းကင်းတယ်။ အပ္ပမာဒဆိုတာ ဘာတဲ့ဘုံးဆိုတော့ သတိ။

“အပ္ပမာဒဆိုတာ”
“သတိပါဘုရား”

ကာယကို ရှုနေတဲ့ သတိ၊ ဝေဒနာကို ရှုနေတဲ့ သတိ၊ စိတ်ကို ရှုနေတဲ့ သတိ၊ မြေကို ရှုနေတဲ့ သတိ၊ ဒီသတိကို အပ္ပမာဒခေါ်တယ်။ သတိဆိုတဲ့ အပ္ပမာဒတရား လက်ကိုင်ထားရင် ဒီလူတွေ မသေနိုင်ဘူး။

ပမာဒေါ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် သတိကင်း၍ နေခြင်းသည်။ မစ္စုနော၊ သေခြင်း၏။ ပဒံ၊ အကြောင်းတရားပါပေတည်း။

သတိကင်းရင် အဲဒီလူ ထပ်ခါထပ်ခါ သေတတ်တယ်။

အပ္ပမတ္တာ၊ မမေ့မလျော့ မပေါ့မတန် ထက်သန်တဲ့ သတိနဲ့ နေကြတဲ့ ပုဂ္ဂိုလ်တို့သည်။ န မီယန္တိ၊ မသေကြလေကုန်။ယေ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ ပမတ္တာ၊ မေ့လျော့၍ နေကြလေကုန်၏။ တေ၊ ထို မေ့လျော့၍ နေကြတဲ့ သတိကင်းတဲ့ ပုဂ္ဂိုလ်တို့သည်။ ယထာ မတာ၊ အသက်ရှင်လျက် လူသေနဲ့တူကြလေကုန်၏။

အပ္ပမာဒဆိုတဲ့ သတိမရှိရင် အသက်ရှင်လျက် ရှိပေမယ့် ဒီလူကို လူသေလို့ခေါ်ပါတယ်။ ကာယမှာလဲ သတိနဲ့မရှု၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့လဲ သတိနဲ့မရှု။ဒီလို သတိနဲ့ မရှုလို့ရှိရင် အဲဒီလူရဲ့ သန္တာန်မှာ ကုသိုလ်တရားတွေ သေနေလို့ လူသေ၊ အဲဒီလူဟာ လူသေ။

“အားကိုးစရာ ရှိရဲ့လား”
“မရှိပါဘုရား”

အားကိုးရာ တရားဆိုတာဟာ ဒီသတိနဲ့ ရှုမှတ်လုပ်ရတဲ့ကုသိုလ်တရား။ အဲဒါဟာ အားကိုးရာနော်။ သတိကင်းရင် ဒီလူ့သန္တာန် ကုသိုလ်မရှိရင်—

"လူသေပဲမဟုတ်လား"
"မှန်ပါဘုရား"

အဲဒီလူဟာ ဒီဘဝလဲ သေဘဝအဆက်ဆက်လဲ သေဆုံးနေမှာပဲ။ဒါကြောင့် ကိုယ့်ကိုယ်ကို အားကိုးနေဆိုတာဟာ သတိပဋ္ဌာန်တရား အားကိုးကြဖို့ပါပဲ။

စရေယျာဒိတ္တသိသောဝ၊ ပတ္တယံ အစ္ဆုတံ ပဒန္တီ။

အာဒိတ္တသိသော၊ ဦးခေါင်းမှာ မီးလောင်ခံရတဲ့ ပုဂ္ဂိုလ်သည်။အတ္တနော၊ မိမိရဲ့။ သီသေ၊ ဦးခေါင်း၌။ အာဒိတ္တံ၊ အလုံးတပြောင်မပြောင် တောက်ပြောင်၍ နေသော။ အဂ္ဂိ၊ မီးကို။ နိပ္ပဗာပေတိယထာ၊ လျင်လျင်မြန်မြန် ငြိမ်းသတ်လေဘိသကဲ့သို့။

ဧဝမေဝ ဧဝံတထာ၊ ပမာထားပဲ့ ထို့အတူ။အစ္ဆုတံ၊ စုတိပျက်ကြွေ သေလွန်ခြင်း မရှိသော။ပဒံ၊အသမ်္ခတဓာတ် နိဗ္ဗာန် ပရမတ်ကို။ပတ္ထယံ-ပတ္ထယန္တော၊ မျှော်မှန်းလျက်။ စရေယျ၊ ကောင်းစွာမသွေ ကျင့်ကြံကြကုန်ရာသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

ဒီတော့-ဒီမှာ နိဂုံး တိုက်တွန်းတဲ့ ပါဠိတော်မှာ ဘာပြောဘုံးဆိုတော့ ခေါင်းမီးလောင်ခံရတဲ့ ပုဂ္ဂိုလ်ဟာ ခေါင်းကမီးကို အရေးတကြီး ငြိမ်းသလို ခန္ဓာမှာ လောင်နေတဲ့ မီး တဆယ့်ဘစ်ပါးကိုလဲ နေ့ရောညပါ သတိနဲ့ ရှုမှတ်ပြီးတော့ အမြဲတမ်းငြိမ်းဖို့ ကြိုးစားကြ။ ဒီသတိ ကောင်းကောင်းရရင် ကိုယ့်အတွက် အားကိုးရာ လုံလောက်ပြီတဲ့။ သတိမှမရှိရင် ဒီလူဟာ အသက်ရှင်ပေမယ့် လူသေသတပ်နော်။

ဒီတော့-ဘုန်းကြီးတို့ ဟောခဲ့တာ ကာယာနုပဿနာသတိ၊ ဝေဒနာနုပဿနာသတိ စိတ္တာနုပဿနာသတိ၊ ဓမ္မာနုပဿနာသတိ ဆိုပြီးတော့—

"သတိအမျိုးအစား ဘယ်နှစ်ပါး ဟောခဲ့သလဲ"
"လေးပါးပါဘုရား"
ထွက်လေဝင်လေနဲ့ နှာခေါင်းနဲ့ ထိဆိုတဲ့နေရာကို သတိရအောင်သား။

ပုဗ္ဗပုဗ္ဗောဌာနေ ပုဗ္ဗပုဗ္ဗောကာသေ သတိ ဥပဋ္ဌာပေတွာ။

ဒုဿခေါင်းနဲ့ ထုက်လေဝင်လေ ထိဆိုတဲ့နေရာကို သတိထားပြီးတော့ ဘုန်းကြီးတို့ပေါဂိမျှား ထုက်မှန်းဝင်မှန်းသိအောင်ကြိုးစားတယ်။ထိတဲ့သဘောကို သိအောင် ကြိုးစားတယ်။ ထိတဲ့ ထုက်လေဝင်လေရဲ့ အစ၊ အလယ်၊ အဆုံး၊ သုံးချက်လုံး မိအောင် ဖမ်းတယ်။

အဲဒါမှ စိတ်ချလက်ချ ဘခါတည်း သမာဓိ ရပြီဆိုလျှင် အဲဒီနေရာက နေပြီးတော့ ကာယာနုပဿနာ ကျကျနနရအောင် အတွေ့အထိ ထင်ရှားရင် ရုပ်တရားလေးပါး ကဲ့အောင် ရှာတယ်၊ ဟုတ်ပြီနော်။ အဲဒီကနေ ရုပ်တရားလေးမျိုး ကဲ့လာတဲ့အခါကျတော့ မိမိရဲ့ တလံမျလောက်သော ကိုယ်ကြီးတကိုယ်လုံးမှာ—

"ဒီရုပ်လေးမျိုးကို အနှံ့အပြားရှာရင် မတွေ့ဘူးလား"
"တွေ့ပါတယ်ဘုရား"

ဝေဒနာရဲ့အစ တွေ့ထိမှုက

တွေ့ထိမှု ဖြစ်တိုင်း ဖြစ်တိုင်း ဘယ်နေရာ ကြည့်လိုက် ကြည့်လိုက် ဟောဒီ ရုပ်တရားတွေ့ဟာ အကုန်လုံး အပျံ့အနှံ့ သဘောရှိနေတာ တွေ့ရမယ်။ အဲဒီလို ရှုမှတ်ယင်း ရှုမှတ်ယင်းကနေ အဆင့်ဆင့် တက်ပြီးတော့ လာလိုက်တာ တော်တော်ကြာတော့ ပင်ပန်းဆင်းရဲလှချည်ရဲ့ဆိုတဲ့ ဝေဒနာလာတယ်။

ဒုက္ခဝေဒနာ မြားစူးနေတဲ့ သဘောအနေနဲ့ စူးလဲ မသက်သာ။ စူးနေဆဲလဲ မသက်သာ၊ နှုတ်တော့လဲပဲ မသက်သာ။ အေး-မြားကြီးစူးသလိုတကယ့် ဒုက္ခအစစ်ကြီးပဲလို့ ရုပ်တရားရဲ့ နှိပ်စက်ပုံကို ဒုက္ခအနေနဲ့ စိုက်ပြီးတော့ ရှုတယ်။ ဝေဒနာနုပဿနာတခု လာတယ်။ အဲဒီလို ဝေဒနာနုပဿနာ ရှုရာကနေပြီးတော့ ပင်ပန်းလှချည်ရဲ့ဆိုရင် ဒီဝေဒနာ ဘာ့ကြောင့်ဖြစ်သလဲ စိစစ်ပြီးတော့ ဒီဝေဒနာဟာ ရုပ်သုံးမျိုး နှိပ်စက်လို့ ဖြစ်တာလို့ ရုပ်သုံးမျိုးကို ခွဲခြမ်းစိတ်ဖြာပြီးတော့ စိစစ်ပြီးတော့ ရှုရမယ်။

အဲဒီလို ရှုမှတ်ယင်းနဲ့ ရုပ်တရားတို့ရဲ့ နှိပ်စက်မှုဟာ တဖြေးဖြေး ခေါင်းပါးလာတာပဲ။ ဒုက္ခဝေဒနာဟာ တဖြေးဖြေး ငြိမ်းလာရင် ဒုက္ခဝေဒနာငြိမ်းတာနဲ့ အပြိုင်နက်တည်း ဓယာဂိရဲ့ တည်ငြိမ်ခြင်းဆိုတဲ့ သမာဓိဟာ ချက်ချင်းကပ်လာလိမ့်မယ်။ သမာဓိ ကျကျနန ကပ်လာပြီဆိုတော့ မနေ့က ပြောခဲ့သလို—

“နိဝရဏတွေ ကွာလို့ စိတ်ထဲမှာ ကြည်မလာဘူးလား”
“ကြည်လာပါတယ်ဘုရား”
စိတ်ထဲ ကြည်လာပြန်ပြီဆိုတော့ ဟော ဝင်ပြန်ပြီ သုခဝေဒနာတမျိုး။
“ဘာဝေဒနာလဲ”
“သုခ ဝေဒနာပါဘုရား”

ဒုက္ခဿနန္တရံ သုခံ၊ သုခဿနန္တရံ ဒုက္ခံ၊ အညောညုနိယတော စသော လောကဿ ဓမ္မတာ။

ဒုက္ခဿ၊ ဒုက္ခဝေဒနာရဲ့။ အနန္တရံ၊ အခြားမဲ့၌။ သုခံ၊ သုခဝေဒနာသည်။ ဟောတိ၊ ဖြစ်တတ်တယ်။ သုခဿ၊ သုခဝေဒနာရဲ့။ အနန္တရံ၊ အခြားမဲ့မှာ။ ဒုက္ခံ၊ ဒုက္ခဝေဒနာသည်။ ဟောတိ၊ ဖြစ်လာတတ်ပါတယ်။

ဒုက္ခဝေဒနာ ပြီးရင် သုခဝေဒနာ၊ သုခဝေဒနာ ပြီးရင် ဒုက္ခဝေဒနာ။ ဒီလို လှည့်နေတာပဲ။ အဲဒီလို တခုပြီး တခု၊ တမျိုးပြီး တမျိုး ဝေဒနာတွေ ပြောင်းပြောင်းနေပုံကို ဉာဏ်မှာ သိမှုနော်။ သုခဝေဒနာ ဖြစ်တုန်းကတော့ တကယ်ဝေဒနာလို့ သဘောကျပြီး ချမ်းသာလှချည့်ရဲ့ အေးကြဉ်းပြီ ပေါ့ တကိုယ်လုံး ခြုံလာဘဲ့ ရေကန်ကြီး ရေတွေလျှံသလို ဖြစ်လာပြီ ကိုးဲ့ အခိုန် ကျတော့ အဲဒါ ဝေဒနာ မဟုတ်တော့ဘူး ဆိုရင်တော့ ဟုတ်ကျဘူးနော်။ အဲဒါလဲ ဝေဒနာပဲ။

“ဘာဝေဒနာလဲ”
“သုခဝေဒနာပါဘုရား”

တရား အားထုတ်ရတာ နတ်စည်းစိမ်လောက်ကို ကောင်းနေတယ်၊ ဗိပ်ကို ကျနေတာပဲ။

“ဘာဝေဒနာပါလိမ့်”
“သုခဝေဒနာပါဘုရား”

သုခဝေဒနာ လာပြန်တယ်။ ဒုက္ခဝေဒနာ ကုန်ရင် သုခဝေဒနာ ဒီကိုလာတယ်နော်။ သုခဝေဒနာ ဖြစ်နေတုန်းမှာ ဝေဒနာရှုဖို့ လမ်းနဲ့ရင် အဲဒီ ပုဂ္ဂိုလ်အတွက် မသက်သာဘူး။ တရားတက်လို့ မလွယ်ဘူး။ ချမ်းသာလို့ကော။ ကိုယ်လဲချမ်းသာ စိတ်လဲချမ်းသာ ဒီချမ်းသာလေကို မျောပြီးတော့ ဗိတ်ကဲ

ကျေနပ်နေလိုက်ရင် တခါ တခါကျတော့ အဲဒါဟာ သန္တိသုခလို့ အထင် ရောက်သွားတယ်။

အရောင်လေးက လင်းကနဲ့ လက်ကန်၊ ကြက်သီးလေးတွေက တဖြင်၊ဖြင်း ခန္ဓာကိုယ်က မြောက်လို့ ကြွလို့။ အဲဒီသဘောတွေကို မင်္ဂနဲ့ဖိုလ် မြင်ရတဲ့ နိဗ္ဗာန်မျှားလား။ ငါဟာ မင်္ဂေ ဖိုလ်ဧာမျှား ဝင်ရောက်နေလေပြီလား။ သမာဓိက ခံကောင်းနေတယ်၊ ဘေးကနေပြီးတော့ လှည်းမောင်းတာလဲ မသိ၊ ကားမောင်းတာလဲ မသိ။အသံခွဲစက်ကြိုးတွေနဲ့ အော်တာလဲ မကြားရ။ ငြိမ်လို့ သမာဓိ မျှားကောင်းနေလိုက်ပုံ။ ဖိုလ်ဝင်စားဘယ်လို့ ဒီလိုလဲပဲ ထင်ကောင်း ထင်-ယ်။ ဖိုလ်ဝင်စားဆိုတာ နိဗ္ဗာန်အရသာ ခံစားတာ။ နိဗ္ဗာန်ဆိုတာဟာ ဘုန်းကြီးတို့ ဥဒါန်းပါဠိတော်မှာ—

နိဗ္ဗာန်ဆိုတာ ဘာလဲ

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
န တတ္ထ သုက္ကာ ဇောတန္တိ၊ အာဒိစ္စော နပ္ပကာသတိ။
န တတ္ထ စန္ဒိမာ ဘာတိ၊ တမော တတ္ထ န ဝိဇ္ဇတိ။
ယဒါ စ အတ္တနော ဝေဒိ၊ မုနီ မောနေန ဗြာဟ္မဏော။
အထ ရူပါ အရူပါ စ၊ သုခါ ဒုက္ခာ ပမုစ္စတိ။

ခုဒ္ဒကနိကာယ ဥဒါနပါဠိ-၈၆။

ဥဒါန်းပါဠိတော်မှာ နိဗ္ဗာန်ရဲ့ အကြောင်း ဟောတဲ့ ပါဠိတော်တခု။

ယတ္ထ-ယသ္မိံ နိဗ္ဗာနေ၊ အကြင်နိဗ္ဗာန်ဆိုဘဲ့ သဘောဘရား၌။ အာပေါ စ၊ အာပေါဓာတ်သည်လည်းကောင်း။ ဘေဇော စ၊ တေဇောဓာတ်သည် လည်းကောင်း။ ဝါယော စ၊ ဝါယောဓာတ်သည် လည်းကောင်း။ န ဂါဓာ တည်၍ မှီ၍မနေပါ။

“နိဗ္ဗာန်မှာ ပူဘယ်ဆိုတာလေး ရှိလား”
“မရှိပါဘုရား”
“တောင့်တင်းတယ်ဆိုတာလေး”
“မရှိပါဘုရား”

တောင့်တင်းမှုလေးက ပျော့ပျောင်းသွားတော့—
"နှုးညံ့နေတာပဲဆိုတာလေး နိဗ္ဗာန်ရှိရဲ့လား"
"မရှိပါဘုရား"
သုခုမပထဝီ၊ ကက္ခဠပထဝီ။
"ဘယ်နှစ်မျိုးရလဲ"
"နှစ်မျိုးရပါဘုရား"

ကြမ်းတမ်းတဲ့ ပထဝီတွေကိုနဲ့လို သုမပထဝီ နှုးညံ့ပြီးတော့ ဘိဉ်ဖွဲ့နုတယ်ဆိုတဲ့ သဘောလေး—

"နိဗ္ဗာန်မှာ ရှိရဲ့လား"
"မရှိပါဘုရား"

သုခုမပထဝီရဲ့ အတွေ့အထိ ခံစားရတဲ့သဘောမျိုး မရှိဘူးနော်။ ဒေါ်ဒေါ်လေးတဖြုးဖြုးနဲ့ ဒေးနောလို ပျံ့ပြင်းလှချည်ရဲ့ဆိုတဲ့ ဒွန္ဒရောဟိပ္ပါ ဝိဝိဓဖဿ သစ်ပင်ကြီးအောက်မှာ စမ်းရေကလေး သောက်ပြီးတော့ ဒိဉ်ဖွဲ့နုရာပါလို့ နိဗ္ဗာန်မှာ အဲဒီလို လေအေးကလေးနဲ့ နေအေးကလေးနဲ့ မရအေးကလေးနဲ့ ခံစားရတဲ့--

"အအေးကလေးမျိုးရှိသေးသလား"
"မရှိပါဘုရား"

ဘာ့ကြောင့်လဲဆိုတော့ ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ [illegible] မရှိတာ။ ဒီဓာတ်တို့ရဲ့ နှုးညံ့တဲ့ အတွေ့အထိကြောင့် ခံစားလို့ကောင်းတာ [illegible] တာ နိဗ္ဗာန်မှာ မရှိဘူး။

"မှတ်ထားနော်"
"မှန်ပါဘုရား"

အေးနေတယ်ဆိုတဲ့ အသိ၊ အေးတယ်ဆိုတဲ့ အရသာ၊ ခံစားတာပဲဆိုဟဲ့ ဝေဒနာ။ နိဗ္ဗာန်မှာ မရှိရဘူး။

နတ္ထိ သုက္ကာ ဇောတန္တိ အာဒိစ္စော စ နပဘာသတိ။

တတ္ထ-တသို့ နိဗ္ဗာနေ၊ ထိုနိဗ္ဗာန်ဆိုတဲ့ သဘောတရား၌။ သုက္ကာ၊ [illegible] လတွေ နက္ခတ်တာရာတွေဆိုတာလဲပဲ။ နတ္ထိ၊ မရှိကြလေကုန်။

နိဗ္ဗာန်မြင်ဆိုတာဟာ ကြယ်တွေ လတွေ့မြင်သလို မြင်တာမဟုတ်ဘူး။ ကြယ်ကလေးမြင်လာတယ်။ လကလေးမြင်လာတယ်။ အဲဒါ နိဗ္ဗာန်မဟုတ်ဘူး။ နိဗ္ဗာန်မှာ ကြယ်လနက္ခတ်တာရာ မရှိဘူးတဲ့နော်။

အဒီစွာ စ၊ နေမင်းရဲ့ အလင်းရောင်ကဲ့သို့ လင်းနေတယ်ဆိုတဲ့ သဘော လဲပါ။ နတ္ထိ၊ မရှိ။

နေမင်းကြီး၊ လမင်းကြီး လင်းသလို လင်းနေတဲ့သဘောက နိဗ္ဗာန်မှာ မရှိဘူးတဲ့။

နတ္ထိ စန္ဒိမာ သာဝတိ၊ တမော တတ္ထ နဝိဇ္ဇတိ။

တတ္ထ-တသ္မိံ နိဗ္ဗာနေ၊ ထိုနိဗ္ဗာန်ဆိုတဲ့ တရားသဘာဝ၌။ စန္ဒိမာ၊ လမင်းကြီးဆိုတာလဲ။ နတ္ထိ၊ မရှိ။

လရဲ့အရောင်လို ကြည်အေးနေတဲ့ အအေးရောင်မျိုးလဲ နိဗ္ဗာန်မှာ မရှိပါဘူး။ ဓာတ်လေပါးမှ မရှိပဲ။ ဒီဓာတ်လေးပါး မှီဖြစ်တဲ့ အရောင်တွေ အလင်းတွေ-

"ကြယ်တွေလတွေ့ လာရဲ့လား"

"မလာပါဘုရား"

ကြယ်လနက္ခတ်တာရာဆိုတဲ့ ဒီအရောင်အလင်းအစုိင်အခဲသဘော သဘာဝ အရိပ်အယောင် ဘာကြောင့်ဖြစ်တုံးဆိုရင် အလွယ်ဆုံး မှတ်လိုက်စမ်းပါ။ ဓာတ်လေးပါးကြောင့် ဖြစ်တာ။

"ဘာကြောင့်ဖြစ်တာလဲ"

"ဓာတ်လေးပါးကြောင့်ပါဘုရား"

ဒါကြောင့် အရောင်လေး လာတယ်။ အလင်းလေး လာတယ်။ ကြယ်တွေ လတွေ့ နက္ခတ်တာရာတွေ ပေါ်တယ်။ ဘုံဗိမာန်ဘွေ့ ဥယျာဉ်တွေ့ ပဒေသာတွေ့ မြင်ရတယ်။ ဘာမှ ခြားနားမနေနဲ့၊ မိမိမှာလည်းရှိနေတဲ့ ဟာဒီဓာတ်သာ ပြန်ပြီးတော့ ထိုင်ရှု။ အရောင်အလင်း ကြယ်လနက္ခတ်တာရာတွေ့ အကုန်ပျောက်ရမယ်။ နိဗ္ဗာန်သာဆိုရင် ဓာတ်မှမရှိဘာ၊ အရောင်အလင်းတွေ့ မရှိဘူးဆိုတာ မှတ်ထား။

တမော တတ္ထ နဝိဇ္ဇတိ။

တတ္ထ-တသ္မိံ နိဗ္ဗာနေ၊ ထိုနိဗ္ဗာန်ဆိုတဲ့ သဘောတရား၌။ တမော စ၊ အမိုက်တိုက်ကြီးဆိုတာလဲ။ နတ္ထိ၊ မရှိ။

နေလနက္ခတ်တာရာတွေ့မရှိရင် အမှောင်ထုကြီးလား သို့ဆိုတော့ နိဗ္ဗာန်ဟာ အမှောင်ကြီးလဲ မဟုတ်ဘူး။

အထ ရူပါ အရူပါ စ၊ သုခါ ဒုက္ခာ ပမုစ္စတိ။
ယဒါ စ အတ္တာနာ ဝေဒိ၊ မုနိ မောနေန ပြာဟ္မဏော။

ယဒါ၊ အကြင်အခါ၌။မောနေန၊ မောနဆိုတဲ့ မဂ်ဉာဏ်နှင့်။မုနိ၊ အာဂါရိကစသည်အပြား ခြောက်ပါးသော မုနိတို့တွင် သော့ခမုနိ၊ ဒဿသော့ခမုနိ အဆင့် ဝင်သွားပါပြီဆိုတဲ့ ပုဏ္ဏားသူမြတ်သည်။ ပြာဟ္မဏာ၊ မိမိသန္တာန်မှာ ရှိနေတဲ့ မကောင်းမှုဆိုတဲ့ ကိလေသာ အာသဝေါတွေကို ကုဋလျှာကုန်ခုန်းခဲ့ပြီးသည်ဖြစ်၍။ အတ္တာနာ၊ မိမိကိုယ်တိုင်။ မောနေန၊ မောနဆိုတဲ့ မဂ်ဉာဏ်ဖြင့်။ အဝေဒိ၊ သိ၏။

ကိုယ့်သန္တာန် ကိလေသာအညစ်အကြေးတွေ ရှင်းသွားပြီးတဲ့ပုဂ္ဂိုလ်ဟာ မဂ်ဉာဏ်နဲ့ လှမ်းမြင်တယ်။ အေးတဲ့သဘောရှိတယ်။ အဲဒီသဘောက ဘယ့်နှယ်သဘောတုံးဆိုတော့ ကိလေသာတွေ အကုန်ရှင်းသွားလို့ မြင်လိုက်ရတဲ့ နိဗ္ဗာန်ရဲ့ အအေးဓာတ်က—

ဒဏ္ဍ ရူပါ အရူပါ စ၊ သုခါ ဒုက္ခာ ပမုစ္စတိ။

ရူပါ စ၊ ရုပ်ကလဲ လွတ်နေတယ်။အရူပါ စ၊နာမ်တရားတွေမှလဲ လွတ်နေတယ်။ သုခါ စ၊ ချမ်းသာတဲ့ သုခဝေဒနာမှလဲ လွတ်နေတယ်။ ဒုက္ခာ စ၊ ဒုက္ခဝေဒနာမှလဲ လွတ်တယ်။

ရုပ်၊ နာမ်၊ သုခ၊ ဒုက္ခဝေဒနာတို့မှ လွတ်ပြီးတော့ အေးနေတဲ့ သဘော ရုပ်ထဲနာမ်ထဲမှာ အေးနေတာမဟုတ်ဘူးနော်။ ရုပ်နာမ် ဝေဒနာတို့မှ လွတ်ပြီးတော့ အေးနေတဲ့ သဘောကို မဂ်ဉာဏ်နဲ့ မြင်တဲ့ အမြင် အသစ်တ ဒီလိုရှုပါတယ်။ ရုပ်ထဲနာမ်ထဲမှာ အေးနေတယ်ဆိုရင်တော့ ရုပ်နာမ်နဲ့စ၊ အေးနေရင် ရုပ်ကြီးဟာ ဒုက္ခကြီးပဲမဟုတ်လား၊ အဲဒါ မှတ်ထား။

ဒီတော့ဥပမာဆောင်တဲ့အခါ အဋ္ဌကထာက ဘယ့်နှယ် ဆောင်တုံး ဆိုလို့ရှိရင် မီးပုံကြီး ဥပမာပေးတယ်။ ထင်းဟာ စုံပုံပြီး မီးထည့်တိုက်၊ လောင်လိုက်တာ တဟုန်းဟုန်းနဲ့။ဒီမီးတွေ ဘာကို စွဲပြီးတော့လောင်း ငုံးဆိုလို့ရှိရင် ထင်းကို စွဲပြီး လောင်တယ်။ထင်းတွေ ကုန်သွားတာနဲ့ တပြိုင်နက်တည်း

မီးတွေက ဝါးယင်းဝါးယင်း ထင်းတွေလဲ ကုန်သွားရော၊ တဖြေးဖြေးနဲ့မီးဟာ ငြိမ်းတာပဲ မဟုတ်လား။ အဲဒီမီး ဘယ်ရောက်သွားသလဲလို့ မေးတော့ ငြိမ်းသွားတာ။ ဒီနေရာလေးတွင် ငြိမ်းသွားတာ။

"ဘာပြုလို့ ငြိမ်းတာလဲဆိုတော့"
"လောင်စာရာမရှိလို့ ပါဘုရား"

လောင်စရာမရှိတော့လို့နော်။ဘုန်းကြီးတို့ယောဂီများရဲ့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးဟာ ထင်းပုံကြီး။ အဲဒီ ထင်းပုံကြီးရှိနေသမျှ မီးတဆယ့်တစ်ပါးဆိုတာဟာ လောင်နေတယ်။ ထင်းပုံကြီး ကုန်သွားသလို ခန္ဓာငါးပါးကုန်သွားရင် မီးဟာ အလိုလို ငြိမ်းသွားတာပဲမဟုတ်လား။ ထင်းလဲကုန်တယ်၊ မီးလဲကုန်တယ်၊ ထင်းနဲ့ မီးနှစ်ခု ငြိမ်းသွားတဲ့ အတွက်ကြောင့်—

"ငြိမ်းဆိုတဲ့ သဘောတော့ရှိသလား၊ မရှိဘူးလား"
"ရှိပါတယ်ဘုရား"

နိဗ္ဗာန်ရဲ့ အငြိမ်းဟာ အဲဒီ မီးပုံကြီးငြိမ်းသလို့ငြိမ်းတဲ့သဘော။မင်္ဂလာကျတဲ့ အဝါကျတော့ အဲဒါကို မြင်ရလိမ့်မယ်။ ခန္ဓာထဲမှာ အေးနေတယ်ဆိုတဲ့ သဘောက ခန္ဓာနဲ့ စပ်နေလို့ ဒုက္ခမလွတ်ဘူးဆိုတာ မှတ်ထား။ ဥပက္ကိလေသ အားလုံးကို ဒီတချက်တည်းနဲ့ ဘုန်းကြီးရှင်းတယ်နော်။

နိဗ္ဗာန်မြင်ဆိုတာ မီးပုံကြီးငြိမ်းသလို ဘာမှ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်မရှိပဲနဲ့ ငြိမ်းနေတဲ့ အငြိမ်းကို မြင်တာက နိဗ္ဗာန်ရဲ့ သဘောဖြစ်ရမယ်။ အလင်းရောင်ကလေးရှိနေသေးလို့ အဲဒီ အလင်းထဲမှာ ငြိမ်းနေတဲ့ အငြိမ်းဆိုရင် အဲဒါ ဓာတ်လေးပါး မှိုပြီးတော့ ပေါ်လာတဲ့အလင်း။

"ဟန်ပကျသေးဘူးနော်"
"မှန်ပါဘုရား"

ဥပက္ကိလေသနဲ့ ကြုံလာရင် မူလကမ္မဋ္ဌာန်း ပြန်ကိုင်ရှု

ဥပက္ကိလေသရဲ့ သဘောဟာ ဒီလိုဖြစ်ပါတယ်။ ဒါ့ကြောင့် အဲဒီလို အလင်းရောင်. ဩကာသတွေဖြစ်လာခဲ့ရင် မိမိရဲ့ ဓာတ်ကမ္မဋ္ဌာန်းပြန်ပြီးတော့ ရှုတာဟာ အကောင်းဆုံးဆိုတာမှတ်ထား။ မိမိရဲ့ ဓာတ်ကမ္မဋ္ဌာန်း ပြန်ကိုင်ရှုတဲ့အခါကျတော့ ပထဝီ၊ ဇာတေဇာ၊ ဝါယောဝါ၊ ဓာတ်သုံးပါး ပြန်ကိုင်ရှုတဲ့အခါ

အဲဒါ ဓာတ်သုံးပါးရဲ့ အနိစ္စာနုပဿီ၊ ဝိရာဂါနုပဿီ၊ နိရောဓာနုပဿီ၊ ပဋိနိဿဂ္ဂါနုပဿီ။

"ဘယ်နှစ်ချက်လဲ"

"လေးချက်ပါဘုရား"

အနိစ္စာနုပဿီ၊ ဟောဒီ တစေ့ဝ၊ ဝါယောဆိုတဲ့ ရုပ်တရားဂဏ်ရဲ့ပျက်စီးတဲ့ သဘောကို ထပ်တလဲလဲ ရှုပြီးတော့နေပါ။ မလွတ်စေနဲ့။

ဝိရာဂါနုပဿီ၊ ကုန်ပျောက်တဲ့ သဘောကို ထပ်တလဲလဲ ရှုပြီးတော့နေပါ။

နိရောဓာနုပဿီ-ချုပ်ပျောက်တယ်ဆိုတဲ့ သဘောကို ထပ်ကလဲလဲ ရှုမှတ်ပြီးတော့နေပါ။

ပဋိနိဿဂ္ဂါနုပဿီ-ဟောဒီ အရောင်တွေ အလင်းတွေအစရှိတဲ့ ရုပ်တရားတွေကို စွန့်ရမယ့် သဘောကို ထပ်တလဲလဲ ရှုပြီးတော့ နေပါ။

"ဓမ္မာနုပဿနာ မဟုက်လား"

"မှန်ပါဘုရား"

အဲဒါ-ဘုန်းကြီးတို့ယောဂီများ ရှုရမယ့်ရှုကွက်၊အရောင်ပေါ်တယ်။အလင်းပေါ်တယ်။ ကြယ်လနက္ခတ်တာရာတွေ မြင်တယ်။ ဘာရှုမလဲဆိုရင် ဒါပဲရှုရမယ်မဟုတ်လား။ ပေါ်လာတဲ့အရောင် အလင်း ကြယ်လနက္ခက်တာရာတွေကလဲ ဓာတ်လေးပါးကို မှီပြီးတော့ ဖြစ်လာတဲ့ အရိပ်အယောင်တွေပဲ။

"အနိစ္စ ဒုက္ခ ဝိပရိဏာမ လွတ်ရဲ့လား"

"မလွတ်ပါဘုရား"

"သူတို့လဲ တင်ပြီးတော့ ရှုလိုက်၊ ပျောက်သွားတာပဲနော်"

"မှန်ပါဘုရား"

အဲဒီလိုဆိုမှ ခန္ဓာငါးပါးထင်းတွေကုန်လို့ မီးပုံကြီး ငြိမ်းသလို ငြိမ်းသွားရော၊ခန္ဓာလဲ မရှိလို့ ငြိမ်းတဲ့ အငြိမ်းသဘောဟာ သန္တိသုခဆိုတာ မှတ်လေ။

ကိုင်း— ဒီတော့ ဘုန်းကြီးတို့ ငါးရက်တာမျှ ဟောခဲ့တဲ့ လုပ်ငန်းအစီအစဉ်ဟာ ဘုန်းကြီးတို့ ယောဂီများ မှတ်မိကြပြီမဟုတ်လား။ ထုက်လေ ဝင်လေကို ထုက်မှန်း ဝင်မှန်းသိအောင် ကြိုးစားတယ်။ ထုက်လာတဲ့ ဝင်လာတဲ့လေရဲ့ ထိရာအရပ်ကို သတိကပ်ပြီးတော့ ရှုတယ်။ ထိရာအရပ် သတိကပ်ရှုယင်းနဲ့ အစ၊ အလယ်၊ အဆုံး သုံးချက်လုံး မိအောင်ဖမ်းတယ်။

မိလာတဲ့အခါရုပ်တရားလေးပါး၊ ဓာတ်တရားသုံးပါး၊ ကာယပသာဒရုပ်နဲ့ ပေါင်းရင် လေးပါး။ ပူတာအေးတာ၊ တောင့်တင်းတာ၊ တုန်းကန်လှုပ်ရှားတာ။ အဲဒီသဘာဝတွေကို ခဲ့ပြီးတော့ ပိုင်အောင်ရှုတယ်။ နှာသီးဝတင်မဟုတ် ပါဘူး၊ တကိုယ်လုံး ထိတိုင်းထိတိုင်း ဘယ်နေရာဘာနဲ့ပဲထိထိ ဟောဒီဓာတ် တွေ့ချည်းပဲဆိုတာ သဘောကျအောင် ရှုရတယ်။

ကာယာနုပဿနာပိုင်း။ အဲဒီကာယကို ပိုင်သွားတဲ့အခါ ဒီကာယန့်ပ်စက်လို့ ဖြစ်လာတဲ့ ဝေဒနာ။ တဆင့်တက် ရှုတယ်၊ ဒုက္ခဝေဒနာ။ ဒုက္ခဝေဒနာ ဘာ ကြောင့် ဖြစ်သလဲ။ ဒီကာယ ဖောက်ပြန်နှိပ်စက်လို့ ဖြစ်တာ။ ဒီလို ပဲရှုတယ်။ ဒီဒုက္ခဝေဒနာငြိမ်းဖို့ တခုတည်းသော အာရုံမှာ တည်လာပြီဆိုတဲ့အခါ သမာဓိ ကောင်းစွာရလို့ နိဝရဏတွေရှင်း၊ စိတ်စေတသိက်တွေ အေးတယ်ဆိုတဲ့ ပီတိ ပဿဒ္ဓိ ဝင်လာခဲ့ရင်—

"သုခဝေဒနာ မပြောင်းဘူးလား"
"ပြောင်းသွားပါတယ်ဘုရား"

သုခဿနန္တရံ ဒုက္ခံ၊ ဒုက္ခဿနန္တရံ သုခံ။

သုခပြီးရင် ဒုက္ခ၊ ဒုက္ခပြီးရင် သုခ။ ဒီလိုလာနေတယ်။ သုခဝေဒနာထဲ ရောက်ပြန်ပြီဆိုးတာ့ သုခဝေဒနာကို ဝိပရိဏာမဒုက္ခလို့ ဆက်ပြီးတော့ ရှုရ မယ်။

"ဝေဒနာနုပဿနာ ရပြန်ရော မဟုတ်လား"
"ရပါတယ်ဘုရား"

သုခဝေဒနာကို ဝိပရိဏာမဒုက္ခလို့ ရှုယင်းရှုယင်းနဲ့ သုခဝေဒနာဟာ တဖြေး ဖြေး ကဲ့သွားပြီဆိုတော့ အေးနေတယ်ဆိုတဲ့ စိတ်ကလေး၊ သိတယ်ဆိုတဲ့သဘော လေး ဒါပဲ ကျန်တယ်။ အေးတဲ့သဘာဝနဲ့ သိဆိုတဲ့စိတ် ဒါပဲ ကျန်တော့—

"အဲဒီစိတ်မှာ နိဝရဏတွေ လွတ်ပြီးတော့ ကြည်မနေဘူးလား"
"ကြည်နေပါတယ်ဘုရား"

"အေး— အာဘိပမောဒယ ရှင်နေတယ်၊ တက်ကြွနေတယ်၊ ပေါ့ပါးနေ တယ်။

အာဘိပမောဒယံ စိတ္တံ၊
သမာဟိတံ စိတ္တံ၊
ဝိမောစယံ စိတ္တံ၊

စိတ္တာနုပဿနာက အဲဒီစိတ်မှာ ရာဂ၊ ဒေါသ၊ မောဟတွေ လွတ်မြောက်နေတဲ့အတွက်ကြောင့် ဝိတ ရာဂစိတ်၊ ဝိတ ဒေါသစိတ်၊ ဝိက မောဟစိတ်၊ ကိလေသာက လွတ်မြောက်နေတဲ့စိတ်၊ ခန္ဓာက လွတ်နေတဲ့စိတ်။ ကိလေသာနဲ့ ခန္ဓာမှ တဒင်္ဂ လွတ်သွားတယ်နော်။

ဝိမုတ္တံ ဝါ စိတ္တံ ဝိမုတ္တစိတ္တန္တိ ပဇာနာတိ။

ဝိမုတ္တံ၊ လွတ်မြောက်နေတဲ့။ စိတ္တံ ဝါ၊ စိတ်ကိုလဲပဲ။ ဝိမုတ္တစိတ္တန္တိ၊ လွတ်မြောက်နေတဲ့ စိတ်ပါပဲလို့။ ပဇာနာတိ၊ သိအောင် ဆက်ပြီးကော့ ရှုပါလေ။

စိတ်ကို ဒါလောက် နိုင်လာပြီဆိုတဲ့အချိန်ကျတော့မှ—

အနိစ္စာနုပဿီ၊ ဖောက်ပြန်ပျက်စီးတဲ့ သဘော။ ဝိရာဂါနုပဿီ၊ ကုန်ပျောက်တဲ့သဘော။ နိရောဓာနုပဿီ၊ ချုပ်ပျောက်တဲ့သဘော။ ပဋိနိဿဂ္ဂါနုပဿီ၊ စွန့်လွှတ်ကြမယ်ဆိုဘဲ့ သဘောကို ဖေါ်ထုတ်လဲလဲ ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေလေ။

ဖြစ်ပျက်ထဲ အဲဒီမှာ တခါတည်း ဝင်သွားတယ်။ အဲဒီလို အဆင့်ဆင့်တက်လာတဲ့အခါ အနုလောမဉာဏ်ကနေ ဟိုဘက် ဆုံးလဲဆုံးရော ဂေါတြဘူ၊ ဝေါဒါန်မင်္ဂလဲ ကူးရော မီးပုံကြီးနဲ့ထင်းတွေကုန်သလို ငြိမ်းတဲ့သဘော။ ဟိုဘက်ကျမှ လှုပ်မြင်တယ်။ ဒီဘက်တလျှောက်လုံးမှာတော့ ထင်းပုံကြီးနဲ့ မီးတွေနဲ့ စပ်နေတာကို တောက်လျှောက် တွေ့သွားလိမ့်မယ်နော်။

အနုလောမဉာဏ်ကနေ အောက်ပိုင်းအကုန်လုံး ဉာဏ်စဉ်တွေဟာ ထင်းပုံကြီးနဲ့ မီး စပ်နေတာကို တရစပ် ကြည့်သွားတယ်။ အနုလောမဉာဏ်ကနေ ဟိုဘက် ရောက်သွားပြီဆိုတော့ ဂေါတြဘူ၊ ဝေါဒါန်၊ မဂ်ဝေ ရောက်နေတဲ့အခါ ထင်းလဲ ကုန်၊ မီးလဲကုန် ငြိမ်းနေတဲ့သဘော တခါတည်း ဟိုဘက်ကျမှ ဝင်သွားတယ်လို့ ဝိပဿနာလမ်းစဉ် တခုလုံး ငါးရက်တာမျှ ဟောခဲ့တာ အကုန်လုံး ချုံးလိုက်ရင် အဲဒါပါပဲ။

အဲဒီလို လုပ်ငန်းစဉ်များကို ရပြီဖြစ်တဲ့ ဘုန်းကြီးတို့ ယောဂီများဟာ ခေါင်းမီးလောင်တဲ့ပုဂ္ဂိုလ်၊ မီးကို အရေးတကြီး ငြိမ်းသလို ရင်ဝ လှုံစူးနေတဲ့ပုဂ္ဂိုလ်၊ လှုံကြီး အရေးတကြီး နှုတ်ဖို့လိုသလို မိမိတို့ရဲ့ ရင်ဝ သံသရာတလျှောက်လုံးက စူးလာခဲ့တဲ့ ကိလေသာမြားတွေ၊ ခေါင်းမှာ လောင်နေဘဲ့ ကိလေသာမီးတွေ၊ ခန္ဓာတကိုယ်လုံး လောင်နေတဲ့ ကိလေသာမီးတွေကို—

"ငြိမ်းအောင်လုပ်ဖို့ မလိုအပ်ဘူးလား"
"လိုအပ်ပါတယ်ဘုရား"
လိုအပ်တယ်။ ဒအား-ဒါကြောင့်မို့လို့—

ဗျဉ္ဇဘက္ခ ကိုယ်တော်လေး

သီလဝါ ဝတသမ္ပန္နော၊ ပညဝါ သုသမာဟိတော။
မုဟုတ္တံ ပမာဒမန္ဒာယ၊ ဗျဉ္ဇနော ရုဒ္ဓမာနသော။
မဉ္ဇုရသ္မိံ ဂဟေတ္ဝာန၊ သိလာယ ဥပရီဂတော။
ကာမံ ခါဒတု မံ ဗျဉ္ဇော၊ ဘက္ခော ကာယော အမိတ္တာနံ။
ပဋိလဒ္ဓေ ကမ္မဋ္ဌာနေ၊ မရဏံ ဟေတိတိ ဘဒ္ဒကန္တိ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသ အဋ္ဌကထာ-သတိပဋ္ဌာနသုတ္တဝဏ္ဏနာ-၂၃၉။

ဒီဂါထာရဲ့ အဆိုးနား အပိုဒ်ဟာ အလွန်ကောင်းတယ်။

ပဋိလဒ္ဓေ ကမ္မဋ္ဌာနေ မရဏံ ဟေဟိတိ ဘဒ္ဒကန္တိ။

ကမ္မဋ္ဌာနေ၊ ကမ္မဋ္ဌာန်းကို။ ပဋိလဒ္ဓေ၊ ရမှသာလျှင်။ မရဏံ၊ သေရခြင်းသည်။ ဘဒ္ဒကံ၊ ကောင်းမြတ်သည်။ ဟေဟိတိ၊ ဖြစ်လတံ့။

ကမ္မဋ္ဌာန်း ရပြီးတော့မှ သေရတာကောင်းတယ်။ ဒီဂါထာတခုလုံး နောက်ကအဆုံးမှာ နိဂုံးအုပ်ပြီးတော့ ထားတယ်။ ကမ္မဋ္ဌာန်း မရပဲနဲ့ သေရရင် အသမ္မောဟမရဏနဲ့ သမ္မောဟမရဏ နှစ်ပါးကြည့်လိုက်။

သမ္မောဟမရဏ ဒုက္ခ၊ အသမ္မောဟမရဏ သုခ။

တွေ့တွေ့ ဝေဝေ သေရတယ်ဆိုတာဟာ အလွန်ဆင်းရဲတယ်။ မတွေ့မဝေ သေရမှ ချမ်းသာတယ်။ သေခါနီး ဝေဒနာ နှိပ်စက်လို့ ကွေ့ဝေပြီးတော့ သေရမယ်ဆိုရင် အဲဒီလူ ဒုက္ခပဲ။ ဘယ်လောက်ပဲ ဝေဒနာတွေ နှိပ်စက်နေနေ မတွေ့မဝေ သေရမှ အလွန်ကောင်းတယ်။ အဲဒါကြောင့်မို့လို့ ဘုန်းကြီးတို့ ယောဂီများကို အားပေးတိုက်တွန်းတဲ့ အနေနဲ့ နိဂုံးမှာ ဗျဉ္ဇဘက္ခဆိုတာကို ထဲ့ပြောမယ်။

"ဗျဿဘက္ခ ဝတ္ထုတဲ့နော်"
"မှန်ပါဘုရား"

ဂရုသံတွေနဲ့ချည်း စီထားတာ။ ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မှန် ဇေဘဝန်ကျောင်းမှာ ကိန်းအောင်းမွေလျော်နေတော်မူတဲ့အခါ ရဟန်းတော် အရှင်မြတ် အပါးသုံးဆယ် ဘုရားရှင် ကိုယ်တော်မြတ်ထံ ကမ္မဋ္ဌာန်းတောင်း ပြီးတော့ မြို့လယ်ခေါင်မှာ လှည်းသံတွေက ညံတယ်။ တော်တော်ကြာ အုန်း လက်တွေက ကြွေကျတယ်။ တော့ထဲမှာဟုတ်လား။ ကိုယ်တော်အပါးသုံးဆယ် စိတ်ညစ်တာ ပြောတာပါ။ တို့ယောဂီတွေလဲ ဒီလိုပဲနေမှာ။ မနက်ဖန် သပိတ် အိုင်သွားပြီးရင် ပြန်ကြမှာ မဟုတ်ပါဘူး။

အိုးထိန်းသည်ရဲ့ အိုးဟာ ကွဲခြင်းမှာ အဆုံးသတ်သလို

အုန်းလက်တွေ ကြွေကျလို့ ရေအိုးကွဲတာကြီး ကြည့်ပြီးတော့ ဒကာမကြီး ဘယ်လိုမျှား နေလိုက်မလဲ မသိဘူး။

ယထာပိ ကုမ္ဘကာရဿ၊ ကတာ မတ္တိကဘာဇနံ။
ခုဒ္ဒကာ္ဒု မဟန္တာဒ္ဒု၊ ယံ ပတ္တံ ယဉ္စ အာမကံ။
သဗ္ဗံ ဘေဒနပရိယန္တံ၊ ဧဝံ မစ္စာန ဇီဝိတံ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-ပထမတွဲ၊ မရဏာနုဿတိကထာ-၂၂၄။

ဝိသုဒ္ဓိမဂ်ဆရာတော်ကြီး ရေးထားတယ်။

ကုမ္ဘကာရဿ၊ အိုးထိန်းသည်ရဲ့။ ကတံ ပြုလုပ်ထားသော ယံပတ္တံ ယဉ္စ အာမကံ၊ မဖုတ်ရသေးတဲ့အိုးစိမ်းဖုတ်ပြီးသားဆိုတဲ့ အိုးအကျင့်သည်။ အတ္တိ၊ ရှိပါပေ၏၊ သဗ္ဗံ၊ အလုံးစုံသော ဖုတ်ပြီးသား မဖုတ်ရသေးတဲ့ အိုးကျင့် အိုး စိမ်းသည်။ ဘေဒနပရိယန္တံ၊ ကွဲဘယ်ဆိုဘာမှာ အဆုံးသတ်တယ်။

အိုးထိန်းသည် လုပ်သမျှ အိုးဟာ အဝိနဿဝိဖြစ်ခြင်း၊ အကျိုးဖြစ်ကြောင်း၊ ကွဲခြင်းဆိုတာမှာ အဆုံးသတ်တယ်မဟုတ်လား။

"ရေအိုးကွဲတာ ဘယ်နှစ်လုံးတွေ့ရသလဲ"
"ကလုံး တွေ့ရပါတယ်ဘုရား"

ငါးရက်ထိုင်တာမှ တလုံးဘည်းတွေ့တယ်။ တဏှာဆိုတဲ့ အိုးထိန်းသည်လုပ်လိုက်တဲ့ ဟောဒီခန္ဓာဆိုတဲ့ အိုးကြီးကဲ့တာကော—

"ဘယ်နှစ်လုံး တွေ့လိုက်ရသလဲ"
"နှစ်လုံးတွေ့လိုက်ရပါတယ်ဘုရား"

ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါး၊ ခဏတိုင်း ခဏတိုင်း ဖြစ်၍ ဖြစ်၍ ခဏတိုင်း ခဏတိုင်းပျက်စီးနေတဲ့ အိုးတွေဟာ အလုံးပေါင်း မရေနိုင်ဘူး။ ဘယ်နှယ်ဗျ၊ အုန်းလက်ကလေး ကြွက်ကျတဲ့ အိုးတလုံး ကြည့်ပြီးတော့ စိတ်မချမ်းသာ ဖြစ်နေလိုက်ကြဟာ။ကိုယ့်ခန္ဓာထဲရှိတဲ့အိုးတွေ တလုံးပြီးတလုံး ကဲ့နေကာဘော့ ဘုန်းကြီးတို့ ယောဂီများက ရှုမှုမရှုပဲ။

ငါးရက်စခန်း ထိုင်လိုက်တာ။ ယောဂီရိပ်သာရှေ့ လမ်းမပေါ်မှာလဲ ကြည့်လို က်စမ်း။ နှစ်ရက်ဘာ ကာလအတွင်း အိုးကဲ့ကြီးနှစ်လုံး သယ်သွားတာ တွေ့ကြရတယ်။

"တွေ့ကြတယ်မဟုတ်လား"
"တွေ့ရပါတယ်ဘုရား"

ဘုန်းကြီးတို့ ယောဂီများအတွက် အဲဒါဟာ အုခွင့်ကောင်းပဲ။ အိုးကြီးနှစ်လုံးတော့ ကဲ့ရှာပြီ။ စွန့်ပစ်လိုက်ကြရပြီမဟုတ်လား။

အာယု ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ ဧသေတိ၊ ပရဘတ္တံ အစေတနံ။

အာယု စ၊ ရုပ်ဇဝိတ နာမ်ဇဝိတဆိုတဲ့ အာယုသည်လည်းကောင်း။ ဥသ္မာ စ၊ ဥသ္မာဒတေဇောဓာတ်ဆိုတဲ့ အပူဓာတ်သည်လည်းကောင်း။

ရုပ်ဇဝိတ နာမ်ဇဝိတကလဲ ရှင်ပြီ၊ တေဇောဓာတ်ကလဲ ရှင်ပြီ။ သွားကိုင်ကြည့်လိုက်တော့ အဲဒီ ဥစ္စာကြီးဟာ အေးစက်စက်ကြီးတဲ့။

"ဟုတ်တယ်မဟုတ်လား"
"မှန်ပါဘုရား"

ခြေဖျား လက်ဖျားလေး စမ်းကြည့်၊ အေးလာပြီ။ အေးလာပြီဆိုရင် တော်တော်လေး စိုးရိမ်ရတယ်နော်။ တေဇောဓာတ် ခန်းသွားရင် ဒီလိုပဲ

တို့ယောဂီများ ညသံ့ဘေဇော၊ အာသက်ကိုစောင့်။ သူရပ်ရင် ဒီအာသက်နဲ့ ခန္ဓာချုပ်။

ဝိညာဏံ၊ သိတတ်ဘာ၀်ဆိုတဲ့ စိတ်ဝိညာဉ်သည်လည်းကောင်း။

ရုပ်သေးစင်ပေါ်က နောက်ကနေ ကြိုးဆွဲနေကြတဲ့ ရုပ်သေးဆရာ ပါသေးလား။ ဒီရိပ်သာရှေ့ လမ်းပေါ်ကနေ ဆွဲသွားတဲ့ ခန္ဓာအိုးကဲ့ကြိုးနှစ်ခု ဘွဲ့လုံးကတော့-

"ရုပ်သေးဆရာ ပါသေးလား"
"မပါတော့ပါဘုရား"

မပါဘော့ဘူး၊ ဝိညာဉ်လို့ ခေါ်ရတဲ့ ရုပ်သေးဆရာလဲ မပါလာတော့ဘူး၊ ဘယ်နေရစ်ခဲ့မှန်း မသိတော့ဘူးနော်။ တဇော၀ါတ်ဆိုတာကလဲ မပါလာတော့ဘူး။ ပူတဲ့အခွံလေလဲ မရှိ။ ခြေချောင်းကနေ ခေါင်းထိစမ်း၊ အကုန်လုံးအေးလို့ ရေခဲဘုံးလိုဖြစ်နေတယ်။ အာယူ၊ ညသမာ၊ ဝိညာဉ်၊ ဒီတရားသုံးမျိုး ရပ်ဆိုင်းသွားတဲ့အဘွဲ့က်ကြောင့်-

ပရဘဘွံ၊ ကျိုး ခွေး လင်းတ ပိုးလောက်တို့ရဲ့ အစာဖြစ်သွက်။ အစေတနံ၊ စိတ်စေတနာ မရှိတော့ပါပဲနဲ့။ ဉာတယော၊ မသေမီခါ ချစ်လှစွာသည့် ဆွေဉာတိရင်း မိတ်ခပင်းတို့သည်။ အနပေက္ခာ၊ ထိုသူတဖန် ပြန်၍အသက် မဆက်တော့ပြီ မှန်လှသည်ဟု ရည်ရွယ်ရိုးရင်း အပြီးတိုင် ငဲ့ကွက်ခြင်း ကင်းကြကုန်သည်ဖြစ်၍။ အပဝိဒ္ဓါ၊ စွန့်လိုက်ကြလေပြီ။

"စွန့်ပစ်လိုက်ပြီမဟုတ်လား"
"မှန်ပါဘုရား"

အေး-ဘုန်းကြီးတို့ယောဂီများ သိပ်ပြီးတော့ ဘဲကျောင်းမနေကြနဲ့နော်။ စွန့်ရလိမ့်မယ်။ တခန့်ကျရင် အစွန့်ခံရလိမ့်မယ်။ ဒါကြောင့်—

ကုမ္ဘကာရသား၊ အိုးထိန်းသည်ရဲ့။ ကတံ၊ ပြုလုပ်ချိထားသော။ ယံ ပတ္တံ၊ အကြင် အိုး အကျက်သည်လည်းကောင်း။ ယဉ္စ အာမကံ၊ အကြင်အိုး အဝိမ်းသည်လည်းကောင်း။အဘ္ဘံ၊ ရှိပါပေ၏၊ တေံ သဗ္ဗံ၊ ထိုအလုံးစုံသော အိုးဝိမ်းအိုးကျက်ဆိုတဲ့ အိုးတိန်းသည်လုပ်သမျှ အိုးအလုံးစုံသည်။ ဘေဒနပရိယန္တံ၊ ကွဲခြင်းဆိုတာမှာ အဆုံးသတ်တယ်လို့ မှတ်ပါ။

မစ္စာနံ၊ သတ္တဝါတို့ရဲ့။ ဇီဝိတံ၊ အသက်ကိုလဲပဲ။ ဧဝံ၊ ဤအတူ။ ဘေဒနပရိယန္တံ၊ ပျက်စီးခြင်းမှာသာလျှင် အဆုံးသတ်ပါတယ်လို့။ ဒဋ္ဌဗ္ဗာ၊ **ကောင်း**စွာမသွေ ရှုမှတ်ကြပေကုန်ရာသတည်း။

"သာဓု-သာဓု-သာဓု-ပါဘုရား"

ဘုန်းကြီးတို့ယောဂီများ ရေအိုးကြီးနဲ့ အုန်းလက်နဲ့ တိုက်ခဲ့လို့ ကဲ့တာကို မြင်တွေ့ရသလို ရေအိုးနဲ့ ပမာတူတဲ့ ဒီခန္ဓာ။ အုန်းလက်နဲ့တူတဲ့ ဖောဋ္ဌဗ္ဗ အတွေ့အထိကြောင့် ပျက်ကဲ့ပုံကိုလဲ မြင်အောင် ကြည့်အုံးနော်။ ဗဟိဒ္ဓ တရားတို့ရဲ့ ပျက်စီးပုံကိုကြည့်၊ အဇ္ဈတ္တခန္ဓာရဲ့ ပျက်စီးပုံကိုလဲ ဉာဏ်ရောက်အောင်ပဲ။ ကိုင်း-ဒီတော့-

"ရဟန်းတော် ဘယ်နှစ်ပါး တောထဲသွားလဲ"
"အပါးသုံးဆယ်ပါဘုရား"

ကိုယ်တော်လေး အိပ်ငိုက်မိလို့ ကျားကိုက်ခံရတယ်

ရဟန်းတော် အပါးသုံးဆယ်မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတောင်းပြီး တောထဲ သွားကြမယ်၊ မြို့က တယ်ဆူတာပဲကွာ။ တရားအားထုတ်ရတာ ဟန်မကျဘူး။ တို့တော သွားကြစို့ ဆိုပြီး တောထဲသွားကြတယ်။ တောထဲ ရောက်တဲ့အခါကျတော့ ကိုယ်တော် အရှင်မြတ် အပါးသုံးဆယ် တိုင်ပင်ကြတယ်။ "တပည့်တော်တို့ ဘုရား သာသနာ နေရတာ နှစ်ပေါင်း ၎ခြောက်ဆယ်၊ ခုနှစ်ဆယ်၊ ရှစ်ဆယ်၊ ကိုးဆယ်ဆိုတာ ဘာမှ မကြာကြဘူး-ဘုရား။ တရားရမှ တည့်တော်တို့ မျက်နှာလှမယ်၊ တရားမရရင် မျက်နှာ မလှဘူး။ ဘုရားကို မျက်နှာပန်းလှလှ ပြန်ပြီ တော့ ပြဖို့ရန်အတွက် တပည့်တော်များ အပြင်းအထန် အားထုတ်ကြစို့၊ အနားကြောင်းမဲ့စားဘး မပြေးကြစတမ်း။"

တောထဲမှာ ကိုယ်တော် အပါးသုံးဆယ်ဟာ သစ်တပင် တပင် တပါး တပါး၊ လိုဏ်ဂူ တခု တခု တပါး တပါး၊ အပါးသုံးဆယ် နေရာသုံးဆယ် ခဲ့ပြီးတော့ အသီးသီး နေရာယူ အားတုတ်လိုက်ကြတာ တောကြီးက အလွန်ထူထပ်တယ်၊ တောက သိပ်ပြီးတော့ နက်တယ်။ ပြီးတော့လဲပဲ ညအချိန်များ ဆိုလို့ရှိရင် တပါးက ဒီဘက်ကနေ အားထုတ်နေတယ်။ ဟိုဘက်မှာလဲ ကိုယ်တော်တပါး အားထုတ်နေတာ တွေ့ရှိရင် ဒီဘက်က ကိုယ်တော်က အဟမ်း

အဟမ်းလို့ အကြောင်းမဲ့ ချောင်းသံ မပေးရဘူး။ ဘာပြုလို့လဲ ဆိုတော့ ဟိုဘက် တရား အားထုတ်နေတဲ့ ကိုယ်တော် သမာဓိပျက်မှာ စိုးလို့တဲ့။ ဇေတဝန်ကနေ တောထဲသွားတဲ့ ကိုယ်တော်အပါးသုံးဆယ်က အဲဒီလိုနော်။

တို့ယောဂီများလဲ ဒီအတိုင်းပါပဲ။ တောထဲရောက်တော့ ချောင်းသံမပေးကြဘူးတဲ့ ကိုယ်တော်အပါးသုံးဆယ် အဲဒီလို အားထုတ်ယင်း အားထုတ်ယင်းနဲ့ တချိန်မှာ ဘာဖြစ်လာတုံးဆိုတော့ အစွန်အဖျားကျတဲ့ နေရာက ကိုယ်တော်လေး တဖြေးဖြေးနဲ့—

တိ၊သ၊မ၊တို့ သမ္ဘာမမ်ု ကရောန္တော့။

ညဉ့်သုံးယံဘို့ ကာလပတ်လုံး ရဟန်းတရားအားထုတ်နေစဉ်—

ပစ္ဆိုသကာလေ၊ လင်းအားကြီးပိုင်းကျတော့။ ပစလာယန္တိဘာနံ၊ တဖြေးမြေးနဲ့ ငိုက်မျဉ်းလာကြကုန်သော ရဟန်းတော်တို့ဘဉ်။ ဧကောဒါဝသော၊ တနေ့တနေ့မှာ တပါ၊စီတပါးစီသော ကိုယ်တော်ကို။

တနေ့ ကိုယ်တော်တပါး၊ တနေ့ ကိုယ်တော်တပါးကို ကျားတကောင်က လာပြီးတော့ ချီချီသွားတယ်။

"ဘာဖြစ်လို့ ကျားချီတာလဲ"
"ငိုက်လို့ပါဘုရား"

ဩဿ- ဒီရိပ်သာထဲ ကိုယ်က ကျားလွှတ်မထားမိတာ နာလိုက်တာ။ ဟုတ်လား တကယ်ပဲ။ ကိုယ်က ကျားတကောင်လွှတ်ထားချင်တာ။ အဲဒီလို ဆိုရင်ဘော့ စခန်းမသိမ်းခင် ယောဂီတွေ ကုန်လိမ့်မယ်ထင်ပါရဲ့။ အဲဒီလိုဆိုရင်တော့ ကုန်လိမ့်မယ်နော်။

ငိုက်တဲ့ ကိုယ်တော်တွေ လင်းအားကြီးကျတော့ ကျားချီသွားကဘ။ တနေ့တပါး၊တနေ့တပါးချီနေတယ်။တောကျောင်းနေ မထေရ်တွေဟာဘယ်လောက်များ ချမ်းသာတုံးဆိုရင် မနက်ဆွမ်းခံသွားကြတော့လဲ ကိုယ်တော်သုံးဆယ် စီဘန်းပြီးတော့ သွားကြတာမဟုတ်ဘူး။ ကိုယ့်အလုပ်ကိစ္စပြီးရင် ကိုယ်သဘောကျတဲ့အချိန် ကိုယ့်ဟာကိုယ် ဆွမ်းခံထွက်၊ပြန်လာတဲ့ အခါမှာလဲ ကိုယ့်ဆွမ်း ကိုယ့်ဟာကိုယ် သစ်ပင်ရင်းမှာ တပါးတည်း ဘုဉ်းပေးတယ်။

ဒီလိုလာနေကြတာ။ဘယ်သူ့ကို ဘယ်သူကမှ မငဲ့ကွက်ကြဘူး။မငြိတွယ်ကြပဲနဲ့ နေလာကြတာ။ ဒီတော့ ဆုမ်းခံသွားလဲပဲ စုဝေးပြီးတော့ သွားတာမဟုတ်။ တပါးစီ တပါးစီ သွားကြတာဆိုတော့ ကိုယ်တော် ဘယ်နှစ်ပါးလျှော့တယ်၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ် မသိကြဘူး။ လပြည့်လကွယ် သိမ်ထဲစုပြီးတော့ ဥပုသ်ပြုမယ်လို့ ကိုယ်တော်တွေ စုလိုက်ရော၊ ကိုယ်တော် ဆယ့်ငါးပါးပဲ ကျန်တော့တယ်။

"ဆယ့်ငါးပါး ဘယ်ရောက်သွားလဲ"
"ကျားခဲ့သွားပါတယ်ဘုရား"
"ဘာဖြစ်လို့ ကျားခဲ့သွားရတာလဲ"
"အိပ်ဝိုက်လို့ပါဘုရား"

ဝိုက်တဲ့ကိုယ်တော်တွေ ကျားကိုက်တယ်နော်။ မှတ်ထား တို့ယောဂီများ။ ဦးကျင့်ရင် ကျားကိုက်လိမ့်မယ်။ ဘာကျားလဲဆိုတော့ တို့ယောဂီများကို ကိလေသာကျား ကိုက်မှာပါ။ ဘာကိလေသာလဲဆိုတော့ ထိနမိဒ္ဓ ကိလေသာ။ တောထဲက ကိုယ်တော်တွေကတော့ တကယ်ကျားအစစ်ကိုက်တာ။ ရိပ်သာထဲက ယောဂီတွေ ဦးကျင့်ရင်တော့ ကိလေသာကျား ကိုက်တာ။ထိနမိဒ္ဓ ကိလေသာကျား ချက်ချင်းကိုက်လိုက်တာ အသွေးတွေ အသားတွေကုန်ရော။

"ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"

သတိ၊ ပညာဆိုတဲ့ အသွေးအသားတွေ ကုန်ရော ကိုက်လိုက်တာ။

"ဦးကျင့်နော်"
"မှန်ပါဘုရား"

ဒါကြောင့်-မဦးကြနဲ့။ ဦးကျင့်ကျားကိုက်မယ်။ အေး-တောထဲမှာ ဆယ့်ငါးပါးသာ ကျန်တော့တယ်။ သိမ်ထဲမှာ စုဝေးညီညာ ထိုင်ကြတော့ မထေရ်ကြီးက အရှင်ဘုရားတို့၊ တပည့်တော်များ တောထဲလာတုံးက အပါးသုံးဆယ်။ အခု ဆယ့်ငါးပါးပဲ ကျန်တော့တယ်။ ဆယ့်ငါးပါး ဘယ်သွားပါသလဲ။

ဂဟိဧတန ၎ဟိတောတဲ့။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသအဋ္ဌကထာ- သတိပဋ္ဌာန သုတ္တဝဏ္ဏနာ-၂၃၈။

ဖမ်းတတ်တဲ့ သတ္တဝါတကောင် ဖမ်းသွားတာ နေမှာပေါ့တဲ့။ ကိုယ်တော် တွေက မှန်းပြောကြတယ်။ဟာ-စုံစမ်းဟဲ့ ဆိုတော့မှ အဲဒီမှာ ညစဉ်ညစဉ် သူတို့ တောကျောင်းထဲ ကျားလာတာ သိတယ်။ ဒီတော့ ကတိကဝတ်ထား။ အရှင် ဘုရားတို့၊ ဒီကနေ့ညက စပြီးတော့ အသက်အန္တရာယ်နဲ့ ကြုံရင် ကျားဆိုတဲ့ အသက်အန္တရာယ်နဲ့ကြုံရင် အသံပေးပါဘုရား။ အသက်အန္တရာယ်နဲ့ ကြုံနေတာ တောင်မှ အသံမပေးပဲနဲ့ ကြိတ်ပြီးတော့ မနေပါနဲ့။

ကြည့်ညိုစရာသိပ်ကောင်းတာပဲနော်။ အဲဒီလို ကတိကဝတ်ထား၊ တရား အားထုတ်၊ ညကျတော့ စားနေကျ ကျားလာတယ်။ လာပြီးတော့ အငယ် ဆုံး ကိုယ်တော်လေး ကျားက လာချီကော့တာပဲ။ ကျားကလာပြီးဆွဲလဲဆွဲရော အဲဒီ အငယ်ဆုံး ကိုယ်တော်လေးက ဗျဂ္ဃါ ဘန္တေလို့ အော်လိုက်တယ်။

အာမေဋိတ်နဲ့ဆိုရင်တော့ ဗျဂ္ဃါ—ဗျဂ္ဃါ—ဘန္တေ-ဘန္တေ-လို့ဖြစ်မှာပေါ့။ အဲဒါ—ဘုန်းကြီးတို့ ယောဂီများ ဇာတ်ထဲက အော်သလို အော်လိုက်ရရင်တော့ ဒီလူတွေ အကုန်ပြေးမလားမသိဘူး။ ဟုတ်လား။

ဗျဂ္ဃါ ဘန္တေ။

ဘန္တေ၊ အရှင်ဘုရားတို့။ ဗျဂ္ဃါ၊ ကျားပါဘုရား။

ဒီလိုလဲ အော်လိုက်ရော၊ ဟို-တခြားကိုယ်တော်တွေ ကြားရတော့ မီးတုတ် တွေ ဆဲတဲ့ကိုယ်တော်ကဆဲ၊ တောင်းဝှေးဆဲတဲ့ကိုယ်တော်ဓားတကဆဲ၊ တုတ်တွေ တောင်ဝှေးတွေနဲ့ ဟိုက်ရိုက် ဒီရိုက် ခြောက်လှန့်သံပေးယင်း ပိုင်းအုံရောက်လာ ကြတယ်။ ကျားက ကိုယ်တော်လေးကို အဝင်းကိုက်ချီပြီးတော့ သွားတာ ပါသွားရော။

ဘယ်လိုခြောက်ခြောက် မရဘူး။ ကိုယ်တော်လေး ကျားနောက် ပါသွား တယ်။ ကိုယ်တော်တွေ နောက်ကလိုက်ကြတယ်။ ကိုယ်တော်ဓတ္တ တရားအား ထုတ်နေကြတာက ဒီဘက်တောင်ကြီးပေါ်မှာ။ အဲဒီတောင်ကြီ ပေါ်ကနေ ဟိုဘက်ကို ဖြေးဖြေး ဖြေးဖြေး ဆင်းသွားလို့ရှိရင် အောက်နားမှာ ချောင်း ကြီးတခုနဲ့ချောက်ကြီးတခုရှိတယ်။

ကျားက အဲဒီချောင်းကြီးကို ဖြတ်ပြီးတော့ ဟိုဘက် တောင်ကမ်းပါးယံ ပေါ် ကခါတည်း တက်သွားတဲ့အခါ ညှဉ်ကြီးသန်းခေါင် ဒီဘက်က ကိုယ်

တော်ဆယ့်လေးပါး မလိုက်နိုင်ကြတော့ဘူး။ ဒီဘက်ချောင်းကမ်းပါးက ကျန်နေရစ်ကြတယ်။

"ကျားပါဘုရား၊ကျားကိုက်လို့ပါ" လို့ကျားကိုက်သွားတဲ့ ကိုယ်တော်လေးက အော်ပြီးတော့ ဟိုဘက်ကနေ အသံပေး၊ ကျားက အဲဒီ ကိုယ်တော်လေးကို ကျောက်ဖျာကြီးတခုပေါ် စင်းနေအောင် ချထားလိုက်တယ်။ ကိုယ်တော်လေးလဲ မလှုပ်နိုင်တော့ဘူး။ အဲဒီအချိန် ဒီဘက်ကမ်း ကျန်ရစ်နေခဲ့ကြတဲ့ ကိုယ်တော်တွေက ဘာလုပ်ပြောလိုက်သလဲဆိုတော့—

ကဒါနိ သပ္ပုရိသ အမှေဟိ ကတ္တာဗ္ဗံ နတ္ထိ။

မဇ္ဈိမနိကာယ်-မူလပဏ္ဏာသအဋ္ဌကထာ-သတိပဋ္ဌာနသုတ္တဝဏ္ဏနာ-၂၃၉၊

သပ္ပုရိသ၊ အို- အချင်းသူတော်ကောင်း ယောကျ်ား။ ကဒါနိ၊ ယခု အခါ၌။ အမှေဟိ၊ ငါတို့သည်။ ကတ္တာဗ္ဗံ၊ ပြုဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။

ယခုအခါ ငါတို့ပြုနိုင်တဲ့ ကိစ္စမရှိတော့ဘူး။ ငါတို့ကူညီနိုင်တဲ့ ကိစ္စမရှိတော့ဘူး။

ဝေရူပေ ဌာနေ၊ ဤသို့သဘောရှိသော အရာဌာန၌။ ဘိက္ခူနံ၊ ရဟန်းတော်တို့ရဲ့။ ဝိသေသော နာမ၊ စွမ်းရည်သတ္တိ အထူးဆိုတာကို။ ဇာနိတဗ္ဗော၊ သိရမှာပါ။

အဲဒီလို အရေးကြုံတဲ့အခါ အာဇာနည်ကိုယ်တော်တွေရဲ့ စွမ်းရည်ဆိုတာ ပြဘို့လိုပါပြီဘုရား လို့—ဒီဘက်ကနေ အားပေးကြတယ်။ ဒီတော့ ကျောက်ဖျာပေါ်က ကိုယ်တော်လေး ကလျာဏမိတ္တ-မိတ်ကောင်း ဆွေကောင်းတို့ရဲ့ အားပေးမှုရပြီလဲဆိုရော သတိကလေး ဝင်လာတယ်။

ကျောက်ဖျာပေါ် စင်းပြီးတော့နေတဲ့ ကိုယ်တော်လေးကို ကျားက စားမယ် ကြံတော့ ခြေရင်းက စစားတယ်။ ခေါင်းကစပြီး မစားဘူး။ ကိုယ်တော်လေးက မသေသေးတော့ မျက်တောင်လေးတော့ ခတ်သေးတယ်။ လူ့မျက်လုံးကို ကျားဟာ စိမ့်စိမ့်မကြည့်ရဲဘူးတဲ့။ ဘုန်းကြီးတို့ယောဂီများ မှတ်ထား။ ကျားများတွေ့လို့ ကျားကိုက်မယ်ဆိုလို့ရှိရင် မျက်လုံးသာ ပြူးပြလိုက်ကြ ဟုတ်လား။ အဲဒါ ကျားမလာရဲပဲ ပြေးရော။

အဲဒါကြောင့် ကျားဟာ မကိုက်ရဲလို့ ခေါင်းကစပြီးတော့ မစားရဲဘူး။ ခြေဖျားက စပြီးတော့စားမလို့ ခြေရင်းကနေ ဝေ့ပြီးတော့ခြောင်းကယ်။ဖြေး ဖြေးဖြေးနဲ့ ကျားဟာ ခြေဖျားကစပြီးတော့ ကိုက်လာတယ်၊ ဝါးလာတယ်။ မျိုလာတယ်။ ကျားစားခံရတဲ့ ကိုယ်တော်လေးကလဲ ဘာလုပ်သလဲဆိုတော့-

ကိုယ်တော်လေး မူလကမ္မဋ္ဌာန်းကို ပြန်ထိုင်ခြင်း

အထဲခေါ်ထိုက်သို့ ကျားကိုက်ခံရပြီဆိုတဲ့အချိန်၌။ သေ နဝကော ဘိက္ခု၊ ထိုသီတင်းငယ်ဖြစ်တဲ့ ကိုယ်တော်လေးသည်။ ဝေဒနံ၊ ကျားကိုက်ခံရတယ် ဆိုတဲ့ အဲဒီဒုက္ခဝေဒနာကြီးကို။ ဝိက္ခမ္ဘေတ္ဝာ၊ အာရုံမပြုသောအားဖြင့် ပယ်ခွါထား၍။ အတ္တနော၊ မိမိရဲ့၊ မူလကမ္မဋ္ဌာနံ၊ မူလကမ္မဋ္ဌာန်းကို။ ဝဓေုန္တော၊ ပွားများကြိုးကုတ် ကျင့်ကြံအားထုတ်သည်ရှိသော်။

ဝေဒနာ နှလုံးမသွင်းဘူး၊ မူလကမ္မဋ္ဌာန်းကို စွဲအာဝင် ကိုင်ထားတယ်။ ဝေဒနာခွါတာနဲ့ ပက်သက်လို့ တိသဝတ္ထု မနေ့က အကျယ်ရှင်းပြီးပြီ။ ကျား ကိုက်တဲ့ဒဏ်ရာ နှလုံးမသွင်းပဲနဲ့ မူလကမ္မဋ္ဌာန်းပြန်ထိုင်။ အပြင်းအထန် ကြိတ် ပြီးတော့ အဓိဝါသနဝီရိယနဲ့ အားထုတ်လိုက်တာ—

ယာဝ ဂေါပ္ဖကာ ခါဒိတာသမယော။

မူလပဏ္ဏာသ အဋ္ဌကထာ သတိပဋ္ဌာနသုတ္တဝဏ္ဏနာ ၂၃၉။

ယာဝဂေါပ္ဖကာ၊ ခြေဖမျက်နှစ်ခုတို့ ကုန်သည့်တိုင်အောင်။ ခါဒိတာသမယော၊ ကျားခဲပြီးသော အခါန်ကာလ၌။

ခြေဝါးနှစ်ခု ကျားကိုက်လို့ ပြီးသွားပြီ။ ခြေချင်းဝတ် ရောက်သွားပြီနော်။ ကျားစားတာ ခြေဝါးတွေကုန်ပြီ။ အဲဒီအချိန်လဲ ကျရော—

သော၊ ထိုကိုယ်တော်လေးသည်။ သေဟာပဘိဖလော၊ သေတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်၌။ ပတိဋ္ဌဟိ၊ ကောင်းစွာမသွေ ကည်တော်မူခဲ့ပါပေတော့သတည်း။

“သာဓု-သာဓု-သာဓု-ပါဘုရား”

ကိုယ်တော်လေး ခြေချင်းဝတ်ရောက်အောင် ကျားစားပြီးပြီ။ ခြေနှစ်ဘက် ခြေကျင်းဝတ်အထိ ပြတ်သွားပြီ။

"သောတာပတ္တိမဂ်ဉာဏ်ရောက်တယ် မဟုတ်လား"
"ရောက်ပါတယ်ဘုရား"

ခြေချင်းဝတ်နှစ်ဖက် ပြုတ်တာနဲ့အမျှ ဒီဂို၊ ဝိစိကိစ္ဆာ၊သီလဗ္ဗတပရာမာသတွေလဲ ပြတ်ထွက်သွားတယ်။

"ဘုန်းကြီးတို့ ယောဂီများ ခြေချင်းဝတ် ပြတ်ပြီလား"
"မပြတ်သေးပါဘုရား"
"ဒိဋ္ဌိဝိစိကိစ္ဆာတွေကော"
"သိပ်မကွာလိုက်ဘူးနော်"

ယာဝ ဇဏ္ဏုကာ ခါဒိတာသမယော။

ယာဝဇဏ္ဏုကာ၊ ဒုးနှစ်ဖက်သို့တိုင်အောင်။ ခါဒိတာသမယော၊ ခဲစားသောအချိန်ကာလ၌။ သော၊ ထိုကိုယ်တော်လေးသည်။ သကဒါဂါမိ၊ သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်၌။ ပတိဋ္ဌဟိ၊ ကောင်းစွာမသွေ တည်တော်မူခဲ့ပါပေတော့သတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

ဒုးနှစ်ဖက်စားပြီးသွားတဲ့ ကိုယ်တော်လေး သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်တယ်။ ဘာနဲ့ ရောက်သလဲဆိုရင် မူလကမ္မဋ္ဌာန်းနဲ့ ရောက်တာ။

ယာဝနာဘိယာ ခါဒိတာသမယော။

ယာဝနာဘိယာ၊ ချက်တိုင်အောင်။ ခါဒိတာသမယော၊ ခဲစားပြီးသောအချိန်အခါကာလ၌။ သော၊ ထိုကိုယ်တော်လေးသည်။ အနာဂါမိ၊ အနာဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်၌။ ပတိဋ္ဌဟိ၊ ကောင်းစွာမသွေ တည်တော်မူခဲ့ပါပေသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

"ချက်ဘိုင်းအောင် ရောက်သွားတော့ ခန္ဓာကိုယ် တပိုင်းကြီးကုန်ပြီ မှတ်လား"

"မှန်ပါဘုရား"

ခန္ဓာကိုယ် တပိုင်းလဲကုန်ရော အနာဂါမ်၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသတွေက ခြေမျက်စိထောက်အောင် ကျားစားတဲ့ အခြိန်တုန်းက ကုန်တယ်။ သကဒါဂါမ်မှာ သီးခြားပယ်ဝဲ့ ကိလေသာမရှိဘူး။ အနာဂါမိမဂ်ဖိုလ်ဆောက်တဲ့အခါကျတော့ ဟောဒီ ချက်ထိုးအောင် ကျားက စားနေပြီ။ အဲဒီအခြိန်ကျတော့ ကာမ ရာဂ ဗျာပါဒ သံယောဇဉ်တွေ ကုန်သွားတယ်နော်။ ခန္ဓာကိုယ်ကပိုင်းလဲ ကုန်ရော သံဓယာဇဉ်က ငါးပါးကျသွားတယ်။

"ဒီလိုမဟုတ်လား"

"မှန်ပါဘုရား"

ကိုယ်ဘပိုင်းကုန်တော့ သံယောဇဉ်ဆယ်ပါးရှိတဲ့ အထဲက တဝက်ကုန်သွားရော။

"ဘုန်းကြီးတို့ ယောဂီများကတော့ တကိုယ်လုံးပဲ ရှိသေးတယ်မဟုတ်လား"

"မှန်ပါဘုရား"

လူလဲ တကိုယ်လုံး ရှိသေးတယ်။ ကိလေသာလဲပဲ၊ အဲ-ကိလေသာလဲပဲ ကုန်မှာပါပဲ ဟုတ်လား။

ကိုယ်ဇတော်လေး ရဟန္တာအဖြစ်နဲ့ ပရိဝိဇ္ဇာန်ဝင်စံခြင်း

ဟဒယရူပေ အခါဒိတေယော။

ဟဒယရူပေ၊ နှလုံးသားတိုင်အောင်။ အခါဒိဒေယော၊ ကျားမခဲသေးမီ ပင်လျှင်။ သော၊ ထိုကိုယ်တော်ကလေးသည်။ ဝိပဿနံ. ဝိပဿနာဘာဝနာကို၊ ဝဇေ့ခွန်ဒွာပဉ်းမျိုးကြိုးကုတ် ကုံကြုံအားထုတ်တော်မူခဲ့သည့်ဖြစ်သော်။ သဟ ပင်္ဂီသဗ္ဗိဒါပိ၊ ပဋိသမ္ဘိဒါအပြား ကြွေးငါးပါးတို့နှင့်တကွ၊ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တော၊ ဆိုက်ရောက်တော်မူခဲ့၍။ ဤမံ ဥဒါနံ၊ ရွတ်ဆိုလတံ့ ဖြစ်ဘဲ့

ဤဥဒါန်းဂါထာကို။ ဥဒါနေသိ၊ ကောင်းစွာမသွေ ကျူးရင့်တော်မူခဲ့ရာ လေသတည်း။

"သာဓု-သာဓု-သာဓု ပါဘုရား"

နှလုံးသား ကျားမစားသေးခင် ဆက်ပြီးတော့ အားထုတ်လိုက်တာ အရဟာတ္တဖိုလ်ပေါက်လို့ ရဟန္တာဖြစ်ဘယ်။နှလုံးသား စားပြီးမှဆိုရင်ဘော့ မရတော့ဘူ ။ စိတ် ဧစတသိက်တွေက နှလုံးသား မှိဘာ။

"နှလုံးအိမ် မစားသေးခင် အပြင်းအထန်လုပ်ဖို့ မလိုဘူးလား"
"လိုပါတယ်ဘုရား"

ဒီကိုယ်ကော်ရဲ့ဇဲ့ အံ့သြစရာကောင်းတာ။ နှလုံးသားလေးကို ကျားပစပ် ရောက်နေပြီ။ ကျားပစပ်က နှလုံးအိမ်ကို မစားသေးခင် ဟဒယဝတ္ထု မစား သေးခင်ကလေးကို အကြိတ်အနယ် အလုပ်လုပ်ယူရတာ။ နဲ့ဘဲလုံလ ဝိရိယ မဟုတ်ဘူး။

တိသမထေရ်ကြီးတို့လဲ ကြည်ညိုစရာကောင်းပါရဲ့။ နောက်ပြီးတော့ နှံကြား လှံစူးတဲ့ ပီတမလ္လမထေရ်ကြီးတို့လဲ ကြည်ညိုစရာကောင်းပါရဲ့။ အဲဒီကိုယ်ဟော် တွေ့ ကြည်ညိုစရာကောင်းလာတယ်။ ဟောဒီ ကျားစားခံရတဲ့ ကိုယ်ကော်ရဲ့ ဇဲ့လုံလ ဝီရိယဟာ ဘယ်လောက်များ ကြက်သီးဖြန်းဖြန်း ထစရာကောင်း အောင် ကြည်ညိုစရာ ကောင်းလိုက်သလဲလို့ နှလုံးသားလေးနား ကျားပါးစပ် အပ်နေတယ်။ အဲဒီအချိန်လေးကို အားထုတ်ယူရတာ။

ဒါ့ကြောင့်-ဘုန်းကြီးတို့ယောဂီများ အဲဒီလို အကြပ်အတည်းနဲ့ တွေ့လာ လေလေ အကြိတ်အနယ် အလုပ်လုပ်ဖို့ လိုလေပဲဆိုတာကို သဒ္ဓါတရား ကြီးစား မွေး။ ကိုယ်တော်လေးကတော့ နှလုံးသား စားခါနီး အရဟာတ္တဖိုလ် ပေါက် တယ်။ ပေါက်ပြီးတော့ ဝမ်းမြောက်ကြည်နူးလို့ အဲဒီမှာဥဒါန်းတွေ ဆိုလိုက် တယ်။ ဥဒါန်းတွေ ကျူးရင့်သွားတာကို ဟိုဘက် တောင်စောင်းက မီးတုတ် ဇတ္ထ တောင်ဝှေးတွေ ကိုင်စောင့်နေတဲ့ ကိုယ်တော်တွေကြားတယ်။

သီလဝါ ဝတသမ္ပန္နော၊ ပညဝါ သုသမာဟိတော။
မုဟုတ္တံ ပမာဒမန္ဒဿယ၊ ဗျဉ္ဇနေ့နောရုဒ္ဓမာနသော။

မူလပဏ္ဏာသ အဋ္ဌကထာ-သတိပဋ္ဌာနသုတ္တဝဏ္ဏနာ-၂၃၉။

အာဝုံသော၊ ငါ့ရှင်ဘုရား ရဟန်းများတို့။ အဟံ၊ ဘုရားတပည့်တော် သည်။ သီလဝါ၊ သီလနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ပါဘုရား။ ဝတသမ္မန္နာ၊ မှတင် အကျင့်နဲ့လဲ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ပါဘုရား။ သုသမာဟိတော၊ ကောင်းစွာ ကိုယ့်စိတ်ကို ကိုယ်လိုတဲ့နေရာ ထားနိုင်တဲ့ ပုဂ္ဂိုလ်လဲ ဖြစ်ပါတော့သည်ဘုရား။

"ငငင

အေး-ဘုန်းကြီးတို့ယောဂိမျှားတော့ ငိုမျှား ငိုကြမလား မသိဘူး။ ငိုက်မိလို့ ထိန မိဒ္ဓ ကျားကိုက်ပြီ။

လူ့ခန္ဓာကိုယ်ဆိုတာ သတ္တဝါတွေရဲ့ အစားအစာ

ကာမံ ခါဒတု မံ ဗျဂ္ဃော၊ ဘက္ခော ကာယော အမိတ္တာနံ။
ပဋိလဒ္ဓေ ကမ္မဋ္ဌာနေ၊ မရဏံ ဟေဟိတိ ဘဒ္ဒကန္တိ။

မူလပဏ္ဏာသအဋ္ဌကထာ-သတိပဋ္ဌာနသုတ္တဝဏ္ဏနာ-၂၃၉။

အာစရိယော၊ ငါ့ရှင်ဘုရား ရဟန်းမျှားတို့။ ဗျဂ္ဃော၊ ကျားသည်။ ကာမံ ခါဒတု၊ စားလိုက စားပစေတော့။

ဒီခန္ဓာ ကျားစားချင်လဲ စားပစေတော့။

အယံ ကာယော၊ ဟောဒီ ကျားကိုက်နေတဲ့ ဘုရားတပည့်တော်ရဲ့ ခန္ဓာကိုယ်ကြီးသည်။ အမိတ္တာနံ၊ ယခုလို ကျား အစရှိတဲ့ သတ္တဝါ ရန်သူအမျှားတို့ရဲ့။ ဘက္ခော၊ အစာကြီးပါ ဘုရား။

တပည့်တော်တို့လို ဟောဒီ လူ့ခန္ဓာဆိုတာ ကျား အစရှိတဲ့ သတ္တဝါတွေရဲ့ အစာဖြစ်ပါတယ်။ ကြက်တွေ၊ ဘဲတွေ၊ ဝက်တွေဟာ လူ့အစာဖြစ်သလို လူ့ခန္ဓာကိုယ်လဲပဲ ဒီလို တိရစ္ဆာန်တွေရဲ့ အစာဖြစ်မယ်။ အတိတ် သံသရာတလျှောက်လုံး ကျားစားခံရတဲ့ ဘဝပေါင်း၊ မြွေကိုက်လို့ သေခဲ့ရတဲ့ ဘဝပေါင်း၊ ခြင်္သေ့စားလို့ သေခဲ့ရတဲ့ဘဝပေါင်း၊ ကြက်ဖြစ်ပြီးတော့ အသတ်ခံရတဲ့ဘဝပေါင်း၊ ဝက်ဖြစ်ပြီးတော့ အသတ်ခံရတဲ့ ဘဝပေါင်း၊ နွားဖြစ်ပြီးတော့ အသတ်ခံခဲ့ရတဲ့ ဘဝပေါင်း မရေနိုင်အောင် များခဲ့ပြီ။ သံသရာတလျှောက်လုံး ကိုယ်က စားလာခဲ့တဲ့ သတ္တဝါတွေလဲ များလှပြီ။ ယခုဘဝ ကိုယ့်ပြန် စားပဲ့ ဘာအရေးကြီးသလဲ။

အယံ ကာယော၊ ဟောဒီ တပည့်တော်ဘို့ရဲ့ ခန္ဓာကိုယ်ကြီးသည်။အမိတ္တာနံ၊ ကျား ကျားသစ်၊ ခြင်္သေ့ အစရှိတဲ့ ရန်သူတို့ရဲ့။ (ဝါ) အမိတ္တာနံ၊ ပိုးမွှားတိရစ္ဆာန်ပေါင်းစုံတို့ရဲ့ ပိုးလောက်တို့ရဲ့။ ဘက္ခော၊ အစာသည်။ ဟောတိ၊ ဖြစ်ပါတော့သည် ဘုရား။

ဒီလို သတ္တဝါတွေရဲ့ အစာမို့လို့ စားချင် စားပါစေ၊ စားတာ သူ စိတ်မညစ်ခဘူး။

"ဒေါမနဿဖြစ်သေးသလား"
"မဖြစ်တော့ပါဘုရား"

ဘုန်းကြီးတို့ ပြည်မြို့က နိဗ္ဗိန္ဒတောရ ဆရာတော်ကြီး ယခုမရှိတော့ဘူး။ နိဗ္ဗိန္ဒတောရ ဆရာတော်ကြီးထံ ဘုန်းကြီး သဲကုန်းပြန်တိုင်း ပြန်တိုင်း ရောက်တာ များတယ်။ ဆရာတော်ကြီးထံ သွားရောက်ပူးမြော်ကန်တော့တယ်။ ဆရာ တော်ကြီးက ကုလားတိုင်ပေါ်မှာ ခြေထောက်ကလေးနှစ်ဘက် တွဲလောင်းချ ပြီးတော့ ထိုင်နေတယ်။ ဆရာတော်ကြီးရဲ့ ခြေဖမိုးနှစ်ဖက်ဟာ မိုပြီးတော့ ယောင်နေတယ်။ အဲဒီ ယောင်မိုနေတဲ့ ခြေဖမိုးနှစ်ဖက်ကို ခြင်တွေ ကိုက်နေ လိုက်တာ သီးလို့ မဲနေတာပဲ။

ကိုယ်က မွှေနှောက် ထိုင်ဖူးမြော်ကန်တော့ယင်းနဲ့ မြင်မကောင်းကာနဲ့ ယပ်တောင်လေးနဲ့ ခတ်တော့ ဆရာတော်ကြီးက "မယပ်နဲ့-မယပ်နဲ့" ဆိုပြီး လက်ဝါးကာထားတယ်။ မယပ်နဲ့ကွာ မ'ယပ်နဲ့၊ မယပ်နဲ့။ ဘုရားတော် ဘာဖြစ် လို့ပါလဲဘုရား၊ ဟာ့ ကိုက ခြင်စားဘို့ ဖြစ်လာတဲ့ အစာတော့၊ သူ့ကိုခမျာ စားချင်လို့လာတဲ့ ဥစ္စာ၊ဒီက အဟင်းယပ်ပစ်တော့ မာဂးရပဲနဲ့ ပြန်သွားရတာ စဉ်းစားကြည့်စမ်း။ စားချင်လို့ လာတဲ့ သတ္တဝါတွေ အစာကျွေးမှ ဖြစ်မှာ၊ စားပစေ၊ သူ့အစာသူစားတာ မင်းမမောင်းပါနဲ့ကွာ-တဲ့။ ဒီအတိုင်း အကိုက် ခံတယ်။ ခြေထောက် ခြေဖမိုးတွေတော့ ယောင်ကိုင်းနေတယ်နော်။

ဟက္ခော ကာယော အမိတ္တာနံ။

အမိတ္တာနံ၊ ရန်သူအပေါင်းတို့ရဲ့၊ ဟက္ခော၊ အစာသည်။ ဟောတိ၊ဖြစ်၏။ သည်းခံမှုရဲ့ သဘော—

"တရားနှစ်လုံးသွင်းတဲ့ အခါ အရေးမကြီးဘူးလား"
"ကြီးပါတယ်ဘုရား"

ဇံလုံလ၊ ဝိရိယ ရှိကြပါ

ဇအား-ဘုန်းကြီးတို့ ယောဂိများလဲ အဲဒါကို ဆရာတော်ကြီးများရဲ့ ဇံလုံလ ဝီရိယကို ကြည်ညိုကြရမယ်ဗျာ။ ကြည်ညိုနေကြရုံနဲ့လဲ မပြီးသေးဘူး။ငါတို့ ဒီလမ်းစဉ်ကို ဘိုးစားလိုက်မယ်။ ဒီလိုလဲမှေးရမယ်၊ခြင်ကိုက်တာလဲ မငြောက်နဲ့။ ကျားကိုက်မှာကိုလဲ မပူနဲ့။ အဲဒီလို ဇံလုံလ ဝီရိယရှိဖို့လိုတယ်။

ပဋိလဒ္ဓေ ကမ္မဋ္ဌာနေ မရဏံ ဟေဟိတိ ဘဒ္ဒကန္တိ။

ကမ္မဋ္ဌာနေ၊ ကမ္မဋ္ဌာန်းကို၊ ပဋိလဒ္ဓေ၊ ရမှသာလျှင်၊ မရဏံ၊ သေရခြင်းသည်။ ဘဒ္ဒကံ၊ ကောင်းမြတ်သည်။(ဝါ)သေရကျိုး နေရကျိုးနပ်သည်။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မည်။

ဣတိ၊ ဤသို့။ ဣမံ ဥဒါနံ၊ ဤကဲ့သို့ ဝမ်းမြောက်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ဥဒါန်းတွေကို။ ဥဒါနေသိ၊ ကောင်းစွာမသွေ ကျူးရင့်တော်မူခဲ့ရှာလေသတည်း။

"သာဓု- သာဓု- သာဓုပါဘုရား"

ဥဒါန်းတွေ ကျူးပြီးတော့ ကျေးကလဲ ဖြေးဖြေး ဖြေးဖြေးနဲ့ စားလိုက်တာ အရဟာတ္တဖိုလ်လဲ ဆိုက်ပြီးပြီ။ ဝမ်းမြောက်ကြည်နူးတဲ့ ဥဒါန်းစကားလဲ ဆိုပြီးသွားပြီ။ သူ့အတွက် လုံလောက်ပြည့်စုံသွားပြီ၊ ဘာမှ ကာယိကဒုက္ခနဲ့ ပတ်သက်လို့ စေတသိကဒုက္ခ ဖြစ်စရာလဲ အကြောင်းလုံးဝမရှိတော့ဘူး။

အဲဒီအချိန် ကိုယ်တော်လေးဟာ သူ့ရဲ့ဖလသမာပတ် ချမ်းသာနဲ့ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ နေယင်းနေယင်း ကျေးက နှလုံးသားကို ကိုက်လိုက်တဲ့အချိန်မှာ ချက်ချင်း တခါတည်း ပရိနိဗ္ဗာန် စံသွားရှာတယ်နော်။ ကိလေသပရိနိဗ္ဗာန်၊ ခန္ဓပရိနိဗ္ဗာန် နိဗ္ဗာန်နှစ်ခု မရွေးမနှောင်း တပြိုင်တည်း စံသွားရှာတယ်။ အဲဒီလို ရဟန္တာမျိုးကို ဇီဝိတသမသီသီ ရဟန္တာလို့ ခေါ်ပါတယ်။ ဒါကြောင့်--

နိက္ခိပိတ္ဝာ ဂရုံ ဘာရံ၊ အညံ ဘာရံ အနာဒိယ။
သမ္မလံ တဏှာပဗ္ဗယှာ၊ နိစ္ဆာတော ပရိနိဗ္ဗုတော တိ။
သံယုတ္တနိကာယ်- ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်- ဘာရသုတ္တန်- ၂၂။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ ဂရုံ၊ အလွန်တရာလေးလံလှစ္ဘာသော။ ဘာရံ၊ ဟောဒီခန္ဓာဝန်ကြီးကို။ နိက္ခိပိတ္ဝာ၊ စွန့်ပစ်ကြကုန်၍။ အညံ ဘာရံ၊ နောက်ထပ်တဖန် ခန္ဓာသစ်ကို။ အနာဒိယ၊ မယူကြကုန်မူ၍။ သမ္မလံ၊ အဝိဇ္ဇာဆိုတဲ့ အမြစ်နဲ့တကွသော။ တဏှံ၊ တဏှာကို။ အဗ္ဗုယှ၊ ပယ်နုတ်တော်မူကြကုန်၍။ နိစ္ဆာတော၊ ကဏှာတည်းဟူသော ဆာလောင်

ခြင်းမှ ကင်းသည်ဖြစ်၍။ သော ဗျဉ္ဇဘက္ခော၊ ထိုကျွေးစားခံရတဲ့ ကိုယ်တော်လေးသည်။ ပရိနိဗ္ဗုတော၊ မီးပုံကြီးငြိမ်းသလို ခန္ဓာရော ကိလေသာတို့ပါ အပြီးတိုင်ချုပ်ငြိမ်းကာ ကောင်းစွာမသွေ ရုပ်သိမ်းတော်မူခဲ့ရှာလေသတည်း။

"သာဓု- သာဓု- သာဓုပါဘုရား"

အေး— မိမိဟောတဲ့ ဖေဏပိဏ္ဍုပမသုတ္တန်နဲ့ သတိပဋ္ဌာန်တရား လေးပါး ငါးရက်စခန်း အပြီးတိုင် အစအဆုံး အကုန်လုံး ရောက်ပါပြီ။ ဘုန်းကြီးတို့ ပို့နေကျ ရွတ်နေကျလေးတွေကော့ ရွတ်လိုက်အုံးမယ်နော်။

ဣဒ္ဓိတံ မေ မဟာပုညံ၊ ဓမ္မဒေသကာသဉ္ဉိတံ။
တေန သစ္စေ သုခါယန္တု၊ ဇနာ ကုဋ္ဌသမဂ်ိနော။

မေ- မယာ၊ ဒေသကဖြစ်သော တရားဟောဆရာ ငါသည်။ ဓမ္မဒေသကာသဉ္ဉိတံ၊ ဖေဏပိဏ္ဍုပမသုတ္တန်နဲ့ အာနာပါနသတိသုတ္တန် နှစ်ခုကို ငါးရက်တို့ တိုင်တိုင် တစပ်တည်းပြု၍ ဟောဆိုရခြင်း သေရေးခြေးနှင့် စပ်ယှဉ်သော။ ယံ မဟာပုညံ၊ အကြင် ဓမ္မဒါန တရားအလှူတည်းဟူသော ပုညကြိယာ ကုသိုလ်ထူးကို။ သဉ္ဉိတံ၊ တရားလိုလားကြတဲ့ အမျိုးသား အမျိုးသမီးများအတွက် ကြိုးစား၍ ဆည်းပူးလိုက်ရပါပေပြီ။ တုမှေဟိပိ၊ တရားချစ်ခင် စိတ်ကောင်း ဝင်ကြကုန်သော သင်သူတော်စင် ပရိသတ်အပေါင်းတို့သည်လည်း။ ယံ မဟာပုညံ၊ အကြင် ဓမ္မသဝနတရားနာရတဲ့ ဘာဝနာမယပုညကြိယာ ကုသိုလ်ထူးကို။ ယံ မဟာပုညံ၊အကြင် အာနာပါနဿတိကို အခြေခံသတိပဋ္ဌာန်တရားလေးပါးတို့ကို ပွားများကြိုးကုတ် အားထုတ်ရတဲ့ ဘာဝနာ မယ ပုညကြိယာ ကုသိုလ်ထူးကို။ သဉ္ဉိတံ၊ ကောင်းစွာမသွေ ဆည်းပူးမိကြပါပေပြီ။ ဧတေန၊ ထိုသို့ဆည်းပူး ဓမ္မဒါနဓမ္မသဝန ဘာဝနာမယ ပုညကြိယာကုသိုလ်ထူးကြောင့်။ သစ္စေ၊ လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ ဇနာ၊ တရားနာပရိသတ်နှင့်တကွ သတ္တဝါဟူ နတ်လူဗြဟ္မာ ပေါင်းများစွာတို့သည်။ ကုဋ္ဌ သမဂ်ိနော၊ မိမိတို့ လိုလားတောင့်တအပ်သော ကောင်းကျိုးချမ်းသာ ကုဋေအထွေထွေကျက်သရေမင်္ဂလာအပေါင်းဟိုနှင့် ပြည့်စုံကြကုန်သည် ဖြစ်၍။ သုခါယန္တု၊ ယခုနေ့ကစ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် စိတ်ရှင်လန်းချမ်းမြေ့ကျန်းမာပါစေ ချမ်းချမ်းသာသာ ရှိတော်မူကြပါစေကုန်သတည်း။

"သာဓု- သာဓု- သာဓုပါဘုရား"

ဖေဏပိဏ္ဍုပမ သုတ္တန် ပြီး၏။

စာမူပေးက စာအုပ်ကောင်း-ရမည်

စာအုပ်ရှင်က စာအုပ်အတွက် လုံးဝ ကြောင့်ကြစိုက်စရာမလို။

စာမူကို လက်နှိပ်စက်ဖြင့် လေးမူပွားခြင်း၊ စာအုပ်စီစဉ်ရေးတင်ပြခြင်း၊ ဓာတ်မီ ပန်းချီ ဒီဇိုင်း ဘလောက်များဖြင့် ရောင်စုံပုံဖုံးရိုက်၍ ချုပ်လုပ်ပြီး ကုန်သွယ်ရေးအစစ်ခံခြင်းအထိ အင်နှံသူ ဗိတ်ဝိုင်းက တာဝန်ယူ ဆောင်ရွက်ပေးနေပြီ။

စာတည်းချုပ် ဦးသောင်းလွင် (ဘီ-အေ၊ ဓမ္မာစရိယ ဝဋ္ဌသာဝ)နှင့် ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနမှ ဝါရင့် အငြိမ်းစား စာပြင်ဆရာကြီးဖြစ်သော မြန်အောင်-ဦးဘသန်း၊ ဦးတင်လှိုင် (ကျုံခေပျော်)တို့က ပြင်ဆင်တည်းဖြတ် ပရူဖတ်ကာ လှပသေသပ်စွာ ပုံနှိပ်ပေးနေပါပြီ။

နေလင်း ပုံဌကတ်ပုံနှိပ်တိုက်
အမှတ် ၁၁၊ ၁၂၅-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်။

သဲကန္တာရတောသည် ကျိုက်ထီးရိပြည်နယ်မှ သုတ္တန် တရားတော်ကြီးကို သုံးကြိမ်(၅)ရက်စခန်း ဖွင့်လှစ်၍ တရားပြသ ဆိုဆုံးမစဉ်တွင်-

၁။ ပဏာမပိုင်း၊
၂။ ပရိုကမ္မပိုင်း၊
၃။ ရူပကမ္မဋ္ဌာနပိုင်း၊
၄။ ဝေဒနာကမ္မဋ္ဌာနပိုင်း၊
၅။ သညာကမ္မဋ္ဌာနပိုင်း၊
၆။ သင်္ခါရကမ္မဋ္ဌာနပိုင်း၊
၇။ ဝိညာဏကမ္မဋ္ဌာနပိုင်း
၈။ နိဂမပိုင်း-

အားဖြင့် အပိုင်းကြီး (၈)ပိုင်းပိုင်း၍ ဟောကြားပြသ ဆိုဆုံးမခဲ့ပါသည်။



မလွန်ဆန်လျှင်သင်းကြီးက ပစ္စယာနုဂ္ဂဟ တာဝန်ယူရိုက်နှိပ်သော ကျိစာအုပ်မှ ဖြစ်ပေါ်လာမည့် ဓမ္မပဋိဘာ ဝတ္ထုလွှာတို့ကို မလွန်ဆန်လျှင် သင်းကြီးက ဆောင်ရွက်နေသော ဆွမ်းဆန်တော် အလှူလုပ်ငန်းတွင် ပဒေသာပင်စိုက်ခြင်း စစ်ကိုင်း၊ မင်းကွန်း၊ မင်းဝံတောင်တန်းကြီး သုံးခုရှိ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်တို့အား ဆွမ်းပစ္စည်းအလှူခံ ပေးခြင်းပါမည်။